http://www.dhammadownload.com

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ
စာချ - ကထိက - ပဓာန နာယက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ - အဂ္ဂမဟာပဏ္ဍိတ

**ဆရာတော် ဘဒ္ဒန္တသံဝရ**

၏

ဓမ္မာစရိယတန်းဆိုင်ရာ
**ဝိဇ္ဇာယဒါယီ – ခေါ်**
ခေတ်မီ

# မဏ္ဍိုင် အဋ္ဌသာလိနီ

**အဓိပ္ပာယ်ကျမ်း**

(ဒုတိယတွဲ)

ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌသာလိနီ တစ်ကျမ်းလုံးအတွက်
အခြေခံနယူပဒေသ ရရန်နှင့် အောင်မြင်ရန် အထူးစုံလင်စွာ စီစဉ်ထားသည်။

တတိယအကြိမ်

မူပိုင်ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်စာပေ
မောင်ညွန့်ဝေ - မမြကြည် နှင့် သားသမီးများ
အမှတ် (၂)၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ
စာချ - ကထိက - ပဓာန နာယက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ - အဂ္ဂမဟာပဏ္ဍိတ
**ဆရာတော် ဘဒ္ဒန္တသံဝရ**
၏

ဓမ္မာစရိယတန်းဆိုင်ရာ

**ဝိဇယဒါယီ - ခေါ်**

ခေတ်မီ

# မဏ္ဍိုင် အဋ္ဌသာလိနီ

**အဓိပ္ပာယ်ကျမ်း**

(ဒုတိယတွဲ)

ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌသာလိနီ တစ်ကျမ်းလုံးအတွက်
အခြေခံနယူပဒေသ ရရန်နှင့် အောင်မြင်ရန် အထူးစုံလင်စွာ စီစဉ်ထားသည်။

**တတိယအကြိမ်**

မူပိုင်ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်စာပေ
မောင်ညွှန့်ဝေ - မမြကြည် နှင့် သားသမီးများ
အမှတ် (၂)၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com


**သစ္စာမဏ္ဍိုင်၏ လက်ရွေးစင် ဘာသာရေး**

**စာအုပ်များ ရနိုင်ပါပြီ**

- ခေတ်မီ တရားဒေသနာပေါင်းချုပ် သာသနာ့မဏ္ဍိုင် ဆရာတော် ဘုရားကြီး (အမှတ် ၁–၂)။
- တရားဟောကွက်၊ ပြောကွက်များ — အရှင်ကုသလ နဲမနိတ်ဆရာတော်
- လူ့ကြြ၊ ကျင့်ကြ၊ မမေ့ကြနဲ့ တရားဟောကွက်များ၊ နဲမနိတ်ဆရာတော်။
- ခေတ်မီ မြန်မာဓမ္မပဒဝတ္ထုကြီး — ဆရာတော် အရှင်တိလောကသာ (ရဝေထွန်း)
- ခေတ်မီ ဇင်းမယ် ပဏ္ဏာသဝတ္ထုတော်ကြီး — ဓမ္မာစရိယ ဦးစိုးမြင့်။
- ခေတ်မီ ဇာတဒဂ်ဝတ္ထုတော်ကြီး — သာသနာ့မဏ္ဍိုင် ဆရာတော်ဘုရားကြီး။
- ခေတ်မီမဏ္ဍိုင်အဋ္ဌသာလိနီ (ပ–ဒု) — သာသနာ့မဏ္ဍိုင် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရ။
- ဘာသာရေးဝတ္ထုများ — ဓမ္မာစရိယ ဦးစိုးမြင့်။
- သူတို့ကျင့်စဉ် သိစေချင် တရားဟောကွက်များ — အရှင်ကုသလ။
- ပခုက္ကူမှ ပဗ္ဗာဇနိယ ကမ္မဝါစာ — မြသိန်းတန်ဆရာတော်ဘုရားကြီး။
- ကစ္စည်းသဒ္ဒါကြီးပါဠိ သစ္စာမဏ္ဍိုင်။
- သစ္စာမဏ္ဍိုင် ဝိနည်းငယ် လေးဆောင်ပါဠိ။
- သစ္စာမဏ္ဍိုင် သင်္ဂြိုဟ်ပါဠိ။
- သစ္စာမဏ္ဍိုင် ဝတ်ရွတ်စဉ် — သာသနာ့မဏ္ဍိုင် ဆရာတော်ဘုရားကြီး။
- သစ္စာမဏ္ဍိုင် ရှင်ကျင့်ဝတ်။
- သစ္စာမဏ္ဍိုင် ဆယ်စောင်တွဲ။
- သစ္စာမဏ္ဍိုင် ဘုရားရှိခိုး အမျိုးမျိုး — ဦးညွန့်ဝေ။
- ရေစက်ချ အလင်းပြ
- သစ္စာမဏ္ဍိုင် ကံဆောင်ကမ္မဝါ ၉–ခဏ်း — ဘုံပျံဆရာတော်ဘုရားကြီး။
- ရွှေတိဂုံစေတီတော်သမိုင်း — ဦးညွန့်ဝေ။
- (ငယ်၊ လတ်၊ ကြီး)ဇာတ်မြန်မာပြန်အဖြေစုံ — အရှင်ပညာစက္က။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ
စာချ - ကထိက - ပဓာန နာယက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ - အဂ္ဂမဟာပဏ္ဍိတ

**ဆရာတော် ဘဒ္ဒန္တသံဝရ**

၏

ဓမ္မာစရိယတန်းဆိုင်ရာ

**ဝိနယဒါယီ - ခေါ်**

ခေတ်မီ

# မဏ္ဍိုင် အဋ္ဌသာလိနီ

အဓိပ္ပာယ်ကျမ်း

(ဒုတိယတွဲ)

ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌသာလိနီ တစ်ကျမ်းလုံးအတွက်
အခြေခံနယူပဒေသ ရရန်နှင့် အောင်မြင်ရန် အထူးစုံလင်စွာ စီစဉ်ထားသည်။

တတိယအကြိမ်

မူပိုင်ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်စာပေ
မောင်ညွန့်ဝေ - မမြကြည် နှင့် သားသမီးများ
အမှတ် (၂)၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# ခေတ်မီမဏ္ဍိုင် အဋ္ဌသာလိနီ အဓိပ္ပာယ်ကျမ်း

ဘာသာရေးဆိုင် စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၉၃/၉၀) (၇)
စာအုပ် စာတမ်း စာနယ်ဇင်း မျက်နှာဖုံးခွင့်ပြုချက်
အမှတ် (၉၇/၉၁) (၁၁)

၁၉၉၁-ခု၊ ဒီဇင်ဘာလ
အကြိမ်-တတိယအကြိမ်
အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ

ဒေါ်မြကြည် (မြဲ-၀၁၅၂၀)
ခေတ်မီတရားဒေသနာစာပေ
အမှတ် ၆၇၊ ပိုက်လမ်း၊ ဗဟန်း၊ ရန်ကုန်။

http://www.dhammadownload.com

# အမှာစကား

ဤ မဏ္ဍိုင် အဋ္ဌသာလိနီ ဒုတိယတွဲ ဖြစ်ပေါ်လာရေးအတွက် လက်ရေးမူ ရေးသားရာတွင် စာဖေဝင် စာမျက်နှာ နည်းနိုင်သမျှ နည်းရလေအောင် အလွန် သတိကြီးစွာဖြင့် ရေးသားလင့်ကစား ပြည့်စုံဆင့်သလောက် ပြည့်စုံစေလိုသော သမ္မာဆန္ဒကြောင့် ဤမျှစာမျက်နှာ (၉၀၀) ကျော်ခန့် များပြားသွားလေသည်။ ဤမျှလောက် စာမျက်နှာများသော်လည်း ဤစာအုပ်ပါ စကားအားလုံး အပြည့် အစုံ မရေးဘဲ အချို့စကားများကို အများအားဖြင့် ကျမ်းတက်နှင့် ဗျုပ္ပတ္တိ စတုက္က အခွဲများကို ဤ ဒုတိယတွဲ၌လည်း ပေယျာလမြှုပ် အကျဉ်းချုံးကာ ရေးထား ပါသည်။

ထို အကျဉ်းချုံးချက်များ ပထမတွဲပါ စည်းမျဉ်းအဖြေတို့ကို ကြည့်ရှုလေ့လာ မှတ်သားခဲ့ပါလျှင် ခက်ခဲမှုမရှိနိုင်ဘဲ လွယ်လင့်တကူပင် သိနားလည်နိုင်ပါသည်။ ထို့ကြောင့် ဤကျမ်းစာကို ကြည့်ရှုလေ့လာသူများ အထူးအားဖြင့် ပထမတွဲပါ စည်းမျဉ်းအဖြေများကို ကျေညက်စွာ ကြည့်ရှုလေ့လာ မှတ်သားရန် ဤ၌လည်း ထပ်မံ၍ အထူးမှာကြားအပ်ပါသည်။

စာရေးသူ

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ကာမာဝစရ ကုသိုလ်** | | |
| ၁။ | ပဒဘာဇနီအစ အနုသန္ဓေဝါကျ | အဖွင့် | ၁ |
| ၂။ | ယသ္မိံသမယေပုဒ်တို့၏ | ။ | ၂၅ |
| ၃။ | သမယ သဒ္ဒါ၏ အတ္ထုဒ္ဓြေသ | ။ | ၃၉ |
| ၄။ | ကာမာဝစရံပုဒ် (က) | ။ | ၅၃ |
| ၅။ | ကာမာဝစရံပုဒ် (ခ) | ။ | ၆၀ |
| ၆။ | ကုသလံပုဒ် | ။ | ၉၃ |
| ၇။ | စိတ္တံပုဒ် (က) | ။ | ၁၁၀ |
| ၈။ | စိတ္တံပုဒ် (ခ) | ။ | ၁၂၀ |
| ၉။ | စိတ္တံပုဒ် (ဂ) | ။ | ၁၃၇ |
| ၁၀။ | ဥပ္ပန္နံပုဒ် | ။ | ၁၄၆ |
| ၁၁။ | ဘူမိလဒ္ဓုပ္ပန္န | ။ | ၁၅၆ |
| ၁၂။ | ဥပ္ပန္နံပုဒ် ဝစနတ္ထနှင့် အတ္ထုဒ္ဓါရ | ။ | ၁၆၉ |
| ၁၃။ | စိတ္တံ ဥပ္ပန္နံ ဟောတိတိ စေတံ | ။ | ၁၇၀ |
| ၁၄။ | သောမနဿ သဟဂတံပုဒ် | ။ | ၁၉၂ |
| ၁၅။ | ဉာဏသမ္ပယုတ္တံပုဒ် | ။ | ၂၀၄ |
| ၁၆။ | အသင်္ခါရိက မဟောခြင်း | ။ | ၂၁၆ |
| ၁၇။ | ရူပါရမ္မဏံဝါစသည် | ။ | ၂၂၉ |
| ၁၈။ | ရူပါရမ္မဏံ စသည် | ။ | ၂၄၀ |
| ၁၉။ | ဝိညတ္တိပုဒ် | ။ | ၂၅၀ |
| ၂၀။ | ပါဏာတိပါတောပုဒ် | ။ | ၂၆၀ |
| ၂၁။ | အဒိန္နာဒါနံပုဒ် | ။ | ၂၆၈ |
| ၂၂။ | ကာမေသုမိစ္ဆာစာရောပုဒ် | ။ | ၂၇၆ |
| ၂၃။ | မုသာဝါဒေါပုဒ် | ။ | ၂၈၁ |
| ၂၄။ | ပိသုဏာဝါစာ စသည် | ။ | ၂၈၉ |
| ၂၅။ | အဘိဇ္ဈာ | ။ | ၂၉၇ |
| ၂၆။ | ဗျာပါဒေါပုဒ် | ။ | ၃၀၃ |
| ၂၇။ | မိစ္ဆာဒိဋ္ဌိပုဒ် | ။ | ၃၀၇ |
| ၂၈။ | ကုသလကမ္မပထကထာ-ဝိရတီ | ။ | ၃၁၂ |
| ၂၉။ | ယံယံဝါ ပနာရဗ္ဘ | အဖွင့် | ၃၁၈ |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၀။ | ကသ္မာ ပနေတ္ထ ဖဿောဝ ပထမံ ဝုတ္တော | အဖွင့် | ၃၂၃ |
| ၃၁။ | အပိစ အယံ ဖဿော နာမ စသည် | ။ | ၃၂၉ |
| ၃၂။ | ဖဿဝစနတ္ထ | ။ | ၃၃၃ |
| ၃၃။ | တိကသန္နိပါတ သင်္ခါတဿ စသည် | ။ | ၃၄၃ |
| ၃၄။ | ဧဝံ ပဝေဒိတတ္တာ စသည် | ။ | ၃၄၈ |
| ၃၅။ | ဝေဒနာ ဝစနတ္ထ | ။ | ၃၅၅ |
| ၃၆။ | ဒုတိယေ အတ္တဝိကပ္ပေ စသည် | ။ | ၃၆၄ |
| ၃၇။ | သညာ ဝစနတ္ထ | ။ | ၃၇၀ |
| ၃၈။ | စေတနာဝစနတ္ထ | ။ | ၃၇၈ |
| ၃၉။ | စေတနာ၏ ပစ္စုပဋ္ဌာန် | ။ | ၃၈၆ |
| ၄၀။ | စိတ္တံပုဒ် ဝစနတ္ထအညွှန်း | ။ | ၃၉၄ |
| ၄၁။ | စိတ်၏ ပစ္စုပဋ္ဌာန် | ။ | ၄၀၁ |
| ၄၂။ | ကိံ ပနေတံ စိတ္တံ စသည် | ။ | ၄၀၈ |
| ၄၃။ | ယသ္မာ ဝါ ဥပ္ပန္နံ ဟောတီတိ စသည် | ။ | ၄၁၅ |
| ၄၄။ | ဝိတက်၏ ဝစနတ္ထ | ။ | ၄၂၂ |
| ၄၅။ | ဝိစာရ ဝစနတ္ထ | ။ | ၄၃၃ |
| ၄၆။ | ပီတိပုဒ် ဝစနတ္ထ | ။ | ၄၃၉ |
| ၄၇။ | သုခ ဝစနတ္ထ | ။ | ၄၄၄ |
| ၄၈။ | စိတ္တဿေကဂ္ဂတာ ဝစနတ္ထ | ။ | ၄၅၃ |
| ၄၉။ | သဒ္ဓါ ဂစနတ္ထ | ။ | ၄၅၈ |
| ၅၀။ | ဝီရိယ ဝစနတ္ထ | ။ | ၄၇၂ |
| ၅၁။ | သတိ ဝစနတ္ထ | ။ | ၄၈၀ |
| ၅၂။ | သမာဓိ ဝစနတ္ထ | ။ | ၄၈၅ |
| ၅၃။ | ပညာ ဝစနတ္ထ | ။ | ၄၉၀ |
| ၅၄။ | မန ဝစနတ္ထ | ။ | ၄၉၆ |
| ၅၅။ | သောမနဿ ဝစနတ္ထ | ။ | ၅၀၁ |
| ၅၆။ | ဇီဝိတ ဝစနတ္ထ | ။ | ၅၀၄ |
| ၅၇။ | မဂ္ဂင်ရာသိ (သမ္မာဒိဋ္ဌိ စသည်) | ။ | ၅၀၉ |
| ၅၈။ | ဗလရာသိ | ။ | ၅၁၆ |
| ၅၉။ | ဟိရိဩတ္တပ္ပ ပစနတ္ထ | ။ | ၅၂၀ |
| ၆၀။ | အလောဘ ဝစနတ္ထ | ။ | ၅၂၅ |
| ၆၁။ | ကမ္မပထရာသိ (အနဘိဇ္ဈာ စသည်) | ။ | ၅၃၂ |
| ၆၂။ | ကာယပဿဒ္ဓိ | ။ | ၅၃၈ |
| ၆၃။ | သတိ, သမ္ပဇည | ။ | ၅၄၂ |
| ၆၄။ | သမထ ဝိပဿနာ | ။ | ၅၄၇ |
| ၆၅။ | ပဂ္ဂါဟ အဝိက္ခေပ | ။ | ၅၅၃ |
| ၆၆။ | ဖဿနိဒ္ဒေသ | ။ | ၅၅၇ |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၇။ | တဏှာအဖွင့် | အဖွင့် | ၅၆၄ |
| ၆၈။ | သညာ နိဒ္ဒေသ | ။ | ၅၇၃ |
| ၆၉။ | စိတ္တ နိဒ္ဒေသ | ။ | ၅၇၆ |
| ၇၀။ | ဟာဒယံပုဒ် | ။ | ၅၈၃ |
| ၇၁။ | မနော မနာယတနံ | ။ | ၅၈၈ |
| ၇၂။ | အာယတန | ။ | ၅၉၄ |
| ၇၃။ | ဝိညာဏံ ဝိညာဏက္ခန္ဓောပုဒ် | ။ | ၅၉၈ |
| ၇၄။ | မနောဝိညာဏဓာတု | ။ | ၆၀၂ |
| ၇၅။ | ဝိတက္က နိဒ္ဒေသ | ။ | ၆၀၅ |
| ၇၆။ | ဝိစာရ နိဒ္ဒေသ | ။ | ၆၁၀ |
| ၇၇။ | ပီတိနိဒ္ဒေသ ပီတိပါမောဇ္ဇ စသည် | ။ | ၆၁၅ |
| ၇၈။ | ဝိဏ္ဏိ | ။ | ၆၂၀ |
| ၇၉။ | ဩဒဂျံ, အတ္တမနတာ စိတ္တဿ | ။ | ၆၂၈ |
| ၈၀။ | ဧကဂ္ဂတာ နိဒ္ဒေသ | ။ | ၆၃၂ |
| ၈၁။ | အဝိသာဟာရော စသည် | ။ | ၆၃၆ |
| ၈၂။ | သမထောပုဒ် | ။ | ၆၄၀ |
| ၈၃။ | သဒ္ဓိန္ဒြိယ နိဒ္ဒေသ | ။ | ၆၄၄ |
| ၈၄။ | ဝီရိယိန္ဒြိယ နိဒ္ဒေသ | ။ | ၆၅၁ |
| ၈၅။ | အာရမ္ဘပုဒ် | ။ | ၆၅၅ |
| ၈၆။ | နိက္ကမော စသည် | ။ | ၆၅၈ |
| ၈၇။ | သတိန္ဒြိယ နိဒ္ဒေသ | ။ | ၆၆၂ |
| ၈၈။ | ဓာရဏတာ စသည် | ။ | ၆၆၆ |
| ၈၉။ | ပညိန္ဒြိယ နိဒ္ဒေသ | ။ | ၆၆၉ |
| ၉၀။ | သလ္လက္ခဏာပုဒ် စသည် အာဘော် | ။ | ၆၇၃ |
| ၉၁။ | ဘူရိပုဒ် | ။ | ၆၇၅ |
| ၉၂။ | (၃၈–၁၉၂) လာ မေဓာပုဒ် | ။ | ၆၈၁ |
| ၉၃။ | ပညာယတနံ, အမောဟော | ။ | ၆၈၄ |
| ၉၄။ | ဇီဝိတိန္ဒြိယ နိဒ္ဒေသ | ။ | ၆၈၉ |
| ၉၅။ | ဋ္ဌိတိစသော ပုဒ်တို့၏ ဝစနတ္ထ | ။ | ၆၉၃ |
| ၉၆။ | ဟိရိဗလ နိဒ္ဒေသ | ။ | ၆၉၇ |
| ၉၇။ | အလောဘ နိဒ္ဒေသ | ။ | ၇၀၃ |
| ၉၈။ | အသာရာဂေါစသည် | ။ | ၇၀၆ |
| ၉၉။ | အဒေါသ နိဒ္ဒေသ | ။ | ၇၀၉ |
| ၁၀၀။ | ကာယပဿဒ္ဓိ နိဒ္ဒေသ | ။ | ၇၁၃ |
| ၁၀၁။ | အာဟာရပုဒ် | ။ | ၇၁၇ |
| ၁၀၂။ | အင္ဂိန္ဒြိယာနိ စသည် | ။ | ၇၂၃ |
| ၁၀၃။ | သသင်္ခါရေနပုဒ် | ။ | ၇၂၈ |
| ၁၀၄။ | မဟာကုသိုလ် ဆင့် သတ္တမ္ဘ အဋ္ဌမစိတ်များ | ။ | ၇၃၃ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## ရူပါဝစရကုသိုလ်


| | | | |
|---|---|---|---|
| ၁၀၅။ | ရူပုပ္ပတ္တိယာ မဂ္ဂံ | အဖွင့် | ၇၃၇ |
| ၁၀၆။ | ဝိဝိစ္စေဝ ကာမေဟိ | ။ | ၇၄၆ |
| ၁၀၇။ | တဏ္ဍ သိယာ စသည် | ။ | ၇၅၀ |
| ၁၀၈။ | ပဒဒွယေဝိစ စသည် | ။ | ၇၅၅ |
| ၁၀၉။ | ဝိဝိစ္စ အကုသလေဟိ-ဓမ္မေဟိ | ။ | ၇၅၇ |
| ၁၁၀။ | သဝိတက္ကံ သဝိစာရံ | ။ | ၇၆၁ |
| ၁၁၁။ | ဝိဝေကဇံ | ။ | ၇၆၉ |
| ၁၁၂။ | ပီတိသုခံ | ။ | ၇၇၆ |
| ၁၁၃။ | ပဌမံပုဒ် | ။ | ၇၈၁ |
| ၁၁၄။ | ဈာန်ပုဒ် | ။ | ၇၈၅ |
| ၁၁၅။ | ဥပသမ္ပဇ္ဇပုဒ် | ။ | ၇၉၀ |
| ၁၁၆။ | ဝိတက္ကဝိစာရာနံ ဝူပသမာ | ။ | ၇၉၄ |
| ၁၁၇။ | အဇ္ဈတ္တံပုဒ် | ။ | ၇၉၈ |
| ၁၁၈။ | သမ္ပသာဒနပုဒ် | ။ | ၈၀၂ |
| ၁၁၉။ | စေတောဧကောဒိဘာဝံပုဒ် | ။ | ၈၀၆ |
| ၁၂၀။ | နနုစာယံ စသည် | ။ | ၈၁၃ |
| ၁၂၁။ | အဝိတက္ကံ အဝိစာရံ | ။ | ၈၁၇ |
| ၁၂၂။ | သမာဓိဇံ | ။ | ၈၁၉ |
| ၁၂၃။ | ပီတိယာစ ဝိရာဂါ | ။ | ၈၂၃ |
| ၁၂၄။ | ဥပေက္ခကောပုဒ် | ။ | ၈၂၇ |
| ၁၂၅။ | ဧတ္ထာဟ စသည် | ။ | ၈၃၃ |
| ၁၂၆။ | သတော သမ္ပဇာနော | ။ | ၈၃၇ |
| ၁၂၇။ | သုခဉ္စ ကာယေန ပဋိသံဝေဒေတိ | ။ | ၈၄၁ |
| ၁၂၈။ | ယံ တံ အရိယာ အာစိက္ခန္တိ | ။ | ၈၄၅ |
| ၁၂၉။ | သုခဿစ ပဟာနာ | ။ | ၈၄၇ |
| ၁၃၀။ | ဧတ္ထာဟ အဓေဝံ စသည် | ။ | ၈၅၀ |
| ၁၃၁။ | အဒုက္ခမသုခံ | ။ | ၈၅၃ |
| ၁၃၂။ | ဥပေက္ခာသတိပါရိသုဒ္ဓိံ | ။ | ၈၅၇ |
| ၁၃၃။ | ပဉ္စကနည်းအစ | ။ | ၈၆၁ |
| ၁၃၄။ | အဇ္ဈတ္တံ အရူပသညီ | ။ | ၈၆၃ |
| ၁၃၅။ | မေတ္တာသဟဂတံ စသည် | ။ | ၈၆၈ |
| ၁၃၆။ | မေတ္တာစသည် | ။ | ၈၇၂ |
| ၁၃၇။ | ဧတ္တ သိယာ စသည် | ။ | ၈၈၀ |
| ၁၃၈။ | ဥဒ္ဓုမာတက | ။ | |

http://www.dhammadownload.com


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


# ပုစ္ဆာ-ဝိဿဇ္ဇနာများ

## အရူပါဝစရ ကုသိုလ်


| | | | |
|---|---|---|---|
| ၁၃၉။ | အရူပပုပ္ပဋ္ဌိယာ | အဖွင့် | ၀၉၁ |
| ၁၄၀။ | အရူပသညာခံ | ။ | ၀၉၀ |
| ၁၄၁။ | အာကာသာနဉ္စာယတနံ | ။ | ၉၀၄ |


## လောကုတ္တရာ ကုသိုလ်


| | | | |
|---|---|---|---|
| ၁၄၂။ | လောကုတ္တရာ | ။ | ၉၀၉ |
| ၁၄၃။ | နိယျာနိကံ | ။ | ၉၁၄ |
| ၁၄၄။ | ဒိဋ္ဌိဂတာနံ | ။ | ၉၁၀ |
| ၁၄၅။ | ဘူမိယာ | ။ | ၉၂၃ |
| ၁၄၆။ | ပီတိသမ္ဗောဇ္ဈင်္ဂေါ | ။ | ၉၂၉ |
| ၁၄၇။ | ဝစီဒုစ္စရိတေဟိ | ။ | ၉၃၃ |
| ၁၄၈။ | ဝေလာအနတိက္ကမော | ။ | ၉၃၇ |
| ၁၄၉။ | သေတုဃာတော | ။ | ၉၄၁ |


## အကုသိုလ်


| | | | |
|---|---|---|---|
| ၁၅၀။ | မိစ္ဆာဒိဋ္ဌိ | ။ | ၉၄၅ |
| ၁၅၁။ | အဟိရိကံ အနောတ္တပ္ပံ | ။ | ၉၅၂ |
| ၁၅၂။ | လောဘော, မောဟော, အဘိဇ္ဈာ | ။ | ၉၅၅ |
| ၁၅၃။ | ဂါဟော ကုမ္မဂေါ | ။ | ၉၆၀ |
| ၁၅၄။ | ဒေါသော, လုဒ္ဓနာ | ။ | ၉၆၃ |
| ၁၅၅။ | လင်္ဂီ | ။ | ၉၆၆ |


## နိက္ခေပ ကဏ္ဍ


| | | | |
|---|---|---|---|
| ၁၅၆။ | တဒေကဋ္ဌ | ။ | ၉၇၀ |
| ၁၅၇။ | သက္ကာယဒိဋ္ဌိ | ။ | ၉၇၄ |
| ၁၅၈။ | ပုထုဇ္ဇန | ။ | ၉၇၀ |
| ၁၅၉။ | ဣဒပ္ပစ္စယတာ | ။ | ၉၀၂ |
| ၁၆၀။ | ကိလေသဝတ္ထုနိ | ။ | ၉၀၆ |


မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိဇယဒါယီ

# ခေတ်မီ မဏ္ဍိုင် အဋ္ဌသာလိနီ

## အဓိပ္ပာယ်ကျမ်း

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကာမာဝစရ ကုသလ

### ၁–ပဒဘာဇနီအစ အနုသန္ဓေဝါကျအဖွင့်

(က) ဣဒါနိ ယထာနိက္ခိတ္တာယ....ပ....ပဒဘာဇနီယံ အာရဒ္ဓံ။
(ခ) တတ္ထ ယဒေတံ....ပ....ပဌမံ ကာမာဝစရ ကုသလံ ဒဿိတံ။
(ဂ) တဿ တာဝ နိဒ္ဒေသေ....ပ....တယော မဟာဝါရာ ဟောန္တိ။
(ဃ) တေသု ဓမ္မဝဝတ္ထာနဝါရော ဥဒ္ဒေသနိဒ္ဒေသဝသေန ဒွိဓာ ဌိတော။
[ဋ္ဌ-၉၇]

### အနက်ထူး

(က) ဝါကျ။ ဧဝံ၊ ဤသို့။ ကုသလာ ဓမ္မာတိပဒေဟိ၊ ကုသလာ ဓမ္မာ အစရှိသောပုဒ်တို့ဖြင့်။ (ဝါ) ကုသလာဓမ္မာတျာဒိနာ၊ ကုသလာ ဓမ္မာအစရှိသောပါဌ်ဖြင့်။ မာတိကံ၊ မာတိကာကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ (ဝါ) အာရဘိတွာ၊ ၍။ (ပုဗ္ဗာနုသန္ဓေထည့်) ဣဒါနိ၊ မာတိကာကို ဟောပြီးသည်၏ အခြားမဲ့ဖြစ်သော ဤအခါ၌။ (ဝါ) ယခုအခါ၌။ ဝေနေယျာနံ၊ ဝေနေယျ သတ္တဝါတို့၏။ သန္တာနေ၊

http://www.dhammadownload.com



သန္တာနံ၌။ ယထာနိက္ခိတ္တာယ၊ အကြင်အကြင် ထားအပ်ပြီးသော၊ (ယထာ သဒ္ဒါ ဝိစ္ဆတ္ထ) (ဝါ) ထားအပ်ပြီးသော အပြားရှိသော။ (ယထာသဒ္ဒါ ပကာရတ္ထ) မာတိကာယ၊ မာတိကာဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သင်္ဂဟိ တေ၊ ပေါင်း၍ ယူအပ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပဘေဒတော၊ အထူးအားဖြင့်။ ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ၊ ကတမေ ဓမ္မာ ကုသလာ အစရှိသည်ဖြင့်။ (တစ်နည်း) ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိတိဣမိနာ၊ ဖြင့်။ (ကရိုဏ်း) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ (ဒသေတုံ့ အာရဒ္ဓံတို့၏ ကတ္တား) ဒသေတုံ၊ ပြတော်မူခြင်းငှာ။ (အဓိပ္ပာယတ္ထ)ဝါ-မြင်စေတော်မူခြင်းငှာ၊ (သဒ္ဒတ္ထ) (တစ်နည်း) သောတုဇနာနံ၊ သောတုဇနတို့အား။ (ဝါ) တရားနာ ကုန်သော သူတို့အား။ (သမ္ပဒါန်) (နိဿယ) (တစ်နည်း) ဝေနေယျံ၊ ဝေနေယျ သတ္တဝါအပေါင်းကို၊ (ကာရိတ်ကံ)၊ ဓမ္မံ-ပရိယတ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတော် ကို (ခါက်ကံ) ဒသေတုံ ဗောခေတုံ-သိစေတော်မူခြင်းငှာ၊ (ဝေနေယျံ ဒီပေတုံ ဗောခေတုံ-ယောဇနာ-၇ဂ၊ ဒီပေတုံနှင့် ဒသေတုံ သဘောတူ)။ ကတမေ ဓမ္မာ ကုသလာတိ၊ ဟူ၍။ (ဣတိသဒ္ဒါ အာကာရတ္ထ) (ဝါ) ကတမေ ဓမ္မာ ကုသလာ ဟူသော။ (ဣတိသဒ္ဒါ နိဒဿနတ္ထ) (ဝါ) ကတမေ ဓမ္မာ ကုသလာ အစရှိသော။ (ဣတိသဒ္ဒါ အာဒျတ္ထ) ဣဒံ ပဒဘာဇနီယံ၊ ဤပဒဘာဇနီကို။ (ဝေါဟာရတ္ထ) (ဝါ) ဤပုဒ်တို့ကို အကျယ် ဝေဖန်ရာ ဝေဖန်ကြောင်း စကားရပ်ကို။ (သဒ္ဒတ္ထ) အာရဒ္ဓံ၊ ဘားထုတ်တော်မူအပ်ပြီ။ (ဝါ) အားထုတ်တော်မူအပ်၏။

### (အနုသန္ဓေဝါကျ၌) ဒသေတုံပုဒ်၏ ကရိုဏ်းနှင့် ကတ္တားထည့်နည်း

### ကရိုဏ်းထည့်နည်း–

[ဆောင်] အာကာရနှင့်၊ အာဟ၏ ကံ၊ ဤနှစ်တန်၊ အမှန်ဒဿန၊ ကရိုဏ်းဖြစ်မြဲ၊ (ဘုရားကြီးနိယံ-၁၉။)

[(က) ဒသေတုံ စပ်ရာ၊ နောက်ကြိယာ၏၊ ကံပုဒ်သည်ပင်၊ အမှန် ဒသေတုံ ကရိုဏ်းဖြစ်မြဲ၊

(ခ) ကံ မရှိဘဲ၊ အာကာရရှိက အာကာရသည်ပင်၊ အမှန် ဒသေတုံ ကရိုဏ်းဖြစ်မြဲ။]

### ကတ္တားထည့်နည်း (သာမည)

ဒသေတုံစပ်ရာ၊ နောက်ကြိယာ၏၊ ကတ္တားသည်ပင်၊ အမှန် ဒသေတုံ ကတ္တားဖြစ်မြဲ။

### (ဝိသေသ)

(က) ဇုတ္တံ အာရဒ္ဓံ၊ ပုဒ်နှစ်တန်၊ ထည့်ရန်–ဘဂဝတာ ကတ္တားတည်း။
(ခ) အာဟပုဒ်မှာ၊ ရှိလေရာ၊ ထည့်ပါ ဘဂဝါ-ကတ္တားတည်း။
(ဂ) နှစ်မျိုးလုံးမှာ၊ ဌာနာနုရူပ ပါ၊ ကြည့်ပါအမြဲတည်း။

http://www.dhammadownload.com



အာဟ အာချာတ်ကြိယာပုဒ်၏ အာကာရပ္စ္စ-ဝါကျနှင့် ကံပုဒ် တို့သည် ဒဿန ကရိုဏ်းဖြစ်သည်။ ဤနိယံ၌ အာဟ၏ အာကာရနှင့် ကံ ဟု ဆိုထားသည်မှာလည်း ဥပလက္ခဏ နည်းမျှသာ၊ အမှန်စင်စစ်-ဝုတ္တံ, အာရဒ္ဓံ, ကထိတံ ဒေသိတံ-စသော ကြိယာတို့၏ အာကာရနှင့် ကံပုဒ်တို့လည်း ဒဿန ကရိုဏ်းဖြစ်သည်။ ဒဿန ဆိုသည်မှာလည်း-ဒဿေတုံ, ဒဿနတ္ထံ, ဒဿေန္တော, ဒဿေတွာ, ဒီပေတုံ, ဒီပနတ္ထံ, ဒီပေန္တော, ဒီပေတွာ-စသော အလားတူပုဒ်တို့ အတွက်ဖြစ်သည်။

နိယံကို- ၁၊ အာဟ၏ အာကာရ၊ အမှန် ဒဿန ကရိုဏ်းဖြစ်မြဲ။ ၂၊ အာဟ၏ ကံ၊ အမှန်ဒဿန ကရိုဏ်းဖြစ်မြဲဟု-နှစ်ချက်ခွဲ၍- ၁-အချက် အဓိပ္ပာယ်မှာ အာဟ-စသော ကြိယာ၏ ကံ မရှိဘဲ အာကာရ သက်သက်ရှိရာ၌ အာကာရ သည် ကရိုဏ်းဖြစ်၏၊ (ကရိုဏ်းပြင်ထည့်ရ၏။) အာကာရနှင့် ကံ နှစ်မျိုးရှိရာ၌ အာကာရ သက်သက်ဖြစ်စေ၊ အာကာရနှင့် ကံ နှစ်ပုဒ်လုံးဖြစ်စေ ကရိုဏ်းဖြစ်၏။

အထက်ပါ အနက်ထူးပေးရာတွင် (က) ဝါကျ၌ အာကာရ နှင့် ကံ ပုဒ် နှစ်မျိုးလုံးရှိနေသော်လည်း အာကာရကိုသာ ကရိုဏ်းပြင်ထား၏၊ အာကာရနှင့် ကံ နှစ်မျိုးလုံး ကရိုဏ်း ပြင်ပေးခဲ့သော် ကတမေ ဓမ္မာ ကုသလာတိ ဣမိနာ ပဒဘာဇနီယေန-ဖြင့်-ဟု ပြင်ပါ၊ ၂-အချက်ကို သက်ဆိုင်ရာ အား လုံး အ တွက် ခြုံငုံမိအောင် အဓိပ္ပာယ် ဆိုရလျှင် - ဒဿေတုံ စသော ပုဒ်တို့၏စပ်ရာ (စာစပ်ရာ) ဖြစ်သော နောက်ကြိယာပုဒ်၏ ကံပုဒ်သည်ပင် ဒဿေတုံ စသောပုဒ်တို့၏ ကရိုဏ်းဖြစ်သည်၊ (ယင်း ကံပုဒ်ကိုပင် ကရိုဏ်းပြင်၍ ထည့်ရသည်။) အဖွင့်အမှတ် (၁၇) ရူပါရမ္မဏံဝါ စသည် အဖွင့်အနက်ထူး၌ ရှု။ ထို့ပြင် ဤ အနက် ထူးပေးရာတွင် ဒဿနခေါ် ဒဿေတုံ၏ ကတ္တား, ကရိုဏ်း, သမ္ပဒါန်, ကံ ဟု လေးမျိုး ထည့်ပေးခဲ့၏၊ သမ္ပဒါန်မှာ ရှေးနိဿယ ဝါ-ပေါက်၍ပေးသော အနက်ဖြစ်သော်ငြားလည်း သောတုဇနတို့မှာ သမ္ပဒါန်ဖြစ်သင့်မည် မထင်ပါ၊ ဒဿေတုံ၌ ဉာဏ ပစ္စည်း ဟူသော ကာရိတ်၏ ကံသာ (ကာရိတ်ကံသာ) ဖြစ်သင့်မည် ထင်ပါသည်။

အထက်၌ ပြဆိုခဲ့သည့်အတိုင်း ယောဇနာ၌လည်း ဝေနေယျံ ဟု ကာရိတ် ကံသာ ထည့်ဖွင့်ပေးပါသည်။

မှတ်ချက်။ ။ ဤ၌ ကတမေ ဓမ္မာ ကုသလာတိ-ကို အာကာရ အနက်ပေးရာ၌ ထိုအာကာရနှင့် ဣဒံ ပဒဘာဇနီယံ-ဟူသော ပုဒ်တို့ အရတူကြသည်၊ ဣဒံ ပဒဘာဇနီယံ မပါခဲ့သော်-ကတမေ ဓမ္မာ ကုသလာတိ၊ ကတမေ ဓမ္မာ ကုသလာ-ဟူသော (စသော) ပဒဘာဇနီကို-ဟု အနက်ပေးနိုင်သည်။ ထို့ပြင် ဒဿေတုံ၏ကရိုဏ်းသည် ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ-ဟု ပြင်ထည့်ပေးရသဖြင့် ယခင် ကတမေ ဓမ္မာ ကုသလာတိ ဟူသော အာကာရ, ကံ တို့သည်ပင် ကရိုဏ်းဖြစ်သည်။ ထို့ကြောင့် အနုသန္ဓေ ဝါကျ၌-ကံ, အာကာရ, ကရိုဏ်း- ဤသုံးပါးတို့မှာ အရတူကြသည်။]

ဆောင်- ကံ, အာကာရ၊ ကရဏတို့၊ အရမပြား၊ ဤသုံးပါး၊ မမှားတူလေမြဲ။ (ဘုရားကြီးနိယံ-၂၀)

http://www.dhammadownload.com



ထို့ပြင် ဣဒါနိရှ၍ (ဝါ) ဣဒါနိကိုထောက်၍၊ အာရဒ္ဓံကို အနက်ပေးသော်-အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။

ဆောင်—(က) ဣဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက် ပစ္စုပ္ပန်။ (ရွှေ-နိယံ—၃၆၉)

(ခ) ဣဒါနိ—အာဟ၊ ရှိကကေန်၊ ပစ္စုပ္ပန်ကို၊ အမှန်အာဟ ဟောလေမြဲ။ (ဘုရားကြီး နိယံ—၂၇)

(ဆောင်ပုဒ် နိယံ၌ အာဟအတွက် ဆိုသော်လည်း "အာရဒ္ဓံ"လည်း နည်းတူ၊)]

အနုသန္ဓေ ဝါကျနောက်ရှိ တတ္ထ, တွေ့ အနက်ပေးပုံ

(ခ) ဝါကျ။ ဒဿန ကြိယာယ၊ ဒဿန ကြိယာ၏၊ ကရဏဘူတေ၊ ကရိုဏ်းဖြစ်၍ ဖြစ်သော။ တတ္ထ တသ္မိံ ကတမေ ဓမ္မာ ကုသလာတိ ပဒဘာဇနီယေ၊ ထို ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၌။[ဒဿေတုံ (ဒဿန) ကြိယာ၏ ကရိုဏ်းကို တတ္ထ စွဲ၍ ပေးသည်။]

တစ်နည်း—အာပုဗ္ဗ ရဘ ဓာတုယာ၊ အာရဒ္ဓံ၌ အာရှေးရှိသော ရဘဓာတ်၏။ ကမ္မဘူတေ၊ ကံဖြစ်၍ ဖြစ်သော။ တတ္ထ တသ္မိံ ကတမေ ဓမ္မာ ကုသလာတိ ပဒဘာဇနီယေ၊ ၌။[အာရဒ္ဓံ၏ ကံကို တတ္ထစွဲ၍ ပေးသည်။]

[ဆောင်—] ဒဿေန္တော အာဟ၊ ပြည့်ပုဒ်နောက်၊ တတ္ထ (တွေ့) ရောက်က၊ ဒဿန ကရိုဏ်း၊ အာဟ၏ကံ၊ ဤနှစ်တန် ကေန် တတ္ထ (တွေ့) စွဲမြဲ၊ (ဘုရားကြီးနိယံ-၂၃)

(ဒဿေန္တော, ပကာသေန္တော, ဒီပေန္တော, ဒဿေတုံ, ပကာသေတုံ, ဒီပေတုံ, အာဟ, အာရဒ္ဓံ, ဝုတ္တံ, ကထေသိ-စသည်တို့ သဘောတူကြသည်။)

ကျမ်းတက် (ဌပနာပဥ္စက) ပုစ္ဆာတက်

(က) ဝါကျ။

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)

၂။ မြတ်စွာဘုရားသည် (ကတ္တား)

၃။ ပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ဟောတော်မူ၏။ (ဌပနာ)

၄။ ထိုသို့ပင် ဟောတော်မူသော်လည်း။ (ဒေါသာပေက္ခ လက္ခဏာ)

၅။ ဤသို့ ကုသိုလ်စသော တရားတို့ကို ကုသလာ ဓမ္မာ စသည်ဖြင့် မာတိကာအားဖြင့် ရှေး၌ ဟောတော်မူခဲ့ပြီးသည် မဟုတ်ပါလော။ (အာဘောဂ)

၆။ ထိုသို့ ကုသိုလ် စသော တရားတို့ကို ရှေး၌ ဟောတော်မူခဲ့ပြီး ဖြစ်လေသောကြောင့်။ (အာဘောဂ-ဟိတ်)

၇။ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ထပ်၍ မဟောသင့်။ (ဌပနာပဋိက္ခေပ-ဌပနာပဋိက္ခေပစောဒနာ)

၈။ ကုသလာ ဓမ္မာ စသည်ဖြင့် မာတိကာအားဖြင့်သာလျှင် ဟောတော်မူသင့်၏။ [အန္ဝယ=အနုညာတ-အန္ဝယစောဒနာ]

http://www.dhammadownload.com



၉။ အဘယ်အားဖြင့် ပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ထပ်၍ ဟောတော်မူပါသနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေလိုသော အဋ္ဌကထာ ဆရာသည် ဣဒါနိ စသော (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား — အကြင် အကြင် ထားအပ်ပြီးသော (ဝါ) ထားအပ်ပြီးသော အပြားရှိသော မာတိကာဖြင့် ပေါင်း၍ ယူအပ်ကုန်သော ကုသိုလ် စသော တရားတို့ကို အထူးအပြားအားဖြင့် ပြခြင်းငှာ (ဝါ) သောတုဇန တို့အား သိစေခြင်းငှာ ကတမေ ဓမ္မာ ကုသလာ အစရှိသော ဤပဒဘာဇနီကို မြတ်စွာဘုရားသည် အားထုတ်တော် မူအပ်၏။ (ဝါ) ဟောတော်မူအပ်၏ ဟူလို။

မှတ်ချက်။ ။အနုသန္ဓေဝါကျ ကျမ်းတက်နည်း။

[ဆောင်—] စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဌာနကို၊ စောဒကအာဘော်၊ ဟိတ်ခတ်လျော်၊ ရှုမျှော်တစ်ဝ၊ နောက်ဌာနကျန်၊ အာဟကံမှာ စောဒနာ၊ သေသာကြွင်းလတ်၊ အဖြေမှတ်-(တွင်းကြီးနိယံ-၆၃-၄)

ဤ အနုသန္ဓေဝါကျမျိုးကို ကျမ်းတက်သော် အာဟ (အာရဒ္ဓံ ဝုတ္တံပုဒ်တို့) ၏ ကံကို ဌပနာထားပါ၊ ပုဗ္ဗာနုသန္ဓေ ဟူသော ရှေ့ဌာနကို စောဒကာ ဘောဂ,ဝါ၊ အာဘော်ပြုလုပ်ပါ၊ ထိုအာဘောဂကို အာဘောဂဟေတု ပြုလုပ်ပါ၊ ဣဒါနိ မှစ၍ ဒဿေတုံ စသည်ရှိရာ၌ ဒဿေတုံ စသည် တိုင်အောင်သော စကားများကား အဖြေများဖြစ်၍ အဓိပ္ပာယ်ပြန်မှသာ အသုံးပြုပါ။ အာဟ (အာရဒ္ဓံ ဝုတ္တံပုဒ်တို့)၏ ကံကိုပင် စောဒနာ, ဝါ၊ ပုစ္ဆာထုတ်ပါ။ (အာဟကံမှာ ဌပနာ၊ အာဟကံမှာ၊ စောဒနာ။)

စောဒနာတက်

(၁-မှ ၈-အထိ တူ၏)

၉။ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ထပ်၍ ဟောတော်မူချေသော် (ဝါ) ဟောတော်မူရာ၌ ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏ (ဒေါသာရောပနစောဒနာ)

၁၀။ (ပုစ္ဆာတက်က နံပါတ် ၉-နှင့် တူ၏)

ဤသို့ စောဒနာဖွယ်ရှိ၍ ဣဒါနိစသော (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား— အကြင် အကြင် ထားအပ်ပြီးသော (ဝါ) ထားအပ်ပြီးသော မာတိကာဖြင့် ပေါင်း၍ ယူအပ်ကုန်သော ကုသိုလ်စသော တရားတို့ကို အထူးအားဖြင့် ပြခြင်းငှာ ကတမေ ဓမ္မာ ကုသလာစသော စကားရပ်ကို ထပ်၍ ဟောတော်မူရသောကြောင့် သင်စောဒက တင်သော ပုနရုတ္တိဒေါသ မြတ်စွာဘုရားအား မရောက်ဟူလို။

http://www.dhammadownload.com



တစ်နည်း အဋ္ဌကထာကို ဌပနာထား၍ ကျမ်းတက်ပုံ

ပုစ္ဆာတက်

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)
၂။ အရှင်အဋ္ဌကထာဆရာသည် (ကတ္တား)
၃။ ရှေး၌ မာတိကာ၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏။ (ဌပနာ)
၄။ ဤသို့ မာတိကာ၏ အတ္ထသံဝဏ္ဏနာကိုသာ ပြဆိုသည်ရှိသော် (ဒေါသာ-ပေက္ခ လက္ခဏာ)
၅။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (အာဘောဂ)
၆။ ထိုသို့ ရောက်ရာလေသောကြောင့် (အာဘောဂဟိတ်)
၇။ မာတိကာ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုသင့် (ဌပနာပဋိက္ခေပ)
၈။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ (အနွယ)
၉။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကား အဘယ်ပါနည်း၊ (ပုစ္ဆာ)

ဤသို့ မေးဖွယ်ရှိသောကြောင့် ဣဒါနိစသော (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား– ဣဒါနိစသော (က) ဝါကျဖြင့် ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကိုလည်း ငါအဋ္ဌကထာဆရာ ပြဆို၏ ဟူလို။

စောဒနာတက်

(၁–မှ ၈–အထိ တူ၏)

၉။ မာတိကာ၏ အတ္ထသံဝဏ္ဏနာကိုသာ ပြဆို၍ ပဒဘာဇနီ၏ အတ္ထသံ-ဝဏ္ဏနာကို မပြဆိုချေသော် ဆရာအား အလုံးစုံသော မပျံ့နှံ့ခြင်းတည်း ဟူသော အဗျာပိတဒေါသသင့်ရောက်ရာ၏။ (ဒေါသာရောပန စောဒနာ)
၁၀။ (ပုစ္ဆာတက်က ၉–နှင့် တူ၏)

ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ဣဒါနိ စသော(က)ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား— ဣဒါနိစသော (က) ဝါကျဖြင့် ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသောကြောင့် သင်စောဒက တင်သော အဗျာပိတဒေါသ ဆရာ့အပေါ်၌ မကျရောက်ချေ၊ ဆိုတန်၏ ဟူလို။

[ဌပနာ, အာဘော်၊ ဟိတ်ဖော်, ဌဖျက်၊ အမေးစွက်၊ ငါးချက်စောဒနာ ဟူသော-တစ်နည်း ဌပနာပဋ္ဌက ကျမ်းတက် ဆောင်ပုဒ်အရ]

တစ်နည်း-ကျမ်းတက်သော်–

၁။ အရှင်အဋ္ဌကထာဆရာ,ဆရာသည် ရှေး၌ မာတိကာ၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏။ (ဌပနာ)

http://www.dhammadownload.com



၂။ ဤမျှသာ ပြဆိုသည်ရှိသော် ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မပြဆို ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (အာဘော်)
၃။ ထိုသို့ ရောက်ရာလေသောကြောင့် (ဟိတ်ဖော်)
၄။ မာတိကာ၏ အတ္ထသံဝဏ္ဏနာမျှကိုသာ မဆိုသင့် (ဌ-ဖျက်)
၅။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကား အဘယ်ပါနည်း (အမေးစွက်)

ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား– (က) ဝါကျဖြင့် ပဒဘာဇနီ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆို၏ ဟူလို။

မှတ်ချက်။ ။ ဤဆောင်ပုဒ် နိယံအရဆိုလျှင် ဒေါသမတင်ပါဘဲလျက် စောဒနာတက်ဟု ဆိုရမည်။ အဒေါသာရောပန စောဒနာမျိုးတည်း။

(ခ) ဝါကျ။ ဆရာ (အာ) ဆရာသည် (ကတ်) က–ဝါကျဖြင့် ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၏ အကျဉ်းကို ပြဆိုတော်မူ၏။ (ဌ) ဤမျှသာ ပြဆိုသည်ရှိသော် (ဏာ) ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၏ အကျယ်ကို မပြဆိုဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (ဘော) ထိုသို့ ရောက်ရာလေသောကြောင့် (ဘော-ဟေ) ပဒဘာဇနီ၏ အကျဉ်းမျှကိုသာ မပြဆိုသင့် (ဌ-ခေ) ပဒဘာဇနီ၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏၊ (နွ) ပဒဘာဇနီ၏ အကျယ်ကား အဘယ်ပါနည်း။ (ပု) ဤသို့ မေးဖွယ်ရှိ၍ တတ္ထစသော (ခ) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား– တတ္ထစသော (ခ) ဝါကျဖြင့် ပဒဘာဇနီ၏ အကျယ်ကိုလည်း ပြဆို၏ ဟူလို။

ဤကား ပုစ္ဆာတက်။ စောဒနာတက်လျှင်-ပဒဘာဇနီ၏ အကျယ်ကို ပြဆိုသင့်လျက် မပြဆိုခဲ့သော် ဆရာအား အကျဉ်းအကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ၊ စကားမပြည့်စုံသော အပရိပုဏ္ဏဒေါသ-သင့်ရောက်ရာ၏-ဟု (ဒေါသာ–ရောပန စောဒနာ) ထည့်တက်။

အဓိပ္ပာယ်ကား-ခ-ဝါကျဖြင့် ပဒဘာဇနီ၏ အကျယ်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ, အပရိပုဏ္ဏဒေါသ ဆရာအား မရောက်-ဟူလို။

(ဂ)–ဝါကျ။ ဆရာ,ဆရာသည် ခ–ဝါကျဖြင့် ယသ္မိံ သမယေ စသည်ဖြင့် ကာမာဝစရ ကုသိုလ်ကို ပြအပ်သောဟု ဆိုတော်မူ၏၊ ....သော်–ထို ကာမာဝစရ ကုသိုလ်၏ နိဒ္ဒေသ၌ ဖြစ်သင့်သော မဟာဝါရ သုံးပါးကို မပြဆို ဟူသောအနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော–ဟု အာဘော်စသည်ထားတက်၊

http://www.dhammadownload.com



စောဒနာဘက်လျှင်-အဗျာပိတဒေါသ-အပရိပုဏ္ဏဒေါသ တင်တက်။

(ဃ) ဝါကျ၊ သရော-ဆရာသည် ဂ-ဝါကျဖြင့် ကာမာဝစရ ကုသိုလ်နှိုဒွေသဉ် ဖြစ်သင့်သော ဖဿာဒ ဝါရသုံးပါးတို့ကို ဟုတ်ဖော် ရေတွက်ပြဆိုတော်မူ၏။ သော်-ထိုမဟာဝါရ သုံးပါးတို့တွင် ဓမ္မဝဝတ္ထာနဝါရ၏ ဖြစ်သင့်သောအပြားကို မပြဆို-ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော-စသည် ဆို၍တက်။

စောဒနာဘက်လျှင်-အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတင်တက်။

အမှာ-ကျမ်းတက်ရာ၌ အာဘော်အမျိုးမျိုး ထားနိုင်ပုံ၊

ဥပမာ-အထက်ပါ (က) ဝါကျကို နောက်နည်းကျမ်းဘက်ခဲ့ရာ၌-

၁။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော။
၂။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။
၃။ ပဒဘာဇနီ၏အတ္ထသံဝဏ္ဏနာကို သောတုဇနတို့မသိနိုင်သည်မဟုတ်ပါလော။
၄။ မာတိကာ၏ အတ္ထသံဝဏ္ဏနာသာရှိ၏-ဟု မှတ်အပ်သည် မဟုတ်ပါလော။
၅။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာမရှိ-ဟု မှတ်အပ်သည် မဟုတ်ပါလော။
၆။ မာတိကာ၏ အတ္ထသံဝဏ္ဏနာသာရှိ၍ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာမရှိ-ဟု မှတ်အပ်သည် မဟုတ်ပါလော။
၇။ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မဖွင့်ပြရသေးသည် မဟုတ်ပါလော။

ဤသို့ စသည်ဖြင့် အာဘော်အမျိုးမျိုး အရာဌာနတိုင်း၌ ထိုက်သည်အားလျော်စွာ ထားနိုင်သည်ကို သိပါ။]

## အနုလောမ ပါပနာဒိ ခေါ် ကျမ်းရိုးငါးချက်တက်
## စောဒနာတက်

(က) ဝါကျ။ အရှင်အဋ္ဌကထာဆရာ (အာလုပ်) မြတ်စွာဘုရားသည် (ကတ္တား) ပဒဘာဇနီပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ဟောတော်မူ၏ (ဌပနာ) ဤသို့ ဟောသည်ရှိသော် ကုသိုလ် စသော တရားတို့ကို ရွေး၍ မဟောရသေးဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (အနုလောမပါပနာ) စင်စစ်သော်ကား ကုသိုလ် စသော တရားတို့ကို ရွေး၍ မဟောရသေးဟူသော အနက်သည် မရောက်သင့် (ပဋိလောမ ပါပနာ) ထိုသို့ မရောက်သင့်လေသော ကြောင့် (ရောပနာပါဒကဟိတ်) တစ်နည်း-စင်စစ်သော်ကား ကုသိုလ် စသော တရားတို့ကို ရွေး၍ အကျဉ်းဥဒ္ဒေသ မာတိကာအားဖြင့် ဟောပြီးသည်သာ ဖြစ်၏။ (ပဋိလောမ ပါပနာ) ထိုသို့ ဟောပြီးဖြစ်လေသောကြောင့် (ဟိတ်) မာတိကာမျှကိုသာ ဟောသင့်၏၊ (အနုလောမ ရောပနာ) ကတမေ ဓမ္မာ ကုသလာ

http://www.dhammadownload.com



စသော ပဒဘာဇနီကို ထပ်၍ မဟောသင့် (ပဋိလောမ ရောပနာ) ထပ်၍ဟော ချေသော် (ဝါ) ထပ်၍ဟောရာ၌ ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန စောဒနာ)။

အဘယ်အားဖြင့် ပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီကို ထပ်၍ ဟောတော်မူပါသနည်း။ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဣဒါနိ စသော (က) ဝါကျကို မိန့်။

[အဓိပ္ပာယ်ပြန်-ရှေး ဤ (က) ဝါကျ ရှေးနည်း ဌပနာ ပဋ္ဌကစောဒနာတက်က အတိုင်းမှတ်။ ပုစ္ဆာတက်လျှင်(ဒေါသာရောပနစောဒနာ)အချက်ချန်။ အဓိပ္ပာယ်ပြန်။ ရှေးဤ (က)ဝါကျ ရှေးနည်း ဌပနာ ပဋ္ဌက ပုစ္ဆာတက်က အတိုင်းမှတ်၊ ဤကျမ်းရိုး ငါးချက် ကျမ်းတက်ကို ဌပနာနုလောမာဒိ ပဋ္ဌကကျမ်းတက်ဟုလည်း ခေါ်၏။ ပါပနာဒိ ကျမ်းရိုးတက်ဟုလည်း ခေါ်၏။]

ဤကား ပါဠိတော်ကို ဌပနာထား၍ ကျမ်းတက်ပုံတည်း။

## (ဌ) ကို ဌပနာထား၍ စောဒနာကျမ်းတက်

ဆရာ့ဆရာသည် ရှေး၌ မာတိကာ၏ အတ္ထသံဝဏ္ဏနာကို ပြတော်မူ၏။ (ဌ)

ဤသို့ မာတိကာ၏ အတ္ထသံဝဏ္ဏနာကိုသာ ပြဆိုသည်ရှိသော် (ဏ)

ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)

စင်စစ်မူကား ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် မရောက်သင့်၊ (ပဋိ-ပါ)

(တစ်နည်း) မာတိကာ၏ အတ္ထသံဝဏ္ဏနာသာလျှင် ရှိ၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)

စင်စစ်မူကား မာတိကာ၏ အတ္ထသံဝဏ္ဏနာသာလျှင် ရှိ၏ဟူသော အနက်သည် မရောက်သင့်၊ (ပဋိ-ပါ)

တစ်နည်း-ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)

စင်စစ်မူကား ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာ မရှိဟူသော အနက်သည် မရောက်သင့်၊ (ပဋိ-ပါ)

http://www.dhammadownload.com



တစ်နည်း-မာတိကာ၏ အတ္ထသံဝဏ္ဏနာသာရှိ၍ ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)

စင်စစ်မူကား မာတိကာ၏ အတ္ထသံဝဏ္ဏနာသာ ရှိ၍ ပဒဘာဇနီ၏ အတ္ထ သံဝဏ္ဏနာ မရှိဟူသော အနက်သည် မရောက်သင့်၊ (ပဋိ-ပါ)

ထိုသို့ မရောက်သင့်လေသောကြောင့် (ဟိတ်) ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာ ကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဘဲ မနေသင့် (ပဋိ-ရော) မနေသင့်ဘဲ နေချေသော် ဆရာအား (ဝါ) ဆရာ့အပေါ်၌ အလုံးစုံမပျံ့နှံ့ခြင်းတည်းဟူသော အဗျာပိတဒေါသ ရောက်ခဲ့ရာ၏။ (ဒေါသာရောပန စောဒနာ)

အဘယ်သို့လျှင် ထိုဒေါသမရောက် ကင်းပျောက် ပါရန် ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို ပြဆိုအပ်ပါသေးသနည်း၊ (ဝါ) ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာ ကား အဘယ်ပါနည်း၊ (ဝါ) ပဒဘာဇနီ၏ အတ္ထသံဝဏ္ဏနာကို အဘယ်သို့ မှတ်ရပါ အံ့နည်း။ (ပုစ္ဆာ) ဤသို့ အပြစ်တင်လျက် သူမေးဖွယ်ရှိ၍ ထိုကိုပယ်ရှား ဖြေကြား တော်မူလိုသော အဋ္ဌကထာဆရာသည် ဣဒါနိစသော (က) ဝါကျကို မိန့်။

[အဓိပ္ပာယ်ပြန်-ရှေး ဤ(က)ဝါကျနောက်နည်း ဌပနာပဋ္ဌကစောဒနာတက်ကနှင့် တူ၏။ ပုစ္ဆာတက်ရာ၌လည်း (ဒေါသာရောပနစောဒနာ) အချက်ချန်၍-ကျမ်းတက် ပြီးလျှင် အဓိပ္ပာယ်ပြန်ပုံကိုလည်း ရှေး ဤ (က) ဝါကျ နောက်နည်း ဌပနာပဋ္ဌက ပုစ္ဆာတက်ကအတိုင်း ပြန်ပါ။]

(ခ) ဝါကျ။ ဆရာ, ဆရာသည်၊ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၏ အကျဉ်းသခ်ပကို ပြဆိုတော်မူ၏။ ဤမျှသာပြဆိုသည်ရှိသော်, ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီ၏ အကျယ်ဝိတ္ထာရကို မပြဆို- ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၏ အကျယ်ဝိတ္ထာရကို မပြဆို-ဟူသော အနက်သည် မရောက်သင့်၊ ထိုသို့မရောက်သင့်လေသောကြောင့်၊ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ၏ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ အကျယ်ဝိတ္ထာရကို မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲနေချေသော် ဆရာအား အကျဉ်းအကျယ်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ပဒဘာဇနီ၏ အကျယ်ကား အဘယ်ပါနည်း။ ဤသို့ စောဒနာ ဖွယ်ရှိ၍ (ခ) ဝါကျကို မိန့်။

[အဓိပ္ပာယ်ပြန်-ရှေး ဤ (ခ) ဝါကျ ဌပနာပဋ္ဌက စောဒနာတက်ကနှင့် တူ၏။ ပုစ္ဆာကျမ်းတက်လည်း သိလောက်ပြီ။]

http://www.dhammadownload.com



(ဂ) ဝါကျ။ ကာမာဝစရ ကုသိုလ် နိဒ္ဒေသ၌ ဖြစ်သင့်သော မဟာဝါရ သုံးပါးကို မပြဆို-ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ.... ကာမာဝစရ ကုသိုလ် နိဒ္ဒေသ၌ ဖြစ်သင့်သော မဟာဝါရ သုံးပါးကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

(ဃ) ဝါကျ။ ထိုမဟာဝါရ သုံးပါးတွင် ဓမ္မဝဝတ္ထာနဝါရ၏ ဖြစ်သင့်သော အပြားကို (ဝါ) ဥဒ္ဒေသ—နိဒ္ဒေသ၏ အစွမ်းဖြင့် နှစ်ပါးပြားပုံကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ဓမ္မဝဝတ္ထာနဝါရ၏ ဥဒ္ဒေသ နိဒ္ဒေသ၏ အစွမ်းဖြင့် နှစ်ပါးပြားပုံကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော).... စသည်။

ညှိနှိုင်းချက်—ဌပနာပဋ္ဌကနှင့် ပါပနာဒိကျမ်းတက်တို့၌-

၁။ အာလုပ်အချင်းချင်း,ကတ္တား အချင်းချင်း, ဌပနာ အချင်းချင်း,ဒေါသာ-ပေက္ခ လက္ခဏာအချင်းချင်းတို့ တူကြသည်။

၂။ (အာဃာတ) နှင့် (နု-ပါ) တို့လည်း အရင်းခံ သဘောအားဖြင့် တူကြသည်၊ စကားအသုံးသာ အနည်းငယ်ကွဲသည်။

၃။ (အနွယ) နှင့် (နု-ရော) တို့လည်း စကားအသုံးနှင့်တကွ အားလုံး တူကြသည်။

၄။ (ဒေါသာရောပန စောဒနာ) အချင်းချင်း, ပုစ္ဆာအချင်းချင်း, တို့လည်း တူကြသည်။

၅။ အဓိပ္ပာယ်ပြန်ချင်းလည်း တူကြသည်။

၆။ ထို့ပြင် (ဌပနာပဋိက္ခေပ) နှင့် (ပဋိ-ရော) တို့ကိုလည်း အတူဆို၍ ကျမ်းတက်နိုင်၏။

ဥပမာ-အထက်ပါ(က)ဝါကျ နောက်နည်း ပါပနာဒိကျမ်းတက်၌-မာတိကာ၏ အတ္ထသံဝဏ္ဏနာကိုသာ မပြဆိုသင့်၊ (ပဋိ-ရော)။ ဤသို့ဆို၍ ကျမ်းတက်လျှင် (ဌပနာပဋိက္ခေပ) နှင့် (ပဋိ-ရော) တို့လည်း တူကြသည်။

## ဒေါသ သင့်ပုံ ပယ်ပုံ

(က) ဝါကျ။ စောဒကပုဂ္ဂိုလ် အလိုအားဖြင့် ကတမေ ဓမ္မာ ကုသလာစသော ပဒဘာဇနီ စကားရပ်၌ ရှေးမာတိကာ၌ ဆိုအပ်ပြီးသော ကုသိုလ် စသော သဘောတရားတို့ကိုပင် ထပ်မံ၍ ဆိုသောကြောင့် ပုနရုတ္တိဒေါသသင့်၏။

ပရိဟာရ် ဆရာအလိုအားဖြင့် (ဝါ) ကျမ်းဆရာအလိုအားဖြင့် ရှေးမာတိကာ၌ ဟောအပ်ပြီးသော ကုသိုလ် စသော တရားတို့ကို အထူးအပြားအားဖြင့် (ဝါ) အသေးစိတ် အကျယ်အားဖြင့် ပြခြင်းငှာ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီကို ထပ်မံ၍ ဟောရသောကြောင့် ပုနရုတ္တိဒေါသ မသင့်။

http://www.dhammadownload.com



တစ်နည်း–မန္ဒ ဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရ စကားရပ်ကို ပြရိုးထုံးစံ ဓမ္မတာ ဖြစ်သောကြောင့် (က) ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။

တစ်နည်း–မာတိကာကို ဟောပြီးသည်မှတစ်ပါး ပဒဘာဇနီကို ဟောသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ် ပြည့်စုံသောကြောင့် ကတမေ ဓမ္မာ ကုသလာ စသော ပါဠိတော်ဝါကျဖြင့်ပင် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

တစ်နည်း–မာတိကာ၌ ဟောအပ်ပြီးသော ကုသိုလ်စသော တရားတို့ကို အထူး အပြား အသေးစိတ် အကျယ်အားဖြင့် ပြခြင်းအကျိုးငှာ ဟောသဖြင့် ထိုသို့ ဟောခြင်း၌ အကျိုးရှိသွားသောကြောင့် နိရတ္ထက ဒေါသကို ပယ်၏။

ဆောင်– အနုသန္ဓေပြ၊ ယင်း ဝါကျ၊ ပုနရုတ္တိတင် (ပေါရာဏ) ယင်းသည့်ဌာန၊ (အနုသန္ဓေဌာန) ဒေါသအဗျာ၊ တင်လေရာ (တွင်းကြီး) အနုသန္ဓေပြ၊ ကင်းဝါကျ၊ ပုန-ဗျာ-နိပယ်။ (ရစနာ)

ဤကား ရှေးမာတိကာ အကျဉ်းနှင့် နောက် ပဒဘာဇနီ အကျယ် ပါဠိတော် တို့ကို ရှု၍ ဒေါသ သင့်ပုံ-ပယ်ပုံတို့ကို ဆိုခြင်းတည်း။ (ဌ) ကို ရှု၍ဆိုသော် ရှေးမာတိကာ အဖွင့်၌ မာတိကာအဖွင့်မျှသာ ပြရသေး၍ အလိုရှိအပ်သော အနက် အဓိပ္ပာယ် မနှံ့စပ်, မပြည့်စုံသေးသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(က) ဝါကျဖြင့် ပဒဘာဇနီအဖွင့်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့်။

တစ်နည်း-(က) ဝါကျသည် ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် ထို(က) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ခ) ဝါကျကို ထောက်ဆလျှင် (က) ဝါကျ၌ အကျဉ်းသခေ်ပသာ ပြဆို ရသေး၍ အကျဉ်း.... အကျယ်.... သခေ်ပ .... ဝိတ္ထာရ ဆန့်ကျင်နေသောကြောင့် ဝိရောဓိဒေါသ, သင့်၏ (ခ) ဝါကျဖြင့် အကျယ်ဝိတ္ထာရကို ပြလိုက်သဖြင့် အကျဉ်း.... အကျယ်....သခေ်ပ....ဝိတ္ထာရ မဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

တစ်နည်း– (ခ) ဝါကျဖြင့် မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုး ဖြစ်သောကြောင့် ပုနရုတ္တိ ဒေါသကို ပယ်၏။

(ထပ်နိုးထင်စွာ၊ ရှိစပါ၍၊ နောက်မှာဝါကျ၊ ပုနရုတ္တိ၊ တင်ဘိဒေါသ၊ အကျယ်-သခေ်ပ၊ ဥဒ္ဒေသနှင့်၊ ဆင့်သည့်နိဒ္ဒေ၊ နိဂုံးနေမူ၊ ပုဗ္ဗေဝါကျ၊ ရှေးဌာနကို၊ ပုနရုတ္တိ-တင်ဖွယ်ရှိ၏။ ရှစ်သောင်းလေးထောင် နိယံ)

တစ်နည်း– (က) ဝါကျ၌ အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၍ (ခ) ဝါကျဖြင့် ထိုအဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



(ဂ) ဝါကျကိုထောက်၍ (ခ) ဝါကျ၌ ကာမာဝစရကုသိုလ် ရှေးဦးစွာ ပြဆိုကြောင်းကိုသာ ဆိုရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မန္တစပ် မပြည့်စုံသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် ထိုကာမာဝစရကုသိုလ် နိဒ္ဒေသ၌ ဝါရကြီးသုံးပါးကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် န္တစပ်ပြည့်စုံသွားသောကြောင့် အဗျာပိတ-ဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

တစ်နည်း- (ခ) ဝါကျ၌ သခေ်ပ ဝိတ္ထာရ ဆန့်ကျင်နေသော ဝိရောဓိဒေါသ သင့်၍ (ဂ) ဝါကျဖြင့် ထိုသခေ်ပ-ဝိတ္ထာရ ဆန့်ကျင်နေသော ဝိရောဓိဒေါသကို ပယ်၏။

(ဃ) ဝါကျကို ထောက်၍ (ဂ) ဝါကျ၌ မဟာဝါရသုံးပါးသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မန္တစပ် မပြည့်စုံသောကြောင့် အဗျာပိတ-ဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(ဃ) ဝါကျဖြင့် ဓမ္မဝဝတ္ထာနဝါရ၏ ဉဒ္ဒေသ, နိဒ္ဒေသ၏ အစွမ်းအားဖြင့် နှစ်ပါးတည်ရှိနေပုံကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် န္တစပ်ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

တစ်နည်း (ဂ) ဝါကျ၌ သခေ်ပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသသင့်၍ (ဃ) ဝါကျဖြင့် ထိုသခေ်ပ, ဝိတ္ထာရ ဆန့်ကျင်နေသော ဝိရောဓိဒေါသကို ပယ်၏။

အာရဒ္ဓ ထားရပုံ- အနုသန္ဓေ တက်အပ်သောစကား၌ ရှေးစကားမကုန်ငြား၍ ကုန်စေခြင်းငှာလည်းကောင်း, နောက်ပဒဘာဇနီစကား မကုန်ငြား၍ ကုန်စေခြင်း ငှာလည်းကောင်း, မာတိကာဖြင့် ပေါင်း၍ယူအပ်သော တရားတို့ကို အထူးအပြား အားဖြင့် ပြခြင်းငှာလည်းကောင်း (က) ဝါကျ၌ အာရဒ္ဓ ထား၏။

ဆောင်- ရှေ့နောက်စကား၊ မကုန်ငြားပေ၊ တစ်ထွေနည်းထူး၊ ပြလိုဦးက၊ ဤနှစ်ဝ၊ ထားကြအာရဒ္ဓ [ရွှေ-နီ-၃၆၇]

အမှာ- ရှေ့နောက်စကား မကုန်ငြားပေ ဟူသောစကားကို နှစ်ချက်ခွဲယူရလျှင် အာရဒ္ဓ ထားရပုံအကြောင်း သုံးပါးဖြစ်၍ တစ်ချက်တည်းယူလျှင် အာရဒ္ဓထားရပုံ အကြောင်းနှစ်ပါးဖြစ်သည်။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ (ယထာကာ နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟ်မပြုကောင်း) နိက္ခိပိယိတ္ထာတိ နိက္ခိတ္တာ။

http://www.dhammadownload.com



၁။ နိက္ခိပိယိတ္ထာတိဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိမည်၏။

၂။ နိက်ဟူသော-ခိဟူသော-ပိဟူသော-ယိတ်ဟူသော- တ္ထဟူသော-။

တစ်နည်း- နိဟူသော- က္ခိဟူသော- ပိဟူသော- ယိဟူသော- တ္ထဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထားခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ နိက္ခိတ္တာဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ထို နိက္ခိတ္တာဟူသော နိပ္ဖန္နသဒ္ဒါ အပေါင်းသဒ္ဒါ ဖြစ်ခြင်း၏အကြောင်း ဖြစ်သော (ဝါ) ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ထားခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။ (ဘေဒစိန္တာဒီပနီနည်း)

### တစ်နည်း အဘိဓာန်ဋီကာနည်းအရ ခွဲပုံ

၁။ နိက်ဟူသော-ခိတ်ဟူသော- တ္တာဟူသော

တစ်နည်း-နိဟူသော-က္ခိဟူသော- တ္တာဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော နိပုဗ္ဗ+ခိပဓာတ်+တပစ္စည်း၊ ထားခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

၃။ နိက္ခိတ္တာဟူသော အပေါင်းနာမ ပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ထားခြင်းကြိယာသည် (ဝါ) ထားအပ်သည်၏ အဖြစ်ဟူသော ကြိယာသကတ်သည် ပဝတ္တိနိမိတ်။

ယာယာ+နိက္ခိတ္တာ ယထာနိက္ခိတ္တာ။ (တာယ ၎ ထာနိက္ခိတ္တာယ)

၁။ ယာယာနိက္ခိတ္တာဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ထားအပ်သော ဂုဏ်၏ အကြင်အကြင် မာတိကာနှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့်စပ်ခြင်း သမ္မန် သည်။

တစ်နည်း- အနိယမဘောဂုဏ် ဝိစ္ဆာဘောဂုဏ်၏ နိက္ခိတ္တဘောဂုဏ်နှင့် ဂုဏ်+ဂုဏီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ယထာနိက္ခိတ္တာဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အကြင်အကြင် ထားအပ်ပြီးသည်၏ အဖြစ် ဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

[မာတိကာပုဒ် ဝိဂ္ဂဟကို ပထမအုပ်(၄၆၀) ၌ ပြခဲ့ပြီ။

သင်္ဂယှန္တေတိ သင်္ဂဟိတာ။ (တေ-သင်္ဂဟိတေ)

၂။ သင်-ဂ-ယှန်-တေ ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပေါင်း၍ ယူခြင်း ကြိယာသည်။

၁။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပေါင်း၍ ယူခြင်းကြိယာသည်....။

အညမညတောပဘိဇ္ဇတီတိပဘေဒေါ၊(တတောပဘေဒတော)(နု-ဋီ-၆၅)။

[မဏိမဥ္ဇူ-ဒု-၂၉၉-၌ကား- ဘိဇ္ဇန္တေ ဝိသေသိယန္တေ ဘေဒဝန္တော တေ ဟိတိ ဘေဒါ-ဟု ပြု၏။ ဘေဒ နှင့်ပဘေဒအနက် သဘောတူ။]

၂။ ပ-ဘိဇ်-ဇ-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ထူးခြားကွဲပြားခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်း ဖြစ်သော ထူးခြားကွဲပြားခြင်း ကြိယာသည်....။ ဒဿနံ ဒဿေတုံ။ (တဿ ဒဿေတုံ) [မဏိမဥ္ဇူ-ပ-၃၃၃]

၁။ ဒသ်-သေ-တုံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ဒိသဓာတ်+ဏေ ပစ္စည်း+တုံပစ္စည်း ပြခြင်းကြိယာသည်....။

၃။ ဒဿေတုံ-ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပြခြင်းကြိယာသည်....။

(အဘိဓာန်ဋီကာနည်း)

[ပဒဘာဇနီယံပုဒ်ဝိဂ္ဂဟကို ပထမအုပ်နောက်ဆက်တွဲ- ၃၇ ခုနှစ် နှစ်ဦးအဖြေ၌ရှု။]

အာရဘီယိတ္ထာတိ အာရဒ္ဓံ။

တစ်နည်း အာရဘီယတေတိ အာရဒ္ဓံ။

၂။ အာ-ရ-ဘီ-ယိတ်-ထ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အားထုတ်ခြင်းကြိယာသည်....။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော အားထုတ်ခြင်း ကြိယာသည်။

(ခ) ဝါကျ။ ဒဿီယိတ္ထာတိ ဒဿိတံ။

တစ်နည်း-ဒဿီယတေတိ ဒဿိတံ။ (ပြခြင်းကြိယာ ခွဲ။)

http://www.dhammadownload.com



(ဂ) ဝါကျ။ ခါရေန္တီတိ ဓမ္မာ။

ဝိသုံ ဝိသုံ အဝစ္ဆိန္ဒိတွာ ထာန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝဝတ္ထာနော။

ဝဝတ္ထိယန္တိ ဧတ္ထာတိ ဝဝတ္ထာနော။

ဓမ္မာနံ+ဝဝတ္ထာနော ဓမ္မဝဝတ္ထာနော။

ဝရိယတိ (ဝါရိယတိ) ပရိစ္ဆိန္ဒိယတိ ဧတ္ထ ဧတေနာတိ ဝါ ဝါရော။

ဝရတိ သံဝရတီတိ ဝါ ဝါရော။

ဝရတိ သံဝရတိ ဧတ္ထ ဧတေနာတိ ဝါ ဝါရော။

ဓမ္မဝဝတ္ထာနော စ+သော+ဝါရော စာတိ ဓမ္မဝဝတ္ထာနဝါရော။

၂။ ထို၏ အကြောင်းဖြစ်သော ဓမ္မဝဝတ္ထာန၏+ဝါရနှင့် ဝိသေသန+ဝိသေသျ,ဂုဏ်+ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။

၄။ ထို၏ အကြောင်းဖြစ်သော ဓမ္မဝဝတ္ထာန ဝါရတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်....။

(ဃ) ဝါကျ။ ဥဒ္ဒိသိယတိ အတ္ထော ဧတေနာတိ ဥဒ္ဒေသော။ ဥဒ္ဒေသော ဉာဏပြေန ဒေသိယတိ ဧတေနာတိ ဥဒ္ဒေသော။

နိဒ္ဒိသိယတိ အတ္ထော ဧတေနာတိ နိဒ္ဒေသော။ နိဟရိတွာ ဒေသိယတိ ဧတေနာတိ နိဒ္ဒေသော။

ဥဒ္ဒေသော စ နိဒ္ဒေသော စ, ဥဒ္ဒေသ နိဒ္ဒေသာ။

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဥဒ္ဒေသ,နိဒ္ဒေသတို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဥဒ္ဒေသ, နိဒ္ဒေသတို့၏ အချင်းချင်း ငဲ့ခြင်းဂုဏ်သည် (ဝါ) ဥဒ္ဒေသ နိဒ္ဒေသဟူသော အမည်သည်....။

ဝသနံ သမတ္တနံ ဝသော။ ဥဒ္ဒေသ နိဒ္ဒေသာနံ ဝသော။

ဥဒ္ဒေသ နိဒ္ဒေသ ဝသော။ (တေန)

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဥဒ္ဒေသ, နိဒ္ဒေသတို့၏ အစွမ်းနှင့် ဂုဏော+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဥဒ္ဒေသ, နိဒ္ဒေသတို့၏ အစွမ်းဟူသော ဂုဏ်သည်။

http://www.dhammadownload.com



ဤ ဝါကျနောက်ရှိ အပွနာပုဒ်ကို—

အပွေတီတိ အပွနာဟု ပြု၊

(အပြီးအဆုံးသို့ ရောက်စေခြင်း ကြံယာခွဲ)

ကထေတု ကမျတာ ပုစ္ဆာ [၄-၇၃]

ကထနံ ကထေတုံ၊ ကထေတုံ+ကာမေတီတိ ကထေတုကာမော။

ကထေတု ကာမဿ+ဘာဝေါ ကထေတုကမျံ။

ကထေတု ကမျံဝ ကထေတု ကမျတာ။ ပုစ္ဆိတဗ္ဗာတိ ပုစ္ဆာ။

ကထေတု ကမျတာယ+ပဝတ္တာ ပုစ္ဆာ ကထေတုကမျတာပုစ္ဆာ။

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဖြေလိုသည်၏ အဖြစ်၏+ဖြစ်သော ပုစ္ဆာနှင့် ဂုဏ်+ဂုဏော, အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓ် သည်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော ကထေတုကမျတာ ပုစ္ဆာတို့၏ တစ်ခု သည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်။

## လိင်, ဂဏ, ဂဏဝိမုတ်, ပဒ, ငါးမျိုးခွဲပုံ

(က) ဝါကျ။ ယထာနိက္ခိတ္တာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ သမာသပဒ (ဝါ) အဗျယီဘော သမာသ်ပုဒ်, ဗဟုဗ္ဗီဟိသမာသ်ပုဒ်။

ထိုတွင် ယထာကား-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ နိပါတပဒ၊

မာတိကာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ တဒ္ဓိတနာမ ပဒ၊ (ဝါ) ဥပမာတဒ္ဓိတ်နာမ်ပုဒ်။

ပဘေဒတော၌ ပဘေဒသည် ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။

ပဘေဒတော ပုဒ်လုံးကား(တောပစ္စည်းဆုံးသောကြောင့်) အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ နိပါတပဒ။

ကတမေ-ပုလ္လိင်။ ပုရိသာဒိဂိုဏ်း၊ တစ်နည်း-သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

ဣဒံ–နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (ဝါ) သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။ [သမာသ်ပုဒ်စသည် စိစစ်ပုံမျိုးကိုမူ ပထမအုပ် နောက်ဆက်တွဲ ၃၆ ခုနစ် မေးခွန်း အဖြေ၌ရှု။]

http://www.dhammadownload.com



အာဘော်+သံဝဏ္ဏနာ

(ဃ) ဝါကျ ဖြင့် မာတိကာပါဠိတော်ကို ဟောပြီးသည်၏ အခြားမဲ့၌ ပဒဘာဇနီ ပါဠိတော်ကို ဟောရာ၌ စကားစပ် အနုသန္ဓေကျမ်းတက်အဖြစ်ကို သိစေ၏။ အဓိပ္ပာယ်ရ အနက်ကို ဖွင့်ပြသောကြောင့် (ဘာဝတ္ထ သံဝဏ္ဏနာ)

(ခ) ဝါကျ။ တတ္ထဖြင့် ဝိတ္ထာရကို သိစေ၏။ အနက်ကို ဖွင့်ပြသောကြောင့် အတ္ထသံဏ္ဏနာ။

တစ်နည်း–ဝိတ္ထာရစကားရပ်တို့၏ အချီစကားအဖြစ်ကို သိစေ၏။

အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။

ယဒေတံ စသော ကြွင်းသော (ခ)(ဂ)(ဃ) ဝါကျတို့ဖြင့် ဝိတ္ထာရစကားရပ်များ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)

ထိုတွင် ယဒေတံစသော (ခ) ဝါကျဖြင့် အနိယမ အဖြစ်ကိုလည်းကောင်း, ယသ္မိံ သမယေ စသည်ဖြင့် ကာမာဝစရကုသိုလ်ကို ရှေးဦးစွာ ပြသည်အဖြစ်ကို လည်းကောင်း, သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)

(ဂ) ဝါကျ ဖြင့် နိယမအဖြစ်ကို လည်းကောင်း ထိုကာမာဝစရကုသိုလ်၏ နိဒ္ဒေသ၌ ရှေးဦးစွာ ဓမ္မဝဝတ္ထာနဝါရစသော မဟာဝါရသုံးပါး ရှိသည်၏ အဖြစ်ကိုလည်းကောင်း သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)

(ဃ) ဝါကျဖြင့် ထိုမဟာဝါရသုံးပါးတို့တွင် ဓမ္မဝဝတ္ထာနဝါရ၏ ဥဒ္ဒေသ နိဒ္ဒေသတို့၏ အစွမ်းဖြင့် နှစ်ပါးအပြား ထည်ရှိသည်၏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)

ဥပသာရပုဒ်+နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ယထာနိပါတ်သည် အနိယမအနက်, ဝိစ္ဆာအနက်, ပကာရ အနက်တို့ကို ဟော၏။

သင်္ဂဟိတ၌ သံဥပသာရပုဒ်သည် သင်္ဂဟအနက်, သမောဓာနအနက် တို့ကို ဟော၏။ ပဘေဒတော၌ ပ–ဥပသာရပုဒ်သည် ဓာတွတ္ထာနုဝတ္တက။

တစ်နည်း–ပကာရအနက်ကို ဟော၏။

ဣတိသဒ္ဒါ– နိဒဿနတ္ထ, အာဒျတ္ထ, အာကာရတ္ထ။ အာရဒ္ဓ၌ အာဥပသာရ ပုဒ်သည် (ရဘဓာတ်သက်သက် အားထုတ်ခြင်းအနက်ကို ဟောလျှင် ဓာတ် အနက်သို့ အစဉ်လိုက်သောကြောင့်) ဓာတွတ္ထာနုဝတ္တက။ (တစ်နည်း) (ရဘဓာတ်၏ အားထုတ်ခြင်းအနက်ဟောအောင် အထူးပြုပေးသောကြောင့်) ဓာတွတ္ထဝိသေသက။

http://www.dhammadownload.com



(ခ) ဝါကျ။ ။ဥပ္ပန္နံ့ ဥသဒ္ဒါ အတ္ထလာဘတ္ထ။ [(ရှု-ဆဋ္ဌမူ) ၁၂၇] ဟောတီ-တိဥ္စ ဣတိသဒ္ဒါ အာကာရတ္ထ။

(ဂ) ဝါကျ။ ။တာဝနိပါတ် ပဌမတ္ထ။ ဤဝါကျရှိ နိဒ္ဒေသ, နောက်ဝါကျရှိ နိဒ္ဒေသတို့၌ နိသဒ္ဒါ ဝိဘဇနတ္ထ။

(ဃ) ဝါကျ။ ။ဥဒ္ဒေသ၌ ဥသဒ္ဒါ သရူပကထနတ္ထ၊ (တစ်နည်း) သခေ်ပတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(က) ဝါကျ။ ဣဒံ၌ ဣမသည် ပဒဘာဇနီကိုစွဲ၏။ ပဒဘာဇနီယံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ တတ္ထ၌ တသည် ပဒဘာဇနီကိုစွဲ၏၊ ဆိုအပ်ပြီးသော ပဒဘာဇနီဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။ ယဒေတံ၌ ယ,တ တို့သည် (ဝါ) ယသည် ကာမာဝစရကုသိုလ်ကို စွဲ၏။ ကာမာဝစရကုသလံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) ဝါကျ။ တဿ၌ တသည် ကာမာဝစရကုသိုလ်ကို စွဲ၏။ ဆိုအပ်ပြီးသော ကာမာဝစရကုသိုလ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (တစ်နည်း) အနိယမယသဒ္ဒါစွဲသောအနက်ကို စွဲသောကြောင့် နိယမဝိသယတမည်၏။

## ကြိယာ ၅-တန် ထုတ်ပုံ

(က) ဝါကျ။ နိက္ခိတ္တာယဥ္ဇ အနန္တတ္ထဖြစ်သော နိပုဗ္ဗ+ခိပ ဓာတ်အရ ကတ္တုဋ္ဌ ကြိယာအရကား ဒေသနာဉာဏ်, ထိုဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

၁။ ထိုဒေသနာဉာဏ်, ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏ-သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အရဟတ္တမဂ်ဉာဏ်+ဖိုလ်ဉာဏ်+သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။

၃။ ကုသလာ ဓမ္မာ စသော မာတိကာပါဠိတော် ဒေသနာ ဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။

၄။ မဟာကရုဏာ ဉာဏ်+ပါရမီ ဉာဏ် + ဝိပဿနာ ဉာဏ် စသည်တို့သည် ဝိဘာဝတ္ထ။

၅။ ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း, ဈာန်-မဂ်-ဖိုလ် နိဗ္ဗာန်ရခြင်း, သုဂတိ ဘဝရခြင်းစသော ဒိဋ္ဌဓမ္မိက သမ္ပရာယိကစသော အကျိုးတို့သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



ထို နိက္ခိတ္တာ၌ ဗာတုုတ္တ တ ပစ္စည်းအရ–

၁။ ကုသလာ ဓမ္မာ စသော မာတိကာပါဠိတော် ဒေသနာဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒါသည်....။

၂။ ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၃။ တရားနာရခြင်းဟူသော ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည်....။

၄။ မဟာကရုဏာ ဉာဏ်–ပါရမီဉာဏ်–ဝိပဿနာ ဉာဏ်–အရဟတ္တမဂ်ဉာဏ်း ဖိုလ်ဉာဏ်–သဗ္ဗညုတဉာဏ်တို့သည်....။

၅။ ဈာန် မဂ် ဖိုလ်–နိဗ္ဗာန်ရခြင်းသည် သုဂတိကဝရခြင်းစသော ဒိဋ္ဌဓမ္မိက သမ္ပရာယိကစသော အကျိုးတို့သည်....။

သင်္ဂဟိတေ၌ အန္တတ္တဖြစ်သော သံပုဗ္ဗ+ဂဟဓာတ်အရ–

၁။ ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် သည်....။

၂။ အရဟတ္တမဂ်ဉာဏ်-ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ မာတိကာဖြင့် ပေါင်း၍ ယူအပ်သော တရား တို့ကို သိရခြင်းအကျိုးသည်.... ။

၄။ မဟာကရုဏာဉာဏ်–ပါရမီဉာဏ်–ဝိပဿနာဉာဏ် စသည်တို့သည်....။

၅။ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့သိရသဖြင့် ကျင့်ရခြင်း ကျင့်သဖြင့် ဈာန်–မဂ်– ဖိုလ်–နိဗ္ဗာန်ရခြင်း စသော အကျိုးအဆက်ဆက်တို့သည်....။

ဒဿေတုံ၌ ဒိသဓာတ်အရ (ဝါ) ဟေတုကတ္တုဋ္ဌကြိယာအရ–

၁။ ဆန္ဒ ရှေ့သွားရှိသော ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၂။ အရဟတ္တမဂ် ဉာဏ်-ဖိုလ် ဉာဏ်-အာသယာနုသယ ဉာဏ်-ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်-သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီ ပါဠိတော် ဒေသနာဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒသည်....။

၄။ မဟာကရုဏာဉာဏ်–ပါရမီဉာဏ်–ဝိပဿနာဉာဏ် စသည်တို့သည်....။

၅။ ကုသိုလ်စသော တရားတို့ကို သိရခြင်းမှစ၍ ပစ္စုပ္ပန်သံသရာ၌ ဖြစ်သော နိဗ္ဗာန်တိုင်အောင်သော အကျိုးများသည်....။

http://www.dhammadownload.com



## တစ်နည်း-ဂဏ္ဍိအလို

ဒသေတုံအရ (ဝါ) ဒသေတုံ၌ သုဒ္ဓကတ္တုဋ္ဌဒိသခေါတ်အရ–သောတုဇနတို့၏ ဉာဏ်ပညာရ၏။

၁။ ထိုပညာ၏ ပဇာနနလက္ခဏာသည်....။

၂။ ဝိညာဏပဒဋ္ဌာန်သည် (ဝါ) သမာဓိပဒဋ္ဌာန်သည်။ (ဝါ) မနသိကာရ ပဒဋ္ဌာန်သည်....။

၃။ ဝိသယောဘာသသမ္ပတ္တိရသသည်....။

၄။ ဝိသယောဘာသကိစ္စရသသည်....။

၅။ အသမ္မောဟပစ္စုပဋ္ဌာန်သည်....။

[အာရုံ၌ ထုတ်ပုံကို ပထမအုပ် (၁၀၉) ၌ ပြခဲ့ပြီ]

ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံဟူသော ကံပုဒ်အရ ထုတ်ပုံ သည်လည်း ထိုအာရုံ၌ ဗာဟျတ္တ တပစ္စည်းအရ ထုတ်ပုံနှင့်တူ၏။

(ခ) ဝါကျ။ ဒသိတံ၌ အရကောက်ပုံ ထုတ်ပုံတို့ကို ယခင်အထက်ပါ နိက္ခိတ္တာယက အတိုင်းသိ။

ဤ၌ ဒိသခေါတ်တည်း။ ဝစီဘေဒသဒ္ဒါကို ထုတ်ရာ၌ကား "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟူသော ဝစီဘေဒသဒ္ဒါကိုထုတ်။

### သိဒ္ဓိရနိုင်ပုံ

(က) ဝါကျ၌ သိဒ္ဓိရနိုင်ပုံကို ပထမအုပ် (၁၂၀) ၌ ပြခဲ့ပြီ။

### ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဣဒံနိဒ္ဒေသ–ကာလပညတ် ပစ္စည်းတရားသည် အာရုံ၌ အာပုဗ္ဗ+ရဘခေါတ်အရ ဒေသနာဉာဏ် ပြခန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပ နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်နိုင်သောပစ္စည်း (မရှိ)။

နိက္ခိတ္တာယ၌ အန္တတ္ထဖြစ်သော နိပုဗ္ဗ+ခိပခေါတ်အရ-ဒေသနာဉာဏ် ပြခန်း သော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် ဗာဟျတ္တ တပစ္စည်းနှင့်-မာတိကာယ ပုဒ်တို့အရ-ကုသလာ ဓမ္မာ စသော ပရမတ္ထ ဝစီဘေဒ သဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



ပြိုင်နိုင်သော ပစ္စည်းများကား။ ။ယထာရဟ-ဟေတု-အဓိပတိ-သဟဇာတ-နိဿယ-ကမ္မ-အာဟာရ-ဣန္ဒြိယ ဈာန- မဂ္ဂ - ဝိပ္ပယုတ္တ - အတ္ထိ - အဝိဂတ ပေါင်း (၁၂) ပစ္စည်း။

[သင်္ဂဟိတေ၌ သံပယုတ္တ+ဂဟဓာတ်အရ—ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စည်းတရားယူ၍ မာတိကာယအရ ကုသလာဓမ္မာစသော ပရမတ္ထ ဝစီဘေဒသဒ္ဒရုပ် ပစ္စယုပ္ပန်တရား ယူပြီးလျှင် ယခင် (၁၂) ပစ္စည်းပြိုင်၊]

ထိုသင်္ဂဟိတေ-၌ ဗာဟျတ္တ တ ပစ္စည်းနှင့်—ဓမ္မဟူသော ကံပုဒ်တို့အရ ပရမတ္ထ-ဓမ္မ တည်းဟူသော အာရုံပစ္စည်းတရားသည်—ထိုသင်္ဂဟိတေ၌ သံပယုတ္တ+ဂဟဓာတ် အရ—ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် အာရမ္မ-ဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်နိုင်သော ပစ္စည်းများကား။ ။အာရမ္မဏ—အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ (၃)။

ဓမ္မေဟူသော ကံပုဒ်အရ—ဒေသေတဗ္ဗဓမ္မဟုဆိုအပ်သော ဓမ္မာရုံပစ္စည်း တရားသည် ဒဿေတုံအရ—ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်-စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား၊ (တစ်နည်း) သောတုဇနတို့ သန္တာန်၌ ဖြစ်သော ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင် — အာရမ္မဏ—အာရမ္မဏာဓိပတိ—အာရမ္မဏူပနိဿယ (၃)။

အာရဒ္ဓ၌ အန္တတ္ထ ဖြစ်သော အာပုဗ္ဗ+ရဘဓာတ်နှင့်-ကတ္တု၌ ကြိယာအရ—ဒေသနာဉာဏ် ပစ္စည်းတရားသည် ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံ-ဟူသော ကံပုဒ်နှင့် ထိုအာရဒ္ဓ၌ ဗာဟျတ္တပစ္စည်းတို့အရ ကတမေ ဓမ္မာ ကုသလာ စသော ပရမတ္ထ ဝစီဘေဒသဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်-ဟေ-ဓိ၊ သဟ-နိ-ဣ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ(၉)။

ဤကားပေါင်းရုံး၍ အကျဉ်းပြိုင်ပုံတည်း။

၁။ ပစ္စည်း။ ၂။ ပစ္စယုပ္ပန်။ ၃။ ကျေးဇူးပြုသော ပစ္စယ သတ္တိ။ ၄။ ပစ္စည်းပြိုင်ဟု လေးချက်ခွဲသော်—

၁။ အာရဒ္ဓ၌ အာပုဗ္ဗ+ရဘဓာတ်အရ ဖြစ်သင့်သော ပစ္စည်းတရားကား ဒေသနာဉာဏ်တည်း။

http://www.dhammadownload.com



၂။ ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံ ဟူသောကံပုဒ်နှင့် အာရုံခံ၌ တပစ္စည်းတို့အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား–ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီ–ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒရုပ်တည်း။

၃။ ကျေးဇူးပြုသော ပစ္စယသတ္တိကား–သဟဇာတ ပစ္စယသတ္တိတည်း။

၄။ ပြိုင်နိုင်သော ပစ္စည်းများကား – ဟေ-ဓိ-သဟ-နိ-ဣ- မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

[အာပုဗ္ဗ+ရဘာဇတ်အရ ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏ-သမ္ပယုတ် စိတ္တုပ္ပါဒ်ကိုပစ္စည်းအဖြစ်ယူလျှင် ယခင် (၉) ပစ္စည်းထွင် ကံ, ဟာ, ဈာ ထည့်၍ (၁၂) ပြိုင်။]

တစ်နည်း—ကတာမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံ-ဟူသော ကံပုဒ်နှင့် အာရုံခံ၌ တ ပစ္စည်းအရ-ကတမေ ဓမ္မာ ကုသလာ စသော ဒေသေတဗ္ဗ-ဟု ဆိုအပ်သော ဓမ္မာရုံပစ္စည်းတရားသည် အာရုံခံ၌ အာပုဗ္ဗ+ရဘာဇတ်အရ ဒေသနာ ဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။

ပြိုင်—အာရမ္မဏ၊ အဓိပတိ–ဥပနိဿယ (၃)။

တစ်နည်း—ယခင်ကံပုဒ်နှင့် တပစ္စည်းအရ ဝစီဘေဒသဒ္ဒါရုံ ပစ္စည်းတရားသည် အာရုံခံ၌ အာပုဗ္ဗ၊ ရဘာဇတ်အရ- ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။

တစ်နည်း—ကတမေ ဓမ္မာ ကုသလာတိကို ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ ဟု ကရိုက်ားပြင်၍ ထိုကရိုက်ားပါဌ်အရ- ကတမေ ဓမ္မာ ကုသလာ စသော နာမပညတ္တိ သဒ္ဒါသည် ဒဿေတုံအရ ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား (ဝါ) ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အား အာရမ္မဏ....ပြု၏။

ဆောင်- အာဟာ၏ကံ၊ ခံခိုက်သောခါ၊ သဒ္ဒါပရမတ်၊ ဒဿေနွော၌၊ (ဒဿေ တုံ၌) ခံခိုက်ကရဏ၊ နာမပညတ်၊ ဖြစ်ရတတ်၊ မချွတ်ကေန်မြဲ။ (ဘုရားကြီး နိယံ–၂၁)

(ဆောင်ပုဒ်၌ အာဟာဟု ဆိုထားသော်လည်း အာရုံခံ-ဝုတ္တ-ကာထိတ် စသော အလားတူပုဒ်များကိုလည်း နည်းတူယူ။)

ဘာဂဝတာဟူသော ထည့်အပ်သော ပါဌ်သေသကတ္တားပုဒ်အရ - ဒေသနာဉာဏ် သည် အာရုံခံ၌ အာပုဗ္ဗ+ရဘာဇတ်အရ မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။

http://www.dhammadownload.com



ပြိုင်-ပဟေ-ဓိ-သဟ-ည-နိ-ဣ -မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

(ခ) ဝါကျ။ ယဒေတံ ကာမာဝစရံ ကုသလံ ဟူသောကံပုဒ်နှင့် ဒသိတံ္ဘ တ ပစ္စည်းတို့အရ—ကာမာဝစရ ကုသိုလ်ဟူသော အာရုံ ပစ္စည်းတရားသည် ထိုဒဿိတံ္ဘ ဒိသခေတ်အရ ဒေသနာဉာဏ်ပြခာန်းသော မဟာကိရိယာ ဉာဏ– သမ္ပယုတ်စိတ္တုပ္ပါဒ် အာရမ္မဏိကပစ္စယုပ္ပန်တရားအား အာရမ္မဏ....ပြု၏။

ယသ္မိံ သမယေအရ-ကာလပညတ်သည် စိတ္တံ ဥပ္ပန္နံ ဟောတိ အရ ကာမာ- ဝစရကုသိုလ်စိတ်အား ပကတူ....ပြု၏။

ကာမာဝစရ ကုသလံ စိတ္တံ အရ-ဝိညာဏက္ခန္ဓာ ပစ္စည်းတရားသည် ဥပ္ပန္နံ ဟောတိအရ ကြွင်းသော ကာမာဝစရကုသိုလ် နာမက္ခန္ဓာ (၃) ပါး (ဝါ) စေတသိက်ခန္ဓာ (၃) ပါး ပစ္စယုပ္ပန်တရားအား သဟ....ပြု၏။

ပြိုင်-ဓိ-သဟ-ည-နိ-ဟာ-ဣံ-သံ-တ္ထိ-အဝိ (၉)။

[စိတ္တဇရုပ်အား ကျေးဇူးပြုရာ၌ ယခင် (၉) ပစ္စည်းတွင် ည-သံ-ကြဉ် ဝိပ္ပ ထည့်(၈)]

### ပဋ္ဌာန်းနည်းစာစပ်

(က) ဝါကျ။ ဣဒါနိကား—အာရဒ္ဓံ၌ ပကတူပနိဿယပစ္စည်း၊ အာရဒ္ဓံကား- ပကတူပနိဿယ ပစ္စယုပ္ပန်။

တစ်မျိုးဆိုရှိုစပ်ပုံ။ ဣဒါနိကား-၌-ဟူ၍ အနက်ပေးသောကြောင့် အာရဒ္ဓံဝယ် အာပုဗ္ဗ+ရဘခေတ်၌ ပကတူပနိဿယပစ္စည်း၊ ရဘခေတ်အရကား ပကတူပနိဿယ ပစ္စယုပ္ပန်။

ဣဒံ ပဒဘာဇနီယံ ကား—အာရဒ္ဓံ၌ အာရမ္မဏပစ္စည်း၊ အာရဒ္ဓံကား အာရမ္မဏ- ပစ္စယုပ္ပန်။

တစ်နည်း—ဣဒံ ပဒဘာဇနီယံ ကား-ကို ဟူ၍ အနက်ပေးသောကြောင့် အာရဒ္ဓံ ဝယ် အာပုဗ္ဗ+ရဘခေတ်၌ အာရမ္မဏပစ္စည်း၊ ရဘခေတ်အရကား—အာရမ္မဏ ပစ္စယုပ္ပန်။

http://www.dhammadownload.com

# ၂-ယသ္မိံ သမယေ ပုဒ်တို့၏ အဖွင့်

(က) ဣဓဒါနိ "ယသ္မိံ သမယေ"တိ အာဒီသု အယမနုပုဗ္ဗပဒဝဏ္ဏနာ—

(ခ) ယသ္မိန္တိ အနိယမတော ဘုမ္မနိဒ္ဒေသော။

(ဂ) သမယေတိ အနိယမ နိဒ္ဒိဋ္ဌ ပရိဒီပနံ။

(ဃ) ဧတ္တာဝတာ အနိယမတော သမယော နိဒ္ဒိဋ္ဌော ဟောတိ။

(င) တတ္ထ သမယသဒ္ဒေါ-သမဝါယေ....ပ....ဒိဿတိ။

(စ) တထာ ဟိဿ....ပ....သမဝါယော အတ္ထော။

(ဆ) ခဏော စ ပါ....ပ....အာဒီသု ခဏော။ [ဋ္ဌ-၄၉]

### အနက်ထူး

(ဃ) ဝါကျ၌ ဧတ္တာဝတာကို နိဿယအတိုင်း ဧတ္တကိယန္တနိပါတ်, ပရိမာဏ တဒ္ဓိတ်(ဝါ) ဧတဝိယန္တ တဒ္ဓိတ်နာမ်ပုဒ်ကြံ၍ ၂-နက် ပေးပါ။ နိဒ္ဒိဋ္ဌော၏ ကတ္တား ကိုလည်း "ဘဂဝတာ"ထည့်ပေးပါ။

(စ) ဝါကျ။ တထာ ဟိဿ၌ တထာဟူသော နိယမ၏ အနိယမကို ထည့်၍ အနက် ယောဇနာသော်-သမဝါယေ....ပ....ဒိဿတိဟိတိ၊ ဟူ၍ + (ဝါ) ဟူသော။ ယံ ဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တထာ တံ ဝစနံ၊ သည်။ ဟိသစ္စံ၊ မှန်၏။ (ဝါ) ဟိ ယုတ္တံ၊ သင့်၏။ ဤကား - တထာသဒ္ဒါကို တံသဒ္ဒတ္ထ, ဟိကို ဒဠှီကရဏတ္ထကြံ၍ ပေးခြင်းတည်း။

ထို့ပြင်-တထာ ဟိ ကို - တထာ တံ ဝစနံ-ကို၊ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့—ဟု ဟိ-ကို ဝိတ္ထာရကြံ၍လည်း တစ်နည်းပေးပါ။

တစ်နည်း-တထာ ဟိ - တတောဧဝ = ထိုကြောင့်သာလျှင် ။ ဟူလည်း ဥပဏ ယောဇနတ္ထကြံ၍လည်း အနက်ပေးပါ။

ဤသုံးနက်လုံး တထာဟိမှာ၊ ဥပကာ၊ ရုံခါချဲ့,မြစ်ခွဲ,ဟူသော (ဒွေနိယံ-၃၀)နှင့် အညီ ပေးခြင်းတည်း။

(ဆ) ဝါကျ၌ရှိ ခဏော....ပ....ပါသာယ ကိုလည်း နိဿယအတိုင်း နိယတ်-အနိယတ် အနက်ယောဇနာပါ။

http://www.dhammadownload.com



## ကျမ်းတက်

### ဌပနာပဥ္စကပုစ္ဆာတက်

(ဂ) ဝါကျ။ အရှင် အဋ္ဌကထာဆရာ, ဆရာသည်။ (ခ) ဝါကျဖြင့် ယသ္မိံ ပုဒ်၏အဖွင့်ကို ပြဆိုတော်မူ၏။ (ဌပနာ) ဤသို့ ယသ္မိံ ပုဒ်၏အဖွင့်ကိုသာ ပြဆိုသည် ရှိသော် (ဏ) သမယေပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်အဓိပ္ပာယ် ရောက်ရသည် မဟုတ်ပါလော၊ (ဘော) ထိုသို့ ရောက်ရ လေသောကြောင့် (ဘော-ဟေ) (ခ) ဝါကျဖြင့် ယသ္မိံ ပုဒ်၏ အဖွင့်ကိုသာ မပြဆိုသင့် (ဌ—ခေ) သမယေပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နွ) သမယေပုဒ်၏ အဖွင့်ကား အဘယ်ပါနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ် ရှိသောကြောင့် (ဂ)ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား—(ဂ)ဝါကျဖြင့် သမယေပုဒ်၏ အဖွင့်ကိုလည်း ပြဆို၏-ဟူလို။

စောဒနာတက်လျှင်—သမယေပုဒ်၏အဖွင့်ကို မပြဆိုခဲ့သော် ဆရာအား ဝါကျ မနှံ့စပ်, မပြည့်စုံခြင်း တည်းဟူသော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသသင့် ရောက်ရာ၏ ဟု (ဒေါသာရောပန စောဒနာ)ထည့် တက်။

အဓိပ္ပာယ်ကား- (ဂ) ဝါကျဖြင့် သမယေပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတ, အပရိပုဏ္ဏဒေါသ ဆရာအား မရောက်-ဟူလို။

(စ) ဝါကျ။ ဆရာ,ဆရာသည် (င) ဝါကျဖြင့် သမယသဒ္ဒါသည် သမဝါယ စသော (၉) ပါးသော အနက်တို့၌ ထင်သောဟုဆိုတော်မူ၏။ ဤသို့ ပြဆိုသည် ရှိသော် မိမိ၏ သကဝစနသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော၊ ထိုသို့ မယုံကြည်နိုင်ရာလေသောကြောင့်၊ (င) ဝါကျဖြင့် သမယသဒ္ဒါသည် သမဝါယ စသော (၉) ပါးသော အနက်တို့၌ ထင်သောဟူ၍သာ မဆိုသင့်။ ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒဋ္ဌိကရဏ စကားကို လည်း ပြဆိုသင့်သေး၏။ ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒဋ္ဌိကရဏ စကားကား အဘယ်ပါနည်း။ (ဝါ) အဘယ်အာဂမ ယုတ္တိဖြင့် ယုံကြည်ရပါအံ့နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် တထာ ဟိဿ စသော (စ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား—အပ္ပေဝ နာမ စသော ပါဠိတော်ကို ဟောတော်မူခြင်းကြောင့် သမယေသဒ္ဒါ၏ သမဝါယအနက်ဟော၏ အဖြစ်ကို ယုံကြည်အပ်၏ ဟူလို။ (တစ်နည်း) (စ) ဝါကျဖြင့် ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒဋ္ဌိကရဏကိုလည်း ပြဆို၏ ဟူလို။

http://www.dhammadownload.com



စောဒနာတက်လျှင်–ထိုစကားကို ယုံကြည်ကြောင်း ဖြစ်သော သာဓကကို မပြဆိုခဲ့သော် ဆရာအား ပါဠိတော်နှင့် ဆန့်ကျင်သော (ဝါ) ဒင်္ဂိယ ဒင်္ဂိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏ဟု (ဒေါသာရောပန စောဒနာ) တင်တက်။

အဓိပ္ပာယ်ကား–(၈) ဝါကျဖြင့် ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, ဒင်္ဂိကရဏကိုလည်း ပြဆိုသောကြောင့်....ပ....ဟူလို။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဆရာ, ဆရာသည်၊ (ခ) ဝါကျဖြင့် ယသ္မိံ ပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။ သော်, သမယေပုဒ်၏အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ) စင်စစ်သော်ကား သမယေပုဒ်၏အဖွင့်ကို မပြဆိုဟူသော အနက်သည် မရောက်သင့် (ပဠိ-ပါ) ထိုသို့ မရောက်သင့် လေသောကြောင့် (ပါပနာဟိတ်) သမယေပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) သမယေပုဒ်၏ အဖွင့်ကို မပြဆိုဘဲမနေသင့် (တစ်နည်း) ယသ္မိံ ပုဒ်၏ အဖွင့်ကိုသာ မပြဆိုသင့်(ပဋိ-ရော)သမယေပုဒ်၏ အဖွင့်ကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသသင့်ရောက်ရာ၏ (ဒေါ) သမယေပုဒ်၏ အဖွင့်ကား အဘယ်ပါနည်း (ပု) ဤသို့ အပြစ်တင်လျက် မေးဖွယ်ရှိသောကြောင့် (ဝါ) ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား–(ဂ) ဝါကျဖြင့် သမယေပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ ဆရာအား မရောက်ဟူလို။

(စ) ဝါကျ။ ဆရာ, ဆရာသည် (င) ဝါကျဖြင့် သမယသဒ္ဒါသည် သမဝါယ စသော (၉)ပါးသော အနက်တို့၌ ထင်သောဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် ဤစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒင်္ဂိကရဏကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ စင်စစ်သော်ကား ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒင်္ဂိကရဏကို မပြဆိုဟူသော အနက်သည် မရောက်သင့်၊ ထိုသို့ မရောက်သင့် လေသောကြောင့်၊ ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒင်္ဂိကရဏကိုလည်း ပြဆိုသင့်သေး၏။ ထိုစကားကို ယုံကြည်ကြောင်း ဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒင်္ဂိကရဏကို မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲနေချေသော် ဆရာအား ဒင်္ဂိယ, ဒင်္ဂိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ထိုစကားကို ယုံကြောင်းဖြစ်သော ပရဝစန, သာဓက, အာဂမ, ဒင်္ဂိကရဏကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် တထာ ဟိဿ စသော (စ) ဝါကျကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား–(စ) စ ါကျဖြင့် ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစနႈ, သာဓက, အာဂမ, ဒဠှီကရဏကိုလည်း ပြဆိုသောကြောင့်....ပ....ဟူလို။

[ဤကား ဒဠှီကရဏကို ရည်ရွယ်သော ကျမ်းတက်]

ဝိတ္ထာရကျမ်းတက်ရာ၌–အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ (ဌပနာပဥ္စက)အကျယ်ဝိတ္ထာရကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (ပါပနာဒိ) စသည်ဆိုရှိတက်။

ဒေါသသင့်ပုံ ပယ်ပုံ

(က) ဝါကျဖြင့် (ဝါ)က,စသော ဝါကျများဖြင့် ယသ္မိံ သမယေ စသော ပုဒ်တို့၏ အပေါင်းအနက်မှတစ်ပါး အစိတ်အနက်ကို ပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသ တို့ကို ပယ်၏။

ထိုဝါကျတို့တွင် (က) ဝါကျဖြင့် တိက္ခဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် သခ်ေပ စကားကို ပြရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသမရောက်၊ (ဝါ) ပယ်၏။

(ခ) ဝါကျဖြင့် (ဝါ)ခ,စသော ဝါကျတို့ဖြင့် မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရ စကားကို ပြရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသမရောက်၊ (ဝါ) ပယ်၏။

တစ်နည်း–(က) ဝါကျ၌ သခ်ေပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသအလုံးစုံ မပျံ့နှံ့ခြင်းတည်းဟူသော အဗျာပိတဒေါသသင့်၏။

(ခ) စသော ဝါကျတို့ဖြင့် ထိုဝိရောဓိဒေါသ, အဗျာပိတဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျ ထောက်ဆ၍ (ခ) ဝါကျ၌ ယသ္မိံ ပုဒ်၏အဖွင့်ကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက် အဓိပ္ပာယ် မနှံ့စပ်သောကြောင့် အဗျာပိတဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် သမယပုဒ်၏အဖွင့်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်သောကြောင့် (ဝါ) ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့် အဗျာပိတ–ဒေါသကို ပယ်၏။

(ဃ) ဝါကျ ဖြင့် နိဂမနိယ, နိဂမန မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏၊(တစ်နည်း) အဗျာပိတဒေါသကို ပယ်၏။

http://www.dhammadownload.com



(ဃ) ဝါကျကို သောက်ဆ၍ (ခ-ဂ) ဝါကျတို့၌ ဝိရောဓိဒေါသ အဗျာပိတဒေါသများ သင့်၏။

(င) ဝါကျဖြင့် မန္ဒဗုဒ္ဓိတို့အတွက် ဝိတ္ထာရစကားရပ်ကို ပြရိုးဖြစ်သောကြောင့် နရုတ္တိဒေါသ, သခ်ေပ ဝိတ္ထာရ မဆန့်ကျင်အောင်ပြဆိုသောကြောင့် ဝိရောဓိဒေါသကိုလည်း ပယ်၏။

ထို (င) ဝါကျ ထောက်လျှင် ရှေ့ (ဃ) ဝါကျ၌ (ဝါ) (ဂ-ဃ) ဝါကျ တို့၌ သခ်ေပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်၏။

တစ်နည်း-(င) ဝါကျဖြင့် သမယသဒ္ဒါ၏ အတ္တုဒ္ဓါရကို ဆက်လက်ပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသ သင့်၏။

ထို (င) ဝါကျကို ထောက်လျှင် ရှေးရှေး (ဂ-ဃ) ဝါကျတို့၌ အဗျာပိတဒေါသ သင့်၏။

(စ) ဝါကျကိုထောက်လျှင် (တစ်နည်း) (စ-ဆ) ဝါကျများကို ထောက်လျှင် (င)ဝါကျ၌ ဒဋ္ဌိယ, ဒဋ္ဌိကရဏ ဆန့်ကျင်နေသောကြောင့် (ဝါ) သခ်ေပ, ဝိတ္ထာရ ဆန့်ကျင်နေသောကြောင့် ဝိရောဓိဒေါသ သင့်၏။

(စ) ဝါကျဖြင့်။ တစ်နည်း (စ-ဆ) ဝါကျများဖြင့်-ဒဋ္ဌိယ, ဒဋ္ဌိကရဏ မဆန့်ကျင်အောင် (ဝါ) သခ်ေပ, ဝိတ္ထာရ မဆန့်ကျင်အောင် ဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

(ဆ) ဝါကျကိုထောက်လျှင် (စ) ဝါကျ၌ သမယသဒ္ဒါ၏ သမဝါယအနက်ဟောနိုင်ကြောင်း သာဓက ပါဠိကိုသာ ပြရသေး၍၊ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်သောကြောင့် အဗျာပိတဒေါသ သင့်၏။

(ဆ) ဝါကျဖြင့် သမယသဒ္ဒါ၏ ခဏအနက်ဟောနိုင်ကြောင်း သာဓက ပါဠိကို ပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် (ဝါ) ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကို ပယ်၏။

## တထာ ဟိ ထားရပုံ

သာဓက, အာဂမ, ဒဋ္ဌိကရဏ, ဉာပကအဖြစ်ကို ပြလိုသောကြောင့်-

တစ်နည်း=ဝိတ္ထာရအဖြစ်ကို ပြလိုသောကြောင့် (စ) ဝါကျ၌ တထာဟိသဒ္ဒါ ထား၏။

ဆောင်-တထာဟိမှာ၊ ဉာပကာ၊ ရုံခါ၍၊ မြဲစွဲ-ဟူသော နိယံအတိုင်းပင်မှတ်။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ [အနုပုဗ္ဗပဒဝဏ္ဏနာ ဝိဂ္ဂဟကို ပထမအုပ် (၂၄၂)၌ ပြခဲ့ပြီ။]

(ခ) ဝါကျ။ ဘဝတိ ဣတော်တိ ဘုမ္မိ။

http://www.dhammadownload.com



နိဒ္ဒိသတိ အတ္တော ဝေတနာတိ နိဒ္ဒေသော။
နိဒ္ဒိသတိ ဝေတနာတိ နိဒ္ဒေသော။
ဘုမ္မသာ+နိဒ္ဒေသော ဘုမ္မနိဒ္ဒေသော။

၂။ သတ္တမီအနက်၏ ပြကြောင်းသဒ္ဒါနှင့် ကမ္မ+ကမ္မီ, အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။

၄။ သတ္တမီအနက်ကို ညွှန်ပြခြင်းကြိယာသည်၊ (ဝါ) သတ္တမီအနက်ကို ညွှန်ပြကြောင်း သဒ္ဒါတို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

(ဂ) ဝါကျ။ နိယမဘီတိ နိယမော။ နိယမိတဗ္ဗောတိ ဝါ နိယမော။

နတ္ထိ+နိယမော ယဿာတိ အနိယမော။
နိဒ္ဒိသီယိတ္တာတိ နိဒ္ဒိဋ္ဌော၊
အနိယမတော+နိဒ္ဒိဋ္ဌော အနိယမနိဒ္ဒိဋ္ဌော။
ပရိဒီပီယတိ ဝေတနာတိ ပရိဒီပနံ၊
ပရိဒီပေတိ ဝေတနာတိ ပရိဒီပနံ။
အနိယမနိဒ္ဒိဋ္ဌသာ+ပရိဒီပနံ အနိယမနိဒ္ဒိဋ္ဌ ပရိဒီပနံ။

၂။ အမှတ်မရှိသောအားဖြင့် ပြအပ်ပြီးသော သမယ၏ တစ်ဖန်ပြကြောင်း သဒ္ဒါနှင့် ကမ္မ+ကမ္မီ, အကြောင်း+အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။

၄။ အနိယမအားဖြင့် ပြအပ်ပြီးသော သမယကို တစ်ဖန်ပြခြင်း ကြိယာသည် (ဝါ)အနိယမနိဒ္ဒိဋ္ဌ ပရိဒီပနတို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

(င) ဝါကျ။ သဟ အဝယဝေန ဗျာပေတွာ အယတီတိ သမဝါယော။
(အဘိဓာန်ဋီကာ။)

၁။ သ-မ-ဝါ-ယော–ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော သဟ+အဝယဝ+အယဓာတ် ဏ-ပစ္စည်း အစိတ်နှင့်တကွ ပျံ့နှံ့၍ဖြစ်ခြင်း ကြိယာသည်....။

၃။ သမဝါယောဟူသော အပေါင်းနာမ ပညတ္တိသဒ္ဒါသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အစိတ်နှင့်တကွ ပျံ့နှံ့၍ဖြစ်ခြင်း (အကြောင်းညီညွတ်ခြင်း)ဟူသော ကြိယာသကတ်သည်....။
(အဘိဓာန်ဋီကာနည်း)

(၁) သမဝါယ် အနက်ဟော သမယသဒ္ဒါကို ဝိဂ္ဂဟပြုသော်–
သဟ ကာရိ ကာရဏသန္နိဗ္ဗ်ံ သမေတီတိ သမယော။ (နု-ဋီ-၆၇)
သဟ ကာရိ ကာရဏံ သန္နိဗ္ဗ်ံ သမေတီတိ သမယော။ (နိ-သစ်-ဒု-၁၉)

http://www.dhammadownload.com



၂။ သ-မေ-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏အကြောင်း ဖြစ်သော တပေါင်းတည်းပါဝင်၍ ကောင်းစွာဖြစ်ခြင်း, ရောက်ခြင်း, ညီညွတ်ခြင်း ကြိယာသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော တပေါင်းတည်း ပါဝင်၍ ကောင်းစွာ ဖြစ်ခြင်း, ရောက်ခြင်း, ညီညွတ်ခြင်း ကြိယာသည်....။

(၂) ခဏအနက်ဟော သမယသဒ္ဒါကို ဝိဂ္ဂဟပြုသော်—

သမေတိ သမာ ဂစ္ဆတိ ဧတ္ထ မဂ္ဂ ဗြဟ္မစရိယံ
တဒါဓာရ ပုဂ္ဂလေဟီတိ သမယော။ (နု-ဋီ-၆၇)

၂။ သ-မေ-တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ကောင်းစွာရောက်ခြင်း ကြိယာသည်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော ကောင်းစွာရောက်ခြင်း ကြိယာသည်....။

(၃) ကာလအနက်ဟော သမယသဒ္ဒါကို ဝိဂ္ဂဟပြုသော်-

သမေန္တိ ဧတ္ထ, ဧတေန ဝါ, သမာ ဂစ္ဆန္တိ ဓမ္မာ သဟဇာတာဓမ္မေဟိ ဥပါဒါဒီဟိ ဝါတိ သမယော။ (နု-ဋီ-၆၇)

၂။ သ-မေ-န္တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ကောင်းစွာရောက်ခြင်း ကြိယာသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကောင်းစွာရောက်ခြင်း ကြိယာသည်....။

(၄) သမူဟအနက်ဟော သမယသဒ္ဒါကို ဝိဂ္ဂဟပြုသော်–

သမံ သဟ ဝါ အဝယဝါနံ အယနံ ပဝတ္တိ အဝဋ္ဌာနန္တိ သမယော။ (နု-ဋီ-၆၇)

တစ်နည်း–အယနံ အယော။ သမံ, သဟ ဝါ အယောတိ သမယော။

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော သမဘောဂုဏ်, သဟဘောဂုဏ်၏ ဖြစ်ခြင်းဖြစ်ရ (တည်ခြင်း) တည်ရာနှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော သမယတို့၏ တစ်ခုသည်....ပ....ဇာတ် သည်....။

(၅) ဟေတုအနက်ဟော သမယဝိဂ္ဂဟ–ပစ္စယန္တရသမာဂမေ တေိ ဖလံ ဧတသ္မာ ဥပ္ပဇ္ဇတိ ပဝတ္တတီ စာတိ သမယော။

http://www.dhammadownload.com



(၆) ဒိဋ္ဌိအနက်ဟော-သမေတိ သမ္ဘန္တော တေ သဝိသယေ ပဝတ္တတိ, သမ္ဘန္တာ ဝါ အယန္တိ ဧတေနာတိ သမယော။

(၇) ပဋိလာဘ အနက်ဟော-သမယနံ သင်္ဂတိ သမေဝါနန္တိ သမယော။

(၈) ပဟာန အနက်ဟော-သမဿ နိရောဓဿ ယာနံ, သမ္မာ ဝါ ယာနံ အပဂမော အပ္ပဝတ္တတီတိ သမယော။

(၉) ပဋိဝေဓ အနက်ဟော-အဘိမုခ ဉာဏေန သမ္မာ ဝါ ဧတိ ဂစ္ဆတိ ဗုဇ္ဈတီတိ သမယော။ (နု-ဋီ-၆၇)

[ဤနံပါတ် (၉) ဝိဂ္ဂဟ၌ နု-ဋီဝယ် အဘိသမယောပုဒ်အတွက် ဆိုသော်လည်း "သမယော" အတွက်လည်း နည်းတူသည်ဟု မှတ်ရန်ရှိသည်၊ သူ့စိဋ္ဌလည်း ဤအတိုင်းပင် ဆိုသည်၊ ပါ-ဘာ-ဋီ-ပ-၃၅၀ ၌ကား "သမ္မာ ဧတိ ဂစ္ဆတိ ဗုဇ္ဈတီတိ သမယော"ဟု ဆိုသည်၊ ပိုမိုတိကျသည်။]

## လိင်စသည်ခွဲပုံ

(က) ဝါကျ။ အာဒီသု-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ။ အနိယမတော၌-အနိယမကား-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။ အနိယမတောပုဒ်လုံးကား-အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတပဒ။

(ဃ) ဝါကျ။ တွောဝတာ-အလိင်-ဂဏဝိမုတ်၊ အာကာရန္တ၊ တတိယန္တ၊ နိပါတ်ပုဒ်၊ (တစ်နည်း)ပုလ္လိင်၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ။(တစ်နည်း) (ရှေ့၌ ဂုဏ-ဝါဒိဂိုဏ်းကို အကာရန္တဟု ဆိုသောကြောင့်) အကာရန္တ၊ ပရိမာဏတဒ္ဓိတ်ပုဒ်။ (နိဿယ) (ဝါ) တတိယန္တ တဒ္ဓိတနာမ်ပုဒ်။ (ဂဏ္ဌိ)

[ (ယာဝ, တာဝ, ယာဝတာ, ကိတ္တာဝတာ, တွောဝတာ ကီဝ ဣစ္စေတေ ပရိစ္ဆေဒနတ္ထေ (နိပါတာ) ရူ-၁၃၄]

(င) ဝါကျ။ ယောတုဒိဋ္ဌိသု-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသနာ-မပဒ။ ထိုတွင် ယောတု-ပုလ္လိင် ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိဘနာမပဒ။ ဒိဋ္ဌိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတနာမပဒ။

(စ) ဝါကျ။ အပ္ပေဝနာမ-အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။

မှတ်ချက်။ ။(ရှ)နှင့် အဘိဓာန် (၁၁၅၈)၌ သံသယတ္ထဟော အပ္ပေဝနာမ နိပါတ်တစ်ပုဒ်တည်း အဖြစ်ကိုသာ ဆိုသည်။ နိဿယ၌ကား အပိ+ဧဝ+နာမဟု နိပါတ်သုံးပုဒ်အဖြစ် ဆိုထားသည်၊ နိဿယအလို နိပါတ်သုံးပုဒ်အတွက် သုံးမျိုး ခွဲရလိမ့်မည်။

F.5 A

http://www.dhammadownload.com



သွေ-အလင်း၊ ဂဏာဝိမုတ်၊ ကောရန္တ၊ နိပါတပဒ။

အပိ-အလင်း၊ ဂဏာဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။ (တစ်နည်း) ဥပသဂ္ဂပဒ။

တစ်နည်း-(ပုဒ်ဖြတ်ခဲ့သော်) ပိ-အလင်း၊ ဂဏာဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။

ဥပသင်္ကမေယျာမ၌ ဥပနှင့် သံတို့ကား အလင်း၊ ဂဏာဝိမုတ်၊ အစဉ်အတိုင်း အကာရန္တ၊ နိဂ္ဂဟိတန္တ၊ ဥပသဂ္ဂပဒ။

ကမေယျာမ-အလင်း၊ ဘူဝါဒိဂိုဏ်း (ကမုဓာတ်ဖြစ်သောကြောင့်) ဥကာရန္တ အာချာတပဒ။

ဥပသင်္ကမေယျာမ-ဥပ+သံ+ကမု+အ+ယျောမ။)

(ကာလဉ္စ သမယဉ္စတို့ကို ကာလံစ သမယံစ ပုဒ်ဖြတ်၍ ၄-ချက်ခွဲ)

ဥပါဒါယကား-အလင်း၊ ဂဏာဝိမုတ်၊ နိပါတပဒ (ဝါ) ကိတပဒ။

ဝေံကား-အလင်း၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။

## အာဘော်+သံဝဏ္ဏနာ

(က) ဝါကျ။ သံဝဏ္ဏနာပါဌ်ဖြင့် ယခုအခါ၌ ယသ္မိံ သမယေ စသော ပါဠိ ရပ်၌ ဤဆိုလတ္တံ့သော အစဉ်အတိုင်း ဖြစ်သောပုဒ်၏ အဖွင့်ကို သိရမည် ဟူသော ဥယျောဇဉ် စကားပျိုးကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

(ခ) ဝါကျ။ အနိယမတောဖြင့် ယသ္မိံ၌ ယသဒ္ဒါ၏ အနိယမ အနက်ဟော၏ အဖြစ်ကို သိစေ၏။ (သဗ္ဗနာမလိင်္ဂတ္ထ)

ဘုမ္မနိဒ္ဒေသောဖြင့် သ္မိံ ဝိဘတ်၏ သတ္တမီအနက်၌ သက်သည်၏ အဖြစ် (ဝါ) သတ္တမီအနက်ဟောသည်၏ အဖြစ်ကို သိစေ၏။ (ဝိဘတျတ္ထ၊ ကာရကလိင်္ဂတ္ထ)

အမှာ-ယသ္မိန္တိကို ဖော်လိုသော် ယသ္မိ ဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထားသော ပါဌ်ကို သိစေ၏။ (ဘာဝတ္ထ) ဣတိဖြင့် ပဒတ္ထဝိပလ္လာသတ္ထဇောတက, သဒ္ဒပဒတ္ထက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ)

(ဂ) ဝါကျ။ အနိယမနိဒ္ဒိဋ္ဌ ပရိဒီပနံဖြင့် သမယဟူသောပုဒ်သည် အနိယမ အားဖြင့် ပြအပ်ပြီးသော သမယကို တစ်ဖန်ပြကြောင်းဖြစ်သော သဒ္ဒါပင်တည်း ဟု သိစေ၏။ (နာမလိင်္ဂပဒ) (တစ်နည်း) ပိုင်းခြားတတ် ပိုင်းခြားအပ်သည်၏ အစွမ်းအားဖြင့် ဆိုအပ်သော်လည်း ဤမည်သော သရုပ်တည်းဟု သရုပ်အားဖြင့် မမှတ်အပ်သည်၏အဖြစ်ကြောင့် အနိယမနိဒ္ဒိဋ္ဌပရိဒီပနသာ တည်းဟူသော အဓိပ္ပာယ် ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျဖြင့် ဤယသ္မိံသမယေ နှစ်ပုဒ်ဖြင့် အနိယမသမယကို ပြအပ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



(င) ဝါကျ။ တတ္ထဖြင့် ဝိတ္ထာရကို သိစေ၏၊ (ဂါ) ဝိတ္ထာရကို ပြရာ၌ အချီစကားအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

ကြွင်းသော (င) ဝါကျ သံဝဏ္ဏနာပါဠိဖြင့် သမယသဒ္ဒါသည် သာမညအားဖြင့် သမဝါယ စသော အနက်ကိုးပါး၌ ထင်၏၊ (ဝါ) အနက်ကိုးပါးကို ဟော၏ဟု သိစေ၏။ (သာမညာဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)

(စ) ဝါကျ။ ဟိ ဖြင့် ဒဠှီကရဏတ္ထ, ဝိတ္ထာရတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ)

ကြွင်းသော (စ) ဝါကျဖြင့် သမယသဒ္ဒါ၏ သမယအနက်ကို ဟောသည်ဟု ဆိုရာ၌ ပရဝစန, သာဓက, အာဂမ, ဒဠှီကရဏ အဖြစ်ကို သိစေ၏။

တစ်နည်း–အပ္ပေဝနာမစသော ပါဠိရပ်တို့၌ သမယသဒ္ဒါသည် သမဝါယ အနက်ဟော၏ဟု ရှေးအကျဉ်း သခ်ေပ၏ အကျယ်ဝိတ္ထာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ နေယျတ္ထ၊ နာမလိင်္ဂတ္ထ)

ဆ-အမှတ်ပြ သံဝဏ္ဏနာပါဠိဖြင့် သမယသဒ္ဒါ၏ ခဏအနက်ကို ဟော ရာ၌ ပရဝစန, သာဓက, အာဂမ, ဒဠှီကရဏတ္ထ အဖြစ်ကို သိစေ၏။ (တစ်နည်း) ကောဝ ခေါ စသော ပါဠိရပ်တို့၌ သမယသဒ္ဒါသည် ခဏအနက်ကို ဟော၏ဟု ရှေးအကျဉ်းသခ်ေပ၏ အကျယ်ဝိတ္ထာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ နေယျတ္ထ၊ နာမလိင်္ဂတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ သမယေတိ၌ ဣတိသဒ္ဒါ–နိဒဿနတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။ အနုသဒ္ဒါ-အနုဂတတ္ထ၊ အနုရူပတ္ထ။

(ခ) ဝါကျ။ အနိယမတော၌ အသဒ္ဒါ–ဝိရဟတ္ထ၊ ပဋိသေဓတ္ထ။ နိသဒ္ဒါ ဓာတွတ္ထနုဝတ္တက။

တစ်နည်း–[ယမ (ယမု) ဓာတ်၏အမှတ်အသား အနက်ဟောအောင် အထူးပြုပေးသောကြောင့်] ဓာတွတ္ထဝိသေသက။

နိဒ္ဒေသော၌ နိသဒ္ဒါ-ဒဿနတ္ထ။ [အဘိဓာန် စာကိုယ်နှင့် သူ့စိတိုက်ဆိုင်ကြည့်။]

(ဃ) ဝါကျ။ ဗျောဝဘာ နိပါတ်ပရိစ္ဆေဒနတ္ထ (ရှု)

(င) ဝါကျ။ သမဝါယေ၌ သ,သဒ္ဒါ၊ သဟတ္ထ (ဝါ) ထိုသနှင့် ထို၏ကာရိ သဟသဒ္ဒါသမကြိယတ္ထ။ သမူဟေ၌ သံသဒ္ဒါ သမူဟတ္ထ (ရှုဋ္ဌိ) စ ၂-ပုဒ် အညမည သမုစ္စယတ္ထ (သမ္ပိဏ္ဍနတ္ထ)။ ပဋိဝေဓေ၌ ပဋိ(ပတိ) သဒ္ဒါ ပဋိဗောဓတ္ထ။

http://www.dhammadownload.com



(စ) ဝါကျ။ တထာသဒ္ဒါ-တံသဒ္ဒတ္ထ(ဂဏှိ)ဟိသဒ္ဒါ ဒဠှီကရဏတ္ထ, ဝိတ္ထာရတ္ထ ဇောတက။ (တစ်နည်း) တထာဟိနိပါတ်ပုဒ်လုံးသည် ကာရဏစ္ဆေဒနတ္ထ (ရှု) (တစ်နည်း) တထာသဒ္ဒါ ဉာပကဟေတွတ္ထ။ ဟိသဒ္ဒါ ဝေသဒ္ဒါ၏ အနက်ဖြစ်သော အဝဓာရဏတ္ထ။ အပေ့ဝနာမသဒ္ဒါ သံသယတ္ထ။ သေ့ပိဌ် သေ့သဒ္ဒါ နက်ဖြန်ဟူသော အနာဂတတ္ထ။ (တစ်နည်း) ကာလသတ္တမျတ္ထ၊ ပိ (အပိ) သဒ္ဒါ မန္ဒာနုညာပေက္ခတ္ထ၊ (တစ်နည်း) သမုစ္စယတ္ထ။ သမ္ဘာဝနတ္ထ။ စ-၂ ပုဒ် အညမညသမုစ္စယတ္ထ။

(ဆ) ဝါကျ။ ကောဝဠ် ဝေသဒ္ဒါ-အဝဓာရဏတ္ထ။ (ဝါ) အဝဓာရဏတ္ထ ဇောတက။

ထိုဝေသဒ္ဒါ၏ ဝေတ္တ ဖလတ္တယခေါ် ဂဟေတဗ္ဗတ္ထစသည် ထုတ်ပုံကား—

၁။ ဗုဒ္ဓုပ္ပါဒနဝမ ခဏသည် ဂဟေတဗ္ဗတ္ထ။

၂။ [ပစ္စန္တဇော-အရှုပဇော၊ ဝိကလင်္ဂေါ-အသညဇော၊ မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနေ၊ ပေတော-နေရယိကောပိစ-ဟူသော] ပစ္စန္တရစ် အရပ်၌ဖြစ်ခြင်း စသော ရစ်ပြစ်ရှစ်ပါး ဟူသော အဋ္ဌက္ခဏသည် နိဝတ္တေတဗ္ဗတ္ထ၊ (ဆန္ဒေတဗ္ဗတ္ထ၊ နိဝတ္တေတဗ္ဗတ္ထဖလ၊ အဝဓာရဏဖလ၊ ဝေဖြင့်ကန့်အပ်သော အနက်။)

၃။ ဗုဒ္ဓုပ္ပါဒနဝမခဏ၏ ဒါနပြုခြင်း - သီလဆောက်တည်ခြင်း - ဘာဝနာ ပွားများခြင်းငှာ အခွင့်အခါဖြစ်ခြင်း စသည်တို့သည် အနုညာတတ္ထ။

မှတ်ချက်။ ။ဣမသ္မိံဥ္စ အဘိဓမ္မေ ဓမ္မာဝ ဒေသေတဗ္ဗာ (ဋ္ဌ-ဇ၈)၌-ဟိသဒ္ဒါ ဝိတ္ထာရတ္ထ (နိဿယ) တစ်နည်း-ဟိသဒ္ဒါ ကာရဏတ္ထ (ဟိသဒ္ဒေါ-ကာရဏတ္ထော။ နှ-ဋီ—၆၅)

ဝေသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ကား—

၁။ ပရမတ္ထဓမ္မ တို့သည်.... ဂ....။

၂။ ပုဂ္ဂိုလ်, သတ္တဝါစသော ပညတ္တိဓမ္မတို့သည်.... နိ....။

၃။ ကုသိုလ်စသော ပရမတ္ထဓမ္မတို့၏ ဖြူစင်သည်၏ အဖြစ်ဟူသော ဝေါဒါန- ဘာဝစသော ဂုဏ်တို့သည်.... နု....။

တစ်နည်း—ရှုပစိတ် စသည်၌ ဟောအပ်သော ပထဝီကသိုဏ်း စသော ပညတ် သည်....။

ဝေဖြင့် အဘယ်ကို ကန့်ပါသနည်းဟု မေးလျှင်—

အဖြေကား—သုတ္တန်ကဲ့သို့ ပုဂ္ဂိုလ်, သတ္တဝါ စသော ပညတ်တို့ကို မဟောဟု ကန့်သည်။

http://www.dhammadownload.com



ကောဝခေါ်၌ ခေါသဒ္ဒါ-ပဒါလကာရတ္ထ။ (တစ်နည်း)-ကေသတ္ထ။ခဏောစ သမယောစ၌ စသဒ္ဒါတို့သည်-အညမည သမုစ္စယတ္ထ၊ တစ်နည်း-အာကာရတ္ထ။ ဣတိသဒ္ဒါ-နိဒဿနတ္ထ။ (တစ်နည်း) ပဒတ္ထ ဝိပလ္လာသတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(က) ဝါကျ။ အယံ၌ ဣမသည် (အယံဝုစ္စမာနာ) ဆိုအပ်လတ္တံ့သော အနက်ကိုစွဲ၏။ ဝုစ္စမာနဖြပ်ကို စွဲသောကြောင့် ပက္ကန္တ ဝိသယ။

တစ်နည်း-ဝုစ္စမာနကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

တစ်နည်း- (အနုပုဗ္ဗ ပဒဝဏ္ဏနာပုဒ်၏ အနာဂတတ္ထဖြစ်၍ အနာဂတ်ပုဒ်ဟု ဆိုအပ်သောကြောင့်) ဝုစ္စမာနာပေက္ခ ဝိသယ။ (အယံရှေ့က၊နောက်မှဣတိ၊ရှိသည့် အရာ၊ ကျမ်းဂန်မှာ၊ ဝုစ္စမာနခေါ်၊ တောင်တွင်းနိယံ-ဂ၆)

(င) ဝါကျ။ တတ္ထ၌ တသည် ယသ္မိံ သမယေဟူသော ပုဒ်နှစ်ပါးအပေါင်းကိုစွဲ၏။ ဆိုအပ်ပြီးသော ယသ္မိံ သမယေဟူသော ပုဒ်နှစ်ပါး အပေါင်းဖြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(င) ဝါကျ။ ပဋိဝေဓေ၌ ပဋိဝေဓ အရ-

၁။ ယထာဘူတဉာဏ်, ပဋိဝေဓဉာဏ်တို့သည်....။
၂။ ယောနိသောမနသိကာရ, သုခ, သမာဓိတို့သည်....။
၃။ လောကီ, လောကုတ္တရာ တရားတို့၌ တွေဝေမှုမရှိခြင်း, ရာဂကင်းခြင်း စသည်တို့သည်, (ဝါ) နိဗ္ဗိဒါဉာဏ် စသည်တို့သည်....။
၄။ ပီတိ, ပါမောဇ္ဇ, ပဿဒ္ဓိဖြစ်ခြင်း စသည်တို့သည်....။
၅။ ဝိမုတ္တိဉာဏဒဿန စသော လောကီ, လောကုတ္တရာ အကျိုးစီးပွား ရရှိခံစားရခြင်း စသော အကျိုး အဆက်ဆက်တို့သည်, (ဝါ) မဂ်ဉာဏ် ဖိုလ်ဉာဏ်မှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်....။

(ဆ) ဝါကျ။ ကောဝ ခေါ ခဏော၌ ခဏောအရ-

၁။ တထာဂတုပ္ပါဒ စသော ကိုးခုမြောက် အခွင့်အရေး အခွင့်ကောင်းဟူသော နဝမခဏသည် (ဝါ) နဝမခဏဖြစ်နေခြင်း, ရနေခြင်းသည်....။
၂။ ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့၏ ပွင့်တော်မူခြင်းသည်....။
၃။ မဂ္ဂပြဟ္မစရိယဝါသ-ဟူသော အရိယမဂ်ကို ကျင့်သုံးရခြင်း, ဒါနစသော ကုသိုလ်ဖြစ်ခြင်းတို့သည်....။

http://www.dhammadownload.com



၄။ အနဝဇ္ဇ သုခဝိပါကာ-ဟူသော အကျိုးတို့သည်....။

၅။ မနုဿသမ္ပတ္တိ, ဒိဗ္ဗသမ္ပတ္တိ နိဗ္ဗာနသမ္ပတ္တိ-ဟူသော လူ နတ် နိဗ္ဗာန် သုံးတန်သော စည်းစိမ် ချမ်းသာတို့သည်....။

[မုချတစ်ချက်-အကြောင်းတစ်ချက် အကျိုးသုံးချက် ထုတ်သောနည်းတည်း။]

## ဖြစ်နိုင်သောသိဒ္ဓိ

(စ) ဝါကျ။ ဤ၌ သမယသဒ္ဒါ၏ သမဝါယ အနက်ဟော၏ အဖြစ်ကို အပ္ပေဝနာမစသော အာဂမ, သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့် (ဝါ) ဤအပ္ပေဝနာမစသော ပါဠိတော်ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။ [ဆ-ဝါကျ၌လည်း သိဒ္ဓေယျ သိဒ္ဓိ ရနိုင်ပုံကို နည်းမှီသိ။ ပါဠိအာဂမ အကိုးသာဓက ထုတ်ပြသည့် နေရာတိုင်း၌ ဤ သိဒ္ဓေယျ သိဒ္ဓိ ရနိုင်ပုံကို အထူးမှတ်။]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(စ) ဝါကျ။ မယံဟူသော ပါဌ်သေသ ကတ္တားပုဒ်အရ- နာမက္ခန္ဓာ ၄-ပါး

(ဝါ) ကုသိုလ် နာမက္ခန္ဓာလေးပါး ပစ္စည်းတရားသည် ဥပသက်မေယျာမ ဟူသော ကြိယာပုဒ်အရ- စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တစ်ပြိုင်နက် ပြိုင်နိုင်သော ပစ္စည်းများကား သဟဇာတ- နိဿယ- ဝိပ္ပယုတ္တ- အတ္ထိ-အဝိဂတ ပေါင်း (၅) ပစ္စည်း။

တစ်နည်း-ယထာရဟ ပြိုင်နိုင်သော ပစ္စည်းများကား ဟေ- ဓိ-သဟ-နိ- ကံ-ဟာ- ဣ- ဈာ- မဂ္ဂ- ဝိပ္ပ- တ္ထိ- အဝိ (၁၂)။

၁။ မယံဟူသော ကတ္တားပုဒ်အရ - ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည်- ဥပသက်မေယျာမဟူသော ကြိယာပုဒ်အရ-ကြွင်းသော နာမက္ခန္ဓာသုံးပါး ပစ္စယုပ္ပန်တရားအား သဟ ပြု၏။

ပြိုင်—သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (၈)

၂။ ထိုကတ္တားပုဒ်အရ သညာက္ခန္ဓာသည် ထိုကြိယာပုဒ်အရ ကျန် နာမ်ခန္ဓာ သုံးပါးအား သဟ-ည-နိ-သံ-တ္ထိ-အဝိ၊ ဤ (၆) ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၃။ ထို ကတ္တားပုဒ်အရ သင်္ခါရက္ခန္ဓာသည် ထိုကြိယာပုဒ်အရ ကျန်နာမ်ခန္ဓာ သုံးပါးအား — ဟေ-ဓိ-သဟ-ည-နိ-ကံ-ဟာ-ဣ—ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ။ ဤ (၁၃) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



၄။ ထို ကတ္တားပုဒ်အရ ဝိညာဏက္ခန္ဓာသည် ထိုကြိယာပုဒ်အရ ကျန် နာမ်ခန္ဓာ သုံးပါးအား မိ-သဟ-ည-နိ-ဟာ-ဣ-သံ-ထိ-အဝိ ဤ (၉) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

သေ့အရ နက်ဖြန်ခါဟူသော ကာလပညတ် ပစ္စည်းဘရားသည် ဥပသက်-မေယျာမအရ ဝိရိယပြခာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူ....ပြု၏။ ပြိုင် မရှိ။

ကာလံအရ ကာလပညတ်, သမယံအရ အကြောင်းညီညွတ်ခြင်း ဟူသော အာကာရပညတ် အာရုံပစ္စည်းတရားသည် ဥပါဒါယအရ ဉာဏ်ပြခာန်းသော စိတ္တုပ္ပါဒ် အာရမဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ....ပြု၏။ ပြိုင်မရှိ။

## ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

မယံ—ဟူသော ပါဠိသေသ ကတ္တားပုဒ်အရ ဝေဒနာစေတသိက် ဟူသော ဝေဒနာက္ခန္ဓာသည် သဟဇာတပစ္စည်းဖြစ်၍ ဥပသက်မေယျာမ—ဟူသော ကြိယာပုဒ်အရ ကြွင်းသော သညာ, သင်္ခါရ, ဝိညာဏ်—ဟူသော နာမက္ခန္ဓာ သုံးပါးသည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်၏။

[ကျန် သုံးချက်လည်း ပစ္စည်းပြိုင်ကအတိုင်း နည်းမှီသိ။]

## ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံ

မယံ—ဟူသော ပါဠိသေသကတ္တားပုဒ်အရ ဝေဒနာစေတသိက်ဟူသော ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည် ဥပသက်မေယျာမ—ဟူသော ကြိယာပုဒ်အရ ကြွင်းသော သညာ, သင်္ခါရ, ဝိညာဏ်—ဟူသော နာမက္ခန္ဓာသုံးပါး ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

[ကျန်သုံးချက် ပစ္စည်းပြိုင်ကအတိုင်း နည်းမှီသိ။]

---

http://www.dhammadownload.com

# ၃။ သမယသဒ္ဒါ၏ အတ္ထုဒ္ဒေသအဖွင့်

(က) ဒုက္ခသ ပိဋ္ဌနတ္တော....ပ....အာဒီသု ပဋိဝေဓော။

(ခ) ဝေမနေကေသု သမယေသု–သမဝါယော....ပ....ဉာဏ ဝိညုနာ။

(ဂ) ယသ္မိံ သမယေ ကာမာဝစရံ ကုသလန္တိ ဣမသ္မိံဥ္ဋ....ပ....ဝေဒိတဗ္ဗာ။

(ဃ) တေသု ပစ္စယသာမဂ္ဂီ....ပ....စက္ခာနိ စတုရောပိ ဝါ။

(င) ယာ ဟိ သော....ပ....''သမဝါယော''တိ ဉာတဗ္ဗာ။ (ဌ–၁၀၀)

### ကျမ်းတက်

### ဌပနာပဋ္ဌကပုစ္ဆာတက်

(ခ) ဝါကျ။ အရှင်အဋ္ဌကထာဆရာ, ဆရာသည် သမဝါယေ ခဏေ ကာလေ စသော ဂါထာမှစ၍ ဤ(က) ဝါကျအဆုံးအထိ ရှေ့စကားရပ်တို့ဖြင့် သမယသဒ္ဒါသည် (၉)ပါးသော အနက်တို့၌ဖြစ်သောဟု ဆိုတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ဤ ယသ္မိံ သမယေ၌ (၉)ပါးသော အနက်တို့ကိုပင် သိအပ်လျှင်းသလော (နိဿယ) (ဝါ)ဤ ယသ္မိံ သမယေ၌ (၉)ပါးသော အနက်တို့ကိုပင် သိအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ထိုသို့ မှတ်အပ်လေသောကြောင့် ရှေ့ စကားရပ်တို့ဖြင့် သမယသဒ္ဒါသည် (၉)ပါးသော အနက်တို့၌ ဖြစ်သော ဟူ၍သာ မဆိုသင့်။ ဤ ယသ္မိံ သမယေ၌ သိအပ်သော (၅) ပါးသော အနက်တို့ကိုလည်း ပြဆိုသင့်သေး၏။ ဤ ယသ္မိံ သမယေ၌ အဘယ်အနက်ကို သိအပ်ပါသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝေမနေကေသု သမယေသု သမဝါယော စသော(ခ)ဝါကျကိုမိန့်၏။

အဓိပ္ပာယ်ကား—(ခ) ဝါကျဖြင့် ဤ ယသ္မိံ သမယေ၌ (ဝါ) ဤ ကာမာဝစရ ကုသိုလ်အရာ၌ သမဝါယ စသော ၅-ပါးသော အနက်တို့ကို သိအပ်၏ဟု ပြဆို၏ဟူလို။

စောဒနာတက်လျှင်-ဤ ယသ္မိံ သမယေ၌ (ဝါ) ဤကာမာဝစရ ကုသိုလ်အရာ၌ သိအပ်သောအနက် (ဝါ) အလိုရှိအပ်သော အနက်တို့ကို မပြဆိုခဲ့သော် ဆရာအား ဝါကျ အလွန်ပျံ့နှံ့ခြင်း, အနက် အဓိပ္ပာယ် အလွန် ပျံ့နှံ့ခြင်း–ဟူသော အတိဗျာပိတဒေါသ သင့်ရောက်ရာ၏–ဟု (ဒေါသာရောပနစောဒနာ) ထည့်၍တက်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား—(ခ) ဝါကျဖြင့် ဤ ယသ္မိံ သမယေ၌ သမယသဒ္ဒါ၏ (၉) ပါးသော အနက်တို့ကို သမဝါယ စသော အနက် (၅) ပါးတို့ကိုသာ သိအပ်၏ (ဝါ) အလိုရှိအပ်၏ဟု ပြဆိုသောကြောင့် သင်စောဒက တင်သော အတိဗျာပိတဒေါသ ဆရာအား မရောက် ဟူလို။

ဤ (ခ) ဝါကျရှိ ဧတေ ပဉ္စပိ ဝိညေယျာ သမယာမှ ဠဝပုဒ်သို့ ကျမ်းထွက်ပုံ-

ဆရာ, ဆရာသည် ဧတေ ပဉ္စပိ ဝိညေယျာ သမယာဖြင့် (၅)ပါးသော သမယ တို့ကို သိအပ်ကုန်သောဟု ဆိုတော်မူ၏၊....သော်, ခပ်သိမ်းသောအရာ၌ပင် သိအပ် သလော(နိဿယ) (ဝါ) ခပ်သိမ်းသောအရာ၌ပင် သိအပ်ကုန်၏-ဟု မှတ်အပ်သည် မဟုတ်ပါလော။ပ။ သိအပ်သောအရာကိုလည်း ပြဆိုသင့်သေး၏။ အဘယ်အရာ၌ သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဠဝ-ဟူသော ပါဌ်ကိုမိန့်၏

အဓိပ္ပာယ်ကား— ဤ (၅) ပါးသော သမယတို့ကို ဤကာမာဝစရကုသိုလ်အရာ၌ သိအပ်သည် ဖြစ်ဘိသော် (ဝါ) သိအပ်၏ဟူလို။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ)ဝါကျဖြင့် ယသ္မိံ သမယေ၌ သမယ သဒ္ဒါ၏ အနက် (၉) ပါးတို့တွင် သမဝါယ စသော အနက် (၅) ပါး တို့ကိုသာ သိအပ်သောဟု အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏။....သော် ထို အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါ လော....စသည်။

တစ်နည်း—တေသုကိုင်၍ တက်သော်—

ဆရာ, ဆရာသည် (ခ) ဝါကျ၌ ဧဝံကို ဆိုတော်မူ၏၊ ဤမျှသာ ဆိုချေသော် ဧဝံနိပါတ်သည် အာကာရစသော အနက်တို့ကိုလည်း ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ....ဤ၌ ဧဝံနိပါတ်၏ ဖြစ်သင့်သော နိဒဿန အနက်ကိုလည်း ပြဆိုသင့်သေး၏ စသည်၊ (အပရေဝါဒ)

စောဒနာတက်လျှင် အတိဗျာပိတဒေါသတင်။

(ဃ) ဝါကျ။ ဆရာ,ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် ဤကုသိုလ်အရာ၌ သမ- ဝါယစသော (၅)ပါးသော သမယတို့ကို သိအပ်ကုန်သောဟု ဆိုတော်မူ၏။.... သော်၊ ထို (၅) ပါးသော သမယတို့တွင် သမဝါယနှင့် ခဏတို့၏အရကောက် အဘိဓေယျတ္ထသရုပ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ စသည်။

http://www.dhammadownload.com


အဓိပ္ပာယ်ကား—ဃ-ဝါကျဖြင့် အကြောင်းညီညွတ်ခြင်းသည် သမဝါယမည်၏။ တစ်ခုသော ဗုဒ္ဓုပ္ပါဒ နဝမခဏကိုသာလျှင် ခဏဟူ၍ သိအပ်၏ဟု သမဝါယခဏတို့၏ အရကောက် အဘိဓေယျတ္ထသရုပ်ကို ပြဆို၏ ဟူလို။

(စောဒနာတက်လျှင် အဗျာပိတဒေါသ တင်တက်)

(င) ဝါကျ။ ဆရာ့ဆရာသည် ဃ-ဝါကျဖြင့် သမဝါယခဏ တို့၏ အရကောက် အဘိဓေယျတ္ထသရုပ်ကို အကျဉ်းသခေ်ပအားဖြင့် ပြဆိုတော်မူ၏။ .... သော် ထို အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ စသည်။

## ပါပနာဒိ ကျမ်းတက်

(ခ) ဝါကျ၊ ဤ ယသ္မိံ သမယေ၌ ၉-ပါးသော အနက်တို့ကိုပင် သိအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု—ပါ) ။ .... ပ .... ဤ ယသ္မိံသမယေ၌ သိအပ်သော ၅—ပါးသော အနက်တို့ကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော) စသည်။

(ဂ) ဝါကျ။ ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု–ပါ)....ပ....ထိုအကျဉ်းသခေ်ပ၏ အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော) စသည်။

တစ်နည်း—တေသုကိုင့်တက်ရာ၌—

ဝေံနိပါတ်သည် အာကာရစသော အနက်တို့ကိုလည်း ဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု–ပါ) ....ပ.... ဤ၌ ဖြစ်သင့်သော ဝေံ၏ နိဒဿနအနက်ကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော) စသည်။

(ဃ) ဝါကျ။ ထို (၅) ပါးသော သမယတို့တွင် သမဝါယနှင့် ခဏတို့၏ အရကောက် အဘိဓေယျတ္ထသရုပ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ.... ထို (၅) ပါးသော သမယတို့တွင် သမဝါယနှင့် ခဏတို့၏ အရကောက် အဘိဓေယျတ္ထ သရုပ်ကိုလည်း ပြဆိုသင့်သေး၏။ (နု–ရော) စသည်။

(င) ဝါကျ။ ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ.... ထိုအကျဉ်းသခေ်ပ၏ အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော) စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

(က) ဝါကျ။ ရွှေစကားရပ်ကိုထောက်လျှင် (ဃ) ဝါကျဖြင့် သမဝါယ သဒ္ဒါ၏ ပဋိဝေဓအနက်ဟောနိုင်ကြောင်း အကိုးသာဓကကို ပြလိုက်သဖြင့် အလိုရှိ

http://www.dhammadownload.com



အပ်သော အနက်အဓိပ္ပာယ် နှစ်ပ်ပြည့်စုံသောကြောင့် (ဝါ) ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ခ) ဝါကျကိုထောက်လျှင် ရှေ့က—ဝါကျ၌ (ဝါ) ဆိုအပ်ပြီးသော (က) ဝါကျစသော ရှေ့ဝါကျတို့၌ အနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့နေသောကြောင့် (ဝါ) ဝါကျအလွန်ပျံ့နှံ့နေသောကြောင့် (သို့မဟုတ်) စကားအလွန် ပျံ့နှံ့နေသောကြောင့် (တစ်နည်း) အတ္ထုဒ္ဓါရဝါကျ ဖြစ်ခြင်းကြောင့် အတိဗျာပိတဒေါသ သင့်၏။

(ခ) ဝါကျဖြင့် အနက်အဓိပ္ပာယ် စကားဝါကျ အလွန် မပျံ့နှံ့အောင် ပြဆိုသောကြောင့် (ဝါ) အတ္ထုဒ္ဓေသဝါကျ ဖြစ်ခြင်းကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

(ဂ) ဝါကျကို ထောက်လျှင် ရှေ့ (ခ) ဝါကျ၌ သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ဒေါသကို ပယ်၏။ (တစ်နည်း) မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုးဖြစ်သောကြောင့် (ဂ) ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။ ထို (ဂ) ဝါကျရှိ တေသုဖြင့် အတိဗျာပိတ ဒေါသကို ပယ်၏။

(ဃ) ဝါကျကို ထောက်လျှင် ရှေ့ (ဂ) ဝါကျ၌ အဗျာပိတ ဒေါသ သင့်၏။

(ဃ) ဝါကျဖြင့် သမဝါယနှင့် ခဏတို့၏ အဘိဓေယျတ္ထသရုပ်ကို ဆက်လက်ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ်နှစ်ပ် ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

[မှတ်ချက်။ ။ထို (ဃ) ဝါကျတွင် တေသု ပဉ္စယသာမဂ္ဂီသမဝါယောကို တစ်ဝါကျ၊ ခဏော.... ပ .... ဧ ယောကို တစ်ဝါကျ၊ စတ္တာနိ စတုရောပိဝါကို တစ်ဝါကျ၊ အားလုံး သုံးဝါကျ ယူပြီးလျှင် ရှေးရှေး ဝါကျတို့၌ အဗျာပိတ ဒေါသသင့်ပုံ, နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံတို့ကို သိပါ။]

(င) ဝါကျကို ထောက်လျှင် ရှေ့ (ဃ) ဝါကျ၌ သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်၏။

(င) ဝါကျဖြင့် ဝိရောဓိ ဒေါသကို ပယ်၏။

## ဝါသဒ္ဒါလဲလှယ်ပုံ

(ဃ) ဝါကျ။ ခဏအရ ဗုဒ္ဓုပ္ပါဒ နဝမခဏ ဟုသော အရကောက် အဘိဓေ—ယျတ္ထ အကျိုးအနက်မှတစ်ပါး၊ ပတိရူပဒေသဝါသ စသော သမ္ပတ္တိ စက်လေးပါး

http://www.dhammadownload.com



ဟူသော အရကောက် အဘိဓေယျတ္ထ အကျိုးအနက်တစ်ပါးကို လဲလှယ်လိုသော ကြောင့် စက္ကာနိ စတုရောပိဝါ-၌ ဝါသဒ္ဒါကိုထား၏။

[ယာနိဝါ ပနေတာနိ စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ-(ဋ္ဌ-၁၀၀) ၌လည်း ဝါသဒ္ဒါ လဲပုံတူ၏။]

ဟိသဒ္ဒါထားရပုံ။ ရှေ့ဂါထာ အကျဉ်းသခေ်ပစကားကို အကျယ်ချဲ့ပြလိုသော ကြောင့် (ဝါ) ဝိတ္ထာရဇောတကအဖြစ်ကို ပြလိုသောကြောင့် ဂ-ဝါကျ၌ ဟိသဒ္ဒါ ကို ထား၏။

(င-ဝါကျ ဟိသဒ္ဒါထားပုံလည်း တူ၏။)

ပနသဒ္ဒါထားရပုံ။ သမဝါယ၏ အရကောက် အဘိဓေယျ သရုပ်မှ တစ်ပါး ခဏ၏ အရကောက် အဘိဓေယျသရုပ်တစ်ပါးကို ပြလိုသောကြောင့် (ဝါ) ပက္ခန္တရ-တ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် ဃ-ဝါကျ၌ ပနသဒ္ဒါထား၏။

ပိ (အပိ) သဒ္ဒါ ထားရပုံ။ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထဇောတက (ဝါ) သမ္ဘာဝနတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် ဃ-ဝါကျ စတုရောပိ၌ ပိ (အပိ) သဒ္ဒါကို ထား၏။

[မှတ်ချက်။ ။တေန ခေါ ပန သမယေန ဗုဒ္ဓော ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ (ဋ္ဌ-၁၀၂)၌ တေန ထားရပုံ-ရှေ့ အကျိုးမှဆက်၍ ရအပ်သော (ပြကတေ့လျှင်, ဝါ-မြဟ္မာလျှင် အကြောင်းရှိသော ဝါဒကို ထားမြစ်အပ်၏-ဟူသော) အကျိုးတစ်ပါး လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေနသဒ္ဒါထား၏။]

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုတ္ထ

ပိဋ္ဌိယတေ ပိဋ္ဌနံ။ အရီယတိ ဉာယတီတိ အတ္ထော (နောက်ပုဒ်များရှိ အတ္ထော ကိုလည်း ဤအတိုင်းပြု)

ပိဋ္ဌနံဝေ+အတ္ထော ပိဋ္ဌနတ္ထော၊

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ညှဉ်းဆဲ နှိပ်စက်ခြင်း၏ အနက်သဘော နှင့် ဂုဏ်+ဂုဏော်....စပ်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော ညှဉ်းဆဲ နှိပ်စက်ခြင်းသဘောဟူသော ဂုဏ်သည်....။

သမေစ္စ ပစ္စယေဟိ ကတံ သခ်တံ။ သခ်တံဝေ+အတ္ထော သခ်တဋ္ဌော။

၂။ ထို၏ အကြောင်းဖြစ်သော ပေါင်းစု၍ ပြုအပ်သည်အဖြစ်၏ အနက် သဘောနှင့် ဂုဏ်+ဂုဏော....စပ်....။

http://www.dhammadownload.com



၄။ ထို၏ အကြောင်းဖြစ်သော ပေါင်းစုရ၍ ပြုအပ်သည်၏ အဖြစ်ဟူသော သဘော–ဟု ဆိုအပ်သောဂုဏ်သည်....။

သန္တာပနံ ပရိဒဟနံ သန္တာပေါ။ သန္တာပေါဝေ+အတ္ထော သန္တာပဋ္ဌော။

၂။ ထို၏ အကြောင်းဖြစ်သော ပူလောင်ခြင်း၏ အနက်သဘောနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ပူလောင်ခြင်းသဘော ဟူသော ဂုဏ်သည်....။

ဇရာမရဏေဟိ ဝိပရိဏာမနံ ဝိပရိဏာမော။

ဝိပရိဏာမောဝေ+အတ္ထော ဝိပရိဏာမဋ္ဌော။

၂။ ထို၏ အကြောင်းဖြစ်သော ဖောက်ပြန်ဘတ်သည်အဖြစ်၏ အနက်သဘော နှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဖောက်ပြန်တတ်သည်၏ အဖြစ် ဟူသော သဘောဟု ဆိုအပ်သော ဂုဏ်သည်....။

အဘိသမေတဗ္ဗော ပဋိဝိဇ္ဈိတဗ္ဗောတိ အဘိသမယော။

အဘိသမယောဝေ+အတ္ထော အဘိသမယဋ္ဌော။

၂။ ထို၏ အကြောင်းဖြစ်သော ထိုးထွင်း၍ သိအပ်သည်အဖြစ်၏ အနက် သဘောနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ထိုးထွင်း၍ သိအပ်သည် အဖြစ် ဟူသော သဘောဟု ဆိုအပ်သောဂုဏ်သည်....။

ပဋိဝိဇ္ဈနံ ပဋိဝိဇ္ဈတီတိ ဝါ ပဋိဝေဓော။

၂။ ပ-ဋိ-ဝိဇ်-ဈ-တိ – ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထိုးထွင်း၍ သိခြင်းကြိယာသည်....။

၄။ ထို၏ အကြောင်းဖြစ်သော ထိုးထွင်း၍ သိခြင်းကြိယာသည်....။

[မှတ်ချက်။ ။ (၉၉-၁၀၀) ဒိဋ္ဌေဓမ္မေစ, စဋ္ဌေသာ ဂါထာလာ သမ္မုရာယိကေနှင့် မိရောပုဒ်တို့ကို ဝိဂ္ဂဟပြုသော်]

ကမ္မကိလေသဝသေန သမ္ပရေတဗ္ဗော ပါပုဏိတဗ္ဗောတိ သမ္ပရာယော။ သမ္ပရာယေ+နိယုတ္တော သမ္ပရာယိကော။ (နိယုတ္တတဒ္ဓိတ်)

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော တမလွန်ဘဝ၏ ယှဉ်သော အစီး အပွားနှင့် အာဓာရ+အာဓေယျ, ဌာန+ဌာနီ, အကြောင်း+အကျိုး....စပ်....။

http://www.dhammadownload.com



၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော တမလွန်၌ ယုံ့ခြင်းကြိယာသည်....။

မိယာ ပညာယ ရာတိ ဂဏ္ဍာတီတိ မိရော။

မိပညာ ဘေသာ အတ္ထိတိ ဝါ မိရော။

၂။ ထို၏ အကြောင်းဖြစ်သော ပညာ၏ ပညာရှိသူနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ပညာရှိခြင်းဟူသော ဂုဏ်သည် (ဝါ) ပညာဟူသော ဂုဏ်သည်....။

(ခ) ဝါကျ။ ဝိဇာနန သီလော ဝိညူ။ ဝိဇာနာတီတိ ဝါ ဝိညူ။ (တေန)

၁။ ဝိ–ညူ–ဟူသော (ဝါ) ဝိဥ္–ဉူဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏ အကြောင်းဖြစ်သော ဝိပုဗ္ဗ+ဉာဓာတ်+ရှုပစ္စည်း+သိခြင်း (သိလေ့ရှိခြင်း) ကြိယာသည်....။

၃။ ဝိညူဟူသော အပေါင်း နာမ ပညတ္တိသဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော သိခြင်း (သိလေ့ရှိခြင်း) ကြိယာသည် (တစ်နည်း) ပညာရှိတို့၏ တစ်ယောက်သည်....ပ....ဓာတ်သည် ...။ (အဘိဓာန်ဋီကာနည်း)

(ဂ) ဝါကျ။ သုခုမေသုပိ အတ္ထေသု ပိဒုတိ ဂစ္ဆတီတိ ပဏ္ဍာ။

ပဏ္ဍာ ဗုဒ္ဓိသဥ္ဇာတာ အဿာတိ ပဏ္ဍိတော (တေန) [အဘိဓာန်ဋီကာနည်း]

(ယခင်အထက်ပါ ဝိရောမိအတိုင်းခွဲ)

(င) ဝါကျ။ သာခါရဏ ဖလံ+နိပ္ဖါဒေန္တီတိ သာခါရဏ ဖလနိပ္ဖါဒကာ။ သာခါရဏ ဖလနိပ္ဖါဒကာနံ+ဘာဝေါ သာခါရဏဖလနိပ္ဖါဒကတ္တံ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော ဆက်ဆံသောအကျိုးကို ပြီးစေတတ်သော အကြောင်း၏ ဖြစ်ကြောင်းဖြစ်ရာသတ္တိနှင့် ဂုဏေး+ဂုဏ်....စပ်....။

၄။ ထို၏ အကြောင်း ဖြစ်သော ဆက်ဆံသော အကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဟူသောဂုဏ်သည် (ဝါ) သတ္တိဟူသောဂုဏ်သည်....။

တစ်နည်း–သဟ+ခါရဏေ+ဝတ္တတီတိ သာခါရဏံ။

http://www.dhammadownload.com



သမံ သမဘာဝံ ကတွာ ခာရေတီတိ ဝါ သာခါရဏံ။

ဖလတိ ဧတေနာတိ ဖလံ၊ ဖလတီတိ ဝါ ဖလံ။

သာခာရဏဝ+ဖလံ သာခာရဏဖလံ။

နိပ္ဖါဒေန္တီတိ နိပ္ဖါဒကာ။ သာခာရဏဖလဿ+နိပ္ဖါဒကာ သာခာရဏဖလ နိပ္ဖါဒကာ။ (အစိတ်)

[သာခာရဏ ဖလနိပ္ဖါဒကတ္တံ, အပေါင်းဝိဂ္ဂဟကို ယခင်အတိုင်းပြုရှိခဲ့]

## လိင်စသည်စိစစ်ပုံ

(ခ) ဝါကျ။ ဧဝံ-အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။ အနေကေသု-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသနာမပဒ။ ပဥ္စ-အလိင်၊ (တစ်နည်း)-(သမယဟူသော ပုလ္လိင်ကိုငဲ့၍)ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊အကာရန္တ၊ သင်္ချာသဗ္ဗနာမပဒ။ ဝိညူနာ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဦကာရန္တ၊ (ကိတ) နာမပဒ။

(ဂ) ဝါကျ။ နဝသု-အလိင် (တစ်နည်း) (သမယေသု ဟူသောပုလ္လိင်ကိုငဲ့၍) ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ သင်္ချာသဗ္ဗနာမပဒ၊သမဝါယာဒယော-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဩကာရန္တ၊ သမာသနာမပဒ (ဝါ) ဗဟုဗ္ဗိဟိသမာသ်ပုဒ်။

(ဃ) ဝါကျ။ ပစ္စယသာမဂ္ဂီ-ဣတ္ထိလိင်၊ [(ရှု) ဏဝိသမာဒီဟိသုတ် အဖွင့်၌ ဏဝ,ဏိက စသောသုတ်ဖြင့် ဤ, ပစ္စည်းသက်ဟု ဆိုထား၍, နာမ်ဂိုဏ်း၌လည်း ဤဏဝ၊ ဏိကစသော သုတ်ဖြင့် ဤ,ပစ္စည်းသက်၍ ပြီးလျှင် နဒါဒိဂိုဏ်းဟု ဆိုထားသောကြောင့်] နဒါဒိဂိုဏ်း၊ (တစ်နည်း) ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသနာမ-ပဒ၊ စတုရော-(မူလအရင်းခံလိင်အားဖြင့်) နပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သင်္ချာသဗ္ဗနာမပဒ။

(င) ဝါကျ။ ယာ, ဧသာ, သာတို့ကား-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ၊ သဗ္ဗနာမပဒ၊ သာမဂ္ဂီ-ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း (ရတ္တာဒိဂိုဏ်း) ဤ, ကာရန္တ၊ နာမပဒ၊ (ဝါ) ဘာဝတဒ္ဓိတ်ပုဒ်။

## အာဘော်+သံဝဏ္ဏနာ

(က) ဝါကျ။ ဖြင့် သမယသဒ္ဒါ၏ ပဋိဝေဓအနက်ကို ဟောရာ၌ ပါဠိအကိုးသာဓက အဖြစ်ကို (တစ်နည်း) ဒုက္ခဿ ပီဠနဋ္ဌော စသော ပါဠိရပ်တို့၌ သမယသဒ္ဒါသည် ထိုးထွင်း၍ သိခြင်းဟူသော ပဋိဝေဓ အနက်ကို ဟော၏ ဟူသော အဓိပ္ပာယ်ကို (ဘာဝတ္ထ) (ဝါ) သမယသဒ္ဒါသည် ပဋိဝေဓအနက် ဟောသည်ကို (နာမလိင်္ဂတ္ထ၊ အဘိဓေယျတ္ထ) သိစေ၏။

http://www.dhammadownload.com



(ခ) ဝါကျ။ ဓေဖြင့် နိဒဿနကရိုက်း အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) အနေကေသု သမယေသုဖြင့် နိဒ္ဒါရဏ (ဝါ) နိဒ္ဒါရဏသမုဒယ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) သမဝါယော စသော ဂါထာဖြင့် ဤကုသိုလ်အရာ၌ သမယသဒ္ဒါသည် ဒိဋ္ဌိ စသော အနက်တို့ကို မဟော (ဗျတိရေကာဘောဂ) သမဝါယ စသော ၅-ပါးသော အနက်တို့ကိုသာ ဟော၏။(အန္ဝယာဘောဂ)ဟု သိစေ၏ (ဝိဘာဝိနီဋီကာ၊ နာမလိင်္ဂတ္ထ) (ထစ်နည်း) သမဝါယော စသော ဂါထာဖြင့် သမဝါယစသော ၅-ပါးသော သမယတို့ကို ဤကုသိုလ် အရာ၌ ပညာရှိသည် သိအပ်ကုန်၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏ (ဘာဝတ္ထ) ထိုတွင် ဣဓဖြင့် အကုသိုလ်, အကုသလဝိပါက် စသော အဗျာကတ အရာတို့၌ ခဏ မဖြစ်၊ ဤကုသိုလ်အရာ၌သာ ခဏဖြစ်၏ ဟူသော အဓိပ္ပာယ်ကိုလည်း သိစေ၏။ (နိဿယ) (ဘာဝတ္ထ)

(ဂ) ဝါကျ။ ဟိ-ဖြင့်၊ ဝိတ္ထာရကို (ဝါ) ဝိတ္ထာရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတတ္ထ။)

ကြွင်းသော (ဂ) ဝါကျဖြင့် ရှေး၌ ဆိုအပ်ပြီးသော ဂါထာအကျဉ်းသဓေပ၏ အကျယ်ဝိတ္ထာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

ထိုတွင်-ယသ္မိံ။ပ။ ကုသလန္တိ-ဖြင့်၊ ပါဠိသေသ ဝုတ္တေပုဒ်၏ အာကာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ပါဠိသေသ ဝုတ္တေဖြင့် ထိုအာကာရ၏ စပ်ရာ၊ အာကာရဝန္တအဖြစ်ကို လည်းကောင်း၊ ဣမသ္မိံ ကုသလာဓိကာရေ၏ ဝိသေသန အဖြစ်ကိုလည်းကောင်း သိစေ၏။ (သမ္ဗန္ဓသံဝဏ္ဏနာ၊ ဘာဝတ္ထသံဝဏ္ဏနာ)။ ဣမသ္မိံ ကုသလာဓိကာရေ-ဖြင့်၊ ဂါထာပါ ဣဓ၌ ဣဓ အက္ခရာသည် ဣမသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း။ (နာမလိင်္ဂပဒ) ဓပစ္စည်း၏ သတ္တမီဝိဘတ်အနက်၊ (ဝါ) အာဓာရအနက်၌ သက်သည်ကို လည်းကောင်း၊ (ဝိဘတျတ္ထ၊ ပစ္စယတ္ထ) ဣမသဒ္ဒါ သည် ကုသိုလ်အရာ ဟူသော ကုသလာဓိကာရ စွဲသည်ကို လည်းကောင်း၊ (နာမလိင်္ဂတ္ထ)သိစေ၏။ တေသု နဝေသု သမယေသုဖြင့် နိဒ္ဒါရဏ၊ (နိဒ္ဒါရဏသမုဒါယ) အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) (တစ်နည်း) တေသုဖြင့် ဧဝမနေကေသု၌ ဧဝံသဒ္ဒါ-နိဒဿန အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) ထိုဧဝံပုဒ်နှောင် သုဝိဘတ်ကျေ (ဝိဘတ္တိပဒ) သိစေ၏၊ နဝသုဖြင့် အနေကေသု၌ အနေကသဒ္ဒါ ၉-ခု သချာ အနက်ဟော (ဝါ) အနေကအရ၊ ၉-ခုသချာယူပါ-ဟု သိစေ၏။(အဘိဓေယျတ္ထ) သမဝါယာဒယော-ဖြင့်။ ဧတေ ပဉ္စသမယတို့အရ-သမဝါယစသော ၄ါးပါးသော အနက်တို့ကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ပဏ္ဍိတေန-ဖြင့်၊ ဝိညူသဒ္ဒါ သည် ပဏ္ဍိတသဒ္ဒါ၏ ပရိယာယ်-ဟု သိစေ၏။ (ပရိယာယ် အဘိဓေယျတ္ထ။)

http://www.dhammadownload.com



မှတ်ချက်။ ။ ဤကဲ့သို့ ပရိယာယ် အဘိဓမ္မတ္ထ ဖော်ရာ၌ အရင်းခံ သံဝဏ္ဏေတဗ္ဗ ပုဒ်ကို ကတ္တားထား၍ ဖော်လေ့ရှိကြသည်။

ဓမ္မတာတိဏ္ဍေ့ ဓမ္မ-သဒ္ဒေါ ''ဇာတိ ဓမ္မာနံ ဘိက္ခဝေ သတ္တာန'' န္တိ အာဒီသုဝိယ ပကတိ ပရိယာယော၊ ဓမ္မောဝေ ဓမ္မတာ ယထာ ဒေဝေါဝေ ဒေဝတာတိ အာဟ''အယံသဘာဝေါ''တိ၊ အယံ ပကတီ တိ အတ္ထော၊–(ဒီ–မဟာဝဂ္ဂဋီကာ-၂၅။)

တစ်နည်း ဝိညူပုဒ်အရ–ဝိဇာနနသီလော ဝိညူဟု ဝိဂ္ဂဟပြု၍၊ ပညာရှိပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေ၏။ (နေယျတ္ထ၊ အဘိဓာနတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ) ဝေဒိတဗ္ဗာ—ဖြင့်၊ ဝိညေယျာ၌ ဝိပုဗ္ဗ+ဉာဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) ဝိသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း (ဉပသဂ္ဂလိင်္ဂတ္ထ) ဉာဓာတ်သည် နှစ်သက်ခြင်း တင့်စသော အနက်ကို မဟော။ သိခြင်း ဗုဗ္ဗနအနက် ဟောသည်ကို လည်းကောင်း၊ (ဒု-ဓာတွတ္ထ) ဏျ ပစ္စည်း၏—ကမ္မသာဓန အနက်၌ သက်သည်ကို လည်းကောင်း၊ ဝိဇာနိတဗ္ဗာတိ ဝိညေယျာ—ဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း၊ (ဒု ပစ္စယတ္ထ၊ အဘိဓာနတ္ထ။) သိစေ၏။ ဒေတ-ပ-ဝေဒိဘဗ္ဗာဖြင့် အတ္တက္ကမအဖြစ်ကို သိစေ၏ (ဘာဝတ္ထ)တေသု—ဖြင့် နိဒ္ဓါရဏ (နိဒ္ဓါရဏသမုဒါယ) အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျ။ ပစ္စယသာမဂ္ဂီ သမဝါယောဖြင့် သမဝါယအရ ပစ္စယ သာမဂ္ဂီ ဟူသော အကြောင်း၏ ညီညွတ်ခြင်းကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ပနဖြင့် ပက္ခန္တရ (ဝါ) ပက္ခန္တရဇောဘကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ။) ခဏော ဧကောဝ နဝမောဖြင့် ခဏအရ အဋ္ဌက္ခဏကို မယူရ၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကိုသာ ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ။) ဝါဖြင့် ဝိကပ္ပနတ္ထဇောတကအဖြစ်ကို သိစေ၏။ (ဝါ) နယန္တရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ။)

စက္ကာနိ စတုရောပိဖြင့် ခဏအရ သမ္ပတ္တိစက် ၄-ပါးလုံးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ။)

(င) ဝါကျ။ ဟိဖြင့် ဝိတ္ထာရအဖြစ်ကို (ဝါ) ဝိတ္ထာရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ။) ကြွင်းသော (င) ဝါကျဖြင့် ရှေး၌ ဆိုအပ်ခဲ့ပြီးသော သမဝါယအရ-အကျဉ်းသခေ်ပ၏ အကျယ် ဝိတ္ထာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ။) တစ်နည်း သမဝါယအရ ဆက်ဆံသော အကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဖြင့် အကြောင်းတရားတို့၏ ကောင်းစွာတည်သော အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ သခ်ိတဋ္ဌော်ဒ္ဓ သံသဒ္ဒါ သမေစ္စအနက်, သမာဂတအနက်, သမ္မာအနက်တို့ကို ဟော၏။

သန္တာပဋ္ဌော်ဒ္ဓ—သံသဒ္ဒါ ဓာတွတ္ထာနုဝတ္တက (တစ်နည်း) ဘူသတ္ထ။

(ခ) ဝါကျ။ ဝေဲသဒ္ဒါ–နိဒဿနတ္ထ။ အနေကေသုံ့ဒ္ဓ အန (နှ) သဒ္ဒါ–ပဋိသေဓတ္ထ။

ဟေတုယောဝဒ္ဓ၊ ဝေသဒ္ဒါ–အနက်သီးခြားမရှိ၊ ပဒပူရဏ, ဝစနာလင်္ကာရ။

တစ်နည်း (သမဝါယော စသော ရှေ့ ၄–ပုဒ်သို့လည်း လိုက်စေ၍ အနက်သမ္ဘန်လျှင်) အဝဓာရဏတ္ထ။

၁။ သမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု ဟူသော အနက် ၅-ပါးသည် ဂဟေတဗ္ဗတ္ထ။

၂။ ဒိဋ္ဌိ, ပဋိလာဘ, ပဟာန, ပဋိဝေဓ ဟူသော အနက် ၄-ပါးသည် နိဝတ္တေတဗ္ဗတ္ထ။

စသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ၊ (ဝါ) အညမညသမုစ္စယတ္ထ။

သဥ္စပိဒ္ဓ ပိ (အပိ) သဒ္ဒါ–

(အပေါင်းနောက်ယှိုင်၊ ထိုင်သည့် ပိ၊ ရှိသည့်သဒ္ဒါ၊ ဆည်းရာကြောင်းဟိတ်၊ ခပ်ကြိတ်ကြိတ်၊ အစိတ်အစိတ်နေ—ဟူသော တောင်တွင်းနိယံ ၅၆-နှင့် အညီ အပေါင်းနောင် ထိုင်သောကြောင့်) အဝယဝသမုစ္စယတ္ထ။

(ဃ) ဝါကျ။ ပစ္စယဒ္ဓ ပတိသဒ္ဒါ-ပဋိစ္စ အနက်ကို ဟော၏။ ပနသဒ္ဒါ-ပက္ခန္တရတ္ထ၊ (ဝါ) ပက္ခန္တရတ္ထဇောတက။ [ကောဝဒ္ဓ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ကို ယသို့ သမယေပုဒ် အဖွင့်၌ရှု။] စတ္တာရောပိဒ္ဓ ပိ (အပိ)သဒ္ဒါ အဝယဝ-သမုစ္စယတ္ထ။ ဝါသဒ္ဒါ ဝိကပ္ပနတ္ထဇောတက၊ နယန္တရ ဇောတက။

ဝါသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပာယ်ကား

ဗုဒ္ဓုပ္ပါဒ နဝမ ခဏကိုသာလျှင် တစ်ခုသော ခဏဟူ၍ သိအပ်သည်မဟုတ်သေး။ စင်စစ်သော်ကား–သမ္ပတ္တိစက် ၄–ပါးကိုလည်း တစ်ခုသော ခဏဟု သိအပ်သေး၏ ဟူသော အဓိပ္ပာယ်ကို ပြ၏။

(င) ဝါကျ။ ဟိသဒ္ဒါ, ဝိတ္ထာရတ္ထဇောတက။

မှတ်ချက်။ ။ ဟေတူတိ ပစ္စယောဝေတ္ထ– (၄၁-၁၀၁) ၌ ဝေဖြင့် ဟေတု ဟေတု, သာဓာရဏ ဟေတုကို စင်စေ၏၊ ဝါ-တားမြစ်၏။ ဝါ- ထို ဟိတ် ၂–ပါးကို ကန့်၏။ ၁-ပစ္စယဟေတုသည် ဂဟေတဗ္ဗတ္ထ။ ၂–ဟေတုဟေတု, သာဓာရဏဟေတု တို့သည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(ခ) ဝါကျ။ ဧတော္ဘိ တေသည် သမယာဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။ ဠမဝ္ဘိ ဠမသည် ကုသိုလ်အရာ ဟူသော အနက်ကိုစွဲ၍။ ကုသိုလ်အရာ ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅—တန်ထုတ်ပုံ

(ခ) ဝါကျ။ ဝိညေယျာဒ္ဘိ ဝိပုဗ္ဗ+ဉာဓာတ်အရ-

(ဂ) ဝါကျ။ ဝေဒိတဗ္ဗာဒ္ဘိ ဝိဒဓာတ်အရ-

( င) ဝါကျ။ ဉာတဗ္ဗာဒ္ဘိ ဉာဓာတ်တို့အရ-

၁။ ပညာရှိ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရ စသည်တို့သည်....။

၃။ သိသည့်အတိုင်း ကျင့်ကြံခြင်း ပဋိပတ္တိ၊ ဟောပြောပြသ ပို့ချခြင်း စသည်တို့သည်။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ ပီတိပါမောဇ္ဇ ဖြစ်ခြင်းမှ စ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည်....။

မှတ်ချက်။ ။ တေန တေန တဿ တဿ အတ္ထဝိသေသဿ ဒီပနတော- ဟူသော (ဋ္ဌ-၁၀၂)၌ ထုတ်သော်-

၁။ သမယသဒ္ဒေန ပစ္စယ သာမဂ္ဂီသင်္ခါတံ သမဝါယတ္ထံ မုချတော ဒဿေတိ (ဒဿနတ္ထ)

၂။ သမဝါယသင်္ခါတော သမယော အနေကဟေတုတော ဝုတ္တိံ ဒီပေတိ- (ဋ္ဌ-၁၀၂) (ဒီပကတ္ထ)

၃။ တေန ကေ ကာရဏဝါဒေါ ပဋိသေဓိတော ဟောတိ (ဋ္ဌ—၁၀၂) (ပကာသနတ္ထ)

၄။ (ပရမတ္ထမ္မေဿ) ကောဝကတ္တာနာမ နတ္ထိတိ ဠမမ္ပိ အတ္ထံ ဒီပေတိ (ဝိဘာဝေတိ) (ဋ္ဌ-၁၀၂) (ဝိဘာဝတ္ထ)

၅။ (သယံ ကတံ) သုခဒုက္ခန္တိအာဒိ မိစ္ဆာဝါဒေါ ပဋိသေဓိတော ဟောတိ (ဋ္ဌ—၁၀၂)(အနုဘာဝတ္ထ)

## သိဒ္ဓိရနိုင်ပုံ

(က) ဝါကျ။ သမယသဒ္ဒါ၏ ပဋိဝေဓအနက်ဟော၏ အဖြစ်ကို ဤ ဒုက္ခဿ စသော အာဂမ, သာဓကပါဠိဖြင့် ပြီးစေအပ်သောကြောင့် (ဝါ) ဤ ဒုက္ခဿ စသော ပါဠိတော် ဉာပကကိုထောက်၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

http://www.dhammadownload.com



ဝေဒိတဗ္ဗာထားရပုံ

ဤကုသိုလ်အရာ၌ သမဝါယစသော ငါးပါးသော သမယတို့ကို ပညာရှိသည် ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသော ကြောင့် (ဃ) ဝါကျ၌ ဝေဒိတဗ္ဗာထား၏။

[၄-ဝါကျ၌ ဉာတဗ္ဗာထားပုံလည်း တူ၏။]

နံပါတ် (၉) အတွက် အဓိပ္ပာယ်

(ခ) ဝါကျ။ အကုသိုလ်, အကုသလဝိပါက် အစရှိသော အဗျာကတတရားတို့၌ ခဏ၏ မဖြစ်သင့်သောကြောင့် (ခ) ဝါကျ၌ ဣဓဟူသော စကားကိုဆို၏။ (နိဿယ)

(ဃ) ဝါကျ။ ပစ္စယသာဂ္ဂီ၌ ပစ္စယအရ-စက္ခုပသာဒ ရူပါရုံ၊ အာလောက မနသိကာရ၊ သောတပသာဒ-သဒ္ဒါရုံ။ ဝိဝရ-မနသိကာရ စသည်ရ၏။

စက္ကာနိ စတုရောပိဝါ၌ စတုသရုပ် သမ္ပတ္တိစက်လေးပါးအပြား

၁။ ပတိရူပဒေသဝါသ။ ၂။ သပ္ပုရိသူပနိဿယ။ ၃။ အတ္တသမ္မာပဏိဓိ။ ၄။ ပုဗ္ဗေစ ကတပုညတာ ပေါင်းလေးပါး။

ဆောင်- ပတိ-သပ္ပု၊ အတ် ပုဗ်-ဟု၊ မှတ်ရှုစက်လေးပါး။

(င) ဝါကျ။ သာဓာရဏဖလနိပ္ဖါဒကတ္တေန-၌

အဓိပ္ပာယ်အရကောက်။ စက္ခုပသာဒ-ရူပါရုံ- အာလောက- မနသိကာရ- စသော အကြောင်းတို့နှင့် ဆက်ဆံသော စက္ခုဝိညာဉ်စသော အကျိုးသည် သာဓာရဏဖလ မည်၏။ (ဝါ) သာဓာရဏဖလအရ ဖြစ်၏။ သာဓာရဏဖလ နိပ္ဖါဒကအရ-ဆက်ဆံသောအကျိုးကို ပြီးစေတတ်သောအကြောင်းဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ, အာရမ္မဏ, ဥပနိဿယ ပစ္စည်းရ၏။ သာဓာရဏနိပ္ဖါဒကတ္တအရ- ဆက်ဆံသောအကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဟူသော ဝတ္ထုပုရေဇာတသတ္တိ, အာရမ္မဏသတ္တိ, ဥပနိဿယသတ္တိ ရ၏။

သမဝါယနှင့် ခဏအထူး

စက္ခုပသာဒ ≡ ရူပါရုံ - အာလောက - မနသိကာရ - စသော အကျိုးတရားကို မုချဖြစ်စေနိုင်သော အကြောင်း အပေါင်း၏ ညီညွတ်ခြင်းသည် သမဝါယမည်၏။

မဂ္ဂဗြဟ္မစရိယ ဟူသော အကျိုးဖြစ်ရန် တထာဂတုပ္ပါဒ ဓမ္မဒေသနာ စသော အကြောင်းများ ပြည့်စုံနေခြင်းဟူသော (အကျိုးတရား၏ အခွင့်ဖလမ်းသည် (ဝါ) အခွင့်အရေးသည် ခဏမည်၏။

http://www.dhammadownload.com



## သမယနှင့် ဟေထုအထူး

အကြောင်းတို့၏ ညီညွတ်ခြင်းသည် (ဝါ) ညီညွတ်သောအကြောင်း အပေါင်းသည် သမဝါယမည်၏။ တစ်ပါတစ်ပါးသော အကြောင်းသည် ဟေတုမည်၏။ ဤသို့ထူး၏။

[သမဝါယော ပစ္စယ သာမဂ္ဂီ၊ ဟေတု ပန ကေကော ပစ္စယောတိ အယ မေတေသံ ဝိသေသော ဝေဒိတဗ္ဗော။ ဋီ-၆၁]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ ၁–ဓေတ သမယာဟူသော ဝုတ္တကံပုဒ်နှင့် ဝိညေယျာ၌ ဗာတျုတ္တ ဏျပစ္စည်းတို့အရ သမဝါယ, ခဏစသော အာရုံပစ္စည်းဘရားသည် တိုဝိညေယျာ၌ အန္တတ္ထဖြစ်သော ဝိပုဗ္ဗ+ဉာဓာတ်အရ-သတိ, ဝီရိယ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် (ဝါ) သတိ, ဝီရိယ ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏပြု၏။ ပြိုင်-ယထာရဟာ-အာရမ္မဏ-အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ (၃)။ (တစ်နည်း) ယထာရဟာ-အာရမ္မဏ-အဓိပတိ-ဥပနိဿယ-ပုရေဇာတ–အတ္ထိ–အဝိဂတ။ (၆)

၂-ဝိညူနာအရ (ဝါ) ဝိညူနာဟူသော အဝုတ္တကတ္တားအရ- ပညာဉာဏ် ပစ္စည်းဘရားသည် ဝိညေယျာ၌ ဝိပုဗ္ဗ+ဉာဓာတ်အရ ဉာဏ်ကြဉ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။

ပြိုင်- ဟေ-ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)

၃–တစ်နည်း-ဝိညေယျာ၌ ထိုဝိပုဗ္ဗ+ဉာဓာတ်အရ ပညာဉာဏ်သည် ဝိညူနာအရ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟပြု၏။

ပြိုင်–(ယခင် အထက်ပါ ၁၀ - ပစ္စည်း)

၄–ဣဓဟူသော အာဓာရပုဒ်အရ- ကုသိုလ်အရာဟူသော ပစ္စည်းတရားသည် ဝိညေယျာ၌ ဝိပုဗ္ဗ+ဉာဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား ပကတူပြု၏။ ပြိုင်–မရှိ။

၅–တစ်နည်း-ဣဓအရ ကုသိုလ်စိတ္တုပ္ပါဒ်သည် ဝိညေယျာအရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင်–အာရမ္မဏ-အဓိပတိ-ဥပနိဿယ။ (၃)

(ဂ) ဝါကျ။ ဣမသ္မိံ ကုသလာဓိကာရေနှင့် ဝေဒိတဗ္ဗာတို့၌ ပြိုင်ပုံကို (ခ) ဝါကျ နံပါတ် ၄-နံပါတ်=၅ အတိုင်း ပြိုင်ပါ။ ဓေတ သမဝါယာဒယော

http://www.dhammadownload.com



ပဋ္ဌ သမယာ, ဝေဒိတဗ္ဗာ၌ တဗ္ဗပစ္စည်းတို့အရနှင့် ဝိဒခေါတ်အရ ပြိုင်ပုံကို (ခ) ဝါကျနံပါတ် ၁-အတိုင်းမှတ်။ ပဏ္ဏိတေန အရနှင့် ဝေဒိတဗ္ဗာ၌ ဝိဒခေါတ်အရ ပြိုင်ပုံကို (ခ) ဝါကျနံပါတ် ၂-အတိုင်း မှတ်။ ဝိဒခေါတ်အရနှင့် ပဏ္ဏိတေနအရ ပြိုင်ပုံကို (ခ) ဝါကျ နံပါတ် ၃-အတိုင်းမှတ်။]

(ဃ) ဝါကျ။ ၁-နဝမော ဟူသော ဝုတ္တကံပုဒ်နှင့် ဥေယျော၌ ဏျပစ္စည်းတို့အရ ဗုဒ္ဓါပ္ပါဒနဝမခဏ ဟူသော အာရုံပစ္စည်းတရားသည် ထိုဥေယျ၌ ဉာခေါတ်အရ သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်၊ (ဝါ) ဉာဏ်ပြခေါန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပြု၏။

ပြိုင်-ယထာရဟ အာရမ္မဏ-အဓိပတိ-ဥပနိဿယ။ (၃)

၂။ ခဏော ဟူသော အာကာရပုဒ်အရ-ခဏဟူသော နာမ ပ ညတ်သည် (ဝါ) နာမပညတ္တိ သဒ္ဒါသည် ဥေယျော၌ ဉာခေါတ်အရ သတိ,ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏၊ ပြိုင်-မရှိ။

၃။ [ထည့်အပ်သော ပဏ္ဏိတေနဟူသော အဝုတ္တကတ္တားအရနှင့် ဥေယျော၌ ဉာခေါတ်အရ ပြိုင်ပုံကို လည်းကောင်း။

၄။ ဥေယျော၌ ဉာခေါတ်အရနှင့် ပဏ္ဏိတေနအရ ပြိုင်ပုံကို လည်းကောင်း (ခ) ဝါကျ၌ ဆိုခဲ့သည့် ဝိညုနာ ဝိညေယျာက အတိုင်းပြိုင်။

၅။ စက္ကာနိနှင့် ဥေယျာနိ၌ ဏျပစ္စည်းတို့အရ ပတိရူပ ဒေသဝါသစသော သမ္ပတ္တိစက်ဟူသော အာရုံသည် ဥေယျာနိ၌ ဉာခေါတ်အရ-သတိ,ဝီရိယ, ဉာဏ် ပြခေါန်းသော စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရား-အား အာရမ္မဏ....ပြု၏။

ပြိုင်-ယထာရဟ-အာရမ္မဏ-အဓိပတိ-ဥပနိဿယ။ (၃)

(င) ဝါကျ။ ၁-သာ (သာမဂ္ဂီ) ဟူသော ဝုတ္တကံပုဒ်နှင့် ဉာတဗ္ဗာ၌ ဗဟုျတ္တ တဗ္ဗပစ္စည်းတို့အရ-သာမဂ္ဂီ ဟူသော ဝါ-စက္ခုပ္ပသာဒ, ရူပါရုံစသော အာရုံတို့သည် ထို ဉာတဗ္ဗာ၌ အန္တတ္ထဉာခေါတ်အရ- သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား- အာရမ္မဏ....ပြု၏။

ပြိုင်-ယထာရဟ အာရမ္မဏ-အဓိပတိ-ဥပနိဿယ။ (၃)

၂။ သမဝါယောတိ- ဟူသော အာကာရပုဒ်အရ- သမဝါယ ဟူသော နာမ ပညတ်သည် (ဝါ) နာမပညတ္တိ သဒ္ဒါသည် ဉာဘဗ္ဗာ၌ ဉာခေါတ်အရ - သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏၊ ပြိုင်-မရှိ။

၃- [ပဏ္ဏိတေနနှင့် ဉာတဗ္ဗာ၊ ၄-ဉာတဗ္ဗာနှင့် ပဏ္ဏိတေနတို့၌ ပြိုင်ပုံကို ရှေး (ခ) ဝါကျ၌ ဆိုအပ်ပြီးသော ဝိညုနာ ဝိညေယျာအရ ပြိုင်ပုံတို့ကို နည်းမှီသိ။]

http://www.dhammadownload.com

# ၄။ ကာမာဝစရ်ပုဒ် အဖွင့်

(က) တတြာယံ ဝစနတ္ထော....ပ.... ကိလေသကာမောစ၊

(ခ) တတ္ထ ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါ၀၊ ဝတ္ထုကာမော တေဘူမကဝဋ္ဋံ။

(ဂ) ကိလေသကာမော စေတ္ထ-ကာမေတီတိ ကာမော။

(ဃ) ဣတရော ပန ကာမိယတီတိ ကာမော။

(င) ယသ္မိံ ပန ပဒေသေ....ပ....သသတ္တာဝစရောဝိယ။ (ဋ္ဌ-၁၀၅)

## ကျမ်းတက်

### ဋ္ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့ဝါကျဖြင့် ကာမာဝစရ် ဟူသည် ကာမာဝစရ တရားတို့၌ အကျုံးဝင်သောဟု- (ဝါ) ကာမာဝစရ တရားတို့၌ အကျုံးဝင်သော စိတ်သည် ကာမာဝစရမည်သော - ဟု အပေါင်း အဓိပ္ပာယ် အရကောက် သမုဒါယတ္ထကို ပြဆိုတော်မူ၏။ ဤသို့သာ ပြဆိုသည်ရှိသော် ထိုကာမာဝစရ်ပုဒ်၌ ဖြစ်သော ဝစနတ္ထ အရကောက် အဓိပ္ပာယ် အဝယဝတ္ထကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာ လေသောကြောင့် ရှေ့ဝါကျဖြင့် ကာမာဝစရ ဟူသည် ကာမတရားတို့၌ အကျုံး ဝင်သော- ဟု သမုဒါယတ္ထမျှကိုသာ မဆိုသင့်၊ ထိုကာမဝစရ်ပုဒ်၌ ဖြစ်သင့်သော ဝစနတ္ထ အရကောက် အဓိပ္ပာယ် အဝယဝတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝစနတ္ထ အရကောက် အဓိပ္ပာယ် အဝယဝတ္ထကား အဘယ်ပါနည်း၊ (ဝါ) ဤဆိုလတ္တံ့ သော ဝစနတ္ထ ဟူသည် အဘယ်နည်း။ (နိဿယ) ဤသို့ မေးဖွယ်ရှိ၍ တတြာယံ ဝစနတ္ထော စသော (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား—(က) ဝါကျဖြင့် ထို ကာမာဝစရ်ပုဒ်၌ ဖြစ်သင့်သော ဝစနတ္ထ စသည်ကို ပြဆို၏-ဟူလို။

[စောဒနာတက်လျှင် အဗျာပိတ ဒေါသတင်တက်]

ထို (က) ဝါကျတွင်- တတြာယံ ဝစနတ္ထောမှ ဥဒ္ဒါနတော စ သည် သို့ ကျမ်းတက်သော်-

http://www.dhammadownload.com



ဆရာ, ဆရာသည်၊ တတြာယံ ဝစနတ္တောဖြင့် အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏။....သော်, ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။

မှတ်ချက်။ ။ ဒွေ ကာမာ ဝတ္ထုကာမော စ ကိလေသကာမော စမှ ဥဒ္ဒါနတော်သို့ ကျမ်းထွက်သော်–

ဆရာ, ဆရာသည်၊ ဒွေ ကာမာ စသောပါဠိဖြင့် ကာမတို့သည် နှစ်ပါးအပြား ရှိကုန်သော–ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော်, ဝိတ္ထာရအားဖြင့် နှစ်ပါး ဖြစ်ကောင်းအံ့လော၊ (နိဿယ) ဝါ–ဝိတ္ထာရအားဖြင့် နှစ်ပါးဖြစ်ကောင်းအံ့၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။

အဓိပ္ပာယ်ကား–ဥဒ္ဒါနတော်ဖြင့် ကာမတို့သည် ဝိတ္ထာရအားဖြင့် နှစ်ပါးဖြစ်ကောင်း သည် မဟုတ်၊ သခေ်ပအားဖြင့် နှစ် ပါး ဖြစ် ကောင်း သည် ဟု ပြဆို၏....ဟူလို။

(ခ) ဝါကျ။ ဆရာ, ဆရာသည် (က) ဝါကျဖြင့် ကာမတို့သည် ဝတ္ထုကာမ, ကိလေသကာမဟု နှစ်ပါးအပြားရှိသည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ ....သော်, ဝတ္ထုကာမ, ကိလေသကာမတို့၏ အထူးကို မပြဆိုဟု မှတ်အပ်သည် မဟုက်ပါလော, (တစ်နည်း) ဝတ္ထုကာမ, ကိလေသကာမတို့၏ အရကောက် အဓိပ္ပာယတ္ထကို (ဝါ) သရုပ်ကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။ ....စသည်။

[စောဒနာတက်လျှင် အဗျာပိတ ဒေါသတင်တက်။]

အမှာ–ဤ ခ–ဝါကျရှိ တတ္ထ....ပ....ရာဂေါဝ ဝတ္ထု....ပ....ဝဋ္ဋံ– ဟူသော ဝါကျသို့ ကျမ်းတက်လိုသော်– ဆရာ, ဆရာသည် တတ္ထ....ပ.... ရာဂေါ– ဝါကျဖြင့် ကိလေသကာမအရ ဆန္ဒရာဂကို ကောက်ယူရမည်ဟု ပြဆိုတော် မူ၏။....သော်, ဝတ္ထုကာမ၏ အရကောက်သရုပ်ကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် ဝတ္ထုကာမ, ကိလေသ ကာမတို့၏ အရကောက် အဓိပ္ပာယတ္ထသရုပ်ကို ပြဆိုတော်မူ၏။....သော်, ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ၏ ကာမမည်ခြင်း၏ အကြောင်း ဝစနတ္ထကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် (ခ) ဝါကျဖြင့် ဝတ္ထုကာမ, ကိလေသကာမတို့၏ အရကောက် အဓိပ္ပာယတ္ထ သရုပ်မျှကိုသာ မပြဆိုသင့်၊ ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ၏ ကာမမည်ခြင်းအကြောင်း

http://www.dhammadownload.com



ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝစနတ္ထကား အဘယ်ပါနည်း(ဝါ)ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမသည် အဘယ်အနက်ကြောင့် ကာမမည်ပါသနည်း၊ ဤသို့ မေးဖွယ်ရှိ၍ ကိလေသကာမော စေတ္ထ-စသော (ဂ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား—(ဂ)ဝါကျဖြင့် ကိလေသကာမသည် ဝတ္ထုကာမကို အလိုရှိတတ်သောကြောင့် ကာမ မည်၏ဟု ကာမ, မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆို၏-ဟူလို။

စောဒနာတက်လျှင်—ဆန္ဒရာဂဟုဆိုအပ်သော ကိလေသကာမ၏ ကာမ, မည်ခြင်း အကြောင်း ဝစနတ္ထကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတ ဒေါသ၊ (တစ်နည်း) သာမည၊ ဝိသေသဆန့်ကျင်သော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏ဟု (ဒေါသာရောပန စောဒနာ) ထည့်၍ တက်။

(ဃ) ဝါကျ၊ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ၏ ကာမမည်ခြင်းအကြောင်း ဝစနတ္ထကို ပြဆိုတော်မူ၏....။ သော်၊ တေဘူမကဝဋ္ဋဟု ဆိုအပ်သော ဝတ္ထုကာမ၏ ကာမမည်ခြင်းအကြောင်းကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

[စောဒနာတက်လျှင် အဗျာပိတ ဒေါသတင်တက်]

(င) ဝါကျ။ ဆရာ, ဆရာသည်၊ က-ခ-စသော ရှေးဝါကျတို့ဖြင့် ကာမဟူသောပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏၊ ဤသို့ ကာမဟူသောပုဒ်၏ ဝစနတ္ထကိုသာ ပြဆိုသည်ရှိသော် ကာမာဝစရ ဟူသောပုဒ်၏ ဝစနတ္ထကို မပြဆိုဟုမှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် က-ခ-စသော ရှေးဝါကျတို့ဖြင့် ကာမဟူသောပုဒ်၏ ဝစနတ္ထမျှကိုသာ မဆိုသင့်။ ကာမာဝစရ ဟူသောပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ကာမာဝစရဟူသောပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိ၍ ယသ္မိံ ပနစသော (င) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား—(င) ဝါကျဖြင့် ကာမာဝစရ ဟူသော ပုဒ်၏ ဝစနတ္ထကိုလည်း ပြဆို၏-ဟူလို။

စောဒနာတက်လျှင်— ကာမာဝစရ ဟူသော ပုဒ်၏ ဝစနတ္ထကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်တက်။

ထို (င) ဝါကျတွင်-သသတ္တာဝစရောဝိယသို့ ကျမ်းတက်သော်—

http://www.dhammadownload.com



ဆရာ, ဆရာသည် ယသို့ ပန....ပ....ကာမာဝစရဓာဖြင့် ကာမနှစ်ပါး တို့၏ ကျင်လည်ရာ ဖြစ်သောကြောင့် (၁၁) ပါးသော အရပ်သည် ကာမာဝစရမည်သေး ဟူ၍ ဆိုတော်မူ၏။....သော်, ထို (၁၁) ပါးသော အရပ်၌ ရူပါဝစရ အရူပါဝစ တရားတို့သည်လည်း ဖြစ်သောကြောင့် ထို (၁၁) ပါးသော အရပ်သည် ရူပါဝစရ အရူပါဝစရလည်း မည်ရာသည် မဟုတ်ပါလော။ ထိုသို့ မည်ရာလေသောကြောင့် ကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် (၁၁) ပါးသော အရပ်သည် ကာမာဝစရ မည်၏ ဟူ၍သာ မဆိုသင့်။ ထို (၁၁) ပါးသော အရပ်၏ ရူပါဝစရ, အရူပါဝစရ မမည်နိုင်ပုံကိုလည်း ဥပမာဆောင်၍ ပြဆိုသင့်သေး၏။ ထို (၁၁) ပါးသော အရပ်၏ ရူပါဝစရ အရူပါဝစရ မမည်နိုင်ပုံ ဥပမာကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ် ရှိ၍ သသတ္တာဝစရောဝိယ ဟူသော ပါဌ်ကိုမိန့်၊ အဓိပ္ပာယ်ကား– သသတ္တာဝစရောဝိယပါဌ်ဖြင့် ထို (၁၁) ပါးသော အရပ်၏ ရူပါဝစရ,အရူပါဝစရ မမည်နိုင်ပုံကို ဥပမာဆောင်၍ ပြဆို၏ ဟူလို။

စောဒနာတက်လျှင် အတိဗျာပိတ ဒေါသတင်တက်။ (တစ်နည်း) ဥပမာနှ, ဥပမေယျ ဆန့်ကျင်သော ဝိရောဓိဒေါသ တင်တက်။

[မှတ်ချက်။ ။ ဤ (င) ဝါကျ၌ (ဒုဝိဓောပေသော ကာမော) အဝစရတိမှ ပဝတ္တိဝသေနသို့ ကျမ်းထွက်သော်၊ ဆရာ, ဆရာသည်၊ ဒုဝိဓောပေသော ကာမော အဝစရတိဖြင့် နှစ်ပါးအပြားရှိသော ကာမသည် ကျင်လည်သောဟု ဆိုတော်မူ၏။.... သော် အာရုံပြုသောအားဖြင့် ကျင်လည်ပါသလော။ (နိဿယ) (ဝါ) အာရုံပြုသောအားဖြင့် ကျင်လည်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ....ဖြစ်သည်၏ အစွမ်းဖြင့် ကျင်လည်ပုံကိုလည်း ပြဆိုသင့်သေး၏။ စသည် (အဓိပ္ပာယ်ကား) ပဝတ္တိဝသေနဖြင့် အာရုံပြုသောအားဖြင့် ကျင်လည်သည် မဟုတ်၊ ဖြစ်သည်၏ အစွမ်းဖြင့် ကျင်လည်သည်ဟု ပြဆို၏ဟူလို။]

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ထို ကာမာဝစရ၏ ပုဒ်၌ ဖြစ်သင့်သော ဝစနတ္ထ, အရကောက်, အဓိပ္ပာယ်တို့ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ.... ထိုကာမာဝစရ၏ပုဒ်၌ ဖြစ်သင့်သော ဝစနတ္ထ အရကောက် အဓိပ္ပာယ် တို့ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(ခ) ဝါကျ။ ဝတ္ထုကာမ ကိလေသကာမတို့၏ အထူးကို (ဝါ) အရကောက် အဘိဓေယျတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ) ....ပ.... ဝတ္ထုကာမ ကိလေသကာမတို့၏ အထူးကိုလည်း (ဝါ) အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

http://www.dhammadownload.com



အမှာ။ ။ဤ ခ-ဝါကျရှိ ယတ္ထ....ပ....ရာဂေါဝမ္မ ဝတ္ထု....ပ.... ဝိနဲ့ ဟူသော ဝါကျသို့ ကျမ်းတက်ရာ၌ ဝိတ္ထုကာမ၏ အရကောက်သရုပ်ကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ.... ဝတ္ထုကာမ အရကောက် သရုပ်ကိုလည်း ပြဆိုသင့်သေး၏။ [နု-ရော] စသည်။

(ဂ)–ဝါကျ။ ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ၏ ကာမမည်ခြင်း အကြောင်း ဝစနတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ....ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ၏ ကာမမည်ခြင်း အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

(ဃ) ဝါကျ။ တေဘူမကဝဋ္ဋဟု ဆိုအပ်သော ဝတ္ထုကာမ၏ ကာမမည် ခြင်းအကြောင်း ဝစနတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ....တေဘူမကဝဋ္ဋဟု ဆိုအပ်သော ဝတ္ထုကာမ၏ ကာမမည်ခြင်းအကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)စသည်။

(င) ဝါကျ။ ကာမာဝစရဟူသော ပုဒ်၏ ဝစနတ္ထကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ) ....ပ....ကာမာဝစရ ဟူသော ပုဒ်၏ ဝစနတ္ထ ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။ ထို(င)ဝါကျတွင် .... သသတ္တာ-ဝစရောဝိယသို့ ကျမ်းတက်သော် ထို(၁၁)ပါးသော အရပ်၌ ရူပါဝစရ အရူပါ-ဝစရ တရားတို့သည်လည်း ဖြစ်သောကြောင့် ထို (၁၁)ပါးသော အရပ်သည် ရူပါ-ဝစရ အရူပါဝစရလည်း မည်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ) ....ပ.... ထို(၁၁) ပါးသောအရပ်၌ ရူပါဝစရ အရူပါဝစရ မမည်နိုင်ပုံကိုလည်း ဥပမာဆောင်၍ ပြဆိုသင့်သေး၏။ (နု-ရော)စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

(က) ဝါကျဖြင့် ထိုကာမာဝစရပုဒ်၌ ဖြစ်သင့်သော ဝစနတ္ထကို ဆက်လက် ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ် ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ ထို(က) ဝါကျတွင် တတြာယံ စနတ္ထောဖြင့် တိက္ခဗုဒ္ဓိပုဂ္ဂိုလ်တို့ အတွက် သခေ်ပဝါကျကို ပြရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသကို ပယ်၏။

ဥဒ္ဒါနတော စသော နောက်ဝိတ္ထာရစကားကို ထောက်လျှင်ကား ထိုတတြာ ယံ ဝစနတ္ထောဘ၌ အကျဉ်း အကျယ် ဆန့်ကျင်နေသော ဝိရောဓိဒေါသ သင့်၏။ ဥဒ္ဒါနတော စသော နောက်စကားရပ်ဖြင့် မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရ ဝါကျ ပြရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသကို ပယ်၏။

http://www.dhammadownload.com



တစ်နည်း–အကျဉ်းအကျယ် ဆန့်ကျင်နေသော ဝိရောဓိ ဒေါသကို (တစ်နည်း) အဗျာပိတဒေါသ, အပရိ ပုဏ္ဏဒေါသကို ပယ်၏။ (ခ) ဝါကျကို ထောက်လျှင် ရှေး(က)ဝါကျ၌ အဗျာပိတ ဒေါသသင့်၏။ (ခ) ဝါကျဖြင့် ထိုကာမနှစ်ပါးတို့၏ အထူးနှင့် အဘိဓေယျကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှစ်ပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ (ဂ) ဝါကျကို ထောက်လျှင် ခ–ဝါကျ၌ ဝါ (က) (ခ) ဝါကျတို့၌ သာမည, ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ, မနှစ်ပ်သော အဗျာပိတဒေါသသင့်၏။ (ဂ) ဝါကျဖြင့် ထို ဝိရောဓိဒေါသ, အဗျာပိတဒေါသ တို့ကို ပယ်၏။ ဤ(ဂ) ဝါကျနှင့်တကွ (ဃ) (င) ဝါကျတို့၌လည်း ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက် နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံတို့ကို သိပါ။ (င) ဝါကျတွင် ယသ္မိံ ပန....ပ....ကာမာဝစရော စကားရပ်၌ စကားအနက် အဓိပ္ပာယ် အလွန်ပျံ့နှံ့ နေသော အတိဗျာပိတဒေါသ ဥပမာ ဥပမေယျ ဆန့်ကျင်သော ဝိရောဓိ ဒေါသသင့်၏။

သသတ္တာဝစရောဝိယဖြင့် ထိုအတိဗျာပိတဒေါသ, ဝိရောဓိဒေါသ တို့ကို ပယ်၏။

## နိပါတ်ပုဒ်များထားပုံ

(က) ဝါကျ။ ကာမနှစ်ပါး အချင်းချင်း ပေါင်းဆည်းသော အညမည သမုစ္စည်းအနက်ကို (ဝါ) အညမည သမုစ္စယတ္ထဇောတက အဖြစ်ကို ပြလိုသော ကြောင့် (က) ဝါကျ၌ စနိပါတ် ၂–ပုဒ်ကို ဆို၏။

(ဂ) ဝါကျ။ ဝတ္ထုကာမ–ကိလေသကာမ–ဟူသော၊ ၂–ပါးသော ကာမ တို့၏ ဝစနတ္ထအထူးကို (ဝါ) ဝိသေသတ္တ၌ ဇောတကအဖြစ်ကို ပြသောကြောင့် ကိလေသကာမော စေတ္ထ၌ စသဒ္ဒါကို ဆို၏။ (တစ်နည်း) ကာမပုဒ်၏ ဝစနတ္ထကို ဆက်လက် ပြလိုသောကြောင့် (ဝါ) ဥပန္យာသ, ဝါကျာရမ္ဘ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ကိလေသကာမော စေတ္ထ၌ စသဒ္ဒါကို ဆို၏။

(ဃ) ဝါကျ။ ကိလေသကာမ–အရကောက်ရသော ဝစနတ္ထမှတစ်ပါး၊ ဝတ္ထု- ကာမ အရကောက်ရသော ဝစနတ္ထတစ်မျိုးကို (ဝါ) ပက္ခန္တရဇောတက အဖြစ်ကို ပြလိုသောကြောင့် ဣတရော ပန၌ ပနသဒ္ဒါ ထား၏။

(င) ဝါကျ။ ကာမဟူသော အစိတ်ပုဒ်၏ ဝစနတ္ထမှတစ်ပါး ကာမာဝစရ ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို (ဝါ) ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို ပြလို သောကြောင့် (တစ်နည်း) ကာမာဝစရဟူသောပုဒ်၏ ဝစနတ္ထကို ဆက်လက် ပြလို

http://www.dhammadownload.com



သောကြောင့် ယသ္မိံ ပနဥ္စ ပနသဒ္ဒါ ထား၏။ ကာမတစ်မျိုးသာ မဟုတ်၊ ကိလေသကာမ, ဝတ္ထုကာမ နှစ်မျိုးလုံး၏ သက်ဝင်၍ ကျင်လည်ရာ ဖြစ်ရာဖြစ်သောကြောင့် ကာမ (၁၁) ဘုံကို ကာမာဝစရခေါ်သည် ဟူသော အဝယဝသမုစ္စည်းအနက် ပေါင်းဆည်းပုံ အခြင်းအရာ သမုစ္စယာကာရ ပိဏ္ဍတ္ထ - အဓိပ္ပာယတ္ထကို (ဝါ) အဝယဝသမုစ္စယတ္ထဇောတကအဖြစ်ကို (တစ်နည်း) ကာမ (၁၁) ဘုံသည် ကာမ ၂-မျိုးလုံးပင် ကျင်လည်ရာဖြစ်လျှင် ကာမတစ်ပါး တစ်ပါး၏ ကျင်လည်ရာအဖြစ် ကား အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်းဟူသော သမ္ဘာဝနာအနက် အဓိပ္ပာယ် ဂရဟာ ပေါင်းဆည်းပုံကို ပြလိုသောကြောင့် (ဝါ) သမ္ဘာဝနာဇောတကအဖြစ်ကို ပြလို သောကြောင့် ဒုဝိဓောပေသောဥ္စ ပိ(အပိ) သဒ္ဒါကိုထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ [ဝစနတ္ထောပုဒ်၏ ဝိဂ္ဂဟကို ပထမတွဲ ကုသလတိုက်အဖွင့်၌ ရှု။]

ဥဒ္ဓံ ဒါတိ ရက္ခတီတိ ဥဒ္ဒါနံ။ (တတော ဥဒ္ဒါနတော)

၁။ ဥဒ်-ဒါ-နံ (ဥ-ဒ္ဒါ-နံ) ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဥပုဗ္ဗ ဒါဓာတ် ယုပစ္စည်း၊ အထက်၌ စောင့်ရှောက်ခြင်းကြိယာသည်....။

၃။ ဥဒ္ဒါနံဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အထက်၌ စောင့်ရှောက်ခြင်း ကြိယာ သည်....။ (အဘိဓာန်ဋီကာနည်း)

ဝသန္တိ ဧတ္ထာတိ ဝတ္ထု၊ ကာမိယတီတိ ကာမော။ (အစိတ်) ဝတ္ထုဧဝ ကာမော ဝတ္ထုကာမော။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဝတ္ထု၏ (ဝါ) တည်နေရာ၏ ကာမနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏေး စပ်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဝတ္ထုကာမတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်....။

ကိလေသေတီတိ ကိလေသော။ ကာမေတီတိ ကာမော။ (အစိတ်ကို)ကိလေသော ဧဝ ကာမော ကိလေသကာမော။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကိလေသာ၏ ကာမနှင့် ဝိသေသန ဝိသေသျ ဂုဏ် ဂုဏေး....စပ်....။

http://www.dhammadownload.com



၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကိလေသဂဏာမတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်....။

(ခ) ဝါကျ။ ဆန္ဒေတီတိ ဆန္ဒော၊ ရဇ္ဇန္တိ တေနာတိ ရာဂေါ။ (အစိတ်) ဆန္ဒောစေဝ ရာဂေါ ဆန္ဒရာဂေါ။ (အပေါင်း)

၂။ ထို ဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဆန္ဒ၏ ရာဂနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏေး....စပ်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော ဆန္ဒရာဂတို့၏ တစ်ခုသည်....ပ...ဇာတ်သည်....။ ဘဝန္တိ ဧတ္ထာတိ ဘူမိ။ တိဿော ဘူမိယော တိဘူမံ။ တိဘူမေ ပဝတ္တံ တေဘူမကံ။

တစ်နည်း—တိဿော ဘူမိယော ဣမဿာတိ တိဘူမံ။ တိဘူမိယေဝ တေဘူမကံ။ ဝဋ္ဋတိ (ဝတ္တတိ) ဧတ္ထကမ္မံ တဗ္ဗိပါကော စာတိ ဝဋ္ဋံ။ (အစိတ်) တေဘူမကံ စေဝ ဝဋ္ဋံ တေဘူမကဝဋ္ဋံ။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်း ဖြစ်သော ဘုံသုံးပါး၌ ဖြစ်သည်၏ ဝဋ္ဋနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏေး....စပ်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော တေဘူမကဝဋ္ဋတို့၏ တစ်ခုသည်....ပ.... ဇာတ်သည်....။

(ဂ) ဝါကျ။ ကာမာဝစရောကို ကာမေ ဧတ္ထ အဝစရတီတိ ကာမာဝ- စရောဟု ကိတန္တသမာသ် (ဝါ) ကိတန္တသမာသ် အဓိကရဏသာဓ် ဝိဂ္ဂဟ အဋ္ဌကထာ အတိုင်းပြု။

၁။ ကာ-မာ-ဝ-စ-ရော ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကာမသဒ္ဒါပုဗ္ဗပဒ အဝပုဗ္ဗ စရဓာတ် အပစ္စည်း (ကာမနှစ်ပါး၏) ကျင်လည်ခြင်းကြိယာသည်....။

၃။ ကာမာဝစရောဟူသော အပေါင်း နာမပညတ္တိ သဒ္ဒါသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော (ကာမ ၂—ပါး၏) ကျင်လည်ခြင်း ကြိယာသည်။ (တစ်နည်း) ကာမာဝစရတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။ (ဒႌဘိဓာန် ဋီကာနည်း)

တစ်နည်း—အစိတ်အပေါင်း ဝိဂ္ဂဟကား—

ကာမေတီတိ ကာမော။ ကာမိယတီတိ ကာမော။ ကာမောစ ကာမောစ ကာမာ။ (ကေသေသ်) အဝစရန္တိ ဧတ္ထာတိ အဝစရော။ (အစိတ်) ကာမာ အဝစရော ကာမာဝစရော။ (အပေါင်း)

http://www.dhammadownload.com



၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ၂-ပါးသော ကာမ၏ ကျင်လည်ရာ အရပ်နှင့် ဌာနီ ဌာန....စပ်....။

၄။ (ရှေးနည်းနှင့် တူ၏)

[ သ (သဟ) ကား နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရ။ ] သဝတိ ဟိံသတိ ဧတေနာတိ သတ္ထံ။ သဟ သတ္ထေန ယေ ဝတ္တန္တီတိ သသတ္ထာ၊ အဝစရန္တိ ဧတ္ထာတိ အဝစရော။ (အစိတ်) သသတ္ထာနံ အဝစရော သသတ္ထာဝစရော (အပေါင်း)။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော လက်နက်နှင့်တကွဖြစ်သော သူတို့၏ ကျင်လည်ရာအရပ်နှင့် ဌာနီ ဌာန....စပ်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော လက်နက်နှင့် တကွ ဖြစ်သော သူတို့၏ ကျင်လည်ခြင်း ကြိယာသည်။ (တစ်နည်း) လက်နက်နှင့်တကွ ဖြစ်သော သူတို့၏ ကျင်လည်ရာအရပ်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

## လိင် စသည် စိစစ်ပုံ

(က) ဝါကျ။ ဒွေ–(ကာမာကို ငဲ့၍) ပုလ္လိင်–သဗ္ဗနာမ်ဂိုဏ်း၊ ဋကာရန္တ၊ သဗ္ဗနာမပဒ၊ [ဝတ္ထုကာမော ပုဒ်လုံးကို ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ] ဝတ္ထု-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ်နာမ်ပုဒ်။

(ခ) ဝါကျ။ [ဆန္ဒရာဂေါ ပုဒ်လုံးကို ပုလ္လိင်။ ပုရိသာဒိဂိုဏ်းခွဲ]ဆန္ဒ-ပုလ္လိင်၊ မနောဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။

(ဂ) ဝါကျ။ ကာမေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ (ကမုဓာတ် ဖြစ်သောကြောင့်) ဥကာရန္တ၊ အာချာတပဒ။ (ကမု ယ တိ)။

(ဃ) ဝါကျ။ ကာမိယတိ–အလိင်၊ စုရာဒိဂိုဏ်း (တစ်နည်း) ဘူဝါဒိဂိုဏ်း၊ ဥကာရန္တ၊ အာချာတပဒ။ (ကမု ယ တေ)

(င) ဝါကျ။ ပဝတ္တိဝသေန ပုဒ်လုံးကို ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ၊ ထိုတွင် ပဝတ္တိကား-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။ စတုန္နံ-(အပါယာနံကိုငဲ့၍) ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သဗ္ဗနာမပဒ၊ ဆန္နံ (ဒေဝလောကာနံကိုငဲ့၍) ပုလ္လိင်၊ တစ်နည်း-အလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာ

[မှတ်ချက်။ ။ ကာမာဝစရန္တိကတမေ ဓမ္မာ....ပ....ပရိယာပန္နာ-ဟူသော [၄-၁၀၄]၌ အာဘော်ဖော်သော်– ကတမေ ဓမ္မာ....ပ.... အာဒိနာ နယေနဖြင့် ဟောပုံ အခြင်းအရာ အကိုးသာဓကအဖြစ်ကိုလည်းကောင်း၊ [ဘာဝတ္ထ] ကာမာဝစရံ ဟူသော မူလပုဒ်ရင်းအရ ကာမ [၁၁]ဘုံကို ယူရမည်ကိုလည်းကောင်း [အဘိဓေယျတ္ထ] သိစေ၏၊ ပုစ္ဆာသုဖြင့် ဤကတမေ စသော ပါဠိတော်ကို ဘုရားရှင် ဟောသည်၏ အဖြစ်ကို သိစေ၏။ [ဘာဝတ္ထ] ကာမာဝစရ ဓမ္မေသု ပရိယာပန္နဖြင့် -ကာမာဝစရအရ ဤနေရာ၌ ကာမာဝစရ တရားအားလုံးကို မယူရ၊ ကာမာဝစရေသု ပရိယာပန္နံ ကာမာဝစရံဟု ပရိယာပန္န တဒ္ဓိတ်ဝိဂ္ဂဟပြု၍၊ ကာမာ-ဝစရ တရား၌ ပါဝင်သော စိတ်ကိုသာ ယူရမည်ကို လည်းကောင်း [ပစ္စယတ္ထ အဘိဓေယျတ္ထ] ကာမာဝစရတရားတို့၌ ပါဝင်သော စိတ်ကို ဤနေရာ၌ ကေဒေသျူပစာအားဖြင့် ကာမာဝစရခေါ်သည် ဟူသော အဓိပ္ပါယ်ကို လည်းကောင်း [ဘာဝတ္ထ] သိစေ၏။]

ထို့ပြင် ဤဝါကျကို – ကျမ်းတက်လျှင်လည်း - ယသ္မိံ သမယေ ဟူသော ပုဒ်၏ အနက်အဖွင့်မှတစ်ပါး ကာမာဝစရံ ဟူသောပုဒ်၏ အနက်အဓိပ္ပာယ် ဖြစ်သည်ကို ရှုတက်]

(က) ဝါကျ။ တတြာယံ ဝစနတ္ထောဖြင့် ထိုကာမာဝစရံပုဒ်၌ ဤ ဆိုလတ္တံ့သော ဝစနတ္ထကို သိအပ်၏, သိရမည်ဟူသော ဥယျောဇဉ် စကားပျိုးကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (က) ဝါကျဖြင့် အကျဉ်းအားဖြင့် ကာမတို့သည် ဝတ္ထုကာမ, ကိလေသ ကာမအားဖြင့် နှစ်ပါးအပြားရှိ၏ဟု သိစေ၏။ (ဘာဝတ္ထ) စနှစ်ပုဒ်ဖြင့် အညမည သမုစ္စယတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ)

(ခ) ဝါကျ။ တတ္ထဖြင့် နိဒ္ဒါရဏ၊ (နိဒ္ဒါရဏသမုဒါယ) အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါဖြင့် ကိလေသကာမ အရ–(ကိလေသေတီတိ ကိလေသော၊ ကာမေတီတိ ကာမော၊ ကိလေသော စ ကာမော ကိလေသကာမောဟု–ဝစနတ္ထ ပြု၍) ဆန္ဒရာဂကို ကောက်ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း-ဧဝကို သီးခြားဖော်သော်– ထိုဧဝဖြင့် ကိလေသကာမအရ-တစ်ပါးသော တရားကို မယူရ၊ (ဝါ) တေဘူမက တရားအားလုံးကို မယူရ၊ ဆန္ဒရာဂကိုသာ ယူရမည်ဟု အဝဓာရဏတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ) ဝတ္ထုကာမော တေဘူမကဝဋ္ဋံဖြင့် ဝတ္ထုကာမအရ–(ဝသန္တိ ဧတ္ထာတိ ဝတ္ထု၊ ကာမိယတီတိ ကာမော၊ ဝတ္ထု စ ကာမော ဝတ္ထုကာမောဟု ဝစနတ္ထပြု၍) တေဘူမကဝဋ္ဋတရားကို ကောက်ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



(ဂ) ဝါကျ။ စဖြင့် ဝိသေသတ္ထဇောတက၊ (တစ်နည်း) ဥပန္ယာသတ္ထ၊ ဝါကျာရမ္ဘတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ) တွေဖြင့်။ နိဒ္ဒါရဏ (နိဒ္ဒါရဏသမုဒါယ) အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ကိလေသကာမောဖြင့် ကာမအရ ကိလေသကာမကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ကာမေဟိဖြင့် ကာမေဟိ ကမုဓာတ်၏ အဖြစ်ကို လည်းကောင်း၊ (ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓ်အနက်၌ သက်သည်ကို လည်းကောင်း၊ ကာမေတီတိ ကာမောဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း(ဒု-ပစ္စယတ္ထ၊အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ) ဣတရောဖြင့် ကာမအရ ဝတ္ထုကာမကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ကာမီယတီဖြင့် ကာမော၌ ကမုဓာတ်၏အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကမ္မသာဓန အနက်၌ သက်သည်ကို လည်းကောင်း ကာမီယတီတိ ကာမောဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း၊ (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

(င) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ) ယသ္မိံ ပဒေသေ....ပ....ကောဒသဝိဓော ပဒေသော ဖြင့် ကောဒသဝိဓအရ—အပါယ်လေးဘုံ, လူ့ဘုံ, နတ် ၆-ဘုံတို့ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဒုဝိဓော ပေသော ကာမောဖြင့် ကာမာဝစရေ၌ ကာမအရ — ဝတ္ထုကာမ, ကိလေသကာမ နှစ်ပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ပဝတ္တိဝသေန အဝစရတိဖြင့် ကာမာဝစရေ၌ (ဝါ) အဝစရတိ၌ အဝစရဟူသည် (ဝါ) ကျင်လည်ခြင်းဟူသည် အာရုံ၏အစွမ်းအားဖြင့် ကျင်လည်ခြင်း မဟုတ်၊ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ကျင်လည် ခြင်း ပင် တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) ကာမော တွေ အဝစရတိဖြင့် ကာမာဝစရေ၌ ကာမသဒ္ဒါပုဗ္ဗပဒ အဝပုဗ္ဗ စရဓာတ်၏ အဖြစ်ကို လည်းကောင်း၊ (ဒု-ဓာတုပဒ) အ ပစ္စည်း၏ အဓိကရဏသာဓ်အနက်၌ သက်သည်ကိုလည်းကောင်း၊ ကာမော တွေ အဝစရတီတိ ကာမဝစရောဟု ကိတန္တသမာသ် အဓိကရဏ သာဓ် ဝစနတ္ထပြုရမည်ကို လည်းကောင်း ( ဒု-ပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ ) သိစေ၏။

တစ်နည်း—အဝစရတိ တွေ့ာတိ အဝစရောဟု အဓိကရဏသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း, အ ပစ္စည်း၏ အဓိကရဏသာဓ် အနက်၌ သက်သည်ကိုလည်းကောင်း, ကာမဿ အဝစရော ကာမာဝစရောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ (ဒု-ပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

http://www.dhammadownload.com



သသတ္တာ ဝစရောဝိယဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာန အဖြစ်ကို သိစေ၏။(တစ်နည်း) လက်နက်မပါသော အခြားသူများ လှည့်လည် နေ ထိုင်ကြ သော်လည်း ဥပလက္ခဏနည်းအားဖြင့် လက်နက်ကိုင်သူတို့ဖြင့် အရပ်ကို မှတ်သား၍ 'သသတ္ထာဝစရဟု, ခေါ်ရသကဲ့သို့- ထို့အတူ ကာမ (၁၁) ဘုံကို ရူပါဝစရ, အရူပါဝစရဟု မခေါ်မူ၍ ကာမာဝစရဟုသာ ခေါ်ရတော့သည်ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဥဒ္ဒါနတော၌ ဥသဒ္ဒါ ဥဒ္ဓံ ကမ္မ အနက် (ဝါ) ဥဒ္ဓံ အနက်ဟော။ စသဒ္ဒါနှစ်ပုဒ် အညမညသမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

(ခ) ဝါကျ။ ဆန္ဒရာဂေါ၌ ဝေသဒ္ဒါ-အဝခါရဏတ္ထ။ ၁-ဆန္ဒရာဂသည် ဂဟေတဗ္ဗတ္ထ။ ၂-တစ်ပါးသောတရား (ဝါ) ဆန္ဒရာဂမှတစ်ပါးသော တေဘူမကဝဋ်တရားသည် နိဝတ္တေတဗ္ဗတ္ထ၊ ၃-ဆန္ဒရာဂ၏ တစ်ပါးသော သံယောဇဉ်စသော အမည်သည် အနုညာတတ္ထ။

(ဂ) ဝါကျ။ စသဒ္ဒါ-ဝိသေသတ္ထဇောတက (နိဿယ) (တစ်နည်း) ဥပနျာသတ္ထ, ဝါကျာရမ္ဘတ္ထ ဇောတက။ ဣတိသဒ္ဒါ ဟေတွတ္ထဇောတက, (တစ်နည်း) ဣဒံ အနက်ဟော။

(ဃ) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထ ဇောတက။

(င) ဝါကျ။ ပနသဒ္ဒါ-ပက္ခန္တရတ္ထ ဇောတက။

ဒု-ဝိဓောပေသော၌ ပိ (အပိ) သဒ္ဒါ-အဝယဝသမုစ္စယတ္ထ။ သမ္ဘာဝနတ္ထ။ [ထို ပိ (အပိ) ၏ အဓိပ္ပာယ်ကို ရှေးနိပါတ်ထားပုံ အခန်း၌ ရှု။] အဝစရတိ၌ အဝသဒ္ဒါ ဩဂါဠှ (ဩဂါဟန)အနက်ဟော။[ဋ္ဌ-၄၁၇] အဝဂါဟ အနက်ဟော။ [ဋီ-၁၇၆]တစ်နည်း-ရှေးနိဿယအလို-အဝသဒ္ဒါ ဓာတွတ္ထာနုဝတ္တက။ အပါယာနံ၌ အပသဒ္ဒါ - အပဂတတ္ထ, (ဝါ) အပေတတ္ထ။ မနုဿာနံ၌ လိုက်စေအပ်သော စသဒ္ဒါ, ဆန္ဒဥ္စ စသဒ္ဒါတို့သည် အညမည သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။သသတ္ထာ၌ ရှေးသသဒ္ဒါ-သဟတ္ထ။ (တစ်နည်း) ထိုသနှင့် ထိုသ၏ ကာရီ သဟသဒ္ဒါ-သမကြိယတ္ထ တုလျယောဂတ္ထ။ ဝိယသဒ္ဒါ-ပဋိဘာဂတ္ထ (ဝါ) ဥပမာအနက်ကို ဟော၏။

## သဗ္ဗနာမ်အစုံ, ဝိသယနာမည်

(က) ဝါကျ။ တတြ၌ တသည် ကာမာဝစရ ပုဒ်ကို စွဲ၏။ ဆိုအပ်ပြီးသော ကာမာဝစရ ပုဒ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com



(င) ဝါကျ။ သောဝ္ဌ တေသည် ကာမေဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။ သောဝ္ဌ တသည် ပဒေသောဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅-တန် ထုတ်ပုံ

(ခ) ဝါကျရှိ ကိလေသကာမော ဆန္ဒရာဂေါ,

(ဂ) ဝါကျရှိ ကိလေသကာမော ကာမေတိ, (ဃ) ဝါကျရှိ ကာမိယတိဒ္ဓ ကမုဓာတ်တို့အရ....

၁။ ဆန္ဒရာဂ တဏှာလောဘဟူသော ကိလေသ ကာမသည်....။

၂။ အယောနိသော မနသိကာရသည်, (တစ်နည်း) သံယောဇနိယ တရားတို့၌ သာယာသည်၏ အစွမ်းဖြင့် ရှုမြင်ခြင်းသည်။

၃။ သာဝဇ္ဇဒုက္ခ ဝိပါကသည်။

၄။ ဗာလူပသေဝန, အသဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ ဒုဂ္ဂတိဘဝ စသည်သည်၊ (ဝါ) အပါယ်ဘုံ၌ ပဋိသန္ဓေနေရခြင်း, အပါယ် ဆင်းရဲအမျိုးမျိုး ခံစားရခြင်း စသည်တို့သည်....။

## သိဒ္ဓိရနိုင်ပုံ

ကာမာဝစရန္တိ ကတမေ ဓမ္မာ....ပ....ပရိယာပန္နာ (၄-၁၀၄)၌ ကာမာဝစရ မည်သည်၏ အဖြစ်ကို ဤ ကတမေ ဓမ္မာ စသော ပါဠိအာဂမဖြင့် ပြီးစေအပ် သောကြောင့် (ဝါ) ဤ ကတမေ ဓမ္မာ စသော ပါဠိတော်ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

## ပဋ္ဌာန်းပစ္စည်းပိုင်

(ဂ) ဝါကျ။ ၁။ ကိလေသကာမော အရ- လောဘ စေတသိက် ပစ္စည်း တရားသည် ကာမေတိ ကြိယာပုဒ်အရ လောမူစိတ် ဂ-ခု လောဘကြဉ်သော စေတသိက် စေဝိသ ပစ္စယုပ္ပန်တရားအား သဟ ပြု၏။

ပိုင်—ဟေတု-သဟဇာတ - အညမည - နိဿယ-သမ္ပယုတ္တ-အတ္ထိ-အဝိဂတ (၇)။

၂။ ဝတ္ထုကာမံ ဟူသော ပါဠေသေသ ကံပုဒ်အရ တေဘူမကဝဋ် အာရုံပစ္စည်း တရားသည် ကာမေတိ ကြိယာပုဒ်အရ ဆန္ဒရာဂ, တဏှာလောဘ ကိလေသကာမ အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏပြု၏။ ပိုင်—အာရမ္မဏ-အာရမ္မဏာ ဓိပတိ-အာရမ္မဏူပနိဿယ (၃)။ (တစ်နည်း) အာရမ္မဏ အာရမ္မဏပုရေဇာတ- အာရမ္မဏပုရေဇာတတ္ထိ-အာရမ္မဏပုရေဇာတ အဝိဂတ (၄)။ (တစ်နည်း) အာရမ္မဏ-

http://www.dhammadownload.com



အဓိပတိ–ဥပနိဿယ–ပုရေဇာတ–အတ္ထိ-အဝိဂတ (၇)။ (တစ်နည်း) နိဿယ–ဝိပ္ပယုတ္တတည့်၍ ယထာရဟ(၈) ပစ္စည်း။

(ဃ) ဝါကျ။ ၁။ (ဂူထရောပုဒ်ကို ထမ္ဗတ္ထကြံခိုက်) ဂူထရောနှင့် ကာမိယတိဠ်ဗာဟျတ္တ တေဝိဘတ်အရ တေဘူမကဝဋ္ဋတရားသည် ထိုကာမယတိဠ် ကမ္မဓာတ်နှင့် ကိလေသ ကာမေန ဟူသော ပါဌ်သေသ ဆတ္ထားပုဒ်တို့အရ တဏှာလောဘ စေတသိက်အား အာရမ္မဏပြု၏။ ပြိုင်–(ယခင် အထက်ပါ (၈) ဝါကျ နံပါတ် ၂ ကနှင့် တူ၏။)

၂။ ကိလေသ ကာမေန ဟူသော ပါဌ်သေသ ကတ္တားပုဒ်အရ– လောဘစေတသိက်သည် ကာမိယတိဠ် ကမ္မဓာတ်အရ–လောဘမူ စိတ္တုပ္ပါဒ်အား သဟပြု၏။ ပြိုင်–ဟေ-သဟ-ည-နိဿ-တ္ထိ-အဝိ (၇)။

(င) ဝါကျ။ ၁-ယသ္မိံ ပဒေသေအရ-ဘာမ (၁၁) ဘုံ ပစ္စည်းတရားသည် (ဒုဝိဓောပေသော ကာမော ပဝတ္တိဝသေန) အဝစရတိအရ–ကာမ ၂–ပါး ပစ္စယုပ္ပန်တရားအား ပကတူ....ပြု၏။ ပြိုင်–မရှိ။ (ပဝတ္တိဝသေနကို ထောက်၍ ပကတူပဆိုသည်) (တစ်နည်း ယသ္မိံ ပဒေသေအရ–ကာမ (၁၁)ဘုံ၌ ရှိသော ဂူဠှနိပ္ဖန္နရုပ်သည် (ဒုဝိဓောပေသော ကာမော) အဝစရတိအရ ၂-ပါးသော ကာမအား အာရမ္မဏ....ပြု၏။

ပြိုင်—အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ (၃)။ (တစ်နည်း) ပြိုင်–ယထာရဟ–အာ-ဓိ-နိ-ဥပ-ပု–ဝိပ္ပ-တ္ထိ-အဝိ (၈)

၂။ ကာမောအရ–လောဘသည် အဝစရတိအရ လောဘမူ စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်–ဟေ-သဟ—ည–နိ-သံ-တ္ထိ-အဝိ (၇)။

၃။ ဤ (င) ဝါကျရှိ (သဟိတော) ဒုဝိဓောပေသော ကာမော, နောက်၌ (သဟိတော) ကာမောတို့ဝယ် တေဘူမကဝဋ္ဋတရား ဝတ္ထုကာမ အာရုံသည် ဆန္ဒရာဂဟု ဆိုအပ်သော ကိလေသကာမ တဏှာလောဘအား အာရမ္မဏပြု၏။ ပြိုင်–ယထာရဟ–အာ-ဓိ-နိ–ဥပ-ပု-ဝိပ္ပ—တ္ထိ—အဝိ (၈)။

၄။ ဇေသာ စတုန္နံ....ပ....ကောဒသဝိဓော ပဒေသော ဌေအရ–ကာမ (၁၁) ဘုံသည် ကာမော အဝစရတိအရ ဘာမ ၂-ပါးအား ပကတူပြု၏။

၅။ (ဤ၌ ကာမော အဝရစတိ ပြုပုံကို ယခင်အထက်ပါ ကာမော အဝစရတိက အတိုင်း မှတ်။)

http://www.dhammadownload.com

# ၅-ကာမာဝစရံပုဒ်အဖွင့် (ခ)

(က) သဒ္ဒါယံ ယထာ ရူပါဝေါ ရူပံ၊...ပ...ကာမော့တ္တဝ ဝုစ္စတိ။

(ခ) ဝေမိဒံ စိတ္တံ....ပ....ကာမေ အဝစရတီတိ ကာမာဝစရံ။

(ဂ) ကိဉ္စာပိ ဟိ တံ....ပ....ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ။

(ဃ) အာရမ္မဏ ကရဏဝသေန ဝါ ဧတ္ထ ကာမေ အဝစရတီတိပိ ကာမာဝစရံ။

(င) ကာမဉ္စေသ....ပ....ဝေ သမ္မဒမိဒံ ဝေဒိတဗ္ဗံ။

(စ) အပိစ....ပ....အဝစာရေတီတိပိ ကာမာဝစရံ [ဋ္ဌ-၁၀၄-၅]

အနက်ထူး-[(က) ဝါကျကို ပါဠိသေသထည့်၍ နိဿယအတိုင်း အနက်ပေး]

(စ) ဝါကျ၌ အပိစ အနက်ပေးပြီးနောက်-ဣဒံ စိတ္တံ-ဤစိတ်သည်၊ (ဝါ) ဤ ကာမာဝစရကုသိုလ်စိတ်သည်၊ (တစ်နည်း) ဤ ကာမကုသိုလ်, အကုသိုလ်စိတ်သည်-ဟု ကတ္တားထည့်ပေး။ ထို့ပြင် အပိစ အနက်ပေးပြီးနောက် ယံစိတ္တံ-အကြင်စိတ်သည်-ဟု အနိယတ် ကတ္တားကိုလည်းကောင်း, ကာမာဝစရံပုဒ်ရှေ့က တံစိတ္တံ-ထိုစိတ်သည်-ဟု နိယတ်ကတ္တားကို လည်းကောင်း ထည့်၍ တစ်နည်း ပေးနိုင်သည်။ ထို့ပြင် ပဋိသန္ဓိံ-ပဋိသန္ဓေကို၊ အဝစာရေတိ-ကျင်လည်စေတတ်၏ဟု ဟေတုကတ္တား ထင်အောင်ပေး။ (ဂဏ္ဌိ) အပိစအနက် မျိုးစုံကိုမူ ပထမအုပ် (၃ဂဝ) ၌ ရှု။ ထို အနက်များအပြင် အပိစ-တစ်နည်းလည်း၊ (သို့မဟုတ်) အပိစ-တစ်နည်းကား၊ ဟုလည်း ပေးနိုင်သေး၏။ (နိဿယ ဒု ၃၃ဂ)၊

ကာမာဝစရံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို သံဝဏ္ဏနာနှင့် အညီ အနက်သမ္ဗန်သော်-

၁။ (ခ) ဝါကျ သံဝဏ္ဏနာအရ-ကာမာဝစရံ - ၁၁-ပါးသော အရပ်ဟု ဆိုအပ်သော ကာမဘုံ၌ ကျင်လည်တတ်သော။

၂။ (က-ခ) ၂-ဝါကျ သံဝဏ္ဏနာအရ-ကာမာဝစရံ - ကာမနှစ်ပါး၏ ကျင်လည်ရာ ကာမ (၁၁)ဘုံ၌ ကျင်လည်တတ်သော-ဟု သဒ္ဒတ္ထနှင့် ကျေလေသော အဝစရဟူသော နောက်ပုဒ်အနက်ပါ ထင်အောင်ပေး။

၃။ (ဃ) ဝါကျ သံဝဏ္ဏနာအရ-ကာမာဝစရံ-ကာမတဏှာ၏ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်ရာဖြစ်သော။

http://www.dhammadownload.com



၄။ (စ) ဝါကျ သံဝဏ္ဏာနာအရ ကာမာ်ဝစရံ-ကာမဘဝဟု ဆိုအပ်သော ကာမဘုံ၌ ပဋိသန္ဓေကို ကျင်လည်စေတတ်, ဖြစ်စေတတ်သောဟု အသီးသီး အနက်ပေး။

ဝေါဟာရတ္ထပေးသော်— ကာ မာ ဝ စ ရံ - ကာမာဝစရမည်သော-ဟု ပေး။ သဒ္ဒတ္ထပေးပါဆိုလျှင် ယခင်အနက်များပင်တည်း။ (င) ဝါကျရှိ ယတ္တကာ၏ နိယတ် ထည့်ပေးသော် သဗ္ဗေသံ၊ ကုန်သော။ တတ္တကာနံ၊ ထိုမျှအတိုင်းအရှည်ရှိသော သတ္တဝါတို့၏။ (ဝါ) တတ္တကာနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။-ဟုပေး။

## ကျမ်းတက်

### ဌပနာပဥ္စကပုစ္ဆာတက်

[အမှာ ဤ(က)ဝါကျရှေးရှိ ယထာဟိ စသောဝါကျကို ကျမ်းတက်သော်— ဆရာ,သသတ္တာဝစရေဝိယဟု အကျဉ်းသခေ်ပစကားကို ဆရာဆိုတော်မူ၏။-သော်, ထိုအကျဉ်းသခေ်ပစကား၏ အကျယ်ဝိတ္ထာရကို မပြဆိုဟု မှတ်အပ်သည် မဟုတ် ပါလော၊ (ဝါ) မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော.... စသည်။]

(က) ဝါကျ။ ဆရာ,ဆရာသည်၊ ရှေးဝါကျဖြင့် ကာမ (၁၁) ဘုံ ဟူသော ဤအရပ်ကို ကာမာဝစာရဟူ၍သာ ဆိုအပ်သောဟု ပြဆိုတော်မူ၏။....သော် ကာမာဝစရဟူသောပုဒ်၏ ဥတ္တရပဒလောပအဖြစ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာ သည် မဟုတ်ပါလော...ပ....ကာမာဝစရဟူသော ပုဒ်၏ ဥတ္တရပဒ လောပအဖြစ် ကိုလည်း ပြဆိုသင့်သေး၏....စသည်။ (ဂဏ္ဌိမှီ)

တစ်နည်း- (ဌပနာတူ၏) (၁၁) ပါးသော အရပ်ကို ဤ၌ ကာမာဝစရ ဟူ၍ ဆိုအပ်သလော၊ (နိဿယ) (ဝါ) ဆိုအပ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ....ပ....ထို (၁၁)ပါးသောအရပ်ကို ဤ၌ ကာမာဝစရ မဆိုမူ၍ အဝစရ ဟူသော နောက်ပုဒ်ချေကာ ကာမဟူ၍သာ ဆိုအပ်သည်ကိုလည်း ပြဆိုသင့်သေး၏....စသည်။

[မှတ်ချက်။ ။ ကာမောတွေဝ ဝုစ္စတိမှ ဥတ္တရပဒလောပံ ကတွာသို့ ကျမ်းထွက်သော် ဆရာ,ဆရာသည်၊ ကာမောတွေဝ ဝုစ္စတိဖြင့် ကာမဟူ၍ ဆိုအပ်သော ဟု ဆိုတော်မူ၏။....သော်၊ ကာမာဝစရသဒ္ဒါကို ကာမပြု၍ ကာမောဟု ဆိုအပ်ပါသလော၊ (ဝါ) ဆိုအပ်၏ဟု မှတ်အပ်သည် မဟုတ်ပါ လော။....စသည်။ ဥတ္တရပဒလောပံ ကတွာမှ ယထာ ရူပဘဝေါ ရူပံ ဝေံသို့ ကျမ်းထွက်သော်—

ဆရာ,ဆရာသည် ဥတ္တရပဒလောပံ ကတွာဖြင့် နောက်ပုဒ်ကိုချေ၍ ဟု ဆိုတော်မူ၏။ ဤသို့ပင် ဆိုသော်လည်း နောက်ပုဒ်ကို ချေ၍

http://www.dhammadownload.com



ဆိုထုံး မရှိဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ.... နောက်ပုဒ်ကို ချေ၍ ဆိုထုံးကိုလည်း (ဝါ) ဆိုထုံးကို ပြသော ပါဠိရပ်ကိုလည်း ပြဆိုသင့်သေး၏၊ စသည်။]

(ခ) ဝါကျ။ ဆရာ,ဆရာသည် (က) ဝါကျဖြင့် အဝစရဟူသော နောက်ပုဒ်ကို ချေ၍ ကာမဟူ၍သာ ဆိုအပ်သောဟု ပြဆိုတော်မူ၏။....သော် နောက်ပုဒ်ကို ချေ၍ ကာမောဟု ဆိုသဖြင့် အကျိုး တစ်စုံတစ်ခုမျှ မရှိဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....နောက်ပုဒ်ကိုချေ၍ ကာမောဟုဆိုသဖြင့် ရရှိအပ်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏။ နောက်ပုဒ်ကိုချေ၍ ကာမောဟုဆိုသဖြင့် အဘယ်အကျိုး ရှိပါသနည်း (နိဿယ) စသည်။

တစ်နည်း-စိတ်ကို အရကောက်သောအခါ ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရမည်ခြင်းအကြောင်းကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ စသည်။

တစ်နည်း-စိတ်ကို အရကောက်သောအခါ "ကာမာဝစရာဝစရ" ဟု ဆိုရမည်လော။ (ဝါ) ဆိုရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....စိတ်ကို အရကောက်သောအခါ "ကာမာဝစရာဝစရ" ဟု မဆိုမူ၍ ကာမာဝစရဟု ဆိုရပုံကိုလည်း ပြဆိုသင့်သေး၏။ စသည်။

[မှတ်ချက်။ ။ ဤ နောက်ဆုံးနည်း ကျမ်းတက်သည် တိုက်ရိုက်အားဖြင့် (ခ) ဝါကျ ကျမ်းတက်ဖြစ်သင့်သည်၊ နိဿယသစ်၌ကား (က) ဝါကျ ကျမ်းတက် အဖြစ် ဆိုထားသည်၊ ထို့ကြောင့် ထိုအလို (က) ဝါကျကျမ်းတက်လည်း ဖြစ်သင့်သည်ဟု မှတ်ပါ။ ထိုပြင် (က-ခ)၊ ဝါကျကို တစ်ဝါကျတည်း အဖြစ်ထား၍ ကျမ်းတက်လျှင် ဤ (ခ) ဝါကျ ယခင် အထက်ပ နောက်ဆုံးနည်း ကျမ်းတက်အတိုင်းတက်။]

(ဂ) ဝါကျ။ ဆရာ,ဆရာသည် (ခ) ဝါကျဖြင့် ကာမဘုံ၌ ကျင်လည်တတ်သောကြောင့် ၅၄-ပါးသော စိတ်သည် (ဝါ) ပဌမကာမာဝစရ မဟာကုသိုလ်စိတ်သည် ကာမာဝစရမည်သောဟု ဆိုတော်မူ၏။ ဤသို့ပင် ဆိုသော်လည်း ဤ ၅၄-ပါးသော စိတ်သည် (ဝါ) ပဌမ မဟာကုသိုလ်စိတ်သည် ကာမဘုံ၌သာ ကျင်လည်သည်မဟုတ်၊ ရူပဘုံ, အရူပဘုံ၌လည်း ကျင်လည်တတ်သောကြောင့် ရူပါဝစရ အရူပါဝစရလည်း မည်ရာသည် မဟုတ်ပါလော။ (နိဿယ) ထိုသို့ရူပါဝစရ, အရူပါဝစရလည်း မည်လေရာသောကြောင့် ၅၄-ပါးသော စိတ်သည် (ဝါ) ပဌမ မဟာကုသိုလ်စိတ်သည် ကာမာဝစရမည်သောဟူ၍သာ ဆရာမဆိုသင့်၊ ထို ၅၄-ပါး သော စိတ်၏ (ဝါ) ပဌမ မဟာကုသိုလ်စိတ်၏ ရူပါဝစရ, အရူပါဝစရ မမည်

http://www.dhammadownload.com



ပုံကိုလည်း ပြဆိုသင့်သေး၏။ ထို ၅၄-ပါးသော စိတ်၏(ပထမမဟာကုသိုလ်စိတ်၏) ရူပါဝစရ အရူပါဝစရ မမည်ပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသော ကြောင့် ကိဉ္စာပိဟိ အစရှိသော (ဂ)ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား—(ဂ)ဝါကျဖြင့် ၅၄-ပါးသောစိတ်ကို(ဝါ)ပထမ မဟာကုသိုလ်စိတ်၏ ကာမာဝစရ အမည်သာရ၍ ရူပါဝစရ, အရူပါဝစရ မမည်ပုံကိုလည်း ဥပမာဆောင်၍ ပြဆို၏ဟူလို။

**စောဒနာတက်သော်** — ၅၄-ပါးသောစိတ်၏ (ဝါ)ပထမမဟာကုသိုလ်စိတ်၏ ရူပါဝစရ အရူပါဝစရ မမည်ပုံကို မပြဆိုခဲ့သော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏ (တစ်နည်း)အဗျာပိတ ဒေါသ သင့်ရောက်ရာ၏ဟု ( ဒေါသာရောပနစောဒနာ ) ထည့်ဘက် (တောင်တွင်းနိယံ—၁၂၀—အဖြေ၌ အဗျာပိတ ဒေါသ တင်၏။)

**အဓိပ္ပာယ်ကား** — (ဂ) ဝါကျဖြင့် ၅၄-ပါးသောစိတ်၏ (ဝါ)ပထမမဟာကုသိုလ် စိတ်၏ ရူပါဝစရ,အရူပါဝစရ မမည်ပုံကိုလည်း ဥပမာဆောင်၍ ပြဆိုသောကြောင့်....ပ....ဟူလို။(နိဿယအလိုအားဖြင့် ရှေးနည်း ပုစ္ဆာကျမ်းတက်ကိုပင် စောဒနာတက်ဟု ဆိုနိုင်၏။)

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ခ-ဂ)ဝါကျတို့ဖြင့် ကာမာဝစရပုဒ် ဝိဂ္ဂဟ ကာမာဝစရ မည်ခြင်းအကြောင်း အဓိပ္ပာယ်တို့ကို ပြဆိုတော်မူ၏၊ သော်၊ အခြား တစ်ပါးဖြစ်သင့်သော ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ ကာမာဝစရမည်ခြင်း၏ အကြောင်း ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် (ဃ) ဝါကျဖြင့် ကာမစိတ် ၅၄—ပါးသည် အာရုံပြုသည်အစွမ်းဖြင့် ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာ- ဝစရဟု ဆိုတော်မူ၏။ ဤသို့ပင်ဆိုသော်လည်း, ထို ကာမတဏှာသည် (ဝါ) ထို ကိလေသကာမသည် ရူပါရူပစိတ်တို့၌လည်း ကျင်လည်သောကြောင့် ထို ရူပါရူပ စိတ်တို့သည်လည်း ကာမာဝစရမည်သင့်သည် မဟုတ်ပါလော၊ ထိုသို့ ကာမာဝစရ မည်သင့်လေသောကြောင့် (ဃ) ဝါကျဖြင့် ၅၄—ပါးသောစိတ်သည် ကာမတဏှာ ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်သော ဟူ၍သာ မဆိုသင့်။ ရူပါ ရူပစိတ်တို့၏ ကာမာဝစရမမည်ပုံကိုလည်း (ရူပါရူပစိတ်တို့၏ ကာမာဝစရအမည် မရ ပုံကိုလည်း) ပြဆိုသင့်သေး၏။ ရူပါရူပစိတ်တို့၏ ကာမာဝစရ မမည်ပုံကား အဘယ် ပါနည်း။

ဤသို့ မေးဖွယ် ရှိသော ကြောင့် ကာမဋ္ဌေသ စသော (င) ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား—(င) ဝါကျဖြင့် ရူပါရူပစိတ်တို့၏ ကာမာဝစရအမည်မရပုံကို လည်း ဥပမာနှင့်တကွ ပြဆို၏—ဟူလို။

http://www.dhammadownload.com



စောဒနာတက်လျှင်—ရူပါရူပစိတ်တို့၏ ကာမာဝစရ အမည် မရပုံကို မပြဆိုခဲ့သော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု (ဒေါသာရောပနစောဒနာ) ထည့်တက်။

(စ) ဝါကျ။ ဆရာ, ဆရာသည် ရှေးဝါကျတို့ဖြင့် (ဝါ) (ခ-ဃ)–ဝါကျတို့ဖြင့် ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရမည်ခြင်း အကြောင်းတို့ကို ပြဆိုတော်မူ၏။....သော်, အခြားတစ်ပါးဖြစ်သင့်သော ကာမာဝစရပုဒ်၏ ဝိဂ္ဂဟကာမာဝစရ မည်ခြင်းအကြောင်းတို့ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

**စောဒနာတက်သော်=အဗျာပိတဒေါသတင်တက်။**

## ပါဠိနာဒိကျမ်းတက်

**ယထာဟ စသော ရှေးဝါကျ**— ထိုစကားရပ်၏ အနက် အဓိပ္ပာယ်ကို အကျဉ်းအားဖြင့်သာ သိထိုက်၏၊ အကျယ်အားဖြင့် မသိထိုက်ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (ဝါ) အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ) ....ပ.... ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) ....စသည်။

(က) ဝါကျ။ ကာမာဝစရ—ဟူသော ပုဒ်၏ ဥတ္တရပဒလောပ အဖြစ်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ကာမာဝစရ ဟူသော ပုဒ်၏ ဥတ္တရပဒလောပ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(ခ) ဝါကျ။ ဤသို့ နောက်ပုဒ်ကိုချေ၍ ကာမော-ဟုဆိုသဖြင့် အကျိုးတစ်စုံတစ်ခုမျှ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....နောက်ပုဒ်ကိုချေ၍ ကာမော—ဟုဆိုသဖြင့် ရရှိအပ်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)

တစ်နည်း–ကာမာဝစရပုဒ် ဝိဂ္ဂဟ, ကာမာဝစရမည်ခြင်း အကြောင်းကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....ကာမာဝစရ ဟူသော ပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရမည်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) စသည်။

(ဂ) ဝါကျ။ ဤ ၅၄-ပါးသော စိတ်သည် (ဝါ) ဤပထမ မဟာကုသိုလ်စိတ်သည် ကာမဘုံ၌သာ ကျင်လည်သည်မဟုတ်၊ ရူပဘုံ အရူပဘုံ၌လည်း ကျင်လည်တတ်သောကြောင့် ရူပါဝစရ အရူပါဝစရလည်း မည်ရာ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ထို ၅၄-ပါးသောစိတ်၏ (ဝါ) ပထမ မဟာကုသိုလ်စိတ်၏ ရူပါဝစရ အရူပါဝစရ အမည်မရမူ၍ ကာမာဝစရ အမည်သာ ရပုံကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ အခြားတစ်ပါးသော ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရ မည်ခြင်းအကြောင်းကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ.... အခြားတစ်ပါးသော ဖြစ်သင့်သော ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရ မည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(င) ဝါကျ။ ကာမတဏှာသည် (ဝါ) ကိလေသကာမသည် ရူပါရူပစိတ်တို့၌ ကျင်လည်သောကြောင့် ရူပါရူပစိတ် တို့သည်လည်း ကာမာဝစရမည်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ရူပါရူပစိတ်တို့၏ ကာမာဝစရမည်ပုံ ကိုလည်း (ရူပါရူပစိတ်တို့၏ ကာမာဝစရ အမည်မရပုံကိုလည်း) ပြဆိုသင့်သေး၏။

(စ) ဝါကျ။ အခြားတစ်ပါးသော ဖြစ်သင့်သော ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ ကာမာဝစရ မည်ခြင်းအကြောင်းကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ....အခြားတစ်ပါးသော ဖြစ်သင့်သော ကာမာဝစရ ပုဒ်၏ ဝိဂ္ဂဟ ကာမာဝစရမည်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

(က) ဝါကျဖြင့် ကာမာဝစရော ဟူသောပုဒ်၌ အဝစရဟူသော နောက်ပုဒ် ကျေသည်၏ အဖြစ်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ် ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ခ) ဝါကျဖြင့် နောက်ပုဒ်ကိုချေ၍ ကာမောဟု ဆိုသဖြင့် ရရှိအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြဆိုသောကြောင့် နိရတ္ထကဒေါသကို ပယ်၏။

တစ်နည်း—ကာမာဝစရပုဒ်၏ ဝိဂ္ဂဟ, ကာမာဝစရမည်ခြင်း အကြောင်းကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

(ဂ)ဝါကျဖြင့် ၅၄-ပါးသော စိတ်၏ (ဝါ) ပဌမ မဟာကုသိုလ် စိတ်၏ ရူပါဝစရ-အရူပါဝစရ မမည်ပုံကို ပြလိုက်သဖြင့် စကားအလွန် မပျံ့နှံ့သောကြောင့် (ဝါ) အနက်အဓိပ္ပာယ် အလွန်မပျံ့နှံ့သောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။ (တစ်နည်း) ("ဝါကျာရမ္ဘ ဝိရောဓ-အဗျာပိတတင်" နှင့် အညီ) (ဂ) ဝါကျဖြင့် အဗျာပိတဒေါသ, ဝိရောဓိ ဒေါသတို့ကို ပယ်၏။ (ဃ) ဝါကျဖြင့် ကာမာဝစရပုဒ်၏ အခြားတစ်ပါး ဖြစ်သင့်သော ဝိဂ္ဂဟကို ပြလိုက်သဖြင့် အလိုရှိ အပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။

ရတနာ့ဂုဏ်ရည် (၁၀)

http://www.dhammadownload.com



(င) ဝါကျ ဖြင့် ရူပါရူပစိတ်တို့၏ ကာမာဝစရ မမည်ပုံကို ပြလိုက်သဖြင့် စကား—ဝါကျ- အနက်အဓိပ္ပာယ် အလွန်မပျံ့နှံ့သောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။ (တစ်နည်း) (ယခင်) (ဂ) ဝါကျဆောင်ပုဒ်နှင့် အညီ အဗျာပိတဒေါသ, ဝိရောဓိ ဒေါသတို့ကို ပယ်၏။

(ခ) ဝါကျ ဖြင့် အဗျာပိတဒေါသ ပယ်ပုံကို (ဃ) ဝါကျအတိုင်း သိ။ [အမှာ—ဤ ပြဆိုခဲ့သော နောက်နောက်ဝါကျတို့ဖြင့် ပယ်သော ဒေါသသည်ပင် ရှေးရှေး ဝါကျတို့၌ သင့်သော ဒေါသဖြစ်သည်ကို သိပါ]။

## ဝါသဒ္ဒါလဲပုံ

ကာမဘုံ၌ ကျင်လည်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှ တစ်ပါး၊ ကာမတဏှာ၏ (ဝါ) ကိလေသကာမ၏ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်ရာ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလှယ်လို သောကြောင့် (ဃ) ဝါကျ၌ ဝါသဒ္ဒါထား၏။

## အပိစသဒ္ဒါ ထားရပုံ

ကာမတဏှာ၏ (ဝါ) ကိလေသကာမ၏ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်ရာ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ ကာမဘုံ၌ ပဋိသန္ဓေကို ကျင်လည်စေတတ်, ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော သကတ် အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (စ) ဝါကျ၌ အပိစသဒ္ဒါ ထား၏။

## ဝုစ္စတိပုဒ်များ ထားရပုံ

ကာမာဝစရ သဒ္ဒါ၏ ဥပစာသဒ္ဒါ အဖြစ်ကို (ဝါ) ဥပလက္ခဏနည်း ကေ- ဒေသူပစာ (အဝယဝူပစာ) သဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် ယထာ ဟိ ....ပ....ဝုစ္စတိဟူသော ရှေ့ဝါကျ၌ ဝုစ္စတိ သဒ္ဒါထား၏။

(ဃ) ဝါကျ။ ကာမသဒ္ဒါ၏ ဥပစာသဒ္ဒါအဖြစ်ကို (ဝါ) ဌာနီဖြစ်သော ကာမတဏှာ၏ ကာမဟူသော အမည်ကို ဌာနဖြစ်သော (၁၁) ပါးသော အရပ်၌ တင်စားခေါ်ဝေါ်သော ဌာနျူပစာသဒ္ဒါအဖြစ်ကို (တစ်နည်း) ဥတ္တရပဒလောပ အဖြစ်ကို ပြလိုသောကြောင့် ကာမာတွေဝ ဝုစ္စတိ၌ ဝုစ္စတိသဒ္ဒါ ထား၏။

(ဂ) ဝါကျ။ သဂ်ါမာဝစရ သဒ္ဒါ၏ ဥပစာသဒ္ဒါအဖြစ်ကို (ဝါ) ကေ— ဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် သဂ်ါမာဝစရောတွေဝ ဝုစ္စတိ၌ ဝုစ္စတိ

http://www.dhammadownload.com



သဒ္ဒါထား၏။ ထလစရ, ဇလစရသဒ္ဒါတို့၏ ဥပစာသဒ္ဒါအဖြစ်ကို (ဝါ) ကေဒေသျူပစာအဖြစ်ကို ပြလိုသောကြောင့် ထလစရာ ဇလစရာတွေဝ ဝုစ္စန္တိဥ္ ဝုစ္စန္တိသဒ္ဒါထား၏။

## နိပါတ်ပုဒ်များထားရပုံ

ရှေ့သခေ်ပစကားကို အကျယ်ချဲ့ ပြလိုသောကြောင့် (ဝါ) ဝိတ္ထာရဇောတက အဖြစ်ကို ပြလိုသောကြောင့် ယထာ ဟိ စသော ရှေး၀ါကျ၌ ဟိနိပါတ်ကို ထား၏။ ချီးမွမ်း မြှောက်ပင့်သော သမ္ဘာဝနာ အနက်နှင့် အရှစိသံသူစန, ဂရဟာပေါင်းဆည်းပုံ အခြင်းအရာ အနက်အဓိပ္ပာယ်ကို ပြလိုသောကြောင့် ယထာ ဟိ စသော ရှေး၀ါကျ၀ယ် ဝိဇ္ဇမာနေသုပိ ၂-ပုဒ်တို့၌ လည်းကောင်း, (ဂ) ၀ါကျရှိ စရန္တောပိ-ဌိတာပိ-အာ၀စရန္တမ္ပိ ပုဒ်တို့၌ လည်းကောင်း ပိ (အပိ) သဒ္ဒါထား၏။

(ဂ) ၀ါကျ။ ဤ ၅၄-ပါးသော စိတ်သည် (ဝါ) ပထမ မဟာကုသိုလ် စိတ်သည် ရူပဘုံ, အရူပဘုံတို့၌လည်း ဖြစ်ပါပေ၏-ဟူသော အနုဂ္ဂဟ, သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် ကိဥ္စာပိသဒ္ဒါ ထား၏။ ၅၄-ပါးသော စိတ်၏ (ဝါ) ပထမ မဟာကုသိုလ်စိတ်၏ ရူပါ၀စရ, အရူပါ၀စရ မမည်ပုံကို ဆက်လက် ပြလိုသောကြောင့် (ဝါ) ဥပန္យာသ၊ ၀ါကျာရမ္ဘဇောတက အဖြစ်ကို ပြလိုသောကြောင့် ဟိနိပါတ်ကို ထား၏။ ဤ ၅၄—ပါးသော စိတ်သည် ကာမ (၁၁) ဘုံ၌သာ ကျင်လည်သည် မဟုတ်သေး၊ ရူပဘုံ, အရူပဘုံတို့၌လည်း ကျင်လည်သေး၏-ဟူသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို (ဝါ) ဘမုစ္စယတ္ထ သမ္ပိဏ္ဍနတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် ရူပါရူပဘဝေသုပိ၌ ပိ (အပိ) ထား၏။ ထိုသို့ပင် ကျင်လည်သော်လည်း ရူပါ၀စရ, အရူပါ၀စရ မမည်ဟူသော ဂရဟာအနက်ကို ပြလိုသောကြောင့် ပနနိပါတ်ထား၏။

သမုစ္စည်းအနက်, သမ္ပိဏ္ဍနအနက်တို့ကို ပြလိုသောကြောင့် ထလဇလ စရာစ, အဇလေစတို့၌ စသဒ္ဒါများ ထား၏။

(ဃ) ၀ါကျ။ ကာမာဝစရပုဒ်၏ သတ္တမီကပ္ပုရိသ်သမာသ် ၀စနတ္ထ အနက် အကြောင်းမှတစ်ပါး၊ ဆဋ္ဌီတပ္ပုရိသ်သမာသ်၀စနတ္ထ အနက်အကြောင်းတစ်ပါးကို လဲလှယ်ပြလိုသောကြောင့် ပိ(အပိ)သဒ္ဒါထား၏။

(င) ၀ါကျ။ ဤ ကာမတဏှာသည် ရူပစိတ်, အရူပစိတ်တို့၌လည်း ဖြစ်ပေ၏ ဟူသော အနုဂ္ဂဟ, သမ္ဘာဝနာ, အနုညာအနက်ကို ပြလိုသောကြောင့် ကာမံ-ထား၏။ ကာမာဝစရပုဒ်၏ အနက်အဓိပ္ပာယ်ကို ဆက်လက် ပြလိုသောကြောင့်

http://www.dhammadownload.com



(ဝါ) ဥပန္ယာသ, ဝါကျာရမ္ဘဇောတက အဖြစ်ကို ပြလိုသောကြောင့် ကာမဒ္ဓေသဒ္ဒ စသဒ္ဒါထား၏။ ကာမာဝစရစိတ်ကို ပေါင်းဆည်းသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် ရူပါ ရူပါဝစရေသုပိ၌ ပိ (အပိ) သဒ္ဒါထား၏။ ထိုသို့ ကျင်လည်သော်လည်း ရူပါ ရူပစိတ်တို့၏ ကာမာဝစရ မမည်ဟူသော ဂရဟာ အနက်ကို ပြလိုသောကြောင့် ယထာပနဌ ပနသဒ္ဒါ ထား၏။ ဝဒတိတိ ဝစ္ဆော ဟူသော ဝစနတ္ထ၏ အကျယ်မှတစ်ပါး မဟိယ် သေတီတိ မဟိံသော ဟူသော ဝစနတ္ထ၏အကျယ်ကို (ဝါ) ဝိကပ္ပနတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် မဟိယ် ဝါ၌ ဝါသဒ္ဒါ ထား၏။

(စ) ဝါကျ။ အဝစရပုဒ်၏ သုဒ္ဓကတ္တုသာဓနအနက် အကြောင်းမှတစ်ပါး၊ ဟေတုကတ္တု သာဓန အနက် အကြောင်း တစ်ပါးကိုလည်း ပြလိုသောကြောင့် ပိ (အပိ) ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က-၁) ဝါကျ။ ဤ ဝါကျများ၏ သံဝဏ္ဏနာအရ ကာမာဝစရရဲ၌ အစိတ် အပေါင်း ဝိဂ္ဂဟကား-ကာမေတီတိ ကာမော။ ကာမီယတီတိ ဝါ ကာမော။ အဝစရတိ ဗွောတိ အဝစရော။ ကာမသော အဝစရော ကာမော။ (က-ဝါကျအလို ဥတ္တရပဒလောပ) အဝစရတီတိ အဝစရံ (အစိတ်) ကာမေ အဝစရံ ကာမာဝစရံ။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကာမ(၁၁)ဘုံ၏ ကျင်လည်တတ်သော စိတ်နှင့် ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်....။

၄။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကာမ (၁၁) ဘုံ၌ ကျင်လည်ခြင်း ကြိယာသည် (ဝါ) စိတ်တို့၏ ကာမာဝစရအဖြစ်ဖြင့် တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာ-ဟု ဆိုအပ်သော ဇာတ်သည်....။

(သ) ဝါကျ။ သံဝဏ္ဏနာအရ သံဝဏ္ဏေတဗ္ဗ ကာမာဝစရံ အစိတ်အပေါင်း ဝိဂ္ဂဟကား-ကာမေတီတိ ကာမော။ အဝစရတိ ဗွောတိ အဝစရံ။ (အစိတ်) ကာမသော အဝစရံ ကာမာဝစရံ။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကာမတဏှာ၏ ကျင်လည်ရာ ကာမ စိတ်နှင့် အာရမ္မဏိက အာရုံ....စပ်....၊

၄။ ထို ပဝတ္တိ၏အကြောင်းဖြစ်သော ကာမာဝစရ စိတ်တို့၏တစ်ခုသည်....ပ.... ဇာတ်သည်....။

http://www.dhammadownload.com



(င) ဝါကျ။ ရူပါဒီသု သဥ္ဇတီတိ (သဉ္ဇတီတိ) သတ္တာ၊

၂။ သဉ်-ဇန်'တိ (သ-ဥ-ဇ္ဇတိ)ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကပ်ငြိခြင်း ကြိယာသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကပ်ငြိခြင်းကြိယာသည်....။

မှတ်ချက်။ ။ သတ္တော-ဟု ကေဝစနန္တ ရှိရာ၌ ရူပါဒီသု သဇ္ဇတီတိ သတ္တော၊ (ရူပါဒီသု သဇ္ဇတီတိ သတ္တော) ဟု ဝိဂ္ဂဟပြု။)

ယတ္တကာ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား- ယကား သဗ္ဗနာမ် ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုကောင်း။

တစ်နည်း-သဗ္ဗနာမဘာဝံ ယာတီတိ ယံ။ (ဆရာတော်ဦးဗုဓ်မူ-ဓာတုဗျူဟနေတ္တိ ဟာရဒီပနီ။)

ယံ ပရိမာဏံ ဧတေသန္တိ ယတ္တကာ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အကြင် အတိုင်း အရှည်၏ (ဝါ) အကြင် အတိုင်း အရှည်ဟူသော ဂုဏ်၊ တစ်နည်း အနိယမသော ဂုဏ်၏ သတ္တဝါတို့နှင့် ဂုဏ် ဂုဏီး....စပ်....။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော အတိုင်းအရှည်ရှိခြင်း-ဟူသောဂုဏ်သည် (ဝါ) အကြင် အတိုင်းအရှည်-ဟူသော ဂုဏ်သည်....။

(စ) ဝါကျ။ သံဝဏ္ဏနာအရ ကာမာဝစရ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား- ကာမိယတီတိ ကာမော။ အဝစာရေတီတိ အဝစာရံ။ (အစိတ်) ကာမေ အဝစာရံ (အဝစရံ) ကာမာဝစရံ။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကာမဘုံ၏ ကျင်လည်စေတတ်, ဖြစ်စေတတ်သော စိတ်နှင့် အကြောင်းအကျိုး (ဌာနဌာနီ)....စပ်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကာမာဝစရ စိတ်တို့၏ တစ်ခုသည် ....ပ....ဇာတ်သည်။

## လိင်စသည် စိစစ်ဝေဖန်ပုံ

ကတ္တာ-အလိင်။ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ၊ တစ်နည်း-ကိတ်ပုဒ်၊ ကာမောဝတ္ထုဝကို ကာမော ဣတိ ဧဝ ဟု ပုဒ်ဖြတ်၍ ၃-ချက်ခွဲ။ ဝုတ္တိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ပကတိကာရန်၊ အတွင်းကာရန်၊ ဝစဓာတ် ဖြစ်သောကြောင့်) အကာရန္တ၊ အာချာတပဒ။ [ဝစ+ယ+တေ] အဝစရတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတပဒ။ [အဝ စရ အ တိ]ထိုတွင်-အဝကား-အလိင်၊ဂဏဝိမုတ်၊

http://www.dhammadownload.com



အကာရန္တ၊ ဥပသဂ္ဂပဒဟု ခွဲနိုင်သေး၏။ စရန္တော-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ အဝစရန္တံ-နပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ ကာမံ—အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။ မဟိယံ-ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ (မဟာ၊ ပထဝါယံ နဒါဒိ-အဘိဓာန်ဋီကာ) ဤကာရန္တ၊ နာမ်ပုဒ်။ သေတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (သိဓာတ်ဖြစ်သောကြောင့်) ဤကာရန္တ။

ကစ်နည်း—(သိဓာတ်ဖြစ်သောကြောင့်) ဣကာရန္တ၊ အာချာတပဒ။ [သီ(သိ) အ တိ] (သမ္ပဒမိဒံကို သမ္ပဒံ ဣဒံ ပုဒ်ဖြတ်) သမ္ပဒံကား (မူလ အရင်းခံ လိင်အားဖြင့် ဣဒံ သမ္ပဒံ အယံ ဥပမာယ သမ္ပတ္တိ-နိဿယ—ပ-၅၅-ကိုထောက်၍ ဣတ္ထိလိင်မှ နပုလ္လိင်ပြန်နေသောကြောင့်) ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတ်နာမ်ပုဒ်။ ဣဒံလည်း(ယခင်ရှေးနည်းတူ လိင်ပြန်နေသောကြောင့် မူလအရင်းခံ လိင်အားဖြင့်) ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)အကာရန္တ သဗ္ဗနာမပဒ။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ သွာယံဖြင့် ကာမာဝစရံ၌ (ကာမဿ အဝစရော ကာမောဟု ဥတ္တရပဒလောပ သမာသ်ဝစနတ္ထပြု၍) အပါယ်စသော ကာမ ၁၁-ဘုံကို ယူရမည်ကို သိစေ၏။ (အဘိဓေယျတ္ထ) ဥတ္တရပဒလောပံ ကတွာ ကာမောတွေ ဝုတ္တိဖြင့် ကာမဿ အဝစရော ကာမာဝစရောဟု ဆိုလိုလျက်၊ အဝစရဟူသော နောက်ပုဒ်ကို ချေ၍၊ ကာမဟုသာ ဆိုအပ်၏ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ၊နေယျတ္ထ) ယထာ ရူပဘဝေါ ရူပံ၊ ဇေံဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနအဖြစ်ကို သိစေ၏။ (တစ်နည်း) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဟူသော ပါဠိ၌ ရူပဘဝဟု ဆိုလိုလျက် ဘဝဟူသော နောက်ပုဒ်ကို ချေ၍၊ ရူပ—ဟု ဆိုအပ်သကဲ့သို့၊ ထို့အတူ ဤ၌လည်း အဝစရဟူသော နောက်ပုဒ်ကို ချေ၍ ကာမဟု ဆိုထားသည်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဇေံဖြင့် အဝစရတိ၌ ကျင်လည်ခြင်းဟူသည် ဆိုအပ်ပြီးသော နည်းဖြင့် ကျင်လည်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (တစ်နည်း) လဒ္ဓဂုဏဇောတက အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ၊) ဣဒံ စိတ္တံဖြင့် ကာမာဝစရံ အရ ကာမစိတ် ၅၄—ပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဣမသ္မိံ ကောဒသ ပဒေသ သန်ိါတေဖြင့် ကာမေ၌ ကာမအရ—အပါယ် စသော ကာမ (၁၁)ဘုံကို ယူရမည်ကို သိစေ၏။ (အဘိဓေယျတ္ထ) ကာမေ အာစရတိဖြင့် ကာမာဝစရံ၌ ကာမသဒ္ဒူပပဒ အဝပုဗ္ဗ စရဓာတ်၏ အဖြစ်ကို လည်းကောင်း, (ဒု—ဓာတုပဒ) အ(ဏ)ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုလည်းကောင်း၊ အဝစရတီတိ အဝစရံဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း(ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) ကာမေ အဝစရံ ကာမာဝစရံ ဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို

http://www.dhammadownload.com



လည်းကောင်း (သမာသလိင်္ကတ္ထ) သိစေ၏၊ ဇူတိဖြင့် ကာမာဝစရသဒ္ဒါ၏ သကတ် အနက်ကို (ဝါ) ဟေတုတ္ထဇောတက အဖြစ်ကို (ဝါ) နာမလာဘဟိတ် အဖြစ်ကို သိစေ၏။ (သကတ္ထ၊ အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ကတ္ထ)

(ဂ) ဝါကျ။ ဟိဖြင့် ဥပန္ယာသ-ဝါကျာရမ္ဘ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ကတ္ထ) ကြွင်းသော (ဂ)ဝါကျဖြင့် ဤ ၅၄-ပါးသော စိတ်သည် ရူပဘုံ, အရူပဘုံတို့၌ ကျဉ်လည်ငြားလည်း ရူပါဝစရ, အရူပါဝစရ, အမည်မရဘဲ ကာမာဝစရ အမည်သာရ၏ ဟူသော အနက်အဓိပ္ပာယ်ကို ဥပမာနှင့်တကွ သိစေ၏။ (အကျဉ်း) (ဘာဝတ္ထ) [အကျယ်ကို အနက်ရှိသရွေ့ ဖော်ပါ။]

(ဃ) ဝါကျ။ ဝါဖြင့် ကာမာဝစရသဒ္ဒါသည် ဖွင့်ဆိုအပ်ပြီးသော အနက်၌သာ ဖြစ်သည် မဟုတ်သေး၊ ဆိုလတ္တံ့သော အနက်ကိုလည်း ဖြစ်သေး၏ဟု သိစေ၏။ တစ်နည်း၊ ဝိကပ္ပနတ္ထ, နယန္တရတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ ဘာဝတ္ထ) အာရမ္မဏ ကရဏဝသေနဖြင့် အဝစရတိ၌ ကျင်လည်ခြင်းဟူသည် ဖြစ်သည်၏ အစွမ်းဖြင့် ကျင်လည်ခြင်းမျိုးမဟုတ်။ (ဗျ) အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည် ခြင်းပင်တည်း (နွ) ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) ဧတ္ထ ကာမေ အဝစရတိဖြင့် ကာမာဝစရ၌ ကာမသဒ္ဒူပပဒ အဝပုဗ္ဗ စရဓာတ်၏ အဖြစ်ကို လည်းကောင်း, (ဒု-ဓာတုပဒ) အ (ဏ) ပစ္စည်း၏ အဓိကရဏသာဓန အနက်၌ သက်သည်ကိုလည်းကောင်း, အဝစရတိ ဧတ္ထာတိ အဝစရံဟု ဝိဂ္ဂဟပြုရမည်ကို သည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) ကာမဿ အဝစရံ ကာမာဝစရံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်္ကတ္ထ)သိစေ၏။ ပိ(အပိ)ဖြင့် မျှေးဝစနတ္ထကို ပေါင်းဆည်းသော သမုစ္စယတ္ထ သမ္ပိဏ္ဍနတ္ထ ဇောတက၊ တစ်နည်း–မျှေးဝစနတ္ထကို ရှုင့်သော အပေက္ခတ္ထ ဇောတက အဖြစ်ကိုသိစေ၏။(အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ကတ္ထ)

(င) ဝါကျ။ စဖြင့် ဥပန္ယာသ, ဝါကျာရမ္ဘဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ကတ္ထ) ကြွင်းသော(င) ဝါကျဖြင့် ဤကာမတဏှာသည် ရူပါ ရူပ စိတ်တို့၌ ကျင်လည်သည်ရှိသော် ရူပါရူပစိတ်တို့၏ ကာမာဝစရ အမည် ရပုံကို ဥပမာနှင့်တကွ သိစေ၏။ (အကျဉ်း) (ဘာဝတ္ထ)

[အကျယ်ကို အနက်ရှု၍ ဖော်ပါ]

(စ) ဝါကျ။ အပိစဖြင့် ဆိုအပ်ပြီးသော အနက် ၂-ပါး၊ ဝစနတ္ထ ၂-ပါး ကြောင့်သာ ကာမာဝစရ မည်သည် မဟုတ်သေး၊ ဤဖွင့်ဆိုလတ္တံ့သော အနက် ဝစနတ္ထကြောင့်လည်း ကာမာဝစရမည်သေး၏ ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း, ဝုဋ္ဌိညာဉ် စကားပျိုး အဖြစ်ကို လည်းကောင်း သိစေ၏။ တစ်နည်း – အပိစဖြင့်

http://www.dhammadownload.com



အတ္ထန္တရ ဝိကပ္ပနတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ဘာဝတ္ထ၊နိပါတလိင်္ဂတ္ထ) ကာမဘာဝသခ်ါတေဖြင့် ကာမေ၌ ကာမအရ ကာမ (၁၁)ဘုံကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ပဋိသန္ဓိဖြင့် အဝစာရေတိ၌ ကျင်လည်စေခြင်း, ဖြစ်စေခြင်း ဟူသည် ပဋိသန္ဓေကို ကျင်လည်စေခြင်းကို ဖြစ်စေခြင်း ဟူသော အဓိပ္ပာယ်ကို (ဝါ) ကာရိတ်ဏေပစ္စည်း၏ ကံအဖြစ် သိစေ၏ (ဘာဝတ္ထ၊ နေယျတ္ထ) ကာမေ အဝစာရေတိဖြင့် ကာမာဝစရ၌ ကာမသဒ္ဒါပုပဒ အဝပုဗ္ဗစရ ဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) အ (ဏ) ပစ္စည်း၏ ဟေတုကတ္တုသာဓ် အနက်၌ သက်သည်ကိုလည်းကောင်း, အဝစာရေတိတ် အဝစာရံဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) စ၏ အစိတ်အာကို ရဿပြု၍ ကာမာဝစရံဟု ပြီးသည်ကို လည်းကောင်း(ဘာဝတ္ထ၊နေယျတ္ထ) ကာမေ အဝစရံ ကာမာဝစရံဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း(သမာသ-လိင်္ဂတ္ထ) သိစေ၏။ ဣတိဖြင့် ကာမာဝစရသဒ္ဒါ၏ သကတ်အနက်ကို (ဝါ) ဟေတွတ္ထဇောတက အဖြစ်ကို (ဝါ) နာမလာဘဟိတ် အဖြစ်ကို သိစေ၏။ (အတ္ထ၊ဘာဝတ္ထ၊ နေယျတ္ထ) ပိ (အပိ) ဖြင့် ရှေးဝစနတ္ထကို ဖပေါင်းဆည်းသော သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ ဇောတက၊ တစ်နည်း၊ ရှေးဝစနတ္ထကို ရှုငဲ့သော အပေက္ခတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နိပါတလိင်္ဂတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

ယထာဟိစသော ရှေးဝါကျနှင့် က-ဂ-င-ဝါကျတို့၌ ပါသော ယထာ ဧဝံ သဒ္ဒါများ ပဋိဘာဂတ္ထ၊ (ဝါ) ဥပမာအနက်။ တစ်နည်း၊ ယထာသဒ္ဒါ ဥပမာန အနက်။ ဧဝံသဒ္ဒါ ဥပမေယျအနက်။ ယထာဟိစသော ရှေးဝါကျဝယ် ဝိဇ္ဇမာနေသုပိ ၂-ပုဒ်၊ (ဂ) ဝါကျရှိ စရဒန္တောပိ-ဌိတာပိ-အဇစရန္တမ္ပိ ပုဒ်တို့၌ ရှိသော ပိ (အပိ) သဒ္ဒါများ သမ္ဘာဝနတ္ထ။ ရှိသည်, ကျင်လည်သည်, တည်သည်, ကျင်လည်သည် ဟူသော အမြတ်ဟောပုဒ်နောင် ထိုင်သောကြောင့်တည်း။ တစ်နည်း၊လက္ခဏနောက် ပါ၊ ပိသဒ္ဒါရှိ အရှစိ (တွင်းကြီးနိယံ-၁၂၁)နှင့် အညီ အရုစျတ္ထ, ဂရဟတ္ထတည်း။

မှတ်ချက်။ ။ ပိ (အပိ) တို့၏ သမ္ဘာဝနာ, ဂရဟာအနက်ယူနည်း(အယူအဆ)။

ဆောင်- (က) အမြတ်-အများ၊ နောက်ထိုင်ပြား၊ ပိကား သမ္ဘာဝနာ။
(ခ) အနည်း-အယုတ်၊ နောက်၌ထုတ်၊ ပိပုဒ်ဂရဟာ။ (နိဿယ-တရူပကဏ္ဍ-၃၁၃)]

## တောင်တွင်းနှင့် ဘုရားကြီးနိယံဝါဒ

၁။ အနည်း, အယုတ်၊ ပုဒ်နောင်ထုတ်၊ ပိယုတ်ဂရဟာ။
၂။ အမြတ်, အများ၊ နောက်ထိုင်ပြား၊ ပိကား သမ္ဘာဝနာ။ (တောင်တွင်း နိယံ-၁၁၀-၁)

http://www.dhammadownload.com



၄။ အပ္ပ, ဟီန၊ ဝါစကနောက်၊ ရောက်သည့် ဂရဟာ၊ ပိသဒ္ဒါကား၊ သမ္ဘာဝနာကို ပေါင်းဆည်းထွန်းမြဲ။
၅။ ဗဟု, ပဏီတ၊ ဝါစကနောက်၊ ရောက်သည့် သမ္ဘာဝနာ၊ ပိသဒ္ဒါကား၊ ဂရဟာကို ပေါင်းဆည်းထွန်းမြဲ။ [ဘုရားကြီးနိယံ-၁၄၄-၅]

ဤဋီ-န်သာယနှင့် ဤနိယံတို့အလို ပိ(အပိ)ထိုင်ရာပုဒ်နက်ကို စွဲ၍ (ပါ) ကြည့်ရှု၍ ပိ၏ သမ္ဘာဝနာ, ဂရဟာအနက်ကို ယူရသည်။

## တွင်းကြီးနိယံဝါဒ

၁။ အယုတ်နောက်လာ၊ ပိသဒ္ဒါ၊ ဆည်းရာအမြတ်၊ သမ္ဘာဝနာ တစ်နည်းမှတ်။
၂။ အမြတ်နောက်လာ၊ ပိသဒ္ဒါ၊ ဆည်းရာအယုတ်၊ ကျမ်းဦးထုတ်သည်ဂရဟာ။ (တွင်းကြီးနိယံ-၁၁၉-၁၂၀။)

ဤနိယံအလို ပေါင်းဆည်းအပ်သော အနက်ကို စွဲ၍ ပိ၏ သမ္ဘာဝနာ ဂရဟာ အနက်ကို ယူရသည်။

## ဇွှေရေးဆောင်နိယံဝါဒ

၁။ အနည်း, အယုတ်၊ ပုဒ်နောင်ထုတ်၍၊ ပိယုတ် ဂရဟာ၊ ဖြစ်ပါတုံလည်း၊ စပ်ရာပုဒ်မှာ၊ များ,မြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူ သမ္ဘာဝနာပေ။
၂။ အမြတ်, အများ၊ နေထိုင်ငြား၍၊ ပိကား သမ္ဘာဝနာ၊ ဖြစ်ပါတုံလည်း၊ စပ်ရာပုဒ်မှာ၊ ယုတ်နည်းပါမူ၊ ဂရဟာယူ၊ ပေါင်းမူ ဂရဟာပေ။
၃။ ထိုင်ရာ, စပ်ရ၊ နှစ်ဝလုံးမှာ၊ ယုတ်နည်းပါမူ၊ ဂရဟာယူ၊ ပေါင်းမူ သမ္ဘာဝနာပေ။
၄။ ထိုင်, စပ်ရှိရာ၊ များ, မြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူ ဂရဟာပေ။ (ဇွှေရေးဆောင်နိယံ-၂၉၂-၅)။

ဤနိယံအလိုစပ်ရာ ပုဒ်အနက်ကိုစွဲ၍ ပိ၏ သမ္ဘာဝနာ, ဂရဟာအနက် ယူရသည်။

ပုံစံထုတ်၍ ရှင်းပြချက်။ ။သိဿော အာစရိယေန ဩဝါဒိယမာနောပိ န ဝဒ္ဓော။ ပထမဝါဒအလို "ဆုံးမအပ်" ဟူသော အမြတ်ဟောပုဒ်နောင် ပိထိုင်သောကြောင့် ပိထိုင်ရာပုဒ်နက်စွဲ၍ ပိသဒ္ဒါ သမ္ဘာဝနတ္ထ။ ဒုတိယဝါဒအလို "ဆရာ ဆုံးမသော်လည်း မယဉ်ကျေး" ဟု ပေါင်းဆည်းအပ်သော အနက်က ယုတ်နိမ့်သော ဂရဟာအနက် ဖြစ်သောကြောင့် ပေါင်းဆည်းအပ်သော အနက်ကို စွဲ၍ ပိသဒ္ဒါ-ဂရဟတ္ထ။ တတိယဝါဒအလို စပ်ရာဖြစ်သောကြောင့် န ဝဒ္ဓော

http://www.dhammadownload.com



ပုဒ်နက်သည် "မယဉ်ကျေး" ဟု ယုတ်သောကြောင့် စပ်ရာပုဒ်အနက်ကို စွဲ၍ ပိသဒ္ဒါ ဂရဟတ္ထ။ ထိုသုံးဝါဒတွင် ပထမဝါဒ အကြိုက်များ, အသုံးများ၏။ ထိုအသုံးများသော ပထမဝါဒအရ ထိုထို၌ကြုံမှ ပုံစံများ ထုတ်ပြဦးအံ့-

၁။ သုခုမမ္ပိ (ဠ-၃၆၄) ပိသဒ္ဒေါ သမ္ဘာဝနေ၊ ပဂေဝ သြဠာရိကေပိ အဓိပ္ပယော၊

၂။ သြဠာရိကမ္ပိ (ဠ-၃၆၄) ပိသဒ္ဒေါ ဂရဟာယံ၊ ပဂေဝ သုခုမေပိ အဓိပ္ပယော။ (နိဿယ-တ-၃၁၃)

၃။ ကေတော ဝတ္တမာနာပိတိ အပိသဒ္ဒေါ ကောပနဝါဒေါ ကေယော အဝတ္တမာနာပိ တေမတ္တံ ဒီပေတိ (ဋီ-၅၄) ကေတော ဝတ္တမာနာပိဠ္ဌ ပိကား သမ္ဘာဝနာ။ ကော ပန ဝါဒေါ ကေတော အဝတ္တမာနာယွလို (ဂဏ္ဌိ-၂၂၀) အပိဖြင့် အတူတကွ မဖြစ်သောတရားတို့၏ နိရန္တရ ဘာဝါ နုပ ဂမန ဖြစ်ပုံမှာ ဆိုဖွယ်မရှိဟု သမ္ဘာဝနာပြု(နိ-သစ်-ပ-၃၆၁)

၌နိဿယသစ်အလိုအားဖြင့် အပိ၏ မူလအနက်မှာ ဂရဟာ ဖြစ်ဟန်ရှိသည်။

၄။ အကုသလမ္ပိ (ဠ-၁၈၅) ပိဖြင့် ကုသိုလ်မှာ ဆိုဖွယ်မရှိဟု သမ္ဘာဝနာပြု (နိ-သစ် ဒု-၃၃၅) ၌၌လည်း ပိ၏ မူလအနက်မှာ ဂရဟာ။

၅။ အာသီသိတာပိ (ဠ-၈၇) အပိသဒ္ဒေါ သမ္ဘာဝနေ (ယောဇနာ-၇၁)

၆။ အပေတတ္တူနမ္ပိစ (ဠ-၁၀၂) ပိသဒ္ဒေါ အရုစိ သံသူစနတ္ထော။ (စ-သဒ္ဒေါ ဝါကျာရမ္ဘော) (ယောဇနာ ၈၁)

နိဿယ-ပ-၄၁၃-၌လည်း နည်းတူဆို၏။ အရုစိ သံသူစနတ္ထနှင့် ဂရဟတ္ထမှာ သဘောတူ၏။

၇။ အရူပဓမ္မောပိ (ဠ-၁၅၁) အပိသဒ္ဒါ ဂရဟာအနက် (ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့မှ ထုတ်ပြသော စံပြအဖြေ) (ယောဇနာ-၁၀၁-၌ကား အပိ သဒ္ဒေါ စောဒနာပက္ခံ သူစေတိ ဟူ၏။ ထိုအလို အပိသဒ္ဒါ စောဒနာ ပက္ခသူစနတ္ထ ယူသင့်၏။)

၈။ ဇနေတွာပိတိ ဧတ္ထ ပိသဒ္ဒေါ အပိသဒ္ဒေါ ဝါ သမ္ဘာဝနတ္ထော။ "ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ ဘာဝေတွာ"တိ အာဒီသု ဝိယ။ တေန သဗ္ဗထာမေန ကော- သေနေဝ သောတုကာမတံ ဇနေတွာပိနာမ ဇကေနာကာရေန သုတံ၊ ကိမင်္ဂ ပန အညတ္ထာ"တိ တထာသုတေ ဓမ္မေ သမ္ဘာဝနံ ကရောတိ၊ ကေစိ ပန "ဒေါသေသု ဂရဟတ္ထော"တိ ဝဒန္တိ၊ တဒယုတ္တမေဝ ဂရဟာ- တ္ထဿ အဝိဇ္ဇမာနတ္တာ (သီ-ဋီ-သစ် ပ-၁၄၆)

http://www.dhammadownload.com


အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတီတိ အာဒီသုယေဝ ဂရဟာတ္ထသမ္ဘဝေသု ဂရဟတ္ထော ဓဝဒိတဗ္ဗော။ အပိသဒ္ဒေါစ ဤဒိသေသု- ဌာနေသု- (ဇနေတွာပီတိ ပဒေသု နိပါတောယေဝ န ဥပသဂ္ဂေါ) (သီ-ဋ္ဌီ-သစ်-ပ-၁၄၇)။

၉။ (ရှူး-အလို) အပိ ဒိဗ္ဗေသု စသည်၌ အပိသဒ္ဒါ သမ္ဘာဝနတ္ထ။ သမ္ဘာဝနယံ အပိ ဒိဗ္ဗေသု ကာမေသု။ (၁၃၀)

၁၀။ နေဝ ဝိန္ဒတိ ပါမောဇ္ဇံ၊ ပါမောဇ္ဇံအပိ-နုသော ဝမ်းမြောက်ခြင်းဟူသော ပါမောဇ္ဇကိုမျှလည်း၊ နေဝဝိန္ဒတိ- မရနိုင်ကုန်သည်သာတည်း၊ (အပိကား ဂရဟာနှ်, လုတ္တနိဒ္ဒိဋ္ဌ။) ထို အပိသဒ္ဒါဖြင့် နုသော ဝမ်းမြောက်ခြင်း ဟူသော ပါမောဇ္ဇကိုမျှ မရသေးလျှင်၊ အားကြီးသော ဝမ်းမြောက်ခြင်း ဟူသော ပီတိ, ကိုယ်စိတ်၏ ငြိမ်းခြင်း-ဟူသော ပဿဒ္ဓိ စသည်တို့ကိုကား ဆိုဖွယ်ရာမရှိ၊ မရသည်သာဟု ဂရဟာမူ၏။ (နိဿယ-တ-၇၅)

ယထာဟိ စသော ရှေးဝါကျ၌ သသတ္တာဝစရေတွေဝဝယ်-ဣတိ သဒ္ဒါ အာကာရတ္ထ။ တစ်နည်း၊ ပဒတ္ထဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။ ဧဝ သဒ္ဒါ အဝဓာရဏတ္ထ။

၁။ သသတ္တာဝစရဒ်ဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

၂။ တစ်ပါးသော အမည်သည် (ဝါ) တစ်ပါးသော ဒွိပဒ စတုပဒ အဝစရ ဟူသော အမည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အရပ်၏ တစ်ပါးသော ဖြစ်သင့်သော အမည်သည် အနုညာတတ္ထ။ ထို ယထာဟိ စသော ရှေးဝါကျ ကာမာဝရေတွေဝဝယ်- (ဣတိ, ဧဝတို့၏ အနက် ယခင်အတိုင်းပင်။)

၁။ ကာမာဝစရ ဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

၂။ ရူပါဝစရ, အရူပါဝစရ စသော အမည်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တစ်ပါးသော အပါယ, မနုဿ, ဒေဝလောက စသော အမည်သည် အနုညာတတ္ထ။

(က) ဝါကျ။ ဥတ္တရ၌ ဥသဒ္ဒါ ပရအနက်, ပဓ္ဓာအနက်,ဓာတွတ္ထဝိသေသက အနက်တို့ကို ဟော၏။

ကာမောတွေဝ၌ (ဣတိ, ဧဝ အနက်များ - ယခင်အထက်ပါ ဣတိ, ဧဝ အနက်အတိုင်းပင်)

http://www.dhammadownload.com



၁။ ကာမ အမည်သည် ဂဟေတဗ္ဗတ္ထ။
၂။ ကာမာဝစရ အမည်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ အပါယ, မနုဿ, ဒေဝလောက စသော အမည်သည် အနုညာတတ္ထ။

(ခ) ဝါကျ။ ဝံ သဒ္ဒါ လဒ္ဓဂုဏ ဇောတက။ တစ်နည်း၊ဣဒမတ္ထ၊ နိဒဿနတ္ထ။ သံ ါတော်၌ သံသဒ္ဒါ (ခါတ်သည် ကထနအနက်ကို ဟောလျှင် ဓာတ်အနက်သို့ အစဉ်လိုက်သောကြောင့်) ဓာတွတ္ထာနုဝတ္တက။ ထိစ်နည်း၊ ခါဓာတ်ကို ကထနအနက် ကို ဟောအောင် အထူး ပြုပေးရသောကြောင့် ဓာတွတ္ထဝိသေသက။

အဝစရတိ၌ အဝသဒ္ဒါ ဓာတွတ္ထာနုဝတ္တက။ (တစ်နည်း) ဩဂါဟနတ္ထ။ ဣတိ သဒ္ဒါ ဟေတွတ္ထ ဇောတက။

(ဂ) ဝါကျ။ ကိဋ္ဌာပိ-သမ္ဘာဝနတ္ထ။ အနုဂ္ဂဟတ္ထ။

ကိဥ္စာပိ, ပန တို့၌ သမ္ဘာဝနာ, ဂရဟာ အနက်ယူနည်း

ရှေးရေးဆောင်နိယံဝါဒ

(ဆောင်) ၁။ ပန-စပ်ရာ၊ ယုတ်-နည်းပါး၊ ဂရဟာ မှတ်ယူရာ။
၂။ ယင်းသို့စပ်ရာ၊ များ-မြတ်ပါ၊ သမ္ဘာဝနာသာ [၃၁-၂]
၃။ ပန-စပ်ရာ၊ ယုတ်-နည်းပါ၊ ယူရာအရှစ်။
၄။ ယင်းသို့စပ်ရာ၊ များ-မြတ်ပါ၊ နုဂ္ဂဟာ-ဟုသိ။
၅။ ပန-နုဂ္ဂဟာ၊ ထွန်းလေရာ၊ ကိဥ္စာ-အရှစ်၊
၆။ ကိဥ္စာပိက၊ နုဂ္ဂဟ၊ ပန-အရှစ်၊ [၇၄-၄-၅-၆]

ဤ နိယံအလို-ကိဥ္စာပိ, ပနတို့စပ်ရာ ကြိယာဒအနက် (သို့မဟုတ်) ၎င်းတို့ ထိုင်ရာ စပ်ဆိုင်ရာ ဝါကျအနက် အဓိပ္ပာယ် သဘောတို့ကို ကြည့်ရှု၍ သမ္ဘာဝနာ, ဂရဟာ အနက်ကို ယူရသည်။

တစ်နည်း—န,ပါ မပါ သင်္ကေတဖြင့် မှတ်၍ယူနည်း

၁။ ရှေ့နောက် ၂-ဝါကျတို့၌ န,ပါ မပါ တူညီနေလျှင် ရှေ့ဝါကျရှိ ကိဥ္စာပိ-သမ္ဘာဝနာ၊ နောက်ဝါကျရှိ ပန-ဂရဟာ။

၂။ ရှေ့နောက် ၂-ဝါကျတို့တွင် တစ်ဝါကျ၌ န,ပါ၍ တစ်ဝါကျ၌ န,မပါ ဖြစ်နေလျှင် န,မပါဝါကျရှိ ကိဥ္စာပိ, ပန—သမ္ဘာဝနာ။ န,ပါပါကျရှိ ကိဥ္စာပိ, ပန—ဂရဟာ။

(အရှစ်နှင့် ဂရဟာ။ သမ္ဘာဝနာနှင့် အနုဂ္ဂဟသဘောတူ၏)။

http://www.dhammadownload.com



ဤကား ကိဋ္ဌာပိ,ပနတို့ကို သမ္ဗာ၀နာ ဂရဟာ တစ်နက်စီ ယူရသောနည်းတည်း။ ကိဋ္ဌာပိ တစ်ပုဒ်တည်း၌ပင် အနုဂ္ဂဟ (သမ္ဘာ၀နာ) ဂရဟာ ၂-နက် ဖြစ်နိုင်သော အရာလည်း ရှိသေး၏။

ကိဋ္ဌာပိတိ အနုဂ္ဂဟ-ဂရဟာ၀စနံ။ တေန အာရဉ္ဉိကတ္တံ အနုဂ္ဂဏှာတိ၊ ဣစ္ဆာ-၀စရာနံ အပ္ပဟာနံ ဂရဟတိ၊ မူလပဏ္ဏာသ-ဋ္ဌ-ပ-၁၅၃။

အာယသ္မာ အာနန္ဒော ကိဋ္ဌာပိ သေက္ခော....ပ....အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတု၊ ပါရာဇိကဏ် ·ဋ္ဌ-ပ-၇။

ထိုမူလပဏ္ဏာသ—ဋ္ဌ-အတိုင်းဆိုလျှင် ဤ ကိဋ္ဌာပိကိုလည်း "ဂရဟာ-အနုဂ္ဂဟ-၀စန" ဟု ယူသင့်၏။ "သေက္ခဖြစ်ခြင်းကို ကဲ့ရဲ့၍ ရွေးချယ်ခြင်းကို ချီးမြှောက်သည်" ဟူလို၊ ပါရာဇိကဏ် ဘာသာဋီကာ—ပ-၆၉။

ထို့ပြင် ကိဋ္ဌာပိသည် အနုဇာနန (ခွင့်ပြုခြင်း) ပသံသန အနက်တို့ကိုလည်း **ဟောသေး၏။**

ကိဋ္ဌာပိတိ အနုဇာနနပ္ပသံသနတ္ထေ နိပါတော၊ ၎င်း မူလပဏ္ဏာသ-ဋ္ဌ-ပ-၉၉-၌ (ပသံသနသည် သမ္ဘာ၀နာနှင့် သဘောတူသည်)။

ဟိ သဒ္ဒါ ဥပန္ယာသတ္ထ၊ ၀ါကျာရမ္ဘတ္ထ (ရှေးနိဿယ) (တစ်နည်း ဒဠှီကရဏတ္ထ။) (နိဿယ-သစ်)

[အမှာ။ ။ဟိသဒ္ဒါ၏ ဟောနိုင်သမျှ အနက် အတ္ထုဒ္ဓါရကို ထုတ်ပြ၍ အတ္ထုဒ္ဓေသ (ဣစ္ဆိတပ္ပေတတ္ထ)ကို ဖော်ပြပါဟု မေးလျှင်—အဖြေကား—ဟိ ၏ အတ္ထုဒ္ဓါရ (၀ါကျာရမ္ဘ၊ ၀ိတ္ထာရနှင့်၊ ဖလ-ဟေတု၊ ဒဠှီပြု၍၊ ထင်မှုပါကဋ၊ ၀ိသေသနှင့်၊ နွယ-ဗျတိ၊ နက်ဟော်ရှိ ဟိ-၏ ကိုးအတ္ထ—ဟူသည်နှင့် အညီ) ဟိသဒ္ဒါသည် ၀ါကျာရမ္ဘ- ၀ိတ္ထာရ- ဖလ- ဟေတု- ဒဠှီကရဏ- တပ္ပါကဋီကရဏ-၀ိသေသ-အနွယ-ဗျတိရေက-ပေါင်း အနက် (၉)ပါးကို ဟော၏။

ဣစ္ဆိတပ္ပေတတ္ထကား—ဥပန္ယာသတ္ထ—၀ါကျာရမ္ဘတ္ထ၊ တစ်နည်း-ဒဠှီကရဏတ္ထ]

အဇ္ဈုပဘာဝေသုပိဋ္ဌိ အဇ္ဈုပ၀ယ် အသဒ္ဒါ-၀ိရဟတ္ထ၊ ပဋိသေဓတ္ထ၊ ပိ(အပိ) သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ ပနသဒ္ဒါ ဂရဟတ္ထ။ အရုစိသံသူစနတ္ထ။

[အမှာ။ ။ပန၏ အတ္ထုဒ္ဓါရ ဣစ္ဆိတပ္ပေတတ္ထတို့ကို ပြပါဟု မေးလျှင်ပန၏ အတ္ထုဒ္ဓါရ-(၀ါကျာရမ္ဘ၊ ၀ိသေသနှင့်၊ ဖလ-ဟေတု၊ ဒဠှီပြု၍၊ ထင်မှု ပါကဋ၊ နွ-ပက်-ဗျ နှင့် ဂ-သမ်ထည့်စွက်၊ ပနနက်၊ မှတ်ချက်-၁၁-ဃာ ဟူသည်နှင့် အညီ) ပနသဒ္ဒါသည်- ၀ါကျာရမ္ဘ- ၀ိသေသ- ဖလ- ဟေတု-ဒဠှီကရဏ-တပ္ပါကဋီကရဏ-အနွယ-ဗျတိရေက-ပက္ခန္တရ-ဂရဟာ-သမ္ဘာ၀နာ ပေါင်းအနက် ၁၁ ပါးကို ဟော၏။

http://www.dhammadownload.com



ဏ္ဍာဓိပ္ပေတတ္ထကား ဂရဟတ္ထ။

သင်္ဂါမာဝစရောတိ၌ ဣတိသဒ္ဒါ အာကာရတ္ထ၊ ပဒတ္ထ ဝိပလ္လာသတ္ထ။ သင်္ဂါမာ ဝစရောတွေဝ၌ (ဣတိဧဝအနက်များ ယခင်အထက်ပါ ယထာဟိစသော ဝါကျက ဣတိ, ဧဝအနက်နှင့်တူ၏။)

၁။ သင်္ဂါမာဝစရ ဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

၂။ နဂရာဝစရစသော အမည်သည် နိဝတ္တေတဗ္ဗတ္ထ။

၄။ ဆင်၏တစ်ပါးသော ဖြစ်သင့်သော အမည်သည်လည်း အနုညာတတ္ထ။ ထလဇလစရာ စ အဇလေစ တို့၌ စသဒ္ဒါများ–

သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ အထလေ၌ အသဒ္ဒါ ပဋိသေဓတ္ထ။ ထလစရာဇလစရာ တွေဝ၌ ဧဝဖြင့်–

၁။ ထလစရ ဇလစရ ဟူသော အမည်တို့သည် ဂဟေတဗ္ဗတ္ထ။

၂။ တစ်ပါးသော အမည်တို့သည် (ဝါ)ထလစရ သတ္တဝါ၌ ဇလစရ–ဟူသော အမည်, ဇလစရသတ္တဝါ၌ ထလစရ ဟူသော အမည်တို့သည် နိဝတ္တေ-တဗ္ဗတ္ထ။

ကာမာဝစရ မေဝါတိ၌ ဧဝဖြင့်–

၁။ ကာမာဝစရဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

၂။ ရူပါဝစရ, အရူပါဝစရဟူသော အမည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တစ်ပါးသောကုသိုလ်, အကုသိုလ် စသော အမည်သည် အနုညာတတ္ထ၊

(ဃ) ဝါကျ။ အာရမ္မဏာ၌ အာသဒ္ဒါ-အာဂန္တွာ အနက်။ (အာဂမန အနက်) ဝါသဒ္ဒါ ဝိကပ္ပနတ္ထ, နယန္တရတ္ထဇောတက၊ ဣတိသဒ္ဒါ-ဟေတွတ္ထ ဇောတက။ ပိ(အပိ) သဒ္ဒါ-သမုစ္စယတ္ထ သမ္ပိဏ္ဍနတ္ထ။ ထို ပိ (အပိ)၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကား– ရှေး၌ ဆိုအပ်ပြီးသော သတ္တမိကပ္ပုရိသ် သမာသ် ဝစနတ္ထကြောင့်သာလျှင် ကာမာ ဝစရမည်သည် မဟုတ်သေး၊ ဤ ဆဋ္ဌီတပ္ပုရိသ်ဝစနတ္ထကြောင့်လည်း ကာမာဝစရ မည်သေးသည် ဟူလို။ (ဝါ) ဆိုလို၏။

ထို ပိ(အပိ)၏ သမုစ္စယာကာရ, သမ္ပိဏ္ဍနာကာရကား– ရှေး၌ဆိုအပ်ပြီးသော သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်သာလျှင် ကာမာဝစရမည်သည် မဟုတ် သေး၊ ဤ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း ကာမာဝစရမည်သေး၏ဟု ပေါင်းဆည်း၏။

http://www.dhammadownload.com



(ငေ) ဝါကျ။ ကာမံနိပါတ်-အနည်းငှာ, သမ္ဘာဝနာ, အနုဂ္ဂဟာအနက်ဟော။ စ သဒ္ဒါ-ဥပန္យာသတ္ထ။ ဝါကျာရမ္ဘတ္ထ။

[အမှာ။ ။စသဒ္ဒါ၏ အတ္ထုဒ္ဓါရ-ဣဓာဝိပ္ပေတတ္ထတို့ကို ပြပါဟု - မေးလျှင်၊ စသဒ္ဒါ၏ အတ္ထုဒ္ဓါရ- (ဝါကျာရမ္ဘ၊ ပက္ခန္တနှင့်၊ ဖလ-ဟေတု၊ ဒဋ္ဌီပြု၍၊ ထင်မူ ပါကဋ္ဌ၊ ဝိသေသနှင့်၊ နွယ-ဗျတိ၊ နက်ဟောရှိ၊ စ၏ ၉-အတ္ထာ ဟူသည်နှင့်(အညီ) စသဒ္ဒါသည် ဝါကျာရမ္ဘ- ပက္ခန္တရ - ဖလ-ဟေတု - ဒဋ္ဌီကရဏ - တဖ္ပါကဋ္ဌီကရဏ- ဝိသေသ-အန္ဓယ-ဗျတိရေက-ပေါင်းအနက် ၉-ပါးကို ဟော၏။

ဣဓာဝိပ္ပေတတ္ထကား-ဥပန္យာသတ္ထ-ဝါကျာရမ္ဘတ္ထ။]

ရူပါ ရူပါဝစရေသုပိ၌ ပိ(အပိ)သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ယထာပနဒ္ဓိ ပနသဒ္ဒါ-ဂရဟတ္ထ၊ အရုစိသံသူစနတ္ထ။ သမ္ပဒံ၌ သံသဒ္ဒါ-သမိဒ္ဓိအနက်ဟော။

(စ) ဝါကျ။ အပိစနိပါတ် အတ္ထန္တရဝိကပ္ပနတ္ထ၊ (တစ်နည်း) နယန္တရတ္ထ ဇောတက။ အပိစာတိ အတ္ထန္တရဝိကပ္ပနတ္ထေ နိပါတော။ (သီ-ဋ္ဌီ-သစ်-ပ-၁၇၆) ပိ(အပိ) သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

## သမ္ဘာဝနာမ်အစွဲ့ဝိသယနာမည်

(က) ဝါကျ။ သဒ္ဒါယံ၌ တသည် ကာမာဝစရဟူ၍ ဆိုအပ်သောအရပ်ကိုစွဲ၏။ ဆိုအပ်ပြီးသော ကာမာဝစရအရပ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ခ) ဝါကျ။ ဣဓ၌ ဣမသည် စိတ္တံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓ- ဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

ယထာဟိစသော ရှေးဝါကျ၌ ရှေဝုစ္စတိဝယ် အန္တတ္ထဝစခေတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် (ဝါ) ကုသိုလ် စိတ္တုပ္ပါဒ်သည်.....။
၂။ ယောနိသော မနသိကာရသည်....။
၃။ သသတ္တာဝစရဟူသော ဝစီဘေဒသဒ္ဒါသည်....။
၄။ သဒ္ဒမ္ဗယာဝန စသည်တို့သည်....။
၅။ သသတ္တာဝစရဟူသော ဝစီဘေဒအသံကို ကြားနားရခြင်း, ထို၏ အနက် အဓိပ္ပာယ်ကို သိရှိရခြင်း စသောအကျိုးဆက်တို့သည်....။

ယထာဟိစသော ရှေးဝါကျ၌ နောက်ဝုစ္စတိဝယ်- အန္တတ္ထဝစခေတ်အရ- (၁-နှင့် ၂-အချက် ယခင်အတိုင်း)

http://www.dhammadownload.com



၃။ ကာမာဝစရဟူသော ဝစီဘေဒသဒ္ဒါသည်....။
၄။ (ယခင် အထက်ဝုစ္စတိက အတိုင်း)
၅။ ကာမာဝစရ ဟူသော ဝစီဘေဒသဒ္ဒါကို ကြားနာခြင်း, ထို၏အနက် အဓိပ္ပာယ်ကို သိရှိရခြင်း, သိသဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိအကျင့်ကို ကျင့်ခြင်း စသော အကျိုးဆက်တို့သည်....။

(က) ဝါကျ။ ဝုစ္စတ်၌ ဝစဓာတ်အရ ထုတ်ပုံကို ယခင်အထက်ပါ နောက် ဝုစ္စတိ၌ ဝစဓာတ်အရ အတိုင်းမှတ်၊ ဤ၌ ကာမဟူသော ဝစီဘေဒသဒ္ဒါကို နံပါတ် ၃-၌ ထုတ်ရသည်သာ ထူး၏။

(ခ) ဝါကျ။ ကာမာဝစရံအရ- ဌာနာနုရူပအားဖြင့် ပဌမ မဟာကုသိုလ် စိတ်ကိုယူ၍ ဂုသိုလ်အတိုင်း ထုတ်မြဲ။

(ဂ) ဝါကျ။ ဤ (ဂ) ဝါကျရှိ ဝုစ္စတိ- ပုစ္ဆိ တို့၌ ထုတ်ပုံကို ယခင်အထက် ပါ-ယထာဟိ မသော ရှေးဝါကျဝယ်· ရှေးဝုစ္စတိအတိုင်းထုတ်၊ နံပါတ် ၃-၌ သင်္ဂါမာဝစရဟူသော ဝစီဘေဒသဒ္ဒါ, ထလစရ ဇလစရ ဟူသော ဝစီဘေဒ သဒ္ဒါများ ထုတ်ရသည်သာ ထူး၏။

ဤ (ဂ) ဝါကျရှိ ဝေဒိတဗ္ဗံ-(င) ဝါကျရှိ ဝေဒိတဗ္ဗံတို့၌ ထုတ်ပုံကို သမယ သဒ္ဒါ၏ အတ္ထုဒ္ဒေသအဖွင့်၌ ပြခဲ့ပြီ။

(စ) ဝါကျ။ ပဋိသန္ဓိ အရ-ပဋိသန္ဓေကို ပကာသနတ္ထယူ၍ ထုတ်သော် —
၁။ ကာမကုသိုလ်, အကုသိုလ်....သည်။
၂။ ယောနိသောမနသိကာရ, အယောနိသော မနသိကာရတို့သည်....။
၃။ ကာမပဋိသန္ဓေသည်....။
၄။ သဒ္ဓမ္မဿဝန, အသဒ္ဓမ္မဿဝန စသည်တို့သည်။
၅။ သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့၌ ချမ်းသာဆင်းရဲ အမျိုးမျိုးကို ခံစားရခြင်း စသည်တို့သည်....။

တစ်နည်း·ပဋိသန္ဓေအရ· ဒဿနတ္ထ ယူ၍ထုတ်သော်-
၁။ ကာမပဋိသန္ဓေသည်....။
၂။ ကာမကုသိုလ်, အကုသိုလ်သည်....။
၃။ ဇရာမရဏသည်....။
၄။ ယောနိသောမနသိကာရ, အယောနိသောမနသိကာရတို့သည်....။
၅။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စသည်တို့သည်....။

[၁-၃-၅-တို့၌ ပဋိစ္စသမုပ္ပါဒ်နည်းကို မှီသည်။]

http://www.dhammadownload.com



အဝစာရေတိ နှင့်—ဤ (၈) ဝါကျရှိ ကာမာဝစရံ ပုဒ်တို့အရ—

၁။ ကာမကုသိုလ်, အကုသိုလ် ကံသည်....။

၂။ ယောနိသော မနသိကာရ, အယောနိသော မနသိကာရတို့သည်၊ ဝါ-အဝိဇ္ဇာသည်....။

၃။ ကာမပဋိသန္ဓေ စိတ္တုပ္ပါဒ်သည်....။

၄။ သဒ္ဓမ္မဿဝန အသဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ သုဂတိဘုံ့ ဒုဂ္ဂတိဘုံတို့၌ ချမ်းသာဆင်းရဲ အမျိုးမျိုးကို ခံစားရခြင်း စသော အကျိုးဆက်တို့သည်....။

## သိဒ္ဓိရနိုင်ပုံ

ယထာ ဟိ စသော ရှေး ဝါကျ၌ သသတ္တာဝစရေတွေ ဝုစ္စတိ ဝယ်-သသတ္တာဝစရဟူ၍သာ ဆိုအပ်၏-ဟု အနွယသာ ဆိုသဖြင့် တစ်ပါးသော အမည် မဆိုထိုက်၊ (ဝါ) တစ်ပါးသော ဒွိပဒ စတုပ္ပဒါဝစရ အမည်ကို မဆိုထိုက်ဟူသော ဗျာတိရိက် အနက်အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် (ဝါ) ဗျာတိရိက်အနက် အဓိပ္ပာယ် ကျရောက်သောကြောင့် အတ္တာပန္နသိဒ္ဓိ၊ အတ္ထာပတ္တိ သိဒ္ဓိ မည်၏။ နောက်ဝါကျများရှိ ကာမာဝစရေတွေ ဝုစ္စတိ၊ ကာမေ တွေ ဝုစ္စတိ၊ သင်္ဂါမာဝစရေတွေ ဝုစ္စတိ။ ထလစရ ဇလစရတွေ ဝုစ္စတိ၊ ကာမာဝစရ မေဝါတိ ဝေဒိတဗ္ဗံ တို့၌လည်း ရှေး၌ ဆိုအပ်ပြီးသော ဂဟေတဗ္ဗတ္တ နိဝတ္တေ-တဗ္ဗတ္တ ထုတ်ပုံကို ရှု၍၊ သသတ္တာဝစရေတွေ ဝုစ္စတိ၌ ပြခဲ့သော အတ္တာပန္နသိဒ္ဓိ၊ အတ္ထာပတ္တိသိဒ္ဓိရနိုင်ပုံကို နည်းမှီသိ။

[တစ်ပါးသော အဝစရဏတ္တ ဝေသဒ္ဒါဖြင့် ပြဆိုသော နေရာတို့၌လည်း ဤ အတ္တာပန္နသိဒ္ဓိ အတ္ထာပတ္တိသိဒ္ဓိ ရနိုင်ပုံကို သိပါ။]

## ဝေဒိတဗ္ဗာ ထားရပုံ

(ဂ) ဝါကျ။ ဤ ၅၄-ပါးသော စိတ်ကို ကာမဘုံမှတစ်ပါး ရူပဘုံ အရူပဘုံ တို့၌ ကျင်လည်သော်လည်း ကာမာဝစရသာ မည်၏၊ ရူပါဝစရ အရူပါဝစရ မမည်—ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် ဝေဒိတဗ္ဗံ ထား၏။ (တစ်နည်း) ဤ ၅၄-ပါးသော စိတ်သည် ကာမဘုံမှတစ်ပါး ရူပဘုံ အရူပဘုံတို့၌ ကျင်လည်သော်လည်း ကာမာဝစရသာ မည်၏၊ ရူပါဝစရ အရူပါဝစရမမည်၊ ဤသို့ အနေကန္တ, သံသယဖြစ်ရာဌာန ဖြစ်သောကြောင့် ဤ (ဂ) ဝါကျ၌ ဝေဒိတဗ္ဗံ ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

http://www.dhammadownload.com



(င) ဝါကျ။ ဤကာမတဏှာသည် (ဝါ) ကိလေသကာမသည် ရူပါရူပစိတ်တို့၌ ကျင်လည်သော်လည်း ရူပါရူပစိတ်တို့သည် ကာမာဝစရ မမည်၊ ဤ ၅၄-ပါးသော စိတ်သာ၊ (ဝါ) ဤကာမာဝစရ တရားများသာ ကာမာဝစရမည်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝဏ်တ္ထ, အနေကန္တအားဖြင့် သိရ-ယူရမည်ဟု ပြလိုသော ကြောင့် (င) ဝါကျ၌ ဝေဒိတဗ္ဗံ ထား၏။(တစ်နည်း) ဤကာမတဏှာသည်(ဝါ) ကိလေသကာမသည် ရူပါရူပစိတ်တို့၌ ကျင်လည်သော်လည်း ရူပါရူပ စိတ်တို့သည် ကာမာဝစရမမည်၊ ဤ ၅၄-ပါးသော စိတ်သာ (ဝါ) ဤ ကာမာဝစရတရား များသာ ကာမာဝစရမည်၏။ ဤသို့ အနေကန္တ, သံသယ ဖြစ်ရာဌာန ဖြစ်သော ကြောင့် (င) ဝါကျ၌ ဝေဒိတဗ္ဗံကို အဋ္ဌကထာဆရာ မိန့်တော်မူ၏။

## နံပါတ် ၉-အတွက် အဓိပ္ပာယ်

(ဂ) ဝါကျ။ ကာမောအရ- ရူပရာဂ, အရူပရာဂနှင့်တကွ ကိလေသာတဏှာ အားလုံး ရ၏။ အာရမ္မဏ ကရဏဝသေနာတိ အာ ဒိ ကေ အ စ ရှိသည်၌ “ကာမောတိ” သဗ္ဗံ တဏှာမာဟ၊ (ဋီ-၆၄)

(စ) ဝါကျ။ သံဝဏ္ဏနာနှင့်အညီ ကာမာဝစရအရ မဟာကုသိုလ်, အကုသိုလ် ရ၏။ ထိုကာမကုသိုလ် အကုသိုလ်ကိုသာ ကာမာဝစရဟု ခေါ်နိုင်၏။ ဝိပါက် ကိရိယာတို့ကား ကာမာဝစရအရတွင် မပါဘဲ ကာမာဝစရဟု မခေါ်နိုင်။

## ပဋ္ဌာန်းပစ္စည်းပြိုင်

ယထာဟိ စသော ရှေးဝါကျ၌ သော သသတ္တာဝစရောတွေဝ ဝုစ္စတိဝယ် သော, ဟူသော ဝုတ္တကံပုဒ်နှင့် ဝုစ္စတိ၌ ဗာဟျတ္ထ တေဝိဘတ်တို့အရ-အရပ်ဒေသ ပညတ် အာရုံ ပစ္စည်းတရားသည် ထို ဝုစ္စတိ၌ အန္တတ္ထဝစခေါတ်အရ-သတိ, ဝီရိယ,ဉာဏ် ပြခေါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပ....ပြု၏။ ပြိုင်-မရှိ။

တစ်နည်း-ထိုအရပ်ဒေသ၌ ရှိသော အဋ္ဌကလာပ်၌ အာရုံပစ္စည်းတရားသည် ဝုစ္စတိ ၌ ဝစခေါတ်အရ-သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏၊ ပြိုင်-အာရမ္မဏ, အာရမ္မဏပုရေဇာတ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏ ပုရေဇာတ အဝိဂတ။ (၄)။

သသတ္တာဝစရောတွေဝ-ဟူသော အာကာရပုဒ်အရ-သသတ္တာဝစရ — ဟူသော နာမပညတ်ိ သဒ္ဒါသည် ဝုစ္စတိ၌ အန္တတ္ထဝစခေါတ်အရ - သတိ, ဝီရိယ, ဉာဏ်ပြခေါန်း သော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။

တစ်နည်း- ဝုစ္စတိ၌ အန္တတ္ထဝစခေါတ်အရ-သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်သည် သသတ္တာဝစရောတွေဝ ဟူသော အာကာရပုဒ်အရ-သသတ္တာ ဝစရ

http://www.dhammadownload.com



ဟူသော ပရမတ္ထဝစီဘေဒသဒ္ဒ-အား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဒဟ-မိ-သဟ နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

[နောက်ဝါကျများရှိ အယံ ပဒေသာ "ကာမာဝစရေ ဓတ္တဝေ" ဝုစ္စတိ၊ သွာယံ "ကာမေ ဓာတွဝ" ဝုစ္စတိ၊ နာဂေါ "သင်္ဂါမာဝစရောတွဝ" ဝုစ္စတိတို့၌ ဤနည်းမှီ ပြိုင်။]

(ခ) ဝါကျ။ ဣဒံ စိတ္တံအရ-ကာမစိတ် ၅၄-ပါးသည် (ဝါ) ပဌမ မဟာ ကုသိုလ်စိတ်သည်-အဝစရတိအရ စေတသိက် ဒွေပညာသအား (ဝါ) အည သမာန်းစေတသိက် ၁၃ ပါး သောဘဏစေတသိက် ၂၅ ပါး ပစ္စယုပ္ပန်တရားအား သဟ....ပြု၏။ ပြိုင်-ယထာရဟ မိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉)။

ဣမသ္မိံ ကောဒသပဒေသသခ်ါတေ ကာမေအရ-တာမဘုံသည်-အဝစရတိအရ-ကာမစိတ် ၅၄ ပါအား ပကတူ....ပြု၏။ ပြိုင်-မရှိ။ ဤ(ခ)ဝါကျသံဝဏ္ဏနာအရ-ကာမာဝစရံ-ဟူသော သံဝဏ္ဏေတဗ္ဗ၌လည်း ကာမအရ-ကာမဘုံသည်-

အဝစရံအရ"ကာမစိတ် ၅၄-ပါးအား ပကတူ ပြု၏။ ပြိုင်-မရှိ။

(ဂ) ဝါကျ။ တော်အရနှင့် အဝစရတိ အရတို့ကို ယခင် ဣဒံ စိတ္တံ အဝစရတိ အတိုင်းပြိုင်။ (ရူပါရူပဘဝေသုနှင့် အဝစရတိတို့၌ ပကတူပ....ကျေးဇူးပြုသည်ကို သိ။) ဣဒံ (စိတ္တံ)နှင့် ဝေဒိတဗ္ဗံ၌ တဗ္ဗပစ္စည်းအရ-ကာမစိတ် ၅၄ ပါး အာရုံသည် ထိုဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ-သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဉပ (၃)။

ကာမာဝစရမေဝ-ဟူသော အာကာရပုဒ်အရ-

ကာမာဝစရအမည် ပညတ်အာရုံသည် ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ သတိ,ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။

(ဃ) ဝါကျ။ ဩအရ ကာမစိတ် ၅၄-ပါး အာရုံပစ္စည်းတရားသည် အာရမ္မဏကရဏဝသေန, ကာမေ, အဝစရတိတို့အရ- ကာမတဏှာ-ဟူသော လောဘစေတသိက် အာရမ္မဏိကပစ္စယုပ္ပန် တရားအား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဉပ (၃)။ ကာမေအရ- လောဘသည် အဝစရတိအရ- လောဘမူ စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ(၇)၊ ဤ(ဃ) ဝါကျသံဝဏ္ဏနာအရ-ကာမာဝစရံ-ဟူသော သံဝဏ္ဏေတဗ္ဗ၌ အဝစရအရ-ကာမစိတ် ၅၄-ပါးသည်-ကာမအရ ကာမတဏှာ လောဘအား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဉပ (၃)။

http://www.dhammadownload.com



(င) ဝါကျ။ သေအရ ကာမတဏှာ လောဘယှဉ်၍ အဝစရတိအရ လောဘမူ စိတ္တုပ္ပါဒ်ယူပြီးလျှင်၊ ယခင်အထက်ပါ (ဃ) ဝါကျကအတိုင်း သဟာမျိုးပြိုင်။ သမ္ပဒမိဒံ- (ဤဒံ သမ္ပဒံ)နှင့် ဝေဒိတဗ္ဗံ၌ တဗ္ဗပစ္စည်းတို့အရ-ဥပမာနှင့် ပြည့်စုံခြင်း, (ဝါ) ပြည့်စုံသော ဥပမာ-ဟူသော ပညတ်အာရုံသည်-ထိုဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ သတိ-ဝီရိယ-ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏၊ ပြိုင်-မရှိ။

(စ) ဝါကျ။ [ဣဒံ စိတ္တံ (တစ်နည်း) ယံ စိတ္တံ ဟူသော ပါဠိသေသကတ္တား ပုဒ်အရ—ကာမာဝစရ ကုသိုလ်စိတ်, အကုသိုလ်စိတ် ယှဉ်၍ အဝစာရေတိအရ—ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ် ယူပြီးလျှင် ယထာရဟ သဟဇာတမျိုး အဓိပတိစသော ၉-ပစ္စည်းပြိုင်။]

ကာမဘာဝသင်္ခါတေ ကာမေအရ- ကာမဘုံသည်- အဝစာရေတိအရ ကာမကုသိုလ်, အကုသိုလ်စိတ်အား ပကတူ....ပြု၏၊ ပြိုင်-မရှိ။

အဝစာရေတိအရ—အတိတ်ဖြစ်သော ကာမကုသိုလ်, အကုသိုလ်ကံ-ဟူသော စေတနာပစ္စည်း တရားသည် ပဋိသန္ဓိံအရ (ဝါ) ပဋိသန္ဓိံဟူသော ကာရိတ်ကံပုဒ်အရ- ကာမာဝစရ ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ (ဝါ) ကာမပဋိသန္ဓေ ၁၀-,ဝိရတိ- အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ်ပစ္စယုပ္ပန် တရားအား နာနာက္ခဏိက ကမ္မ.... ပြု၏။ ပြိုင်—နာနာက္ခဏိက ကမ္မ, ပကတူပနိဿယ (၂)။ ဤ (စ) ဝါကျ သံဝဏ္ဏနာအရ- ကာမာဝစရံဟူသော သံဝဏ္ဏေတဗ္ဗ၌ ကာမအရ ကာမဘုံသည် အဝစာရေတိအရ- ကာမစိတ်အား (ဝါ) ကာမကုသိုလ်, အကုသိုလ်အား ပကတူ....ပြု၏။ ပြိုင်—မရှိ။

http://www.dhammadownload.com

# ၆။ ကုသလံပုဒ်ဖွင့်

(က) ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။
(ခ) အပိစအာရောဂျဋ္ဌေန, အနဝဇ္ဇဋ္ဌေန, ကောသလ္လသမ္ဘူတဋ္ဌေနစ ကုသလံ။
(ဂ) ယထေဝ ဟိ....ပ.... ကုသလံ ဝေဒိတဗ္ဗံ။
(ဃ) ကိလေသဝဇ္ဇဿ ပန....ပ.... အနဝဇ္ဇဋ္ဌေန ကုသလံ။
(င) ကောသလ္လံ ဝုစ္စတိ ပညာ+ပဲ....ကောသလ္လ သမ္ဘူတဋ္ဌေန ကုသလံ [ဋ္ဌ-၁၀၅]

**အနက်ထူး**

(က) ဝါကျ။ သံဝဏ္ဏနာအရ ကုသလံဟူသော သံဝဏ္ဏေတဗ္ဗကို အနက်ပေးသော်....

၁။ ကုသလံ – စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေတတ်, ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေတတ်, သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖျောက် ဖျက်ဆီးတတ်သော။
၂။ (ဝါ) စက်ဆုပ်အပ်သော သဘောဖြင့် သတ္တဝါတို့၏ စိတ်အစဉ်၌ ဖြစ်တတ်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်သော။
၃။ (ဝါ) စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင် ပြုတတ်, ဆုံးအောင်ပြုတတ်သော ဉာဏ်သည် ယူအပ်, ဖြစ်စေအပ်သော။
၄။ (ဝါ) သမန်းမြက် နှင့်တူစွာ ကိလေသာအဖို့ကို ဖြတ်တတ်သော၊ (အာဒိအရ ဖော်ဆိုသည်) ဤကား ကုသလံ၏ ဝိဂ္ဂဟ်အနက်ဖြစ်သော ဝစနတ္ထသဒ္ဒါနက်တည်း။

(ခ) ဝါကျ။ သံဝဏ္ဏနာအရ ကုသလံဟူသော သံဝဏ္ဏေတဗ္ဗကို အဘိဓေယျတ္ထခေါ် သဒ္ဒါပေါနက်ပေးသော်....

၁။ ကုသလံ၊ ကိလေသာတည်းဟူသော ထိုးကျင်ဖျားနာ ရောဂါမရှိသော။
၂။ (ဝါ) ကိလေသာတည်းဟူသော အပြစ်မရှိသော။
၃။ သမ္မာယုတ်ပညာကြောင့် ကောင်းစွာဖြစ်သော။

ဝေါဟာရတ္ထပေးသော် – ကုသလံ – ကုသိုလ်မည်သော၊ (အားလုံးသော အချက်တို့၌ – စိတ္တံ-စိတ်သည်၊ ဥပ္ပန္နံ – ခဏယတ္တယသို့ ရောက်ဆဲသည်၊ ဟောတိ-ထင်ရှား၏ဟု ထည့်စပ်။)

http://www.dhammadownload.com



## ကျမ်းတက်

### ဌပနာပဉ္စကပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည်၊ ရှေ့စကားရပ်တို့ဖြင့် ကာမာဝစရပုဒ်ကို၊ (ဝါ) ကာမာဝစရပုဒ်၏ အနက် ဖွင့်ပြတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ကုသလပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာလေသောကြောင့်, (တစ်နည်း) ကာမာဝစရပုဒ်၏ အဖွင့်သာ ရှိသည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ် လေသောကြောင့်, (တစ်နည်း)ကုသလပုဒ်၏ အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ ထိုသို့ ရှိသင့်လေသောကြောင့်, (တစ်နည်း)ကုသလပုဒ်၏အဖွင့်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ထိုသို့ ပြဆိုသင့်သေးသောကြောင့်, (အကြွင်း သိလောက်ပြီ) စောဒနာတက်လျှင် အဗျာပိတဒေါသတင်တက်။

(ခ) ဝါကျ။ ဆရာ, ဆရာသည်၊ (က) ဝါကျဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန့်လှုပ်စေခြင်း, ဝိက္ခမ္ဘနပဟာန် အားဖြင့် ပြင်းစွာတုန့်လှုပ်စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် ဖျက်ဆီးပယ်ဖျောက်ခြင်း-ဟူသော သကတ်အနက်တို့ကြောင့် ကုသိုလ်မည်သောဟု ဆိုတော်မူ၏။ ဤဆိုသာ ဆိုချေသော် ဆိုအပ်ပြီးသော အကြောင်း ဝစနတ္ထကြောင့်သာလျှင် ကုသိုလ်မည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့မှတ်အပ်လေသောကြောင့် (က) ဝါကျဖြင့် စက်ဆုပ်အပ်ကုန်သော....ပ....သကတ် အနက်တို့ကြောင့်သာ ကုသိုလ်မည်သောဟု မဆိုသင့်၊ တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (သာမည) (ဝါ)ဆိုအပ်ပြီးသော ဝစနတ္ထမှတစ်ပါး ဇာတကပရိယာယ်, သုတ္တန္တပရိယာယ်, အဘိဓမ္မာပရိယာယ်အားဖြင့် ဖြစ်သင့်သော ကုသိုလ်မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နိဿယ) (ဝိဓသသ) တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းဝစနတ္ထကား အဘယ်ပါနည်း၊ ဤသို့မေးဖွယ်ရှိသောကြောင့် အပိစ-စသော (ခ)ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား— (ခ) ဝါကျဖြင့် ဆိုအပ်ပြီးသော ဝစနတ္ထမှတစ်ပါး၊ ဇာဘကပရိယာယ်, သုတ္တန္တပရိယာယ်, အဘိဓမ္မာပရိယာယ် အားဖြင့် ဖြစ်သင့်သောကုသိုလ် မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆို၏-ဟူဆို၏။ တစ်နည်း-(ခ) ဝါကျဖြင့် အနာကင်းသည်၏ အဖြစ်ဟူသော အနက်, အပြစ်ကင်းသည်၏ အဖြစ်ဟူသော အနက်, သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏ အဖြစ်ဟူသော အနက်ကြောင့် ကုသိုလ်မည်၏ဟု တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆို၏-ဟူလို၊ (စောဒနာတက်လျှင် အဗျာပိတ တင်)

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည်၊ (ခ) ဝါကျဖြင့် (ဝါ) (ခ) ဝါကျရှိ အာရောဂျဋ္ဌေနပါဠ်ဖြင့် အနာမရှိခြင်းဟူသော အနက်ကြောင့် ကုသိုလ်မည်သောဟု ဆိုတော်မူ၏။ဤသို့ပင် ဆိုငြားသော်လည်း ရူပကာယဌ်သာ အနာမရှိခြင်း ဖြစ်ရာသည် မဟုတ်ပါလော။ (နိဿယ) ထိုသို့ ရူပကာယဌ်သာ အနာမရှိခြင်း ဖြစ်လေရာ သောကြောင့် (ခ) ဝါကျရှိ အာရောဂျဋ္ဌေနပါဠ်ဖြင့် အနာမရှိခြင်း ဟူသော အနက်ကြောင့် ကုသိုလ်မည်သော ဟူ၍သာ မဆိုသင့်, ထိုစကား၏ အသင့်ယုတ္တိ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။နာမကာယဌ်ကား အနာမရှိခြင်း ဟူသော အနက်ကြောင့် ကုသိုလ်မည်၏ ဟူသော စကားသည် အသို့ဖြစ်၍ သင့်အံ့နည်း။ (နိဿယ) ဤသို့မေးဖွယ်ရှိသောကြောင့် ယထေဝ ဟိ စသော (ဂ) ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား–ယထေဝ ဟိ စသော (ဂ) ဝါကျဖြင့် (ခ)ဝါကျရှိ အာရောဂျဋ္ဌေန ဟူသောပါဠ်၏ အသင့်ယုတ္တိ အကျယ် ဝိတ္ထာရကိုလည်း ပြဆို၏–ဟူလို။ (စောဒနာ တက်လျှင်–ဝိရောဓိဒေါသတင်)

[မှတ်ချက်။ ။ နိဿယအံ့လိုအားဖြင့် ဤဆိုအပ်သော ကျမ်းတက်သည်ပင် စောဒနာ တက်ဟု ဆိုနိုင်၏။]

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် အာရောဂျဋ္ဌေနဟူသော ဟိတ်ပါဠ်၏ အသင့်ယုတ္တိ အကျယ်ဝိတ္ထာရကို ပြဆိုတော်မူ၏။.... သော် အနဝဇ္ဇဋ္ဌေန ဟူသော ဟိတ်ပါဠ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရကို မပြဆို ဟူသော အဓိပ္ပာယ် ရောက်သည် မဟုတ်ပါလော၊....စသည်။ စောဒနာတက်လျှင် – ဝိရောဓိဒေါသ၊ တစ်နည်း–အဗျာပိတဒေါသတင်တက်။

(င) ဝါကျ။ ဆရာ, ဆရာသည် (ဃ) ဝါကျဖြင့် အနဝဇ္ဇဋ္ဌေန ဟူသော ဟိတ်ပါဠ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရကို ပြဆိုတော်မူ၏။....သော် ကောသလ္လ သမ္ဘူတဋ္ဌေန ဟူသော ဟိတ်ပါဠ်၏ အသင့်ယုတ္တိ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....စသည်။ (စောဒနာတက်လျှင်– ဝိရောဓိ ဒေါသ, တစ်နည်း–အဗျာပိတဒေါသတင်။)

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ကုသလံပုဒ်၏ အဖွင့်ကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း–ကာမာဝစရပုဒ်၏ အဖွင့်သာလျှင်ရှိ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း–ကုသလံပုဒ်၏ အဖွင့်မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း– ကာမာဝစရပုဒ်၏ အဖွင့်သာရှိ၍ ကုသလံပုဒ်၏ အဖွင့်မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)—ပ....ကုသလံပုဒ်၏ အဖွင့်ကိုလည်း ပြဆို သင့် သေး၏။ (နု-ရော) ကုသလံပုဒ်၏ အဖွင့်ကို မပြဆိုဘဲ မနေသင့်။ တစ်နည်း-ကာမာဝစရပုဒ်၏ အဖွင့်ကိုသာ မပြဆိုသင့် (ပဋိ-ရော)....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ တစ်ပါးသော ကုသိုလ် မည်ခြင်း၏အကြောင်း ဝစနတ္ထကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....တစ်ပါးသော ကုသိုလ် မည်ခြင်း၏အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

(ဂ) ဝါကျ။ ထို ရှေ့စကားရပ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ.... ထို ရှေ့စကားရပ်၏ အသင့် ယုတ္တိ, အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏၊ (နု—ရော)....စသည်။

(ဃ) ဝါကျ။ အနဝဇ္ဇသုခဝိပါကလက္ခဏာ ဟူသော ဟိတ်ပါဌ်၏ အသင့်ယုတ္တိ, အကျယ် ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....၊ အန- ဝဇ္ဇသုခဝိပါကလက္ခဏာ ဟူသော ဟိတ်ပါဌ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့် သေး၏၊ (နု-ရော)....စသည်။

(င) ဝါကျ။ ကောသလ္လ သမ္ဘူတဋ္ဌေန ဟူသော ဟိတ်ပါဌ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ.... ကောသလ္လသမ္ဘူတဋ္ဌေန ဟူသော ဟိတ်ပါဌ်၏ အသင့်ယုတ္တိ, အကျယ်ဝိတ္ထာရ ကိုလည်း ပြဆိုသင့်သေး၏၊ (နု-ရော)....စသည်။

## ဒေါသ သင့်ပုံ ပယ်ပုံ

ရှေ့ကာမာဝစရပုဒ် အဖွင့်ကို ထောက်၍(က) ဝါကျဖြင့် ကုသလပုဒ်၏ အဖွင့်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ် ပြည့်စုံသွားသောကြောင့်၊ တစ်နည်း–(က) ဝါကျသည် ပကန္တရဝါကျ ဖြစ်ခြင်းကြောင့် ထို(က)ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏၊ (ခ) ဝါကျဖြင့် အဗျာပိတ ဒေါသပယ်ပုံကို သိ။

(ဂ) ဝါကျ ဖြင့် သခေ်ပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ တစ်နည်း– ဒဋ္ဌိယ, ဒဋ္ဌိကရဏဆန့်ကျင်သော ဝိရောဓိ ဒေါသကိုပယ်၏၊ အကြောင်းပြ ဖြေဆို လျှင်–သခေ်ပ,ဝိတ္ထာရ၊ ဒဋ္ဌိယ, ဒဋ္ဌိကရဏ မဆန့်ကျင်အောင် ပြဆိုသောကြောင့်၊ တစ်နည်း–(ဂ) ဝါကျသည် ဝိတ္ထာရဝါကျ, ဒဋ္ဌိကရဏ ဝါကျဖြစ်ခြင်းကြောင့် ထို (ဂ) ဝါကျဖြင့် ဝိရောဓိ ဒေါသကို ပယ်၏၊ (ဃ–င) ဝါကျတို့ဖြင့် အဗျာပိတ, တစ်နည်း—ဝိရောဓိဒေါသတို့ကို ပယ်၏။ [အထက်၌ ဆိုအပ်ပြီးသော နောက်နောက် ဝါကျတို့ဖြင့် ပယ်အပ်သော ဒေါသများပင် ရှေးရှေးဝါကျတို့၌ သင့်သော ဒေါသ များဖြစ်သည်ကို သိပါ]။

http://www.dhammadownload.com



## အပိစသဒ္ဒါထားရပုံ, (ဝါ) အပိုစဖြင့် လဲလှယ်ပုံ

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂ ပဟာန်အားဖြင့် တုန်လှုပ်စေခြင်း, ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေခြင်း, သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးပယ်ဖျောက်ခြင်းဟု ဆိုအပ်သော သကတ်အနက် အကြောင်းမှတစ်ပါး၊ အနာကင်းသည်၏အဖြစ်, အပြစ်ကင်းသည်၏အဖြစ်, သမ္မယုတ် ပညာကြောင့် ကောင်းစွာဖြစ်သည်၏အဖြစ် ဟူသော သကတ်အနက် အကြောင်း တစ်ပါးကို လဲလှယ်လိုသောကြောင့် (ခ) ဝါကျ၌ အပိစသဒ္ဒါထား၏။

## စသဒ္ဒါဖြင့် အကြောင်းလဲပုံ

အာရောဂျအနက်, အနဝဇ္ဇအနက်ဟူသော အကြောင်းတို့မှတစ်ပါး ကောသလ္လ သမ္ဘူတ ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (ခ) ဝါကျ၌ စသဒ္ဒါထား၏။

## ဟိသဒ္ဒါထားရပုံ

ရှေ့သခ်ေပစကားကို အကျယ်ချဲ့ပြ လိုသောကြောင့်, (ဝါ) ဝိတ္ထာရဇောတက အဖြစ်ကို ပြလိုသောကြောင့်၊ တစ်နည်း–ရှေ့ဒဠှီယစကားကို ခိုင်မြဲစေလိုသော ကြောင့်, (ဝါ) ဒဠှီကရဏ ဇောတကအဖြစ်ကို ပြလိုသောကြောင့် (ဂ) ဝါကျ ယထေဝ ဟိ၌ ဟိသဒ္ဒါထား၏။

## ပနသဒ္ဒါထားရပုံ

အာရောဂျဋ္ဌေန–ဟူသော ဟိတ်ပါဌ်၏ အကျယ်မှတစ်ပါး၊ အနဝဇ္ဇဋ္ဌေနဟူသော ဟိတ်ပါဌ်၏ အကျယ်ကို ပြလိုသောကြောင့် (ဝါ) ပက္ခန္တရတ္ထ ဇောတက အဖြစ်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ ပနသဒ္ဒါကို ထား၏။

ဝုတ္တံထားပုံ။ ။ (ဝုစ္စတိ-ဝုတ္တံ၊ နာမံ – ပရိယာယ၊ ရှိလကမူ ဥပစာ-ဟု ရှေးဆရာတို့ မိန့်ဆိုအပ်သည်နှင့် အညီ) အပေါင်းဖြစ်သော အာရောဂျ – အနဝဇ္ဇ– ကောသလ္လ သမ္ဘူတတို့၏ ကုသလဟူသော အမည်ကို အစိတ်ဖြစ်သော အာရောဂျ အနက်၌ တင်စား၍ ခေါ်ဝေါ်သော ကေဒေသျူပစာ အဖြစ်ကို ပြလိုသော ကြောင့် (ဂ) ဝါကျ၌ ဝုတ္တံ-ဟု ထား၏။

## ဝုစ္စတိထားရပုံ

အပေါင်းဖြစ်သော ကောသလ္လသာမညာ၏ ကောသလ္လဟူသော အမည်ကို အစိတ် ဖြစ်သော ကောသလ္လဟူသော ဉာဏ်ပညာ၌ တင်စား၍ ခေါ်ဝေါ်သော တေ

http://www.dhammadownload.com



ဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် (င) ဝါကျ၌ ဝုစ္စတိသဒ္ဒါ ထား၏။ တစ်နည်း-ကျမ်းကျင်နားလည်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာအနက်ကို အထင် ရှင်း၊ အပေါင်း၏ အမည်ကို အစိတ်၌ တင်စားသော ကေဒေသျူပစာ အားဖြင့် ကောသလ္လသဒ္ဒါက ဟောသည်ဟု သိစေလိုသောကြောင့် ဝုစ္စတိ-ဟု (ဝါ) ကောသလ္လံ ဝုစ္စတိ ပညာဟု အဋ္ဌကထာရှင် မိန့်မှာတော်မူ၏။

(မှတ်ချက်။ ။ အဝဇ္ဇ ပဋိပက္ခတ္တာဝါ အနဝဇ္ဇ လက္ခဏမေဝ ကုသလံ-(ဌ-၁၀၅) ၌ ကုသိုလ်၏ အနဝဇ္ဇ သုခဝိပါကလက္ခဏာ-အကုသလ ဝိဒ္ဒံသန-ရသဝေါဒါန ပစ္စုပဋ္ဌာန်-ရှိသည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ အနဝဇ္ဇလက္ခဏ-ဝေါဒါနဘာဝရသ-ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန် ရှိသည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်း တစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထား၏။)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ ကုစ္ဆိယန္တေတိ ကုစ္ဆိတာ၊ (တေသံ ကုစ္ဆိတာနံ)

၁။ ကုစ္ဆိယန္တေတိဟူသော ဝိဂ္ဂဟဝါကျသည်....။

၂။ ကုစ်၊ ဆိ၊ ယန်၊ တေ-(ကု,စ္ဆိ,ယ,န္တေ-) ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော စက်ဆုပ်ခြင်း ကြိယာသည်....။

၃။ ကုစ္ဆိတာဟူသော နိပ္ဖန္နသဒ္ဒါသည်....။

၄။ ထိုနိပ္ဖန္နသဒ္ဒါ အပေါင်း (ပညတ္တိ) သဒ္ဒါဖြစ်ခြင်း၏ အကြောင်း ဖြစ်သော စက်ဆုပ်ခြင်း ကြိယာသည်....။

[ဘောဓိစိန္တာ ဒီပနီနည်း၊]

တစ်နည်း-

၁။ ကုစ်၊ ဆိ၊ တာ-(ကု,စ္ဆိ,တာ) ဟူသော အစိတ် အစိတ် ပရမတ္ထသဒ္ဒါ သည်....။

၂။ ထို၏ အကြောင်းဖြစ်သော ကုစ္ဆဓာတ် တပစ္စည်း၊ စက်ဆုပ်ခြင်း ကြိယာ သည်....။

၃။ ကုစ္ဆိတာ-ဟူသော အပေါင်းနာမပညတ္တိ သဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော စက်ဆုပ်ခြင်း ကြိယာသည်....။

[အဘိဓာန်ဋီကာနည်း၊]

သလာယန် သလနံ။ သလယတီတိ သလံ ။ ပထမံ အာဒီယတီတိ အာဒိ။

သလနံ အာဒိ ယေသံ တေတိ သလနာဒယော။ (တေဟိ)

http://www.dhammadownload.com



၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော သလန ဟူသော အစ၏ စလန,ကမ္ပန, ဝိဒ္ဓံသနစသည်တို့နှင့် အာဒိ အာဒိဝန္တ,အစိတ် အပေါင်းအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သလန ဟူသော အစရှိခြင်းဂုဏ်သည် (ဝါ) သလနာဒိဂုဏ်သည်....။

အရိယန္တိ ဉာယန္တိတိ အတ္ထာ (တေဟိ)

၂။ အ, ရိ, ယန်, ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော သိခြင်း ကြိယာသည်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည်....။

ဤ (က) ဝါကျ သံဝဏ္ဏနာနှင့်အညီ ကုသလံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို အစိတ် အပေါင်း ဝိဂ္ဂဟပြုသော်–

(ကုကာ: နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရ)။ သလယတီတိ သလံ။ (အစိတ်) ကုစ္ဆိတေ သလံ ကုသလံ။ အပေါင်း)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော စက်ဆုပ်အပ်သော အကုသိုလ်တရား တို့၏ တုန်လှုပ်စေတတ်, ဖျက်ဆီးတတ်သော ကုသိုလ်တရားတို့နှင့် ပဟာ- တဗ္ဗ ပဟာယက အကြောင်း အကျိုး, အာရုံ အာရမ္မဏိက....စပ်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အကုသိုလ် တရားတို့ကို တုန်လှုပ်စေခြင်း, ဖျက်ဆီးခြင်း ကြိယာသည်....။

တစ်နည်း—ကုစ္ဆိတေ သလယတိ စလယတိ ကမ္ပေတိ ဝိဒ္ဓံသေတီတိ ကုသလံ....။

၁။ ကု, သ, လံ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏အကြောင်းဖြစ်သော ကုသဒ္ဒါပပဒ သလဓာတ် အပစ္စည်း စက်ဆုပ် အပ်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေခြင်း, ဖျက်ဆီးခြင်း ကြိယာ သည်....။

၃။ ကုသလံဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော စက်ဆုပ်အပ်သော အကုသိုလ် တရားတို့ကို တုန်လှုပ်စေခြင်း, ဖျက်ဆီးခြင်း ကြိယာသည်၊ တစ်နည်း-ကုသိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ဝါ) ကုသိုလ်ဇာတ်သည်....။

http://www.dhammadownload.com



(ခ) ဝါကျ။ [အ (န) ကား နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရ]။ ရုဇတီတိ ရောဂေါ၊ ရုဇ္ဇတီတိ ရောဂေါ၊ နတ္ထိ ရောဂေါ ဧတဿာတိ အရောဂေါ။

၂။ ထိုပျုပ္ပတ္တိ အကြောင်းဖြစ်သော အနာကင်းသည်၏ အနာကင်းခြင်း ဂုဏ်နှင့် ဂုဏော ဂုဏ်....စပ်....။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော အနာကင်းသည်၏ အဖြစ်ဟူသော (ဝါ) အနာကင်းသည်-ဟူသော ဂုဏ်သည်....။

အရိယတိ ဉာယတီတိ အတ္တော။ အာရောဂျမေဝ အတ္တော အာရောဂျတ္တော။ (တေန)

၂။ ထိုပျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အနာကင်းသည်၏ အဖြစ်၏အနက်နှင့် ဂုဏ် ဂုဏော....စပ်....။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အနာကင်းသည်၏ အဖြစ် ဟူသော အနက်ဖြပ်သည်, (ဝါ) အာရောဂျ အနက်တို့၏ တစ်ခုသည် ....ပ.... ဓာတ်သည်....။

[အနဝဇ္ဇဝိဂ္ဂဟကို ပဌမအုပ် (၂၄၃) ၌ ပြခဲ့ပြီ]။

ကောသလ္လ သမ္ဘူတဋ္ဌေန-ဟူသော သံဝဏ္ဏနာအရ ကုသလံ-ဟူသော သံဝဏ္ဏေတဗ္ဗ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား-

သလယတီတိ သလံ။ ကုစ္ဆိတေ သလံ ကုသလံ။ တစ်နည်း- ကုသတီတိ ကုသလော။ ကုသလဿ ဘာဝေါ ကောသလ္လံ။ ကောသလ္လတော သမ္ဘူတံ ကုသလံ။ (သမ္ဘူတတဒ္ဓိတ်)

၂။ ထို၏ အကြောင်းဖြစ်သော သမ္ပယုတ်ပညာ၏ ဖြစ်သော ကုသိုလ်နှင့် အကြောင်း အကျိုး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော သမ္ပယုတ်ပညာကြောင့် ဖြစ်ခြင်းကြိယာသည်, (ဝါ) ကုသိုလ်ဓာတ်သည်....။

နောက်၌ ဆိုလတ္တံ့သော (ဂ) ဝါကျရှိ ကောသလ္လတော သမ္ဘူတတ္တာ-ဟူသော သံဝဏ္ဏနာအရ (ခ) ဝါကျရှိ ကောသလ္လသမ္ဘူတ-ဟူသော သံဝဏ္ဏေတဗ္ဗကို အစိတ်အပေါင်း ဝိဂ္ဂဟပြုသော်—

[ကောသလ္လံကို ယခင်အထက်ပါအတိုင်းပြု]။

သမ္ဘဝတီတိ သမ္ဘူတံ။ ကောသလ္လတော သမ္ဘူတံ ကောသလ္လသမ္ဘူတံ။

၂။ ထို၏ အကြောင်းဖြစ်သော သမ္ပယုတ်ပညာ၏ ဖြစ်သော ကုသိုလ်နှင့် အကြောင်း အကျိုး....စပ်....။

http://www.dhammadownload.com



၄။ ထို၏ အကြောင်းဖြစ်သော သမ္မယုတ်ပညာကြောင့် ဖြစ်ခြင်းကြိယာ သည်....။

ကောသလ္လသမ္ဘူတဋ္ဌေန၏ ဝိဂ္ဂဟကား–

အရိယတိ ဉာယတီတိ အတ္ထော။ ကောသလ္လသမ္ဘူတမေဝ အတ္ထော ကောသလ္လ သမ္ဘူတဋ္ဌော။ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏အဖြစ် ဟူသော ဂုဏ်၏ အနက်နှင့် ဂုဏ်ဂုဏေး ...စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ကောသလ္လသမ္ဘူတ– ဟူသော အနက်ဖြစ် သည်....။

အမှာ– (c) ဝါကျ ကောသလ္လတော သမ္ဘူတတ္တာအရ– ကောသလ္လသမ္ဘူတ ဟူသော သံဝဏ္ဏေတဗ္ဗကို လည်းကောင်း, ကောသလ္လသမ္ဘူတဋ္ဌေန– ဟူသော သံဝဏ္ဏနာအရ–ကုသလံဟူသော သံဝဏ္ဏေတဗ္ဗကိုလည်းကောင်း (ယခင်အထက်ပါ (ခ) ဝါကျအတိုင်း ဝိဂ္ဂဟပြု)၊

(မှတ်ချက်။ ။ ရုဠှီသဒ္ဒေန (ဋ္ဌ–၁၀၅) ၌ ဝိဂ္ဂဟကား–ရုဟတီတိ ရုဠှီ။ ရုဟတိ ပါကဋော ဟောတီတိ ဝါ ရုဠှီယတိ နိရုဠှီယတီတိ ဝါ ရုဠှီ။

သပ္ပတိ သောတဝိညာဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။ ရုဠှီစ သော သဒ္ဒေါစာတိ ရုဠှီသဒ္ဒေါ။ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော တက်ရောက်ထင်ရှားသော ရုဠှီ၏သဒ္ဒါနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော တက်ရောက်ထင်ရှားသော (ကုသလ) သဒ္ဒါ တို့၏ (ဝါ) ရုဠှီသဒ္ဒါတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

ကိစ္စံ ဗါ သမ္ပတ္တိ ဝါ ရသောနာမ (ဋ္ဌ-၁၀၅) ၌ ရသောပုဒ်၏ ဝိဂ္ဂဟကား- ရသိယတိ နိပ္ဖါဒိယတီတိ ရသော။ (ကိစ္စရ၏) (ပြီးစေခြင်းကြိယာခွဲ) ရသတိ သမ္ပဇ္ဇတီတိ ရသော (သမ္ပတ္တိရ၏) (ပြည့်စုံခြင်းကြိယာခွဲ)

ဥပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ (ဋ္ဌ-၁၀၅)၌ ဥပဋ္ဌာနာ ကာရောပုဒ်၏ ဝိဂ္ဂဟကား–

ဥပဋ္ဌာဟီယတေ, ဥပဋ္ဌာဟတီတိ ဝါ ဥပဋ္ဌာနံ။ ဥပဋ္ဌာနံဝေ အာကာရော ဥပ- ဋ္ဌာနာကာရော။

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော ဉာဏ်အား ထင်သည်၏ (ဝါ) ထင်သော ဂုဏ်၏အခြင်းအရာနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဉာဏ်အားထင်သော အခြင်းအရာ ဟူသော ကြိယာသည် (ဝါ) ဂုဏ်သည်....။

ပစ္စုပဋ္ဌာန်၏ ဝိဂ္ဂဟကား – အတ္တနော ကာရဏံ ပဋိစ္စ တပ္ပဋိ ဗိမ္ဗဘာဝေန, ပဋိမုခံ ဝါ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာန်။ (ဋီ–၆၄)

၁။ ပ, စ္စု, ပ, ဋ္ဌာ, န် ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏ အကြောင်း ဖြစ်သော ပတိ+ဥပပုဗ္ဗ+ဌာဓာတ်+ယုပစ္စည်း၊ စွဲ၍ ကပ်လျက် တည်ခြင်းကြိယာသည်....။

၃။ ပစ္စုပဋ္ဌာန်ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော စွဲ၍ ကပ်လျက် တည်ခြင်း ကြိယာသည်....။
[အဘိဓာန်ဋီကာနည်း]

တစ်နည်း–အစိတ်အပေါင်း ဝိဂ္ဂဟပြုသော်–

ဥပဋ္ဌာတီတိ ဥပဋ္ဌာန်။ ပဋိစ္စ ဥပဋ္ဌာန် ပစ္စုပဋ္ဌာန်။

၂။ ထို၏ အကြောင်းဖြစ်သော ပဋိစ္စဘောဂုဏ်၏ ကပ်၍တည်သည်နှင့် ဂုဏ်+ဂုဏေး....စပ်။

၄။ ထို၏ အကြောင်းဖြစ်သော စွဲ၍ ကပ်လျက်တည်ခြင်း ကြိယာသည်....။

## လိင်စသည် စိစစ်ပုံ

ကုသလံ– နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, နာမပဒ၊ ဝါ၊ သမာသနာမပဒ၊ (ဝါ) ကိတန္တသမာသ်ပုဒ်။ သလနာဒီဟိ–ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, သမာသနာမပဒ၊ (ဝါ) ဗဟုဗ္ဗိဟိ သမာသ်ပုဒ်။

(ဂ) ဝါကျ။ [ယံထေဝ–ဟိ–ကစ္စိ–နှ ပုဒ်တို့ကို အသီးသီး အလိင်, နိပါတ် ပုဒ်ခွဲ။] ဘောတော – ပုလ္လိင်, ဂစ္ဆန္တာဒိဂိုဏ်း, ဣကာရန္တ, နာမပဒ။ အနာတုရ တာယ, နိဗ္ဗာဓိတာယတို့ကား ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, ဘာဝ တဒ္ဓိတ်နာမ်ပုဒ်။ ထိုတွင် ဗျာဓိကား–ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, ကိတ နာမပဒ။

## အာဘော်သံဝဏ္ဏနာ

(က) ဝါကျ။ ကုသလန္တိ၌ ကုသလံဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထား ပါဠိ၌ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ဣတိဖြင့် ပဒတ္ထဝိပလ္လာသတ္ထ – သဒ္ဒပဒတ္ထက ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကုစ္ဆိတာနံဖြင့် ကုသလံ၌

http://www.dhammadownload.com



ကု- သဒ္ဒါ မြေအစရှိသော အနက်ကို မဟော၊ ကုစ္ဆိတ အနက်ဟောသည်ကို သိစေ၏၊ (နိပါတ လိင်္ဂတ္ထ) သလနာဒီဟိဖြင့် သလ်၌ သလဓာတ်အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) အပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကိုလည်းကောင်း, သလယတီတိ သလံ-ဟု ဟေတုကတ္တုသာဓ် ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။ ကုစ္ဆိတာနံ သလနာဒီဟိ-ဟူသော အပေါင်းဖြင့် ကုသလ်ကို ကုစ္ဆိတေ သလံ ကုသလံ ၊ ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကို, (တစ်နည်း)- ကုစ္ဆိတေ သလယတိ စလ-ယတိ ကမ္ပေတိ ဝိဒ္ဓံသေတီတိ ကုသလံ-ဟု ကိတန္တသမာသ်ဝစနတ္ထ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)

(မှတ်ချက်။ ။ ကုစ္ဆိတာနံ - ဟု ဆဋ္ဌျန္တဖြင့် (ဋ္ဌ) ၌ ရှိသည်မှာ-ယု ဏွု - တုမှိ၊ ပစ္စည်းပြီး၊ ဆဋ္ဌီကံနေစေ-ဟူသည်နှင့်အညီ သလန-ဟူသော ယုပစ္စယန္တကို ငဲ့၍ ထားရှိခြင်းတည်း။ ကုသလ်၌ ကုနှင့် သလ်ကို ဝိဂ္ဂဟ ပြုသည့်အခါ သလ်သည် ယုပစ္စယန္တ မဟုတ်သောကြောင့် ကုစ္ဆိတာနံ သလံ ကုလလံ- ဟု ဝိဂ္ဂဟမပြုဘဲ ကုစ္ဆိတေ သလံ ကုသလံ-ဟု ဒုတိယန္တဖြင့် ဝိဂ္ဂဟ ပြုခြင်းသည်ကား ပိုမိုသဘာဝကျသည်။)

အတ္ထေဟိဖြင့် ကုသလသဒ္ဒါသည် ပဟာန် သုံးပါးဖြင့် တုန်လှုပ်စေခြင်း, ပြင်းစွာ တုန်လှုပ်စေခြင်း, ဖျက်ဆီး ပယ်ဖျောက်ခြင်း — ဟု ဆိုအပ်သော သကတ်အနက်၌ ဖြစ်သည်ကို လည်းကောင်း, (သကတ္ထ) သလဓာတ်သည် စလန, ကမ္ပန, ဝိဒ္ဓံသနအနက်၌ ဖြစ်သည်ကိုလည်းကောင်း (ဒု-ဓာတွတ္ထ) သိစေ၏။

(ခ) ဝါကျ။ အပိစဖြင့် အတ္ထန္တရဝိကပ္ပတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏။

တစ်နည်း- ကုသလသဒ္ဒါသည် ဆိုအပ်ပြီးသော အနက်၌သာ ဖြစ်သည် မဟုတ်သေး၊ ဤ ဆိုလတ္တံ့သော အနက်၌လည်း ဖြစ်သေး၏ - ဟု သိစေ၏။ (ဝါ) နောက်ထပ်ဆိုမည့် နည်းတစ်ပါးကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)အာရောဂျ-ဋ္ဌေနဖြင့် ကုသလ သဒ္ဒါသည် ဇာတ်ဒေသနာ နည်းအားဖြင့် အာရောဂျ အနက်၌ ဖြစ်သည်ကို (ဝါ) အာရောဂျအနက် ဟောသည်ကို သိစေ၏။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ၊ ဘာဝတ္ထ) အနဝဇ္ဇဋ္ဌေနဖြင့် ကုသလသဒ္ဒါသည် ဇာတိ-တိက သုတ်ဒေသနာ နည်းအားဖြင့် အနဝဇ္ဇ အနက်၌ ဖြစ်သည်ကို သိစေ၏။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ၊ ဘာဝတ္ထ) ကောသလ္လသမ္ဘူတဋ္ဌေနဖြင့် အဘိဓမ္မ ပရိယာယ် အားဖြင့် သမ္ပယုတ် ပညာကြောင့် ဖြစ်သည့် အတွက် ကုသလမည်၏ - ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) စဖြင့် သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

http://www.dhammadownload.com



(ဂ) ဝါကျ။ ဟိဖြင့် ဝိတ္ထာရတ္ထ, ဒဠှီကရဏတ္ထဇောတက အဖြစ်ကို သိစေ၏။ ကြွင်းသော (ဂ) ဝါကျဖြင့် ကုသလသဒ္ဒါသည် အာရောဂျ အနက်ကို ဟောသည်ဟု ဆိုရာ၌ ဥပမာ, ဥပမေယျ အကိုးသာကေနှင့် တကွ အကျယ် ဝိတ္ထာရ, ဒဠှီကရဏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ဃ) ဝါကျဖြင့် ကုသလသဒ္ဒါသည် အနဝဇ္ဇ အနက်ကို ဟောသည်-ဟု ဆိုရာ၌ အကျယ်ဝိတ္ထာရ, ဒဠှီကရဏ အဖြစ်ကို (ဝါ) အနဝဇ္ဇဋ္ဌေန ဟူသော ဟိတ်ပါဌ်၌ အကျယ်ဝိတ္ထာရ, ဒဠှီကရဏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

(င) ဝါကျ။ ကောသလ္လံ ဝုစ္စတိ ပညာဖြင့် ကောသလ္လ အရ (ကုသလဿ ဘာဝေါ ကောသလ္လံ-ဟု ဝိဂ္ဂဟပြု၍) ပညာကို ယူရမည်ဟူ၍လည်းကောင်း, (အဘိ ဓေယျတ္ထ) ကောသလ္လသဒ္ဒါ၏ ဂေဒေသျုပစာအဖြစ်ကို လည်းကောင်း (ပဒသံ ဝဏ္ဏနာ၊ ဘာဝတ္ထသံဝဏ္ဏနာ) သိစေ၏။ ကောသလ္လတော သမ္ဘူတတ္တာဖြင့် ရှေ့ (ခ) ဝါကျ၌ ဆိုခဲ့သော ကောသလ္လသမ္ဘူတ, ဤ (င) ဝါကျရှိ ကောသလ္လသမ္ဘူတ ပုဒ်တို့ကို ကောသလ္လတော သမ္ဘူတံ ကောသလ္လသမ္ဘူတံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝိဇနတ္ထပြုရမည်ကို သိစေ၏၊ (သမာသလိင်္ဂတ္ထ) ကောသလ္လသမ္ဘူတဋ္ဌေနဖြင့် ကုသလံ ဟူသော သံဝဏ္ဏေတဗ္ဗ၌ကောသလ္လတော သမ္ဘူတံ ကုသလံ - ဟု သမ္ဘူတတဒ္ဓိတ် ဝိဇနတ္ထပြုရမည်ကို လည်းကောင်း, (ပစ္စယတ္ထ) နိရုတ္တိနည်းဖြင့် က-၏ အစိတ် ဩကို ဥ-ပြု၊ လွတစ်လုံးကို ချေ၍ ကုသလံ ပြီး၏၊ ဟူသော အဓိပ္ပာယ်ကို လည်းကောင်း (ဘာဝတ္ထ) သိစေ၏။

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ကုသလန္တိ၌ ဣတိသည် ပဒဝိပလ္လာသတ္ထ, သဒ္ဒပဒတ္ထက။ ကုသလံ၌ ကုနိပါတ်သည်-(ကုစ္ဆိတာနံကို ထောက်၍) ကုစ္ဆိတ အနက်ကို ဟော၏။

(ခ) ဝါကျ။ အပိစ နိပါတ်သည် အတ္ထန္တရဝိကပ္ပနတ္ထ, နယန္တရဇောတက။ အာရောဂျ၌ အ (န်) သည် ဝိရဟတ္ထ-ပဋိသေဓတ္ထ။ အနဝဇ္ဇဋ္ဌေန၌ အန(န)သဒ္ဒါ-ဝိရဟတ္ထ-ပဋိသေဓတ္ထ။ ထို၌ အဝဇ္ဇဝယ် အ သည် တဗ္ဗောအနက်ကို ဟော၏။ စသဒ္ဒါ သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

(ဂ) ဝါကျ။ ယထေဝနိပါတ်သည် ပဋိဘာဂတ္ထ၊ ဥပမာနတ္ထ။ (တစ်နည်း) (ယထာ—ဧဝပုဒ်ဖြတ်၍) ယထာသဒ္ဒါ—ပဋိဘာဂတ္ထ။ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။ ဟိသဒ္ဒါ ဝိတ္ထာရတ္ထ၊ (တစ်နည်း) ဒဠှီကရဏတ္ထ၊ ကစ္စိနိပါတ်သည် ကာမပဝေ-ဒနတ္ထ (ဝါ) ဣဋ္ဌပရိပုစ္ဆနတ္ထ။ နုသဒ္ဒါ-ပုစ္ဆာဟူသော အနက်ကို ဟော၏။ ကုသလန္တိ၌ ဣတိနိပါတ် ဣဒံအနက်, နိဒဿန အနက်, ပဒတ္ထဝိပလ္လာသ အနက်ကို ဟော၏။

http://www.dhammadownload.com



အနာတုရတာယဥ္စ အန (န) သဒ္ဒါ-ဝိရဟတ္ထ - ပဋိသေဓတ္ထ။ အဂေလညေနဥ္စ အ(န) သဒ္ဒါ ဝိရဟတ္ထ - ပဋိသေဓတ္ထ။ နိဗ္ဗာဓိတာယဥ္စ နိသဒ္ဒါ - အဘာဝတ္ထ။ ဝိရဟတ္ထ၊ ပဋိသေဓတ္ထ။ ဝေံသဒ္ဒါ ပဋိဘာဂတ္ထ၊ ဥပမေယျတ္ထ၊ ဩပမ္မသမ္ပဋိပါဒနတ္ထ။ အရူပဓမ္မေပိဥ္စ အ(န) သဒ္ဒါ ဝိရဟတ္ထ-ပဋိသေဓတ္ထ။ ပိ (အပိ) သဒ္ဒါ ရူပကာယကို ပေါင်းဆည်းသော သမုစ္စယတ္ထ-သမ္ပိဏ္ဍနတ္ထ။ ပိ (အပိ) ၏ သမုစ္စယ-သမ္ပိဏ္ဍနာကာရ အဓိပ္ပာယ်ကား - ရူပကာယဥ္စသာ - အနာတုရတာ အဂေလည နိဗ္ဗာဓိတာကြောင့် အာရောဂျအနက်ကြောင့် ကုသိုလ်မည်သည် မဟုတ်သေး၊ နာမ်တရား၌လည်း ကိလေသာတုရတာ ကိလေသာ ဂေလည ကိလေသဗျာဓိတို့ မရှိခြင်းကြောင့်, အာရောဂျ အနက်ကြောင့် ကုသိုလ်ဟူသောအမည်ကို သိအပ်၏ဟူသော ပေါင်းဆည်းပုံ အဓိပ္ပာယ်ကို ပြ၏။ စသဒ္ဒါ - သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ၊ အဘာဝေနဥ္စ အ-သဒ္ဒါ ပဋိသေဓတ္ထ။

ဃ—ဝါကျ။ ပနသဒ္ဒါ-ပက္ခန္တရတ္ထ။ စသဒ္ဒါ သမ္ပိဏ္ဍနတ္ထ။

င—ဝါကျ။ ပညာဥ္စ ပသဒ္ဒါ ပကာရတ္ထ။

[မှတ်ချက်။ ။ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ (ဋ္ဌ-၁၀၅) ဝေသဒ္ဒါ အဝဓာရဏတ္ထ။]

၁။ အာရောဂျအနက်, အနဝဇ္ဇအနက်တို့သည် ဂဟေတဗ္ဗတ္ထ။

၂။ ကောသလ္လသမ္ဘူတ အနက်သည် နိဝတ္တေတဗ္ဗတ္ထ။

အနဝဇ္ဇလက္ခဏမေဝ ကုသလံ (ဋ္ဌ-၁၀၅)

၁။ အနဝဇ္ဇလက္ခဏာသည် ဂဟေတဗ္ဗတ္ထ။

၂။ သုခဝိပါကသည် နိဝတ္တေတဗ္ဗတ္ထ။

(ဝေဖြင့် သုခဝိပါကကို ကန့်သည်၊ နှစ်စေသည်၊ စင်စေသည်၊ တားမြစ်သည်။)

## ကြိယာ ၅-တန်ထုတ်ပုံ

က-ဝါကျ။ ကုစ္ဆိတာနံအရ-

၁။ အကုသိုလ် ဓမ္မသည်....။

၂။ အယောနိသော မနသိကာရသည်....။

၃။ သာဝဇ္ဇဒုက္ခဝိပါကသည် (တစ်နည်း) နှလုံးမသာယာခြင်း, ဝိပ္ပဋိသာရ, စိတ်သောကရောက်ခြင်း, ပူဆွေးခြင်း စသည်တို့သည်....။

၄။ ဗာလူပသေဝနစသည်တို့သည်....-

http://www.dhammadownload.com



၅။ ဒုဂ္ဂတိဘ၀ စသည်သည်၊ (ဝါ) ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေနေရခြင်း, အပါယ်ဆင်းရဲအမျိုးမျိုး ခံစားရခြင်း စသည်တို့သည်....။

သလနာဒီဟိ အတွေဟိ ကုသလံတို့ အရ-

၁။ မဟာကုသိုလ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ အနဝဇ္ဇသုခဝိပါကသည်၊ (ဝါ) ပီတိပါမောဇ္ဇဖြစ်ခြင်း စသည်တို့သည်....။

၄။ သပ္ပုရိသူပနိဿယ စသည်တို့သည်....။

၅။ သုဂတိဘ၀ စသည် (ဝါ) သုဂတိဘုံ၌ ပဋိသန္ဓေနေရခြင်း, ချမ်းသာအမျိုးမျိုးကို ခံစားရခြင်း စသည်တို့သည်....။

ဂ-ဝါကျ။ စုတ္တံ၌ အန္တတ္တဝစခေတ်အရ-

၁။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ဟောသဖြင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ အနက်အဓိပ္ပာယ် သိရခြင်းအကျိုးသည်၊ (ဝါ) ကုသလဟူသော ဝစီဘေဒသဒ္ဒါသည်....။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဗိပဿနာဉာဏ် စသည်တို့သည်....။

၅။ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ တရားနာရခြင်း, သိသဖြင့်,ကျင့်ရခြင်း,ကျင့်သဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ရခြင်း စသော အကျိုးဆက်တို့သည်....။

[ဝေဒိတဗ္ဗံ၌ ဝိဒခေတ်အရယူ၍ ထုတ်ပုံက သမယသဒ္ဒါ၏ အတ္ထုဒ္ဓေသ အဖွင့်၌ရှုပါ]။

(ဃ) ဝါကျ။[ကိလေသဝဇ္ဇဿ အရကို ကိလေသာ ကုသိုလ်ကို ယူ၍ အကုသိုလ်အတိုင်းထုတ်]။

(င) ဝါကျ။ ဝုစ္စတိ၌ ဝစခေတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ ကောသလ္လဟူသော ဝစီဘေဒသဒ္ဒသည်....။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ သုဏန္တပုဂ္ဂိုလ်တို့ ကောသလ္လဟူသော အသံကို ကြားနာရခြင်း အနက်အဓိပ္ပာယ်သိရခြင်း, ပဋိပတ္တိ, ပဋိဝေဓ စသည်တို့သည်....။

http://www.dhammadownload.com



## စေဒိတဗ္ဗ ထားရပုံ

နာမ်တရား၌လည်း ကိလေသာ တုရတာ—ကိလေသဂေလည—ကိလေသ ဗျာဓိ တို့၏ မရှိခြင်းအတွက် အာရောဂျအနက်ကြောင့် ကုသိုလ် မည်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့်၊ (တစ်နည်း)-ကုသိုလ်—ဟူသော အမည်ကို (ဝါ) ကုသလသဒ္ဒါ၏ အာရောဂျ အနက်ဟောသည်ကို နေယျတ္ထအားဖြင့် သိရ, ယူရမည်ကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ စေဒိတဗ္ဗထား၏။

## သိဒ္ဓိရနိုင်ပုံ

ရှုပကာယ၌ ကုသိုလ်မည်သကဲ့သို့ နာမ်တရား၌လည်း ကုသိုလ်မည်နိုင်သည်ကို ဤကစ္စိနု ဘောတော ကုသလံ-ဟူသော ပါဠိအာဂမ,သာဓကဖြင့် ယုံကြည်စေအပ်, ပြီးစေအပ်သောကြောင့် (ဝါ) ဤ ကစ္စိနု ဘောတော ကုသလံ-ဟူသော ပါဠိတော် ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျ သိဒ္ဓိ မည်၏။

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ ၁—ကုစ္ဆိတာနံအရ-အကုသိုလ် ပစ္စည်းတရားသည် သလနာဒီဟိ အတ္တေဟိ ကုသလံတို့အရ မဟာကုသိုလ် စိတ္တုပ္ပါဒ်အား(ဌာနာနုရှုပ ဆိုပါက ပထမ မဟာကုသိုလ်စိတ်အား) အာရမ္မဏ—ပြု၏။ ပြိုင်—မရှိ။

၂။ ကုစ္ဆိတာနံအရ အကုသိုလ်သည် သလနာဒီဟိ အတ္တေဟိ ကုသလံတို့အရ မဟာဂ္ဂုတ်ကုသိုလ်, မဂ်ကုသိုလ်တို့အား ပကတူ....ပြု၏။ ပြိုင်-မရှိ။

[ကုသလံ ဟူသော သဒ္ဒဝဏ္ဏေတဗ္ဗ၌ ကုအရကို ကုစ္ဆိတာနံအတိုင်း ကောက်၍ သလံ အရကို ယခင် အထက်ပါ ကုသိုလ်သုံးမျိုးကောက်ပြီးလျှင် ယခင်အတိုင်းပြိုင်]။

(ဂ) ဝါကျ။ ကုသလံ ဝုတ္တံ၌ ကုသလံဟူသော ကံပုဒ်နှင့် ဝုတ္တံ၌ ဗာဟျတ္ထ တပစ္စည်းအရ ကုသိုလ်ဟူသော အမည်ပညတ်သည် (ဝါ) ကုသလ—ဟူသော နာမ ပညတ္တိသဒ္ဒါသည်၊ (ဝါ) ကုသိုလ်စိတ္တုပ္ပါဒ်သည် ဝုတ္တံ၌ ဝစဓာတ်အရ ဒေသနာ ဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်-မရှိ။

ထည့်အပ်သော ဘာဂဝတာအရ = ဒေသနာဉာဏ်သည် ဝုတ္တံ၌ ဝစဓာတ်အရ ဉာဏ်ကြဉ်သော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်-ဓဟ-ဓိ-သဟ-ည-နိဿ-မဂ္ဂ-သမ်-တ္ထိ-အဝိ (၁၀)၊

http://www.dhammadownload.com



[ဝစဓာတ်အရ ဒေသနာညာဏ် ပစ္စည်း ထားပြီးလျှင် ဘဂဝတာအရ ညာဏ်ကြဉ်သော မဟာကိရိယာ ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် ထား၍လည်း ယခင်သယမျိုး (၁၀) ပစ္စည်းပြိုင်။]

[ပဏ္ဍိတေန–(သောတုဇနေဟိ) ] ကုသလံ ဝေဒိတဗ္ဗံ။

၁။ ကုသလံဟူသော ကံပုဒ်အရ ကုသိုလ်ပစ္စည်းတရားသည် ဝေဒိတဗ္ဗံ၌ အန္တတ္ထဝိဒဓာတ်အရ သတိ, ဝီရိယ,ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာရမ္မဏ-အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ (၃)။

၂။ ကုသလံဟူသော ကံပုဒ်အရ ကုသိုလ်ဝိညာဏက္ခန္ဓာသည် ဝေဒိတဗ္ဗံ၌ ဗာတျတ္ထ တဗ္ဗပစ္စည်းအရ – ကြွင်းသော ကုသိုလ် နာမက္ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်ဓိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉)။

၃။ ဝေဒိတဗ္ဗံ၌ တဗ္ဗပစ္စည်းအရ ကုသိုလ်နာမက္ခန္ဓာသည် ကုသလံ ဟူသော ကံပုဒ်အရ ကြွင်းသော ကုသိုလ် နာမက္ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်–ဓိ-သဟ–ည-နိ-ဟာ-ဣ–သံ-တ္ထိ-အဝိ (၉)။

၄။ ထည့်အပ်သော ပဏ္ဍိတေန (ဝါ) သောတုဇနေဟိ ဟူသော ကတ္တားပုဒ်တို့အရ-ညာဏ်ပစ္စည်း တရားသည် ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ ညာဏ်ကြဉ်သော ကုသိုလ်ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်–ဟေ-ဓိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

၅။ ဝိဒဓာတ်အရ–ညာဏ်ပစ္စည်းတရားက ပဏ္ဍိတေန (ဝါ) သောတုဇနေဟိ ကတ္တားပုဒ်အရ-ညာဏ်ကြဉ်သော ကုသိုလ်ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-ည-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

၆။ ဝေဒိတဗ္ဗံတစ်ပုဒ်တည်း၌ ဗာတျတ္ထတဗ္ဗပစ္စည်း အရ-ကုသိုလ်ပစ္စည်းတရားက အန္တတ္ထဝိဒဓာတ်အရ–သတိ, ဝီရိယ ညာဏ်ပြဓာန်းသော မဟာကုသိုလ် ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်–အာ–ဓိ-ဥပ (၃)။

၇။ ကုသလံ ဟူသော ကံပုဒ်အရ–ကုသိုလ်ပစ္စည်းတရားက ပဏ္ဍိတေန (ဝါ) သောတုဇနေဟိ ကတ္တားပုဒ်အရ-ညာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား (ဝါ) သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်–အာ-ဓိ-ဥပ (၃)။

(င) ဝါကျ။ ကောသလ္လံ ဟူသော အာကာရပုဒ် အရ ကောသလ္လ ဟူသော နာမပညတ္တိ သဒ္ဒါသည်၊ ဝုစ္စတိ၌ အန္တတ္ထဝစဓာတ်အရ သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏၊ ပြိုင်—မရှိ။ (တစ်နည်း) ဝစဓာတ်အရ

http://www.dhammadownload.com



သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ကောသလ္လံဟူသော အာကာရ ပုဒ်အရ ကောသလ္လဟူသော တစ်လုံးတစ်လုံးသော ပရမတ္ထဝစီဘေဒ စိတ္တဇသဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင်-ယထာရဟ - ဟေ - မိ - သဟ - ကံ - ဟာ - ဣ - ဈာ - မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

ပညာဟူသော ကံပုဒ်နှင့် ဝုစ္စတိဌ် ဗာဟျတ္ထတောဝိဘတ်အရ - ပညာစေတသိက်ပစ္စည်းတရားသည် ဝုစ္စတိဌ် ဝိစေဘတ်အရ—သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဥပ (၃)။

ထည့်အပ်သော ပဏ္ဍိတေနအရ ပညာစေတသိက်သည် ဝုစ္စတိဌ် ဝစဓာတ်အရ ဉာဏ်ကြဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင် - ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

ကောသလ္လဒတာ သမ္ပယုတ္တာ ကောသလ္လသမ္ပယုတ္တေနတိဌ် ကောသလ္လအရ ပညာစေတသိက်သည် သမ္ပယုတအရ (ဉာဏသမ္ပယုတ်) ကုသိုလ်စိတ်အား (ဌာနာနုရူပဆိုလျှင် မဟာကုသိုလ် ပထမစိတ်အား) သဟ....ပြု၏။ ပြိုင်-ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

[ဤအချက်ကို အထူးမှတ်]။

http://www.dhammadownload.com

# ၇–စိတ္တံပုဒ်အဖွင့် (က)

(က) စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ။

(ခ) ဝိဇာနာတီတိ အတ္ထော။

(ဂ) ယသ္မာ ဝါ....ပ....အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။

(ဃ) ဝိပါကံ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။

(င) အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ။

(စ) စိတ္တကရဏတာယ စိတန္တိ ဝေမွေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ [ဋ္ဌ–၁၀၆]

(က) ဝါကျ။ [ပါဠိသေသ နိယတ်, အနိယတ်တို့ကို ထည့်ကာ နိဿယအတိုင်း ပေး။]

(ခ) ဝါကျ။ ဣတိ အတ္ထောဝ္ဂ်ဳ မုချတ္ထ, ဥပစာရတ္ထကား–ဣတိအယံ, ဤ ဝိဇာနာတိဟူသော သဒ္ဒါသည်။ အတ္ထော၊ စိန္တေတိဟူသောပုဒ်၏။ (အတ္ထောသမွန်) အနက်ရှိသော သဒ္ဒါတည်း။(မုချတ္ထ)တစ်နည်း–ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ အနက်တည်း။ (ဥပစာရတ္ထ) [ဣတိ အတ္ထော တွေ့တိုင်း ဤအနက်များ ပေးနိုင်သည်။] [(စ) ဝါကျ၌ နိဿယအတိုင်း ၄-နက်ပေးနိုင်သည်။]

ဤအဖွင့် သံဝဏ္ဏနာများအရ စိတ္တံဟူသော သံဝဏ္ဏေတဗ္ဗကို အနက်ပေးသော်–

(က-ခ) ဝါကျ သံဝဏ္ဏနာအရ–စိတ္တံ၊ သညာ, ပညာတို့၏ ကိစ္စတို့မှ ထူးသောအားဖြင့် သိတတ်သော သဘောတရားသည်။

(ဂ) ဝါကျ သံဝဏ္ဏနာအရ–စိတ္တံ၊ ဇောဝီထိအစွမ်းအားဖြင့် မိမိအစဉ်ကို အာသေဝန အစရှိသော ပစ္စည်းအားဖြင့် စီတတ်, ပွားစေတတ်သော သဘောတရားသည်။

(ဃ) ဝါကျ သံဝဏ္ဏနာအရ-စိတ္တံ၊ ကံ, ကိလေသာတို့သည် ဆည်းပူးအပ်၊ ပွားစေအပ်သော သဘောတရားသည်။ ဤ ပထမမဟာကုသိုလ်စိတ်နှင့် မဆိုင်, ဝိပါက်စိတ်နှင့်သာ ဆိုင်၏။)

(င) ဝါကျ သံဝဏ္ဏနာအရ–စိတ္တံ၊ သမ္ပယုတ်, ဘုံ, အာရုံစသော အားဖြင့် ဆန်းကြယ်သော သဘောတရားသည်။

(စ) ဝါကျ သံဝဏ္ဏနာအရ-စိတ္တံ၊ ဆန်းကြယ်သော ပန်းချီစသောအမှုကို ပြုတတ်, ဂတိစသော ဆန်းကြယ်သောအကျိုးကို ပြုတတ်သောသဘောတရားသည်။

[ပါဠိတော်၌ ဥပ္ပန္နံ ဟောတိပုဒ်တို့နှင့် စပ်ပေးပါ။]

http://www.dhammadownload.com



## ကျမ်းတက်

## ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ဋ္ဌေစကားရပ်တို့ဖြင့် ကုသလံ ဟူသော ပုဒ်အနက်ကို ဖွင့်ပြတော်မူ၏။ ဤသို့သာ ဆိုချေသော်, စိတ္တံ ဟူသော ပုဒ်၏ အနက်အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် (က) ဝါကျဖြင့် အာရုံကို သိတတ်သော ကြောင့် စိတ်မည်သောဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် ဥဂ္ဂဟနစိန္တာ ပဇာနနစိန္တာ, ဝိဇာနနစိန္တာ ဟူသော စိန္တာသုံးမျိုးလုံး ဤနေရာ၌ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (ဝါ) ဥဂ္ဂဟနစိန္တာ, ပဇာနနစိန္တာ တို့သည်လည်း ဤနေရာ၌ ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ထိုသို့ မှတ်အပ်လေသောကြောင့် (က) ဝါကျဖြင့် အာရုံကို သိတတ်သောကြောင့် စိတ်မည်သောဟူ၍သာ မဆိုသင့်။ ဤနေရာ၌ ဖြစ်ကောင်းသော စိန္တာကိုလည်း ပြဆိုသင့်သေး၏၊ ဤနေရာ၌ အဘယ်စိန္တာ ဖြစ်ကောင်းပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝိဇာနာတိတိ အတ္ထောဟူသော (ခ) ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား-(ခ) ဝါကျဖြင့် ဤနေရာ၌ ဝိဇာနနစိန္တာသာ ဖြစ်ကောင်းဟု ပြဆို၏ ဟူလို။

**စောဒနာတက်လျှင်** – ဤ၌ ဖြစ်သင့်သော ဝိဇာနနစိန္တာကို မပြဆိုခဲ့သော် ဆရာအား စကား, ဝါကျ, အနက် အဓိပ္ပာယ်ပျံ့နှံ့သော အတိဗျာပိတ ဒေါသ သင့်ရောက်ရာ၏- ဟု (ဒေါသာရောပနစောဒနာ) ထည့်တက်။ တစ်နည်း သညာ, ပညာတို့လည်း အာရုံကို သိတတ်၍ စိတ်မည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ....သညာ, ပညာတို့၏ စိတ်မမည်ပုံ ကိုလည်း (ဝါ) စိတ်သာလျှင် စိတ်မည်ပုံကိုလည်း ပြဆိုသင့်သေး၏.... စသည်။အဓိပ္ပာယ်ကား=(ခ)ဝါကျဖြင့် သညာ,ပညာတို့သည် စိတ်မမည်။ စိတ်သာလျှင် စိတ်မည်၏ဟု ပြဆို၏—ဟူလို။

**စောဒနာတက်လျှင်** – သညာ, ပညာတို့၏ စိတ်မမည်ပုံကို (ဝါ) စိတ်သာလျှင် စိတ်မည်ပုံကို မပြဆိုခဲ့သော် ဆရာအား အတိဗျာပိတဒေါသ ရောက်ရာ၏ဟု (ဒေါသာရောပနစောဒနာ) ထည့်တက်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည်၊ (က-ခ) ဝါကျတို့ဖြင့် အာရုံကို အထူးသိတတ်သောကြောင့် စိတ်မည်သောဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် စိတ္တသဒ္ဒါ၏ ဝိဇာနာတိ ဟူသော အနက်ကိုသာ သိအပ်သလော (ဂဏှိ) (ဝါ) စိတ္တသဒ္ဒါ၏ ဝိဇာနာတိဟူသော အနက်ကိုသာ သိအပ်၏ဟု မှတ်အပ်သည်

http://www.dhammadownload.com



မဟုတ်ပါလော....ပ.... စိတ္တသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော 'စိ နော တိ' ဟူသော အနက်ကိုလည်း ပြဆိုသင့်သေး၏....စသည်၊ တစ်နည်း-ဆရာ, ဆရာသည်၊ (က-ခ) ဝါကျတို့ဖြင့် စိတ်အားလုံး၏ စိတ် မည် ခြင်း အ ကြောင်း ဝစနတ္ထကို ပြဆိုတော်မူ၏။ ... သော်, လောကီ ကုသိုလ်, အကုသိုလ်, ကိရိယာတို့၏ စိတ်မည်ခြင်း အကြောင်းကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ.... လောကီ ကုသိုလ်, အကုသိုလ်, ကိရိယာတို့၏ စိတ် မည် ခြင်း အ ကြောင်း ကို လည်း ပြဆိုသင့်သေး၏ စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် လောကီကုသိုလ်, အကုသိုလ်, ကိရိယာတို့၏ စိတ်မည်ခြင်းအကြောင်း ဝစနတ္ထကို ပြဆိုတော်မူ၏။.... သော်၊ ဝိပါက်၏ စိတ်မည်ခြင်းအကြောင်း ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်၊

(င) ဝါကျ။ ဆရာ, ဆရာသည်၊ (ဂ—ဃ) ဝါကျတို့ဖြင့် စိတ္တသဒ္ဒါ၏ ကတ္တုသာဓ်, ကမ္မသာဓ် ဝစနတ္ထနှစ်ပါးကို ပြဆိုတော်မူ၏။ ဤသို့ပင် ပြဆိုသော်လည်း၊ ရှေးကတ္တုသာဓ်, ကမ္မသာဓ် နှစ်ပါးတွင် အာဝဇ္ဇန်းဒွေး - ဝီထိစဉ် အားဖြင့် အဆုံးဇော, လောကုတ္တရာ (မဂ်) မပါဝင်နိုင်သေးသည် မဟုတ်ပါလော။ (နိဿယမှီ) ....ပ.... ထို အာဝဇ္ဇန်း စသော စိတ်များနှင့်တကွ စိတ်အားလုံး ပါဝင်နိုင်သော ဝစနတ္ထ, စိတ္တံပုဒ် အဖွင့်ကိုလည်း ပြဆိုသင့်သေး၏.... စသည်၊ တစ်နည်း—ဆရာ ဆရာသည်၊ (ဂ-ဃ) ဝါကျတို့ဖြင့် လောကီကုသိုလ်, အကုသိုလ်, ကိရိယာ, ဝိပါက်တို့၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကို ပြဆိုတော် မူ၏။ .... သော်, တစ်ပါးသော ဖြစ်သင့်သော စိတ်အားလုံး၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကို (ဝါ) သဒ္ဒါအနက်ကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ ....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် (င) ဝါကျဖြင့် အလုံးစုံသောစိတ်သည် သမ္ပယုတ်, ဘုံ, အာရုံ စသောအားဖြင့် ဆန်းကြယ်သောကြောင့် စိတ်မည်သောဟု ဆိုတော်မူ၏။.... သော်, တစ်ပါးသော ဖြစ်သင့်သော ဆန်းကြယ်သော ပန်းချီ စသော အမှုကို ပြုတတ်သောကြောင့် စိတ်မည်၏ဟု စိတ်မည်ခြင်းအကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော....စသည်။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ စိတ္တံ—ဟူသော ပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ.... စိတ္တံ—ဟူသော ပုဒ်၏ အနက် အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော)....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဥဂ္ဂဟနစိန္တာ, ပဇာနနစိန္တာ ဝိဇာနနစိန္တာ ဟူသော စိန္တာ သုံးမျိုးလုံး ဖြစ်ကောင်း၏ ဟူသော အနက်သည်၊ (ဝါ) ဥဂ္ဂဟနစိန္တာ, ပဇာနန စိန္တာတို့သည်လည်း ဤနေရာ၌ ဖြစ်ကောင်းကုန်ပါ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ.... ဤ၌ ဖြစ်ကောင်းသော ဝိဇာနနစိန္တာကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) စသည်။

(ဂ) ဝါကျ။ စိတ္တသဒ္ဒါ၏ ဝိဇာနာတိ—ဟူသော အနက်ကိုသာ သိအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....စိတ္တသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော စိနောတိ—ဟူသော အနက်ကိုလည်း ပြဆိုသင့်သေး၏၊ (နု-ရော) (တစ်နည်း)-လောကီကုသိုလ်, အကုသိုလ်, ကိရိယာတို့၏ စိတ်မည်ခြင်းအကြောင်း ဝစနတ္ထကို မပြဆို—ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ.... လောကီ ကုသိုလ်, အကုသိုလ် ကိရိယာတို့၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) စသည်။

(ဃ) ဝါကျ။ ဝိပါက်၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု—ပါ) ....ပ.... ဝိပါက်၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊ (နု—ရော) စသည်။

(င) ဝါကျ။ တစ်ပါးသော ဖြစ်သင့်သော စိတ်အားလုံး၏ စိတ်မည်ခြင်း အကြောင်း ဝစနတ္ထကို မပြဆို—ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ) ....ပ.... တစ်ပါးသော ဖြစ်သင့်သော စိတ်အားလုံး၏ စိတ်မည်ခြင်းအကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(စ) ဝါကျ။ တစ်ပါးသော ဖြစ်သင့်သော ဆန်းကြယ်သော ပန်းချီ စသော အမှုကို ပြုတတ်သောကြောင့် စိတ်မည်၏ဟု စိတ်မည်ခြင်း အကြောင်း ကို မပြဆိုဟု— ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ) ....ပ.... တစ်ပါးသော ဖြစ်သင့်သော ပန်းချီ စသောအမှုကို ပြုတတ်သောကြောင့် စိတ်မည်၏ဟု စိတ်မည်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

## ဒေါသ သင့်ပုံ ပယ်ပုံ

ရှေးကာမာဝစရပုဒ် အဖွင့်ကို ထောက်လျှင် (က) ဝါကျဖြင့် စိတ္တပုဒ်၏အဖွင့်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံ သွားသောကြောင့် (ဝါ) (က) ဝါကျသည် ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် ထို (က) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏။ နောက် (ခ) ဝါကျ ထောက်ပြန်လျှင် ရှေ့ (က) ဝါကျ၌ ဥဂ္ဂဟနစိန္တာ, ပဇာနနစိန္တာ, ဝိဇာနနစိန္တာ သုံးမျိုးလုံးတို့၌ အလွန်ပျံ့နှံ့နေသောကြောင့် အတိဗျာပိတဒေါသသင့်၏။ (ခ)ဝါကျ

http://www.dhammadownload.com



ဖြင့် ဤ၌ စိတ္တာ သုံးမျိုးလုံး မဖြစ်၊ ဝိဇာနနစိတ္တာသာ ဖြစ်ကောင်း၏—ဟု အလွှန် မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

[ဤ (၁) ဝါကျမှစ၍ ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသ သင့်ပုံ၊ နောက် နောက်ဝါတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့ကို သိပါ။

## ဝါသဒ္ဒါထားပုံ (လဲပုံ)

အာရုံကို သိတတ်သည်၏ အဖြစ် ဟူသော သကက် အနက် အကြောင်း၊ စိတ်အားလုံးကို ရ၏—ဟူသော အဘိဓေယျတ္ထ အရကောက် အကျိုးတို့မှတစ်ပါး မိမိ၏ အစဉ်ကို စီတတ်၊ ကံ ကိလေသာတို့သည် ဆည်းပူးအပ်၊ ပွားစေအပ်သည်၏အဖြစ်-ဟူသော သကတ် အနက်အကြောင်း၊ အာဝဇ္ဇန်းဒွေး ဝိထိစဉ်အားဖြင့် အဆုံးဇော၊ လောကုတ္တရာ (မဂ်) ဇောတို့မှတစ်ပါး၊ လောကီကုသိုလ်၊ အကုသိုလ်၊ ကိရိယာ၊ ဝိပါက်စိတ်ကို ရ၏—ဟူသော အဘိဓေယျတ္ထ အရကောက် အကျိုးတစ်ပါး တို့ကို လဲလိုသောကြောင့် (ဂ) ဝါကျ၌ ဝါသဒ္ဒါထား၏။

## တစ်နည်း—ဝါသဒ္ဒါ လဲနိုင်သမျှကား -

(က) ဝါကျ၌— စိတ္တံဝယ် စိတိ (စိန္တ) ဓာတ်၊ သိခြင်းအနက်ဟော၊ တပစ္စည်း ကတ္တုသာဓ် အနက်ဟော ကတ္တုသာဓ် ဝိဂ္ဂဟပြုရ၏၊ သိတတ်သည်အဖြစ် ဟူသော အနက်အကြောင်းဖြစ်၏။ စိတ်အားလုံး ရ၏။

(ဂ) ဝါကျ၌ စိတ္တံဝယ် စိဓာတ် - ပွားခြင်း အနက်ဟော၊ တပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ ကတ္တုသာဓ် ဝိဂ္ဂဟပြုရ၏၊ စီတတ်၊ ပွားစေတတ်သည်၏ အဖြစ်-ဟူသော သကတ်အနက် အကြောင်းဖြစ်၏၊ အာဝဇ္ဇန်းဒွေး၊ အဆုံးဇောမှတစ်ပါး လောကီကုသိုလ်၊ အကုသိုလ်၊ ကိရိယာရ၏။

(ဃ) ဝါကျ၌ စိတ္တံဝယ် စိဓာတ်—ဆည်းပူးခြင်း၊ ပွားစေခြင်းအနက်ဟော၊ တပစ္စည်း ကမ္မသာဓ် အနက်ဟော၊ ကမ္မသာဓ် ဝိဂ္ဂဟပြု၏၊ ဆည်းပူးအပ်၊ ပွားစေ အပ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းဖြစ်၏၊ လောကီဝိပါက်စိတ် ရ၏။

ဤသို့လျှင် ဓာတု၊ ဓာတွတ္ထ၊ ပစ္စယတ္ထ၊ ဝစနတ္ထ၊ သကတ္ထ၊ အဘိဓေယျတ္ထ၊ အကြောင်း၊ အကျိုးတို့ကို လဲလိုသောကြောင့် (ဂ) ဝါကျ၌ ဝါသဒ္ဒါထား၏။

အပိစသဒ္ဒါ ထားရပုံ။ မိမိအစဉ်ကို စီတတ် ပွားစေတတ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်း၊ အာဝဇ္ဇန်းဒွေ၊ အဆုံးဇော၊ လောကုတ္တရာ (မဂ်) ဇောမှတစ်ပါး၊ လောကီကုသိုလ်၊ အကုသိုလ်၊ ကိရိယာစိတ် ဟူသော အဘိဓေယျတ္ထ အရကောက်အကျိုး (ဂ-ဝါကျ အတွက်) ကံ ကိလေသာတို့သည် ဆည်းပူးအပ်၊

http://www.dhammadownload.com



ပွားစေအပ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်း, လောကီဝိပါက်စိတ်–ဟူသော အဘိဓေယျတ္ထအရကောက် အကျိုးမှတစ်ပါး (ဃ-ဝါကျအတွက်)ဆန်းကြယ်သည်၏ အဖြစ်, ဆန်းကြယ်သော ပန်းချီစသောအမှုကို ပြုတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်း, စိတ်အားလုံး ဟူသော အဘိဓေယျတ္ထ အရကောက် အကျိုးတစ်ပါးတို့ကို (င–ဝါကျ အတွက်) လဲလိုသောကြောင့် (င) ဝါကျ၌ အပိစသဒ္ဒါ ထား၏။

## တစ်နည်း–အပိစသဒ္ဒါ လဲနိုင်သမျှကား

[ဤ၌လည်း ရှေး(ဂ–ဃ) ဝါကျတို့၌ လဲနိုင်သမျှ ရှေး၌ပြခဲ့သော ဝါသဒ္ဒါဖြင့် နောက်နည်း၌ လဲနိုင်ပုံအတိုင်း သိပါ။]

(င) ဝါကျ၌ စိတ္တံဝယ် စိတ္တခေတ် ဆန်းကြယ်သော အနက်ဟော၊ အပစ္စည်း–ကတ္တုသာဓ်အနက်ဟော၊ ကတ္တုသာဓ် ဝိဂ္ဂဟပြုရ၏၊ ဆန်းကြယ်သော သကတ်အနက်အကြောင်း ဖြစ်၏၊ စိတ်အားလုံး ရ၏။

(စ) ဝါကျ၌ စိတ္တံကို စိတ္တံ ကရဏံ စိတ္တံ-ဟု ဥတ္တရပဒလောပ ဒွ–တပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုရ၏၊ ဆန်းကြယ်သော ပန်းချီစသော အမှုကို ပြုတတ်သော သကတ်အနက်အကြောင်း ဖြစ်၏၊ စိတ်အားလုံး ရ၏။ ဤသို့လျှင် ဓာတု, ဓာတွတ္ထ ပစ္စယ, ပစ္စယတ္ထ, ဝစနတ္ထ, သကတ္ထ, အဘိဓေယျတ္ထ, အကြောင်း အကျိုး တို့ကို လဲလှယ်လိုသောကြောင့် အပိစသဒ္ဒါ ထား၏။

(င) ဝါကျ ပိ(အပိ)သဒ္ဒါထားရပုံ။ ။တစ်ခုသော စိတ်သည်လည်း စိတ်မည်၏-ဟူသော အဝယဝ သမုစ္စည်းအနက်ကို ပြလိုသောကြောင့် (င) ဝါကျ သဗ္ဗမှိ၌ ပိ (အပိ) ကို ထား၏။

(စ) ဝါကျ ပိ(အပိ) သဒ္ဒါထားရပုံ။ ။စိတ္တပုဒ်၏ နိပ္ဖန္နပါဋိပဒိက အဖြစ်မှတစ်ပါး၊ အနိပ္ဖန္နပါဋိပဒိက အဖြစ်ကိုလည်းကောင်း, နိရုတ္တိ နည်းအားဖြင့် စိတ္တပုဒ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း, တစ်နည်း–ဤစိတ္တပုဒ်၌ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်းသာလျှင် အနက်ကို သိရမည်မဟုတ်သေး၊ ဤသဗ္ဗမှိ ယထာနုရူပတော စသော (င–စ) ဝါကျဆိုသော နည်းအတိုင်းလည်း အနက်ကို သိအပ်သေး၏ ဟူသော သမုစ္စည်း, သမ္ဘာဝနာ အနက်ကို ပြလိုသောကြောင့် (စ) ဝါကျ၌ ပိ(အပိ) ကို ထား၏။

တသ္မာထားရပုံ။ ။စိတ္တသဒ္ဒါ၏ အလုံးစုံသောစိတ်နှင့် ဆက်ဆံသည်၏ အဖြစ်ဟူသော အကြောင်းကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ တသ္မာ ထား၏။ အကြောင်းပြ, လဒ္ဓဂုဏ်ပြ, နိဂုံးပြ – ဟူသော တသ္မာ သုံး မျိုး တွင် ဤ၌ အကြောင်းပြ တသ္မာဖြစ်၏၊ [ဆောင်ပုဒ် ပထမအုပ် ၉၁-၌ ရှု။]

http://www.dhammadownload.com



အတ္ထောဝထားရပုံ။ ။စိန္တေတိ–ဟူသော ပုဒ်၏ (ဝါ) စိန္တေတိဌ် စိန္တာ၏ တိမ်မြုပ်ကွယ်ဝှက်နေသော ဝိဇာနနစိန္တာအနက်, ဝိဇာနနအနက်, အာရမ္မဏူပ လဒ္ဓိအနက်ကို ဖော်ပြလျက် ပညာ, သညာတို့မှ တစ်မျိုးတစ်ဖုံ ထူးခြားစွာ သိခြင်း အာရုံကို ရအောင်ယူနိုင်ခြင်းပင်တည်း–ဟူသော စကားကျကို ပြလိုသော ကြောင့် (ခ) ဝါကျ၌ အတ္ထောဝထား၏။ [ဆောင်ပုဒ် ပထမအုပ် ၆ဂ–၌ ရှု]

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။

၁။ အာ, ရမ်, မ, ဏံ (အာ, ရ, မ္မ, ဏံ) ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ သည်....။

၂။ ထို၏ အကြောင်းဖြစ်သော အာပုဗ္ဗ ရမုဓာတ် ယုပစ္စည်း လာရောက်၍ မွေ့လျော်ခြင်း ကြိယာသည်....။

၃။ အာရမ္မဏံ·ဟူသော အပေါင်း နာမပညတ္တိ သဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော လာရောက်၍ မွေ့လျော်ခြင်း ကြိယာသည်....။
(အဘိဓာန်ဋီကာနည်း)

(ခ) ဝါကျ။ အတ္ထော–အနက်–ဟု ပေးလျှင် အရီယတိ ဉာယတီတိ အတ္ထော– ဟု ပြု။ အတ္ထော–အနက်ရှိသော သဒ္ဒါ·ဟု ပေးလျှင် အရီယတိ ဉာယတီတိ အတ္ထော (အစိတ်) အတ္ထော အဿ အတ္ထီတိ အတ္ထော (အပေါင်း)ဟု ပြု။

၂။ ထို၏ အကြောင်းဖြစ်သော အနက်၏ သဒ္ဒါနှင့် အကျိုး အကြောင်း၊ တစ်နည်း–အကြောင်း အကျိုး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အနက်ရှိခြင်း–ဟူသော ဂုဏ်သည်၊ ဝါ–အနက် ရှိသော သဒ္ဒါတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်....။

(ဂ) ဝါကျ။ [သဗ္ဗကား သဗ္ဗနာမ် ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရ။]

(တစ်နည်း) ဝိဂ္ဂဟပြုသော်– သဗ္ဗတိ ဂစ္ဆတိ ပဝတ္တတီတိ သဗ္ဗံ။ စိန္တေတီတိ စိတ္တံ။ သဗ္ဗဥ္စ တံ စိတ္တဥ္စာတိ သဗ္ဗစိတ္တံ၊ ဓရီယတေ ဓာရဏံ၊ သဟ ဓာရဏေန ဝေါ ဝတ္တတီတိ သာဓာရဏော။

တစ်နည်း– သမာနံ ဓာရဏံ ယဿာတိ သာဓာရဏော (တစ်နည်း) သမံ သမာဘာဝံ ကတွာ ဓာရေတီတိ သာဓာရဏော။

[နောက်ဆုံး တတိယနည်း-ပုဒ်စစ်ကျမ်း ၁၆၂]

http://www.dhammadownload.com



၁။ သာ, ခေ, ရ, ဏော–ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။
၂။ ထို၏ အကြောင်းဖြစ်သော သံ အာပုဗ္ဗ ရေဓာတ် ယုပစ္စည်း တူမျှသည်ကို ပြု၍ ဆောင်ခြင်းကြိယာသည်....။
၃။ သာခေရဏော–ဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သော တူမျှသည်ကိုပြု၍ ဆောင်ခြင်းကြိယာသည်....။
(အဘိဓာန်ဋီကာနည်း)

သဗ္ဗစိတ္တေန သာခေရဏော သဗ္ဗစိတ္တသာခေရဏော။
၂။ ထို၏ အကြောင်းဖြစ်သော အလုံးစုံသော စိတ်၏ ဆက်ဆံသောဂုဏ်နှင့် ဂုဏေး ဂုဏ်၊ သဟာဒိယောဂ သဟာဒိယောဂဝန္တ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်။
၄။ ထို၏ အကြောင်းဖြစ်သော အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံခြင်းဟူသော ဂုဏ်သည်....။

ဇဝတီတိ ဇဝနံ။ ဝီထိ ဂစ္ဆတီ ဧတ္ထာတိ ဝီထိ။

တစ်နည်း–ဝိယန္တိ ဂစ္ဆန္တိ သတ္တာ ဧတ္ထာတိ ဝီထိ၊ ဝီထိ ဝိယာတိ ဝီထိ။
၂။ ထို၏ အကြောင်းဖြစ်သော ပကတိလမ်း၏ စိတ်အစဉ်နှင့် ဥပမာန ဥပမေယျ, သဒိသ သဒိသီ....စပ်....။
၄။ ထို၏ အကြောင်းဖြစ်သော ပကတိလမ်းနှင့် တူခြင်းကြိယာသည် (ဝါ) စိတ်အစဉ် ဝီထိတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

ဇဝနမေဝ ဝီထိ ဇဝနဝီထိ။ တစ်နည်း–ဇဝနဿ ဝီထိ ဇဝနဝီထိ။ ဝသနံ သမတ္တနံ ဝသော။ ဇဝနဝီထိယာ ဝသော ဇဝနဝီထိဝသော (တေန ဇဝနဝီထိဝသေန)။
၂။ ထို၏ အကြောင်းဖြစ်သော ဇောဝီထိ၏ အစွမ်းနှင့် ဂုဏေး ဂုဏ်....စပ်....။
၄။ ထို၏ အကြောင်းဖြစ်သော ဇောဝီထိ၏ အစွမ်းဟူသော ဂုဏ်သည်....။

(ဿ)· ဝါကျ။ [ဝိကာဒ ဥပသာရဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရ။

ပစ္စတီတိ ပါကံ။ ဝိသိဋ္ဌာနံ ပါကံ ဝိပါကံ။
၂။ ထို၏ အကြောင်းဖြစ်သော အချင်းချင်း ထူးကုန်လော ကုသိုလ်, အကုသိုလ် တို့၏ အကျိုးတရားနှင့် အကြောင်းအကျိုး....စပ်....။
၄။ ထို၏ အကြောင်းဖြစ်သော ဝိပါကိတို့၏ တစ်ခုသည်(ပ)ဇာတ်သည် (ဝါ) ဝိပါက်ဇာတ်သည်....။

[ကမ္မကိလေသေဟိ ဝိဂ္ဂဟကို ပထမအုပ် (၃၇၄)၌ ပြခဲ့ပြီ။

http://www.dhammadownload.com



(ဃ) ဤ ဝါကျ သံဝဏ္ဏနာအရ စိတ္တံ ဟူသော သံဝဏ္ဏေတဗ္ဗ၏ ဝိဂ္ဂဟကား ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။ (ဋ) တစ်နည်း—ကမ္မကိလေသေဟိ စီယတေတိ စိတ္တံ၊

၂။ စိ, ယ, တေဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ဆည်းပူးခြင်း, ပွားစေခြင်း ကြိယာသည်....။

၄။ ထို၏ အကြောင်း ဖြစ်သော ဆည်းပူးခြင်း, ပွားစေခြင်း ကြိယာသည်။
(င) ဝါကျ သံဝဏ္ဏနာအရ စိတ္တံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝိဂ္ဂဟကား= စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ။

၂။ စိတ်, တေ, တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏အကြောင်း ဖြစ်သော ဆန်းကြယ်ခြင်းကြိယာသည်....။

၄။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်ခြင်း ကြိယာသည်....။

(စ) ဝါကျ။ သံဝဏ္ဏနာအရ စိတ္တံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝိဂ္ဂဟကား စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ၊ ကရောတီတိ ကရဏံ။ (ကျေနေသော ပုဒ်)။ စိတ္တံ ကရဏံ စိတ္တံ။ (ဥတ္တရပဒလောပ ဒု-တပ္ပုရိသ်)။

၂။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော ပန်းချီစသောအမှု၏ ပြုတတ် သောစိတ်နှင့် ကမ္မ ကမ္မီ, အာရုံ အာရမ္မဏိက....စပ်....။

၄။ ယင်း၏ အကြောင်းဖြစ်သော ဆန်းကြယ်သောအမှုကိုပြုခြင်း ကြိယာသည်....။

တစ်နည်း– ဆန်းကြယ်သောအမှုကို ပြုတတ်သော စိတ်တို့၏ တစ်ခုသည်....ပ.... ဇာတ်သည်။

## လိင်စသည် စိစစ်, ခွဲခြားဝေဖန်ပုံ

(က) ဝါကျ။ စိန္တေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ (စိတိဓာတ် ဖြစ်သောကြောင့်) ဣကာရန္တ၊ တစ်နည်း–(စိန္တဓာတ်ဖြစ်သောကြောင့်) အကာရန္တ၊ အာချာတ ပဒ၊ [စိတိ (စိန္တ) ဏေ တိ။]

(ခ) ဝါကျ။ ဝိဇာနာတိ-အလိင်၊ ကီယာဒိဂိုဏ်း၊ [ဝိပုဗ္ဗဉာဓာတ် ဖြစ်သော ကြောင့် အာကာရန္တ]၊ အာချာတပဒ။ [ဝိ ဉာ နာ တိ။]

(ဂ) ဝါကျ။ ယသ္မာ ရူပသိဒ္ဓိ နိပါတ်ခန်း (၁၃၅) ၌ နိပါတ်ဟု ဆိုထား သောကြောင့်) အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ၊ သဗ္ဗနာမပဒ။ [တသ္မာကို ယခင် အထက်ပါ ယသ္မာအတိုင်း ၂-နည်းခွဲ။] ယဒေတ္တ-ကို ယံ တွေ့ပုဒ်ဖြတ်၍ ယံကား- နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ၊ သဗ္ဗနာမပဒ။ [တွေ့ကို

http://www.dhammadownload.com



အလိုင်၊ နိပါတ်ပုဒ်ခွဲ၊ တံကို ယခင်ယံအတိုင်းခွဲ၊ ဇဝနဝီထိဝသေန ပုဒ်လုံးကို ပုလ္လိင် ပုရိသာဒိဂိုဏ်း၊ သမာသပဒခွဲ။] ထိုတွင် – ဇဝနဝီထိကာ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသပဒ။ (ဇဝနကို နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ) ဝီထိ–ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ (ဝါ) ဥပမာ တဒ္ဓိတ်နာမ်ပုဒ်။ အတ္တနော–ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ သန္တာနံ– [သန္တာနောဟု အဘိဓာန် ဂါထာန်ပါတ် (၉၅၃)၌ ပုလ္လိင် ဆိုထားသောကြောင့်] ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်၊ (ဝါ) သမာသ်နာမ်ပုဒ်၊ တစ်နည်း–[တံ ခန္ဓသန္တာနံ ပဝတ္တတိ ဟူသော ပါထိကဝဂ္ဂကထာ (၁၀၂)ကို ထောက်လျှင်] နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်ဟုလည်း ခွဲနိုင်၏။ စိနောတိ–အလိင်။ သွာဒိဂိုဏ်း၊ (စိဓာတ်ဖြစ်သောကြောင့်) ဣကာရန္တ၊ အာချာတပဒ။ [စိ ဏု တိ]

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ အာရမ္မဏဖြင့် စိန္တေတိ၌ သိခြင်းဟူသည် အာရုံကို သိခြင်း ပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ တစ်နည်း – စိတိ (စိန္တ) ဓာတ်၏ (ဝါ) စိန္တေတိ ကြိယာ၏ ကံပုဒ် အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ၊ နေယျတ္ထ) စိန္တေတ်ဖြင့် စိတ္တံ၌ စိဓာတ် စသည် မဟုတ်၊ စိတိ (စိန္တ) ဓာတ်အဖြစ်ကိုလည်း ကောင်း (ဒု–ဓာတုပဒ) တ ပစ္စည်းသည် ကမ္မသာဓ် စသော အနက်ကိုမဟော၊ ကတ္တုသာဓ် အနက်ဟောသည်ကို လည်းကောင်း, စိန္တေတီတိ စိတ္တံဟု ကတ္တုသာဓ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။ ဣတိဖြင့် ဟေတွတ္ထ ဇောတကအဖြစ် (ဝါ) နာမလာဘ ဟိတ်အဖြစ်ကို (ဝါ) သကတ် အနက်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ၊ သကတ္ထ)

[မှတ်ချက်။ ။စိတ္တန္တိ စိတ္တံတို့၌ အာဘော် ဖော်လျှင် စိတ္တန္တိ၌ စိတ္တံဖြင့် ရှေးဦးစွာ သံဝဏ္ဏေတဗ္ဗ တည်ထားပါဌ်အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ) ဣတိ ဖြင့် ပဒတ္ထဝိပလ္လာသဇောတက, သရူပဒတ္ထက အဖြစ်ကို သိစေ၏။ (အတ္ထဘာဝတ္ထ) နောက်စိတ္တံဖြင့် နိဒ္ဒိသံဝဏ္ဏေတဗ္ဗအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)]

(ခ) ဝါကျ။ ဝိဇာနာတိဖြင့် စိန္တေတိ၌ စိန္တာဟူသည် ဦဟနစိန္တာ, ပဇာ နနစိန္တာ မဟုတ်၊ ဝိဇာနနစိန္တာဟု သိစေ၏။ (ဘာဝတ္ထ) ဣတိ အတ္ထောဖြင့် ဤအနက်ကို မှတ်ရမည်ဟု သိစေ၏။ (ဘာဝတ္ထ)

(အမှာ။ ဝိဇာနာတီတိ အတ္ထောဖြင့် စိန္တေတိ၌ စိန္တာဟူသည် ဦဟနစိန္တာ ပဇာနနစိန္တာ မဟုတ်, ဝိဇာနနစိန္တာဟု သိစေ၏။ ဤသို့ ပေါင်း၍ဖော်လျှင်လည်း ဖြစ်သည်။)

http://www.dhammadownload.com



(ဂ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏။ (တစ်နည်း) စိတ္တသဒ္ဒါသည် အာရုံကို သိတတ်သောကြောင့်သာ စိတ် မည်သည် မဟုတ်သေး၊ မိမိ၏ အစဉ်ကို စီတတ်—ပွားစေတတ်, ကံ ကိလေသာ တို့သည် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်လည်း စိတ်မည်သေး၏ဟု သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ယသ္မာ....ပ....တသ္မာဖြင့် နောက် ဝေဒိတဗ္ဗာ၌ သိခြင်းဟူသည် ဖွင့်ဆို အပ်ပြီးသော ဝစနတ္ထအရ စိတ္တသဒ္ဒါ၏ အလုံးစုံသော စိတ်နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သိခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) (တစ်နည်း) ယသ္မာ....ပ....သေသဒ္ဒေါ—ဖြင့် ဆိုလတ္တံ့သော တသ္မာ၌ တ-နိယတ်၏ အနိယတ်အဖြစ်ကို သိစေ၏။ တသ္မာဖြင့် စိတ္တသဒ္ဒါ၏ အလုံးစုံသော စိတ် နှင့် ဆက်ဆံခြင်းအကြောင်းကို (ဝါ) နိယတ်အဖြစ်ကို သိစေ၏။ (သမ္ဗန္ဓာမလိင်္ဂတ္ထ၊ ဘာဝတ္ထ) ယဒေတ္ထ-ပ-စိတ္တံ တံဖြင့် စိတ္တအရ လောကီကုသိုလ် အကုသိုလ် ကိရိယာ စိတ်ကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) (တစ်နည်း) ယံ လောကိယ ကုသလာကုသလ ကိရိယ စိတ္တံဖြင့် တ—နိယတ်၏ အဖြစ်ကို သိစေ၏။ (သမ္ဗ- နာမလိင်္ဂတ္ထ—ဘာဝတ္ထ) တွေဖြင့် နိဒ္ဒါရဏ သမုဒါယအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တံဖြင့် စိတ္တံအရ လောကီကုသိုလ် – အကုသိုလ် ကိရိယာစိတ်များကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ဇဝနဝီထိဝသေန အတ္တနော သန္တာနံဖြင့် စိနောတိ၌ စီ၏ဟူသည် ဇောဝီထိ၏ အစွမ်းအားဖြင့် မိမိအစဉ်ကို စီ၏ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) စိနောတိဖြင့် စိတ္တံ၌ စိန္တေတိ စသည်မဟုတ်၊ စိဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒုံ ဓာတုပဒ) တ ပစ္စည်း၏ ကတ္တုသာဓ်အနက်ဟောသည် ကိုလည်းကောင်း စိနောတီတိ စိတ္တံ-ဟု ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း သိစေ၏၊ (ဒု—ပစ္စယတ္ထ၊ အဘိဓာနတ္ထ) ဣတိဖြင့် ဟေတွတ္ထဇောတက, နာမလာဘဟိတ် သကတ်နက်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ၊ သကတ္ထ)။

(ဃ) ဝါကျ။ အာဘောဂ်သံဝဏ္ဏနာကို [ပထမအုပ် နောက်ဆက်တွဲ ၂၇-ခုနှစ် မေးခွန်းအဖြေ၌ ရှု။]

(င) ဝါကျ။ အပိစဖြင့် နည်းတစ်ပါးကို ဆိုအံ့ဟု ပဋိညာဉ် စကားပျိုးကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) သဗ္ဗံဖြင့် စိတ္တံအရ စိတ်အားလုံးကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ပိ (အပိ) ဖြင့် အဝယဝ သမုစ္စည်းအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ယထာနုရူပတောဖြင့် စိတ္တတာယ၌ ဆန်းကြယ်ခြင်း ဟူသည် မိမိ မိမိ အားလျော်သော သမ္ပယုတ်, ဘုံ, အာရုံ စသော အားဖြင့် ဆန်းကြယ် ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ) စိတ္တတာယဖြင့် စိတ္တ သဒ္ဒါ၏ ဝိစိတြဝါစိ – ရုဠှီအနိပ္ဖန္န ပါဋိပဒိက ပုဒ်အဖြစ်ကို သိစေ၏၊ (နာမလိင် ပဒတ္ထ) ' နည်း) စိတ္တံ၌ စိတ္တဓာတ်၏ အဖြစ်ကိုလည်းကောင်း, (ဒု-ဓာတုပဒ)

http://www.dhammadownload.com



အ (ဏ) ပစ္စည်း၏ ကတ္တုသာဓ် အနက်၌ သက်သည်ကိုလည်းကောင်း, စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ ဟု ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း သိစေ၏၊ (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ)။

(စ) ဝါကျ။ စိတ္တကရဏတာယဖြင့် စိတ္တံ ကရဏံ စိတ္တံ-ဟု ကရဏနောက်ပုဒ် ကျေသော ဥတ္တရပဒလောပ ဒု-တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊နေယျတ္ထ)ဝေမေ့တ္ထ အတ္တော ဝေဒိတဗ္ဗောဖြင့် ဤသို့လည်း ဤစိတ္တ ဟူသောပုဒ်၌ ပညာရှိသည် အနက်ကို သိ မှတ် ရ မည် ဟု နိဂုံးအဖြစ်ကို (ဝါ) တိုက်တွန်းချက် ဥယျောဇဉ်အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ စိတ္တန္တိ၌—ဣတိ-ပဒတ္ထဝိပလ္လာသတ္ထ (သဒ္ဒပဒတ္ထက)။

တစ်နည်း— နိဒဿနတ္ထ၊ အာရမ္မဏံ၌ အာသဒ္ဒါ—အာဂန္တွာအနက်၊ (အာဂမန အနက်)

(ခ) ဝါကျ။ ဝိဇာနာတိ၌ ဝိသဒ္ဒါ—ဝိသေသ (ဝိသိဋ္ဌ) အနက်။ ဣတိသဒ္ဒါ— ဣဒံအနက်၊ နိဒဿနအနက်။

(ဂ) ဝါကျ။ ယသ္မာ, တသ္မာနိပါတ်— ကာရဏဇောတနတ္ထ။ အကုသလဉ္စ အသဒ္ဒါ ဝိရုဒ္ဓတ္ထ။

(ဃ) ဝါကျ။ ဝိပါကံ၌ ဝိသဒ္ဒါ ဝိသိဋ္ဌတ္ထ။

(င) ဝါကျ။ အပိစ နိပါတ် အတ္တန္တရဝိကပ္ပနတ္ထ, နယန္တရဇောတက။

သဗ္ဗမ္ပိ၌ ပိ(အပိ)သဒ္ဒါ—စိတ်တစ်ပါးတစ်ပါးကို ပေါင်းဆည်းသော သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

ထိုပိ (အပိ) သဒ္ဒါဖြင့် ပြအပ်သော သမုစ္စယ, သမ္ပိဏ္ဍနာကာရ အဓိပ္ပာယ်ကား- အလုံးစုံသော စိတ်သည်သာလျှင် စိတ်မည်သည် မဟုတ်သေး (ဝါ) စိတ်အားလုံး ပေါင်းမှ စိတ်မည်သည် မဟုတ်သေး၊တစ်ခုတစ်ခုသော စိတ်သည်လည်း စိတ်မည်သည် ဟူသော အဓိပ္ပာယ်ကို ပြ၏။ (တစ်နည်း) သဗ္ဗမ္ပိ၌ ပိ (အပိ) သဒ္ဒါ သမ္ဘာဝနတ္ထ။ ယထာသဒ္ဒါ ဝိစ္ဆာအနက်ဟော၊ အနုသဒ္ဒါ ယောဂ္ဂအနက်ဟော။

(စ) ဝါကျ။ စိတ္တန္တိ၌ ဣတိသဒ္ဒါ, ဧဝံသဒ္ဒါတို့သည် နိဒဿနတ္ထ။

တစ်နည်း— ဣတိ ဇဝံ အနက်ဟော။ ဧဝံ နိဒဿနအနက်ဟော။ ပိ(အပိ)သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

ထို ပိ (အပိ) သဒ္ဒါဖြင့် ပြအပ်သော သမုစ္စယ, သမ္ပိဏ္ဍနာကာရ အဓိပ္ပာယ်ကား- ရှေး၌ ဆိုအပ်ပြီးသော ယသ္မာဝါ-စသော နည်းအတိုင်းသာလျှင် သိအပ်သည်

http://www.dhammadownload.com



မဟုတ်သေး၊ ဤ အပိစ သဗ္ဗမ္ပိစသော နည်းအတိုင်းလည်း သိအပ်သေး၏၊ (ဝါ) စိတ္တသဒ္ဒါသည် နိပ္ဖန္နပါဠိပဒိက ပုဒ်သာလျှင် ဖြစ်သည်မဟုတ်သေး၊ အနိပ္ဖန္နပါဠိပဒိက ပုဒ်လည်း ဖြစ်သေး၏ ဟူသော အဓိပ္ပာယ်ကို ပြ၏။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(ဂ) ဝါကျ။ သေသဒ္ဒေါ်၌ တေသည် သဒ္ဒေါဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ၊ ယဒေတ္တ၌ ယံဝယ် ယသည် လောကိယ ကုသလာကုသလကိရိယစိတ္တံ-ဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ၊ တေတ္ထ၌ တေသည် အလုံးစုံသောစိတ်ကို စွဲ၏။ အလုံးစုံသော စိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ တံ၌ တသည် လောကီကုသိုလ် အကုသိုလ် ကိရိယာစိတ်ကို စွဲ၏။ ဆိုအပ်ပြီးသော လောကီကုသိုလ် အကုသိုလ် ကိရိယာစိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (တစ်နည်း) အနိယမ ယသဒ္ဒါ စွဲသော အနက်ကို ပြန်၍ စွဲသောကြောင့် နိယမဝိသယ တမည်၏။

## ကြိယာ ၅-တန် ထုတ်ပုံ

(က-င-စ) ဝါကျ တို့၌ ရှိသော စိတ္တံ-

(က-ခ) ဝါကျ တို့၌ရှိသော စိန္တေတိ ဝိဇာနာတိ ပုဒ်တို့အရ စိတ်ကို ယူ၍ လက္ခဏာဒိ ဓာတွတ္ထကို မှီထုတ်လျှင်....

၁။ စိတ်၏ ဝိဇာနန လက္ခဏာသည်....။

၂။ နာမရူပပဒဋ္ဌာန်သည်....။

၃။ ပုဗ္ဗင်္ဂမသမ္ပတ္တိရသသည်....။

၄။ ပုဗ္ဗင်္ဂမ ကိစ္စရသသည်....။

၅။ သန္ဓာန ပစ္စုပ္ပဋ္ဌာန်သည်....။

(ဂ) ဝါကျ။ [ကုသလာ ကုသလ ကိရိယစိတ္တံတို့ အရ-ကုသိုလ်, အကုသိုလ်, ကိရိယာတို့၌ ထုတ်ပုံကို အစဉ်အတိုင်း ပထမအုပ်-ဂဏ်းမျဉ်းအဖြေတို့၌ ရှု။]

ဇဝနဝီထိ ဝသေန၌ ဇဝနဝီထိအရ-ကုသိုလ်ဇောစိတ်ယူ၍ ထုတ်ပုံကို ပထမအုပ် (၁၀၁)၌ ရှု။

စိနောတိနှင့် စိတ္တံအရတို့ကို-ကုသိုလ်, အကုသိုလ်, ကိရိယာတို့၏ ကြိယာ ၅-တန် ထုတ်မြဲတိုင်း ထုတ်ပါ။

(ဃ) ဝါကျ။ [ဝိပါကအရ-ဝိပါက်စိတ်ယူ၍ ထုတ်ပုံကို ပထမအုပ်(၁၀၆)၌ရှု]

http://www.dhammadownload.com



ကမ္မကိလေသေဟိ၌ ကမ္မအရ–

၁။ စေတနာဟူသော ကံသခါရသည်....။

၂။ အဝိဇ္ဇာသည်....။

၃။ ဝိညာဏ်သည် (ဝါ) ဝိပါက် ဝိညာဏ်သည်....။

၄။ အာယတေ၀ါတရားတို့သည်....။

၅။ နာမ်-ရုပ်, သဠာယတန စသည်တို့သည်....။

ကိလေသေဟိအရ–

၁။ လောဘ စသော ကိလေသာ ၁၀-ပါးသည်....။

[ကျန် ၄-ချက် အကုသိုလ် အတိုင်းထုတ်။]

စိတ်ပုဒ်လုံးအရ—ဝိပါကံ အတိုင်းထုတ်။ ထိုစိတ်၌ အန္တတ္တ စိဓာတ်အရ—ကမ္မ-ကိလေ့သေဟိ အရအတိုင်း နှစ်ချက် ခွဲထုတ်၊ ထိုစိတ်၌ ဗာဟျတ္တ တပစ္စည်းအရ-ယခင် ဝိပါကံအရ အတိုင်းထုတ်။]

(စ) ဝါကျ။ [ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ ယူ၍ ထုတ်ပုံကို ပထမအုပ် (၁၀၁) ၌ ရှု။]

ဝေဒိတဗ္ဗော ထားရပုံ။ ။ဤသို့လည်း, (ဝါ) ဤဆိုအပ်ပြီးသည့်အတိုင်း စိတ္တံ-ဟူသောပုဒ်၌ အနက်ကို ဥပစာရတ္တ, နေယျတ္တ, ဝဂ်တ္တ, အနေကန္တ အားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့်၊ (ဝါ) သိအပ်သော အနက်- အဓိပ္ပာယ်မှာ များသဖြင့် အနေကန္တ (အနေကတ္တ) ဖြစ်နေသောကြောင့် (စ) ဝါကျ၌ ဝေဒိ-တဗ္ဗော ထား၏။

နံပါတ် (၉) အတွက် အဓိပ္ပာယ်

ကမ္မ နာနတ္တ ပုထုတ္တပ္ပဘေဒ ဝဝတ္ထာနဝသေန။ (၄—၁၀၇) ၌ အဓိပ္ပာယ်ကား—

၁။ ကုသိုလ်ကံ, အကုသိုလ်ကံ တို့၏ အချင်းချင်းမတူ ထူး သော သ ဘော ရှိသည်၏ အဖြစ်သည် ကမ္မနာနတ္တ။

၂။ ကုသိုလ်ကံ၏ ဒါနစသည်တို့၏ အစွမ်းဖြင့် လည်းကောင်း, ကာယသုစရိုက် စသည်တို့၏ အစွမ်းဖြင့် လည်းကောင်း၊ အကုသိုလ်ကံ၏ မစ္ဆရိတာ စသည် တို့၏ အစွမ်းဖြင့် လည်းကောင်း, ကာယဒုစရိုက် စသည်တို့၏ အစွမ်းဖြင့် လည်းကောင်း များသော အပြားရှိသည်၏ အဖြစ်သည် ပုထုတ္တ။

http://www.dhammadownload.com



၃။ အန္ဓဒါနစသည်တို့၏ အစွမ်းဖြင့် ဒါနစသည်တို့၏ လည်းကောင်း, ပါဏာတိပါတ ဝိရတိ စသည်တို့၏ အစွမ်းဖြင့် ကာယသုစရိုက် စသည် တို့၏ လည်းကောင်း။

အာဝါသမစ္ဆရိယ စသည်တို့၏ အစွမ်းဖြင့် မစ္ဆရိတာ စသည်တို့၏လည်းကောင်း၊ တစ်ခုတစ်ခုသော အပြား၏ အစိတ်အစိတ် ကွဲပြားနေခြင်းသည် ပဘေဒ (ဋီ-၆၅)

လိင်္ဂ နာနတ္တ ပုထုတ္တပ္ပဘေဒဝဝတ္ထာနံ- (ဋ္ဌ-၁၀၇) ၌ လိင်္ဂနာနတ္တ—ပုထုတ္တ—ပဘေဒ (၃)ပါး အထူးကား—

၁။ ဣတ္ထိ-ပုရိသတို့၏ ဣတ္ထိလိင်, ပုလ္လိင်, ကွဲပြားနေသည်၏ အဖြစ်သည် လိင်္ဂနာနတ္တ၊

၂။ ဒေဝ-မနုဿ-တိရစ္ဆာန စသည်တို့၏ အစွမ်းဖြင့် ဣတ္ထိလိင်၏ လည်းကောင်း, ထို့အတူ ဒေဝ-မနုဿ-တိရစ္ဆာန စသည်တို့၏ အစွမ်းဖြင့် ပုရိသလိင်၏ လည်းကောင်း များသော အပြားရှိသည်၏ အဖြစ်သည် ပုထုတ္တ။

၃။ ဒေဝစသည် ပြားသော ဣတ္ထိလိင်၏ အသီးသီး နာနတ္တကာယဟု ဆိုအပ်သော အချင်းချင်း မတူသော သဘောသည် လည်းကောင်း, ဒေဝစသည် အပြားဖြင့် ပြားသော အထူးသည် လည်းကောင်း၊ ထို့အတူ ဒေဝစသည် ပြားသော ပုရိသလိင်၏ အသီးသီး နာနတ္တကာယဟု ဆိုအပ်သော အချင်းချင်း မတူသော သဘောသည် လည်းကောင်း, ဒေဝ စသည် အပြားဖြင့် ပြားသော အထူးသည်လည်းကောင်း ပဘေဒမည်၏။ (ဋီ-၆၅)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အာရမ္မဏအရ ရူပါရုံ စသော အာရုံ ၆—ပါး ပစ္စည်းတရားသည် စိန္တေတိ, စိတ္တပုဒ်တို့အရ စိတ် ၈၉၊ အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပြိုင်—ယထာရဟာ – အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ပေါင်း (၈) ပစ္စည်း။

ယံ ဝိညာဏံ ဟူသော ပါဌ်သေသ အနိယမ ကတ္တားအရ—စိတ်ဟူသော ဝိညာဏက္ခန္ဓာသည် စိန္တေတိ ဟူသော ကြိယာပုဒ်အရ ကြွင်းသော နာမ်ခန္ဓာ ၃-ပါးအား သဟပြု၏။ ပြိုင်—ဓိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉) [စိတ်ဖြစ်သည့် အခါ စိတ်တစ်ပါးတည်း မဖြစ်မူ၍ ကျနိနာမ် ခန္ဓာသုံးပါးနှင့် အတူတကွ ဖြစ်သည့်အတွက် စိန္တေတိအရ ကျန်နာမ် ခန္ဓာသုံးပါးကိုယူ၍ ပြိုင်သည်။]

http://www.dhammadownload.com



(ဂ) ဝါကျ။ တံအရ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီ ကုသိုလ်, အကုသိုလ်, ကိရိယာဇောသည် အတ္တနော သန္တာန်အရ– ပထမ ဇောကြဉ် နောက်နောက်သော လောကီကုသိုလ်, အကုသိုလ်, ကိရိယာဇောအား အနန္တရပြု၏။ ပြိုင်– အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ,။ (၆)

အတ္တနော သန္တာန်အရ–အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်, အကုသိုလ်, ကိရိယာဇောသည် စိနောတိအရ ပထမဇောကြဉ်သော နောက်နောက်သော လောကီ ကုသိုလ်,အကုသိုလ်,ကိရိယာဇောအား အနန္တရပြု၏။ ပြိုင်– [ယခင် (၆) ပစ္စည်း။]

(ဃ) ဝါကျ။ ကမ္မကိလေသေဟိဥ္ ကမ္မအရ ကုသိုလ်, အကုသိုလ် ကံစေတနာ ပစ္စည်းတရားသည် ကံအရ ဝိပါက်စိတ္တုပ္ပါဒ် နာမက္ခန္ဓာအား ဗလဝ ဖြစ် အံ့– နာနာက္ခဏိကကမ္မ, ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဒုဗ္ဗလဖြစ်အံ့– နာနာက္ခဏိက ကမ္မပစ္စယ သတ္တိဖြင့်သာ ကျေးဇူးပြု၏၊ ကိလေသေဟိအရ–ကိလေသာ ၁၀–ပါး ပစ္စည်းတရားသည်-စိတံ-အရ-ဝိပါက် စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။

တစ်နည်းအကျယ်ကား–

၁။ ကမ္မကိလေသေဟိဥ္ ကမ္မအရ–ဒုဗ္ဗလဖြစ်သော ကာမကုသိုလ်, အကုသိုလ်, စေတနာသည် စိတိဥ္ ဗာဟျတ္တ တပစ္စည်းအရ ကာမဝိပါက် တေဝီသ နာမက္ခန္ဓာအား နာနာက္ခဏိက ကမ္မပြု၏။ ပြိုင်—မရှိ။

၂။ ကမ္မအရ ဗလဝဖြစ်သော လောကီကုသိုလ်, အကုသိုလ် စေတနာသည် စိတ္တံဥ္ ဗာဟျတ္တ တပစ္စည်းအရ—လောကီဝိပါက် ဗာတ္တိံသ နာမက္ခန္ဓာအား နာနာက္ခဏိက ကမ္မ....ပြု၏။ ပြိုင်-နာနာက္ခဏိကကမ္မ-ပကတူပနိဿယ(၂)။

၃။ ကမ္မအရ မဂ် ၄–ခု စေတနာသည် စိတံဥ္ တပစ္စည်းအရ မဂ္ဂါနန္တရဖိုလ် ၄–ခု စိတ္တုပ္ပါဒ်အား အနန္တရ....ပြု၏၊ ပြိုင်-အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အနန္တရကမ္မ, နတ္ထိ, ဝိဂတ (၆)။

၄။ ကမ္မအရ မဂ် ၄–ခု စေတနာသည် စိတံဥ္ တပစ္စည်းအရ-ဒုတိယဖိုလ်မှစ၍ နောက်နောက်သော ဖိုလ်စိတ္တုပ္ပါဒ်အား နာနာက္ခဏိကကမ္မ....ပြု၏။ ပြိုင်- နာနာက္ခဏိကကမ္မ, ပကတူပနိဿယ (၂)။

၅။ ကိလေသေဟိအရ- လောဘ စသော ကိလေသာ ၁၀–ပါးသည် စိတံဥ္ တပစ္စည်းအရ ဝိပါက်စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏၊ ပြိုင်—မရှိ။

[ဤ ၁–မှ ၅–အထိ အချက်တို့၌"စိတံဥ္ တပစ္စည်းအရ" အစား "စိတံအရ" ဟုလည်း ဆိုနိုင်၏။]

http://www.dhammadownload.com



ရှေးဝိပါကံပုဒ်၌လည်း ဝိအရ ကုသိုလ်, အကုသိုလ် စေတနာသည် ပါကံအရ ဝိပါက်စိတ္တုပ္ပါဒ်အား နာနာက္ခဏိက ကမ္မ – ပြု၏။ ပြိုင်–ယထာရဟ နာနာက္ခဏိက ကမ္မ, ပကတူပနိဿယ (၂) ဝိပါကံဟူသော ကံပုဒ်အရ–ဝိပါက်စိတ် တည်းဟူသော ဝိညာဏက္ခန္ဓာသည် စိတ်ဟူသော ကြိယာပုဒ်အရ (ဝါ) စိတ်၌ တပစ္စည်းအရ–ဝိပါက်စိတ်နှင့် ယှဉ်သော စေတသိက် နာမ်ခန္ဓာသုံးပါးအား သဟ–ပြု၏။

ပြိုင်-ယထာရဟ-ဓိ-သဟ-ည-နိ-ဝိပါ-ဟာ-ဣ-သံ-ဏ္ဍိ-အဝိ (၁၀)

စိတ်ဟူသော ကြိယာတစ်ပုဒ်တည်း၌—

၁။ စိဓာတ်အရ ကုသိုလ်, အကုသိုလ်ကံ စေတနာသည် တပစ္စည်းအရ ဝိပါက် စိတ္တုပ္ပါဒ်အား နာနာက္ခဏိက ကမ္မ....ပြု၏။ ပြိုင်–ယထာရဟ နာနာက္ခဏိက ကမ္မ, ပကတူပနိဿယ (၂)။

၂။ စိဓာတ်အရ လောဘစသော ကိလေသာ ၁၀–ပါးသည် တပစ္စည်းအရ ဝိပါက်စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။ ပြိုင်–မရှိ။

(စ) ဝါကျ။ အတ္တောဟူသော ကံပုဒ်နှင့် ဝေဒိတဗ္ဗော၌ ဗာဟုလ္လ တဗ္ဗပစ္စည်း တို့အရ ဆန်းကြယ်သောစိတ်, ဆန်းကြယ်သော ပန်းချီစသော အမှုကို ပြုတတ်သော စိတ်ဟူသော အနက်ဟု ဆိုအပ်သော ဓမ္မာရုံ ပစ္စည်းတရားသည် ဝေဒိတဗ္ဗော၌ အန္တတ္ထဝိဒဓာတ်အရ–သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်—အာ-ဓိ-ဥပ (၃)။ [အတ္တော ဝေဒိတဗ္ဗော၌ အကျယ်ပြိုင်ပုံကို ပထမ အုပ် ၁၃၇-၌ ရှု။]

http://www.dhammadownload.com

# ၈-စိတ္တံ့ပုဒ်အဖွင့် (ခ)

(က) ကာမစ္ဆန္တတ္တ ကောမေဝ....ပ....“စိတ္တ”န္တိ ဝတ္တုံ ဝဋ္ဋတိ၊

(ခ) ဇဝံ တာဝ' စိတ္တတာယ စိတ္တံ။

(ဂ) ကထံ စိတ္တကရဏတာယာတိ။

(ဃ) လောကသ္မိံဥ္ဟိ စိတ္တကမ္မတော ဥတ္တရိ အညံ စိတ္တံ နာမ နတ္ထိ။

(င) တသ္မိမ္ပိ စရဏံ နာမ စိတ္တံ အတိစိတ္တမေဝ ဟောတိ။ [ဋ္ဌ-၁၀၆]

## အနက်ထူး

(ခ) ဝါကျ။ တာဝ၏ အပါဒါန်နှင့် စပ်ရာပုဒ်ကို ထည့်ပေးလျှင်—

ဇဝံ—ယထာဝုတ္တ နယေန—ဤသို့ ယသွာ အညဓေဝ စသည်ဖြင့် ယခင် ဆိုအပ်ပြီးသောနည်းဖြင့်၊ (ဇဝံ အနက်ပေါ်အောင် ပေးသည်) တာဝ—စိတ္တကရဏတာယမှ ရှေးဦးစွာ၊ တစ်နည်း— စိတ္တကရဏတာယာတိပဒတော—မှ၊ တာဝ—ရှေးဦးစွာ၊ နိဒ္ဒိဋ္ဌာယ-ညွှန်ပြအပ်သော၊ စိတ္တဿ—စိတ်၏ (သမ္ဘန်) စိတ္တတာယ – သမ္ပယုတ်, ဘုံ, အာရုံစသော အားဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကြောင့်၊ ဧကမ္ပိ-တစ်ခုသော ဝိညာဏ်သည်လည်း၊ (သညီ, နာမီ, တုလျက်) စိတ္တံနာမ—မည်၏၊ (သညာ,နာမ, လိင်္ဂတ္တ) တစ်နည်း— ဧကမ္ပိ-သည်လည်း၊ (သညီ, နာမီ, ပကတိ) စိတ္တံ- သည်၊ (သညာ, နာမ ဝိကတိ) ဟောတိ-၏။

(င) ဝါကျ။ စရဏံနာမ – လက်စွမ်းပြခြင်း၄၁ သွားလေရာရာ ဆောင်ယူအပ်သော လက်စွမ်းပြပုံ မည်သော၊ (အဓိပ္ပာယတ္ထ) (ဝါ) လက်စွမ်းပြပုံမည်သော (ဝါ) စရဏမည်သော၊ (ဝေါဟာရတ္ထ) (ဝါ) လှည့်လည်တတ်, လှည့်လည်ကြောင်း, လှည့်လည်အပ်သည် မည်သော (သဒ္ဒတ္ထ)၊စရဏံနာမ—စရဏမည်သော၊ စိတ္တံ—ပန်းချီသည် (ဆရာနက်) စရဏံနာမ— ပြပုံအမည်ရှိသော၊ စိတ္တံ — ပန်းချီသည်၊ (ဂဏ္ဌိဆရာ၏ဆရာနက်)

## ကျမ်းတက်

### ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့၌ စိတ္တတာယ စိတ္တံ= ဟု ဆိုတော်မူ၏၊ ဤသို့ပင် ဆိုသော်လည်း, တစ်ခုတည်းသော စိတ်သည် သမ္ပယုတ်, ဘုံ, အာရုံ အစရှိသည်တို့၏ အစွမ်းအားဖြင့် မဆန်းကြယ်သည် မဟုတ်ပါလော။ ထိုသို့ တစ်ခု

http://www.dhammadownload.com



တည်းသောစိတ်သည် မဆန်းကြယ်လေသောကြောင့် ရှေး၌ စိတ္တတာယ စိတ္တံဟု မဆိုသင့်, စိတ္တဘာယ စိတ္တံ-ဟု ဆိုနိုင်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် တစ်ခုတည်းသော စိတ်ကိုလည်း စိတ္တတာယ စိတ္တံ-ဟုဆိုခြင်းငှာ သင့်ပါသနည်း၊ (ဝါ) အဘယ်ကြောင့် စိတ်တစ်ခုတည်းကို ဝိစိတ္တအနက်ကြောင့် စိတ္တမည်၏-ဟု ဆိုနိုင်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ကာမဠ္ဌေတ္တ စသော (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား - အခပါင်းဖြစ်ကုန်သော တောင်,မြစ်, သမုဒ္ဒရာ စသည် တို့၏ တစ်စိတ်ကို မြင်ကုန်သည်ရှိသော် ပဗ္ဗတော မယာ ဒိဋ္ဌော၊ နဒီ မယာ ဒိဋ္ဌာ၊ သမုဒ္ဒေါ မယာ ဒိဋ္ဌော-ဟု အပေါင်းအမည်ဖြင့် အစိတ်ကို ဆိုအပ်သကဲ့သို့၊ ထို့အတူ အပေါင်းဖြစ်သော ဝိညာဏ်တို့၏ စိတ္တ-ဟူသော အမည်ဖြင့်, အစိတ်ကိုလည်း စိတ္တ-ဟု ဆိုအပ်၏-ဟူလို - (နိဿယ) တစ်နည်း-တစ်ခုတည်းသော စိတ်သည် မဆန်းကြယ်သော်လည်း ဆန်းကြယ်သော စိတ်တို့၏ အတွင်းဝင်သည်၏ အဖြစ်ကြောင့် စိတ်တို့တွင် အမှတ်မရှိသော တစ်ခုသောစိတ်ကိုလည်း ဆန်းကြယ်သည်၏ အဖြစ်ကြောင့် စိတ်-ဟူ၍ ဆိုခြင်းငှာ သင့်မြတ်၏ ဟူလို။

စောဒနာတက်လျှင်—တစ်ခုတည်းသောစိတ်ကိုလည်း စိတ္တတာယ စိတ္တံ—ဟု ဆိုနိုင်ခြင်းအကြောင်းကို မပြဆို ခဲ့သော် ဆရာအား ဝိရောဓိဒေါသ အဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု (ဒေါ-စော) ထည့်တက်။

(နိဿယ အလိုအားဖြင့် ရှေ့ပုစ္ဆာတက်ကိုပင် စောဒနာတက်ဟု ဆိုနိုင်သည်။)

(ခ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် နိဂုံးအုပ်အပ်သော နိဂမနီယကို ဆိုတော်မူ၏၊....သော်, ရှေ့စကားရပ်တို့ကို အုပ်ဖုံးသော နိဂမနကို (ဝါ) နိဂုံးကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော-စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည်၊ ရှေ့စကားရပ်တို့ဖြင့် စိတ္တတာယ စိတ္တံ၏ အကျယ်ကို ပြဆိုတော်မူ၏၊....သော်, စိတ္တကရဏတာယ စိတ္တံ၏အကျယ်ကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် အမေးပုစ္ဆာကို ပြဆိုတော်မူ၏၊....သော်, အကျယ်ခွဲဝေ ဖြေဆိုပုံကို (ဝါ) အဖြေ ဝိဿဇ္ဇနာကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည်၊ (ဃ) ဝါကျဖြင့် လောက၌ ပန်းချီအမှုထက် အလွန် အခြားတစ်ပါးသော ဆန်းကြယ်သော အမှုမည်သည် မရှိဟု ဆိုတော်မူ၏။....သော်, ထို ပန်းချီအမှု၌ အလွန်ထူးခြား ဆန်းကြယ်သောအရာဝတ္ထုကို (ဝါ) လက်စွမ်းပြပုံ ပန်းချီကားကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

http://www.dhammadownload.com



## ပီ အပီကို ရှင့်တက်လျှင်

လက်စွမ်းပြပုံ ပန်းချီကားသာလျှင် ဆန်းကြယ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....တစ်ခြားသော ပန်းပုစသော ဆန်းကြယ်သော အမှုကိုလည်း ပြဆိုသင့်သေး၏။....ပ....ဤသို့ ဓမေးဖွယ် ရှိသောကြောင့် (င) ဝါကျကို မိန့်။ (ဝါ) (င) ဝါကျ၌ တည်မှီဝယ် ပီ (အပီ) ကို မိန့်။

(မှတ်ချက်။ ။ (က) ဝါကျတွင်ကာမဇ္ဈေတ္တ....ပ....နဟောတိ။ တစ်ဝါကျ၊ အကြွင်းကို တစ်ဝါကျထား၍ နောက်ဝါကျသို့ ကျမ်းဓာက်သော်–

ဆရာ,ဆရာသည် (က) ဝါကျဖြင့် စိတ်တစ်ခုတည်း မဆန်းကြယ်ဟု ပြဆိုတော်မူ၏။....သော်, စိတ်သည် ဆန်းကြယ်သည်ဟု ရှေး၌ ဆိုခဲ့သော စကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော၊ တစ်နည်း– တစ်ခုတည်းသောစိတ်သည် ဆန်းကြယ်သည်ဟု ဆိုနိုင်ခြင်းအကြောင်းကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။.... စသည်။)

### ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ တစ်ခုတည်းသော စိတ်သည် ဆန်းကြယ်သည်ဟု ဆိုနိုင်ခြင်း အကြောင်းကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ခ) ဝါကျ။ ရှေးစကားရပ်ကို အုပ်ဖုံးသော နိဂုံးဆို မပြဆိုဟူသော အနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ စိတ္တကရဏတာယ စိတ္တံ၏ အကျယ်ကို မပြဆို ဟူသော အနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ အကျယ်ခွဲဝေ ဖြေဆိုပုံကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏၊ ဝါ–အမေးပုစ္ဆာသာလျှင်ရှိ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ဝါ–အကျယ်ခွဲဝေ ဖြေဆိုပုံ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ဝါ–အမေး ပုစ္ဆာသာရှိ၍ အကျယ်ခွဲဝေဖြေဆိုသော ဝိဿဇ္ဇနာမရှိ ဟူသော အနက်သည် ရောက်ခဲ့ ရာ၏။....စသည်။

(င) ဝါကျ။ ထို ပန်းချီအမှု၌ အလွန်ထူးခြား ဆန်းကြယ်သော အရာဝတ္ထုကို၊ ဝါ-လက်စွမ်းပြပုံ ပန်းချီကားကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ ရာ၏။....စသည်။

(က) ဝါကျ-ဖြင့် စိတ်တစ်ခုတည်း ဆန်းကြယ်သည်ဟု ဆိုနိုင်ခြင်းအကြောင်းကို ဆက်လက်ပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှီးစပ်ပြည့်စုံသောကြောင့်၊

http://www.dhammadownload.com



တစ်နည်း-(က)ဝါကျသည် ဥပန္ယာသ, ဝါကျာရမ္ဘ ဝါကျဖြစ်ခြင်းကြောင့် ထို(က) ဝါကျဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ ထို (က) ဝါကျတွင်လည်း-ကာမစ္ဆန္ဒ....ပ....နဟောတိ ဟူသော ရှေ့ဝါကျ၌ ဂရဟာ, သမ္ဘာဝနာ ဆန့်ကျင်နေသော ဝိရောဓိဒေါသသင့်၍- နောက်ဝါကျဖြင့် ထိုဝိရောဓိဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် နိဂမနီယ, နိဂမဆန့်ကျင်သော ဝိရောဓိ ဒေါသကို ပယ်၏၊ တစ်နည်း-ရှေ့စကားရပ်ကို နိဂုံးအုပ်ဖုံးခြင်းငှာ ထပ်၍ ပြဆိုရသောကြောင့်, (ဝါ) နိဂုံးစကား ဆိုရိုးရှိသောကြောင့် ပုနရုတ္တိဒေါသမရောက်၊ (ဝါ) ပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ၊ တစ်နည်း။ ဝိရောဓိ ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျ-ဖြင့် အကျဦး, အကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ၊ ဝါ-အဗျာပိတဒေါသတို့ကို ပယ်၏၊ တစ်နည်း-မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် အကျယ်ဝိတ္ထာရ ပြရိုး ဖြစ်သောကြောင့် ထို (ဃ) ဝါကျဖြင့် ပုနရုတ္တိဒေါသမရောက်၊ ဝါ-ပယ်၏။

(င) ဝါကျ-ဖြင့် သာမည, ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ စကားအနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသ တို့ကို ပယ်၏။ တစ်နည်း-ပန်းချီအမှု၌ အလွန်ဆန်းကြယ်သော အရာဝတ္ထုကို ပြလိုက်သဖြင့် အနက်အဓိပ္ပာယ် ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

## နိပါတ်ပုဒ်များ ထားရပုံ

တစ်ခုတည်းသာ ဖြစ်သောစိတ်သည် မဆန်းကြယ်ဟု အရုစိအနက်, ဂရဟာ အနက်ကို ပြလိုသောကြောင့် (က) ဝါကျ၌ ကာမံ နိပါတ်ထား၏။ စိတ်၏ ဆန်းကြယ်ပုံကို ဆက်လက် ပြလိုသောကြောင့်၊ ဝါ-ဥပန္ယာသ, ဝါကျာရမ္ဘ ဇောတကအဖြစ်ကို ပြလိုသောကြောင့် စသဒ္ဒါထား၏၊ ဆန်းကြယ်သော ဝိညာဉ်တို့၏ အတွင်းဝင်သည်၏ အဖြစ်ကြောင့် တစ်ခုသော ဝိညာဉ်သည်လည်း ဆန်းကြယ်သည့်အတွက် စိတ်ဟူ၍ ဆိုခြင်းငှာ သင့်မြတ်ပါပေ၏ဟု အနုဂ္ဂဟအနက်, သမ္ဘာဝနာ အနက်ကို ပြလိုသောကြောင့် (က)ဝါကျ၌ ပနနိပါတ်ထား၏၊ (ပနထိုင်ရာ ဝါကျ အနက်ကို ရှင့်၍ ဆိုခြင်းဖြစ်၏၊) (တစ်နည်း) အရုစိအနက်, ဂရဟာအနက်ကို ပြလိုသောကြောင့် ပနကို ဆိုသည် (ပနအနက်သက်သက်ကို ရှင့်၍ ဆိုခြင်းဖြစ်၏။)

[ဆောင်- ကာမာဝစရ ပုဒ်အဖွင့် (ခ) နိပါတ်ပုဒ်အနက် အခန်း၌ ပြခဲ့သော ရှေ့-နိ-၃၃-၄-၅-၆-။]

အကျယ်ခွဲဝေ ဖြေဆိုလိုသောကြောင့်, (ဝါ) ဝိတ္ထာရဇောတကအဖြစ်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ ဟိသဒ္ဒါ ထား၏။ တစ်ခြားသော ပန်းပု စသော

http://www.dhammadownload.com



ဆန်းကြယ်သော အမှုကို ရှင့်သော (နိဿယ) ဝါ–စိတ်ကိုရှင့်သော (ယောဇနာ) ဝါ-ရှေ့စကားကို ရှင့်သော (နိ-သစ်) အပေက္ခ အနက်ကို ပြလိုသောကြောင့် (၃) ဝါကျ တသ္မိမ္ဟိဋ္ဌ ပိ (အပိ) ကို ဆို၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ အန္တော သြဂါဓတီတိ အန္တောဂဓံ။ (အစိတ်) အန္တောဂဓဿ ဘာဝေါ အန္တောဂဓတ္တံ။ (တသ္မာ) (အပေါင်း)။

၂။ ထို၏အကြောင်းဖြစ်သော အတွင်းဝင်သည်၏, (ဝါ) အတွင်းဝင်သော စိတ်၏ အတွင်းဝင်သည်၏ အဖြစ်နှင့် ဂုဏေး ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အတွင်းဝင်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

(ဂ) ဝါကျ။ စိတ္တီယတိ ဝိစိတ္တီယတီတိ စိတ္တံ။ စိတ္တေတိ ဝိစိတ္တေတီတိ ဝါ စိတ္တံ။ စိတ္တီယတေ ဝိစိတ္တီယတေ ဝါ စိတ္တံ။ ကရောတီတိ ကရဏံ။ စိတ္တဿ ကရဏံ စိတ္တကရဏံ (အစိတ်) စိတ္တကရဏဿ ဘာဝေါ စိတ္တကရဏတာ။ (တာယ) (အပေါင်း)။

၂။ ထို၏ အကြောင်းဖြစ်သော ပန်းချီ စသောအမှုကို ပြုတတ်သည်၏၊ ဝါ- ပြုတတ်သော စိတ်၏ ပန်းချီစသော အမှုကို ပြုတတ်သည်၏ အဖြစ်နှင့် ဂုဏေး ဂုဏ်....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော ပန်းချီစသောအမှုကို ပြုတတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

(င) ဝါကျ။ စရတီတိ စရဏံ။ စရိတဗ္ဗန္တိ ဝါ စရဏံ။ [နိ-သစ်-ဒု-၇၅-ကြည့်]

၁။ စ, ရ, ဏ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏အကြောင်းဖြစ်သော စရဓာတ် ယုပစ္စည်း၊ လှည့်လည်ခြင်း ဆောင်ယူခြင်း ကြိယာသည်....။

၃။ စရဏဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

[အဘိဓာန်ဋီကာနည်း]

ဤ ဝါကျနောက်ရှိ စိတ္တကာရနံ့ဉ် – (စိတ္တအစိတ်ဝိဂ္ဂဟကို ယခင်အထက်က (ဂ) ဝါကျအတိုင်းဆို။) စိတ္တံ ဝိစိတ္တံ ကရောန္တီတိ စိတ္တကာရ (တေသံ)

၁။ စိတ်-တ-ကာ-ရ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏အကြောင်းဖြစ်သော စိတ္တသဒ္ဒါပုဗ္ဗပဒ ကရဓာတ် ဏပစ္စည်း၊ ဆန်းကြယ်သော ပန်းချီအမှုကို ပြုခြင်းကြိယာသည်....။

http://www.dhammadownload.com



၃။ စိတ္တကာရုဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော ပန်းချီအမှုပြုခြင်းကြိယာသည် (တစ်နည်း) ပန်းချီဆရာတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်။

## လိင် စသည့် စိစစ်ပုံ

(က) ဝါကျ။ ကာမံ စ တွေ့ ၃-ပုဒ်တို့ကို အသီးသီး, အလိင် နိပါတ်ပုဒ်ခွဲ။ အန္တောဂဓတွေ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဘာဝတဒ္ဓိတ်နာမ်ပုဒ်။ ထိုတွင်-အန္တောကို အ, လိင်၊ နိပါတ်ပုဒ်ခွဲ။ ယံကိဉ္စိ-အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။ ထိုတွင် ယံကား-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ သဗ္ဗနာမပဒ။ (ကိံ လည်း နိဂ္ဂဟိတန္တသာ ထူး၏။ စိ-ကို ယံကိဉ္စိအတိုင်းခွဲ) ဝဋ္ဋတိ-အ, လိင်၊ ဘူဝါဒိဂိုဏ်း၊ (ဝဋ္ဋဓာတ်ဖြစ်သောကြောင့်) အ,ကာရန္တ၊ အာချာတပဒ။ [ဝဋ္ဋဓာတ် အ ပစ္စည်း တိဝိဘတ်]

(ဂ) ဝါကျ။ ကထံ-အ,လိင်၊ ဂဏဝိမုတ် နိဂ္ဂဟိတန္တ နိပါတပဒ (ဝါ) အဗျယတဒ္ဓိတ်။

(ဃ) ဝါကျ။ ဥတ္တရိ-နပုလ္လိင်။ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ (ဝါ) ကိတနာမပဒ။ နတ္ထိ-(န-အတ္ထိ) (န-ကို အ, လိင်၊ နိပါတ်ပုဒ်ခွဲ)။ အတ္ထိ-ကား-အ,လိင်။ ဘူဝါဒိဂိုဏ်း၊ အ,ကာရန္တ၊ အာချာတပဒ [အသဓာတ် အ တိ]

## အာဘော်-သံဝဏ္ဏနာ

(က)ဝါကျ။ စဖြင့် ဥပချာသတ္တ (ဝါကျာချမ္ဘတ္တ)ဓောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ)ကာမံ-ပ-နုဟောတ်ဖြင့် တစ်ခုတည်းသော စိတ်သည် မဆန်းကြယ်နိုင်ဟူသော အဓိပ္ပာယ်ကို၊ ဝါ-စောဒကာဘောဂကို သိစေ၏ (ဘာဝတ္ထ) ပနဖြင့် (မိမိထိုင်ရာ ဝါကျအနက်ကို ထောက်လျှင်) သမ္ဘာဝနတ္ထ။ (တစ်နည်း)ပနအနက် သက်သက်ထောက်လျှင်) ဂရဟတ္ထ ဓောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ) စိတ္တာနံပန-ပ-ဝတ္တတိဖြင့် တစ်ခုတည်းသော စိတ်ကိုလည်း ဆန်းကြယ်သည်ဟု ဆိုနိုင်ခြင်းအကြောင်းကို သိစေ၏ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဖြင့် နိဂုံးကို သိစေ၏(ဘာဝတ္ထ) [ဤ (ခ) ဝါကျရှိ စိတ္တတာယ၌ အာဘော်ကို ရှေ့စိတ္တံ အဖွင့်၌ ရှု။]

(ဂ) ဝါကျ။ ဖြင့် အမေးပုစ္ဆာ အဖြစ်ကို သိစေ၏ (ဘာဝတ္ထ) [ ဤ (ဂ) ဝါကျရှိ စိတ္တကရဏတာယ၌ အာဘော်ကိုလည်း ရှေ့စိတ္တံ အဖွင့်၌ ရှု။]

http://www.dhammadownload.com



(ဃ) ဝါကျ။ ဟိဖြင့် ဓိတ္တာရဒဇာတကအဖြစ်ကို သိစေ၏။ ဝါ-အကျယ်ခွဲဝေဖြေဆိုအံ့ ဟူသော ပဋိညာဉ်ကို သိစေ၏ (ဘာဝတ္ထ) ကြွင်းသော (ဃ) ဝါကျဖြင့် လူ့အရပ်၌ ပန်းချီအမှုထက် အလွန်ဖြစ်သော ပန်းချီအမှုမှ တစ်ပါးသော ဆန်းကြယ်သော အမှုမည်သည် မရှိဟူသော အဓိပ္ပာယ်ကိုသိစေ၏ (ဘာဝတ္ထ)

(င) ဝါကျ။ ပိ (အပိ) ဖြင့် ပန်းပု စသော ဆန်းကြယ်သော အမှုကိုငဲ့သော အပေက္ခာ ဇောတက အဖြစ်ကို သိစေ၏ (ဘာဝတ္ထ) ကြွင်းသော (င) ဝါကျဖြင့် ပန်းချီ အမှု၌ လက်စွမ်းပြပုံ မည်သော ဆန်းကြယ်သော ပန်းချီကားသည် တခြားကားထက် အလွန်ဆန်းကြယ်သည်ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ကာမဥ္စေတ္ထ၌ ကာမံသဒ္ဒါ အရုစိ သံသူစနတ္ထ၊ ဂရဟတ္ထ။ စသဒ္ဒါ-ဥပန္យာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။ ဧကမေဝ၌ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ တစ်ခုသောစိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ များသောစိတ်သည်၊ ဝါ-စိတ်အပေါင်းသည် နိဝတ္တေတဗ္ဗတ္ထ၊

၃။ စိတ်မှ တစ်ပါးသော တစ်ခုတည်း မဆန်းကြယ်နိုင်သော စေတသိက် စသည်သည် အနုညာတတ္ထ။

ဝေံသဒ္ဒါ-နိဒဿနတ္ထ။ နသဒ္ဒါ ပဋိသေဓတ္ထ။ ပနသဒ္ဒါ (မိမိဆိုင်ရာဝါကျအနက်ကိုထောက်လျှင်) အနုဂ္ဂဟတ္ထ။ (မိမိအနက် သက်သက်ထောက်လျှင်) ဂရဟတ္ထ။ ယံကိဉ္စိသဒ္ဒါ အမှတ်မရှိ တစ်စုံတစ်ခု အစိတ်ကိုဟောသည်(နိဿယ) ဝါ-အသာကလျ အနက်ကိုဟောသည်၊ ထို ယံကိဉ္စိ၌ စိနိပါတ်သည်လည်း အသာကလျ အနက်ကို ဟောသည်။ ကေမ္ပိ၌ ပိ (အပိ)သဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ၊ (တစ်နည်း)ဂရဟတ္ထ။

## ထို ပိ အပိ သဒ္ဒါ၏ အဓိပ္ပာယ်ကား

များစွာသော စိတ်အပေါင်းကိုသာလျှင် ဆန်းကြယ်သောကြောင့် စိတ်ဟူ၍ ဆိုခြင်းငှာ သင့်သည် မဟုတ်သေး၊ တစ်ခုသော စိတ်ကိုလည်း ဆန်းကြယ်သောကြောင့် စိတ်—ဟူ၍ ဆိုခြင်းငှာ သင့်၏၊ ဝါ-စိတ်ဟုဆိုနိုင်၏ ဟူသော အဓိပ္ပာယ်ကို ပြ၏။ (သမုစ္စယတ္ထ, သမ္ဘာဝနတ္ထကို ရည်ရွယ်သည်။) တစ်နည်း—တစ်ခုသောစိတ်ကိုသော်လည်း ဆန်းကြယ်သောကြောင့် စိတ်—ဟု ဆိုနိုင်သေးလျှင် များစွာ သော စိတ်တို့ကိုကား ဆန်းကြယ်သောကြောင့် စိတ်-ဟု ဆိုနိုင်ဖို့အရေးမှာ ပြောဖွယ် ရာ မရှိ—ဟူသော အဓိပ္ပာယ်ကိုပြ၏။ (ဂရဟတ္ထကို ရည်ရွယ်သည်။)

http://www.dhammadownload.com



(ခ) ဝါကျ။ ဓော့သဒ္ဒါ-နိဂမနတ္ထ၊ ဝါ-နိဒဿနတ္ထ၊ ဝါ-ဣဒမတ္ထ တာဝ-ပထမတ္ထ။

(ဃ) ဝါကျ။ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။

(င) ဝါကျ။ ပိ (အပိ) သဒ္ဒါ အပေက္ခတ္ထ။

ထို ပိ (အပိ) ၏ အဓိပ္ပာယ်ကား....

လောက၌ ဆန်းကြယ်သော အမှုအပေါင်း ရှိ၏၊ ထိုအမှုအပေါင်း၌ ပန်းချီအမှု ဆန်းကြယ်သည်၊ ပန်းချီအမှုလည်း လက်စွမ်းပြပုံ မရဏမည်သော ပန်းချီကား အလွန်ဆန်းကြယ်သည်·ဟု တခြားသော ဗန်းပုစသော ဆန်းကြယ်သော အမှုကို ငဲ့သည်၊ (နိဿယ) အတိစိတ္တမေဝ၌ ဝေသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ လက်စွမ်းပြပုံ မည်သောကား၏ တခြားကားထက် အလွန်ဆန်းကြယ်သည်၏ အဖြစ်သည်၊ တစ်နည်း-လက်စွမ်းပြပုံ ပန်းချီကားရုပ်သည် ဂဟေတဗ္ဗတ္ထ။

၂။ တခြားသော ပန်းချီကားတို့၏ ဆန်းကြယ်သည်၏ အဖြစ်သည်၊ တစ်နည်း-တခြား ပန်းချီကားရုပ်အပေါင်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ်၏ အလွန်ဆန်းကြယ်သည်၏ အဖြစ်သည်၊ ဝါ-အလွန်ဆန်းကြယ်သော စိတ်သည် အနုညာတတ္ထ။

မှတ်ချက်-ယထာ စိန္တိတဿဝါ အနဝသေသဿ အနိပ္ပဇ္ဇနတော တတောပိ စိတ္တမေဝ စိတ္တတရံ [ဋ္ဌ-၂၀၆] ၌-

ယထာသဒ္ဒါ-ဝိစ္ဆတ္ထ။ တစ်နည်း-အနိယမတ္ထ။ ဝါသဒ္ဒါ-ပနအနက်ဟော၊ ဝိကပ္ပနတ္ထ ဝိသေသတ္ထ။ (နိဿယ)တစ်နည်း-ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာ တစ်နည်းကို ပြသော နယန္တရဇောတက၊ အပရနယဇောတက (နိသစ်နှင့် ယောဇနာ)။

ဝါသဒ္ဒါလဲပုံကား-ပန်းချီအမှုနှင့် တူစွာ ဆန်းကြယ်သည်၏ အဖြစ် ဟူသောသကတ်အနက် အကြောင်းမှတစ်ပါး၊ ပန်းချီအမှုထက် လွန်စွာ ဆန်းကြယ်သည်၏ အဖြစ်-ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါ ထား၏။ တတောပိ-၌ ပိ (အပိ) သဒ္ဒါ ဂရဟတ္ထ။

ထို ပိ (အပိ) သဒ္ဒါ ထားပုံကား-ပန်းချီ အမှုပင် ဆန်းကြယ်သေးလျှင် စိတ်မှာကား ထိုထက်ပင် သာ၍ဆန်းကြယ်သေး၏-ဟူသော ဂရဟတ္ထနှင့် ပေါင်းဆည်းပုံ သမ္ဘာဝနတ္ထကို ပြလိုသောကြောင့် ပိ (အပိ) ထား၏၊ စိတ္တမေဝ၌ ဧဝ သဒ္ဒါ အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ အလွန်ဆန်းကြယ်သောစိတ်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဆန်းကြယ်သော ပန်းချီအမှုသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ အခြားတစ်ပါးသော စိတ်ကဲ့သို့ အလွန်ဆန်းကြယ်သော အနက်သည် အနုညာတတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

တွေ-၌-တေ-သည် တစ်ခုယုတ် (၉၀) သော ဝိညာဉ်ကိုစွဲ၍၊ ဆိုအပ်ပြီးသော တစ်ခုယုတ် (၉၀) သော ဝိညာဉ်ဒြပ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

ဤဝါကျများနောက်ရှိ "ဧဝံ ဝိဓာနိ တွေ ရူပါနိ ကာတဗ္ဗာနိ"တိ စိတ္တ-သညာ ဥပ္ပဇ္ဇတိဋ္ဌ ရူပါနိအရ ရူပါရုံယူ၍-

၁။ ရူပါရုံသည်....။
၂။ အဋ္ဌကလာပ်ရုပ် ဂ-ခုသည်....။
၃။ အာရမ္မဏပစ္စယသတ္တိသည်....။
၄။ ကံစသော အကြောင်းတရား ၄-ပါးသည်....။
၅။ အာရမ္မဏိကစိတ်တို့ ဖြစ်ပေါ်လာခြင်းသည်....။

## တစ်နည်း ထုတ်ပုံ

၁။ ရူပါရုံ၏ စက္ခုပဋိဟာနနလက္ခဏသည်....။
၂။ စတုမဟာဘူတပဒဋ္ဌာန်သည်....။
၃။ စက္ခုဝိညာဏဿ ဝိသယဘာဝ သမ္ပတ္တိရသသည်....။
၄။ စက္ခုဝိညာဏဿ ဝိသယဘာဝ ကိစ္စရသသည်....။
၅။ တဿေဝ(စက္ခုဝိညာဏဿေဝ) ဂေါစရပစ္စုပဋ္ဌာနိသည်....။

## ကာတဗ္ဗာနိဋ္ဌ အန္တတ္ထကရစာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရ, အာရုံ စသည်တို့သည်....။
၃။ အထူးထူးသော ပန်းချီရုပ်များ ဖြစ်ပေါ်လာခြင်းသည်, ဝါ-ဖြစ်ပေါ်လာသော ပန်းချီရုပ်တို့သည်....။
၄။ ထိုကဲ့သို့သော ပန်းချီရုပ်တို့ကို ပြုလုပ်နိုင်အောင် ဆရာသမားထံသို့ ချဉ်းကပ်ခြင်း, ဆရာ့စကားနားထောင်ခြင်း စသည်တို့သည်....။

http://www.dhammadownload.com



၂။ ပန်းချီရုပ်များကို ကြည့်ရှုတွေ့မြင်ရခြင်း, ရောင်းဝယ်ဖောက်ကားခြင်း, ပီတိပါမောဇ္ဇဖြစ်ခြင်း စသည်တို့သည်....။

ထိုကတ္တဗ္ဗာနိ၌ ဗာဟျတ္တ တဗ္ဗပစ္စည်းအရကို-ရူပါရုံယူရ၍ထုတ်။

## နံပါတ် ၉-အတွက် အဓိပ္ပာယ်

တထာ ယဒေတံ...ပ....ဂတိသု [၄၁-၁၀၇]၌

ဂတိ ၅-ပါး အပြားသရုပ်ကား-

၁-ဒေဝဂတိ၊ ၂-မနုဿဂတိ၊ ၃-နိရယဂတိ၊ ၄-ပေတဂတိ၊ ၅-တိရစ္ဆာနဂတိ။

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ ကေမ္ပိအရ ဝိညာဉ်အာရုံသည် ဝတ္ထုံအရ (ဝါ) ဝတ္ထုံ၌ဝစ ဓာတ်အရ သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။

ပြိုင်-အာ-ဓိ-ဥပ (၃) စိတ္တန္တိ-ဟူသော အာကာရပုဒ်အရ စိတ္တ (စိတ်) ဟူသော နာမပညတ္တိသဒ္ဒါသည် ဝတ္ထုံအရ (ဝစဓာတ်အရ) သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။ တစ်နည်း-ဝတ္ထုံအရ (ဝစဓာတ်အရ) သတိ, ဝီရိယ ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် စိတ္တန္တိဟူသော အာကာရပုဒ်အရ စိတ္တဟူသော ပရမတ္ထဝစ်ဘောဒ သဒ္ဒအား သဟ....ပြု၏၊ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-နိ-ကံ-ဟာ ဈာ-ဈာ-မဂ္ဂ ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

(င) ဝါကျ။ စရဏံနာမ စိတ္တံအရ - လက်စွမ်းပြပုံ၌ရှိသော မဟာဘုတ် ၁-ပါး, ၃-ပါး, ၂-ပါး ပစ္စည်းတရားသည် အတိစိတ္တမေဝ ဟောတိအရ မဟာဘုတ် ၃-ပါး, ၁-ပါး ၂-ပါးနှင့် ဥပါဒါရုပ်တို့အား သဟ....ပြု၏။ ပြိုင်-သဟ-နိ-တ္ထိ အဝိ (၄)၊ မဟာဘုတ်အချင်းချင်းဖြစ်လျှင် အညမညထည့်၍ (၅)။ ယခင် အထက်ပါ ရူပါနိနှင့် ကာတဗ္ဗာနိ၌ တဗ္ဗပစ္စည်းအရ - ရူပါရုံသည် ထို ကာတဗ္ဗာနိ၌ ကရဓာတ်အရ သတိ, ဝီရိယ, ညာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏၊ ပြိုင်-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ-ယထာရဟ၊ (၆)။ ထိုရူပါနိအရ ရူပါရုံသည် စိတ္တသညာ ဥပ္ပဇ္ဇတိအရ သညာ ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-[ယခင် (၆) ပစ္စည်း] စိတ္တ သညာအရ သညာ စေတသိက် သည် ဥပ္ပဇ္ဇတိအရ သညာ သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။

http://www.dhammadownload.com

# ၉—စိတ္တံပုဒ်အဖွင့် (ဂ)

(က) ဝေံ ဣမာယ ကရဏ စိတ္တတာယပိ စိတ္တာ စိတ္တတာ ဝေဒိတဗ္ဗာ။

(ခ) သဗ္ဗာနိပိ ဟိ တောနိ ဝိစိတြာနိ စိတ္တေနေဝ ကတာနိ၊

(ဂ) အလဒ္ဓေါကာသဿ ပန....ပ....တတောပိ စိတ္တမေဝ စိတ္တတရံ။

[ဌ-၁၀ဂ]

## အနက်ထူး

(ဂ) ဝါကျ။ အလဒ္ဓေါကာသဿ-မရအပ်သော အခွင့်ရှိသော၊ (သဒ္ဒတ္ထ) (ဝါ) အကျိုးပေးခွင့်ကို မရသော၊ (အဓိပ္ပာယတ္ထ) ဝုတ္တံ၏ကတ္တားကို မယ၊ တစ်နည်း–ဘာဂ ဝတာ-ဟု ထည့်။

## ကျမ်းတက်

## ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် စိတ္တကရဏတာယ၏ အကျယ်ကို ပြဆိုတော်မူ၏။....သော်, ထို အကျယ်စကားရပ်ကို အုပ်ဖုံးသော နိဂုံးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်၊ စောဒနာတက် လျှင်-နိဂမနီယ, နိဂမန ဆန့်ကျင်သော ဝိရောဓိ ဒေါသတင်တက်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝါ-(က) ဝါကျ ဖြင့် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဆန်းကြယ်သော တရားကို ပြုခြင်းကြောင့် စိတ်မည်သောဟု ဆိုတော်မူ၏၊ ဤသို့ပင် ဆိုသော်လည်း သာဓကပါဠိ၌ ကံသာ လျှင် ဆန်းကြယ်ခြင်းကို ပြုခြင်းကို ဆိုသည်မဟုတ်ပါလော။ ထိုသို့ ဆိုသော ကြောင့် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဆန်းကြယ်သော တရားကို ပြုခြင်းကြောင့် စိတ်မည်သောဟူ၍သာ မဆိုသင့်၊ ထိုစကားရပ်၏ အသင့်ယုတ္တိ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သော၊၏။ ဆရာ ဆိုသောစကားသည် အသို့ ဖြစ်၍ သင့်အံ့နည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ခ)ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား–(ခ) ဝါကျဖြင့် ထိုစကားရပ်၏ အသင့်ယုတ္တိ ဒဋ္ဌိကရဏကိုလည်း ပြဆို၏–ဟူလို။

(မှတ်ချက်။ ။ နိဿယ၌ ဤကျမ်းတက်ဝယ်''စောဒနာရှိရကား'' ဟူသော စကားကို ထောက်၍ စောဒနာတက်ဟု ဆိုနိုင်သည်။ တစ်နည်း-ဤ ကျမ်းတက်ကို ပုစ္ဆာတက်ဟု ယူဆလျှင်– ဒဠှီယ, ဒဠှီကရဏ ဆန်ကျင်သော ဝိရောဓိ ဒေါသတင်၍ စောဒနာတက်ပါ။)

ရတနာ့ခုဂုဏ်ရည် (၁ဂ)

http://www.dhammadownload.com



နိဿယကို မှီ၍ (ခ) ဝါကျမှ (ဂ) ဝါကျရှိ ယဒေတံ စိတ္တေန ကတံ စသော ဝါကျသို့ ကျမ်းတက်သော်—

ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းကို စိတ်သည် ပြုအပ်သော-ဟု ဆိုတော်မူ၏။ သော်, အဇ္ဈတ္တ သန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းနှင့် အတူသာ စိတ်သည် ဆန်းကြယ်ပါသလော, (ဝါ) ဆန်းကြယ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....အဇ္ဈတ္တိက ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းထက် စိတ်၏ အထူးသဖြင့် ဆန်းကြယ်ပုံကိုလည်း ပြဆိုသင့်သေး၏။ အဇ္ဈတ္တိက ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းထက် စိတ်၏ အထူးသဖြင့် ဆန်းကြယ်ပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသော ကြောင့် ယဒေတံမှသည် စိတ္တတရံ တိုင်အောင်သော ပါဠ်ကို မိန့်၊ [အဓိပ္ပာယ်ပြန်ပါ]

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော ဤ ဆိုအပ်ပြီးသော ဆန်းကြယ်သောအကျိုးတို့ကို စိတ်သာလျှင် ပြုအပ်ကုန်သော—ဟု ဆိုတော်မူ၏။....သော်, ထိုစကားရပ်နှင့် စပ်၍ အနက် အဓိပ္ပာယ် အထူးမရှိတော့ဟု မှတ်ကောင်းသည် မဟုတ်ပါလော။....စသည်။

ထို (ဂ) ဝါကျတွင် အလဒ္ဓေါ....ပ....စိတ္တဿမှ ယံ ဝါ ပန ....ပ .... ဝိကလံသို့ ကျမ်းတက်သော်—

ဆရာ, ဆရာသည် အလဒ္ဓေါ စသည်ဖြင့် အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်ကို ဆိုတော်မူ၏၊ ဝါ-အကျိုးပေးခွင့် မရသော ကမ္မဝိညာဉ်၏ ကေစ္စ စိတ္တကရဏာ ဘာဝကို ဆိုတော်မူ၏ (နောက်စပ်ရာကို ရှုငဲ့သည်)...သော်, အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်သည်သာလျှင်(ဝါ) အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်၏ ကေစ္စ စိတ္တ ကရဏာ ဘာဝသာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ.... အထောက်အပံ့ ချို့တဲ့သော အပရာပရိယ ကမ္မဝိညာဉ်ကိုလည်း(ဝါ)အပရာပရိယ ကမ္မဝိညာဉ်၏ ကေစ္စ စိတ္တကရဏာ ဘာဝကိုလည်း ပြဆိုသင့်သေး၏။... စသည်။

[မှတ်ချက်။ ။ (ဂ) ဝါကျရှိ တတောပိ. စိတ္တမေဝ စိတ္တတရံမှ အလဒ္ဓေါ....ပ.... ကရဏာဘာဝတောသို့ ကျမ်းတက်သော်—

ဆရာ, ဆရာသည် တတောပိ စိတ္တမေဝ စိတ္တတရံဖြင့် အဇ္ဈတ္တ သန္တာန်၌ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းထက် စိတ်သည်သာ အထူးသဖြင့် ဆန်းကြယ်သောဟု ဆိုတော်မူ၏။ သော်, ထိုသို့ စိတ်သည်သာ အထူးသဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကို သိနိုင်ခြင်း အကြောင်းကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော (ဝါ) မပြဆို ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

http://www.dhammadownload.com



## ပါဠိပနာဒိကျမ်းတက်

(က) ဝါကျ။ စိတ္တကရဏတာယ၏ အကျယ်ကို အုပ်ဖုံးသော နိဂုံးကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ရှေးဒဋ္ဌိယ စကားရပ်၏ သင့်မြတ်ပုံကိုပြသော ယုတ္တိဒဋ္ဌိကရဏ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ ထိုစကားနှင့်စပ်၍ အနက်အဓိပ္ပာယ်အထူးကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျမှ (ဂ) ဝါကျရှိ ယဒေတံ စိတ္တေန ကတံ စသည်သို့ ကျမ်းတက်ရာ၌–အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းနှင့်အတူသာ စိတ်သည် ဆန်းကြယ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ၊ ပယ်ပုံ

(က) ဝါကျဖြင့် နိဂမနီယ နိဂမန ဆန့်ကျင်သော ဝိရောဓိ ဒေါသကိုပယ်၏။ (တစ်နည်း)ရှေး၌ ပြဆိုအပ်ပြီးသော အကျယ်ကို နိဂုံးအုပ်ရိုးထုံးစံ ဓမ္မတာဖြစ်သောကြောင့် (က) ဝါကျ၌ ပုနရုတ္တိဒေါသ မသင့် (ဝါ) ပယ်၏။

(ခ) ဝါကျဖြင့် [ဝါကျဒဋ္ဌိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်-နှင့်အညီ] ဒဋ္ဌိကရဏ ဝါကျဖြစ်ခြင်းကြောင့် (ဝါ) ရှေ့နောက် မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကိုပယ်၏။ (တစ်နည်း) [ယုတ္တိဒဋ္ဌိကရဏ၊ယင်းဝါကျ၊ဩစိတျဟီနတင်-နှင့်အညီ] ယုတ္တိဒဋ္ဌိကရဏ ဝါကျဖြစ်ခြင်းကြောင့် ထို (ခ) ဝါကျဖြင့် ဩစိတျဟီန ဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် ဝိသေသဝါကျ ဖြစ်ခြင်းကြောင့် (ဝါ) စကား အနက် အဓိပ္ပာယ် အလွန် မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ (တစ်နည်း) အထူးကို ဆက်လက်ပြဆိုသဖြင့် အလိုရှိအပ်သော အနက် အဓိပ္ပာယ်နှံ့စပ်သွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။ ထို(ဂ) ဝါကျတွင် ယံ ဝါပန အဝသေသပစ္စယဝိကလ်ဖြင့် အဗျာပိတဒေါသကိုပယ်၏၊ ထို ယံ ဝါပန စသော ဝါကျကိုထောက်၍ ရှေးအလင်္ဒေါကာသသာ ပန စိတ္တဿဝါကျ၌ အဗျာပိတ ဒေါသ သင့်၏။ တဿ....ပ....ဘာဝတောဖြင့် နိယမာနိယ မဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏၊ ယဒေတံ....ပ....ဝုတ္တံ ဝါကျ၌ နိယမာနိယ မဆန့်ကျင်သော ဝိရောဓိဒေါသ သင့်၏။ တတောပိ စိတ္တမေဝ စိတ္တတရံ ဝါကျဖြင့် နိယမာနိယ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။

http://www.dhammadownload.com



## နိပါတ်ပုဒ်များ ထားရပုံ

(က) ဝါကျ။ ဧဝံ တာဝ စိတ္တတာယ စိတ္တံ၌ ဆိုအပ်ပြီးအပ်သော စိတ္တတာယကို ပေါင်းသော သမုစ္စည်း, သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် ပိ(အပိ) ထား၏။

(ခ) ဝါကျ။ အစိတ်အစိတ်ကို ပေါင်းဆည်းသော အဝယဝ သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် သမ္ဘာနိပိ၌ ပိထား၏။ ရှေးဒဋ္ဌိယစကားရပ်ကို ခိုင်မြဲစေလိုသောကြောင့် (ဝါ) ဒဋ္ဌီကရဏတ္ထ ဇောတတအဖြစ်ကို ပြလိုသောကြောင့် ဟိ-သဒ္ဒါထား၏။

(ဂ) ဝါကျ။ အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်နှင့် အထောက်အပံ့ချိတ့်သော အပရာပရိယ ကမ္မဝိညာဉ်တို့၏အထူးကို ပြလိုသောကြောင့် (ဝါ) ဝိသေသတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် ရှေ့ပနကို ဆို၏။—ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် နောက် ပနကို ဆို၏။

## ဝါသဒ္ဒါ လဲလှယ်ပုံ

အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ် ဟူသော အနက် အကျိုးမှ တစ်ပါး၊ အထောက်အပံ့ချိ တဲ့သော အပရာပရိယကမ္မဝိညာဉ်ဟူသော အနက် အကျိုးတစ်ပါး ကို လဲလိုသောကြောင့် ယံ ဝါ ပန၌ ဝါသဒ္ဒါထား၏၊ ဂရဟာအနက်ကို ပြလိုသော ကြောင့် တတောပိ၌ ပိကိုထား၏။

(မှတ်ချက်။ ။၌(ဂ) ဝါကျနောက်ရှိ တေနာဟဘဂဝါစသည်၌ တေနာဟထားရပုံကား ဒဠှီကရဏ, အာဂမ, သာဓက, ဉာပကကိုပြလိုသောကြောင့် (တစ်နည်း) ရှေးဖြစ်သော ဒဠှီယ, သာဓျ, ဉာပျဖြစ်သော သကဝစနကို ဒဠှီကရဏ အာဂမ, သာဓက, ဉာပက ဖြစ်သော ပရဝစနဖြင့် ပြလို ခိုင်မြဲစေလို ပြီးစေလိုသောကြောင့် တေနာဟကို (ဝါ) တေနသို့ ထား၏။)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ ကရောတီတိ ကရဏံ။ စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ။ စိတ္တီယတေတိ ဝါ စိတ္တံ၊ စိတ္တဿ ကရဏံ ကရဏစိတ္တံ။ (အစိတ်) [စိတ္တကရဏဟူလိုလျက် ကရဏ နှင့် စိတ္တ ရှေ့နောက်ပြန်သည်။] ကရဏစိတ္တဿ ဘာဝေါ ကရဏစိတ္တတာ။ (အပေါင်း) (တာယ)

၂။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော ပန်းချီစသောအမှုကို ပြုတတ် သည်၏ ပြုတတ်သည်၏ အဖြစ်နှင့် ဂုဏောနှင့် ဂုဏ်....စပ်....။

http://www.dhammadownload.com



၄။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော ပန်းချီစသော အမှုကို ပြုခြင်း ဟူသော ဂုဏ်သည်....။

(၈) ဝါကျ။ လဒ္ဓဗ္ဗော (လဘိတဗ္ဗော) တိ လဒ္ဓေါ၊ န လဒ္ဓေါ အလဒ္ဓေါ၊ အဝကာသတိ ပဘိဋ္ဌဟတိ ဧတ္ထ ဧတေနာတိ ဝါ ဩကာသော။ (အစိတ်) အလဒ္ဓေါ ဩကာသော ယေန တံ အလဒ္ဓေါကာသံ။ (တစ်နည်း) အလဒ္ဓေါ ဩကာသော ယေနာတိ အလဒ္ဓေါကာသံ။ (အပေါင်း) (တဿ)

[စိတ္တဿဋ္ဌ စိတ္တဟူသော အဘိဓေယျကိုငဲ့၍ အလဒ္ဓေါကာသံဟု နပုလ္လိင် နိဒ္ဒိဋ္ဌချသည်။ (ယောဇနာ-၈၃)]

၂။ ထို၏အကြောင်းဖြစ်သော အကျိုးပေးခွင့်ကို မရသောဂုဏ်၏ ကမ္မဝိညာဉ်နှင့် ဂုဏ် ဂုဏော....စပ်....။

၃။ ထို၏အကြောင်းဖြစ်သော အကျိုးပေးခွင့်ကို မရခြင်းဟူသော ဂုဏ်သည် (ဝါ) အကျိုးပေးခွင့်ကိုမရသော ကမ္မဝိညာဉ်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ။ အဇ္ဈတ္တံ ဧဝ အဇ္ဈတ္တိကံ။

၂။ ထို၏ အကြောင်းဖြစ်သော မိမိကိုစွဲ၍ ဖြစ်ခြင်း၏ ဖြစ်သောစိတ်နှင့် ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော မိမိကိုစွဲ၍ဖြစ်ခြင်း ကြိယာသည်။
စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ။ ဝိဇသေသေန စိတ္တန္တိ စိတ္တတရံ။ (တစ်နည်း) စိတ္တာနံ ဝိသေသောတိ စိတ္တတရံ။

၂။ ထို၏ အကြောင်းဖြစ်သော ဆန်းကြယ်သော တရားတို့၏ သာလွန် ထူးကဲခြင်း ကြိယာနှင့် အပါဒါန အပါဒါနိ၊ ဂုဏော ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ဆန်းကြယ်သော တရားတို့ထက် သာလွန်ထူးကဲခြင်း ကြိယာသည် (တစ်နည်း သာလွန်ထူးကဲသော စိတ်တို့၏ တစ်ခုသည် ....ပ....ဇာတ်သည်....။

## လိင်စသည်စိစစ်ပုံ

အလဒ္ဓေါကာသဿ–နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်။

တတော်၌ တကား– (တရားအပေါင်း ဓမ္မသမူဟကို ငဲ့သောကြောင့်) ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သမ္ဗန္ဓာမ်ဂိုဏ်း) အကာရန္တ သမ္ဗန္ဓာမပုဒ်။ တတောကား–အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတပုဒ်။ (တောပစ္စည်း ဆုံးသောကြောင့်တည်း)စိတ္တတရံ–နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဝိသေသတဒ္ဓိတ်နာမ်ပုဒ်။

http://www.dhammadownload.com



## အာဘောဂ်သံဝဏ္ဏနာ

(ဃ) ဝါကျဖြင့် နိဂုံးကို သိစေ၏၊ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဟိဖြင့် ဒဋ္ဌိကရဏတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)ကြွင်းသော (ခ)ဝါကျဖြင့် ရှေးဒဋ္ဌိယ၏ အသင့် ယုတ္တိ ဒဋ္ဌိကရဏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ပနဖြင့် ဝိသေသတ္ထဇောတက၊ ဥပန္យာသတ္ထ၊ ဝါကျာရမ္ဘတ္ထ-ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)ဝါပနဖြင့် ဝိကပ္ပနတ္ထ၊ နယန္တရတ္ထ၊ ပက္ခန္တရတ္ထ၊ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ဂ) ဝါကျဖြင့် အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်နှင့် အထောက်အပံ့ ချို့တဲ့သော အပရာပရိယ ကမ္မဝိညာဉ်တို့၏ အချို့သော ဆန်းကြယ်သော တရားကို ပြုခြင်းရှိသောကြောင့် ဆိုအပ်ပြီးသော အဇ္ဈတ္တိက ဆန်းကြယ်မှုထက် စိတ်၏ ဆန်းကြယ်မှုက သာလွန်ထူးကဲသည်ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဇေံသဒ္ဒါ—နိဂမနတ္ထ၊ နိဒဿနတ္ထ၊ ဣဒမတ္ထ။ ပိ (အပိ) သဒ္ဒါ ဝုတ္တာပေက္ခ၊ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(ခ) ဝါကျ။ သဗ္ဗာနိပိဠ် ပိ (အပိ) သဒ္ဒါ အဝယဝသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ သမ္ဘာဝနတ္ထ။ ဟိသဒ္ဒါ— ဒဋ္ဌိကရဏတ္ထဇောတက။ စိတ္တေနေဝဠ် ဧဝသဒ္ဒါ အဝ-ဓာရဏတ္ထ။

၁။ စိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ စိတ်မှတစ်ပါးသော တရားစသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ စိတ်၏ဆန်းကြယ်သော တစ်ပါးတစ်ပါးသော အကျိုးစသည်ကို ပြုတတ်သည်အဖြစ် စသော ဂုဏ်သည် အနုညာတတ္ထ။

(ဂ) ဝါကျ။ ပန ဝိသေသတ္ထ၊ ဥပန္យာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။ ယံ ဝါပနဠ် ဝါပန သဒ္ဒါများ—ဝိကပ္ပနတ္ထ- နယန္တရတ္ထ, ပက္ခန္တရတ္ထဇောတက။

တစ်နည်း—ပနသဒ္ဒါ—ပဒပူရဏ၊ ဝစနာလင်္ကာရ။ ဝိကလံဠ် ဝိသဒ္ဒါ ဝိဂတတ္ထ၊ ဝိရဟတ္ထ၊ အဘာဝတ္ထ၊ ဝိကာရတ္ထ၊ အဘာဝဠ် အသဒ္ဒါ—ပဋိသေဓတ္ထ၊ အဇ္ဈတ္တိကံဠ် အဓိသဒ္ဒါ—အဓိကာရအနက်၊ ပဝတ္တအနက်။ [တထောပိ စိတ္တမေဝဠ် ပိအနက်, ဧဝအနက် ဂဟေတဗ္ဗတ္ထ စသည်တို့ကို ရှေးစိတ္တံအဖွင့်(ခ)ဠ် ပြခဲ့ပြီ။]

http://www.dhammadownload.com



## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဂ) ဝါကျ။ ယံဝါ၌ ယသည် အပရာပရိယ ကမ္မဝိညာဉ်ကို စွဲ၍၊ စိတ်ဟူသော အပရာပရိယ ကမ္မဝိညာဉ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ တဿ၌ တသည် အထောက်အပံ့ ချို့တဲ့သော အပရာပရိယ ကမ္မဝိညာဉ်ကို စွဲ၍။ ဆိုအပ်ပြီးသော အပရာပရိယကမ္မဝိညာဉ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (တစ်နည်း) အနိယမ ယသဒ္ဒါ စွဲသောအနက်ကို စွဲသောကြောင့် နိယမဝိသယ တ မည်၏။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ [ဝေဒိတဗ္ဗာ၌ ထုတ်ပုံကို သမယ သဒ္ဒါ၏ အတ္ထုဒ္ဒေသ အဖွင့်၌ ရှု။]

(ဂ) ဝါကျ။ ဝုတ္တံအရ (ဝါ) ဝုတ္တံ၌ ဝစဓာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသော မနသိကာရသည်....။
၃။ ဆိုသည့်အတိုင်း သောတုဇနတို့ အနက်အဓိပ္ပာယ် သိရှိရခြင်း အကျိုးသည်....။
၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။
၅။ သိရသဖြင့် ကျင့်ခြင်း, ကျင့်ရသဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ရခြင်း စသော အကျိုး အဆက်ဆက်တို့သည်....။

## ဝေဒိတဗ္ဗာ ထားရပုံ

ဤ ဆန်းကြယ်သော ပန်းချီစသော အမှုကို ပြုတတ်သည်၏ အဖြစ်ကြောင့် စိတ်၏ ဆန်းကြယ်သည်၏ အဖြစ်ကို ဥပစာရတ္တ, နေယျတ္တ, ဝက်တ္တ, အနေကန္တ အားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့်၊ (တစ်နည်း)စိတ်၏ ဆန်းကြယ်သော အနက်သည် များနေရကား (အနေကတ္ထ) အနေကန္တ ဖြစ်သောကြောင့် (က) ဝါကျ၌ ဝေဒိတဗ္ဗာ ထား၏။

## သိဒ္ဓိရနိုင်ပုံ

(ခ) ဝါကျ။ ဤ ဆန်းကြယ်သော အကျိုးတို့ကို စိတ်သည်သာလျှင် ပြုအပ်ကုန်၏-ဟု အန္ဗယကို ဆိုသဖြင့် စိတ်မှတစ်ပါးသော ဟရားတို့သည် ဆန်းကြယ်သော အကျိုးကို မပြုနိုင်ဟု-ဗျတိရိက် အနက်အဓိပ္ပာယ်ကို သိရသောကြောင့် (ဝါ) ဗျတိရိတ်အနက် အဓိပ္ပာယ် ကျရောက်ပြီးစီးသောကြောင့် ပတ္တာပန္နသိဒ္ဓိ အတ္ထာပတ္တိသိဒ္ဓိ မည်၏။

http://www.dhammadownload.com



[စိတ္တေနေ၀၁ ဓေဝကို အဓိကရည်ရွယ်၍ ဆိုသည်၊ ဝေသဒ္ဒါဖြင့် ပြတိုင်း ဤသိဒ္ဓိ ရနိုင်ပုံကို သိပါ။] (တစ်နည်း)ရေးဒွိဋ္ဌယကို ယုတ္တိ ဒွိဋ္ဌကရဏဖြင့်၊ ဝါ အတ္ထယုတ္တိဖြင့် ပြီးစေ, ခိုင်မြဲစေသောကြောင့် (ဉာပက) သိဒ္ဓေယျသိဒ္ဓိမည်၏။ (ယုတ္တိဒွိဋ္ဌကရဏ ဝါကျတိုင်း၌ သိဒ္ဓေယျသိဒ္ဓိ ရနိုင်သည်။)

တစ်နည်း—(ခ) ဝါကျသည် ဒွိဋ္ဌကရဏ ဝါကျ ဖြစ်ခြင်းကြောင့် ပစ္စက္ခသိဒ္ဓိ ရနိုင်သည်။

## နံပါတ် ၉—အတွက် အဓိပ္ပာယ်

(ဂ) ဝါကျ။ အလဒ္ဓေါကာသနှင့် အဝသေသပစ္စယဝိကလတို့ အထူးကား- ဆန့်ကျင်ဘက် ဖြစ်သော တစ်ပါးသောကံက တားမြစ်သောကြောင့် ဖြစ်စေ, မိမိ အကျိုးမပေးနိုင်ရာ ဘုံဌာန၌ (ဝါ) ရူပဘဝ ဟူသော ဂတိ၌ ပုဂ္ဂိုလ်က ဖြစ်နေ သောကြောင့် ဖြစ်စေ အကျိုးပေးခွင့်မရသော ကမ္မဝိညာဉ်စိတ်ကို အလဒ္ဓေါကာသ ဟု ဆို၏။ ကာလ, ဂတိ, ဥပဓိ, ပယောဂ စသော အကျိုးပေးခွင့် သဟကာရီပစ္စည်း အကြောင်း မစုံမညီ ချို့တဲ့နေသော အပရာပရိယ ကမ္မဝိညာဉ်စိတ်ကို အဝသေသ ပစ္စယဝိကလဟု ဆို၏။ (ဋီ-၆၇)

(ဂ) ဝါကျ။ စိတ္တဿာ၌ စိတ္တအရကား-ကမ္မဝိညာဉ်ရ၏။
[စိတ္တဿာတိ ကမ္မဝိညာဏဿ (ဋီ-၆၇)]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ စိတ္တဘာဟူသော ဝုတ္တကံပုဒ်နှင့် ဝေဒိတဗ္ဗာ၌ ဗာဟုျတ္တတဗ္ဗ ပစ္စည်းတို့အရ ဆန်းကြယ်သည်၏ အဖြစ် (ဝါ) ဆန်းကြယ်သော စိတ် - ဟူသော ဓမ္မာရုံပစ္စည်းတရားသည် ဝေဒိတဗ္ဗာ၌ အန္တတ္ထဝိဒဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြခန်းသော စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန် တရားအား အာရမ္မဏပြု၏။ ပြိုင်-အာ-ဓိ-ဥပ (၃)

(ခ) ဝါကျ။ သဗ္ဗာနိပိ, တေသနိ, ဝိစိတြာနိ ပုဒ်တို့နှင့် ကတာနိ-၌ တပစ္စည်း တို့အရ ဆန်းကြယ်သော အကျိုးဟူသော ပညတ်အာရုံသည် စိတ္တေန ကတ္တားနှင့် ကတာနိ၌ ကရဓာတ်အရ စိတ်အား အာရမ္မဏ....ပြု၏။ပြိုင်မရှိ။ (တစ်နည်း)စိတ္တေန အရ စိတ်သည် သဗ္ဗာနိပိ, တေသနိ, ဝိစိတြာနိ ပုဒ်တို့နှင့် ကတာနိ၌ တပစ္စည်းတို့အရ ဆန်းကြယ်သော အကျိုးတို့အား ပကတူ....ပြု၏။ ပြိုင်-မရှိ။

http://www.dhammadownload.com



(ဂ) ဝါကျ။ ကတံ, အဇ္ဈတ္တိကံ, ယဒေတံ စိတ္တံတို့နှင့် ဝုတ္တံ၌ ဗာဟျတ္တတ ပစ္စည်းတို့အရ ဆန်းကြယ်သော တရားအပေါင်း—ဟူသော ဓမ္မာရုံသည် ဝုတ္တံ၌ ဝစခါတ်အရ သတိ, ဝီရိယ, ဉာဏ်ပြခန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြုနေ၏။ ပြိုင်-အာ-မိ-ဥပ (၃)

http://www.dhammadownload.com

# ၁၀–ဥပ္ပန္နံပုဒ်အဖွင့်

(က) ဥပ္ပန္နံ ဟောတီတိ ဧတ္ထ....ပ....အနေကပ္ပဘေဒံ။

(ခ) တတ္ထ သဗ္ဗမ္ပိ ဥပ္ပါဒဇရာဘင်္ဂသမင်္ဂီတံ ဝတ္တမာနုပ္ပန္နံနာမ။

(ဂ) အာရမ္မဏရသံ....ပ....ကုသလာကုသလံ။

(ဃ) ဥပ္ပါဒါဒိတ္တယံ....ပ....ဘူတာပဂတုပ္ပန္နံနာမ [ဌ–၁၀၇–၉]

### အနက်ထူး

အမှာ။ (ခ) ဝါကျရှိ ဝတ္တမာနုပ္ပန္နံနာမ၊ (ဂ) ဝါကျ အဆုံးလိုက်၍ပေးထားသော ဘူတာပဂတုပ္ပန္နံနာမ၊ (ဃ)ဝါကျရှိ–ဘူတာပဂတုပ္ပန္နံနာမတို့၏အနက်ကို နိဿယအတိုင်း နာမသတ်, ဝေါဟာရအနက်, သဒ္ဒါအနက်ပေးပါ။ (ဃ) ဝါကျ၌ စသဒ္ဒါငင်အပ်သော အနက်ကိုလည်း နိဿယအတိုင်းပေးပါ။]

### ကျမ်းတက်

### ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည်၊ ရှေ့စကားရပ်တို့ဖြင့် စိတ္တံပုဒ်ကို အကျယ်တဝင့် ဖွင့်ပြတော်မူ၏။ ဤသို့ စိတ္တံပုဒ်ကိုသာ ဖွင့်ပြသည် ရှိသော်, ဥပ္ပန္နံပုဒ်ကို အကျယ်တဝင့် မဖွင့်ပြတော့ဟု မှတ်အပ်သည် မဟုတ်ပါလော၊တစ်နည်း–ဤသို့ စိတ္တံပုဒ်ကို ဖွင့်ပြသည်ရှိသော်, ဥပ္ပန္နံပုဒ်အဖွင့်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ (ဝါ) ဥပ္ပန္နံပုဒ်အဖွင့်သည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော-စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည်၊ (က) ဝါကျဖြင့် ဝတ္တမာနုပ္ပန္န စသည်ဖြင့် ဥပ္ပန္နမည်သည် (ဝါ) ဥပ္ပန္နဟူသည် တစ်ပါးမက များသော အပြားရှိကုန်သောဟု မိန့်ဆိုတော်မူ၏။

ဤသို့သာ ဆိုချေသော်, ဥပါဒ်ခဏနှင့် ပြည့်စုံသော သင်္ခတတရားမျှသာ ဝတ္တမာနုပ္ပန္နမည်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ (ဝါ) ဥပါဒ်, ဇရာ (ဌီ) ဘင်နှင့်ပြည့်စုံသော သင်္ခတတရားတို့တွင် အစိတ်အစိတ်သော သင်္ခတတရားမျှသည် သာလျှင် ဝတ္တမာနုပ္ပန္န မည်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ....ပ.... ဥပါဒ်, ဇရာ, ဘင်နှင့် ပြည့်စုံသော အားလုံးသော သင်္ခတတရား၏ ဝတ္တမာနုပ္ပန္န မည်ပုံကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။ အဓိပ္ပာယ်ကား - (ခ) ဝါကျဖြင့် ဥပါဒ်, ဇရာ, ဘင်နှင့်ပြည့်စုံသော အလုံးစုံသော သင်္ခတတရားသည် ဝတ္တမာနုပ္ပန္န မည်၏ဟု ပြဆို၏ ဟူလိုသော်။

http://www.dhammadownload.com



[သဗ္ဗမိ္ဒ ပိ (အပိ) ကို ငဲ့၍ ကျမ်းတက်ပါဟု ဆိုကလည်း ဤအတိုင်းပင်တက်၊]

တစ်နည်း—ဆရာ့ဆရာသည် (က) ဝါကျဖြင့် ဥပ္ပန္နအပြားကို အကျဉ်းသခေ်ပအားဖြင့် ပြဆိုတော်မူ၏။....သော် ထိုအကျဉ်း သခေ်ပ၏ အကျယ် ဝိတ္ထာရကို (ဝါ) ထိုတွင် ပါဝင်သော ဇိတ္တမာနုပ္ပန္န၏ အဘိဓေယျတ္ထ အရကောက်သရုပ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ စသည်။ [စောဒနာတက်လျှင်-အဗျာပိတဒေါသတင်တက်။]

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် ဝတ္တမာနုပ္ပန္န မည်သောတရားကို (ဝါ) ဝတ္တမာနုပ္ပန္န၏ အဘိဓေယျတ္ထသရုပ်ကို ပြဆိုတော်မူ၏။....သော်, ဘူတာပဂတုပ္ပန္န၏ (ဝါ) အနုဘူတာပဂတုပ္ပန္န၏ အဘိဓေယျတ္ထသရုပ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် အာရုံတူအရသာကို ခံစားပြီး၍ ချုပ်ပြီးသော ကုသိုလ်, အကုသိုလ်သည် ဘူတာပဂတုပ္ပန္န (အနုဘူတာပဂတုပ္ပန္န) မည်သောဟု ဆိုတော်မူ၏၊ ဤသို့သော ဆိုချေသော်, ဆိုအပ်ပြီးသော ကုသိုလ်, အကုသိုလ်မျှသာလျှင် ဘူတာပဂတုပ္ပန္နမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....၊ ကုသိုလ်, အကုသိုလ်နှင့်တကွ ကြွင်းသော သင်္ခတတရားတို့၏ ဘူတာပဂတုပ္ပန္န မည်ဟန်ကိုလည်း (ဝါ) ဘူတာပဂတုပ္ပန္န ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။ အဓိပ္ပာယ်ကား (ဃ) ဝါကျဖြင့် ကုသိုလ်, အကုသိုလ်နှင့်တကွ ကြွင်းသော သင်္ခတ တရားတို့၏ ဘူတာပဂတုပ္ပန္န မည်သည်ကိုလည်း ပြဆို၏-ဟူလို။ [စသဒ္ဒါကို ရှုငဲ့၍ ကျမ်းတက်ပါဟု ဆိုကလည်း ဤအတိုင်းပင်။] တစ်နည်း-(ဌပနာတူ၏) နည်းတစ်ပါးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။.... စသည်၊ [ဂဏ္ဍိမှီ] စောဒနာတက်လျှင်— အဗျာပိတဒေါသ တင်တက်။

ဂ–ဃ နှစ်ဝါကျကို တစ်ဝါကျတည်းထား၍ ကျမ်းတက်သော်—

ဆရာ, ဆရာသည်၊ (ခ) ဝါကျဖြင့် ဝတ္တမာနုပ္ပန္န မည်သော တရားကို ပြဆိုတော်မူ၏။.... သော်, ဘူတာပဂတုပ္ပန္န မည်သော တရားကို မပြဆို ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဥပ္ပန္နပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)....ပ....ဥပ္ပန္နပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နု—ရော)....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဥပါဒ်ခဏနှင့် ပြည့်စုံသော သင်္ခတ တရားမျှသည် သာလျှင် ဝတ္တမာနုပ္ပန္န မည်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (ဝါ) ဝတ္တမာနုပ္ပန္န၏ အဘိဓေယျတ္ထ သရုပ်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။.... စသည်။ (တစ်နည်း) ကျမ်းတက်ရာ၌ – ထို အကျဉ်းသင်္ခေပ၏ အကျယ် ဝိတ္ထာရကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဂ) ဝါကျ။ ဘူတွာပဂတုပ္ပန္န (အနုဘူတာပဂတုပ္ပန္န) ၏ အဘိဓေယျတ္ထ သရုပ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(ဃ) ဝါကျ။ ဆိုအပ်ပြီးသော ကုသိုလ်,အကုသိုလ်မျှသည်သာလျှင် ဘူတာပ-ဂတုပ္ပန္နမည်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။ တစ်နည်း–နည်းတစ်ပါးကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။ ဂ–ဃ–နှစ်ဝါကျကို တစ်ဝါကျတည်း ပေါင်း၍ ကျမ်းတက်ရာ၌–ဘူတာပဂတုပ္ပန္န မည်သော တရားကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

## ဒေါသ သင့်ပုံ ပယ်ပုံ

ရှေးစကားရပ်ကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏၊ ဥပ္ပန္နပုဒ်၏ အဖွင့်ကို ပြလိုက်သဖြင့် အနက်အဓိပ္ပာယ် ပြည့်စုံသွားသောကြောင့်(ဝါ) ပက္ကန္တိရဝါကျ ဖြစ်ခြင်းကြောင့်တည်း။

(ခ) ဝါကျဖြင့် သင်္ခေပ, ဝိတ္ထာရ မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိ ဒေါသကို ပယ်၏။ (တစ်နည်း) မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ အတွက် ဝိတ္ထာရ ဝါကျ ပြဆိုရိုး ဖြစ်သောကြောင့် ပုနရုတ္တိဒေါသကို ပယ်၏။ (တစ်နည်း) အကျဉ်း သင်္ခေပ ပြရုံမျှဖြင့် အနက်အဓိပ္ပာယ် မပြည့်စုံသေး၊ အကျယ်ဝိတ္ထာရကို ပြလိုက်သဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် ပြည့်စုံသွားသောကြောင့် ထို (ခ) ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

[(ခ) ဝါကျနှင့်တကွ (ဂ–ဃ) ဝါကျတို့တွင် ရှေးရှေးဝါကျ၌ အဗျာပိတ ဒေါသသင့်ပုံ, နောက်နောက် ဝါကျတို့ဖြင့် အဗျာပိတ ဒေါသပယ်ပုံကို သိပါ။]

## နိပါတ်ပုဒ်များကို ထားရပုံ

(ခ) ဝါကျ။ ဝိတ္ထာရကို ပြလိုသောကြောင့် (ဝါ) ဝိတ္ထာရဝါကျ၏ အချီစကားကို ပြလိုသောကြောင့် တတ္ထနိပါတ်ထား၏။ ဥပါဒ်, ဌီ, ဘင်နှင့် ပြည့်စုံသော သင်္ခတ တရား အားလုံးသာ ဝတ္တမာနုပ္ပန္နမည်သည် မဟုတ်သေး၊ ဥပါဒ်, ဌီ, ဘင်နှင့် ပြည့်စုံသော သင်္ခတ တရား အစိတ်အစိတ်လည်း ဝတ္တမာနုပ္ပန္နမည်သေး၏ ဟူသော အဝယဝ သမုစ္စည်း, သမ္ဘာဝန အနက်နှင့် သမ္ဘာဝနာ အနက်တို့ကို ပြလိုသောကြောင့် သဗ္ဗမ္ပိ၌ ပိ (အပိ)ထား၏။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆိုအပ်ပြီးသော ကုသိုလ်, အကုသိုလ်ကို ဆဲ့ငင်သော အနုကစ္စန အနက်ကို၊ (တစ်နည်း) ဆိုအပ်ပြီးသော ကုသိုလ်, အကုသိုလ်ကို ပေါင်းဆည်းသော သမုစ္စည်း သမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့် သေသသဒ်တဉ္ဇ် စသဒ္ဒါထား၏။

## စသဒ္ဒါဖြင့်လဲပုံ

ဘူတာပဂတုပ္ပန္န အရ ကုသိုလ်, အကုသိုလ် ဟူသော အဘိဓေယျတ္ထ-အနက် အကျိုးတစ်မျိုးမှ ကုသိုလ်, အကုသိုလ်နှင့် တကွသော သဒ္ဒါ တရားဟူသော အဘိဓေယျတ္ထ အနက်-အကျိုးတစ်မျိုးကို လဲလိုသောကြောင့် သေသသဒ်တဉ္ဇ် စသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ န ဧကော အနေကော။ အညမညတော ပဘိဇ္ဇတီတိ ပဘေဒေါ (အစိတ်) အနေကော ပဘေဒေါ ယဿာတိ အနေကပ္ပဘေဒံ။ (အပေါင်း)။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော များသောအပြား၏ ဥပ္ပန္နနှင့် ဂုဏ် ဂုဏီ၊ ပဘေဒ ပဘေဒဝန္တ....စပ်....။

၄။ ထိုပဝတ္တိ၏ အကြောင်းရှိသော များသောအပြားရှိခြင်း ဟူသော (ဝါ) များသောအပြားဟူသော ဂုဏ်သည်....။

(ခ) ဝါကျ။ ဝတ္တတီတိ ဝတ္တမာနံ။ ဥဒ္ဓံ ပန္နန္တိ ဥပ္ပန္နံ။ (တစ်နည်း) ဥပ္ပဇ္ဇတီတိ ဥပ္ပန္နံ။ (တစ်နည်း) ပဇ္ဇတိ ဂစ္ဆတိ ပါပုဏာတီတိ ပန္နံ။ ဥဒ္ဓံ ပန္နန္တိ ဥပ္ပန္နံ။ (အစိတ်) [ဥပပုဗ္ဗ ပဒဓာတ် တပစ္စည်း၊ အထက်သို့ရောက်ခြင်း ဖြစ်ခြင်း ကြိယာစသည်ခွဲ။] ဝတ္တမာနံ စ တံ ဥပ္ပန္နံစာတိ ဝတ္တမာနုပ္ပန္နံ (အပေါင်း)။

၂။ ထို၏ အကြောင်းဖြစ်သော ဖြစ်ဆဲပစ္စုပ္ပန်၏ ဥပ္ပန္နနှင့် ဝိသေသန, ဝိသေသျ ဂုဏ် ဂုဏီး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဝတ္တမာနုပ္ပန္နဟူသော အမည်သည် (ဝါ) ဝတ္တမာနုပ္ပန္နတို့၏ တစ်ခုသည်....ပ....ဇာတိသည်....။

(ဂ) ဝါကျ။ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊ ရသီယတိ အဿာ ဒီယတီတိ ရသော၊ (အစိတ်) အာရမ္မဏဿ ရသော အာရမ္မဏရသော (တံ) (အပေါင်း)။

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော အာရုံ၏ အရသာနှင့် သာမိ သံ စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အာရုံ အရသာတို့၏ တစ်ခုသည်....ပ.... ဇာတ်သည်....။

ဤ (ဂ) ဝါကျအဆုံးလိုက်၍ ပေးအပ်သော (သာမညနိဒ္ဒေသနည်း အရလည်း ဖြစ်သော) အနုဘူတာပဂတုပ္ပန္နံ၌–အနုဘဝိတွာတိ အနုဘူတံ။ အပဂစ္ဆိတ္ထာတိ အပဂတံ။ အနုဘူတံ ဟုတွာ အနုဘူတာပဂတံ။

၂။ ထို၏အကြောင်းဖြစ်သော ခံစားပြီးသည်၏ ကင်းပြီး ချုပ်ပြီးသည်နှင့် ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ခံစားပြီး၍ ကင်းပြီး ချုပ်ပြီးသော ဝိသေသန- ဘောဂုဏ်သည်....။

ဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပန္နံ။

အနုဘူတာပဂတံစ တံ ဥပ္ပန္နံစာတိ အနုဘူတာပဂတုပ္ပန္နံ။

၂။ ထို၏ အကြောင်းဖြစ်သော ခံစားပြီး၍ ကင်းချုပ်ပြီးသော ဝိသေသန ဂုဏ်၏ ဥပ္ပန္နနှင့် ဝိသေသန ဝိသေသျ ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အနုဘူတာပဂတုပ္ပန္န ဟူသော အမည်သည်....။

(ဃ) ဝါကျ။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ပဌမံ အာဒိယတီတိ အာဒိ။ ဥပ္ပါဒေါ အာဒိ ယဿာတိ ဥပ္ပါဒါဒိ။ တိက္ခံ သမ္ဘဟော တယံ။ ဥပ္ပါဒါဒိ စ တံ တယံစာတိ ဥပ္ပါဒါဒိတ္တယံ။

၂။ ထို၏ အကြောင်းဖြစ်သော ဥပါဒ်စသော (ခဏ)သုံးပါး အပေါင်းနှင့် ဂုဏ် ဂုဏော····စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဥပါဒ်စသော (ခဏ) သုံးပါး အပေါင်း ဟူသော ဂုဏ်သည်....။

နိရုဇ္ဈနံ နိရုဒ္ဓံ [နိပုဗ္ဗ ရုဓဓာတ် အပစ္စည်း ချုပ်ခြင်းကြိယာ။]

ဘဝိတ္ထာတိဘူတံ။ အပဂစ္ဆီတိ အပဂတံ၊ အပဂစ္ဆိတ္ထာတိ အပဂတံ။ "ဣစ္စိဓာတုံ ဝိဘတ္တီ"တိ အာဒိနာ အာဝစနဿ တ္ထ အာဒေသော၊ —ရှ-၂၇ဂ။ ကိုယောက်၍ အဇ္ဇတ္တနီ အာဝိဘတ်ကို တ္ထ ပြု၍ အပဂစ္ဆိတ္ထ ဟု ဖြစ်၏၊ ဘူတံ ဟုတွာ အပဂတံ ဘူတာပဂတံ။ ဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပန္နံ။ ဘူတာပဂတံ စ တံ ဥပ္ပန္နံစာတိ ဘူတာပဂတုပ္ပန္နံ။

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော (ခဏသုံးပါးအပေါင်းသို့ အစဉ်အားဖြင့်) ရောက်ပြီး၍ ကင်းပြီး ချုပ်ပြီးသော ဝိသေသနဂုဏ်၏ ဥပ္ပန္နနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏော....စပ်။

၄။ ထို၏ အကြောင်းဖြစ်သော ဘူတာပဂတုပ္ပန္နဟူသော အမည်သည်။

## လိင် စသည် စိစစ်ပုံ

(က) ဝါကျ။ ဘူမိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ ကိတနာမပဒ။

(ခ) ဝါကျ။ ဇရာ-ဣတ္ထိလိင်၊မနောဂဏာဒိဂိုဏ်း၊(တစ်နည်း) ကညာဒိဂိုဏ်း။ အာကာရန္တ၊ ကိတ်နာမ်ပုဒ်။ သမင်္ဂီ-ပုလ္လိင်၊ (တစ်နည်း) [သခ်ါတံကို ငဲ့၍] နပုလ္လိင် ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ နာမပဒ။ (တစ်နည်း) တဒ္ဓိတ်နာမ်ပုဒ်။

(ဂ) ဝါကျ။ အနုဘဝိတ္ဗာ-အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ၊ (တစ်နည်း) ကိတ်နာမ်ပုဒ်။ သခ်ါတံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။

(ဃ) ဝါကျ။ သခ်တံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ ဥပ္ပန္နံ ဟောတီတိ ဣတ္ထေဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထားပါဠိနှင့် တကွ အာဓာရအဖြစ်ကို သိစေ၏။ (တစ်နည်း) ဥပ္ပန္နံဟောတိဟူသော ဤပါဠိ၌ အနက် အဓိပ္ပာယ် အဆုံးအဖြတ်ကို ဤဆိုလတ္တံ့သောနည်းဖြင့် သိရမည် ဟူသော ဥယျောဇဉ် စကားပျိုးကို သိစေ၏။ (ဘာဝတ္ထ)

ကြွင်းသော (က) ဝါကျဖြင့် ဥပ္ပန္နံ၌ ဝတ္တမာနုပ္ပန္နစသော ဥပ္ပန္နအပြားလေးပါး ရှိသည်၏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ အဘိဓေယျတ္ထ)

(ခ) ဝါကျ။ တတ္ထဖြင့် နိဒ္ဓါရဏသမုဒါယ အဖြစ်ကို (ဝါ) ဝိတ္ထာရဝါကျ အချီစကားအဖြစ်ကို သိစေ၏။ (ဘာပတ္ထ) ကြွင်းသော (ခ) ဝါကျဖြင့် ဝတ္တမာနုပ္ပန္နဟူသည် ဥပါဒ်ခဏနှင့်သာ ပြည့်စုံသော အချို့သော ရုပ်နာမ်အစိတ်အပိုင်း မဟုတ် (ဗျ) ဥပါဒ်, ဌီ, ဘင် ဟူသော ခဏတ္တယနှင့် ပြည့်စုံသော အလုံးစုံသော ရုပ်နာမ် သခ်တတရားတည်း (နု)ဟု သိစေ၏။ (အဘိဓေယျတ္ထ၊ ဘာဝတ္ထ)

(ဂ) ဝါကျ။ ၁—အာရမ္မဏရသံဖြင့် အနုဘဝိတ္ဗာ၏ ကံပုဒ်အဖြစ်ကို သိစေ၏၊ (ဝါ) အနုဘဝိတ္ဗာ၌ ခံစားခြင်း ဟူသည် အာရုံ၏အရသာကို ခံစားခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ၊ နေယျတ္ထ) ၂—အနုဘဝိတ္ဗာဖြင့် (အနု) ဘူတာပဂတုပ္ပန္နံဝယ် (အနု) ဘူတ၌ (အနုပုဗ္ဗ) ဘူဓာတ်၏ အနုဘဝန

http://www.dhammadownload.com



အနက်ဟောသည်ကို လည်းကောင်း (ဒု–ခါတုတ္ထ)တပစ္စည်း၏ အတီတကတ္တုသာခ် အနက်ဟောသည်ကို လည်းကောင်း၊ အနုဘဝိတိ (အနု) ဘူတံ (သို့မဟုတ်) အနု–ဘဝိတ္တာတိ (အနု) ဘူတံ–ဟု ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း။ (ဒု–ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

၃။ နိရုဒ္ဓံဖြင့် အပဂတသဒ္ဒါ၏ နိရုဒ္ဓအနက်ဟောသည်ကို သိစေ၏။ (နာမလိင်္ဂတ္ထ)

၄။ အနုဘဝိတွာ နိရုဒ္ဓံ–ဟူသော အပေါင်းဖြင့် (အနု) ဘူတဥ္စ တံ အပဂ–တဉ္စာတိ (အနု) ဘူတာပဂတံ။ (အနု) ဘူတာပဂတဥ္စ တံ ဥပ္ပန္နဉ္စာတိ (အနု) ဘူတာပဂတုပ္ပန္နံ–ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်ကို သိစေ၏၊ (သမာသလိင်္ဂတ္ထ)

၅။ အနုဘူတာပဂတသဒ်ါတံ ကုသိုလ်, အကုသိုလ်သည် အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းပြီး ချုပ်ပြီးဟု ဆိုအပ်သော တရားပင်တည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း, ဘူတာပဂတုပ္ပန္နံ အနုဘူတ–ဟု ဆိုလိုလျက် သာမည နိဒ္ဒေသနည်းအရ ဘူတဟု ဆိုထားသည်ကိုလည်းကောင်း သိစေ၏ (ဘာဝတ္ထ၊ နေယျတ္ထ။)

၆။ ကုသလာ ကုသလံဖြင့် ဘူတာပဂတုပ္ပန္န (အနုဘူတာပဂတုပ္ပန္န) အရ ကုသိုလ်, အကုသိုလ်ကို ယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဿ) ဝါကျ။ ၁–ဥပ္ပါဒါဒိတ္တယံဖြင့် အနုပ္ပတွာ၏ကံကို သိစေ၏။ (တစ်နည်း) အနုပ္ပတွာဠ် အစဉ်အားဖြင့် ရောက်ခြင်း–ဟူသော ဥပါဒ်စသော ခဏသုံးပါး အပေါင်းသို့ ရောက်ခြင်းပင်တည်း–ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (နေယျတ္ထ၊ ဘာဝတ္ထ)

၂။ အနုပ္ပတွာဖြင့် ဘူတဠ် ဘူဓာတ်၏ ပါပုဏနအနက် ဟောသည်ကိုလည်းကောင်း, (ဒု-ခါတုတ္ထ) တပစ္စည်း၏ အတီတဆတ္တုသာခ် အနက်ဟောသည်ကိုလည်းကောင်း၊ ဘဝိတိ ဘူတံ (ဘဝိတ္တာတိ ဘူတံ) ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

၃။ နိရုဒ္ဓံဖြင့် အပဂတသဒ္ဒါ၏ နိရုဒ္ဓအနက် ဟောသည်၏ အဖြစ်ကို သိစေ၏။ (နာမလိင်္ဂတ္ထ)

၄။ အနုပ္ပတွာ နိရုဒ္ဓံ ဟူသောအပေါင်းဖြင့် ဘူတဥ္စ တံ အပဂတဉ္စာတိ ဘူတာ-ပဂတံ(ဘူတံ ဟုတွာ အပဂတံ ဘူတာပဂတံ)ဘူတာပဂတဥ္စ တံ ဥပ္ပန္နဉ္စာ-တိ ဘူတာပဂတုပ္ပန္နံ ဟု ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)

http://www.dhammadownload.com



၅။ ဘူတာပဂတသဒ္ဒါတို့ဖြင့် ထိုသင်္ခတတရားနှင့် ကုသိုလ်, အကုသိုလ်တို့သည် ခဏသုံးပါးအပေါင်းသို့ အစဉ်အားဖြင့် ရောက်၍ ကင်းပြီး ချုပ်ပြီးဟု ဆိုအပ်သော တရားတို့ပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)
၆။ သေသသဒ္ဒါတို့ဖြင့် ဘူတာပဂတုပ္ပန္နအရ ကုသိုလ်, အကုသိုလ်မှ ကြွင်းသော သင်္ခတတရားကို ဟူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ)
၇။ စသဒ္ဒါဖြင့် ဘူတာပဂတုပ္ပန္နအရ ကြွင်းသော သင်္ခတတရားသာမက ကုသိုလ်, အကုသိုလ်ကိုလည်း ဆွဲငင်ယူရဦးမည်-ဟု သိစေ၏။
(နေယျတ္ထ၊ အဘိဓေယျတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ဥပ္ပန္န ဟောတီတိဉ္ဈတိသဒ္ဒါ ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက၊ နိဒဿနတ္ထ။ နာမသဒ္ဒါ-သညာဝါစက။ အနေကပ္ပဘေဒ်၌ အန (နု) သဒ္ဒါ-ပဋိသေဓတ္ထ။ ပသဒ္ဒါ-ဓာတွတ္ထာနုဝတ္တက။

တစ်နည်း-ပကာရတ္ထ။

(ခ) ဝါကျ။ သဗ္ဗမ္ပိဉ္ဈ ပိ (အပိ) သဒ္ဒါ-အဝယဝ-သမုစ္စယတ္ထ၊ အဝယဝ သမ္ပိဏ္ဍနတ္ထ၊ တစ်နည်း-သမ္ဘာဝနတ္ထ။ [ထို ပိ (အပိ) သဒ္ဒါ၏ ပေါင်းဆည်းပုံ အဓိပ္ပာယ်-ပထမအုပ် နောက်ဆက်တွဲ (၁၃၂၂) ခုနှစ် မေးခွန်းအဖြေ၌ ရှု။]

(ဂ) ဝါကျ။ အာရမ္မဏာဉ္ဈ အာသဒ္ဒါ-အာဂန္တွာအနက် (အာဂမနအနက်)။ အနုဘူတာ ပဂတဉ္ဈ အနုသဒ္ဒါနှင့် အပသဒ္ဒါ ဓာတွတ္ထ-ဝိသေသကတ္ထ။

(ဃ) ဝါကျ။ သေသသင်္ခတဉ္ဈ စသဒ္ဒါ-ကုသိုလ်, အကုသိုလ်ကို ဆွဲငင်သော အနုကဍ္ဎနတ္ထ။ [စသဒ္ဒေန ကုသလာကုသလံ အာကဍ္ဎတိ (ယောဇနာ-၇၄)] တစ်နည်း-ကုသိုလ်, အကုသိုလ်ကို ပေါင်းဆည်းသော သမုစ္စည်း, သမ္ပိဏ္ဍနအနက် ဟော။

## စသဒ္ဒါ အဓိပ္ပာယ်ကား

ဆိုအပ်ပြီးသော ကုသိုလ်, အကုသိုလ်သာ ဘူတာပဂတုပ္ပန္န မည်သည် မဟုတ်သေး၊ ကြွင်းသော သင်္ခတတရားသည်လည်း ဘူတာပဂတုပ္ပန္န မည်သေး၏-ဟု ဆိုလို၏။

ဤ ဝါကျများရှိ ဥပ္ပန္န, ဥပ္ပါဒတိဉ္ဈပါသော ဥသဒ္ဒါ [ပဒဓာတ် အနက်သို့ အစဉ်လိုက်လျှင်] ဓာတွတ္ထာနုဝတ္တက၊ တစ်နည်း-[ပဒဓာတ်၏ ပါပုဏန၊ ပဝတ္တန အနက်ဟောအောင် အထူးပြုပေးရလျှင်] ဓာတွတ္ထဝိသေသက၊ တစ်နည်း အတ္ထလာဘ အနက်ဟော၊ [ရှု-၁၂၇]

ရုတနော့ဂုဏ်ရည် (၂၀)

http://www.dhammadownload.com



## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(က) ဝါကျ။ တွေ့ဒွိ တေသည် ဥပ္ပန္နံ ဟောတိ–ဟူသောပါဌ်ကို စွဲ၍။ ဥပ္ပန္နံ ဟောတိ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ၊ တစ်နည်း ပါဌ်ဒြပ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(ခ) ဝါကျ။ တတ္ထဒွိ တသည် ဝတ္တမာနုပ္ပန္နစသော ၄–ပါးသော ဥပ္ပန္နကိုစွဲ၍ ဆိုအပ်ပြီးသော ဥပ္ပန္နဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

## ကြိယာ ၅-တန် ထုတ်ပုံ

(ဂ) ဝါကျ။ အနုဘဝိတွာ-နိရုဒ္ဓံ-အနုဘူတာပဂတသင်္ခါတံ-ကုသလာ ကုသလ တို့နှင့် ဤ (ဂ) ဝါကျသံဝဏ္ဏနာအားလျော်စွာ ဘူတာပဂတ (ဘုတွာပဂတ အနုဘူတာပဂတုပ္ပန္န အနုဘုတွာပဂတုပ္ပန္န) တို့အရ-

၁။ ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရ, အယောနိသောမနသိကာရတို့သည်....။

၃။ အနဝဇ္ဇသုခဝိပါက, သာဝဇ္ဇဒုက္ခဝိပါကတို့သည်....။

၄။ သပ္ပုရိသူပနိဿယ, ဗာလူပသေဝန စသည်တို့သည်....။

၅။ သုဂတိဘဝသို့ လားရခြင်း ဒုဂ္ဂတိဘဝသို့ လားရခြင်း စသည်တို့သည်....။

## နံပါတ် (၉) အတွက် အဓိပ္ပာယ်

ဘဝိတွာ အပဂတသည် ဘူတာပဂတ မည်သည်ဖြစ်ပါစေတော့ အနုဘဝိတွာ အပဂတသည်ကား အဘယ့်ကြောင့် ဘူတာပဂတ မည်သနည်းဟု မေးလျှင်– အဖြေကား....

အနုဘူတ ဘူတအနက် ၂-ပါးကို ဘူတသဒ္ဒါ၏ အနက်အားဖြင့် တူသောကြောင့် သာမည နိဒ္ဒေသနည်းအရ ဘူတသဒ္ဒါတစ်ခုတည်းက ဟောသည်ဖြစ်၍ အနုဘဝိတွာ- ပဂတသည် ဘူတာဂတမည်၏.... [ဋီ-၆၇] ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့သည် ဝေဒနာနှင့်တကွချည်း ဖြစ်သောကြောင့် အာရုံ၏အရသာကို ခံစားတတ်သည်ချည်း မဟုတ်လော, အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ်ကိုသာ ခံစားတတ်သည်ဟု ဆိုပါသနည်း, (၀၁) ကုသိုလ်, အကုသိုလ်ကိုသာ အာရမ္မဏာသံ အနုဘဝိတွာ--ဟု လည်းကောင်း, ဘူဟာပဂတ (ဘုတွာပဂတ) အနုဘူတာပဂတုပ္ပန္န (အနုဘုတွာ- ပဂတုပ္ပန္န)ဟု ဆိုပါသနည်း, ဝိပါက်ကိရိယာသည်လည်း အာရုံ၏ အရသာကိုခံစား တတ်သည် မဟုတ်ပါလောဟု မေးလျှင်-အဖြေကား–

http://www.dhammadownload.com



အထူးကြံ၍ ယူသည်၏ အစွမ်းအားဖြင့် ရာဂ စသည်တို့ဖြင့်လည်းကောင်း, ထို ရာဂ စသည်တို့၏ ဆန့်ကျင့်ဘက်ဖြစ်သော အလောဘ စသည်တို့ဖြင့် လည်းကောင်း ကုသိုလ်, အကုသိုလ်တို့သည် အာရုံ၏ အရသာကို ခံစားတတ်သောကြောင့် အနုဘူတာပဂတုပ္ပန္န မည်၏။ ကံအဟုန်သည် ပစ်ချအပ်သော ဝိပါက်သည် အာရုံ၏ အရသာကို မခံစားတတ်၊ အဟိတ်ကိရိယာသည် အလွန် အားနည်းသောကြောင့် လည်းကောင်း သဟိတ်ကိရိယာသည် ဆဋ္ဌဂုံပေက္ခာနှင့် ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်အားဖြစ်၍ အလွန်ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် လည်းကောင်း အာရုံ၏ အရသာကို မခံစားတတ်၊ ထိုသို့ ဖြစ်သောကြောင့် ဝိပါက် ကိရိယာတို့သည် အနုဘူတာပဂတုပ္ပန္န မမည်ကြ။ [ဋီ-၆၇]

## အထူးအဘိဓေယျတ္ထ

ကုသိုလ်,အကုသိုလ် စိတ္တုပ္ပါဒ်သည် အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းပြီး ချုပ်ပြီး ဖြစ်သောကြောင့် အနုဘူတာပဂတ (အနုဘုတွာပဂတ) အနုဘူတာပဂတုပ္ပန္န (အနုဘုတွာပဂတုပ္ပန္န) မည်၏။ ကုသိုလ် အကုသိုလ်နှင့်တကွ ဝိပါက်ကိရိယာ ရုပ်ဟူသော ကြွင်းသော သင်္ခတတရားသည် ဥပါဒ် စသော ခဏ ၃—ပါးသို့ အစဉ် ရောက်ပြီး၍ ကင်းပြီး ချုပ်ပြီး ဖြစ်သောကြောင့် ဘူတာပဂတ (ဘုတွာပဂတ) ဘူတာပဂတုပ္ပန္န (ဘုတွာပဂတုပ္ပန္န) မည်၏။ [ဋီ-၆၈]

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(ဂ) ဝါကျ။ အာရမ္မဏရသံအရ—ရူပါရုံ စသော အာရုံ ၆-ပါးသည် အနု-ဘဝိတွာ—နိရုဒ္ဓံ အနုဘူတာပဂတသင်္ခါတံ ကုသလာကုသလံတို့ အရ ကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-ယထာရဟ-အာ—မိ-နိ-ဥပ—ပု-ဝိပ္ပ·တ္ထိ-အဝိ (ဂ) ၌ (ဂ) ဝါကျ သံဝဏ္ဏနာ အားလျော်စွာ ဘူတာ (အနုဘူတာ) ပဂတုပ္ပန္နအရ ကုသိုလ် အကုသိုလ်တို့တွင် လည်းကောင်း, ကုသလာကုသလံ၌ ကုသိုလ် အကုသိုလ် တို့တွင် လည်းကောင်း ကုသိုလ်စိတ္တုပ္ပါဒ်သည် အကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်—ယထာရဟ-အာ-မိ-ဥပ (၃)။

(ဃ) ဝါကျ နောက်ရှိ "ယာနိဿ တာနိ ပုဗ္ဗေ ကတာနိ ကမ္မာနိ"တိ ဝေမာ-ဒိနာ နယေန ဝုတ္တံ ကမ္မံ အတီတမ္ပိ သမာနံ အညံ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿောကာသံ ကတွာ ဌိတတ္တာ (ဩကာသ ကတုပ္ပန္နံနာမ) [ဋ္ဌ-၁၀၉] ဝုတ္တံ—ကမ္မံ—အတီတံ-သမာနံ-ပဋိဗာဟိတွာ—အတ္တနော-ကတွာ-ဌိတတ္တာ-ဩကာသ ကတုပ္ပန္နံတို့အရ အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်ကံ စေတနာသည် ဝိပါကဿ အဲရ ဝိပါက် နာမက္ခန္ဓာ စိတ္တုပ္ပါဒ်အား နာနာက္ခဏိက ကမ္မ ပြု၏။ ပြိုင်-နာနာက္ခ-ဏိကကမ္မ-ပကတူပနိဿယ (၂)

http://www.dhammadownload.com

# ၁၁-ဘူမိလဒ္ဓုပ္ပန္နအဖွင့်

(က) တာသု တာသု ဘူမီသု အသမူဟတံ အကုသလံ ဘူမိလဒ္ဓုပ္ပန္နံ နာမ။

(ခ) တတ္ထ စ ဘူမိယော ဘူမိလဒ္ဓဿ စ နာနတ္တံ ဝေဒိတဗ္ဗံ။

(ဂ) ဘူမီတိ ဝိပဿနာယ အာရမ္မဏဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။

(ဃ) ဘူမိလဒ္ဓံ နာမ တေသု ခန္ဓေသု ဥပ္ပတ္တာရဟံ ကိလေသဇာတံ။

(င) တေန ဟိ သာ ဘူမိလဒ္ဓါ နာမ ဟောတိ၊ တသ္မာ "ဘူမိလဒ္ဓ"န္တိ ဝုစ္စတိ။

(စ) ဝေမေတေသု စတူသု ဥပ္ပန္နေသု ဣဓ ဝတ္တမာနုပ္ပန္နံ အဓိပ္ပေတံ။ (ဌ-၁၀၉)

### အနက်ထူး

(ဂ) ဝါကျ။ ဘူမီတိ ဘူမိနာမ-ဘူမိမည်၏။ (ဣတိသဒ္ဒါနာမဝါစက ဝါကျ အဆုံး၌ပေး) (တစ်နည်း)ဘူမီတိ-ဘူမိဟူသည်ကား၊(ဣတိသဒ္ဒါ ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။ ဝါကျအစ၌ ပေး။)

(ဃ) ဝါကျ။ ဥပ္ပတ္တာရဟံ-ဖြစ်ခြင်းငှာ ထိုက်သော၊ (သဒ္ဒတ္ထ) (ဝါ) ဖြစ်ထိုက်သော၊ (အဓိပ္ပာယတ္ထ) [ကိလေသဇာတံ၌ ဇာတသဒ္ဒါကို တဗ္ဘော သမူဟ, ဘူတ အနက်ကြံ၍ သုံးနည်း နိဿယအတိုင်းပေး။]

(င) ဝါကျ။ [တေန ဟိ သာ ဘူမိ လဒ္ဓါနာမ ဟောတိ ဟူသော ဒဋ္ဌီကရဏဝါကျ အပြန်အလှန် အနက်ပေးပုံတို့ ပထမအုပ် စာမျက်နှာ (၁၁)၌ ရှု၍ နည်းမှီပေး၊ ဝုစ္စတိ၏ အဝုတ္တကတ္တားကို ပဏ္ဍိတေနဟု ထည့်ပေး။ ဝုတ္တကံကား နိဿယ အတိုင်းပင်။]

(စ) ဝါကျ။ အဓိပ္ပေတံ၏ ကတ္တားကို ဘဂဝတာ, (တစ်နည်း) ပဏ္ဍိတေနဟု ထည့်ပေး။]

### ကျမ်းတက်

### ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဩကာသကတုပ္ပန္န မည်သောတရား, ဩကာသကတုပ္ပန္န အရ တရားတို့ကို ပြဆိုတော်မူ၏။ .... သော်, ဘူမိလဒ္ဓုပ္ပန္န မည်သော တရား, ဘူမိလဒ္ဓုပ္ပန္နအရ တရားတို့ကို မပြဆိုဟူသောအဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....ဘူမိလဒ္ဓုပ္ပန္န မည်သော တရား ဘူမိလဒ္ဓုပ္ပန္န အရ တရားတို့ကိုလည်း ပြဆိုသင့်သေး၏။....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည်-(က)ဝါကျဖြင့် ဘူမိလဒ္ဓုပ္ပန္နမည်သောတရား ကို ပြဆိုတော်မူ၏၊ ....သော်, ဘူမိနှင့် ဘူမိလဒ္ဓအထူးမရှိဟူသော အဓိပ္ပာယ်ရောက် ရာသည် မဟုတ်ပါလော၊ (ဝါ) ဘူမိနှင့် ဘူမိလဒ္ဓအထူးကို သိရမည်ဟု တိုက်တွန်း ချက်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ....ပ...ဘူမိနှင့် ဘူမိလဒ္ဓ အထူးရှိပုံကိုလည်း (ဝါ) ဘူမိနှင့် ဘူမိလဒ္ဓအထူးကို သိရမည်ဟူသော တိုက်တွန်းချက်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် ဘူမိနှင့် ဘူမိလဒ္ဓအထူးကို သိရမည်ဟု တိုက်တွန်းချက်ကို ပြဆိုတော်မူ၏။ ....သော်, ထိုဘူမိနှင့် ဘူမိလဒ္ဓတို့၏ ထူးခြားပုံကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည်။ (ဂ) ဝါကျဖြင့် ဘူမိမည်သောတရားကို ပြဆိုတော်မူ၏။....သော်, ဘူမိလဒ္ဓအမည်ရသော တရားသည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော....စသည်။

ခ-ဂ-ဃ သုံးဝါကျကို တစ်ဝါကျတည်းထား၍ တက်သော်-

ဆရာ, ဆရာသည် (က) ဝါကျဖြင့် ဘူမိလဒ္ဓုပ္ပန္နမည်သောတရားကို ပြဆိုတော် မူ၏။ သော်, ဘူမိနှင့် ဘူမိလဒ္ဓအထူးကို ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ (ဝါ) ဘူမိနှင့် ဘူမိလဒ္ဓ ထူးခြားချက်မရှိ တူနေသည်ဟု မှတ်အပ်သည် မဟုတ် ပါလော။....စသည်။

[စောဒနာတက်လျှင်-ဝိရောဓိ, အတိဗျာပိတ, အဗျာပိဘာဒေါသတင်ဘက်။]

ဂ-ဃ နှစ် ဝါကျကို တစ်ဝါကျတည်းထား၍ ကျမ်းတက်သော်-

ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် ဘူမိနှင့် ဘူမိလဒ္ဓတို့၏ အထူးကို သိရမည်ဟု တိုက်တွန်းချက်ကို ပြဆိုတော်မူ၏။ .... သော်, ထိုဘူမိနှင့် ဘူမိလဒ္ဓနှစ်ပါးအထူးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည်၊ (ဃ) ဝါကျဖြင့် ထို ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ထိုက်သော ကိလေသာအပေါင်းသည် ဘူမိလဒ္ဓမည်သောဟု ဆိုတော်မူ၏။....သော်, ဆရာစကားသည် ဒဠှီယမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော....ပ....ထိုစကားကို ယုံကြည်ကြောင်း ဖြစ်ကြောင်း အသင့် ယုတ္တိ သာဓက ဧဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။....စသည်။

၅။ ထိုဝစီဘေဒအသံကို ကြားရခြင်း, ကြားသည့်အတိုင်း အနက်အဓိပ္ပာယ်ကို သိရှိရခြင်း စသည်ဘို့သည်....။

(ဿ) ဝါကျ။ ဝေဒိတဗ္ဗံ၌ ထုတ်ပုံကို ပထမအုပ် (၁၁၁)၌ ရှု။

(င) ဝါကျ။ ဘာဂဝတာ ကတ္တားထည့်၍ ဝုတ္တံ၌ ထုတ်ပုံကို ပထမအုပ် (၁၀၇)၌ ရှု။

## ဝေဒိတဗ္ဗံ ထားရပုံ

ထို့အတူ ဤစိတ်သည်လည်း (၅၀) ကျော် ကုသိုလ်တရားတို့နှင့် အတူတကွ သာလျှင် ဖြစ်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရမည်ဟု ပြလိုသောကြောင့်၊ တစ်နည်း-စိတ်၏ ၅၀-ကျော် ကုသိုလ်ဘရားတို့နှင့် အတူတကွ ဖြစ်သည်ကို ဆောင်၍ သိအပ်သော နေယျတ္ထ ဖြစ်သောကြောင့် ဝေဒိတဗ္ဗံထား၏။

## သိဒ္ဓိရနိုင်ပုံ

(ဇ-ဿ) ဝါကျတို့ကို ဒဋ္ဌိကရဏယူသော် ထိုဝါကျတို့၌လည်းကောင်း, (စ) ဝါကျ၌လည်းကောင်း, ရှေးဒဋ္ဌိယကို ယုတ္တိဒဋ္ဌိကရဏအားဖြင့် ဝါ-အတ္ထယုတ္တိဖြင့် ပြီးစေ ခိုင်မြဲစေသောကြောင့် (ဉာပက) သိဒ္ဓေယျသိဒ္ဓိဖြစ်၏၊ တစ်နည်း-ဒဋ္ဌိကရဏ ဝါကျများ ဖြစ်ခြင်းကြောင့် ပစ္စက္ခသိဒ္ဓိ ရနိုင်၏။

(င) ဝါကျ၌ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍သာ ဟောသည်ဟု အနွယကို ဆိုသဖြင့် ပရောပဏ္ဏာသ ကုသလဓမ္မေဟိ သဒ္ဓိံ စိတ္တံ ဥပ္ပန္နံ ဟောတိဟူ၍ မဟောဟု ဗျတိရေက အနက် အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် (ဝါ) ဗျတိရေက အနက်အဓိပ္ပာယ် ကျရောက်သောကြောင့် အတ္ထာပန္နသိဒ္ဓိ အတ္ထာပတ္တိသိဒ္ဓိ မည်၏။

http://www.dhammadownload.com



## နံပါတ် (၉) အတွက် အဓိပ္ပာယ်

မနော ဘေသံ ဓမ္မာနံ ပဋမံ ဥပ္ပဇ္ဇတိ (ဠ-၁၁၀) ဝိညာဏက္ခန္ဓာသည် (ဝါ) စိတ်သည် သမ္ပယုတ်တရားတို့နှင့် တကွဖြစ်သော်လည်း သမ္ပယုတ်တရားတို့ကို သိမ်းယူ၍ အကြီးအမှူး၏အဖြစ်ဖြင့် (ဝါ) ဣန္ဒြိယပစ္စည်း၏ အဖြစ်ဖြင့် ဖြစ်သောကြောင့် ရှေးဦးစွာဖြစ်သကဲ့သို့ ဖြစ်သည့်အတွက် ဤသို့ မနော တေသံ ဓမ္မာနံ ပဋမံ ဥပ္ပဇ္ဇတိ ဟု ဟောတော်မူ၏။ (ဋီကာ-၆၇)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ရာဇာ အာဂတော အရ - မင်းသည် ရာဇာ ပရိသာယ အရ မင်းပရိသတ်အား ပကတူ....ပြု၏။ (တစ်နည်း)ရာဇာ အာဂတောအရ မင်း၌ရှိသော ရူပါရုံသည် ရာဇာ ပရိသာယအရ-မင်းပရိသတ်၌ရှိသော စက္ခုဒွါရိက စိတ္တုပ္ပါဒ်အား အာရမ္မဏ...ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ(၆) [ပစ္စည်း ပစ္စယုပ္ပန် ပြောင်းပြန်ထား၍လည်း ဤအတိုင်းပြိုင်]

(က) ဝါကျ။ ဣဒ်အရ -(ဠာနာနုရူပအားဖြင့်) ပထမ မဟာကုသိုလ်စိတ်သည်၊ (တစ်နည်း)သာမညအားဖြင့် စိတ် ၈၉-ပါးသည်၊ ပရေပဏ္ဏာသ ကုသလဓမ္မေဟိ အရ-ဖဿစသော (၅၅) ပါးသော တရားတို့အား (ဝါ) အာဟိတဂ္ဂဟဏနည်းအားဖြင့် တိုက်ရိုက်ဟောအပ်သော တရားကိုယ်ဖြစ်သော ခန္ဓာစသော ယေဝါပနက တရားကိုးပါးကြည့် စေတသိက် ၂၉-ပါးအား၊ (တစ်နည်း) သာမညအားဖြင့် စေတသိက် ၅၂-ပါးအား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဓိ-သဟ-ည-နိ-ဝိပါ-ဟာ-ဣ-သံ-တ္ထိ အဝိ (၁၀)။

(တစ်နည်း) ပရေပဏ္ဏာသ ကုသလဓမ္မေဟိအရ – ဖဿ စသော ကုသိုလ်တရား (၅၅)ပါးသည် ဣဒ် ဥပ္ပန္နံအရ ပထမ မဟာကုသိုလ်စိတ်အား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-ည-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)

(င) ဝါကျ။ စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟူသော ဝစီဘေဒ သဒ္ဒါရုံသည် ဝုတ္တံ၌ ဝစဝိတ်အရ-ဒေသနာဉာဏ်အား အာရမ္မဏ....ပြု၏။ (တစ်နည်း) ဝုတ္တံ၌ ဝစဝိတ် အရ-ဒေသနာဉာဏ်သည် စိတ္တံ ဥပ္ပန္နံ ဟောတိနှင့် ဝုတ္တံ၌ တပစ္စည်းအရ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-နိ-ဣ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

http://www.dhammadownload.com

# ၁၄-သောမနဿသဟဂတံပုဒ်အဖွင့်

(က) သောမနဿသဟဂတန္တိ....ပ....ကေ့ပ္ပါဒါဒိဘာဝံ ဂတံ။

(ခ) အယံ ပန သဟဂတသဒ္ဒေါ တဗ္ဘာဝေ....ပ....ဒိဿတိ။

(ဂ) တတ္ထ ယာယံ တဏှာ ပေါနောဘဝိကာ ....ပ....နန္ဒိရာဂသဟဂတာတိအတ္ထော။

(ဃ) ဣမသ္မိံမ္ပိ ပဒေ အယမေဝတ္ထော အဓိပ္ပေတော။

(င) ဝံသောမနဿံသဟဂတံ ဣတိ သောမနဿသဟဂတန္တိ ဝုတ္တံ။

[၄-၁၁၂-၂]

## အနက်ထူး

(ဂ) ဝါကျ။ ဝေဒိတဗ္ဗော၏ ကတ္တားကို ပဏ္ဍိတေန-ဟု ထည့်ပြီး၍ ကံကို သဟဂတသဒ္ဒေါ-ဟု ထည့်။ အတ္ထော၏ သမ္ဗန်ကို နန္ဒိရာဂသဟဂတာတိပဒဿ ဟု ထည့်။

(ဃ) ဝါကျ။ ပိ (အပိ) ဖြင့် ပေါင်းအပ်သော အနက်ကို ထင်ရှားအောင် ပေးပါဟုဆိုလျှင် ကေဝလံ-သက်သက်၊ ပီတိယာ သဟဂတန္တိပဒေဝ-ပီတိယာ သဟဂတံ-ဟူသော ပုဒ်၌သာ၊ အယံအတ္ထော-ဤသံသဋ္ဌအနက်ကို။ န အဓိပ္ပေတော-အလိုရှိအပ်သည် မဟုတ်သေး၊ အထ ခေါ-အဟုတ်သော်ကား၊ ဣမသ္မိံမ္ပိ ပဒေ-ဤ သောမနဿသဟဂတံ - ဟူသော ပုဒ်၌လည်း၊ အယမေဝ အတ္ထော-ဤသံသဋ္ဌ အနက်ကိုသာ၊ ဝါ-သည်သာ၊ ဘဂဝတာ-သည်။ (တစ်နည်း) ပဏ္ဍိတေန-သည်၊ (ကတ္တား) အဓိပ္ပေတော -လိုအပ်၏၊ ဝါ-လိုအပ်သည်၊ ဟောတိ-၏။

(င) ဝါကျ။ ဝုတ္တံ ကတ္တား ဘဂဝတာ ထည့်ပေး။

## ကျမ်းတက်

### ဌပနာပဥ္စက-ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေးစကားရပ်တို့ဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ပါဠိတော်ကို ဖွင့်ပြတော်မူ၏။....သော်, သောမနဿသဟဂတံ ဟူသော ပါဠိတော်အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော။....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် (က) ဝါကျဖြင့် သောမနဿသဟဂတံ ပုဒ်၏ အဘိမာနတ္ထကို၊ ဝါ-ဝစနတ္ထကို ပြဆိုတော်မူ၏၊-သော်, သဟဂတသဒ္ဒါ၏ အတ္ထုဒ္ဓါရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော။....စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ)′ ဝါကျဖြင့် ဤသဟာဂတ သဒ္ဒါသည် တဗ္ဘောစသော အနက် ငါးပါးတို့၌ ထင်သောဟု အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏။ သော်, ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသောအစိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့်၊ ဝါ (ခ) စသော ရှေး စကားရပ်တို့ဖြင့် သဟာဂတသဒ္ဒါသည် တဗ္ဘာဝစသော ၅–ပါးသော အနက်တို့၌ ထင်သောဟု ဆိုတော်မူ၏။....သော်, ဤ သောမနဿသဟဂတံ ဟူသောပုဒ်၌ ထိုအနက် ၅–ပါးလုံးကိုပင် လိုအပ်ပါသလော, ဝါ–လိုအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော, (တစ်နည်း) တဗ္ဘာဝစသော ရှေးအနက် ၄–ပါးကိုလည်း လိုအပ် ပါသလော၊ ဝါ–လိုအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....ဤ၌ သံသဋ္ဌ အနက်မျှကိုသာ လိုအပ်ပုံကိုလည်း ပြ ဆို သင့် သေး ၏။ ....စသည်။ ဤကား– "ဝါကျပစ္ဆာ၊ ဝေပါ၊ စ မှာ အာဘောဘ်ပင်"နှင့်အညီ ဝေကို ရှင့်၍ တက်ခြင်းတည်း။ စောဒနာတက်လျှင် — အုတိဗျာပိဘဒေါသတင်။ (တစ်နည်း) ဆရာ, ဆရာသည် (ဃ) ဝါကျရှေးရှိ ဣဒံ သုခံ စသော ရှေ့စကားရပ်ဖြင့် သဟာဂတ သဒ္ဒါကို သံသဋ္ဌ အနက်၌ သိအပ်သောဟု ဆိုတော်မူ၏။....သော်, ဣဒံ သုခံ စသော ရှေးဝါကျ ပါဠိရပ်၌သာ (ဝါ) ဣဒံ သုခံ စသော ရှေးဝါကျရှိ ပီတိယာသဟဂတံပုဒ်၌သာ သဟာဂတသဒ္ဒါ၏ သံသဋ္ဌအနက်ကို လိုအပ်သည်ဟု မှတ်သင့်သည် မဟုတ်ပါလော။ ....ပ....ဤသောမနဿသဟဂတံပုဒ်၌လည်း သံသဋ္ဌအနက် လိုအပ်ပုံကိုလည်း ပြဆိုသင့် သေး၏။....စသည်။ ဤကား– "နောက်သမုစ္စယ, ကျမ်း၌ပြ, ဝေအာဘောဘ်ဆင်" နှင့် အညီ ပိ (အပိ)ကို ရှင့်၍ တက်ခြင်းတည်း။ စောဒနာတက်လျှင်=အဗျာပိတ ဒေါသတင်။

(င) ဝါကျ။ ဆရာ, ဆရာသည် (ဃ) ဝါကျဖြင့် ဤသောမနဿသဟဂတံ ဟူသော ပုဒ်၌လည်း ဤသံသဋ္ဌအနက်ကိုသာ လိုအပ်သောဟု ဆိုတော်မူ၏။....သော်, ဆရာ့စကားသည် ဒဋ္ဌယမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော၊ (တစ်နည်း) ထိုဒဋ္ဌိယကို ပြီးစေမြဲစေတတ်သော ယုတ္တိ သဘာဝဒဋ္ဌိကရဏကို မပြဆို ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ သောမနဿသဟဂတံ ဟူသော ပါဠိတော်၏ အဖွင့်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ သဟာဂတသဒ္ဒါ၏ အတ္ထုဒ္ဒါရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စသည်။

(ဃ) ဝါကျ။ ဤ သောမနဿသဟဂတံပုဒ်၌ ထိုအနက် ၅-ပါးလုံးကိုပင် လိုအပ်၏ဟူသော (ဝါ) တဗ္ဗာဝစသော ရှေ့အနက် ၄-ပါးကိုလည်း လိုအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(င) ဝါကျ။ ထိုဒင်္ဂီယကို ပြီးစေမြဲစေတတ်သော ယုတ္တိသဘာဝ ဒင်္ဂီကရဏကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

ရှေးအဖွင့်စကားရပ်ကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(က) ဝါကျကိုထောက်လျှင် (ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ အကြောင်းကား-(ခ) ဝါကျသည် ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့်တည်း။ တစ်နည်း-အဘိဓေနတ္ထမှ တစ်ပါး အတ္ထုဒ္ဒါရကိုပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသောကြောင့်တည်း။ နောက် (ဂ) ဝါကျကိုထောက်လျှင် သခေ်ပဝိတ္ထာရ ဆန့်ကျင်နေသောကြောင့် (ခ)ဝါကျ၌ ဝိရောဓိ ဒေါသသင့်၏။ တစ်နည်း – အဗျာပိတဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် သခေ်ပဝိတ္ထာရ မဆန့်ကျင်အောင် ပြဆိုသောကြောင့် (ဝါ) ဝိတ္ထာရ ဝါကျဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသကို ပယ်၏။

တစ်နည်း–မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုးထုံးစံ ဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မရောက်၊ ဝါ–ပယ်၏။ တစ်နည်း–အကျယ်ဝိတ္ထာရကို ပြသဖြင့် လိုအပ်သောအနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဤ၌ သံသဋ္ဌ အနက်ကိုသာ လိုအပ်၏ဟု စကားအနက် အဓိပ္ပာယ် အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် (ဝါ) အတ္ထုဒ္ဒေသ ဝါကျ ဖြစ်ခြင်းကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ (ဝေကို ရှင့်သည်) တစ်နည်း– ဤ သောမနဿသဟဂတ ဟူသောပုဒ်၌လည်း သံသဋ္ဌအနက်ကိုသာ လိုအပ်၏ဟု ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။ [ပိ (အပိ) ကိုရှင့်သည်။]

(င) ဝါကျဖြင့် ဒင်္ဂီယ, ဒင်္ဂီကရဏ မဆန့်ကျင်အောင် ပြဆိုသောကြောင့် (ဝါ) (င) ဝါကျသည် ဒင်္ဂီကရဏ ဝါကျဖြစ်ခြင်းကြောင့် ဝိရောဓိ ဒေါသကို ပယ်၏။

http://www.dhammadownload.com



ပန ထားရပုံ–သောမနဿသဟဂတံပုဒ်၏ အဘိဓာနတ္ထ (ဝစနတ္ထ)မှ တစ်ပါး သဟဂတသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြလိုသောကြောင့် (ဝါ) ပက္ခန္တရတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ ပန–သဒ္ဒါထား၏။

အတ္ထော ထားရပုံ–နန္ဒီရာဂသဟဂတာ – ဟူသောပုဒ်၏ နန္ဒီရာဂဘူတာဟူသော (ဝါ)ထိုထိုအာရုံ, ထိုထိုဘုံဘဝ၌, နှစ်သက် တပ်မက်တတ်သော ရာဂ၊ ဖြစ်၍ဖြစ်၏ ဟူသော ဂုဏ္ဍတ္ထစကားကျကို ဖော်ပြလိုသောကြောင့် (ဂ)ဝါကျ၌ အတ္ထောထား၏၊ [ဆောင်ပုဒ်ကို ပထမအုပ် စည်းမျဉ်းအဖြေ၌ ဆိုခဲ့ပြီ။]

ပိ(အပိ) ထားရပုံ–ဣဒံ သုခံစသော ပါဠိရပ်၌သာ (ဝါ) ထိုပါဠိရပ်၌ ရှိသော ပီတိယာ သဟဂတံ ပုဒ်၌သာ သံသဋ္ဌအနက်ကို လိုအပ်သည် မဟုတ်သေး၊ ဤ သောမနဿသဟဂတံ ဟူသော ပုဒ်၌လည်း သံသဋ္ဌအနက်ကို လိုအပ်၏ဟူသော သမုစ္စည်း,သမ္ဘာဝနအနက်ကို ပြလိုသောကြောင့်(ဃ)ဝါကျ၌ ပိ(အပိ) သဒ္ဒါထား၏။

အဓိပ္ပေတော ထားရပုံ— သဟဂတသဒ္ဒါ၏ တဗ္ဘာဝစသော အနက်သာမညမှ သံသဋ္ဌဟူသော အနက်ဝိသေသကို ယူစေလိုသောကြောင့် လည်းကောင်း, ဤ၌ တဗ္ဘာဝစသော ရှေးအနက် ၄–မျိုးကို မလိုအပ်၊ သံသဋ္ဌအနက်ကိုသာ လိုအပ်၏ဟု စောဒကနှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာ ဌာနဖြစ်သောကြောင့် လည်းကောင်း (ဃ) ဝါကျ၌ အဓိပ္ပေတော ထား၏။

ဟိသဒ္ဒါ ထားရပုံ–ရှေးဒင်္ဂုယကို ခိုင်မြဲစေလိုသောကြောင့် (ဝါ) ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် (င) ဝါကျ၌ ဟိသဒ္ဒါထား၏။

ဝုတ္တံ ထားရပုံ = သဟဂတသဒ္ဒါ၏ အပေါင်းဖြစ်သော တဗ္ဘာဝစသောအနက် ၅–မျိုးလုံး၏ သဟဂတအမည်ကို အစိတ်ဖြစ်သော သံသဋ္ဌအနက်၌ တင်စားသော (အထင်ရှား)ကေဝေသျှုပစာ အဖြစ်ကိုပြလိုသောကြောင့် (င)ဝါကျ၌ ဝုတ္တံထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ သံဝဏ္ဏနာအရ သောမနဿသဟဂတံဟူသော သံဝဏ္ဏေတဗ္ဗ၌ အစိတ်အပေါင်းဝိဂ္ဂဟကား–[သုကား ဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရ။]

မနတိ ဇာနာတီတိ မနော။ သုန္ဒရံ မနော သုမနော။ (ကမ္မဓာရည်း) သုန္ဒရံ မနော ဧဿာတိဝါ သုမနော၊ (ဗဟုဗ္ဗီဟိ) သုမနဿ ဘာဝေါ သောမနဿံ။

၂။ ထို၏အကြောင်းဖြစ်သော ကောင်းသောစိတ်၏ (ဝါ) ကောင်းသော စိတ်ရှိသူ၏ သောမနဿဝေဒနာနှင့် အကြောင်း အကျိုး, ဝါ အကျိုး၊ အကြောင်း ဌာန ဌာနီ....စပ်....။

http://www.dhammadownload.com



၄။ ထို၏အကြောင်းဖြစ်သော ကောင်းသောစိတ် ရှိခြင်းဟူသော ဂုဏ်သည်....။

(ဝါ) သောမနဿဝေဒနာဟူသော ဓမ္မဒြပ်သည်....။

ဝစ္စတိ ပါပုဏာတီတိ ဂတံ။ သဟဂတံ သဟဂတံ။ သောမနဿေန သဟဂတံ သောမနဿသဟဂတံ။

၂။ ထို၏အကြောင်းဖြစ်သော သောမနဿ၏ (ဝါ) သောမနဿဝေဒနာ၏ တကွအဖြစ်သို့ ရောက်သည်နှင့် (ဝါ) ရောက်သောစိတ်နှင့် သဟယောဂ သဟယောဂဝန္တ, အကြောင်းအကျိုး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော သောမနဿနှင့်တကွ အဖြစ်သို့ ရောက်ခြင်း ကြိယာသည်....။

သာဒိယတီတိ သာတံ။ [သာဒဓာတ် အပစ္စည်း သာယာခြင်းကြိယာ။] မဓတီတိ မဓုံ။ မဓု အဿ အတ္ထီတိ မဓုရံ၊ မဓုရံ ဝိယာတိ မဓုရံ။

၂။ ထို၏ အကြောင်းဖြစ်သော ချိုမြိန်ကောင်းမြတ်သော အရသာ၏ (သောမနဿ) ဝေဒနာနှင့် ဥပမာန ဥပမေယျ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ချိုမြိန်ကောင်းမြတ်သော အရသာနှင့် တူခြင်း ကြိယာသည်၊ တစ်နည်း-ချိုမြိန်ကောင်းမြတ်သော အရသာနှင့်တူသော (သောမနဿ) ဝေဒနာတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

ဝေဒယတီတိ ဝေဒယိတံ။ ဝေဒိတဗ္ဗန္တိဝါ ဝေဒယိတံ။ (ဝိဒဓာတ် ယပစ္စည်း, ဏယပစ္စည်း, တပစ္စည်း၊ ခံစားခြင်းကြိယာ၊ သာတဉ္စ မဓုရဉ္စ ဝေဒယိတဉ္စ သာတ-မဓုရဝေဒယိတံ။ သဉ်ါယတေတိ သဉ်ါတံ။ သာတမဓုရဝေဒယိတံ ဣတိ သဉ်ါတံ သာတမဓုရဝေဒယိတသဉ်ါတံ။ (တေန)

၂။ ထို၏အကြောင်းဖြစ်သော သာယာအပ်, ချိုမြိန်ကောင်းမြတ်သော အရသာနှင့် တူသည် ခံစားအပ်သည်တို့၏ ဆိုအပ်သည်နှင့် (ဝါ) ဆိုအပ်ရသော သောမနဿနှင့် ဝိသေသန ဝိသေသျ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော သာတမဓုရဝေဒယိတဟု ဆိုခြင်းကြိယာသည်....။

တေ ပဝတ္တတီတိ ဧကော။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ဧကော ဥပ္ပါဒေါ ယဿ စိတ္တဿာတိ ကေုပ္ပါဒံ။ ပဌမံ အာဒိယတီတိ အာဒိ။ ကေုပ္ပါဒံ အာဒိ ယဿာတိ ကေုပ္ပါဒါဒိ။ ဘဝနံ ဘာဝေါ၊ ဘဝန္တိ တေသွာတိ ဝါ ဘာဝေါ၊ ကေုပ္ပါဒါဒိနေ့ာ ဘာဝေါ ကေုပ္ပါဒါဒိဘာဝေါ။ (တံ....)

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော ကေဝုပ္ပါဒတာ အစရှိသည်၏ အဖြစ်နှင့် ဂုဏ် ဂုဏေး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ကေဝုပ္ပါဒတာ အစရှိသည်၏ အဖြစ်ဟူသော ဂုဏ်သည်။

ဂစ္ဆတိ ပါပုဏာတီတိ ဂတံ။ (ဂမုဓာတ် တ ပစ္စည်း ရောက်ခြင်းကြိယာ။)

(ခ) ဝါကျ [တ ကား သဗ္ဗနာမ်ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရ။] သဒ္ဒါနုရူပံ ဘဝတီတိ ဘာဝေါ။(အတ္တော)တဿ (ပုဗ္ဗပဒဿ) ဘာဝေါအတ္တော တဗ္ဘာဝေါ။

၂။ ထို၏ အကြောင်းဖြစ်သော ထိုနန္ဒိရာဂဟူသော ရွှေပုဒ်၏ အနက်နှင့် အကြောင်း အကျိုး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ရွှေပုဒ်၏အနက်ဖြပ်သည်၊ (ဝါ) တဗ္ဘာဝတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

သံသဇ္ဇတီတိ သံသဋ္ဌော။ (တသ္မိံ)။

၂။ သံ, သဇ်, ဇ, တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ငြိကပ်ရောနှောခြင်း ကြိယာသည်....။

၄။ ထို၏ အကြောင်းဖြစ်သော ငြိကပ်ရောနှောခြင်း ကြိယာသည်....။

(ဂ) ဝါကျ။ ပုနဘဝဿ ကရဏံ ပုနော္ဘဝေါ။ (ကရဏနောက်ပုဒ်ကျေ) ပုနော္ဘဝေါ သီလံ ဧတိဿာတိ ပေါနော္ဘဝိကာ။ ပေါနော္ဗ္ဘဝိကာရှိလျှင်– ပုနဘဝဿ ကရဏံ ပုနဗ္ဘဝေါ။ ပုနဗ္ဘဝေါ သီလံ ဧတိဿာတိ ပေါနော္ဗ္ဘဝိကာ–ဟုပြု။

၂။ ထို၏အကြောင်းဖြစ်သော တစ်ဖန် အသစ်ဘဝ၏ တဏှာနှင့် အကျိုး အကြောင်း အာရုံ အာရမ္မဏိက....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော တစ်ဖန် အသစ်ဘဝကို ပြုခြင်း အလေ့ရှိခြင်း ဟူသော ဂုဏ်သည်, တစ်နည်း-တဏှာတို့၏ ပေါနော္ဘဝိကအဖြစ်ဖြင့် တစ်ခုသည်....ပ....ဇာတ်သည်....။

နန္ဒတီတိ နန္ဒီ။ ရဇ္ဇတီတိ ရာဂေါ။ နန္ဒိဘူတော ရာဂေါ နန္ဒိရာဂေါ။(ဋီ-၆ဂ) နန္ဒိဧဝ ရာဂေါနန္ဒိရာဂေါ။ (ဂဏ္ဌိ-၂၅၁) (မဇ္ဈေရဿ) နန္ဒိစ သာ ရာဂေါစာတိ နန္ဒိရာဂေါ။ (ဋ္ဌ-၃၉၅) (မဇ္ဈေရဿ မပြု)

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော နှစ်သက်တတ်သော နန္ဒိ၏ တပ်မက်တတ်သော ရာဂနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏေး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော နန္ဒိရာဂတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

နန္ဒိရာဂဘူတာ နန္ဒိရာဂသဟဂတာ၊ (ဂဏ္ဌိ-၂၅၁) တစ်နည်း—နန္ဒိရာဂေ ါဧဝ နန္ဒိရာဂသဟဂတာ။ (တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်း) [ဤနောက်နည်း ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ-ဟူသော (ဋ္ဌ-၂၅၉) နှင့် ညီ၏။]

၂။ ထို၏ အကြောင်းဖြစ်သော နန္ဒိရာဂပုဒ်, သဟဂတပုဒ်တို့ သည်လည်း ကောင်း၊ နန္ဒိရာဂ၏ သဟဂတနှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓသည်လည်းကောင်း။

၄။ ထို၏ အကြောင်းဖြစ်သော နန္ဒိရာဂ သဟဂတတို့၏ တစ်ခုသည်....ပ....ဇာတ် သည် (ဝါ) တဏှာတို့၏ နန္ဒိရာဂသဟဂတအဖြစ်ဖြင့် တစ်ခုသည်....ပ.... ဇာတ်သည်။

(မှတ်ချက်။ ။သံသဋ္ဌာ ယောဇိတာ ဟယာ (ဋ္ဌ-၁၁၂) ၌ တယပုဒ် ဗိဂ္ဂဟကား ဟယတိ သီဃံ ဂစ္ဆတီတိ ဟယော။ (ကေဝုစ်) ဟယန္တိ သီဃံ ဂစ္ဆန္တီတိ ဟယာ။ (ဗဟုဝုစ်) (ဟယဓာတ် အပစ္စည်း သွားခြင်းကြိယာ။)

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ သောမနဿ သဟဂတံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။ ထိုတွင်-မနကား-ပုလ္လိင်၊ (ရှု)တစ်နည်း-ပုလ္လိင်, နပုလ္လိင် (အဘိဓာန်) မနောဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ သောမနဿေန နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဘာဝတဒ္ဓိတ် နာမ်ပုဒ်။ ဂတံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။

(ဂ) ဝါကျ။ ယာယံ-ယာ အယံ ၂ ပုဒ်လုံး—ဣတ္ထိလိင်၊ ကညာဒိ (သဗ္ဗနာမ်) ဂိုဏ်း၊ အာကာရန္တ၊ သဗ္ဗနာမပဒ၊ ပေါနောဘဝိကာ (ပေါနောဗ္ဘဝိကာ) ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ တဿီလတဒ္ဓိတ်ပုဒ်။ နန္ဒိရာဂသဟဂတာ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်းခွဲ။ ထိုတွင်-နန္ဒီအား - (ရဿပြုထား၍ နန္ဒိဟု ရှိနေသည်) ဣတ္ထိလိင်၊ (ရတ္တာဒိဂိုဏ်း၌ ဣတ္ထိလိင်၊ ဤကာရန္တ မရှိသောကြောင့်) နဒါဒိဂိုဏ်း။ ဤကာရန္တ၊ ကိတနာမပဒ၊ (တစ်နည်း) (ရှု) အာဒိတော ဩစ-သုတ်အဖွင့်၌ နန္ဒိဟု ဣကာရန္တဖြင့် ဆိုထားသည်ကို ထောက်လျှင်–ထိုနန္ဒိကား—ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သောမနဿသဟဂတံဖြင့် သံဝဏ္ဏေတဗ္ဗတည်ထား ပါဠိ၌ အဖြစ်ကို သိ၏၊ (ဘာဝတ္ထ) ဣတိဖြင့် ပဒတ္ထဝိပလ္လာသတ္ထဇောတက သဒ္ဒပဒတ္ထက

http://www.dhammadownload.com



အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) သာတမဓုရဝေဒယိတသဒ္ဒါတေနဖြင့် သောမနဿ အရ သာယာအပ်၊ ချိုမြိန်ကောင်းမြတ်သော အရသာနှင့်တူသည့်, ခံစားအပ်သည်၏ အဖြစ်ဟူသော ဝေဒနာကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ထိုတွင် သာတဖြင့် သာယာအပ်ဟူသော သောမနဿဝေဒနာ၏ သဘောအဖြစ်ကို သိစေ၏။ (သဘာဝတ္ထ) မဓုရဖြင့် သောမနဿ၏ သာယာအပ်ပုံ, သာယာစရာ ကောင်းပုံ ဥပမာ, ဥပစာအားဖြင့် သိစေ၏။ (ဘာဝတ္ထ)ဝေဒယိတဖြင့် ဝေဒနာ၏ ပရိယာယ်အဖြစ်ကို သိစေ၏၊ (ပရိယာယ်–အဘိဓေယျတ္ထ) ကေပ္ပဒါဒိ ဘာဝံဖြင့် ဂတဉ္စရောက်ခြင်းဟူသော ကေပ္ပဒတာ စသည်သို့ ရောက်ခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကို၊ (ဝါ) ဂမုဓာတ်၏ ကံကို သိစေ၏။ (ဘာဝတ္ထ)အပေါင်းဖြင့် ဂစ္ဆတိ ပါပုဏာတီတိ ဂတံ ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း(ဒု-ပစ္စဟတ္ထ) သဟ ဂတံ သဟ ဂတံဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း, သောမနဿေန သဟဂတံ သောမနဿသဟဂတံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထဇောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ခ) ဝါကျဖြင့် သဟဂတ သဒ္ဒါသည် တဗ္ဘာဝစသော ၅-ပါးသော အနက်တို့၌ ဖြစ်သည် (ဝါ) ၅-ပါးသော အနက်တို့ကို ဟောသည်ဟု သိစေ၏။ (သဒ္ဒါဟော အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)

(ဂ) ဝါကျ။ တတ္ထဖြင့် နိဒ္ဒါရဏသမုဒါယ အဖြစ်ကို (ဝါ) ဝိတ္ထာရ အချီ စကားအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)ကြွင်းသော (ဂ)ဝါကျဖြင့် သဟဂတသဒ္ဒါ၏ တဗ္ဘာဝအနက်ကို ဟောရာ၌ ပါဠိအာဂမ, အကိုးသာဓကအဖြစ်ကို လည်းကောင်း, ယာယံစသော ပါဠိရပ်၌ သဟဂတသဒ္ဒါကို တဗ္ဘာဝအနက်၌ ဖြစ်သည်ကို သိရမည် ဟူသော အဓိပ္ပာယ်ကို လည်းကောင်း သိစေ၏။ (ဘာဝတ္ထ) နန္ဒိရာဂဘူတာတိ အတ္ထောဖြင့် နန္ဒိရာဂသဟဂတာ၌ သဟဂတသဒ္ဒါသည် အနက်သီးခြားမရှိ၊ နန္ဒိရာဂ ဟူသော ရှေ့ပုဒ်၏ အနက်ကို၊ (ဝါ) တဗ္ဘာဝအနက်ကိုသာလျှင် ဟောသည်ဟု သိစေ၏။ (သဒ္ဒါဟော အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)။

(ဃ) ဝါကျ။ ပိ(အပိ)ဖြင့် သမုစ္စယ, သမ္ဘာဝန ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)ကြွင်းသော (ဃ) ဝါကျဖြင့် ဤသောမနဿသဟဂတံ–ဟူသော ပုဒ်၌တဗ္ဘာဝစသော ရှေ့-၄-နက်ကို မဟော၊သံသဋ္ဌအနက်ကိုသာလျှင် ဟောသည်ဟု (ဝါ) သံသဋ္ဌအနက်ကိုသာလျှင်လိုအပ်သည်ဟု သိစေ၏။ (အဘိဓေယျတ္ထ၊ ဘာဝတ္ထ)

(င) ဝါကျ။ ဟိဖြင့် ဒဠှီကရဏတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ ဘာဝတ္ထ)ကြွင်းသော (င) ဝါကျဖြင့် ရှေ့ဒဠှီယကို ခိုင်မြဲစေသော ယုတ္တိသဘာဝ ဒဠှီကရဏအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ။)

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ သဟသဒ္ဒါတို့သည်=သမကြိယတ္ထ၊ တုလျယောဂတ္ထ၊ ဣတိသဒ္ဒါ ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။

(ခ) ဝါကျ။ ဣတိ နိဒဿနတ္ထ။

(ဂ) ဝါကျ။ ပေါနောဘဝိကာ၌ ပုနနိပါတ် အပ္ပထမတ္ထ။ တစ်နည်း=ပစ္စတ္ထ။ ဣတိသဒ္ဒါ-ဣဒမတ္ထ၊ နိဒဿနတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။

(ဃ) ဝါကျ။ ပိ (အပိ) သဒ္ဒါ ရှေးပါဠိရပ်ကို ပေါင်းဆည်းသော (ဝါ) ရှေးပါဠိရပ်ရှိ ပီတိယာ သဟဂတပုဒ်ကို ပေါင်းဆည်းသော သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

အယမေဝတ္ထော၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ သံသဋ္ဌအနက်သည် ဂဟေတဗ္ဗတ္ထ။

၂။ တဗ္ဘာဝ, ဝေါကိဏ္ဏ, နိဿယ, အာရမ္မဏဟူသော ရှေ ၄-နက်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ (လိုအပ်သည်သာမကသေး) လေ့လာသင်ကြား ပွားများပို့ချခြင်းကိုလည်း ပြုအပ်သည်ဟု ခွင့်ပြုအပ်သော အနက်သည် အနုညာတတ္ထ။

(င) ဝါကျ။ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ ဇောတက၊ ဣတိသဒ္ဒါ အာကာရတ္ထ ပဒတ္ထဝိပလ္လာသတ္ထ။

အမှာ။ သံသဋ္ဌသဒ္ဒေါပိ စေသ။ (ဋ္ဌ-၁၁၂) စသဒ္ဒါ ဝါကျာရမ္ဘ ဇောတက။ ပိ (အပိ) သဒ္ဒါ သဟဂတသဒ္ဒါကိုငဲ့သော အပေက္ခာဇောတက၊ အပိသဒ္ဒေါ သဟဂတသဒ္ဒံ အပေက္ခတိ။ (ယောဇနာ-၈၅) တစ်နည်း သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ သဟဂတသဒ္ဒါသာ များစွာသောအနက်တို့၌ ဖြစ်သည်မဟုတ်သေး။ ဤသံသဋ္ဌသဒ္ဒါ သည်လည်း များစွာသောအနက်တို့၌ ဖြစ်သည်ဟု ဆိုလို၏။ တစ်နည်း-ရှေးဆိုအပ် ပြီးသော သံသဋ္ဌကိုငဲ့သော အပေက္ခာဇောတက။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(ခ) ဝါကျ။ တဗ္ဘာဝေ၌ တသည် ရှေးပုဒ်ကိုစွဲ၏။ ပုဒ်ဒြပ်ကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(ဂ) ဝါကျ။ တတ္ထ၌ တသည် တဗ္ဘာဝစသော ၅-ပါးသော အနက်ဒြပ်ကိုစွဲ၏။ ဆိုအပ်ပြီးသော တဗ္ဘာဝစသော ၅-ပါးသော အနက်ဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

http://www.dhammadownload.com



ကြိယာ ၅-တန် ထုတ်ပုံ

(က) ဝါကျ။ သောမနဿသဟဂတံအရ ထုတ်ပုံကို ပထမအုပ် စည်းမျဉ်း အဖြေ၌ ရှု။

(ဂ) ဝါကျ။ ယာယံ တဏှာ, ပေါနောဘဝိကာ, နန္ဒီရာဂသဟဂတာ နန္ဒီရာဂ ဘူတာပုဒ်တို့အရ—

၁။ တဏှာသည်....။

၂။ ဝေဒနာသည်....။

၃။ ဥပါဒါန်သည်....။

၄။ ဖဿစသည်သည်....။

၅။ ဘဂစသည်သည်....။

ဝေဒိတဗ္ဗော၌ ထုတ်ပုံ ပထမအုပ် စည်းမျဉ်းအဖြေ၌ ရှု။ အမှာ ကောသဇ္ဇ သဟဂတံ, ကော်သဇ္ဇသမ္ပယုတ္တံ, ကောသဇ္ဇေန ဝေါကိဏ္ဏာ (၄-၁၁၁) ကော်သဇ္ဇအရ ထိနမိဒ္ဓ ပြခန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ အကုသိုလ်အတိုင်း ထုတ်။ ကောသဇ္ဇသဟဂတာ, ကောသဇ္ဇသမ္ပယုတ္တာ, ကောသဇ္ဇေန ဝေါကိဏ္ဏာ— ဟူသော ပုဒ်လုံးအရ ထုတ်လျှင်-ပညာကို အရကောက်၍ ပညာ၏ လက္ခဏာဒိ စတုက္ကကို မှီ၍ထုတ်။

(ဃ) ဝါကျ။ အဓိပ္ပေတော၌ ထုတ်ပုံကို ဘူမိလဒ္ဓုပ္ပန္နအဖွင့် အဓိပ္ပေတက အတိုင်းမှတ်။

(င) ဝါကျ။ ဝုတ္တံ၌ ထုတ်ပုံကို ပထမအုပ်စည်းမျဉ်းအဖြေ၌ ရှု။ ဤ၌ ဝစီဘေဒ သဒ္ဒကား သောမနဿသဟဂတံတည်း။

ဝေဒိတဗ္ဗော ထားရပုံ

(ဂ) ဝါကျ။ သဟဂတသဒ္ဒါ၏ တဗ္ဗောအနက်၌ ဖြစ်သည်ကို ဥပစာရတ္တ, နေယျတ္တ, ဝဂ်တ္တ, အနေကန္တအားဖြင့် ယူရ, သိမ်းရမည်ဟု ပြလိုသောကြောင့်၊ တစ်နည်း-သဟဂတ သဒ္ဒါ၏ တဗ္ဗောအနက်၌ ဖြစ်သည်ကိုဆောင်၍ သိအပ်သော နေယျတ္တဖြစ်သောကြောင့် ဝေဒိတဗ္ဗော ထား၏။

http://www.dhammadownload.com



## သိဒ္ဓိရနိုင်ပုံ

(ဂ) ဝါကျ။ သဟဂတသဒ္ဒါ၏ တဗ္ဘောအနက် ဟောသည်ကို ဤ ယာယံ စသော ပါဠိအာဂမဖြင့် ပြီးစေအပ်သောကြောင့် (ဝါ) ဤ ယာယံစသော ပါဠိတော်–ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ၊ တစ်နည်း ဤ ယာယံ စသော ပါဠိအာဂမကို ထောက်ဆ၍ ယုံကြည်စေအပ် သောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

(ဃ) ဝါကျ။ ဤသောမနဿသဟဂတံ-ဟူသော ပုဒ်၌ ဤသံသဋ္ဌအနက်ကိုသာ လိုအပ်၏-ဟု အန္ဝယကို ဆိုသဖြင့် ကြွင်းသော တဗ္ဘာဝစသော အနက် ၄-ပါးကို မလိုအပ်–ဟု ဗျတိရိက်အနက် အဓိပ္ပာယ်ကိုလည်း သိအပ်သောကြောင့် (ဝါ) ဗျတိရိက် အနက်အဓိပ္ပာယ် ကျရောက်သောကြောင့် အတ္ထာပန္နသိဒ္ဓိ, အတ္ထာပတ္တိသိဒ္ဓိ မည်၏။

## နံပါတ် ၉-အတွက် အဓိပ္ပာယ်

ရူပါ ရူပါရမ္မဏာနန္တိ အတ္ထော။ (၄-၁၁၂)

(က) ရူပါရမ္မဏအရ-ရူပဈာန်၏ အာရုံဖြစ်သော ပထဝီကသိုဏ်း, အာပေါကသိုဏ်း စသော ပညတ်အာရုံ (ဝါ) ရုပ်အာရုံများ ရ၏။

(ခ) အရူပါရမ္မဏအရ – အရူပဈာန်၏ အာရုံဖြစ်သော ကောင်းကင်ပညတ်, နတ္ထိဘာဝပညတ်, ပဌမာရုပ္ပဝိညာဉ်, တတိယာရုပ္ပဝိညာဉ် အာရုံတို့ကို ရ၏။ (ဋီကာ-၆ဂ)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ သောမနဿ၌ ဗာဟုလ္လ ဏျပစ္စည်းအရ-သောမနဿ ဝေဒနာ ဟူသော ပစ္စည်းတရားသည် အန္တတ္ထသုမနပုဒ်အရ-သမ္ပယုတ်စိတ် (ဝါ) သမ္ပယုတ္တဓမ္မ ဟူသော ပစ္စယုပ္ပန်တရားအား သဟပြု၏။ ပြိုင်–သဟ–ည–နိ–ဣန္ဒြိ–ဈာ–သံ–တ္ထိ-အဝိ။ (ဂ)။ စိတ္တဇရုပ်အား–သဟ–နိ–ဣ–ဈာ–ဝိပ္ပ–တ္ထိ–အဝိ (၇)။ [သုမနဿ ဘာဝေါ ဟူသော ဝိဂ္ဂဟ၌လည်း ဘာဝေါအရ စိတ္တဇရုပ်ယူ၍ ယခင်အတိုင်း ၂ ချက်ပြိုင်ပါ။] သောမနဿနှင့် သောမနဿေနတို့အရ သောမနဿဝေဒနာသည် သဟဂတာနှင့် သဟကေပ္ပဒါဒိဘာဝံ ဂတံတို့အရ– (ဤနေရာ၌) ပထမ မဟာကုသိုလ်စိတ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (ဂ)။

(ဂ) ဝါကျ။ သဟဂတသဒ္ဒေါ ဟူသော ပါဌသေသ ဝုတ္တကံပုဒ်နှင့် ဝေဒိတဗ္ဗော၌ တဗ္ဗပစ္စည်းတို့အရ–သဟဂတ တည်းဟူသော ဘုရားဟောအတိတ်သဒ္ဒါရှိသည် ထိုဖေဒိတဗ္ဗော၌ ဝိဒဓာတ်အရ–သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။

http://www.dhammadownload.com



(ဃ) ဝါကျ။ အယမေဝ တ္ထောဟူသော ဝုတ္တာကံပုဒ်နှင့် အမိပေ့ပွတော၌ တပစ္စည်းတို့အရ– သံသဋ္ဌအနက်ဟူသော အာရုံသည် (ဝါ) စိတ်တည်းဟူသော အာရုံသည် ထိုအမိပေ့ပွတော၌ အန္တတ္တဂ္ဂဓာတ်အရ–ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်–အာ–မိ–ဥပ (၃)။ (ကတ္တားထည့်၍ ပြိုင်ပုံသို့ ဘူမိလဒ္ဓုပ္ပန္နအဖွင့်၌ ရှု။)

(င) ဝါကျ။ သောမနဿသံသဋ္ဌံဟူသော ဝုတ္တာကံပုဒ်နှင့် ဝုတ္တံ၌ တပစ္စည်းတို့အရ-စိတ်ဟူသော အာရုံသည် ထိုဝုတ္တံ၌ ဝစဓာတ်အရ ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏၊ ပြိုင်–အာ-မိ-ဥပ (၃)။ သောမနဿ သဟဂတန္တိ ဟူသော အာကာရပုဒ်အရ–သောမနဿ သဟဂတဟူသော နာမပညတ္တိသဒ္ဒါသည် ဝုတ္တံ၌ အန္တတ္တဝစဓာတ်အရ- မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင် မရှိ။ တစ်နည်း–ဝုတ္တံ၌ ဝစဓာတ်အရ·မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် သဟဂတန္တိ ဟူသော အာကာရ ပုဒ်အရ·သဟဂတံ ဟူသော ပရမတ္ထဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်–ယထာရဟ–ဟေ–မိ·သဟ·နိ·ကံ·ဟာ·ဈာ·ဈာ·မဂ္ဂ·ဝိပ္ပ·တ္ထိ·အဝိ (၁၂)။ ပါဌေသေသ ဘဂဝတာ ကတ္တားအရ-ဒေသနာဉာဏ် ပစ္စည်းတရားသည် ဝုတ္တံ၌ ဝစဓာတ်အရ–ဉာဏ်ကြီးသော မဟာကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်–ဟေ·မိ–သဟ–ည-နိ-ဈာ·မဂ္ဂ–သံ–တ္ထိ·အဝိ(၁၀) [ဝုတ္တံ၌ ဝစဓာတ်အရ–ဒေသနာဉာဏ်ပစ္စည်းယူ၍ ဘဂဝတာအရ–ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားယူပြီးလျှင် ယခင်အတိုင်း သဟမျိုး (၁၀) ပစ္စည်း ပြိုင်နိုင်၏။]

http://www.dhammadownload.com

# ၁၅-ညာဏာသမ္မယုတ္တံပုဒ်အဖွင့်

(က) ညာဏာသမ္မယုတ္တန္တိ ညာဏေန သမ္မယုတ္တံ။

(ခ) သမံ ကေုပ္ပါဒါဒိပ္ပကာရေဟိ ယုတ္တန္တိ အတ္ထော။

(ဂ) ယံ ပနေတ္ထ ဝတ္တဗ္ဗံ သိယာ၊ တံ မာတိကာဝဏ္ဏနာယ ဝေဒနာတ္တိကေ ဝုတ္တနယမေဝ။

(ဃ) တသ္မာ ကေုပ္ပါဒါ....ပ သမ္မယုတ္တန္တိ ဝေဒိတဗ္ဗံ။

(င) ဥက္ကဋ္ဌနိဒ္ဒေသော စေသ။

(စ) အစ္စုပေ ပန ဝိနာပိ ကေဝတ္တုကာဘာဝံ သမ္မယောဂေါ လဗ္ဘတိ။ [ဋ္ဌ-၁၁၂]

### အနက်ထူး

(ခ) ဝါကျ။ ယုတ္တံ၏ဒြစပ်ရာနှင့် အတ္ထောသမ္မန်ထည့်ပေးလျှင်—စိတ္တံ - စိတ်သည်၊ ဥပ္ပန္နံ-ခဏတ္တယသို့ရောက်ဆဲသည့်၊ ဟောတိ-ထင်ရှား၏၊ ဣတိ-အယံ-ဤသည်ကား၊ အတ္ထော-သမ္မယုတ္တံဟူသော ပုဒ်၏ အနက်တည်း။ (တစ်နည်း) သမ္မယုတ္တန္တိ၊ ပဒဿ-၏၊ အတ္ထော-တည်း။

(ဂ) ဝါကျ။ ဝတ္တဗ္ဗံ,ဝုတ္တတို့၏ ကတ္တားကို၊ မယာ-ဟုထည့်။ ဝုတ္တနယမေဝ—ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ (ဋ္ဌ—မူရှိတိုင်းပေး။)

(င) ဝါကျ။ စ—ဆက်၍ဆိုအံ့။ ယော ကေုပ္ပါဒါဒိနိဒ္ဒေသော – အကြင်ကေုပ္ပါဒစသည်ကို ညွှန်ပြကြောင်း နိဒ္ဒေသကို၊ မယာ—ငါသည်၊ ဝုတ္တော-ဆိုအပ်ပြီ၊ သော ဧသော နိဒ္ဒေသော-သည်၊ ဥက္ကဋ္ဌ နိဒ္ဒေသော-သည်၊ ဟောတိ-၏၊ (နိယမာ နိယမ ယောဇနာ) စ-ဆက်၊ သော ဧသော နိဒ္ဒေသော-သည်၊ (တုလျတ်) ဥက္ကဋ္ဌ နိဒ္ဒေသော-တည်း၊ (လိင်္ဂတ်) စ-ဆက်၊ သော ဧသော နိဒ္ဒေသော-သည်၊ (ပကတိ) ဥက္ကဋ္ဌနိဒ္ဒေသော-သည်၊ (ဝိကတိ) ဟောတိ-၏။

(စ) ဝါကျ။ သမ္မယောဂေါ—သမ္မယုတ်ကို (ဝါ - ယှဉ်ပုံကို၊ ပဏ္ဍိတေန—သည်၊ (ကတ္တား) လဗ္ဘတိ-ရအပ်၏ (သဒ္ဒတ္ထ) (ဂါ) သိအပ်၏။ (အဓိပ္ပာယတ္ထ) [လဗ္ဘတိ ဉာယတိ ပဏ္ဍိတေန-ယောဇနာ—ဂ၅]

http://www.dhammadownload.com



## ကျမ်းတက်

### ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သောမနဿသဟဂုတံ ပုဒ်ကို ဖွင့်ပြတော်မူ၏။ ဤသို့သာ ဖွင့်ပြချေသော်, ဉာဏသမ္ပယုတ္တံ ပုဒ်အဖွင့်ကို မပြဆို-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ (ဝါ) သောမနဿ သဟဂုတံ ပုဒ် အဖွင့်သာရှိသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ....ပ....ဉာဏသမ္ပယုတ္တံ ပုဒ်အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။ ဉာဏသမ္ပယုတ္တံ ဟူသော သံဝဏ္ဏေတဗ္ဗမှ ဉာဏေန သမ္ပယုတ္တံ ဟူသော သံဝဏ္ဏနာသို့ ကျမ်းတက်သော်—

ဆရာ, ဆရာသည် ဉာဏသမ္ပယုတ္တံ-ဟု သံဝဏ္ဏေတဗ္ဗကို ဆိုတော်မူ၏။ ဤသို့ သံဝဏ္ဏေတဗ္ဗကိုသာ ဆိုချေသော်, ထို၏သံဝဏ္ဏနာကို မပြဆို ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ (ဝါ) သံဝဏ္ဏေတဗ္ဗသာ ရှိ၏-ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....ထို၏ သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။....စသည်။ ဤနည်း၌ စောဒနာတက်လျှင် သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိ ဒေါသတင်တက်။ ပါဠိတော်ကို ဌပနာထား၍ အာဘော်ကို ရှင်း၍စဉ်းစားကာ ကျမ်းတက်သော်-ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ဉာဏသမ္ပယုတ္တံ—ဟု ဟောတော်မူ၏၊ ဤမျှသာ ပြဆိုချေသော် ဉာဏနှင့် သမ္ပယုတ္တံပုဒ်ကို ဒွန်သမာသ် ဝစနတ္ထစသည် ပြုရမည်ဟုမှတ်အပ်သည် မဟုတ်ပါလော၊ ....ပ.... ဉာဏသမ္ပယုတ္တံ၏ ဖြစ်သင့်သော သမာသ် ဝစနတ္ထကိုလည်း (ဝါ) ဉာဏသမ္ပယုတ္တံ၏ တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထ ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။ စောဒနာ တက်လျှင် အတိဗျာပိတဒေါသတင်တက်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် (က) ဝါကျဖြင့် ဉာဏသမ္ပယုတ္တံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထ, အနက် (အဓိပ္ပာယ်) ကို ဖွင့်ပြတော်မူ၏။ ....သော်, ထို၌ ပါသော သမ္ပယုတ္တံဟူသော အစိတ်ပုဒ်၏ ဝစနတ္ထအနက် အဓိပ္ပာယ်ကို မပြဆို ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည် (အတွေ့ကို ငဲ့တက်သည်) စောဒနာတက်လျှင် အဗျာပိထဒေါသတင်တက်။ တစ်နည်း - ဆရာ, ဆရာသည် (က) ဝါကျဖြင့် ဉာဏသမ္ပယုတ္တံပုဒ်ကို တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုအပ်သော-ဟု ဖွင့်ပြတော်မူ၏။ တစ်နည်း ဆရာ, မြတ်စွာဘုရားသည် ဉာဏသမ္ပယုတ္တံဟု ဟောတော်မူ၏။ ဤမျှသာပြဆိုချေသော် သမ္ပယုတ္တံ၌ သံသဒ္ဒါ သည် သမောဓာနစသော အနက်ကို ဟောသည် ပသဒ္ဒါသည် အာဒိကမ္မစသော အနက်ကိုဟောသည်, ပယုတ္တံပုဒ်, သမ္ပယုတ္တံပုဒ်တို့ကို အဗျာယီဘောသမာသ် ဝစနတ္ထစသည် ပြုရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....စသည်။ အဓိပ္ပာယ်

http://www.dhammadownload.com



ကား - သံသဒ္ဒါသည် သမအနက်ကို ဟော၁သည်, ပသဒ္ဒါသည် ပကာရအနက်ကို ဟောသည်, ပယုတ္တံပုဒ်ကို ပကာရေဟိ ယုတ္တံ ပယုတ္တံ, သမ္ပယုတ္တံပုဒ်ကို သမံ ပယုတ္တံ သမ္ပယုတ္တံ-ဟု ဝစနတ္ထပြုရမည်ကို (ခ) ဝါကျဖြင့် ပြဆိုဏ်-ဟူလို။

ဤနည်း၌ စောဒနာတက်လျှင်-အတိဗျာပိတဒေါသတင်တက်။

(က-ခ) ၂—ဝါကျကို တစ်ဝါကျအနေဖြင့် ကျမ်းတက်ဆော်—

ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သောမနဿ သဟဂတံပုဒ်ကို ဖွင့်ပြတော်မူ၏၊....သော်, ဉာဏသမ္ပယုတ္တံ ပုဒ်အဖွင့်က မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာ သည် မဟုတ်ပါလော၊ (ဝါ) ဉာဏသမ္ပယုတ္တံ ပုဒ်အဖွင့်သည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (က-ခ) ဝါကျတို့ဖြင့် ဉာဏသမ္ပယုတ္တံပုဒ်ကို ဖွင့်ပြတော်မူ၏။ ဤသို့ပင် ဖွင့်ပြသော်လည်း ထိုပုဒ်နှင့်စပ်၍ အနက် အဓိပ္ပာယ် ကြွင်းကျန်နေသေးသည် မဟုတ်ပါလော၊....ပ....ကြွင်းကျန်နေသေးသော အနက် အဓိပ္ပာယ် အညွှန်း အမှာစားရပ်ကိုလည်း ဆက်လက် ပြဆိုသင့်သေး၏။....စသည်။ စောဒနာတက်လျှင်-အဗျာပိတဒေါသတင်တက်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် ဝေဒနာတိက်၌ ဆိုအပ်သော နည်းရှိသည်သာဟု ပြဆိုတော်မူ၏။ ဤမျှသာ ဆိုချေသော်, ဆရာအား တစ်စုံတစ်ခုသော အကျိုးမရှိသည် မဟုတ်ပါလော။ (ဝါ)တစ်စုံတစ်ခုသော အကျိုး ဖြစ်သင့်သည် မဟုတ်ပါလော။....ပ....ဖြစ်သင့်သော အကျိုးကိုလည်း ပြဆိုသင့် သေး၏၊ ....စသည်။ စောဒနာတက်လျှင်-နိရတ္ထကဒေါသ, (တစ်နည်း) ဝိရောဓိ ဒေါသတင်တက်။ အဓိပ္ပာယ်ကား၊ ကေပ္ပါဒါ စသော ဤလက္ခဏာနှင့် ဤပထမ မဟာကုသိုလ်စိတ်ကို ဉာဏ်နှင့်ယှဉ်၏ ဟူ၍ သိအပ်၏ဟု (ဃ) ဝါကျဖြင့် ပြဆိုဏ်-ဟူလို။ (ပုစ္ဆာတက်အတွက်) ကေပ္ပါဒါစသော....ပ....ယှဉ်၏ဟူ၍ သိအပ်၏ဟု အကျိုးကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော နိရတ္ထကဒေါသ, ဝိရောဓိဒေါသ ဆရာအား မရောက်ဟူလို။ (စောဒတက်အတွက်)

(င) ဝါကျ။ ဆရာ, ဆရာသည် (ဃ) ဝါကျဖြင့် ကေပ္ပါဒါ စသော ဤ လက္ခဏာနှင့် ဤပထမ မဟာကုသိုလ်စိတ်ကို ဉာဏ်နှင့်ယှဉ်၏ ဟူ၍ သိအပ်သောဟု ဆိုတော်မူ၏။ ဤမျှသာဆိုချေသော်, ဤ (ဃ) ဝါကျပါ စကားသည် မယုတ် မလွန် အတိအကျအားဖြင့် ဆိုသောစကားဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ....ထို (ဃ) ဝါကျစကား၏ ဥက္ကဋ္ဌနိဒ္ဒေသဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။.... စသည်။ စောဒနာတက်လျှင်-အဗျာပိတဒေါသတင်တက်။ [ဝါကျအနေအထားကို ကြည့်လျှင်=အဗျာပိတဒေါသတင်သင့်၏။]

http://www.dhammadownload.com



(စ) ဝါကျ။ ဆရာ, ဆရာသည် (င) ဝါကျဖြင့် ဤ နိဒ္ဒေသသည် (ဝါ) ဤ ကေပ္ပါဒါ အစရှိသည်ကို ညွှန်ပြကြောင်းစကားသည် အလွန်အားဖြင့် ညွှန်ပြကြောင်း ဖြစ်သော နိဒ္ဒေသဖြစ်သောဟု ဆိုတော်မူ၏။....သော်, ဘုံအားလုံး၌ပင် (ဝါ) ကာမဝစရဘုံ စသည်၌လည်း ကေဝဋ္ဌက လက္ခဏာ မပါဘဲ သမ္ပယုတ်ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ တစ်နည်း-အရူပဘုံ၌ ကေဝဋ္ဌက လက္ခဏာမပါဘဲ သမ္ပယုတ်ဖြစ်ပုံကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော....စသည်။ စောဒနာတက်လျှင် - အဗျာပိတဒေါသဘင်တက်။ [အနက် အဓိပ္ပာယ် အနေထားကြည့်လျှင် - အတိဗျာပိတဒေါသလည်း တင်သင့်၏။]

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဉာဏသမ္ပယုတ္တအဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (ပထမနည်း) ထို၏သံဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (ဒုတိယနည်း ပါဠိတော်ကို ဌပနာထားတက်ရာ၌ ဉာဏသမ္ပယုတ္တံပုဒ်ကို ဒွန်သမာသ် ဝိစနတ္ထ စသည် ပြုရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ....စသည်။

(ခ) ဝါကျ။ သမ္ပယုတ္တံဟူသော အစိတ်ပုဒ်၏ ဝစနတ္ထအနက် အဓိပ္ပာယ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း-ဉာဏသမ္ပယုတ္တံ၌ သံသဒ္ဒါသည် သမောဓာနစသော အနက်ကိုဟောသည်, ပသဒ္ဒါသည် အာဒိကမ္မစသော အနက်ကို ဟောသည်, ပယုတ္တံ သမ္ပယုတ္တံ ပုဒ်တို့ကို အဗျာယီဘော သမာသ် စေနတ္ထစသည် ပြုရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။ (က–ခ) ၂-ဝါကျကို တစ်ဝါကျအနေဖြင့် ကျမ်းတက်ရာ၌–ဉာဏသမ္ပယုတ္တံပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(ဂ) ဝါကျ။ ဖွင့်ဆိုအပ်သော အနက်အဓိပ္ပာယ် ပြည့်စုံနေပြီဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။အကျိုးတစ်စုံတစ်ခုမရှိဟူသောအနက်သည်ရောက်ခဲ့ရာ၏....စသည်။

(င) ဝါကျ။ ဤ (ဃ) ဝါကျပါသောစကားသည် မယုတ်မလွန် အတိအကျ ဆိုသောစကားဖြစ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(စ) ဝါကျ။ အရူပဘုံ၌ ကေဝဋ္ဌက လက္ခဏာ မပါဘဲ သမ္ပယုတ်ဖြစ်ပုံကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏....စသည်။

http://www.dhammadownload.com



## ဒေါသသင့်ပုံ ပယ်ပုံ

ရှေးအဋ္ဌကထာအဖွင့်ကို ထောက်လျှင်- (က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ (ခ) ဝါကျကိုထောက်လျှင်- ဉာဏသမ္ပယုတ္တံ ဟူသော အပေါင်းပုဒ်၏ အဖွင့်မျှကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မန္ဒိစပ်သောကြောင့် အဗျာပိဘဒေါသသင့်၏။

(ခ) ဝါကျဖြင့်ဉာဏသမ္ပယုတ္တံ ဟူသော အပေါင်းပုဒ် အဖွင့်မှတစ်ပါး၊ သမ္ပယုတ္တံ ဟူသော အစိတ်ပုဒ်အဖွင့်ကို ပြလိုက်သဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် န္ဒိစပ် ပြည့်စုံသောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-သံ သဒ္ဒါ၏ သမောဓနစသောအနက်, ပသဒ္ဒါ၏ အာဒိကမ္မစသောအနက်, ပယုတ္တံပုဒ်တို့၏ အဗျာယီဘော သမာသ် ဝစနတ္ထစသည်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။ (က-ခ) ၂-ဝါကျကို တစ်ဝါကျတည်း ယူရာ၌လည်း အဗျာပိတ ဒေါသပယ်ပုံသိ။ (ဂ) ဝါကျဖြင့် အဗျာပိတ ဂန္ထဂရု ပုနရုတ္တိဒေါသတို့ကို ပယ်၏။ (ဃ) ဝါကျဖြင့် ရရှိအပ်သော အကျိုးကို ပြသောကြောင့် နိရတ္ထကဒေါသ, အကြောင်းအကျိုး မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသတို့ကို ပယ်၏။ (င) ဝါကျဖြင့် ရှေ့စကားရပ်၏ အနက်အဓိပ္ပာယ်ကို ဆက်လက်ပြသဖြင့် အလိုရှိအပ်သော, အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် (တစ်နည်း) ဝါကျာရမ္ဘ ဝါကျဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် အန္ဝယ ဗျတိရေက မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသ, တစ်နည်း-လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်အောင်ပြသောကြောင့် အဗျာပိဘဒေါသကို ပယ်၏။ တစ်နည်း-အရူပဘုံ၌ ကေဝလတ္ထုက လက္ခဏာ မပါဘဲ သမ္ပယုတ်ဖြစ်သည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။ ဤ(စ) ဝါကျကိုထောက်လျှင် အရူပဘုံနှင့်တကွ ဘုံခပ်သိမ်း၌ပင် ကေပ္ပဒါဒိစသော လက္ခဏာ ၄-ပါးစုံမှ သမ္ပယုတ်ဖြစ်နိုင်သည်ဟု အဓိပ္ပာယ်ကျရောက် အလွန်ပျံ့နှံ့နေသောကြောင့် ထို(ဃ)(င) ၂-ဝါကျတို့၌ အတိဗျာပိတဒေါသ သင့်၏။

## နိပါတ်ပုဒ်များ ထားရပုံ

အညွှန်းအမှာစကားကို ဆက်လက်ပြလိုသောကြောင့် (ဝါ) ထိုသို့ ပြရာ၌ ဥပန္យာသတ္ထ, ဝါကျာရမ္ဘတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ ပနထား၏။ ဆိုအပ်ပြီးသော နည်းရှိသည်၏ အဖြစ်တည်းဟူသော အကြောင်းကို ပြလိုသောကြောင့် တစ်နည်း- ကေပ္ပဒါဒိစသော လက္ခဏာနှင့် ဤ ပထမ မဟာ ကုသိုလ်စိတ်ကို ဉာဏ်နှင့်ယှဉ်၏ဟူ၍ သိအပ်၏ ဟူသော အကျိုး လဒ္ဓဂုဏ်ကို ပြလို သောကြောင့် (ဃ) ဝါကျ၌ တသ္မာထား၏။ ဥပန္ယာသတ္ထ ဝါကျာရမ္ဘတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် (င) ဝါကျ၌ စသဒ္ဒါထား၏။ ဗျတိရေကတ္ထဇောတက,

http://www.dhammadownload.com



ဟစ်နည်း—ပက္ခန္တရတ္တဇောတက အဖြစ်ကို ပြလိုသောကြောင့် (စ) ဝါကျ၌ ပန ထား၏။ [ဤဝါကျ၌ ကေဝတ္တုကဘာဝံ ဝိနာပိကို ကြည့်လျှင် ပန ဗျတိရေကတ္ထ ဖြစ်သင့်၏၊ သမ္ဗဓယာဂေါလဗ္ဘတိကိုကြည့်ပြန်လျှင် အန္ဝယတ္ထဖြစ်သင့်၏။] (အရှုပ ဘုံ၌ ကေဝတ္တုက လက္ခဏာ အမြဲမရနိုင်၍ သမုစ္စည်းအနက် မဖြစ်သင့်သော ကြောင့်) ဝိနာပိ၌ ပိ(အပိ) သဒ္ဒါကို ဂရဟတ္ထအနက် ပြလိုသောကြောင့် ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ ဇာနာတီတိ ဉာဏံ။ (တေန) [ဉာဓာတ် ယုပစ္စည်း၊ သိခြင်း ကြိယာ။]

(ခ) ဝါကျ သံဝဏ္ဏနာကိုထောက်၍ (က) ဝါကျရှိ သမ္ပယုတ္တံ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား—

(သံ, ပတို့ကား ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရ။)

ယုဉ္ဇတီတိ ယုတ္တံ။ ပကာရေဟိ ယုတ္တံ ပယုတ္တံ။ သမံ ပယုတ္တံ သမ္ပယုတ္တံ။

၂။ ထို၏ အကြောင်းဖြစ်သော အညီအညွတ် ဂုဏ်၏ (ဝါ) သမဘောဂုဏ်၏ ကေပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သည်နှင့် (ဝါ) ယှဉ်သော စိတ်နှင့် ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အညီအညွတ် ကေပ္ပါဒတာ စသောအပြားတို့ဖြင့် ယှဉ်ခြင်းကြိယာသည်(ဝါ) စိတ်တို့၏သမ္ပယုတ္တအဖြစ်ဖြင့် တစ်ခုသည်....ပ.... ဇာတ်သည်....။

(ဂ) ဝါကျ။ ဝုစ္စတေတိ ဝတ္တဗ္ဗံ။ [ဝစဓာတ် တဗ္ဗပစ္စည်း၊ ဆိုခြင်းကြိယာ] ဝုစ္စိတ္ထာတိ ဝုတ္တော။ နီယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော၊ ဝုတ္တော နယော ယဿာတိ ဝုတ္တနယံ။

၂။ ထို၏ အကြောင်းဖြစ်သော ဆိုအပ်ပြီးသော နည်း၏ စကားနှင့် ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ဆိုအပ်ပြီးသော နည်းရှိခြင်းဟူသော ဂုဏ်သည် (ဝါ) ဝုတ္တနယတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(ဃ) ဝါကျ။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ကော ဥပ္ပါဒေါ ဧတေသန္တိ ကေပ္ပါဒါ။

၂။ ထို၏အကြောင်းဖြစ်သော တူသောဖြစ်ခြင်း၏ စိတ်, စေတသိက်တရားတို့နှင့် ဂုဏ် ဂုဏော....စပ်။

http://www.dhammadownload.com



၄။ ထို၏အကြောင်းဖြစ်သော တူသော ဖြစ်မှုရှိခြင်းဟူသော ဂုဏ်သည် (ဝါ) ကေပ္ပါဒ တရားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။ နိရုဠှနိ နိရောဓော။ ကော နိရောဓော တေသန္တိ ကေနိရောဓာ။ ဝသန္တိ ဧတ္ထာတိ ဝတ္ထု၊ ကော ဝတ္ထု တေသန္တိ ကေဝတ္ထုကာ။ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊ ကော အာရမ္မဏံ တေသန္တိ ကောရမ္မဏာ။ (ခွဲလေ)

(င) ဝါကျ။ နိဒ္ဒိသိယတိ အတ္ထော တေနာတိ နိဒ္ဒေသော [ဂဏ္ဌိ-၂၉၅]

[နိပုဗ္ဗ ဒိသဓာတ် ဏပစ္စည်း ညွှန်ပြခြင်းကြိယာ] ဥက္ကဋ္ဌေန နိဒ္ဒေသော ဥက္ကဋ္ဌ—နိဒ္ဒေသော (ယောဇနာ—၇၅) တစ်နည်း—ဥက္ကဋ္ဌာ နိဒ္ဒေသော ဥက္ကဋ္ဌနိဒ္ဒေသော။ (နိသစ်-ဒု-၈၇)

၂။ ထို၏အကြောင်းဖြစ်သော လွန်သောဂုဏ်၏ ညွှန်ပြကြောင်း နိဒ္ဒေသနှင့် ဂုဏ် ဂုဏေး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အလွန်အားဖြင့် ညွှန်ပြခြင်းကြိယာသည် (ဝါ) ဥက္ကဋ္ဌနိဒ္ဒေသတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ (ဉာဏသမ္ပယုတ္တန္တိ – ဉာဏသမ္ပ ယုတ္တံ ဣတိ) ဉာဏသမ္ပယုတ္တံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။ ဉာဏေန-နပုလ္လိင်၊ စိတ္တာဒိ ဂိုဏ်းခွဲ။ (သမ္ပယုတ္တံလည်း နည်းတူ) ဉာဏေန—ကိတ်နာမ်ပုဒ်၊ သမ္ပယုတ္တံ သမာသ် နာမ်ပုဒ်။

(ခ) ဝါကျ။ သမံ—နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ၊ ကေပ္ပါဒ ဒါဒိပ္ပကာရေဟိ–ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ ထိုတွင် ကေပ္ပါဒါဒိကို ပုလ္လိင်၊ ရတ္တာဒိ ဂိုဏ်းခွဲ။

(ဂ) ဝါကျ။ ယံ-နပုလ္လိင်၊ စိတ္တာဒိ(သဗ္ဗနာမ်)ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမ ပဒ။ ပနေတ္ထ – (ပန ဧတ္ထ) ၂-ပုဒ်လုံး အလိင်။ နိပါတ်ပုဒ်ခွဲ။ သိယာ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (အသဓာတ်ဖြစ်သောကြောင့်) အကာရန္တ၊ အာချာတပဒ။ [အသ အ ယျော]

(ဃ) ဝါကျ။ တသ္မာ၊အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ နိပါတပဒ။တစ်နည်း- နပုလ္လိင်၊ စိတ္တာဒိ (သဗ္ဗနာမ်)ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။ ကော ဝတ္ထုကာ–ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ ထိုတွင်– ဝတ္ထု–နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ်နာမ်ပုဒ်။ ဣမိနာ-နပုလ္လိင် စိတ္တာဒိ(သဗ္ဗနာမ်)ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

http://www.dhammadownload.com



(စ) ဝါကျ။ အရှပေ (ဘုံ) ဌာနကို ငဲ့၍-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်နာမ်ပုဒ်။ ဝိနာပိဋ္ဌ ဝိနာတစ်ချက်, ပိ(အပိ) တစ်ချက်စီခွဲ။ အလိင် နိပါတ်ပုဒ်တို့တည်း။ လဗ္ဘတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (လဘဓာတ် ဖြစ်သောကြောင့်) အကာရန္တ၊ အာချာတပဒ၊ [လဘ ယ တေ]။

## အာဘောဝ်, သံဝဏ္ဏနာ

(က) ဝါကျ။ ဉာဏသမ္ပယုတ္တံဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထားပါဠိ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ဣတိဖြင့် ပဒတ္ထဝိပလ္လာသတ္တဇောတက, သဒ္ဒပဒတ္ထကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ဉာဏေန သမ္ပယုတ္တံဖြင့် ဉာဏသမ္ပယုတ္တံပုဒ်ကို ဉာဏေန သမ္ပယုတ္တံ ဉာဏသမ္ပယုတ္တံ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)

(ခ) ဝါကျ။ သမံ....ပ....ယုတ္တံဖြင့် သမ္ပယုတ္တံ၌–

၁။ သံ ပယုတ္တံ-ဟု ပုဒ်ဖြတ်ရမည်ကိုလည်းကောင်း (သန္ဓိ လိင် ပဒ)။

၂။ သံသဒ္ဒါ သမောဓာန စသော အနက်ကိုမဟော၊ သမံ (သမ) အနက်ဟောသည်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ)။

၃။ ပသဒ္ဒါ အာဒိကမ္မစသော အနက်ကိုမဟော၊ ပကာရ အနက်ဟောသည်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ)။

၄။ ပကာရအရ- (ဝါ) ပ-အရ ကေပ္ပါဒ (ကေပ္ပါဒတာ) ယူရမည်ကိုလည်းကောင်း၊ (အဘိဓေယျတ္ထ)။

၅။ ပကာရေဟိ ယုတ္တံ ပယုတ္တံ ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ (သမာသလိင်္ဂတ္ထ)။

၆။ သမံ ပယုတ္တံ သမ္ပယုတ္တံဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ) သိစေ၏။ ဣတိအတ္ထောဖြင့် ဤဆိုအပ်ပြီးသည်ကား သမ္ပယုတ္တံပုဒ်၏ အနက်တည်းဟူသော (ဝါ) သမ္ပယုတ္တံပုဒ်၏ အနက်ကို သိအပ်၏ဟူသော အဓိပ္ပာယ်ကို (ဝါ) နိဂုံးကို သိစေ၏၊ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ပနဖြင့် ဥပန္យာသတ္ထ, ဝါကျာရမ္ဘတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ဂ) ဝါကျဖြင့် ဉာဏသမ္ပယုတ္တံပုဒ်၌ ဆိုသင့် ဆိုအပ်သော စကားကို မာတိကာအဖွင့် ဝဝဒနာတိက်၌ ဆိုအပ်ပြီးသောနည်း ရှိသည်သာဒေဟူသော အဓိပ္ပာယ်အမှာအထား အညွှန်းစကား အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဃ) ဝါကျ ဖြင့် ထိုသို့ဆိုအပ်ပြီးသော နည်းရှိသောကြောင့် ကေုပ္ပါဒါ....ပ.... ကောရမ္မဏာ ဟူသော ဤလက္ခဏာနှင့် ဤပဌမ မဟာကုသိုလ်စိတ်ကို ဉာဏ်နှင့် ယှဉ်၏ဟူ၍ သိအပ်၏ဟု အကျိုးဖလ, လဒ္ဓဂုဏ်အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(င) ဝါကျ။ စဖြင့် ဥပနျာသတ္ထ, ဝါကျာရမ္ဘတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (င) ဝါကျဖြင့် ဤ ကေုပ္ပါဒါ စသည်ကို ညွှန်ပြကြောင်းစကား နိဒ္ဒေသသည် အလွန်အားဖြင့် ညွှန်ပြကြောင်းဖြစ်သော နိဒ္ဒေသ၏ အဖြစ်ကို (ဝါ) ဥက္ကဋ္ဌနည်း, တတိယနည်းအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(စ) ဝါကျ။ ပနဖြင့် ဗျတိရေကတ္ထဇောတက (ဝိနာပိ ကေဝတ္တုကဘာဝံကို ကြည့်သည်) (ဝါ - အန္ဝယတ္ထဇောတက အဖြစ်ကို) သမ္ဘဝေါဂေါ လဗ္ဘတိကို ကြည့်သည်) သိစေ၏ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (စ) ဝါကျဖြင့် အရူပဘုံ၌ ပေဝတ္တုကလက္ခဏာမပါသော စိတ်, စေတသိက်တို့ သမ္ပယုတ် ဖြစ်နိုင်သည်ကို ပညာ ရှိသည် ရအပ်, သိအပ်၏ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ ပကာရေဟိ၌ ပသဒ္ဒါ-ခေတ္တတ္ထဝိသေသက။ တစ်နည်း—ဘေဒတ္ထ။ ဣတိ သဒ္ဒါ-ဣဒမတ္ထ။ (အဘိဓာန်အသုံးအနှုန်း-၁၁၈၆) ဣမ သဒ္ဒတ္ထ။ (ဂဏ္ဌိ အသုံးအနှုန်း ၂၁၀) တစ်နည်း-နိဒဿနတ္ထ။

(ဂ) ဝါကျ။ ပနသဒ္ဒါ ဥပနျာသတ္ထ, ဝါကျာရမ္ဘတ္ထ။ ဝုတ္တနယမေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။

၂။ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သဒိသနယ, အနုရူပနယတို့သည် အနုညာတတ္ထ။

(ဃ) ဝါကျ။ ဣတိသဒ္ဒါ-နိဒဿနတ္ထ။ ပဒတ္ထဝိပလ္လာသတ္ထ။ သမ္ပယုတ္တန္တိ၌ ဣတဲ သဒ္ဒါ-အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။

(င) ဝါကျ။ စသဒ္ဒါ-ဥပနျာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။

(စ) ဝါကျ။ အရူပေ၌ အသဒ္ဒါ-ဝိဟရတ္ထ၊ ပဋိသေဓတ္ထ၊ ပန သဒ္ဒါ ဗျာတိရေကတ္ထ၊ (ဝိနာပိ ကေဝတ္တုကဘာဝံကို ငဲ့သည်) တစ်နည်း။ အန္ဝယတ္ထ၊ (သမ္ဘဝေါဂေါ လဗ္ဘတိကိုငဲ့သည်) ဝိနာသဒ္ဒါ-ဝဇ္ဇနတ္ထ၊ ပိ (အပိ) သဒ္ဒါ (အရူပဘုံ၌ ကေဝတ္တုက လက္ခဏာ အမြဲမရ၍ သမုစ္စည်းအနက် မဖြစ်နိုင်သောကြောင့်) ဂရဟာတ္ထ။ [ပုတ္တော ပိတရ ဝိနာပိ ဝသတိ—ဟူရာ၌ အဘနှင့် အတူတကွ နေခြင်းကို ပေါင်းဆည်းသော

http://www.dhammadownload.com



သမုစ္စည်းအနက် ဖြစ်နိုင်သော်လည်း ဤ၌ကား အရူပဘုံ၀ယ် ၀တ္ထုရုပ်မရှိ၍ ကေ ၀တ္ထုကလက္ခဏာ မမြဲမရနိုင်သောကြောင့် အရူပဘုံ၌ တူသောမှီရာရှိသည်၏ အဖြစ်နှင့်ဘက္ကလည်း သမ္ပယုတ်ကို ရအပ်၏ ဟူသော သမုစ္စည်းအနက် မဖြစ်သင့် ရကား ဂရဟတ္ထ ဖြစ်သင့်သည်၊ ထို့ကြောင့် ဝိနာပိ-ကြည့်၍လည်း (၀ါ) မပါသော် လည်း မပါပေမဲ့ဟု ဂရဟတ္ထပေါ်အောင် ပေးနိုင်သည်။ တစ်နည်းလည်း–"အနေ ကတ္ထာ ဟိ နိပါတာ" ဟူသော ပရိဘာသာနှင့်အညီ "ဝိနာပိ-ကြည့်၍သာ" ဟု အနက်သမ္ဗန်၍ ပိ (အပိ) ကို ဝေတ္ထကြံသော် သင့်အံ့ထင်သည်]။

## သမ္ဗန္ဓာမ်အစွဲ ဝိသယနာမည်

(ဂ) ဝါကျ။ ယံ၌ ယသည် စကားကို စွဲ၏။ စကားဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ တံ၌ တသည် စကားဒြပ်ကို စွဲ၏။ စကားဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ တစ်နည်း–ရှေးအနိယမ ယသဒ္ဒါစွဲသော အနက်ကို ပြန်၍စွဲသော ကြောင့် နိယမဝိသယ တမည်၏။

(ဃ) ဝါကျ။ တသ္မာ၌ တသည် (တသ္မာ ဝုတ္တနယတ္တာ) ဆိုအပ်ပြီးသောနည်း ရှိသည်၏ အဖြစ်ကိုစွဲ၏၊ ဆိုအပ်ပြီးသော ဝုတ္တနယကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ တစ်နည်း-ဝုတ္တ (ဆိုပြီးခြင်း) ကြိယာစွဲသောကြောင့် အနုဘူတဝိသယ။

(င) ဝါကျ။ သေ၌ တေသည် ကေပ္ပါဒါစသည်ကို ညွှန်ပြကြောင်းစကား နိဒ္ဒေသကိုစွဲ၏။ နိဒ္ဒေသဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ၊ တစ်နည်း-နိဒ္ဒေသောဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅–တန်ထုတ်ပုံ

(က) ဝါကျ။ ဉာဏသမ္ပယုတ္တံပုဒ်၌ ပုဒ်လုံးအရနှင့် ဉာဏ်အရထုတ်ပုံ ပထမအုပ် စည်းမျဉ်းအဖြေတို့၌ရှု။

(ဂ) ဝါကျ။ ဝတ္တဗ္ဗံ၌ ကတ္တုဌကြိယာအရ-အန္တတ္တဝစခေတ်အရ....

၁။ သတိ, ဝီရိယ, ဉာဏ်ပြခန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ ဝေဒနာတိက်၌ ဆိုခဲ့သော (ကတာရေဟိ ပကာရေဟီတိစသော) ဝစီဘေဒ သဒ္ဒသည်....။

၄။ ပါရမီဉာဏ်, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည်....။

၅။ ဉာဏသမ္ပယုတ္တံ ပုဒ်၏ အနက်အဓိပ္ပာယ်ကို သိရခြင်း, သိသဖြင့် ဟောပြော ပို့ချခြင်း, ကျင့်ခြင်း, ပီတိ, ပါမောဇ္ဇဖြစ်ခြင်း စသော အကျိုးတို့သည်....။

http://www.dhammadownload.com



ယံဟူသော ကံပုဒ်, ဝတ္တဗ္ဗ၌ ဗာဟုလ္လတဗ္ဗပစ္စည်း, သိယာ ကြိယာပုဒ်, တံဟူသော ကံပုဒ်တို့အရ....

၁။ ဝေဒနာတိက်၌ဆိုခဲ့သော ဝစီဘေဒသဒ္ဒသည်....။

၂။ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ်သည်....။

၃။ ဉာဏသမ္ပယုတ္တံပုဒ်၏ အနက်အဓိပ္ပာယ်ကို သိရခြင်းသည်....။

၄။ ယောနိသော မနသိကာရ, ပါရမီဉာဏ်, သဒ္ဓမ္မဿဝန, သပ္ပုရိသူပ နိဿယ စသည်တို့သည်....။

၅။ သိသဖြင့် ဟောပြော ပြသ ပို့ချခြင်း ကျင့်ခြင်း, ပီတိ, ပါမောဇ္ဇဖြစ်ခြင်း စသော အကျိုးတို့သည်....။[ဝုတ္တံ၌ ဝတ္တဗ္ဗံ နည်းတူထုတ်]

(ဃ) ဝါကျ။ [ဝေဒိတဗ္ဗံ၌ အန္တတ္ထ ဝိဒဓာတ်အရ ထုတ်ပုံ ပထမအုပ် စည်းမျဉ်း အဖြေ၌ရှု] ထိုဝေဒိတဗ္ဗံ၌ ဗာဟုလ္လတဗ္ဗ ပစ္စည်းနှင့် တော် ဟူသော ငုတ္တကံပုဒ်တို့ အရ–ပထမ မဟာကုသိုလ်စိတ်ကို ယူ၍ ထုတ်မြ။

(စ) ဝါကျ။ လဗ္ဘတိ၌ အန္တတ္ထ လဘဓာတ်အရ....

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရသည်....။

၃။ သိသဖြင့် ဟောပြော ပြသ ပို့ချခြင်း ကျင့်ခြင်းတို့သည်....။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ ကျင့်သဖြင့် ပီတိ ပါမောဇ္ဇဖြစ်ခြင်းမှစ၍ မဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်တို့သည်....။

## ဝေဒိတဗ္ဗံထားရပုံ

ထိုကြောင့် ကေ့ပ္ပါဒါစသော ဤလက္ခဏာနှင့် ဤပထမ မဟာကုသိုလ်စိတ်ကို ဉာဏ်နှင့်ယှဉ်၏ဟု သိရ, ယူရမည်ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တ အားဖြင့် ပြလိုသောကြောင့် (ဃ)ဝါကျတွင် ဝေဒိတဗ္ဗံ ထား၏။(တစ်နည်း)မဟာ ကုသိုလ်စိတ်၏ ကေ့ပ္ပါဒစသော သက္ခဏာနှင့် ပြည့်စုံ၍ ဉာဏ်နှင့်ယှဉ်ခြင်းသည် အရူပဘုံ၌ မရ၊ ပဉ္စဝေါကာရဘုံ၌သာရ၍ အနေကန္တဖြစ်သောကြောင့် ဝေဒိတဗ္ဗံ ထား၏။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဉာဏသမ္ပယုတ္တာံ၌ ဉာဏနှင့်-ဉာဏေန၌ ဉာဏအရ-ဉာဏ်ဟူသော ပညာစေတသိက် ပစ္စည်းတရားသည် သမ္ပယုတ္တာံအရ- (ဌာနာနုရူပအားဖြင့်) ပထမ မဟာကုသိုလ်စိတ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်—ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-ဿိ-အဝိ (၁၀)။

(ဂ) ဝါကျ။ ယံနှင့်-ဝတ္ထုံ၌ တဗ္ဗပစ္စည်းတို့အရ-အတိတ်သဒ္ဒါရုံသည် ထိုဝတ္ထုံ၌ ဝစခေါတ်အရ—သတိ, ဝီရိယ, ဉာဏ်ပြခါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်-မရှိ။ သိယာအရ - မဟာဘုတ် ၄-ပါးသည် ယံ, ဝတ္ထုံအရ ဝစိဘေဒသဒ္ဒ ဥပါဒါရုပ်အား....သဟ....ပြု၏။ ပြိုင်—သဟ-နိ-ဿိ-အဝိ။ (၄)

(ဃ) ဝါကျ။ ဓာတ်နှင့် ဝေဒိတဗ္ဗံ၌ တဗ္ဗပစ္စည်းတို့အရ ပထမ မဟာကုသိုလ် စိတ်အာရုံသည် ဝေဒိတဗ္ဗံ၌ ဝိဒခေါတ်အရ သတိ, ဝီရိယ, ဉာဏ်ပြခါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်—အာ-မိ-ဥပ (၃)။ သမ္ပယုတ္တန္တိ ဟူသော အဝ်ကာရပုဒ်အရ-သမ္ပယုတ္တဟူသော နာမပညတ္တိ သဒ္ဒါသည် ဝေဒိတဗ္ဗံ၌ ဝိဒခေါတ် အရ-သတိ, ဝီရိယ, ဉာဏ်ပြခါန်းသော စိတ္တုပ္ပါဒ်အား...အာရမ္မဏ....ပြု၏။

(စ) ဝါကျ။ သမ္ပယောဂေနှင့် လဗ္ဘတိ၌ ဗာဟျတ္တတေဝိဘတ်တို့အရ— သမ္ပယုဘ်ဖြစ်ကြသော စိတ်—စေတသိက် အာရုံသည် ထိုလဗ္ဘတိ၌ အန္တတ္ထ လဘ ခေါတ်အရ—သတိ, ဝီရိယ, ဉာဏ် ပြခါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဥပ- (၃)၊ ပဏ္ဍိတေနဟူသော ပါဌ်သေသ ကတ္တားအရ ဉာဏ်ပညာ သည် လဗ္ဘတ်၌ လဘခေါတ်အရ ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်—ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-ဿိ-အဝိ (၁၀)။ [လဘခေါတ် အရကို ဉာဏ်ပစ္စည်း, (သို့မဟုတ်) သတိ, ဝီရိယ, ဉာဏ်ပစ္စည်းယူ၍ ပဏ္ဍိတေနအရ- ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်ယူ၍လည်း ယခင်အတိုင်း သဟမျိုး (၁၀) ပစ္စည်းပြိုင် နိုင်သည်။]

http://www.dhammadownload.com

# ၁၆–အသင်္ခါရိက မဟောခြင်းအဖွင့်

(က) "ဉာဏသမ္ပယုတ္တ" န္တိ ဝစနေန ပ....ဂဟိတာနိ။

(ခ) အသင်္ခါရိက ဘာဝေါ ပန အနာဘဋ္ဌတာယေဝ န ဂဟိတော။

(ဂ) ကိစ္စာပိ န ဂဟိတော၊....ပ....ဒေဒိတဗ္ဗော။

(ဃ) သမ္မာသမ္ဗုဒ္ဓေါ ဟိ အာဒိတော ဝ....ပ....ဝေပိတဗ္ဗံ၊ [၄-၁၁၃]

## အနက်ထူး

(က) ဝါကျ၌ ဂဟိတာနိ၏ ကတ္တားကို ဘဂဝတာ ထည့်ပေး။

(ခ) ဝါကျ။ ပန၊ ဆက်ရှိဆိုအံ့။ ဣမဿ မဟာစိတ္တဿ၊ ဤ ပထမ မဟာကုသိုလ်စိတ်၏။ (ဘာဝသမ္ဗန်) အသင်္ခါရိကဘာဝေါ၊ အသင်္ခါရိက၏ အဖြစ်ကို။ ပါဠိယံ၊ ပါဠိတော်၌။ (အာဓာရ) ဣမဿ မဟာစိတ္တဿ၊ ၏။ (တာသမ္ဗန်) အနာဘဋ္ဌတာယေဝ (ဘာသိတုံ အယုတ္တတ္တာဝေ) ဟောခြင်းငှာ မသင့်သည်၏ အဖြစ်ကြောင့်သာလျှင်။ဒေသေတဗ္ဗဘာဝေန၊ဟောအပ်သည်၏အဖြစ်ဖြင့်(ကရိုဏ်း) တတ္ထ၊ ထိုပထမစိတ္တနိဒ္ဒေသ၌။ (အာဓာရ) ဘဂဝတာ၊ သည်။ (ကတ္တား) နဂဟိတော၊ မယူအပ်။ (သဒ္ဒတ္ထ) (ဝါ) သင်္ဂြိုဟ်တော်မမူ။ (ဝါ) မဟောအပ်။ (အဓိပ္ပာယတ္ထ) တဿ၊ ထိုအသင်္ခါရိသ သဒ္ဒါ၏။ အတ္ထဿ၊ အသင်္ခါရိကအနက်၏။ အဘာဝေါ၊ မဖြစ်ခြင်းကြောင့်။ န ဂဟိတော၊ မယူအပ်သည်ကား။ န၊ မဟုတ်။ ဤကား ဋီကာနှင့်အညီ အဓိပ္ပာယ် ပေါ်အောင်လည်းကောင်း, တဿ စသည်ဖြင့် ဗျတိရေက ပြန်လှန်၍လည်းကောင်း ပေးခြင်းတည်း။ တစ်နည်း–ပါဠိယံ–၌။ အနာဘဋ္ဌတာယေဝ၊ ဘုရားမဟောအပ်သည်၏ အဖြစ်ကြောင့်သာလျှင်။ အဋ္ဌကထာယံ၊ ၌။ န ဂဟိတော၊ သင်္ဂါယနာတင် ဆရာတို့မယူအပ်။ (ဝါ) သင်္ဂီတိ ကာရကေဟိ၊ သင်္ဂါယနာတင် ဆရာတို့သည်။ န ဂဟိတော၊ မယူအပ်။ (ဝါ) ထိုအသင်္ခါရိက ဟူသောပုဒ်၏ အနက်ကို မဖွင့်အပ်။

(ဂ) ဝါကျ။ ကိဉ္စာပိ န ဂဟိတော၌–အသင်္ခါရိကဘာဝေါ–ကို။ ဘဂဝတာ-သည်။ ဟု ကံ, ကတ္တားထည့်ပေး၊ ဝစနတော၏ ကတ္တားကို ဘဂဝတာ ထည့်၊ (သို့မဟုတ်) ဘဂဝတောဟု သမ္ဗန်ထည့်။ အဝုတ္တေပိ၏ ကတ္တားကို ဘဂဝတာ ထည့်။ ထိုအဝုတ္တေပိ ဟူသော လက္ခဏကြိယာ၏ လက္ခဏဝန္တ ဝုတ္တကံ ထည့်သော်–အသင်္ခါရေနာတိဝစနေ – အသင်္ခါရေနဟူသော စကားကိုဟုထည့်။ အသင်္ခါရိက ဘာဝေါ၌ ဘာဝသမ္ဗန်ကို ဣမဿ မဟာစိတ္တဿ၊ ၏။ ဟုထည့်။

http://www.dhammadownload.com



(ဃ) ဝါကျ။ နိယမေတ္ထ၁၏ ကံကို အသင်္ခါရိကဘာဝံ ထည့်၍ ထို၏သမွန်ကို ဣမဿ မဟာစိတ္တဿ ဟုထည့်။ ကတံ၏ ကတ္တား=မယာ၊ ငါသည်။ တစ်နည်း- အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝေဒိတဗ္ဗံ၏ ကတ္တားကို ပဏ္ဍိတေန၊ သည်= ဟုထည့်။

## ကျမ်းတက်

## ဌပနာပဥ္စကပုစ္ဆာတက်

(က) ဝါကျ။ ဆရာ့ ဆရာသည် ရှေ့ဝါကျဖြင့် သောမနဿသဟဂတံ ဟူသော စကားဖြင့် သောမနဿသဟဂုတ်စိတ်ကို ယူအပ်သောဟု ဖွင့်ပြတော်မူ၏။ ....သော်, ဉာဏသမ္ပယုတ္တံဟူသော စကားဖြင့် ဉာဏသမ္ပယုတ်စိတ် ယူရပုံကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ စသည်။

(ခ) ဝါကျ။ ဆရာ့ ဆရာသည် ရှေး၌ အသင်္ခါရိကံ မဟာစိတ္တံဟု မိန့်တော်မူ၏။....သော်, ပါဠိတော်၌ပင် လာလျှင်းသလော။(နိဿယ တစ်နည်း—အသင်္ခါရိကံ မဟာစိတ္တံဟူသော စကားသည် ပါဠိတော်၌ လာသည်ဟူ မှတ်အပ်သည် မဟုတ်ပါလော၊ (ဝါ) အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ ယူအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ထိုသို့ မှတ်အပ်လေသောကြောင့် အသင်္ခါရိက မဟာစိတ္တံ ဟုသာ မဆိုသင့်,အသင်္ခါရိကအဖြစ် ပါဠိတော်၌မယူအပ်သည်၏ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏၊ အသင်္ခါရိကအဖြစ် မယူအပ်သည် အဖြစ်ကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ်ရှိ၍ (ဝါ) စောဒနာဖွယ်ရှိ၍ (ခ) ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား— အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ ဟောခြင်းငှာ မသင့်သည်၏ အဖြစ်ကြောင့်သာလျှင် ဟောအပ်သည်၏ အဖြစ်ဖြင့် ထို ပဌမစိတ္တ နိဒ္ဒေသ၌ မယူအပ်ဟူလို၊ ဝါ-(ခ)ဝါကျဖြင့်မယူအပ်သည်အဖြစ်ကိုပြဆို၏ဟူလို၊[နိဿယအလို ဤကျမ်းတက်ကို အဒေါသာရောပန စောဒနာတက်ဟု ဆိုနိုင်၏။ တစ်နည်း—ဒေါသာရောပနစောဒနာတက်သော် အသင်္ခါရိကအဖြစ် မယူအပ်ပုံကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတ= ဒေါသ သင့်ရောက်ရာ၏၊ (ဝါ) ဝိရောဓိဒေါသ သင့်ရောက်ရာ၏ဟု စောဒနာ ထည့် တက်။

(ဂ) ဝါကျ။ ဆရာ့ ဆရာသည်၊ ရှေ့၌ (ဉာဏသမ္ပယုတ္တံ) အသင်္ခါရိကံ မဟာစိတ္တံ—ဟု ဆိုတော်မူ၏။ ဤသို့ပင် ဆိုသော်လည်း, အသင်္ခါရိက အဖြစ်ကို ပါဠိတော်၌ မယူအပ်သည် မဟုတ်ပါလော၊ ထိုသို့ မယူအပ်လေသောကြောင့်။ (ဉာဏသမ္ပယုတ္တံ) အသင်္ခါရိကံ မဟာစိတ္တံ—ဟုသာ မဆိုသင့်, ဉာဏသမ္ပယုတ္တံ မဟာစိတ္တံ-ဟုသာ ဆိုသင့်၏၊ ထိုသို့ အသင်္ခါရိက အဖြစ် မဟောပါဘဲ မယူပါဘဲ လျက် အဘယ်ကြောင့် အသင်္ခါရိကအဖြစ်ကို သိရပါသနည်း ဤသို့ မေးဖွယ်

http://www.dhammadownload.com



ရှိသောကြောင့် (ဂ) ဝါကျကို မိန့်။ အဓိပ္ပာယ်ကား – အသင်္ခါရိက အဖြစ်ကို ပါဠိတော်၌ မယူအပ်သော်လည်း နောက်ဖြစ်သော ဒုတိယစိတ္တ နိဒ္ဒေသ၌ သသင်္ခါရေန–ဟု ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ဤ ပထမ စိတ္တနိဒ္ဒေသ၌ အသင်္ခါရေန ဟူ၍ ဘုရားရှင် မဟောအပ်သော်လည်း ဤပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိအပ်ပါ၏–ဟူလို။ စောဒနာတက်လျှင် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိက အဖြစ်ကို ဆိုရာ၌ (ဝါ) အသင်္ခါရိက မဟာစိတ္တံ–ဟု ဆိုရာ၌ ပါဠိတော်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်တက်။ အဓိပ္ပာယ်ကား–သသင်္ခါရေန- ဟု ဟောလတ္တံ့ ဖြစ်၍ အသင်္ခါရိက အဖြစ်ကို ဆိုသောကြောင့် (ဝါ) နောက်၌ သသင်္ခါရေန–ဟု ဟောလတ္တံ့ကို ထောက်၍ အသင်္ခါရိကံ မဟာစိတ္တံဟု ဆိုသော်လည်း ဆရာအား ဝိရောဓိဒေါသ မသင့်ရောက်–ဟူလို။

## တစ်နည်း–(ဂ) ဝါကျ-ကျမ်းတက်-

ဆရာ, ဆရာသည်၊ (ခ) ဝါကျဖြင့် အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ ဟောခြင်းငှာ မသင့်သည်၏ အဖြစ်ကြောင့်သာလျှင် မယူအပ်သော-ဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော်, စောဒကာဘောဂ, အကြောင်းတို့နှင့်တကွ အသင်္ခါရိက အဖြစ် သိအပ်ပုံကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ ....ပ....စောဒကာဘောဂ, အကြောင်းတို့နှင့်တကွ အသင်္ခါရိကအဖြစ် သိအပ်ပုံကို လည်း ပြဆိုသင့်သေး၏။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် အာဂမယုတ္တိ ထောက်ထား၍ ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် သိရပုံကို ပြဆိုတော်မူ၏။.... သော်, အကြောင်းသဘာဝယုတ္တိတို့ဖြင့် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိက အဖြစ် ဆုံးဖြတ်ချက်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....အကြောင်း, သဘာဝယုတ္တိတို့ဖြင့် ပထမ မဟာကုသိုလ် စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ချက်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ အဓိပ္ပာယ်ကား ဘုရားရှင်သည် မဟောမီ အစ၌ပင်လျှင် ဤပထမ မဟာကုသိုလ်စိတ်ကို ဝေဖန်၍ ပြခြင်းငှာ ဤ ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သတ်မှတ်၍သာလျှင် ဤဒေသနာကို အားထုတ်တော်မူအပ်သည်၏ အဖြစ်ကြောင့် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ချက်ကို ပြုအပ်၏ ဟူလို။ (ဝါ) ပြုအပ်သည်ကို သိအပ်၏ဟူလို။ စောဒနာတက်သော်-အကြောင်း, သဘာဝ ယုတ္တိတို့ဖြင့် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ချက်ကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတ, ဝိရောဓိဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်တက်။

http://www.dhammadownload.com



## ပါဠိပနာဒိကျမ်းတက်

(က) ဝါကျ။ ဉာဏသမ္ပယုတ္တံ-ဟူသော စကားဖြင့် ဉာဏသမ္ပယုတ်စိတ်တို့ကို ယူအပ်ပုံကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နုး-ပါ)....ပ....ဉာဏသမ္ပယုတ္တံဟူသော စကားဖြင့် ဉာဏသမ္ပယုတ်စိတ်တို့ကို ယူအပ်ပုံကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(ခ) ဝါကျ အသင်္ခါရိကံ မဟာစိတ္တံ ဟူသော စကားသည် ပါဠိတော်၌ပင် တိုက်ရိုက်လာ၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ....အသင်္ခါရိကံ မဟာစိတ္တံ ဟူသော စကား၏ ပါဠိတော်၌ တိုက်ရိုက် မလာပုံကိုလည်း (ဝါ) အသင်္ခါရိကအဖြစ် ပါဠိတော်၌ မယူအပ်ပုံကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) ....စသည်-

(ဂ) ဝါကျ။ [အာလုပ်, ကတ္တား, ဥပနာများ-ဥပနာပဠက နောက်နည်းကျမ်းတက် ကနှင့် တူ၏၊ စောဒကာဘော၊, အကြောင်းတို့နှင့်တကွ' အသင်္ခါရိက အဖြစ် သိအပ်ပုံကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဃ) ဝါကျ။ အကြောင်းသဘာဝ ယုတ္တိတို့ဖြင့် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ချက်ကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏။.... စသည်။

## ဒေါသသင့်ပုံပယ်ပုံ

(က) ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် ထို (က) ဝါကျဖြင့် အဗျာပိဘာဒေါသကို ပယ်၏။

(ခ) ဝါကျကိုထောက်လျှင် လိုအပ်သော အနက်အဓိပ္ပာယ် မန္နံစပ်သေးသောကြောင့် (က) ဝါကျ၌ (တစ်နည်း) အသင်္ခါရိကံ မဟာစိတ္တံ-ဟူသော စကားရပ်၌ အဗျာပိတဒေါသ, (တစ်နည်း) ဝိရောဓိဒေါသ သင့်၏။

(ခ) ဝါကျသည် ဝါကျာရမ္ဘဝါကျ ဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသ, အဗျာပိတဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျဖြင့် ပထမ မဟာကုသိုယ်စိတ်၏ အသင်္ခါရိကအဖြစ်ကို ဆိုရာ၌ ပါဠိတော်နှင့် မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။ (တစ်နည်း) အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိရောဓိဒေါသ, အဗျာပိဘာဒေါသတို့ကို ပယ်၏။ ထိုတွင် သမ္ဘာသဒ္ဒုဒ္ဒေါ....ပ....အာရတီတိဖြင့် ကာရဏဝါကျ ဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသ, အဗျာပိတဒေါသတို့ကို ပယ်၏။ ဣတိ စေဒိတဗ္ဗံဖြင့် နိဂမနဝါကျ ဖြစ်သောကြောင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



## ကထိတံ ထားရပုံ

ကာမာဝစရ ကုသလေသု...ပ...အသင်္ခါရိကံ မဟာစိတ္တံ ကထိတံ၊ [ဋ္ဌ-၁၁၂] သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် ပထမ မဟာကုသိုလ် စိတ်ဟူသော သာမညအနက်မှ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ဟူသော အနက်ဝိသေသကို ယူစေလိုသောကြောင့် လည်းကောင်း, စောဒက ပုဂ္ဂိုလ်က ဤ ပထမ မဟာကုသိုလ်စိတ်လည်း သသင်္ခါရိကသာ ဖြစ်ရမည်-ဟု ဆို၍ ကျမ်းဆရာက အသင်္ခါရိကသာ ဖြစ်သည်-ဟု စောဒကနှင့် စကားလုယက်ဆွဲငင်၍ ယူဆဆုံးဖြတ်ပြသော အရာဌာနဖြစ်သောကြောင့် လည်းကောင်း ကထိတံ-ဟု ထားသည်။ [ဆောင်ပုဒ်ကို ပထမအုပ် (၆၆) ၌ ရှု။]

## ဂဟိတံ ဂဟိတာနိ ထားရပုံ

[ဋ္ဌ-၁၁၂-၃ တို့၌ ဂဟိတံ, ဂဟိတာနိပါသော ဝါကျများအတွက်] အတ္ထယုတ္တိ၊ ကြံတွေးသိ၍၊ (ဝါ) အတ္ထယုတ္တိရှိသည့် အားလျော်စွာ သာမညအနက်မှ ဝိသေသ အနက်ကို ယူစေလိုသောကြောင့် ဂဟိတံ ဂဟိတာနိတို့ကို ထား၏။ [ဆောင်ပုဒ်မှာ ပထမအုပ် (၆၆) ၌ ဂဟေတဗ္ဗာ စသည်အတွက် ပြခဲ့သော ဆောင်ပုဒ်နှင့် တူ၏။]

## ကိဉ္စာပိ ထားရပုံ

အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ မယူအပ်သည်ကား မှန်၏-ဟု စောဒက ပုဂ္ဂိုလ်၏ စကားတစ်ခြမ်း တစ်စိတ်ကို ဝန်ခံ (လက်ခံ)၍ နောက်၌ သသင်္ခါရေနဟု ဟောသောကြောင့် ဤစိတ်၏ အသင်္ခါရိကအဖြစ်ကို သိရမည်-ဟု ဖြေဆိုကာ စောဒကစကား အယူအဆကို ပယ်ချလိုသောကြောင့် (ဂ) ဝါကျ၌ ကိဉ္စာပိထား၏။ [ဆောင်ပုဒ်-ပထမအုပ်-၃၅၅-၌ ရှု။]

## နိပါတ်ပုဒ်များ ထားရပုံ

အသင်္ခါရိကအဖြစ် မယူအပ်ပုံကို ဆက်လက်ပြလိုသောကြောင့် (ဝါ) ဝါကျာ-ရမ္ဘတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ ပနထား၏။ သမ္ဘာဝနတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ ပနထား၏၊ အရှိဂရဟာ ဇောတကအဖြစ်ကို ပြလိုသောကြောင့် အဝုတ္တေပိ၌ ပိ (အပိ) ထား၏။ အသင်္ခါရိက အဖြစ် ဆုံးဖြတ်နိုင်ခြင်းအကြောင်းကို (ဝါ) ကာရဏတ္ထဇောတက အဖြစ်ကို (တစ်နည်း) ဒဠ္ဟီကရဏတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ ဟိသဒ္ဒါထား၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ သင်္ခရောတိတိ သင်္ခါရော နတ္ထိ သင်္ခါရော ယဿာတိ အသင်္ခါရံ။ အသင်္ခါရမေဝ အသင်္ခါရိကံ။ (သောတ္ထတဒ္ဓိတ်)

၂။ ထို၏အကြောင်းဖြစ်သော အသင်္ခါရပုဒ် ဏိကပစ္စည်းသည်လည်းကောင်း, သင်္ခါရ မရှိခြင်း၏ စိတ်နှင့် ဂုဏ် ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်လည်းကောင်း....။

၄။ ထို၏အကြောင်းဖြစ်သောသင်္ခါရမရှိခြင်းဂုဏ်သည်(တစ်နည်း)အသင်္ခါရိက စိတ်တို့၏ တင်ခုသည်....ပ....ဇာတ်သည်....။ (တစ်နည်း) အသင်္ခါရေန ဥပ္ပန္နံ အသင်္ခါရိကံ။ (ဥပ္ပန္နတဒ္ဓိတ်)

၂။ ထို၏အကြောင်းဖြစ်သော သင်္ခါရမရှိသော အကြောင်း အပေါင်း၏ ဖြစ်သော စိတ်နှင့် အကြောင်းအကျိုး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အသင်္ခါရကြောင့် ဖြစ်ခြင်းကြိယာသည်, (တစ်နည်း) အသင်္ခါရိကစိတ်တို့၏ တစ်ခုသည်... ပ....ဇာတ်သည်။

ဘဝနံ ဘာဝေါ။ ဘဝန္တိ ဧဘသ္မာတိ ဝါ ဘာဝေါ။ အသင်္ခါရိကဿ ဘာဝေါ အသင်္ခါရိကဘာဝေါ။

၂။ ထို၏အကြောင်းဖြစ်သော အသင်္ခါရိက၏ အဖြစ်နှင့် ဂုဏော ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အသင်္ခါရိကအဖြစ်ဟူသော ဂုဏ်သည်....။

အာဘာရိယတီတိ အာဘဋ္ဌော။ (ယောဇနာ–၈၅) အာဘာသိယတေတိ အာဘဋ္ဌော။ (နိ-သစ်-ဒု-၈၈) [အာပုဗ္ဗ ဘရဓာတ် တပစ္စည်း၊ ဆောင်ခြင်းကြိယာ။ (တစ်နည်း) အာပုဗ္ဗ ဘာသဓာတ် တပစ္စည်း၊ ဟောခြင်းကြိယာ။]

န အာဘဋ္ဌော အနာဘဋ္ဌော။ အနာဘဋ္ဌဿ ဘာဝေါ အနာဘဋ္ဌတာ။ (တာယ)

၂။ ထို၏အကြောင်းဖြစ်သော ဟောခြင်းငှာ မသင့်သည်၏အဖြစ်နှင့် ဂုဏော ဂုဏ်....စပ်....။

၅။ ထို၏ အကြောင်းဖြစ်သော ဟောခြင်းငှာ မသင့်သည်၏ အဖြစ်ယူသော ဂုဏ်သည်။

## လိင်စသည် စိစစ်ပုံ

ဒွေ–နပုလ္လိင်။ သဗ္ဗနာမ်ဂိုဏ်း၊ ဣကာရန္တ၊ သဗ္ဗနာမပဒ။

အနာဘဋ္ဌတာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ဘာဝတဒ္ဓိတ်နာမ်ပုဒ်၊ ကိဋ္ဌာပိ–အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။ အဝုတ္တေ (ဝစနေ–

http://www.dhammadownload.com



ဟူသော လက္ခဏ ဝုတ္တကံ ထည့်လျှင်) နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမ္မာသနာမပဒ။ သမ္မာသမ္ဗုဒ္ဓေါပုဒ်လုံး – ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတနာမပဒ, (တစ်နည်း) သမာသနာမပဒ။

ခွဲနိုင်သမျှ အတိအကျခွဲသော် – သမ္မာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ သံ–အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ၊ ဥပသဂ္ဂပဒ။ ဗုဒ္ဓေါ–ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်၊ အာဒိတော၌ – အာဒိကား-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ အာဒိတော-အလိင်၊ ဂဏဝိမုတ်၊ ဩ (ဣ) ကာရန္တ၊ နိပါတပဒ။

ဣမံ-ဣတ္ထိလိင်၊ (ဒေသနံကိုငဲ့သောကြောင့်တည်း) ကညာဒိ (သဗ္ဗနာမ်) ဂိုဏ်း၊ အာကာရန္တ- သဗ္ဗနာမပဒ။ ဒေသနံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိုနာမ်ပုဒ်။ အာရဘိ-အလိင်၊ ဘူဝါဒိဂိုဏ်း (ရဘဓာတ် ဖြစ်သောကြောင့်) အကာရန္တ၊ အာချာတပဒ၊ [အာ ရ ဘ အ ဤ] (တစ်နည်းခွဲသော်) အာရဘိ၌- အာကား-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ ဥပသဂ္ဂပဒ။ ရဘိ–အလိင်၊ ဘူဝါဒိ ဒိဂိုဏ်း၊ အကာရန္တ၊ အာချာတပဒ။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျဖြင့် ဉာဏသမ္ပယုတ္တံ–ဟူသော စကားဖြင့် သောမနဿ သဟဂုတ်စိတ် ၄–ပါးမှ-ဉာဏသမ္ပယုတ်စိတ် ၂-ပါးတို့ကိုသာ ဘုရားရှင်ယူအပ်ကုန်၏–ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ပနဖြင့် ဝါကျာရမ္ဘတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ခ) ဝါကျဖြင့် အသင်္ခါရိက အဖြစ်ကို ပါဠိတော်၌ ဟောခြင်းငှာ မသင့်သည်၏ အဖြစ်ကြောင့်သာလျှင် မဟောအပ်သည်၏ အဖြစ်ဖြင့် ထိုပထမ စိတ္တနိဒ္ဒေသ၌ ဘုရားရှင် မယူအပ်, မဟောအပ်–ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ကိဉ္စာပိ – နဂဟိတောဖြင့် အကယ်၍ကား မယူအပ်၊ (ဝါ) အသင်္ခါရိကအဖြစ်ကို ဘုရားရှင်မယူအပ်, မဟောအပ်သည်ကား မှန်၏၊ စောဒက ပုဂ္ဂိုလ်အား ဝန်ခံသည်၏အဖြစ်ကို (ဝါ) စောဒကာဘောဂအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)ပနဖြင့် အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ဂ) ဝါကျဖြင့် နောက် ဖြစ်သော ဒုတိယ စိတ္တနိဒ္ဒေသ၌ သင်္ခါရေနဟု ဟောခြင်းကြောင့် ဤ ပထမ စိတ္တနိဒ္ဒေသ၌ အသင်္ခါရေန–ဟု မဟောအပ်သော်လည်း ဤ ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိပါ-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဿ) ဝါကျ။ ဟိဖြင့် ကာရဏတ္ထဇောတက (တစ်နည်း) ဒဠှီကရဏတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော (ဿ) ဝါကျဖြင့် အကြောင်းနှင့်တကွ ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ချက်ကို, (ဝါ) ဆုံးဖြတ်ချက်ကို သိပါ—ဟူသော တိုက်တွန်းချက်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ဣဘိ-ပဒတ္ထဝိပလ္လာသတ္ထ, နိဒဿနတ္ထ။ ဝိပ္ပယုတ္တံ့ ဝိ ဝိယောဂတ္ထ၊ [(ရှု) အဘာဝတ္ထ၊ မဏိမဉ္ဇူ) ပဋိသေဓတ္ထ။ ဉာဏသမ္ပယုတ္တမေဝ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

ဧဝ၏ ဝေတ္ထဖလတ္တယကား....

၁။ နှစ်ပါးသော ဉာဏသမ္ပယုတ်စိတ်တို့သည် ဂဟေတဗ္ဗတ္ထ။

၂။ နှစ်ပါးသော ဉာဏဝိပ္ပယုတ် စိတ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ [ဆဋ္ဌေတဗ္ဗတ္ထ၊ ဝေတ္ထဖလ။ အဝဓာရဏဖလ။ ဧဝဖြင့် တားမြစ်အပ်, ကန့်အပ်သော အနက်ဟုလည်း ခေါ်သေး၏။]

၃။ ယှဉ်ဘတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(ခ) ဝါကျ။ အသင်္ခါရိကဥ္စ-အ (န) သဒ္ဒါ-ဝိရဟတ္ထ၊ ပဋိသေဓတ္ထ။ သံသဒ္ဒါ-ဝိဓာနတ္ထ၊ သင်္ဂနတ္ထ၊ ပန - ဝါကျာရမ္ဘတ္ထ။ အနာဘဋ္ဌတာယေဝဥ္စ· အန (န) သဒ္ဒါ—ပဋိသေဓတ္ထ။ အာသဒ္ဒါ-ဓာတွတ္ထာနုဝတ္တက။ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ တားမြစ်သော အနက်ဟောပုဒ်နှောင် ဧဝ ထိုင်နေသောကြောင့် (ဝါ) အသင်္ခါရိကအဖြစ် ပါဠိတော်၌ တိုက်ရိုက်မဟော၍ ယူစရာအနက်မရှိသောကြောင့် ဂဟေတဗ္ဗတ္ထ မရှိ။

၂။ အသင်္ခါကအဖြစ် တိုက်ရိုက်မဟောဟု တားမြစ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ တစ်နည်း—

၁။ ပါဠိတော်၌ အသင်္ခါရိကအဖြစ် တိုက်ရိုက်မဟောဟု အဓိပ္ပာယ်ယူရမည်-ဂဟေတဗ္ဗတ္ထ။

၂။ အသင်္ခါရိကအဖြစ် တိုက်ရိုက် ဟောသည်ကို ပယ်သည် — နိဝတ္တေတဗ္ဗတ္ထ။

၃။ အသင်္ခါရိကအဖြစ် တိုက်ရိုက် မယူသည်၏ အဖြစ်ဟူသော ဂုဏ်သည် (တစ်နည်း) အသင်္ခါရိကအဖြစ်ကို သိရမည်ဒုအနုညာတတ္ထ။

http://www.dhammadownload.com



(ဂ) ဝါကျ။ ကိစ္စာပိသဒ္ဒါ–ဂရဟတ္ထ။ ပနသဒ္ဒါ—အနုဂ္ဂဟတ္ထ- သမ္ဘာဝနတ္ထ၊ သသခါရေနဉ္ဇ—သသဒ္ဒါ–သမုကြိယတ္ထ၊ တုလျယောဂတ္ထ၊ ဝိဇ္ဇမာနတ္ထ။ အဝုတ္တေပိဉ္စ- အ သဒ္ဒါ-ပဋိသေဓတ္ထ။ ပိ (အပိ) သဒ္ဒါ–အရုစိ, (ဝါ) အရုစိသံသူစန, ဂရဟာ အနက်ဟော။

(ဃ) ဝါကျ။ဟိသဒ္ဒါ – ကာရဏတ္ထ၊ ဒဠှီကရဏတ္ထ။ အာဒိတောဝဉ္စ ဧဝ သဒ္ဒါ-အဝဓာရဏတ္ထ။

၁။ မဟောမိ လက်မှန်အစသည် ဂဟေတဗ္ဗတ္ထ။

၂။ ဟောရာ နောက်ကာလသည် နိဝတ္တေတဗ္ဗတ္ထ။

နိယမေတ္တဉ္စ ဝေသဒ္ဒါ–အဝဓာရဏတ္ထ။

၁။ မှတ်ရှ—ဟူသော အနက်သည် (ဝါ) မှတ်ခြင်းကြိယာသည် ဝါ·နိယမေတ္တာ ကြိယာသည်–ဂဟေတဗ္ဗတ္ထ။

၂။ မမှတ်မူရှ ဟူသောအနက်သည် (ဝါ) မမှတ်ခြင်း ကြိယာသည် (ဝါ) အနိယမေတ္တာ ကြိယာသည်-နိဝတ္တေတဗ္ဗတ္ထ။

၃။ မှတ်တတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည်—အနုညာတတ္ထ။

ဣတိသဒ္ဒါ–ဟေတွတ္ထဇောတက။ ဝေံသဒ္ဒါ-နိဒဿနတ္ထ၊ အာကာရတ္ထ၊ ပကာရတ္ထ။ သန္နိဋ္ဌာနံဉ္စ သံသဒ္ဒါ–ဓာတွတ္ထာနုဝတ္တက၊ (တစ်နည်း) သမ္ပာအနက်ဟော။ နိသဒ္ဒါ-အဝဓာရဏတ္ထ၊ ဝိနိစ္ဆယတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(က) ဝါကျ။ တတောဉ္စ တသည် ၄—ပါးသော သောမနဿ သဟဂုတ် စိတ်ကို စွဲ၏။ ဆိုအပ်ပြီးသော လေးပါးသော သောမနဿ သဟဂုတ်စိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅–တန်ထုတ်ပုံ

(ဋ္ဌ-၁၁၂-၃) တို့၌ပါသော ကထိတံ, ဂဟိတံ, ဂဟိထာနိတို့၌ အန္တတ္ထဖြစ်သော ကထဓာတ်, ဂဟဓာတ်တို့၏အရ, ကတ္တုဋ္ဌ ကြိယာအရကား • ဒေသနာဉာဏ်ပြဓာန်း သော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တည်း။

၁။ ထိုဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် သည်....။

၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ဟောသဖြင့်, ယူသဖြင့် ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ အနက်အဓိပ္ပာယ် သိနားလည်ရခြင်း အကျိုးသည်....။

http://www.dhammadownload.com



၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ သိသဖြင့် ကျင့်ခြင်း, ကျင့်သဖြင့် မဂ်-ဖိုလ်-နိဗ္ဗာန် ရခြင်း စသောအကျိုး အဆက်ဆက်တို့သည်....။

[ဗာဟျုတ္တ တပစ္စည်းအရ ပထမ မဟာကုသိုလ်ကို ယူ၍ ထုတ်ပြ။]
ဝေဒိတဗ္ဗော ဝေဒိတဗ္ဗံတို့၌၊ ထုတ်ပုံကို သမယသဒ္ဒါ၏ အတ္ထုဒ္ဒေသအဖွင့်၌ ရှု။

(ဃ) ဝါကျ။ ဒေသေတဗ္ဗံ၌ ဒိသဓာတ်အရ (ထစ်နည်း) ဟောတု ကတ္တုရှ,ကြိယာ အရ—

၁။ ဆန္ဒရှေ့သွားရှိသော ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်သည်....။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, အာသယာနုသယဉာဏ်, ဣန္ဒြိယပရော ပရိယတ္တဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည်....။
၃။ ကာမာဝစရ်ရဲ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-စသော ပထမ မဟာကုသိုလ် စိတ် ဒေသနာဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ ဟောတော်မူခြင်းကြောင့် မဟာကုသိုလ်စိတ် အနက်အဓိပ္ပာယ်ကို သိရ ခြင်း, ကျင့်ရခြင်း, ကျင့်သဖြင့် ဈာန် မဂ် ဖိုလ် ရခြင်း စသော အကျိုးတို့ သည်....။

အာရဘိတ္ဗ် အာပုဗ္ဗ ရဘဓာတ်အရ

၁။ ဝီရိယရှေ့သွားရှိသော ဒေသနာဉာဏ်တော်သည်....။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည်....။
၃။ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ- စသော ပထမ မဟာကုသိုလ် စိတ် ဒေသနာဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ တရားနာရခြင်း, ဈာန်-မဂ်-ဖိုလ်-နိဗ္ဗာန်ရခြင်း စသော အကျိုးတို့သည်။

ကထံ၌ ကရဓာတ်အရ

၁။ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ အဆုံးအဖြတ်ကို အနက်အဓိပ္ပာယ်ကို သိရခြင်းသည်....။
၄။ သဒ္ဒမ္မသဝနစသည်တို့သည်....။
၅ အဆုံးအဖြတ်ကို သိရသဖြင့် ပီတိ ပါမောဇ္ဇ ဖြစ်ခြင်းမှစ၍ နိဗ္ဗာန်တိုင် အောင်သော အကျိုးဆက်တို့သည်....။

http://www.dhammadownload.com



## ဝေဒိတဗ္ဗော ထားရပုံ

(ဂ) ဝါကျ။ ဤ ပဌမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိက အဖြစ်ကို ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် တစ်နည်း–အသင်္ခါရိကအဖြစ်ကို ဆောင်၍ သိအပ်သော နေယျတ္ထဖြစ်သောကြောင့် ဝေဒိတဗ္ဗော ထား၏။

## ဝေဒိတဗ္ဗံထားရပုံ

(ဃ) ဝါကျ။ ဤ အဋ္ဌကထာ၌ ပဌမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ဆုံးဖြတ်ခြင်းကို ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် တစ်နည်း-အသင်္ခါရိကအဖြစ်ကို ဆုံးဖြတ်ရာ၌ ဆောင်၍သိအပ်သော နေယျတ္ထဖြစ်သောကြောင့် ဝေဒိတဗ္ဗံ ထား၏။

## သိဒ္ဓိရနိုင်ပုံ

(က) ဝါကျ။ နှစ်ပါးသော ဉာဏသမ္ပယုတ် စိတ်တို့ကိုသာ ယူရမည်ဟု အနွယကို ဆိုသဖြင့် နှစ်ပါးသော ဉာဏဝိပ္ပယုတ်စိတ်တို့ကို မယူရဟု ဗျတိရိက် အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ၊ အတ္ထာပတ္တိသိဒ္ဓိ မည်၏။

(ဂ) ဝါကျ။ ပဌမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သသင်္ခါရေန ဟူသော ပါဠိအာဂမဖြင့် ပြီးစေအပ်သောကြောင့်၊ (ဝါ) သသင်္ခါရေနဟူသော သဒ္ဒန္တရကို ထောက်၍ သိအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

သမ္မာသမ္ဗုဒ္ဓေါ....ပ....အာရဗ္ဘိ၌–

ဝိရိယပြဓာန်းသော ဒေသနာဉာဏ် ဟူသော အကြောင်းကို ပြသဖြင့် ဈာန်,မဂ်, ဖိုလ်ရခြင်း စသော လောကီ လောကုတ္တရာ အကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိမည်၏။

## နံပါတ် (၉) အတွက် အဓိပ္ပာယ်

ပဌမ မဟာကုသိုလ်စိတ်ကို ပါဠိတော်၌ အသင်္ခါရိကအဖြစ် တိုက်ရိုက် မဟော သော်လည်း အသင်္ခါရိကအဖြစ် သိနိုင်ပုံ–

(ဂ) ဝါကျ၌ ပရတော ပန စသည်ကို ထောက်၍ ပါဠိတော်၌ တိုက်ရိုက် မယူအပ် မဟောအပ် သည်လည်း နောက်ဖြစ်သော ဒုတိယ စိတ္တ နိဒ္ဒေသ၌ သသင်္ခါရေနဟူ၍ ဟောတော်မူခြင်းကြောင့် ဤ ပဌမ စိတ္တနိဒ္ဒေသ၌ အသင်္ခါရေန ဟု တိုက်ရိုက် မဟောငြားသော်လည်း ဤ ပဌမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိက အဖြစ်ကို သိနိုင်၏။

http://www.dhammadownload.com



**အသင်္ခါရိကအဖြစ် ဆုံးဖြတ်နိုင်ခြင်းအကြောင်း—**

(ဃ) ဝါကျရှိ သမ္မာသမ္ဗုဒ္ဓေါ ဟိ စသည်ကို ထောက်၍ ဘုရားရှင်သည် မဟောမိ လက်မွန်အစဉ်ပင်လျှင် ပထမ မဟာကုသိုလ်စိတ်ကို ဝေဖန်၍ ပြခြင်းငှာ ဤ ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သတ်မှတ်၍ ဤ ပထမ မဟာကုသိုလ်စိတ် ဒေသနာကို အားထုတ်တော်မူသည်၏ အဖြစ်ကြောင့် ပထမ မဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို ဆုံးဖြတ်နိုင်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဉာဏသမ္ပယုတ္တာနေဝ ဟူသော ဝုတ္တကံပုဒ်, ဂဟိတာနိဋ္ဌ ဗာဟျတ္ထ တပစ္စည်းတို့အရ—

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် အာရုံ ပစ္စည်းတရားသည် ထိုဂဟိတာနိဋ္ဌ အန္တတ္ထ ဂဟာဓာတ်အရ — ဒေသနာဉာဏ် (ဝါ) ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်-အာ-မိ-ဉပ (၃)။

(ဂ) ဝါကျ။ အသင်္ခါရိကဘာဝေါနှင့် ဝေဒိတဗ္ဗောဋ္ဌ တဗ္ဗပစ္စည်းတို့အရ အသင်္ခါရိက အဖြစ် ဟူသော (ဝါ) အသင်္ခါရိကစိတ် ဟူသော အာရုံသည် ထို ဝေဒိတဗ္ဗောဋ္ဌ ဝိဒဓာတ်အရ-သတိ-ဝီရိယ-ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်-ယထာရဟ-အာ-မိ-ဉပ။ (၃)။

(ဃ) ဝါကျ။ သမ္မာသမ္ဗုဒ္ဓေါ-ဟူသော ကတ္တားပုဒ်အရ—

၁။ ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည် အာရဘိဋ္ဌ အာပုဗ္ဗ ရဘာဓာတ် (ဝါ) အာရဘိ ဟူသော ကြိယာပုဒ်အရ ကျန် နာမက္ခန္ဓာ ၃-ပါးအား.... သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣံ-ဈာ-သံ-ဝိဂ္ဂ-အဝိ (၈)။

၂။ ကတ္တားအရ သညာပစ္စည်း ယူ၍ ကြိယာအရ ကျန် နမ်ခန္ဓာ ၃-ပါး ပစ္စယုပ္ပန်ယူလျှင်-သဟ-ည-နိ-သံ-ဝိဂ္ဂ-အဝိ (၆)။

၃။ ကတ္တားအရ သင်္ခါရပစ္စည်း ယူ၍ ကြိယာအရ ကျန် နာမ်ခန္ဓာ သုံးပါး ပစ္စယုပ္ပန်ယူလျှင် တစ်ပြိုင်နက်-သဟ-ည-နိ-သံ-ဝိဂ္ဂ-အဝိ (၆) ယထာရဟ-ဟေ-မိ-သဟ-ည-နိ-ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ-သံ-ဝိဂ္ဂ-အဝိ (၁၃)

၄။ ကတ္တားအရ—ဝိညာဉ်ပစ္စည်းယူ၍ ကြိယာအရ ကျန် နာမ်ခန္ဓာ သုံးပါး ပစ္စယုပ္ပန်ယူလျှင်—မိ-သဟ-ည-နိ-ဟာ-ဣ-သံ-ဝိဂ္ဂ-အဝိ (၉)။

၅။ ကတ္တားအရ နာမက္ခန္ဓာ ၄-ပါးလုံး ပစ္စည်းယူ၍ ကြိယာအရ နာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်ယူလျှင်—တစ်ပြိုင်နက်-သဟ-နိ—ဝိပ္ပ-ဝိဂ္ဂ-အဝိ (၅) ဤသို့ အသီးသီး ကျေးဇူးပြုပုံ, ပြိုင်ပုံကို အကျဉ်းအားဖြင့် သိ။

http://www.dhammadownload.com



အကျယ်ကို နံပါတ် (၁) နည်းမှီ၍ပြုိင်။] ဣဒံ ဒေသနံဟူသော အဝုတ္တကံ ပုဒ်အရ - ပထမ မဟာကုသိုလ်စိတ် - ဟူသော ဒေသေတဗ္ဗဓမ္မာရုံသည် အာရဘိဒ္ဓ္ဂ အာပုဗ္ဗ ရဘဓာတ်-အရ ဝီရိယ, ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု၏။ ပြိုင် အာ-ဓိ-ဥပ (၃)၊ (တစ်နည်း) အာရဘိဒ္ဓ္ဂ အာပုဗ္ဗ-ရဘဓာတ်အရ ဝီရိယ, ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဣမံ ဒေသနံ အရ-ကာမာဝစရံ ကုသလံ စသော ပထမ မဟာသိုလ် စိတ်၏ ဒေသနာ-ဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင် - ယထာရဟ - ဟေ - ဓိ - သဟ-နိ-ကံ-ဟာ-ဣံ-ဈ-မဂ္ဂ-ဝိပ္ပ-ထိ-အဝိ (၁၂)။

http://www.dhammadownload.com

# ၁၇–ရူပါရမ္မဏာဝါ စသည်အဖွင့်

(က) ဣဒါနိ တမေဝ စိတ္တံ...ပ....အာဒိမာဟ။

(ခ) ဘဂဝါ ဟိ အရူပဓမ္မေ ...ပ ...သရသ ဘာဝေန ဝါ။

(ဂ) စက္ခုသမ္ဘဿော ။ပ။ မနောသမ္ဘဿော။ ....ပ....အရူပဓမ္မာ ဒဿိတာ။

(ဃ) ရူပသညာ ။ပ။ ဓမ္မသညာ၊ ....ပ.... အာရမ္မဏေန။

(င) စက္ခုဥ္စ ပဋိစ္စ ရူပေစ....ပ....ဝတ္ထာရမ္မဏောဟိ။ [ဋ္ဌ-၁၁၃]

### အနက်ထုး

(က) ဝါကျကို ပုဗ္ဗာနုသန္ဓေ, ဒသောတုံ၏ ကရိုဏ်း, ကံ, သမ္ပဒါန်, အာဟ၏ ကတ္တားထည့်စွက်လျက် အနက် သမ္ပန်သော်—

ဇဝ်-ဤသို့၊ မဟာစိတ္တံ - ပထမ မဟာကုသိုလ်စိတ်ကို၊ သောမနဿ သဟဂတန္တိ အာဒိနာ – သောမနဿ သဟဂတံ ဤသို့ အစရှိသော စကားဖြင့်၊ သမ္ပယုတ္တတော - သမ္ပယုတ်အားဖြင့်၊ ဝတွာ—ဟောတော်မူပြီး၍၊' (ပုဗ္ဗာနုသန္ဓေ) ဣဒါနိ-ယခုအခါ၌၊ (အဓိပ္ပာယတ္ထ-ဝါ-ဝေါဟာရတ္ထ) (တစ်နည်း) ဤအခါ၌၊ (သဒ္ဒတ္ထ) (တစ်နည်း) ဉာဏသမ္ပယုတ်အဖြစ်ကို ပြပြီးရာ ယခုအခါ၌၊ (အဓိပ္ပာယတ္ထ) တမေဝ စိတ္တံ-ထိုပထမ မဟာကုသိုလ် စိတ်ကိုသာလျှင်၊ အာရမ္မဏတော-အာရုံအားဖြင့်၊ ရူပါရမ္မဏံ ဝါတိ အာဒိနာ-ရူပါရမ္မဏံဝါ ဤသို့ အစရှိသော စကားဖြင့်၊ (ကရိုဏ်း) သောတုဇနာနံ - သောတုဇနတို့ကို၊ (ကံ) ဒသောတုံ – ပြခြင်းငှာ၊ (တစ်နည်း) သောတုဇနာနံ-သောတုဇနတို့အား၊ (သမ္ပဒါန်) ဒသောတုံ ဗောဓေတုံ-သိစေခြင်းငှာ၊ ရူပါရမ္မဏံဝါတိ အာဒိ-ရူပါရမ္မဏံဝါ ဤသို့အစရှိသော စကားကို၊ ဘဂဝါ-သည်၊ (ကတ္တား) အာဟ-ဟောတော်မူပြီ၊ (ဝါ) ၏။ [နောက်နည်း ပေးရာ၌-ဣဒါနိ အာဟ၊ ရှိက ကေန်၊ ပစ္စုပ္ပန်ကို၊ အမှန်အာဟ ဟောလေမြ-ဟူသော ဘုရားကြီးနိယံ (၂၇) နှင့် ညီစေသည်။ ဒသောတုံ၏ ကတ္တားထည့်ပါဟု ဆိုကလည်း ဘဂဝါပင် ဖြစ်သည်။]

(ခ) ဝါကျ။ သရသဘာဝေနဝါ-မိမိ၏ ကိစ္စ အဖြစ်ဖြင့်မူလည်း၊ (ဝါ) မိမိ၏ ဉာဏ်ဖြင့် သိအပ်သော သဘောဖြင့်မူလည်း။

(ဂ) ဝါကျ။ မနောသမ္ဘဿော-မနောဒွါရ၌ ဖြစ်သော သမ္ဘဿ၊ (မန အရ ဘဝင်စိတ်ဟူသော မနောဒွါရ ဟူသောနည်း) (ဝါ) မနောဒွါရဟူသော အကြောင်း ဝတ္ထုကြောင့် ဖြစ်သော၊ (ဝတ္ထာရမ္မဏောဟိ, ဝတ္ထုနှာတို့၌ပါသော

http://www.dhammadownload.com



ဝတ္ထုသဒ္ဒါကာရဏ ပရိယာယ်-ဟု ရည်ရွယ်သောနည်း။ သို့မဟုတ် မနေသမ္ဗာဿ, မနောဝိညာဏ်တို့၌ မနောဒွါရဟု ဆိုရာဝယ် ဒွါရသဒ္ဒါ ကာရဏပရိယာယ်ဟု ရည်ရွယ်သောနည်း။ ဝါ—မနောဟု ဆိုအပ်သော ဟဒယဝတ္ထုကိုမှီသော သမ္ဗဿ။ (ဟဒယဝတ္ထုကို မနောဟုဆိုသော ဌာနျူပစာရတ္တ။)

(င) ဝါကျ။ ပဋိစ္စ – ရှေးရှုရောက်၍၊ (သဒ္ဒတ္ထ) ဝါ–စွဲမှီ၍၊ (အဓိပ္ပာယတ္ထ) (တစ်နည်း) စွဲ၍၊ (ဝေါဟာရတ္ထ)ဝါ-မှီ၍(အဓိပ္ပာယတ္ထ) တိဏ္ဏံ-သုံးပါးကုန်သော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့၏(ရှေ့တိဏ္ဏံ၌ တိ-သရုပ်ဖော်သည်) သင်္ဂတိ-သင်္ဂတိယာ-ပေါင်းဆုံ ခြင်းကြောင့်၊ (ဟေတွတ္ထ၌ ပထမာသက်) နောက် တိဏ္ဏံ၌-တိဏ္ဏံ-သုံးပါးကုန်သော မနောဒွါရ, ဓမ္မာရုံ, မနောဝိညာဏ်တို့၏။ (ဒဿိတာတို့၏ ကတ္တား ဘာဂဝတာတည်း။)

## ကျမ်းတက်

## ဌပနာပဥ္စက-ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည်၊ ပါဠိတော်၌ ရူပါရမ္မဏံ ဝါ စသော စကားရပ်ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း ဤပထမ မဟာကုသိုလ်စိတ်ကို ရှေး၌ သောမနဿသဟဂတံ စသည်ဖြင့် သမ္ပယုတ်အားဖြင့် ဟောတော်မူပြီးသည် မဟုတ်ပါလော၊ ထိုသို့ဟောပြီး ဖြစ်လေသောကြောင့် ရူပါရမ္မဏံဝါ စသော စကားရပ်ကို ထပ်မံ၍ မဟောသင့်၊ သောမနဿ သဟဂတံ စသည်ဖြင့် သမ္ပယုတ် အားဖြင့်သာ ဟောသင့်၏၊ အဘယ်အားဖြင့် ပြခြင်းအကျိုးငှာ ရူပါရမ္မဏံဝါစသော စကားကို ဘုရားရှင် ထပ်မံ၍ ဟောပါသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဣဒါနိစသော (က) ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား— ထို ပထမ မဟာကုသိုလ်စိတ်ကိုပင် အာရုံအားဖြင့် ပြခြင်းအကျိုးငှာ ရူပါရမ္မဏံဝါ စသော စကားရပ်တို့ ဘုရားရှင် ထပ်မံ၍ ဇဟာတော်မူသည်-ဟူလို။ စောဒနာတက်သော်—ရူပါရမ္မဏံဝါ စသော စကားရပ်ကို ထပ်မံ၍ ဟောသော် (ဝါ) ဟောရာ၌ ဘုရားရှင်အား ပုနရုတ္တိဒေါသသင့်ရာ၏-ဟု ဒေါသတင်တက်၏ အဓိပ္ပာယ်ကား- ထို ပထမ မဟာကုသိုလ်စိတ်ကိုပင် အာရုံအားဖြင့် ပြခြင်းအကျိုးငှာ ရူပါရမ္မဏံဝါ စသော စကားကို ဘုရားရှင် ထပ်မံ၍ ဟောရသောကြောင့်ဘုရားရှင်အား ပုနရုတ္တိ-ဒေါသ မသင့်ရောက်-ဟူလို၊ (ဤကား ပါဠိတော်ကို ဌပနာထား၍ ကျမ်းတက် ပုံတည်း။)

(ဌ) ကို ဌပနာထား၍ ကျမ်းတက်သော်-

ဆရာ, ဆရာသည်၊ ရှေ့၌ ဉာဏသမ္ပယုတ္တံ ပုဒ်နှင့်တကွ အသင်္ခါရိက အဆုံး အဖြတ်ကို ဖွင့်ပြတော်မူ၏။....သော်, ရူပါရမ္မဏံဝါ အစရှိသော ပုဒ်တို့၏ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ....ပ....ရူပါရမ္မဏံဝါ စသော ပုဒ်တို့၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။ စောဒနာတက်လျှင်-အဗျာပိတဒေါသတင်တက်၏

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည်၊ (က) ဝါကျဖြင့် ထိုပထမ မဟာကုသိုလ်စိတ်ကိုပင် အာရုံအားဖြင့် ပြခြင်းငှာ ရူပါရမ္မဏံဝါ စသည်ကို ဟောသော—ဟု ဆိုတော်မူ၏။ (သာမည ဥပနာ)

တစ်နည်း—အတိအကျ ဥပနာထားသော် – (က) ဝါကျ၌ အာရမ္မဏတော ဒဿေတုံဖြင့် အာရုံအားဖြင့် ပြခြင်းငှာ-ဟု ဆိုတော်မူ၏၊ ဤသို့ပင်ဆိုသော်လည်း ဆရာ့စကားသည် ဒဋ္ဌိယမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော....ပ.... ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိ ဒဋ္ဌိကာရဏကိုလည်း ပြဆိုသင့်သေး၏၊ တစ်နည်း-ဤသို့သာဆိုချေသော်, ထိုစကားကို ပြီးစေမြဲစေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကာရဏကို မပြဆိုဟူသော အဝိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....ပ....ထိုစကားကို ပြီးစေမြဲစေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။.... စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည်၊ (ခ) ဝါကျဖြင့် အကျဉ်းသခေ်ကို ပြဆိုတော်မူ၏။....သော်, ထိုအကျဉ်းသခေ်၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည်၊ (ဂ) ဝါကျဖြင့် ဝတ္ထုနှာ၏ အကျယ်ကို ပြဆိုတော်မူ၏၊....သော်, အာရမ္မဏေန၏ အကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည်၊ (ဃ) ဝါကျဖြင့် အာရမ္မဏေန၏အကျယ်ကို ပြဆိုတော်မူ၏။....သော်, ဝတ္ထာရမ္မဏေဟ်၏ အကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ တစ်နည်း-ဝတ္ထာရမ္မဏေဟိ၏ အကျယ်သည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော၊....စသည်။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဤသို့ ဟောချေသော်, ဤပထမ မဟာကုသိုလ်စိတ်ကို ရှေး၌ သောမနဿသဟဂတံ စသည်ဖြင့် သမ္ပယုတ်အား မဟောရသေး ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ စင်စစ်သော်ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့်, ဤ ပထမ မဟာကုသိုလ်စိတ်ကို သောမနဿ သဟဂတံ စသည်ဖြင့် သမ္ပယုတ်အားဖြင့်သာ ဟောသင့်၏၊ ရူပါရမ္မဏံ ဝါ စသည်ဖြင့် အာရုံအားဖြင့် ပြခြင်းငှာ ထပ်၍ မဟောသင့်၊ [စောဒနာ, ပုစ္ဆာ အဓိပ္ပာယ်ပြန် ဥပနာပဋ္ဌက, ကနှင့်တူ၏။] ရှေး (၄) အဖွင့်ကို ဥပနာထား ကျမ်းတက်ဆု၍-ရူပါရမ္မဏံဝါ စသော ပုဒ်တို့၏အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ထိုစကားကို ပြီးစေသတ်သော အသင့်ယုတ္တိ သဘာဝ ဒင္ဂီကရဏ ကို မပြဆိုဟူသော(ဝါ) ဒင္ဂီကရဏမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(ဂ) ဝါကျ။ ထို အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်၊

(ဃ) ဝါကျ။ အာရမ္မဏေန၏ အကျယ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(င) ဝါကျ။ ဝတ္ထာရမ္မဏေဟိ၏ အကျယ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)....ပ....ဝတ္ထာရမ္မဏေဟိ၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

စောဒကပုဂ္ဂိုလ်အလိုအားဖြင့် ရှေး၌ဟောပြီးသော ထိုပထမ မဟာကုသိုလ် စိတ်ကိုပင် ရူပါရမ္မဏံဝါ စသည်ဖြင့် ထပ်၍ဟောခြင်းကြောင့် ဘုရားရှင်၌ (ဝါ) ရူပါရမ္မဏံဝါ စသောစကားရပ်တို့၌ ပုနရုတ္တိဒေါသ သင့်၏။ ကျမ်းဆရာအလိုအားဖြင့် ရူပါရမ္မဏံဝါ စသည်ကို ထပ်၍ ဟောသောကြောင့် ထိုပထမ မဟာကုသိုလ်စိတ်ကို အာရုံအားဖြင့် ပြခြင်းငှာ ထပ်၍ ဟောအပ်သောကြောင့် (တစ်နည်း) အနုသန္ဓေ ဝါကျဖြစ်သောကြောင့် (က) ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။ တစ်နည်း ပါဠိတော်ဖြင့်ပင် အဗျာပိတ, နိရတ္ထက ဒေါသတို့ကို ပယ်၏။ [နိယံပဒဘာဇနီအစ အနုသန္ဓေ ဝါကျအဖွင့်၌ရှု။] တစ်နည်း--ဉာဏသာမ္ပယုတ္တံ ဟူသော ပုဒ်၏အဖွင့်မှတစ်ပါး ရူပါရမ္မဏံ ဝါ စသော ပုဒ်အဖွင့်ကို ပြသော ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် (က)ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်။

(ခ) ဝါကျဖြင့် ဒင္ဂီကရဏ ဝါကျဖြစ်ခြင်းကြောင့် ဒင္ဂီယ, ဒင္ဂီကရဏ ဆန့်ကျင် သော ဝိရောဓိဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် ဝိတ္ထာရဝါကျဖြစ်ခြင်းကြောင့် သခေ်ပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။ တစ်နည်း-မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုး ဖြစ်သောကြောင့် (ဂ) ဝါကျဖြင့် ပုနရုတ္တိဒေါသမရောက်(ဝါ) ပယ်၏၊ ရှေး (ခ) ဝါကျရှိ အာရမ္မဏေန-ဟူသော သခေ်ပစကားကို ထောက်လျှင် (ဂ) ဝါကျသည် ဝိတ္ထာရ ဝါကျဖြစ်သောကြောင့် ဝိရောဓိဒေါသကို ပယ်၏။ ရှေး (ဂ) ဝါကျကို ထောက်လျှင် ဝတ္ထုနာမ၏ အကျယ်မှတစ်ပါး အာရမ္မဏေန၏ အကျယ်ကို ပြသော ဝိတ္ထာရမိဿက ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့် (ဃ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် ဝိရောဓိဒေါသပယ်ပုံ, အဗျာပိတဒေါသ ပယ်ပုံတို့ကို နည်းမှီသိ။

http://www.dhammadownload.com



## နိပါတ်ပုဒ်များ ထားရပုံ

(က) ဝါကျ။ ဝိကပ္ပန, သမုစ္စည်း, အနိယမ အနက်တို့ကို ပြလိုသောကြောင့် တစ်နည်း-ပါဠိတော်ဝယ် နောက်၌ဆိုလတ္တံ့သော သဒ္ဒါရှိစသော အနက်အကြောင်းမှတစ်ပါး ရူပ ါရှိဟူသော အနက်အကြောင်းကို လဲလိုသောကြောင့် ပါဠိတော်ဝယ် ရူပါရမ္မဏံဝါ၌ ဝါသဒ္ဒါထား၏။

(ခ) ဝါကျ။ ရှေးဒဋ္ဌိယကို ခိုင်မြဲစေလိုသောကြောင့် (ဝါ) ဒဠှီကရဏဇောတကအဖြစ်ကို ပြလိုသောကြောင့် ဟိသဒ္ဒါထား၏။

အနိယမအနက်, ဝိကပ္ပနအနက်တို့ကို ပြလိုသောကြောင့် ဝါသဒ္ဒါ ၃-ခုထား၏။ တစ်နည်း—ဆိုလတ္တံ့သော အာရုံအနက်,အကြောင်း,သရသ ဘာဝအနက်အကြောင်းတို့မှတစ်ပါး ဝတ္ထုသက်သက် အနက်အကြောင်းကို လဲလိုသောကြောင့် ဝတ္ထုနာဝါ၌ ဝါသဒ္ဒါထား၏၊ ဝတ္ထုသက်သက် အနက်အကြောင်းမှတစ်ပါး အာရုံသက်သက် အနက်အကြောင်းကို လဲလိုသောကြောင့် အာရမ္မဏောဝါ၌ ဝါသဒ္ဒါထား၏။

(နောက်ဝါသဒ္ဒါနှစ်ခု လဲလှယ်ပုံကိုလည်း နည်းမှီသိ။)

(ဂ) ဝါကျ။ ရှေ့သခ်ေပကို ချဲ့ပြလိုသောကြောင့် (ဝါ) ဝိတ္ထာရဇောတက အဖြစ်ကို ပြလိုသောကြောင့် ဟိသဒ္ဒါထား၏။

(ဃ) ဝါကျ။ သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် စက္ခုံ စ ရူပေ စ ဓမ္မေ စ တို့၌ စသဒ္ဒါတို့ကို ထား၏။ တစ်နည်း-ဆိုလတ္တံ့သော ရူပါရုံ အနက်အကြောင်းမှတစ်ပါး စက္ခုပသာဒအနက်အကြောင်းကို လဲလိုသောကြောင့် စက္ခုံစ၌ စသဒ္ဒါထား၏၊ စက္ခုပသာဒ အနက်အကြောင်းမှတစ်ပါး ရူပါရုံအနက် အကြောင်းကို လဲလိုသောကြောင့် ရူပေစ၌ စသဒ္ဒါထား၏၊ (မနဥ္စ ဓမ္မေစတို့၌ စသဒ္ဒါများ ထားပုံကိုလည်း နည်းမှီသိ။)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ ဒသိယတေ ဒဿေတုံ (တဿ ဒဿေတုံ) [မဏိမဥ္ဇူ-ပ၊ ၃၃]

၁။ ဒသ်-သေ-တုံ ဟူသော အံစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏အကြောင်းဖြစ်သော ဒိသဓာတ် ဏေပစ္စည်း, တုံပစ္စည်း၊ ပြခြင်း ကြိယာသည်....။

၃။ ဒဿေတုံဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏အကြောင်းဖြစ်သော ပြခြင်းကြိယာသည်....။ (အဘိဓာန်ဋီကာနည်း)

ရှာနံ့ဒုဂုဏ်ရည် (၃၀)

http://www.dhammadownload.com



ရူပယတိ ပကာသေတိ အတ္တနော သဘာဝန္တိ ရူပံ။

အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ။

၂။ ထို၏အကြောင်းဖြစ်သော အဆင်း၏ အာရုံနှင့် ဝိသေသန ဝိသေသျ ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ရူပါရုံတို့၏ တစ်ခုသည် ....ပ....ဇာတ်သည်။

(ခ) ဝါကျ။ ဝတ္ထုနာဒ္ဓ ဝတ္ထုအရ ပသာဒရုပ်ကို ကောက်ရာ၌ ဝသန္တိ ဧတ္ထာတိ ဝတ္ထု။(ဘေန)ဟု ပြု၊ ဝသဓာတ် ရတ္ထုပစ္စည်း၊ မှီနေခြင်းကြိယာ။ တစ်နည်း-မနောဒွါရကို ဝတ္ထုဟုဆိုရာ၌ ဝသန္တိ ဧတ္ထာတိ ဝတ္ထု။ (အစိတ်) ဝတ္ထုဝိယာတိ ဝတ္ထု။ (တေန) (အပေါင်း)

၂။ ထို၏ အကြောင်းဖြစ်သော ပသာဒဝတ္ထု၏ မနောဒွါရနှင့် ဥပမာန ဥပမေယျ၊ သဒိသ သဒိသီ....စပ်....

၄။ ထို၏အကြောင်းဖြစ်သော ပသာဒဝတ္ထုနှင့် တူခြင်း ကြိယာသည်။

တစ်နည်း-ဝတ္ထုတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

ရသိတဗ္ဗော ဝိညာတဗ္ဗောတိ ရသော။ အတ္တနော ရသော သရသော။ တစ်နည်း-သကော ရသော သရသော။ ဘဝနံ ဘာဝေါ။ ဘဝတီတိ ဝါ ဘာဝေါ။ သရသော ဘာဝေါ သရသဘာဝေါ။ တစ်နည်း-သရသောစ သော ဘာဝေါစာတိ သရသဘာဝေါ။ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော (မိမိဉာဏ်ဖြင့်) သိအပ်သည်၏ သဘောနှင့် ဝိသေသန ဝိသေသျ, ဂုဏ် ဂုဏော....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော (မိမိ ဉာဏ်ဖြင့်)သိအပ်သော သဘော ဟူသော ဂုဏ်သည်....။

တစ်နည်း-ရသီယတိ နိပ္ဖါဒီယတီတိ ရသော။ အတ္တနော ရသော သရသော။ ဘဝနံ ဘာဝေါ။ သရသော ဘာဝေါ သရသဘာဝေါ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော မိမိကိစ္စ၏ အဖြစ်နှင့် ဂုဏော ဂုဏ်....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော မိမိကိစ္စ၏ အဖြစ်ဟူသော ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

အာဒိ—(ဝစနံဟူသော အဘိဓေယျကို ငဲ့၍) နပုလ္လိင်။ တစ်နည်း- (မငဲ့လျှင်-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ (ဝါ) ကိတ်နာမ်ပုဒ်၊ အာဟ အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ဖြူဓာတ်ဖြစ်သောကြောင့်) ဥကာရန္တ၊ အာချာတပဒ။ [ဖြူ အ အ (တိ)] ဘဂဝါ-ပုလ္လိင်၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ၊ တစ်နည်း-[(ပ)၌ ဂုဏ

http://www.dhammadownload.com



ဝါဒိဂိုဏ်းပုဒ်များကို အ ကာရန္တဟု ဆိုသောကြောင့်] အ ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။ ဒသေယန္တော-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ ကာရန္တ၊ ကိတ်နာမ်ပုဒ်။ ဝတ္ထုနော-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ်နာမ်ပုဒ်။ ဒသေတိ-အလိင်၊ နေဝါဒိကရဏဂိုဏ်း၊ တစ်နည်း–ဘူဝါဒိဂိုဏ်း၊ (ဒိသဓာတ်ဖြစ်သောကြောင့်) အ ကာရန္တ၊ အာချာတပဒ။ [ဒိသ ဏေ တိ] စက္ခုသမ္ဖဿပုဒ်လုံးကို ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ စက္ခုကား– နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ်နာမ်ပုဒ်။ စက္ခုသမ္ဖဿဇာ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ သမာသနာမပဒ။ ဒဿိတာ - ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အ ကာရန္တ၊ ကိတ်နာမ်ပုဒ်။ ပဋိစ္စ-အလိင်၊ ဂဏဝိမုတ်၊ အ ကာရန္တ၊ နိပါတပဒ၊ တစ်နည်း– ကိတပဒ။ တိဏ္ဏံ (စက္ခုရူပစက္ခုဝိညာဏာနံ – ဟုစွဲလျှင်) နပုလ္လိင်၊ တစ်နည်း–(ဓမ္မာနံဟု သာ မညစွဲလျှင်) ပုလ္လိင်၊ သဗ္ဗနာမပဒ။ဣကာရန္တ၊သင်္ချာနာမပဒ၊ သင်္ဂတိ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ ဖြင့် ယခုအခါ၌ ထိုပထမ မဟာကုသိုလ်စိတ်ကိုပင် အာရုံအားဖြင့် ပြခြင်းငှာ ရူပါရမ္မဏံဝါစသော စကားရပ်ကို ဟောတော်မူပြီ-ဟူသော အဓိပ္ပာယ်ကို (ဝါ) အနုသန္ဓေ ကျမ်းတက် အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဟိဖြင့် ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထဘာဝတ္ထ)ကြွင်းသော(ခ)ဝါကျဖြင့် အာရမ္မဏာဘော ဒသေတုံဟူသော ရှေးဒဠှီယကို ခိုင်မြဲအောင်ပြုသော ဒဠှီကရဏအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ-ဃ-င) ဝါကျ။ ဟိဖြင့် ဝိတ္ထာရတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထဘာဝတ္ထ) ကြွင်းသော (ဂ-ဃ-င) ဝါကျတို့ဖြင့် ရှေးသခေ်ပ၏ ဝိတ္ထာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ထိုထွင် (ဂ) ဝါကျဖြင့် ရှေး၌ဆိုခဲ့သော ဝတ္ထုနာဟူသော သခေ်ပ၏ အကျယ်ဝိတ္ထာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျ။ ရှေး၌ဆိုခဲ့သော အာရမ္မဏေနဟူသော သခေ်ပ၏ ဝိတ္ထာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(င) ဝါကျဖြင့် ရှေး၌ဆိုခဲ့သော ဝတ္ထာရမ္မဏောဟိ ဟူသော သခေ်ပ၏ အကျယ်ဝိတ္ထာရကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ တမေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ပထမ မဟာကုသိုလ်စိတ်သည် ဂဟေတဗ္ဗတ္ထ။

၂။ ဒုတိယ မဟာကုသိုလ်စိတ် စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ပြတတ်, ဟောတတ်သည်၏ အဖြစ်ဟူသောဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



ပါဠိတော်ဝယ် ရူပါရမ္မဏံဝါ၌ ဝါသဒ္ဒါ, ဝိကပ္ပနတ္ထ, သမုစ္စယတ္ထ, အနိယမတ္ထ။ ဣတိသဒ္ဒါ-နိဒဿနတ္ထ, ပဒတ္ထဝိပလ္လာသတ္ထ။

(ခ)ဝါကျ။ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ။ အရူပဓမ္မာ၌ အသဒ္ဒါ ပဋိသေဓတ္ထ ဝိရဟတ္ထ။ ဝတ္ထုနာဝါ စသည်၌ လေးပုဒ် အနိယမတ္ထ, ဝိကပ္ပနတ္ထ။

[ဆောင်] ၁။ သော်လည်းဝိကပ်၊ သော်မပါလတ်၊ မှတ်လေ သမုစ္စည်း။
၂။ သော်လည်းဝိကပ်၊ အနိယမတ္ထ-မှုလည်း၊ သီးသီးရုံခါ၊ အနိယမတ္ထာ ဆိုသတည်း။

(ဂ) ဝါကျ။ ဝိညာဏံ၌ ဝိသဒ္ဒါ ဝိသေသတ္ထ, ဝိသိဋ္ဌတ္ထ။ ဟိသဒ္ဒါ ဝိတ္ထာရတ္ထ။

(ဃ) ဝါကျ။ သညာတို့၌ သံသဒ္ဒါ ဓာတွတ္ထဝိသေသက, (တစ်နည်း) သညာဏကရဏတ္ထ၊ အဘိညာဏတ္ထ။ လက္ခဏတ္ထ။

(င) ဝါကျ။ စသဒ္ဒါလေးလုံး သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

[အမှာ၊ ယောဇနာအလို (ဃ) ဝါကျ၌ ဓမ္မသင်္ဂြေတနာတိအာဒီသု ဟိ (င) ဝါကျ၌ ဖဿောတိအာဒီသု ဟိ ဟု ပါဌ်ရှိစေ၊ ထို၌ ဟိ ၂ ပုဒ်လုံး ဝေသဒ္ဒတ္ထ (ဝါ) အဝဓာရဏတ္ထ။]

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(က) ဝါကျ။ တမေဝ၌ တသည် ပဌမ မဟာကုသိုလ်စိတ်ကို စွဲ၍၊ စိတ္တံဟု အစွဲတိုက်ရိုက်ရှိသောကြောင့်ပင် ပသိဒ္ဓဝိသယ။ တစ်နည်း ဆိုအပ်ပြီးသော ပဌမ မဟာကုသိုလ်စိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျ။ ဧွတိဏ္ဏံ၌ တိသည် စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့ကို စွဲ၍၊ ဆိုခဲ့ပြီးသော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ တမေဝ စိတ္တံ အရ ပဌမ မဟာကုသိုလ်စိတ်ကို ယူ၍ထုတ်မြဲ။ ဒသောတို့၌ ထုတ်ပုံကို ဤဒုတိယအုပ် ပဒဘာဇန် အစ အနုသန္ဓေဝါကျအဖွင့်၌ ရှု။ အာဟ၌ ထုတ်ပုံကို ပဌမအုပ်စည်းမျဉ်းအဖြေ၌ရှု။ ဤဒဿေတုံ အာဟတို့၌ ဝဓိဘောဒသဒ္ဒကို ထုတ်ရာပယ် ရူပါရမ္မဏံဝါ စသော ဝဓိဘောဒသဒ္ဒဟူသော တရား ဒေသနာကို ထုတ်ပါ။

http://www.dhammadownload.com



(ခ) ဝါကျ။ ဒသောန္တော ဒသောတိတို့၌ ဒိသခေါတ်အရ တစ်နည်း—ပေတု ကတ္တုဌ ကြိယာအရ (ဝါ) ဓာတ်စွဲနည်းအရ-

၁။ ဒေသနာဉာဏ်သည်....။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ နာမ်တရား ဒေသနာ့တည်းဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ တရားနာခြင်း, ဈာန်-မဂ်-ဖိုလ်-နိဗ္ဗာန်ရခြင်းတို့သည်....။

တစ်နည်းခွဲ၍ထုတ်သော်—

ဒသောန္တော-ဒသောတိ၌ အန္တတ္ထဒိသခေါတ်, သုဒ္ဓကတ္တုဌ ကြိယာအရ—

၁။ သောတုဇနတို့၏ ဉာဏ်သည် (ဝါ) သောတုဇနတို့၏ ဉာဏ်မြခေါန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ သိမြင်သည့်အတိုင်း ကျင့်ခြင်းပဋိပတ်သည်....။
၄။ သဒ္ဓမ္မသဝန စသည်တို့သည်....။
၅။ ကျင့်သဖြင့် ဈာန် မဂ် ဖိုလ် နိဗ္ဗာန်ရခြင်းတို့သည်....။

ဟေတုကတ္တုဌ ဓာတ်စွဲနည်းအရ - ယခင် ရှေးဦးစွာ ထုတ်သော နည်းအတိုင်း ထုတ်ပါ၊ [ဒသောတိ၌ ဂဏ္ဌိအလို သောတုဇနတို့၏ ဉာဏ်ပညာ ကောက်ရကြောင်း ပဒဘာဇနီ အစအဖွင့်၌ ရှု။]

(ဂ) ဝါကျ။ ဒသိဘာ၌ အန္တတ္ထဒိသခေါက်အရ ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ။ တပစ္စည်းနှင့် အရူပမမွဲ ဟူသော ကံပုဒ်တို့အရ နာမ်တရား ဒေသနာ ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ ထုတ်မြဲ။

## သိဒ္ဓိရနိုင်ပုံ

(က) ဝါကျ၌ ပရိကပ္ပသိဒ္ဓိ ရနိုင်ပုံကို ရှေးအသခါရိက မပေါခြင်းအဖွင့် (ဿ) ဝါကျအတိုင်းသိ။

ထို (က) ဝါကျ၌ တဓမ္မစိတ္တံဝယ် ထို ပထမ မဟာကုသိုလ်စိတ်ကိုပင် အာရုံ အားဖြင့် ပြုခြင်းငှာ ရူပါရမ္မဏံဝါ စသည်ကို ဟောသည်ဟု အနွယကို ဆိုသဖြင့် ဒုတိယ မဟာကုသိုလ်စိတ် စသည်ကို ဟောသည်မဟုတ်ဟု ဗျတိရိက် အနက် အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ၊ အတ္ထာပတ္တိသိဒ္ဓိ မည်၏။

(ခ) ဝါကျ။ ရှေးဒွိဋ္ဌိယကို ယုတ္တိဒဋ္ဌိကရဏဖြင့် ဝါ-အတ္ထယုတ္တိဖြင့် ပြီးစေခိုင်မြဲ စေသောကြောင့် (ဉပက) သိဒ္ဓေယျသိဒ္ဓိမည်၏။

http://www.dhammadownload.com



တစ်နည်း—ယုတ္တိသဘာဝ ဒဋ္ဌီကရဏဝါကျ ဖြစ်ခြင်းကြောင့် ပစ္စက္ခသိဒ္ဓိရနိုင်၏။

(ဂ) ဝါကျ။ ဝတ္ထုဖြင့် နာမ်တရားတို့ကို ဟောသည်အဖြစ်ကို စက္ခု သမ္ဖဿော စသော ဤအာဂမ—သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့်၊ ဝါ စက္ခုသမ္ဖဿော စသော ဤပါဠိတော် ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

(ဃ) ဝါကျ။ အာရုံဖြင့် နာမ်တရားတို့ကို ပြသည်အဖြစ်ကို ရူပေ သညာ စသော အာဂမ သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

(င) ဝါကျ၊ ဝတ္ထုအာရုံတို့ဖြင့် နာမ်တရားတို့ကို ပြသည်အဖြစ်ကို စက္ခုံ စ ပဋိစ္စ-စသော အာဂမ ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

## နံပါတ် (၉)အတွက် အဓိပ္ပာယ် အဆုံးအဖြတ်

မေး။ ။စက္ခုသမ္ဖဿော ။ပ။ ကာယသမ္ဖဿော။ စက္ခုဝိညာဏံ ။ပ။ ကာယ ဝိညာဏံတို့၌ စက္ခုပသာဒ စသည်တို့သည် ဝတ္ထုစင်စစ်ဖြစ်သောကြောင့် "ဝတ္ထုနာ အရူပဓမ္မာ ဒဿိတာ"-ဟူသော စကားသည် သင့်တန်စေ,မနောသမ္ဖဿော မနော- ဝိညာဏံတို့၌ မနောသည် ဝတ္ထုမဟုတ် ဒွါရသာ ဖြစ်ခဲ့ရကား အသို့သင့်အံ့နည်း။

ဖြေ။ ။စက္ခုသမ္ဖဿော, စက္ခုဝိညာဏံ-စသည်၌ ပသာဒရုပ်ဖြစ်သော ဝတ္ထု စစ်ကို ဝတ္ထု-ဟု ဆိုပါသည်။ မနောသမ္ဖဿော, မနောဝိညာဏံ-စသည်တို့၌ကား မနောဒွါရကိုပင် ဝတ္ထုဟု ဆိုသည်ဖြစ်၍ သင့်ပါသည်။

[မနောဝိညာဏန္တိ ဧတ္ထ ဒွါရံ ဝတ္ထူတိ ဝုတ္တံ—ဋီ- ဗ၉။]

ဝိနိစ္ဆယ။ ။မနောသမ္ဖဿော, မနောဝိညာဏံတို့၌ (မမနောသမ္ဖဿ) မနော ဝိညာဏနှင့် မဆန့်ကျင်အောင် မနောဒွါရကို ဝတ္ထုဟု ယူရပါသည်။ (ဝါ) မနောဒွါရ၏ မှီရာဖြစ်သော ဟဒယဝတ္ထုကိုလည်း "ကုန္တာ ပစရန္တိ" စသည်ကဲ့သို့ ဌာနျူပစာအားဖြင့် ဝတ္ထုဟု ယူရပါသည်။ [ဂဏ္ဌိ-၂၅၃]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဣဒါနိ အရ ကာလပညတ် ပစ္စည်းတရားသည် ဒသောတုံ, အာဟတို့အရ ဒေသနာဉာဏ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်—မရှိ။ တမေဝ စိတ္တံ အရ—ပဌမ မဟာကုသိုလ်စိတ်သည် ဒသောတုံ, အာဟ တို့အရ-ဒေသနာဉာဏ်အား အာရမ္မဏ....ပြု၏။ ပြိုင်—အာ-မိ-ဥပ (၃)၊ အာဟ၌ အန္တတ္ထပြုဓာတ်အရ – ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ရူပါရမ္မဏံ ဝါတိ အာဒိ အရ-ရူပါရမ္မဏံ ဝါ စသော ဝစီဘေဒ သဒ္ဒရုပ်အားသဟ-ပြု၏။ ပြိုင်-ယထာရဟ-ဟေ-မိ-သဟ-နိ-ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ- ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

http://www.dhammadownload.com



(ခ) ဝါကျ။ [ ဘဂဝါ ကတ္တားနှင့် ဒဿေတိ ကြိယာတို့အရ—သဟ....မျိုး ပြိုင်ပုံကို ရှေးအသင်္ခါရိက မဒဟာခြင်းအဖွင့် (ဃ) ဝါကျ သမ္မာသမ္ဗုဒ္ဓေါ အာရဘိတွာ ပြိုင်ပုံအတိုင်း နည်းမှီသိ။] အရှူပဓမ္မံ အရ-နာမ်တရားသည် ဒဿေန္တော-ဒဿေတိ တို့၌ ဒိသဓာတ်အရ-ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား (ဝါ) သောတုဇနတို့၏ ဉာဏ်ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြုံ၏။ ပြိုင်-အာ-မိ-ဥပ (၃)။

(ဂ) ဝါကျ။ စက္ခုသမ္ဖဿောဘ၌ စက္ခုအရ-စက္ခုဝတ္ထုသည် သမ္ဖဿောအရ-ဖဿ စေတသိက်အား ဝတ္ထုပုရေဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်-နိ-ပု-ဣ-ဝိပ္ပ-ထ္တိ-အဝိ (၆)။ မနောသမ္ဖဿော၌ မနောအရ-ဌာနျုပစာရအားဖြင့် ယဒယဝတ္ထုသည် သမ္ဖဿောအရ-ဖဿ စေတသိက်အား ဝတ္ထုပုရေဇာတ....ပြု၏။ ပြိုင်—နိ-ပု-ဝိပ္ပ-ထ္တိ-အဝိ (၅)။ စက္ခုသမ္ဖဿဇာ ဝေဒနာ၌—စက္ခုသမ္ဖဿ အရ-ဖဿ စေတသိက်သည် ဇာအရ, ဝေဒနာအရ ဝေဒနာစေတသိက်အား သဟ....ပြု၏။ ပြိုင်-သဟ-နိ-ဟာ-သံ-ထ္တိ-အဝိ (၇)။ စက္ခုဝိညာဏ၌ စက္ခုအရ-စက္ခုပသာဒ ရုပ်သည် ဝိညာဏံအရ – စက္ခုဝိညာဏ်အား ပုရေဇာတ....ပြု၏။ ပြိုင်-နိ-ပု-ဣ-ဝိပ္ပ-ထ္တိ-အဝိ (၆)။ အရှူပဓမ္မာနှင့် ဒဿိတာ၌ တပစ္စည်းတို့အရ-နာမ်တရားသည် ထိုဒဿိတာ၌ ဒိသဓာတ်နှင့် ယေတုကတ္တုဋ္ဌ ကြိယာတို့အရ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား (ဝါ) ဒေသနာဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်-အာ-မိ-ဥပ (၃)။

(ဃ) ဝါကျ။ ရူပ အရ – ရူပါရုံသည် သညာအရ – သညာစေတသိက်အား အာရမ္မဏ....ပြု၏။ ပြိုင် – ယထာရဟ - အာ - မိ-နိ - ဥပ - ပု-ဝိပ္ပ-ထ္တိ-အဝိ (ဂ)။ ဓမ္မသညာ၌ ဓမ္မာရုံယူ၍ ပြိုင်ပါ၊ ရူပါသဉ္စေတနာ ဓမ္မသဉ္စေတနာတို့၌ ရူပါရုံ, ဓမ္မာရုံ, ပစ္စည်းယူ၍ စေတနာ ပစ္စယုပ္ပန်ယူပြီးလျှင် ယခင်အတိုင်းအာရမ္မဏ....မျိုးပြိုင်။

(င) ဝါကျ။ စက္ခုံအရ-စက္ခုဝတ္ထုသည် စက္ခုဝိညာဏံအရ-စက္ခုဝိညာဏ်အား ဝတ္ထုပုရေဇာတ ပြု၏။ ပြိုင်-နိ-ပု-ဣ-ဝိပ္ပ-ထ္တိ-အဝိ (၆)၊ ရူပေအရ ရူပါရုံသည်၊ စက္ခုဝိညာဏံ အရ – စက္ခုဝိညာဏ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-ပု-ထ္တိ-အဝိ (၄)။ စက္ခုဝိညာဏံအရ-စက္ခုဝိညာဏ် ပစ္စည်းတရားသည် ဥပ္ပဇ္ဇတိအရ-သမ္ပယုတ် ဖြစ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်-သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ပေါင်း (၉) ပစ္စည်း။

http://www.dhammadownload.com

# ၁၈-ရူပါရမ္မဏံ စသည်အဖွင့်

(က) တတ္ထ စတုသမုဋ္ဌာနံ အတီတာနာဂတပစ္စုပ္ပန္နံ ရူပမေဝ ရူပါရမ္မဏံ။

(ခ) ဒွိသမုဋ္ဌာနော အတီတာနာဂတပစ္စုပ္ပန္နော သဒ္ဒေါဝ သဒ္ဒါရမ္မဏံ။

(ဂ) စတုသမုဋ္ဌာနော အတီတာနာဂတပစ္စုပ္ပန္နော ဂန္ဓောဝ ဂန္ဓာရမ္မဏံ။

(ဃ) စတုသမုဋ္ဌာနော အတီတာနာဂတပစ္စုပ္ပန္နော ရသောဝ ရသာရမ္မဏံ။

(င) စတုသမုဋ္ဌာနံ အတီတာနာဂတပစ္စုပ္ပန္နံ ဖောဋ္ဌဗ္ဗမေဝ ဖောဋ္ဌဗ္ဗာရမ္မဏံ။

(စ) ဧကသမုဋ္ဌာနာ....ပ....ဓမ္မာယေဝ ဓမ္မာရမ္မဏံ။

(ဆ) ယေ ပန အနာပါထဂတာ... ပ....ပဋိကွိပိတဗ္ဗာ။ [ဌ-၁၁၃]

## အနက်ထူး

(က) ဝါကျ။ တတ္ထ၊ ထိုရူပါရုံစသည်တို့တွင်။ ဝါ၊ ထိုရူပါရမ္မဏံ အစရှိသော စကားရပ်၌။ စတုသမုဋ္ဌာနံ၊ ကံ, စိတ်, ဥတု, အာဟာရဟု ဆိုအပ်သော ၄-ပါးသော အကြောင်းကြောင့်ဖြစ်သော (တပ္ပုရိသ်)။ ဝါ-ကံ စိတ် ဥတု အာဟာရအားဖြင့် လေးပါးသော ဖြစ်ကြောင်းရှိသော (ဗဟုဗ္ဗိဟိ)

(ဆ) ဝါကျ။ ပန-အယူထူးကိုဆိုအံ့။ ဝါ၊ ဝါဒန္တရကား။ ယေ(အာစရိယာ)၊ အကြင်ဆရာတို့သည်။ အနာပါထဂတာ၊ စက္ခုစသည်တို့အား ထင်ခြင်းသို့ မရောက်ကုန်သော။ ဝါ၊ စက္ခုစသည်တို့၏ ကျက်စားရာ အာရုံ၏ အဖြစ်သို့ မရောက်ကုန်သော။ (အနာထဂတာတိ စက္ခာဒီနံ အဂေါစရတာ၊ ဋီကာ-၄၉) တစ်နည်း-အနာပါထဂတာ၊ ရှေးရှုကျခြင်းသို့ မရောက်ကုန်သော။ ရူပါဒယောပိ-ရူပါရုံစသော ပဉ္စာရုံတို့ကိုလည်း။ ဓမ္မာရမ္မဏမိစ္စေဝ၊ ဓမ္မာရုံဟူ၍သာလျှင်။ တစ်နည်း-ဓမ္မာရမ္မဏံ၊ ဓမ္မာရုံတည်း။ ဣစ္စေဝ၊ ဤသို့သာ။ ဝဒန္တိ၊ ဆိုကြကုန်၏။ တေ (အာစရိယာ)၊ တို့ကို။ ဣမိနာ သုတ္တေန၊ ဤဆိုလတ္တံ့သောသုတ်ဖြင့်။ ပဋိက္ခိတေန၊ သည်။ (ကတ္တား) ပဋိက္ခိပိတဗ္ဗာ၊ ပယ်အပ်လေကုန်၏၊ ဝါ၊ ပယ်ထိုက်ကုန်၏။ ဝါ၊ ပယ်သင့်ကုန်၏။ ဝါ၊ ပယ်ချကြပါလေ။

## ကျမ်းတက်

### ဌာပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ရူပါရမ္မဏံ-ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ထိုရူပါရမ္မဏံပုဒ်ကို ဒွန်သမာသ် ဝစနတ္ထစသည် ပြုရမည်ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ထိုသို့

http://www.dhammadownload.com



ရောက်ရာလေသောကြောင့်။ ရူပါရမ္မဏံ- ဟူ၍သာ မဆိုသင့်၊ ထို ရူပါရမ္မဏ်၌ ဖြစ်သင့်သော (အဝဓာရဏ ကမ္မဓာရည်း) သမာသ် ဝစနတ္တကိုလည်း ပြဆိုသင့်သေး၏။ ရူပါရမ္မဏံ ဖြစ်သင့်သော သမာသ် ဝစနတ္တကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် က–ဝါကျကို, ဝါ-ရူပမေဝ ရူပါရမ္မဏံကို မှီ၍။ အဓိပ္ပာယ်ကား - ရူပါရမ္မဏံပုဒ်ကို အဝဓာရဏကမ္မဓာရည်း သမာသ် ဝစနတ္တ ပြုရသည်။ ဝါ- ပြုပါ ဟူလို။ စောဒနာတက်လျှင်-ရူပါရမ္မဏံပုဒ်၌ ဖြစ်သင့်သော သမာသ်ဝစနတ္တကို မပြဆိုခဲ့သော် မြတ်စွာဘုရားအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု ဒေါသာရောပန စောဒနာတင်တက်။ အဓိပ္ပာယ်ကား - က-ဝါဖြင့်။ ဝါ–ရူပမေဝ ရူပါရမ္မဏံဖြင့် ရူပါရမ္မဏ်၌ ဖြစ်သင့်သော အဝဓာရဏ-ကမ္မဓာရည်း သမာသ်ဝစနတ္တကို ပြဆိုသောကြောင့်....ပ....ဟူလို။ ဤကား-ပါဠိတော်ကိုငဲ့၍ (သို့မဟုတ်) ရူပမေဝကို ငဲ့၍ ကျမ်းတက်ခြင်းတည်း။

တစ်နည်း-စတု....ပ....ပစ္စုပ္ပန္နံကို ငဲ့၍ တက်သော်—

ဆရာ, မြတ်စွာဘုရားသည်-ရူပါရမ္မဏ်၌ ရူပပုဒ်ကို ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ရူပအရ ရူပါရုံမှတစ်ပါး ကြွင်းသော (ကလာပ်ဖော်) ရုပ်နှင့် သတ္တ, ဇီဝ စသည်ကို ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။ အဓိပ္ပာယ်ကား–ရူပအရ စတုသမုဋ္ဌာန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရူပါရမ္မဏ (ရူပါရုံ) ကို ယူရမည်ဟု စတု...ပ....ပစ္စုပ္ပန္နံဖြင့် ပြဆို၏-ယူလိုသော်။ တစ်နည်း-ဆရာ, ဆရာသည် ရှေ့၌ ဣဒါနိ တမေဝ....ပ....ရူပါရမ္မဏံဝါတိ အာဒိ-မာဟာစသည်ဖြင့် သမုဒါယတ္ထကို မိန့်တော်မူ၏၊....သော်, အဝယဝတ္ထကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ဝါ၊ အဝယဝတ္ထကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် ရူပါရမ္မဏံပုဒ်ကို ဖွင့်ပြတော်မူ၏၊ သော်, သဒ္ဒါရမ္မဏံပုဒ်၏အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော.... စသည်။ စောဒနာတက်လျှင်- အဗျာပိတဒေါသတင်။ ဂ–ဝါကျစသည်ကိုလည်း ဤ ခ—ဝါကျနည်းမှီကျမ်းတက်။

(ဆ) ဝါကျ။ ဆရာ, ဆရာသည် စ-ဝါကျဖြင့် ဓမ္မာရမ္မဏံပုဒ်အရကို၊ ဝါ-ဓမ္မာရုံအရကို ပြဆိုတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, အယူဝါဒအထူး (ဝါဒန္တရ) ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း–ဓမ္မာရုံအရ ဆရာအားလုံးပင် ဤကဲ့သို့ယူကြသည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....စသည်။ စောဒနာတက်လျှင် အဗျာပိတဒေါသတင်။

http://www.dhammadownload.com



ထိုဆ-ဝါကျတွင် တေ ဣမိနာ စသည်တို့သို့ ကျမ်းတက်သော်– ဆရာ, ဆရာသည် ယေ ပန စသည်ဖြင့် အချို့ ဆရာတို့၏ အယူဝါဒကို ပြဆိုဘော်မူ၏။....သော်, ထိုဆရာတို့၏ အယူဝါဒကို လက်ခံမှတ်သားရမည်-ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....လက်မခံ ပယ်ချရမည်ကိုလည်း ပြဆိုသင့်သေး၏....စသည်။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ပဌမနည်း၌ ရူပါရမ္မဏ်ပုဒ်ကို ဒွန်သမာသ် ဝစနတ္ထ စသည် ပြုရမည်—ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ) ....ပ....ရူပါရမ္မဏ်၌ ဖြစ်သင့်သော (အဝဓာရဏ ကမ္မဓာရည်း) သမာသ်ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏– (နု-ရော) ....စသည်။

ဒုတိယနည်း၌ ရူပအရ ရူပါရုံမှတစ်ပါး ကြွင်းသော ကလာပ်ဖော်ရုပ်နှင့် သတ္တ-ဇီဝစသည်ကို ယူရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စသည်။

တတိယနည်း၌–အဝယဝတ္ထကို မပြဆိုဟူသော-အနက်သည်၊ ဝါ-အဝယဝတ္ထ မရှိဟူသော အနက်သည်၊ ဝါ-သမုဒါယတ္ထသာရှိ၍ အဝယဝတ္ထမရှိ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ သဒ္ဒါရမ္မဏ်ပုဒ်၏ အဖွင့်ကို မပြဆို–ဟူသော အနက်သည် ရောက်ခဲ့ရာ၏ စသည်။

(ဆ) ဝါကျ။ အယူဝါဒအထူး (ဝါဒန္တရ)ကို မပြဆိုဟူသော အနက်သည်, (တစ်နည်း)ဓမ္မာရုံအရ ဆရာအားလုံးပင် ဤကဲ့သို့ယူကြသည်-ဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

တေ ဣမိနာ စသည်သို့ ကျမ်းတက်ရာ၌ - ထိုဆရာတို့၏ အယူဝါဒကို လက်ခံမှတ်သားရမည်-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသ သင့်ပုံ ပယ်ပုံ

(က) ဝါကျဖြင့် ပါဠိတော်ကို ထောက်လျှင်၊ ဝါ-ရူပမေဝကို ထောက်လျှင် (ရူပါရမ္မဏ်ပုဒ်ကို ဒွန်သမာသ်စသည် မပြုရ၊ ကမ္မဓာရည်း သမာသ်သာ ပြုရမည်-ဟု အလွန် မပျံ့နှံ့အောင် ပြဆိုသောကြောင့်) အတိဗျာပိတ ဒေါသကို ပယ်၏။ စတု ....ပ....ပစ္စုပ္ပန္နံကို ထောက်လျှင် ရူပအရ သတ္တ ဇီဝ စသည် မယူရ၊ ရူပါရုံကိုသာ ယူရမည်-ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကိုပင် ပယ်၏။ (တစ်နည်း) သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကိုပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသောကြောင့် အဗျာပိတဒေါသကို ပယ်၏။ (တစ်နည်း) တတ္ထကိုထောက်လျှင် ဝိတ္ထာရဝါကျဖြစ်ခြင်းကြောင့် သခ်ပေဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏၊ (တစ်နည်း) မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုး ဖြစ်သောကြောင့် ပုနရုတ္တိဒေါသမရောက်၊ ဝါ-ပယ်၏။

http://www.dhammadownload.com



(ခ) ဝါကျ။ ကိုထောက်လျှင် က-ဝါကျ၌ ရူပါရမ္မဏံပုဒ်ကိုသာဖွင့်ပြရသေး၍ လိုအပ်သော အနက်အဓိပ္ပာယ် မန္တစပ် မပြည့်စုံသေးသောကြောင့် အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသသင့်၏။

(ခ) ဝါကျဖြင့် ရူပါရမ္မဏံပုဒ် အဖွင့်မှ တစ်ပါး သဒ္ဒါရမ္မဏံ ပုဒ်အဖွင့်ကို ပြသော ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့်၊ ဝါ-သဒ္ဒါရမ္မဏံပုဒ်အဖွင့်ကိုလည်း လိုက်ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် န္တစပ်ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ ကြွင်းသော ဂ-ဃ-င-စ-ဝါကျတို့၌ လည်း ရှေးရှေးဝါကျတို့၌လည်း အဗျာပိတဒေါသသင့်ပုံ, နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံကို နည်းမှီသိ။

ပနသဒ္ဒါထားရပုံ - အယူဝါဒအထူးကို ပြလိုသောကြောင့် ဝါ-ဝိသေသတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့်(တစ်နည်း) အယူဝါဒတစ်မျိုးကို ပြလိုသော ကြောင့် ဝါ-ပက္ခန္တရတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် (တစ်နည်း) ဓမ္မာရုံ အရနှင့်စပ်၍ အချို့ဆရာတို့၏ အယူဝါဒကို ဆက်လက် ပြလိုသောကြောင့်၊ ဝါ- ဝါကျာရမ္ဘတ္ထ, ဥပဍ္ဍာသတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် (ဆ) ဝါကျ၌ ပနသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ (စတုကား သင်္ချာသဗ္ဗနာမ်ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရ။) သမုဋ္ဌာတိ ဖလံ ဧတေနာတိ သမုဋ္ဌာနံ။ (အစိတ်) စတုဟိ သမုဋ္ဌာနံ စတုသမုဋ္ဌာနံ။ (အပေါင်း)

၂။ ထိုဗျုပ္ပတ္တိအကြောင်းဖြစ်သော ၄-ပါးသော အကြောင်း၏ ဖြစ်သော ရူပါယတနနှင့် အကြောင်းအကျိုး....စပ်....။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ၄-ပါးသော အကြောင်းကြောင့် ဖြစ်ခြင်း ကြိယာသည်၊ ဝါ-၄-ပါးသော အကြောင်းကြောင့်ဖြစ်သော ရူပါယတန တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်။

ရုပ္ပေတိ ပကာသေတိ အတ္တနော သဘာဝန္တိ ရူပံ။

[ရူပဓာတ် အပစ္စည်း၊ ထင်ရှားပြခြင်းကြိယာခွဲ]

အာဂန္တွာ စိတ္တစေတသိကာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။

ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ။

http://www.dhammadownload.com



၂။ ထို ဗျူပွတ္တိ၏ အကြောင်းဖြစ်သော အဆင်းရူပါယနနှင့် ဝိသေသန ဝိသေသသျှ, ဂုဏ် ဂုဏေး....စပ်....။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ရူပါရုံတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

(ခ) ဝါကျ။ သပ္ပတိ သောတဝိညာဏာ ရမ္မဏာဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ [သပ္ပဓာတ် အ(ဒ)ပစ္စည်း။ ရောက်ခြင်းကြိယာ။] (အာရမ္မဏံ ယခင်အတိုင်း)

သဒ္ဒေါဝ အာရမ္မဏံ သဒ္ဒါရမ္မဏံ။ (ခွဲလေ)

(ဂ) ဝါကျ။ ဂန္ဓေတိ အတ္တနော ဝတ္ထုံ သူစေတိ ပကာသေတိ ဣဒမေတ္ထ အတ္ထီတိ ပေသုည္ဓ ကရောန္တောဝိယ ဟောတီတိ ဂန္ဓော။ (အဘိဓာန်ဋီ) [ဂန္ဓဓာတ် အပစ္စည်း ထင်ရှားပြခြင်းကြိယာ။] ဂန္ဓောဝ အာရမ္မဏံ ဂန္ဓာရမ္မဏံ။

(ဃ) ဝါကျ။ ရသန္တိ တံသတ္တာ အဿာဒေန္တီတိ ရသော။ တစ်နည်း-ရသီယတိ အဿာဒီယတီတိ ရသော။ (ရသဓာတ် ပစ္စည်း သာယာခြင်းကြိယာ။) ရသောဝ အာရမ္မဏံ ရသာရမ္မဏံ။

(င) ဝါကျ။ ဖုသီယတီတိ ဖောဋ္ဌဗ္ဗံ၊ (ဖုသဓာတ် တဗ္ဗပစ္စည်း၊ တွေ့ထိခြင်း ကြိယာ) ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ။

(စ) ဝါကျ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ ဓမ္မာဝ အာရမ္မဏံ ဓမ္မာရမ္မဏံ။

(ဆ) ဝါကျ။ ပဋိကူလ္လိပိယန္တီတိ ပဋိကူလ္လိပိဘဗ္ဗော။ [ပတိပုဗ္ဗ ခိပဓာတ် တဗ္ဗပစ္စည်း၊ ပယ်ခြင်း ကြိယာ။]

## လိင်္ဂစသည်ခွဲပုံ

(က) ဝါကျ။ တတ္ထ—အလိင်၊ ဂဏဝိမုတ်၊ အ ကာရန္တ၊ နိပါတပဒ၊ စတု သမုဋ္ဌာန်—နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ ကာရန္တ၊ သမာသပဒ။

(ခ) ဝါကျ။ တထာ—အလိင်၊ ဂဏမုတ်၊ အာကာရန္တ၊ နိပါတပဒ။တစ်နည်း- အဗျာယတဒ္ဓိတ်ပုဒ်။

(ဆ) ဝါကျ။ ယေ—ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အ ကာရန္တ၊ သဗ္ဗနာမပဒ။ ရူပါဒယော- ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသပဒ။ ဝဒန္တိ—အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ပဒဓာတ်ဖြစ်သောကြောင့်) အ ကာရန္တ၊ အာချာတပဒ။ [ဝဒ အ အန္တိ]။

http://www.dhammadownload.com



## အာဝဇ္ဇောသံဝဏ္ဏနာ

(က) ဝါကျ။ တတ္ထဖြင့် နိဒ္ဒေသရှ သမုဒါယ၊ ဝါ-အာဓာရ၊ ဝါ....ဝိတ္တာရ အချီစကားအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) စတု....ပ....ပစ္စုပ္ပန္နံဖြင့်- ရူပါရမ္မဏ်၌ ရူပအရ ရူပါရုံမှကြွင်းသော (ကလာပ်ဖော်) ရုပ်နှင့် သတ္တ ဇီဝ စသည်ကို မယူရ၊ စတုသမုဋ္ဌာန် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို ယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ရူပမေဝဖြင့် (ဧဝဖြင့်) ရူပါရမ္မဏ်ပုဒ်ကို ဒွန်သမာသ်စသည် မပြုရ၊ ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ-ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) ရူပါရမ္မဏအရ ရူပါယတနကို ယူ-ဟု (အဘိဓေယျတ္ထ) သိစေ၏။

(ခ) ဝါကျ။ ဒွိသမုဋ္ဌာနေသု .... ပ .... ပစ္စုပ္ပန္နေသုဖြင့် သဒ္ဒါရမ္မဏ်၌ သဒ္ဒအရ-သတ္တဇီဝစသည် မယူရ၊ ဒွိသမုဋ္ဌာန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါယတနကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) သဒ္ဒေါဝဖြင့် - (ဧဝဖြင့်) သဒ္ဒါရမ္မဏ်ပုဒ်ကို သဒ္ဒေါဝ အာရမ္မဏံ သဒ္ဒါရမ္မဏံဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) သဒ္ဒါရမ္မဏအရ သဒ္ဒါယတနကို ယူ-ယု (အဘိဓေယျတ္ထ) သိစေ၏။

(ဂ) ဝါကျ။ စတု....ပ....ပစ္စုပ္ပန္နေသုဖြင့် ဂန္ဓအရ သတ္တဇီဝစသည် မယူရ စတုသမုဋ္ဌာန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာယတနကို ယူ-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဂန္ဓောဝဖြင့်- ဂန္ဓာရမ္မဏ်ပုဒ်ကို ဂန္ဓောဝ အာရမ္မဏံ ဂန္ဓာရမ္မဏံဟု အဝဓာရဏကမ္မဓာရည်း သမာသ် ဝစနတ္ထပြု (သမာသလိင်္ဂတ္ထ) ဂန္ဓာရမ္မဏအရ ဂန္ဓာယတနကို ယူ-ဟု (အဘိဓေယျတ္ထ) သိစေ၏။

(ဃ) ဝါကျ။ စတု....ပ....ပစ္စုပ္ပန္နေသုဖြင့် ရသာရမ္မဏ်၌ ရသအရ စတုသမုဋ္ဌာန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရသာယတနကို ယူ-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ရသောဝဖြင့် ရသာရမ္မဏ်ပုဒ်ကို ရသောဝ အာရမ္မဏံ ရသာ-ရမ္မဏံဟု အဝဓာရဏ ကမ္မဓာရည်း သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) ရသာရမ္မဏအရ-ရသာယတနကို ယူ-ဟု (အဘိဓေယျတ္ထ) သိစေ၏။

(င) ဝါကျ။ စတု။ပ။ ပစ္စုပ္ပန္နံဖြင့် ဖောဋ္ဌဗ္ဗာရမ္မဏ်၌ ဖောဋ္ဌဗ္ဗအရ စတုသမုဋ္ဌာန် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာယတနကို ယူ-ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ-ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) ဖောဋ္ဌဗ္ဗာရမ္မဏအရ ဖောဋ္ဌဗ္ဗာယတနကို ယူ-ဟု (အဘိဓေယျတ္ထ) သိစေ၏။

http://www.dhammadownload.com



(ဓ) ဝါကျ။ ကေ…ပ…သင်္ဂါတာဖြင့် ဓမ္မာရမ္မဏ၌ ဓမ္မအရ–ကေ သမုဋ္ဌာန် စသည်ဖြစ်သော စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်, ဆိုအပ်ပြီးမှ ကြွင်းသော စိတ်၏ ကျက်စားရာ အာရုံတို့ကို ယူ–ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဓမ္မာယေဝဖြင့်-ဓမ္မာရမ္မဏံပုဒ်ကို ဓမ္မာယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ-ဟု အဝဓာရဏ ကမ္မ-ဓာရည်း သမာသ်ဝစနတ္ထပြု။ (သမာသလိင်္ဂတ္ထ) ဓမ္မာရမ္မဏအရ- ဓမ္မာတတန၊ ဝါ-ဓမ္မကို ယူ-ဟု (အဘိဓေယျတ္ထ) သိစေ၏။

(ဆ) ဝါကျ။ ပန ဖြင့် ဝိသေသတ္ထ, ပက္ခန္တရတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော ဆ-ဝါကျဖြင့် အချုပ်အားဖြင့် အယူဝါဒအထူး (ဝါဒန္တရ) အဖြစ်ကို သိစေ၏၊ တစ်နည်း-အချို့ဆရာတို့ ထိုသို့ပင် ဆိုသော်လည်း ဆိုသည့်အတိုင်း မယူမူ၍ ပယ်ပစ်ရမည်ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ သမုဋ္ဌာနံ၌ သံ ဥတို့သည် ဓာတွတ္ထဝိသေသက။ တစ်နည်း သံသဒ္ဒါ ဓာတွတ္ထာနုဝတ္တက။ ဥ-သဒ္ဒါ သမ္ဘဝတ္ထ (ပထမတွဲ-၂၄၄-၌ တစ်မျိုးဆိုခဲ့သည်။) အနာဂတ၌ အန (န) သဒ္ဒါ ပဋိသေဓတ္ထ။ အာသဒ္ဒါ– အဘိမုခ ဘာဝတ္ထ။ ပစ္စုပ္ပန္နံ၌ ပတိသဒ္ဒါ–ပဋိစ္စတ္ထ။ ဥသဒ္ဒါ-သမ္ဘဝတ္ထ၊ အတ္ထလာဘတ္ထ။ ရူပမေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ရူပါယတနသည် ဂဟေတဗ္ဗတ္ထ။

၂။ သတ္တ ဇီဝစသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ရူပါယတန၏ ခန္ဓာအမည်စသော ဂုဏ်သည် အနုညာတတ္ထ။

(ခ) ဝါကျ။ သဒ္ဒေါဝ၌ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ သဒ္ဒါယတနသည် ဂဟေတဗ္ဗတ္ထ။

၂။ သတ္တ, ဇီဝစသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သဒ္ဒါယတန၏ ခန္ဓာအမည်စသော ဂုဏ်သည် အနုညာတတ္ထ။

[ဂ-ဃ-င-ဝါကျတို့၌ ဧဝ၏ အနက်သုံးချက်ထုတ်ပုံ က-ခ-ဝါကျတို့၌ ထုတ်ခဲ့သည်ကို နည်းမှီသိ။]

(စ) ဝါကျ။ နကုတောစိ၌ နသဒ္ဒါ ပဋိသေဓတ္ထ။ စိ သဒ္ဒါ အသာကလျတ္ထ၊ အပ္ပကတ္ထ။ တထာသဒ္ဒါ အတိဒေသတ္ထ။ အနုကစ္စနတ္ထ။ ထို တတ္ထ သဒ္ဒါဖြင့် ကေသမုဋ္ဌာနာစသည်နှင့် အတီတာနာဂတပစ္စုပ္ပန္နာကို ညွှန်ပြဆွဲငင်၏။ စ သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ၊ ဓမ္မာယေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ ဓမ္မာယတန, ဝါ-ဓမ္မတို့သည် ဂဟေတဗ္ဗတ္ထ။

၂။ ရူပါယတန စသည် တို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဓမ္မာယတန၏ ခန္ဓာစသော အမည်ဂုဏ်သည် အနုညာတတ္ထ။

(မှတ်ချက်။ ။စက္ခုမေဝ ရူပမေဝ စသည်၌ ဧဝသဒ္ဒါတို့သည် သတ္တဇီဝကို နစ်စေသော နိဝတ္တာပနာဝဓာရဏတို့တည်း။ (ဧဝသဒ္ဒေန သတ္တဇီဝါဒယော နိဝတ္တေတိ၊) ဟု ဓာတုကထာ-ပ-၃၉၁ နှင့် သဒ္ဒါဋီကာတို့၌ ဖွင့်ကြ၏။ ထိုဆရာတို့ အလို "ဓမ္မာဧဝ"၌ ဧဝသဒ္ဒါဖြင့် ဘာကို နစ်စေဦးမည်နည်း။ သတ္တဇီဝလည်း ပညတ်ဓမ္မပင်ဖြစ်၍ တားမြစ်ဖို့ရာ အနက်မရှိပြီ၊ ထို့ကြောင့် ထိုဧဝသဒ္ဒါတို့သည် တစ်ပါးသောအနက်ကို နစ်စေသော နိဝတ္တာပနာဝဓာရဏ မဟုတ်၊ မိမိအနက်ကို မြဲစေသော သန္နိဋ္ဌာနာဝဓာရဏတို့သာ တည်း။-(သဂြိုဟ်ဘာသာဋီကာ-၁၉၀)

(ဆ) ဝါကျ။ ပုနသဒ္ဒါ ဝိသေသတ္ထ၊ ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ၊ ရူပါဒယောပိ၌ ပိ(အပိ) သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ထို ပိ(အပိ)၏ သမ္ဘာဝနာကာရ, ပိဏ္ဍတ္ထအဓိပ္ပာယ်ကား-ရူပါဒယောပိ၌ ပိ (အပိ) သဒ္ဒါဖြင့် ပဿာဒ, သုခုမ, စိတ္တ, စေတသိက, နိဗ္ဗာန, ပညတ်တို့ကိုသာလျှင် ဓမ္မာရုံဆိုသည် မဟုတ်၊ ထင်ခြင်းသို့ မရောက်ကုန်သော ရူပ, သဒ္ဒ, စသော ပဉ္စာရုံတို့ကိုလည်း ဓမ္မာရုံဟူ၍ သာလျှင် ဆိုအပ်ကုန်၏ဟု ပေါင်း၏။ (နိဿယ)

ဓမ္မာရမ္မဏမိစ္စေဝ၌ ဣတိသဒ္ဒါ အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။ ဧဝ, သဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဓမ္မာရုံဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

၂။ ရူပါရုံစသော အမည်တို့သည် နိဝတ္တေတဗ္ဗတ္ထ (ရူပါရုံစသည် မမည်ဟုကန့်)

၃။ ဓမ္မာရုံ၏ ခန္ဓာစသော အမည်ဂုဏ်သည် အနုညာတတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(က) ဝါကျ။ တတ္ထ၌ တသည် ရူပါရုံစသည်ကို စွဲ၏။ တတ္ထအစွဲကား-တတ္ထ၊ ထို ရူပါရုံစသည်တို့တွင် ဟုစွဲ၏၊ ရူပါရုံစသော ဒြပ်ကိုစွဲသောကြောင့် ပကတိဝိသယ။

(ခ) ဝါကျ။ တထာ၌ တသည် ကောသမုဋ္ဌာန်စသည်ကို စွဲ၏၊ တထာအစွဲကား-ယထာ (ကောသမုဋ္ဌာနာဓိဘာဝေန) ကောသမုဋ္ဌာန် စသည်တို့၏ အဖြစ်ဖြင့်ဟု စွဲ၏။ ဆိုအပ်ပြီးသော ကောသမုဋ္ဌာန်စသည်ကို စွဲသောကြောင့် ပကတိဝိသယ။

http://www.dhammadownload.com



ကြိယာ ၅-တန် ထုတ်ပုံ

(က) ဝါကျ။ [ရူပါရမ္မဏံဝါ ရူပါရုံယူ၍ ထုတ်ပုံ စိတ္တုပ္ပါဒ်အဖွင့် (ခ) ၌ ရှု]

(ဆ) ဝါကျ။ ဝဒန္တိ၌ ကတ္တု႘ ကြိယာအရ, အန္တတ္ထ ဝဒခေတ်အရ။

၁။ ဝီရိယပြခန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ အယောနိသောမသိကာရ, အနာပါထဂတ ရူပါရုံစသည့်တို့သည်။
၃။ ဓမ္မာရမ္မဏံဟူသော ဝစီဘေဒသဒ္ဒါသည်....။
၄။ မမှန်သောစကားကို ကြားနာသင်ခဲ့ရခြင်း စသည်တို့သည်။
၅။ ထိုဝစီဘေဒသဒ္ဒအသံကို ကြားနာရခြင်း, ထိုပြောဆိုသည့်အတိုင်း အနက် အဓိပ္ပာယ်မှတ်ခြင်း စသည်တို့သည်။

ဣမိနာ သုတ္တေနန၌ သုတ္တအရ—

၁။ ဣမေသံခေါ အာဝုသော စသော ဝစီဘေဒသဒ္ဒါသည်....။
၂။ တရားဟောကြောင်း ဒေသနာဉာဏ်သည်....။
၃။ တရားနာရခြင်းသည်။
၄။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည်။
၅။ ဒိဋ္ဌဓမ္မိက-သမ္ပရာယိက—ဘောဂ, ဘဝသမ္ပတ္တိ စသည်တို့သည်။

ပဋိက္ခိပိတဗ္ဗာ၌ ပဋိပုစ္ဆ ခိပ္ပခေတ်အရ—

၁။ သတိ,ဝီရိယဉာဏ် ပြခန်းသော စိတ္တုပ္ပါဒ်သည်....
၂။ ယောနိသော မနသိကာရသည်....။
၃။ ပယ်ပြီး၍ အနက်အဓိပ္ပာယ် အမှန်သိရခြင်းသည်....။
၄။ သဒ္ဓမ္မဿဝန စသည်တို့သည်။
၅။ ပီတိပါမောဇ္ဇဖြစ်ခြင်းစသည်တို့သည်။

## ပရမတ္ထ အဓိပ္ပာယ် အဆုံးအဖြတ်

(စ) ဝါကျ။ ကေသမုဋ္ဌာန်အရကား — ကမ္မဇရုပ် ဝိညတ်တည်း။ ဒွိသမုဋ္ဌာန် အရကား—ဤ၌မလို၊ ပဉ္စာရုံ၌ ဝင်သည်၊ တစ်နည်း - စိတ်နှင့် ဖဿဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်သော သုတ္တန်နည်းအရ စေတသိက်တည်း။ ကိသမု ဋ္ဌာန်ကား-လဟုတာဒိတ္တယတည်း။ စတုသမုဋ္ဌာန်ကား-အာပေါ, ဩဇာ, အာကာသ တည်း။ နကုတောစိသမုဋ္ဌာန်ကား-ဇရတာ အနိစ္စတာတည်း။ ဝါ-လက္ခဏာရုပ်တည်း၊ အတီတာနာဂတပစ္စုပ္ပန္နကား - ရုပ်, နာမ်သာတည်း၊ န ဝတ္တဗ္ဗကား နိဗ္ဗာန်, ပညတ်တည်း။ ဝုတ္တာဝသေသကား စိတ် စေတသိက်တည်း။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဆ) ဝါကျ။ ယေဟူသော ကတ္တားပုဒ်အရ ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည်။ ဝဒန္တိ (ဝဒခေတ်) အရ သညာ, သင်္ခါရ, ဝိညာဉ်, နာမက္ခန္ဓာပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်—သဟ-ည-နိ-ဣ-–ဈာ-သံ-တ္တိ-အဝိ-(ဂ)၊ [ကေက နည်းအရ ကျန်အချက်များ ပြိုင်ပုံ အသင်္ခါရိက မဟောခြင်းအဖွင့် (ဃ) ဝါကျ သမ္မာသမ္ဗုဒ္ဓေါ အာရဘိဒ္ဓ ပြိုင်ပုံကို နည်းမှီသိ]။

ဓမ္မာရမ္မဏမိစ္စေဝ ဟူသော အာကာရပုဒ်အရ — ဓမ္မာရုံဟူသော နာမပညတ္တိသဒ္ဒါသည် ဝဒန္တိဒ္ဓ ဝဒခေတ်အရ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏၊ ပြိုင်-မရှိ။ (တစ်နည်း) ဝဒန္တိဒ္ဓ ဝဒခေတ်အရ-ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မာရမ္မဏမိစ္စေဝ ဟူသော အာကာရပုဒ်အရ- ဓမ္မာရမ္မဏ ဟူသော ပရမတ္ထဝစီဘေဒ သဒ္ဒအား သဟ....ပြု၏။ ပြိုင်—ဃထာရဟ-ဟေ-မိ-သဟ-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

တေနှင့် ပဋိက္ခိပိဘဗ္ဗာဒ္ဓ ဗာဟုလ္လ တဗ္ဗပစ္စည်းတို့အရ ဆရာ ပညတ်, (တစ်နည်း) အယူဝါဒဟူသော အာရုံသည် ထိုပဋိက္ခိပိဘဗ္ဗာဒ္ဓ အန္တတ္ထ ခိပခေတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန် တရားအား အာရမ္မဏ....ပြု၏။ ပြိုင်မရှိ။ ပါဠိသေသ ပဏ္ဍိတေန ကတ္တားပုဒ်အရ ဉာဏ်ပစ္စည်းတရားသည် ပဋိက္ခိပိတဗ္ဗာဒ္ဓ ခိပခေတ်အရ ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်—ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

### ဒွါရကထာ

[တတ္ထ ယော စိတ္တ သမုဋ္ဌာနိကကာယော....ပ....စိတ္တသမုဋ္ဌာနာ နာမ ဟောတိ.... ဋ္ဌ—၁၂၅-ဝါကျများ အဖွင့်ကို ပထမအုပ်နောက်ဆက်တွဲ ၁၃၃၁-ခုနှစ် အစိုးရမေးခွန်း အဖြေ အဖြစ်ဖြင့် ပြခဲ့ပြီး။]

http://www.dhammadownload.com

# ၁၉–ဝိညတ္တိပုဒ်အဖွင့်

(က) ဝိညာပနတ္ထာ ပနေသာ ဝိညတ္တီတိ ဝုစ္စတိ။

(ခ) ကိံ ဝိညာပေတီတိ။

(ဂ) ဧကံ တာယိဓာ ကရဏံ။

(ဃ) စက္ခု ပထသ္မိံဥ္ဟိ....ပ....စက္ခုဝိညေယျော ဟောတိ။

(င) ဝိညတ္တိ ပန န စက္ခုဝိညေယျာ။

(စ) မနောဝိညေယျာ ဝေ။

(ဆ) စက္ခုနာ ဟိ....ပ....ဝဏ္ဏာရမ္မဏမေဝ ပဿတိ။

(ဇ) ဝိညတ္တိံ ပန....ပ....ဇာနာတိ။ [ဠ-၁၂၅]

(ဈ) ဝိညေယျတောပိ ပန ဝိညတ္တိယေဝ နာမ [ဠ-၁၂၆]

### အနက်ထူး

(က) ဝါကျ။ ပန-ဆက်၍ ဆိုအံ့၊ တေသာ-ဤ အာကာရ ဝိကာရဇာတိ၏၊ (ဟိတ် သမ္ဗန်, တ္ထသမ္ဗန်)ဝိညာပနတ္ထာ - သိစေတတ်သည်၏ အဖြစ်ကြောင့်၊ သော-ဤ အာကာရ ဝိကာရ ဇာတိသည်၊ ဝိညတ္တိ - ဝိညတ်မည်၏၊ ဣတိ-ဤသို့၊ (ဣတိ-နိဒဿနတ္ထ) ပဏ္ဍိတေန-သည်၊ ဝါ-ဘဂဝတာ-သည်၊ (ကတ္တား) ဝုစ္စတိ-ဆိုအပ်၏။ ဝါ-ဟောအပ်၏။ (တစ်နည်း) သော - သော အာကာရ ဝိကာရော-ဤအမူအရာ အထူးကို၊ ဝိညတ္တိတိ-ဝိညတ်ဟူ၍၊ (ဣတိသဒ္ဒါ-အာကာရတ္ထ)။

(ဇ) ဝါကျ။ ဇာနာတိ၏ ကတ္တားကို ပုဂ္ဂလော-ဟု ထည့်။

### ကျမ်းတက်

### ဌပနာပဥ္စက-ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့၌ ဝိညတ်၏ အရ သရုပ်ကို ပြဆိုတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ဝိညတ်မည်ခြင်း၏ အကြောင်းကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ဝိညတ်၏ အရ သရုပ်ကိုသာ မပြဆိုသင့်။ ဝိညတ်မည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဝိညတ် မည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ ဝါ– ဝါယောဓာတ်၏ ဝိကာရကို အဘယ့်ကြောင့် ဝိညတ် ဆိုရသနည်းဟု မေးဖွယ်

http://www.dhammadownload.com



ရှိသောကြောင့် ဝိညာပနတ္တာ စသည်ကိုမိန့်။ အဓိပ္ပာယ်ကား–သိစေတတ်သည်၏ အဖြစ်ကြောင့် ဤ အာကာရ ဝိကာရ ဇာတိသည် ဝိညတ်မည်၏ ဟူလို။ စောဒနာတက်လျှင်–ဝိညတ်မည်ခြင်း၏ အကြောင်းကို မပြဆိုခဲ့သော်, ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်။ ဤကား–ဝိညာပနတ္တာဟူသော ဟိတ်ပါဌ်ကို ရှု၍ တက်ခြင်းတည်း။ (တစ်နည်း) ပနကို ငံ့၍ တက်သော်–(အာ·ကတ်·ဌ ရှေးနှင့်တူ၊) ဤသို့ပင် ဆိုသော်လည်း ဤဝိညတ်နှင့်စပ်၍ အနက်အဓိပ္ပာယ် ကြွင်းကျန်နေသေးသည် မဟုတ်ပါလော....ပ....ကြွင်းကျန်သော အနက်အဓိပ္ပာယ်ကိုလည်း ဆက်လက် ပြဆိုသင့်သေး၏။....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့် ဤအာကာရ ဝိကာရဇာတိသည် ဝိညတ်မည်သောဟု ဆိုတော်မူ၏....သော်, ထိုဝိညတ်နှင့် စပ်၍ အမေးပုစ္ဆာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် အမေးပုစ္ဆာကို ပြဆိုတော်မူ၏....သော်, ထိုအမေးပုစ္ဆာ၏အဖြေ ဝိဿဇ္ဇနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် က–ခ·ဂ·ဝါကျတို့ဖြင့် အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏....သော်, ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ·ဝါကျဖြင့် လက်စသည်တို့၏ ချီခြင်း လှုပ်ခြင်းစသော ကြိယာကို စက္ခုဝိညာဉ်ဖြင့် သိအပ်သောဟု ဆိုတော်မူ၏။....သော်, ဝိညတ်ကိုလည်း စက္ခုဝိညာဉ်ဖြင့်ပင် သိအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ....ဝိညတ်၏ စက္ခုဝိညာဉ်ဖြင့် မသိအပ်သည် အဖြစ်ကိုလည်း ပြဆိုသင့်သေး၏....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် င–ဝါကျဖြင့် ဝိညတ်ကို စက္ခုဝိညာဉ်ဖြင့် မသိအပ်–ဟု ပြဆိုတော်မူ၏။....သော်, ဝိညတ်၏ မနောဝိညာဉ်ဖြင့် သိအပ်သည်၏ အဖြစ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း–ဝိညတ်ကို သောတဝိညာဉ် စသည်ဖြင့် သိအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

(ဆ) ဝါကျ။ ဆရာ, ဆရာသည် စ–ဆ–ဝါကျတို့ဖြင့် ဝိညတ်ကို စက္ခုဝိညာဉ်ဖြင့် မသိအပ် မနောဝိညာဉ်ဖြင့်သာ သိအပ်သော–ဟု ဆိုတော်မူ၏....သော်, ထိုစကားကို ပြီးစေ မြဲစေတတ်သော အသင့်ယုတ္တိ ဒဋ္ဌီကရဏကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

http://www.dhammadownload.com



(ဇ) ပါကျ။ ဆရာ, ဆရာသည် ဆ-ဝါကျဖြင့် စက္ခုဝိညာဉ်၏ ရူပါရုံကို မြင်သေးဟု ဆိုတော်မူ၏။....သော်, ဝိညာတ်၏ မနောဒွါရိုက စိတ်ဖြင့် ကြံစည်၍ သိရပုံကို မပြဆိုဟူသော-အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဝိညာတ်မည်ခြင်း၏ အကြောင်းကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)....ပ....ဝိညာတ် မည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏ (နု-ရော) နောက်နည်း၌ ဝိညာတ်နှင့်စပ်၍ ဖွင့်ဆိုသင့်သော အနက် အဓိပ္ပာယ် အကြွင်းမရှိ ပြည့်စုံနေပြီ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏-စသည်။

(ဃ) ဝါကျ။ ထိုအကျဉ်းသခေ်ပ၏ အကျယ် ဝိတ္ထာရကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဆ) ဝါကျ။ ထိုစကားကို ပြီးစေ, မြဲစေဘတ်သော အသင့်ယုတ္တိ ဒင္ဂီ-ကရဏကို မပြဆို, ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏၊ အကြောင်းယုတ္တိကား-က-ဝါကျသည် ဝါကျာရမ္ဘ-ဥပန္យာသ ဝါကျဖြစ်ခြင်းကြောင့် တစ်နည်း ဝိညာတ် မည်ခြင်း၏ အကြောင်းကို ဆက်လက်ပြဆိုသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှီးစပ်သွားသောကြောင့်တည်း။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏၊ ဂ-ဝါကျဖြင့် အဗျာဝိတ ဒေါသ, တစ်နည်း-ပုစ္ဆာ, ဝိဿဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိဒေါသတို့ကို ပယ်၏။ ဃ-ဝါကျဖြင့် သခေ်ပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ တစ်နည်း-ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ စ-ဝါကျဖြင့် ဗျတိရေက အနွယဆန့်ကျင်သော ဝိရောဓိဒေါသ၊ တစ်နည်း အဗျာဝိတ ဒေါသတို့ကိုပယ်၏၊ ဆ-ဝါကျဖြင့်-ဒဠီယ-ဒဠီကရဏ ဆန့်ကျင်သော ဝိရောဓိ ဒေါသကို ပယ်၏၊ အကြောင်း ယုတ္တိကား ဆ-ဝါကျသည် ဒဠီကရဏဝါကျဖြစ်ခြင်းကြောင့်၊ ဝါ-ဒဠီယ, ဒဠီကရဏ မဆန့်ကျင်အောင် ပြဆိုသောကြောင့်တည်း။ (တစ်နည်း) အသင့်ယုတ္တိရှိအောင် ပြဆိုသောကြောင့် ဩစိတျဟီနဒေါသကို ပယ်၏၊ ဇ-ဝါကျဖြင့် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကို ပယ်၏၊ ဈ-ဝါကျဖြင့် အနွယဝါကျဖြစ်ခြင်း ကြောင့် အနွယ, ဗျတိရေက ဆန့်ကျင်သော ဝိရောဓိဒေါသ၊ (တစ်နည်း)အဗျာပိတ ဒေါသတို့ကို ပယ်၏။ [ရှေးရှေးဝါကျတို့၌ ဆိုခဲ့သောဒေါသများ သင့်ပုံကို သိပါ]။

http://www.dhammadownload.com



နာမသဒ္ဒါထားရပုံ။ စိတ္တသမုဋ္ဌာနနာမ ဟောတိ [ဌ—၁၂၅] ဌာန ဖြစ်သော ရုပ်ကလာပ်၏ စိတ္တသမုဋ္ဌာန အမည်အစစ်ကို ဌာနီဖြစ်သော ဝိကာရရုပ် ဝိညတ်ပေါ်၌ တင်စား၍ ဝိညတ်ကိုလည်း ဌာနူပစာအားဖြင့် စိတ္တသမုဋ္ဌာန် အမည်ရသည်-ဟု ပြလိုသောကြောင့် နာမသဒ္ဒါထား၏။

[က-ဝါကျ၌ ဝုစ္စတိ ထားရပုံကို ပထမအုပ် နောက်ဆက်တွဲ ၁၃၃၁-ခုနှစ် မေးခွန်းအဖြေ၌ရှု။]

(ဈ-ဝါကျ၌ နာမသဒ္ဒါထားရပုံကိုလည်း အထက်ပါ နာမသဒ္ဒါထားပုံ အတိုင်းသိ။) (တစ်နည်း) ဝိညတ္တိသဒ္ဒါ၏ အထင်ရှဋ္ဌိ ကေဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် နာမသဒ္ဒါထား၏။

## နိပါတ်ပုဒ်များ ထားရပုံ

ဝိညတ်မည်ခြင်း အကြောင်းကို ဆက်လက်ပြလိုသောကြောင့်၊ ဝါ-ဝါကျာ-ရမ္ဘ, ဥပနျာသဇောတကအဖြစ်ကို ပြဆိုသောကြောင့် က-ဝါကျ၌ ပနထား၏၊ ရှေးသခ်ေပကို ချဲ့ပြလိုသောကြောင့်၊ ဝါ-ဝိတ္ထာရဇောတကအဖြစ်ကို ပြလိုသော ကြောင့် ဃ-ဝါကျ၌ ဟိသဒ္ဒါထား၏။

သမုစ္စည်းအနက်, ဝိကပ်အနက်တို့ကို ပြလိုသောကြောင့် ဃ-ဝါကျ၌ ဝါသဒ္ဒါများထား၏။ ဆန့်ကျင်ဘက် ဗျတိရေက အနက်အဓိပ္ပာယ်ကို ပြလိုသော ကြောင့်၊ ဝါ-ဗျတိရေကတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် င—ဝါကျ၌ ပနထား၏။ ရှေးဒဠှီယကို ခိုင်မြဲစေလိုသောကြောင့်၊ ဝါ-ဒဠှီကရဏတ္ထ ဇောတက အဖြစ်ကို ပြလိုသောကြောင့် ဆ-ဝါကျ၌ ဟိသဒ္ဒါ ထား၏။ ဝိညတ်ကို မနော-ဒွါရိကစိတ်ဖြင့် ကြံတွေး၍ သိနိုင်ပုံ အဖို့တစ်ပါးကို ပြလိုသောကြောင့်၊ ဝါ-ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ဇ-ဝါကျ၌ ပနထား၏။ ရှေ့ဗျတိရေက၏ အန္ဝယ အနက်အဓိပ္ပာယ်ကို ပြလိုသောကြောင့်၊ ဝါ-အန္ဝယ ဇောတကအဖြစ်ကို ပြလိုသောကြောင့်၊ (တစ်နည်း) ပက္ခန္တရဇောတကအဖြစ်ကို ပြလိုသောကြောင့် ဈ-ဝါကျ၌ ပနထား၏။ ဟေတုကတ္တုသာခ် ဝစနတ်သာ မဟုတ်၊ ကမ္မသာခ် ဝစနတ်လည်း ပြုအပ်သေး၏ ဟူသော ပေါင်းဆည်းသော သမုစ္စည်း, သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် ဈ-ဝါကျ၌ ပိ (အပိ) ထား၏။

## ပိ(အပိ) သဒ္ဒါလဲလှယ်ပုံ

ဝိဿဝတိ (ဝိသဝတိ) အရယာတီတိ ဝိဿဝီ။[ဝိပုဗ္ဗ+သုဓာတ်+ဏ္ဍပစ္စည်း ထိုက်ခြင်း ကြိယာ] ဝိဿဝိယာ+ဘာဝေါ ဝိဿဝိတာ။

၂။ ထို၏ အကြောင်းဖြစ်သော ထိုက်တန်သော ဝေဒနာ၏ ထိုက်တန်သည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ်....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ထိုက်တန်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။ တစ်နည်း=ဝိဿဝနံ သဇနံ သဗ္ဗတ္ထနံ ဝိဿဝေါ။ [ဝိပုဗ္ဗ+သုဓာတ်+ဏ(အ) ပစ္စည်း။ စွမ်းနိုင်ခြင်းကြိယာ။] ဝိဿဝေါ+အတ္ထိတိ ဝိဿဝီ။ ဝိဿဝိယာ (ဝိဿဝိနော)+ဘာဝေါ ဝိဿဝိတာ၊ (တာယ)

၂။ ထို၏ အကြောင်းဖြစ်သော အစွမ်းသတ္တိရှိသော ဝေဒနာ အစွမ်း သတ္တိ ရှိခြင်းနှင့် ဂုဏေး+ဂုဏ်....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အစွမ်းသတ္တိရှိခြင်းဟူသော ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဝေဒယတိ-အလိင်၊ စုရာဒိဂိုဏ်း၊ အကာရန္တ၊ အာချာတပဒ။ (ဝိဒ+ဏယ+တိ)

(ဃ) ဝါကျ။ စေတ-ပုဒ်တစ်စိတ်ကို-ပုလ္လိင်၊ မနောဂိုဏ်းခွဲ။ စေတသိကကို-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ တဒ္ဓိတ်ပုဒ်ခွဲ။

(င) ဝါကျ။ ပဿဒ္ဓိ-ပုဒ်တစ်စိတ်ကို ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ပဒ-ပုဒ် တစ်စိတ်ကို-နပုလ္လိင်၊ မနောဂိုဏ်း (စိတ္တာဒိဂိုဏ်း)ခွဲ။

http://www.dhammadownload.com



(ည) ဝါကျ။ ဠ္ဌာရဝတာ, ဝိဿဝိတာယ နှစ်ပုဒ် ဠတ္တိလိင်၊ ဏည္ဘာဒိဂိုဏ်း၊ အုကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်၊ ထိုတွင်-(ဝိဿဝိ) ဠတ္တိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ၊ [ဠတ္တိဇောတက ဤပစ္စည်းသက်၍ ရယံပြုထားသည်] နာမပဒ။ သာမိ(သာမီ)—ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ တစ်နည်း-ဣကာရန္တ၊ အဿတ္တိတဒ္ဓိတ်ပုဒ်။ [သံ ဓန်+အဿတ္တိတိ သာမီ၊ ဒီဃာဒိ-အစဉ် အာဒိဿပြု၊ ရဿန္တေ—ရဿအဆုံးရှိသည်ရှိသော်၊ သာမိပိ-သာမိလည်းမည်၏။ အဘိဓာန်ဋီကာ]

အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ ဝေဒယတီတိဖြင့် ဝေဒနာ၌ ဝိဒဓာတ် (ဒု-ဓာတုပဒ) ယုပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဝေဒယတီတိ ဝေဒနာ—ဟု ကတ္တုသာဓ် ဝစနတ္ထပြု (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် ထိုဝေဒနာသည် ဝေဒယိတလက္ခဏာရ၏-ဟူသော အမိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)။

ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(ဂ) ဝါကျ။ ဝါသဒ္ဒါ-ဝိကပ္ပနတ္ထ, နယန္တရဇောတက။

(ဃ) ဝါကျ။ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။ နေသဒ္ဒါ-ပဋိသေဓတ္ထ။

(င) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထ။ တစ်နည်း-ပက္ခန္တရတ္ထ။ ဧဝ-အဝဓာရဏတ္ထ။

၁။ သုခဝေဒနာသည် ဂဟေတဗ္ဗတ္ထ။
၂။ ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ဧဝဒနာ၏ သုခဝေဒနာ၌ ပဿဒ္ဓိ ပဒဋ္ဌာန်ရသည်၏ အဖြစ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။

(စ) ဝါကျ။ ဧက ဒေသ မတ္တကမေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ တစ်စိတ်တစ်ဒေသသည် ဂဟေတဗ္ဗတ္ထ။
၂။ အလုံးစုံသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ သေသ သမ္ပယုတ်တရားတို့၏ တွေ့ထိမှုဖြစ်ခြင်း စသော ဂုဏ်သည် အနုညာတတ္ထ။

(ဆ) ဝါကျ။ ဟိသဒ္ဒါ-တပ္ပါကဋီကရဏတ္ထ။ တစ်နည်း-ဒဠှီကရဏတ္ထ။ ဖုသန-မတ္တကမေဝ၌ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ အာရုံကို တွေ့ထိခြင်းသည် ဂဟေတဗ္ဗတ္ထ။
၂။ အာရုံ၏အရသာကို ပြည့်ဝစွာ ခံစားခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ အာရုံ၏အရသာကို တစ်စိတ်ခံစားခြင်းသည် အနုညာတတ္ထ။

[ကြွင်းသော သဥ္ဇာနန မတ္တကာမေဝ စသည်တို့၌လည်း ဤနည်းမှီသိ။]

ဇ-ဈ-ဝါကျရှိ ကေဝေသ မတ္တကမေဝ, ဖုသနမတ္တကမေဝ စသည်တို့၌ မတ္တသဒ္ဒါများ-နိဝတ္တာပနာဝဓာရဏတ္ထ။ ဧဝသဒ္ဒါများ-သန္နိဋ္ဌာနာဝဓာရဏတ္ထ။

(ည) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထ၊ တစ်နည်း—ပက္ခန္တရတ္ထ။ ဝေဒနာဝ၌ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ ဝေဒနာသည် ဂဟေတဗ္ဗတ္ထ။
၂။ ဝေဒနာမှကြွင်းသော သမ္ပယုတ်တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ဝေဒနာမှတစ်ပါး ကြွင်းသောတရားတို့၏ သာမိအဖြစ် မဟုတ်ဘဲ အာရုံ၏ အရသာကို တစ်စိတ်မျှ ခံစားခြင်းသည် အနုညာတတ္ထ။

## ကြိယာ ၅-တန် ထုတ်ပုံ

ဝေဒနာ၌ လက္ခဏာဒိစတုက္ကကို မှီထုတ်လျှင်-

၁။ ဝေဒယိတလက္ခဏာသည်....။
၂။ ပဿဒ္ဓိပဒဋ္ဌာန်သည်....။
၃။ အနုဘဝနသမ္ပတ္တိရသသည်....။
၄။ အနုဘဝနကိစ္စရသသည်....။
၅။ စေတသိက အဿာဒ ပစ္စုပဋ္ဌာန်သည်....။

ပဋိစ္စသမုပ္ပါဒ် နည်းမှီထုတ်ရာ၌-

၁။ ဝေဒနာသည်....။
၂။ ဖဿသည်....။
၃။ တဏှာသည်....။
၄။ သဠာယတန စသည်သည်....။
၅။ ဥပါဒါန်, ဘဝ စသည်သည်....။

(ဆ) ဝါကျ။ ဒီပိတော၏ ဂတ္တာကို အာစရိယေန၊ တစ်နည်း-အာစရိယေဟိ၊ တစ်နည်း-မယာ-ဟုထည့်၍ ထိုဒီပိတော၌ အန္တတ္ထ ဒီပခေတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြခေန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။

http://www.dhammadownload.com



၃။ ပြသည့်အတိုင်း အနက်အဓိပ္ပာယ်ကို သိရခြင်းသည်....။
၄။ သဒ္ဒမ္မဿဝန စသည်သည်....။
၅။ သိသည့်အတိုင်း ကျင့်ခြင်း, ကျင့်သဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရခြင်းစသည်တို့သည်....။

## ပဋ္ဌာန်း ပစ္စည်းမြိုင်

(က) ဝါကျ။ ယာ ဓမ္မဇာတိ ဟူသော ပါဠိသေသ ကတ္တားအရ ဝေဒနာသည် ဝေဒယတိ ဟူသော ကြိယာအရ ဝေဒနာသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြုရာ၏။ မြိုင်–သဟ-ည-နိ-ဏ္ဏ-ဈာ-သံ-တ္ထိ-အဝိ (၈)။

တစ်နည်း–ဝေဒယတိအရ–ဝေဒနာ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ယာ ဓမ္မဇာတိ အရ ဝေဒနာအား သဟ....ပြုရာ၏။ ပြိုင်–ဟေ–ဓိ-သဟ-ည-နိ-က-ဟာ–ဏ္ဏ–ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။

(ခ) ဝါကျ။ အယမဝေါ့ ဟူသော ကံပုဒ်နှင့် ဒီပိတော၌ တပစ္စည်းတို့ အရ–အနက်အာရုံသည်၊ဝါ-ဝေဒနာနှင့်စကျွ သေသ သမ္ပယုတ္တဓမ္မ စိတ် စေတသိက် အာရုံသည် ထိုဒီပိတော၌ ဒီပဓာတ်အရ သတ်, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြုရာ၏၊ ပြိုင်-အာ-ဓိ-ဥပ (၃)။

(ဂ) ဝါကျ။ ဝေဒနာအရ ဝေဒနာစေကသိက်သည် အနုဘဝတိ အရ ဝေဒနာသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြုရာ၏။ ပြိုင်-သဟ-ည-နိ-ဏ္ဏ–ဈာ-သံ-တ္ထိ-အဝိ (၈)။

တစ်နည်း–အနုဘဝတိအရ ဝေဒနာသမ္ပယုတ္တဓမ္မသည် ဝေဒနာအရဝေဒနာအား သဟ....ပြုရာ၏။ ပြိုင်–ဟေ–ဓိ–သဟ–ည-နိ-က-ဟာ–ဏ္ဏ-ဈာ–မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။ အာရမ္မဏရသံအရ ရူပါရုံ စသော အာရုံ ၆-ပါးသည် အနုဘဝတိအရ ဝေဒနာအား အာရမ္မဏ....ပြုရာ၏။ ပြိုင်– ယထာရဟ- အာ- ဓိ- နိ- ဥပ- ပု- ဝိပ္ပ- တ္ထိ- အဝိ (၈)။

❀ ❀ ❀

http://www.dhammadownload.com

# ၃၆–ဒုတိယေအတ္တပိကပေ့ စသည်အဖွင့်

(က) ဒုတိယေ အတ္တဝိကပေ့....ပ.... "ဣင္ဒာကာရသမ္ဘောဂရသာ" တိ ဝုတ္တာ။

(ခ) စေတသိက အဿာဒဟော ပဓနေသာ....ပ....ဝုတ္တာ။

(ဂ) ယသ္မာ ပန....ပ....ဝေဒိတဗ္ဗာ၊ [ဌ-၁၅၃]

## အနက်ထူး

(က) ဝါကျ။ အတ္တဝိကပေ့– ဣဋ္ဌာကာရသမ္ဘောဂရသ ဟူသော အတ္တဝိကပ်၌၊ [ဝုတ္တာ၌ အာခ္ယာရစပ်။ အတ္တဝိကပေ့တိ ဣဋ္ဌာကာရသမ္ဘောဂရသာတိ အတ္တဝိကပေ့။ ဝုတ္တာတိပဒေ အာခာရော။ .... ယောဇနာ–၁၀၃။] ဘဂဝတာ-သည်၊ တစ်နည်း– ပဏ္ဍိတေန—သည်၊ (အဓိပ္ပေတာ၏ကတ္တား) ယထာ ဝါ တထာ ဝါ ယေန ဝါ တေန ဝါ အာကာရေန-ဟုတ်ဟုတ်ညားညားသော အခြင်းအရာဖြင့်။ ဝါ- အမှတ် မထား တစ်ပါးပါးသော အခြင်းအရာဖြင့်။ [သဒ္ဒတ္ထ၊ ဝါ-ဝေါဟာရတ္ထ။] ဝါ-သဘော အားဖြင့်လည်းကောင်း, ပရိကပ္ပအားဖြင့် လည်းကောင်း၊ အဓိပ္ပာယတ္တ)

[ဤ က–ဝါကျနှင့် ခ-ဝါကျတို့၌ ဝုတ္တာ၏ ကတ္တားကို ဘဂဝတာ, ပဏ္ဍိတေန, မယာ-ဟု ကတ္တားအမျိုးမျိုး ထည့်နိုင်၏။ ဤသို့ ထည့်နိုင်ပုံကို–ရှေ့ ဧဝံ ပဓဝေဒိ တတ္တာအဖွင့် အနက်ပေးခန်း၌ရှု။)

(ဂ) ဝါကျ။ ဝါကျပရိဝတ္တနယောဇနာ–

ပန–ထိုမှတစ်ပါး၊ ဝေဒနာ– ကို၊ ပဿဒ္ဓိပဒဋ္ဌာနာတိ —ပဿဒ္ဓိလျှင် နီးသော အကြောင်းရှိ၏-ဟူ၍၊ ပဏ္ဍိတေန—သည်၊ ဝေဒိတဗ္ဗာ-သိအပ်၏၊ ကသ္မာ-ကြောင့်၊ ဝေဒိတဗ္ဗာ-နည်း၊ ယသ္မာ - ကြောင့်၊ ပဿဒ္ဓိကာယော- ငြိမ်းအေးသော ကာယ ရှိသောသူသည်၊ သုခံ-ချမ်းသာကို၊ ဝေဒေတိ- ခံစား၏။ တသ္မာ–ကြောင့်၊ဝေဒနာ- ကို၊ ပဿဒ္ဓိပဒဋ္ဌာနာတိ....ဟူ၍၊ ပဏ္ဍိတေန-သည်၊ ဝေဒိတဗ္ဗာ–၏။ [ယသ္မာ, တသ္မာ ဝါကျများ အပြန်အလှန် အနက်ပေးပုံ နယူးဒေသကို ပဌမတွဲ-ဂ-၉-၌ ရှု။]

## ကျမ်းတက်

### ဥပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝေဒနာ၏အနုဘဝန ရသ ဟူသော ပထမ အတ္တဝိကပ်ကို ဖွင့်ပြတော်မူ၏။ ဤသို့သာ ဖွင့်ပြသည်ရှိ သော်, ဝေဒနာ၏ ဣဋ္ဌာကာရသမ္ဘောဂရသ-ဟူသော ဒုတိယအတ္တဝိကပ္ပ အဖွင့်ကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဝေဒနာ၏ ဣဋ္ဌာကာရ သမ္ဘောဂရသ- အကျယ်ကို ပြဆိုတော်မူ၏။ တစ်နည်း-ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝေဒနာ၏ ရသ ကိစ္စအကျယ်ကို ဖွင့်ပြတော်မူ၏။ ....သော်, ဝေဒနာ၏ ရသမှတစ်ပါး ပစ္စုပဋ္ဌာနအကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။.... စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဝေဒနာ၏ ပစ္စုပဋ္ဌာန် အကျယ်ကို ပြဆိုတော်မူ၏။ ဝေဒနာ၏ပစ္စုပဋ္ဌာန်မှတစ်ပါးသော ပဒဋ္ဌာန်အကျယ်ကိုလည်း ဖွင့်ပြသင့်သေးသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ဝေဒနာ၏ ဣဋ္ဌာကာရ သမ္ဘောဂရသ ဟူသော ဒုတိယ အတ္ထဝိကပ်အဖွင့်ကို မပြဆို ဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ဝေဒနာ၏ ဣဋ္ဌာကာရ သမ္ဘောဂရသ ဟူသော ဒုတိယ အတ္ထဝိကပ် အဖွင့်ကိုလည်း ပြဆိုသင့်သေး၏ (နု-ရော)....စသည်။

(ခ) ဝါကျ။ ဝေဒနာ၏ ရသမှ တစ်ပါးသော ပစ္စုပဋ္ဌာနီ အကျယ်အဖွင့်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ ဝေဒနာ၏ ပစ္စုပဋ္ဌာန်မှ တစ်ပါးသော ပဒဋ္ဌာန် အကျယ်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

[အဗျာပိတဒေါသ သင့်ပုံ ပယ်ပုံများ ထင်ရှားပြီ] ဂ-ဝါကျတွင် နောက်ဝါကျဖြင့် ဝိရောဓိ၊ နိရတ္ထကဒေါသတို့ကိုလည်း ပယ်၏။

## ယထာဝါတထာဝါ ထားရပုံ

(က) ဝါကျ။ အာရုံ၏ သဘာဝ, ပရိကပ္ပအားဖြင့် အမြဲမသတ်မှတ်အပ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ယထာဝါတထာဝါ ထား၏။

## ပနသဒ္ဒါ ထားရပုံ

(ခ) ဝါကျ။ ဝေဒနာ၏ ရသအကျယ်မှတစ်ပါး ပစ္စုပဋ္ဌာန် အကျယ်ကို ပြလိုသောကြောင့်။ ဝါ-ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ပန ထား၏။

(ဂ) ဝါကျ။ ဝေဒနာ၏ ပစ္စုပဋ္ဌာန် အကျယ်မှတစ်ပါး ပဒဋ္ဌာန် အကျယ်ကို ပြလိုသောကြောင့်။ ဝါ - ပရက္ခန္တတ္တဇောတက အဖြစ်ကို ပြလိုသောကြောင့် ပန ထား၏။

http://www.dhammadownload.com



တသ္မာ ထားရပုံ

(ဂ) ဝါကျ။ ငြိမ်းချမ်းသော ကာယရှိသောသူ၏ ချမ်းသာကိုသာ ခံစားတတ်သည်၏ အဖြစ်ဟူသော အကြောင်းကာရဏကို ပြလိုသောကြောင့် တသ္မာ ထား၏။

(ဟိတ်တွင်ရှိသော၊ သုံးသပ်ရာ၊ တသ္မာ အကြောင်းပြ။)

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ [အတ္ထ ဝိကပ္ပ အစိတ်အပေါင်း ဝိဂ္ဂဟ - သမ္ပဒါနံပုဒ် အဖွင့်ခံရ။]

ဣစ္ဆိတဗ္ဗော ဣဋ္ဌော။ အာကရိယတေ အာကာရော။ ဣဋ္ဌော စ+အာကာရော ဣဋ္ဌာကာရော။ သမ္ပုဇ္ဇတီတိ သမ္ဘောဂေါ။ ဣဋ္ဌာကာရ (ဣဋ္ဌာကာရဿဝါ) +သမ္ဘောဂေါ ဣဋ္ဌာကာရသမ္ဘောဂေါ။

၂။ ထို၏ အကြောင်းဖြစ်သော အလိုရှိအပ်သော အဖို့အစု၏ သုံးဆောင် ခံစားတတ်သော တရားနှင့် ကမ္မ+ကမ္မိ, အာရုံ+အာရမ္မဏိက....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အလိုရှိအပ်သော အဖို့အစုကို သုံးဆောင် ခံစားခြင်း ကြိယာသည်....။

ရသတိ သမ္ပဇ္ဇတီတိ ရသော။

ဣဋ္ဌာကာရသမ္ဘောဂေါ+ဟုတွာ+ရသော ဣဋ္ဌာကာရသမ္ဘော ဂရသော။

၂။ ထို၏ အကြောင်းဖြစ်သော အလိုရှိအပ်သော အဖို့အစုကို သုံးဆောင် ခံစားတတ်သည်၏ ပြည့်စုံစွာ ဖြစ်သောတရားနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏအေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဣဋ္ဌာကာရသမ္ဘောဂဖြစ်၍ ပြည့်စုံစွာ ဖြစ်ခြင်း ကြိယာသည်၊ ဝါ—ပြည့်စုံစွာဖြစ်သော တရားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

[မှတ်ချက်။ ဤ၌ သမ္ပဇ္ဇတီတိကိုယောက်၍ ဣဋ္ဌာကာရသမ္ဘောဂရသပုဒ်ကို ဂ မ္မ-ဓာရည်း ဝိဂ္ဂဟကြံသည်။ ရှေ့ဝေဒနာ ဝဏ္ဏနာ အဖွင့်၌ကား ယော-ဇနာအတိုင်း ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟဆိုခဲ့သည်။]

(ခ) ဝါကျ။ ဥပဋ္ဌာတိယတေ ဥပဋ္ဌာနံ၊ (ဥပပုဗ္ဗ+ဌာဓာတ်+ယုပစ္စည်း၊ ထင်ခြင်း ကြိယာခွဲ)

(ဂ) ဝါကျ။ ပဿမ္ဘိတ္တာတိ ပဿဒ္ဓေါ၊ ကုစ္ဆိတ နှ+အာယော ကာယော။ ပဿဒ္ဓေါ+ကာယော ယဿာတိ ပဿဒ္ဓကာယော။

http://www.dhammadownload.com



၂။ ထို၏ ကြောင်းဖြစ်သော ငြိမ်းချမ်းသော ကာယ၏ သူ (ပုဂ္ဂိုလ်) နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သောငြိမ်းချမ်းသောကိုယ် ရှိခြင်းဟူသောဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဒုတိယေ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်၊ အယံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ခွဲ။ ဣမ–အလိင်၊ နိပါတ်ပုဒ်ခွဲ။ သမ္ပဋိစ္ဆတိ-အလိင်၊ ရူမာဒိဂိုဏ်း၊ အကာရန္တ၊ အာချာတပဒ။ (သံ+ဘုဇ+အ+တိ။)

(ခ) ဝါကျ။ အတ္တနော—ပုလ္လိင်၊ တစ်နည်း- (ဝေဒနာကို ငဲ့၍) ဣတ္ထိလိင်၊ ရာဇာဒိဂိုဏ်း။ အကာရန္တ၊ နာမပဒ။ သန္တာယ-အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ၊ တစ်နည်း-ကိဘပဒ။ (ကာရန်ကို ခွဲရာ၌ ဓာ-ဓာတ်ကို ရည်ရွယ်လျှင် အာကာရန္တ ဖြစ်နိုင်သော်လည်း နိပါတ်ပုဒ်တို့ သဘာဝအတိုင်း ပုဒ်လုံးအဆုံးရှိကာရန်ကို ယူခွဲမှ ပိုမိုသဘာဝကျ မှန်ကန်ပေလိမ့်မည်။ ဒသော်တုံ နိပါတ်ပုဒ်ကို နိဂ္ဂဟိတန္တဟု ဆရာအများ ခွဲကြသကဲ့သို့တည်း။)

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ (ဘာဝတ္ထဖော်) ဣဋ္ဌာကာရမေဝ သမ္ပဋိစ္ဆတိ၌ တစ်နည်းဖော်သော်-သမ္ပဋိစ္ဆတိဖြင့် သမ္ဘောဂ၌ သံပုဗ္ဗ+ဘုဇဓာတ်, (ဒု ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓ် အနက်ဟော, (ဒု ပစ္စယတ္ထ) သမ္ပဋိစ္ဆတိတိ သမ္ဘောဂေါဟု ကတ္တုသာဓ် ဝစနတ္ထပြု, (အဘိဓာနတ္ထ) သိစေ၏။ ဣဋ္ဌာကာရမေဝ သမ္ပဋိစ္ဆတိဖြင့် ဣဋ္ဌကာရံ (ဣဋ္ဌာကာရဿဝါ)+သမ္ဘောဂေါ ဣဋ္ဌာကာရသမ္ဘောဂေါဟု တပ္ပုရိသ် သမာသ် ဝစနတ္ထပြုပါဟု သိစေ၏။ (သမာသလိင်္ဂတ္ထ) ဣဋ္ဌာကာရပုဒ်နောင် ဧဝ ကျေနေသည်ကိုလည်း သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ အဓိပ္ပေတကော၌ အဓိသဒ္ဒါ ဓာတွတ္ထဝိသေသက၊ အယံ ဝေဒနာပုဒ်နောင် ဧဝအကျေကြံ၍ ထိုဧဝ၏ ဂဟေတဗ္ဗတ္ထ စသည်ကား-

၁။ သောမနဿဝေဒနာသည် ဂ....။

၂။ ဒေါမနဿ, သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာတို့သည် နိ....။

ယထာဝါ တထာဝါ သဒ္ဒါ အနိယမတ္ထ၊ အာကာရတ္ထ၊ ပကာရတ္ထ။ တစ်နည်း-ယထာ တထာသဒ္ဒါများ – အနိယမတ္ထ၊ ဝါသဒ္ဒါများ ဓိကပ္ပနတ္ထ။ [တေနာတိ အနိယမနိဒ္ဒေသဝစနံဟူသော ပါရာဇိကဏ် ၄-ပ-၆၉-ကို ထောက်၍ တ(တထာ) အနိယမလည်း ဖြစ်နိုင်၏။] ဣဋ္ဌာကာရမေဝ၌ ဧဝ-အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ အလိုရှိအပ် ကောင်းမြတ်သော အဖို့အစုသည် ဂ....။
၂။ အနိဋ္ဌာကာရသည် နိ....။
၃။ ဝေဒနာ၏ သမ္ပယုတ်တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် န....။

ဒွေ ဣတိသဒ္ဒါ ပဟတ္ထတ္ထ။ နောက် ဣတိသဒ္ဒါ အာကာရတ္ထ။ ပဒတ္ထ ဝိပလ္လာသတ္ထ။

(ခ) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထ၊ သဘာဝေနေဝဌ် ဝေသဒ္ဒါ အဝဓာရဏတ္ထ။

၁။ မိမိ၏ သာယာအပ်သော သဘောသည် ဂ....။
၂။ တစ်ပါးသောတရား၏ မသာယာအပ်သော သဘောသည် နိ....။
ဣတိသဒ္ဒါ အာကာရတ္ထ၊ ပဒတ္ထ ဝိပလ္လာသတ္ထ။

(ဂ) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ ဣတိ-အာကာရတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(က) ဝါကျ။ အယံဌ် ဣမသည် ဝေဒနာကို စွဲ၏။ ဝေဒနာဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ သောဌ် တသည် ဝေဒနာကို စွဲ၏။ ဆိုအပ်ပြီးသော ဝေဒနာဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဂ) ဝါကျ။ တသ္မာသည်၊ ဝါ-တသည် ဝေဒေတိ ကြိယာ၊ ဝါ-ဝေဒိယန ကြိယာကို (တသ္မာ၊ဝေဒိယနတော) စွဲ၏။ ဝေဒေတိ (ဝေဒိယန်) ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

က-ခ-ဝါကျ၊ (ဝုတ္တံဌ် ထုတ်ပုံကို ဒွေ ဝေ ပဝေဒိတတ္တာ အဖွင့် က-ဝါကျ ဝုတ္တောဌ် ထုတ်ပုံကို နည်းမှီ)

(ဂ) ဝါကျ-ဝေဒိတဗ္ဗောဌ် စိဒဓာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ (ပဓာနဒ္ဓိပဒဋ္ဌာန်ကို)သိရသဖြင့် ကျင့်ခြင်း ပဋိပတ်စသည်သည်....။
၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။
၅။ ကျင့်သဖြင့် ပီတိ ပါမောဇ္ဇဖြစ်ခြင်း, ရွှန်မက်ဖိုလ်ရခြင်းစသည်တို့သည်....။

F.47 A

http://www.dhammadownload.com



## ဝေဒိတဗ္ဗောထားရပုံ

(ဂ) ဝါကျ။ ငြိမ်းချမ်းသော ကာယရှိသောသူသည် ချမ်းသာကိုခံစား၏။ ထို့ကြောင့် ဝေဒနာသည် ပဿဒ္ဓိပဒဋ္ဌာန်ရှိ၏ဟု ဆောင်၍ နေယျတ္ထအားဖြင့် သိရမည်ဟု ပြလိုသောကြောင့်၊ တစ်နည်း ဝေဒနာ၏ ပဿဒ္ဓိပဒဋ္ဌာန် ရှိသည်၏ အဖြစ်ကို ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္တ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် ဝေဒိတဗ္ဗော ထား၏။

## အဓိပ္ပာယ်အဆုံးအဖြတ်

(က) ၄ ါကျ။ ဝေဒနာ၌ ဝေဒနာအပြားကား သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ ဝေဒနာတို့တည်း။ ဤဓာဓိပ္ပေတကား – သောမနဿ ဝေဒနာတည်း။ (အယံ ဣဓာတိ ဧတေန ပဥ္စသု ဝေဒနာသု ဣမသ္မိံ စိတ္တေ အဓိပ္ပေတံ သောမနဿဝေဒနံ ဝဒတိ၊ ဋီ-ဂ၆။)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အယံ ဝေဒနာအရ ≡ ဝေဒနာစေတသိက်သည် သမ္ပယုတ္တအရ ဝေဒနာသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-န်-ဣ-ဈာ-သံ-တ္ထိ-အဝိ (ဂ)။ အာရမ္မဏာသ ဣဋ္ဌာကာရမဝေအရ-ရူပါရုံစသော အာရုံသည် သမ္ပယုတ္တိ အရ ဝေဒနာစေတသိက်အား အာရမ္မဏပြု၏။

ပြိုင်—ယထာရဟ-အာဒိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (ဂ)။

http://www.dhammadownload.com

# ၃၇-သညာဝစနတ္ထအဖွင့်

(က) နီလာဒိဘေဒံ အာရမ္မဏံ သဉ္ဇာနာတီတိ သညာ။ သာ သဉ္ဇာနန လက္ခဏာ။ ပစ္စာဘိညာဏရသာ။

(ခ) စတုဘူမိက သညာဟိ နေဝ သဉ္ဇာနန လက္ခဏာ နာမ နတ္ထိ၊ သဗ္ဗာ သဉ္ဇာနန လက္ခဏာဝ။

(ဂ) ယာ ပနေတ္ထ အဘိညာဏေန သဉ္ဇာနာတိ၊ သာ ပစ္စာဘိညာဏ ရသာနာမ ဟောတိ။

(ဃ) အပရော နယော-သဗ္ဗသင်္ဂါဟိကဝသေန ဟိ သဉ္ဇာနနလက္ခဏာ သညာ။

(င) ပုန သဉ္ဇာနနပစ္စယနိမိတ္တကရဏရသာ, ဒါရုအာဒိသု တစ္ဆကာ ဒယောဝိယ။

(စ) ယထာ ဂဟိတ နိမိတ္တဝသေန အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ, ဟတ္ထိ ဒဿက အန္ဓာဝိယ။

(ဆ) ယာပနေတ္ထ ဉာဏသမ္ပယုတ္တာ ဟောတိ၊ သာ သညာ ဉာဏမေဝ အနုဝတ္တတိ။ [ဋ္ဌ-၁၂၃-၄]

အနက်ထူး

(စ) ဝါကျ။ ယထာဂဟိတနိမိတ္တဝသေန-ယူဖူး မှတ်ဖူးသော အကြင်အကြင် သို့သော အမှတ်၏ အစွမ်းအားဖြင့်၊ (သဒ္ဒတ္ထ) ဝါ-ယူတိုင်း မှတ်တိုင်းသော အမှတ်၏ အစွမ်းအားဖြင့်၊ (အဓိပ္ပာယတ္ထ)အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ-ဤသည် သာလျှင် အမှန်ဟု အမှားနှလုံးသွင်းခြင်းကို ပြုခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ကေဝိယ-အဘယ်သူတို့ ကဲ့သို့နည်း။ ဟတ္ထိဒဿကအန္ဓာ-ဆုံခြေ, မန်းဝန်း, တံမြက်စွန်းဖြင့် ဆင်ညွှန်းသော သူကန်းတို့သည်။ အဘိနိဝေသံ-မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို။ ဝါ-စွဲလမ်းခြင်းကို။ ကရောန္တိဝိယ-ပြုကုန် သကဲ့သို့တည်း။

[ဥပမာပေါ်အောင်ပေးသည်။]

တစ်နည်း—ဝါကျပရိဝတ္တနယောဇနာ

ဟတ္ထိဒဿကအန္ဓာ-တို့သည်။ အဘိနိဝေသံ-ကို။ ဝါ-ကို။ ကရောန္တိဝိယ-ပြုကုန်သကဲ့သို့။ တထာ-တို့အတူ။ ယထာဂဟိတနိမိတ္တဝသေန-အားဖြင့်။ ဝါ-အားဖြင့်။ အဘိနိဝေသကရဏပစ္စုပဋ္ဌာနာ-ရှိ၏၊

http://www.dhammadownload.com



## ကျမ်းတက်

## ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ,ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝေဒနာပုဒ်ကို ဖွင့်ပြတော်မူ၏။ ဤသို့ ဖွင့်ပြသည်ရှိသော်, သညာပုဒ်ကိုလည်း ဖွင့်ပြသင့်သည် မဟုတ်ပါလော။ တစ်နည်း-သညာပုဒ်၏ အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော။ တစ်နည်း-ဤသို့သာဖွင့်ပြသည်ရှိသော်, သညာပုဒ်၏ အဖွင့်ကို မပြဆို-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း-သညာပုဒ်၏ အဖွင့်ကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။ တစ်နည်း-ဤသို့ပင် ဖွင့်ပြသော်လည်း သညာပုဒ်၏ အဖွင့်ကိုကား မပြဆိုရသေးသည် မဟုတ်ပါလော။....စသည်။

[ဉာဏဝစ္စန ဖြစ်စိမ့်သောငှာ နည်းစုံ ပြလိုက်သော်လည်း စာဖြေရာ၌ကား တစ်နည်းသာဖြေလျှင် ရနိုင်၏။]

(ခ) ဝါကျ၌။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ထိုသညာသည် သဥ္စာနန-လက္ခဏာ, ပစ္စာဘိညာဏရသ ရှိသော-ဟု ဆိုတော်မူ၏။....သော်, ထိုအကျဉ်း သင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။ (ဝိတ္ထာရ ဝါကျကျမ်းတက်)တစ်နည်း-ထိုစကားကို ပြီးစေမြဲစေတတ်သော အသင့် ယုတ္တိဒဋ္ဌိကရဏကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။ (ဒဋ္ဌိကရဏ ဝါကျတက်)

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် သညာ၏ သဥ္စာနနလက္ခဏာ ရှိပုံအကျယ်ကို ပြဆိုတော်မူ၏။....သော်, ထိုသညာ၏ ပစ္စာဘိညာဏရသ ရှိပုံအထူးကို မပြဆို-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သညာ၏ ရှေးဦးစွာဖြစ်သင့်သော လက္ခဏ, ရသတို့ကိုပြဆိုတော်မူ၏။....သော်,ထိုသညာ၏ တစ်ပါးသော ဖြစ်သင့်သော လက္ခဏ, ရသတို့သည်လည်း ရှိသင့်ကုန်သေးသည် မဟုတ်ပါလော၊ ဝါ-သညာ၏ တစ်ပါးသော ဖြစ်သင့်သော လက္ခဏ, ရသတို့ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ။ ထိုအကျဉ်း သင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆို-ဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ သညာ၏ တစ်ပါးသော ဖြစ်သင့်သော လက္ခဏ, ရသတို့ကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

http://www.dhammadownload.com



### ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့စကားရပ်တို့ကို ထောက်လျှင် က-ဝါကျဖြင့် အဗျာပါတဒေါသကို ပယ်၏။ နောက် ခ-ဝါကျကိုထောက်လျှင် က-ဝါကျ၌ အဗျာပါတဒေါသသင့်၏။

(ခ) ဝါကျဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ ပယ်ပုံကိုသိ။

(ဂ) ဝါကျဖြင့် အတိဗျာပိတဒေါသ [ဝိသေသဝါကျကို ရည်ရွယ်သည်] တစ်နည်း-အဗျာပိတဒေါသ [ဝါကျာရမ္ဘ, ဥပန္ယာသဝါကျကို ရည်ရွယ်သည်]တို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် တစ်ပါးသော ဖြစ်သင့်သော သညာ၏ လက္ခဏာ, ရသတို့ကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ တစ်နည်း-ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

### အပရော နယော ထားရပုံ

သညာ၏အမှတ်ပြု၍သိခြင်းသညာနနလက္ခဏာရှိသည်၏အဖြစ်, ရှေး၌ မှတ်ဖူးသော အညို, အရွှေ, အရှည်, အတို စသော အမှတ်ဖြင့် တစ်ဖန် သိခြင်း ကိစ္စရှိသည် အဖြစ်-ဟူသော သကတ်အနက်အကြောင်းမှ တစ်ပါး၊ အလုံးစုံကို သိမ်းကျုံး၍ ယူသည်၏အစွမ်းဖြင့် အမှတ်ပြု၍ သိခြင်း သညာနနလက္ခဏာ ရှိသည်အဖြစ်, ဤဝတ္ထုသည် ထိုရှေးကမှတ်ဖူးသော ဝတ္ထုပင်တည်းဟု တစ်ဖန် သိရှိခြင်း၏ အကြောင်းဖြစ်သော အညို,အရွှေ,အရှည်, အတိုစသော အမှတ်ကိုပြုခြင်း ပုနသညာနန ပစ္စယနိမိတ္တကရဏ ကိစ္စရှိသည်အဖြစ် ဟူသော သကတ်အနက် အကြောင်းတို့ကို လဲလှယ်လိုသောကြောင့် ဃ-ဝါကျ၌ အပရော နယော ထား၏။

တစ်နည်း (အပရော နယော၊အတ္တနောမတိ၊ မှတ်သားဘိ-ဟူသော ရှေးနိယံနှင့် အညီ) ရှေးဆရာတို့၏ အယူဝါဒမှတစ်ပါး၊ မိမိ၏ အယူဝါဒ ဟူသော အတ္တနောမတိကို ပြလိုသောကြောင့် အပရော နယော ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ နီလတိ နီလဝဏ္ဏံ ကရောတီတိ နီလော၊[နီလဓာတ်+အပစ္စည်း။ ညိုသောအဆင်းကို ပြုခြင်းကြိယာခွဲ။] ပထမံ အာဒိယတီတိ အာဒိ၊ နီလော+အာဒိ ယဿာတ် နီလာဒိ။

၂။ ထို၏အကြောင်းဖြစ်သော အညို-ဟူသော အစ၏ အရွှေစသော အပြား နှင့် အာဒိ+အာဒိဝန္တ, အစိတ်အပေါင်း....စပ်....။

၃။ ထို၏အကြောင်းဖြစ်သော အညို-ဟူသော အစရှိခြင်း ဂုဏ်သည်။

http://www.dhammadownload.com



ဘိဇ္ဇတီတိ ဘေဒေါ။ ဘေဒနံ ဝါ ဘေဒေါ။

နီလာဒိ+ဘေဒေါ ယဿာတိ နီလာဒိဘေဒေါ။ (တံ)

၂။ ထိုနီ အကြောင်းဖြစ်သော အညိုအစရှိသော အပြား၏အာရုံနှင့် ဘေဒ+ဘေဒဝန္တ, ဝိသေသန+ဝိသေသျ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အညိုအစရှိသော အပြားရှိခြင်း — ဟူသော ဂုဏ်သည်၊ ဝါ-အညိုအစရှိသော၊ အပြားဟူသော ဂုဏ်သည်။

သဉ္ဇာနီယတေ သဉ္ဇာနနံ။ သံပုဗ္ဗ+ဉာဓာတ်+ယုပစ္စည်း၊ အမှတ်ပြု၍သိခြင်း ကြိယာ]

လက္ခိယတေ အနေနာတိ လက္ခဏံ။

သဉ္ဇာနနံ+လက္ခဏံ တေဿာတိ သဉ္ဇာနနလက္ခဏာ။

၂။ ထို၏အကြောင်းဖြစ်သော သဉ္ဇာနန လက္ခဏာ၏ သညာနှင့် လက္ခဏ+လက္ခဏဝန္တ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော သညာ၏ သဉ္ဇာနန လက္ခဏာရှိခြင်း ဟူသော ဂုဏ်သည်၊ ဝါ- သဉ္ဇာနနလက္ခဏာ-ဟူသော ဂုဏ်သည်....။
ပတိ(ပုန)+အဘိညာယတေ သဉ္ဇာနီယတေ ပစ္စာဘိညာဏံ။
ပစ္စာဘိညာဏံ+ရသော ကိစ္စံ အဿာတိ ပစ္စာဘိညာဏရသာ။

၂။ ထို၏အကြောင်းဖြစ်သော ပစ္စာဘိညာဏကိစ္စ၏ သညာနှင့် ကိစ္စ+ကိစ္စဝန္တ ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော သညာ၏ ပစ္စာဘိညာဏ ကိစ္စရှိခြင်းယူသော ဂုဏ်သည်....။

(ဃ) ဝါကျ။ သင်္ဂဏှာတီတိ သင်္ဂါဟိကာ။

သဗ္ဗသ (သဗ္ဗာယ) +သင်္ဂါဟိကာ သဗ္ဗသင်္ဂါဟိကာ။

သဗ္ဗသင်္ဂါဟိကာယ+ဝသော သဗ္ဗသင်္ဂါဟိကဝသော။

(တေန)

၂။ ထို၏အကြောင်းဖြစ်သော အလုံးစုံကို သိမ်းကျုံး၍ ယူသည်၏ အစွမ်းနှင့် ဂုဏေ+ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အလုံးစုံကို သိမ်းကျုံး၍ ယူသည်၏ အစွမ်း သတ္တိဟူသော ဂုဏ်သည်....။

http://www.dhammadownload.com



[မှတ်ချက်။ ။ဆဋ္ဌမူနှင့် ရှေးနိဿယတို့၌ သင်္ဂါဟိက (ကဠ မဇ္ဈေခုဿ) –ဟု သညာကို ဝဲ၍ ဧူတ္တိလိင်ဖြင့် ပါ၌ရှိ၏၊ နိဿယသစ်၌ကား ဝစန (စကား) ကို ဝဲ၍ သင်္ဂါဟက–ဟု နပုလ္လိင်ဖြင့် ပါ၌ရှိ၏၊ ထိုသို့ နိဿယသစ်ပါ၌ရှိရာ၌–သင္ဂ သင်္ဂဟိကဿ+ဝသော–ဟု ဝိဂ္ဂဟပြုရမည်။ သမ္ဗသဒ္ဒါလည်း သညာကို ဝဲလျှင် သမ္ဗာယ+သင်္ဂဟိကာ–ဟု ဝိဂ္ဂဟ ပြုရမည်၊ အလုံးစုံသော သညာ– ဟူသော အနက် (အတ္ထ) ကို ဝဲလျှင် သမ္ဗဿ+သင်္ဂါဟိကာဟု ဝိဂ္ဂဟ ပြုရမည်။ ]

(င) ဝါကျ။ ပုန သဥ္ဇာနနဿ+ပစ္စယော ပုနသဥ္ဇာနနပစ္စယော၊ ပုန သဥ္ဇာနနပစ္စယော ဧဝ+နိမိတ္တံ ပုန သဥ္ဇာနနပစ္စယနိမိတ္တံ၊ ပုန သဥ္ဇာနန ပစ္စယ နိမိတ္တဿ+ကရဏံ ပုနသဥ္ဇာနန ပစ္စယ နိမိတ္တ– ကရဏံ။

၂။ ထို၏အကြောင်းဖြစ်သော တစ်ဖန်သိခြင်း၏ အကြောင်းဖြစ်သော(အညို, အရွေ, အရှည်, အတို စသော) အမှတ်၏ပြုခြင်းနှင့် ကမ္မ+ကမ္မိ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော တစ်ဖန်သိခြင်း၏ အကြောင်းဖြစ်သော (အညို အရွေ, အရှည်, အတို စသော) အမှတ်၏ ပြုခြင်းကြိယာသည်....။

ပုနသဥ္ဇာနန ပစ္စယနိမိတ္တ ကရဏံ+ရသော အဿာတိ ပုနသဥ္ဇာနနပစ္စယနိမိတ္တ ကရဏ ရသာ။

၂။ ထို၏အကြောင်းဖြစ်သော ပုန သဥ္ဇာနန ပစ္စယနိမိတ္တ ကရဏ ရသကိစ္စ၏ သညာနှင့် ကိစ္စ+ကိစ္စဝန္တ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ပုနသဥ္ဇာနန ပစ္စယနိမိတ္တ ကရဏ ရသကိစ္စရှိခြင်း ဟူသော ဂုဏ်သည်....။

## လိင်ဒသည်စိစစ်ပုံ

(က) ဝါကျ။ နီလာဒိဘေဒံ – ပုဒ်လုံးကို–နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ၊ ထိုတွင် နီလာဒိကို ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ သဥ္ဇာနာတိ-အလိင်၊ ကီယာဒိဂိုဏ်း၊ အာကာရန္တ၊ အာချာတပဒ။ [သံ+ည+နာ+တိ။]

(င) ဝါကျ။ ဒါရုအာဒီသု—ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ သမာသပဒ။ ထိုတွင် ဒါရုကား–နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။ တစ္ဆကာဒယော– ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ နီလာဒိဘေဒဖြင့် အာရမ္မဏ အပြားသရုပ်ကို သိစေ၏။ တစ်နည်း၊-အာရမ္မဏ၌ အာရုံအရ အညိုစသည် အပြားရှိသော အာရုံကိုယူပါဟု

http://www.dhammadownload.com



သိစေ၏။ (အဘိမေယျတ္ထ) အာရမ္မဏ်ဖြင့် သဥ္ဇာနာတိ၌ ဉာဓာတ်၏ကံအဖြစ်ကို၊ တစ်နည်း–သိခြင်းဟူသည် အာရုံကို သိခြင်းပင်တည်း–ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) သဥ္ဇာနာတိတိဖြင့် သညာ၌ သံပုဗ္ဗ+ကီယာဓိ ဂဏိကာဉာဓာတ် (ဒု ဓာတုပဒ) သံသဒ္ဒါ ဓာတွတ္ထဝိသေသက (ဥပသဂ္ဂလိင်္ဂတ္ထ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ)သဥ္ဇာနာတီတိ သညာဟု ကတ္တုသာဓ်-ဝစနတ္ထပြု (အဘိဓာနတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ သဥ္ဇာနာတိ, သညာတို့၌ သံသဒ္ဒါ ဓာတွတ္ထဝိသေသကဖြစ်၍ သညာဏ ကရဏအနက်ဟော၊ အမှတ်အသား–ဟူသော အက်, အဘိညာဏ အနက်ဟော။

[သဥ္ဇာနာတီတိ သညံ ကတ္ဝာ ဇာနာတိ။ ယောဇနာ–၁၀၃၊ သညာတိတ္ထေ သံသဒ္ဒေါ ဓာတွတ္ထဝိသေသကော....ပ....သညာဏ ကရဏတ္ထော ဝ ဒဿိတော၊ မဏိမဉ္ဇူ-ပ-၃၁၅] ပစ္စာဘိညာဏ၌ ပတိသဒ္ဒါ-ပုနတ္ထ။ အဘိသဒ္ဒါ-ဓာတွတ္ထာ နုဝတ္တက။ [အဘိဝိသေသံ ဇာနာတိ ဧတေနာတိ အဘိညာဏံ ဟု အဘိဓာန်ဋီကာ ဝိဂ္ဂဟ ပြုရာ၌ကား အဘိသဒ္ဒါ–ဝိသေသတ္ထ]

(ခ) ဝါကျ။ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ၊တစ်နည်း-ဒဠှီကရဏတ္ထ။ ဧဝ-အဝဓာရဏတ္ထ။

၁။ သဥ္ဇာနန လက္ခဏာရှိသည်၏ အဖြစ်သည် ဂ....။
၂။ သဥ္ဇာနနလက္ခဏာ မရှိသည်၏ အဖြစ်သည် နိ....။
တနည်း–နေသဥ္ဇာနန လက္ခဏာနာမ နတ္ထိ၊ ဤကား နိ....။
၃။ သညာ၏ ပစ္စာဘိညာဏရသ စသည်ရှိသည်၏ အဖြစ်သည် နု....။

(ဂ) ဝါကျ။ ပနသဒ္ဒါ–ဝိသေသတ္ထ။တစ်နည်း–ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။

(ဃ) ဝါကျ။ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။ ဝိယသဒ္ဒါ-ပဋိဘာဂတ္ထ, ဥပမာနတ္ထ။ ယထာသဒ္ဒါ-ဝိစ္ဆတ္ထ။

(ဆ) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထ တစ်နည်း–ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။ ဉာဏမေဝ၌ ဧဝသဒ္ဒါ–အဝဓာရဏတ္ထ။

၁။ ဉာဏသမ္ပယုတ္တသညာသည်၊၊ တစ်နည်း–ဉာဏ်သည် ဂ....။
၂။ ဝိပ္ပယုတ်သညာသည်၊ တစ်နည်း–ဖဿစသည်သည်၊ တစ်နည်း–အဘိနိဝေသကို ပြုခြင်း, ဝိပရီတဂ္ဂါဟ ဖြစ်ခြင်းသည် နိ....။
၃။ ဉာဏသမ္ပယုတ်သညာ၏ အစွမ်းသတ္တိဂုဏ်သည် နု....။

http://www.dhammadownload.com



## သမ္ပဇနာမ်အစွဲ့ ဝိသယနာမည်

(ဂ) ဝါကျ။ ယာဥ္ဌ ယသည် သညာကို စွဲ၍၊ သညာဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ၊ ဇတ္တဥ္ဌ ဇတသည် ဘုံလေးပါး၌ ဖြစ်သောသညာကို စွဲ၍၊ ဘုံလေးပါး၌ ဖြစ်သော သညာဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ သာဥ္ဌ တသည် သညာကို စွဲ၍။ ဆိုအပ်ပြီးသော သညာဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ၊ တစ်နည်း- အနိယမ ယသဒ္ဒါစွဲသော သညာအနက်ကိုပင် ပြန်စွဲသောကြောင့် နိယမ ဝိသယ တ မည်၏။

## ကြိယာ ၅ တန်ထုတ်ပုံ

(က) ဝါကျ။ သညာ၌-

၁။ သဥ္ဇာနနလက္ခဏာသည်....။
၂။ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာန်သည်။....
၃။ ပစ္စာဘိညာဏသမ္ပတ္တိရသသည်....။
၄။ ပစ္စာဘိညာဏကိစ္စရသသည်....။
၅။ အဘိနိဝေသကရဏပစ္စုပဋ္ဌာန်သည်....။

(သ) ဝါကျ။ ထည့်အပ်သော ဝုစ္စတေ၌ အန္တတ္တဝစတ်အရ-

၁။ သတိ, ဝီရိယ, ညာဏ် ပြခန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယော်နိသောမနသိကာရသည်။
၃။ သဗ္ဗသင်္ါဟိကဝသေန စသော ဝစီဘေဒသဒ္ဒသည်....။
၄။ သဒ္ဒမ္မသာဝနစသည်တို့သည်....။
၅။ ထိုဝစီဘေဒသဒ္ဒ အသံကို ကြားနာရခြင်း, အနက်အဓိပ္ပာယ် သိရှိရခြင်း, ကျင့်ရခြင်းမှစ၍ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ အကျိုးဆက်တို့သည်.... ။

ညာဏမေဝ အနုဝတ္တတိ-၌ အဋ္ဌကထာဆရာ၏ အလို အဆုံးအဖြတ်-

သညာသည် ညာဏ်သို့သာ အစဉ်လိုက်သောကြောင့် မှားသောအားဖြင့် နှလုံးသွင်းခြင်းကိုလည်း မပြု၊ ဖောက်ပြန်သော အားဖြင့်လည်း မယူ၊ ဤကား ညာဏမေဝ အနုဝတ္တတိ၌ အဋ္ဌကထာဆရာ၏ အလိုအာဘော်တည်း။

(နံပါတ် ၆ အာဘော် ဖော်ရာ၌လည်း သက်ဆိုင်သည်။)

(ညာဏမေဝ အနုဝတ္တတိ၊ တသ္မာ အဘိနိဝေသ ကာရိကာ ဝိပရီတဂ္ဂါဟိကာစ နဟောတီတိ အဓိပ္ပာယော။ -ဋီ-၀၆)

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယာသညာဟူသော ပါဠိသေသကတ္တားအရ သညာစေတသိက်သည် သဥ္ဇာနာတိကြိယာအရ သညာသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နံ-သံ-တ္ထိ-အဝိ (၆)။ နီလာဒိဘေဒံ အာရမ္မဏံအရ အညို အဝါရှေ့ဆောင် ရှုပါရုံစသော အာရုံ ၆-ပါးသည် သဥ္ဇာနာတိနှင့် သညာအရ သညာစေတသိက်အား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၇)။

(ဆ) ဝါကျ။ ဉာဏဲမေဝအရ ဉာဏ်ပညာ ပစ္စည်းတရားသည်သာ, သညာအနုဝတ္တတိတို့အရ သညာစေတသိက် ပစ္စယုပ္ပန် တရားအား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-ညဲ-နိ-ဣံ-မဂ္ဂ သံ-တ္ထိ-အဝိ (၁၀)။

http://www.dhammadownload.com

# ၃၇-စေတနာ ဝစနတ္ထအဖွင့်

(က) စေတယတီတိ စေတနာ။

(ခ) သဒ္ဓိံ အတ္တနာ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတီတိ အတ္ထော။

(ဂ) သာ စေတယိတ လက္ခဏာ၊ စေတနာဘာဝ လက္ခဏာတိ အတ္ထော။ အာယူဟန ရသာ။

(ဃ) စတုဘူမိကစေတနာ ဟိ....ပ....စေတယိတလက္ခဏာဝ။

(င) အာယူဟန ရသတာ ပန ကုသလာကုသလေသု-ဧဝ ဟောတိ။

(စ) တေနာဟ ပေါရာဏာ "ထာဝရိယ သဘာဝကသဏ္ဌိတာစ ပနေသာ စေတနာတိ" တိ။

(ဆ) ထာဝရိယောတိ ခေတ္တသာမိ ဝုစ္စတိ။ [၄-၁၅၇]

## အနက်ထူး

ရှေးနိဿယအလို က-ခ-ဝါကျတို့ကို တပေါင်းတည်း ရေးစပ် ပေးထား၍ အတ္ထော၏ သမ္ဗန်ကို စေတယတီတိပဒဿ ဟု ထည့်။

(စ) ဝါကျ။ အနက်အားဖြင့် အာကာရအတွင်းသွင်း၍ ပေးသော်-တေန= ထို့ကြောင့်၊ ပေါရာဏာ-ရှေးဆရာတို့သည်။ ပန-အထူးကိုဆိုအံ့။ (စ-အနက်မရှိ) သော စေတနာ-သည်။ ထာဝရိယသဘာဝသဏ္ဌိတာ-လယ်ရှင်၏ သဘော၌တည် သည်၊ ဟောတိ-၏။ ဣတိ-ဤသို့၊ အာဟု ဆိုကုန်ပြီ၊ တစ်နည်း-အနက်အားဖြင့် အာကာရ အပြင်ထုတ်၍ ပေးသော်၊ တေန-ကြောင့်၊ ပေါရာဏာ-တို့သည်၊ အာဟု-ဆိုကုန်ပြီ၊ ကိံ အာဟု အဘယ်သို့ ဆိုကုန်သနည်း၊ ပန-အံ့၊ သော- စေတနာ-သည်၊ ထာဝရိယသဘာဝသဏ္ဌိတာ-သည်၊ ဟောတိ-၏၊ ဣတိ-ဤသို့။ အာဟု-ကုန်ပြီ။

## ကျမ်းတက်

## ၄ပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ (လွယ်ပြီ။ သညာပုဒ်အဖွင့်မှတစ်ပါး စေတနာ ပုဒ်အဖွင့် ဖြစ် သည်ကို ရှုတက်။)

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် စေတနာပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော်, စေယတိ၌ အဓိပ္ပာယတ္ထနှင့် ဓာတွတ္ထ

http://www.dhammadownload.com



တို့ကို မပြဆိုဟူသော အခိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....စေတယတိ၌ အဓိပ္ပာယတ္ထနှင့် ဓာတွတ္ထတို့ကိုလည်း ပြဆိုသင့်သေး၏....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က,ခ-ဝါကျတို့ဖြင့် စေတနာ၏ ဝစနတ္ထ, ထို ဝစနတ္ထ၏ အဓိပ္ပာယတ္ထ, ဓာတွတ္ထတို့ကို ပြဆိုတော်မူ၏။ သော်, စေတနာ၏ လက္ခဏာ, ရသ, ကိစ္စတို့ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် ထိုစေတနာသည် စေတယိတ လက္ခဏာ, အာယူဟနရသ ကိစ္စရှိသောဟု ပြဆိုတော်မူ၏။ သော်, ထို အကျဉ်း သင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အခိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

## ပါပနာဒိ ကျမ်းတက်

(ခ) ဝါကျ။ စေတယတိ၌ အဓိပ္ပာယတ္ထ, ဝစနတ္ထတို့ကို မပြဆို-ဟူသောအနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....စေတယတိ၌ အဓိပ္ပာယတ္ထနှင့် ဓာတွတ္ထတို့ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) ... စသည်။

(ဂ) ဝါကျ။ စေတနာ၏ လက္ခဏာ, ရသ ကိစ္စတို့ကို မပြဆိုဟူသော အနက် အဓိပ္ပာယ် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ ထိုအကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆို - ဟူသော အနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

(င) ဝါကျ။ စေတနာ၏ အာယူဟန ကိစ္စရှိပုံအထူးကို မပြဆို – ဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

(ခ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး အဓိပ္ပာယတ္ထ, ဓာတွတ္ထတို့ကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့ပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏၊ တစ်နည်း—ခ-ဝါကျဖြင့်, ဝါ- အာဒိသန္ဒှတိဖြင့် စိတ (စိတ်) ဓာတ်၏ ဤ၌ မလိုအပ်သော ဝေါဟာရစသောအနက်၌ အလွှန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ ဤ ခ—ဝါကျကိုထောက်၍ ရှေ့ က-ဝါကျ၌ အဗျာပိတ, တစ်နည်း-အတိဗျာပိတ ဒေါသသင့်၏။

(ဃ) ဝါကျဖြင့် ဝိတ္ထာရဝါကျ ဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသ, ပုန ရုတ္တိဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် သာမညဲ, ဝိသေသဆန့်ကျင်သော ဝိရောဓိဒေါသ၊ တစ်နည်း-စကားအနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသ၊ [ဝိသေသဝါကျကို

http://www.dhammadownload.com



ရည်ရွယ်သည်] တစ်နည်း-စကား အနက်အဓိပ္ပာယ် မန္တံစပ်သော အဗျာပိတဒေါသ [ပက္ခန္တရ၀ါကျကို ရည်ရွယ်သည်] တို့ကို ပယ်၏။

### တေနာဟု ထားရပုံ

(စ) ၀ါကျ။ **စေတနာ၏** လွန်ကဲသော ကြောင့်ကြဗျာပါရ ဥဿာဟစသည် ရှိသည်-ဟု ဆိုရာ၌ အကိုးသာဓက, အာဂမ, ဒဠှီကရဏ, ဉာပကကို ပြလိုသော ကြောင့် တေနာဟု ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ၀ါကျ။ ၁။ စေတယတီတိ-ဟူသော ဝိဂ္ဂဟ၀ါကျသည်။

၂။ စေ-တ-ယ-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော စေ့စပ်နှိုးဆော်ခြင်း ကြိယာသည်....။

၃။ စေတနာဟူသော နိပ္ဖန္နသဒ္ဒါသည်....။

၄။ ထိုစေတနာ-ဟူသော နိပ္ဖန္နသဒ္ဒါ၏၊ ဝါ-ထိုပ၀တ္တိ၏ အကြောင်း ဖြစ်သော စေ့စပ်နှိုးဆော်ခြင်းကြိယာသည်....။ [ဘောဓိစိန္တာနည်း၊]

တစ်နည်း-၁။ စေ-တ-နာ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်=။

၂။ ထို၏ အကြောင်းဖြစ်သော စိတ (စိတိ) ဓာတ်+ယုပစ္စည်း၊ စေ့စပ်နှိုးဆော် ခြင်း ကြိယာသည်...။

၃။ စေတနာ-ဟူသော အပေါင်းနာမပညတ္တိ သဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော စေ့စပ်နှိုးဆော်ခြင်း ကြိယာသည်။ [အဘိဓာန်ဋီကာနည်း]

(ခ) ၀ါကျ။ [သံ+ပတို့ကား ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရ]။

ယုဇ္ဇန္တီတိ ယုတ္တာ။ ပကာရေဟိ+ယုတ္တာ ပယုတ္တာ၊ သမံ+ပယုတ္တာ သမ္ပယုတ္တာ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ သမ္ပယုတ္တာစ+တေ+ဓမ္မာစာတိ သမ္ပယုတ္တဓမ္မာ (တေ)

၂။ ထို၏ အကြောင်းဖြစ်သော သမ္ပယုတ်၏ တရားတို့နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏီ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော သမ္ပယုတ်တရားကို၏ တစ်ခုသည်....ပ....ဇာတ်သည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ အာယူဟိပါတေ အာယူဟာန်။ တစ်နည်း-အာ (ဗျာပေတွာ) +ဥဟာန် အာယူဟန်။ [အာပုဗ္ဗ+ဥဟာဓာတ်+ယုပစ္စည်း၊ ရာသိကာရကာ ကြိယာ။] အာယူဟာန်+ရသော ကိစ္စံ အဿာတိ အာယူဟနရသာ။

၂။ ထို၏ အကြောင်းဖြစ်သော အာယူဟနရသကိစ္စ၏ စေတနာနှင့် ကိစ္စ+ကိစ္စဝန္တ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော စေတနာ၏ အာယူဟန ကိစ္စရှိခြင်း ဟူသော ဂုဏ်သည်....။

(ဓ) ဝါကျ။ ထာဝရဿ (ခေတ္တဿ) + သာမီဘာဝရိကော၊ (ထာဝရိကော ဝေ ထာဝရိယော၊ ကကို ယပြု ဟုပြသည်၊ ဝိဂ္ဂဟမဟုတ်)။

၂။ ထို၏အကြောင်းဖြစ်သော လယ်ပိုင်ရှင်နှင့် သံ+သာမိ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော လယ်ရှင်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်....။ ထစ်နည်း— ထာဝရေ+ယဿ အတ္ထီတိ ထာဝရိယော။ ထာဝရိယဿ+သဘာဝေါ ထာဝရိယ သဘာဝေါ။ ထာဝရိယသဘာဝ + သဏ္ဌိတာ ထာဝရိယ သဘာဝ သဏ္ဌိတာ။

၂။ ထို၏ အကြောင်းဖြစ်သော လယ်ရှင်သဘော၏ တည်သော တရားနှင့် ဂုဏ်+ဂုဏီ, အာခေရ+အာဓာရီ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော လယ်ရှင်သဘော၌ တည်ခြင်းကြိယာသည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ စေတယတိ-အလိင်။ စုရာဒိဂိုဏ်း။ (စိဟာဓာတ်ဖြစ်လျှင်) အကာရန္တ။ (စိန်ဓာတ်ဖြစ်လျှင်) ဣကာရန္တ၊ အာချာတပဒ။ [စိတ (စိတ်)+ဏယ+တိ]။

(ခ) ဝါကျ။ သဒ္ဒိ-အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။ အတ္တနာ ပုလ္လိင်။ တစ်နည်း - (စေတနာကို ငဲ့၍) ဣတ္ထိလိင်၊ ရုဓာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ။ အဘိသန္ဒဟတိ အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ဓာ ဓာတ်ဖြစ်သောကြောင့်) အာကာရန္တ၊ အာချာတပဒ။ [အဘိ+သံ+ဓာ+အ+တိ (ဟ အာဂုံ)၊]

(ဂ) ဝါကျ။ အာယူဟနရသတာ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်။

http://www.dhammadownload.com



(စ) ဝါကျ။ ဧကေနုဒ္ဒေနပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ တစ်နည်း-အလိင်၊ နိပါတ်ပုဒ်ခွဲ။ အာဟု-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ဖြူ့ခေတ်ဖြစ်သောကြောင့်) ဦကာရန္တ၊ အချောတ်ပုဒ်၊ [ဖြူ+အ+ဥ၊ (ဖန္တိ)]

(ဆ) ဝါကျ။ ခေတ္တသာမိ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ စေတယ တိကိုဖြင့် စေတနာ၌ စိတ(စိတိ)ဓာတ် ၊(ဒု-ဓာတုပဒ) ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) စေတယတီတိ စေတနာ ဟု ယုပ္စွည်း ကတ္တုသာဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျ။ သဒ္ဒိံ....ပ....အာရမ္မဏေဖြင့် စေတယတိ၌ စေ့စပ်နှိုးဆော်ခြင်း ဟူသော မိမိနှင့်တကွ သမ္ပယုတ်တရားတို့ကို အာရုံ၌ စေ့စပ်နှိုးဆော်ခြင်း ပင်တည်း-ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ) အဘိသန္ဒဟတီတိ အတ္ထောဖြင့် စိတ (စိတိ) ဓာတ်သည် စေ့စပ်နှိုးဆော်ခြင်း၊ အဘိသန္ဒဟန အနက် (အားထုတ်စေ့ဆော်ခြင်း ဥဿာဟအနက်)ကို ဟောသည်-ဟု သိစေ၏။ စေကယတိ၌ စိတ (စိတိ) - ဟူသော အချောတ်ဓာတ်၏ အနက်ကို တိုက်ရိုက် ဖွင့်သောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ၊ တစ်နည်း-စေတနာ၌ စိတ (စိတိ) ဟူသော ကိတ်ဓာတ်အနက်ကိုလည်း တစ်ဆင့်အားဖြင့် ဖွင့်ပြသောကြောင့် ဒု-ဓာတွတ္ထ သံဝဏ္ဏနာ။

(ဆ) ဝါကျ။ ခေတ္တဖြင့် ထာဝရသဒ္ဒါသည် ခေတ္တအနက်ဟော-ဟု သိစေ၏။ (ဒု-လိင်္ဂတ္ထ) သာမိဖြင့်-ဏိကပစ္စည်း သာမိအနက်၌သက်၊ ဝါ-သာမိအနက်ဟော (ပစ္စယတ္ထ) ထာဝရဿ (ခေတ္တဿ) + သာမိ ထာဝရိကော-ဟု သာမိတဒ္ဓိတ်-ဝစနတ္ထပြု၊ (အဘိဓာနတ္ထ) ထာဝရိကော-ဟု ဆိုလိုလျက် က-ကို ယပြု၍ ထာဝရိယ ဟုပြီးသည်။ (ပစ္စယပဒ)သိစေ၏။

## ဥပသာရပုဒ်,နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ သဒ္ဒိံ-သမဂ္ဂိယတ္ထ (ရူ)၊ တစ်နည်း—ဧကတော အနက်ဟော။ အာရမ္မဏေ၌ အာသဒ္ဒါ-အာဂန္တွာ အနက်ဟော။ [အာသဒ္ဒဿတ္တ ဒဿေတိ "အာဂန္တွာ"တိ-မဏိမဥ္ဇူ-၃၉၇] ဣတိသဒ္ဒါ-ဣမတ္ထ၊ (အဘိဓာန်) ဝါ-အယမတ္ထ။ [ဣတိတိ အယမတ္ထော၊ ပါစိတျာဒိယောဇနာ-၅၅၃]။

(ဂ) ဝါကျ။ အာယူဟန၌ အာသဒ္ဒါ-ဗျာပနတ္ထ၊

(ဃ) ဝါကျ။ ဟိသဒ္ဒါ—ဝိတ္ထာရတ္ထ၊ တစ်နည်း၊ ဒဠှီကရဏတ္ထ။ စေဘယိတ လက္ခဏာဝ၌ ဝေသဒ္ဒါ အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ စေတယိဘာလက္ခဏာရှိသည်၏ အဖြစ်သည် ဂ....။

၂။ စေတယိတလက္ခဏာ မရှိသည်၏ အဖြစ်သည် နိ....။

တစ်နည်း-နောစေတယိဘာလက္ခဏာနာမ နတ္ထိ ဤကား နိ....။

၃။ စေဘနာ၏ အာယူဟာန ကိစ္စ စသည်ရှိသည်၏ အဖြစ်သည် နဲ....။

(င) ဝါကျ။ ပနုဒိဝိသေသတ္ထ၊ တစ်နည်း-ပက္ခန္တရတ္ထ၊ ဝေဒိအဝခါရဏတ္ထ

၁။ ကုသိုလ်, အကုသိုလ်တို့သည် ဂ....။

၂။ ဝိပါက်, ကိရိယာတို့သည် နိ....။

၃။ စေတနာ၏ ကုသိုလ်, အကုသိုလ်တို့၌ စေတယိသို့လက္ခဏာ စသည် ရှိသည်၏ အဖြစ်သည် နဲ....။

(စ) ဝါကျ။ စသဒ္ဒါ (ရှေးနိဿယအလို) ပဒပူရဏ, ပဒါလင်္ကာရ။ ပနသဒ္ဒါ ဝိသေသတ္ထ၊ ဣတိသဒ္ဒါ အာကာရတ္ထ၊ တစ်နည်း-ပဒတ္ထ ဝိပလ္လာသတ္ထ။

## သမ္ဗန္ဓာမ်အစွဲ, ဝိသယနာမည်

(ဂ) ဝါကျ။ သာဋ္ဌ တသည် စေတနာကို စွဲ၏။ ဆိုအပ်ပြီးသော စေတနာ ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ စေတယတိ, စေတနာပုဒ်တို့အရ—

၁။ စေတနာသည်....။

၂။ သမ္ပယုတ်စိတ်သည်....။

၃။ သမ္ပယုတ် တရားတို့ကို အာရုံ၌ စေ့စပ်နှိုးဆော်ပေးခြင်းသည်....။

၄။ ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ သမ္ပယုတ်တရားတို့၏ အာရုံကို ရရှိသွားခြင်းသည်....။

တစ်နည်း-

၁။ စေတယိတလက္ခဏာသည်....။

၂။ ယထာဥပဋ္ဌိတ ပဒဋ္ဌာန်သည်၊ တစ်နည်း - သေသခန္ဓတ္တယ ပဒဋ္ဌာန်သည်၊ တစ်နည်း-ဝိညာဏ ပဒဋ္ဌာန်သည်....။

၃။ အာယူဟာန သမ္ပတ္တိရသသည်....။

http://www.dhammadownload.com



၄။ အာယူဟန ကိစ္စရသသည်....။

၅။ သံဝိဒဟန ပစ္စုပဋ္ဌာန်သည်....။

တစ်နည်း-

၁။ စေတနာဟူသော ကုသိုလ်သခ်ါရသည်....။

၂။ အဝိဇ္ဇာသည်....။

၃။ ဝိပါက်ဝိညာဉ်သည်....။

၄။ အာသဝေါ်တရားစသည်ဟုံသည်....။

၅။ နာမ်ရုပ် သဠာယတန စသည်တို့သည်....။

(စ) ဝါကျ။ စေတနာဟူ၌ အာဟာအရ, ဝါ-အာဟာ၌ ဖြူခေတ်အရ ဆ-ဝါကျ၌ ဝုစ္စတိဝယ် ဝစခာတ်အရထုတ်ပုံ ရှေးသညာဝစနတ္ထအဖွင့် ဆ-ဝါကျ ဝုစ္စတေ၌ ထုတ်ပုံနှင့်တူ၏၊ ဤ၌ စ-ဝါကျဝယ် ထာဝရိယ ....ပ.... စေတနာကို၊ ဆ-ဝါကျ၌ ထာဝရိယောကို ဝစီဒဘေဒသဒ္ဒထုတ်။]

သိဒ္ဓိ .

(စ) ဝါကျ။ စေတနာ၏ အတိရေကဥဿာဟ, စသော သဘောရှိသည် အဖြစ်ကို ထာဝရိယစသော ရှေးဆရာတို့၏ အာဂမပါဠိဖြင့် ပြီးစေအပ်သော ကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယာ ဓမ္မဇာတိ - ဟူသော ကတ္တားအရ စေတနာသည် စေတယတိ ကြိယာအရ-စေတနာသမ္ပယုတ္တ ဓမ္မအား သဟ-ပြု၏။

ပြိုင်-သဟ-ည-နိ-ကံ-ဟာ-သံ-တ္ထိ-အဝိ (၈)။ (ကုသိုလ်အရာဋ္ဌာန ဖြစ်သော ကြောင့် ဝိပါက မထည့်၊ တစ်နည်း-ဝိပါက်အရာဖြစ်လျှင် ဝိပါကပါထည့်၍ (၉) ပစ္စည်းပြိုင်။]

(ခ) ဝါကျ။ အတ္တနာ, အဘိသန္ဒဟတိတို့အရ စေတနာသည် သမ္ပယုတ္တ ဓမ္မအရ-စေတနာသမ္ပယုတ်တရားအား၊ တစ်နည်း-ကုသိုလ်အရာ ဖြစ်လျှင် ကုသိုလ် စိတ် ကောဋ္ဌာသ၊ တစ်နည်း-ဤအရာဋ္ဌာနဖြစ်လျှင် ပထမ မဟာကုသိုလ်စိတ်တစ်ခု, စေတနာကြဉ် စေတသိက် သတ္တတ္တိံသ၊ တစ်နည်း-သာမညဆိုလျှင် စိတ် ၈၉- စေတနာကြဉ် စေတသိက် ဧကပဉ္စာသတို့အား သဟ....ပြု၏။ ပြိုင်-သဟ-ည- နိ-ကံ-ဟာ-သံ-တ္ထိ-အဝိ (၈)။ တစ်နည်း-ဝိပါ-ထည့်၍ (၉)။ အာရမ္မဏအရ

http://www.dhammadownload.com



ရှုပါရုံစသော အာရုံ ၆-ပါးသည် အတ္တနာ, သမ္ပယုတ္တဓမ္မ, အဘိသန္ဒဟတိတို့အရ စေတနာနှင့် စေဘနာသမ္ပယုတ္တတို့အား အာရမ္မဏ... ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၈)။

(က) ဝါကျ။ ပေါရာဏာအရ-ဝေဒနာသည် အာဟုအရ ကျွန် နာမက္ခန္ဓာ သုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (၈)။

(ဆ) ဝါကျ။ ထာဝရိယောတိ-ဟူသော အာကာရပုဒ်အရ-ထာဝရိယဟူသော နာမပညတ္တိသဒ္ဒါသည် ဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏၊ တစ်နည်း-ဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် အာကာရပုဒ်အရ ထာဝရိယဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။ ခေတ္တသာမီ-ဟူသော ကံပုဒ်နှင့် ဝုစ္စတိ၌ တေဝိဘတ်တို့အရ လယ်ရှင်ဟူသော ပညတ်အာရုံသည် ထိုဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-မရှိ။ တစ်နည်း-ထိုကံပုဒ်, တေဝိဘတ်တို့အရ လယ်ရှင်၌ရှိသော ရှုပါရုံစသော အာရုံသည် ဝစဓာတ်အရ သတိ-ဝီရိယ-ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ (၆)။

http://www.dhammadownload.com

# ၃၉–စေတနာ၏ ပစ္စုပဋ္ဌာန် အဖွင့်

(က) သာပနေသာ သံဝိဒဟန ပစ္စုပဋ္ဌာနာ။

(ခ) သံဝိဒဟန မာနော ဟိ....ပ....မဟာဝဍ္ဍကီအာဒယော ဝိယ။

(ဂ) ယထာ ဟိ ဇေဋ္ဌသိဿော....ပ....ပဝတ္တယတိ။

(ဃ) တသ္မိဉ္စ အဓိယိတုံ အာရဒ္ဓေ တေပိ အဓိယန္တိ တဒနုဝတ္တိတာယ။

(င) တေန ဝုတ္တံ....ပ....မဟာဝဍ္ဍကီအာဒယောဝိယာ တိ။

(စ) အစ္စာယိက 'ကမ္မာနုဿရဏာဒိသု....ပ....ဝေဒိတဗ္ဗာ။[ဋ္ဌ–၁၅၅]

## အနက်ထုး

(ခ) ဝါကျ။ ဟိသစ္စံ-၏။ အယံ စေတနာ-သည်။ သံဝိဒဟနမာနာ - (သင်ဤကိစ္စကိုပြုလော့, သင်ကား ဤကိစ္စကိုပြုလော့-ဟု) စီရင်သကဲ့သို့ဖြစ်၍၊ ဥပဋ္ဌာတိ-ဉာဏ်အား ရှေးရှုထင်တတ်၏၊ ကေဝိယ - အဘယ်သူတို့ကဲ့သို့နည်း၊ သကိစ္စပရကိစ္စသာဓကာ-မိမိကိစ္စ, သူတစ်ပါးကိစ္စကို ပြီးစေတတ်ကုန်သော၊ ဇေဋ္ဌသိဿမဟာဝဍ္ဍကီအာဒယော-တပည့်ကြီး, လက်သမားကြီး အစရှိသောသူတို့သည်။ သံဝိဒဟန္တိဝိယ-စီရင်ကုန်သကဲ့သို့တည်း။ [ဥပမာန ဥပမေယျ ပေါ်အောင်ပေးသည်၊) တစ်နည်း–ဝါကျပရိဝတ္တန အနက်ယောဇနာသော်–ဟိသစ္စံ–၏။ သကိစ္စပရကိစ္စသာဓကာ-ကုန်သော။ ဇေဋ္ဌသိဿမဟာဝဍ္ဍကီအာဒယော-တို့သည်။ သံဝိဒဟန္တိဝိယ - စီရင်ကုန်သကဲ့သို့။ တထာ-ထိုအတူ၊ အယံ-စေတနာသည်။ သံဝိဒဟနမာနာ-ဖြစ်၍။ ဥပဋ္ဌာတိ-၏။

## ကျမ်းတက်

### ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် စေတနာ၏ ရသကို ဖွင့်ပြတော်မူ၏။ ဤသို့ ဖွင့်ပြသည်ရှိသော်, စေတနာ၏ ပစ္စုပဋ္ဌာန်အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော....စသည်။

(ခ) ဝါကျ။ ထိုရှေ့စကားရပ်၏ အသင့်ယုတ္တိ ဒဋ္ဌိကရဏကို မပြဆို-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ (အာဘော်ထားတက်)

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဤစေတနာသည် သကိစ္စ ပရကိစ္စကို ပြီးစေတတ်သော တပည့်ကြီး, လက်သမားကြီးတို့ကဲ့သို့ စီရင်တတ်သည် ဖြစ်၍ ညာဏ်အား ရှေးရှုထင်သော ဟု အပါကဋအားဖြင့် မိန့်တော်မူ၏။ ဤသို့ အပါကဋအားဖြင့်သာ မိန့်တော်မူသည်ရှိသော်, ဥပမာဆောင်၍ ပါကဋအားဖြင့် ထင်ရှားအောင် မပြဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော ....ပ....ဥပမာဆောင်၍ ပါကဋအားဖြင့် ပြဆိုသင့်သေး၏...စသည်။

(ဃ) ဝါကျ။ (ရှေ့ ခ-ဝါကျကဲ့သို့ အာဘော်ထားတက်)

## ပါပနာဒိက်ချမ်းတက်

(က) ဝါကျ။ စေတနာ၏ ပစ္စုပဋ္ဌာန်အဖွင့် မရှိ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ဆရာ့စကားကို ပြီးစေ, မြဲစေတတ်သော အသင့်ယုတ္တိ ဒဋ္ဌီ ကရဏကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ ထိုရှေ့စကားရပ်၏ အနက် အဓိပ္ပာယ်ကို ဥပမာဆောင်၍ ထင်ရှားအောင် မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့စကားရပ်ကိုထောက်လျှင် က-ဝါကျသည် ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့် ထို က-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ ခ-ဝါကျဖြင့် ဝိရောဓိဒေါသ ဩစိတျဟီန ဒေါသတို့ကို ပယ်၏။ ဂ-ဝါကျသည် တပ္ပါကဋီ ကရဏဝါကျ ဖြစ်ခြင်းကြောင့်၊ ဝါ-မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ပါကဋ ဝါကျ ပြရိုးထုံးစံရှိသော ကြောင့် ထိုဂ-ဝါကျဖြင့် ပုနရုတ္တိဒေါသ၊ တစ်နည်း-အပါကဋ, ပါကဋ ဆန့်ကျင် သော ဝိရောဓိ ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျ။ ဝိရောဓိဒေါသ, ဩစိတျဟီန ဒေါသတို့ကို ပယ်၏။

(င) ဝါကျသည် လဒ္ဓဂုဏဝါကျဖြစ်ခြင်းကြောင့် နိရတ္ထကဒေါသ၊ တစ်နည်း နိဂမန ဝါကျဖြစ်ခြင်းကြောင့် ပုနရုတ္တိဒေါသ၊ နိဂမနိယ, နိဂမန ဆန့်ကျင်သော ဝိရောဓိဒေါသတို့ကို ပယ်၏။

(စ) ဝါကျသည် ဥပနျာသ, ဝါကျဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကို ပယ်၏။

http://www.dhammadownload.com



## တေန ဝုတ္တံ ထားရပုံ

(င) ဝါကျ။ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့်။ တစ်နည်း—နိဂုံးကို ပြလိုသောကြောင့် တေန ဝုတ္တံ ထား၏။

ဆောင်—တေနဝုတ္တံ။ တည်ပါဠိပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊ နေ့ာတက္က။ [ရွှေ-နိယံ-၃၂၈]

## စ, ပန ထားရပုံ

ရွှေစကားရပ် အနက်အဓိပ္ပာယ်ကို ဆက်လက်ပြလိုသောကြောင့်၊ တစ်နည်း ရွှေစကားရပ် အနက်အဓိပ္ပာယ်ကို ဆက်လက်၍ အထူးဝိသေသအားဖြင့် ပြလိုသောကြောင့် စ,ပန,ထား၏။

ဆောင်—စ, ပန, ဟု၊ တက္ကတက်ရာ၊ စ—နက်မှာ ဆက်၊ ပန-နက်၊ ထူးချက်ဓိပ္ပာယ်စွဲ။ [ရွှေ-နိယံ-၄၁]

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတက္က

(က) ဝါကျ။ သံဝိဒဟတီတိ သံဝိဒဟနံ။ ပစ္စုပဋ္ဌာတီတိ ပစ္စုပဋ္ဌာနာ။ သံဝိဒဟနေန+ပစ္စုပဋ္ဌာနာ သံဝိဒဟန ပစ္စုပဋ္ဌာနာ။

[စီမံတတ်သည် အဖြစ်ဖြင့်-ဟူလို-ဟူသော နိ-သစ်-ဒု-၂၄၀-ကိုမှီ။]

၂။ ထို၏အကြောင်းဖြစ်သော စီရင်တတ်သော အခြင်းအရာ၏ ရှေးရှုထင်တတ်သော တရားနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော စီရင်တတ်သော အခြင်းအရာအားဖြင့် ရှေးရှုခြင်း ကြိယာသည်....။

(ခ) ဝါကျ။ ကတ္တဗ္ဗန္တိ ကိစ္စံ။ သသ အတ္တနော+ကိစ္စံ သကိစ္စံ။ ပရဿ+ကိစ္စံ ပရကိစ္စံ၊ သကိစ္စံစ+ပရကိစ္စံစ သကိစ္စ ပရကိစ္စံ။ သာဓေန္တီတိ သာဓကော။ သကိစ္စ ပရကိစ္စဿ+သာဓကော သကိစ္စ ပရကိစ္စသာဓကော။

၂။ ထို၏အကြောင်းဖြစ်သော မိမိကိစ္စ, သူတစ်ပါးကိစ္စ၏ ပြီးစေတတ်သူနှင့် သာဓေတဗ္ဗ+သာဓက....စပ်....။

၄။ မိမိကိစ္စ, သူတစ်ပါးကိစ္စကို ပြီးစေခြင်း ကြိယာသည်....။

http://www.dhammadownload.com



ဝိသေသေန ဝုစ္စော (ဝုဒ္ဓေါ) တိ ဇေဋ္ဌော။ သာသိတဗ္ဗောတိ သိဿော။ [သာသဓာတ်+ဏျပစ္စည်း၊ ဆုံးမခြင်းကြိယာစွဲ] (ရှုပသိဒ္ဓိ-ဏျောစသုတ် အဖွင့်၌ သိဿောဝယ် သာသဓာတ်+ဏျပစ္စည်း-ဟု မိန့်၏။) ဇေဋ္ဌောစ+သော+သိဿော စာတိ ဇေဋ္ဌသိဿော။ မဟေန္တီတိ မဟာ။ (မဟန္တာ) ဝဒ္ဓယတိ (ဝစုယတိ) ဆိန္ဒတီတိ ဝစုကီ။[ဝဒ္ဓ (ဝစု) ဓာတ်၊ ဏွုပစ္စည်း၊ ဖြတ်ခြင်းကြိယာ](အဘိဓာန် ဋီကာ၌ ဝစုကီဝယ်- ဝဒ္ဓဓာတ် + ဏွုပစ္စည်းဟု ဆို၏။) မဟန္တော+ဝစုကီ မဟာ ဝစုကီ။ ဇေဋ္ဌသိဿောစ + မဟာဝစုကီစ ဇေဋ္ဌသိဿ မဟာဝစုကီ။ ဇေဋ္ဌသိဿ မဟာဝစုကီ+အာဒိ+ယေသန္တိ ဇေဋ္ဌသိဿ မဟာဝစုကီအာဒယော။

၂။ ထို၏အကြောင်းဖြစ်သော တပည့်ကြီး လက်သမားကြီးဟူသော အစ၏ ယောနေယက-စသည်တို့နှင့် အာဒိ+အာဒိဝန္တ, အစိတ်+အပေါင်း.... စပ်....။

၄။ ထို၏အကြောင်းဖြစ်သော တပည့်ကြီး, လက်သမားကြီးဟူသော အစ ရှိခြင်းဂုဏ်သည်....။

(ဂ) ဝါကျ။ မနသာ ဥပေစ္စ သိယာန် ဝဇ္ဇာဝဇ္ဇံ ဈာယတီတိ ဥပဇ္ဈာယော (တံ) [ဥပပုဗ္ဗ+ဈေဓာတ်+ဏပစ္စည်း၊ ကပ်၍ရှုခြင်းကြိယာ] အဓိယထီတိ အဓိ ယမာနော [အဓိပုဗ္ဗ + ဣဓာတ်+မာနပစ္စည်း၊ သရဇ္ဈာယ်ခြင်းကြိယာ။] ဒရန္တိ ကိဋ္ဌာဝသေန ဘူမိ ဝိလိခန္တီတိ ဒါရကာ(တေ) [ဒရဓာတ်ဏွုပစ္စည်း၊ ရေးခြစ်ခြင်း ကြိယာ။]

(ဃ) ဝါကျ။ အနုဝတ္တန္တီတိ အနုဝတ္တိနော။

တံ(ဇေဋ္ဌသိဿံ)+အနုဝတ္တိနော တဒနုဝတ္တိနော။

တဒနုဝတ္တိနံ+ဘာဝေါ တဒနုဝတ္တိတာ (တာယ)

၂။ ထို၏ အကြောင်းဖြစ်သော တပည့်ကြီးသို့ အစဉ်လိုက်သော သူတို့၏ အစဉ်လိုက်သည်၏ အဖြစ်နှင့် ဂုဏော+ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော တပည့်ကြီးသို့ အစဉ်လိုက်သည်၏အဖြစ်ဟူသော ဂုဏ်သည်၊ ဝါ-တဒနုဝတ္တိဘောဂုဏ်သည်....။

(စ) ဝါကျ။ ဥဿာဟီယတေ ဥဿာဟန်။ ဥဿာဟနံ ဓေတသံ အတ္ထီတိ ဥဿာဟနာ။ ဥဿာဟနာနံ+ဘာဝေါ ဥဿာဟနဘာဝေါ။ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော အရှိအသေ အလေးပြု (စေ) သည်၏ အဖြစ်နှင့် ဂုဏော+ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ဥဿာဟနဘော ဂုဏ်သည်....။

http://www.dhammadownload.com



[အာဒရ ဘာဝေါန-ဟု ဋီကာ ဖွင့်သောကြောင့် ဥဿုဟနဟု ပါဌ်ရှိကောင့်ကြောင်း နိဒ္ဒေသ ဒု—၂၄၁-၌ ဆို၏။]

## လိင်္ဂသည် စိစစ်ပုံ

(က) ဝါကျ။ သာနှင့် ယောကို ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်းခွဲ)။

(ခ) ဝါကျ။ ဥပဋ္ဌာတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ အာကာရန္တ၊ အာချာတပဒ။ [ဥပ+ဌာ+အ+တိ။] ဓဇဋ္ဌသိဿမဟာဝစုကီ အာဒယော-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသနာမပဒ။ ထိုတွင်-မဟာ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ။ ဝစုကီ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ။ နာမပဒ။

(ဂ) ဝါကျ။ အာဂစ္ဆန္တံ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ ကာရန္တ၊ ကိတပဒ။ ဝါ-ကိတနာမပဒ။ ဒိသွာ—အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ။ တစ်နည်း-(ဒိသဓာတ်ကို ရည်ရွယ်လျှင်) အ ကာရန္တ၊ နိပါတပဒ၊ တစ်နည်း-ကိတပဒ။ သယံ-အလိင်၊ နိပါတ်ပုဒ်ခွဲ။ အဘ္ဘနော—ပုလ္လိင်၊ ရာဇာဒိဂိုဏ်းခွဲ။ ပဝတ္တယတိ-အ လိင်၊ နေဝဝိကရဏဂိုဏ်း၊ တစ်နည်း-ဘူဝါဒိဂိုဏ်း၊ ဥကာရန္တ၊ အာချာတ်ပုဒ်။ [ပ+ဝတု(ဝတ္တ)+ဏယ+တိ။]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော က=ဝါကျဖြင့် ထိုရှေ့၌ ဆိုအပ်ပြီးသော သဘောရှိသော စေတနာသည် သံဝိဒဟန ပစ္စုပဋ္ဌာန်ရှိသည်၊ ဝါ-စီရင်တတ်သော တရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏—ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဟိဖြင့် ဒဠှီကရဏတ္ထ ဇောတက, တစ်နည်း—ဝိတ္ထာရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသော ခ-ဝါကျဖြင့် ရှေးဒဠှီယကို ခိုင်မြဲစေသော ဒဠှီကရဏအဖြစ်ကို သိစေ၏။ တစ်နည်း—ဤစေတနာသည် မိမိကိစ္စ သူတစ်ပါးကိစ္စကို ပြီးစေတတ်ကုန်သော တပည့်ကြီး လက်သမားကြီး အစရှိသော သူတို့ကဲ့သို့ စီရင်သကဲ့သို့ဖြစ်၍ ဉာဏ်အား ရှေးရှုထင်တတ်၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ပန-ပက္ခန္တရတ္ထ။

(ခ) ဝါကျ။ ဟိသဒ္ဒါ-ဒဠှီကရဏတ္ထ။ တစ်နည်း-ဝိတ္ထာရတ္ထ။ ဝိယသဒ္ဒါ ပဋိဘာဂတ္ထ။ ဥပမာနတ္ထ။

http://www.dhammadownload.com



(ဂ) ဝါကျ။ ယထာသဒ္ဒါ-ပဋိဘာဂတ္ထ၊ ဥပမာနတ္ထ။ ဟိသဒ္ဒါ-တပ္ပါကဋီကရဏတ္ထ။ တစ်နည်း=ဝိတ္ထာရတ္ထ။ ဒူရတော၀၌ ဝေသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ အဝေးသည် (အဝေးအရပ်သည်) ဂ........။

၂။ အနီးသည် (အနီးအရပ်သည်) နိ........။

တစ်နည်း-အဝေးကသာ မြင်သည်မဟုတ် အနီးမှာလည်း မြင်သောကြောင့် အနီးကို မတားမြစ်နိုင်သည့်အတွက်, ၎င်းအနီးသည် (အနီးအရပ်သည်) ဒုနည်းတတ္ထ။ ဤအလို နိဝေတ္တတဗ္ဗတ္ထမရှိတော့။ ဝေလည်း သန္နိဋ္ဌာနာဝဓာရဏတ္ထဖြစ်သည်။ အဓိယမာနေ၌ အဓိသဒ္ဒါ-အဇ္ဈာယနတ္ထ၊ (ရှု) ဣတရေပိ၌ ပိသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ထိုပိဖြင့် မိမိသာလျှင် သရဇ္ဈာယ်ခြင်း အမှု၌ ဖြစ်သည်မဟုတ်သေး၊ အခြားကျောင်းသားသူငယ်တို့ကိုလည်း မိမိ, မိမိ၏သရဇ္ဈာယ်ခြင်း အမှု၌ ဖြစ်စေ၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။

(ဃ) ဝါကျ။ ဟိသဒ္ဒါ-ဒဠှီကရဏတ္ထ။ ပိသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ထိုပိသဒ္ဒါဖြင့်-တပည့်ကြီးသာ သရဇ္ဈာယ်သည် မဟုတ်၊ ဝါ-သရဇ္ဈာယ်ခြင်းငှာ အားထုတ်သည် မဟုတ်သေး၊ ကျောင်းသားငယ်တို့သည်လည်း သရဇ္ဈာယ်ကြကုန်သေး၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ ဝါ-ပေါင်းဆည်း၏။

(င) ဝါကျ။ တေနသဒ္ဒါ-ကာရဏဇောတနတ္ထ။ ဣတိသဒ္ဒါ အာကာရတ္ထ၊ တစ်နည်း-ပဒတ္ထ၊ ဝိပလ္လာသတ္ထ။

(စ) ဝါကျ။ အစ္စာယိက၌ အတိသဒ္ဒါ-သီဃတ္ထ၊ [သီဃံ ပဝတ္တေတဗ္ဗ ကိစ္စံ အစ္စာယိကံ။ သီဃတ္ထော ဟိ အတိသဒ္ဒေါ "ပါဏာတိပါတော" တိအာဒီသုဝိယ။ (သံ-ဋီ-သစ်-ဒု ၁၃၀) ဤအလို အစ္စာယိကံ-လျင်မြန်စွာ ဖြစ်စေအပ်သော-ဟု သဒ္ဒတ္ထပေး။ ရှောင်တခင်ပြုအပ်သော-ဟု ပေးသည်ကား အဓိပ္ပာယတ္ထ ဟု မှတ်ပါ] စသဒ္ဒါ-အနက်ထူးမရှိ၊ ပဒါလင်္ကာရ, ပဒပူရဏ။ ပန-ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။ (နိဿယ)။ တစ်နည်း-စသဒ္ဒါ ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။ ပန-ဝိသေသတ္ထ။ ဣတိ-နိဒဿနတ္ထ။

## သဗ္ဗနာမ်အစွဲ့ဝိသယနာမည်

(က) ဝါကျ။ သာ၌ တသည် စေတနာကို စွဲ၏။ ဆိုအပ်ပြီးသော စေတနာဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

အဓိယမာနာ, အဓိယန္တိတို့၌ အဓိပုဗ္ဗ+ဣဓာတ်+အာရဒ္ဓေ၌ အာပုဗ္ဗရဘဓာတ်တို့အရ-

http://www.dhammadownload.com



၁။ ဝီရိယပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ သရဏ္ဍာယ် စာအံသော စစီဘေဒသဒ္ဒသည်....။

၄။ သဒ္ဓမ္မဿဝနစသည်သည်....။

၅။ စာအံသံကို ကြားရခြင်းအနက်အဓိပ္ပာယ်ကို သိခြင်းမှစ၍ မဂ် ဖိုလ် နိဗ္ဗာန် အထိ အကျိုးဆက်တို့သည်....။

(စ) ဝါကျ။ ဝေဒိသဗ္ဗာဌ် ဝိဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ ဃိသာဖြင့်ကျင့်ခြင်း, ဖောပြောပြသ ပို့ချခြင်း စသည်တို့သည်....။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ ပီတိပါမောဇ္ဇဖြစ်ခြင်းမှစ၍ မဂ်-ဖိုလ်-နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်....။

## ဝေဒိတဗ္ဗော ထားရမှံ

(စ) ဝါကျ။ ဤစေတနာသည် သမ္ပယုတ်တရားတို့ကို အရှိအသေ အလေး ပြုစေသည်၏ အဖြစ်ဖြင့် ဖြစ်သည်ဖြစ်၍ ထင်ရှား၏ ဟူသော အဓိပ္ပာယ်ကို ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသော ကြောင့် ဝေဒိတဗ္ဗောထား၏။

## ပဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ဇေဋ္ဌဃီသော အဓိယမာနေဝအရ ဝေဒနာသည် ပဝတ္တယတိ အရ ကျန်နာမ်ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နီ-ဏ္ဍ-ဈာ-သံ-တ္ထိ-အဝိ (ဂ)။ စိတ္တဇရုပ်အား-သဟ-နိ-ဏ္ဍ-ဈာ-ဝိပ္ပ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ [အကျယ်ပြိုင်ပုံကို ပဌမတွဲ ၁၂၈-၌ရှု။ ကေကလေးဝါရလောက် တော့ပြိုင်ပါ။] ဥပဏ္ဍာယံ အာဂစ္ဆန္တိအရ ဥပဏ္ဍာယ်ဆရာ၌ရှိသော ရှုပါရုံသည် မိသ္သာအရ စက္ခုဝိညာဉ်အား အာရမ္မဏပြု၏၊ ပြိုင်—အာ-ပု-တ္ထိ-အဝိ (၄)။ ဏ္ဍတရေပီ ဒါရကေအရ ကျောင်းသားငယ်တို့၌ရှိသော ရှုပါရုံစသော အာရုံသည် ပဝတ္တယတိ အရ တပည့်ကြီး၌ရှိသော သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်—အာ-ပု-တ္ထိ-အဝိ (၄)။ ဆစ်နည်း— မဟာကုသိုလ်စိတ်ပစ္စည်းဖြစ်လျှင်—အာ-ဓိ-ဥပ (၃)။

http://www.dhammadownload.com



(ဃ) ဝါကျ။ တသို့ အာရဒ္ဓအရ တပည့်ကြီး–ဟူသော ပုဂ္ဂလပညတ်သည် အဓိယန္တိအရ။ ဝါ-အဓိယန္တိ၌ အဓိပ္ပဋ္ဌ+ဣခါတ်အရ မဟာကုသိုလ် စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။ ပြိုင်–မရှိ။ တေ အရ မဟာကုသိုလ်၌ရှိသော ဝေဒနာက္ခန္ဓာသည် အဓိယန္တိအရ၊ ဝါ-အဓိယန္တိ၌ ဣခါတ်အရ ကြွင်းသော မဟာကုသိုလ် သညာ, သင်္ခါရ, ဝိညာဉ်နာမက္ခန္ဓာ သုံးပါးအား သဟ....ပြု၏။ ပြိုင်- သဟ-ည-နိ-ဣံ-ဈာ-သံ-တ္ထိ-အဝိ (ဂ)။ တစ်နည်း - အကျဉ်းချုံး၍ ပြိုင်သော်-တေအရ မဟာကုသိုလ် တစ်ပါး, သုံးပါး, နှစ်ပါး ပစ္စည်းတရားသည် အဓိယန္တိအရ မဟာကုသိုလ် နာမက္ခန္ဓာ သုံးပါး, တစ်ပါး, နှစ်ပါး ပစ္စုပ္ပန်တရားအား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-ည-နိ-ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။ တေအရ မဟာကုသိုလ် နာမက္ခန္ဓာလေးပါး ပစ္စည်းတရားသည် အဓိယန္တိအရ ကုသိုလ်ပြု အပ်သော စိတ္တဇရုပ် ပစ္စုပ္ပန်တရားအား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေ၏။ ပြိုင်–တစ်ပြိုင်နက်တပ်ကောင်းသော် သဟဇာတ-နိဿယ-ဝိပ္ပယုတ္တ-အတ္ထိ-အဝိဂတ ပေါင်း (၅) ပစ္စည်း။

http://www.dhammadownload.com

# ၄၀—စိတ္တာနုပဿနာ ဝစနတ္ထအညွှန်း အဖွင့်

(က) "အာယုမ္မာဏ စိန္တေတိတိ စိတ္တ"န္တိအာဒိနာ....ပ....ဝုတ္တော ဝေ။

(ခ) လက္ခဏာဒိတော ပန ဝိဇာနန လက္ခဏံ စိတ္တံ-ပုဗ္ဗင်္ဂမရသံ သန္ဓာန ပစ္စုပဋ္ဌာနံ၊ နာမရူပ ပဒဋ္ဌာနံ။

(ဂ) စတုဘူမိက စိတ္တဉ္စ....ပ....နော ဝိဇာနနလက္ခဏံ နာမ။

(ဃ) ဒွါရံ ပန ပတွာ....ပ....ပုရေစာရိကံ ဟောတိ။

(င) စက္ခုန္နာ ဟိ....ပ....ဓမ္မာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ။ [ဋ္ဌ-၁၅၅]

## အနက်ထူး

(က) ဝါကျဉ္ဈ ဝုတ္တော၏ ကတ္တားကို မယာထည့်။

(င) ဝါကျ။ ပေယျာလဖော်ပေးသော်—ဟိ သစ္စံ-၏၊ စက္ခုန္နာ-စက္ခုဒွါရ ဖြင့်၊ ဝါ-စက္ခုပသာဒဖြင့်၊ ဒိဋ္ဌံ-မြင်အပ်သော၊ ဝါ—မြင်ထိုက်သော၊ [တပစ္စည်း အနက် မှန်ကန်စွာပေးသည်၊ ဝါ-တပစ္စည်း၏ အနာဂတ် ကာလသာမန်နှင့်တကွ အရဟ အနက်ပေးသည်။] ရူပါရမ္မဏံ—ကို၊ စိတ္တေနေဝ–ဖြင့်သာလျှင်၊ ဝိဇာနာတိ-သညာ, ပညာတို့မှ ထူးသောအားဖြင့် သိ၏၊ [ဝိအနက်ပေါ်အောင် ပေးသည်။] သောတေန-သောတဒွါရဖြင့်၊ သုတံ-ကြားအပ်သော၊ သဒ္ဒါရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ဃာနေန၊ ဃာယိတ - နမ်းရှူထိုက်သော၊ ဂန္ဓာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ဇိဝှါယ၊ သာယိတံ - သာယာထိုက်သော၊ ရသာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ ကာယေန၊ ဖုသိတံ-တွေ့ထိထိုက်သော၊ ဖောဋ္ဌဗ္ဗာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ၊ မနေန-မနောဒွါရဖြင့်၊ ဝိညာတံ-သိအပ်သော၊ ဝါ-သိထိုက်သော၊ ဓမ္မာရမ္မဏံ စိတ္တေနေဝ ဝိဇာနာတိ။

## ကျမ်းတက်

### ဥပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် စေတနာပုဒ်၏ အဖွင့်ကို ပြဆိုခဲ့တော်မူ၏။ ဤသို့သာ ဆိုချေသော်, စိတ္တံပုဒ်အဖွင့်ကို မပြဆို ဟူသော အခိုပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း-ဤသို့ ဖွင့်ပြ

http://www.dhammadownload.com



ချေသော်-စိတ္တံပုဒ်၏ အဖွင့်ကိုလည်း (အညွှန်းမျှဖြစ်စေ) ပြဆိုသင့်သေးပါသလော၊ ...ပ...စိတ္တံပုဒ်အဖွင့်ကိုလည်း (အညွှန်းမျှဖြစ်စေ) ပြဆိုသင့်သေး၏။ ...စသည်။ [နောက်နည်း-ဝစနတ္ထ အညွှန်းမျှကိုသာ ရည်ရွယ်တက်သည်။]

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် စိတ္တံပုဒ်၏ ဝစနတ္ထကို ညွှန်ပြသောအားဖြင့် ဝါ-အတိဒေသ သံဝဏ္ဏနာအားဖြင့် ဖွင့်ပြတော်မူ၏။ သော်, ဝစနတ္ထမှတစ်ပါး လက္ခဏာဒျတ္ထကိုလည်း၊ ဝါ-လက္ခဏ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုလည်း ဖွင့်ပြသင့်သေးသည် မဟုတ်ပါလော...စသည်။

(ဂ) ဝါကျ။ ထိုရှေး အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ [အာဘော်ထား တက်။ ဝိတ္ထာရဝါကျ ကျမ်းတက်သည်။]

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် စတုဘူမိက စိတ်သည် ဝိဇာနန လက္ခဏာ မရှိသောပည်သည် မရှိ၊ စိတ်အားလုံးသည် ဝိဇာနနလက္ခဏာ ရှိသည်ချည်း-ဟု မိန့်ဆိုတော်မူ၏။ ....သော်, ဒွါရသို့ရောက်၍ အာရုံကိုတင်စွာ ပြုသောအရာ၌ စိတ်၏ ပုဗ္ဗင်္ဂမ, ပုရေစာရိကဖြစ်ပုံ အထူးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။ (ဝိသေသဝါကျ ကျမ်းတက်)

(င) ဝါကျ။ ရှေးဒဋ္ဌိယစကားကို ပြီးစေမြဲစေတတ်သော အသင့်ယုတ္တိ ဒဋ္ဌိကရဏကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ (အာဘော်ထားတက်၊ ဒဋ္ဌိကရဏဝါကျ ကျမ်းတက်တည်း။)

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ စိတ္တံပုဒ်အဖွင့်ကို မပြဆို ဟူသော အနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။...စသည်။

(ခ) ဝါကျ။ ဝစနတ္ထမှ တစ်ပါး လက္ခဏာဒျတ္ထကို မပြဆို ဟူသော အနက် အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။...စသည်။

(ဂ) ဝါကျ။ ထိုရှေး အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။...စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

စိတ္တံပုဒ်၏ ဝစနတ္ထကို အကျယ်မပြဘဲ အညွှန်းမျှပြသဖြင့် ကျမ်းမလေးသောကြောင့် (က) ဝါကျဖြင့် ဂန္ထဂရုဒေါသ, တစ်နည်း-(က) ဝါကျသည် ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့်၊ ဝါ-ဝစနတ္ထ အညွှန်းကို ပြသဖြင့် လိုအပ်သော အနက်

http://www.dhammadownload.com



အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသ၊ တစ်နည်း=ဆိုပြီးသော ဝစနတ္ထတို့ကို ထပ်မံ၍ မဆိုသောကြောင့် ပုနရုတ္တိဒေါသတို့ကို ပယ်၏။

(ခ) ဝါကျ ကို ထောက်ပြန်လျှင် ရှေး (က) ဝါကျ၌ အဗျာပိတဒေါသ သင့်၏။ (ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ အကြောင်းယုတ္တိကား (ခ) ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့်တည်း။ တစ်နည်း-(ခ) ဝါကျဖြင့် စိတ္တံ ပုဒ်၏ ဝစနတ္ထမှတစ်ပါး လက္ခဏာဒျုတ္ထကိုပြသဖြင့် ဆိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သွားသောကြောင့်တည်း။

(ဂ) ဝါကျဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိသေသ ဝါကျအဖြစ်ယူလျှင် အတိဗျာပိတဒေါသ, ပက္ခန္တရ ဝါကျ အဖြစ်ယူလျှင်-အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝုစ္စတိ အနေနာတိ ဝစနံ။ [ယောဇနာ-၆၁]

တစ်နည်း=ဝုစ္စတေတိ ဝစနံ။ [အဘိဓာန် ဋီကာ]

အရီယတိ ဉာယတီတိ အတ္ထော။ (အစိတ်)

ဝစနဿ+အတ္ထော ဝစနတ္ထော (အပေါင်း)

၂။ ထို၏ အကြောင်းဖြစ်သော သဒ္ဒါ၏ အနက်နှင့် အကြောင်း + အကျိုး, တစ်နည်း-အကျိုး+အကြောင်း....စပ်။

[သုဏန္တ ပုဂ္ဂိုလ် အတွက်ဆိုလျှင်-သဒ္ဒါက အကြောင်း၊ အနက်က အကျိုး။ ဝဒန္တ ပုဂ္ဂိုလ်အတွက် ဆိုလျှင် သဒ္ဒါက အကျိုး။ အနက်က အကြောင်း။]

၄။ ထို၏ အကြောင်းဖြစ်သော ဝစနတ္ထတို့၏ (သဒ္ဒါ၏ အနက် အဖြစ်ဖြင့်) တစ်ခုသည်....ပ....ဇာတ်သည်....။

စုဒ္ဒိတ္ထာတိ ဝုတ္တော၊ [ဇစခါတ်+ယပစ္စည်း၊ ဆိုခြင်းကြိယာ]

(ခ) ဝါကျ။ သန္ဒဟနေန (သန္ဓာနေန)+ပစ္စုပဋ္ဌာတီတိ သန္ဒဟန ပစ္စုပဋ္ဌာနံ၊ [ယောဇနာ-၁၀၄] တစ်နည်း-သန္ဒဟတီတိ သန္ဒဟနံ၊ ပစ္စုပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ။ သန္ဒဟနေန + ပစ္စုပဋ္ဌာနံ သန္ဒဟနပစ္စုပဋ္ဌာနံ၊ (သန္ဒဟနံ ဣတိ+ပစ္စုပဋ္ဌာနံ သန္ဒဟန ပစ္စုပဋ္ဌာနံ။)

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော စပ်တတ်သော အခြင်းအရာ၏၊ ဝါ-စပ်တတ်သော တရား၏ ရှေးရှုထင်တတ်သော တရားနှင့် ဝိသေသန+ဝိသေသျ ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော စပ်တတ်သော အခြင်းအရာဖြင့်၊ ဝါ-စပ်တတ် သောတရားဟု ရှေးရှုထင်ခြင်း ကြိယာသည်၊ တစ်နည်း-သန္ဓာနပစ္စုပ္ပဋ္ဌာန် တို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(င) ဝါကျ။ ဒဿနူနိ ဒိဋ္ဌိ။

၁။ ဒိဋ္ဌိ-ဋ္ဌ(ဒိဋ္ဌ)ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။

၂။ ထို၏အကြောင်းဖြစ်သော ဒိသဓာတ်+တပစ္စည်း၊ မြင်ခြင်းကြိယာသည်။

၃။ ဒိဋ္ဌိဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏အကြောင်းဖြစ်သော မြင်ခြင်းကြိယာသည်....။

(အဘိဓာန်ဋီကာနည်း)

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ အာဒိနာ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။

(ခ) ဝါကျ။ လက္ခဏာဒိတော၌ လက္ခဏာဒိကား-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသပဒ။ လက္ခဏာဒိတောကား (တောပစ္စည်းဆုံးသောကြောင့်) အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ တစ်နည်း – (ရုပ်တည်ခိုက်ကို ရည်ရွယ်လျှင်) ဣကာရန္တ၊ နိပါတပဒ။

(င) ဝါကျ။ ဝိဇာနာတိ–အလိင်၊ ကီယာဒိဂိုဏ်း၊ အာကာရန္တ-အာချာတပဒ၊ [ဝိ+ဉာ+နာ+တိ]

## အာဒေါ်, သံဝဏ္ဏနာ

(က) ဝါကျဖြင့် အာရမ္မဏံ စိန္တေတီတိ စိတ္တံစသောနည်းဖြင့် စိတ်၏ ဝစနတ္ထကို ဆိုအပ်ပြီးသည်သာတည်း-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ တစ်နည်း-စိတ္တံပုဒ်၏ ဝစနတ္ထကို ဤ၌အကျယ်မဆိုဘဲ ညွှန်ပြသည်၏ အဖြစ်ကိုသိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)ကြွင်းသော ခ-ဝါကျဖြင့် စိတ်သည် ဝိဇာနန လက္ခဏာ, ပုဗ္ဗင်္ဂမရသ, သန္ဓာနပစ္စုပ္ပဋ္ဌာန်, နာမရူပ ပဒဋ္ဌာန်ရှိ၏ ဟူသော အဓိပ္ပာယ်ကို၊ ဝါ-စိတ်၏ လက္ခဏာဒိ စတုက္ကကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ စိန္တေတီတိဒ္ဓ် ဣတိသဒ္ဒါ - ဟေတွတ္ထ။ စိတ္တန္တိဒ္ဓ် ဣတိသဒ္ဒါ နိဒဿနတ္ထ, ပဒတ္ထဝိပလ္လာသတ္ထ။ ဝေသဒ္ဒါ - အဝဓာရဏတ္ထ။

၁။ ဝုတ္တတ္ထဝစနတ္ထသည် ဂ....။

၂။ အဝုတ္တတ္ထဝစနတ္ထသည် နိ....။

၃။ စိတ္တသဒ္ဒါသည် နု....။

တစ်နည်း—

၁။ ဝုတ္တကြိယာသည် ဂ....။

၂။ အဝုတ္တကြိယာသည် နိ....။

၃။ စိတ်၏ ဆန်းကြယ်ပုံကိုပြသော စကားရပ်တို့သည် နု....။

(ခ) ဝါကျ။ ပန သဒ္ဒါ—ပက္ခန္တရတ္ထ။

(ဂ) ဝါကျ။ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။ ဝိဇာနန လက္ခဏမေဝဒ္ဓ် ဧဝသဒ္ဒါ— အဝဓာရဏတ္ထ။

၁။ ဝိဇာနန လက္ခဏာရှိသည်၏ အဖြစ်သည် ဂ....။

၂။ ဝိဇာနန လက္ခဏာမရှိသည်၏အဖြစ်သည်....

တစ်နည်း—နော၀ိဇာနန လက္ခဏံ နာမ နတ္ထိသည် နိ....။

၃။ စိတ်၏ ပုဗ္ဗင်္ဂမရသ စသည်ရှိသည်၏ အဖြစ်သည် နု ...။

(ဃ) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထ၊ တစ်နည်း-ပက္ခန္တရတ္ထ။

(င) ဝါကျ။ ဟိ သဒ္ဒါ ဒဠှီကရဏတ္ထ။ ဧွ စိတ္တေနေဝဒ္ဓ် ဧဝ အဝဓာရဏတ္ထ။

၁။ စက္ခုဝိညာဉ်စိတ်သည်၊ တစ်နည်း-ပုဗ္ဗင်္ဂမ ပုရေစာရိက ဖြစ်သော စိတ်သည်။

၂။ သောတဝိညာဉ်စသည်သည်၊ တစ်နည်း-ပုဗ္ဗင်္ဂမ ပုရေစာရိက မဟုတ်သော စေတသိက်သည်။

၃။ စက္ခုဝိညာဉ်စိတ်၏၊ ဝါ-ပုဗ္ဗင်္ဂမ ပုရေစာရိကစိတ်၏ အခြားသော သတ္တိဂုဏ်သည်။

နောက် စိတ္တေနေဝဒ္ဓ် ဝေသဒ္ဒါ—အဝဓာရဏတ္ထ။

၁။ မနော ဝိညာဉ်စိတ်သည်၊ တစ်နည်း – ပုဗ္ဗင်္ဂမ ပုရေစာရိက စိတ်သည် ဂ....။

http://www.dhammadownload.com



၂။ စက္ခုဝိညာဉ်စသည်သည်၊ တစ်နည်း—ပုဗ္ဗင်္ဂမ ပုရေစာရိက မဟုတ်သော စေတသိက်သည် နို....။

၃။ မနော ဝိညာဉ်စိတ်၏၊ ဝါ-ပုဗ္ဗင်္ဂမ ပုရေစာရိက စိတ်၏ အခြားသော သတ္တိဂုဏ်သည် နို....။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဝုတ္တော်၌ အန္တတ္တ ဝစခါတ်အရ, ဗာဟျတ္တ တပစ္စည်းအရ ထုတ်ပုံကို [ပထမတွဲ ၁၁၀-အာခရိယေန-ကတ္တားထည့်ရသော ဝုတ္တံစသည်၌ ထုတ်ပုံကို ရှုပါ။] ဤ၌ ဝစီဘေဒသဒ္ဒကို ထုတ်သောအခါ အာရမ္မဏံ စိန္တေတီတိ စိတ္တံ စသော ဝစီဘေဒသဒ္ဒကို ထုတ်။

(ခ) ဝါကျ။ စိတ္တံအရ-

၁။ ဝိဇာနန လက္ခဏာသည်....။

၂။ နာမရူပ ပဒဋ္ဌာန်သည်....။

၃။ ပုဗ္ဗင်္ဂမ သမ္ပတ္တိရသသည်....။

၄။ ပုဗ္ဗင်္ဂမ ကိစ္စရသသည်....။

၅။ သန္ဓာန ပစ္စုပဋ္ဌာန်သည်....။

## အဓိပ္ပာယ် အဆုံး အဖြတ်

(ငု) ဝါကျ။ စက္ခုနာ ဟိ ဒိဋ္ဌံ၌ ဒိဋ္ဌံအရ မြင်အပ်ပြီ-ဟူသော အနက်မယူဘဲ မြင်ထိုက်-ဟု တပစ္စည်း၏ အနာဂတကာလသာမန်နှင့်တကွ အရဟအနက်ကို ယူရသည်၊ မြင်ခြင်းကြိယာ၏ ကတ္တားမှာ စက္ခုဝိညာဉ်တည်း၊ စက္ခုဒွါရဖြင့် မြင်ထိုက်သော ရူပါရုံကို စက္ခုဝိညာဉ်စိတ်က မြင်သိ သိသည်ဟု ဆိုလို၏။ [စက္ခုနာ ဟိ ဒိဋ္ဌန္တိ စက္ခုနာ ဒဋ္ဌဗ္ဗံ၊ ဋီ-၁၇]

ဝိဇာနနအဓိပ္ပာယ်။ ။ဝိဇာနန၌ သညာ, ပညာတို့မှ ထူးသောအားဖြင့် အာရုံကို သိခြင်းဟူသည် အာရုံကို ရခြင်း, ရအောင် ယူနိုင်ခြင်းတည်း။ တစ်နည်း— [ဝိဇာနနံ အာရမ္မဏဿ ဥပလဒ္ဓိ၊ ဋီ-၁၇]

သန္ဓာန အဓိပ္ပာယ်။ ။သန္ဓာန-ဟူသည် တစ်ပါးသောစိတ်ကို အစဉ်မပြတ် အောင် ဖွဲ့နိုင်ခြင်းတည်း၊ ဝါ-အနန္တရသတ္တိဖြင့် နောက်နောက် စိတ်ဖြစ်အောင် ဖွဲ့စပ်ခြင်းတည်း။ [သန္ဓာနံ စိတ္တန္တရဿ အနုပ္ပဗန္ဓနံ၊ ဋီ-၁၇]

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အာရမ္မဏံအရ – (ဌာနာနုရူပအားဖြင့်) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် ရူပစသော အာရုံ ၆-ပါးသည်-စိန္တေတိ, စိတ္တံအရ မဟာကုသိုလ်အား၊ ဝါ-ပဌမ မဟာကုသိုလ်စိတ်အား(သာမညအားဖြင့်စိတ် (၁၉-ပါးအား) အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-မိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၈)၊ ဝစနတ္ထောဟူသော ကံပုဒ်, ဝုတ္တောဉ် တပစ္စည်းတို့အရ - ဝစနတ္ထတည်း ဟူသော အာရမ္မဏံ စိန္တေတီတိ စိတ္တံစသော ဝစီဘေဒ အတိတ် သဒ္ဒါရှိသည် ထိုဝုတ္တောဉ် ဝစဓာတ်အရ-သတိ- ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု၏–ပြိုင်မရှိ။

(င) ဝါကျ။ စက္ခုနာအရ-စက္ခုဒွါရ စက္ခုဝတ္ထုသည် စိတ္တေနေ၀ ဝိဇာနာတိအရ စက္ခုဝိညာဉ်အား ဝတ္ထုပုရေဇာတ—ပြု၏။

ပြိုင်-နိဿယ-ပုရေဇာတ-ဣန္ဒြိယ-ဝိပ္ပယုတ္တ-အတ္ထိ-အဝိဂတ-(၆)။ ဒိဋ္ဌံ ရူပါရမ္မဏံ အရ—ရူပါရုံသည် စိတ္တေနေ၀ ဝိဇာနာတိအရ စက္ခုဝိညာဏ်အား အာရမ္မဏ....ပြု၏။ ပြိုင်—အာ-ပု-တ္ထိ-အဝိ (၄)။ စိတ္တေနေ၀ အရ- စက္ခုဝိညာဉ်သည် ဝိဇာနာတိအရ သမ္ပစိတ္တသာဓာရဏ စေတသိက် ၇-ပါးအား သဟ....ပြု၏။ ပြိုင်—သဟ-ည-နိ-ဣံ-သံ-တ္ထိ-အဝိ (၇)။ ဝိညာတံမေ္မာရမ္မဏံ အရ ဓမ္မာရုံသည် စိတ္တေနေ၀ ဝိဇာနာတိအရ မနောဝိညာဥ်အား အာရမ္မဏ....ပြု၏။ ပြိုင်—ယထာရဟ-အာ-မိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၈)။ နောက် စိတ္တေနေ၀အရ-မနောဝိညာဉ်သည် ဝိဇာနာတိအရ-စေတသိက် ဒွေပဉ္စာသအား သဟ....ပြု၏။ ပြိုင် — ယထာရဟ-မိ-သဟ-ည-နိ-ဟာ-ဣ.သံ-တ္ထိ အဝိ (၉)။

http://www.dhammadownload.com

# ၄၁–စိတ်၏ပစ္စုပ္ပန်အဖွင့်

(က) ဧဝံ ဒွါရံ ပတ္တာ...ပ....တသ္မာ "ပုဗ္ဗင်္ဂမရသ" န္တိ ဝုစ္စတိ၊

(ခ) တဒေတံ ပစ္ဆိမံ ...ပ....သန္တာန ပစ္စုပ္ပန္နံ။

(ဂ) ပဉ္စဝေါကာရ ဘဝေ ပနဿာ နိယမတော နာမရူပံ။

(ဃ) စတုဝေါကာရ ဘဝေ နာမမေဝ ပဒဋ္ဌာနံ။

(င) တသ္မာ "နာမရူပပဒဋ္ဌာန" န္တိ ဝုတ္တံ။ [ဋ္ဌ–၁၅၆]

## အနက်ထူးအမှာ

ဝုစ္စတိ ဝုတ္တံတို့၏ ကတ္တားကို မယာ-ဟု ထည့်။ (နိ-သစ်) ယထာမဟာရာဇ (ဋ္ဌ-၄၅၅-၆) မဟာရာဇ-မြတ်သောမင်း (သဒ္ဒတ္ထ၊ ဝေါဟာရတ္ထ) ဝါ-မင်းမြတ် (အဓိပ္ပာယတ္ထ) ဝါ-မိလိန္ဒမင်း (အဘိဓေယျတ္ထ) တစ်နည်း-မဟိ-မြေ အပြင်၌၊ အရိ-ရန်သူကို၊ အဇ-အောင်တော်မူတတ်သောမင်း။

[မဟာရာဇ - မဟိ + အရိ + အဇ-ဟု ပုဒ်ဖြတ်၊ ဂဏ္ဌိ-၃၀၀၊ သုတ်မဟာဝါ ဋ္ဌ-နိ-ပ-၂၀၆-၌ကား မဟိ-မြေအပြင်၌၊အရိ-ရန်သူကို။ အဇ-အောင်သောမင်းဟု အနက်သမွန်၍ မဟိ+အရိ+အဇ-ဟု ပုဒ်ဖြတ်သည်။ ထို့ပြင် ဤဂဏ္ဌိ ၃၀၀-၌ပင် ဤနေရာဝယ် အနက်ပေးရန် မဆိုင်သော်လည်း ဗဟုသုတအဖြစ် ပြထားသော အနက်ကား-မေ မမ၏၊ အဟိ-စီးပွားမဲ့ကို ပြုတတ်သော၊ အရိ-ရန်သူကို။ အဇ-အောင်တော်မူသောမင်း။ မေ+အဟိ+အရိ+အဇ ဟု ပုဒ်ဖြတ်၊ တစ်နည်း-မေ-ငါ၏၊ အဟိ-မြွေကို။ အရာဇ-စမွယ်လော့၊ (က, လော့)။ မေ+အဟိ+အရာဇ ဟု ပုဒ်ဖြတ်။]

## ကျမ်းတက်
### ဌပနာပဉ္စက ပုစ္ဆာတက်

(၇) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့်၊ ရှေ့စကားရပ်တို့ဖြင့် စိတ်၏ ပုဗ္ဗင်္ဂမရသရှိပုံ အကျယ်ကို ဖွင့်ပြတော်မူ၏၊ ဤသို့ ဖွင့်ပြသည်ရှိသော်, စိတ်၏ သန္တာနပစ္စုပ္ပန်ရှိပုံ အကျယ်ကိုလည်း ဖွင့်ပြသည် မဟုတ်ပါလော....စသည်။

(၈) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် စိတ်၏ သန္တာနပစ္စုပ္ပန်ရှိပုံကို ပြဆိုတော်မူ၏၊....သော်, စိတ်၏ နာမရူပပဒဋ္ဌာန်ရှိပုံကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် ထိုစိတ်၏ ပဋ္ဌဝေါကာရဘုံ၌ အမြဲအားဖြင့် နာမ်ရုပ်သည် ပဒဋ္ဌာန်ဖြစ်သော-ဟု ပြဆိုတော်မူ၏။ ဤသို့ ပြဆိုချေသော်, စတုဝေါကာရဘုံ၌ နာမ်ရုပ်နှစ်ပါးလုံးပင် ပဒဋ္ဌာန် ဖြစ်ပါသလော၊ ဝါ-ပဒဋ္ဌာန်ဖြစ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ တစ်နည်း-စတုဝေါကာရဘုံ၌ ရုပ်သည်လည်း ပဒဋ္ဌာန်ဖြစ်ပါသလော၊ ဝါ-ပဒဋ္ဌာန်ဖြစ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ [ဝါကျပစ္ဆာ၊ ၈၀-ပါ၊ စ-မှာ အာဘော်ပင်၊....ဟူသော နိယံနှင့်အညီ နောက်နည်းတက်သည်။] ထိုသို့ မှတ်အပ်လေသောကြောင့် ထိုစိတ်၏ ပဋ္ဌဝေါကာရဘုံ၌ အမြဲအားဖြင့် နာမ်ရုပ်သည် ပဒဋ္ဌာန်ဖြစ်သော ဟူ၍သာ မဆိုသင့်, စတုဝေါကာရဘုံ၌ နာမ်သာလျှင် ပဒဋ္ဌာန်ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ အဘယ်သို့ မှတ်ရပါအံ့နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) ဝါကျကိုမိန့်၊ အဓိပ္ပာယ်ကား — စတုဝေါကာရဘုံ၌ နာမ်သာလျှင် ပဒဋ္ဌာန်ဖြစ်၏....ဟူလို။ စောဒနာတက်လျှင်—စတုဝေါကာရဘုံ၌ နာမ်သာလျှင် ပဒဋ္ဌာန်ဖြစ်သည်ကို မပြဆိုခဲ့သော် ဆရာအား စကားအနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်။ အဓိပ္ပာယ်ကား — (ဃ) ဝါကျဖြင့် စတုဝေါကာရဘုံ၌ နာမ်သာလျှင် ပဒဋ္ဌာန်ဖြစ်သည်ကို ပြဆိုသောကြောင့် သင်စောဒကတင်သော အတိဗျာပိတဒေါသ ဆရာအား မရောက်ဟူလိုသော်။

## ပါပနာဒိ ကျမ်းတက်

(ခ) ဝါကျ။ စိတ်၏ သန္တာန ပစ္စုပ္ပဋ္ဌာန်ရှိပုံ အကျယ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဂ) ဝါကျ။ စိတ်၏ နာမရူပပဒဋ္ဌာန်ရှိပုံကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဃ) ဝါကျ။ စတုဝေါကာရဘုံ၌ နာမ်ရုပ်နှစ်ပါးလုံးပင် ပဒဋ္ဌာန်ဖြစ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း-စတုဝေါကာရဘုံ၌ ရုပ်သည်လည်း ပဒဋ္ဌာန်ဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျတွင် ဝေ....ပ....စာရိက္ခဖြင့် နိဂမနဝါကျ ဖြစ်ခြင်းကြောင့် ပုနရုတ္တိဒေါသ၊ တစ်နည်း-နိဂမနိယ နိဂမနဆန့်ကျင်သော ဝိရောဓိဒေါသတို့ကို ပယ်၏။ တသ္မာ....ပ....ဝုစ္စတိဖြင့် (လဒ္ဓ ဂုဏ ဝါကျ, ဖလ ဝါကျအဖြစ် ယူလျှင်) နိရတ္ထကဒေါသ၊ (နိဂမနဝါကျအဖြစ် ယူလျှင်) ပုနရုတ္တိဒေါသ, ဝိရောဓိဒေါသ တို့ကို ပယ်၏။

http://www.dhammadownload.com



(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ (ဂ)ဝါကျဖြင့်လည်း အဗျာပိတဒေါသကို ပယ်၏။ ထို (ဂ) ဝါကျကို ထောက်လျှင် ရှေး (ခ)ဝါကျ၌ အဗျာပိတဒေါသသင့်၏။

(ဃ) ဝါကျဖြင့် စတုဝေါကာရဘုံ၌ နာမ်ရုပ်နှစ်ပါးစုံ ပဒဋ္ဌာန်မဖြစ်၊ နာမ်သာလျှင် ပဒဋ္ဌာန်ဖြစ်သည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏၊ ထို(ဃ)ဝါကျကိုထောက်လျှင် ရှေး (ဂ) ဝါကျ၌ စတုဝေါကာရဘုံ၌လည်း နာမ်ရုပ်နှစ်ပါးစုံပင် ပဒဋ္ဌာန်ဖြစ်သည်ဟု အဓိပ္ပာယ်ကျရောက်ကာ စကားအနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့နေသောကြောင့် အတိဗျာပိတဒေါသသင့်၏။

(င) ဝါကျဖြင့် နိရုတ္တကဒေါသ၊ ပုနရုတ္တိဒေါသ ပယ်ပုံတို့ကို [ရှေး က-ဝါကျရှိ တသ္မာဝါကျက အတိုင်းမှတ်။ ]

ဝေံသဒ္ဒါထားရပုံ။ ။ရှေးဆိုအပ်ပြီးသော အကျယ်စကားရပ်များကို အကျဉ်းချုံးကာ နိဂုံးအုပ်ဖုံး၍ ပြလိုသောကြောင့်၊ ဝါ-နိဂမနတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် က—ဝါကျ၌ ဝေံသဒ္ဒါထား၏။

တသ္မာထားရပုံ။ ။လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တသ္မာထား၏။

[ရှေးနိဿယ ပ-၇၉ ၌ အဋ္ဌကထာ ၁၉-၂၀-ဝယ် ရှေး၌ ဝိဝိဓ စသောဂါထာကိုတည်ဆိုထားပြီး ၎င်းဂါထာကို အကျယ်ဖွင့်ပြီးနောက် ဧဝံသဒ္ဒါဖြင့် ထိုထိုဝိဝိဓ စသော ဂါထာကိုပြန်၍ အုပ်ဖုံးရာ၌ အာစရိယဝါဒအားဖြင့် လဒ္ဓဂုဏ်၊ ယူသည်ကို ထောက်ပါ]။ တစ်နည်း—အကျိုးဖလ, နိဂမနတို့ကို ပြလိုသောကြောင့် တသ္မာထား၏ (င-ဝါကျ၌ တသ္မာထားပုံလည်း နည်းတူ)။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ ပစ္ဆာ+ဇာ ပစ္ဆိမံ။

၂။ ထို၏ အကြောင်းဖြစ်သော နောက်ကာလ, နောက်ဌာန၏ ဖြစ်သော စိတ်နှင့် ကာလ+ကာလဝန္တ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော နောက်ကာလ, နောက်ဌာန၌ ဖြစ်ခြင်း ကြိယာသည်....။

ဥပ္ပဇ္ဇတီတိ ဥပ္ပဇ္ဇမာနံ။ [ဥပုဗ္ဗ + ပဒဓာတ် + မာနပစ္စည်းဖြစ်ခြင်း ကြိယာစွဲ။] ပုရေ+ဇာတံ ပုရိမံ။

၂။ ထို၏အကြောင်းဖြစ်သော ရှေးကာလ, ရှေးဌာနဖြစ်သော စိတ်နှင့် ကာလ+ကာလဝန္တ....စပ်....။

http://www.dhammadownload.com



၄။ ထို၏အကြောင်းဖြစ်သော ရှေးကာလ, ရှေးဌာနဖြစ်ခြင်း ကြိယာသည်။

နတ္ထိ+အန္တရံ ဧတဿာတိ နိရန္တရံ။

၂။ ထို၏ အကြောင်းဖြစ်သော အခြားမရှိခြင်း၏ စိတ်နှင့် ဂုဏ်+ဂုဏေး.... စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အခြားမရှိခြင်းဟူသော ဂုဏ်သည်....။

သန္ဒဟတီတိ သန္ဒဟနံ [သံပုဗ္ဗ+ဓာ ဓာတ်+ ယုပစ္စည်း စပ်ခြင်းကြိယာ။]

(ဂ) ဝါကျ။ နိယံမတီတိ နိယမော။ (တတော) [နိပုဗ္ဗ + ယမုဓာတ် + အပစ္စည်း၊ မြဲခြင်းကြိယာ]

(ဃ) ဝါကျ။ ပဇ္ဇတိ နိပ္ပဇ္ဇတိ ဖလမေတေနာတိ ပဒံ။ [ပဒဓာတ်+ အပစ္စည်း ပြီးစီးခြင်းကြိယာ]

(ဤ၌ ပဒသဒ္ဒါ အကြောင်း ဟောသောကြောင့် ဤကဲ့သို့ အဘိဓာန်ဋီကာ၌ ဝိဂ္ဂဟပြုထားသည်။ ပဒသဒ္ဒါ ပုဒ်ဟူသော အနက်ကို ဟောရာ၌ကား—ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ-ဟု ပြု)။

တိဋ္ဌတိ ဖလမေတ္ထာတိ ဌာနံ။

ပဒါနံ (ဟေတူနံ)+ဌာနံ ပဒဋ္ဌာနံ၊ (အဘိဓာန်ဋီ ၅၉)။ တစ်နည်း-ပဒမေဝ+ ဌာနံ ပဒဋ္ဌာနံ [သင်္ဂြိုဟ်ဘာသာဋီကာ ၁၅]။

၂။ ထို၏အကြောင်းဖြစ်သော ပဒ၏ဌာနနှင့်၊ ဝါ-အကြောင်း၏အကြောင်း နှင့်။ ဝါ—အကျိုးပြီးစီးကြောင်း အကြောင်း၏အကျိုးတည်ရာ အကြောင်း နှင့် ဝိသေသန+ဝိသေသျ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ပဒဋ္ဌာန်တို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

[မှတ်ချက်။ ။ဤ၌ ပဒဋ္ဌာနံ နီးသောအကြောင်းသည်-ဟု အနက်ပေးရသောကြောင့် ဤကဲ့သို့ အပေါင်းဝိဂ္ဂဟပြုသည်၊ နီးစွာသော အကြောင်းရှိ၏ ဟု ပေးရာ၌ကား ပဒံ+ဌာနံ ယဿာတိ ပဒဋ္ဌာနံ-ဟု ဗဟုဗ္ဗိဟိပြု]။

## လိင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ တဒေတံ-တံ+ဧတံ ပုဒ်ဖြတ်၍ နှစ်ပုဒ်လုံး နပုလ္လိင် စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ပဌမာ နှစ်ပုဒ်။ နပုလ္လိင် စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။ တစ်နည်း-ဝိစ္ဆာပုဒ်တစ်မျိုး။ ကတ္တာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ တစ်နည်း - (ကရဓာတ်ကို ရည်ရွယ်လျှင်) အကာရန္တ၊ နိပါတပဒ၊ တစ်နည်း-ကိတပဒ။

http://www.dhammadownload.com



(ဂ) ဝါကျ။ အဿ-နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ခွဲ။ နိယမ ဓောတ်၌ နိယမကို-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ နိယမတောကို အလိင်၊ နိပါတ်ပုဒ်ခွဲ။

(ဃ) ဝါကျ။ တဿ-အလိင်, ဂဏာဝိမုတ်, အာကာရန္တ, နိပါတပဒ၊ ဘာစ်နည်း-နပုလ္လိင်-စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ၊ သဗ္ဗနာမပဒ။

## အာဘော်, သံဝဏ္ဏနာ

(ခ) ဝါကျဖြင့် နောက်နောက်၌ ဖြစ်သော ထိုစိတ်သည် ဖြစ်သည်ရှိသော် ရှေးရှေး၌ ဖြစ်သောစိတ်ကို အခြားမရှိအောင်ပြု၍ စပ်တတ်သည် ဖြစ်၍သာလျှင် ဉာဏ်အား ရှေးရှုသင်တတ်သောကြောင့် သန္တဟန ပစ္စုပဋ္ဌာန် ရှိ၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) တစ်နည်း-ဥပဋ္ဌာတိဖြင့် ပစ္စုပဋ္ဌာန်၌ ပတိ+ ဥပ ပုဗ္ဗ+ဌာဓာတ်(ဒု-ဓာတုပဒ) ယုဉ်စွည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) ပစ္စုပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ [ဋ္ဌ-၁၅၂၈၌ ပစ္စုပဋ္ဌာတီတိ ဟု ဆို၏] တစ်နည်း-ပတိ အနက် မရှိကြ၍ ဤနေရာ အဋ္ဌကထာတိုင်း ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)သိစေ၏။ သန္ဓဟနမေဝ ဥပဋ္ဌာတီတိဖြင့် သန္ဓဟနမေဝ+ ပစ္စုပဋ္ဌာနံ သန္ဓဟန ပစ္စုပဋ္ဌာနံ-ဟု အဝဓာရဏကမ္မဓာရည်း သမာသ် ဝစနတ္ထပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဇဝံသဒ္ဒါ—နိဂမနတ္ထ။ နိဒဿနတ္ထ။

[ဆောင်] လဒ္ဓဂုဏ်ပြ၊ ဒေါသတစ်ဖုံ၊ နိဂုံးတစ်ဖြာ၊ သရုပ်မှာ၊ လျော်စွာဇေ၀ပြ၊ (ဓမ္မ-နိ-၁၆၀)

စိတ္တမေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ စိတ်သည် ဂ....။
၂။ စေတသိက်သည် နိ....။
၃။ စိတ်၏သမ္ပယုတ် တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော ဂုဏ် သည်....။ နိ....။

(ခ) ဝါကျ။ နိရန္တရံ၌ နိသဒ္ဒါ-အဘာဝတ္ထ၊ ဝိရဟတ္ထ။ သန္ဓဟနမေဝ၌ ဧဝ သဒ္ဒါ—အဝဓာရဏတ္ထ။

၁။ ဆက်စပ်တတ်သည်၏ အဖြစ်သည် ဂ....။
၂။ မဆက်စပ်တတ်သည်၏ အဖြစ်သည် နိ....။
၃။ စိတ်၏အခရုံကို သိတတ်သည်၏အဖြစ်သည် နိ....။

http://www.dhammadownload.com



(ဂ) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထ။ ပစ္စုပဋ္ဌာန်တို့မှတစ်ပါး ပဒဋ္ဌာန်ဟူသော အဖို့တစ်ပါးကို ပြသောကြောင့်တည်း။

(ဃ) ဝါကျ။ နာမ မေဝဠ် ဝေသဒ္ဒါ–အဝဓာရဏတ္ထ။

၁။ နာမ်သည် ဂ....။

၂။ ရုပ်သည် နိ....။

၃။ ယောနိသော, အယောနိသော မနသိကာရစသည်သည် နံ....။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(က) ဝါကျ။ တသ္မာဝ် တသည် ဟောတိ(ဖြစ်ခြင်း)ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။ တစ်နည်း–(တသ္မာ ကာရဏာဟု) ကာရဏဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ခ) ဝါကျ။ တဒေတဲ့ တသည် စိတ်ကို စွဲ၏။ ဆိုအပ်ပြီးသော စိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဝုစ္စတိ၌ ဝစဓာတ်အရ–

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရသည်....။

၃။ ပုဗ္ဗင်္ဂမရသံ၌ဟူသော ဝစီဘေဒသဒ္ဒသည်....။

၄။ သဒ္ဒမ္မသာဝန စသည်သည်....။

၅။ ထိုဝစီဘေဒသဒ္ဒအသံကို ကြားနာရခြင်း, အနက်အဓိပ္ပာယ် သိရှိရခြင်း စသည်တို့သည်....။

(ဗာဟျတ္ထ တေဝိဘတ်အရ ပုဗ္ဗင်္ဂမရသ-ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ထုတ်မြဲ။)

(င) ဝါကျ။ ဝုတ္တံ၌လည်း ဝုစ္စတိအတိုင်းထုတ်။ ဝစီဘေဒသဒ္ဒ ထုတ်သည့်အခါ နာမရူပပဒဋ္ဌာန်ကို ထုတ်ပါ။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ မယာဟူသော ပါဠိသေသ ကတ္တားအရ ဉာဏ်ပညာသည် ဝုစ္စတိဋ္ဌ ဝစဓာတ်အရ ဉာဏ်ကြဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်....ဟေ-ဓိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀) ပစ္စဂ်မရသဟူသော နာမပညတ္တိသဒ္ဒါသည် ဝုစ္စတိဋ္ဌ ဝစဓာတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ တစ်နည်း-ဝုစ္စတိဋ္ဌ ဝစဓာတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် အာကာရပုဒ်အရ ပစ္စဂ်မရသဟူသော ပရမတ္ထဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

[င-ဝါကျ၌လည်း မယာ ကတ္တားထည့်၍ သုံးချက်ပြိုင်ပုံကို ဤနည်းမှီသိ။]

http://www.dhammadownload.com

# ၄၂–ကိံပနေတံ စိတ္တံစသည်အဖွင့်

(က) ကိံပနေတံ စိတ္တံ ပုရိမနိဒ္ဒိဋ္ဌစိတ္တေန သဒ္ဓိံကေမေဝ၊ ဥဒါဟု အညန္တိ။

(ခ) ကေမေဝ။

(ဂ) အထ ကသ္မာ ပုရိမနိဒ္ဒိဋ္ဌံ ပုန စုတ္တန္တိ။

(ဃ) အဝိစာရိတံ ဓေါ် အဋ္ဌကထာယံ။

(င) အယံ ပနေတ္ထ ယုတ္တိ–

(စ) ယထာ ဟိ ရူပါဒိနိ....ပ....န တထာ စိတ္တံ။ [ဋ္ဌ–၁၅၆]

အနက်ထူး

(ဃ) ဝါကျ။ ဓော် ဝစနံ၊ ဤစကားကို။ ဝါ၊ ဤပြဿနာကို။ အဋ္ဌကထာယံ-မဟာအဋ္ဌကထာ၌။ ဝါ၊ ရှေးအဋ္ဌကထာ၌။ အာစရိယေဟိ၊ ရှေးအဋ္ဌကထာဆရာတို့သည်။ (ကတ္တား) အဝိစာရိတံ၊ မစိစစ်အပ်။ ကိဋ္ဌာပိအဝိစာရိတံ၊ အကယ်၍ ထား မစိစစ်အပ်။ (ထည့်)

(င) ဝါကျ။ ပန၊ ထိုသို့ ရှေးဆရာတို့ မစိစစ်သော်လည်း။ ဧတ္ထ စိတ္တဿ ပုနဝစနေ၊ ဤရှေးသမယ ဝဝတ္ထာနစ္၌ ပြအပ်ပြီးသော စိတ်ကို ထပ်ဖန်ဟောရာ၌။ အယံ၊ ဤဆိုလတ္တံသည်ကား။ ယုတ္တိ၊ အသင့်တည်း။

[ပန–တထာ။ နောက်မှာတစ်ထွေ၊ သခစ–ယဒိ၊ ဟူရှိရှိ၊ ကိဋ္ဌာပိ ထုတ်လေ။ တောင်တွင်းနိယံ-၃၅။ ထိုနိယံအဖြေ၌လည်း ဤနှစ်ဝါကျကို ကိဋ္ဌာပိ အဝိစာရိတံ ထည့်၍ အနက်ပေးထား၏။ နောက်ဝါကျ၌ ပနသဒ္ဒါ ရှိတိုင်းတော့မဟုတ်၊ ဖြစ်သင့်ရာ၌သာ ကိဋ္ဌာပိ ဝါကျထည့်၍ အနက်ပေးရမည်ဟုမှတ်။]

ကျမ်းကိ

ဋ္ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ စိတ္တံပုဒ်ကို နောက်ထပ် ဟောတော်မူ၏။ ထိုသို့ဟောသည်ရှိသော်, ထိုနောက်ထပ် ဟောသော စိတ္တံပုဒ်နှင့်စပ်၍ အမေးပုစ္ဆာ ပြဿနာကို ထုတ်ဖော်ပြဆိုသင့်သည် မဟုတ်ပါလော.... စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် အမေးပုစ္ဆာကို ထုတ်ပြတော်မူ၏။...သော်, ထို၏အဖြေ ဝိဿဇ္ဇနာသည်လည်း ရှိသင့်သည်မဟုတ်ပါလော.... စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ရှေးဦးစွာ ဖြစ်သင့်သော အကြောင်းမပါသော ပုစ္ဆာကို ထုတ်ပြတော်မူ၏။....သော်, အကြောင်းပါသော ပုစ္ဆာကိုလည်း။ ဝါ-သဘာဂရဏပုစ္ဆာကိုလည်း ထုတ်ပြသင့်သေးသည် မဟုတ်ပါလော။....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် အကြောင်းနှင့် တကွဖြစ်သော ပုစ္ဆာကို ထုတ်ပြတော်မူ၏။....သော်, ထို၏အဖြေ ဝိသဇ္ဇနာကိုလည်း၊ ဝါ-ရှေးအဋ္ဌကထာ၌ မစိစစ်ပုံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော.... စသည်။

တစ်နည်း—ဤစကားကို၊ ဝါ-ဤပြဿနာကို ရှေးအဋ္ဌကထာ၌ စိစစ်ပြပါသလော၊ ဝါ-စိစစ်ပြသည်ဟု မှတ်အပ်သည် မဟုတ်ပါလော။.... စသည်။

တစ်နည်း—ဆရာ, မြက်စွာဘုရားသည် စိတ္တံပုဒ်တို့ နောက်ထပ်ဟောတော်မူ၏။ ထိုသို့ ဟောသည်ရှိသော် ထို စိတ္တံပုဒ်ကို နောက်ထပ်ဟောခြင်းနှင့် စပ်၍ ရှေးအဋ္ဌကထာ၌ စိစစ်ပြပါသလော၊ ဝါ-စိစစ်ပြသည်ဟု မှတ်အပ်သည် မဟုတ်ပါလော ....ပ.... ရှေးအဋ္ဌကထာ၌ မစိစစ်သည်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ဤစကား ဤပြဿနာကို ရှေးအဋ္ဌကထာ၌ ရှေးဆရာတို့ မစိစစ်အပ်ဟု ပြဆိုတော်မူ၏။....သော်, အရှင်လည်း ဤစကား ဤပြဿနာကို ရှေးဆရာတို့အတူ လျစ်လျူရှုတော့မည်လော (နိဿယ) ဝါ-လျစ်လျူရှုတော့မည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ထိုသို့မှတ်အပ်လေသောကြောင့် ဤစကား, ဤပြဿနာကို ရှေးအဋ္ဌကထာ၌ ရှေးဆရာတို့ မစိစစ်အပ်သည်ဟူ၍သာ မဆိုသင့် စိစစ်ပြမည်ကိုလည်း၊ ဝါ-အကြောင်း ယုတ္တိကိုလည်း ပြဆိုသင့်သေး၏ အသို့မှတ်ရပါအံ့နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် င-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား— င-ဝါကျဖြင့် စိစစ်ပြမည်ကိုလည်း၊ ဝါ-အကြောင်း ယုတ္တိကိုလည်း ပြဆို၏ဟူလို။

(စ) ဝါကျ။ ဆရာ, ဆရာသည် င-ဝါကျဖြင့် ရှေးသမယဝဝတ္ထာန၌ ပြအပ်ပြီးသောစိတ်ကိုတစ်ဖန်ဟောရာ၌ ဤဆိုလတ္တံ့သည်ကား သင့်လျော်သောအကြောင်း ယုတ္တိတည်းဟု ပြဆိုတော်မူ၏။....သော်, ထိုအကျဉ်းသခေပ၏ အကျယ်ဝိတ္ထာရကို၊ ဝါ-ယုတ္တိပြအကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ....စသည်။

ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ထို နောက်ထပ်ဟောအပ်သော စိတ္တံပုဒ်နှင့်စပ်၍ အမေးပုစ္ဆာပြဿနာကို ထုတ်ဖော်မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ထို၏အဖြေဝိသဇ္ဇနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏ စသည်။

(င) ဝါကျ။ အရှင်လည်း ရှေးဆရာတို့အတူ လျစ်လျူရှုတော့မည် ဟူသော၊ ဝါ-စိစစ်မပြတော့ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(စ) ဝါကျ။ ထို အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။...စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

ပါဠိတော်ကိုထောက်လျှင် အမေးပုစ္ဆာကို ထုတ်ပြသဖြင့် လိုအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်သောကြောင့်, တစ်နည်း–ရှေးအဋ္ဌကထာ စကားကိုထောက်လျှင် ပရိဟာရပက္ခမှတစ်ပါး၊ စောဒကပက္ခကို ပြသော ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့် က-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ နောက် ခ-ဝါကျကို ထောက်ပြန်လျှင် ဆ-ဝါကျ၌ အဗျာပိတဒေါသ, တစ်နည်း-ပုစ္ဆာ ဝိသဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိ ဒေါသသင့်၏။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသ၊ တစ်နည်း- ပုစ္ဆာဝိသဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့်လည်း အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အဗျာပိတဒေါသ, တစ်နည်း-ဝိရောဓိဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် ပုနရုတ္တိဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ပုရေ+ဇာတံ ပုရိမံ။ နိဒ္ဒိသိယိတ္ထာတိ နိဒ္ဒိဋ္ဌံ။ ပုရိမေ+နိဒ္ဒိဋ္ဌံ ပုရိမ–နိဒ္ဒိဋ္ဌံ။ စိန္တေတီတိ စိတ္တံ။ ပုရိမနိဒ္ဒိဋ္ဌဉ္စ+တံ+စိတ္တဉ္စာတိ ပုရိမနိဒ္ဒိဋ္ဌစိတ္တံ။ (တေန)

၂။ ထို၏ အကြောင်းဖြစ်သော ရှေး၌ပြအပ်သည်၏။ ဝါ-ပြအပ်သည်အဖြစ်၏၊ ဝါ-ပြအပ်သော ဂုဏ်၏ စိတ်နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ပုရိမနိဒ္ဒိဋ္ဌစိတ်ဖြင့်သည်....။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဝိစာရေတဗ္ဗန္တိ ဝိစာရိတံ။ န+ဝိစာရိတံ အဝိစာရိတံ။

၂။ ထို၏ အကြောင်းဖြစ်သော ပဋိသေဓဘောဂုဏ်၏ စိစစ်အပ်သည်နှင့် ဂုဏ်+ဂုဏေး....စပ်...။

၄။ ထို၏ အကြောင်းဖြစ်သော မစိစစ်ခြင်း ကြိယာသည်၊ တစ်နည်း-မစိစစ်အပ်သော စကားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(င) ဝါကျ။ ယုဇ္ဇတီတိ ယုတ္တိ။ ယုဇ္ဇတိ စေတနာတိ ဝါ ယုတ္တိ။ ယုဇ္ဇတေ ဝါ ယုတ္တိ။

[ဤ နောက်ဆုံး ဘာဝသာဓိ ဝိဂ္ဂုဟ်သည် ယခင်တောင်တွင်းနိယံ အဖြေ၌-ယုတ္တိ ဝိစာရဏံ-စိစစ်စီရင်ခြင်းတည်း ဟူသောအနက် ယောဇနာနှင့် ညီညွတ်လှတော့သည်။]

ယုဇဓာ+တိ (တ္တိ) ပစ္စည်း၊ သင့်လျော်-စိစစ်စီရင်ခြင်း ကြိယာစွဲ။

(စ) ဝါကျ။ ပညာပယန္တီတိ ပညတ္တာ၊ [ပပုဗ္ဗ+ဉာပဓာတ် (ဉာခေက်)+တပစ္စည်း၊ ပညတ်ခြင်း ကြိယာစွဲ။]

## လိင်စသည်စိစစ်ပုံ

(က) ဝါကျ။ ကိံ-အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။ တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) ခွဲ။ ဥဒါဟု-အလိင်၊ ဂဏဝိမုတ်၊ နိပါတပဒ။ တော်, ကော်, အည် တို့ကို၌နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။

(ဂ) ဝါကျ။ အထ-အလိင်၊ နိပါတ်ပုဒ်ခွဲ။ ကသ္မာ-အလိင်၊ နိပါတ်ပုဒ်ခွဲ၊ တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) နိဂ္ဂဟိတန္တ၊ သဗ္ဗနာမပဒ။

(င) ဝါကျ။ ယုတ္တိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတနာမပဒ။

(စ) ဝါကျ။ ရူပါဒီနိ-နပုလ္လိင်၊ရတ္တာဒိဂိုဏ်း၊ဣကာရန္တ၊ ဗဟုဗ္ဗီဟိသမာသ်ပုဒ်။

## အာခေတ်, သံဝဏ္ဏနာ

(က) ဝါကျဖြင့် စိတ်ကို နောက်ထပ်တစ်ဖန် ဟောရာ၌ ပုစ္ဆာထုတ်ပြသည်၏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျဖြင့် ရှေ့ စိတ်, နောက်စိတ် နှစ်မျိုးလုံး တူသည်သာလျှင်တည်း။ ဝါ-တစ်ပါးတည်းသာလျှင်တည်း ဟူသော အဖြေဝိသဇ္ဇနာ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ကိ'ကား ပုစ္ဆာဇောတက၊ (ပုစ္ဆနတ္ထ) ပနကား-ပဒ လက်ာရ။ [နိဿယ—ပ—၂၉၆] တစ်နည်း—ကိ'သည် ပုစ္ဆာဝါစက၊ ပနကား ပုစ္ဆာ ဝါကျ ဇောတက၊ [နိဿယသစ်-ပ-၂၀၀] တစ်နည်း-ပနသဒ္ဒါ - ပက္ခန္တရတ္ထ [နိဿယသစ်-ဒု-၂၄၃] ဝေသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ တူသည်၏ အဖြစ်သည်၊ ဝါ—တစ်ပါးသည် ဂ....၊
၂။ မတူသည်၏ အဖြစ်သည်၊ ဝါ-အများသည် နိ....၊
၃။ စိတ်၏ သမ္ပယုတ်တရားတို့ကို ဖြစ်စေဘတ်သည်၏ . အဖြစ်ဟူသော ဂုဏ်သည် နဲ....။

ဉဒါဟု- (ဆုံးဖြတ်ခြင်းကင်း, အထွေထွေကြံစည်ခြင်း)ဝိကပ္ပနတ္ထ။ ဣတိ သဒ္ဒါ ဣဒမတ္ထ၊ နိဒဿနတ္ထ။

(ခ) ဝါကျ။ [ဝေသဒ္ဒါ ရှေ့ဝေနှင့် တူ၏။]

(ဂ) ဝါကျ။ အထသဒ္ဒါ - ရှေးဆိုအပ်ပြီးသော တူသည်၏ အဖြစ် ဟူသော ဧကတ္တ အနက်ကိုညွှန်ပြသော အတိဒေသတ္ထ။

(ဃ) ဝါကျ။ ပနသဒ္ဒါ (ပနသဒ္ဒါ၏ စပ်ရာယုတ္တိပုဒ်ကို၊ ဝါ-ယုတ္တိပုဒ်အနက် ကိုထောက်၍၊ ဝါ=ယုတ္တိပုဒ်အနက်က များမြတ် သာလွန်နေသောကြောင့်) သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။

[မှတ်ချက်။ .။ရှေးအနက်ပေး၌ ပြခဲ့သည့်အတိုင်း ဤ ငါ-ဝါကျရှေ့၌ ကိဋ္ဌာပိ အဝိစာရိတံ တည့်ရသည်ကို သတိပြု။ဆောင်ပုဒ်နိယံ ကာမာဝစရပုဒ်အဖွင့် (ခ) ၌ရှု။]

(စ) ဝါကျ။ ယထာသဒ္ဒါ-ပဋိဘာဂတ္ထ၊ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။ ဧေနေဝ၌ ဝေသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဆိုအပ်ပြီးသော အကြောင်းသည် ဂ....။
၂။ တစ်ပါးသော အကြောင်းသည် နိ....။

ရှုပမ္ပိ၌ (အပိ) သဒ္ဒါ- သမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။ နေသည်သာလျှင် တက်သည် မဟုတ်သေး၊ ရှုပါရှိသည်လည်း တက်သေး၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ ဝါ- ထိုပိ (အပိ) သဒ္ဒါကပြ၏။ ဣတိ, ဇေ-နိဒဿနတ္ထ။ ဝုစ္စမာနေပိ၌ ပိသဒ္ဒါ အရှုစိသံသူစနတ္ထ။ ဝါ-အရှုရျတ္ထ။ တစ်နည်း-ဆိုအပ်ဟူသော အမြတ်သောပုဒ် နောင်ထိုင်သောကြောင့် သမ္ဘာဝနတ္ထ။ တထာသဒ္ဒါ—ပဋိဘာဂတ္ထ။ ဝါ-ဥပမေ ယျတ္ထ။

http://www.dhammadownload.com



## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(ဃ) ဝါကျ။ တော်၌ ဟောသည် စကားကိုစွဲ၍။ ဆိုအပ်ပြီးသော စကားဖြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျ။ ထွေ၌ ဘောသည် ရှေးသမယ ဝဇ္ဇတ္တာနိ၌ ပြုအပ်ပြီးသော စိတ်ကို တစ်ဖန် ဟောရာ(ဌာန)ကိုစွဲ၍၊ ဟောရာဌာနဖြပ်ကို စွဲသောကြောင့် ပက္ကန္တ-ဝိသယ။ တစ်နည်း-နောက်ထပ်ဟောခြင်း၊ ပုနဝစန(ဝုတ္တ)ကြိယာကိုစွဲသောကြောင့် အနုဘူတဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(ဂ) ဝါကျ။ ဝုတ္တံ၌ ဝစဝတ်အရ-

၁။ မြတ်စွာဘုရား၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဓာန်းသော မဟာ-ကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည်....။

၃။ ဟောသဖြင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ အနက်အဓိပ္ပာယ်, သိနားလည်ရခြင်း အကျိုးသည်....။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်ဉာဏ်, ဖိုလ်ဉာဏ် စသည်တို့သည်....။

၅။ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ သိသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့်, မဂ်ဖိုလ်-နိဗ္ဗာန်ရခြင်းစသော အကျိုးဆက်တို့သည်....။

(ဤနေရာ၌ ဝုတ္တံဝယ် မာဟျတ္တ တပစ္စည်းအရကို ပဌမ မဟာကုသိုလ်စိတ်ယူ၍ ထုတ်ခြင်း။ အချို့သော နေရာတို့၌ကား တပစ္စည်းအရ ဝစီဘေဒသဒ္ဒါကိုယူ၍ ထုတ်ရသည်လည်း ရှိ၏။ အရာဌာနကို ကြည့်ရှု၍ ထုတ်ပါ။)

## အဓိပ္ပာယ် အဆုံးအဖြတ်

စိတ္တံ ဟောတိ ဟူသော ဓမ္မုဒ္ဒေသ ပါဠိတော်၌ စိတ္တံပုဒ်ကို ထပ်ဟောရပုံ အကြောင်း ယုတ္တိပြ၍ ဆုံးဖြတ်ချက်—

ဖဿစသည်မှတစ်ပါး စိတ်ဟု သီးခြားရှိသည်၊ ဤသို့ ဖဿစသည်မှတစ်ပါး စိတ်ဟု သီးခြားရှိကြောင်းကို ပြခြင်းအကျိုးငှာ၊ ဝါ-ပြလိုသောကြောင့် "စိတ္တံ ဟောတိ" ဟု စိတ္တံကို ဟောတော်မူအပ်၏။ [အတ္ထတော ပနေတံ တေဟိ အည-မေဝ....ပ....ဥမဿတ္တာ ဒီပနတ္ထာယ တော် ပုန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ-၁၅၆]။ တစ်နည်း၊—စိတ်ဖြင့် မှတ်သားအပ်သော ထိုသမယဝယ် စိတ်ကလည်း ဖဿစသည်တို့ ကဲ့သို့ ဖြစ်ပါလျက် ပါဝင်လျက်ရှိ၏၊ ဤသို့သော အဓိပ္ပာယ်ကို ပြခြင်းအကျိုး

http://www.dhammadownload.com



ဌာလည်း၊ ဝါ–ပြလိုသောကြောင့် "စိတ္တံ ဟောတိ"ဟု ထပ်၍ ဟောတော်မူ၏။ [စိတ္တေန ဝဝတ္ထာပိတေ သမယေ သမယဝဝတ္ထာပိတံ စိတ္တံ....ပ....ဏ္ဍမဿာပိ အတ္ထဿ ဒီပနတ္ထမိဒံ ပုန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ-၁၅၆-၇]

## အကျိုးပြ၍ ဆုံးဖြတ်ချက်

"ဖဿော ဟောတိ, ဝေဒနာ ဟောတိ"စသော ဥဒ္ဒေသဝါရ၌ "စိတ္တံ ဟောတိ" ဟု စိတ်ကို သိမ်းယူခြင်းအကျိုး၊ "ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ ဖဿော" စသော နိဒ္ဒေသဝါရ၌ "ကတမံ တသ္မိံ သမယေ စိတ္တံ" စသည်ဖြင့် အကျယ် ဝေဖန်ရခြင်းအကျိုးငှာ "စိတ္တံ ဟောတိ" ဟု ထပ်၍ ဟောတော်မူရသည်။ [ဠဒံ ပနေတ္ထ သန္နိဋ္ဌာနံ–ဥဒ္ဒေသဝါရေ သင်္ဂဟတ္ထံ, နိဒ္ဒေသဝါရေစ ဝိဘာဇနတ္ထံ(ပုနဝုတ္တံ)။ ဋ္ဌ-၈၅၇]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(၈) ဝါကျ။ ပုရိမ နိဒ္ဒိဋ္ဌ ဟူသော ကံပုဒ်နှင့် ဝုတ္တံ၌ တပစ္စည်းတို့အရ စိတ်အာရုံပစ္စည်းတရားသည် ထိုဝုတ္တံ၌ ဝစ္စာတ်အရ ဒေသနာဉာဏ်ပြခန်းသော မဟာကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အာရမ္မဏိကပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ပြိုင်းမရှိ။ တစ်နည်း–ပြိုင်-အာရမ္မဏ-အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ။ (၃)

မှတ်ချက်။ ရှစ်မှတ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ် နဝံ၊ သသင်္ခါရကို၊ ခြေင်းစွဲမှိတ်၊ ဟူသော၊ ရှေးလက်ာအရဆိုလျှင် ပြိုင် မရှိ။ သို့ရာတွင် ဘုရားရှင်၏ စိတ္တုပ္ပါဒ်ဖြစ်သောကြောင့် မည်သည့်အာရုံမျိုးမဆို လေးလေး နက်နက် အာရုံပြုသည်ဖြစ်၍ တစ်နည်း- သုံးပစ္စည်းပြိုင်သည်။ ]

http://www.dhammadownload.com

# ၄၃-ယသ္မာ ဝါ ဥပ္ပန္နံ ဟောတီတိ စသည်အဖွင့်

(က) ယသ္မာ ဝါ ဥပ္ပန္နံ ဟောတီတိ ဧတ္တ....ပ....ဝိစာရိတံ။

(ခ) တသ္မာ "စိတ္တံ ဥပ္ပန္နံ"န္တိ ဧတ္တာပိ....ပ....ဂဟိတံ။

(ဂ) ဧဝံ တတ္ထ သခေ်ပတော....ပ....အာရဒ္ဓံ။

(ဃ) ဣတိ ဖဿာဒယော၀ိယ စိတ္တမ္ပိ ဝုတ္တမေဝါတိ ဝေဒိတဗ္ဗံ။ [ဋ္ဌ-၁၅၉]

**အနက်ထုး**

(က) ဝါကျ၌ရှိ ဝိစာရိတံ၏ ကတ္တားကို အာစရိယေဟိ, တစ်နည်း-ဘဂဝတာ ဟူထည့်၊ ဂ-ဝါကျ၌ရှိ အာရဒ္ဓံ၏ ကတ္တား ဘဂဝတာ ဟူထည့်။

(ဃ) ဝါကျ။ ဣတိ ဧဝံ-သို့၊ ဖဿာဒယော-ဖဿ အစရှိသော တရားတို့ကို၊ ဝုတ္တာဝိယ - ဟောတော်မူအပ်ကုန်သကဲ့သို့၊ တထာ - တူ၊ စိတ္တမ္ပိ - ကိုလည်း၊ ဘဂဝတာ - သည်၊ ဝုတ္တမေဝ - ဟောတော်မူအပ်သည်သာ။ (ဥပမာ ဥပမေယျ ပေါ်အောင်ပေးသည်၊) တစ်နည်း—ဝါကျပရိဝတ္တနယောဇနာ- ဘဂဝတာ-သည်၊ စိတ္တမ္ပိ-ကိုလည်း၊ ဝုတ္တမေဝ-သာ၊ ကေဝိယ-အဘယ်တို့ကဲ့သို့နည်းဟူမူကား၊ ဣတိ-ဧဝံ-သို့၊ ဖဿာဒယော-ဖဿအစရှိသောတရားတို့ကို၊ ဝုတ္တာ ဝိယ - ကုန်သကဲ့သို့ တည်း၊ ဣတိပိ သန္နိဋ္ဌာနံ-ဤသို့သော ဆုံးဖြတ်ချက်ကိုလည်း၊ ပဏ္ဍိတေန-သည်၊ ဝေဒိတဗ္ဗံ-၏။

**ကျမ်းတက်**

**ဌပနာပဥ္စက ပုစ္ဆာတက်**

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ပါဠိတော် မမြွက်-ဒေသဝါရ၌ စိတ္တံ ဟောတိ-ဟု ထပ်၍ ဟောတော်မူရခြင်းအကြောင်းတို့ကို ပြဆိုတော်မူ၏။....သော်, ထိုသို့ စိတ္တံ ဟောတိ ဟု ထပ်၍ဟောရခြင်း၏ တစ်ပါးသော အကြောင်းကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က—ဝါကျဖြင့်၊ ဝါ-(က)ဝါကျ၌ရှိ ယသ္မာ ....ပ....ဥပ္ပဇ္ဇတိဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဤပုဒ်သည် ဒေသနာသီသဖြစ်၍၊ ဝါ-ဒေသနာ၌ ပဓာနဖြစ်၍ စိတ်တစ်ပါးတည်းသာလျှင် ဖြစ်သည် မဟုတ်ဟု ဆိုတော်မူ၏။ ထိုသို့ ဆိုသည်ရှိသော်, စိတ်တစ်ပါးတည်းသာ ဖြစ်သည် မဟုတ်သောကြောင့် ဘစ်စုံတစ်ခုသော အကျိုးဖြစ်သင့်သည် မဟုတ်ပါလော။ ထိုသို့ ဖြစ်သောကြောင့် အကြောင်းစကားရပ်ကိုသာ မဆိုသင့်၊ အကျိုးကိုလည်း ဆိုသင့်သေး၏၊ အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝါကျ-ခ ကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား— ခ-ဝါကျဖြင့် အကျိုးဖလ စကားရပ်ကိုလည်း ပြဆို၏ ဟူလို

စောဒနာတက်လျှင် — အကျိုးကို မဆိုခဲ့သော် ဆရာအား ကာရဏ, ဖလ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏-ဟု ဒေါသတင်တက်၊ အဓိပ္ပာယ ကား-တသ္မာ စသော ခ-ဝါကျဖြင့် အကျိုးဖလ စကားရပ်ကိုလည်း ပြဆိုသော ကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ ဆရာအား မရောက် ဟူလို။

တစ်နည်း— ကာရဏ-ဖလတို့တွင် ဖလသည် လိုရင်းပဓာနဖြစ်သောကြောင့် နောက်ကနေသော်လည်း ထိုနောက်နေသော ဖလ ဝါကျကို ဥပနာထားနှင့် ရှေ့ကနေသော ကာရဏ ဝါကျသို့ ကျမ်းတက်သော်—

ဆရာ, ဆရာသည် ခ-ဝါကျဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဤပါဠိ လည်း စိတ်တစ်ပါးတည်းမျှကိုသာလျှင် မယူမူ၍ ဖဿစသော (၅၅) ပါးသော ကုသိုလ်တရားတို့နှင့် အတူတကွသာ စိတ်ကိုယူအပ်သောဟု ဆိုတော်မူ၏။ ထိုသို့ပင် ဆိုသော်လည်း, စိတ္တံ ဟောတိ၌ စိတ်တစ်ပါးတည်းကိုသာ ယူသင့်သည် မဟုတ် ပါလော၊ ထိုသို့ ယူသင့်လေသောကြောင့် (၅၀) ကျော်သော ကုသိုလ်တရား တို့နှင့် အတူတကွသာ စိတ်ကိုယူအပ်သောဟူ၍သာ မဆိုသင့်၊ ထိုသို့ ယူနိုင်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဖဿ စသော (၅၀) ကျော်သောတရားတို့နှင့် အတူတကွသာ စိတ်ကိုယူအပ်ပါသနည်း၊ ဤသို့ မေးဖွယ် ရှိသောကြောင့် က-ဝါကျကို၊ ဝါ-က-ဝါကျရှိ ယသ္မာ....ပ....ဥပ္ပဇ္ဇတိကို မိန့်၊

အဓိပ္ပာယ်ကား—က-ဝါကျဖြင့်၊ ဝါ-က-ဝါကျရှိ ယသ္မာ ဝါ....ပ....ဥပ္ပဇ္ဇတိ ဖြင့်-စိတ္တံ ဥပ္ပန္နံ ဟူသော ဤပုဒ်သည် ဒေသနာ၌ ပဓာနဖြစ်၍ စိတ်တစ်ပါးတည်း သာ ဖြစ်သည်မဟုတ် ဟူသော အကြောင်းကို ပြဆို၏ ဟူလို။

[က-ဝါကျကို ကျမ်းတက်ပါ ဟု ဆိုလျှင် ပထမနည်းအတိုင်း ရှေ့စကားရပ်တို့ကို ဥပနာထား၍လည်း တက်နိုင်၏၊ ဒုတိယနည်းအတိုင်း ခ-ဝါကျကို ဥပနာထား၍ လည်း တက်နိုင်၏။]

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့စကားရပ်ကို ထောက်လျှင် က-ဝါကျသည် ပက္ခန္တရဝါကျဖြစ်ခြင်း ကြောင့် တစ်နည်း-အကြောင်းတစ်ပါးကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် က-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

နောက် ခ-ဝါကျကိုထောက်လျှင် (ကာရဏ ဖလ၊ ဝိရောဓ၊ အဗျာပိတတင်- ဟူသည်နှင့်အညီ) ကာရဏ ဝါကျဖြစ်ခြင်းကြောင့် ကာရဏ, ဖလ ဆန့်ကျင်သော ဝိရောဓိ ဒေါသ၊ မနှံ့စပ်သော အဗျာပိတဒေါသသင့်၏။

http://www.dhammadownload.com



ခ-ဝါကျသည် ဖလဝါကျဖြစ်ခြင်းကြောင့် (လဒ္ဓဂုဏ၊ ကျိုးဖလ၊ နိရုတ္တကတင်-နှင့်အညီ) နိရုတ္တက ဒေါသကို ပယ်၏။ တစ်နည်း-ဝိဃာဓိ ဒေါသ, အဗျာပိတ၊ ဒေါသတို့ကို ပယ်၏။

ဂ-ဝါကျသည် အနုသန္ဓေဝါကျမျိုးဖြစ်သောကြောင့် (အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်နှင့်အညီ) ပုနရုတ္တိဒေါသကို ပယ်၏။ တစ်နည်း(ယင်းသည် ဌာန၊ ဒေါသအဗျာ၊ တင်လေရာ ဟူသော တွင်းကြီးနိယံ - ၆၅ - နှင့် အညီ) အဗျာပိတ ဒေါသကို ပယ်၏။

ဃ-ဝါကျဖြင့် ပုနရုတ္တိဒေါသ၊ တစ်နည်း—ဝိဃာဓိဒေါသတို့ကို ပယ်၏။

## ဝါသဒ္ဒါ လဲလှယ်ပုံ

(က) ဝါကျ။ စိတ်ဖြင့် ပိုင်းခြား မှတ်သားအပ်ပြီးသော သမယ၌ ပါဝင်သောစိတ်ကို သိမ်းယူလိုသောကြောင့် စိတ်ကို နောက်ထပ် ဟောရသည် ဟူသော အကြောင်းမှတစ်ပါး၊ စိတ်၏ဒေသနာ၌ ပဓာနဖြစ်သောကြောင့် နောက်ထပ် ဟောရသည်ဟူသော အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့် ဝါသဒ္ဒါ ထား၏။ တစ်နည်း-စိတ်ဖြင့် ပိုင်းခြားမှတ်သားအပ်ပြီးသော သမယ၌ ပါဝင်သော စိတ်ကို သိမ်းယူလိုသည်၏ အဖြစ်ဟူသော သကာက် အနက်အကြောင်းမှတစ်ပါး၊ စိတ်၏ ဒေသနာသီသပဓာန အဖြစ်ဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့် ဝါသဒ္ဒါထား၏။ [စိတ္တုဥ္ပာဒ တသ္မိံ သမယေ ဟောတိ ယေဝ၊ တသ္မာ တဿာပိ သင်္ဂဟနတ္ထမေတံ ပုန ဝုတ္တံ။ ဌ-၁၅၇-ကား ရှေ့အကြောင်း။ နောက်အကြောင်းကား ယသ္မာ....ပ....ဒေသနာသီသမေဝ ဟူသော က-ဝါကျရှိ စကားတည်း။]

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က—ဓါကျရှိ ဒေသနာသီသံ ဝိဂ္ဂဟကို ရှေးစိတ္တံ ဥပ္ပန္နံ ဟောတီတိ စေတ-အဖွင့်၌ရှု။)

(ခ)ဝါကျ။ ဂဏှာတီတိ ဂဟေတွာ။ (အစိတ်) နှ+ဂဟေတွာ၊ အဂ္ဂဟေတွာ (အပေါင်း)။

၂။ ထို၏ အကြောင်းဖြစ်သော ပဋိသေဓဘောဂုဏ်၏ ယူ၍-ဟူသော အနက်နှင့်၊ ဝါ-ယူခြင်းနှင့်၊ ဝါ-ယူတတ်သူနှင့် ဂုဏ်+ဂုဏေး....စပ်၊

၄။ ထို၏ အကြောင်းဖြစ်သော မယူခြင်း ကြိယာသည်၊ ဝါ-မယူသည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

ရတနာ့ဂုဏ်ရည် (၅၃)

http://www.dhammadownload.com



ဂဟေတဗ္ဗန္တိ ဂဟိတံ။ ဂဏှိယိတ္ထ ဂယှိတ္ထာတိ ဂဟိတံ။ [ဂဟဓာတ်+တပစ္စည်း။ ယူခြင်းကြိယာ။]

(ဂ) ဝါကျ။ သမ္ပိဏ္ဍိယတေ ကေဒေသတော ကထိယတေတိ သခေ်ပေါ။ (တတော) [သံပုဗ္ဗ + ခိပဓာတ် + ဏပစ္စည်း၊ အကျဉ်းချုံးခြင်း ကြိယာခွဲ။] ရှုပ်-ယတေ ပက်ာသီယတေ ရှုပ်၊ သံဝိဇ္ဇာမာန်+ရှုပ် သရှုပ်။ (အဘိဓာန်ဋီကာနိဿယ၌ ရှုပ်-ရှုပ်တည်း၊ ဝါ-သဘောတည်းဟု ပေး၏။)

၂။ ထို၏အကြောင်းဖြစ်သော ထင်ရှားရှိသော ဂုဏ်၏ ရှုပ်နှင့်၊ ဝါ-သဘော နှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော သရှုပ်သဘောတို့၏ တစ်ခုသည် .... ဇာတ် သည်....။

## လိင်စသည် စိစစ်ပုံ

အဂ္ဂဟေတဗ္ဗ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ ကမ္မ ဓာရယ သမာသပဒ။ [(ရှု) အတ္တံ နယ တပ္ပုရိသေသုတ် အဖွင့်၌ အကတ္တာကို ကမ္မဓာရည်းသမာသ် အဖြစ်ဆိုထားသည်ကိုထောက်။] အာဒိ - (အာဒိသက်သက်ဖြစ်မူ) ပုလ္လိင်၊ (အဘိ ဓေယျတ္တ ဝစနကို ငဲ့လျှင်) နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ ဖဿာ ဒယော-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ဗဟုဗ္ဗိဟိ သမာသ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ဝါသဒ္ဒါဖြင့် ဝိကပ္ပနတ္ထ နယန္တရ ဇောတက အဖြစ်ကို ပြ၏၊ (အတ္ထ၊ ဘာဝတ္ထ) ယသ္မာ....ပ....ဥပ္ပဇ္ဇတိဖြင့် နောက်၌ ဆိုလတ္တံ့သော ခ-အမှတ်ပြဝါကျ အကျိုးဖလ၏ အကြောင်း ကာရဏအဖြစ်ကို သိစေ၏။ တစ်နည်း-ရှေးအဋ္ဌကထာ၌ စိစစ်ပုံအခြင်းအရာ အာကာရ ညွှန်ပြသည်ကို သိစေ၏။ (ဘာဝတ္ထ) ဣတိဖြင့်၊ အာကာရတ္ထ, နိဒဿနတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) အဋ္ဌကထာယံ ဝိစာရိတံဖြင့် (ဤဆိုအပ်ပြီးသောအကြောင်းကို) ရှေးအဋ္ဌကထာ၌ စိစစ်အပ်သည်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျဖြင့် ရှေးဆိုအပ်ပြီးသောအကြောင်း ကာရဏ အကျိုးဖလအဖြစ်ကို သိစေ၏။ တစ်နည်း ထိုသို့ စိတ်တစ်ပါးတည်းသာ ဖြစ်သည် မဟုတ်သောကြောင့် စိတ္တံ ဥပ္ပန္နံဟူသော ဤပါဠိ၌လည်း စိတ်တစ်ပါးတည်းမျှကိုသာလျှင် မယူမူ၍ ဖဿ စသော (၅၅) ပါးသော ကုသိုလ်တရားတို့နှင့် အတူတကွသာ ယူအပ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ဣတိသဒ္ဒါ-ပဒတ္ထ ဝိပလ္လာသတ္ထ၊ နိဒဿနတ္ထ၊ (နောက် ဣတိ လည်း နည်းတူ) [ဒေသနာသိသမေဝ, ကေမေဝတို့၌ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ထုတ်ပုံကို ရှေ့ စိတ္တံ ဥပ္ပန္နံ ဟောတိတိ စေတံ အဖွင့်၌ရှု။] နပနှ၌ ပန သဒ္ဒါ-ကော်သတ္ထ၊ ဗျာတိရေကတ္ထ။

(ခ) ဝါကျ။ တွေ့ပိ၌ ပိ (အပိ) သဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ စိတ္တ မတ္တ မေဝ၌ (မတ္တသဒ္ဒါ-နိဝတ္တာ ပနာဝဓာရဏတ္ထ၊) ဝေသဒ္ဒါ၊ သန္နိဋ္ဌာနာဝ ဓာရဏတ္ထ။ အင်္ဂဟေတွာ၌ အသဒ္ဒါ—ပဋိသေဓတ္ထ။

(ဂ) ဝါကျ။ ဇဝံ-နိဒဿနတ္ထ၊ သဗ္ဗေပိ၌ ပိသဒ္ဒါ - အဝယဝသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(ဃ) ဝါကျ။ ဣတိသဒ္ဒါ-နိဒဿနတ္ထ၊ နိဂမနတ္ထ။

[ခေါင်] ဣတိမျှမှာ၊ နိဂုံးသာ၊ ရှံခါသရှုပ်ပြ။ (ရှေ့-နီ-၁၆၇)

ဝိယ-ပဋိဘာဂတ္ထ၊ ပိသဒ္ဒါ—သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ ထိုပိဖြင့် ဖဿစသည် တို့ကိုသာ ဟောအပ်ကုန်သည် မဟုတ်သေး၊ စိတ်ကိုလည်း ဟောအပ်သည်သာ ဟူသော အဓိပ္ပာယ်ကို၊ ဝါ-သမ္ဘာဝနာကာရကို သိစေ၏။ ဝေသဒ္ဒါ-အဝ ဓာရဏတ္ထ။

| | |
|---|---|
| ၁။ ဝုတ္တကြိယာသည် | ဂ....။ |
| ၂။ အဝုတ္တကြိယာသည် | နိ....။ |
| ၃။ ဖဿစသည်တို့သည် | နုံ....။ |

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဂ) ဝါကျ။ တတ္ထ၌ တသည် စိတ္တံ ဥပ္ပန္နံ ဟူသော စကားကို, တစ်နည်း-သမယ ဝဝတ္ထာနခန်းကို စွဲ၏။ တတ္ထ အစွဲ မေးလျှင်ကား-တတ္ထ (တသ္မိံ စိတ္တံ ဥပ္ပန္နန္တိ ဝစနေ) ထို စိတ္တံ ဥပ္ပန္နံဟူသော စကား၌ဟု စွဲသည်။ ဆိုအပ်ပြီးသော စိတ္တံ ဥပ္ပန္နံ ဟူသော စကားဒြပ်ကို စွဲသောကြောင့် ပက္ခန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဝိစာရိတံ၌ အန္တတ္ထ ဝစဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ စိစစ်ပြသည့်အတိုင်း အနက်အဓိပ္ပာယ် သိရှိရခြင်းသည်....။

http://www.dhammadownload.com



၄။ သဒ္ဓမ္မဿဝန စသည်သည်....။
၅။ သိသည့်အတိုင်း ကျင့်ခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန်အထိ အကျိုးဆက်တို့သည်....။

(ခ) ဝါကျ။ ဂဟိတံ၏ ကတ္တားကို ဘဂဝတာဆည့်လျှင် ဂဟာခေတ်အရ–

၁။ ဒေသနာဉာဏ်သည်....။
၂။ အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ စိတ္တံ ဥပ္ပန္နံစသော ဝစီဘေဒ သဒ္ဒသည်....။
၄။ ပါရမီဉာဏ်စသည်သည်....။
၅။ တရားနာရခြင်း, ချွန်, မဂ်, ဖိုလ်, ရခြင်း စသည်တို့သည်....။

(ဂဟိတံ၌ တပစ္စည်းအရကို မဟာကုသိုလ်စိတ်ယူ၍ ထုတ်မြဲ။)

(ဃ) ဝါကျ။ ဝုတ္တံ၌ ထုတ်ပုံကို ဂဟိတံအတိုင်းသိ။ ဝေဒိတဗ္ဗာ၌ ထုတ်ပုံကို ရှေ့စေတနာထား၏ ပစ္စုပဋ္ဌာန်အဖွင့်၌ရှု။

## ဝေဒိတဗ္ဗံ ထားရပုံ

(ဃ) ဝါကျ။ ဤသို့ ဖဿစသော တရားတို့ကို ဟောအပ်ကုန်သကဲ့သို့ စိတ်ကိုလည်း ဟောအပ်သည်သာဟု ဤဆုံးဖြတ်ချက်ကို ဥပစာရတ္တ, နေယျတ္တ, ဝက်တ္တ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် ဝေဒိတဗ္ဗံ ထား၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ ပရောပဏ္ဏာသ ကုသလစမ္မေဟိ အရ – ဖဿစသော စေတသိက် ၅၅-ပါးသည် (ဂဟိတဂ္ဂဟဏနည်း) တစ်နည်း – (ဂဟိတဂ္ဂဟဏ နည်းအားဖြင့်) ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, ဝိရတီ ၃-ပါးကြဉ် စေတသိက် ၂၈-ခုသည် စိတ္တံအရ (ဌာနူရူပ အားဖြင့်) ပထမ မဟာကုသိုလ်စိတ်အား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-ည-နိ-က-ဟာ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။ တစ်နည်း – စိတ္တံအရ-ပထမ မဟာကုသိုလ်စိတ်သည် ပရောပဏ္ဏာသကုသလစမ္မေဟိ အရ ဖဿ စသော ၅၀ – ကျော်သော စေတသိက်တို့အား၊ ဝါ-စေတသိက် ၂၉-ပါးအား သဟ....ပြု၏။ ပြိုင်-ဓိ-သဟ-ည-နိ-ဟာ-ဣ-တ္ထိ-အဝိ (၉)။

(ဂ) ဝါကျ။ အာရဒ္ဓိ၌ အာပုဗ္ဗ+ရဘခါတ်အရ ဒေသနာဉာဏ်ပြခန်းသော မဟာကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ထိုအာရဒ္ဓိ၌ တပစ္စည်းနှင့် ဖသော ဟောတိတိ အာဒိဟူသော ကံပုဒ်အရ ဖဿော ဟောတိ စသော ပရမတ္ထ ဝစီဘေဒ သဒ္ဒအား သဟ....ပြု၏။ ပြိုင်–ဟေ-ဓိ-သဟ-နိ-က-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ

http://www.dhammadownload.com



(၁၂)။ တစ်နည်း – ဖဿော ဟောတီတိ အာဒိနှင့် အာရုဒ္ဓ်၌ တပစ္စည်းအရ ဖဿော ဟောတိ အစရှိသော ဒေသေတဗ္ဗမွသည် အာရုဒ္ဓ်၌ ရဘာခေတ်အရ ဒေသနာဉာဏ်ပြခန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ ....ပြု၏။ ပြိုင်-အာ-ဓိ-ဥပ (၃)။ ဖဿော ဟောတီတိ အာဒိနာ ဟု ကရိုဏ်း ပြင်၍ ထိုကရိုဏ်းပါ၌အရ ဖဿော ဟောတိ စသော နာမပညတ္တိသဒ္ဒါသည် ဒသောဘုံ၌ အန္တတ္ထဒီသခေတ်အရ ဒေသနာဉာဏ် ပြခန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။

(ဃ) ဝါကျ။ ထည့်အပ်သော ပဏ္ဏတ္တိတေန ကတ္တားအရ-ဉာဏ်ပညာသည် ဓဝဒိ တဗ္ဗာ၌ ဝိဒခေတ်အရ ဉာဏ်ကြဉ် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်-ဟေ-ဓိ-သဟ-ည-နိ-ဏ္ဍ-မဂ္ဂ-သံ-ထွိ အဝိ (၁၀)။

http://www.dhammadownload.com

# ၄၄—ဝိတက်၏ ဝစနတ္ထအဖွင့်

(က) ဝိတက္ကေတီတိ ဝိတက္ကော။ ဝိတက္ကနံ ဝါ ဝိတက္ကော။

(ခ) ဦဟနန္တိ ဝုတ္တံ ဟောတိ။

(ဂ) သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏော။

(ဃ) သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတိ။

(င) ယထာ ဟိ....ပ....အာရမ္မဏံ အာရောဟတိ။

(စ) တသ္မာ သော အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏောတိ ဝုတ္တော။

(ဆ) သွာယံ အာဟနန ပရိယာဟနန ရသော။ [ဋ္ဌ-၁၅၇]

## အနက်ထူး

ဂ-ဃ-ဝါကျ။ ဝါကျ ပရိဝတ္တန ယောဇနာ

သွာယံ သော+အယံ ဝိတက္ကော-သည်။ အာရမ္မဏေ - ၌။ စိတ္တဿ - ကို။ အဘိနိရောပနလက္ခဏော- ရှေးရှုထင်ခြင်း လက္ခဏာရှိ၏။ (အဓိပ္ပာယတ္ထ) ဝါ- ရှေးရှုတက်ရောက်စေခြင်း လက္ခဏာရှိ၏။ (သဒ္ဒတ္ထ) ဣတိ-ဤသို့။ နိယုတ္တိကံ-ယုတ္တိကင်းသော။ ယံ ဒဋ္ဌယံဝစနံ—အကြင်ဒဋ္ဌယစကားကို။ မယာ—သည်။ ဝုတ္တံ-ပြီ။ နိယုတ္တိကံ—သော။ တံ ဒဋ္ဌယဝစနံ-ကို၊ သယုတ္တိကေန-ယုတ္တိရှိသော။ ဣမိနာ ဒဋ္ဌကရဏဝစနေန—ဤဆိုလတ္တံ့သော ဒဋ္ဌကရဏစကားဖြင့်။ ဟိသစ္စံ—မှန်၏။ ဝါ— ဟိ ယုတ္တံ—သင့်၏။

ကေန—အဘယ်စကားဖြင့်။ ဝါ၊ ကြောင့်။ ဟိသစ္စံ-မှန်သနည်း။ ဝါ—ဟိယုတ္တံ-သင့်သနည်း။ ဣတိ-ဤသို့။ စေ ပုစ္ဆေယျ-အကယ်၍ မေးငြားအံ့။

သော ဝိတက္ကော-သည်။ အာရမ္မဏေ-၌။ စိတ္တံ-ကို။ အာရောပေတိ-(ရှေးရှု) တင်တတ်၏။ (အဓိပ္ပာယတ္ထ) ဝါ-(ရှေးရှု) တက်ရောက်စေတတ်၏ (သဒ္ဒတ္ထ)။

ဣတိ-ဤသို့။ သယုတ္တိကေန—သော။ ဣမိနာ ဒဋ္ဌကရဏဝစနေန- ဤဒဋ္ဌကရဏ စကားဖြင့်။ ဝါ-ကြောင့်။ သစ္စံ—မှန်၏။ ဝါ-ယုတ္တံ-သင့်၏။ ဣတိ-ဤသို့။ ဝိသဇ္ဇေယျ-ဖြေဆိုရာ၏။

(ဒဋ္ဌယ, ဒဋ္ဌကရဏဝါကျတို့၌ ဤနည်းမှီ၍ ဝါကျအပြန်အလှန် အနက်ယောဇနာပါ၊ ပထမတွဲ-၁၁—၂—တို့၌လည်း နယူပဒေသနှင့်တကွ စုံလင်စွာ ပြခဲ့၏။)

http://www.dhammadownload.com



(င) ဝါကျ။ ပရိဝတ္တနယောဇနာ

ဟိယသ္မာ–ကြောင့်။ ဝိတက္ကံ–ကို။ နိဿာယ–မှီ၍။ စိတ္တံ-သည်။ အာရမ္မဏံ-သို့။ အာရောဟတိ–တက်၏။ ကိမိဝ-အဘယ်ကဲ့သို့ တက်သနည်း။ ကောစိ–တစ်စုံ တစ်ယောက် မင်းစိုးမပေါက် မရောက်ဘူးသော သူသည်။ ရာဇဝလ္လဘံ–မင်း ကျွမ်းဝင်သော။ ဉာတိံ ဝါ-ဆွေမျိုးကို လည်းကောင်း။ မိတ္တံ ဝါ-အဆွေခင်ပွန်းကို လည်းကောင်း။ နိဿာယ-မှီ၍။ ရာဇဂေဟံ–မင်း၏အိမ်သို့။ (သဒ္ဒတ္ထ) ဝါ-မင်းအိမ်သို့၊ (ဝေါဟာရတ္ထ) ဝါ-နန်းတော်သို့။ (အဓိပ္ပာယတ္ထ) အာရောဟတိ ယထာ-တက်၏သို့။ ဧဝံတထာ-တူ။ ဝိတက္ကံ-ကို။ နိဿာယ–၍။ စိတ္တံ-သည်။ အာရမ္မဏံ-သို့။ အာရောဟတိ-တက်၏။

[ဤ ဥပမာန ဥပမေယျဝါကျမျိုး အနက်ယောဇနာပုံကို ပထမတွဲ–၅-၆-၌ နယူ ပဒေသနှင့်တကွ စုံလင်စွာ ပြခဲ့ပြီ။]

## ကျမ်းတက်
## ၄ပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဖဿလျှင် ငါးခု မြောက်ရှိသော ဖဿ ပဥ္စမက ရာသီကို ဖွင့်ပြတော်မူ၏။ ဤသို့သာ ဖွင့်ပြချေ သော်, စျာနင်္ဂရာသီအဖွင့်ကို, ဝါ-ထိုစျာနင်္ဂရာသိ၌ ပါဝင်သော ဝိတက္ကောပုဒ် အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....ပ.... စျာနင်္ဂရာသီအဖွင့်ကိုလည်း၊ ဝါ-ထိုစျာနင်္ဂရာသိ၌ ပါဝင်သော ဝိတက္ကောပုဒ် အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။ တစ်နည်း–ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ဝိတက္ကော ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ထို ဝိတက္ကောပုဒ်၌ အ ပစ္စည်းသည် ကမ္မသာဓနစသော အနက်တို့ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ...။ ဝိတက္ကောပုဒ်၌ အ ပစ္စည်း၏ ကတ္တုသာဓ်, ဘာဝသာဓ် အနက်ဟောသည်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။ **စောဒနာ** တက်လျှင်–ရှေ့နည်း၌ အဗျာပိတ, ဤနောက်နည်း၌ အတိဗျာပိတဒေါသတင်၏

ထို က–ဝါကျတွင်လည်း ရှေ့ဝိကပ်မှ နောက်ဝိကပ်သို့ တက်သော်–

ဆရာ, ဆရာသည် ဝိတက္ကေတီတိ ဝိတက္ကောဖြင့် ဝိတက္ကော၌ အ ပစ္စည်း၏ ကတ္တုသာဓ်အနက်၌ ဖြစ်ပုံကို ပြဆိုတော်မူ၏။ သော်, ထိုပစ္စည်းသည် ကတ္တုသာဓ် အနက်၌သာလျှင် ဖြစ်သည်ဟု မှတ်အပ်၏ မဟုတ်ပါလော။ ....ပ.... ထိုပစ္စည်း၏ ဘာဝသာဓ်အနက်၌ ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။....စသည်။ **စောဒနာ** တက်လျှင်–အဗျာပိတဒေါသတင်၏

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဝစနတ္ထကို ပြဆိုတော်မူ၏။.... သော်, ဓာတွတ္ထကို၊ ဝါ–တက္ကဓာတ်၏-အနက်ကို၊ ဝါ-အဓိပ္ပာယတ္ထကို မပြဆို

http://www.dhammadownload.com



ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ .... စသည်။ အဓိပ္ပာယ်ကား ခ-ဝါကျဖြင့် ဟက္ကခေတ်သည် ဥပ်ာနအနက်ကို ဟောသည်ဟု ပြဆိုအံ့ ဟူလို။ တစ်နည်း ခ-ဝါကျဖြင့်အဓိပ္ပာယတ္ထကိုလည်းပြဆိုရာ၏-ဟူလို၊တစ်နည်း။ ဆရာ,ဆရာသည် က-ဝါကျဖြင့် ဝစနတ္ထကို ပြဆိုတော်မူ၏။ ဝါ-ဝိဘင်္ဂ္ဂါ၌ တက္ကခေတ်အဖြစ်ကို ပြဆိုတော်မူ၏၊....သော်, တက္ကခေတ်သည် ဒိတ္ထိစသောအနက်တို့ကိုလည်း ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။စောဒနာတက်လျှင်-ရှေးနည်း၌ အဗျာပိတ နောက်နည်း၌ အတိဗျာပိတဒေါသတင်ပါ။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က-ခ-ဝါကျတို့ဖြင့် ဝိတက္ကောပဒ်၌ ဝစနတ္ထ, ဓာတွတ္ထ, အဓိပ္ပာယတ္ထတို့ကို ပြဆိုတော်မူ၏။....သော်, ဝိတက်၏ လက္ခဏာကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။....စသည်။

(ဃ) ဝါကျ။ အသင့်ယုတ္တိ ဒဋ္ဌိကရဏကို မပြဆို ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ (အာဘော်ထားတက်၊ ဒဋ္ဌိကရဏကျမ်းတက်။)

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ထိုဝိတက်သည် အာရုံ၌ စိတ်ကို ရှေးရှုတင်ပေးတတ်သောဟု ဆိုတော်မူ၏။ ဤသို့ ဆိုချေသော် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ ထိုသို့ မထင်ရှားလေသောကြောင့် ဝိတက်သည် အာရုံ၌ စိတ်ကို ရှေးရှုတင်ပေး တတ်သော ဟူ၍သာ အပါကဋ္ဌအားဖြင့် မဆိုသင့်။ ထိုစကားရပ်၏ အနက်အဓိပ္ပာယ် ကို ထင်ရှားအောင် ဥပမာဆောင်၍လည်း ပြဆိုသင့် သေး၏။ ဥပမာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယထာဟိစသော င-ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား-င-ဝါကျဖြင့် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်ကိုထင်ရှားအောင် ဥပမာဆောင်၍ ပြဆို၏ဟူလို။ စောဒနာတက်လျှင် — ဝိရောဓိဒေါသ, တစ်နည်း— အဗျာပိတဒေါသတင်။

(စ) ဝါကျ။ ဆရာ, ဆရာသည် င-ဝါကျဖြင့် ဝိတက်ကိုမှီ၍ စိတ်သည် အာရုံသို့ တက်၏ဟု ဆိုတော်မူ၏။....သော်, အကျိုးကို၊ ဝါ-လဒ္ဓဂုဏ်ကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....စသည်။

## ပါပနာဒိ ကျမ်းတက်

(ခ) ဝါကျ။ ဓာတွတ္ထ၊ ဝါ-အဓိပ္ပာယတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ အသင့်ယုတ္တိဒဋ္ဌိကရဏမရှိသော အနက်သည် ရောက်ခဲ့ရာ၏။ ....စသည်။

http://www.dhammadownload.com



(င) ဝါကျ။ ဥပမာနှင့်ကင်းလျက်ဖြစ်ငါးဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နှုးပါ)...ပ...ဥပမာကိုလည်း ပြဆိုသင့်သေး၏၊ (နု-ရော) စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့စကားရပ်ကိုထောက်လျှင် က-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ ပါဠိတော်ကိုထောက်လျှင် ဝိတက္ကော၌ အပစ္စည်းသည် ကမ္မသာဓ်, စသောအနက်ကို မဟော၊ ကတ္တုသာဓ်, ဘာဝသာဓ် အနက်တို့ကိုသာ ဟောသည် အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး ဓာတွတ္ထ အဓိပ္ပာယတ္ထတို့ကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ်နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ ဤ ခ-ဝါကျကို ထောက်လျှင် ရှေ့ က-ဝါကျ၌ အဗျာပိသဒေါသသင့်၏။

တစ်နည်း-ခ-ဝါကျဖြင့် တက္ကဓာတ်သည် ဒိတ္တိစသော အနက်ကို မဟော၊ ဦဟန အနက်ကိုသာ ဟောသည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသသင့်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသ, ဃ-ဝါကျဖြင့် ဝိရောဓိဒေါသ ဩစိတျဟီန ဒေါသ။

(င) ဝါကျဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ, စ-ဝါကျဖြင့် နိရတ္ထကဒေါသ ဆ-ဝါကျဖြင့် အဗျာပိတဒေါသ, အသီးသီး ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ။ဝိတက္ကော၌ အပစ္စည်း၏ ကတ္တုသာဓ် အနက်အကြောင်းမှ တစ်ပါး၊ ဘာဝသာဓ် အနက်အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့်၊ တစ်နည်း—ကြံတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး ကြံခြင်းဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် က-ဝါကျ၌ ဝါသဒ္ဒါထား၏။

ဝုတ္တံ ဟောတိ ထားရပုံ။ ။တက္ကဓာတ်၏ ဦဟနတ္ထဟူသော ဥဇုကတ္ထကို ပြလိုသောကြောင့်၊ တစ်နည်း—ကြံခြင်းဟူသည် ဤဝတ္ထုကား ဤသို့သဘောရှိ၏၊ ဤဝတ္ထုကား ဤသို့သဘောရှိ၏ဟု အာရုံကို ကြံခြင်းပင်တည်းဟူသော ဆိုလိုရင်း ပိဏ္ဍတ္ထ, စကားကျ ဥဇုကတ္ထ အဓိပ္ပာယ်ကို ပြလိုသောကြောင့်၊ တစ်နည်း— ဦဟနစိန္တာ, ပဇာနနစိန္တာ ဝိဇာနနစိန္တာဟူသော စိန္တာသုံးမျိုးတွင် ဤ၌ ဦဟန စိန္တာပင်တည်းဟူသော ပိဏ္ဍတ္ထအဓိပ္ပာယ်, စကားကျကို ပြလိုသောကြောင့် ဝုတ္တံ ဟောတိ ထား၏။

http://www.dhammadownload.com



တသွာထားရပုံ။ ။စ–ဝါကျ။ (ချ-မြဟိနောက်၊ ကသွာရောက်၊ မဖောက် လဒ္ဓဂုဏ်....ဟူသော ရွှေ နိယံ ၂၀၉–နှင့်အညီ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တသွာထား၏။)

[ဤနည်း၌ ယထာဖိဝယ် ဟိကို တပ္ပါကဋီကရဏတ္တယ။ ဆ ဝါကျ၌ ဒဠှီကရဏတ္တ ဟိ–ရှိသည်။]

တစ်နည်း–(ယထာ ဟိ၌ ဟိယသ္မာ-ကြောင့် ဟု ပေးသော နိဿယကိုထောက် လျှင်) ဝိတက္ကံ....ပ....အာရောပေတိ ဟူသော အကြောင်းကို ပြလိုသောကြောင့် တသွာ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ပဌမဝိကပ်၌–

၁။ ဝိတက္ကေတီတိ ဟူသော ဝိဂ္ဂဟဝါကျသည်....။

၂။ ဝိ-တက်-ကေ-တိ (ဝိ-တ-က္ကေ-တိ)၊ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြံခြင်းကြိယာသည်....။

၃။ ဝိတက္ကော ဟူသော နိပ္ဖန္နသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကြံခြင်းကြိယာသည်–..။

[ဘေဒစိန္တာနည်း]

တစ်နည်း–၁။ ဝိ-တက်-ကော (ဝိ-တ–က္ကော) ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါသည်....။

၂။ ထို၏ အကြောင်းဖြစ်သော ဝိပုဗ္ဗ+တက္ကဓာတ်+အ ပစ္စည်း ကြံခြင်းကြိယာ သည်....။

၃။ ဝိတက္ကော ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်....။

၄။ ထို၏ အကြောင်းဖြစ်သော ကြံခြင်းကြိယာသည်....။

[အဘိဓာန်ဋီကာနည်း]

[ဝိတက္ကေန္တိ သမ္ပယုတ္တ ဓမ္မာ ဧတေနာတိ ဝိတက္ကောဟု ကရဏသာဓ်ဝိဂ္ဂဟ လည်း ပြုနိုင်သည်။]

ဝိတက္ကီယတေ ဝိတက္ကနံ [ဝိပုဗ္ဗ+တက္ကဓာတ်+ယုပစ္စည်း၊ ကြံခြင်းကြိယာ]

(ခ) ဝါကျ။ ဦဟီယတေ ဦဟနံ။ [ဦဟဓာတ်+ယုပစ္စည်း ကြံခြင်းကြိယာ]

(ဂ) ဝါကျ။ အဘိနိရောပီယတေ အဘိနိရောပနံ–

[နိဿယသစ် ဒု-၅၇-၌ ဥဗ္ဗောတီယတေ (တောက်ပ စေခြင်း ; ဟု ကာရိတ် အချာတ်ဘာဝရှင်၊ ပြဆိုထားသည်ကိုထောက်၍ ဤ၌လည်း ဤရုပ်မျိုးဆိုသည်။]

http://www.dhammadownload.com



လက္ခီယတေ အနေနာတိ လက္ခဏံ။ အဘိနိရောပန+လက္ခဏံ ယဿာတိ အဘိနိရောပန လက္ခဏော။

၂။ ထို၏ အကြောင်းဖြစ်သော အဘိနိရောပန လက္ခဏာ၏ ဝိတက်နှင့် လက္ခဏ+လက္ခဏဝန္တ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဝိတက်၏ အဘိနိရောပန လက္ခဏာရှိခြင်း ဟူသော ဂုဏ်သည်....။

( င) ဝါကျ။ ရာဇာက ဒိဗ္ဗတေ (ဒိပ္ပတေ)တိ ရာဇာ။

ဝလ္လတိ သံဝရဏံ ကရောတီတိ ဝလ္လဘော။ ရညော+ဝလ္လဘော ရာဇဝလ္လဘော။

၂။ ထို၏ အကြောင်းဖြစ်သော မင်း၏ အကျွမ်းဝင်သူနှင့် သာမီ+သံ.... စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော မင်းကျွမ်းဝင်သူတို့၏ တစ်ယောက်သည်.... ပ....ဇာတ်သည်....။

ဉာယတီတိ ဉာတိ။ (တံ)။ မိဒတိ သိနေဟံ ကရောတီတိ မိတ္တံ။ (မိတ္တော) ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ။ ရညော+ဂေဟံ ရာဇဂေဟံ။

(ဆ) ဝါကျ။ ဟညတေ ဟနုန်။ အာဒိတော+အဘိမုခံ ဝါ+ဟနနံ အာဟနနံ။ ပရိတော+ပရိဝတ္တေတွာ ဝါ+အာဟနနံ ပရိယာဟနနံ အာဟနနဉ္စ + ပရိယာဟနနဉ္စ အာဟနနပရိယာဟနနံ။ အာဟနန ပရိယာဟနနံ+ရသော ကိစ္စံ အဿာတိ အာဟနန ပရိယာဟနန ရသော။

၂။ ထို၏ အကြောင်းဖြစ်သော အာဟနန ပရိယာဟနန ရသ ကိစ္စ၏ ဝိတက်နှင့် ကိစ္စ+ကိစ္စဝန္တ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဝိတက်၏ အာဟနန ပရိယာဟနန ရသ ကိစ္စ ရှိခြင်း ယူသော ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဝိတက္ကေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ်ပုဒ် [ဝိ+တက္က+ဏေ+တိ]

(ခ) ဝါကျ။ ဝုတ္တံ-(ဣတိ—ဣဒံ အတ္ထဇာတံ ဝုတ္တံ ဟု ပင်ကိုအတိုင်း လိင်မပြန်လျှင်) နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ တစ်နည်း-(ဣတိ-ဣဒံအယံအဓိပ္ပာယော ဝုတ္တံ-ဝုတ္တောဟု လိင်ပြန်လျှင်) ပုလ္လိင်။ ပုရိသာဒိဂိုဏ်းခွဲ။

(ဂ) ဝါကျ။ သွာယံ-သော+အယံ နှစ်ပုဒ်-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။

http://www.dhammadownload.com



(ဃ) ဝါကျ။ အာရောပေတိ-အလိုင်၊ နေ့ဝိကရဏဂိုဏ်း၊ တစ်နည်း-တူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်။ [အာ+ရုဟ+ဏာပေ+တိ၊]

(င) ဝါကျ။ ဉာတိ-[ဓမ္မံ စရထ ဉာတယော ဟူသော ဒီ-မဟာဝဂ္ဂ ၄၁-၂၅၀ကို ထောက်၍]ပုလ္လိင်။ ရတ္တာဒိဂိုဏ်း ဣကာရန္တ။ နာမပဒ။ မိတ္တံ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ [မိတ္တောနိတ္တိ-အဘိဓာန်] နိဿာယ-အလိုင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ တစ်နည်း-(သိဓာတ်အခိုက်) ဣကာရန္တ၊ နိပါတ်ပုဒ်၊ တစ်နည်း-ကိတ်ပုဒ်။

## အာဘောဂ, သံဝဏ္ဏနာ

(က) ဝါကျ။ ဝိတက္ကေတီတိဖြင့် ဝိတက္ကောဌ် ဝိပုဗ္ဗ+တက္ကဓာတ်၊ (ဒု-ဓာတုပဒ) အပစ္စည်း၊ ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိသဒ္ဒါ-ဓာတွတ္ထာနုဝတ္တက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဝိတက္ကေတီတိ ဝိတက္ကောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊(အဘိဓာနတ္ထ) ဝိတက္ကဓမ္မမှတစ်ပါး၊ ကြံတတ်သော ကတ္တားမည်သည် မရှိဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။

ဝါဖြင့် ဝိတက္ကောပုဒ်သည် ကတ္တုသာဓ် အနက်၌သာ ဖြစ်သည် မဟုတ်သေး၊ ဆိုလတ္တံ့သော ဘာဝသာဓ်အနက်၌လည်း ဖြစ်သေး၏-ဟု သိစေ၏။ တစ်နည်း-ဝိကပ္ပနတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ-ဘာဝတ္ထ) ဝိတက္ကနံဖြင့် ဝိတက္ကောဌ် ဝိပုဗ္ဗ+တက္ကဓာတ်၊(ဒု-ဓာတုပဒ)အပစ္စည်း ဘာဝသာဓ် အနက်ဟော၊(ဒု-ပစ္စယတ္ထ) ဝိသဒ္ဒါ ဓာတွတ္ထာနုဝတ္တက၊ (ဥပသဂ္ဂလိင်္ဂတ္ထ)၊ ဝိတက္ကနံ ဝိတက္ကော-ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဝိတက်သည် အလိုသို့လိုက်၍ ဖြစ်သည်မဟုတ်၊ အာရုံ စသော အကြောင်းတို့ကြောင့် မိမိအလိုအလျောက် ဖြစ်သည်-ဟူသော အဓိပ္ပာယ်။ (ဘာဝတ္ထ)သိစေ၏။

(ခ) ဝါကျဖြင့် ဝိတက္ကောဌ် ဝိသဒ္ဒါ ဓာတွတ္ထာနုဝတ္တက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) တက္ကဓာတ် ဒိတ္တိစသော အနက်ကိုမဟော၊ ကြံခြင်း ဉီနအနက်ဟော၊ (ဒု-ဓာတွတ္ထ) တစ်နည်း—ဤဝတ္ထုကား ဤသို့ သဘောရှိ၏၊ ဤဝတ္ထုကား ဤသို့သဘောရှိ၏-ဟု အာရုံကို ကြံခြင်းပင်တည်း-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) တစ်နည်း-ဉီဟနစိန္တာ, ပဇာနနစိန္တာ, ဝိဇာနနစိန္တာ-သုံးမျိုးတွင် ဤ၌ ဝိတက္ကအရ ကျန်စိန္တာနှစ်မျိုးကို မယူမူ၍ ဉီဟနစိန္တာကိုသာ ယူပါ (အဘိဓေယျတ္ထ)သိစေ၏။

(ဂ) ဝါကျဖြင့် ထိုဆိုအပ်ပြီးသော ဝိတက်သည် အာရမ္မဏေ စိတ္တဿ အဘိ—နိရောပန လက္ခဏာရှိ၏-ဟု သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျ။ ဟိဖြင့် ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ)။ ကြွင်းသော ဃ-ဝါကျဖြင့် ရှေးဒဠှီယကို ခိုင်မြဲစေသော ဒဠှီကရဏအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ဝိသဒ္ဒါကား ဓာတွတ္ထာ နုဝတ္တက။

(ခ) ဝါကျ။ (ဣတိ-ဤသို့ဟု ပေးလျှင်) ဣတိသဒ္ဒါ–နိဒဿနတ္ထ။ (ဣတိ အယံ အဓိပ္ပာယော-ကို-ဟု ပေးလျှင်) ဣဒမတ္ထ။ (ဥဳဟန္တိ-ဥဳဟန်-ဟူ၍-ဟုပေးလျှင်) အာကာရတ္ထ၊ ပဒတ္ထ ဝိပလ္လာသတ္ထ။

(ဂ) ဝါကျ။ အဘိနိရောပနၥ္၌ အဘိသဒ္ဒါ–အဘိမုခတ္ထ၊ နိသဒ္ဒါ–ဓာတွတ္ထ ဝိသေသက၊ ဝါ–အာရောပနတ္ထ။

(ဃ) ဝါကျ။ ဟိသဒ္ဒါ-ဒဠှီကရဏတ္ထ၊ အာရောပေတိ၌ အာသဒ္ဒါ-ဥဒ္ဓကမ္မတ္ထ၊

(င) ဝါကျ။ ယထာ သဒ္ဒါ-ဒဠှီကရဏတ္ထ၊ ဟိသဒ္ဒါ ကာရဏတ္ထ၊ တစ်နည်း-တပ္ပါကဋီကရဏတ္ထ။ ကောစိ၌ စိနိပါတ်–အသာကလျတ္ထ၊(အသကလတ္ထ၊အပ္ပကတ္ထ) ဝါ-နှစ်ပုဒ် သမုစ္စယတ္ထ၊ ဝိကပ္ပနတ္ထ။ နိဿာယ၌ နိသဒ္ဒါ-သမီပတ္ထ။ [သမီပေစ နိဿယော-သုံ့စိ] တစ်နည်း - ဓာတွတ္ထဝိသေသကဖြစ်၍-အဝလမ္ဗနတ္ထ။ ဇေဝ ပဋိ-ဘာဂတ္ထ၊ ဥပမေယျတ္ထ။

(ဆ) ဝါကျ။ အာဟနန၌ အာသဒ္ဒါ–အာဒိကမ္မတ္ထ(အာဒျတ္ထ) အဘိမုခတ္ထ။ ပရိယာဟနန၌ ပရိသဒ္ဒါ-ပရိတောအနက်၊ ဝါ-သမန္တတ္ထ။ တစ်နည်း၊ ပရိဝတ္တေတွာ (ပရိဝတ္တန) အနက်တို့ကို ဟော၏။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

သွာယံ၌ သော၀ယံ သံသည် ဝိတက်ကို စွဲ၏။ ဆိုအပ်ပြီးသော ဝိတက်ဒြပ်ကို စွဲသောကြောင့် ပဏ္ဍ၊ သွာယံ၌ အစွဲမေးလျှင် သွာယံ+သောအယံ–ဝိတက္ကော ထိုဝိတက်သည်ဟု စွဲသည်။

(ဤနည်း၌–သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ထုတ်မှု၊ နောက်ပုဒ်တစ်ခု၊ အနက်မဲ့သာ များသတည်း ဟူသော ဘုရားကြီး–နိ ၁၂၃–နှင့်အညီ–အယံဟူသော နောက်ပုဒ် အနက်မရှိ။)

တစ်နည်း - အနက်ရှိကြံသော်-သွာယံ+သော အယံ ဝိတက္ကော-ထိုသို့ သဘောရှိသော ဝိတက်သည် ဟု စွဲပေးပါ။

## ကြိယာ ၅-တန်ထုတ်ပုံ

ဝိတက္ကေတီတိ, ဝိတက္ကော, ဝိတက္ကနံ, ဥဳဟနံပုဒ်တို့အရ–

၁။ ဝိတက်သည်....။

၂။ သမ္ပယုတ်စိတ်သည်....။

၃။ သမ္ပယုတ်တရားတို့ကို အာရုံ၌ တင်ပေးခြင်းသည်....။

http://www.dhammadownload.com



၄။ ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝနစသည်တို့သည်....။
၅။ ဝိဘက်တင်ပေး၍ သမ္ပယုတ်တရားတို့၏ အာရုံကို ရသွားခြင်းသည်....။
တစ်နည်း—

၁။ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏာသည်....။ ဝါ-အာကောဋ္ဋန လက္ခဏာသည်....။
၂။ ဝိညာဏပဒဋ္ဌာန်သည်....။
၃။ အာဟနန ပရိယာဟနန သမ္ပတ္တိရသသည်....။
၄။ အာဟနန ပရိယာဟနန ကိစ္စရသသည်....။
၅။ အာရမ္မဏေ စိတ္တဿ အာနယနပစ္စုပဋ္ဌာန်သည်....။

(ခ) ဝါကျ။ [ဝုတ္တံ၌ ထုတ်ပုံကို ပါဏာတိပါတောပုဒ်အဖွင့်၌ ရှု-ဤ၌ ဝစီဘေဒသဒ္ဒ ထုတ်သောအခါ ဉီဟန် ဟူသော ဝစီဘေဒဘဒ္ဒကိုထုတ်]။

(စ) ဝါကျ။ ဝုတ္တော၌ ဝစဓာတ်အရ—

၁။ ဘာတိ, ဝီရိယ, ဉာဏ်ပြခန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏော ဟူသော ဝစီဘေဒသဒ္ဒ သည်....။
၄။ သဒ္ဓမ္မဿဝန စသည်သည်....။
၅။ ထိုလက္ခဏာကို သိရခြင်း, သိသဖြင့် ပီတိ-ပါမောဇ္ဇဖြစ်ခြင်းမှ အစ နိဗ္ဗာန် အထိ အကျိုးအဆက်တို့ သည်....။

[ထိုဝုတ္တော၌ တပစ္စည်းအရ-ယခင် ဝစီဘေဒသဒ္ဒကို ယူ၍ ထုတ်မြဲ။]

## ဒဋ္ဌဗ္ဗော ထားရပုံ

ဧဝံ ဝိတက္ကော ဒဋ္ဌဗ္ဗော။ [ဋ္ဌ-၁၅၇]

ဤ၌-မင်းကြီး, ထိုအတူ ဝိတက်ကို မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, သန္နိဋ္ဌာန် ကျအားဖြင့် မှတ်ယူရမည် ဟု ပြတော်မူလို၍ ဒဋ္ဌဗ္ဗော ထားတော်မူ၏၊ ဝါ—ဟော တော်မူ၏။

## အစိပ္ပာယ် အဆုံးအဖြတ်

(က) ဝါကျ။ ဝိတက်-ဟူသော တရားမှ အခြားသော အတ္တ-ဟူသော ကတ္တား ကို နစ်စေခြင်း, ဟားမြစ်ခြင်းအကျိုးငှာ ဝိတက်—ဟူသော ဓမ္မကိုပင် ကတ္တားဟူ၍ အဋ္ဌကထာဆရာ ညွှန်ပြတော်မူ၏။

http://www.dhammadownload.com



[ဝိတက္ကေတီတိ ဓမ္မဒကာ အညဿ ကတ္တုနိဝတ္တနတ္ထံ ဓမ္မမေဝ ကတ္တာရံ နိဒ္ဒိသတိ၊ ဋီ=၇၀]

ထိုဝိတက်၏ အလိုသို့ လိုက်စေတတ်သည်ကို တားမြစ်ခြင်းအကျိုးငှာ၊ ဝါ-နိုင်ငံသို့ လိုက်သောအားဖြင့် ဖြစ်ခြင်းမရှိသည်ကို ပြလိုရကား (ဂဏ္ဌိအဆို) ဝိတက္ကနံ ဝါ·ဟူ၍ ဘာဝသာဓနဖြင့် ညွှန်ပြတော်မူ၏။ [တဿ ပန ဝသဝတ္တိဘာဝနိဝါရဏတ္ထံ"ဝိတက္ကနံ ဝါ"တိ ဘာဝနိဒ္ဒေသော ဋီ-၇၇]

[အခြားသော စိန္တေတီတိ စိတ္တံ, သယံ ဝါ သဒ္ဒဟတိ, သဒ္ဒဟနမတ္တမေဝ ဝါ သောတိ သဒ္ဓါ-စသည်ဖြင့် ကတ္တုသာဓ, ဘာဝသာဓ, ဝိဂ္ဂဟပြုရသော ပရမတ္ထ ဓမ္မဟောပုဒ်တို့၌လည်း ဤအဓိပ္ပာယ်သိ။]

ဝိတက်သည် အာရုံကို တီးခေါက်ခြင်း မရှိသည် မဟုတ်ပါလော၊ သို့ပါလျက် ဝိတက်သည် အာရုံကို တီးခေါက်ခြင်း အာကောဋ္ဋန လက္ခဏာ၊ အာဟနနပရိယာဟနနရသ (ကိစ္စ) ရှိသည်ဟု ဆိုရပါသနည်း-ဟု မေးလျှင် အဖြေကား-ရှုပ်, ရှုပ်၊ ပထဝီ, ပထဝီ-ဟူ၍ မတီးခေါက်တတ်သော်လည်း တီးခေါက်သကဲ့သို့ဖြစ်ပြင်းကြောင့် ဤကဲ့သို့ ဆိုရပါသည်။ ရူပံ ရူပန္တိ ပထဝီ ပထဝီတိ ဝါ အာကောဋ္ဋေန္တော ဝိယ ဟောတီတိ အာကောဋ္ဋနလက္ခဏော-ဋီ-၇၇]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယောသဘာဝေါ ဟူသော ပါဌ်သေသကတ္တားအရ ဝိတက်သည် ဝိတက္ကေတိ ကြိယာအရ ဝိတက္ကသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ(၇)။ ဝိပါက်အရာဖြစ်လျှင် ဝိပါကထည့်၍ (၉)။ အာရမ္မဏံ ဟူသော ပါဌ်သေသ ကံပုဒ်အရ ရူပါရုံ စသော အာရုံသည် ဝိတက္ကေတိအရ ဝိတက်အား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ (၇)။ "ဝိတက္ကေန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဝိတက္ကော" ဟု ဝိဂ္ဂဟပြု၍-ဧတေန ဟူသော ကရိုဏ်းပုဒ်အရ ဝိတက်သည် သမ္ပယုတ္တဓမ္မာ, ဝိတက္ကေန္တိ ပုဒ်တို့အရ ဝိတက္က သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၇)။ သဝိပါကဖြစ်လျှင် ဝိပါကထည့်၍ (၉)၊

(ခ) ဝါကျ။ သော အာရမ္မဏေဟိအရ ဝိတက်သည် စိတ္တံအရ သမ္ပယုတ် စိတ်အား သဟပြု၏၊ ပြိုင်-သဟ-ည-နိ- (ဝိပါ) ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ-ယထာရဟ (၉) အာရမ္မဏေအရ ရူပါရုံစသော အာရုံသည် သော, စိတ္တံ အာရမ္မဏေတို့အရ ဝိတက်နှင့်တကွ သမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ...ပြု၏။ ပြိုင်-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ-ယထာရဟ (၇)။

http://www.dhammadownload.com



(င) ဝါကျ။ ကောစိအရ ဝေဒနာက္ခန္ဓာသည် အာဒေယျဟတိအရ ကျန်နာမ်ခန္ဓာ သုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဏ္ဍ-ဈာ-သံ-တ္ထိ-အဝိ (၇) ရာဇ ဝလ္လဘံ ဉာတိမိတ္တံတို့အရ ထိုဉာတိမိတ္တတို့၌ရှိသော ရူပါရုံစသည်သည် နိဿယ အရ ယထာရဟဖြစ်သင့်သော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆)။ ရာဇဂေဟံအရ မင်းနန်းတော်၌ရှိသော ရူပါရုံ စသည်သည် အာဒေယျဟတိအရ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်-ယထာရဟ-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆)။

ဝိတက္ကံအရ ဝိဘက်သည် စိတ္တံအရ (ဌာနာနုရူပအားဖြင့်) ပထမ မဟာကုသိုလ် စိတ်, ထိုစိတ်နှင့် ယှဉ်နိုင်သမျှသော ဝိတက်ကြဉ် စေတသိက် သတ္တတ္တိံသအား၊ တစ်နည်း - (သာမညအားဖြင့်) သဝိတက္ကစိတ် ၅၅ ခု, ဝိတက်ကြဉ် စေတသိက် ၅၁ အား သဟ....ပြု၏။ ပြိုင်—သဟ-ည-နိ-ဝိပါ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။ စိတ္တံအရ ဝိညာဏက္ခန္ဓာသည် အာဒေယျဟတိအရ ကျန် နာမ်ခန္ဓာ သုံးပါးအား သဟ....ပြု၏။ ပြိုင်-မိ-သဟ-ည-နိ-ဟာ-ဏ္ဍ-သံ-တ္ထိ-အဝိ (၉)။ အာရမ္မဏအရ ရူပါရုံစသည်သည် အာဒေယျဟတိအရ ဝိတက္ကသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်—ယထာရဟ-အာ-မိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၇)။

❁ ❁ ❁

http://www.dhammadownload.com

# ၄၅-ဝိစာရ ဝစနတ္ထအဖွင့်

(က) အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော။ ဝိစရဏံ ဝါ ဝိစာရော။

(ခ) အနုသဉ္စရဏန္တိ ဝုတ္တံ ဟောတိ။

(ဂ) သွာယံ အာရမ္မဏာနုမဇ္ဇန လက္ခဏော။ တတ္ထ သဟဇာတာနုယောဇန ရသော။ စိတ္တဿ အနုပ္ပဗန္ဓ ပစ္စုပဋ္ဌာနော။

(ဃ) သန္တေပိ စ ဧနေသံ....ပ....အနုပ္ပဗန္ဓော ဝိစာရော။

(င) ဝိပ္ဖါရဝါစေတ္ထ....ပ....ပရိပ္ဖန္ဒနဘူတော စိတ္တဿ၊ [ဋ္ဌ-၁၅၈]

## အနက်ထူး

(က) ဝါကျ။ တေန သဘာဝေန – ထိုသဘောတရားဖြင့်၊ တစ်နည်း–တေန ဝိစာရေန-ထိုဝိစာရဖြင့်။ ဝါ–ထိုဝိစာရကြောင့်။ [ဒီတနာတိ တေန ဝိစာရေန ကရဏဘူတေန၊ ဟေတုဘူတေန ဝါ၊ ယောဇနာ – ၁၀၂] အာရမ္မဏေ–၌။ စိတ္တံ–သည်။ ဝိစရတိ – သုံးသပ်ဘိတ်၏။ (အဓိပ္ပာယတ္ထ၊) တစ်နည်း –(သဒ္ဒတ္ထ)၊ [အနေကတ္ထာ ဟိ ဓာတဝေါ–ဟူသော ပရိဘာသာကို ထောက်] ဝါ-ထိုမှ ဤမှ လှည့်လည်တတ်၏၊ (သဒ္ဒတ္ထ) ဣတိ တသ္မာ–ထိုကြောင့်၊ ဝါ ဆိုသို့ စိတ်၏ အာရုံ၌ သုံးသပ်ကြောင်း, လှည့်လည်ကြောင်း၏ အဖြစ်ကြောင့်၊ သော သဘာဝေါ-သည်။ ဝိစာရော–မည်၏။

(ဃ) ဝါကျ။ ကတ္ထစိ-အချို့ကုန်သော ပထမဈာန် ပရိတ္တစိတ်တို့၌။ (နိဿယ) ဝါ-ဒွေပဉ္စဝိညာဉ်ကြဉ် ကာမစိတ် (၄၄) (၁၁) ပါးသော ပထမဈာန်စိတ်တို့၌။ (ယောဇနာ)။

## ကျမ်းတက်

### ဗုပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝိတက္ကောပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။ .... သော်, ဝိစာရပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

ရတနာ့ဂုဏ်ရည် (၅၅)

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည် ဝိစရဏံ ဝိစာရော်ဖြင့် သွားလာ လှည့်လည်ခြင်းဟု ဆိုတော်မူ၏။....သော်, ထို ဝိစရဏံ ဝိစာရော၏ ဆိုလိုရင်း ပိဏ္ဍတ္ထ စကားကျ, အဖြောင့် ဥဇုကတ္ထ အဓိပ္ပာယ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။ (ဂ–ဝါကျသို့ ကျမ်းတက်ရာ၌ ဝစနတ္ထမှတစ်ပါး လက္ခဏာစသည် ပြသည်ကို ရှုတက်)

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရွှေစကားရပ်တို့ဖြင့် ဝိတက် ဝိစာရတို့၏ သဘောကို ဖွင့်ပြတော်မူ၏။ ထိုသို့ပင် ဖွင့်ပြပါသော်လည်း ဝိတက်, ဝိစာရတို့သည် ပဌမဈာန်စိတ်, ဒွေပဉ္စဝိညာဉ်မှ တစ်ပါးသော ကာမစိတ်တို့၌ မကွေမကွာ ယှဉ်ကြသည် မဟုတ်ပါလော၊ ဝါ-မကွေမကွာ ယှဉ်ကြသည်ဖြစ်၍ ထိုဝိတက်, ဝိစာရတို့၏ အထူးကို သိနိုင်ခဲသည် မဟုတ်ပါလော၊ ထိုသို့ မကွေမကွာယှဉ်၍ အထူးကို သိနိုင်ခဲသောကြောင့်၊ တစ်နည်း–ထိုဝိတက်.. ဝိစာရတို့၏အထူးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ထိုသို့ ရောက်ရာလေသောကြောင့်, ရွှေစကားရပ်တို့ဖြင့် ဝိတက်, ဝိစာရတို့၏ သဘောကိုသာ မဖွင့်ပြသင့်၊ အထူးကိုလည်း ပြဆိုသင့်သေး၏။ အထူးကား အဘယ်ပါနည်း၊ ဝါ-ထိုသို့ အတူ ယှဉ်ကြရာ၌ အာရုံယူပုံ အဘယ်သို့ ထူးခြားပါသနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် သန္တေပိ စ စသော ဃ-ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား ဃ-ဝါကျဖြင့် ထိုဝိတက် ဝိစာရတို့၏ အထူးကိုလည်း ပြဆို၏ဟူလို။

(င) ဝါကျ။ ဝိတက် ဝိစာရတို့၏ အခြားတစ်ပါးသော အထူးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ (အာဘော်ထားတက်)

ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ဝိစာရောပုဒ်အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ထို ဝိစရဏံ ဝိစာရော၏ ဆိုလိုရင်း ပိဏ္ဍတ္ထ စကားကျ, အဖြောင့် ဥဇုကတ္ထ အဓိပ္ပာယ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ လက္ခဏာ စသည်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ ထို ဝိတက် ဝိစာရတို့၏အထူးကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(င) ဝါကျ။ ဝိတက် ဝိစာရတို့၏ အခြားတစ်ပါးသော အထူးကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

http://www.dhammadownload.com



ဒေါသသင့်ပုံ, ပယ်ပုံ

ရွှေစကားရပ်ကို ထောက်လျှင် က - ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး ဓာတွတ္ထ, အဓိပ္ပာယတ္ထကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိတက်, ဝိစာရတို့၏အထူးကို ဆက်လက်ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် ဝိတက် ဝိစာရတို့၏ အခြားတစ်ပါးသော အထူးကို ပြသဖြင့် လိုအပ်သောအနက်, အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။

စုတ္တံ ဟောတိ ထားရပုံ။ ဝိစရဏံ ဝိစာရော၏ ပဒပိဏ္ဍတ္ထ စကားကျဉ်ဇုကတ္ထအဓိပ္ပာယ်ကို ပြလိုသောကြောင့် စုတ္တံ ဟောတိ ထားရ၏။

ဝါ သဒ္ဒါ လဲလှယ်ပုံ။ ဝိစာရော၌ ဏ ပစ္စည်း၏ ကရဏသာဓ်အနက်အကြောင်းမှတစ်ပါး၊ ဘာဝသာဓ်အနက် အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့်၊ က–ဝါကျ၌ ဝါ-သဒ္ဒါထား၏။

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝိစရီယတေ ဝိစရဏံ။ [ဝိပုဗ္ဗ+စရဓာတ်+ယုပစ္စည်း၊ လှည့်လည်ခြင်း ကြိယာခွဲ။]

(ဃ) ဝါကျ။ ဃဋ္ဋိတဗ္ဗော ဃဋ္ဋေတဗ္ဗောတိ ဃဋ္ဋော။ (ဃဋော)

ကဥ္စာဒီဟိ ကော — ကစ္စည်းသုတ်အဖွင့် ဒဏ္ဍာဒိနာ ဃဋ္ဋေတဗ္ဗော ပဟာရိတဗ္ဗောတိ ဃဋ္ဋော။ (ဃဋော) အဘိဟညတေ ပဟာရီယတေ အဘိဃာတော။ ဃဋ္ဋဿ (ဃဋဿ)+အဘိဃာတော ဃဋ္ဋာ (ဃဋာ) ဘိဃာတော။ ဃဋ္ဋာ (ဃဋာ) ဘိဃာတတော ဝါ ဇာတော ဃဋ္ဋာ (ဃဋာ) ဘိဃာတော။ [မဏိမဉ္ဇူ ပ–၂၄၂]။

၂။ ထို၏ အကြောင်းဖြစ်သော ခေါင်းလောင်းကို တီးခေါက်ခြင်းကြောင့် ဖြစ်သော အသံနှင့် အကြောင်း+အကျိုး....စပ်။

၄။ ထို၏ အကြောင်းဖြစ်သော ခေါင်းလောင်းကို တီးခေါက်ခြင်းကြောင့် ဖြစ်ခြင်းကြိယာသည်၊ ဝါ-ဖြစ်သောအသံတို့၏ တစ်ခုသည် ....ပ.... ဇာတ်သည်။

(ဤ အထက်ပါ ဝိဂ္ဂဟအရ–ဃဏ္ဍာဘိဃာတောဝိယ–ခေါင်းလောင်းကို တီးခေါက်ခြင်းကြောင့် ဖြစ်သော အသံနှင့်တူသည်ဟု မဏိမဉ္ဇူအလိုပေး။)

http://www.dhammadownload.com



(င) ဝါကျ။ ဝိပ္ပရုဏံ ဝိစလနံ ဝိပ္ပါရော၊ (အစိတ်) ဝိပ္ပါရော+ယဿ (အဿ) အတ္ထီတိ ဝိပ္ပါရဝါ။ (အပေါင်း)

၂။ ထိုဓာ် အကြောင်းဖြစ်သော တုန်လှုပ်ခြင်း၏ ဝိဘက်နှင့် ဂုဏ်+ဂုဏေး ....စပ်....။

၃။ ထိုဓာ် အကြောင်းဖြစ်သော ဝိတက်၏ တုန်လှုပ်မှုမရှိခြင်း-ဟူသော ဂုဏ်သည်၊ ဝါ-တုန်လှုပ်ခြင်း ဟူသောဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ တေန-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။

(ခ) ဝါကျ။ သန္တေ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊ကိတ်နာမ်ပုဒ်၊နေသံ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ကတ္တုစိ အလိင်၊နိပါတ်ပုဒ်ခွဲ-တစ်နည်း၊ ကတ္တုတစ်ချက်၊ စိတစ်ချက်၊ အလိင် နိပါတ်ပုဒ်အသီးအသီးခွဲ။ စေတသော-ပုလ္လိင်-[(ရှု) ၌ မနောဂိုဏ်းဝင်ပုဒ်များကို ပုလ္လိင်ဟုဆိုသည်။] မနောဂိုဏ်း၊ အကာရန္တ၊ နာမ်ပုဒ်။

(င) ဝါကျ။ ဝိပ္ပါရဝါ-ပုလ္လိင်၊ဂုဏဝါဒိဂိုဏ်း၊ဥကာရန္တ၊တစ်နည်း=(ရှု-အလို) အကာရန္တ၊ အဿတ္ထိတဒ္ဓိတ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အာရမ္မဏေ စိတ္တံ-ဖြင့် ဝိစရတိ၌ သုံးသပ်ခြင်းဟူသည် အာရုံ၌ စိတ်၏ သုံးသပ်ခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ တစ်နည်း-အာရမ္မဏေ ဖြင့် အာဓာရအဖြစ်-စိတ္တံဖြင့် ကတ္တားအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တေန ဝိစရတိဖြင့် ဝိစာရော၌ ဝိပုဗ္ဗ+စရဓာတ်၊ (ဒုဓာတုပဒ) ဏ ပစ္စည်း ကရဏသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိသဒ္ဒါ[ဝိစရတိ-သုံးသပ်ဘတ်၏ဟု ပေးလျှင်] ဓာတွတ္ထ ဗာဓက။ တစ်နည်း [သွားလာလှည့်လည်တတ်၏ဟု ပေးလျှင်] ဓာတွတ္ထာနုဝတ္တက။ (ဥပသဂ္ဂလိင်္ဂတ္ထ) ဝိစရတိ တေနာတိ ဝိစာရောဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဝိစာရမှတစ်ပါး အခြားသုံးသပ်ကြောင်း ကရိုဏ်းမရှိ ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။ ဝိစရဏံဖြင့် ဝိစာရော၌ ဝိပုဗ္ဗ+စရဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိသဒ္ဒါ [သွားလာလှည့်လည်ခြင်းဟုပေးလျှင် ဓာတွတ္ထာနုဝတ္တက။ [ဆင်ခြင်သုံးသပ်ခြင်းဟု ပေးလျှင်] ဓာတွတ္ထဝိသေသက၊ ဝါ-ဓာတွတ္ထဗာဓက၊ (ဥပသဂ္ဂ လိင်္ဂတ္ထ) ဝိစရဏံ ဝိစာရောဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဝိစာရသည် အလိုသို့လိုက်၍ ဖြစ်သည်မဟုတ် အာရုံစသော အကြောင်းတို့ကြောင့် မိမိအလိုအတိုင်း ဖြစ်သည် ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။

http://www.dhammadownload.com



(စ) ဝါကျဖြင့် ဝိစရက္ကာ်၌ ဝိပုဗ္ဗ+စရဓာတ်သည် ဘက္ခဏ စသော အနက်ကို မဟော၊ သွားလာလှည့်လည်ခြင်း ဂတိအနက်ဟော, (ဝါ-အနုသာဠရဏအနက်) (ဒု-ဓာတွတ္ထ) ဝိသဒ္ဒါ - ဓာတွတ္ထဝိသေသက (ဥပသဂ္ဂ လိင်္ဂတ္ထ) သိစေ၏။ တစ်နည်း သွားလာခြင်း ဟူသည် အာရုံ၌ အစဉ်မပြတ် သွားလာခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ အနုသဒ္ဒါ၊ အနုပစ္ဆိန္နတ္ထ၊ ဝါ-အဝိစ္ဆိန္နတ္ထ။ သံသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက။ တစ်နည်း-သမန္တတ္ထ၊ သမ္မာအတ္ထ။ တစ်နည်း-အနုသဒ္ဒါပစ္ဆတ္ထ။ သံသဒ္ဒါ ပုနပ္ပုနတ္ထ၊ ဝါ-ပုနပ္ပုနကရဏတ္ထ။ (ရှု)။ ဣတိသဒ္ဒါ-နိဒဿနတ္ထ။

(ဂ) ဝါကျ။ သဟာသဒ္ဒါ-သမကြိယတ္ထ။

(ဃ) ဝါကျ။ ပိ (အပိ) သဒ္ဒါသဒ္ဒေ ဟူသော အမြွက်ဟော ပုဒ်နောင်ထိုင် သောကြောင့် သမ္ဘာဝနတ္ထ။ တစ်နည်း-(လက္ခဏနောက်ပါ၊ ပိသဒ္ဒါရှိ အရှစ်။ ဟူသော တွင်းကြီးနိယံ ၁၂၈-နှင့် အညီ) အရှစ်တ္ထ၊ ဂရဟတ္ထ။

[စသဒ္ဒါ-ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ။ ကတ္ထစိ၌ စိသဒ္ဒါ အသာကလျတ္ထ၊ အဝိယောဂေ၌ အသဒ္ဒါ-ပဋိသေဓတ္ထ။ ဝိသဒ္ဒါ-ဝိယောဂတ္ထ [ဝိယောဇေ ဝိပ္ပယုတ္တော။ (ရှု)] စသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ၊ ဝိယ-ပဋိဘာဂတ္ထ။ တစ်နည်း-ဥပရိက္ခာ-ဇောတက။ အနုရဝေါ၌ အနုသဒ္ဒါ-ပစ္ဆတ္ထ၊ ပုနပ္ပုနတ္ထ၊ [ပထမရဝဿ အနုပစ္ဆာ-ဥပ္ပန္နော ရဝေါ ပုနပ္ပုနံ ဝါ ဥပ္ပန္နော ရဝေါ အနုရဝေါ-မဏိမဉ္ဇူ ပ-၂၄၂]၊

(င) ဝါကျ။ စသဒ္ဒါ-ပက္ခန္တရတ္ထ၊ တစ်နည်း-ဝိသေသတ္ထ၊ တစ်နည်း-ပက္ခန္တရ မိဿကဝိသေသတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဃ) ဝါကျ။ နေသံ၌ တသည်, ဝိတက်, ဝိစာရတို့ကို စွဲ၍၊ဝိတက်, ဝိစာရခြုပ် ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျ။ တွေ၌ တေသည် ဝိတက်, ဝိစာရတို့ကို စွဲ၍၊ ဆိုအပ်ပြီးသော ဝိတက်, ဝိစာရခြုပ်ကို စွဲသောကြောင် ပက္ကန္တဝိသယ။

(ကြိယာ ၅-တန်ထုတ်ပုံ အထူးမရှိ။ ဝိစာရကို ထုတ်လျှင်လည်း လက္ခဏာဒိ စတုက္ကကို မှီ၍ထုတ်။)

http://www.dhammadownload.com



### ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အာရမဏော ဟူသော အာခာရအရ အာရုံ ၆-ပါးသည် စိတ္တံ ဝိစရတိတို့အရ. ဝိစာရသမ္ပယုတ်စိတ်အား အာရမ္မဏ...ပြု၏။ ပြိုင်-ယထာရဟာ— အာ-ဓိ-နို-ဥ-ပု ဝိပ္ပ-တ္ထိ-အဝိ (၇)။ တေန ကရိုဏ်းပါဌ်အရ-ဝိစာရသည် စိတ္တံ ဝိစရတိတို့အရ ဝိစာရသမ္ပယုတ်စိတ်အား၊ ဝါ-ဝိစာရသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်—သဟ-ည-နိ-ဈာ-သံ-တ္ထိ-အဝိ(၇)။ ဝိပါကထည့်လျှင် (၈)။

http://www.dhammadownload.com

# ၄၆–ပီတိပုဒ် ဝစနတ္ထအဖွင့်

(က) ပိဏယတီတိ ပီတိ။

(ခ) သာ သမ္ပိယာယန လက္ခဏာ၊ ကာယစိတ္တ ပီဏန ရသာ၊ ဖရဏရသာဝါ၊ ဩဒဂျ ပစ္စုပဋ္ဌာနာ။

(ဂ) သာ ပနေသာ ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတီတိ ပဉ္စဝိဓာ ဟောတိ။

(ဃ) တတ္ထ ခုဒ္ဒိကာပီတိ သရီရေ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ၊ ခဏိကာပီတိ ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒ သဒိသာ ဟောတိ။

[ဋ္ဌ–၁၅ဂ–၉]

## အနက်ထူး

(က) ဝါကျ။ ယာ ဓမ္မဇာတိ–အကြင်တရား သဘောသည်။ ကာယစိတ္တံ–ကိုယ်စိတ်ကို။ (ကံ) ပိဏယတိ တပ္ပေတိ–နှစ်သက်စေတတ်၏၊ ဝါ–ပိဏယတိ ဝဍ္ဎေတိ–တိုးပွားစေတတ်၏။ [ပိဏယတီတိ တပ္ပေတိ, ဝဍ္ဎေတိ ဝါ၊ ဋီ–ဂဂ] ဣတိတသ္မာ–ထိုကြောင့်။ သာ ဓမ္မဇာတိ–ထိုတရားသဘောသည်။ ပီတိ၊ မည်၏။ ဖရဏရသာ ဝါ–ဥ္ဍ–ပါ–ကား–ပဏီတရူပေဟိ – မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့်။ (ကရိုဏ်း) ကာယသ – ကိုယ်ကာယကို။ (ကံ) ဖရဏရသာ – နှံ့စေခြင်းကိစ္စရှိ၏။ (သဒ္ဒတ္ထ) ဝါ–ဖြန့်ခြင်းကိစ္စရှိ၏။ (အဓိပ္ပာယတ္ထ) [ဖရဏ ရသာတိ ပဏီတရူပေဟိ ကာယဿ ဗျာပနရသာ၊ ဋီ–ဂဂ]

(ဃ) ဝါကျ။ လောမဟံသမတ္တမေဝဥ္ဍ–အမွေးတို့၏ရှင်ခြင်းမျှကိုသာ၊ (သဒ္ဒတ္ထ) ဝါ–ကြက်သီးမွေးညင်းထခြင်းမျှကိုသာ၊ (အဓိပ္ပာယတ္ထ)။

## ကျမ်းတက်

### ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ပီတိ ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, ပီတိ၌ တိပစ္စည်းသည် ကမ္မသာဓ်စသော အနက်တို့ကို ဟောကောင်းအံ့လော၊ ဝါ–ဟောကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော။...ပ....တိပစ္စည်း၏ ကတ္တုသာဓ် (ဟေတုကတ္တုသာဓ်) အနက်ဟောသည်ကိုလည်း ပြဆိုသင့်သေး၏....စသည်။ ဓောဒနာတက်လျှင်–အတိဗျာပိတ ဒေါသတင်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် လက္ခဏာ စသည်ကိုပြဆိုတော်မူ၏။...သော်, ဘေဒကို၊ ဝါ–ပီတိအပြားကို ပြဆိုသင့်သည် မဟုတ်ပါလော....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် ထိုပီတိသည် ခုဒ္ဒိကာစသော အားဖြင့် ၅-ပါး ပြားသောဟု ဆိုတော်မူ၏။....သော်, ထို အကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရသည်တည်း ရှိသင့်သေးသည် မဟုတ်ပါလော။....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ခုဒ္ဒိကာပီတိ အကျယ်အဓိပ္ပာယ်ကို ပြဆိုတော်မူ၏။....သော်, ခဏိကာပီတိ၏ အကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

ပါဠိနာဒိ ကျမ်းတက်

(က) ဝါကျ။ တိပစ္စည်းသည် ကမ္မသာဓ်စသော အနက်တို့ကို ဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)....ပ....တိပစ္စည်း၏ ကတ္တုသာဓ် (ဟေတု ကတ္တုသာဓ်) အနက်ဟောသည်ကိုလည်း ပြဆိုသင့်ပါသေး၏။ (နု-ရော)....စသည်။

(ဂ) ဝါကျ။ ဘေဒကို, ဝါ—ပီတိအပြားကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဃ) ဝါကျ။ (လွယ်ပြီ-ဝိတ္ထာရကျမ်းတက်။)

(င) ဝါကျ။ ခဏိကာပီတိ၏ အကျယ်အဓိပ္ပာယ်ကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏....စသည်။

ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျဖြင့် ပါဠိတော်ထောက်ဆလျှင် အဗျာပိတဒေါသ၊ ရှေ့ဌ-စကား ရပ်ကိုထောက်လျှင် အဗျာပိတ ဒေါသတို့ကို ပယ်၏။

(ခ-ဂ ဝါကျတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့မှာ ထင်ရှားပြီ။ ဃ-ဝါကျဖြင့် နုပုရုတ္တိဒေါသ၊ ဝိရောဓိဒေါသ။ င-ဝါကျဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့မှာလည်း ထင်ရှားပြီ၊ ရှေးရှေးဝါကျတို့၌ ထိုဆိုအပ်ပြီးသော ဒေါသသင့်ပုံလည်း သိသာပြီ။)

ဝါသဒ္ဒါလဲပုံ။ ခ-ဝါကျ။ ပီတိ၏ ကိုယ်,စိတ်ကို ပွားစေခြင်း ကိစ္စရှိသည်၏ အဖြစ်ဟူသော သကက်အနက် အကြောင်းမှတစ်ပါး၊ မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ကိုယ်ကာယကို နှံ့စေခြင်း, ဖြန့်ခြင်းကိစ္စရှိသည်၏ အဖြစ်ဟူသော သကာတ်အနက် အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့် ဝါသဒ္ဒါထား၏။ လိုရင်းအချုပ်မှာ ပီတိ၏ကာယ, စိတ္တ ပီဏနရသ ကိစ္စနှင့် ဖရဏရသကိစ္စတို့ကို လဲလှယ်သည်။

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ ပီယတေ ပီယော။ သုဋ္ဌု+ပိယော သမ္ပိယော။ သမ္ပိယေန+အယနံ သမ္ပိယာယနံ။ လက္ခီယတေ အနေနာတိ လက္ခဏံ၊ သမ္ပိယာယနံ+လက္ခဏံ ယဿာတိ သမ္ပိယာယန လက္ခဏာ။

http://www.dhammadownload.com



၂။ ထို၏အကြောင်းဖြစ်သော သမ္ပိယာယနဲ့ လက္ခဏာ၏ ပီတိနှင့် လက္ခဏာ + လက္ခဏာဝန္တ....စပ်....။
၄။ ထို၏အကြောင်းဖြစ်သော ပီတိ၏ သမ္ပိယာယန လက္ခဏာရှိခြင်း ဟူသော ဂုဏ်သည်....။

ဥဒ္ဓံ အဇတိ ဂစ္ဆတီတိ ဥဒဂ္ဂံ။ (အစိတ်)

ဥဒဂ္ဂသာ+ဘာဝေါ ဩဒဂျံ။ (အပေါင်း) [ဂဏ္ဌိ-၄၀၃]

၂။ ထို၏အကြောင်းဖြစ်သော တက်ကြွသော ကိုယ်, စိတ်၏ အဖြစ်နှင့် ဂုဏော+ဂုဏ်....စပ်....
၄။ ထို၏ အကြောင်းဖြစ်သော တက်ကြွသော ကိုယ်, စိတ်၏ အဖြစ်ဟူသော ဂုဏ်သည်....။

ပစ္စုပဋ္ဌာတီတိ-ပစ္စုပဋ္ဌာနံ။ ဩဒဂျံ ဧတိ ဩဒဂျံ ဟုတွာ ဝါ ပစ္စုပဋ္ဌာနံ ဩဒဂျပစ္စုပဋ္ဌာနံ။ (ခွဲလေ)

(ဂ) ဝါကျ။ ခုဒ္ဒမေဝ ခုဒ္ဒိကာ။ တစ်နည်း-ခုဒ္ဒံ ဓာရေတီတိ ခုဒ္ဒိကာ။

ပိဏယတီတိ ပီတိ။ ခုဒ္ဒိကာစ + သာ + ပီတိစာတိ ခုဒ္ဒိကာပီတိ၊ [ကမ္မဓာရည်း ထုံးစံအတိုင်းခွဲ] ခဏေ ခဏေ+ပဝတ္တာ ခဏိကာ၊ (ခဏတစ်ပုဒ်ချေ၊) ပိဏယတီတိ ပီတိ။ ခဏိကာစ + သာ + ပီတိစာတိ ခဏိကာပီတိ။ (ခွဲခလ) ဥဒ္ဓံ+ဝေဂေါ ဧတိဿာတိ ဥဗ္ဗေဂါ။

၂။ ထို၏အကြောင်းဖြစ်သော အထက်သို့တက်သော အဟုန်၏ ပီတိနှင့် ဂုဏ်+ဂုဏော....စပ်....။
၄။ ထို၏ အကြောင်းဖြစ်သော ပီတိ၏ အထက်သို့တက်သော အဟုန်ရှိခြင်း ဂုဏ်သည်၊ ဝါ-အဟုန်ဟူသော ဂုဏ်သည်....။

[ပီတိ-ဆိုမြဲ] ဥဗ္ဗေဂါ စ+သာ ပီတိစာတိ-ဥဗ္ဗေဂါပီတိ။

(ဃ) ဝါကျ။ သရတိ ဂစ္ဆတီတိ သရီရံ၊ (တသ္မိံ)

[သရစာတ်+ဤရပစ္စည်း သွားခြင်းကြိယာစွဲ။]

(င) ဝါကျ။ ကုဋ္ဌိလံ အစိရဋ္ဌာယိတတ္တာ ဝိရူပံ ဟုတွာ ဇဝတိတို ဝိဇ္ဇု၊ [ဝိပုဗ္ဗ+ဇုဓာတ်+ကိပစ္စည်း၊ လျှင်မြန်ခြင်းကြိယာစွဲ။]

ရှာနှုတ်ဂုဏ်ရည် (၅၆)

http://www.dhammadownload.com



## လိုင်စသည် စိစစ်ပုံ

(က) ဝါကျ။ ပိဏယတိ-အလိင်၊ နောဝိကရဏဂိုဏ်း၊ တစ်နည်း-ဘူဝါဒိဂိုဏ်း အကာရန္တ၊ အာချာတ်ပုဒ်၊ [ပိဏ+ဏယ+တိ] ပိတိ—ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

(ဂ) ဝါကျ။ ပဥ္စဝိဓာ—ဣတ္ထိလိင်၊ကညာဒိဂိုဏ်း၊အာကာရန္တ၊ ဗဟုဗ္ဗီဟိသမာသ် ပုဒ်။ ထိုတွင် ပဥ္စကား-အလိင်၊ တစ်နည်း-(ဝိဂ္ဂဟဝါကျအခိုက် ဝိဓကိုငဲ့၍) ပုလ္လိင် သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမ်ပုဒ်။

[တုမှ, အမှ, ပဥ္စအစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါများကို (ရှ)နှင့် ပုဒ်စပ် တိုင်း အလိင်၊ သဗ္ဗနာမ်ဟု ဆိုအပ်၏။]

(ဃ) ဝါကျ။ သင်္ကောတိ-အလိင်၊ တနာဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်၊ [သက+ဩ+တိ။]ဝိဋ္ဌု-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပိဏယတီတိဖြင့် ပီတိဒ္ဓ ပီဓာတ်။ (ဒု-ဓာတုပဒ) တိပစ္စည်း ကတ္တုသာဓ် (ဟေဟု ကတ္တုသာဓ်) အနက်ဟော (ဒု-ပစ္စယတ္ထ) ပိဏယတီတိ ပီတိဟု ဟေတုကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

## ဥပလာရပုဒ် နိပါတ်ပုဒ်အနက်များ

(ခ) ဝါကျ။ သံသဒ္ဒါ—ဓာတွတ္ထာနုဝတ္တက။ တစ်နည်း-သုဋ္ဌုအနက်၊ ဝါ-အတိသယအနက်ဟော။ ဩဒဂျ္ဇ-ဩ၏ ကာရိ ဥသဒ္ဒါ-ဥဒ္ဓံအနက်၊ ဝါ-ဥဒ္ဓကမ္မ အနက်ဟော၏။

(ဂ) ဝါကျ။ ပန—ပက္ခန္တရတ္ထ (ရှေးနိဿယ) ဝါကျာရမ္ဘတ္ထ။ ဥပန္ယာသတ္ထ။ (နိဿယသစ်) ဣတိသဒ္ဒါ-နိဒဿနတ္ထ၊ ဣဒမတ္ထ။

(ဃ) ဝါကျ။ မတ္တသဒ္ဒါ-နိဝတ္တာပနာဝဓာရဏတ္ထ။ ဝေသဒ္ဒါ - သန္နိဋ္ဌာနာဝဓာရဏတ္ထ။

၁။ ကြက်သီးမွေးညင်းထခြင်းသည် ဂ....။

၂။ (ပုန-နဉပ္ပဇ္ဇတိ) ခဏိကာပီတိကဲ့သို့ အကြိမ်ကြိမ်မဖြစ် ဤကား နိ....။ ဝေဖြင့် ကန့်အပ်သော, တားမြစ်အပ်သော အနက်ဟုမေးလျှင် ဝေဖြင့် ခဏိကာပီတိကဲ့သို့ အကြိမ်ကြိမ် မဖြစ်ဟု ကန့်၏, တားမြစ်၏။

၃။ ခုဒ္ဒိကာပီတိ၏ အခြားသော အခြင်းအရာတို့ကို ပြုခြင်းငှာ စွမ်းနိုင်ခြင်း ဂုဏ်သည် နဲ....။

http://www.dhammadownload.com



## သမ္ပယုတ်အစုံ ဝိသဇ္ဇနာမည်

(ဃ) ဝါကျ။ တတ္ထ၌ တသည် ငါးပါးသော ပီတိကို စွဲ၍၊ ဆိုအပ်ပြီးသော (၅) ပါးသော ပီတိဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

ဤ ဝါကျတို့၌ရှိသော ပီတိအရ-

၁။ ပီတိသည်....။
၂။ ဣဋ္ဌဖြစ်သော ဝတ္ထုအာရုံတို့သည်....။
၃။ ပဿဒ္ဓိသည်....။
၄။ ယောနိသောမနသိကာရသည်....။
၅။ သုခသမာဓိ စသည်တို့သည်....။

[လက္ခဏာဒိ စတုက္ကကိုမှီ၍လည်း ထုတ်နိုင်သည်]

အဓိပ္ပာယ်။ ။ပီတိ၏ သားနှင့်မြစ်-ပီတိ၏သားကား ပဿဒ္ဓိ၊ပဿဒ္ဓိသားကား သုခ၊ သုခ၏သားကား သမာဓိဖြစ်၍ မြစ်ရပြီဟူလို [နိ-ဒု-၄၀။ဋ္ဌ-၁၆၀]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယာ မေ့ဇာတိ ဟူသော ပါဠိသေသ ကတ္တားအရ= ပီတိ စေတသိက်သည် ပီဏယတိ ဟူသော ကြိယာအရ ပီတိသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ-ပြု၏။ပြိုင်-သဟ-ည-နိ-ဈာ-သံ-တ္ထိ-အဝိ (၇)။

(ခ) ဝါကျ။ ဖရဏရသာအရ နှံ့စေခြင်းကိစ္စရှိသော ပီတိသည် ပဏီတရူပေဟိ ဟူသော ပါဠိသေသပုဒ်အရ စိ ဇရုပ်အား သဟ....ပြု၏။ ပြိုင်—သဟ-နိ-ဈာ ဝိပ္ပ—တ္ထိ—အဝိ (၆) ထိုပီတိသည် ကာယဿ ဟူသော ပါဠိသေသပုဒ်အရ ခန္ဓာ (၅) ပါးအား ပကတူ ပြု၏။ ပြိုင်-မရှိ။ တစ်နည်း-ပီတိကြည် ပီတိသမ္ပယုတ် နာမက္ခန္ဓာ (၄) ပါး, စိတ္တဇရုပ်အား သဟ-ပြု၏၊ ပြိုင်-ယထာရဟ-သဟ-ည-နိ-ဈာ-သံ-ဝိပ္ပ-တ္ထိ-အဝိ (၈)။

http://www.dhammadownload.com

# ၄၇-သုခ ဝစနတ္ထ အဖွင့်

(က) သုခယတီတိ သုခံ။

(ခ) ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထော။

(ဂ) သုဋ္ဌု ဝါ ခါဒတိ, ခနတိစ ကာယစိတ္တာဗာဓန္တိ သုခံ။

(ဃ) သောမနဿဝေဒနာယေတံ နာမံ။

(င) တဿ လက္ခဏာဒီနိ ဝေဒနာပဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

(စ) အပရော နယော၊ သာတလက္ခဏံ သုခံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ၊ အနုဂ္ဂဟဏ ပစ္စုပဋ္ဌာနံ။

(ဆ) သတိပိစ နေသံ ပီတိ သုခါနံ ကတ္ထစိ အဝိပ္ပယောဂေ ဣဋ္ဌာရမ္မဏ ပဋိလာဘ တုဋ္ဌိ ပီတိ၊ ပဋိလဒ္ဓ ရသာနုဘဝနံ သုခံ၊ [ဋ္ဌ-၁၆၀]

[ဤသုခံပုဒ်အဖွင့် အဓိပ္ပာယ်အချို့ကို ပထမစာအုပ် နောက်ဆက်တွဲ၌ ၁၀၁၆ ခုနှစ် အစိုးရမေးခွန်းအဖြစ် ပြခဲ့ပြီ။]

အနက်ထူး-က-ဝါကျ။ (နိဿယအတိုင်း ကတ္တား ကံ, နိယတ်, အနိယတ် ထည့်၍ (၂) နည်းပေး။ ခ-ဝါကျ၌ အတ္ထောသမ္ဗန် သုခယတီတိပဒဿဟု ထည့်။)

(ဂ) ဝါကျ။ စသဒ္ဒါကို အဋ္ဌာနပယောဂကြံ၍ အနက် တစ်နည်း ပေးသော်၊ ဝါ-ကား။ယံဓမ္မဇာတံ -သည်။ကာယစိတ္တာဗာဓံ-ကို။ ဝါ-ကို။ သုဋ္ဌု-ကောင်းစွာ။ ခါဒတိ-ခဲတတ်၏။ ဣတိ တသ္မာစ-ဤသို့ကြောင့် လည်းကောင်း။ ခနတိ-တူးဖြို ဖျက်ဆီးတတ်၏။ ဣတိ တသ္မာစ-ထို့ကြောင့် လည်းကောင်း။ (စသဒ္ဒါ အဋ္ဌာန ပယောဂ)

(စ) ဝါကျ။ သာတလက္ခဏံ-တံသမင်္ဂီပုဂ္ဂလသမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာ စေတတ်သောတရားလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏၊ (သာတသဒ္ဒါ ဟေတု ကတ္တုသာဓ်၊ လက္ခဏသဒ္ဒါ ကရဏသာဓ်) တစ်နည်း-သာယာစေတတ်သည်၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ [ဘာဝပစ္စယန (ဟေတု) ကတ္တုသာဓနေ] တစ်နည်း- တံသမင်္ဂီ ပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သောတရားဟု မှတ်အပ်၏။ (လက္ခဏသဒ္ဒါ ကမ္မသာဓ်)

ကျမ်းတက်

ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ သုခ ဟု ဟောတော် မူ၏။ ဤမျှသာ ပြဆိုချေသော်, သုခ၌ အ ပစ္စည်းသည် ကမ္မသာဓ် စသောအနက်

http://www.dhammadownload.com



တို့ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။ အဓိပ္ပာယ်ကား–သုခဒ္ဓ အ ပစ္စည်းသည် ဝေတ ကတ္တု သာခ် အနက်ကို ဟော၏ ဟူလို။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က–ခ–ဝါကျတို့ဖြင့် သုခံပုဒ်၏ ဝစနတ္ထ ဓာတွတ္ထ, အဓိပ္ပာယတ္ထတို့ကို ပြဆိုတော်မူ၏။ ...သော်, တစ်ပါးသော ဖြစ်သင့်သော သုခံပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော....စသည်။ ထို ဂ–ဝါကျတွင်လည်း သုဋ္ဌုဝါ ခါဒတိ မှ ခနတိ စသည်သို့ တက်သော်–

ဆရာ, ဆရာသည် သုဋ္ဌုဝါ ခါဒတိဖြင့် ကောင်းစွာ ခဲစားတတ်သောကြောင့် သုခမည်သော ဟု ဆိုတော်မူ၏။....သော်, တစ်ပါးသော သုခမည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။....စသည်။ တစ်နည်း– စသဒ္ဒါကို ငဲ့၍တက်သော်– (ဌပနာစသည်တူ) ကောင်းစွာ ခဲစားတတ်သော ကြောင့်သာလျှင် သုခမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သုခံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။....သော်, အဘိဓေယျတ္ထကို မပြဆို ဟု မှတ်အပ်သည် မဟုတ်ပါ လော၊ ဝါ– အဘိဓေယျတ္ထကိုကား မပြဆိုရသေးသည် မဟုတ်ပါလော....စသည်။ အဓိပ္ပာယ်ကား – ဃ – ဝါကျဖြင့် သုခံပုဒ်၏ အဘိဓေယျတ္ထကို၊ ဝါ-သုခအရကို ပြဆို၏ ဟူလို။ စေဒနာတက်လျှင် အဗျာပိတဒေါသတင်တက်။ တစ်နည်း-(ဌပနာတူ) ဤသို့သာဆိုချေသော်, သုခအရ ကာယိကသုခကိုလည်း ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။ အဓိပ္ပာယ်ကား–သုခအရ ကာယိကသုခ မဟုတ်၊ စေတသိကသုခ ဟူလို၊ စောဒနာတက်လျှင် အတိဗျာပိတ ဒေါသတင်။

(င) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝစနတ္ထ, အဘိဓေယျတ္ထ တို့ကို ပြဆိုတော်မူ၏။....သော်, ထိုသုခ၏ လက္ခဏာစသည်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော။....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် င-ဝါကျဖြင့် သုခ၏လက္ခဏာ စသည်တို့ကို ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်ကုန်သောဟု ဆိုတော်မူ၏။....သော် ထိုဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော လက္ခဏာစသည်သာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။

(ဆ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သုခ၏ ဝစနတ္ထ, သဘော လက္ခဏာ စသည်တို့ကို ပြဆိုတော်မူ၏။ ဤသို့ပင် ဆိုပါသော်လည်း ပီတိသုခတို့ သည် ပထမဈာန်စိတ် စသည်၌ မကွဲမကွာ အတူတကွယှဉ်ကြသည် မဟုတ်ပါလော၊ ဝါ-ယှဉ်ကြသည်ဖြစ်၍ အထူးကို မသိနိုင်သည် မဟုတ်ပါလော, တစ်နည်း-ဤမျှ သာပြဆိုချေသော်, ပီတိသုခတို့၏ အထူးကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော။....စသည်။

http://www.dhammadownload.com



## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ သုခံ၌ အပစ္စည်းသည် ကမ္မသာဓိစသော အနက်တို့ကို ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ခါတ္တတ္ထ, တစ်နည်း–အဓိပ္ပာယတ္ထတို့ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရ၏၊....စသည်။

(ဂ) ဝါကျ။ တစ်၂ါးသော ဖြစ်သင့်သော သုခံပုဒ်၏ဝစနတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။ သုဋ္ဌုဝါ ခါဒတိမှ ခနတိစသည်သို့ တက်ရာ၌– တစ်ပါးသော သုခမည်ခြင်း၏ အကြောင်း မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ သုခ၏ အဘိဓေယျတ္ထ မရှိ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ စသည်။ နောက်နည်း၌–သုခအရ ကာယိကသုခကိုလည်း ယူရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(င) ဝါကျ။ လက္ခဏာစသည်တို့ကို မပြဆို၊ ဝါ- မညွှန်ပြဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(စ) ဝါကျ။ ထိုဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော လက္ခဏာ စသည်သာလျှင် ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။....စသည်။ တစ်နည်း–သုခ၏ တစ်ပါးသော ဖြစ်သင့်သော လက္ခဏာစသည်တို့ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(ဆ) ဝါကျ။ ထိုပီတိ, သုခ၏အထူးကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျဖြင့် ရှေ့ (၄) စကားရပ် ထောက်လျှင် အဗျာပိတဒေါသ, ပါဠိတော် ထောက်လျှင် အတိဗျာပိတဒေါသတို့ကို ပယ်၏။

(ခ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး ဓာတွတ္ထ, အဓိပ္ပာယတ္ထတို့ကိုပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏၊ ဤခ-ဝါကျကို ထောက်၍ က-ဝါကျ၌ အဗျာပိတဒေါသသင့်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး၊ အဘိဓေယျတ္ထကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း– နာမ်ကိုထောက်၍ သုခအရ သောမနဿ ဝေဒနာ၊ ဝါ-စေတသိက သုခကိုသာ

http://www.dhammadownload.com



ယူရမည်၊ ကာယိကသုခကို မယူရဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(အမှာ။ ။ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြရာ၌ ဤကဲ့သို့ အဗျာပိတ, အတိဗျာပိတဒေါသများ ပယ်နိုင်ပုံကို အခြားနေရာ၌ နတိုက်၌လည်း သိ။)

(င-စ-ဆ) ဝါကျ တို့ဖြင့်လည်း အဗျာပိတဒေါသ ပယ်နိုင်ပုံကို သိပါ။

(င) ဝါကျဖြင့်ကား—ဂန္ထဂရု ပုနရုတ္တိဒေါသများကိုလည်း ပယ်သည်။

စသဒ္ဒါထားရပုံ။ ။ကိုယ်၏အနာ, စိတ်၏အနာကို ကောင်းစွာခဲစားတတ်သော ကြောင့်သာ သုခမည်သည် မဟုတ်သေး၊ တူးလည်းတူး ဖြိုဖျက်ဆီးတတ်သော ကြောင့်လည်း သုခမည်သေး၏-ဟူသော သမုစ္စည်း သမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့် ဂ-ဝါကျ၌ စသဒ္ဒါထား၏။

စသဒ္ဒါဖြင့် လဲလှယ်ပုံ။ ။ကိုယ်၏အနာ, စိတ်၏အနာကို ကောင်းစွာ ခဲစားတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါး၊ တူးဖြိုဖျက်ဆီး တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို စ သဒ္ဒါဖြင့် လဲလှယ်သည်။

နာမသဒ္ဒါထားရပုံ။ ဃ-ဝါကျ။ အပေါင်းဖြစ်သော ကာယိကသုခ စေတသိက သုခတို့၏ သုခဟူသော အမည်ကို အစိတ်ဖြစ်သော စေတသိက သုခ၌ တင်စား၍ အစိတ်ဖြစ်သော စေတသိက သုခကို "သုခ" ဟု ခေါ်ဆိုရသော ကေဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် နာမသဒ္ဒါထား၏၊ ဝါ-နာမံ-ဟု ဆိုရ၏။

အပရော နယော ထားရပုံ။ ။သုခ၏ဣဋ္ဌာနုဘဝနလက္ခဏာ, ဝေဒယိတ လက္ခဏာ အနုဘဝနကိစ္စ, စေတသိက ဖဿာဒ ပစ္စုပဋ္ဌာန် ရှိသည်အဖြစ်ဟူသော သကတ် အနက် အကြောင်းတစ်ပါး။ သာတ လက္ခဏာ, သမ္ပယုတ္တာနံ ဥပဗြူဟနကိစ္စ, အနုဂ္ဂဟဏပစ္စုပဋ္ဌာန် ရှိသည်၏အဖြစ် ဟူသော ကတ်အနက် အကြောင်းတစ်ပါး ကို လဲလှယ်လိုသောကြောင့် စ-ဝါကျ၌ အပရော နယော ထား၏။

ပိအပိသဒ္ဒါ ထားရပုံ။ ဆ-ဝါကျ။ ပီတိ, သုခတို့သည် အတူတကွ ဖြစ်ပါလျက် မတူ ထူးခြားကြသေးလျှင် အကယ်၍ အတူတကွ မဖြစ်ခဲ့သော် ဆိုဖွယ်မရှိဟူသော အဓိပ္ပာယ်ကို ပြလိုသောကြောင့် ပိ(အပိ)ထား၏။

စသဒ္ဒါထားရပုံ။ ပီတိ, သုခတို့၏ အထူးကို ဆက်လက်ပြလိုသောကြောင့်၊ ဝါ— ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ, ဝိသေသတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ဆ-ဝါကျ၌ စ-သဒ္ဒါထား၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။သုဋ္ဌု ခါဒတီတိ သုခံ။ [သုပုဗ္ဗ+ခါဒဓာတ်+ကွိပစ္စည်း၊ ကောင်းစွာ ခဲစားခြင်း ကြိယာခွဲ။] (ပထမဝိကပ်ဖို့) ဒုတိယဝိကပ်၌ကား၊ သုဋ္ဌု ခနတီတိ သုခံ။ [သုပုဗ္ဗ+ခနဓာတ်+ကွိပစ္စည်း တူးဖြိုဖျက်ဆီးခြင်း ကြိယာခွဲ။] တစ်နည်း အစိတ်အပေါင်း ခါးတီတိ ခံ။ (အစိတ်) သုဋ္ဌု+ခံ သုခံ။ (အပေါင်း)တစ်နည်း– ခနတီတိ ခံ၊ သုဋ္ဌု+ခံ သုခံ။ [ဤကဲ့သို့ အစိတ်အပေါင်း ဝိဂ္ဂဟ ပြုနိုင်ကြောင်းကို ခနတီတိ ခံ။ကုစ္ဆိတံ+ခံ ဒုက္ခံ။ဟူသော မဏိမဉ္ဇူ-ပ-၁၉၂-ကို နည်းမှီ(ထောက်)၍ သိနိုင်သည်။] ပထမနည်း၌–

၂။ ထို၏အကြောင်းဖြစ်သော သုဋ္ဌုဘောဂဏ်၏ ခဲစားတတ်သော တရားနှင့် ဂုဏ်+ဂုဏော....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော သုခတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

ဒုတိယနည်း၌....ပ....ထို၏အကြောင်းဖြစ်သော သုဋ္ဌုဘောဂဏ်၏ တူးဖြိုဖျက်ဆီး တတ်သော တရားနှင့် ဂုဏ်....ဂုဏော....စပ်။ ၄-(တူပြီ)

(ဃ) ဝါကျ ။[သောမနဿ ဝိဂ္ဂဟကို ဈေသောမနဿ သဟဂတံပုဒ်အဖွင့်၌ရှု။]

(စ) ဝါကျ။ (ဣဋ္ဌသဘာဝတ္တာ) တံသမင်္ဂိပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ။ (ဒ-ကို တ-ပြု) လက္ခီယတိ အနေနာတိ လက္ခဏံ၊ သာတံ+လက္ခဏံ ဧတိဿာတိ သာတလက္ခဏာ။

၂။ ထို၏ အကြောင်းဖြစ်သော သာတလက္ခဏာ၏ သုခနှင့် လက္ခဏ+ လက္ခဏဝန္တ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော သုခ၏ သာတလက္ခဏာရှိခြင်း ဂုဏ်သည်....။

အနုဂ္ဂဟဏ၌–အနု အနု ဂဏှန် ဂယှတေဝါ အနုဂ္ဂဟဏံ ဟု ပြု။ [အနုပုဗ္ဗ+ ဂဟဓာတ်+ယုပစ္စည်း၊ အဖန်ဖန်ယူခြင်းကြိယာ။]

## လိင်စသည် စိစစ်ပုံ

(င) ဝါကျ။ လက္ခဏာဒိနိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဝေဒနာပဒေ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊တစ်နည်း–မနောဂဏာဒိဂိုဏ်းခွဲ။ဝေဒနာသက်သက်ဖြစ်လျှင်-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်းခွဲ။

(ဆ) ဝါကျ။ သတိ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ ကာရန္တ၊ ကိတ်နာမ်ပုဒ်။ တုဋ္ဌိသက်သက်နှင့် ပီတိတို့ကို-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သုခယတီတိဖြင့် သုခ၌ သုခဓာတ်။ (ဒု-ဓာတုပဒ)အ-ပစ္စည်း၊ ဟေတုကတ္တုသြဘ် အနက်ဟော။ (ဒု-ပစ္စယတ္ထ) သုခယတီတိ သုခံ ဟု ဟေတုကတ္တုသြဘ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)သိစေ၏။

(ခ) ဝါကျ။ ယဿ ဥပ္ပဇ္ဇတိဖြင့် တ, နိယတ်၏ အနိယတ်အဖြစ်ကို သိစေ၏။ (သမ္ဗန္ဓာမလိင်္ဂတ္ထ ဘာဝတ္ထ) တံ သုခိတံ ကရောတီတိ အတ္ထောဖြင့် သုခဓာတ် တ, ကြိယာ အနက်ဟောသည်ကို လည်းကောင်း ယ, အနိယတ်၏ နိယတ်အဖြစ်ကို လည်းကောင်း သိစေ၏။ (ဓာတွတ္ထ၊ သမ္ဗန္ဓာမလိင်္ဂတ္ထ ဘာဝတ္ထ) တစ်နည်း ခ-ဝါကျဖြင့် သုခယတိ၌ ချမ်းသာစေတတ်၏ ဟူသည် သုခဒေဝဒနာဖြစ်ရာ ပုဂ္ဂိုလ်ကို ချမ်းသာအောင် ပြုတတ်သူဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထဇောတက အဖြစ်ကိုသိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) သုဋ္ဌု ခါဒတိဖြင့် သုခံ၌ သုပုဗ္ဗ+ခါဒဓာတ် (ဒု-ဓာတုပဒ) သုခသဒ္ဒါ သေဘာနုစသောအနက်ကိုမဟော၊ သုဋ္ဌုအနက်ဟော၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ကွိပစ္စည်း ကတ္တုသြဘ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သုဋ္ဌု + ခါဒတီတိ သုခံ ဟု ကတ္တုသြဘ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ စဖြင့် သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ ဇောတကအဖြစ်ကို သိစေ၏။ တစ်နည်း-သုခသဒ္ဒါဖွင့်ဆိုအပ်ပြီးသောအနက်၌သာ ဖြစ်သည်မဟုတ်သေး၊ ဖွင့်ဆိုလတ္တံ့ သော အနက်၌လည်း ဖြစ်သေး၏ဟု သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ခနတိဖြင့် သုခံ၌ သုပုဗ္ဗ+ခနုဓာတ်၊ (ဒု-ပစ္စယတ္ထ)။ ကွိ ပစ္စည်း ကတ္တုသြဘ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သုဋ္ဌု+ခနတီတိ သုခံဟု ကတ္တုသြဘ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ [လိုက်၍ သိအပ်သော သဒ္ဒါနှင့်တကွ ဖော်ပါဟုဆိုလျှင် သုဋ္ဌုဖြင့် သုသဒ္ဒါ သောဘနစသော အနက်တို့ကို မဟော၊သုဋ္ဌုအနက်ဟော(ဥပသဂ္ဂလိင်္ဂတ္ထ) ဟု ထည့်ဖော်] ကာယစိတ္တာဗာဓံဖြင့် ခါဒဓာတ် ခနုဓာတ်တို့၏ ကံကို သိစေ၏။ တစ်နည်း-ခါဒတိ, ခနတိတို့၌ ခဲခြင်း တူးဖြိုခြင်း, ဟူသည် ကိုယ်၏ အနာ, စိတ်၏အနာကို ခဲခြင်း တူးဖြိုခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကိုသိစေ၏။(ဘာဝတ္ထ)

(ဃ) ဝါကျဖြင့် သုခအရ ကာယိကသုခကို မယူရ၊ စေတသိကသုခကို၊ ဝါ-သောမနဿဝေဒနာကိုယူပါ၊ (အဘိဓေယျတ္ထ) သုခသဒ္ဒါ၏ ကေဒသျူပစာအဖြစ် (ပဒသံဝဏ္ဏနာ၊ အတ္ထသံဝဏ္ဏနာ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(ခ) ဝါကျ။ ဥပ္ပဇ္ဇတိ၌ ဥ-သဒ္ဒါ(ပဒ-ဓာတ်က ပဝတ္တနဂတိအနက်ကိုဟောလျှင် ဓာတ်အနက်သို့ အစဉ်လိုက်သောကြောင့်)ဓာတွတ္ထာနုဝတ္တက။

http://www.dhammadownload.com



တစ်နည်း-(ပဒဓာတ်က ဂတိ ဂတိအနက်ကို ဟောလျှင်) ခါတ္တုတ္တ ဝိသေသက ဖြစ်၍ သမ္ပာဝနတ္ထ၊ ဣတိသဒ္ဒါ ဣဒမတ္ထ၊ နိဒဿနတ္ထ။

(ဂ) ဝါကျ။ သုဋ္ဌု သမ္မာအတ္ထ၊ သုန္ဒရတ္ထ၊ ပသံသတ္ထ။ တစ်နည်း-အတိသယတ္ထ။ ဝါ-သဒ္ဒါ-အတ္ထန္တရဝိကပ္ပတ္ထ၊ နယန္တရဇောတက။ စ-သဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ၊ [အဓိပ္ပာယ် စ-သဒ္ဒါထားပုံ၌ ပြခဲ့ပြီ]

[ဤနည်းအလို စ-၏အနက်ကို နိဿယ အတိုင်းပေး။] တစ်နည်း စ-သဒ္ဒါ အတ္တန္တရ ဝိကပ္ပတ္ထ၊ [ဤနည်းအလို-ခါဒတိ-ခဲတတ်၏။ စ-တစ်နည်းကား ခနတိ-တူးမြိုဖျက်ဆီး တတ်၏- ဟု ပေး]

"ယသ္မာ စာ" တိ အာဒိနာ အတ္ထန္တရ မာဟ။ တတ္ထ စ-သဒ္ဒေါ သမုစ္စယတ္ထော။ သဒ္ဒဝိဒူ ပန ဤဒိသေ ဌာနေ စ-သဒ္ဒေါ ဝါ-သဒ္ဒတ္ထော၊ သောစ ဝိကပ္ပတ္ထောတိ ဝဒန္တိ၊ တမ္ပိ ယုတ္တမေဝ အတ္ထန္တရ ဒဿနေ ပယုတ္တတ္တာ။

ဆောင်-အတ္ထန္တရ ဒဿနမှိ၊ စ-သဒ္ဒေါ ယဒိ ဒိဿတိ။

သမုစ္စယေ ဝိကပ္ပေသော၊ ဂဟေတဗ္ဗော ဝိဘာဝိနာ။

(သီ-ဋီ-သစ်-ဒု ၁၄၇-ဂ)

ဝါ-သဒ္ဒါ၏ ဝိကပ်အနက်အတွက် သုခယတီတိ သုခံမှတစ်ပါး သုဋ္ဌု ဝါ....ပ.... သုခံ အထိယူ။ စသဒ္ဒါ၏ ဝိကပ်အနက်အတွက် သုဋ္ဌု ဝါ ခါဒတိမှတစ်ပါး ခနတိစ ....ပ....သုခံ အထိ ယူပါ။

(င) ဝါကျ။ ဝေသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ ဝုတ္တနယသည် ဂ....။
၂။ အဝုတ္တနယသည် နိ....။
၃။ သဒိသ နယသည် နု....။

(လက္ခဏာစသည်မှတစ်ပါး၊ အခြားသော အနက်အဓိပ္ပာယ်တို့ကိုလည်း-ဝေဒနာပုဒ်၌ ဆိုခဲ့သောနည်းဖြင့်၊ ဝါ-ဆိုခဲ့သည့်နည်းတူ.... သိရန် အနုညာတ[ခွင့်ပြု]သည် ဟူလို။)

(ဆ) ဝါကျ။ ပိ (အပိ)သဒ္ဒါ-(မကွေ့ မကွာ အတူတကွ ဖြစ်ခြင်းရှိသည်ဟု ချီးမွမ်း, မြှောက်ပင့်မှုပြသောကြောင့်၊ ဝါ-အမြတ်ဟောပုဒ်နှောင် ထိုင်သော ကြောင့်) သမ္ဘာဝနတ္ထ။ တစ်နည်း-အတူတကွ ဖြစ်နေကြပါလျက် ထူးခြားမတူဟု မနှစ်သက် ကဲ့ရဲ့မှုကို ပြသောကြောင့်) အရုစိသူစနတ္ထ။ ဂရဟတ္ထ။ (လက္ခဏာ နောက်ပါ၊ ပိသဒ္ဒါရှိ၊ အရုစိဟူသော တွင်းကြီးနိယံ ၂၂၁-နှင့် အညီယူကလည်း အရုစျတ္ထ၊ ဂရဟတ္ထပင်။)

http://www.dhammadownload.com



စ သဒ္ဒါ-ဝါကျ၊ာရမ္ဘတ္ထ၊ ဥပန္ယာသတ္ထ၊ တစ်နည်း-ဝိသေသတ္ထ။

သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(ခ) ဝါကျ။ ယာဿ၌ ယ သည် ပုဂ္ဂိုလ်ကို စွဲ၏၊ ပုဂ္ဂိုလ်ဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိ ဝိသယ။ တံ-၌ တ သည် ပုဂ္ဂိုလ်ကို စွဲ၏၊ ပုဂ္ဂိုလ်ဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိ ဝိသယ။ တစ်နည်း-ရှေးအနိယမ ယ-သဒ္ဒါစွဲသော ပုဂ္ဂိုလ်အနက်ကို စွဲသောကြောင့် နိယမ ဝိသယ တ-မည်၏။

(ဃ) ဝါကျ။ တော်၌ တေ-သည် သုခဟူသောအမည်ကို စွဲ၏။ ဆိုအပ်ပြီးသော သုခအမည်ကို စွဲသောကြောင့် ပဏ္ဏတ္တိ ဝိသယ၊ တစ်နည်း-နာမ်ဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

ကြိယာ ၅-တန်ထုတ်ပုံ

သုခယတိ, သုခံ, ဥပ္ပဇ္ဇတိ, ကရောတိ, ခါဒတိ, ခနတိ-တို့အရ-

၁။ သုခ(သုခဝေဒနာ)သည်....။
၂။ ပဿဒ္ဓိသည်....။
၃။ သမာဓိသည်....။
၄။ ပီတိ ပါမောဇ္ဇ စသည်တို့သည်....။
၅။ ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်, အနုပါဒိသေသနိဗ္ဗာန်-တိုင်အောင်သော အကျိုးဆက်တို့သည်....။

(သောမနဿအရ ထုတ်ပုံကို ပဿမတွဲ ၁၁၁-၌ ပြခဲ့ပြီ။ ဝေဒိတဗ္ဗော၌ ထုတ်ပုံကို လည်း စေတနာ ပစ္စုပဋ္ဌာန်အဖွင့် စသည်၌ အကြိမ်များစွာ ထုတ်ပြခဲ့ပြီ။)

ဝေဒိတဗ္ဗာနိထားရပုံ

ထိုသုခ၏ လက္ခဏာစသည်တို့ကို ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ ဆောင်၍ နေယျတ္ထအားဖြင့် သိရမည်ဟု ပြလိုသောကြောင့်, တစ်နည်း-ထိုသုခ၏ လက္ခဏာ စသည်တို့ကို ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ ဥပစာရတ္ထ, ဝဏ်တ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်ဟု ပြလိုသောကြောင့် င-ဝါကျ၌ ဝေဒိတဗ္ဗာနိ ထား၏။

ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယံစမ္ဗဇာတံ ဟူသော ပါဠိသေသ ကတ္တားအရ သောမနဿ ဝေဒနာသည် သုခယတိအရ ဝေဒနာသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (၈)။ သုခယတိအရ-သောမနဿ ဝေဒနာသည် ကရဇကာယဥ္စဟူသော ပါဠိသေသ ကံပုဒ်အရ - ခန္ဓာငါးပါးအား ပကတူ

http://www.dhammadownload.com



....ပြု၏။ ပြိုင်မရှိ။ တစ်နည်း-စိတ္တဇရုပ်အား သဟ... ပြု၏။ ပြိုင်-သဟ-နိ-ဣ-ဈာ-ဝိပ္ပ-တ္ထိ-အဝိ (၇)။ တစ်နည်း—သမ္ပယုတ္တဓမ္မဟူသော ပါဌ်သေသ ကံပုဒ် အရ ဝေဒနာ သမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (၈)။

(ခ) ဝါကျ။ [ဥပ္ပန္နတိအရနှင့် ယဿအရကိုလည်းကောင်း, ကရောတိအရနှင့် တံ သုခိတံ အရကိုလည်းကောင်း ယခင် က-ဝါကျကအတိုင်း ပကတူမျိုး, သဟ-မျိုးပြိုင်။]

(ဃ) ဝါကျ။ သောမနဿဉ္စ ဗာဟုလ္လ ဏျပစ္စည်းအရ သောမနဿ ဝေဒနာ သည် အန္တတ္ထ သုမနပုဒ်အရ ဝေဒနာကြဉ် ဝေဒနာနှင့်ယှဉ်သော သမ္ပယုတ္တ ဓမ္မအား သဟ....ပြု၏။ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ။(၈) စိတ္တဇရုပ်အား သဟ-နိ-ဣ-ဈာ-ဝိပ္ပ-တ္ထိ-အဝိ (၇) ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

(င) ဝါကျ။ လက္ခဏာဒိနိ—ဟူသော ကံပုဒ်နှင့် ဧဝေဒိတဗ္ဗာနိ၌ တဗ္ဗပစ္စည်းတို့ အရ လက္ခဏာစသည်တို့သည်၊ ဝါ-ထိုလက္ခဏာ စသည်ရှိသော သုခဝေဒနာသည် ဝေဒိတဗ္ဗာနိ၌ ဝိဒဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာရမ္မဏ-အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ (၃)။

http://www.dhammadownload.com

# ၄၈—စိတ္တသောကဂ္ဂတာ ဝစနတ္ထအဖွင့်

(က) စိတ္တဲ့သောကဂ္ဂတာတိ စိတ္တဿ ဧကဂ္ဂတာဝေါ။

(ခ) သမာဓိဿေတံ နာမံ။

(ဂ) လက္ခဏာဒီသု ပနဿ အဋ္ဌကထာယံ ဟာဝ ဝုတ္တံ-ပါမောက္ခ လက္ခဏောစ သမာဓိ, အဝိက္ခေပလက္ခဏောဝ။

(ဃ) အပရော ပန နယော=အယံ စိတ္တ ဿောကဂ္ဂတာ သင်္ခါတော သမာဓိ နာမ အဝိသာရလက္ခဏော, အဝိက္ခေပလက္ခဏော ဝါ။

(င) သဟဇာတဓမ္မာနံ သမ္ပိဏ္ဍနရသော, နှာနိယစုဏ္ဏာနံ ဥဒကံဝိယ။
[ဋ္ဌ-၁၆၁-၂]

## အနက်ထူး

(က) ဝါကျ။ သံဝဏ္ဏနာအရ—သံဝဏ္ဏေတဗ္ဗအနက်—စိတ္တဿေကဂ္ဂတာ-စိတ်၏ တစ်ခုသော အာရုံရှိသည်၏အဖြစ်တည်း။ ဝါ-သည်။ (ပါဠိတော် ဟောတိဒ္ဓိဇပ်) [ဤအနက် သဒ္ဒတ္ထဟုသည်း ခေါ်နိုင်၏။] စိတ္တဿောကဂ္ဂတာ - စိတ္တဿေကဂ္ဂတာ။ (ဝေါဟာရတ္ထ) ဝါ-သမာဓိသည်။ (အဘိဓေယျတ္ထ)

(င) ဝါကျ။ သဟဇာတဓမ္မာနံ-တို့ကို။သမ္ပိဏ္ဍနရသော-ပေါင်းစုခြင်းကိစ္စရှိ၏။ ကိမိဝ-ကဲ့။ ဥဒကံ-သည်။ နှာနိယစုဏ္ဏာနံ-ရေချိုးကသယ်မှုန့်တို့ကို။ သမ္ပိဏ္ဍနံဝိယ-ပေါင်းစု၏သို့တည်း။ [ဥပမာ, ဥပမေယျ ပေါ်အောင် ပေးသည်။] တစ်နည်း-ဝါကျပရိဝတ္တနယောဇနာ—နှာနိယစုဏ္ဏာနံ-တို့ကို။ သမ္ပိဏ္ဍနံ-ပေါင်းစုတတ်သော။ ဥဒကံဝိယ-ရေကဲ့သို့။ သဟဇာတဓမ္မာနံ-တို့ကို။ သမ္ပိဏ္ဍနရသော-၏။

## ကျမ်းတက်

(က) ဝါကျ၊ [သုခံပုဒ်အဖွင့်မှတစ်ပါး, စိတ္တဿေကဂ္ဂတာပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်, လွယ်၏။

(ခ) ဝါကျ။ [ဝစနတ္ထ ပစ္စယတ္ထမှတစ်ပါး, အဘိဓေယျတ္ထဖြစ်သည်ကို ရှုတက်]

(ဂ) ဝါကျ။ [ဝစနတ္ထ, အဘိဓေယျတ္ထမှတစ်ပါး, လက္ခဏတ္ထပြသည်ကိုရှုတက်]

(ဃ) ဝါကျ။ [သမာဓိ၏ ရှေးဦးစွာဖြစ်သင့်သော လက္ခဏာမှတစ်ပါး, အခြားတစ်ပါးသော ဖြစ်သင့်သော လက္ခဏာပြသည်ကို။ ဝါ-ပါမောက္ခ လက္ခဏာမှ တစ်ပါး, အဝိသာရလက္ခဏာပြသည်ကို ရှုတက်။]

http://www.dhammadownload.com



(င) ဝါကျ။ [သမာဓိ၏ လက္ခဏာမှတစ်ပါး၊ ရသပြသည်ကို ရှုတက်။ ထို င-ဂ ါကျတွင်လည်း သဟ....ပ....ရသောမှ နွာနိ....ပ....ဝိယသို့ ကျွမ်း၊တက်လျှင်-ဥပမေယျမှတစ်ပါး၊ ဥပမာနပြသည်ကို ရှုတက်။]

## ဒေါသသင့်ပုံ ပယ်ပုံ

ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက် ဝါကျတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံကို သိ။

(ခ) ဝါကျဖြင့် နာမ်ကို ထောက်၍ စိတ္တဿ ကဂ္ဂတာအရ ကေဂ္ဂဘာဝ သာမညကို မယူမူ၍ သမာဓိကို ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကိုလည်း ပယ်၏။

## နာမသဒ္ဒါ ထားရပုံ

(ခ) ဝါကျ။ စိတ္တဿကဂ္ဂတာအရ-ကေဂ္ဂဘာဝသာမညကို မယူရ။ ကေဒသျှုပစာအားဖြင့် သမာဓိကိုသာ ယူရမည်ဟု ပြလိုသောကြောင့် နာမထား၏။

စသဒ္ဒါထားရပုံ။ ။ဂ-ဝါကျ။ သမာဓိသည် အဝိက္ခေပလက္ခဏာသာ ရှိသည် မဟုတ်, ပါမောက္ခလက္ခဏာလည်း ရှိသည်ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် ရှေ့ စ-သဒ္ဒါကို ထား၏၊ ပါမောက္ခလက္ခဏာသာ ရှိသည်မဟုတ်၊ အဝိက္ခေပလက္ခဏာလည်း ရှိသည်ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် နောက် စ-သဒ္ဒါကို ထား၏။ ဝါ-အချင်းချင်း ဆည်းသောအညမည သမုစ္စည်းအနက်ကို ပြလိုသောကြောင့် စ-သဒ္ဒါကိုထား၏။

အပရော နယော ထားရပုံ။ ။သမာဓိ၏ ပါမောက္ခလက္ခဏာ ရှိသည်၏အဖြစ်ဟူသော သကတ်အနက် အကြောင်းမှ တစ်ပါး၊ အဝိသာရလက္ခဏာ ရှိသည်၏အဖြစ်ဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လိုလိုသောကြောင့် ဃ-ဝါကျ၌ အပရော နယော ထား၏။

ဝါသဒ္ဒါထားရပုံ။ ။သမာဓိ၏ အဝိသာရလက္ခဏာ ရှိသည်၏အဖြစ်-ဟူသော သကတ်အနက်အကြောင်းမှတစ်ပါး၊ အဝိက္ခေပလက္ခဏာရှိသည်၏အဖြစ်-ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လိုလိုသောကြောင့် ဃ-ဝါကျ၌ ဝါသဒ္ဒါ ထား၏။

## ဝိဂ္ဂဟနှင့်ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ စိတ္တဿကဂ္ဂတာ-ဟူသော သံဝဏ္ဏေတဗ္ဗ၌-

စိန္တေတီတိ စိတ္တံ။ (တဿ ကေ + အဂ္ဂံ အာရမ္မဏံ ဠမဿာတိ ကေဂ္ဂံ။ ကေဂ္ဂဿ+ဘာဝေါ ကေဂ္ဂတာ။

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော တစ်ခုသော အာရုံရှိသော စိတ်၏ တစ်ခုသော အာရုံရှိသည်၏ အဖြစ်နှင့်၊ ဝါ-တစ်ခုသော အာရုံရှိခြင်းနှင့် ဂုဏ်+ဂုဏေး ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော တစ်ခုသော အာရုံရှိသည်၏ အဖြစ်ဟူသော ဂုဏ်သည်၊ ဝါ—သမာဓိဖြေပ်သည်....။

စိတ္တဿ+ဧကဂ္ဂတာ စိတ္တဿေကဂ္ဂတာ၊ (အလုတ္တသမာသ်)

၂။ ထို၏အကြောင်းဖြစ်သော စိတ်၏ ဧကဂ္ဂတာနှင့် အကျိုး + အကြောင်း ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော စိတ္တဿေ ကဂ္ဂတာတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

ဧကဂ္ဂဘာဝေါ်—ဧကံ+အဂ္ဂံ အာရမ္မဏံ ဧတဿာတိ ဧကဂ္ဂံ။ ဘဝတိ ဧတေနာတိ ဘာဝေါ။ ဧကဂ္ဂဿ+ဘာဝေါ ဧကဂ္ဂဘာဝေါ။

၂။ ထို၏အကြောင်းဖြစ်သော တစ်ခုသော အာရုံရှိသော စိတ်၏အဖြစ်နှင့်၊ ဝါ—ဖြစ်ကြောင်းဖြစ်ရာတရားနှင့် ဂုဏ်+ဂုဏေး, ဝိသေသန+ဝိသေသျ ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော တစ်ခုသော အာရုံရှိသည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

(ဂ) ဝါကျ။ ဝိက္ခိပန္တိ ဧတေနာတိ ဝိက္ခေပေါ။ န+ဝိက္ခေပေါ အဝိက္ခေပေါ။ လက္ခီယတိ ဧတေနာတိ လက္ခဏံ၊ (အစိတ်) အဝိက္ခေပေါ+လက္ခဏံ ဧတဿာတိ အဝိက္ခေပလက္ခဏော။ [ဖုသနလက္ခဏောတို့လို ခွဲလေ]

(သမ္ပယုတ္တဓမ္မာ နာနာရမ္မဏေ ဝိက္ခိပန္တိ ဧတေနာတိ ဝိက္ခေပေါ၊ ဥဒ္ဓစ္စံ။ န ဝိက္ခေပေါ အဝိက္ခေပေါ၊ တပ္ပဋိပက္ခော။ ဝိရုဒ္ဓတ္ထော ဟိ အယမကာရော။ လက္ခီယတိ ဧတေနာတိ လက္ခဏံ။ အဝိက္ခေပေါ+လက္ခဏံ ဧတဿာတိ အဝိက္ခေပလက္ခဏော။ မဏိမဉ္ဇူ-ပ-၂၄၅။)

(ဃ) ဝါကျ။ ဝိဝိဓံ+သရဏံ ဝိသာရော။ တစ်နည်း....သရီယတေ ဂစ္ဆီယတေ သာရော။ ဝိဝိဓံ+သာရော ဝိသာရော။ န+ဝိသာရော အဝိသာရော။

၂။ ထို၏ အကြောင်းဖြစ်သော ပဋိသေဓဘောဂုဏ်၏ ပျံ့လွင့်ခြင်းနှင့် ဂုဏ်+ဂုဏေး....စပ်....။

၇။ ထို၏ အကြောင်းဖြစ်သော မပျံ့လွင့်ခြင်း ကြိယာသည်၊ ဝါ-ဥဒ္ဓစ္စနှင့် ဆန့်ကျင်ခြင်း ကြိယာသည်....။

အဝိသာရော+လက္ခဏံ ဧတဿာတိ အဝိသာရလက္ခဏော။

http://www.dhammadownload.com



## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ စိတ္တဿေကဂ္ဂတာပုဒ်လုံး-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊အာကာရန္တ အလုတ္တသမာသ်ပုဒ်၊ ယင်းတွင် စိတ္တဿကိ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ ဧကဂ္ဂတာ ဣတ္ထိလိင်။ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်။

(ခ) ဝါကျ။ သမာဓိသ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမ်ပုဒ်၊ ဝါ-ကိတ်နာမ်ပုဒ်။

(ဂ) ဝါကျ။ လက္ခဏာဒိသု-ပုလ္လိင်၊ရတ္တာဒိဂိုဏ်း၊ဣကာရန္တ၊ဗဟုဗ္ဗီဟိသမာသ် ပုဒ်။ ဧသ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။

## အာဘော်,သံဝဏ္ဏနာ

(က) ဝါကျ။ စိတ္တဿ ဧကဂ္ဂတာဘာဝေါဖြင့် စိတ္တဿေကဂ္ဂတာကို စိတ္တဿ+ ဧကဂ္ဂတာဟု ပုဒ်ဖြတ် (သန္ဓိလိင်္ဂဒ) တာပစ္စည်း ဘာဝအနက်၌သက်၊ (ပစ္စယတ္ထ) ဧကဂ္ဂတာကိုဧကဂ္ဂဿ+ဘာဝေါ ဧကဂ္ဂတာဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြု၊(အဘိဓာနတ္ထ) စိတ္တဿေကဂ္ဂတာကို စိတ္တဿ+ဧကဂ္ဂတာ စိတ္တဿေ ကဂ္ဂတာ ဟု ဆဋ္ဌီတပ္ပုရိသ် အလုတ္တသမာသ် ဝစနတ္ထပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် စိတ္တဿေကဂ္ဂတာအရ သမာဓိကို ယူရမည်၊ (အဘိဓေယျတ္ထ) စိတ္တဿေကဂ္ဂတာသဒ္ဒါ (ဧကဂ္ဂတာဝသဒ္ဒါ) ၏ ဧကဒေသျူပစာအဖြစ် (ပဒ၊ ဘာဝတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ဣတိသဒ္ဒါ-ပဒတ္ထ ဝိပ္ပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။

(ခ) ဝါကျ။ သမာဓိ၌ သံသဒ္ဒါ-သမ္မာအနက်၊ သမအနက်ဟော။ အာသဒ္ဒါ-ဓာတွတ္ထဗာဓက၊ တစ်နည်း—ဓာဓာတ်ကို ဌပနအနက်ဟောအောင် အထူးပြုသော ကြောင့် ဓာတွတ္ထဝိသေသက။

(ဂ) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ တာဝ-ပဌမတ္ထ။ စသဒ္ဒါနှစ်ပုဒ်—အညမည သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ အဝိက္ခေပ၌ အသဒ္ဒါ ဝိရုဒ္ဓတ္ထ၊ ပဋိသေဓတ္ထ။ ဝိသဒ္ဒါ-ဝိဝိဓတ္ထ။

(ဃ) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ နာမသဒ္ဒါ သညာအနက်ဟော။ အဝိသာရ၌— အသဒ္ဒါ ပဋိသေဓတ္ထ၊ ဝိရုဒ္ဓတ္ထ။ ဝိသဒ္ဒါ-ဝိဝိဓတ္ထ။ ဝါသဒ္ဒါ-ဝိကပ္ပနတ္ထ။

(င) ဝါကျ။ သဟသဒ္ဒါ-သမင်္ဂီယတ္ထ။ ဝိယသဒ္ဒါ-ပဋိဘာဂတ္ထ၊ ဝါ-ဥပမာ ဇောတက။

http://www.dhammadownload.com



## သမ္ပယုတ်အစုံ၊ ဝိသယနာမည်

(ခ) ဝါကျ။ တော်၌ ဘေသည်—စိတ္တသေကဂ္ဂတာ ဟူသော အမည်ကို စွဲ၍၊ ဆိုအပ်ပြီးသော စိတ္တသေကဂ္ဂတာအမည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ တစ်နည်း နာမ် ဟု အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅—တန် ထုတ်ပုံ

စိတ္တသေကဂ္ဂတာ, သမာဓိ, အဝိက္ခေပတို့အရ - ဧကဂ္ဂတာ၏ လက္ခဏာဒိ စတုက္ကမှထုတ်။ တစ်နည်း—

၁။ ခဏိကသမာဓိသည်....။
၂။ ကာယိကသုခ, စေတသိကသုခသည်....။
၃။ ဥပစာရ သမာဓိသည်....။
၄။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည်....။
၅။ အပ္ပနာသမာဓိ, ဈာနသမာပတ္တိ, မဂ်, ဖိုလ်, နိဗ္ဗာန်ဖသထိ အကျိုးဆက်တို့ သည်....။

တစ်နည်း-၁။ သမာဓိသည်....။
၂။ သုခသည်....။
၃။ ယထာဘူတဉာဏ်သည်....။ [သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။ ဋ္ဌ-၁၆၂ ထောက်]
၄။ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ စသည်တို့သည်....။
၅။ နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် စသည်တို့သည်....။

(ဂ) ဝါကျ။ [ဝုတ္တိ၏ ကတ္တားကို အာစရိယေနဟု ထည့်ရသည်ကို သတိပြု၍ ပထမတွဲ ၁၁၀-၌ ထုတ်ပြထားသည့်အတိုင်း ထုတ်ပါ။ ဤ၌ ဝစီဘေဒသဒ္ဒ ထုတ်သည့် အခါ ပါမောက္ခ လက္ခဏာစ စသော ဝစီဘေဒသဒ္ဒကို ထုတ်။]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဗာဟုလ္လတ္တ တာပစ္စည်းအရ သမာဓိကေဂ္ဂတာသည် စိတ္တဿနှင့် အန္တတ္တပြုစ်သော ကေဂ္ဂအရ စိတ်အား သတ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဝိ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။

[ကေဂ္ဂဘာဝေါ၌လည်း ဘာဝေါအရ– သမာဓိ ကေဂ္ဂတာ ကောက်၍ ကေဂ္ဂအရ စိတ်ကောက်ပြီးလျှင် ယခင်အတိုင်း (၉) ပစ္စည်းပြိုင်။]

❀ ❀ ❀

ရတနာ့ဂုဏ်ရည် (၅၀)

http://www.dhammadownload.com

# ၄၉–သဒ္ဒါဝစနတ္ထအဖွင့်

(က) သဒ္ဒဟန္တိ တေသယ, သယံဝါ သဒ္ဒဟတိ သဒ္ဒဟနမတ္တမေဝဝါ သေဝတိ သဒ္ဒါ။

(ခ) သာဝ အဿဒ္ဓိယဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) အဓိမောက္ခ လက္ခဏေဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သဒ္ဒါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ။

(င) သာ ပနေသာ သမ္ပသာဒနလက္ခဏာ စ သဒ္ဒါ, သမ္ပက္ခန္ဒနလက္ခဏာ စ။

(စ) အပရော နယော—သဒ္ဒဟနလက္ခဏာ သဒ္ဒါ, ဩကပ္ပန လက္ခဏာ ဝါ။ [ဋ္ဌ-၁၆၂-၃]

အနက်ထူး။ ။(က) ဝါကျ၊ တေသယ ဓမ္မဇာတိယာ-ဤ တရား သဘောဖြင့်။ သမ္ပယုတ္တဓမ္မာ-တို့သည်၊ တစ်နည်း–တံသမင်္ဂီပုဂ္ဂလာ· ထိုသဒ္ဒါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။ (ကတ္တား) သဒ္ဒေယျဝတ္ထုံ-ယုံကြည်အပ်သော ရတနတ္တယ, ကမ္မ, ကမ္မဖလ-ဟု ဆိုအပ်သော သဒ္ဒေယျဝတ္ထုကို၊ ဝါ-ဗုဒ္ဓါဒိအာရမ္မဏံ-ဘုရား အစရှိသောအာရုံကို။ (ကံ) သဒ္ဒဟန္တိ-ယုံကြည်တတ်ကုန်၏၊ ဣတိဘသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ-သည်၊ သဒ္ဒါ—မည်၏။

[ဤကား က–ဝါကျရှိ သဒ္ဒဟန္တိ တေသယကို ကတ္တား, ကံ ထည့်၍ တစ်ဝါကျ·အဖြစ် အနက်ပေးခြင်းတည်း။]

(ဂ) ဝါကျ။ ဝါ-ကား၊ အဓိမောက္ခလက္ခဏေ-ကြည်ညို, ယုံကြည်ခြင်းဖြစ်၍ ဖြစ်သော ဘုရားအစရှိသော ဝတ္ထု၌ဖြစ်သော ဆုံးဖြတ်ခြင်း လက္ခဏာ၌။ အတ္တာနေ့·မိမိ၏၊ (သာမှန်) ဣန္ဒဋ္ဌံ (ဣန္ဒတ္ထံ) အစိုးရသည်၏ အဖြစ်ကို။ သမ္ပယုတ္တဓမ္မေ–သမ္ပယုတ်တရားတို့ကို။ (ကာရိတ်ကံ) ကာရေတိ–ပြုစေတတ်၏၊ ဣတိ တသ္မာ-ကြောင့်။ ဣန္ဒြိယဥ္စ-ဣန္ဒြေမည်သည်လည်း။ ဟောတိ-၏။ [နိဿယ၌ ဣန္ဒြိယံနောင် စ အကျေကြ၍ ပေးထား၏။]

ကျမ်းတက်

ဌပနာပဥ္စကပုဏ္ဏာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရွှေစကားရပ်တို့ဖြင့် ဈာနင်္ဂရာသိကို ဖွင့်ပြတော်မူ၏။....သော်, ဣန္ဒြိယရာသိကို၊ ဝါ-ထိုဣန္ဒြိယရာသိ၌ပါသော သဒ္ဒါကို မဖွင့်ပြဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်၊ တစ်နည်း-ဆရာ, ဆရာသည် ရွှေစကားရပ်တို့ဖြင့် စိတ္တေသိကဂုဏ်၏ အဖွင့်ကို ပြဆိုတော်မူ၏။....

http://www.dhammadownload.com



သော်, သဒ္ဒါ၏ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ စသည်။ တစ်နည်း–ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ သဒ္ဒိန္ဒြိယဝယ် သဒ္ဒါကို ဟောတော်မူ၏။ ဤမျှသာပြဆိုချေသော်, သဒ္ဒါ၌ အပစ္စည်းသည် ကမ္မသာဓ်စသော အနက်တို့ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ .... စသည်။ ထို က-ဝါကျတွင်လည်း သဒ္ဒဟန္တိ တေသယမှ သယံ ဝါ သဒ္ဒဟတိသို့ တက်သော်–ဆရာ, ဆရာသည် သဒ္ဒဟန္တိ တေနယဖြင့် သဒ္ဒါ၌ အပစ္စည်းသည် ကရဏသာဓ်အနက်ကို ဟောသော ဟု၊ ဝါ-ကရဏသာဓ် အနက်ကို ဟော၍ ကရဏသာဓ်ဝစနတ္ထကို ပြုရသောဟု ဆိုတော်မူ၏။....သော်, အပစ္စည်းသည် ကရဏသာဓ်အနက်ကိုသာ ဟော၍ ကရဏသာဓ် ဝစနတ္ထကိုသာ ပြုရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

သဒ္ဒဟန္တိ....ပ....သဒ္ဒဟတိမှ သဒ္ဒဟနစသည်သို့ တက်သော်–

ဆရာ, ဆရာသည် သဒ္ဒဟန္တိ စသည်ဖြင့် သဒ္ဒါ၌ အပစ္စည်းသည် ကရဏသာဓ် ကတ္တုသာဓ် အနက်တို့ကို ဟော၍ ကရဏသာဓ် ကတ္တုသာဓ် ဝစနတ္ထကို ပြုရသော ဟု ဆိုတော်မူ၏။...သော်, အပစ္စည်းသည် ဆိုအပ်ပြီးသော အနက်တို့ကိုသာဟော၍ ဆိုအပ်ပြီးသော ဝစနတ္ထတို့ကိုသာ ပြုရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။.... ပ....အပစ္စည်း၏ ဘာဝသာဓ် အနက်ဟောပုံနှင့် ဘာဝသာဓ် ဝစနတ္ထပြုရပုံကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။ အဓိပ္ပာယ်ကား–သဒ္ဒဟနစသည်ဖြင့် အပစ္စည်း၏ ဘာဝသာဓ်အနက် ဟောပုံနှင့် ဘာဝသာဓ်ဝစနတ္ထ ပြုရသည်ကိုလည်း ပြဆို၏ဟူလို။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် သဒ္ဒါပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။....သော်, ဣန္ဒြိယပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ ဝါ-ဣန္ဒြိယပုဒ် အဖွင့်မရှိတော့ဟု မှတ်အပ်သည် မဟုတ်ပါလော။....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် မသဒ္ဒါသောသူ၏ အဖြစ်ကို နှိမ်နင်း လွှမ်းမိုးထတ်သည့်အတွက် မိမိနှင့်စပ်သော တရားတို့ကို အစိုးရသည်၏ အဖြစ်ကြောင့် ဣန္ဒြေမည်သောဟု ဆိုတော်မူ၏။....သော်, ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် ဣန္ဒြေမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ....တစ်ပါးသော ဣန္ဒြေမည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။..., စသည်။ တစ်နည်း–ဆရာ, ဆရာသည် ခ–ဝါကျဖြင့် ဣန္ဒြိယသဒ္ဒါ၏ အဓိပတိ အနက်ဟော အနိပ္ဖန္နပါဋိပဒိက ပုဒ်အဖြစ်ကို ဆိုတော်မူ၏။....သော်, နိပ္ဖန္နပါဋိပဒိက ပုဒ်အဖြစ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဒွေဝါကျတို့ဖြင့် သဒ္ဓါပုဒ် ဣန္ဒြိယ်ပုဒ်တို့၏ အစိတ်အစိတ်အားဖြင့် အနက်ကို ဖွင့်ပြအပ်သော်မူ၏။...သော်, အပေါင်းအားဖြင့် ဖွင့်ပြသော သံဝဏ္ဏနာ မရှိဘူးသော အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ....စသည်။ တစ်နည်း ပါဠိတော်ကို ဥပနာထားရှဲ တက်သော် ဆရာ, မြတ်စွာဘုရားသည် သဒ္ဓိန္ဒြိယ်ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, သဒ္ဓိန္ဒြိယ်ပုဒ်ကို ဒွန်သမာသ် ဝစနတ္ထသည် ပြုရမည်ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဒွေစကားရပ်တို့ဖြင့် သဒ္ဓါပုဒ် ဣန္ဒြိယ်ပုဒ်တို့၏ ဝစနတ္ထကို ပြဆိုတော်မူ၏။....သော်, ထိုသဒ္ဓါ၏ လက္ခဏာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။....စသည်။

### ပါမနာဒိကျမ်းတက်

(က) ဝါကျ။ ဣန္ဒြိယ ရာသိအဖွင့်ကို၊ ဝါ—ထို့ပြင်ပါသော သဒ္ဓါ၏အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....ဣန္ဒြိယရာသိ အဖွင့်ကို၊ ဝါ-ထို့ပြင်ပါသော သဒ္ဓါအဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရာ) ....စသည်။ သယံဝါ-သဒ္ဒဟတီသို့ တက်ရာ၌ အပစ္စည်းသည် ကရဏသာဓ်အနက်ကို သာလျှင် ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ—အပစ္စည်း၏ ကတ္တုသာဓ် အနက်ဟောသည်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။ သဒ္ဒဟန စသည်သို့တက်ရာ၌ အပစ္စည်းသည် ကရဏသာဓ် အနက်တို့ကိုသာလျှင် ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ဣန္ဒြိယ်ပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဂ) ဝါကျ။ ဆိုအပ်ပြီးသော - အကြောင်းကြောင့်သာလျှင် ဣန္ဒြမည်၏—ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ-တစ်ပါးသော ဣန္ဒြေမည်ခြင်းအကြောင်းကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ဃ) ဝါကျ။ သဒ္ဓိန္ဒြိယ်-ဟူသော အပေါင်းပုဒ်၏ အဖွင့်ကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ...စသည်။

(င) ဝါကျ။ သဒ္ဓါ၏ လက္ခဏာကို မပြဆို—ဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

http://www.dhammadownload.com



## ကျမ်းထွက်

(ခ) ဝါကျ။ ဤ ခ—ဝါကျ၌ လိုရင်းကား၊ ဝါ-ပဓာနပုဒ်ကား ဇုဟွိယံ တည်း။ အဓိပ္ပာယ်ကား—ဇုဟောန်၏ မည်၏ ဟူလို။

တစ်နည်း-လိုရင်းပဓာနကား—ဇုဟွိယံ (ဟောတိ) တည်း။ အဓိပ္ပာယ်ကား—ဇုဟေန္တမည့်သည် ဖြစ်၏-ဟူလို ဤကား အသမ္ဗန္ဓာဝတ္ထုနည်းအရ လိုရင်း ကောက်ပုံတည်း၊ (ဇုဟွိယံ တစ်ပုဒ်တည်းကောက်သော ရှေးနည်းကို ရည်ရွယ်သည်။) တစ်နည်း—လိုရင်းပဓာနကား—အာဝ ဇုဟွိယံ (ဟောတိ)တည်း။ အဓိပ္ပာယ်ကား—ထိုသဒ္ဒါသည်သာ ဇုဟေန္တ မည်၏၊ ဝါ—ဇုဟေန္တမည်သည်ဖြစ်၏-ဟူလို။ ဤကား သမ္ဗန္ဓာဝတ္ထုနည်းအရ လိုရင်းကောက်ပုံတည်း။

[မှတ်ချက်။ ဇုဒ-ဝါကျ၌ ပဓာနပုဒ်ကို ကောက်ပါ—ဟု ဆိုလျှင် ဇုဟွိယံပုဒ်ကို ကောက်နိုင်၏။ ပဓာနကြိယာကို ကောက်ပါ—ဟု ဆိုလျှင်ကား ဟောတိ ဟူသော ပါဌသေသ ကြိယာကို ကောက်မှ ဖြစ်လိမ့်မည်။ ထို့အပြင် အသမ္ဗန္ဓာဝတ္ထုနည်း, သမ္ဗန္ဓာဝတ္ထုနည်းအရ လိုရင်းကောက်ပုံနည်းကို ပထမတွဲ ၄၂—၌ ပြထား၏။]

ဆရာ, ဆရာသည် ဇုဟွိယံ-ဟူသော အကျိုးနာမဖလကို ဆိုတော်မူ၏။ ဤသို့ပင် ဆိုသော်လည်း, အကျိုးနာမဖလ-ဟူသည် အကြောင်းနာမဟေတုနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ ထိုသို့ မကင်းကောင်းသည်၏ အဖြစ်ကြောင့် အကျိုးနာမဖလ သက်သက်ကိုသာ မဆိုသင့်, အကြောင်း နာမဟေတုကိုလည်း ဆိုသင့်သေး၏၊ အဘယ်သို့လျှင် အကြောင်း နာမဟေတုကိုလည်း ဆိုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် အဓိပတိယဋ္ဌေန- ဟူသော ပါဌ်ကို မိန့်၊ ဝါ—အဓိပတိယဋ္ဌေန—ဟူသော ပါဌ်ကို ထွက်။ အဓိပ္ပာယ်ကား—ဇုဟွိယံ ဟူသော အကျိုးနာမဖလ၏ အကြောင်းနာမဟိတ်ကား အဓိပတိယဋ္ဌေန ဖြင်၏-ဟူလို (ဌပနာပဥ္စက။)

**ပါပနာဒိကျမ်းထွက်သော်—အကျိုးနာမဖလ-ဟူသည် အကြောင်းနာမဟေတုနှင့် ကင်း၍ ဖြစ်ကောင်း၏-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု ပါ) ဟု....ပ.... အကြောင်းနာမ ဟေတုကိုလည်း ဆိုသင့်သေး၏၊ (နု—ရော) ....ပ.... အကြောင်းနာမဟေတုကို မဆိုခဲ့သော် အကျိုးအကြောင်း ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏....စသည်....။**

**အဓိပ္ပာယ်ကား— အဓိပတိယဋ္ဌေနဖြင့် အကြောင်းနာမဟိတ်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကဘင်သော ဝိရောဓိဒေါသ ဆရာအား မရောက်ဟူလို။**

http://www.dhammadownload.com



## ဒေါသသင့်ပုံ ပယ်ပုံ

[ရှေးရှေးဝါကျတို့၌ အဖျာဝိတ ဒေါသသင့်ပုံ, နောက်နောက် ဝါကျတို့ဖြင့် အဖျာဝိတ ဒေါသပယ်ပုံတို့ကို သိ။]

ဝါသဒ္ဒါ လဲလှယ်ပုံ။ (က) ဝါကျ။ ယုံကြည်ကြောင်း၏အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ ယုံကြည်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို, တစ်နည်း– သဒ္ဒါ၌ အပစ္စည်း၏ ကရဏသာဓ်အနက် အကြောင်းမှတစ်ပါး၊ ကတ္တုသာဓ် အနက် အကြောင်းတစ်ပါးကို လဲလှယ်လိုသော ကြောင့် သယံဝါ၌ ဝါသဒ္ဒါထား၏။

ယုံကြည်ကြောင်း၏ အဖြစ်, ယုံကြည်တတ်သည်၏ အဖြစ်–ဟူသော သကတ် အနက် အကြောင်းတစ်ပါးမှ၊ ယုံကြည်ခြင်း–ဟူသော သကတ်အနက် အကြောင်း တစ်ပါးကို လဲလှယ်လိုသောကြောင့်၊ တစ်နည်း–သဒ္ဒါ၌ အပစ္စည်း၏ ကရဏသာဓ်, ကတ္တုသာဓ် အနက် အကြောင်းမှတစ်ပါး၊ ဘာဝသာဓ် အနက် အကြောင်းတစ်ပါး လဲလိုသောကြောင့် သဒ္ဒဟနမတ္တမေဝ ါ၌ ဝါသဒ္ဒါ ထား၏။

(ဂ) ဝါကျ။ မသဒ္ဒါသောသူ၏ အဖြစ်ကို လွှမ်းမိုးတတ်၊ မိမိနှင့်စပ်သော တရားတို့ကို အစိုးရတတ်သည်၏ အဖြစ်–ဟူသော သကတ်အနက်အကြောင်းမှတစ်ပါး ဆုံးဖြတ်ခြင်းလက္ခဏာ၌ မိမိ အစိုးရသည်၏ အဖြစ်တို့ သမ္ပယုတ်တရားတို့ကို ပြုစေ တတ်သည်၏ အဖြစ်–ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလို သောကြောင့် ဝါသဒ္ဒါ ထား၏။

## စ သဒ္ဒါ ထားရပုံ

(င) ဝါကျ။ သဒ္ဒါသည် သမ္ပက္ခန္ဒန လက္ခဏာသာလျှင် ရှိသည်မဟုတ်သေး၊ သမ္ပသာဒန လက္ခဏာလည်း ရှိသေး၏ ဟူသော သမုစ္စည်းအနက်ကို ပြလိုသော ကြောင့် ရှေ့စသဒ္ဒါ ထား၏။ သမ္ပသာဒန လက္ခဏာသာလျှင် ရှိသည်မဟုတ်သေး၊ သမ္ပက္ခန္ဒနလက္ခဏာလည်း ရှိသေး၏ ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် နောက် စသဒ္ဒါ ထား၏၊ ဝါ–အညမည သမုစ္စည်းအနက်ကို ပြလိုသောကြောင့် စသဒ္ဒါ နှစ်ပုဒ်ထား၏။

အပရော နယော ထားရပုံ။ (စ) ဝါကျ။ သမ္ပယုတ်တရားတို့ကို ယုံကြည်စေ ခြင်း လက္ခဏာ ရှိသည်၏ အဖြစ် ဟူသော သကတ်အနက် အကြောင်းမှ တစ်ပါး၊ သဒ္ဓေယျဝတ္ထုကို ယုံကြည်ခြင်း လက္ခဏာရှိသည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် အပရော နယော ထား၏။

http://www.dhammadownload.com



ထို (စ) ဝါကျ၌ ဝါသဒ္ဒါထားရပုံ။ သဒ္ဓေယျဝတ္ထုဘိုကို ယုံကြည်ခြင်းလက္ခဏာ ရှိသည်၏ အဖြစ်ဟူသော သင်္ကေတ်အနက် အကြောင်းတစ်ပါး၊ သဒ္ဓေယျဝတ္ထုသို့ သက်ဝင်၍ ကြံစည်ယုံကြည်ခြင်း လက္ခဏာရှိသည်၏ အဖြစ်ဟူသော သင်္ကေတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထား၏။

အခြားဝါသဒ္ဒါလဲပုံ။ အကာလုသိယပစ္စုပဋ္ဌာနာ, အဓိမုတ္တိ ပစ္စုပဋ္ဌာနာတိ ဝါ။ [ဋ္ဌ-၁၆၃] ဤ၌ သမ္ပယုတ်တရားတို့၏ မနောက်ကျုသည်၏ အဖြစ်ဖြင့်ရှိသော ယောဂီဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော အကာလုသိယ ပစ္စုပဋ္ဌာန်တည်းဟူသော အကျိုးတစ်ပါး၊ သဒ္ဓေယျဝတ္ထု၌ တည်လျက် ဆုံးဖြတ်တတ်သော တရားဟူ၍ ရှိသော ယောဂီဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော အဓိမုတ္တိပစ္စုပဋ္ဌာန် အကျိုးတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ လိုရင်းဝိဂ္ဂဟကား-သဒ္ဒဟန္တိ ဧတာယာတိ သဒ္ဓါ။ (ကရဏသာဓ်) သဒ္ဒဟတီတိ သဒ္ဓါ။ (ကတ္တုသာဓ်) သဒ္ဒဟနံ သဒ္ဓါ။ (ဘာဝသာဓ်)

သုံးဝိကပ်လုံး အဘိဓာန်ဋီကာနည်းအရ ခွဲသော်—

၁။ သဒ်-ဓာ-(သဒ္ဓါ)ဟူသော အစိတ်အစိတ်ရမတ္တသဒ္ဒါသည်....။
၂။ ထို၏ အကြောင်းဖြစ်သော သံပုဗ္ဗ+ဓာဓာတ်+အပစ္စည်း၊ ယုံကြည်ခြင်း ကြိယာသည်....။
၃။ သဒ္ဓါဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်....။
၄။ ထို၏အကြောင်းဖြစ်သော ယုံကြည်ခြင်းကြိယာသည်....။

[မှတ်ချက်။ ။သဒ္ဓါ၌ သံပုဗ္ဗ+ဓာဓာတ်+အပစ္စည်း-ဟု (ရှ) နှင့် သူစိတို့၌ ဆိုသည်။ ဓာ ဓာရဏေ သံပုဗ္ဗော၊ သမ္မာ စိတ္တံ နိဓေတိ ဧတာယ, သယံဝါ သဒ္ဒဟတီတိအတ္ထေ ဇုတ္တိယမ္ဘတိယဝေါ၀ါတိ သတိ]

အပစ္စယော။-ဝိဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပ္ဖန္နေသုတ်အဖွင့်။

သဒ္ဒဟတိ ဧတာယာတိ သဒ္ဓါ၊ သံပုဗ္ဗ+ဓာ သဒ္ဒဟာနေ။အ။ ဣတ္ထိယံ အာ (သူစိ)

သဒ္ဓါ + အဿ ဒါနဿတ္ထီတိ သဒ္ဓံ၊ ဏောဟု အဘိဓာန်ဋီကာနှင့် သူစိတို့၌ ပြသည်မှာလည်း သဒ္ဓါဟူသော ကိတ်ပုဒ်အတွက် မဟုတ်၊ အဿတ္ထိ တဒ္ဓိတ်အတွက် ဏပစ္စည်းတည်း။

(ခ) ဝါကျ။ သဒ္ဒဟတီတိ သဒ္ဓါ။နတ္ထိ+သဒ္ဓါ ယဿာတိ အဿဒ္ဓေါ။(အစိတ်) အဿဒ္ဓဿ+ဘာဝေါ အဿဒ္ဓိယံ။ (တဿ) (အပေါင်း)။

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော မသဒ္ဓါသောသူ၏ (သဒ္ဓါမရှိသူ၏) မသဒ္ဓါခြင်းနှင့် (သဒ္ဓါမရှိခြင်းနှင့်) တစ်နည်း ဖြစ်ကြောင်း ဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏေး+ဂုဏ်, ဌာန+ဌာနီ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော မသဒ္ဓါသောသူ၏ အဖြစ်ဟူသောဂုဏ်သည်....။

ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ။ [ဤသဓာတ် + ဏျပစ္စည်း၊ လွှမ်းမိုးခြင်း ကြိယာခဲ့။] တစ်နည်း-အဿဒ္ဓိယံ ဤသတိ အဘိဘဝတီတိ ဤသိယံ။ ဤသိယမေဝ ဣန္ဒြိယံ။[ဂဏ္ဌိ-၃၀၆] (ယခင်အတိုင်းခွဲ။)

(ဂ) ဝါကျ။ ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ၊[ဣဒိဓာတ်+ဏျပစ္စည်း၊ သူတစ်ပါးကို အစိုးရခြင်း၊ ဝါ-အလွန်အစိုးရခြင်း ကြိယာခဲ့။] ဤကား ဣန္ဒြိယံကို ကိတ်ပုဒ်ကြံ၍ ဝိဂ္ဂဟပြုခြင်းတည်း။]

ယောဇနာအလို–တဒ္ဓိတ်ပုဒ်ကြံ၍ အစိတ်, အပေါင်း ဝိဂ္ဂဟပြုသော်-

ဣန္ဒတီတိ ဣန္ဒော၊ ဣန္ဒသ+အတ္တော ဘာဝေါ ဣန္ဒတ္တော။(ထ္တကို ဋ္ဌပြု အတ္တသဒ္ဒါ ဘာဝ ဝါစက) တစ်နည်း–ဣဋ္ဌတ္တံဟု ပါဌ်ရှိခဲ့သော်—

ဣန္ဒသ + ဘာဝေါ ဣန္ဒတ္တံဟု ဘာဝတဒ္ဓိတ်ပြု၊ တစ်နည်း – ဘာဝလောပ, ဘာဝပ္ပဓာန် ကြံ၍ ဤအစိတ်ဝိဂ္ဂဟပြုရာ၌ ဣန္ဒတီတိ ဣန္ဒောဟု တစ်ချက်တည်းပြုလျှင်လည်း ဖြစ်နိုင်သည်၊

ဣန္ဒဋ္ဌံ (ဣန္ဒတ္တံ) ကာရေတီတိ ဣန္ဒြိယံ၊ (အပေါင်း) [ကာရေတီတဒ္ဓိတ်] [ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယန္တိ တဒ္ဓိတဝိဂ္ဂဟော၊ ယဒါဒိနာ (ယဒနုပ ပန္နာ နိပါတနာ သိဇ္ဈန္တိသုတ်ဖြင့်) ဣယော၊ ဣန္ဒသဒ္ဒေ အကာရဿ ရော၊ ယောဇနာ ၁၀၇။]

၂။ ထို၏အကြောင်းဖြစ်သော အစိုးရသည်အဖြစ်၏ ပြုစေတတ်သောတရားနှင့် ကမ္မ+ကမ္မီ, ဂုဏ်+ဂုဏေး....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော အစိုးရသည့်၏ အဖြစ်ကို ပြုစေခြင်း ကြိယာသည်....။

တစ်နည်း ဣန္ဒြိယ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား—

ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော။ (အစိတ်)ဣန္ဒေန (ဣန္ဒ မည်သော မြတ်စွာဘုရားသည်) +ဒေသိတံ ဣန္ဒြိယံ၊ (အပေါင်း) (ဒေသိတဘဒ္ဒိတ်၊ဣယပစ္စည်း၊ ဒ ကို ဒြပြု)။

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော ဝုန္ဒမည်သော မြတ်စွာဘုရား၏ ဟောအပ်သော တရားနှင့် ဒေသက+ဒေသေတဗ္ဗ....စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ဘုရားရှင် ဟောအပ်သော ဝုဒ္ဓေတို့၏ တစ်ခု သည်....ပ....ဇာတ်သည်....။

## လိင်္, စသည်စိစစ်ပုံ

(က) ဝါကျ။ သဒ္ဒဟန္တိ—အလိင်၊ ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်။ [သံ+ဓာ+အ+အန္တိ၊] တော်ယ-ဝုတ္တိလိင်၊ ကညာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ သဒ္ဓါ—ဝုတ္တိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတ်ပုဒ်။

(ခ) ဝါကျ။ အဿဒ္ဓိယဿ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အာကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်။ အဘိဘဝနတော၌ အဘိဘဝနကို—နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ အဘိဘဝနတော ပုဒ်လုံးကား—အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ တစ်နည်း—(အဘိဘဝနဟု ရှုပ်တည် ခိုက်၌) အ ကာရန္တ၊ နိပါတ်ပုဒ်။ အဓိပတိယဋ္ဌေန ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ ထိုတွင် အဓိပတိ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ သမာသ်ပုဒ်။

(ဂ) ဝါကျ။ ဝုန္ဒင္ဂံ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်ပုဒ်။[ဝုန္ဒတ္တံ ရှိမှု-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ ကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်ခွဲ။] ကာရေတိ-အလိင်၊ (ကာရိတ်ပစ္စည်းသက်၍ ဝိကရဏ ပစ္စည်း မသက်သောကြောင့်) နေ့ဝိကရဏဂိုဏ်း၊ တစ်နည်း — (ဝိကရဏပစ္စည်း မသက်သော်လည်း ကရဓာတ်သည် အရင်းခံမူလ ပင်ကိုအားဖြင့် တနာဒိ ဂဏိကဓာတ် ဖြစ်သောကြောင့်) တနာဒိဂိုဏ်း။ (ကရ ဓာတ်ဖြစ်သောကြောင့်) အ ကာရန္တ၊ အာချာတ်ပုဒ်။ [ကရ+ဏေ+တိ]။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သဒ္ဒဟန္တိ ဇောတယဖြင့် သဒ္ဓါ၌ သံ ပုဗ္ဗ+ဓာ ဓာတ်။(ဒုဓာတုပဒ) သံ-သဒ္ဒါ (ဓာ-ဓာတ်ကို သဒ္ဒဟန အနက်ဟောအဖြစ် အထူးပြုသောကြောင့်) ဓာတွတ္ထ ဝိသေသက၊ (ဉပသဂ္ဂ လိင်္ဂတ္ထ) ဓာ-ဓာတ်သည် ဓာရဏစသော အနက်ကို မဟော၊ ယုံကြည်ခြင်း သဒ္ဒဟန အနက်ဟော (ဒု ဓာတွတ္ထ) အ ပစ္စည်း ကရဏသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သဒ္ဒဟန္တိ ဇောတယာတိ သဒ္ဓါ-ဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သဒ္ဓါမှတစ်ပါး ယုံကြည်ကြောင်း ကရိုဏ်းမရှိ—ဟူသော အဓိပ္ပာယ်။ (ဘာဝတ္ထ) သိစေ၏။ တစ်နည်း-သဒ္ဒဟန္တိ တောယဖြင့်-ယုံကြည်ခြင်း ကြိယာအားဖြင့် ဖြစ်ကုန်သော သမ္ပယုတ်တရားတို့အား ထို အဓိမောက္ခလက္ခဏာ၌ အကြီးအကဲ၏ အဖြစ်ဖြင့် သဒ္ဓါ၏ ကျေးဇူးပြုတတ်သည်အဖြစ်ကို ဖော်ပြသိစေ၏၊ (ဘာဝတ္ထ)သဒ္ဒဟန္တိ တောယာတိ သဒ္ဒဟန ကိရိယာယ ပဝတ္တမာနာနံ ဓမ္မာနံ တတ္ထ အာဓိပစ္စဘာဝေန သဒ္ဓါယ ပစ္စယတံ ဒဿေတိ။ [ဋီ-ဂဂ]

ရတနဒ္ဒုဂုဏ်ရည် (၁၆)

http://www.dhammadownload.com



[မှတ်ချက်။ ။အထက်ပါ သဒ္ဓတ္ထ အာဘော် ဖော်ရာ၌ သဒ္ဓါဝယ် သံ-သဒ္ဒါကို ဓာတွတ္ထာနုပတ္တက အဖြစ်လည်း ဖော်ကြကုန်၏။ ဤ၌ကား- သံ-သဒ္ဒဟန-သဒ္ဒိသု ဓာ-ဓာတ်သည် သံ-ရှေးရှိမှ ယုံကြည်ခြင်း ''စင်ခြင်း'' တို့၌ ဖြစ်၏။ ဟူသော ဓာတွတ္ထသင်္ဂဟကို ထောက်၍ သံ သဒ္ဒါကို ဓာတွတ္ထ ဝိသေသကအဖြစ် ဖော်လိုက်ပါသည်။]

ဝါ—ဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) သယံ သဒ္ဒဟတိ-ဖြင့် သဒ္ဓါ၌ သံ+ပုဗ္ဗ+ဓာဓာတ် (ဒု-ဓာတုပဒ) သံ-သဒ္ဒါ-ဓာတွတ္ထ ဝိသေသက (ဥပသဂ္ဂ လိင်္ဂတ္ထ) ဓာဓာတ် သဒ္ဒ ဟန အနက်ဟော (ဒု-ဓာတွတ္ထ) အ ပစ္စည်း ကတ္တုသာဓ် အနက်ဟော။ (ဒု-ပစ္စယတ္ထ) သဒ္ဒဟတီတိ သဒ္ဓါ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သဒ္ဓါမှတစ်ပါး ယုံကြည်တတ်သော ကတ္တားမရှိ-ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။ (ဝါသဒ္ဒါဖော်မြဲ) သဒ္ဒဟန သောဖြင့် သဒ္ဓါ၌ သံပုဗ္ဗ+ဓာဓာတ်၊ (ဒု-ဓာတုပဒ) သံ-သဒ္ဒါ ဓာတွတ္ထ ဝိသေသက၊ (ဥပသဂ္ဂ လိင်္ဂတ္ထ) ဓာဓာတ် သဒ္ဒဟန အနက်ဟော-(ဒု-ဓာတွတ္ထ) အ ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သဒ္ဒဟနံ သဒ္ဓါ-ဟု ဘာဝ သာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သဒ္ဓါ-ဟူသော ဤသဘောတရားသည် အလိုသို့ လိုက်၍ ဖြစ်သည်မဟုတ်။ အာရုံစသော အကြောင်းကြောင့် အလိုအလျောက် ဖြစ်၏-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။ မတ္တံဖြင့် ကတ္တား, ကရိုဏ်း စသည်တို့ကို၊ ဝါ-ကတ္တုသတ္တိ, ကရဏသတ္တိ စသည်တို့ကို နစ်စေသော (တားမြစ်သော) နိဝတ္တာပနာဝဓာရဏအဖြစ်, ဘာဝသာဓနကို နိပ္ပရိယာယ (မုချ) အားဖြင့် ရသည်၏အဖြစ်, ကတ္တု-ကရဏသာဓနတို့ကို ပရိယာယ် ဥပစာ (တဒ္ဓမ္မူ-ပစာ) အားဖြင့် ရသည်၏အဖြစ်, ဝေဖြင့် မတ္တသဒ္ဒါဖြင့် ပြအပ်သော အနက်တို့ကို၊ ဝါ—မိမိအနက်ကို ထင်ရှား ခိုင်မြဲ ဆုံးဖြတ်ချက်ပြုသော သန္နိဋ္ဌာနာဝဓာရဏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

[ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝဓမ္မော နာမ။ ဝေဋ္ဌ ကတ္တာ ဆဗ္ဗေသမ္ပိ ပရမတ္ထ ဓမ္မာနံ ဘာဝသာဓန မေဝ နိပ္ပရိယာယတော လဗ္ဘတိ၊ ကတ္တုကရဏဝသေန ပန နိဗ္ဗစနံ ပရိယာယ ကထာတိ ဒဋ္ဌဗ္ဗံ။ ဋီကာကျော်-စိတ်ပိုင်း-ဒုတိယ ဂါထာအဖွင့်။ မတ္တသဒ္ဒေါ စေတ္ထ (စိန္တနမတ္တံ၌ မတ္တသဒ္ဒါ) အဝ-ဓာရဏတ္ထော၊ တေန ကတ္တု ကရဏာဒိနိ နိဝတ္တေတိ။ မတ္တ သဒ္ဒေန စေတ္ထ (ပဝတ္တိ မတ္တ မေဝ-၌ မတ္တံသဒ္ဒါ) အဝဓာရဏတ္ထေန ကတ္တုကရဏာဒိနိ နိဝတ္တေတိ၊ ဧဝ သဒ္ဒေန မတ္တသဒ္ဒဿ တဒတ္ထံ ဝိဘာဝေတိ။ အထဝါ မတ္တ သဒ္ဒေန ကတ္တုကရဏ နိဝတ္တန မေဝ ဒဠှံ ကရောတိ၊ မဏိမဉ္ဇူ-ပ-၁၂၆]။

http://www.dhammadownload.com



(ခ) ဝါကျ။ သာဝဖြင့် ဣန္ဒြိယံအရ သတ္တ, ဇီဝ, ဖဿစသည် မယူရ၊ သဒ္ဒါကို ယူရမည်—ဟု သိစေ၏။ (အဘိဓေယျတ္ထ) အဿဒ္ဓိယဿဖြင့် အဘိဘဝနတော၏ ဆဋ္ဌီကံအဖြစ်၊ တစ်နည်း-အဘိဘဝနတော၌ နှိမ်နင်းလွှမ်းမိုးခြင်းဟူသည် မသဒ္ဓါသူ၏အဖြစ်ကို နှိမ်နင်းလွှမ်းမိုးခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) အဓိပတိယဋ္ဌေနဖြင့် ဣန္ဒြိယံပုဒ်၏ အဓိပတိအနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ကို သိစေ၏။ (နာမလိင်္ဂပဒတ္ထ) အဘိဘဝနတောဖြင့် အကြီးအမှူးအစိုးရခြင်း၏ အကြောင်း၊ ဝါ-အဓိပတိယဋ္ဌ၏ အကြောင်းအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တစ်နည်း-အဘိဘဝနတောဖြင့် ဣန္ဒြိယံ၌ ဣဒိဓာတ် (ဒု-ဓာတုပဒ) ဣဒိဓာတ် အဘိဘဝနအနက်ဟော (ဒု-ဓာတွတ္ထ) ဏျပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဣန္ဒတိ အဘိဘဝတီတိ ဣန္ဒြိယံ-ဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)ဣဒ်ကို ဣပြု၊ သကို ဒြြပြု၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးသည်၊ (နေယျတ္ထ၊ ဘာဝတ္ထ၊) သိစေ၏။

(ဂ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတကအဖြစ်ကို သိစေ၏။

အဓိမောက္ခလက္ခဏေဖြင့် အာဓာရအဖြစ်ကို၊ တစ်နည်း - ဣန္ဒဋ္ဌံ ကာရေတိ၌ အစိုးရသည်၏အဖြစ်ကို ပြုစေခြင်းဟူသည် ဆုံးဖြတ်ခြင်းလက္ခဏာ၌ အစိုးရသည်၏ အဖြစ်ကို ပြုစေခြင်းပင်တည်း-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) ဣန္ဒဋ္ဌံ ကာရေတိဖြင့် ဣန္ဒြိယံ၌ ဣဒိဓာတ်(ဒု ဓာတုပဒ) ဣဒိဓာတ် ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္ထာတိသယနည်းဖြင့် ကာရဏအနက်ဟော (ဒု-ဓာတွတ္ထ) ဏျပစ္စည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ၊) ဣန္ဒတိ ပရမိဿရိယံ ကာရေတီတိ ဣန္ဒြိယံ-ဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု (အဘိဓာနတ္ထ၊) သိစေ၏။ တစ်နည်း-ဣန္ဒြိယံ၌ ဣယပစ္စည်း ကာရေတိအနက်၌သက်၊ (ပစ္စယတ္ထ) ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ-ဟု ကာရေတိ တဒ္ဓိတ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ၊) ဣန္ဒသဒ္ဒါ၌ အတ္ထပုဒ်ကျေသည်၏ အဖြစ်၊ တစ်နည်း-ဘာဝလောပ, ဘာဝပ္ပဓာန်အဖြစ် (နေယျတ္ထ၊ ဘာဝတ္ထ၊) သိစေ၏။

(ဃ) ဝါကျ။ သဒ္ဓါဝ ဣန္ဒြိယံဖြင့် သဒ္ဓါဝ+ဣန္ဒြိယံ သဒ္ဒိန္ဒြိယံ-ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ် ဝဓနတ္ထပြု(သမာသလိင်္ဂတ္ထ၊) သတ္တ, ဇီဝ, ဖဿ စသည်သည် ဣန္ဒြေမမည်၊ သဒ္ဒါသာ ဣန္ဒြေမည်သည်ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏၊

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ သဒ္ဒဟန္တိ, သဒ္ဒဟတိ, သဒ္ဒဟန, သဒ္ဒါတို့၌ သံသဒ္ဒါ(ဓာဓာတ်ကို သဒ္ဒဟန အနက်ဟောအဖြစ် အထူးပြုသောကြောင့်) ဓာတွတ္ထ ဝိသေသက၊ တစ်နည်း-သဒ္ဒဟနတ္ထ၊ [ပကာသတိ၌ ပသဒ္ဒါ ပကာသနအနက်ဟောဟု ဆိုသော

http://www.dhammadownload.com



(ရှု-ဋီ)ကို နည်းမှီ။] တစ်နည်း(အနေကတ္တာ ဟိ ဓာတဝေါ-ဟူသော ပရိဘာသာနှင့် အညီ ဓာဓာတ်သည်ပင် သဒ္ဒဟနအနက်ဟောရှ်ဓာတ်နက်သို့ အစဉ်လိုက်ရ သောကြောင့်) ဓာတွတ္တာနုဝတ္တက။

(မဟ္တသဒ္ဒါ ဝေသဒ္ဒါတို့၏ အနက်ထူးနှင့်တကွ, ထိုမဟ္တာ, ဝေတို့၏ ဂဟောတမ္မတ္တ စသည်များကို နည်းစုံလင်ဖြင့် ပထမတွဲ ၉၅-၌ ပြခဲ့ပြီ။ အမှန်စင်စစ် မဟ္တသဒ္ဒါ နိပါတ်ပုဒ် မဟုတ်၊ နာမ်ပုဒ်ဖြစ်သည်။ ဝေနိပါတ်ပုဒ်နှင့် ယှဉ်တွဲ၍ နေသောကြောင့်သာ နိပါတ်ပုဒ် အခန်း၌ မေးလေ့ဖြေလေ့ရှိနေကြသည်။)

ဣတိသဒ္ဒါ ဟောတွတ္ထ ဇောတက။

(ခ) ဝါကျ။ သာဝဋ္ဌ ဝေသဒ္ဒါ—အာဝဓာရဏတ္ထ။

၁။ သဒ္ဒါသည် ဂ....။
၂။ သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ, စသည်တို့သည် နီ....။
၃။ သတိ, ဝီရိယစသော အခြားသော ဣန္ဒြေထိုက်သော ဓမ္မတို့သည်၊ တစ်နည်း—သဒ္ဒါ၏ အခြားအမည်ဖြစ်ကောင်းသော ဗိုလ်စသောဂုဏ်သည် နု....။

တစ်နည်း—

၁။ သဒ္ဒါသည် ဂ....။
၂။ သဒ္ဓါကြဉ် ကျန်ဣန္ဒြေထိုက်သော သတိ, ဝီရိယစသည်သည် နီ....။
၃။ အခြားသောသဒ္ဒါ၏ အမည်ဖြစ်ကောင်းသော ဗိုလ်စသောဂုဏ်သည် နု....။

[ဤနည်းအလို-သာဝ-ထိုသဒ္ဒါသည်သာလျှင်၊ ဣန္ဒြိယံ-သဒ္ဒိန္ဒြေမည်၏ဟု ပေး။ ဝီရိယ ဝစနတ္ထအဖွင့် စ-ဝါကျ အမှာကိုလည်းကြည့်။] အဿဒ္ဓိယဿ၌ အသဒ္ဒါ-ဝိရဟတ္ထ၊ ပဋိသေဓတ္ထ၊ ဝိရုဒ္ဓတ္ထ။ အဘိဘဝနတော၌—

အဘိသဒ္ဒါ-ဓာတွတ္ထဝိသေသက၊ အဓိပတိ၌ အဓိသဒ္ဒါ အဓိနတ္ထ၊ အာယတ္တတ္ထ၊ တစ်နည်း—ဣဿရတ္ထ။ (ရှု)

(ဂ) ဝါကျ။ အဓိမောက္ခ၌ အဓိသဒ္ဒါ နိစ္ဆယတ္ထ။ (ရှု)

(ဃ) ဝါကျ။ သဒ္ဒါဝ၌ ဝေသဒ္ဒါအနက်, ဂဟောတဗ္ဗတ္ထစသည်ကို အထက်ပါ ခ-ဝါကျ ဝေက အတိုင်းမှတ်။

(င) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထ၊ တစ်နည်း-ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။ သမ္ပသာဒနဋ္ဌ သံသဒ္ဒါ ဓာတွတ္ထာနုဝတ္တက၊ တစ်နည်း သမ္မာအတ္ထ။ ပ သဒ္ဒါ-အနာဝိလတ္ထ။ စနှစ်ပုဒ်-အညမညသမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

http://www.dhammadownload.com



(စ) ဝါကျ။ ဩ၏ ကာရိ အဝသဒ္ဒါ–အနုပဝိသနတ္ထ။ (ဋီ-ဂ၉) ဝါ-ဩဂါ ဟနတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(က) ဝါကျ။ တေယ၌ တေသည် တရားသဘောကို စွဲ၏။ တရားသဘော (ဓမ္မဇာတိ)ဖြစ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ခ) ဝါကျ။ သာ၌ တသည် သဒ္ဒါကိုစွဲ၊ ဆိုအပ်ပြီးသော သဒ္ဒါဖြစ်ကိုစွဲသော ကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

တေယ, သယံ, သဒ္ဒဟတိ, သဒ္ဒဟန, သော, သဒ္ဓါ, သာ, အဘိဘဝနတော, အဓိပတိယဋ္ဌေန, ဣန္ဒြိယံ ဣန္ဒဋ္ဌံ, ကာရေတိ, သာ သော, သမ္ပသာဒနလက္ခဏာ, သမ္ပက္ခန္ဒနလက္ခဏာ ဟုဒ်တို့အရ–

၁။ သဒ္ဓါစေတသိက်သည်....။

၂။ သဒ္ဒေယျဝတ္ထုသည်....။

၃။ နီဝရဏတို့ကို ခွာခြင်း, ကိလေသာတို့ကို နှစ်စေခြင်း, စိတ်ကို ကြည်လင် စေခြင်း စသည်ဘို့သည်....။

၄။ စတုစက္ကသမ္ပတ္တိ စသည်၊ ဝါ-သဒ္ဓမ္မဿဝန စသည်သည်....။

၅။ စိတ်ကြည်လင်သဖြင့် ဒါနပြုခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်စောင့် သုံးခြင်း, ဘာဝနာအားထုတ်ခြင်းမှစ၍ နိဗ္ဗာန်အထိ များပြားလှသော အကျိုးအဆက်ဆက်သည်....။

[ဒါနံ ဒဒတော သီလံ ရက္ခတော ဥပေါသထကမ္မံ ကရောတော ဘာဝနံ အာရဘ တော သဒ္ဓါပုဗ္ဗင်္ဂမာ (စသည်) ဋ္ဌ-၁၆၃။]

(ခ) ဝါကျ။ [အဿဒ္ဓိယအရ၊ ဝါ-ထို၌ ဗာဟုဇ္ဇတ္ထ ဏျပစ္စည်းအရ-အကုသိုလ် စိတ္တုပ္ပါဒ်ယူ၍ ထုတ်မြဲ။]

ဒဋ္ဌဗ္ဗာထားရပုံ။ ။သာ (သဒ္ဓါ) ဟတ္ထ ဝိတ္တ ဗီဇာနိ ဝိယ ဒဋ္ဌဗ္ဗာ၊ [ဋ္ဌ-၁၆၃] သဒ္ဓါ၏ လက်, ဥစ္စာ, မျိုးစေ့တို့နှင့် တူသည်ကို သံသယဝင်၍ အနေကန်အားဖြင့် မှတ်ယူရမည် မဟုတ်။ သန္နိဋ္ဌာန်ကျ, ဧကန္တအားဖြင့်သာ မှတ်ယူရမည်-ဟု ပြလို သောကြောင့် ဒဋ္ဌဗ္ဗာ ထား၏။

## အဓိပ္ပာယ် အဆုံးအဖြတ်

(ခ) ဝါကျ။ အဿဒ္ဓိယသဉ္ဇ် အဿဒ္ဓိယသရုပ်, အရကောက် အဘိဓေယျတ္ထ- ကြည်ညိုအပ်သော ရတနာသုံးပါး ဣဓလောက, ပရလောက, ကမ္မဖလ-စသော တရားတို့၌ ကြည်ညို, ယုံကြည်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်

http://www.dhammadownload.com



(အကုသိုလ်စိတ္တုပ္ပါဒ်) သည် လည်းကောင်း, မကြည်ညိုအပ်သော ပူရဏကဿပ အစရှိသည်တို့၌ ကြည်ညိုခြင်းဟု ဆိုအပ်သော မိစ္ဆာဓိမောက္ခသည် လည်းကောင်း၊ ဝါ-မှားသော ဆုံးဖြတ်ခြင်းသည် လည်းကောင်း အဿဒ္ဓိယမည်၏။ [ပသာဒနီယ ဋ္ဌာနေသု ပသာဒဿ ပဋိပက္ခဘူတံ အကုသလံ အဿဒ္ဓိယံ မိစ္ဆာဓိမောက္ခော စ-။ ဋီ-၇၉]

(၇) ဝါကျ။ အဓိမောက္ခလက္ခဏော် အဓိမောက္ခအပြား–

၁။ ယုံကြည်သောအားဖြင့် ဆုံးဖြတ်ခြင်း–ဟူသော သဒ္ဓါဓိမောက္ခ။
၂။ အဓိမောက္ခစေတသိက်-ဟူသော ယေဝါပနကာဓိမောက္ခ။

ဣဓာဓိပ္ပေတာဓိမောက္ခကား — (သဒ္ဓါစေတသိက်ကိုပင် ယုံကြည်ထိုက်သော ဝတ္ထုတို့၌ ယုံကြည်သောအားဖြင့် ဆုံးဖြတ်တတ်သောကြောင့်) သဒ္ဓါဓိမောက္ခကို ဤ၌ လိုအပ်ပါသည်၊ [ပသာဒဘူတော နိစ္ဆယော ဝတ္ထုဂတော အဓိမောက္ခ လက္ခဏံ န ယေဝါပနကာ ဓိမောက္ခောတိ၊ -ဋီ-၇၉]

သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ—[ဌ- ၁၆၃]

**သဒ္ဓေယျဝတ္ထုအပြား ငါးပါးသရုပ်။** ။၁–ဘုရားရတနာ။ ၂–တရားရတနာ။ ၃–သံဃာရတနာ။ ၄–ကံ။ ၅-ကံ၏အကျိုး။ (ဣဓလောက ပရလောက) ဗုဒ္ဓါဒိဝတ္ထုနိ သဒ္ဓေယျာနိ၊ ဋီ-၇၉။ ဗုဒ္ဓါဒိဝတ္ထုနီတိ တေ ဣဓ လောက ပရလောက ကမ္မဖလသမ္ဗန္ဓာပိ သင်္ဂဟိတာတိ-ဒဋ္ဌဗ္ဗံ၊ နု-ဋီ ၉၆]

**သောတာပတ္တိယင်္ဂ** ပဒဋ္ဌာနာဝါ၊ [ဌ–၁၆၃]

(သောတာပတ္တိယင်္ဂ) သောတာပတ္တိမဂ် အင်္ဂါ ၄-ပါး-၁-သပ္ပုရိသူပသေဝန။ ၂-သဒ္ဓမ္မဿဝန။ ၃-ယောနိသောမနသိကာရ။ ၄–ဓမ္မာနုဓမ္မာပဋိပတ္တိ။ [ဋီ-၇၉] သာ (သဒ္ဓါ) ဟတ္ထ ဝိတ္တ ဗီဇာနိဝိယ ဒဋ္ဌဗ္ဗာ။ [ဌ–၁၆၃]

**သဒ္ဓါ၏ လက်, ဥစ္စာ, မျိုးစေ့တို့နှင့်တူပုံ။** ။သဒ္ဓါသည် ကုသိုလ်တရားတို့ကို ယူခြင်း၌ လက်နှင့်တူ၏။ သဗ္ဗသမ္ပတ္တိကို ပြီးစေခြင်း၌ ဥစ္စာနှင့်တူ၏။ အမြိုက်တည်းဟူသော အသီးဖလကို သီးစေခြင်း၌၊ ဝါ-လယ်ထွန်ခြင်းကြောင့် ရအပ်သော အမြိုက်အသီးကို သီးစေခြင်း၌ မျိုးစေ့နှင့်တူ၏။[ကုသလဓမ္မာနံ အာဒါနေ ဟတ္ထော ဝိယ, သဗ္ဗသမ္ပတ္တိနိပ္ဖါဒနေ ဝိတ္တံ ဝိယ, အမတ ကသိဖလ ဖလနေ ဗီဇံ ဝိယ ဒဋ္ဌဗ္ဗာ။ ဋီ-၇၉]

သဒ္ဓါအစစ်အတု။ ။လောက၌ ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟု သရဏ, တာဏ, လေဏ, ပရာယနအစစ် ပညာခေတ်ရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုက်တို့၏ ကောင်းကျိုး, မကောင်းကျိုးမည်သည် ရှိ၏-ဟု ငါးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားအစစ်တည်း။

http://www.dhammadownload.com



ပူရဏ ကဿပစသော တိတ္ထိ တက္ကတွန်းတို့၌ ကြည်ညိုခြင်းတို့ကား သဒ္ဓါ တရားမမည်၊ ဝါ-သဒ္ဓါအစစ်မဟုတ် မိစ္ဆာ အဓိမောက္ခ စေတသိက်သာတည်း။ အမှတ်မဲ့သော သူတို့၏ တစ်စုံတစ်ခုသော အကြောင်းကိုစွဲ၍ ကြည်ညိုခြင်းသည်လည်း သဒ္ဓါတရားမဟုတ်။ အဓိမောက္ခစေတသိက်သာတည်း။ (နိဿယ ဒု ၆၄-၂၈)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ တောယ-ဟူသော ကုရိုဏ်းပါဠိအရ သဒ္ဓါစေတသိက်သည် သဒ္ဓဟန္တိ-ဟူသော ကြိယာအရ သဒ္ဓါကြည် သဒ္ဓါနှင့်ယှဉ်သော သမ္ပယုတ်စိတ္တုပ္ပါဒ် အား၊ တစ်နည်း-(ဌာနာနုရူပအားဖြင့်) မဟာကုသိုလ်စိတ်တစ်ခု, သဒ္ဓါကြည် စေတသိက် (၃၇) အား၊ (သာမညအားဖြင့်) သောဘနစိတ် ၆၉, သဒ္ဓါကြည် စေတသိက် (၃၇) အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဝိပ္ပ-သံ-တ္ထိ-အဝိ (၇)၊ [အဝိပါက] [သဝိပါကဖြစ်လျှင် ဝိပါကထည့်၍-၈]။

[တောယအရနှင့် သမ္ပယုတ္တဓမ္မာဟူသော ပါဠိသေသ ကတ္တားပုဒ် အရတို့ကို လည်း ဤနည်းတူပြိုင်။]

သမ္ပယုတ္တဓမ္မာဟူသော ပါဠိသေသကတ္တားပုဒ်အရ ဝေဒနာက္ခန္ဓာသည်၊ သဒ္ဓ ဟန္တိ ကြိယာအရ သဒ္ဓါသမ္ပယုတ် စိတ္တုပ္ပါဒ်, ကျန်နာမက္ခန္ဓာ သုံးပါးအား သဟ ပြု၏၊ ပြိုင်-သဟ-ည-နိ-ဝိပ္ပ-ဈာ-သံ-တ္ထိ-အဝိ (၈)။

(ခ) ဝါကျ။ အဿဒ္ဓိယဿအရ အကုသိုလ်စိတ္တုပ္ပါဒ်, တစ်နည်း-မိစ္ဆာဓိမောက္ခ သည် အဘိဘဝနတော့အရ သဒ္ဓါအား အာရမ္မဏပြု၏။ ပြိုင်-မရှိ။

(ဂ) ဝါကျ။ ကာရေတိအရ သဒ္ဓါသည် သမ္ပယုတ္တ ဓမ္မေဟူသော ပါဠိသေသ ကာရိတ်ကံပုဒ်အရ သဒ္ဓါကြည် သဒ္ဓါနှင့်ယှဉ်သော သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ-ပြု၏။ ပြိုင်-သဟ-ည-နိ-ဝိပ္ပ-သံ-တ္ထိ-အဝိ (၇)။

http://www.dhammadownload.com

# ၅၀-ဝီရိယ ဝစနတ္ထအဖွင့်

(က) ဝီရဿ ဘာဝေါ ဝီရိယံ၊

(ခ) ဝီရာနံဝါ ကမ္မံ ဝီရိယံ၊

(ဂ) ဝိဓိနာဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ။

(ဃ) တဒေဝ ကောသဇ္ဇဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊

(င) ပဂ္ဂဟဏ လက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(စ) ဝီရိယမေဝ ဣန္ဒြိယံ ဝီရိယိန္ဒြိယံ။

(ဆ) တံပနေတံ ဥပတ္ထမ္ဘန လက္ခဏဉ္စ ဝီရိယံ, ပဂ္ဂဟဏလက္ခဏဉ္စ။ [ဋ္ဌ-၁၆၃]

### အနက်ထူး

သံဝဏ္ဏေတဗ္ဗအနက် – က – ဝါကျ သံဝဏ္ဏနာအရ-ဝီရိယံ- စွမ်းနိုင်သော သူ၏ အဖြစ်။

(ခ) ဝီရိယံ-စွမ်းနိုင်သော သူတို့၏ အမှု။

(ဂ) ဝီရိယံ အစီအရင်ဖြင့် ဖြစ်စေအပ်သောတရား။

ဝီရိယံ-ဝီရိယ၊ ဝါ-အားထုတ်မှုလုံ့လ (ကေဝလ ဒဗ္ဗာပေက္ခတ္တ၊ အဂုဏာ ပေက္ခတ္တ၊ နာမ ပေက္ခတ္တ)

ဝီရိယံ–အစီအရင်ဖြင့် ဖြစ်စေအပ်သော ဝီရိယ (သဂုဏဒဗ္ဗာပေက္ခတ္တ) [ကေဝလ ဒဗ္ဗာပေက္ခတ္တ စသည် အနက်ပေးနည်း ပထမတွဲ-၁၄-၅ တို့၌ရှု]

ဝီရိယံ-စွမ်းနိုင်သော သူ၏ အဖြစ် (သဒ္ဒတ္ထ) ဝါ-ဝီရိယ, အားထုတ်ခြင်း လုံ့လ၊(ဝေါဟာရတ္ထ)တစ်နည်း-ဝီရိယံ-ဝီရိယ၊(ဝေါဟာရတ္ထ) ဝါ-အားထုတ်ခြင်း လုံ့လ၊ (အဓိပ္ပာယတ္ထ)။

### ကျမ်းတက်

### ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ (သဒ္ဓိန္ဒြိယံအဖွင့်မှတစ်ပါး ဝီရိယံပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်။)

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဝီရိယံ၌ ဏျပစ္စည်းသည် ဘာဝ အနက်၌သက်၍ ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရသောဟူ ဆိုတော်မူ၏၊ဤသို့ ဆိုချေသော်, ဏျပစ္စည်း ဘာဝအနက်၌သာ သက်၍ ဘာဝတဒ္ဓိတ် ဝစနတ္ထကိုသာ ပြုရ၏ဟု

http://www.dhammadownload.com



မှတ်အပ်သည် မဟုတ်ပါလော....ပ....ဏျပစ္စည်း၏ တစ်ပါးသော ဖြစ်သင့်သော ကမ္မအနက်နှင့် ကမ္မတဒ္ဓိတ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။...စသည်။ တစ်နည်း ဏျပစ္စည်း၏ တစ်ပါးသော ဖြစ်သင့်သော ကမ္မအနက်နှင့် ကမ္မတဒ္ဓိတ် ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က-ခ-ဝါကျတို့ဖြင့် ဝီရိယံပုဒ်ကို ဘာဝတဒ္ဓိတ်, ကမ္မတဒ္ဓိတ် ဝစနတ္ထပြုရသောဟု ပြဆိုတော်မူ၏။.... သော်, ဝီရိယံ၌ ဤဆိုအပ်ပြီးသော ဝစနတ္ထမျှသာ ဖြစ်ကောင်း၏ ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ တစ်နည်း-ဝီရိယံ၌ တစ်ပါးသော ဖြစ်သင့်သော ကိတ်ဝစနတ္ထ, သမာသ် ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာလေသောကြောင့် က-ခ-ဝါကျတို့ဖြင့် ဘာဝတဒ္ဓိတ်, ကမ္မတဒ္ဓိတ် ဝစနတ္ထတို့ကိုသာ မဆိုသင့် ဝီရိယံ၌ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထတို့ကိုလည်း (သာမည) ဝါ-ကိတ်ဝစနတ္ထ, သမာသ်ဝစနတ္ထတို့ကိုလည်း (ဝိသေသ) ပြဆိုသင့်သေး၏။ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထတို့ကား အဘယ်ပါနည်း၊ ဝါ-ကိတ်ဝစနတ္ထ သမာသ်ဝစနတ္ထတို့ကို အဘယ်သို့ပြုရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝိဓိနာဝါစသော ဂ-ဝါကျကို မိန့်။ အဓိပ္ပာယ်ကား-ဝိဓိနာဝါ စသော (ဂ) ဝါကျဖြင့် ဝီရိယံ၌ ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဤရိယံ (ကိတ်ဝစနတ္ထ) ဝိဓိနာ+ဤရိယံ ဝီရိယံဟု (သမာသ် ဝစနတ္ထ) ပြုရသည်ကိုလည်း ပြဆို၏ ဟူလိုသော်။

ဒေါသာရောပန စောဒနာတက်သော်-

ဝီရိယံ၌ တစ်ပါးသော ဖြစ်သင့်သော ကိတ်ဝစနတ္ထ, သမာသ်ဝစနတ္ထတို့ကို မပြဆိုခဲ့သော် ဆရာအား မန္ဒစပ်, မပြည့်စုံခြင်းဟူသော အဗျာပိတဒေါသ အပရိပုဏ္ဏ-ဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်တက်။ အဓိပ္ပာယ်ကား-ဝိဓိနာဝါ စသော ဂ-ဝါကျဖြင့် ဝီရိယံ၌ တစ်ပါးသောဖြစ်သင့်သော ကိတ်ဝစနတ္ထ-သမာသ်ဝစနတ္ထတို့ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ဆရာအား၊ ဝါ-ဆရာ့အပေါ်၌ မရောက်ဟူလိုသော်။

(ဃ) ဝါကျ။ (ဝီရိယံပုဒ်၏ အဖွင့်မှတစ်ပါး ဣန္ဒြိယံပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်)။

(င) ဝါကျ။ တစ်ပါးသော ဣန္ဒြေမည်ခြင်း၏ အကြောင်းကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ တစ်နည်း-ဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် ဣန္ဒြေမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ အာဘော်ထားတက်)

ရှုတနည်းဂုဏ်ရည် (၆၀)

http://www.dhammadownload.com



(စ) ဝါကျ။ (ဝီရိယံ, ဣန္ဒြိယံဟူသော အစိတ်ပုဒ်တို့၏ အတ္ထဝဏ္ဏနာမှတစ်ပါး ဝီရိယိန္ဒြိယံဟူသော အပေါင်းပုဒ်၏ အတ္ထဝဏ္ဏနာဖြစ်သည်ကို ရှုတက်။)

(ဆ) ဝါကျ။ (ဝစနတ္ထ, ပဒတ္ထမှတစ်ပါး၊ လက္ခဏတ္ထဖြစ်သည်ကို၊ဝါ-လက္ခဏာ ပြသည်ကို ရှုတက်။)

## ပါဠိနာဒိကျမ်းတက်

(က) ဝါကျ။ ဝီရိယံပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

(ခ) ဝါကျ။ ဝီရိယံ၌ ဏျပစ္စည်းသည် ဘာဝအနက်၌သာလျှင် ဖြစ်ကောင်း၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....ဏျပစ္စည်း၏ တစ်ပါးသော ဖြစ်သင့်သော ကမ္မအနက်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

(ဂ) ဝါကျ။ ဝီရိယံ၌ တစ်ပါးသော ဖြစ်သင့်သော ကိတ်ဝစနတ္ထ, သမာသ် ဝစနတ္ထတို့ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)....ပ....ဝီရိယံ၌ တစ်ပါးသော ဖြစ်သင့်သော ကိတ်ဝစနတ္ထ, သမာသ်ဝစနတ္ထတို့ကိုလည်း ပြဆိုသင့် သေး၏။ (နု—ရော)....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

[ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက် ဝါကျတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့ကို သိ။

ဝါသဒ္ဒါများ လဲလှယ်ပုံ။ ။(ခ)ဝါကျ။ ဝီရိယံ၌ ဏျပစ္စည်း၏ ဘာဝအနက် အကြောင်းမှတစ်ပါး၊ တစ်နည်း–စွမ်းနိုင်, ရဲရင့်သောသူ၏ အဖြစ်တည်းဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ ဏျပစ္စည်း၏ ကမ္မအနက် အကြောင်း တစ်ပါးကို၊ တစ်နည်း-စွမ်းနိုင်, ရဲရင့်သောသူတို့၏ အမှုတည်းဟူသော သကတ် အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

(ဂ) ဝါကျ။ စွမ်းနိုင်, ရဲရင့်သောသူတို့၏ အမှုတည်းဟူသော သကတ်အနက် အကြောင်း, တစ်နည်း-ဝီရပုဒ်+ဏျပစ္စည်းဖြင့်ပြီးသော တဒ္ဓိတ်ပုဒ် ဟူသော သဒ္ဒါ အကြောင်းတို့မှတစ်ပါး၊ အစီအရင်, နည်း, လျောက်ပတ်သော အကြောင်းဖြင့် ဖြစ်စေအပ်သည်၏အဖြစ် အစီအရင်, နည်း, လျောက်ပတ်သော အကြောင်းဖြင့် ဖြစ်စေအပ်သည်၏အဖြစ် ဟူသော သကတ်အနက်အကြောင်း, တစ်နည်း-ဝိပုဗ္ဗ+ ဤရဓာတ်+ဏျပစ္စည်းဖြင့်ပြီးသော ကိတ်ပုဒ်သဒ္ဒါ၊ ဝါ-သမာသ်ပုဒ်သဒ္ဒါဟူသော အကြောင်းတို့ကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

http://www.dhammadownload.com



အချုပ်မှာ-သဒ္ဒါ, အနက်, အကြောင်း သုံးပါးတို့ကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

(သုံးဝိကပ်လုံး၌ ဝီရိယချည်းရသည်ဖြစ်၍ အဘိဓေယျတ္ထ အရကောက် အကျိုးကား မလဲပါ။)

(င) ဝါကျ။ ပျင်းရိခြင်းကို နှိမ်နင်းလွှမ်းမိုးတတ်, မိမိနှင့်စပ်သော တရားတို့ကို အစိုးရတတ်သည်၏အဖြစ် ဟူသော သကတ်အနက်အကြောင်းတစ်ပါးမှ သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်း, လျော်သောအားပေးခြင်း လက္ခဏာ၌ မိမိအစိုးရသည် အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သည်၏အဖြစ် ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

စသဒ္ဒါ ထားရပုံ။ (ဆ)ဝါကျ။ ဝီရိယသည် ပဂ္ဂဟဏလက္ခဏာသာလျှင် ရှိသည် မဟုတ်သေး၊ ဥပတ္ထမ္ဘန လက္ခဏာလည်း ရှိသေး၏ ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် ရှေ့စသဒ္ဒါထား၏။

ဥပတ္ထမ္ဘနလက္ခဏာ ရှိသည်သာလျှင် ရှိသည် မဟုတ်သေး၊ပဂ္ဂဟဏလက္ခဏာလည်း ရှိသေး၏ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် နောက် စသဒ္ဒါ ထား၏။

အပရော နယော ထားရပုံ။ အပရောနယော–ဥဿာဟလက္ခဏံဝီရိယံ။[ဋ္ဌ-၁၆၄] ဤ၌ ဝီရိယ၏ ဥပတ္ထမ္ဘန လက္ခဏာ, ပဂ္ဂဟဏလက္ခဏာ ရှိသည်၏အဖြစ်-ဟူသော သကတ်အနက်အကြောင်းမှတစ်ပါး၊ ဥဿာဟလက္ခဏာ ရှိသည်၏အဖြစ်– ဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် အပရော နယော ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝီရယတီတိ ဝီရော။ (တဒ္ဓာ ဝီရဿ)

၁။ ဝီရယတီတိ ဟူသော ဝိဂ္ဂဟဝါကျသည်....။
၂။ ဝီ-ရ-ယ-တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်းအကြောင်း ဖြစ်သော စွမ်းနိုင်, ရဲရင့်ခြင်းကြိယာသည်....။
၃။ ဝီရောဟူသော နိပ္ဖန္နသဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သော စွမ်းနိုင်, ရဲရင့်ခြင်း ကြိယာသည်, တစ်နည်း.... ဝါယာမမြေဒြပ်သည် (နိဿယ)....။ [ဘေဒစိန္တာနည်း]

(ခ) ဝါကျ။ ဝီရယန္တိတိ ဝီရာ။ (တေသံ ဝီရာနံ) [ယခင် ဝီရောကိုနည်းမှီခဲ့။]

(ဂ) ဝါကျ။ သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဤရိယံ။ (အစိတ်) [ဤရဓာတ်+ဏျပစ္စည်း၊ ဖြစ်စေခြင်း ကြိယာခဲ့။] ဝိဓိနာ+ဤရိယံ ဝီရိယံ။ (အပေါင်း)

http://www.dhammadownload.com



၂။ ထို၏ အကြောင်းဖြစ်သော အစီအရင်၏ ဖြစ်စေအပ်သော တရားနှင့်၊ ဝါ–ဝီရိယနှင့် အကြောင်း+အကျိုး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အစီအရင်ဖြင့် ဖြစ်စေခြင်းကြိယာသည်၊တစ်နည်း-ဝီရိယတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(ဃ) ဝါကျ။ ကုစ္ဆိတံ သီဒတီတိ ကုသီဒေါ။ [ကုသဒ္ဒူပပဒ+သီဒ (သိဒ) ဓာတ်+ ...ပစ္စည်း၊ စက်ဆုပ်အပ်စွာ ဆုတ်နစ်ခြင်းကြိယာ။ တစ်နည်း–ကုသီယတိ ဒါက္ကောသီယတီတိ ကုသီတော။ ကုသဓာတ်+တပစ္စည်း၊ ဆဲရေးခြင်းကြိယာ။] ကုသီဒဿ+ဘာဝေါ ကောသဇ္ဇံ။

၂။ ထို၏အကြောင်း ဖြစ်သော ပျင်းရိသောသူ၏ ပျင်းရိသည်၏ အဖြစ်နှင့်၊ ဝါ–ပျင်းရိခြင်းနှင့် ဂုဏအား+ဂုဏ် စပ်....။

၄။ ထို၏ အကြောင်းဖြစ်သော ပျင်းရိသောသူ၏အဖြစ် ဟူသော ဂုဏ်သည်။ [ကုစ္ဆိတော ဟုတွာ သယတိ ပဝတ္တတိ, ကတ္တဗ္ဗကမ္မေဝါ သီဒတိ သံသီဒတီတိ ကုသီတော၊ ကုသီတဿ+ဘာဝေါ ကောသဇ္ဇံ။ - မဏိမဉ္ဇူ-ဒု-၂၆၅]

## လိင် စသည်ခွဲပုံ

ဝိဓိနာ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။ တဒေဝ-တံ+ဧဝ မှဒ်ဖြတ်၍ တံကို–နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ဧဝ–အလိင်၊ နိပါတ်ပုဒ်ခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ဝီရဿ ဘာဝေါဖြင့် ဝီရိယံ၌ ဝီရပုဒ်+ဏျပစ္စည်း ထိုဏျပစ္စည်း ဘာဝအနက်ဟော၊ (ပစ္စယတ္ထ) ဝီရဿ+ဘာဝေါ ဝီရိယံဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု။ (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထ နယန္တရဇောတက အဖြစ်ကို သိစေ၏။ တစ်နည်း-ဝီရိယသဒ္ဒါသည် ဆိုအပ်ပြီးသော ဘာဝတဒ္ဓိတ်အနက်၌သာ ဖြစ်သည် မဟုတ်သေး၊ ကမ္မတဒ္ဓိတ်အနက်၌လည်း ဖြစ်သေး၏ဟု သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) ဝီရာနံ ကမ္မံဖြင့် ဏျပစ္စည်း ကမ္မအနက်၌သက်၊ (ပစ္စယတ္ထ) ဝီရာနံ+ကမ္မံ ဝီရိယံဟု ကမ္မတဒ္ဓိတ်ဝစနတ္ထပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဝါ-ဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏။ တစ်နည်း–ဝီရိယသဒ္ဒါသည် ဆိုအပ်ပြီးသော ဘာဝ, ကမ္မ တဒ္ဓိတ် အနက်တို့၌သာ ဖြစ်သည်မဟုတ်သေး၊ဆိုလတ္တံ့သော တပ္ပုရိသ်သမာသ် အနက်၌လည်း ဖြစ်သေး၏ဟု သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ဝိဓိနာဖြင့် ဝီရိယံ၌ ဝိသဒ္ဒါ ဝိဝိဓစသော အနက်ကို

http://www.dhammadownload.com



မဟော၊ ဝိဓိအနက်ဟောဟု သိစေ။ (ဥပသဂ္ဂလိင်္ဂတ္တ) နယေန ဥပါယေနဖြင့် ဝိဓိအရ နယ, ဥပါယကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္တ) ဉာယိတဗ္ဗံဖြင့် ဝိရိယံ၌ ဝိပုဗ္ဗ+ဉာဓာတ်၊ (ဒုဓာတုပဒ) ကျေပစွည်း ဟောတု ကမ္မသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္တ) ဉာယိတဗ္ဗန္တိ ဉာယိယံဟု ဟောတုကမ္မသာဓ် ဝစနတ္ထပြု (အဘိဓာနတ္တ) သိစေ၏။ ပဝတ္တယိတဗ္ဗံဖြင့် ဝိပုဗ္ဗ+ဉာဓာတ် ဉာဏ စသော အနက်ကို မဟော၊ ပဝတ္တန အနက်ဟောဟု သိစေ။ (ဒု-ဓာတွတ္တ) ဝိဓိနာ ဉာယိတဗ္ဗံဟူသော အပေါင်းဖြင့် ဝိရိယံ၌ ဝိ+ဉာယိယံဟု ပုဒ်ဖြတ်၊ (သန္ဓိလိင်္ဂ) ဝိဓိနာ+ဉာယိယံ ဝိရိယံ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္တ) သိစေ၏။

ရုတိဖြင့် ဟောတွတ္တဇောတက အဖြစ်ကို သိစေ၊ (အတ္တ၊ ဘာဝတ္တ)

(ကျန်ဝါကျများ၏ အာဘော်ကို ရှေ့သဒ္ဒါအဖွင့် နည်းမှီဖော်။)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(ဃ) ဝါကျ။ ဝေသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဝိရိယသည် ဂ....။
၂။ သတ္တ ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။
၃။ သတိ, ဝိရိယ စသော ရှုခြွေမည်ကောင်းသော တရားသည်, တစ်နည်း—
အခြားသော ဝိရိယ၏ အမည်ဖြစ်ကောင်းသော ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် စသော ဂုဏ်သည် နု....။

တစ်နည်း-ထုတ်ပုံ—

၁။ ဝိရိယသည် ဂ....။
၂။ ဝိရိယကြဉ် ကျန်ရှုခြွေထိုက်သော သဒ္ဒါ, သတိစသည်သည် နိ....။
၃။ အခြားသော ဝိရိယ၏ အမည်ဖြစ်သော ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် စသော ဂုဏ်သည် နု....။

[မှတ်ချက်။ ။ပထမနည်းထုတ်ရာ၌—တဒေဝ—ထိုဝိရိယသည်သာ၊ ရုန္ဓိယံ—ရှုခြွေမည်၏ဟု အနက် သမ္ဗန်။ ဒုတိယနည်းထုတ်ရာ၌ တဒေဝ—ထိုဝိရိယသည်သာ၊ ရုန္ဓိယံ-ဝိရိယခြွေမည်၏ဟု အနက်သမ္ဗန်၍ နှစ်နည်းထုတ်ကြကုန်၏။]

(င) ဝါကျ။ ပဂ္ဂဟဏ၌ ပသဒ္ဒါ-ဓာတွတ္ထဝိသေသက၊ တစ်နည်း-ပဂ္ဂဏှတ္ထ အနုဂ္ဂဟတ္ထ။ [ရှု-ဋီ-ပ ဥပသာရအနက်ထုတ်ပြရာ၌ ပကာသတိဝယ် ပသဒ္ဒါ-ပကာသနတ္ထဟု ဆိုသည်ကို နည်းမှီ။]

http://www.dhammadownload.com



(စ) ဝါကျ။ [ဇေ၏အနက်နှင့် ဂဟေဘဗ္ဗ စသည်ထုတ်ပုံ ဃ-ဝါကျ ဝေက အတိုင်းမှတ်။ သို့သော် နောက်နည်းထုတ်ရာ၌-ကိလေသာဝေ ကိလေသဝတ္ထုနို ၌-၄၁၆-ကဲ့သို့ ဝီရိယမေဝ ဝီရိယိန္ဒြိယံဟု ဖွင့်မှသာ အဆင်ပြေမည်။ ဤ စ-ဝါကျ နှင့် အထက်ပါ ဃ-ဝါကျအဖွင့်မျိုး၌ကား ပထမနည်းအရ ထုတ်ခြင်းသာ သင့်အံ့ ထင်သည်။ သဒ္ဓါ, သတိ အဖွင့်စသည်၌လည်း နည်းတူ။]

(ဆ) ဝါကျ။ ပန သဒ္ဒါ-ပက္ခန္တရတ္ထ၊တစ်နည်း-ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ။ စ နှစ်ပုဒ်-အညမည သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဃ) ဝါကျ။ တံ၌ တသည် ဝီရိယကိုစွဲ၏၊ ဆိုအပ်ပြီးသော ဝီရိယဒြပ်ကိုစွဲသော ကြောင့် ပက္ကန္တဝိသယ။

(ဆ) ဝါကျ။ တံတော၌ တ—ည် ဝီရိယကိုစွဲ၏။ ဝီရိယံ-ဟု အစွဲတိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅ တန် ထုတ်ပုံ

ဘာဝေါ, ကမ္မံ, ဤရိယိတဗ္ဗံ, ပဝတ္တယိတဗ္ဗံ, ဝီရိယံ ပုဒ်တို့အရ-

၁။ ဝီရိယသည်....။
၂။ ဝီရိယာရမ္ဘဝတ္ထု (၈) ပါးသည်....။
၃။ ပျင်းရိခြင်းကို ပယ်ရှားခြင်း, ခပ်သိမ်းသော ကုသိုလ်တရားတို့မှမဆုတ်ယုတ် ခြင်းသည်....။

[ဝီရိယုပတ္ထမ္ဘိတာ သဗ္ဗေ ကုသလာ ဓမ္မာ နဟာယန္တိ၊ နပရိဟာယန္တိ-ဠ-၁၆၄]

၄။ ပတိရူပ ဒေသဝါသ စသော စတုစက္ကသမ္ပတ္တိ စသည်သည်....။
၅။ မနုဿသမ္ပတ္တိ, ဒေဝသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိတို့သည်....။

[သမ္မာ အာရဒ္ဓံ သဗ္ဗာသံ သမ္ပတ္တီနံ မူလံ ဟောတီတိ ဒဋ္ဌဗ္ဗံ၊ ဠ-၁၆၄]

ဒဋ္ဌဗ္ဗံ ထားရပုံ။ သမ္မာ အာရဒ္ဓံ သဗ္ဗာသံ သမ္ပတ္တီနံ မူလံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ [ဠ-၁၆၄။]

အသင့်အားဖြင့် အားထုတ်အပ်သော ဝီရိယသည် ကုန်အောင်စုံသော သမ္ပတ္တိ တို့၏, ဝါ-စည်းစိမ်တို့၏ အကြောင်း အမြစ် ဖြစ်၏ဟု သန္နိဋ္ဌာန်ကျ, မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ဧကန္တအားဖြင့် မှတ်ယူရမည်ဟု ပြလိုသောကြောင့် ဒဋ္ဌဗ္ဗံ ထား၏။

http://www.dhammadownload.com



## နံပါတ် ၉-အတွက် အဓိပ္ပာယ်

သံဝေဂပဒဋ္ဌာနံ, ဝီရိယာရမ္ဘဝတ္ထု ပဒဋ္ဌာနံ ဝါ·[ဋ္ဌ-၁၆၄]

သံဝေဂဝတ္ထု (၈) ပါး။ ၁-ဇာတိ။ ၂-ဇရာ။ ၃-ဗျာဓိ။ ၄-မရဏ။ ၅-အပါယဘယ (အပါယဒုက္ခ)။ ၆-အတီတေ ဝဋ္ဋမူလဒုက္ခ။ ၇-အနာဂတေ ဝဋ္ဋမူလဒုက္ခ။ ၈—ပစ္စုပ္ပန္နေ အာဟာရပရိယေသန (ပရိယေဋ္ဌိ)ဒုက္ခ။

### ဝီရိယာရမ္ဘဝတ္ထု (၈) ပါး

၁။ မဂ္ဂေါ ဂန္တဗ္ဗော ဟောတိ။
၂။ မဂ္ဂေါ ဂတော။
၃။ ကမ္မံ ကတ္တဗ္ဗံ။
၄။ ကမ္မံ ကတံ။
၅။ အပ္ပ မတ္တကော အာဗာဓော ဥပ္ပန္နော။
၆။ ဂိလာန ဝုဋ္ဌိတော ဟောတိ အစိရ ဝုဋ္ဌိတော ဂေလညာ။
၇။ ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ စရန္တော နလလတိ လူခဿဝါ ပဏီတဿဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ။
၈။ (ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ စရန္တော) လဘတိ လူခဿဝါ ပဏီတဿဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ။ [ဋ္ဌိ-၈၉]

### ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဘာဝေါအရ ဝီရိယသည် ဝီရဿအရ ဝီရိယကြဉ် ဝီရိယနှင့် ယှဉ်သော သမ္ပယုတ်စိတ္တုပ္ပါဒ်, နာမက္ခန္ဓာလေးပါး, စိတ္တဇရုပ်တို့အား သဟပြု၏၊ ပြိုင်—ယထာရဟ-ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-ဝိပ္ပ-တ္ထိ အဝိ (၁၀)။ တစ်နည်း—ဝီရဿအရ ခန္ဓာပဋ္ဌာကအား ပကတူ-ပြု၏။ ပြိုင်-မရှိ။

(ဝီရိယံ၌ ဗာဟျတ္ထ ဏျပစ္စည်းအရ ဝီရိယ ပစ္စည်းယူ၍ အန္တတ္ထ ဝီရပုဒ်အရ ယခင် ဝီရဿအတိုင်း ကောက်၍ ပြိုင်။)

(ခ) ဝါကျ။ ကမ္မံအရ ဝီရိယပစ္စည်းယူ၍ ဝီရာနံအရ ယခင် ဝီရဿအတိုင်းကောက် ၍ ပြိုင်။ ဝီရိယံ၌လည်း ဗာဟျတ္ထအန္တတ္ထအရတို့ကို ကောက်၍ နည်းတူပြိုင်။

(ဂ) ဝါကျ။ ဝိဓိနာ နယေန ဥပါယေနအရ အစီအရင်, နည်း, လျောက်ပတ်သော အကြောင်းသည်၊ ဝါ—ပုဗ္ဗပယောဂသည် ဤရိယိတဗ္ဗံ, ပဝတ္တယိတဗ္ဗံအရ-ဝီရိယအား ပကတူ-ပြု၏။ ပြိုင်-မရှိ။

[ဝီရိယံ၌လည်း ဝိအရနှင့် ဤရိယံအရ ဤနည်းတူကောက်၍ပြိုင်။]

(ဃ) ဝါကျ။ ကာရေတီအရ ဝီရိယ စေတသိက်သည် သမ္ပယုတ္တဓမ္မဟူသော ပါဌ်သေသ ကာရိတ် ကံပုဒ်အရ ဝီရိယကြဉ်သော သမ္ပယုတ္တဓမ္မအား သဟ-ပြု၏။ ပြိုင်—ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။

❀ ❀ ❀

# ၅၁-သတိဝစနတ္ထ အဖွင့်

(က) သရန္တိ ဧတာယ, သယံ ဝါ သရတိ, သရဏ မတ္တမေဝ ဝါ ဧသာတိ သတိ။

(ခ) သာ ဝ မုဋ္ဌဿစ္စာ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) ဥပဋ္ဌာန လက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သတိ ဧဝ ဣန္ဒြိယံ သတိန္ဒြိယံ။

(င) သာ ပနေသာ အပိလာပန လက္ခဏာ စ သတိ ဥပဂ္ဂဏှနလက္ခဏာ စ။

(စ) အပရော နယော အပိလာပန လက္ခဏာ သတိ၊ အသမ္မောသန ရသာ။ [ဋ္ဌ-၁၆၄-၅]

(အမှာ။ ။ဤ သတိအဖွင့်သည် ရှေးဦးပြခဲ့သော သဒ္ဓါအဖွင့်နှင့် အသွားအလာ အနေအထား တူသည်၊ ပထမတွဲ နောက်ဆက်တွဲ၌လည်း ၂၉-ခုနှစ် အစိုးရပုစ္ဆာနှင့် ၎င်း၏အဖြေတို့ကိုလည်း ပြခဲ့ပြီ၊ ထူးရာကိုသာ ရေးအံ့။)

### အနက်ထူး

(က) ဝါကျ။ (သရန္တိ စသော ကြိယာပုဒ်တို့၏ နိယတ်, အနိယတ်, ကံ, ကတ္တားထည့်၍ ပေးပါဟုဆိုက နိဿယအတိုင်းပင်)

(ဂ) ဝါကျ။ ဥပဋ္ဌာနလက္ခဏေ—ရှည်မြင့်စွာသော ကာလပတ်လုံး၌ ပြုအပ်သည် စသော အာရုံသို့ ကပ်၍ တည်ခြင်းလက္ခဏာ၌။ ဝါ—ရှည်မြင့်စွာသော ကာလ၌ ပြုအပ်သည် စသော အာရုံကို မလွတ်မူ၍ ကပ်၍တည်ခြင်း လက္ခဏာ၌။ (သမ္ပယုတ္တဓမ္မေ—ဟု ကာရိတ်ကံ ထည့်မြဲ၊)

[စိရ ကတာဒိ အာရမ္မဏံ ဥပဂန္တွာ ဌာနံ, အနိဿဇ္ဇနံ ဝါ အာရမ္မဏဿ ဥပဋ္ဌာနံ၊ ဋီ-၇၉] ဥပဋ္ဌာနလက္ခဏေ—ထင်ခြင်း လက္ခဏာ၌, (အဓိပ္ပာယတ္ထ) အာရုံသို့ကပ်၍ တည်ခြင်းလက္ခဏာ၌, အာရုံကို မစွန့်ခြင်းလက္ခဏာ၌၊ (သဒ္ဒတ္ထ) [ဂဏ္ဌိ-၃၁၀]

(င) ဝါကျ။ (အပိလာပနလက္ခဏာကို ဋီကာနှင့်အညီ အဓိပ္ပာယတ္ထပေးပါဟု ဆိုလျှင် နိဿယအတိုင်းပင်) အပိလာပန လက္ခဏာ မပေါ်မမျော (မပေါ်လွင်) စေခြင်း လက္ခဏာရှိသည်လည်း (သဒ္ဒတ္ထ)။

[ဥဒကေ အလာဗုဝိယ အာရမ္မဏေ ပိလဝိတွာ ဂန္တုံ အပ္ပဒါနံ ပါသာဏဿ ဝိယ နိစ္စလဿ အာရမ္မဏဿ ဌပနံ သာရဏံ အသမ္မုဋ္ဌတာ ကရဏံ အပိလာပနံ၊- ဋီ-၇၉။]

http://www.dhammadownload.com



# ကျမ်းတက်

## ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ဒွေစကားရပ်တို့ဖြင့် ဝိရိယိန္ဒြိယံပုဒ်၏အဖွင့်ကို ပြဆိုတော်မူ၏။....သော်, သတိပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဝါ—ဝိရိယိန္ဒြိယံပုဒ်၏ အဖွင့်သာရှိ၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ဝါ-သတိပုဒ်၏အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော ....စသည်။

ထိုက-ဝါကျ တွင် သရန္တိ ဘောယမှ သယံဝါ သရတိသို့ တက်သော်-သတိပုဒ်ကို ကရဏသာဓ် စေနတ္ထကိုသာ ပြုရ၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ (အာဘော်ထား)

သရဏမတ္တ စသည်သို့ တက်သော် သတိပုဒ်ကို ကရဏသာဓ်, ကတ္တုသာဓ် ဝစနတ္ထတို့ကိုသာ ပြုရ၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (အာဘော်ထား)

[အဗျာပိတဒေါသများ သင့်ပယ် ထင်ရှားပြီ။]

ဝါသဒ္ဒါလဲပုံ။ (က) ဝါကျ။ သတိ၌ တိပစ္စည်း၏ ကရဏသာဓ် အနက်အကြောင်းမှုတစ်ပါး၊ ကတ္တုသာဓ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် သရဏမတ္တမေဝ ဝါ၌ ဝါသဒ္ဒါထား၏။

[ဂ-ဝါကျ။ ဝါသဒ္ဒါလဲပုံ ပထမတွဲ ၂၉-ခုနှစ် ပုစ္ဆာအဖြေ၌ ပြခဲ့ပြီ။ တစ်နည်း-အားဖြင့်လည်း ရှေ့ သဒ္ဒါ, ဝိရိယအဖွင့်တို့၌ အဓိမောက္ခ လက္ခဏော ဝါ, ပဂ္ဂဟဏ လက္ခဏောဝါ-ဝါကျတို့၌ ဝါ လဲပုံပြခဲ့သည်ကို နည်းမှီသိ။]

အပရော နယော ထားရပုံ။ ။(ခ) ဝါကျ။ လက္ခဏာမှာ ရှေးနည်းအတိုင်း ဖြစ်သော်လည်း ရသစသည်ကို တည့်၍ပြလိုသောကြောင့်, တစ်နည်း-ရသစသည် မဖက် အပိလာပနလက္ခဏာ သက်သက်ပြသောနည်း (အကြောင်း)မှု တစ်ပါး၊ အပိလာပနလက္ခဏာနှင့်တကွ ရသစသည်ကိုပါ ထည့်၍ ပြသောနည်း တစ်ပါး (အကြောင်း)ကို လဲပြလိုသောကြောင့် အပရော နယော ထား၏။

[အပရော နယော] တိ ရသာဒိ ဒဿနတ္ထံ အာရဒ္ဓံ-ဋီ-၇၉]

(ဂ) ဝါကျ။ [စသဒ္ဒါထားရပုံ ဝိရိယပုဒ်အဖွင့် ဆ—ဝါကျ၌ စသဒ္ဒါထားပုံ နည်းမှီသိ။]

ရှုတနာ့ဂုဏ်ရည် (၆၁)

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ သရန္တိ တောယတိ သတိ၊ (ကရဏသာဓ်) သရတီတိ သတိ၊ (ကတ္တုသာဓ်) သရဏံ သတိ။ (ဘာဝသာဓ်)

[သရဓာတ်+တိ ပစ္စည်း၊ အောက်မေ့ခြင်းကြိယာခွဲ။]

(ခ) ဝါကျ။ မုဋ္ဌာ+သတိ ယဿာတိ မုဋ္ဌဿတိ။ မုဋ္ဌဿတိနော+ဘာဝေါ မုဋ္ဌဿစ္စံ။ (တဿ)

၂။ ထို၏အကြောင်းဖြစ်သော လွတ်သော (ပျောက်ကင်းသော) သတိရှိသူ၏ သတိလွတ်ကင်းခြင်းနှင့် ဂုဏော + ဂုဏ်....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော လွတ်သော (ပျောက်ကင်းသော) သတိရှိသူ၏ အဖြစ်ဟူသော ဂုဏ်သည်....။

(ဂ) ဝါကျ။ ဌိယတ္ထေ ဌာနံ။ ဥပဂန္တွာ ဌာနံ ဥပဋ္ဌာနံ။

၂။ ထို၏အကြောင်းဖြစ်သော ဥပဂန္တွာ (ဥပဂမန) ဝိသေသန ဘောဂုဏ်၏ တည်ခြင်းနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ကပ်၍ တည်ခြင်းကြိယာသည်....။

(ဃ) ဝါကျ။ ပိလာပီယတေ ပိလာပနံ ပ္လု(ပိလု) ဓာတ်+ဏာပေပစ္စည်း + ယုပစ္စည်း၊ ပေါ်မျောပေါ်လွင်စေခြင်း ကြိယာခွဲ။

န+ပိပလာနံ အပိလာပနံ။

၂။ ထို၏အကြောင်းဖြစ်သော ပဋိသေဓဘောဂုဏ်၏ ပေါ်မျော, ပေါ်လွင်စေခြင်း ဂုဏ်+ဂုဏော....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော မ-ပေါ်မမျော, မပေါ်လွင်စေခြင်း ကြိယာသည်၊ ဝါ-အပိလာပနတို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

သာပတေယျံ။ (၄-၁၆၄)

သဿ (မနဿ) + ပတိ သပတိ၊ (အစိုး) သပတိဿ+ဟိတံ သာပတေယျံ (အပေါင်း)

၂။ ထို၏အကြောင်းဖြစ်သော ဥစ္စာရှင်၏ စီးပွားဥစ္စာနှင့် သာမိ+သံ....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော ဥစ္စာနှစ်ဟို၏ တစ်ခုသည်....ပ....ဓာတ်သည်....။

http://www.dhammadownload.com



## လိင်စသည်ခွဲပုံ

(က) ဝါကျ။ သရန္တိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတပဒ [သရ+အ+အန္တိ] သတိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်ပုဒ်။ ဝါ-ကိတ်နာမ်ပုဒ်။

## အာဘော်+သံဝဏ္ဏနာ

(က) ဝါကျ။ သရန္တိ တောယဖြင့် သတိ၌ သရဓာတ်၊ (ဒု-ဓာတုပဒ)တိပစ္စည်း ကရဏသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သရန္တိ တောယာတိ သတိဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သတိမှတစ်ပါး အောက်မေ့ကြောင်း ကရိုဏ်းမရှိ၊သတိသာ အောက်မေ့ကြောင်း ကရိုဏ်းဖြစ်သည် ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။ (ဝါ-သဒ္ဒါဖော်မြဲ) သယံ သရတိဖြင့် သတိ၌ သရဓာတ် (ဒု-ဓာတုပဒ) တိပစ္စည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) သရတီတိ သတိဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သတိမှတစ်ပါး အောက်မေ့တတ်သော ကတ္တားမရှိ၊ သတိသာလျှင် အောက်မေ့တတ်သော ကတ္တားဖြစ်သည်ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။ သရဏဖြင့် သတိ၌ သရဓာတ် (ဒု-ဓာတုပဒ၊) တိပစ္စည်း ဘာဝသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သရဏံ သတိ ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ)။ မတ္တဖြင့် ကရဏသတ္တိ, ကတ္တုသတ္တိကို ကန့်ကွက်တားမြစ်သော နိဝတ္တာပနာဝဓာရဏတ္ထ အဖြစ် (အတ္ထ၊ ဘာဝတ္ထ) ဝေဖြင့် မိမိအနက်ကို ခိုင်မြဲအောင်ပြုသော၊ ဝါ-ဆုံးဖြတ်ချက်ချသော သန္နိဋ္ဌာနာဝဓာရဏတ္ထအဖြစ် (အတ္ထ၊ ဘာဝတ္ထ) သောသရဏ ဟူသော အပေါင်းဖြင့် ဤသတိသည် အလိုသို့လိုက်၍ ဖြစ်သည်မဟုတ်၊ အာရုံစသော အကြောင်းကြောင့် အလိုအလျောက်ဖြစ်သည် ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။ [ကျန်သော ဝါကျတို့၌ အာဘော်ကို သဒ္ဒါအဖွင့်နည်းမှီသိ]

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ မတ္တမေဝ၌ မတ္တသဒ္ဒါ-နိဝတ္တာပနာဝဓာရဏတ္ထ။ ဧဝသဒ္ဒါ-သန္နိဋ္ဌာနာဝဓာရဏတ္ထ။

| | |
|---|---|
| ၁။ အောက်မေ့ခြင်း ကြိယာမျှသည်။ | ဂ....။ |
| ၂။ ကရဏသတ္တိ, ကတ္တုသတ္တိတို့သည် | နိ....။ |

| | |
|---|---|
| တစ်နည်း -၁-သတိသဒ္ဒါ၏ ဘာဝသာခနေတို့သည်။ | ဂ....။ |
| ၂။ ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏ သာခနေတို့သည်။ | နိ....။ |
| ၃။ ကတ္တု, ကရဏ သာခနေတို့သည် | နိ....။ |

http://www.dhammadownload.com



(ခ) ဝါကျ။ စေသဒ္ဒါ-အဝဓာရဏတ္ထ၊

၁။ သတိသည် ဂ....။
၂။ သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။
၃။ သဒ္ဒါ, ဝီရိယစသော အခြားသော ဣန္ဒြေထိုက်သော တရားတို့သည်၊ တစ်နည်း—သတိ၏ ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်စသော ဂုဏ်တို့သည် နိ....။

[တစ်နည်း-ထုတ်ပုံ ဝီရိယအဖွင့် နည်းမှီထုတ်။]

(ဂ) ဝါကျ။ ဥပဋ္ဌာနနဌ် ဥပသဒ္ဒါ ဥပဂန္တွာ(ဥပဂမန) အနက်ဟော။

(ဃ) ဝါကျ။ (ဝေ၏အနက်—ဂဟေတဗ္ဗတ္ထစသည် ခ-ဝါကျ ဝေနှင့် တူ)

(င) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ အပိလာပနဌ် အသဒ္ဒါ ပဋိသေဓတ္ထ။ စသဒ္ဒါများ - အညမညသမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ ဥပဂ္ဂဏှနဌ် ဥပသဒ္ဒါ-ဓာတွတ္ထဝိသေသက၊ တစ်နည်း-ပဂ္ဂဟဏတ္ထ, ဥပဂမနတ္ထ။

[နိ-သစ်-ဒု-၂၇၃-ဥပဂ္ဂဏှာတိဌ် ဥပသဒ္ဒါ—ဥပဂမန အနက်ဟောဟု ဆို၏။]

(စ) ဝါကျ။ အသမ္မောသနဌ် အသဒ္ဒါ—ဝိရုဒ္ဓတ္ထ၊ သံသဒ္ဒါ-ဓာတွတ္ထာနုဝတ္တက။

ကြိယာ ၅-တန် ထုတ်ပုံ

(သယံဝါ သရတိကို ကိုယ်ပြု၍ထုတ်ပုံ ပထမတွဲ— ၂၉ ခုနှစ် အစိုးရ ပုန္ထာ၏ အဖြေ၌ ရှု)

(ခ) ဝါကျ။ မုဋ္ဌဿစ္စဿအရ အကုသိုလ်စိတ္တုပ္ပါဒ်ယူ၍ ထုတ်မြဲ။

ဒဋ္ဌဗ္ဗာ ထားရပုံ။ ။ အာရမ္မဏေ ဒဠှံ ..ပ ...ဒေါဝါရိကောဝိယာ ဒဋ္ဌဗ္ဗာ။ [ဋ္ဌ-၁၆၅]

သတိစေတသိက်၏ တံခါးတိုင်, တံခါးစောင့်နှင့်တူ၏ဟူသော ဥပမာအနက် အဓိပ္ပာယ်ကို သံသယ မဝင်မူ၍ သန္နိဋ္ဌာန်ကျ ဉာဏ်အားဖြင့် မှတ်ယူရမည်ဟု ပြလိုသောကြောင့် ဒဋ္ဌဗ္ဗာ ထား၏။

ပဋ္ဌာန်းပစ္စည်းပြိုင်

(သရန္တိ တောယဉ်ပြိုင်ပုံကို အထက်အညွန်း အဆိုပါ အစိုးရပုစ္ဆာ၏ အဖြေ၌ရှု။)

(ဂ) ဝါကျ။ ကာရေတိကြိယာအရ သတိစေတသိက်သည် သမ္ပယုတ္တဓမ္မေ ဟူသော ကာရိတ်ကံပုဒ်အရ-သတိ၏ သမ္ပယုတ်တရားအား သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၈) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၅၂-သမာဓိဝစနတ္ထ အဖွင့်

(က) အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။

(ခ) သော ဝိက္ခေပဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) အဝိက္ခေပလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သမာဓိယေဝ ဣန္ဒြိယံ သမာဓိန္ဒြိယံ။

(င) လက္ခဏာဒီနိ ပနဿ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။ [ဋ္ဌ-၁၆၅]

**အနက်ထူး။** က-ဝါကျ သံဝဏ္ဏနာအရ သံဝဏ္ဏေတဗ္ဗအနက်-သမာဓိ-အာရုံ၌ စိတ်ကို ကောင်းစွာ ထားတတ်သော သဘော။

### ကျမ်း တက်

### ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ (သတိန္ဒြိယံပုဒ် အဖွင့်မှတစ်ပါး သမာဓိပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်) တစ်နည်း=ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ သမာဓိပုဒ်ကို ဟော တော်မူ၏။ ဤမျှသာပြဆိုချေသော် သမာဓိ၌ ဣန္ဒြိယစွဲ်သည် ကမ္မသာဓ် စသော အနက်ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ .။

ဣန္ဒြိယစွဲ်၏ ကတ္တုသာဓ်အနက်ဟောပုံကိုလည်း ပြဆိုသင့်သေး၏။....စသည်။

(ခ) ဝါကျ။ (သမာဓိပုဒ်အဖွင့်မှတစ်ပါး ဣန္ဒြိယံပုဒ်အဖွင့်ဖြစ်သည်ကိုရှုတက်)

(ဂ) ဝါကျ။ (ဣန္ဒြေမည်ခြင်း၏ အကြောင်းတစ်ပါးကို ရှုတက်)

(ဃ) ဝါကျ။ (သမာဓိပုဒ်, ဣန္ဒြေပုဒ်တို့၏ အစိတ်အစိတ် ဖွင့်ပြသည်မှတစ်ပါး သမာဓိန္ဒြိယံ-ဟူသော အပေါင်းပုဒ်ဖွင့်ပြသည်ကို ရှုတက်)

(င) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဝစနတ္ထကို ပြဆိုတော်မူ၏။....သော်, သမာဓိ၏ လက္ခဏာ စသည်ကို မပြဆို၊ ဝါ-မညွှန်ပြ ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

### ပါပနာဒိကျမ်းတက်

(င) ဝါကျ။ သမာဓိ၏ လက္ခဏာ စသည်ကို မပြဆို၊ မညွှန်ပြဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

http://www.dhammadownload.com



### ဒေါသသင့်ပုံ ပယ်ပုံ

(က-မှ-ဃ အထိ ရှေးရှေး၌ ဗာဗျာပိတဒေါသသင့်, နောက်နောက်ဖြင့် အဗျာဝိဘဒေါသ ပယ်ပုံ ရှိသိ။)

င-ဖြင့် အဗျ ပိတ, ဂန္ထဂရု, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ဥဒ္ဒစ္စကိုလွှမ်းမိုးဘတ်သည်၏ အဖြစ်, မိမိနှင့်စပ်သောတရားတို့ကို အစိုးရသည်၏ အဖြစ်ဟူသော သကာက်အနက် အကြောင်းမှတစ်ပါး၊ မပျံ့လွင့်ခြင်း လက္ခဏာ၌ လမ္ပယုတ်ဘရားတို့ကို မိမိအစိုးရသည်၏ အဖြစ်ကို ပြုစေတတ်သည်၏ အဖြစ်ဟူသော သကာက်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် တစ်နည်း- အဓိပတိသဋ္ဌ အကြောင်းမှတစ်ပါး ဣန္ဒြိယဋ္ဌကာရာပကဋ္ဌ ဟူသော အကြောင်း တစ်ပါးကို လဲလိုသောကြောင့် ဂ-ဝါကျ၌ ဝါသဒ္ဒါထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ၁-အာရမ္မဏေ-ပ-ဋ္ဌပေတီတိ ဟူသော ဝိဂ္ဂဟဝါကျသည်....

၂။ သံ-အာ-ဓိ-ယ-တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကောင်းစွာထားခြင်း ကြိယာသည်။

၃။ သမာဓိဟူသော နိပ္ဖန္နသဒ္ဒါသည်....။

၄။ ထို၏အကြောင်းဖြစ်သော ကောင်းစွာထားခြင်း....ကြိယာသည်....။
[ဘေဒစိန္တာနည်း]

[နံပါတ် (၂) ခွဲရာ၌ အရင်းခံကြည့်ခွဲရိုးဖြစ်ရာ ဤ၌ အရင်းခံမှာ သံ အာ ဓိ ယတိ တည်း၊ သံကို သမ္မာဖွင့်၊ အာဓိယတိ ကို ဋ္ဌပေတိဖွင့်၊ အာရမ္မဏေ စိတ္တံတို့ကိုလည်း ထည့်ဖွင့်၍, ၎င်းတို့အားလုံး အရင်းခံများ မဟုတ်ကြသောကြောင့် ထည့်မခွဲရ။]

[မှတ်ချက်။ ။သမာဓိဝိဂ္ဂဟ အမျိုးမျိုး]

၁။ သမ္မာ, သမံ ဝါ စိတ္တံ အာဒဓာတီတိ သမာဓိ [ရှ သညာယံ ဒါဓာတော ဣ-သုတ် အဖွင့်။]

၂။ ဧကာရမ္မဏေ သုဋ္ဌု အာဓာန် သမာဓိ။ နာနာလမ္ဗဏာ ဝိက္ခေပ ဝသပ္ပဝတ္တံ အဓိ သန်ါတံ စိတ္တံ ဗျဓိ သမေတီတိဝါ သမာဓိ။ [အဘိဓာန်ဋီကာ]

၃။ သမ္မာ အာဒဓတိ သမ္ပယုတ္တ ဓမ္မေတိ သမာဓိ။ [ဓာတွတ္ထသင်္ဂဟ]

(ခ) ဝါကျ။ ဝိက္ခိပတီတိ ဝိက္ခေပေါ။ (တဿ)

၁။ ဝိက်-ခေ-ပေါ (ဝိက္ခေပေါ) ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....

၂။ ထို၏အကြောင်းဖြစ်သော ဝိပုဗ္ဗ + ခိပဓာတ် + ဏ ပစ္စည်း၊ အထူးထူး အပြားပြား ပစ်လွှင့်ခြင်း ကြိယာသည်....။

http://www.dhammadownload.com



၃။ ဝိကွေပေါဟူသော အပေါင်းနာမ ပညတ္တိ သဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သော အထူးထူး အပြားပြား ပစ်လွှင့်ခြင်း ကြိယာ သည်....။

[အဘိဓာန်ဋီကာနည်း]

## လိင် စသည် ခွဲပုံ

(က) ဝါကျ။ သမ္မာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊နိပါတ်ပုဒ်။အာဓိယတိ-အလိင်၊ ဘူဝါဒိဂိုဏ်း, တစ်နည်း, ဒိဝါဒိဂိုဏ်း, (ဘူဝါဒိဂိုဏ်းဖြစ်လျှင် ယ အာဂုံ၊ ဒိဝါဒိဂိုဏ်းဖြစ်လျှင်၊ ဒိဝါဒိ ယပစ္စည်းသက်၊) အာကာရန္တ၊ အာချာတ်ပုဒ် [အာ+ဓာ+အ(ယ)+တိ] ဥပေတိ (ထပေတိ) အလိင်၊ စုရာဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ်ပုဒ်၊ [ဥပ(ထပ)+ဏေ+တိ] သမာဓိ-ပုလ္လိင်၊ ရုဓာဒိဂိုဏ်း။ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

(င) ဝါကျ။ လက္ခဏာဒီနိ၊ နပုလ္လိင်၊ ရုဓာဒိဂိုဏ်းခွဲ။

အဿ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ဟောဋ္ဌာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အာရမ္မဏေဖြင့် အာဒိယတိ၏ အာဓာရ၊ စိတ္တံဖြင့် ၎င်း၏ကံ အဖြစ်ကို သိစေ၏။ တစ်နည်း-အာဒိယတိ၌ ထားတတ်၏ဟူသည် အာရုံ၌ စိတ်ကို ထားတတ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) သမ္မာ အာဓိယတိဖြင့် သမာဓိ၌ သံ+အဝပုဗ္ဗ+ဓာဓာတ် (ဒွ-ဓာတုပဒ) သံ သဒ္ဒါ-သမ္မာအနက်ဟော (ဥပသဂ္ဂလိင်္ဂတ္ထ) အာ သဒ္ဒါ ဓာတွတ္ထဝိသေသက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဣပစ္စည်း-ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သမ္မာ အာဓိယတီတိ သမာဓိဟု ကတ္တုသာဓ်၌ ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏၊ ဥပေတိဖြင့် ဓာဓာတ် ဥပနအနက် ဟောဟု သိစေ၏။ (ဓာတွတ္ထ)ဣတိဖြင့် ဟေတွတ္ထဇောတက, ဝါ-နာမလာဘာ-ဟိတ် အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ သမ္မာသဒ္ဒါ – ပသတ္ထ၊ သုန္ဒရတ္ထ၊ အာဓိယတိ၌ အာသဒ္ဒါ ဓာတွတ္ထ ဝိသေသက၊ ဝါ-ဥပနတ္ထ။ [ဂဟဏေ အာဓိယတိ (ရူ) ၌ အာသဒ္ဒါ—ဂဟဏတ္ထဟု ဆိုသည်ကို နည်းမှီ၊]

http://www.dhammadownload.com



(ခ) ဝါကျ။ ဝေသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ သမာဓိသည် ဂ....။
၂။ သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။
၃။ သမာဓိ၏ အခြားအမည်ဖြစ်ကောင်းသော ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်စသော ဂုဏ်သည် နုံ....။

[တစ်နည်း၊ထုတ်ပုံ ဝီရိယအဖွင့် နည်းမှီသိ။]

(ဃ) ဝါကျ။ (သမာဓိယေဝ၌ ဝေသဒ္ဒါအနက်၊ ဂဟေဘာဗ္ဗစတည် ခ-ဝါကျဝေနှင့် တူ၏။)

(င) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ ဝေ-သဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဝုတ္တနယသည် ဂ....။
၂။ အဝုတ္တနယသည်။ နိ....။
၃။ သဒိသနယသည် နုံ....။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ခ) ဝါကျ။ သော၌ တသည် သမာဓိကိုစွဲ၏။ ဆိုအပ်ပြီးသော သမာဓိဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျ။ အဿာ၌ တသည် သမာဓိကိုစွဲ၏။ ဆိုအပ်ပြီးသော သမာဓိဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅-တိန်ထုတ်ပုံ

(က) ဝါကျ။ သမ္ဗာ အာဓိယတိ, ဌပေတိ, သမာဓိအရကို ကိုယ်ပြု၍ထုတ်ပါ ဟု ဆိုလျှင် ရှေးစိတ္တဿေကဂ္ဂတာအဖွင့်၌ ပြခဲ့သည့်အတိုင်း ကေဂ္ဂတာ-သမာဓိကို ယူ၍ ထုတ်။

(ခ) ဝါကျ။ ဝိက္ခေပဿအရ ဥဒ္ဓစ္စကို ယူ၍ လက္ခဏာဒိစတုက္က မှီ ထုတ်၊ တစ်နည်း-ဥဒ္ဓစ္စပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ယူ၍ ထုတ်မြဲ။

ဝေဒိတဗ္ဗာနိ ထားရပုံ။ (င) ဝါကျ။ သမာဓိ၏လက္ခဏာစသည်တို့ကို အောက်ဖြစ်သော ကေဂ္ဂတာပုဒ်အဖွင့်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ ဆောင်၍ နေယျတ္ထအားဖြင့် သိရမည်၊ ဝါ-ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် သိရ, ယူရမည်-ဟု ပြလိုသောကြောင့် ဝေဒိတဗ္ဗာနိ ထား၏။

http://www.dhammadownload.com



လက္ခဏာဒိစတုက္ကအမှာ။ ။သမာဓိ၏ လက္ခဏာဒိစတုက္က ထုတ်ပါဟုဆိုလျှင်— ဋ္ဌ-၁၆၁-၂၃၌ ပြသည့်အတိုင်း ကေဂ္ဂတာ-သမာဓိ၏လက္ခဏာ စသည်ကိုထုတ်။ ခ-ဝ ါကျရှိ ဝိက္ခေပလက္ခဏာ စသည် ထုတ်လျှင် ဥဒ္ဓစ္စအတိုင်းထုတ်။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ယော သဘာဝေါ ပါဠိသော ကတ္တားအရ (သမာဓိ) ကေဂ္ဂတာသည် သမ္မာ အာဓိယတိ ဌပေတီတို့အရ—သမာဓိကြည် သမာဓိနှင့် ယှဉ်သော သမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ-ပြု၏။ ပြိုင်-သဟ-ည-နိ-ဈာ-မဂ္ဂ-သံ-အဝိ(၉)။

(ဂ) ဝါကျ။ [ကာရေတီအရ သမာဓိယူ၍ ပါဠိသော သမ္ပယုတ္တဓမ္မေ-အရ သမ္ပယုတ္တဓမ္မယူပြီးလျှင် ဆက်ပါ (၉) ပစ္စည်း။]

http://www.dhammadownload.com

# ၅၃—ပညာဝစနတ္ထ အဖွင့်

(က) ပဇာနာတီတိ ပညာ။

(ခ) ကိံ ပဇာနာတိ။

(ဂ) "ဣဒံ ဒုက္ခ"န္တိ အာဒိနာ နယေန အရိယသစ္စာနိ။

(ဃ) အဋ္ဌကထာယံ ပန "ပညာပေတီတိ ပညာ"တိ ဝုတ္တံ။

(င) ကိန္တိ ပညာပေတီတိ၊ "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ ပညာပေတိ။

(စ) သာဝ အဝိဇ္ဇာယ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဆ) ဒဿနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဇ) ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။

(ဈ) သာ ပနေသာ ဩဘာသန လက္ခဏာစ ပညာ, ပဇာနနလက္ခဏာစ။
[ဋ္ဌ-၁၆၅]

အနက်ထုး။ ။(က) ဝါကျ။ ယာ ဓမ္မဇာတိ-သည်၊ (ကတ္တား) အရိယသစ္စာနိ-တို့ကို၊ (ကံ) ပဇာနာတိ-အပြားအားဖြင့် သိတတ်၏၊ ဣတိတသ္မာ-ကြောင့်။ သာ ဓမ္မဇာတိ-သည်။ ပညာ-မည်၏။

(ဂ) ဝါကျ။ ဣဒံ-ဤ တဏှာကြဉ်ထား, တေဘူမကတရားသည်။ (အဘိဓမ္မာနည်း) ဝါ-ဤဇာတိအစရှိသောတရားသည်။ (သုတ္တန်နည်း)။ [နိဿယသစ်]

(ဃ) ဝါကျ။ ပန-အထူးကို ဆိုအံ့။ ဝါ—ဝါဒန္တရကား။ အဋ္ဌကထာယံ-မဟာအဋ္ဌကထာ၌၊ ဝါ-ရှေးအဋ္ဌကထာ၌၊ ယာဓမ္မဇာတိ-သည်။ ပုဂ္ဂလံ-ကို၊ (ကာရိတ်ကံ) အရိယသစ္စာနိ-တို့ကို၊ (ခေတ်ကံ) ပညာပေတိ - အပြားအားဖြင့် သိစေ၏။ ဣတိတသ္မာ—ကြောင့်။ သာ ဓမ္မဇာတိ-သည်၊ ပညာ-မည်၏။ ဣတိ-သို့။ ဝါ-ဟူသော။ တေ ဝစနံ-ကို။ (ဝုတ္တကံ) အာစရိယေန-သည်။ (အ ဝုတ္တ တတ္တား) ဝုတ္တံ-၏။

## ကျမ်းတက်

### ဋ္ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ (သမာဓိန္ဒြိယံအဖွင့်မှတစ်ပါး-ပညာအဖွင့်ဖြစ်သည်ကို ရှုတက်) တစ်နည်း-ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ပညာပုဒ်ကို ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော် ပညာ၌ အ ပစ္စည်းသည် ကမ္မသာဓ်စသောအနက်ကိုဟော၍ ကမ္မသာဓ် ဝိဂ္ဂဟစသည်ကို ပြုရ၏ဟု မှတ်အပ်သည် မဟုတ်ပါလော....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ပညာ၏ ဝစနတ္ထကို ဆိုတော်မူ၏။....သော်, ထိုဝစနတ္ထနှင့် စပ်လျဉ်း၍ အမေးပုစ္ဆာ ပြဿနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော....။စသည်။

(ဂ) ဝါကျ။ (ပုစ္ဆာ ထုတ်ပြသည်မှတစ်ပါး ဝိဿဇ္ဇနာ ပြသည်ကို ရှုတက်။)

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် အရိယ သစ္စာတို့ကို သိတတ်သောကြောင့် ပညာမည်သောဟု ဆိုတော်မူ၏။....သော်, ဆိုအပ်ပြီးသော အနက်အဓိပ္ပာယ် အယူဝါဒသာလျှင်၊ ဝါ- (အတ္တနောမတိ) ဆရာ့အယူဝါဒသာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....တစ်ပါးသော မဟာ အဋ္ဌကထာ အယူဝါဒ အထူးကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် အယူဝါဒ နှစ်မျိုးအားဖြင့် ပညာပုဒ်ကို ဖွင့်ပြတော်မူ၏၊....သော်, ဣန္ဒြိယံပုဒ်၏ အဖွင့်ကို မပြတော့ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။ [ကြွင်းသော ဝါကျများ ကျမ်းတက်သဒ္ဒါ အဖွင့်နည်းမှီတက် အသွားအလာတူ၏။]

## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ။ ထို ဝစနတ္ထနှင့် စပ်လျဉ်း၍ အမေးပုစ္ဆာ ပြဿနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(စ) ဝါကျ။ ဣန္ဒြိယံပုဒ်၏အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ....စသည်။

## အပရောနယောနှင့် ဝါသဒ္ဒါလဲပုံ

အပရောနယော-ယထာသဘာဝ ပဋိဝေဓ လက္ခဏာ ပညာ, အက္ခလိတ ပဋိဝေဓ လက္ခဏာဝါ ကုသလိဿာသခိတ္တဥသု ပဋိဝေဓဝေဝိယ။ [ဋ္ဌ-၁၆၆]

ပညာ၏ သြဘာသန လက္ခဏာ, ပဇာနန လက္ခဏာရှိသည်၏ အဖြစ်ဟူသော အနက်အကြောင်းမှတစ်ပါး၊ ယထာသဘာဝ ပဋိဝေဓ လက္ခဏာရှိသည်၏ အဖြစ်ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် အပရောနယောထား၏။

ပညာ၏ ဥပမာမဖက် သက်သက် ယထာသဘာဝ ပဋိဝေဓလက္ခဏာ ရှိသည်၏ အဖြစ်ဟူသော အနက်အကြောင်းမှတစ်ပါး, ဥပမာနှင့်တကွဖြစ်သော အက္ခလိတ ပဋိဝေဓလက္ခဏာရှိသည်၏ အဖြစ်ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

http://www.dhammadownload.com



## ဒေါသသင့်ပုံ ပယ်ပုံ

ရှေးရှေး၌ အဗျာပါဒဒေါသသင့်၊ နောက်နောက်ဖြင့် အဗျာပါဒဒေါသပယ်ပုံ တို့မှာ ထင်ရှားပြီ။

(ဃ) ဝါကျ။ ဝိသေသ ဝါကျဖြစ်ခြင်းကြောင့် တစ်နည်းအားဖြင့် အတိ-ဗျာပါဒဒေါသကိုလည်း ပယ်၏။

ပနသဒ္ဒါထားရပုံ။ ။(ဃ) ဝါကျ။ မိမိဝါဒမှတစ်ပါး မဟာအဋ္ဌကထာ အယူဝါဒအထူးကို ပြလိုသောကြောင့်၊ ဝါ-ဝိသေသတ္ထ ဇောတကအဖြစ်ကို ပြလို သောကြောင့် ပန ထား၏။

(ဝါသဒ္ဒါလဲပုံ, စသဒ္ဒါထားပုံများကို သဒ္ဒါအဖွင့် ဂ-င ဝါကျတို့ကို နည်းမှီသိ။)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ အာရသံ ါတေဟိ ကိလေသေဟိ အာရကာတိ အရိယာ။ အရိယာနံ+သစ္စာနိ အရိယသစ္စာနိ။

၂။ ထို၏အကြောင်းဖြစ်သော အရိယာတို့၏ သစ္စာနှင့် ဝိသေသန–ဝိသေသျ သာမိ+သံ...စပ်...။

၄။ ထို၏ အကြောင်းဖြစ်သော အရိယသစ္စာတို့၏ တစ်ခုသည်....ပ....ဇာတ် သည်....။

(ဃ) ဝါကျ။ အတ္ထော ကထိယတိ ဧတာယာတိ အဋ္ဌကထာ။ (တဿ) [အတ္ထ သဒ္ဒါ+ပဒ+ကထဓာတ်+အ ပစ္စည်း အနက်ကို ဖွင့်ဆိုခြင်း ကြိယာခွဲ။] တစ်နည်း—

၂။ ထို၏အကြောင်းဖြစ်သော အနက်၏ ဖွင့်ဆိုကြောင်းစကားရပ်နှင့် ကမ္မ+ ကမ္မိ, အကြောင်း+အကျိုး....စပ်....။

၄။ ထို၏အကြောင်းဖြစ်သော အဋ္ဌကထာတို့၏ တစ်ခုသည်... ပ....ဇာတ်သည်။

[အမှာ။ ။ဤမှ နောက်၌ ဗျုပ္ပတ္တိ စတုက္က ခွဲရာဝယ် ၂–၄–အချက်တို့၌ "ထို၏ အကြောင်းဖြစ်သော" စကားကို ထည့်မရေးသော်လည်း ထည့်ဆိုရမည်ကို သိပါ။]

## လိင်, စသည်စိစစ်ပုံ

(က) ဝါကျ။ ပဇာနာတိ-အလိင်၊ ကီယာဒိဂိုဏ်း၊ အာကာရန္တ၊ အာချာတပဒ။ [ပ+ဉာ+နာ+တိ] တစ်နည်း-အတိအကျခွဲသော်-ပကား—အလိင်၊ ဂဏာဝိမုတ်၊ အ ကာရန္တ၊ ဥပသဂ္ဂပဒ။ ဇာနာတိ-အလိင်၊ ကီယာဒိဂိုဏ်း အာကာရန္တ၊ အာချာ တပဒ။

http://www.dhammadownload.com



(ခ) ဝါကျ။ ကိံ-အလိုင်၊ နိပါတ်ပုဒ်ခွဲ။ တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။

(ဂ) ဝါကျ။ အာဒိနာ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

(ဃ) ဝါကျ။ ပညာပေတိ-အလိုင်၊ နေ့ာဝိကရဏဂိုဏ်း၊ တစ်နည်း-ကီယာဒိဂိုဏ်း၊ အာကာရန္တ၊ အာချာတပဒ။ [ပ+ဉာ+ဏာပေ+တိ]

(င) ဝါကျ။ ကိန္တိ-အလိုင်၊ နိပါတ်ပုဒ်ခွဲ။ တစ်နည်း-ကိံ တစ်ချက်၊ ဣတိ တစ်ချက်-အလိုင်၊ နိပါတ်ပုဒ်များ ခွဲပါ။ အနတ္တာ-ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အ ကာရန္တ၊ သမာသပဒ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပဇာနာတိတိဖြင့် ပညာ၌ ပပုဗ္ဗ+ဉာဓာတ် (ဒု-ဓာတုပဒ၊) အပစ္စည်း သုဒ္ဓ ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ပဇာနာတီတိ ပညာဟု သုဒ္ဓကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် အခမေးပုစ္ဆာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျဖြင့် အဖြေ ဝိဿဇ္ဇနာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျဖြင့် မဟာအဋ္ဌကထာ အယူဝါဒအထူးကို သိစေ၏။ (ဘာဝတ္ထ) ထိုတွင် ပနဖြင့် ဝိသေသတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ပညာပေတီတိဖြင့် ပညာ၌ ပပုဗ္ဗ+ဉာဓာတ် (ဒု-ဓာတုပဒ) အပစ္စည်း ဟေတု ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပညာပေတီတိ ပညာ-ဟု ဟေတု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(စ-ဝါကျ စသည်၌ အာဘော်ကို သဒ္ဓါအဖွင့်နည်းရှိသိ၊)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ပသဒ္ဒါ-ပကာရတ္ထ။ (ခ) ဝါကျ။ ကိံသဒ္ဒါ-ပုစ္ဆနတ္ထ၊ ဝါ-ပုစ္ဆာဇောတက။

(ဂ) ဝါကျ။ ဣတိသဒ္ဒါ-နိဒဿနတ္ထ။ (ဃ) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထ။ တစ်နည်း-ပက္ခန္တရတ္ထ။ ရှေ့ဣတိ-ဟေတွတ္ထ။ နောက်ဣတိ-နိဒဿနတ္ထ။

(င) ဝါကျ။ ကိန္တိ-တတိယတ္ထ (ရှု) တစ်နည်း-ကိန္တိ-ပုစ္ဆနတ္ထ၊ တစ်နည်း၊ ကိံသဒ္ဒါ-ပုစ္ဆနတ္ထ။ ဣတိသဒ္ဒါ-ဝေတ္ထ၊ ဝါ-အဝဓာရဏတ္ထ။ ဣတိ-ဣဒမတ္ထ၊ နိဒဿနတ္ထ၊ အနိစ္စ၌ အသဒ္ဒါ-ပဋိသေဓတ္ထ၊ ဝိရဟတ္ထ။ အနတ္တာ၌ အန (န) သဒ္ဒါ ပဋိသေဓတ္ထ။ ဣတိ-နိဒဿနတ္ထ။

http://www.dhammadownload.com



(စ) ဝါကျ။ ဝေသဒ္ဓါ အဝဓာရဏတ္ထ။

၁။ ပညာသည် ဂ....။
၂။ အတ္တ, ဇီဝ, သတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။
၃။ သဒ္ဓါ, ဝီရိယ စသော အခြားသော ဣန္ဒြေထိုက်သော တရားတို့သည်၊ တစ်နည်း–ပညာ၏အခြားအမည် ဖြစ်ကောင်းသော ဗိုလ်, ပေါဇျင်, မဂ္ဂင်, စသောဂုဏ်သည် နု....။

(တစ်နည်းထုတ်ပုံ ဝီရိယအဖွင့် နည်းမှီသိ။)

အဝိဇ္ဇယဥ္ဇ အ သဒ္ဓါ-ဝိရုဒ္ဓတ္ထ၊ ပဋိသေဓတ္ထ။

(ဇ) ဝါကျ။ ဝေ၏ အနက်နှင့်တကွ ဂဟေတဗ္ဗတ္ထစသည် စ-ဝါကျ-ဝေနှင့်တူ။

(ဈ) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ စနှစ်ပုဒ် အညမညသမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

## ကြိယာ ၅ တန် ထုတ်ပုံ

(က) ဝါကျ။ ပဇာနာတိ, ပညာတို့အရ–

၁။ ပညာစေတသိက်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းသည်....။
[ပညာ ဥပ္ပဇ္ဇမာနာ အဝိဇ္ဇန္ဓကာရံ ဝိဒ္ဓံသေတိ၊ ဋ္ဌ-၁၆၆။]
၄။ သဒ္ဓမ္မဿဝန စသည်သည်....။
၅။ အရိယသစ္စာတို့ကို ထင်ရှားအောင်ပြုခြင်းသည်၊ ဝါ-သိရခြင်း စသည်သည်....။

[ပါကဋ္ဌာနိ အရိယသစ္စာနိ ကရောတိ၊ ဋ္ဌ-၁၆၆။]

(ဃ) ဝါကျ။ [ဝုတ္တံဥ္စ ထုတ်ပုံ - ပထမတွဲ - ၁၁၀-၌ ထုတ်ပြထားသည်ကို နည်းမှီသိ။]

## အဓိပ္ပာယ် အဆုံးအဖြတ်

အထူး။ ။က-ခ-ဂ-ဝါကျတို့အရ ဤအဋ္ဌကထာဆရာ အရှင်မဟာ ဗုဒ္ဓဃောသ အယူဝါဒမှာ–ပညာ၌ သုဒ္ဓကတ္တုသာဓ် ဝိဂ္ဂဟပြု၍ အရိယသစ္စာတို့ကို အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏–ဟူသော အဓိပ္ပာယ်ကို ပြ၏။ ဃ-ဝါကျတို့အရ မဟာအဋ္ဌကထာ အယူဝါဒမှာ- ပညာ၌ ဟေတုကတ္တုသာဓ် ဝိဂ္ဂဟပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ အပြားအားဖြင့် သိစေတတ်သောကြောင့် ပညာမည်၏-ဟူသော အဓိပ္ပာယ်ကိုပြ၏။ ဤသို့ ထူး၏။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ အရိယသစ္စာနိအရ အရိယသစ္စာဟူသောအာရုံသည် ပဇာနာတိအရ ပညာအား အာရမ္မဏ....ပြုံ၏။ ပြိုင်—ယထာရဟ-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆)။

(ဃ) ဝါကျ။ ဝုတ္တာနံ ဝစဓာတ်အရ ဉာဏ်ပညာသည် ထိုဝုတ္တာနံ တပစ္စည်းနှင့်တော် ဝစနံ—ဟူသော ပါဠိသေဿကံပုဒ်အရ ပညာပေတီတိ ပညာဟူသော ဝစီဘေဒသဒ္ဒရုပ်အား သဟ....ပြုံ၏။ ပြိုင်–ဟေ-မိ–သဟ-နိ-ဣံ-မဂ္ဂ-ဝိပ်-တ္ထိ-အဝိ (၉)။

(ဆ) ဝါကျ။ ကာရေတိအရ ပညာသည် သမ္ပယုတ္တဓမ္မေ-ဟူသော ပါဠိသေသ ကာရိတ်ကံပုဒ်အရ သမ္ပယုတ္တဓမ္မအား သဟ....ပြုံ၏။ ပြိုင်—ဟေ-မိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။

http://www.dhammadownload.com

# ၅၄–မန၏ ဝစနတ္ထ အဖွင့်

(က) မနတီတိ မနော။

(ခ) ဝိဇာနာတီတိ အတ္ထော။

(ဂ) အဋ္ဌကထာစရိယာ ပန္နာ-ဟု "နာဠိယာ မိနမာနော ဝိယ, မဟာ တုလာယ ဓာရယမာနော ဝိယ စ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော" တိ။

(ဃ) တဒေဝ မနနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(င) မနော ဝ ဣန္ဒြိယံ မနိန္ဒြိယံ။

(စ) ဟေဋ္ဌာ ဝုတ္တ စိတ္တသောဝေတံ ဝေဝစနံ။ [ဋ္ဌ-၁၆၆]

အနက်ထုး။ ။(က) ဝါကျ။ (နိဿယအတိုင်း နိယတ်, အနိယတ်, ကံတို့ကို ထည့်ပေး။)

(ခ) ဝါကျ။ (မနတီတိ ပဒဿ-ဟု အတ္ထော သမ္ဗန်ခံ၊)

(ဂ) ဝါကျ။ (အာကာရ အတွင်းသွင်း၍ အနက်ပေးပုံမှာ နိဿယအတိုင်း-မှတ်)။

အာကာရအပြင်ထုတ်၍ သမ္ဗန်သော်–

ပန-အထူးကိုဆိုအံ့၊ အဋ္ဌကထာစရိယာ-တို့သည်။ အာဟု-ဆိုကုန်၏။ကိံ အာဟု-ကုန်သနည်း။ နာဠိယာ-ဖြင့်။ မိန မာနော ဝိယစ-လည်းကောင်း။ မဟာတုလာယ-ကြီးစွာသော ချိန်ခွင်ဖြင့်၊ ဓာရယမာနော ဝိယစ – န္ဒိုင်းချိန်၏သို့ လည်းကောင်း၊ အာရမ္မဏံ-ကို၊ မိနတိ-၏။ ပဇာနာတိ-၏၊ ဣတိတသ္မာ-ကြောင့်။ မနော-မည်။ ဣတိ-သို့။ အာဟု-ကုန်၏။

ကျမ်းတက်

ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ (ပညိန္ဒြိယ၏ အဖွင့်မှတစ်ပါး၊ မနောပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်။)

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် သိတတ်သောကြောင့် မန မည်သောဟု ဆိုတော်မူ၏၊ ဤသို့ ဆိုချေသော်, သညာသိ, ပညာသိမျိုး ဖြစ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ဝါ–စိတ်သည် သညာသိ, ပညာသိ ကဲ့သို့ သိသည်ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ....စိတ်၏ သိပုံကိုလည်း ပြဆိုသင့်သေး၏၊

http://www.dhammadownload.com



....စသည်။ တစ်နည်း-ဆရာ, ဆရာသည် က-ဝါကျဖြင့် မနတိဖြင့် ဝစနတ္တကို။ ဝါ-ပစ္စယတ္တကို ဆိုတော်မူ၏။....သော်, အဓိပ္ပာယတ္တသည်လည်း၊ ဝါ-ဘာဝတ္တသည်လည်း။ ဝါ-အဘိဓေယျတ္တသည်လည်း ရှိသင့်သည် မဟုတ်ပါလော....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က-ခဝါကျတို့ဖြင့် ဝစနတ္တ, အဓိပ္ပာယတ္တ (မိမိ အယူဝါဒ)ကို ပြဆိုတော်မူ၏။....သော်, ရှေးအဋ္ဌကထာ ဆရာတို့သည်လည်း ဆရာကဲ့သို့ပင် ဖွင့်ဆိုကြ, အယူဝါဒ ရှိကြသည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ....ရှေး အဋ္ဌကထာ ဆရာတို့၏ ဖွင့်ဆိုပုံအယူဝါဒကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။

ဓ-ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် မနိန္ဒြိယံ ဟု ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း အောက်၌ ဟောအပ်ပြီးသော စိတ္တံပုဒ်နှင့် အဘိဓေယျတ္တ အထူး မရှိသည် မဟုတ်ပါလော။ ပ....စိတ္တံပုဒ်နှင့် အဘိဓေယျတ္တ မထူးစေဘဲ ဝေဝုစ် ပရိယာယ်ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။....စသည်။

တစ်နည်း-ဆရာ, မြတ်စွာဘုရားသည် မနိန္ဒြိယံ ဟု ဟောတော်မူ၏၊ ဤမျှသာ ပြဆိုချေသော်, မနိန္ဒြိယံပုဒ်၏ အောက်၌ ဟောအပ်ပြီး-စိတ်နှင့် ဝေဝုစ်ပရိယာယ် ဖြစ်ပုံကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

## ပါပနာဒိကျမ်းတက်

(ဂ) ဝါကျ။ ရှေး အဋ္ဌကထာဆရာတို့၏ ဖွင့်ဆိုပုံ အယူဝါဒကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(ခ) ဝါကျဖြင့် သညာသိ, ပညာသိ မဟုတ်၊ ဝိညာဉ်သိ, သိသည်ဟု အလွန် မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-ဝစနတ္တမှ တစ်ပါး အဓိပ္ပာယတ္တကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ ဤ ခ-ဝါကျကို ထောက်၍ ရှေ့-ကဝါကျ၌ အတိဗျာပိတ ဒေါသ, တစ်နည်း အဗျာပိတဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် အယူဝါဒ အထူးကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-ဝိသေသ ဝါကျဖြစ်ခြင်းကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ဃ-င) ဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် ပုနရုတ္တိ, ဧကတ္ထ, နိရတ္ထက ဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(ဂ) ဝါကျ။ အတ္ထော ကထိယတိ တောယာတိ အဋ္ဌကထာ။ အဋ္ဌကထံ ကရောန္တီတိ အဋ္ဌကထာကာရာ။ သိဿာနံ ဟိတံ အာစရန္တီတိ အာစရိယာ။ အဋ္ဌကထာကာရာစ + တေ+အာစရိယာစာတိ အဋ္ဌကထာစရိယာ။ (ကာရပုဒ်ကျေ)

၂။ အဋ္ဌကထာကို ပြုတတ်သောဂုဏ်၏ ဆရာတို့နှင့် ဝိသေသန + ဝိသေသယျ, ဂုဏ်+ဂုဏော....စပ်....။

၄။ အဋ္ဌကထာ ဆရာတို့၏ တစ်ပါးသည် တစ်ပါးနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်....။

ဤ ဂ-ဝါကျအရ မိနတိ (မိနာတိ)တိ မနော ဟု ပြု [မိဓာတ် + နာပစ္စည်း+ အပစ္စည်း၊ နှိုင်းချိန်ခြင်း, ခြင်ခြင်း ကြိယာခွဲ၊]

(စ) ဝါကျ။ ဧကော အတ္ထော ပုနပ္ပုနံ ဝုစ္စတိ ယေနာတိ ဝေဝစနံ [ဝိပုဗ္ဗ+ ဝစဓာတ်+ယုပစ္စည်း၊ အဖန်ဖန်ဆိုခြင်း ကြိယာခွဲ။

## လိင်စသည်ခွဲပုံ

(က) ဝါကျ။ မနော၊ ပုလ္လိင်၊ တစ်နည်း–နပုလ္လိင်၊ [မနောနိဂ္ဂဟီ–အဘိဓာန်] မနောဂိုဏ်း၊ အ ကာရန္တ၊ ကိတ်နာမ်ပုဒ်။

(ခ) ဝါကျ။ ဝိဇာနာတိ၊ အလိင်၊ ကီယာဒိဂိုဏ်း၊ အာကာရန္တ၊ အာချာတ်ပုဒ်။ [ဝိ+ဉာ+နာ+တိ၊]

(ဂ) ဝါကျ။ အာဟ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ဗြူဓာတ်ဖြစ်သောကြောင့်) ဦကာရန္တ၊ အာချာတ်ပုဒ်။ [ဗြူ+အ+ဥ(အန္တိ)၊] နာဠိယာ၊ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ မိနတိ (မိနာတိ) အလိင်၊ ကီယာဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတ်ပုဒ်။ (မိ+နာ+တိ)

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ မနတီတိဖြင့် မနော၌ မနဓာတ်၊ (ဒု–ဓာတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မနတီတိ မနောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် မနတိ၌ သိခြင်းဟူသည် သညာ, ပညာကဲ့သို့ သိသည်မဟုတ်၊ အာရုံကိုပိုင်းခြား၍ ယူသည်၏ အစွမ်းအားဖြင့် သိခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) တစ်နည်း- ''မနတိ''အရ သညာသိ, ပညာသိကို မယူရ၊ ဝိညာဉ်သိကို ယူရမည်ဟု သိစေ၏ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် ရှေးအဋ္ဌကထာ ဆရာတို့၏ အယူဝါဒအထူးကို သိစေ၏ (ဘာဝတ္ထ) ထိုတွင် ပနဖြင့် ဝိသေသတ္ထ ဇောတကအဖြစ်ကို သိစေ၏(အတ္ထ၊ ဘာဝတ္ထ) နာဋ္ဌိယာ-ပ-အာရမ္မဏဖြင့် မိနတိ၌ ခြင်ခြင်း, ချိန်ခြင်းဟူသည် ကွမ်းစားဖြင့် ခြင်သကဲ့သို့လည်းကောင်း, ချိန်ကြိုးဖြင့် ချိန်သကဲ့သို့လည်းကောင်း အာရုံကို ခြင်ခြင်း ပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) မိနတိ (မိနာတိ) ဖြင့် မနော၌ မိခါတ် (ဒုမခါတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော၊(ဒု-ပစ္စယတ္ထ) မိနတိ(မိနာတိ)တိ မနောဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

[မိနာတိ နောက်၌ ပဇာနာတိဟု စာအုပ်တို့၌ ရှိ၏၊ နိဿယသစ်၌ နဇာနာတိဟု ရှိသင့်ကြောင်း ဆုံးဖြတ်သည်၊]

နဇာနာတိဖြင့် အာရုံကို နှိုင်းချိန်ရုံသာ နှိုင်းချိန်တတ်၏၊ ပညာကဲ့သို့ မသိတတ်ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဃ-ဝါကျတို့၌ အာဘော်ကို သဒ္ဒါအဖွင့် ဂ-ဃ-ဝါကျနည်းမှီဖော်)

(စ) ဝါကျဖြင့် မနိန္ဒြိယ သဒ္ဒါသည် အောက်၌ ဟောအပ်ပြီးသော စိတ်၏သာ ဒေဝစ် ပရိယာယ်ဖြစ်သည်၊ အရကောက် အဘိဓေယျတ္ထ အထူးမရှိဟု သိစေ၏။ (ပရိယာယ်အဘိဓေယျတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ ဝိဇာနာတိ၌ ဝိသဒ္ဒါ - ဝိသေသတ္ထ၊ တစ်နည်း - ပရိစ္ဆိန္နတ္ထ၊ ဣတိသဒ္ဒါ-ဣဒမတ္ထ။

(ဂ) ဝါကျ။ ပနသဒ္ဒါ-ဝိသေသတ္ထဇောတက။[အဋ္ဌကထာစရိယာပနာတိ ပန သဒ္ဒေါ ဝိသေသတ္ထဇောတနော။ ဒီ-မဟာဝဂ္ဂ-ဋ္ဌီ-၇၉။] တစ်နည်း-ပက္ခန္တရတ္ထ-ဇောတက။ ဝိယန္နစ်ပုဒ် ပဋိဘာဂတ္ထ၊ တစ်နည်း-ဥပရိက္ခါဇောတက စသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ ရှေ့ဣတိ-ဟေတွတ္ထ။ နောက်ဣတိ-နိဒဿနတ္ထ။

(ဃ) ဝါကျ။ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ မနသည် ဂ....။

၂။ သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။

၃။ သတိ, ပညာ စသော အခြားသော ဣန္ဒြေထိုက်သော တရားတို့သည် န....။

[တစ်နည်းထုတ်ပုံ ဝီရိယ အဖွင့်၌ နောက်နည်းထုတ်ပုံကို နည်းမှီသိ၊]

http://www.dhammadownload.com



(င) ဝါကျ။ ဝေ-ဃ-ဝါကျ ဝေနှင့်တူ၏။ စ-ဝါကျ။ ဝေ-အာဝဇ္ဇရဏ္ဍတွ။

၁။ ဆိုအပ်ပြီးသော စိတ်သည် ဂ....။
၂။ အခြားသောတရားသည်၊ ဝါ-ဖဿ စသည်သည်၊ တစ်နည်း-
မနိန္ဒြိယံ ပုဒ်၏ အဓိပ္ပာယ်အရကောက် အထူးရှိသည်၏ အဖြစ်သည် နိ....။
(အထူးရှိသည်၏ အဖြစ်ကို တားမြစ်သည်၊ အထူးမရှိ ဟူလို)

## ကြိယာ ၅-တန်ထုတ်ပုံ

(ဂ) ဝါကျ။ အာဟုဒ္ဒ အန္တတ္ထ မြူခေတ်အရ-

၁။ သတိ, ဝီရိယ, ညာဏ်ပြခန်းသော စိတ္တုပ္ပါဒ်သည်...။
၂။ ယောနိသော မနသိကာရသည်....။
၃။ နာဠိယာ စသော ဝစီဘေဒသဒ္ဒသည်....။
၄။ သဒ္ဒမ္မဿဝန စသည်သည်....။
၅။ သောတုဇနတို့ နာကြား, သင်ယူရခြင်း, အနက်အဓိပ္ပာယ်ကို သိရခြင်း, ပီတိ ပါမောဇ္ဇ ဖြစ်ခြင်းမှအစ....နိဗ္ဗာန်အထိ အကျိုးဆက်တို့သည်....။

(စ) ဝါကျ။ (ဝုတ္တဒ္ဒ ဝစခေတ်အရ ဒေသနာညာဏ်ယူ၍ ထုတ်မြဲ၊)

## ပဋ္ဌာန်းပစ္စည်းမြှိုင်

(င) ဝါကျ။ အဋ္ဌကထာစရိယာ ကတ္တားအရ ဝေဒနာသည် အာဟုအရ ကျန်နာမက္ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-ထွိ-အဝိ (ဂ)။

❀ ❀ ❀

http://www.dhammadownload.com

# ၅၅-သောမနဿ ဝစနတ္ထအဖွင့်

(က) ပီတိ သောမနဿ သမ္ပယောဂတော သောဘနံ မနော အဿာတိ သုမနော။

(ခ) သုမနဿ ဘာဝေါ သောမနဿံ။

(ဂ) သာတ လက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သောမနဿမေဝ ဣန္ဒြိယံ သောမနဿိန္ဒြိယံ။

(င) ဟေဋ္ဌာ ဝုတ္တ ဝေဒနာယေဝေတံ ဝေဝစနံ။ [ဋ္ဌ-၁၆၆]

အနက်ထူးအမှာ။ ။က-ဝါကျ။ (နိဿယအတိုင်း မူလဋီကာ, အနုဋီကာနှင့် အညီ နှစ်နည်းပေး။)

## ကျမ်းစာက်

(က) ဝါကျ။ (မန်ိန္ဒြိယံပုဒ်၏ အဖွင့်မှုတစ်ပါး၊ သုမနောပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်)၊

(ခ) ဝါကျ။ (သုမနောပုဒ်၏ ဝစနတ္ထမှုတစ်ပါး၊ သောမနဿပုဒ်၏ ဝစနတ္ထ ဖြစ်သည်ကို ရှုထက်။)

(င) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် သောမနဿိန္ဒြိယံ-ဟု ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း, အောက်၌ ဟောအပ်ပြီးသော ဝေဒနာပုဒ်နှင့် အဘိဓေယျတ္ထ အထူးမရှိသည် မဟုတ်မါလော။....ပ....ဝေဒနာပုဒ်နှင့် အဘိဓေယျတ္ထ မထူးဘဲ ဝေဝစ်ပရိယာယ် ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။....စသည်။

## ဒေါ်သသင့်ပုံ ပယ်ပုံ

က-ခ-ဂ-ဃ-ဝါကျတို့တွင် ရှေးရှေး၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက်ဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့ကို သိ။

(င) ဝါကျဖြင့် ပုံနရုတ္တိ, ဧကတ္ထ, နိရတ္ထက ဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ပီတိစ+သောမနဿဉ္စ ပီတိသောမနဿံ၊ ပီတိယာ+ဥပလက္ခိတံ ဝါ သောမနဿံ ပီတိသောမနဿံ။ ပီတိယာ ဝါ ယုတ္တံ သောမနဿံ ပီတိ-သောမနဿံ။ သမ္ပယုဇ္ဇနံ သမ္ပယောဂေါ။ (အစိတ်) ပီတိသောမနဿေန+သမ္ပ-ယောဂေါ ပီတိသောမနဿ သမ္ပယောဂေါ။ (တတော) (အပေါင်း)။

http://www.dhammadownload.com



၂။ ပီတိဖြင့် မှတ်အပ်သော သောမနဿ၏ ယှဉ်ခြင်းနှင့် ဂုဏ်ေး+ဂုဏ်....စပ်....။
၄။ ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြိယာသည်....။

## လိင်စသည်ခွဲပုံ

(က) ဝါကျ။ သောဘနံ—နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ၊ မနော— (သောဘနံ ထောက်၍) နပုလ္လိင်၊ မနောဂိုဏ်းခွဲ။ အဿ=ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ် ဂိုဏ်း)ခွဲ။ သုမနော—ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ ပီတိ....ပ....ဂတောဖြင့် သောဘန မည်ခြင်း၏ အကြောင်းကို၊ ဝါ-တင့်တယ်ခြင်း၏ အကြောင်းကို သိစေ၏။ (ဘာဝတ္ထ) သောဘနံ မနော အဿာတိ ဖြင့် သုမနော၌ သု သဒ္ဒါ-သောဘနအနက်ဟော၊ (ဥပသဂ္ဂလိင်္ဂတ္ထ) သောဘနံ+မနော အဿာတိ-သုမနော ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ သုမနဿ ဘာဝေါဖြင့် သောမနဿံ၌ သုမနပုဒ်+ဏျပစ္စည်း ထိုဏျပစ္စည်း ဘာဝ အနက်ဟော၊ (ပစ္စယတ္ထ) သုမနဿ+ဘာဝေါ သောမနဿံ ဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(ဃ) ဝါကျ။ ဧဝ သဒ္ဒါ အဝဓာရဏတ္ထ။

၁။ သောမနဿသည် ဂ....။
၂။ သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိ....။
၃။ ပညာ, မန စသော အခြားဖက်ထပ်ပေါင်းထိုက်သော တရားတို့သည်။ တစ်နည်း- သောမနဿ၏ အခြားအမည်ဖြစ်ကောင်းသော ဝေဒနာစသောဂုဏ်သည် နှ....။

[တစ်နည်းထုတ်ပုံ—ဝီရိယအဖွင့် နောက်နည်းထုတ်ပုံကို နည်းမှီသိ။

(င) ဝါကျ။ ဧဝ—အဝဓာရဏတ္ထ

၁။ ဆိုအပ်ပြီးသော ဝေဒနာသည် ဂ....။
၂။ အခြားသော တရားသည်, ဝါ—ဖဿ စသည်သည် နိ....။

## ကြိယာ ၅-တန် ထုတ်ပုံအမှာ

(က) ဝါကျ။ (ပီတိအရ ထုတ်ပုံကို ပီတိဝစနတ္ထ အဖွင့်၌ရှု၊ သောမနဿ ထုတ်ပုံအရကို ပဌမတွဲ-၁၁၁-၌ရှု)

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ သောမနဿအရ ဝေဒနာသည် သမ္ပယောဂတော, သောဘနံ, မဂနာတို့အရ စိတ်အား သဟ....ပြုဏ်။ ပြိုင်-သဟ-ည-နိ-ဈာ-ဣ-သံ-ဣ-အဝိ (၈)။

သောဘနံ မနောအရ စိတ်သည် အဿအရ ကြွင်းသော နာမ်ခန္ဓာသုံးပါး စိတ္တဇရုပ်အား သဟ....ပြုဏ်။ ပြိုင်-ယဿာရဟ-ဓိ-သဟ-ည-နိ-ဟာ-ဣ-သံ-ဝိပ္ပ-ဣ-အဝိ (၁၀)။

(ခ) ဝါကျ။ ဘာဝေါအရ သောမနဿဝေဒနာသည် သုမနဿအရ ဝေဒနာ ကြည့် ဝေဒနာနှင့်ယှဉ်သော သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြုဏ်။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-ဣ-အဝိ (၈)။

[သောမနဿံ၌လည်း ဗာဟုဗ္ဗ ဂဏ္ဍပစ္စည်းအရ ဘာဝေါ-အရတိုင်း ကောက်၍ အန္တဗ္ဗ သုမနပုဒ်အရ သုမနဿ အရအတိုင်းကောက်ပြီးလျှင် ယခင် သဟမျိုး (၈) ပစ္စည်း ပြိုင်။]

(ဂ) ဝါကျ။ ကာရေတိအရ သောမနဿ ဝေဒနာသည် သမ္ပယုတ္တဓမ္မဟူသော ပါဠိသေသ ကာရိတ်ကံပုဒ်အရ သမ္ပယုတ်တရားအား သဟ—ပြုဏ်။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-ဣ-အဝိ (၈)။

http://www.dhammadownload.com

# ၅၆–ဇီဝိတ ဝစနတ္ထအဖွင့်

(က) ဇီဝန္တိ တေန တံ သမ္ပယုတ္တကာ ဓမ္မာတိ ဇီဝိတံ။

(ခ) အနုပါလန လက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဂ) ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။

(ဃ) တံ ပဝတ္တသန္တတာဓိပတေယျံ ဟောတိ။

(င) လက္ခဏာဒိဟိ ပန အတ္တနာ အဝိနိဘုတ္တာနံ ဓမ္မာနံ အနုပါလန–လက္ခဏံ ဇီဝိတိန္ဒြိယံ၊ တေသံ ပဝတ္တနရသံ၊ တေသံယေဝ ဌပန ပစ္စု–ပဋ္ဌာနံ၊ ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။

(စ) သန္တေပိစ....ပ....ဥပ္ပလာဒီနိ၊ [ဋ္ဌ–၁၆၇]

အနက်ထူး။ ။(ဃ) ဝါကျ။ တံ ဇီဝိတိန္ဒြိယံ-သည်၊ ပဝတ္တသန္တတာဓိပတေယျံ-မပြတ်မစဲ ဖြစ်တတ်သည်ဖြစ်၍ ပဝတ္တဟု ဆိုအပ်သော ဥပါဒိန္နကခန္ဓာ အစဉ်၌ အစိုးရသည်ဖြစ်၍ ဖြစ်သည်၊ (ပဝတ္တ၏ သဒ္ဒတ္ထ, အဘိဓေယျတ္ထ ပေါ်အောင် ပေးသည်။)

(င) ဝါကျ။ အဝိနိဘုတ္တာနံ — မကွဲပြားကုန်သော။ ....ပ.... ယာပယိတဗ္ဗဓမ္မ ပဒဋ္ဌာနံ-မျှစေအပ်သောတရားလျှင် နီးစွာသောအကြောင်းရှိ၏၊ (ဆရာ့အနက်) (ဂဏ္ဌိ)

(စ) ဝါကျ။ (ဥပမာ အပြင်ထုတ်၍ပေးပုံမှာ နိဿယအတိုင်းမှတ်၊)တစ်နည်း–ဥပမာအတွင်းသွင်း၍ ဝါကျအပြန်အလှန်ပေးသော်–

(ဃ) ဝါကျ။ အာရမ္မဏေဖြင့် အဖန်တလဲလဲ ဖွဲ့၍ထားခြင်းဟူသည် အာရုံ၌ အဖန်တလဲလဲဖွဲ့၍ ထားခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) စိတ်ဖြင့် စိတ္တဿ၌ သဝိဘတ်သည် သာမညတ္ထ၌သက်သည်မဟုတ်၊ ကမ္မတ္ထ၌ သက်သည်ဟု သိစေ၏။ (ဝိဘတျတ္ထ) သရံ ဝိယ ဇိယာယဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာန အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) အနုသန္ဓဟိတွာဖြင့် အနုသဒ္ဒါ သန္ဓဟနအနက်ဟောဟု သိစေ၏၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဌပနတောဖြင့် သန္ဓာနတာ၌ သံသဒ္ဒါ-ဓာတွတ္ထ ဗာဓက၊ တစ်နည်း-ဓာတွတ္ထ ဝိသေသက (ဥပသဂ္ဂလိင်္ဂတ္ထ)၊ သံပုဗ္ဗ+ဓာဓာတ်၊ (ဒု-ဓာတုပဒ) ထိုဓာတ် ဌပန အနက်ဟော၊ (ဒု-ဓာတွတ္ထ) ယုပစ္စည်းကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော။ (ဒု-ပစ္စယတ္ထ) သန္ဓာနော၀+သန္ဓာနတာဟု သွတ္ထတဒ္ဓိတ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) တာပစ္စည်း သွတ္ထအနက်၌သက်၊ (ပစ္စယတ္ထ) သိစေ၏။ အပေါင်းဖြင့် အနုသန္ဓဟိတွာ+သန္ဓာနတာ အနုသန္ဓာနတာ-ဟု တုလျာဓိကရဏ(ပါဒိပုဗ္ဗ ကမ္မဓာရည်း)သမာသ် ဝိဂ္ဂဟပြု၊ စိတ္တဿ+သနုသန္ဓာနတာ စိတ္တဿ အနုသန္ဓာနတာ-ဟု အလုတ္တ ကမ္မတ္ထ ဆဋ္ဌီ တပ္ပုရိသ် သမာသ်ပြု-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)

(င) ဝါကျ။ အာရမ္မဏံဖြင့် အဖန်ဖန် ရှုခြင်း-ဟူသည် အာရုံကို အဖန်ဖန် ရှုခြင်း-ဟု သိစေ၏ (ဘာဝတ္ထ) အနုပေက္ခမာနော ဝိယ တိဋ္ဌတိဖြင့် အနုပေက္ခန၌ အနုပုဗ္ဗ+ဣက္ခဓာတ် (ဒု-ဓာတုပဒ) အနုပေက္ခတီတိ အနုပေက္ခနော-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (ဒု-ပစ္စယတ္ထ-အဘိဓာနတ္ထ) အနုပေက္ခနတာ၌ အနုပေက္ခနော ဧဝ အနုပေက္ခနတာဟု သောတ္ထတဒ္ဓိတ် ဝိဂ္ဂဟပြု (ပစ္စယတ္ထ) ဝိစာရသည် မုချအားဖြင့် အဖန်ဖန် ရှုတတ်သည်မဟုတ်၊ အဖန်ဖန်ရှုသကဲ့သို့ တည်၏ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။

(စ) ဝါကျ။ ဝိစာရဏာဝသေနဖြင့် လျစ်လျူရှုခြင်း ဟူသည် အာရုံကိုထက်ဝန်းကျင် လှည့်လည်သည်၏ အစွမ်းဖြင့်၊ ဝါ-သုံးသပ်သည်၏ အစွမ်းဖြင့် လျစ်လျူရှုခြင်း-ဟု သိစေ၏။ (ဘာဝတ္ထ) တစ်နည်း-အနုသဒ္ဒါ ဝိစရဏ အနက်ဟော-ဟု သိစေ၏ (ဥပသဂ္ဂလိင်္ဂတ္ထ) ဥပေက္ခနတာဖြင့် အနုပေက္ခနတာကို အနု+ဥပေက္ခနတာ—ဟု ပုဒ်ဖြတ် (သန္ဓိလိင်္ဂပဒ) အနုပေက္ခနော ဧဝ အနုပေက္ခနတာဟု သောတ္ထ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ) အနုဝိစရဏာ+ဟုတွာ+ဥပေက္ခနတာ အနုပေက္ခနတာ-ဟု ကမ္မဓာရည်း သမာသ်ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

http://www.dhammadownload.com



[မှတ်ချက်။ ။ဤကား ဥပေက္ခနတာ–ဟု ပါဠိရှိသော ဆဋ္ဌမူသို့ လိုက်၍ ဖော်ခြင်းတည်း၊ ရှေးနိဿယ၌ကား–န ဥပေက္ခနတာ ဟု ပါဠိရှိသည့်အနေဖြင့် အနက်ပေးထားသည်။ ထို နဥပေက္ခနတာပါဠိအရ ဖော်သော်–

နဥပေက္ခနတာဖြင့် အနုပေက္ခနတာ၌ န (အန်) + ဥပေက္ခနတာ–ဟု ပုဒ်ဖြတ်၊ (သန္ဓိလိင်္ဂပဒ) အန (အန်) ၏ န သဒ္ဒါ၏ ကာရိယအဖြစ် (နိပါတလိင်္ဂပဒ) န+ဥပေက္ခနတာ အနုပေက္ခနတာ–ဟု ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ်ပြု (သမာသ လိင်္ဂတ္တ) သိစေ၏။]

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ ဝိစရဏံ, ဝိစာရေတို့၌ ဝိသဒ္ဒါ သမန္တတ္ထ၊

(ဃ) ဝါကျ။ ဝိယသဒ္ဒါ—ပဋိဘာဂတ္ထ၊ ဝါ→ဥပမာဇောတက။

(ဂ) ဝါကျ။ ဝိယသဒ္ဒါ—ဥပရိက္ခာ ဇောတက။

## ပဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အာရမ္မဏေအရ ရူပါရုံစသော အာရုံသည် စရဏက ဝသေန စာရေအရ ဝိစာရ စေတသိက်အား အာရမ္မဏ....ပြု၏၊ ပြိုင်–ဟထာရဟာ–အာ–ဓိ–နိ–ဥပ–ပု–ဝိပ္ပ–တ္ထိ အဝိ (၇)။

(ဃ) ဝါကျ။ အာရမ္မဏေအရ ရူပါရုံစသောအာရုံသည် စိတ္တံအရ ဝိစာရ သမ္ပယုတ်စိတ်နှင့် အနုသန္ဓဟိတ္ဘာ ငှပနတောတို့အရ ဝိစာရစေတသိက်အား အာရမ္မဏ....ပြု၏။ ပြိုင်–ယထာရဟာ–အာ–ဓိ–နိ–ဥပ–ပု–ဝိပ္ပ–တ္ထိ–အဝိ (၇)။ အနုသန္ဓဟိတ္ဘာ, ငှပနတောတို့အရ ဝိစာရစေတသိက်သည် စိတ္တံအရ သမ္ပယုတ်စိတ်အား သဟ....ပြု၏။ ပြိုင်–သဟ–ည–နိ–ဈာ–သံ–တ္ထိ–အဝိ (၇) အနုသန္ဓာနတာအရ ဝိစာရသည် စိတ္တဿအရ သမ္ပယုတ်စိတ်အား သဟ....ပြု၏။ ပြိုင်–ဿဟ–ည–နိ–ဈာ–သံ–တ္ထိ–အဝိ (၇)။

(င) ဝါကျ။ အာရမ္မဏံအရ ရူပါရုံစသော အာရုံသည် အနုပေက္ခမာနော ဝိယ, တိဋ္ဌတိတို့အရ ဝိစာရအား အာရမ္မဏ....ပြု၏။ ပြိုင်– ယထာရဟာ–အာ–ဓိ–နိ–ဥပ–ပု–ဝိပ္ပ–တ္ထိ–အဝိ (၇)။

http://www.dhammadownload.com

# ၇၇–ပီတိနိဒ္ဒေသ ပီတိပါမောဇ္ဇစသည် အဖွင့်

(က) ပီတိနိဒ္ဒေသေ ပီတီတိ သဘာဝ ပဒံ။ ပမုဒိတဿ ဘာဝေါ ပါမောဇ္ဇံ။

(ခ) အာမောဒနာကာရော အာမောဒနာ။ ပမောဒနာကာရော ပမောဒနာ။

(ဂ) ယထာ ဝါ ဘေသဇ္ဇာနံ ဝါ....ပ....ကေတော ကရဏေန မောဒနာ။

(ဃ) ဥပသဂ္ဂဝသေန ပန မဏ္ဍေတွာ "အာမောဒနာ ပမောဒနာ" တိ ဝုတ္တာ။

(င) ဟာသေတီတိ ဟာသော။ ပဟာသေတီတိ ပဟာသော။

(စ) ဟဋ္ဌ ပဟဋ္ဌာကာရာန မေတံ အဓိဝစနံ။ [ဋ္ဌ-၁၈၇]

### ဌပနာပဉ္စက ပုစ္ဆာတက်

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် အာမောဒနာ, ပမောဒနာတို့၌ မုဒဓာတ်၏ ဝမ်းမြောက်ရွှင်လန်းခြင်း ဟဿအနက်ဟော အဖြစ်ကို ပြဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော်, မုဒဓာတ်သည် ဟဿအနက်သာလျှင် ဟော၏—ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ထို့ကြောင့်, မုဒဓာတ်၏ ဟဿအနက်ဟော အဖြစ်မျှကိုသာ မဆိုသင့်၊ မုဒဓာတ်၏ တစ်ပါးသော ဖြစ်သင့်သော ရောနှောခြင်း မိဿန အနက်ဟော၏ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏၊ မုဒဓာတ်၏ မိဿန အနက်ဟောကား အဘယ်ပါနည်း၊....စသည်။ ဓောဒနာတကလျှင် - အဗျာပိတ ဒေါသတင်တက်။

(ဃ) ဝါကျ။ ဆရာ, မြတ်ဘုရားသည် အာမောဒနာ ပမောဒနာ—ဟု ဟော တော်မူ၏၊ ဤသို့ပင် ဟောသော်လည်း အာ, ပ—ဥပသာရပုဒ်တို့ အနက် သီးခြား မရှိ၍ မောဒနာ—ဟုသာ ဟောသင့်သည် မဟုတ်ပါလော၊ ထို့ကြောင့် အာမော–ဒနာ, ပမောဒနာ–ဟု မဟောသင့်။ မောဒနာ–ဟုသာ ဟောသင့်၏ အာမော-ဒနာ, ပမောဒနာ-ဟု ဟောရပုံကား အဘယ်ပါနည်း၊....စသည်။

(စ) ဝါကျ။ (ဟာသော, ပဟာသောပုဒ်တို့၏ ဝစနတ္ထမှတစ်ပါး, အာကိဓေ-ယျတ္ထ ပြသည်ကို ရှုတက်)။

### ဒေါသသင့်ပုံ, ပယ်ပုံ

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ရှေးဝါကျကိုဘောက်လျှင် ဝိရောဓိဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



ပါဠိတော်ကို ထောက်လျှင် ပုနရုတ္တိ, ကေတ္ထ, နိရတ္ထကဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး, အဘိဓေယျတ္ထကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-အဓိ ဝစနံကို ထောက်၍ အတိဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲလှယ်ပုံ။ ဂ-ဝါကျ။ အာမောဒနာ, ပမောဒနာတို့၌ မုဒဓာတ်၏ ရွှင်လန်းခြင်း ဟဿအနက်အကြောင်းမှ ရောနှော၍ခြင်း မိဿနအနက်အကြောင်း တစ်ပါးကိုလည်းကောင်း၊ အာ, ပ-ဥပသာရပုဒ်တို့၏ ဘုသတ္ထ, ပကာရတ္ထမှတစ်ပါး, ဓာတွတ္ထာ နုဝတ္တက အဖြစ်ဟူသော အနက်အကြောင်းတစ်ပါးကို လည်းကောင်း၊ လဲလိုသောကြောင့် ယထာဝါ၌ ဝါသဒ္ဒါထား၏။

ဘေသဇ္ဇ, တေလ, ဥဏှောဒကသိတောဒကအနက် အချင်းချင်းပေါင်းဆည်းသော အညမညလမ္ပစ္စည်းအနက်ကို ပြလိုသောကြောင့် နောက်ဝါသဒ္ဒါ သုံးပုဒ်ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ၊ ပမောဒတီတိ ပမောဒေါ။ ပမောဒဿ+ဘာဝေါ ပါမောဇ္ဇံ။ [ဋ္ဌ-ဌ် ပမုဒိတဿ ရှိသည်မှာ ပမောဒ၏ အနက်ဖွင့်၊ ပါမောဇ္ဇ၌ ပုဒ်ရင်းကား ပမောဒ။]

၂။ ဝမ်းမြောက်သော။ ဝါ-လွန်စွာဝမ်းမြောက်သော စိတ်၏ ဖြစ်ကြောင်း ဖြစ်ရာ ပီတိနှင့် အကျိုး+အကြောင်း....စပ်....။

၃။ ဝမ်းမြောက်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။ တစ်နည်း-ပမောဒနံ ပမောဒေါ။ (ဘာဝသာဓိ) ပမောဒေါယေဝ+ပါမောဇ္ဇံ။ (ဏျပစ္စည်း သွတ္ထ)။

၂။ ပမောဒပုဒ်+ဏျပစ္စည်း၊ ဝမ်းမြောက်ခြင်း၏ ဝမ်းမြောက်တတ်သော တရား နှင့် ဂုဏ်+ဂုဏီ....စပ်....။

၄။ ဝမ်းမြောက်ခြင်း ကြိယာသည်၊ ဝါ-ဝမ်းမြောက်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

[မှတ်ချက်။ ။အဘိဓာန်ဋီကာ၌- ပမောဒိတဿ (ဋီကာနိဿယ၌-ပမုဒိတဿ-ဟုရှိ၏။) ပုဂ္ဂလဿ စိတ္တဿ ဝါ ပါမောဇ္ဇံ-ဟုလည်းကောင်း။

သူစိ၌-ပမုဒိတဿ ပုဂ္ဂလဿ စိတ္တဿ ဝါ ဘာဝေါ ပါမောဇ္ဇံ။ အထဝါ ပကဋ္ဌော + မောဒေါ ပမောဒေါ၊ သောယေဝ ပါမောဇ္ဇံ။ သကတ္ထေ ဏျော-ဟုလည်းကောင်း။

မဏိမဉ္ဇူ-ပ-၂၄၉-၌ ပမုဒိတဿ ဘာဝေါ ပါမောဇ္ဇံ-ဟုလည်းကောင်း ဝိဂ္ဂဟပြုကြသည်။

http://www.dhammadownload.com



ထိုဝိဂ္ဂဟများအရ ပါမောဇ္ဇံ၌ ပမုဒိတပုဒ်-ဟု ထင်ရ၏။ ဘာဝတဒ္ဓိတ် ဝိဂ္ဂဟ-ဟုလည်း ယူရန်ရှိသည်၊ သို့သော်-နိဿယသစ် ဒု-၃၄၅ ၌ကား-ဌ-၌ ပြသော ပမုဒိဘာဿ ဘာဝေါ (ပမုဒိတဘာဝေါ) ကား အနက်ဖွင့်သာဟု ဆို၍ ပမောဒနံ ပမောဒေါ။ ပမောဒေါ ယေဝ ပါမောဇ္ဇံ၊ သောတ္ထ၌ ဏျပစ္စည်း-ဟု ဆိုလေသည်။

[ယခင်အထက်ပါ သူစိ နောက်နည်းနှင့်လည်း အဓတ်များများ ကိုက်ညီနေသည်။ ထို့ကြောင့်-ပမုဒိတပုဒ်ဖြစ်ရန် ခဲယဉ်း၍ ပမောဒပုဒ်-ဟု ယူခြင်းက ပိုကောင်းသည်။ ပမောဒတီတိ ပမောဒေါ-ဟု ဝိဂ္ဂဟပြုလျှင် ပမောဒဿ+ဘာဝေါ ပါမောဇ္ဇံ-ဟူသော ဘာဝဘဒ္ဓိတ် ဝိဂ္ဂဟအား ဖြစ်နိုင်ရန် အကြောင်းရှိသည်။ ပညာရှိများ စဉ်းစားကြပါကုန်။]

(ဂ) ဝါကျ။ မောဒတီတိ မောဒနာ။ [မုဒဓာတ်+ယုပစ္စည်း၊ ရွှင်လန်းခြင်း ကြိယာခွဲ။]

## လိင် စသည် ဝေဖန်ပုံ

(က) ဝါကျ။ ပီတိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ၊ ပမုဒိတဿ-ပုလ္လိင်၊ (အဘိဓာန်) ပုရိသာဒိဂိုဏ်းခွဲ၊ တစ်နည်း-အဘိဓေယျ စိတ်ကိုငဲ့၍ နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ ပါမောဇ္ဇံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။

(ဂ) ဝါကျ။ ဘောဇ္ဇာနံ, တေလာနံတို့ကို နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။

(င) ဝါကျ။ ဟာသေတိ-အလိင်္ဂနောဝိကရဏဂိုဏ်း၊ တစ်နည်း-ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချတ်ပုဒ်။ [ဟာသ (ဟံသ)+ဏေ+တိ]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပီတီတိ သဘာဝပဒ်ဖြင့် ဤ ပီတိ-ဟူသော ပုဒ်သည် ပီတိ၏ သဘောအားဖြင့် ရအပ်သောပုဒ်ဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ) ပမုဒိတဿ ဘာဝေါဖြင့် ပါမောဇ္ဇံ၌ ပမောဒပုဒ်၊ ထိုပမောဒသည် ပမုဒိတ၏ ပရိယာယ်, တစ်နည်း- ပမောဒဿဒ္ဓါ- ပမုဒိတအနက်ဟော (အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ) ဏျပစ္စည်း ဘာဝအနက်ဟော (ပစ္စယတ္ထ) ပမောဒဿ+ဘာဝေါ ပါမောဇ္ဇံ-ဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) တစ်နည်း-ပမုဒိဘပုဒ်+ဏျပစ္စည်း ဘာဝ အနက်ဟော (ပစ္စယတ္ထ) ပမုဒိဘဿ+ဘာဝေါ ပါမောဇ္ဇံ-ဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။



F.79 A

http://www.dhammadownload.com



(ခ) ဝါကျ။ အာမောဒနာကာရေဖြင့် အာမောဒနာ၌ အာပုဗ္ဗ+မုဒဓာတ် (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) အာမောဒီ-ယတေ အာမောဒနာ-ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ပမောဒနာ ကာရေဖြင့် ပမောဒနာ၌ ပပုဗ္ဗ+မုဒဓာတ် (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) ပမောဒီယတေ ပမောဒနာဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတကအဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ) ယထာ....ပ....ဝုစ္စတိဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနအဖြစ်၊ ဧဝံဖြင့် ဥပမေယျ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) အယံပီတိဖြင့် မောဒနာအရကို သိစေ၏၊ (အဘိဓေယျတ္ထ) ပိဖြင့် သမုစ္စယဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ဓမ္မာနံဖြင့် ကံအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ကေတောကရဏေနဖြင့် မောဒနာ၌ မုဒဓာတ်၏ မိဿနအနက်ဟော၏ အဖြစ်ကို သိစေ၏။ (ဓာတွတ္ထ)

(င) ဝါကျ။ ဟာသေတီတိဖြင့် ဟာသော၌ ဟာသ(ဟံသ) ဓာတ် (ဒု-ဓာတုပဒ) ဏပစ္စည်း ဟေတုကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဟာသေတီတိ ဟာသော-ဟု ဟေတုကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ ပဟာသေတီတိဖြင့် ပဟာသော၌ ပပုဗ္ဗ + ဟာသ (ဟံသ) ဓာတ် (ဒု-ဓာတုပဒ) ဏပစ္စည်း ဟေတု ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ပသဒ္ဒါ—ဓာတွတ္ထဝိသေသက ဖြစ်၍ ပကာရအနက်ဟော (ဥပသဂ္ဂ လိင်္ဂတ္ထ) သိစေ၏။

(စ) ဝါကျဖြင့် ဟာသ, ပဟာသ အရ ရွှင်ခြင်း, အပြားအားဖြင့် ရွှင်ခြင်း ဟူသော စိတ်၏အမူအရာ ကြိယာကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ) ဟာသ, ပဟာသ သဒ္ဒါတို့၏ ကေဒေသျုပစာအဖြစ် (ဘာဝတ္ထ၊ ပဒ) သိစေ၏။

## ဥပသာရပုဂ် နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ အာမောဒနာ၌ အာသဒ္ဒါ ဘုသတ္ထ၊ အတိသယတ္ထ။ ပမောဒနာ၌ ပသဒ္ဒါ—ပကာရတ္ထ။

(ဂ) ဝါကျ။ ယထာ-ပဋိဘာဂတ္ထ။ ဝါသဒ္ဒါ ဝိတပ္ပနတ္ထ၊ နယန္တရ ဇောတထ နောက်ဝါသုံးပုဒ် အညမညသမုစ္စယတ္ထ။ ဧဝံ—ပဋိဘာဂတ္ထ၊ တစ်နည်း-ဥပမေယျ ဒဇာတက၊ ပိ (အပိ) သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ ထိုပိ၏ သမ္ဘာဝနာကာရ, ပိဏ္ဍတ္ထ အဓိပ္ပာယ်ကား--ဆေး, ဆီ, ရေပူ ရေအေးတို့ကို ရောနှောခြင်းကိုသာ မောဒနာ-ဟု ဆိုအပ်သည် မဟုတ်သေး၊ ဤပီတိကိုလည်း သဟဇာတ်တရားတို့ကို ရောနှော ခြင်းကြောင့် မောဒနာ-ဟု ဆိုအပ်၏-ဟု ပေါင်းဆည်း၏။

http://www.dhammadownload.com



(င) ဝါကျ။ ပနသဒ္ဒါ ဝုတ္တာဟူသော စပ်ရာပုဒ်အနက်က မြတ်သောကြောင့် စပ်ရာပုဒ်အနက်ကို စွဲ၍ [ရှေ့-နိ-၇၄—နှင့် အညီ] အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။

ကြိယာ ၅-တန်ထုတ်ပုံ

[(က) ဝါကျ။ စသည်၌ပါသောပီတိအရ ထုတ်ပုံကို ပီတိ၏ဝစနတ္ထအဖွင့်၌ရှု။]

(ဂ) ဝါကျ။ ဝုစ္စတိ၌ ဝစဓာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသော မနသိကာရသည်....။

၃။ မောဒနာဟူသော ဝစီဘေဒသဒ္ဒသည်....။

၄။ သဒ္ဓမ္မဿဝန စသည်သည်....။

၅။ အနက်အဓိပ္ပာယ် သိရှိရခြင်း စသည်တို့သည်....။

(ဃ) ဝါကျ။ ဝုတ္တာ၌ ဝစဓာတ်အရ-

၁။ ဒေသနာဉာဏ်သည်....။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။

၃။ အာမောဒနာ, ပမောဒနာ-ဟူသော ဝစီဘေဒသဒ္ဒသည်....။

၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။

၅။ တရားနာရခြင်း, ပီတိပါမောဇ္ဇ ဖြစ်ခြင်း စသည်တို့သည်....။

ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဘဝေါ်အရ ပီတိသည် ပမုဒိတဿအရ သမ္ပယုတ်စိတ်အား သဟ....ပြု၏၊ ပြိုင်-သဟ-ည-နိ-ဈာ-သံ-တ္ထိ-အဝိ (၇)။

(ဂ) ဝါကျ။ မောဒနာ-ဟူသော အာကာရပုဒ်အရ မောဒနာ – ဟူသော နာမပညတ္တိသဒ္ဒါသည် ဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ တစ်နည်း-ဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မောဒနာတိ-ဟူသော အာကာရပုဒ်အရ မောဒနာ-ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်-ယထာရဟ ဟေ-ဓိ-သဟဥနိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

(ဃ) ဝါကျ။ (အာမောဒနာ, ပမောဒနာတိ ဝုတ္တာ၌လည်း အထက်ပါ မောဒနာတိ ဝုစ္စတိအတိုင်း နည်းမှီပြိုင်။ ဝစဓာတ်အရ ဒေသနာဉာဏ် ပြဓာန်းသော မဟာကိရိယာ. ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ကောက်ပါ။)

(င) ဝါကျ။ ယောသဘာဝေါ ပါဠိသေဿ ကတ္တာအရ ပီတိသည် ဟာသေတိ ပဟာသေတိတို့အရ ပီတိသမ္ပယုတ္တဓမ္မအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဈာ-သံ-တ္ထိ-အဝိ (၇)

# ၇၈-ဝိတ္တိ အဖွင့်

(က) ဝိတ္တီတိ ဝိတ္တံ။

(ခ) ဓနယောတံ နာမံ။

(ဂ) အယံ ပန သောမနဿ ပစ္စယတ္တာ ဝိတ္တိသရိက္ခတာယ ဝိတ္တိ။

(ဃ) ယထာ ဟိ....ပ...ပီတိ ပရိစ္စ သောမနဿံ ဥပ္ပါဒေတိ၊

(င) တသ္မာ ဝိတ္တီတိ ဝုတ္တာ။

(စ) တုဋ္ဌိ သဘာဝ သဏ္ဌိတာယ ပီတိယာ ဧတံ နာမံ။ [ဋ္ဌ-၁၈၇]

အနက်ထူး။ ခ-ဝါကျ။ သံဝဏ္ဏနာအရ သံဝဏ္ဏေ တဗ္ဗ ဝိတ္တိအနက်ကား-ဝိတ္တိ-ဥစ္စာကဲ့သို့ ဝမ်းမြောက်ကြောင်းသည်၊ ဝါ-သုခကိုရကြောင်း ဥစ္စာကဲ့သို့သော သဘောသည်၊ ဝါ-သောမနဿ၏ အကြောင်းဖြစ်သည့်အတွက် ဥစ္စာနှင့်တူသော သဘောသည်။

(င) ဝါကျ။ တသ္မာ-ထို့ကြောင့်၊ အယံ ပီတိ-ဤပီတိကို (ဝုတ္တကံ)ဘဂဝတာ-သည်၊ (အဝုတ္တ ကတ္တား) ဝိတ္တီတိ-ဝိတ္တိဟူ၍၊ ဝုတ္တာ-ဟောတော်မူအပ်၏။ ဝါ-ပြီ။

## ကျမ်းတက်
## ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ ဟာသော, ပဟာသော ပုဒ်တို့၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး, ဝိတ္တိပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကို ရှာဘက်။

(ခ) ဝါကျ။ ဆရာ,ဆရာသည် က-ဝါကျဖြင့် ဝိတ္တိသဒ္ဒါ၏ ဥစ္စာဟောနှင့်တကွ ကဲရဏသာဓ် ဝိဂ္ဂဟပြုရမည်ကို ပြဆိုတော်မူ၏။ ဤသို့သာဆိုချေသော်, ဝိတ္တိအရ အဘိဓေယျတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....ပ.... ဝိတ္တိ၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် (ခ) ဝါကျဖြင့် ဝိတ္တိအရ ဥစ္စာကိုယူရသော-ဟု ဆိုတော်မူ၏။....သော်, ဤပီတိနိဒ္ဒေသ၌လည်း ဝိတ္တိအရ ဥစ္စာကိုပင် ယူရမည်ဟု မှတ်အပ်သည်မဟုတ်ပါလော၊တစ်နည်း-ဤပီတိနိဒ္ဒေသ၌ ဝိတ္တိအရ ပီတိကိုယူရမည်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ထိုသို့ ရောက်ရာလေသောကြောင့်, ဝိတ္တိအရ ဥစ္စာကို ယူရသော ဟူ၍သာ မဆိုသင့်, ဤပီတိနိဒ္ဒေသ၌ ဝိတ္တိအရ ပီတိယူရမည်ကိုလည်း ပြဆိုသင့်သေး၏။ ပီတိ ယူပုံကား အဘယ်ပါနည်း ....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆရာ, ဆရာသည် (ဂ) ဝါကျဖြင့် ဝိတ္တိအရ ပီတိကို ယူရမည်ဟု ပြဆိုတော်မူ၏၊ ဝါ-ဤပီတိကို သောမနဿ အကြောင်းဖြစ်သည့်အတွက် ဥစ္စာနှင့် တူသောကြောင့် ဝိတ္တိဟူ၍ ဆိုအပ်သော-ဟု ပြဆိုတော်မူ၏။....သော် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ ဥဒါဟရဏ်းနှင့်ကင်း၍ မပေါ်လွင် မထင်ရှား သေးသည် မဟုတ်ပါလော။

တစ်နည်း-ဤသို့ အပါကဋ္ဌအားဖြင့် မိန့်တော်မူသည်ရှိသော် ဥပမာ ဥဒါဟရဏ် ဆောင်၍ ထင်ရှားအောင် မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါ လော။....ပ....ဥပမာ ဥဒါဟရဏ်ဆောင်၍ ထင်ရှားအောင် ပြဆိုသင့်သေး၏။.... စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည်၊ ဂ-ဃ—ဝါကျတို့ဖြင့် ဥပမာဆောင်၍ ဝိတ္တိအရ ပီတိကိုယူရသော ဟု ပြဆိုတော်မူ၏။ ဤသို့သာဆိုချေသော်, ထိုစကားရပ်ကို ဆိုခြင်းဖြင့် ဆရာအား တစုံတစိ အကျိုးမရှိသည် မဟုတ်ပါလော၊ ဝါ-အကျိုးမရှိ နိရတ္ထက ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....ထိုစကားရပ်ကို ဆိုခြင်းဖြင့် ရအပ်သော အကျိုးကိုလည်း ဆရာပြဆိုသင့်သေး၏၊....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည်(င)ဝါကျဖြင့် ထို့ကြောင့် ဝိတ္တိဟူ၍ဆိုအပ်သော ဟု ပြဆိုတော်မူ၏။ ဤသို့ပင် ဆိုချေသော်လည်း, ဝိတ္တိအရ အဘိဓေယျတ္ထကိုကား (ထင်ရှားစွာ) မပြဆိုရသေးသည် မဟုတ်ပါလော။....ပ....ဝိတ္တိအရ အဘိဓေယျတ္ထ ကိုလည်း (ထင်ရှားစွာ) ပြဆိုသင့်သေးသည်၊....စသည်။

ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဝိတ္တိပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ ဝိတ္တိအရ အဘိဓေယျတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ ရာ၏၊....စသည်။

(ဂ) ဝါကျ။ ဤ ပီတိ နိဒ္ဒေသ၌သည်း ဝိတ္တိအရ ဥစ္စာကိုပင် ယူရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ တစ်နည်း-ဤပီတိ နိဒ္ဒေသ၌ ဝိတ္တိအရ ပီတိယူရမည်ကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ.... ဤပီတိ နိဒ္ဒေသ၌ ဝိတ္တိအရ ပီတိယူရမည်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

(ဃ) ဝါကျ။ ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ ဥဒါဟရဏ်နှင့် ကင်းလျက်ဖြစ်၏-ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)ဥပမာ ဥဒါဟရဏ် ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)....စသည်။

http://www.dhammadownload.com



(င) ဝါကျ။ ထိုစကားရပ်ကို ဆိုခြင်းဖြင့် အကျိုးတစ်စုံတစ်ခုမျှ မရှိ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ-အကျိုးမရှိ နိရတ္ထက ဖြစ်သည်-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နိ-ပါ)....ပ....ထိုစကားရပ်ကို ဆိုခြင်းဖြင့် ရအပ်သော အကျိုးကိုလည်း ဆရာ·ပြဆိုသင့်သေး၏။ (နိ-ဧ)....စသည်။

(စ) ဝါကျ။ ဝိတ္တိအရ အဘိဓေယျတ္ထကိုကား (ထင်ရှားစွာ) မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

ရှေ့ဝါကျကိုထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏၊

(ခ) ဝါကျဖြင့် အဘိဓေယျတ္ထကို ပြသဖြင့် လိုအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-စိတ္တိအရ သုခ-သော မနသာရကြောင်း ဝိတ္တိသာမညကို မယူရ။ ဥစ္စာကိုသာ ယူရမည်- ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် (နာမံကို ထောက်၍) အတိဗျာပိတ, ဒေါသကို ပယ်၏။ ဤ (ခ)ဝါကျကို ထောက်၍ ရှေ့(က)ပါကျ၌ အဗျာပိတ, တစ်နည်း- အတိဗျာပိတဒေါသသင့်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသ၊ ဝိရောဓိဒေါသကို ပယ်၏။

(ဃ) ၁ါကျဖြင့် အဗျာပိတဒေါသ, တစ်နည်း- အပါကဋ- တပ္ပါကဋိကရဏ ဆန့်ကျင့်သော ဝိရောဓိဒေါသ, တစ်နည်း-ပုနရုတ္တိဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ရရှိအပ်သော အကျိုး (လဒ္ဓဂုဏ်) ကို ပြဆိုသောကြောင့် နိရတ္ထက ဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် ဝစနတ္ထ အဓိပ္ပာယတ္ထမှတစ်ပါး၊ အဘိဓေယျတ္ထကို ပြသဖြင့် လိုအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသ, တစ်နည်း- ဝိတ္တိအရ-ပီတိကိုသာ ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် (နာမံကို ထောက်၍) အတိဗျာပိတဒေါသကို ပယ်၏။

နာမံထားရပုံ။ ခ-ဝါကျ။ အထူးပါင်းဖြစ်သော ဝိတ္တိသာမည၏ အမည်ထို အစိတ်ဖြစ်သော ဥစ္စာ၌ တင်စား၍ ခေါ်ဝေါ်သော ဝိတ္တိသဒ္ဒါ၏ ကေဒေသျူ ပစာ အဖြစ်ကို ပြလိုသောကြောင့် နာမံထား၏။

(စ) ဝါကျ။ အပေါင်းဖြစ်သော ဝိတ္တိသာမည၏အမည်ကို အစိတ်ဖြစ်သော ပီတိ၌ တင်စား၍ ခေါ်ဝေါ်သော ဝိတ္တိသဒ္ဒါ၏ ကေဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် နာမံထား၏။

http://www.dhammadownload.com



တသ္မာထားရပုံ။ ။ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် ဤပီတိကို ဝိတ္တိ-ဟူ၍ ဘုရားရှင် ဟောအပ်၏- ဟု ရရှိသော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တသ္မာ (ဝုတ္တာ)-ထား၏။

[ဆောင်] ၁။တေန တသ္မာ၊ ရှေ့အလာ၊ ယုတ္တာ-ယုတ္တိ-စမ်းကြကုန်။

၂။ အယုတ္တိရောက်၊ မိမိနောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ယူပါ-လဒ္ဓဂုဏ် (ရွှေ-နိ-၂၀၃-၄)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝိန္ဒတိ သုခံ တောယာတိ ဝိတ္တိ၊ (သူစိ), သောမနဿံ ဝိန္ဒတိ တောယာတိ ဝိတ္တိ။ (နိ-သစ်)

[သောမနဿ ပစ္စယတ္တာ- ကို ထောက်၍ နောဝိဂ္ဂဟ—က ဌာနာနုရူပဖြစ်၍ ပိုကောင်းသည်။]

၁။ ဝိတ်- တိ- (ဝိ-တ္တိ) ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။
၂။ ဝိဒ ခာတ်+တိ ပစ္စည်း၊ ရခြင်းကြိယာသည်....။
၃။ ဝိတ္တိ-ဟူသော အပေါင်းနာမ ပညတ္တိသဒ္ဒါသည်....။
၄။ ရခြင်းကြိယာသည်....။

[အဘိဓာန်ဋီကာနည်း]

ဝိန္ဒတိ ပီတိံ ဧတေနာတိ ဝိတ္တံ။ (ယောဇနာနှင့် သူစိ), ဝိန္ဒတိ ဧတေနာတိ ဝိတ္တံ။ (နိ-သစ်)

၁။ ဝိတ်-တံ (ဝိ-တ္တံ) ဟူသော အစိတ်အစိတ်ပရမတ္ထ သဒ္ဒါသည်...။
၂။ ဝိဒဓာတ်+တ ပစ္စည်း၊ ရခြင်းကြိယာသည်....။
၃။ ဝိတ္တံ-ဟူသော အပေါင်းနာမ ပညတ္တိသဒ္ဒါသည်....။
၄။ ရခြင်းကြိယာသည်...။ [အဘိဓာန်ဋီကာနည်း]

(ဂ) ဝါကျ။ သမာနမိဝ (သမာနာဝိယ) ဒိဿတိတိ သရိက္ခာ။ သရိက္ခာယ+ဘာဝေါ သရိက္ခတာ။ ဝိတ္တိယာ+သရိက္ခတာ ဝိတ္တိသရိက္ခတာ (တာယ)

၂။ ဥစ္စာ၏ တူသည်၏ အဖြစ်နှင့် ဂုဏေ+ဂုဏ်....စပ်....။
၄။ ဥစ္စာနှင့်တူသည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

ဝိတ္တိသရိက္ခတာယကို ထောက်၍ ဝိန္ဒတိ သုခံ တောယာတိ ဝိတ္တိ၊ (အစိတ်) ဝိတ္တိ ဝိယာတိ ဝိတ္တိ။ ။(အပေါင်း) ဟုပြု။

http://www.dhammadownload.com



၂။ ဥစ္စာ၏ ပီတိနှင့် ဥပမာနှ+ဥသမေယျ, သဒိသ+သဒိသီ... စပ်....။
၄။ ဥစ္စာနှင့်တူခြင်းကြီးသာသည်, တစ်နည်း- ပီတိတို့၏ ဥစ္စာနှင့်တူသည်၏ အဖြစ်ဖြင့်၊ ဝါ-စိတ္တိအဖြစ်ဖြင့် တစ်ခုသည် တစ်ခုနှင့် တူသော အခြင်း အရာ-ဟု ဆိုအပ်သော ဓာတ်သည်....။

(ဃ) ဝါကျ။ မမ ယိဒန္တိ ဓနာယိတဗ္ဗံ သဒ္ဒါယိဘဗ္ဗန္တိ ဓနံ၊ ဓနံ+အဿ အတ္ထီတိ ဓနီ။ (တဿ)

၂။ ဥစ္စာ၏ ဥစ္စာရှိသူနှင့် သံ+သာမိ ... စပ်....။
၄။ ဥစ္စာရှိခြင်းဟူသော ဂုဏ်သည်၊ ဝါ-ဥစ္စာ-ဟူသော ဂုဏ်သည်....။

ပီဏာယတီတိ ပီတိ။ ပီတိ+အဿ အတ္ထိတိ ပီတိမာ။ (တဿ)

၂။ ပီတိ၏ ပီတိရှိသူနှင့် ဌာန+ဌာနီ, ဂုဏ်+ဂုဏေး....စပ်....။
၄။ ပီတိရှိခြင်းဟူသော ဂုဏ်သည်၊ ဝါ-ပီတိဟူသော ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဝိတ္တိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။ စိတ္တံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ ကာရန္တ။ ကိတ်နာမ်ပုဒ်။

(ဃ) ဝါကျ။ ဓနိနော-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။ ပဋိစ္စ-အလိင် ဂဏဝိမုတ်၊ အ ကာရန္တ၊ တစ်နည်း– (ရုပ်တည်ခိုက်) ဣစောတ်ဖြစ်သောကြောင့် ဣကာရန္တ၊ နိပါတ်ပုဒ်။ ပီတိမတော-ပုလ္လိင်၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ။ တစ်နည်း-(ဩ-အလို) အ ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။

(စ) ဝါကျ။ တုဋ္ဌိသဘာဝသဏ္ဌိဘာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်းခွဲ။ ထိုတွင် တုဋ္ဌိကို-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ဝိတ္တံ-ဖြင့် ဝိတ္တိသဒ္ဒါ ဥစ္စာအနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) တစ်နည်း-စိတ္တံဖြင့် ဝိတ္တိ၌ ဝိဒိ (ဝိန္ဒ) ဓာတ် (ဒု-ဓာတုပဒ) တိပစ္စည်း ကရဏသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိန္ဒတိ သုခံ (သောမနဿံ) တော ယာတိ ဝိတ္တိ-ဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓေယျတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် ဝိတ္တိအရ ဥစ္စာကို ယူရမည်အဖြစ်၊ (အဘိဓာနတ္ထ) ဝိတ္တိသဒ္ဒါ-ကေဒေသျူပစာ သဒ္ဒါအဖြစ်၊ (ဘာဝတ္ထ၊ ပဒ) သိစေ၏။

http://www.dhammadownload.com



(ဂ) ဝါကျ။ပန-ဖြင့် အနုဂ္ဂဟတ္ထ၊တစ်နည်း၊ဝါကျာရမ္ဘတ္ထ ဇောတက-အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) အယ်-ဖြင့် ဝိတ္တိအရ ပီတိကို ယူပါ ဟု သိစေ၏။ (အဘိဓေယျတ္ထ) သောမနဿ ပစ္စယတ္တာဖြင့် ပီတိကို ဝိတ္တိ-ဟု ခေါ်ဆို ရခြင်းသည် သောမနဿ၏ အကြောင်း၏ အဖြစ်ကြောင့် ခေါ်ဆိုရသည်—ဟု သိစေ၏။ (ဘာဝတ္ထ) ဝိတ္တိသရိက္ခဘာဝဖြင့် ဝိတ္တိ၌ ဝိတ္တိပုဒ်+အပစ္စည်း၊ ထို အပစ္စည်း ဥပမာအနက်၌ သက်၊ (ပစ္စယတ္ထ) ဝိတ္တိ ဝိယာတိ ဝိတ္တ-ဟု ဥပမာ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ပီတိ၏ဥစ္စာနှင့်တူသော သဘောရှိသည် အဖြစ် (သဘာဝတ္ထ) သိစေ၏။

[ဆောင်] သံဝဏ္ဏေတဗ္ဗ၊ သာမညကို၊ သရိက္ခက၊ သဒိသနှင့်၊ သမ, ဣဝ (ဝိယ)၊ စသည်တို့နှင့် ဖွင့်ပြလေရာ၊ ဥပမာ၊ ကြံပါတဒ္ဓိတ။

(ဃ) ဝါကျဖြင့် ပီတိ၏-ဥစ္စာဟူသော ဝိတ္တိနှင့် တူပုံကို ဥပမာဆောင်၍ ထင်ရှား စွာ ပြသည်အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(င) ဝါကျဖြင့် ရွှေစကားရပ်တို့ကို ဆိုရခြင်းဖြင့် ရရှိအပ်သော အကျိုးအာနိသင် လဒ္ဓဂုဏ် အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(စ) ဝါကျဖြင့် ဝိတ္တိသဒ္ဒါ၏ ပီတိ-ဟူသော အနက်ကို ဟောသည်အဖြစ်၊ (နာမလိင်္ဂတ္ထ) ဝိတ္တိ အရ နှစ်သက်ခြင်းသဘော၌ တည်သော ပီတိကို ယူရမည် အဖြစ်၊ (အဘိဓေယျတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဝိတ္တိတိ၌ ဣတိသဒ္ဒါ ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။

(ဂ) ဝါကျ။ ပနသဒ္ဒါ ဝုစ္စတိ ဟူသော ပါဌ်သေသ စပ်ရာပုဒ်အနက်က မြတ်သောကြောင့် စပ်ရာပုဒ် အနက်ကိုစွဲ၍ (ရွှေ-နိ-၇၄-နှင့်အညီ) အနုဂ္ဂဟတ္ထ၊ သမ္ဘာပနတ္ထ၊ တစ်နည်း ဝါကျာရမ္ဘတ္ထ။

(ဃ) ဝါကျ။ တထာ သဒ္ဒါ-ပဋိဘာဂတ္ထ၊ ဝါ-ဥပမာ ဇောတက။ ဟိသဒ္ဒါ-တပ္ပါကဋီကရဏတ္ထ၊ ဝေ-ပဋိဘာဂတ္ထ၊ ဝါ-ဥပမေယျဇောတက။

ပီတိမတောပိ-၌ ပိ (အပိ) သဒ္ဒါ-ဥစ္စာရှိသောသူကို ရှုငဲ့၍ ပေါင်းဆည်းသော ဝုတ္တာပေက္ခတ္ထ၊ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

ပိ ၏ ပေါင်းဆည်းပုံ အဓိပ္ပာယ်ကား—ဥစ္စာရှိသောသူအားသာ ဥစ္စာကို စွဲ၍ သောမနဿ ဖြစ်သည်မဟုတ်သေး၊ ပီတိရှိသောသူအားလည်း ပီတိကို စွဲ၍ သောမနဿဖြစ်၏-ဟု ပေါင်းဆည်းသည်။

http://www.dhammadownload.com



## သမ္ပနာမ်အစွဲ, ဝိသယနာမည်

(ခ) ဝါကျ။ တော်၌ တေသည် ဝိတ္တိဒ်ဟူသော အမည်ကိုစွဲ၏။ ဆိုအပ်ပြီးသော ဝိတ္တိအမည်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

တစ်နည်း—နာမ်-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(င) ဝါကျ။ တသ္မာဒ္ဓ တ သည် ဥပ္ပဇ္ဇတိ ကြိယာကိုစွဲသောကြောင့် အနုဘူတ ဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဝိတ္တိ, ဝိတ္တံတို့အရ—

၁။ ဥစ္စာသည်....။
၂။ ဥစ္စာကို ရအောင် အားထုက်ရသော ဝီရိယသည်....။
၃။ (ဓနံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ-ကို ထောက်၍) ဥစ္စာကိုစွဲ၍ ဝမ်းမြောက် ခြင်း သောမနဿသည်....။
၄။ ဥစ္စာရကြောင်း ရှေးကောင်းမှု ကုသိုလ်ကံသည်....။
၅။ ဥစ္စာကို အလိုရှိရာ သုံးစွဲနိုင်ခြင်း, ချမ်းသာအမျိုးမျိုး ခံစားရခြင်း စသည် တို့သည်....။

(ဂ) ဝါကျ။ ဝိတ္တိ သရိက္ခတာယ ဝိတ္တိအရ—

၁။ ပီတိသည်....။
၂။ ဣဋ္ဌဖြစ်သော ဝတ္ထုအာရုံသည်....။
၃။ (ပီတိံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ-ကို ထောက်၍) သောမနဿသည်....။
၄။ ယောနိသော မနသိကာရသည်....။
၅။ သုခ, သမာဓိသည်....။

(ပီတိ ဝစနတ္ထအဖွင့်၌ နံပါတ်(၃)တွင် ပဿဒ္ဓိ ထုတ်ခဲ့လေသည်။ သယုတ္တိက နာနာနယတည်း။)

(ဃ) ဝါကျ။ သောမနဿံ ဥပ္ပဇ္ဇတိအရ ကိုယ်ပြု၍ ထုတ်သော်—

၁။ သောမနဿသည်....။
၂။ (ပီတိံ ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိ-ထောက်၍) ပီတိသည်....။
၃။ (သောမနဿ ဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္ပိ ဇနေန္တိ- ကိုထောက်၍) ရယ်ရွှင်မှု ပြုံးရယ်မှုဖြစ်ခြင်းသည်....။
၄။ သုခ, သမာဓိတို့သည်....။
၅။ ဈာန်-မဂ်-ဖိုလ် စသည်တို့သည်....။

(ပထမွတ္တဲ ၁၁၁- တစ်မျိုးထုတ်ခဲ့သည်။)

http://www.dhammadownload.com



(င) ဝါကျ။ [ဝုတ္တာ၃၌ ဝစခေါတ်အရ ဒေသနာဉာဏ်ယူ၍ထုတ်ပြ။]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(သ) ဝါကျ။ ခန် အရ ဥစ္စာ၃၌ရှိသော ရုပ်ါရုံစသော အဋ္ဌကလာပ်ရုပ် ပစ္စည်းတရားသည် ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိအရ သောမနဿဝေဒနာအား အာရမ္မဏ....ပြု၏။ ပြိုင်- ယထာရဟ-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ-(၆)။ ပီတိ အရ ပီတိသည် ပီတိမတောအရ ပီတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော စိတ္တဇရုပ်အား သဟ....ပြု၏။ ပြိုင်-သဟ-နိ-ဈာ ဝိပ္ပ-တ္ထိ-အဝိ (၆)။ ပီတိအရ ပီတိသည် ပဋိစ္စ သောမနဿံ ဥပ္ပဇ္ဇတိအရ သောမနဿ ဝေဒနာအား သဟ....ပြု၏။ ပြိုင်—သဟ-ည-နိ-ဈာ-သံ-တ္ထိ-အဝိ (၇)။

[သောမနဿံ၌ ပစ္စည်းပြိုင်ပုံကို သောမနဿ ၁စနုတ္တ အဖွင့်၌ရှု။]

(င) ဝါကျ။ ဝိတ္တိဘိ ဟူသော အာကာရပုဒ်အရ ဝိတ္တိ ဟူသော နာမပညတ္တိ သဒ္ဒါသည် ဝုတ္တာ၃၌ ဝစခေါတ်အရ မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။ တစ်နည်း- ဝုတ္တာ၃၌ ဝစခေါတ်အရ မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဝိတ္တိတိ ဟူသော အာကာရပုဒ်အရ ဝိတ္တိဟူသော ပရမတ္ထ ဝစီဘေဒ သဒ္ဒအား သဟ....ပြု၏။ ပြိုင်—ယထာရဟ—ဟေ-ဓိ—သဟ—နိ—ကံ-ဟာ-ဣံ—ဈာ-မဂ္ဂ-ဝိပ္ပ တ္ထိ-အဝိ (၁၂)။ အယံ ပီတိ ဟူသော ပါဠိသေသ ကုံပုဒ်နှင့် ဝုတ္တာ၃၌ တ ပစ္စည်းတို့အရ ပီတိသည် ထိုဝုတ္တာ၃၌ ဝစခေါတ်အရ ဒေသနာ ဉာဏ် ပြခါန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-ဓိ-ဥပ (၃)။ ဘဂဝတာဟူသော ပါဠိသေသ ကတ္တားပုဒ်အရ ဒေသနာဉာဏ်သည် ဝုတ္တာ၃၌ ဝစခေါတ်အရ ဉာဏ်ကြဉ်သော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ—တ္ထိ—အဝိ (၁၀)။

# ၇၉ ဩဒဂျံ, အတ္တမနတာ စိတ္တဿာ အဖွင့်

(က) ပီတိမာ ပန....ပ....ဥဒဂ္ဂဿ ဘာဝေါ ဩဒဂျံ။

(ခ) အတ္တနော မနတာ အတ္တမနတာ။

(ဂ) အနဘိရဒ္ဓဿ ဟိ....ပ....မနော နာမ ဟောတိ။

(ဃ) ဣတိ အတ္တနော မနတာ....ပ....ဘာဝေါတိ အတ္ထော။

(င) သာ ပန ယသ္မာ....ပ....စေတသိကော ဓမ္မော။

(စ) တသ္မာ "အတ္တံ မနတာ စိတ္တဿာ" တိ ဝုတ္တာ။ [ဋ္ဌ-၁၇၈-၈]

## အနက်ထူး

၃၁-ခုနှစ် အစိုးရပုစ္ဆာ ပထမမေးခွန်းအရ - အတ္တမနတာ၌ အဋ္ဌကထာ အလို ပါစေလျက် အနက်ပေးသော် အတ္တမနတာ-မိမိစိတ်၏အဖြစ်။ (ယာ အတ္တ မနတာ-အကြင် မိမိ၏အဖြစ်သည်-ဟု ပါဠိတော်၌ပေး။)

(ဂ) ဝါကျ။ အနဘိရဒ္ဓဿ-မငြိမ်းသော ကိုယ်, စိတ် ရှိသောသူ၏။ [ဂဏ္ဌိ] (တစ်နည်း-) အနဘိရဒ္ဓဿ-အမျက်ထွက်သောသူ၏ [ယောဇနာ] [ဤ ဂဏ္ဌိနှင့် ယောဇနာအနက်များကို "ဆရာနက်" ဟုလည်း ဆိုနိုင်သည်။ ထို့ပြင် ရှေ့အနက်ကို (အဓိပ္ပာယတ္ထ) နောက်အနက်ကို (အဘိဓေယျတ္ထ) ဟုလည်း ဆိုနိုင်သည်]။ တစ်နည်း-အနဘိရဒ္ဓဿ- မိမိသူတစ်ပါး အစီးအပွားကို မပြီးစေတတ်သော ပုဂ္ဂိုလ်၏ (သဒ္ဒတ္ထ)။ ဝါ-မနှစ်သက် မရွှင်ပျသော ပုဂ္ဂိုလ်၏၊ (အဓိပ္ပာယတ္ထ) [နိဿယ-သစ်] [နေဝ အတ္တနော, နပရေသံ ဟိတံ အဘိရာဓိယတီတိ အနဘိရဒ္ဓိ၊ ကောပသောကာ အဓိဝစနံ။ သီ-ဋ္ဌ ၅၂။ အဘိရာဓိယတီတိ သာဓိယတိ၊-သီ-ဋ္ဌိ-သစ်-ပ-၂ ၁။ အနဘိရဒ္ဓနှင့် အနဘိရဒ္ဓိသည် အနက်တူ။]

## ဋ္ဌပနာပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။(ဝိတ္တိပုဒ်၏အဖွင့်မှတစ်ပါး ဩဒဂျံပုဒ်၏ အဖွင့်ဖြစ်သည်ကိုရှာဘက်)၊

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ—ဝါကျဖြင့် ပီတိကို အတ္တမနတာဟု ဖွင့်ဆိုတော်မူ၏၊ ဤသို့ ဖွင့်ဆိုချေသော်, တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမနတာ ဖြစ်သည်—ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....ဖဿာသ်သူ၏ အတ္တမနတာ ဖြစ်ပါသနည်း။ ဝါ-စိတ္တဿာဟု အဘယ့်ကြောင့် ဝိသေသန သမ္ဗန္ဓ ထည့်ရပါသနည်း၊ စသည်။ အဓိပ္ပာယ်ကား—တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ အတ္တမနတာမဟုတ်၊ စိတ်၏ အတ္တမနတာ ဖြစ်သည်၊....ဟူလို။

http://www.dhammadownload.com



(စ) ဝါကျ။ ဆရာ, ဆရာသည် ၄-ပါကျဖြင့် ထိုမိမိစိတ်၏ အဖြစ်သည်။ ဝါ- ထိုအတ္တမနတာသည် စိတ်မှတစ်ပါး အခြားတစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ အတ္တမနတာ မဟုတ်ဟု ဆိုတော်မူ၏။ ဤသို့ ဆိုချေသော်, တစ်စုံတစ်ခုသော အကျိုးဖလ ဖြစ်သင့်သည် မဟုတ်ပါလော....ပ....ဖြစ်သင့်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် ရှေ့ကဝါကျကို ထောက်လျှင် အဗျာပိတဒေါသကို ပယ်၏။ နောက်ဝါကျကို ထောက်လျှင် ဝိရောဓိဒေါသသင့်၏။

(ဂ) ဝါကျဖြင့် (ဒဋ္ဌီယူလျှင်) ဝိရောဓိဒေါသကို ပယ်၏၊ (ဝိတ္ထာရယူလျှင်) ဝိရောဓိ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် (နိဂုံးယူလျှင်)ပုနရုတ္တိ, ဝိရောဓိဒေါသတို့ကိုပယ်၏။ တစ်နည်း-တာပစ္စည်း၏ ဘာဝအနက်ကို ဖွင့်ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိဘ ဒေါသကို ပယ်၏။ တစ်နည်း-တာပစ္စည်း အနက် အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

(င) ဝါကျ။ ရှေ့ဝါကျကို ထောက်လျှင် အဗျာပိတဒေါသကို ပယ်၏၊ နောက် ဝါကျကို ယောက်လျှင် ဝိဒရာဓိ, နိရတ္ထက ဒေါသများ သင့်၏။

(စ) ဝါကျဖြင့် ဝိဒရာဓိ, အဗျာပိဘ, နိရတ္ထက ဒေါသကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ၊ ဥဂ္ဂတံ+အဂ္ဂံ အဿ ဥဒဂ္ဂေါ၊ [အဘိဓာန်ဋီကာ], ဥဂ္ဂတံ+ အဂ္ဂမဿာတိ ဥဒဂ္ဂေါ။ [သူစိ] တစ်နည်း-ဥဒတီတိ ဥဒေါ။ ဥဒ္ဓံ+ဂစ္ဆတီတိ ဥဒဂ္ဂေါ။ တစ်နည်း—ဥဒ္ဓံ+အဂ္ဂေါ ယဿာတိ ဥဒဂ္ဂေါ။

၂။ အထက်၌ အဦးအဖျား၏၊ ဝါ-တက်ကြွမြင့်မောက်သော ဂုဏ၏ ကိုယ်, စိတ်နှင့်၊ ဝါ-ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ တက်ကြွမှုရှိခြင်း-ဟူသော ဂုဏ်သည်....။

ဥဒဂ္ဂဿ+ဘာဝေါ ဩဒဂ္ဂျံ ဟူယော ၄-ဝိဂ္ဂဟ၌ ခွဲသော်—

၂။ အထက်၌ အဖျားရှိသောသူ၏၊ ဝါ- တက်ကြွသောကိုယ်, စိတ်ရှိသော သူ၏ ဖြစ်ကြောင်း၊ဖြစ်ရာ ပီတိနှင့် ဂုဏေး+ဂုဏ်, ဠာန+ဌာနီ, နိဿယ+နိဿိတ ....စပ်....။

http://www.dhammadownload.com



၄။ တက်ကြွသောကိုယ်, စိတ်ရှိသောသူ၏အဖြစ်-ဟူသောဂုဏ်သည်, ဝါ-ပီတိ-ဟူသော ဓမ္မဖြစ်သည်၊ ဝါ-ပီတိတို့၏၊ တစ်ခုသည်....ပ....ဇာတ်သည်....။

(ခ) ဝါကျ။ မနသာ+ဘာဝေါ မနတာ။ (အစိတ်) အတ္တနော+မနတာ အတ္တမနတာ (အပေါင်း) [ဋ္ဌ-အလို]

အတ္တနော+ မနော တေဿာတိ အတ္တမနော။ အတ္တမနဿ ပုဂ္ဂလဿ ဘာဝေါ အတ္တမနတာ။ [ဋီ-အလို]

[မှတ်ချက် ။ ။ဤနောက်နည်း ဝိဂ္ဂဟကို ဋီကာအလိုဟု ဆိုသော်လည်း မူလဋီကာ နိဿယသစ်၌ကား ဤဋီကာအလိုဟုဆိုသော ဝိဂ္ဂဟကို တကယ် ဝိဂ္ဂြိဟ် ဆိုရသည်မဟုတ်။ ထိုသို့ဆိုရလိမ့်မည်ဟု သောတုဇနများ၏ သိခြင်း တည်း။ [ဋီကာအလိုဆိုပြီး အတ္တမနတာ-မိမိစိတ်ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဟု အနက်မပေးသင့်ဟု မှတ်ပါဟုလည်း မိန့်ဆို လေသည်။

(ဂ) ဝါကျ။ အဘိရာဓယတီတိ အဘိရဒ္ဓေါ။ န+အဘိရဒ္ဓေါ အနဘိရဒ္ဓေါ။ (တဿ)

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ပီတိမာ-ပုလ္လိင်၊ ဂုဏဝါဒိဂိုဏ်း၊ ဥကာရန္တ၊ တစ်နည်း-(ရှု-အလို) အကာရန္တ၊ အဿတ္ထိတဒ္ဓိတ်ပုဒ်။

(ခ) ဝါကျ။ အတ္တနော-ပုလ္လိင်၊ ရာဇာဒိဂိုဏ်းခွဲ။ မနတာ-ဣတ္ထိလိင်၊ ကညာဒိ ဂိုဏ်း၊ အာကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပနဖြင့် ပက္ခန္တရဇောတက အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ၊) ပီတိမာ ပုဂ္ဂလောဖြင့် ဥဒဂ္ဂအရ ပီတိရှိသောပုဂ္ဂိုလ်ကိုယူပါ-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ကာယစိတ္တာနံဖြင့် တက်ကြွခြင်းဟူသည် ကိုယ်, စိတ်တို့၏ တက်ကြွခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) ဥဂ္ဂတတ္တာဖြင့် ဥဒဂ္ဂေါ၌ ဥဒ သဒ္ဒါုပပဒ+ဂမုဓာတ်၊ (ဒု-ဓာတုပဒ) ကွိပစ္စည်း ဣတ္ထုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဥဒ္ဓံ+ဂစ္ဆတီတိ ဥဒဂ္ဂေါ-ဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏၊ အဗ္ဘုဂ္ဂတတ္တာဖြင့် တက်ကြွခြင်းဟူသည် အလွန်တက်ကြွခြင်းပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) ဝုတ္တိဖြင့် ဥဒဂ္ဂသဒ္ဒါ၏ ဧကဒေသျူပစာ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ ပဒ) ဥဒ်ဂ္ဂဿ+ဘာဝေါဖြင့် ဩဒဂျံ၌ ဥဒဂ္ဂပုဒ်+ဏျပစ္စည်း ထိုဏျပစ္စည်း ဘာဝအနက်ဟော (ပစ္စယတ္ထ) ဥဒဂ္ဂဿ+ဘာဝေါ ဩဒဂျံဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

http://www.dhammadownload.com



(ခ) ဝါကျ။ အတ္တနေ့ာမနတာဖြင့် အတ္တနေ့ာ+မနတာ အတ္တမနတာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)

(ဃ) ဝါကျ။ (အတ္တနေ့ာမနတာ၌ ယခင်အတိုင်းဖော်) သကမနတာဖြင့် အတ္တသဒ္ဒါ စိတ်အနက်မဟော၊ မိမိအနက်ဟော–ဟု သိစေ၏။ (နာမလိင်္ဂတ္ထ)

တစ်နည်း–အတ္တသဒ္ဒါ သကသဒ္ဒါ၏ ကြိယာအဖြစ်ကို သိစေ၏။ (နာမလိင်္ဂပဒ) သကမနသာ ဘာဝေါတိ အတ္တော့ဖြင့် မနသာ+ဘာဝေါ မနတာဟု ဘာဝတဒ္ဓိတ်ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ၊ အဘိဓာနတ္ထ) အတ္တနေ့ာ+မနတာ အတ္တမနတာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ပန – ပက္ခန္တရတ္ထ။ ဥဒဂ္ဂေါ, ဥဒဂ္ဂသာတို့၌ ဥသဒ္ဒါ ဥဒ္ဓံအနက် ဥဂ္ဂတအနက်ဟော။ ဥဒဂ္ဂေါတို့၌ ဣတိသဒ္ဒါ အာကာရတ္ထ၊ ပဒတ္ထ၊ ဝိပလ္လာသတ္ထ။

(ဂ) ဝါကျ။ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ၊ တစ်နည်း-ဝိတ္ထာရတ္ထ။

(ဃ) ဝါကျ။ ဣတိသဒ္ဒါ နိဒဿနတ္ထ၊ နိဂမနတ္ထ။ နောက် ဣတိအတ္တော၌ ဣတိသဒ္ဒါ-ဣဒမတ္ထ, နိဒဿနတ္ထ။

(င) ဝါကျ။ ပန-ဝါကျာရမ္ဘတ္ထ၊ စိတ္တဿေဝ၌ ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ စိတ်သည် ဂ....။

၂။ နအညဿ ကဿစိ အတ္တနော မနတာသည်, တစ်နည်း၊ ပုဂ္ဂိုလ်သည် ဝါ–ပုဂ္ဂိုလ်ဟူသော အယူသည် နိ....။

[ပုဂ္ဂလဒိဋ္ဌိ နိမိသေဓနတ္ထံ "စိတ္တဿာ" တိ ဝုတ္တံ၊ ဋီ-၉၆]

ပနေသော၌ ပနသဒ္ဒါ-အန္ဝယတ္ထ။ ဤ ပနကိုထောက်၍သာ ပန၌ ပနသဒ္ဒါ ဗျတိရေကတ္ထလည်း ဖြစ်နိုင်သည်။

## ကြိယာ ၅—တန်ထုတ်ပုံအမှာ

(က) ဝါကျ။ ဝုစ္စတိ၌ ဝစဓာတ်အရ ထုတ်ပုံကို ပီတိ နိဒ္ဒေသ ပီတိပါမောဇ္ဇစသည်အဖွင့် ဂ-ဝါကျ ဝုစ္စတိက အတိုင်းထုတ်။ နိပါတ် ၃=၌ ဥဒဂ္ဂေါဟူသော ဝစီဘေဒသဒ္ဒ ထုတ်ရသည်သာထူး၏။

(က) ဝါကျ။ ဥဒဂ္ဂေါတိ ဝုစ္စတိ၌ ပြိုင်ပုံကို ပီတိနိဒ္ဒေသ ပီတိပါမောဇ္ဇစသည်အဖွင့် ဂ-ဝါကျ မောဒနာတိ ဝုစ္စတိ၌ ပြိုင်ပုံကို နည်းမှီပြိုင်။

❀ ❀ ❀

http://www.dhammadownload.com

# ၈၀-ကေဂ္ဂတာ နိဒ္ဒေသအဖွင့်

(က) ကေဂ္ဂတာနိဒ္ဒေသေ အစလဘာဝေန အာရမ္မဏေ တိဋ္ဌတီတိ ဌိတိ။

(ခ) ပရဂေဟာ ပဒဒ္ဓယံ ဥပသဂ္ဂဝသေန ဝဍ္ဎိတံ။

(ဂ) အပိစ သမ္ပယုတ္တဓမ္မေ...ပ...တိဋ္ဌတီတိ အဝဋ္ဌိတိ။

(ဃ) ကုသလ ပက္ခသ္မိံဥ စတ္တာရော...ပ...သဒ္ဓါ သတိ သမာဓိ ပညာတိ။

(င) တေနေဝ သဒ္ဓါ "ဩကပ္ပနာ" တိ ဝုတ္တာ။ [ဋ္ဌ-၁၈၈]

အနက်ထူး။ (ဃ) ဝါကျ။ ဟိ-သစ္စံ-၏၊ ကုသလပက္ခသ္မိ -၌၊ သဒ္ဓါ-လည်းကောင်း၊...ပ...ပညာ- လည်းကောင်း၊ ဣတိ—သို့၊ စတ္တာရော- ကုန်သော။ ဓမ္မာ—တို့သည်၊ အာရမ္မဏံ-သို့၊ ဩဂါဟန္တိ—ကုန်၏၊ (ဣတိသဒ္ဒါ နိဒဿနတ္ထ) တစ်နည်း-ဟိ-သစ္စံ-၏၊ ကုသလ ပက္ခသ္မိ -၌၊ စတ္တာရော—ကုန်သော၊ ဓမ္မာ-တို့သည်၊ အာရမ္မဏံ-သို့၊ ဩဂါဟန္တိ-ကုန်၏။ သဒ္ဓါ-လည်းကောင်း၊...ပ...ပညာ-လည်းကောင်း၊ ဣတိ ဣမေ- ဤသည်တို့တည်း။ (ဣတိသဒ္ဒါ သရူပတ္ထ။)

## ဌပနာပဥ္စက ကျမ်းတက်

(ခ) ဝါကျ၊ ဆရာ, မြတ်စွာဘုရားသည် သဏ္ဌိတိ, အဝဋ္ဌိတိ ပုဒ်တို့ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း ဤပုဒ်တို့သည် ရှေးဌိတိပုဒ်နှင့် အနက်ထူး မရှိ၊ တူနေသည်မဟုတ်ပါလော၊ ထို့ကြောင့် ဤသဏ္ဌိတိ, အဝဋ္ဌိတိပုဒ်တို့ကို မဟောသင့်, တစ်ပါးသော အနက်ထူးရှိသော ပုဒ်တို့ကိုသာ ဟောသင့်၏။ အဘယ်အစွမ်းဖြင့်၊ ဝါ-အဘယ်ကြောင့် ဤ သဏ္ဌိတိ, အဝဋ္ဌိတိ ပုဒ်တို့ကို ဟောရပါသနည်း၊...စသည်။

စောဒနာတက်လျှင် ပုနရုတ္တိဒေါသတင်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် သဏ္ဌိတိ, အဝဋ္ဌိတိတို့၌ သံ၊အဝ, ဥပသာရပုဒ်၏ အနက်ထူးမရှိ၊ ဓာတွတ္ထာနုဝတ္တက အဖြစ်ကို ဖွင့်ပြတော်မူ၏... သော်, ထို သံ, အဝ, ဥပသာရပုဒ်တို့၏ အနက်ထူးရှိပုံကိုလည်း၊ ဝါ-သမောဓာန, ဩဂါဟန—အနက်ရှိပုံကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။...စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် အာရမ္မဏံ ဩဂါဟေတွာ စသည်ဖြင့် အာရုံသို့ သက်ဝင်၍ တည်တတ်သောကြောင့် အဝဋ္ဌိတိမည်သော-ဟု ဆိုတော်မူ၏။ ဤသို့ပင် ဆိုချေသော်လည်း၊ ဆရာ့စကားသည် ဒဠှီယမျှသာ ဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော၊ ဝါ-ထိုစကားကို ပြီးစေ, မြဲစေတတ်သော အသင့် ယုတ္တိ, သဘာဝဒဠှီကရဏကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ ဝါ-ထိုစကားကို ပြီးစေ, မြဲစေတတ်သော အသင့် ယုတ္တိ, သဘာဝဒဠှီကရဏကို မပြဆို ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊...စသည်။ (ဒဠှီကျမ်းတက်)

http://www.dhammadownload.com



(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ကုသိုလ် အဖို့အရာ၌ သဒ္ဒါ စသော လေးပါးသော တရားတို့သည် အာရုံသို့ သက်ဝင်ကုန်သော-ဟု မိန့်ဆိုတော်မူအံ့....သော်, ထိုစကားရပ်၏ အကိုးသာခော-အာဂုံပါဌ်၊ အကျိုးလဒ္ဓ ဂုဏ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေးစကားရပ်ကို ထောက်လျှင် က-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ နောက် သဏ္ဍိတ်, အဝဋ္ဌိတိတို့ကို ဖွင့်ပြသော ခ-ဝါကျကို ထောက်လျှင် အဗျာပိတ ဒေါသသင့်၏။

(ခ) ဝါကျဖြင့် ပါဌ်မတော်ကို ထောက်လျှင် ပုနရုတ္တိ, ကေတ္တ, နိရတ္ထက ဒေါသတို့ကိုပယ်၏။ ရှေး က-ဝါကျကို ထောက်လျှင် အဗျာပိတဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် နိရတ္ထက ဝိရောဓိ ဒေါသတို့ကို ပယ်၏။

အပိစသဒ္ဒါလဲပုံ။ ဂ-ဝါကျ၊ သဏ္ဍိတိ, အဝဋ္ဌိတိတို့၌ သံ, အဝသဒ္ဒါတို့၏ အနက်သီးခြားမရှိ၊ ပဒပူရဏ, ဓာတွတ္ထာနုဝတ္တက အဖြစ်-ဟူသော အနက်အကြောင်းမှတစ်ပါး၊ သမောဓာန, ဩဂါဟန, (အနုပဝိသန) အနက်, အကြောင်းတစ်ပါးကို လဲလိုသောကြောင့် အပိစ ထား၏။

တေနေဝ ဝုတ္တံထားရပုံ။ င- ဝါကျ။ ဒဠှိကရဏ, အာဂမ, သာဓက,ဉာပက, လဒ္ဓဂုဏ်တို့ကို ပြလိုသောကြောင့် တေနေဝ ဝုတ္တံ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ (ကေဂ္ဂတာဝိဂ္ဂဟကို စိတ္တဿေကဂ္ဂတာ ဝစနတ္ထအဖွင့်၌ ရှု) စလတီတိ စလာ၊ န+စလာ အစလာ။ ဘဝနံ ဘာဝေါ၊ အစလာယ+ဘာဝေါ အစလဘာဝေါ။ (တေန)

၂။ မတုန်လှုပ်သည်၏ အဖြစ်နှင့် ဂုဏော+ဂုဏ်....စပ်....။
၄။ မတုန်လှုပ်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

(ဂ) ဝါကျ။ တိဋ္ဌတီတိ ဌိတိ။ သမ္မဒေဝ္ဟေတွာ+ ဌိတိ သဏ္ဌိတိ။

၂။ သမောဓာနဘောဂုဏ်၏ တည်တတ်သောတရားနှင့် ဂုဏ်+ဂုဏော....စပ်....။
၄။ ပေါင်းစုရုံ တည်ခြင်းကြီးယာသည်....။

ရှာနာ့ဂုဏ်ရည် (၁၀)

http://www.dhammadownload.com



## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဋီကာ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

(ဃ) ဝါကျ။ စတ္တာရော= ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သဗ္ဗနာမပုဒ။ ဩဂါဟန္တိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတပုဒ။

[အဝ+ဂါဟူ+အ+အန္တိ] (မှတ်ချက်ကို သဒ္ဒိန္ဒြိယနိဒ္ဒေသအဖွင့်၌ ရှု။) သတိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း။ သမာဓိ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အစလဘာဝေန အာရမ္မဏေဖြင့် တည်ခြင်းဟူသည် မတုန်လှုပ်သည်၏ အဖြစ်ဖြင့် အာရုံ၌ တည်ခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) တိဋ္ဌတီတိဖြင့် ဋီတိ၌ ဌာဓာတ် (ဒု-ဓာတုပဒ) တိပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) တိဋ္ဌတီတိ ဋီတိ- ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် သဏ္ဍိတိ, အဝဋ္ဌိတိတို့၌ သံ, အဝ တို့၏ ဓာတွတ္တာနုဝတ္တက အဖြစ်ကို သိစေ၏။ (ဥပသဂ္ဂလိင်ပဒ)

(ဂ) ဝါကျ။ (အပိစဖြင့် နောက်ထပ်ဆိုမည့်နည်းတစ်ပါးဟု သိစေ၏။)

ဝါ-အတ္ထန္တရဝိကပ္ပတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) သမ္ပယုတ္တဓမ္မေ အာရမ္မဏမှိဖြင့် ပေါင်းစု၍ တည်ခြင်းဟူသည် သမ္ပယုတ်တရားတို့ကို အာရုံ၌ပေါင်းစု၍ တည်ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) သမ္ပိဏ္ဍနတ္ထဖြင့် သဏ္ဍိတိ၌ သံသဒ္ဒါ သခေ်ပစသော အနက်ကို မဟော၊ သမောဓာနအနက်ဟော-ဟု သိစေ၏။ (ဥပသဂ္ဂ လိင်္ဂတ္ထ) တိဋ္ဌတီတိဖြင့် ဋီတိ၌ ဌာဓာတ် (ဒု ဓာတုပဒ) တိပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) တိဋ္ဌတီတိ ဋီတိ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ အပေါင်းဖြင့် သမ္ပိဏ္ဍနတ္ထ+ဋီတိ သဏ္ဍိတိ-ဟု တုလျာဓိကရဏ (ပါဒိပုဗ္ဗ ကမ္မဓာရည်း) သမာသ်ဝိဂ္ဂဟ-ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။ အာရမ္မဏံဖြင့် အဝပုဗ္ဗ ဂဟာဓာတ်၏ ကံအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ဩဂါဟေတွာ အနုပဝိသိတွာဖြင့် အဝဋ္ဌိတိ၌ အဝသဒ္ဒါ၏ ဩဂါဟန (အနုပဝိသန) အနက်၏ အဖြစ်ကို သိစေ၏။ (ဥပသဂ္ဂ လိင်္ဂတ္ထ) (တိဋ္ဌတီတိ ဖော်မြဲ) အပေါင်းဖြင့် ဩဂါဟေတွာ+ဋီတိ အဝဋ္ဌိတိ-ဟု တုလျာဓိကရဏ (ပါဒိပုဗ္ဗ ကမ္မဓာရည်း) သမာသ် ဝိဂ္ဂဟပြု (သမာသ လိင်္ဂတ္ထ) သိစေ၏။

(င) ဝါကျ။ ၁။ သဒ္ဓါ, သတိ, သမာဓိ, ပညာဟူသော လေးပါးသောတရားတို့၏ အာရုံသို့ သက်ဝင်တတ်သည်၏ အဖြစ်သည် ဂ....။

http://www.dhammadownload.com



၂။ ထိုတရားလေးပါးတို့၏ မသက်ဝင်သည်၏အဖြစ်သည်၊ တစ်နည်း–အပေါ်ယံ ယုံကြည်သည်၏အဖြစ် စသည်သည် နို....။

၄။ သဒ္ဒါစသည်၏ သဒ္ဒဟနာစသည် ပျောအပ်သည်၏ အဖြစ်သည် နု....။

## ဣန္ဒြိယ ၅-တန်ထုတ်ပုံ

တိဋ္ဌတိ, ဌိတိ, သဏ္ဌိတိ, အဝဋ္ဌိတိတို့အရ–

၁။ ကေဂ္ဂတာ-ဟူသော ခဏိကသမာဓိသည်....။

၂။ ကာယိကသုခ, စေတသိက သုခသည်....။

၃။ ဥပစာရ သမာဓိသည်....။

၄။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည်....။

၅။ အပ္ပနာ သမာဓိ, ဈာနသမာပတ္တိ သုခမှအစ မဂ်, ဖိုလ်, နိဗ္ဗာန်အထိ အကျိုးတို့သည်....။

## သိဒ္ဓိ

(င) ဝါကျ။ သဒ္ဓါ၏ အာရုံသို့ သက်ဝင်ကတ်သည်၏ အဖြစ်ရှိပုံကို ဤဩကပ္ပနာဒိဟူသော အာဂမပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ကေဂ္ဂတာ၌ အန္တတ္တ ကေဂ္ဂအရ စိတ်သည် ဗာဟျတ္တတာပစ္စည်း အရ သမာဓိ ကေဂ္ဂတာအား သဟ....ပြု၏။ ပြိုင်-ဓိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉)။ တာပစ္စည်းအရ ကေဂ္ဂတာသည် ကေဂ္ဂအရ စိတ်အား သဟ.... ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။

(ဂ) ဝါကျ။ သမ္ပယုတ္တ ဓမ္မေ–ဟူသော ကံပုဒ်အရ သမာဓိသမ္ပယုတ် တရားသည် တိဋ္ဌတိ-ဟူသော ကြိယာပုဒ်အရ သမာဓိ ကေဂ္ဂတာအား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-ည-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)၊ တစ်နည်း–တစ်ပြိုင်နက်ဖြစ်လျှင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။ တစ်နည်း–တိဋ္ဌတိ အရ ကေဂ္ဂတာသည် သမ္ပယုတ္တဓမ္မေအရ သမ္ပယုတ္တ နာမက္ခန္ဓာလေးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။ အာရမ္မဏမှီအရ အာရုံ ၆–ပါးသည် သမ္ပယုတ္တဓမ္မေအရ သမ္ပယုတ်တရားနှင့် သမ္ပိဏ္ဍေတွာ တိဋ္ဌတိ တို့အရ ကေဂ္ဂတာအား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ-ယထာရဟ (၈)။

☆ ☆ ☆

http://www.dhammadownload.com

# ၈၁-အဝိသာဟာရော စသည် အဖွင့်

(က) ဥဒ္ဒိစ္စ ဝိစိကိစ္ဆာဝသေန....ပ....ပဋိပက္ခတော အဝိသာဟာရော။

(ခ) ဥဒ္ဒိစ္စ ဝိစိကိစ္ဆာဝသေနေဝ ဂစ္ဆန္တံ စိတ္တံ ဝိက္ခိပတိနာမ။

(ဂ) အယံ ပန တထာ ဝိဓော ဝိက္ခေပေါ နဟောတီတိ အဝိက္ခေပေါ။

(ဃ) ဥဒ္ဒိစ္စ ဝိစိကိစ္ဆာဝသေနေဝစ... ပ....ဟာရိယထိ။

(င) အယံပန....ပ....အဝိသာဟဋ္ဌ မာနသတာ။ [ဋ္ဌ-၁၈၈]။

အနက်ထူး။ (က) ဝါကျ။ အဝိသာဟာရော-ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှား ပျံ့လွင့်သည်မဟုတ်၊ (ဝိ-သဒ္ဒါ ဝိရူပတ္ထ) ဝါ-အထူးထူး အပြားပြား ရွေ့ရှား ပျံ့လွင့်သည်မဟုတ်၊ (ဝိ-သဒ္ဒါ-ဝိဝိဓတ္ထ) ငါ-ကြဲသကဲ့သို့ ဖရိုဖရဲ ဖြစ်သည်မဟုတ်၊ (အဓိပ္ပာယတ္ထ) တစ်နည်း-အဝိသာဟာရော-ပေါင်းစည်းစုရုံးခြင်း ကင်း၍ (ပေါင်းစုမှုမရှိသည်ဖြစ်၍) ကြဲသကဲ့သို့ ဖရိုဖရဲဖြစ်သည်မဟုတ်, ပေါင်းစည်းစုရုံး၍ ငြိမ်သက်စွာ ဖြစ်သောတရား၊ (ဝိ-သဒ္ဒါ-အဘာဝတ္ထ)

တစ်နည်း- အဝိသာဟာရော-ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှား ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်တရား၊ (အ-သဒ္ဒါ ပဋိပက္ခ ဝိရုဒ္ဓတ္ထ)

## ဋ္ဌပနပဥ္စက ကျမ်းတက်

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဝိက္ခေပေါ၌ ဏ ပစ္စည်းကတ္တုသာဓ်အနက်ဟော၍ ကတ္တုသာဓ် ဝစနတ္ထပြုရသေးဟု ပြဆိုတော်မူ၏၊ ဤသို့သာဆိုချေသော် အဝိက္ခေပေါ၌ ဖြစ်သင့်သော သမာသ်ဝစနတ္ထကို မပြဆိုဟူသော အနက်အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

## အဗျာပီတဒေါသံသင့်ပုံ, ပယ်ပုံ ထင်ရှားပြီ

(ဂ-င)နှစ်ဝါကျဖြင့်ကား ဝိဓေယျဝါကျ ဖြစ်ခြင်းကြောင့် အတိဗျာပိတ်ဒေါသ တစ်နည်းပယ်ပုံကိုလည်း သိပါ။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ သံဟရဏံ သာဟာရော။ ဝိရူပံ+သာဟာရော ဝိသာဟာရော။

တစ်နည်း-ဝိဝိဓံ+သာဟာရော ဝိသာဟာရော။ တစ်နည်း-ဝိ တော+သာဟာရော ဝိသာဟာရော။ န+ဝိသာဟာရော အဝိသာဟာရော။

http://www.dhammadownload.com



၂။ ဝိရုဒ္ဓဘောဂုဏ်၏ ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်ခြင်းနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ အဝိသာဟာရဟူသော ကေဂ္ဂတာတို့၏ တစ်ခုသည်....ပ... ဇာ့တ်သည်။

ဂဏ္ဌိ။ ဝိရူပံ+သံဟရဏံ ဝိကိရဏံ ဝိသာဟာရော။ ဝိဝိဓံ+သံဟရဏံ ဝိကိရဏံ ဝိသာဟာရော။ သံဟရဏံ သမ္ပိဏ္ဍနံ သံဟာရော။ ဝိဂတော+ သံဟာရော ဝိသာဟာရော။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ပဝတ္တသာ, ဝိသာဟာရသာတို့ကို ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ၊ ပဋိပက္ခတော၌ ပဋိပက္ခကို ပုလ္လိင်။ ပုရိသာဒိဂိုဏ်းခွဲ။ ပဋိပက္ခတောကား— [ဘောပစ္စည်းဆုံးနေသောကြောင့် (ရူ) နှင့်အညီ] အလိင်၊ နိပါတ်ပုဒ်ခွဲ။

(ခ) ဝါကျ။ ဂစ္ဆန္တံ-နပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ဥဒ္ဓစ္စ ဝိစိကိစ္ဆာဝသေန ပဝတ္တသာဖြင့် ဝိသာဟာရအရ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူပါဟု သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း - ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်ခြင်းဟူသည် ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏ အစွမ်းဖြင့်ဖြစ်သော ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်ခြင်း တည်းဟု သိစေ၏။ (ဘာဝတ္ထ) ဝိသာဟာရသာ ပဋိပက္ခတောဖြင့် အဝိသာဟာရော၌ အသဒ္ဒါ ဝိရုဒ္ဓအနက်ဟော၊ (နိပါတလိင်္ဂတ္ထ) န+ဝိသာဟာရော ဒ-ဝိသာဟာရောဟု ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြု။ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ- ဥဒ္ဓစ္စ....ပ....ဂစ္ဆန္တံဖြင့် စိတ်ဟူသည် ဥဒ္ဓစ္စဝိစိကိစ္ဆာ၏ အစွမ်းဖြင့်ပင် အာရုံသို့ ပြေးသွားပျံ့လွင့်သော စိတ်တည်းဟု, သိစေ၏။ (ဘာဝတ္ထ) စိတ္တံဖြင့် ဝိက္ခေပ, ဝိက္ခိပတိအရ စိတ်ကိုယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) တစ်နည်း-ဝိက္ခိပတိ၏ ကတ္တားအဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ) ဝိက္ခိပတိဖြင့် ဝိက္ခေပေ၌ ဝိပုဗ္ဗ+ခိပဓာတ် (ဒု-ဓာတုပဒ) ဏပစ္စည်း လတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိက္ခိပတီတိ ဝိက္ခေပေါဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ နာမဖြင့် ဝိက္ခေပေါ, ဝိက္ခိပတိသဒ္ဒါတို့၏ ကေဒေသျုပစာ, တဒ္ဓမ္မျုပစာ သဒ္ဒါအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ ပဒ)

(ဂ) ဝါကျ။ ပန-ဖြင့် ဝိသေသတ္ထဇောတကအဖြစ်ကိုသိစေ၏(အတ္ထ၊ဘာဝတ္ထ)၊ အယံ-ဖြင့် အဝိက္ခေပအရ-သမာဓိကိုယူပါဟု သိစေ၏။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



တထာဝိဓော ဝိကွေပေါ နယောတိ-ဖြင့် အဝိက္ခေပေါ်၌—အ-သဒ္ဒါ ဝိရုဒ္ဓတ္ထ (နိပါတလိင်္ဂတ္ထ) အ-သဒ္ဒါ—န်၏ ကာရိယ (နိပါတလိင်္ဂပဒ) န+ဝိက္ခေပေါ အဝိ-က္ခေပေါ-ဟု ကမ္မဓာရယမိဿကတပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။ ဣတိ-ဖြင့် ဟေတွတ္ထဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

(ဃ) ဝါကျ။ စ-ဖြင့် ပက္ခန္တရတ္ထ, တစ်နည်း-ဝါကျာရမ္ဘတ္ထ ဇောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ)။ ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေနေဝ-ဖြင့် ဥဒ္ဓစ္စဝိစိကိစ္ဆာ၏အစွမ်းဖြင့်ပင် ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်သည်—ဟု သိစေ၏၊ (ဘာဝတ္ထ) စိတ္တံ-ဖြင့် ဝိသာဟဋ္ဌံအရ စိတ်ကိုယူပါ-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဣတော စိတောစ-ဖြင့် ဆောင်အပ်၏ - ဟူသည် ဤမှဤမှလည်း ဝါ-ဤအာရုံ ဤအာရုံသို့လည်း ဆောင်အပ်၏-ဟု သိစေ၏၊ (ဘာဝတ္ထ) တစ်နည်း-ဝိသဒ္ဒါ၏ ဝိဝိဓအနက်ဟော သည်ကို သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ) ဟရီယတိဖြင့် ဝိသာဟဋ္ဌ—၌-ဝိ+သံ+အာ+ဟရ-ဓာတ်၊ (ဒု-ဓာတုပဒ) တ-ပစ္စည်း ကမ္မသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သိစေ၏။

(င) ဝါကျ။ ပန-ဖြင့် ဝိသေသတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) အယံ-ဖြင့် အဝိသာဟဋ္ဌမာနသတာအရ သမာဓိကို ယူပါ-ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ဧဝံ-ဖြင့် နိဒဿနတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) အဝိသာ....ပ....ဘာဝေါ-ဖြင့် အဝိသာဟဋ္ဌ+တံ+မာန သဋ္ဌာတိ အဝိသာဟဋ္ဌ မာနသံ—ဟု ကမ္မဓာရည်းသမာသ်ပြု (သမာသလိင်္ဂတ္ထ) အဝိသာဟဋ္ဌ မာနသဿ+ဘာဝေါ အဝိသာဟဋ္ဌ မာနသတာ—ဟု ဘာဝတဒ္ဓိတ်ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ အဝိသာဟာရော၌-အ-သဒ္ဒါ ဝိရုဒ္ဓတ္ထ (ပဋိပက္ခတ္ထ) ဝိသဒ္ဒါ ဝိရူပတ္ထ ဝိဝိဓတ္ထ အဘာဝတ္ထ၊ (ဝိဂတတ္ထ)။ သံ-သဒ္ဒါ ဓာတွတ္ထ ဝိသေသက, တစ်နည်း-သမန္တတ္ထ။

(ခ) ဝါကျ။ ဧဝ=အဝဓာရဏတ္ထ။

၁။ ဥဒ္ဓစ္စ, ဝိစိကိစ္ဆာ၏ အစွမ်းသည် ဂ....။
၂။ တစ်ပါးသောတရားတို့၏ အစွမ်းသည် နိ....။
၃။ ဥဒ္ဓစ္စဝိစိကိစ္ဆာကြောင့် စိတ်၏ အဝူပသမ, မနောဝိလေခအဖြစ်သည် နဲ....။

(ဂ) ဝါကျ။ ပန-ဝိသေသတ္ထ၊ တစ်နည်း-ပက္ခန္တရတ္ထ၊ ဗျတိရေကတ္ထ။

(ဃ) ဝါကျ။ စသဒ္ဒါ-ပက္ခန္တရတ္ထ။ တစ်နည်း-ဝါကျာရမ္ဘတ္ထ။ ဣတော စိတော စ၌ စ သဒ္ဒါများ သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

(င) ဝါကျ။ ပန-ဝိသေသတ္ထ၊ တစ်နည်း=ဝါကျာရမ္ဘတ္ထ။ ဧဝံ-နိဒဿနတ္ထ။

http://www.dhammadownload.com



## ကြိယာ ၅-တန်လုတ်ပုံ အမှာ

(က) ဝါကျ။ ဝိသာဟာရဿ အရ-အကုသိုလ် စိတ္တုပ္ပါဒ် ယူ၍ထုတ်၊ ဃ-ဂ-င-ဝါကျတို့၌ အဝိသာဟာရော့, အဝိဂတ္တေပေါ်, အဝိသာဟဋ္ဌ မာနသတားတို့အရ သမာဓိ ဧကဂ္ဂတာယူ၍ ထုတ်ပုံကို ရှေ့ဧကဂ္ဂတာ နိဒ္ဒေသ အဖွင့်၌ရှု။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ ဥဒ္ဒစ္စဝိစိကိစ္ဆာဝဝသေန အရ-ဥဒ္ဒစ္စ ဝိစိကိစ္ဆာသည်-စိတ္တံ ဝိသာဟဋ္ဌံ ယောတီအရ စိတ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။

(င) ဝါကျ။ ဘာဝေါအရ ကေဂ္ဂတာသည် အဝိသာဟဋ္ဌဿအရ စိတ်အား သတ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (၉)။

[အဝိသာဟဋ္ဌမာနသတာ၌လည်း ဗာဟျတ္တ တာ ပစ္စည်းအရ ကေဂ္ဂတာ ကောက်၍ အဝိသာဟဋ္ဌ မာနသအရ စိတ်ကောက်ပြီးလျှင် ယခင် သဟမျိုး ၉-ပစ္စည်းပြိုင်။]

http://www.dhammadownload.com

# ဂ၂–သမထောပုဒ် အဖွင့်

(က) သမထောတိ တိဝိဓော သမထော စိတ္တသမထော အဓိကရဏ သမထော သင်္ဃသခ်ါရသမထောတိ။

(ခ) တတ္ထ အဋ္ဌသု သမာပတ္တီသု စိတ္တေကဂ္ဂတာ စိတ္တသမထောနာမ။

(ဂ) တဥ္ဟိ အာဂမ္မ စိတ္တစလနံ စိတ္တဝိပ္ဖန္ဒိတံ သမ္မတိ ဝူပသမ္မတိ။

(ဃ) တသ္မာ သော စိတ္တသမထောတိ ဝုစ္စတိ။

(င) ဣမသ္မိံ အတ္ထေ စိတ္တသမထော အဓိပ္ပေတော။ [ဋ္ဌ-၁ဂဂ-၉]

## ဌပနာပဋ္ဌက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် သမထသည် စိတ္တသမထ, စသောအားဖြင့် သုံးပါးအပြားရှိသော-ဟု ဆိုတော်မူ၏၊ ဤသို့သာ ဆိုချေသော်, ထိုအကျဉ်းသခ်ေ၏ အကျယ်ဝိတ္ထာရကို ဆရာမပြဆို-ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။ (ဝိတ္ထာရကျမ်းတက်)

(ဂ) ဝါကျ။ ဆရာ့စကားသည် ဒဠှီယမျှသာဖြစ်၍ မယုံကြည်သင့်သည် မဟုတ်ပါလော၊ ဝါ-ထိုစကားကို ပြီးစေ, မြဲစေတတ်သော-အသင့်ယုတ္တိ သဘာဝဒဠှီ ကရဏကို မပြဆို-ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော.... စသည်။ (ဒဠှီကျမ်းတက်)

(ဃ) ဝါကျ။ တစ်စုံတစ်ခုသော အကျိုးဖလဖြစ်သင့်သည် မဟုတ်ပါလော၊ တစ်နည်း-ရရှိအပ်သော အကျိုးလဒ္ဓဂုဏ်ကိုပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်၊

(င) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သမထသုံးပါးအပြား ရှိသည်၏ အဖြစ်ကို ပြဆိုတော်မူ၏။....သော်, ဤ စိတ္တေကဂ္ဂတာ နိဒ္ဒေသဥ္ဟ ယို သမထသုံးပါးလုံးပင် ဖြစ်ကောင်း၏ ဟု မှတ်အပ်သည် မဟုတ်ပါလော, တစ်နည်း-ဤ စိတ္တေကဂ္ဂတာ နိဒ္ဒေသဥ္ဟ အဓိကရဏ သမထ, သင်္ဃသခ်ါရ သမထတို့ကိုလည်း အလိုရှိအပ်သည်-ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့ အဝိသာဟဋ္ဌ မာနသတာ-ပုဒ်၏ အဖွင့်ကို ထောက်လျှင်–

(က) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် သမထသုံးပါးကို ပြသဖြင့် အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံ သောကြောင့် အဗျာပိတ, အပရိပုဏ္ဏ, ဦနဒေါသတို့ကို ပယ်၏၊ တစ်နည်း-ဝိတ္ထာရ ဝါကျဖြစ်ခြင်းကြောင့် ပုနရုတ္တိ, ဝိရောဓိဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် ဝိရောဓိ, ဩစိတျဟီန ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် နိရတ္ထကဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ဤ၌ စိတ္တသမထကိုသာ လိုအပ်၏-ဟု အလွှန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏၊ တစ်နည်း- အတ္ထုဒ္ဓါရမှတစ်ပါး, အတ္ထုဒ္ဒေသကိုပြသော ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကိုပယ်၏။

အဓိပ္ပေတော ထားရပုံ။ ။င-ဝါကျ။ စိတ္တသမထ အဓိကရဏသမထ, သင်္ခါရသမထ-ဟူသော သာမညအနက်မှ စိတ္တသမထ-ဟူသော ဝိသေသ အနက်ကို ယူစေလိုသောကြောင့် လည်းကောင်း, စိတ္တသမထကိုသာ ယူရမည်, ကျန်သမထ နှစ်ပါးကို မယူရ-ဟု စောဒကပုဂ္ဂိုလ်နှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ် ပြရာဌာန ဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတော ထား၏။

တသ္မာ ထားရပုံ။ ။ဃ-ဝါကျ။ (ထို စိတ္တေကဂ္ဂတာ သမာဓိကို စိတ္တသမထ-ဟူ၍ ဆိုအပ်၏-ဟု) ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့်၊ တစ်နည်း- ထိုသို့ စိတ်၏ငြိမ်းကြောင်း ငြိမ်သက်ကြောင်း၏ အဖြစ်ဟူသော အကြောင်းကာရဏ ကို ပြလိုသောကြောင့် တသ္မာ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ စိတ္တံ သမေတိ တေနာတိ စိတ္တ သမထော။ အဓိကရဏာနိ သမေန္တိ တေနာတိ အဓိကရဏ သမထော။ သင်္ခါရာ သမေန္တိ တေနာတိ သင်္ခါရ သမထော။ [ယောဇနာ-၁၁၄-၅] [စိတ္တသဒ္ဒါ (စသည်) အနီးရှိ သမုဓာတ်+ထ ပစ္စည်း ငြိမ်းစေခြင်း ကြိယာခွဲ။]

(ဂ) ဝါကျ။ သမ္မတိ တေနာတိ သမထော။ (အစိတ်) စိတ္တဿ+သမထော စိတ္တသမထော။ (အပေါင်း)။

၂။ စိတ်၏ ငြိမ်းကြောင်း သမာဓိနှင့် အတူ၊+အကြောင်း....စပ်....။

၃။ စိတ်၏ ငြိမ်းခြင်း ကြိယာသည်၊ တစ်နည်း=စိတ် သမထတို့၏ တစ်ခုသည် ....ပ....ဇာတ်သည်....။

## လိင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ အဋ္ဌဟု—အလိင်၊ တစ်နည်း- (သမာပတ္တိသု ငွဲ၍) ဣတ္ထိလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။ သမာပတ္တိသု-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း။ ဣကာရန္တ၊ နာမပဒ။

(ဂ) ဝါကျ။ တံ (စိတ္တေကဂ္ဂတာ စွဲလျှင်) ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ တစ်နည်း- (သမာဓိကို စွဲလျှင်) ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ အာဂမမှ-အလိင်၊

http://www.dhammadownload.com



ဂဏဝိမုတ်၊ အ ကာရန္တ၊ တစ်နည်း- (ရုပ်တည်ခိုက်–ဂမုဓာတ် ဖြစ်သောကြောင့်) ဥကာရန္တ၊ နိပါတ်ပုဒ်။ တစ်နည်း-ကိတ်ပုဒ်။ သမ္မတိ-အလိင်၊ ဒိဝါဒိဂိုဏ်း (သမု–ဓာတ်ဖြစ်သောကြောင့်) ဥကာရန္တ၊ အာချာတ်ပုဒ်။ [သမ+ယ+တိ]

## အာဘော်, သံဝဏ္ဏနာ

(ဂ) ဝါကျ။ ဟိ ဖြင့် ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) တံ အာဂမ္မဖြင့် ငြိမ်းခြင်း-ဟူသည် စိတ္တေကဂ္ဂတာ သမာဓိကိုစွဲ၍ ငြိမ်းခြင်းတည်းဟု–သိစေ၏။ (ဘာဝတ္ထ) စိတ္တ စလနံဖြင့် ငြိမ်းခြင်း-ဟူသည် စိတ်လှုပ်ရှားမှု ငြိမ်းခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ)

စိတ္တ ဝိပ္ဖန္ဒိတံဖြင့် စိတ္တ စလနံ၌ စလဓာတ် ဝိပ္ဖန္ဒန အနက်ဟော၊ (ဒု-ဓာတွတ္ထ) စလိယတေ စလနံ-ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

ဝူပသမ္မတိ–ဖြင့် သမ္မတိ၌ သမုဓာတ်သည် ခေဒ စသော အနက်ကိုမဟော၊ ဥပ–သမ အနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ) သမ္မတိ တသ္မာ-ဖြင့် သမထော၌ သမုဓာတ်၊ (ဒု-ဓာတုပဒ) ထ ပစ္စည်း ကရဏသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သမ္မတိ (သမေတိ) ဧတေနာတိ သမထော-ဟု ကရဏသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ တံ အာဂမ္မ....ပ....တသ္မာ–ဟူသော အပေါင်းဖြင့် စိတ္တ သမ–ထောကို စိတ္တဿ+သမထော စိတ္တသမထော-ဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝိဂ္ဂဟပြုပါ-ဟု သိစေ၏။ (သမာသ လိင်္ဂတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ သမထောတိ၌ ဣတိသဒ္ဒါ-ပဒတ္ထ ဝိပလ္လာသတ္ထ။ သဗ္ဗသင်္ဂါရသမ-ထောတိ၌–ဣတိသဒ္ဒါ–နိဒဿနတ္ထ။

(ဂ) ဝါကျ။ ဟိ–သဒ္ဒါ–ဒဠှီကရဏတ္ထ။

(ဃ) ဝါကျ။ စိတ္တ သမထောတိ၌ ဣတိသဒ္ဒါ အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ၊ တဠှိ အာဂမ္မ တာနိ၊ ယသ္မာ ပန သဗ္ဗေ-ဌ ၁၈၉ ၌ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ၊ ပန-ပက္ခန္တရတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဂ) ဝါကျ။ တဠှိ၌ တံဝယ် တသဒ္ဒါ-စိတ္တေကဂ္ဂတာကို၊ တစ်နည်း-သမာဓိကို စွဲ၏။ ဆိုအပ်ပြီးသော စိတ္တေကဂ္ဂတာ, သမာဓိဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိ–ဝိသယ။

http://www.dhammadownload.com



## ကြိယာ ၅-တန်ထုတ်ပုံအမှာ

စိတ္တသမထော အရ–

၁။ စိတ္တေကဂ္ဂတာဟူသော အပ္ပနာ သမာဓိသည်....။
၂။ ဥပစာရသမာဓိ, ခဏိကသမာဓိသည်....။
၃။ စိတ်လှုပ်ရှားမှု ငြိမ်းခြင်းသည်....။
၄။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိသည်....။
၅။ ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် မှအစ အနုပါဒိသေသ နိဗ္ဗာန် အထိ အကျိုးတို့သည်....။

(ဃ) ဝါကျ။ [ဝုစ္စတိတို့၌ ဘဂဝတာ ကတ္တား ထည့်လျှင် ပီတိနိဒ္ဒေသ အဖွင့် ဃ–ဝါကျ ဝုတ္တာ အတိုင်းထုတ်၊ ပဏ္ဍိတေန ကတ္တားထည့်လျှင် ထိုအဖွင့် ဂ–ဝါကျ ဝုစ္စတိ- က အတိုင်းထုတ်။ ဝစီဘေဒသဒ္ဒထုတ်ရာ၌ စိတ္တသမထော ဟူသော ဝစီဘေဒ သဒ္ဒထုတ်ပါ။]

(င) ဝါကျ။ [အဓိပ္ပေါတော၌ ထုတ်ပုံကို ဘူမိလဒ္ဓုပ္ပန္နအဖွင့်၌ ရှု။]

### လက္ခဏာဒိ စတုက္က- အမှာ

(ဂ) ဝါကျ။ စိတ္တစလနံ, စိတ္တဝိပ္ဖန္ဒိတံတို့အရ ဥဒ္ဓစ္စ၏ လက္ခဏာဒိစတုက္ကကိုထုတ်။
(ဃ) ဝါကျ။ စိတ္တသမထော အရ ဧကဂ္ဂတာ၏ လက္ခဏာဒိစတုက္ကကိုထုတ်။

### ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ စိတ္တေကဂ္ဂတာ အရ ဧကဂ္ဂတာ စေတသိက်သည် အဋ္ဌသု သမာ– ပတ္တီသု အရ သမာပတ်ရှစ်ပါး သမ္ပယုတ်တရားအား သဟပြု၏။ ပြိုင်-သဟ-ည- နိ-ဝိ-ဝှ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။

(ဃ) ဝါကျ။ သော အရ သမာဓိဧကဂ္ဂတာသည် ဝုစ္စတိ၌ ဝစီဘေဒ်အရ ဒေသနာဉာဏ်အား အာရမ္မဏ....ပြု၏။ ပြိုင်–အာ-ဓိ-ဥပ (၃)။ တစ်နည်း—သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ...ပြု၏။ ပြိုင်-မရှိ။

[စိတ္တသမထောတိ ဝုစ္စတိ၌ ပြိုင်ပုံကို ဘဂဝတာ-ကတ္တားထည့်လျှင် ပီတိ နိဒ္ဒေသ အဖွင့် ဃ ဝါကျက အတိုင်းပြိုင်။ ပဏ္ဍိတေန–ကတ္တားထည့်လျှင် ထိုအဖွင့် ဂ-ဝါကျက အတိုင်းပြိုင်။]

http://www.dhammadownload.com

# ၈၃—သဒ္ဓိန္ဒြိယ နိဒ္ဒေသ အဖွင့်

(က) သဒ္ဓိန္ဒြိယ နိဒ္ဒေသ....ပ....ပတ္တိယာယတီတိ သဒ္ဓါ။

(ခ) သဒ္ဒဟနာတိ သဒ္ဒဟနာကာရော...ပ....အနုပဝိသတီတိ ဩကပ္ပနာ။

(ဂ) ဗုဒ္ဓါဒီနံ ဂုဏေသု....ပ....အဘိပ္ပသီဒတီတိ အဘိပ္ပသာဒေါ။

(ဃ) ဣဒါနိ ယသ္မာ....ပ....တသ္မာ ပုန သဒ္ဓါတိ ဝုတ္တံ။

(င) ယသာဝ ဣတ္ထိယာ....ပ....ပုန သဒ္ဓါတိ ဝုတ္တံ။

(စ) ဝေ....ပ....ပယောဇနံ ဝေဒိတဗ္ဗံ။ [ဋ္ဌ-၁၇၉]

[ဤဝါကျတို့၏ အဓိပ္ပာယ်အချို့ကို ပထမတွဲ နောက်ဆက်တွဲ၌ ၁၃၁၇ – ခုနှစ် အစိုးရ ပုဏ္ဏား၏ အမြေအမြစ်ဖြင့်လည်း ပြခဲ့ပြီ။]

အနက်ထူး (က) ဝါကျ။ ပတ္တိယာယတိ (ပတိယာယတိ-ပတိယယတိ) ယုံကြည်တတ်၏။ (အဓိပ္ပာယတ္ထ) ဝါ-စွဲ၍ဖြစ်တတ်၏၊ (သဒ္ဒတ္ထ)။

[မှတ်ချက်။ ။စာအုပ်များ၌ "ပတ္တိယာယတိ" ဟု တွေ့ရ၏၊ "အပရပ္ပစ္စယော" ပုဒ်၌ ပစ္စယောသည် ယုံကြည်ခြင်းအနက်ကို ဟော၏။ ပုဒ်ရင်းမှာ ပတိ ပုဒ္ဒ+ ဣဓာတ်+ အ ပစ္စည်းတည်း၊ ဤ၌လည်း "ပတိ+အယတိ" ဟု ဖြစ်သောအခါ [ယ] လာ၍ "ပတိယယတိ" ဟု ဣ ဓာတ် ဖြင့် သာ ပါဌ်မှန်ဖြစ်သင့်၏။ ပတိယယတိ – စွဲ၍ဖြစ်၏။ (သဒ္ဒတ္ထ)။ ယုံကြည်၏။ [အဓိပ္ပာယတ္ထ] နိဿယသစ် ၃-၃၅၃]

(ဃ) ဝါကျ။ အာရဒ္ဓေ—ဂဟေတွာဝ ဣရိယတိ ဝုတ္တံတို့၏ ကတ္တားကို ဘာဂဝတာဟု ထည့်။

## ကျမ်းတက်
### ဥပနာပဥ္စက ပုဏ္ဏာတက်

(က) ဝါကျ။ (ကေဂ္ဂတာနိဒ္ဒေသအဖွင့်မှတစ်ပါး, သဒ္ဓိန္ဒြိယနိဒ္ဒေသအဖွင့် ဖြစ်သည်ကို ရှုတက်။)

ထို က-ဝါကျတွင် ဗုဒ္ဓါဒီ....ပ....သဒ္ဓါ ဟူသော ပထမဝိကပ်မှ ဗုဒ္ဓါဒီနိ စသော ဒုတိယဝိကပ်သို့ ကျမ်းတက်သော်–ဆရာ, ဆရာသည် ဗုဒ္ဓါဒိ စသော ပထမဝိကပ်ဖြင့် သဒ္ဓါ၌ အပစ္စည်း၏ ဘာဝသာဓ် အနက်ဟောနှင့်တကွ ဘာဝသာဓ် ဝိဂ္ဂဟပြုရ သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ဤသို့သာဆိုချေသော်, အ ပစ္စည်းသည် ဘာဝသာဓ် အနက်သာဟော၍ ဘာဝသာဓ် ဝိဂ္ဂဟကိုသာလျှင် ပြုရသည်ဟု မှတ်အပ်သည် မဟုတ်-ပါလော။....ပ....အ-ပစ္စည်း၏ တစ်ပါးသော ဖြစ်သင့်သော ကတ္တုသာဓ် အနက်နှင့် ကတ္တုသာဓ်ဝိဂ္ဂဟ ပြုရသည်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် သဒ္ဒါပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။ သော်, သဒ္ဒဟနာ–ဩကပ္ပနာ ပုဒ်တို့၏ အဖွင့်ကို မပြဆိုဟူသော အနက် အဓိပ္ပာယ် ရောက်ရသည် မဟုတ်ပါလော။ ဝါ-သဒ္ဒါပုဒ်၏ အဖွင့်သာလျှင် ရှိ၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ (သဒ္ဒဟနာ ဩကပ္ပနာ ပုဒ်တို့၏ အဖွင့်မှဘစ်ပါး အဘိပ္ပသာဒေါ ပုဒ်၏ အဖွင့်ဖြစ်သည်ကိုရှုတက်။)

(ဃ) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ သဒ္ဒါပုဒ်ကို နောက်ထပ် တစ်ဖန် ဟောတော်မူ၏၊ ဤသို့ပင် ဟောသော်လည်း ထိုသဒ္ဒါပုဒ်ကို ရှေးအစ၌ ဟောပြီးသည် မဟုတ်ပါလော၊ ထိုသို့ ဟောပြီးဖြစ်လေသောကြောင့် သဒ္ဒါပုဒ်ကို နောက်ထပ်တစ်ဖန် မဟောသင့်၊ တစ်ပါးသော မဟောရသေးသော ပုဒ်တို့ကိုသာ ဟောသင့်၏။ အဘယ်ကြောင့် သဒ္ဒါပုဒ်ကို ဘုရားရှင် ထပ်မံ၍ ဟောတော်မူပါ သနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဣဒါနိ–စသော ဃ-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား-အဘိဓမ္မာ၌ သဘောတတ္တွာ ဓမ္မတာ တုံးစံဖြစ်သောကြောင့် သဒ္ဒါ ဟူသော ပုဒ်ကို ထပ်မံ၍ ဟောရသည် ဟူလို။ စောဒနာတက်လျှင် ပုနရုတ္တိ ဒေါသတင်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် သဒ္ဒါပုဒ်ကို ထပ်မံဟောရခြင်း အကြောင်းကို ပြဆိုတော်မူ၏။....သော်, ဆိုအပ်ပြီးသော အကြောင်းကြောင့်သာ လျှင် သဒ္ဒါပုဒ်ကို ထပ်မံ၍ ဟောရသည်ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ.... သဒ္ဒါပုဒ်ကို ထပ်မံဟောရခြင်း၏ တစ်ပါးသော ဖြစ်သင့်သောအကြောင်း (အကျိုး) ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ အဓိပ္ပာယ်ကား-သဒ္ဒါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသော တည်ရာရှိသည်အဖြစ်ကို သိစေခြင်းငှာလည်း၊ ဝါ-သိစေလိုသောကြောင့် လည်း တစ်ဖန် သဒ္ဒါပုဒ်ကို ဘုရားရှင်ဟောအပ်၏ ဟူလို။ စောဒနာတက်လျှင်– အဗျာပိတဒေါသတင်။

(စ) ဝါကျ။ ဆရာ, ဆရာသည် င-ဝါကျဖြင့် သဒ္ဒါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသော တည်ရာရှိသည်အဖြစ်ကို သိစေခြင်းငှာ သဒ္ဒါပုဒ်ကို ထပ်မံ၍ ဟောရ သော–ဟု မိန့်ဆိုတော်မူ၏၊ ဤသို့ဆိုချေသော်, အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို တစ်ဖန်ဟောတော်မူခြင်း၌ အကျိုး သိအပ်သည်ကိုလည်း ညွှန်ပြသင့် သည် မဟုတ်ပါလော၊....စသည်။

## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ။ သဒ္ဒါပုဒ်၏ အဖွင့်သာလျှင်ရှိ၏–ဟူသော အနက်သည် ရောက်ခဲ့ရာ ၏။ တစ်နည်း-သဒ္ဒဟနာ, ဩကပ္ပနာ ပုဒ်တို့၏ အဖွင့်မရှိ–ဟူသော အနက်သည်

http://www.dhammadownload.com



ရောက်ခဲ့ရာ၏။ တစ်နည်း-သဒ္ဒါပုဒ်၏ အဖွင့်သာ ရှိ၍ သဒ္ဒဟနာ ဩကပ္ပနာပုဒ်တို့၏ အဖွင့်ကား မရှိ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။တစ်နည်း-သဒ္ဒဟနာ,ဩကပ္ပနာ ပုဒ်တို့၏ အဖွင့်ကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) ....ပ....သဒ္ဒဟနာ, ဩကပ္ပနာပုဒ်တို့၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) ....စသည်။

(ဂ) ဝါကျ။ (ပဉ္စမတွဲ နောက်ဆက်တွဲ၌ အစုံတက် ပြထားသည်။)

(ဃ) ဝါကျ။ ဤသို့ ဟောသည်ရှိသော်, သဒ္ဒါပုဒ်ကို ရှေးအစ၌ မဟောရသေး-ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ စင်စစ်ဘမူကား ထိုအနက်သည် မရောက်သင့်၊ ထိုသို့ မရောက်သင့်လေသောကြောင့်၊ တစ်နည်း-သဒ္ဒါပုဒ်ကို ရှေ၌ မဟောရသေး မဟုတ်၊ ဟောပြီးသည်သာဖြစ်၏၊ထိုသို့ ဟောပြီးဖြစ်လေသောကြောင့်,တစ်ပါးသော မဟောရသေးသော ပုဒ်တို့ကိုသာ ဟောသင့်၏၊ သဒ္ဒါပုဒ်ကို ထပ်၍ မဟောသင့်, သဒ္ဒါပုဒ်ကို ထပ်၍ ဟောရာ၌ ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏၊ အဘယ့်ကြောင့် သဒ္ဒါပုဒ်ကို ထပ်၍ ဟောပါသနည်း၊....စသည်။

(င) ဝါကျ။ သဒ္ဒါပုဒ်ကို ထပ်မံဟောရခြင်း၏ တစ်ပါးသော ဖြစ်သင့်သော အကြောင်း (အကျိုး) ကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏.... စသည်။

(စ) ဝါကျ။ အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို တစ်ဖန်ဟောတော်မူခြင်း၌ အကျိုးသိအပ်သည်ကို မညွှန်ပြ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ....စသည်၊

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့စကားရပ်ကိုသောက်လျှင် က-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ နောက် (ခ) ကို ထောက်လျှင် ဤ (က) ၌ အဗျာပိတဒေါသ သင့်၏။

(ခ-ဂ) တို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အဘိဓမ္မာ၌ သဘောတတ္တာ ထုံးစံဓမ္မာတာဖြစ်သောကြောင့် သဒ္ဒါပုဒ်ကို ထပ်၍ဟောသော်လည်း ဘုရားရှင်အား ပုနရုတ္တိဒေါသ မသင့်-ဟု ပြသည်၊ ဝါ-ဃ-ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျ။ (နိဂမန ဝါကျယူလျှင်၊ ဝိတ္ထာ, သံခိတ်၊ ဥဒ်, နိ, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်-ဟူသော ရှေးနိယံနှင့်အညီ) ပုနရုတ္တိဒေါသကို ပယ်၏။ တစ်နည်း- ဥဒ်, နိဒ်, နိဂမ၊ ဝိတ္ထာရ၊ ဒေါသဝိရောတင်-ဟူသော ရှေးနိယံနှင့်အညီ) နိဂမန, နိဂမနိယ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။ တစ်နည်း-ကျမ်းမလေးရလေ

http://www.dhammadownload.com



အောင် အကျိုးကိုညွှန်ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သွားသော ကြောင့် ဂန္ထဂရု, နိရတ္ထက, အဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ။(က) ဝါကျ။ သဒ္ဒါ၌ အပစ္စည်း၏ (ကရဏသာဓ်) ဘာဝ သာဓ် အနက်အကြောင်းမှတစ်ပါး၊ ကတ္တုသာဓ်အနက် အကြောင်းတစ်ပါးကို လဲလို သောကြောင့် ဝါ-သဒ္ဒါထား၏။

(ဂ) ဝါကျ။ အဘိပ္ပာယဒေါ၌ ဏ ပစ္စည်း၏ ကရဏသာဓ် အနက်အကြောင်း မှတစ်ပါး၊ ကတ္တုသာဓ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါ ထား၏။

(င) ဝါကျ။ သဒ္ဒါပုဒ်ကို ထပ်၍ဟောရာဝယ်-အဘိမ္မေ၌ သဘောတိတ္တာ ထုံးစံမဟုတ်တာ-ဟူသော အကြောင်းမှတစ်ပါး၊ သဒ္ဒါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသော တည်ရာအနက်ရှိသည်၏ အဖြစ်ကို သိစေလိုသည်၏ အဖြစ်-ဟူသော အကြောင်း (တူ သောတည်ရာ အနက်ရှိသည်၏ အဖြစ်သို့ သိစေခြင်းအကျိုး) တစ်ပါးကို လဲလိုသော သောကြောင့် ဝါ-သဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ရတိံ+ဇနေန္တီတိ ရတနာနိ။ [ယောဇနာ-၃။ မဏိမဥ္ဇူ....ပ.... ၃၁။] [ရတိသဒ္ဒူပ ပဒ + ဇနဓာတ် + အ ပစ္စည်း၊ နှစ်သက်ခြင်း ဖြစ်စေခြင်း ကြိယာခွဲ။]

(ခ) ဝါကျ။[ဂုဏေး၌ ဂုဏပုဒ်၏ ဝိဂ္ဂဟ ကို ထို ပထမတွဲ-နောက်ဆက်တွဲ၌ရှု။)

(စ) ဝါကျ။ ပယောဇေဟဗ္ဗတ္တိ ပယောဇနံ၊ [ပ-ပုဗ္ဗ+ယုဇဓာတ်+ယုပစ္စည်း ယှဉ်စေခြင်း, ဖြစ်စေခြင်း ကြိယာခွဲ။]

## လိင်စသည် ဝေဖန်ပုံ

(က) ဝါကျ။ ဗုဒ္ဓါဒီနိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသပဒ။ ပတ္တိယာယတိ-ဇလိင်၊ ဘူဝါဒိဂိုဏ်၊ ဣကာရန္တ၊ အာချာတ်ပုဒ်၊ [ပတိ + ဣ + အ+တိ]။

(ခ) ဝါကျ။ ဩဂါဟတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ (ဂါဟူဓာတ် ဖြစ်လျှင်) ဦကာရန္တ၊ (ဂါဟုဓာတ်ဖြစ်လျှင်) ဥကာရန္တ၊ (ဂဟဓာတ်, ဂါဟဓာတ်ဖြစ်လျှင်) အ ကာရန္တ၊ အာချာတ်ပုဒ်။ [အဝ+ဂါဟူ (ဂါဟု+ဂဟ+ဂါဟ)+အ+တိ]။

မှတ်ချက်။ ။ဓာတွတ္ထသင်္ဂဟ၌ ဤပုံစံမျိုးနှင့် ဓာတ်အားဖြင့် သဘောတူသော ဂါဠ္ဟော၌ ဂါဟူဓာတ်-ဟု ဆို၏။ (ရူ) ၌ ဂါဟုဓာတ်-ဟု၊ နျာသ၌ ဂဟဓာတ်၊ ကစ္စာယနနှ ဝဏ္ဏနာ၌ ဂါဟဓာတ်-ဟု ဆိုကြကုန်၏။]

http://www.dhammadownload.com



(ဂ) ဝါကျ။ အတိဝိယဋ္ဌ အတိကာဒ-အလိင်၊ ဂဏဝိမုတ်၊ ဝုကာရန္တ၊ ဥပသဂ္ဂ ပဒ။ ဝိယ-နိပါတ်ပုဒ်ခွဲ။

(ဃ) ဝါကျ။ အာရဒ္ဓေ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။

**အာဘော်, သံဝဏ္ဏနာ**

(က) ဝါကျ။ ဗုဒ္ဓါဒိဂုဏာနံ-ဖြင့် ယုံကြည်ခြင်းဟူသည် ဘုရားစသည်တို့၏ ဂုဏ်ကို ယုံကြည်ခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) သဒ္ဒဟနဝသေနဖြင့် သဒ္ဒါ၌ သံပုဒ္ဓ+ဓာတ်၊ (ဒု-ဓာတုပဒ) သံသဒ္ဒါ ဓာတွတ္ထာနုဝတ္တက၊ တစ်နည်း-ဓာဓာတ်ကို ယုံကြည်ခြင်း၏ အနက်ဟောအဖြစ် အထူးပြုသောကြောင့် ဓာတွတ္ထ ဝိသေသက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) အ ပစ္စည်း ကရဏသာဓ်၊ ဘာဝသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သဒ္ဒဟန္တိ တောယာတိ သဒ္ဒါ၊ သဒ္ဒဟနံ သဒ္ဒါ-ဟု ကရဏ, ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ (ဝါ-သဒ္ဒါ-ဖော်ပြ) ဗုဒ္ဓါဒီနံ ဖြင့် ရတနာနိ၌ ရတနာအရ ဘုရားစသော ရတနာကို ယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ရတနာနိဖြင့် ယုံကြည်ခြင်းဟူသည် ရတနာတို့ကို ယုံကြည်ခြင်း တည်း-ဟု သိစေ၏။ (ဘာဝတ္ထ) သဒ္ဒဟတိဖြင့် သဒ္ဒါ၌- သံ ပုဒ္ဓ+ဓာဓာတ်၊ (ဒု-ဓာတုပဒ) ထိုဓာဓာတ် သဒ္ဒဟန အနက်ဟော (ဒု-ဓာတွတ္ထ) (သံသဒ္ဒါဖော်ပြ) အ ပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သဒ္ဒဟတိတိ သဒ္ဒါ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ပတ္တိယာယတိဖြင့် သဒ္ဒဟတိ၌ သံပုဒ္ဓ+ဓာဓာတ် ကောင်းစွာထားခြင်း, စေ့စပ်ခြင်း စသော အနက်မဟော၊ ယုံကြည်ခြင်း ပတ္တိယာယန (ပတိယယန) အနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ)။

(ခ) ဝါကျ။ သဒ္ဒဟနာကာရောဖြင့် သဒ္ဒဟနာ၌ သံပုဒ္ဓ+ဓာဓာတ် (ဒု-ဓာတုပဒ) (သံသဒ္ဒါဖော်ပြ) ယု ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု ပစ္စယတ္ထ) သဒ္ဒဟနံ သဒ္ဒါဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏၊ ဗုဒ္ဓါဒီနံဖြင့် ဂုဏော၌ ဂုဏ်အရ ဘုရားစသည်တို့၏ ဂုဏ်ကိုယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း-ဂုဏ်ဟူသည် ဘုရားစသည်တို့၏ ဂုဏ်ပင်တည်း-ဟု သိစေ၏။ (ဘာဝတ္ထ) ဂုဏေဖြင့် သက်ဝင်ခြင်းဟူသည် ဂုဏ်၌သက်ဝင်ခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) ဩဂါဟတိဖြင့် ဩကပ္ပနာ၌ အငပုဒ္ဓ+ကပ္ပ ဓာတ် (ဒု-ဓာတုပဒ) ကပ္ပ ဓာတ် ဩဂါဟန အနက်ဟော၊ (ဒု-ဓာတွတ္ထ) အဝသဒ္ဒါ ဓာတွတ္ထ ဗာဓက၊ တစ်နည်း-ဓာတွတ္ထ ဝိသေသက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ယု ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သိစေ၏။ ဘိန္ဒိတွာ ဝိယ အနုပဝိသတိဖြင့် သက်ဝင်ခြင်း-ဟူသည် ခွဲ၍ဝင်သကဲ့သို့ သက်ဝင်ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) အပေါင်းဖြင့် ကပ္ပတိတိ ကပ္ပနာ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဩဂါဟေတွာ+ ကပ္ပနာ-ဟု တုလျာဓိကရဏ (ပါဒိပုဒ္ဓကမ္မဓာရည်း) သမာသ် ဝိဂ္ဂဟပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဗုဒ္ဓါဒီနံဖြင့် ဂုဏသု၏ သမ္ဗန်ကို သိစေ၏။ (ဘာဝတ္ထ) ဂုဏသုဖြင့် ပသီဒန္တိ၏ အာဓာရကို သိစေ၏။ (ဘာဝတ္ထ) တေသု ပသီဒန္တိဖြင့် အဘိပ္ပသာဒေါ၌ အဘိ-ပုဗ္ဗ+သဒ ဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း ကရဏသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ပသီဒန္တိ တေသုပါတိ ပသာဒေါ-ဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

သတ္တာဖြင့် ပသီဒန္တိ ကြိယာ၏ ကတ္တားကို သိစေ၏။ (ဘာဝတ္ထ) အတိဝိယဖြင့် အဘိသဒ္ဒါ အဓိက အနက်ဟော-ဟု သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ) အယံ အဘိပ္ပသီဒ တီတိဖြင့် ဓမ္မမှတစ်ပါး ပုဂ္ဂလကတ္တားကို နှစ်စေ၍ ဓမ္မသာ ကတ္တား ဖြစ်သည်-ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) အဘိပ္ပသာဒေါ၌ အဘိ-ပုဗ္ဗ+သဒ ဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) အဘိပ္ပသီဒတီတိ အဘိပ္ပသာဒေါ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ အပေါင်းဖြင့် အတိဝိယ+ပသာဒေါ အဘိပ္ပသာဒေါ-ဟု ပါဒိပုဗ္ဗ ကမ္မဓာရည်း သမာသ်ပြု-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)။

(ဃ) ဝါကျဖြင့် အဘိဓမ္မာ၌ သဘောတတ္တာ ထုံးစံ ဓမ္မာဘာဖြစ်သောကြောင့် သဒ္ဒါပုဒ်ကို ဘုရားရှင် ထပ်၍ဟောရသည်-ဟု သိစေ၏။ (ဘာဝတ္ထ)

(င) ဝါကျဖြင့် သဒ္ဓိန္ဒြိယံပုဒ်ကို ဝီရိယိန္ဒြိယံပုဒ်ကဲ့သို့ ဆဋ္ဌီတပ္ပုရိသ်သမာသ် မပြုရ၊ အာဓာရဏ ကမ္မဓာရည်း သမာသ် ပြုရမည် အဖြစ်သို့ သိစေလို၍ သဒ္ဓါ ပုဒ်ကို တစ်ဖန်ဟောရသည်-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ၊ ဘာဝတ္ထ)။

(စ) ဝါကျဖြင့် ဤသို့လျှင် အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို ထပ်မံ ဟောရာ၌ အကျိုးကို သိရမည်ဟု တိုက်တွန်းချက်ကို သိစေ၏။ (ဘာဝတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(ခ) ဝါကျ။ ဘိန္ဒိတွာဝိယ-၌ ဝိယသဒ္ဒါ ဥပရိက္ခာဇောတက။

(ဂ) ဝါကျ။ အဘိဝိယ၌ အတိသဒ္ဒါ အတိသယတ္ထ၊ ဝိယသဒ္ဒါ ဧဝ အနက် ဟော၊ ဝါ-ဧဝ၏ အနက်ဖြစ်သော အဝဓာရဏတ္ထ။ ဝါ-သဒ္ဒါ ဝိကပ္ပနတ္ထ၊ နယန္တရဇောတက။

(ဃ) ဝါကျ။ ဂဟေတွာဝ၌-ဧဝသဒ္ဒါ-အဝဓာရဏတ္ထ။

၁။ ဂဟေတွာ ကြိယာသည်၊ ဝါ-ယူခြင်း ကြိယာသည် ဂ....။

၂။ အဂ္ဂဟေတွာ ကြိယာသည်၊ ဝါ-မယူခြင်း ကြိယာသည် နိ....။

၃။ ပဒဘာဇနီကို ပြုတတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် နိ....။



F.83 A

http://www.dhammadownload.com



(င) ဝါကျ။ ယထာသဒ္ဒါ-ပဋိဘာဂတ္ထ။ (ဥပမာ ဇောတက။) တထာ-ပဋိဘာဂတ္ထ၊ (ဥပမေယျဇောတက) ပန-အန္ဒယတ္ထ။

[သဒ္ဒါဝဠ် ဝေဏ် ဂဟေတဗ္ဗ စသည်ကို သဒ္ဒါဝစနတ္ထအဖွင့်၌ရှု။ ဝိ[အဝိ] သဒ္ဒါ၏ သမ္ဗန္ဓနာကာရ အဓိပ္ပာယ်ကို ထိုပထမတွဲ နောက်ဆက်တွဲ၌ရှု။]

## ကြိယာ ၅-တန်ထုတ်ပုံအမှာ

သဒ္ဒဟန, သဒ္ဒါ, သဒ္ဒဟတိ, ပတ္တိယာယတိ, သဒ္ဒဟနာ ကာရော, ဩကပ္ပနာ ဟတိ, အနုပဝိသတိ, ဩကပ္ပနာ, တောသယ, သယံ အဘိပ္ပသီဒတိ, အဘိပ္ပသာဒေါ တို့အရ-သဒ္ဒါယူ၍ ထုတ်ပုံကို သဒ္ဒါဝစနတ္ထ အဖွင့်၌ရှု။ ဝေဒိတဗ္ဗ၌ ထုတ်ပုံကို စေတနာ၏ ပစ္စုပဋ္ဌာန်အဖွင့် စသည်၌ရှု။ ဝေဒိတဗ္ဗထားရပုံကို ထိုပထမတွဲ နောက်ဆက်တွဲ၌ရှု။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဗုဒ္ဓါဒိ ဂုဏာဝန်အရ အရဟာတာစသော ဂုဏ်တော်, သီလ စသော ဂုဏ်တော်၊ ရူပါရုံစသော ဂုဏ်တော် ဤသို့ အစရှိသော အာရုံပစ္စည်း တရားသည် သဒ္ဒဟန ဝသေန သဒ္ဒါ အရ သဒ္ဒါ စေတသိက်အား အာရမ္မဏ.... ပြု၏။ ပြိုင်-ယထာရဟ-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ (၆)။

[ဗုဒ္ဓါဒိနိ ရတနာနိ အရ ယခင် ဗုဒ္ဓါဒိဂုဏာဝန်အတိုင်း ကောက်၍ သဒ္ဒဟတိ ပတ္တိယာယတိ အရ သဒ္ဒါကောက်ပြီးလျှင်, တစ်နည်း-သဒ္ဒါပြခန်းသော မဟာ ကုသိုလ် စိတ္တုပ္ပါဒ်ကောက်ပြီးလျှင် ယခင်အတိုင်းပြိုင်။]

(ခ) ဝါကျ။ [ဗုဒ္ဓါဒီနံ ဂုဏေအရနှင့် ဩကပ္ပတိ, ဘိန္ဒိတွာ ဝိယ, အနု ပဝိသတိ အရကိုလည်းကောင်း၊ ဂ-ဝါကျရှိ ဗုဒ္ဓါဒီနံ ဂုဏေသုအရ, ပသီဒတိအရတို့ ကိုလည်းကောင်း ယခင်အတိုင်းကောက်၍ အာရမ္မဏမျိုးပြိုင်။] တောသယ အရ သဒ္ဒါသည် သတ္တာ ပသီဒတိအရ သဒ္ဒါသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-သံ-တ္ထိ-အဝိ (၇)။ စိတ္တဇရုပ်အား သဟ-နိ-ဣ-ဝိပ္ပ-တ္ထိ-အဝိ-(၆)။ သတ္တာအရ ဝေဒနာက္ခန္ဓာသည် ပသီဒတိအရ ကျန်နာမ်ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-ဈာ-သံ-တ္ထိ-အဝိ (ဂ)။

http://www.dhammadownload.com

# ၈၄-ဝီရိယိန္ဒြိယ နိဒ္ဒေသ အဖွင့်

(က) ဝီရိယိန္ဒြိယ နိဒ္ဒေသေ စေတသိကောတိ ဣဒံ....ပ....ဝုတ္တံ။

(ခ) ဣဒဉှိ ဝီရိယံ....ပ....ကာယိကံနာမ နတ္ထိ။

(ဂ) စေတသိကမေဝ ပနေတန္တိ ဒဿေတုံ "စေတသိကော"တိ ဝုတ္တံ။

(ဃ) ဝီရိယာရမ္ဘောတိ ဝီရိယသမ်ါတော....ပ....ပဋိက္ခိပတိ။ [ဋ္ဌ၁၁၈၉]

[ပဋိက္ခိပတိ၏ ကတ္တားကို ဘဂဝါ-ဟုထည့်]

## ဌပနာပဋ္ဌက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် စေတသိကော—ဟူသော ဤပုဒ်ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း, ဝီရိယသည် စင်စစ်အားဖြင့် စေတသိက်သာလျှင် ဖြစ်သည် မဟုတ်ပါလော၊ ဝါ—ဝီရိယသည် စင်စစ် စေတသိက်သာ ဖြစ်၍ စေတသိကောဟု မဟောသင့်သည် မဟုတ်ပါလော....ပ....အဘယ်အကျိုးငှာ စေတသိကောဟူသော ဤပုဒ်ကို ဘုရားရှင်ဟောရပါသနည်း၊....စသည်။

(ခ) ဝါကျ။ [ဒဠှ, တစ်နည်း—ဝိတ္ထာရ ကျမ်းတက်။]

(ဂ) ဝါကျ။ ဆရာ ဆရာသည် ခ=ဝါကျဖြင့် ကာယိက ဝိညာဉ်မျိုးရှိသကဲ့သို့ ကာယိက ဝီရိယမရှိဟု ဆိုတော်မူ၏။ ဤသို့ မရှိခဲ့သော် စေတသိကော ဟူ၍ မဟောသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် ကာယိကဝိညာဉ်မျိုး ရှိသကဲ့သို့ ကာယိကဝီရိယမရှိ ဟူ၍သာ မဆိုသင့်, စေတသိကောဟု ဟောရပုံ (အကျိုး) ကိုလည်း ပြဆိုသင့်သေး၏၊ ဟောရပုံ (အကျိုး) ကား အဘယ်ပါနည်း....စသည်။

(ဃ) ဝါကျ၊ (စေတသိကောပုဒ်၏ အဖွင့်မှတစ်ပါး၊ဝီရိယာရမ္ဘာပုဒ်၏အဖွင့် ဖြစ်သည်ကို ရှုတက်၊)

## ဒေါ်ယသင့်ပုံ,ပယ်ပုံ

(က) ဝါကျဖြင့် ပါဠိတော်ကို ထောက်ဆလျှင် နိရုတ္တကဒေါ်သကို ပယ်၏၊ ရှေ့စကားရပ်ကို ထောက်ဆလျှင် အဗျာပိတဒေါ်သကို ပယ်၏။

(ခ) ဝါကျဖြင့် ဝိရောဓိဒေါ်သကို ပယ်၏။ ဤ (ခ) ကို ထောက်လျှင် ရှေ့(က)၌ ဝိရောဓိဒေါ်သ သင့်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါ်သ၊တစ်နည်း-ဗျတိရေက, အန္ဒယဆန့်ကျင်သော ဝိရောဓိ ဒေါ်သကို ပယ်၏။

(ဃ) ဝါကျဖြင့် အဗျာပိတဒေါ်သကို ပယ်၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဃ) ဝါကျ။ အာရမ္ဘိယတေ (အာရဗ္ဘတေ) (အာရဘီယတေ) အာရမ္ဘော။ တစ်နည်း-အာရဘနံ အာဒိကရဏံ အာရမ္ဘော။ (သူစိ) [အာ-ပုဗ္ဗ+ရဘဓာတ်+အ ပစ္စည်း၊ လက်ဦးအားထုတ်ခြင်း ကြိယာခွဲ။]

ဝီရိယသုခါတော+အာရမ္ဘော ဝီရိယာရမ္ဘော၊

၂။ ဝီရိယ၏ အားထုတ်ခြင်းနှင့် ဝိသေသန+ဝိသေသျ....စပ်....။

၄။ ဝီရိယ ဟူသော အားထုတ်ခြင်းကြိယာသည်....။

[လောကီကျမ်းနှင့် အဘိဓာန်ကျမ်းတို့အလို အာရမ္ဘော၊သဒ္ဒနီတိ-အလို အာရမ္ဘော-ဟု ပါ၍ရှိနိုင်သည်။]

## လိင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ (ယဒပိ=ယံ+အပိ။) ယံ-နပုလ္လိင်၊စိတ္တာဒိဂိုဏ်း၊(သဗ္ဗနာမ်ဂိုဏ်း)။ အပိ-အလိင်၊ နိပါတ်ပုဒ်၊ တစ်နည်း-ဥပသာရပုဒ်ခွဲ။

## အာဘော်,သံဝဏ္ဏနာ

(ဃ)ဝါကျ။ ဝီရိယသင်္ခါတော အာရမ္ဘောဖြင့် ဝီရိယာရမ္ဘောကိုဝီရိယသင်္ခါတော အာရမ္ဘာ ဝီရိယာရမ္ဘောဟု သမ္ဘာဝနာ ကမ္မဓာရည်း သမာသ်ပြုဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)

## ဥပသာရပုဒ်,နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ ဣဒဥ္စိ ဟိ သဒ္ဒါ ဒဠှီကရဏတ္ထ၊တစ်နည်း-ဝိတ္ထာရတ္ထ။ ဣတိ ဟိဒံ၌ ဟိကား ဝေတ္ထ၊ ဝါ-ဝေ၏ အနက်ဖြစ်သော ဟဝဓာရဏတ္ထ။ ဥဒ္ဓေသံ၌ ဥ-သဒ္ဒါ သရူပကထနတ္ထ။ (ရှု) ဝုစ္စမာနမ္ပိ၌ ပိ (အပိ) ဝုစ္စမာနံဟူသော အမြွက်ဟောပုဒ် နောင် ထိုင်သောကြောင့် ပိ-ထိုင်ရာ ပုဒ်အနက်ကိုစွဲ၍ သမ္ဘာဝနတ္ထ။ တစ်နည်း- စပ်ရာဖြစ်သော နတ္ထိပုဒ်၏ အနက်သည် ယုတ်သောကြောင့် စပ်ရာပုဒ် အနက်ကို စွဲ၍ ဂရဟတ္ထ၊ (အဆုံးအဖြတ်ကို ကာမာဝစရ (ခ) အဖွင့်၌ရှု)

(ဂ) ဝါကျ။ ဝေ-အဝဓာရဏတ္ထ။

၁။ စေတသိကသည်၊ ဝါ-(စိတ်၌မှီသော) စေတသိက ဝီရိယသည် ဂ....။
၂။ ကာယိကသည်၊ ဝါ-ကာယဒွါရ၌ ဖြစ်သော ကာယိကဝီရိယသည် နိ....။
(ဝေဖြင့် ကာယိက ဝီရိယ မရှိဟု ကန့်သည်)
၃။ ဝီရိယ၏ နိက္ကမစသော အမည်သည် နု....။

(ဃ) ဝါကျ။ မာရမ္ဘော၌ အာ သဒ္ဒါ အာဒိကမ္မတ္ထ။ (ရှု)

http://www.dhammadownload.com



## ကြိယာ ၅-တန်ထုတ်ပုံအမှာ

ဝီရိယ၊သာ, ဝီရိယာရမ္ဘာတို့အရ ဝီရိယယှဉ်၍ ထုတ်ပုံကို ဝီရိယဝစနတ္ထအဖွင့်၌ရှု။ ဝုတ္တာ့ပုဒ်တို့၌ ဝစနတ်အရ ဒေသနာဉာဏ်သည် စေတသိကေဒတိ ဣဒံ ဟူသော ကံသုဒ်နှင့် ထိုဝုတ်၌ တပစ္စည်းတို့အမှ စေတသိကော်ဟူသော ဝစီဘေဒ သဒ္ဒအား သဟ....ပြုဓါ။

ပြိုင်–ဟေ-ဓိ–သဟ-နိ-မဂ္ဂ-ဏ္ဍ-ဝိပ္ပ-တ္တိ-အဝိ (၉)။

http://www.dhammadownload.com

# ၇၅–အာရဗ္ဘပုဒ် အဖွင့်

(က) အယဉ္စိ အာရဗ္ဘ သဒ္ဒေါ....ပ....အာဂမေ။

(ခ) ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ....ပ...,အာဂတံ။

(ဂ) ဣဓ ပန ဝီရိယမေဝ အဓိပ္ပေတံ။

(ဃ) တေနာဟ "ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော" တိ။

(င) ဝီရိယဉ္စ....ပ....သဘာဝပဒံ၊ [ဋီ-၁၈၉]

(ဃ–ဝါကျ၌ အာဟ၏ကတ္တားကို ပေါရာဏ အဋ္ဌကထာ စရိယောဟု ထည့်၊)

## ကျမ်းတက်

### ဋီပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ဣမိနာ-သေသာရမ္ဘေ ပဋိက္ခိပတိ–ဟူသော ရှေ့ဝါကျဖြင့် ဤဝီရိယာရမ္ဘောဟူသော ပါဌ်ဖြင့် ဝီရိယမှ ကြွင်းသော အာရမ္ဘ တို့ကို ပယ်၏ဟု ပြဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော်, ထိုရှေ့စကားကို ပြီးစေ မြဲစေတတ်သော အသင့် ယုတ္တိသဘာဝ ဒဋ္ဌီကရဏကို မပြဆို ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊.... စသည်။ (ဒဋ္ဌီ ကျမ်းတက်)

(ခ) ဝါကျ။ [ဝိတ္ထာရကျမ်းတက်]

(ဂ) ဝါကျ။ ပနကို ငဲ့တက်သော်–ဆရာ, ဆရာသည် က–ဝါကျဖြင့် အာရမ္ဘ သဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏၊....သော်, ဇတ္ထုဒ္ဒေသ, ဣဓာဓိပ္ပေတကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း–အာရမ္ဘ သဒ္ဒါသည် ဤ ဝီရိယိန္ဒြိယ နိဒ္ဒေသ၌ ထိုအနက်အားလုံးကိုပင် ဟော၏ဟု မှတ်အပ် သည် မဟုတ်ပါလော၊....ပ....အတ္ထုဒ္ဒေသ, ဣဓာဓိပ္ပေတကိုလည်း ပြဆိုသင့်သေး၏။ တစ်နည်း-ဤ ဝီရိယိန္ဒြိယ နိဒ္ဒေသ၌ အာရမ္ဘသဒ္ဒါ၏ ဟောနက်ကိုလည်း ပြဆို သင့်သေး၏....စသည်။

ဝေကို ငဲ့တက်သော်- ဤ ဝီရိယိန္ဒြိယ နိဒ္ဒေသ၌ ကမ္မ, အာပတ္တိ ကိရိယာ, ဟိံသာ, ဝိကောပနတို့ကိုလည်း လိုအပ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော ....ပ....ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ ဝီရိယကိုသာ လိုအပ်သည်ကိုလည်း ပြဆိုသင့်သေး ၏၊....စသည်။

(ဃ) ဝါကျ။ အကိုးသာဓကေ, ဒဋ္ဌီကရဏ, အာဂမ,ဉာပကကို၊ ဝါ-လဒ္ဓဂုဏ်ကို၊ ဝါ-နိဂုံးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(င) ဝါကျ။ [ဒဋ္ဌီကျမ်းတက်]

http://www.dhammadownload.com



## ပါပနာဒိ ကျမ်းတက်

(ဂ) ဝါကျ။ ပနကို ငဲ့တက်ရာ၌- အတ္တုဒ္ဒေသကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ တစ်နည်း- အာရမ္ဘသဒ္ဒါသည် ထိုအနက်အားလုံးကိုပင် ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။

ဝေကိုငဲ့တက်ရာ၌-ဤဝီရိယိန္ဒြိယ နိဒ္ဒေသ၌ ကမ္မ, အာပတ္တိ, ကိရိယာ, ဟိံသာ, ဝိကောပနတို့ကိုလည်း လိုအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

ရှေးဝါကျကိုထောက်လျှင် က–ဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်၏။ နောက် ခ-ဝါကျကိုထောက်လျှင် သင်္ခေပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ ဂ– ဝါကျကိုထောက်လျှင် အတိဗျာပိတ၊ တစ်နည်း-အဗျာပိတဒေါသများ သင့်၏။

(ခ) ဝါကျဖြင့် ဝိရောဓိ, တစ်နည်း-ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျဖြင့် ပနကို ထောက်လျှင်- အဗျာပိတ, ဝေကို ထောက်လျှင်- အတိ ဗျာပိတ ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိရောဓိ, တစ်နည်း-နိရတ္ထကဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ဒဠှိယ-ဒဠှိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။

တေနာဟသဒ္ဒါ ထားရပုံ။ ။(ဃ) ဝါကျ၊ ဒဠှီကရဏ, အာဂမ, သာဓက, ဉာပကတို့ကို, တစ်နည်း-လဒ္ဓဂုဏ်ကို, တစ်နည်း-နိဂုံးကိုပြလိုသောကြောင့် တေနာဟ ထား၏။

အထူး—ပေါရာဏ အဋ္ဌကထာ စရိယကို ရည်ရွယ်၍ တေနာဟ ထားသည်၊ အရှင်မဟာ ဗုဒ္ဓဃောသ တည်းဟူသော မိမိကို ရည်ရွယ်၍ တေနဝုတ္တံထားသည်။

အဓိပ္ပေတံ ထားရပုံ။ (ဂ) ဝါကျ၊ ကမ္မ, အာပတ္တိ, ကိရိယာ, ဝီရိယာ ဟိံသာ, ဝိကောပန–ဟူသော အနက်သာမညမှ အတ္တယုတ္တိ ရှိသည်အားလျော်စွာ ဝီရိယ ဟူသော အနက် ဝိသေသကို ယူစေလိုသောကြောင့် လည်းကောင်း၊ ကမ္မစသည်ကို မယူရ၊ ဝီရိယကိုသာ ယူရမည်ဟု စောဒကနှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ရဌာနဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတံ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ကရီယတီတိ ကမ္မံ။ [ကရဓာတ်+ရမ္မပစ္စည်း၊ ပြုခြင်းကြိယာခွဲ။] ဟိံသိယတေ ဟိံသာ၊ (တာယ) [ဟိံသ (ဟိံသိ) ဓာတ်+သပစ္စည်း ညှဉ်းဆဲခြင်း ကြိယာခွဲ။] ဝိကောပိယတေ ဝိကောပနံ။ (တသ္မိံ) [ဝိပုဗ္ဗ+ကုပဓာတ်+ယုပစ္စည်း၊ ဖျက်ဆီးခြင်းကြိယာခွဲ။]

http://www.dhammadownload.com



(ခ) ဝါကျ။ အာရမ္ဘ ပစ္စယာဒ္ဓ- အာရဗ္ဘော ဝိဂ္ဂဟကာၤ-အာရမ္ဘိယတေ (အာရဗ္ဘတေ) (အာရဘီယတေ) တိ အာရဗ္ဘော၊ [အသပုဗ္ဗ+ရဘဓာတ်+အပစ္စည်း၊ အားထုတ်ခြင်းကြိယာ။]

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ အာပတ္တိယံ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

(ခ) ဝါကျ။ ယံကိဉ္စိဒ္ဓ ယံကာၤ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အ ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ ကိံ ကာၤ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) နိဂ္ဂဟိတန္တ၊ သဗ္ဗနာမပဒ။ စိ ကာၤ-အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။

[ယံ ကိဉ္စိဒ္ဓ ဤဟဲ့သို့ သုံးပုဒ်ခွဲခြင်းမှာ ပုဒ်စစ်ကျမ်း၌ အနေယျ ပဒပုဒ်—ဟု ဆိုသောကြောင်း တည်း။]

တစ်နည်း ယံကိဉ္စိ-အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတ (သမုဒါယ) ပဒ၊ သမ္ဘောတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတပဒ။ [သံ+ဘူ+အ+တိ] နတ္ထိဒ္ဓ နကို-အလိင်၊ နိပါတ်ပုဒ်ခွဲ။ အတ္ထိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတပဒ။ [အသ+အ+တိ]။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျဖြင့် အာရမ္ဘသဒ္ဒါသည် ကမ္မ-စသော များစွာသော အနက်တို့ကို ဟောသည်ဟု သိစေ၏။ (နာမလိင်္ဂတ္ထ၊ သာမညာဘိဓေယျတ္ထ)

(ဂ) ဝါကျဖြင့် အာရမ္ဘသဒ္ဒါ ထိုသို့ အနက်များသော်လည်း ဤ၌ ဝီရိယကိုသာ လိုအပ်၏ ဟူသော အဓိပ္ပာယ်။ (ဘာဝတ္ထ) အာရမ္ဘသဒ္ဒါသည် ဤ၌ ဝီရိယ အနက်ကိုသာ ဟောသည် (နာမလိင်္ဂတ္ထ၊ ဝိသေသာ ဘိဓေယျတ္ထ) သိစေ၏။

(င) ဝါကျ။ ဣဒမသာ သဘာဝပဒ်ဖြင့် ဤဝီရိယာ ရဗ္ဘော-ဟူသော ပုဒ်သည် ဝီရိယ၏သဘောအားဖြင့် ရသောပုဒ်-ဟု သိစေ၏၊ (သဘာဝတ္ထ၊ ဘာဝတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဟိ-ဒဠ္ဌီကရဏတ္ထ။

(ခ) ဝါကျ။ တွေဟိဒ္ဓ ဟိ-ဝိတ္ထာရတ္ထ။

(ဂ) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ တစ်နည်း-ဝိသေသတ္ထ။ ဝီရိယမေဝ၌ ဧဝ-အဝဓာရဏတ္ထ။

http://www.dhammadownload.com



၁။ ဝီရိယ-ဟူသော အနက်သည် ဂ....။
၂။ ကမ္မ, အာပတ္တိ, ကိရိယာ, ဟိံသာ, ဝိကောပန အနက်တို့သည် နိ....။
၃။ အာရမ္ဘသဒ္ဒါသည် နူ....။

(င) ဝါကျ။ ဟိ-ဒဠှကရဏတ္ထ။ အာရမ္ဘနကဥ္စ အာသဒ္ဒါ-
အာဒိကမ္မတ္ထ။ (အာဒျတ္ထ။ အာရမ္ဘောတိ၌ ဣတိသဒ္ဒါ-
အာကာရတ္ထ။ ပဒတ္ထဝိပလ္လာသတ္ထ။

## သိဒ္ဓိရနိုင်ပုံ

(စ) ဝါကျ။ အာရမ္ဘသဒ္ဒါ၏ ကံအနက်ဟောဝ၏ အဖြစ်ကို ဤယုံကိဋ္ဌ စသော အာဂမ, သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

## ကြိယာ ၅-တန်ထုတ်ပုံ

(ဂ) ဝါကျ။ (အဓိပ္ပေတံ၌ ထုတ်ပုံကို ဘူမိလဒ္ဓုပ္ပန္န အဖွင့်၌ရှု)
(ဃ) ဝါကျ။ အာဟအရ၊ ဝါ-အာဟဥ္စ ဖြုဓာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ ဝီရိယာရမ္ဘောတိ ဝီရိယသဒ္ဒါတော အာရမ္ဘောဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ သဒ္ဒမ္မယံ၀နစသည်တည်....။
၅။ သောတုဇနတို့ ကြားနာ- သင်ယူ- မှတ်သားရခြင်း, ကျင့်ရခြင်း, ပီတိပါမောဇ္ဇဖြစ်ခြင်းမှအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ဝီရိယနှင့် အဓိပ္ပေတံ၌ တပစ္စည်းတို့အရ ဝီရိယ စေတသိက်သည် ထိုအဓိပ္ပေတံ၌ အဓိ + အပိပုဗ္ဗ + ဣဓာတ်အရ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု၏။ ပြိုင်-အာ-ဓိ-ဥပ (၃)။

(င) ဝါကျ။ ဝီရိယနှင့် ဝုစ္စတိ၌ ဘေဝိဘတ်တို့အရ ဝီရိယစေတသိက်သည် ထိုဝုစ္စတိ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ပြဓာန်းသော မဟာကိရိယာ ဉာဏ-သမ္ပယုတ် စိတ္တုပ္ပါဒ်အား၊ တစ်နည်း- သတိ, ဝီရိယ ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ်ပြု၏။ ပြိုင်–အာ-ဓိ-ဥပ (၃)။

(အာရမ္ဘောတိ ဝုစ္စတိ၌ ပြိုင်ပုံကို ပီတိနှံ့ဒေ့သ (ဂ–ဃ) ဝါကျတို့၌ ပြိုင်ခဲ့သည်ကို နည်းမှီပြိုင်။)

---

http://www.dhammadownload.com

# ၇၆-နိက္ခမေ၀စသည် အဖွင့်

(က) ကောသဇ္ဇတော နိက္ခမနဝသေန နိက္ခမော၊ ပရ ....ပ.... ပရက္ကမော၊

(ခ) ဥဂ္ဃဋ္ဌာ ယမနဝသေန ဥယျာမော၊ ဗျာယမနဝသေန ဝါ-ယာမော။

(ဂ) ဥဿာဟနဝသေန ဥဿာဟော။ အဓိမတ္တုဿာဟနဝသေန ဥဿောဠှီ။

(ဃ) ထိရ ဘာဝဋ္ဌေန ထာမော ....ပ....မာရေတီတိ ဓိတိ။

(င) အပရော နယော ....ပ.... ပနုဒနာယ။ [ဋ္ဌ-၁၉၀]

အနက်ထူး ဂ-ဝါကျ။ ဥဿာဟနဝသေန-ဆင်းရဲရသည်ကို သည်းခံသည်၏ အစွမ်းဖြင့်၊ ဝါ-မိမိအပေါ်သို့ တင်သော၀န်ကို သည်းခံသည်၏ အစွမ်းဖြင့်၊ (သဒ္ဒတ္ထ) တစ်နည်း-ဥဿာယနဝသေန-အားထုတ်သည်၏ အစွမ်းဖြင့် (ဝေါဟာရတ္ထ၊ အဓိပ္ပာယတ္ထ)

သံဝဏ္ဏေတဗ္ဗအနက်- ဥဿာဟော- ဆင်းရဲရသည်ကို သည်းခံခြင်း, သည်းခံတတ်, သည်းခံကြောင်းတရားသည် (သဒ္ဒတ္ထ) ဝါ-အားထုတ်ခြင်း,အားထုတ်တတ်, အားထုတ်ကြောင်းတရားသည်၊ (ဝေါဟာရတ္ထ၊ အဓိပ္ပာယတ္ထ)

ဥဿောဠှီ-ပြင်းထန်သော ခဲယဉ်းသောအမှုကို သည်းခံကြောင်းတရားသည်၊ (သဒ္ဒတ္ထ) (ဝါ-လွန်စွာ (အတိုင်းထက်အလွန်) အားထုတ်ခြင်းသည် (ဝေါဟာရတ္ထ၊ အဓိပ္ပာယတ္ထ)

ဝါသဒ္ဒါလဲပုံ ဃ-ဝါကျ။ သမ္ပယုတ်ဖြစ်သောစိတ်, စေတသိက်တို့ကို ဆောင်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှာတစ်ပါး, အဆက်မပြတ်ဖြစ်သည်အစွမ်းဖြင့် ကုသိုလ်အစဉ်ကို ဆောင်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

အပရော နယော ထားရပုံ။ င-ဝါကျ။ ပျင်းရိခြင်းမှ ထွက်မြောက်သည်အဖြစ် အစရှိသော သကတ်အနက်အကြောင်းမှတစ်ပါး, ကာမတို့ကို ပယ်ဖျောက်သည်အဖြစ် အစရှိသော၊ ဝါ-ကာမမှ ထွက်မြောက်တတ်သည်အဖြစ် အစရှိသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် အပရော နယော ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ ဥဒ္ဒုက္ခလာဘံ, ဥဒ္ဓံဝါ သဟတိ ခမတီတိ ဥဿာဟော။ [ဥပုဗ္ဗ+သဟဓာတ်+ဏပစ္စည်း ဆင်းရဲရသည်ကို (မိမိအပေါ်သို့ တင်သော ဝန်ကို) သည်းခံခြင်း (အားထုတ်ခြင်း) ကြံယာခဲ့။]

http://www.dhammadownload.com



ဥ·ပဗ္ဗာဠ္ဟ ဒုက္ကရကမ္မံ သဟတိ ယာယာတိ ဥဗ္ဗာဠ္ဟိ။ [အဘိဓာန်-ဋီ] [ဥပုဗ္ဗ+သဟဓာတ်+ဏပစ္စည်း၊ ပြင်းထန်သော ခဲယဉ်းသောအမှုကို သည်းခံခြင်း (အတိုင်းထက်အလွန်) အားထုတ်ခြင်း ကြိယာခွဲ။]

ဓုရံ ္နေ နိက္ခိပတိ၊ (ဍ္ဍ-၁၉၀) ဓုဗ္ဗတီတိ ဓုရံ။ (နီ-သစ်-ဒု-၃၇၈) (ဓုဗ္ဗိဓာတ်+အပစ္စည်း။ ညှဥ်းဆဲခြင်းကြိယာခွဲ)

## လိင်စသည်·စိစစ်ပုံ

(ဂ) ဝါကျ။ ဥဗ္ဗာဠ္ဟိ-ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ၊ နာမ်ပုဒ်၊ ဝါ·ကိတ်နာမ်ပုဒ်။ (ဥဗ္ဗာဠ္ဟိကို အဘိဓာန်ဋီကာ၌ ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း ဆိုၚ်။ ဏီပါဠိတော် နိဿယ၌ကား ယော ဥဗ္ဗာဠ္ဟိဟု ပုလ္လိင်အဖြစ်ဆိုၚ်၊ ထိုအလို ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း ခွဲရလိမ့်မည်။)

ဓာရေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ်ပုဒ်၊ (ဓရ+ဏေ+တိ၊)

## အာချောဘ်, သံဝဏ္ဏနာ

(က) ဝါကျ။ ကောသဇ္ဇတောဖြင့် နိက္ခမနၵ် အပါဒါန်ကို သိစေၵ်။ (ဘာဝတ္ထ)၊ နိက္ခမနဝသေနဖြင့် နိက္ခမော၌ နိပုဗ္ဗ+ကမုဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း—ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒု·ပစ္စယတ္ထ) နိက္ခမတီတိ (နိက္ခမတီတိ) နိက္ခမော၊ နိက္ခမန္တိ (နိက္ခ မန္တိ) ဧတေနာတိ နိက္ခမော၊ နိက္ခမနံ (နိက္ခမနံ) နိက္ခမော-ဟု ဝိဂ္ဂဟပြု—(အဘိဓာနတ္ထ) သိစေၵ်။ ပရံပရံဖြင့် ပရက္က—မော၌ ပရာသဒ္ဒါ ပရာဖယ စသောအနက်ကို မဟော၊ ပရံပရံ အနက်ဟောဟု သိစေၵ်။ (ဥပသဂ္ဂလိင်္ဂတ္ထ) ဌာနံဖြင့် ပရံပရသဒ္ဒါ ဌာနကို စွဲသည်အဖြစ်၊ (နာမ-လိင်္ဂတ္ထ) တစ်နည်း-ပရာသဒ္ဒါ ဌာနအနက်ဟောသည်အဖြစ် (ဥပသဂ္ဂလိင်္ဂတ္ထ) တစ်နည်း-ပရာအရ ပရံပရံအရ ဌာနကို ယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) သိစေၵ်။ အက္ကမနဝသေနဖြင့် ပရက္ကမော၌ ပရာပုဗ္ဗ+ကမုဓာတ်၊ (ဒု-ဓာတုပဒ) ထိုကမုဓာတ် အက္ကမန အနက်ဟော (ဒု-ဓာတွတ္ထ) ဏပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သိစေၵ်။ အပေါင်းဖြင့် ပရံ+ကမော ပရက္ကမော-ဟု ဒု-တပ္ပုရိသ် သမာသ်ပြု+ (သမာသလိင်္ဂတ္ထ။) တစ်နည်း— ပရံ ပရံ ဌာနံ အက္ကမနံ ပရက္ကမောဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေၵ်။

(ခ) ဝါကျ။ ဥဂ္ဂန္တာဖြင့် ဥယျာမော၌ ဥ·သဒ္ဒါ ဝိယောဂစသောအနက်ကို မဟော၊ ဥဒ္ဓဂ်မ (ဥဂ္ဂမန,ဥပဂတ) အနက်ဟော-ဟု သိစေၵ်။ (ဥပသဂ္ဂလိင်္ဂတ္ထ) ယမန ပသေနဖြင့် ဥယျာမော၌ ဥပုဗ္ဗ+ယမုဓာတ် (ဒု·ဓာတုပဒ) ဏ ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သိစေၵ်။ အပေါင်းဖြင့် ဥဂ္ဂန္တာ+ယာမော ဥယျာမောဟု ဟုလျာဓိကရဏ (ပါဒိပုဗ္ဗကမ္မဓာရည်း) သမာသ်ပြု။

http://www.dhammadownload.com



(သမာသလိင်္ဂတ္ထ) တစ်နည်း–ဥဂ္ဂဏ္ဍ္ဍာ+ယမန် ဥယျာမော၊ ဥဒ္ဒိ+ယမန် ဥယျာ–မောဟု ဘာဝသာဓ် ဝိဂ္ဂဟ-ပြု (အဘိဓာနတ္ထ) သိစေ၏။ ဗျာယမန ဝသေနဖြင့် ဝါယာမေ၌ ဝိ+အာပုဗ္ဗ+ယမုဓာတ်၊ (ဒုံ-ဓာတုပဒ) ဏ-ပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဗျာယမန် ဝါယာမော ဟု ဘာဝသာဓ် စသည် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဥဿာဟဝသေနဖြင့် ဥဿာဟော၌ ဥပုဗ္ဗ + သဟဓာတ် (ဒုံ-ဓာတုပဒ)ဏ-ပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဥဿာဟနံ ဥဿာဟော-ဟု ဘာဝသာဓ် စသည် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ အဓိမတ္တုဿာဟဝသေနဖြင့် ဥဿောဠှီ၌ ဥပုဗ္ဗ+သဟဓာတ်၊ (ဒုံ-ဓာတုပဒ) ဥသဒ္ဒါ-အဓိမတ္တ (ပဗာဠှ) အနက်ဟော၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဏ ပစ္စည်း-ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဥ-ပဗာဠှံ ဒုက္ကရကမ္မံ သဟတိ ယာယာတိ ဥဿောဠှီ-ဟု ကရဏသာဓ် စသည် ဝိဂ္ဂဟပြု။ (အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ထိရဘာဝဋ္ဌေနဖြင့် ဝီရိယ-ဟူသည် မြဲမြံသည်အဖြစ် ဟူသော သဘောရှိသည်၏အဖြစ်၊ (သဘာဝတ္ထ) တစ်နည်း-ထာ မော၌ထာ၊ (ဌာ) ဓာတ်၊ (ဒုံ-ဓာတုပဒ) ထာ (ဌာ) ဓာတ် ထိရအနက်ဟော၊ (ဒုံ-ဓာတွတ္ထ) မပစ္စည်း ဘာဝသာဓ်အနက်ဟော, တစ်နည်း–ကတ္တုသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဌိယတေ ထာမော၊ တစ်နည်း-ထာတိ တိဋ္ဌတီတိ ထာမော ဝိဂ္ဂဟပြု။ (အဘိဓာ–နတ္ထ) သိစေ၏။ စိတ္တစေတတိကာနံဖြင့် ဓာရဏ၏ ဆဋ္ဌီကံအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ဓာရဏ ဝသေနဖြင့် ဓိတိ၌ ဓာဓာတ်၊ (ဒုံ-ဓာတုပဒ) ဓာဓာတ် ဓာရဏအနက်ဟော၊ (ဒုံ-ဓာတွတ္ထ) တိပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒုံ-ပစ္စယတ္ထ) သိစေ၏။ အဝိစ္ဆေဒတော....ပ....သန္တာနံဖြင့် ဆောင်ခြင်း ဟူသည် အဆက်မပြတ် ဖြစ်သည်အစွမ်းဖြင့် ကုသိုလ်အစဉ်ကို ဆောင်ခြင်း တည်း ဟု သိစေ၏။ (ဘာဝတ္ထ) ဓာရေတီတိဖြင့် ဓိတိ၌ ဓာဓာတ် (ဒုံ-ဓာတုပဒ) ဓာဓာတ် ဓာရဏအနက်ဟော (ဒုံ-ဓာတွတ္ထ) တိ ပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒုံ-ပစ္စယတ္ထ) ဓာရေတီတိ ဓိတိ–ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(င) ဝါကျ။ နိက္ကမော....ပ....ပနုဒနာယဖြင့် ဤတရားသည် ကာမတို့ကို ပယ်ဖျောက်သောအားဖြင့်၊ ဝါ–ပယ်ဖျောက်ခြင်းကြောင့်၊ ဝါ–ပယ်ဖျောက်ခြင်းငှာ နိက္ကမမည်၏-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) ကာမတော နိက္ခမတီတိ နိက္ကမော-ဟု ဝစနတ္ထပြုရမည်အဖြစ်၊ (ဒုံ-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

## ဥပသာရပုဒ် နိပါတ်ပုဒ်အနက်များ

ဥယျာမော၌ ဥ သဒ္ဒါ ဥဒ္ဓဂ်မတ္ထ, ဥဂ္ဂမနတ္ထ, ဥပဂတတ္ထ, ဥဒ္ဒိအနက်ဟော၊ ဗျာယမန, ဝါယာမောတို့၌ ဝိသဒ္ဒါ – ဝိသေသတ္ထ၊ အာသဒ္ဒါ – ဘုသတ္ထ။ ဥဿာဟန, ဥဿာဟောတို့၌ ဥသဒ္ဒါ–ဒုက္ခလာဘတ္ထ။ တစ်နည်း-ဥဒ္ဒိအနက်ဟော၊

http://www.dhammadownload.com



တစ်နည်း-ဥဒ္ဒဂ်မတ္တ (အဘိဓာန်ဋီကာ နိဿယ) ဥဿောင့်၌ ဥသဒ္ဒါ-အဓိမတ္တတ္ထ၊ ပဗာဠှတ္ထ၊ ပဗလတ္ထ [အဘိဓာန်၌ ဥသဒ္ဒါ-ပဗလတ္ထအနက်၊ အဘိဓာန်ဋီကာနှင့် ၎င်းနိဿယကို၌ ဥသဒ္ဒါ-ပဗလတ္ထဟု ဆို၍ ဤ၌ ရှေးနိဿယ၌ ပဗာဠှတ္ထဟု ဆို၏။] စေသော၌ စ သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

အဓိပ္ပာယ်အထူး, သန္ဓာယဘာသိတ။ ။ဃ-ဝါကျ။ ဓိတိအဖွင့်၌ ရှေ့ဝိကပ်ကား သဟဇာတ်ကို ရည်ရွယ်သည်။ နောက်ဝိကပ်ကား-ခဏကွဲကို ရည်ရွယ်သည်။ [ဂဏ္ဌိ-၃၃၇]

ဌိတိနှင့် ဓိတိအထူး။ ။သမာဓိဟောကား ဌိဘိတည်း၊ ဝီရိယဟောကား ဓိတိတည်း။ [နိဿယ]

ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ ဓာရဏာဝသေန ဓိတိအရ ဝီရိယသည် စိတ္တစေတသိကာနံအရ သမ္ပယုတ်သဟဇာတ် စိတ်-စေတသိက်တို့အား သဟ....ပြု၏၊ ပြိုင်-ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။ ဓာရေတီတိ ဓိတိအရ ဝီရိယသည် ကုသလ သန္တာနံအရ ခဏဲတူ ကုသိုလ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဓိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။ တစ်နည်း=ဓာရေတီတိ ဓိတိအရ အဆုံးဇော ဝီရိယ ကြဉ်သော ရှေးရှေးသော ဝီရိယဇောသည် ကုသလသန္တာနံအရ ပထမဇော ကြဉ်သော နောက်နောက်သော (ခဏာဘ္ဂဲ) ကုသိုလ်ဇော စိတ္တုပ္ပါဒ်အား အနန္တရ....ပြု၏၊ ပြိုင်-အနန္တရ-သမနန္တရ-ဥပနိဿယ-အာသေဝန-နတ္ထိ-ဝိဂတ (၆)။

☆ ☆ ☆

http://www.dhammadownload.com

# ၇၇–သတိန္ဒြိယ နိဒ္ဒေသ အဖွင့်

(က) သတိန္ဒြိယ နိဒ္ဒေသ သရဏက ဝသေန သတိ....ပ....အနုဿတိ။

(ခ) အဘိမုခံ ဂန္တွာဝိယ သရဏတော ပဋိသရဏ ဝသေန ပဋိဿတိ။

(ဂ) ဥပသဂ္ဂဝသေနဝါ ဝုတ္တာ မတ္တမေတံ။

(ဃ) သရဏာကာရော သရဏတာ။

(င) ယသ္မာ ပန....ပ....သတိဂ္ဂဟဏံ ကတံ။

(စ) သတိ သင်္ခါတာ သရဏတာတိ အယမေတ္ထ အတ္ထော။ [ဋ္ဌ–၁၉၁]

**အနက်ထူး။** င–ဝါကျ။ တိဏ္ဏံ-ဘုရား စသောအားဖြင့် သုံးပါးကုန်သော၊ သရဏာနမ္ပိ-သရဏတို့၏သည်း။ တံ-ထိုဗုဒ္ဓါဒိ ဃန္တ သရဏကို၊ ဝါ-ထိုဘုရား စသော ကိုးကွယ်ရာဟူသော အနက်ကို။ ဘဂဝတာ-သည်။ ကတံ-၏။

[မှတ်ချက်။ ။ရှေးနိဿယစာအုပ်၌ တံ ထို ဝါဒိဃန္တ သရဏကို–ဟု တွေ့ရ၏။ ပုံနှိပ်တိုက် မှားဟန်ရှိသည်၊ ဂဏ္ဌိ၌ ဗုဒ္ဓါဒိဃန္တ–ဟု ရှိ၏၊ ထိုစကားသာ အမှန်ဖြစ်ရမည်။ ဗုဒ္ဓါဒိဃန္တ–ဗု+အာဒိ+ဃ+အန္တ။ ဗု=ဗုဒ္ဓဘုရား၊ အာဒိ–အစရှိသော၊ ဃ–သံဃ–သံဃာ၊ အန္တ–အဆုံးရှိ။ ဗုဒ္ဓါဒိဃန္တ သရဏ–ဘုရားအစ၊ သံဃာအဆုံးရှိသော ရတနာသုံးပါး–ဟူသော ကိုးကွယ်ရာ-ဟူလို။]

(စ) ဝါကျ။ သတိ သရဏတာ၏ ပဒဿ–၏၊ (အဓတ္ထာ သမ္ဗန်)။

## ဋ္ဌပနာပဉ္စက ကျမ်းတက်

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် ပဋိဿတိ၌ ပဋိ (ပတိ) သဒ္ဒါ ဓာတွတ္ထဝိသေသက, အဘိမုခ အနက်ဟော၏ အဖြစ်ကို ပြဆိုတော်မူ၏။+ သော်, ပဋိ (ပတိ) သဒ္ဒါ ဓာတွတ္ထဝိသေသက, အဘိမုခ အနက်ဟောသသာလျှင် ဖြစ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ.... ပဋိ (ပတိ) သဒ္ဒါ၏အနက် သီးခြားမရှိသော ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။.... စသည်။

(င) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ သတိသဒ္ဒါကို ထပ်မံ၍ ဟောတော်မူ၏။ ထိုသို့ပင် ဟောသော်သည်း ထိုသဒ္ဒါကို ရှေး၌ ဟောပြီးသည် မဟုတ်ပါလော။ ထို့ကြောင့် သတိသဒ္ဒါကို ထပ်မံ၍ မဟောသင့် တစ်ပါးသော သဒ္ဒါတို့ကိုသာ ဟောသင့်၏။ အဘယ်အကျိုးငှာ သတိသဒ္ဒါကို ထပ်မံ၍ ဟောပါ သနည်း၊ စသည်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား–သရဏတာ ဟူသော အမည်သည် ဘုရားစသော သုံးပါးသော သရဏတို့၏လည်း အမည်ဖြစ်သောကြောင့် ထိုဗ္ဗာဒိဿန္တ သရဏကို တားမြစ်ခြင်းငှာ သတိသဒ္ဒါကို ထပ်မံ၍ ဘုရားရှင် ဟောတော်မူအပ်သည်....ဟူလို။

(စ) ဝါကျ၊ ထိုရွှေစကားကို ပြီးစေ မြဲစေတတ်သော အသင့်ယုတ္တိ သဘာဝ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင်သေးသည် မဟုတ်ပါလော။.... စသည်။ (ဒဋ္ဌိကျမ်းတက်)

## ဒေါသပယ်ပုံ

(င) ဝါကျ။ ရွှေစကားရပ်ကို ထောက်လျှင် အဗျာပိတ, ဝိရောဓိ ဒေါသတို့ကို ပယ်၏၊ ပါဠိတော်ကို ထောက်လျှင် ပုနရုတ္တိ, နိရတ္ထက ဒေါသတို့ကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ဂ-ဝါကျ။ ပဋိသာတိ၌ ပဋိ(ပတိ)သဒ္ဒါ၏ ခေတ္တတ္ထ ဝိသေသက, အဘိမုခအနက် အကြောင်းမှတစ်ပါး, အနက်သိခြားမရှိ ခေတ္တတ္ထာနုဝတ္တကအဖြစ်-ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထား၏။

တသ္မာထားရပုံ။ သရဏတာ—ဟူသော အမည်၏ ဘုရားစသော သုံးပါးသော သရဏတို့၏ အမည်ဖြစ်သည်၏ အဖြစ်-ဟူသော အကြောင်း ကာရဏကို ပြလိုသောကြောင့် င-ဝါကျ၌ တသ္မာထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ သရတီတိ သတိ။ အဘိမုခံ+သတိ ပဋိသာတိ။

၂။ အဘိမုခဘောဂက၏ သတိနှင့် ဂုဏ်+ဂုဏေး....စပ်....။
၄။ ရှေးရှုအောက်မေ့ခြင်း ကြိယာသည်....။

(ဿ) ဝါကျ။ သရီယတေ သရဏံ။ သရဏံယေဝ သရဏတာ။

၂။ သရဏပုဒ် + တာပစ္စည်း၊ ရှေးရှုအောက်မေ့ခြင်း၏ ရှေးရှုအောက်မေ့တတ်သောတရားနှင့် ဂုဏ်+ဂုဏေး....စပ်....။
၄။ ရှေးရှုအောက်မေ့ခြင်းကြိယာသည်....။

## လိင် စသည် ဝေဖန်ပုံ

သတိ, အနုဿတိ, ပဋိသာတိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

တိဏ္ဏံ-နပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဣကာရန္တ၊ သဗ္ဗနာမ်ပုဒ်၊ အပေ ဌေတ္တဥ္၊ အယံ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ခွဲ၊ ဟိ+တွေတို့ကို အလိင်နိပါတ်ပုဒ်ခွဲ။

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သရဏကဝသေနဖြင့် သတိ၌ သရဓာတ် (ဒု-ဓာတုပဒ) တိ ပစ္စည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) သရတီတိ သတိ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ ဣဒံ....ပ....ပဒံဖြင့် ဤ သတိဟူသော ပုဒ်သည် သတိ၏ သဘောအားဖြင့် ရသောပုဒ်-ဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ) ပုန....ပ....ဝသေနဖြင့် အနုဿတိ၌ အနုပုဗ္ဗ+သရဓာတ်၊ (ဒု-ဓာတုပဒ) အနုသဒ္ဒါ-ဝိစ္ဆာအနက်, ပုနပ္ပုန်အနက်ဟော၊ (ဥပသဂ္ဂလိင်္ဂတ္ထ) တိပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပုနပ္ပုနံ+သတိ အနုဿတိဟု ပါဒိပုဗ္ဗ-ပဒ ကမ္မဓာရည်း သမာသ်ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ အဘိမုခံ—ပ....ဝသေနဖြင့် ပဋိဿတိ၌ ပဋိ(ပတိ)သဒ္ဒါ အဘိမုခ အနက်ဟော (ဥပသဂ္ဂလိင်္ဂတ္ထ) သွားသကဲ့သို့ အောက်မေ့တတ်၏-ဟူသော ဥပ-ရိက္ခာ အဖြစ် (ဘာဝတ္ထ) ပဋိ (ပတိ) ပုဗ္ဗ+သရဓာတ် (ဒု-ဓာတုပဒ) တိ ပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) အဘိမုခံ + သတိ ပဋိဿတိ-ဟု ဒု-တပ္ပုရိသ်၊ တစ်နည်း - ပါဒိပုဗ္ဗပဒကမ္မဓာရည်းပြု၊ (သမာသ လိင်္ဂတ္ထ) သိစေ၏။

(ဂ) ဝါကျဖြင့် ပဋိ (ပတိ) သဒ္ဒါ အနက်သီးခြားမရှိ၊ ဓာတွတ္ထာနုဝတ္တက အဖြစ်ကို သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ)

(ဃ) ဝါကျ။ သရဏကာရဏဖြင့် သရဏတာ၌ သရဏဝယ် သရဓာတ် (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) သရီယတေ သရဏံဟု ဘာဝသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သရဏတာ၌ သရဏံယေဝ သရဏတာဟု သောတ္ထတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

## ဥပဋ္ဌာရပုဒ်, နိပါတ်ပုဒ် အနက်များ

(ခ) ဝါကျ။ ဝိယသဒ္ဒါ – ဥပရိက္ခာဇောတက။ ဂ-ဝါကျ။ ဥပသဂ္ဂ၌ ဥပ-သဒ္ဒါ သညာအနက်ဟော။ (ရှု) တစ်နည်း ဥပေစ္စ (ဥပဂမန) အနက်ဟော။

(မှတ်ချက်။ ။မတ္တသဒ္ဒါ - နိဝတ္တာပနာဝဓာရဏတ္ထ။ ထိုမတ္တသဒ္ဒါဖြင့် ပတိအနက် သီးခြားမရှိ-ဟု ကန့်သည်။)

(င) ဝါကျ။ ယသ္မာ ပန၌ ပန= ဝါကျာရမ္ဘတ္ထ။ ဥပန္ယာသတ္ထ။ သရဏာနမို့၌ ပိသဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ပဋိသောဓေတုံ၌ ပဋိ (ပတိ)သဒ္ဒါ နိဓေဝတ္ထ(ရှု)

(စ) ဝါကျ။ အယမ္ပေတ္ထ၌ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ။

http://www.dhammadownload.com



## ကြိယာ ၅-တန်ထုတ်ပုံ အမှာ

ကတံ့၌ ကရဓာတ်အရ ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ၊ ဝစီဘေဒသဒ္ဒထုတ်သည့် အခါ သတိဟူသော ဝစီဘေဒသဒ္ဒကို ထုတ်ပါ၏။ ကတံ့၌ တပစ္စည်းအရကိုလည်း သတိဟူသော ဝစီဘေဒသဒ္ဒယူ၍ ထုတ်မြဲ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(င) ဝါကျ။ ကတံ့၌ ကရဓာတ်အရ ဒေသနာဉာဏ်သည် သတိဂ္ဂဟဏ်နှင့် ထိုကတံ့၌ တပစ္စည်းတို့အရ သတိဟူသော ဝစီဘေဒသဒ္ဒအား သဟ....ပြု၏။ ပြိုင်-ဟေ-မိ-သဟ-နိ-တ္ထံ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

http://www.dhammadownload.com

# ၆၇–ဓာရဏတာ စသည် အဖွင့်

(က) သုတ ပရိယတ္တဿ ဓာရဏဘာဝေါ ဓာရဏတာ။

(ခ) အနုပဝိသန သင်္ခါတေန ဩဂါဟနဋ္ဌေန အပိလာပနဘာဝေါ အပိလာပနတာ။

(ဂ) ယထာ ဟိ လာဗု ကဋ္ဌာဟာဒီနိ....ပ....အာရမ္မဏေ သတိ။

(ဃ) အာရမ္မဏဋ္ဌေသာ အနုပဝိသတိ။

(င) တသ္မာ အပိလာပနတာတိ ဝုတ္တာ။ [ဋ္ဌ–၁၉၁]

### ဋ္ဌပနာပဋ္ဌက ကျမ်းတက်

(၈) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် အာရုံကို မပေါ် မမျော မလွတ်စေတတ်သည်၏ အဖြစ်သည် အပိလာပနတာ မည်သောဟု ဆိုတော်မူ၏၊ သော်, ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ ဥဒါဟရုဏ်နှင့် ကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော၊ တစ်နည်း-ထိုစကားရပ်၏ အနက်အဓိပ္ပာယ်ကို အသဒိသူပမာ (ဝိသဒိသူပမာ) အားဖြင့် ထင်ရှားအောင် မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....ပ....ထိုစကားရပ်၏ အနက်အဓိပ္ပာယ်ကို ထင်ရှားစေသော ဥပမာ ဥဒါဟရုဏ်ကိုလည်း၊ ဝါ–အသဒိသူပမာ (ဝိသဒိသူပမာ)ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ (တပ္ပါကဋ္ဌိကရဏကျမ်းတက်)

(ဃ) ဝါကျ။ (ဒဋ္ဌီကျမ်းတက်) င– ဝါကျ။ (လဒ္ဓဂုဏ်ကျမ်းတက်)

### ဒေါသသင့်ပုံ, ပယ်ပုံ

(ဂ) ဝါကျဖြင့် မန္ဒစပ်,မပြည့်စုံသော အဗျာပိတ,အပရိပုဏ္ဏဒေါသ၊ တစ်နည်း-အပါကဋ္ဌ–တပ္ပါကဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိ ဒေါသ၊ တစ်နည်း-ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိရောဓိ ဩစိဟျဟီန ဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဓာရေတီတိ ဓာရဏံ၊ ဓာရဏဿ+ဘာဝေါ ဓာရဏတာ။

၂။ ဆောင်တတ်သောတရား၏ ဆောင်တတ်သည်၏ အဖြစ်နှင့်၊ ဝါ-ဆောင်ခြင်းနှင့် ဂုဏ်း+ဂုဏ်....စပ်....။

၄။ ဆောင်တတ်သည်၏အဖြစ်–ဟူသော ဂုဏ်သည်....။

http://www.dhammadownload.com



(ဂ) ဝါကျ။ လမ္ဘတီတိ လာဗုု၊ လမ္ဗယတီတိ ဝါလာဗုု။

[လမ္ဗ (လဗိ) ဓာတ်+ဥပစ္စည်း၊ ဆွဲခြင်းကြိယာခွဲ။]

(ဘူးအနက်ဟော လာဗုဝယ် အဘိဓာန်ဋီကာနှင့် သူစိတို့၌ လမ္ဗဓာတ် ဟု ဆို၍, ဓာတွတ္ထ သင်္ဂဟ၌ လဗိဓာတ်ဟု ဆို၏။

ဩသဓာဒိကံ ကဍ္ဍန္တိ မဒ္ဒန္တိ ဧတ္ထာတိ ကဋ္ဌာဟော။

လာဗုယာ+ကဋ္ဌာဟော=လာဗုကဋ္ဌာဟော။

(တစ်နည်း) လာဗုစ+သာ+ကဋ္ဌာဟောစာတိ လာဗုကဋ္ဌာဟော။

လာဗုကဋ္ဌာဟော+အာဒိ ယေသန္တိ လာဗုကဋ္ဌာဟာဒီနိ။

၂။ ဘူးတောင်း-ဟူသော အစ၏အခြားသော ပေါ်ပေါ်များသော ဝတ္ထုတို့နှင့် အာဒိ+အာဒိဝန္တ, အစိတ်+အပေါင်း....စပ်....။

၄။ ဘူးတောင်းဟူသော အစရှိခြင်းဂုဏ်သည်....။

ဥဒ္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။ (တသ္မိံ) [ဥဒိဓာတ်-ဏ္ဍုပစ္စည်း၊ အရည်၊ ပြုခြင်းကြိယာခွဲ။]

## လိုင်စသည် စိစစ်ပုံ

(ဂ) ဝါကျ။ လာဗုကဋ္ဌာဟာဒီနိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဋ္ဌကာရန္တ သမာသပဒ။ ထိုတွင်- လာဗု- ဣတ္ထိလိင်၊ (အဘိဓာန်) ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။ ပ္လဝန္တိ-ဒလိင်၊ ဘူဝါဒိဂိုဏ်း၊ အ(ဥ) ကာရန္တ၊ အာချာတ်ပုဒ်။ [ပ္လဝ (ပ္လု၊ ပ်လု) ဓာတ်+အ+အန္တိ။]

(ဃ) ဝါကျ။ အာရမ္မဏဌေသာ=အာရမ္မဏ+ဟိ+သော ဟု ခု= ချက်ခွဲ။]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သုတ္တပရိယတ္တသဖြင့် ဓာရဏ၏ ဆဋ္ဌီကံကို သိစေ၏။ (ဘာဝတ္ထ) ဓာရဏဘာဝတောဖြင့် ဓာရဏတာ၌ တာပစ္စည်း ဘာဝအနက်ဟော၊ (ပစ္စယတ္ထ) ဓာရဏဿ+ဘာဝေါ ဓာရဏတာ-ဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျ။ အနုပဝိသန သာဓ်ါတေနဖြင့် ဩဂါဟန၏ သရုပ်ကြား အရကောက်ကို သိစေ၏။ [ဒေ ိ-သာဓ်ါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာမုတ်လေ (မှတ်ပါသရုပ်တည်း)။] ဩဂါဟနတ္တေနဖြင့် အပိလာပန ဘာဝ၏အကြောင်းကို သိစေ၏။ (ဘာဝတ္ထ) အပိလာပနဘာဝေါဖြင့် အပိလာပနတာ၌ တာပစ္စည်း ဘာဝအနက်ဟော (ပစ္စယတ္ထ) အပိလာပနဿ+ဘာဝေါ အပိလာပနတာဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

http://www.dhammadownload.com



## နိပါတ်ပုဒ်အနက်

ယထာဟိဒ္ဓ ယထာသဒ္ဒါ-ပဋိဘာဂတ္ထ၊ ဥပမာဇောတက။ ဟိသဒ္ဒါ-တပ္ပါကဋီ-ကရဏတ္ထ။ တထာသဒ္ဒါ ပဋိဘာဂတ္ထ၊ ဥပမေယျ ဇောတက၊ အာရမ္မဏုဒ္ဒေသာ၌ ဟိ—ဒဠှီကရဏတ္ထ။

## ကြိယာ ၅-တန်ထုတ်ပုံ

ဝုတ္တာ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ယှဉ်၍ ထုတ်မြဲ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ သုတပရိယတ္တာအရ နာအပ် သင်ကြားအပ်ပြီးသော အတတ်ပညာ စာပေကျမ်းဂန်ဟူသော အာရုံသည် ဝေရဏာဘာဝတော့အရ သတိ-စေတသိက်အား အာရမ္မဏပြု၏။ ပြိုင်-ယထာရဟ-အာရမ္မဏ-အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယ (၃)။

❀ ❀ ❀

http://www.dhammadownload.com

# ၇၉–ပညိန္ဒြိယနိဒ္ဒေသ အဖွင့်

(က) ပညိန္ဒြိယ နိဒ္ဒေသေ တာဿ....ပ....ပညာပနဋ္ဌေန ပညာ။

(ခ) တေန တေန ဝါ-အနိစ္စာဒိနာ ပကာရေန ဓမ္မေ ဇာနာတီတိပိ ပညာ။

(ဂ) တဿ မဿာ သဘာဝပဒံ။

(ဃ) ပဇာနနာကာရော ပဇာနနာ။

(င) အနိစ္စာဒီနိ ဝိစိနာတီတိ ဝိစယော။

(စ) ပဝိစယောတိ ဥပသဂ္ဂေန ပဒံ ဝဍ္ဎိတံ။

(ဆ) စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော။ [၄၅–၁၉၁]

## ၄ုပနာပဠ္ဍက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် အာရုံ ထိုထိုကို ထင်ရှားအောင် ပြုခြင်း-ဟု ဆိုအပ်သော အနက်ကြောင့် ပညာမည်သော-ဟု ဆိုတော်မူ၏။....သော်, ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာ ပညာမည်၏-ဟု မှတ်အပ်သည် မဟုတ်ပါလော၊ တစ်နည်း–ပညာမည်ခြင်း၏ အကြောင်း တစ်ပါးကို မပြဆို, ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ....ပ.... ပညာမည်ခြင်း၏ အကြောင်း တစ်ပါးကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(ဂ) ဝါကျ။ [ဖဿ နိဒ္ဒေသ-အဖွင့် ခ—ဝါကျ နည်းမှီတက်]

(စ) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပဝိစယောပုဒ်ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း ဤပုဒ်သည် ရှေ့ ပဝိစယောပုဒ်နှင့် အနက်ထူးမရှိ၊ တူနေသည် မဟုတ်ပါလော။ ထို့ကြောင့် - ပဝိစယောပုဒ်ကို မဟောသင့်, တစ်ပါးသော အနက်ထူး ရှိသောပုဒ်တို့ကိုသာ ဟောသင့်၏။ အဘယ်ဖြင့်၊ ဝါ-အဘယ်၏ အစွမ်းဖြင့်၊ ဝါ-အဘယ့်ကြောင့် ပဝိစယောပုဒ်ကို ဟောပါသနည်း၊ ....စသည်။

[စောဒနာတက်လျှင်-ပုနရုတ္တိဒေါသတင်။]

(ဝိတက္က နိဒ္ဒေသ အဖွင့် ဃ-ဝါကျ ကျမ်းတက် အသွားနှင့် တူသည်။ င-ဝါကျကို ဌာပနာထားလျှင်-ဝိစယောပုဒ်၏ အဖွင့်မှတစ်ပါး ပဝိစယောပုဒ်၏ အဖွင့်-ဖြင့်သည်ကို ရှာတက်)။

http://www.dhammadownload.com



## ဒေါသပယ်

(စ) ဝါကျဖြင့် ပါဠိတော်ကို ထောက်လျှင် ပုနရုတ္တိ, ကေတ္တ ဒေါသတို့ကို ပယ်၏။ ရှေ့ ၄-ဝါကျကိုထောက်လျှင် အဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ၁-ဝါကျ။ အာရုံ ထိုထိုကို ထင်ရှားအောင်ပြုခြင်း၊ ဝါ-ပြုတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ အနိစ္စ-စသော အပြားဖြင့် တရားတို့ကို သိတတ်သည်၏အဖြစ်ဟူသော သကတ်အနက် အကြောင်း တစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထား၏။ တစ်နည်း-ပညာ၌ ပသဒ္ဒါ၏ ဓာတွတ္ထ ဗာဓက, ဥပ (ည) ဓာတ်၏ ပါကဋ္ဌကရဏ အနက်, အကြောင်းမှတစ်ပါး, ပသဒ္ဒါ၏ ပကာရ အနက် ညာဓာတ်၏ အဝဗောဓနအနက် အကြောင်းကို လဲလို သောကြောင့် ဝါ-သဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ သံဝဏ္ဏနာအရ သံဝဏ္ဏေတဗ္ဗ ပညာ၏ ဝိဂ္ဂဟကား-ပညာပေတီတိ ပညာ။ [ပပုဗ္ဗ+ညာဓာတ် (တစ်နည်း) ဥ-ပဓာတ်+အ ပစ္စည်း၊ ထင်ရှားအောင် ပြုခြင်း, ထင်ရှားစေခြင်း ကြိယာခွဲ။]

(ခ) ဝါကျ။ သံဝဏ္ဏနာ အရ-ပကာရေန ဇာနာတီတိ ပညာ[ပပုဗ္ဗ+ညာ ဓာတ်+အ ပစ္စည်း၊ သိခြင်း ကြိယာခွဲ။] တစ်နည်း-အစိတ်+အပေါင်း [ဝိဂ္ဂဟကား-ဇာနာ-တီတိ ညာ။ (အစိတ်) ပကာရေန+ညာ ပညာ။ (အပေါင်း)

၂။ ပကာရ ဘောဂဏ်၏ သိဘတ်သောတရားနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ အပြားအားဖြင့် သိခြင်းကြိယာသည်၊ တစ်နည်း-ပညာတို့၏ တစ်ခုသည် ....ပ....ဇာတ်သည်။

## လိင်စသည် စိစစ်ပုံ

အနိစ္စာဒိနာ-ပုလ္လိင်။ ရတ္တာဒိဂိုဏ်း၊ အနိစ္စာဒီနိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဝိစိနာတိ-အလိင်၊ ကီယာဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတ်ပုဒ်။ [ဝိ+စိ+နာ+တိ]

## အာဘော်+သံဝဏ္ဏနာ

(က) ဝါကျ။ တသ တသ အတ္တသာဖြင့် ထင်ရှားအောင် ပြုခြင်းဟူသည် အနက် ထိုထိုကို ထင်ရှားအောင် ပြုခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) ပါကဋ္ဌကရဏ သဒ်ါတေနဖြင့် ပညာပနဋ္ဌအရ ထင်ရှားအောင် ပြုခြင်းအနက်ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း-ပပုဗ္ဗ+ဥ-ပဓာတ် (ညာဓာတ်)၏ ပါကဋ္ဌကရဏ အနက်ဟောသည်ကို သိစေ၏။ (ဒု-ဓာတွတ္ထ) ပညာပနဋ္ဌေနဖြင့် ပညာ၌ ပပုဗ္ဗ+

http://www.dhammadownload.com



ဥပ္ပဓာတ် (ဉာဏ်ဓာတ်) (ဒု-ဓာတုပဒ) ဟို့ပစ္စည်း အပစ္စည်း ကတ္တုကြရဏ, ဘာဝ-ဝသာဓိအနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပသဒ္ဒါ-ဓာတွတ္ထဗာဓက (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ (ဝါ-သဒ္ဒါဖော်ပြ) တေန....ပ....ဒိနာဖြင့် ပကာရအရ-ထိုထို အနိစ္စစသော အပြားကို ယူရမည်-ဟု သိစေ၏၊ (အဘိပ္ပေယျတ္ထ) ပကာရေနဖြင့် ပညာ၌ ပသဒ္ဒါ ပကာရအနက်ဟော-ဟု သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ) ဓမ္မေဖြင့် ဇာနာတိ၏ ကံကို သိစေ၏။ (ဘာဝတ္ထ) ဇာနာတိဖြင့် ပညာ၌ ပပုဗ္ဗ+ဉာဓာတ် (ဒု-ဓာတုပဒ) ထိုဉာဓာတ် အဝဗောဓနအနက်ဟော၊ (ဒု-ဓာတွတ္ထ) အပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သိစေ၏၊ ဣတိဖြင့် ဟေတွတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ပိ ဖြင့် သမုစ္စယတ္ထ, သမ္ဘိဏ္ဍန ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) အပေါင်းဖြင့် ပကာရေန+ဉာ ပညာ-ဟု တတိယာတပ္ပုရိသ် သမာသ်ပြု-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)

(ဂ) ဝါကျဖြင့် ဤပညာ ဟူသောပုဒ်သည် ပညာ၏ သဘောအားဖြင့်ရသော ပုဒ်-ဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ)။

(ဃ) ဝါကျ။ ပဇာနနာကာရေဖြင့် ပဇာနနာ၌ ပပုဗ္ဗ+ဉာဓာတ် (ဒု-ဓာတုပဒ) ယု ပစ္စည်း ဘာဝသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) ပဇာနီယတေ ပဇာနနာ၊ တစ်နည်း- ပကာရေန+ဇာနီယတေ ပဇာနနာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(င) ဝါကျ။ အနိစ္စာဒီနိဖြင့် ဝိစိနာတိ၏ ကံကိုသိစေ၏။ (ဘာဝတ္ထ) ဝိစိနာတိတိဖြင့် ဝိစယော၌ ဝိပုဗ္ဗ+စိဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဝိစိနာတီတိ ဝိစယော-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(စ) ဝါကျဖြင့် ပဝိစယော၌ ပသဒ္ဒါ၏ ဓာတွတ္ထာ နုဝတ္တကအဖြစ်ကို သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ)

(ဆ) ဝါကျ။ စတုသစ္စဓမ္မေဖြင့် ဓမ္မအရ သစ္စာလေးပါးတရားကို ယူဟု သိစေ၏၊ (အဘိပ္ပေယျတ္ထ) ဝိစိနာတိဖြင့် ဝိစယော၌ ဝိပုဗ္ဗ+စိဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သိစေ၏၊ အပေါင်းဖြင့် ဓမ္မေ ဝိ စိနာတီတိ ဓမ္မဝိစယော ဟု ကိတန္တ ဒု-တပ္ပုရိသ်သမာသ်ပြု၊ တစ်နည်း- ဝိစိနာတီတိ ဝိစယော၊ ဓမ္မေ+ဝိစယော ဓမ္မဝိစယော ဟု ဒု-တပ္ပုရိသ်သမာသ်ပြု-ဟု သိစေ၏၊ (သမာသလိင်္ဂတ္ထ)။

http://www.dhammadownload.com



## ကြိယာ ၅-တန်ထုတ်ပုံ

(စ) ဝါကျ။ ဝဇ္ဇိတဗ္ဗ-ဝဇ္ဇခေတ်အရ၊ ဝါ-ဟောတု ကတ္တုဠ္ဌကြိယာအရ—

၁။ ဒေသနာ-ဉာဏ်သည်....။

၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ပဝိဇယော-ဟူသော ဝစီဘေဒသဒ္ဒသည်....။

၄။ ပါရမီဉာဏ် စသည်တို့သည်....။

၅။ တရားနာရခြင်း, မဂ်, ဖိုလ်, နိဗ္ဗာန် ရခြင်း စသည်တို့သည်....။

[အခြားသော စိတ္တနိဒ္ဒေသ, ဝိဘင်္ဂ နိဒ္ဒေသ စသည်၌ပါသော ဝဇ္ဇိတဗ္ဗလည်း ဤနည်းအတိုင်း ထုတ်။]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ တသာ တသာ အတ္တဿအရ ရှုပ ါရုံစသော အာရုံခြောက်ပါးသည် ပါကဋ္ဌကရဏ သင်္ခါတေန ပညာပနဋ္ဌေန ပညာတို့အရ ပညာစေတသိက်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-မိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ-ယထာရဟ (၈)။

(ခ) ဝါကျ။ ဓမ္မေအရ ရုပ်, နာမ် အာရုံယူ၍ ဝိစိနာတိအရ ပညာယူပြီးလျှင်-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆) ပြိုင်။

(ဂ) ဝါကျ။ အနိစ္စာဒိနိအရ အနိစ္စ လက္ခဏာစသော အာရုံသည် ဝိစိနာတိ အရ ပညာအား အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆) ပြိုင်။

(ဃ) ဝါကျ။ စတုသစ္စ ဓမ္မေအရ သစ္စာလေးပါးအာရုံသည် ဝိစိနာတိ အရ ပညာအား အာရမ္မဏ....ပြု၏၊ ပြိုင်-ယထာရဟ-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆)။

http://www.dhammadownload.com

# ၉၀-သလ္လက္ခဏာပုဒ် စသည် အဘော်

(က) အနိစ္စာဒီနံ သလ္လက္ခဏ ၀သေန သလ္လက္ခဏာ။

(ခ) သာယော ပုန ဥပသဂ္ဂ နာနတ္တေန ဥပလက္ခဏာ ပစ္စုပလက္ခဏာတိ ဝုတ္တာ။

(ဂ) ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ။....ပ....နေပုညံ။

(ဃ) အနိစ္စာဒီနံ ဝိဘာဝနဝသေန ဝေဘဗျာ။

(င) အနိစ္စာဒီနံ....ပ....စိန္တာပေတီတိပိ စိန္တာ။

(စ) အနိစ္စာဒီနံ ဥပ ပရိက္ခတီတိ ဥပ ပရိက္ခာ။ [ဋ္ဌ-၁၉၁]

က-အနိစ္စာဒီနံဖြင့် သလ္လက္ခဏာ၏ ဆဋ္ဌီကံကို သိစေ၏။ (ဘာဝတ္ထ) သလ္လက္ခဏ ၀သေနဖြင့် သလ္လက္ခဏာ၌ သံပုဗ္ဗ+လက္ခဓာတ်၊ (ဒုံ-ဓာတုပဒ) ယု ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) သလ္လက္ခိယတေ သလ္လက္ခဏာ—ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ တစ်နည်း - ယု ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒုပစ္စယတ္ထ) သလ္လက္ခေတီတိ သလ္လက္ခဏာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျဖြင့် ထိုကောင်းစွာမှတ်တတ်သော ပညာကိုသာဥပသာရပုဒ်ထူးသည်၏ အဖြစ်ဖြင့် ဥပလက္ခဏာ ပစ္စုပလက္ခဏာ-ဟု ဟောထားသည် ဖြစ်၍ ဥပ, ပတိ ဥပသာရပုဒ်များ အနက်ထူးမရှိ၊ ဓာတွတ္ထာ နုဝတ္တက-ဟု သိစေ၏။ (ဘာဝတ္ထ၊ ဥပသဂ္ဂလိင်္ဂတ္ထ)။

[မှတ်ချက်။ ။သာယောဝ၌ ဝေဖြင့်-

၁။ ကောင်းစွာ မှတ်တတ်သော ပညာသည်, တစ်နည်း-သလ္လက္ခဏာ ပုဒ်သည် ဂ....။

၂။ ပညာမှ တစ်ပါးသောတရားသည်, တစ်နည်း-သလ္လက္ခဏာမှ တစ်ပါးသော ပုဒ်သည် နိ....။

(ဂ) (ဘာဝတဒ္ဓိတ် ဝိဂ္ဂဟ, ပစ္စယတ္ထ ဖော်ပါ၊)

(ဃ) အနိစ္စာဒီနံဖြင့် ဝိဘာဝန၏ ဆဋ္ဌီကံကို သိစေ၏။ (ဘာဝတ္ထ) ဝိဘာဝန ဝသေနဖြင့် ဝေဘဗျာ၌ ဝိပုဗ္ဗ+ဘူဓာတ်၊ (ဒုံ-ဓာတုပဒ) ဘူဓာတ်-ဝိဘာဝန အနက်ဟော၊ (ဒုံ—ဓာတွတ္ထ) ဝိသဒ္ဒါ-ဓာတွတ္ထ ဗာဓက၊ တစ်နည်း—ဓာတွတ္ထ ဝိသေသက (ဥပသဂ္ဂလိင်္ဂတ္ထ) ဏျပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) (ဝိဘာဝနံ ဝေဘဗျာ-ဟု ဝိဂ္ဂဟပြု၊) (အဘိဓာနတ္ထ) တစ်နည်း-ဝေဘဗျာဝယ်

http://www.dhammadownload.com



ဝိဘာဝဥ္စ ဝိပုဗ္ဗ+ဘူဓာတ်၊ (ဒုံ-ဓာတုပဒ) ဏ ပစ္စည်း (ဟေတု) ကတ္တုသာဓ်
အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဝိဘာဝေတီတိ ဝိဘာဝေါ-ဟု (ဟေတု) ကတ္တုသာဓိ
ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဝေဘဗျာဥ္စ ဝိဘာဝပုဒ် + ဏျ ပစ္စည်း၊ ထို ဏျ ပစ္စည်း
သောတ္တဥ္စ သက်၊ (ပစ္စယတ္ထ) ဝိဘာဝေါယေဝ ဝေဘဗျာ-ဟု သောတ္ထ တဒ္ဓိတ်
ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(င) အနိစ္စာဒီနံဖြင့် စိန္တနက၏ ဆင့်ကဲကို သိစေ၏။ (ဘာဝတ္ထ) စိန္တနက
ဝသေနဖြင့် စိန္တာဥ္စ စိန္တဓာတ်၊ (ဒုံ-ဓာတုပဒ) အ ပစ္စည်း ကတ္တု-ကရဏ-
ဘာဝသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) စိန္တေတီတိ စိန္တာ၊ စိန္တနံ စိန္တာ၊ စိန္တေန္တိ
တေနာတိ စိန္တာ—ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ယဿ ဥပ္ပဇ္ဇတီဖြင့်
တ—နိယတ်၏ အနိယတ်အဖြစ်ကို သိစေ၏။ သဗ္ဗနာမလိင်္ဂတ္ထ၊ (ဘာဝတ္ထ)။

တံဖြင့် နိယတ်အဖြစ်, ကာရိတ်ကံအဖြစ်တို့ကို သိစေ၏။ (ဘာဝတ္ထ)။ အနိစ္စာ
ဒီနိဖြင့် ဓာတ်ကံအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

စိန္တာပေတီတိဖြင့် စိန္တာဥ္စ စိန္တဓာတ်၊ (ဒုံ-ဓာတုပဒ) အ ပစ္စည်း ဟေတု ကတ္တု
သာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) စိန္တာပေတီတိ စိန္တာဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)
သိစေ၏။ ပိ ဖြင့် သမုစ္စယတ္ထ, သမ္ဘာဝနာဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊
ဘာဝတ္ထ၊ နေယျတ္ထ)

(မှတ်ချက်-ဝါသဒ္ဒါလဲပုံ—အနိစ္စ စသည်တို့ကို ကြံတတ်, သိတတ်သည်၏
အဖြစ်ဟူသော သကတ် အနက်အကြောင်း, အ ပစ္စည်း၏ သုဒ္ဓကတ္တုသာဓ် အနက်
အကြောင်းတို့မှတစ်ပါး၊ မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို အနိစ္စ စသည်တို့ကို ကြံစေတတ်,
သိစေတတ်သည်၏ အဖြစ်-ဟူသော သကာတ်အနက် အကြောင်း, အ ပစ္စည်း၏
ဟေတုကတ္တုသာဓ် အနက်အကြောင်းတို့ကို လဲလိုသောကြောင့် ယဿ ဝါဥ္စ
ဝါသဒ္ဒါထား၏။)

(စ) အနိစ္စာဒီနိဖြင့် ဥပပရိက္ခတိ ကြိယာ၏ ကံကို သိစေ၏။ (ဘာဝတ္ထ) ဥပ
ပရိက္ခတီတိဖြင့် ဥပပရိက္ခာဥ္စ ဥပ+ပရိပုဗ္ဗ+ဣက္ခဓာတ်၊ (ဒုံ-ဓာတုပဒ) အ ပစ္စည်း၊
ကတ္တုသာဓ် အနက်ဟော၊ (ဒုံ-ပစ္စယတ္ထ) ဥပပရိက္ခတီတိ ဥပပရိက္ခာဟု ဝိဂ္ဂဟပြု၊
(အဘိဓာနတ္ထ) သိစေ၏။

http://www.dhammadownload.com

# ၉၁-ဘူရိပုဒ် အဖွင့်

(က) ဘူရိတိ ပထဝိယာ နာမံ။

(ခ) အယမ္ပိ သဏှဋ္ဌေန, ဝိတ္ထဋဋ္ဌေန စ ဘူရိဝိယာတိ ဘူရိ။

(ဂ) တေန ဝုတ္တံ "ဘူရိ ဝုစ္စတိ ပထဝီ၊ ....ပ.... ဘူရိပညော"တိ။

(ဃ) အပိစ ပညာယ ဧတံ အဓိဝစနံ ဘူရီတိ။

(င) ဘူတေ အတ္ထေ ရမတီတိပိ ဘူရိ။ [ဋ္ဌ-၁၉၁-၂]

(ဤဝါကျ၏ အဓိပ္ပာယ်အချို့ကို ပထမတွဲ နောက်ဆက်တွဲ၌ ၁၃၃၂-ခုနှစ် အစိုးရပုံနှိပ်တိုက်၏ အဖြေအဖြစ်ဖြင့်လည်း ပြခဲ့ပြီ။)

[ (ဂ) ဝါကျကို အနက်အားဖြင့် အာကာရအပြင်ထုတ်လျက် အနက်ပေးပုံကို ထိုနောက်ဆက်တွဲ၌ ပြခဲ့ပြီ။]

ကျမ်းတက်

ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ဘူရိ—ဟု ဟောတော်မူ၏။ ဤမျှသာဆိုချေသော်, ဘူရိဟူသောအမည်သည် မူလအရင်းခံအားဖြင့်ပင် ပညာ၏ အမည်ဖြစ်သည်ဟု၊ ဝါ-ပညာကို ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....ဘူရိ၏ မူလအရင်းခံအားဖြင့် မြေ၏အမည် ဖြစ်သည်ကိုလည်း၊ ဝါ—မြေကိုကောက်ယူရမည်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ တစ်နည်း-ဆရာ, ဆရာသည် ရှေ့ဝါကျဖြင့် ဥပပရိက္ခာပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏၊ ....သော်, ဘူရိပုဒ်၏ အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဘူရိအရ မုချတ္ထအားဖြင့် မြေကြီးကိုယူရသောဟု ဆိုတော်မူ၏၊....သော်, ဘူရိ၏ ဥပစာအားဖြင့် ယူသင့်သော အဘိဓေယျတ္ထကို၊ ဝါ-ဘူရိ၌ ဥပမာတဒ္ဓိတ်ပြု၍ ပညာယူရမည်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....ပ....ဘူရိသဒ္ဒါ၏ ဥပစာအားဖြင့် ယူသင့်သော အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏၊ ဝါ-ဘူရိ၌ ဥပမာတဒ္ဓိတ်ပြု၍ ပညာယူရမည်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

[ဤကား ခ-ဝါကျတစ်ခုလုံးအတွက် ချုံ့ချုပ်၍ တက်ခြင်းတည်း။]

ပိုင်ကိုင်၍ တက်သော် ဆရာ, ဆရာသည် က-ဝါကျဖြင့် ဘူရိဟူသောအမည်သည် မြေ၏အမည်တည်းဟု ပြဆိုတော်မူ၏။....သော်, မြေသာလျှင် ဘူရိမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....ပညာသည်လည်း ဘူရိမည်၏ဟု ပြဆိုသင့်သေး၏၊....စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ပညာသည်လည်း သိမ်မွေ့, ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့် ဓမြကြီးနှင့်တူသည့်အတွက်ကြောင့် ဘူရိမည်သောဟု ဆိုတော်မူ၏။....သော်, ထိုသို့ဆိုနိုင်ခြင်း၏ အကိုးသာဓက ဉာပကကို၊ ဝါ- ထိုသို့ဆိုခြင်းဖြင့် ရသင့်သောအကျိုး လဒ္ဓဂုဏ်ကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ခ—ဝါကျဖြင့် ဘူရိပုဒ်ကို ဥပမာတဒ္ဓိတ်ပြု၍ ပညာယူရသည်၏ အဖြစ်ကို ပြဆိုတော်မူ၏၊....သော်, ဘူရိအရ ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်း (သဒ္ဒိသူပစာ) ကေဒေသျူပစာအားဖြင့် ပညာယူရသည်ကို မပြဆိုဟု မှတ်အပ်သည့် မဟုတ်ပါလော၊....ပ....ဘူရိအရ ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်း, (သဒ္ဒိသူပစာ) ကေဒေသျူပစာအားဖြင့် ပညာယူရသည်ကိုသည်း ပြဆိုသင့်သေး၏၊....စသည်။ [နိဿယသစ်-မှီ]

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ဘူရိအရ ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်း, (သဒ္ဒိသူပစာ) ကေဒေသျူပစာ အားဖြင့် ပညာယူရသည်ကို ပြဆိုတော်မူ၏။....သော်, ဘူရိကို ကိတ်ဝစန၊ ဝါ- ကိတန္တသမာသ် ဝစနတ္ထပြု၍ ပညာယူရသည်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊....စသည်။

တစ်နည်း—ခ—ဝါကျကို ဥပနာထား၍ တက်သော်—

ဆရာ, ဆရာသည် ခ—ဝါကျဖြင့် ဘူရိကို ဥပမာတဒ္ဓိတ်ပြု၍ ဘူရိအရ ပညာကို ယူရသောဟု ဆိုတော်မူ၏။....သော်, ဘူရိကို ကိတ်ဝစနတ္ထ ဝါ-ကိတန္တသမာသ် ဝစနတ္ထပြု၍ ပညာယူရသည်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော....စသည်။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ဘူရိဟူသော အမည်သည် မူလ အရင်းခံဖြင့်ပင် ပညာ၏ အမည်ဖြစ်သည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။ နောက်နည်း၌ ဘူရိပုဒ်၏အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....စသည်။

(ခ) ဝါကျ။ (တစ်ဝါကျလုံးခြုံ၍ တက်ပုံကို ပထမတွဲ နောက်ဆက်တွဲ၌ အပြည့်အစုံပြခဲ့ပြီ) ပိကို ငဲ့တက်ရာ၌—မြေသာလျှင် ဘူရိမည်၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဂ) ဝါကျ။ ထိုသို့ ဆိုနိုင်ခြင်း၏ အကိုးသာဓက ဉာပကကို၊ ဝါ- ထိုသို့ ဆိုခြင်းဖြင့် ရသင့်သော အကျိုးလဒ္ဓဂုဏ်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဃ) ဝါကျ။ ဘူရိအရ ဥပမာတဒ္ဓိတ်မပြုမူ၍ အထင်ရှင်း (သဒ္ဒိသူပစာ) ကေ-ဒေသျူပစာအားဖြင့် ပညာယူရသည်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

http://www.dhammadownload.com



(င) ဝါကျ။ ဘူရိကို ကိတ်ဝစနတ္တ၊ ဝါ-ကိတန္တသမာသ ဝစနတ္ထပြု၍ ပညာ ယူရသည်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

## ဒေါသသင့်ပုံ, ပယ်ပုံ

(က) ဝါကျ၊ ပါဠိတော်ကိုထောက်လျှင် ဘူရိအရ အရင်းခံအားဖြ  မြကို ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာ  ဒါသကို ပယ်၏။ ရှေ့-ဌ—စကားရပ်ကို ထောက်လျှင်ကား အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် ဝိရောဓိ, နိရတ္ထက ဒေါသကို ပယ်၏။

(ဃ-င) ဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။

တေန စုတ္တံ ထားရပုံ။ ဒဋ္ဌိကရဏ, အာဂမ သာကေ, ဉာပကကို ပြလိုသော ကြောင့်၊ တစ်နည်း-အကျိုး လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေနဝုတ္တံ ထား၏။

[ဃ—ဝါကျ၌ - အပိစဖြင့် ပြောင်းလဲပုံကို ထိုပထမတွဲ နောက်ဆက်တွဲ၌ ပြခဲ့ပြီ။] တစ်နည်း - သိမ်မွေ့သော အနက်, ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့် မြေကြီးနှင့် တူသည်၏ အဖြစ်ဟူသော သကတ် အနက် အကြောင်း ဘူရိအရ ဥပမာတဒ္ဓိတ် ပြု၍ ပညာယူရသော နည်းမှတစ်ပါး, ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်း, (သဒိ-သူပစာ,) ကေဒေသျူပစာအားဖြင့် ပညာယူရသောနည်း, ထင်ရှားဟုတ်မှန်သော အနက်၌ မွေလျော်တတ်သည်၏အဖြစ် ဟူသော သကတ်အနက်အကြောင်းတစ်ပါး ကို လဲလိုသောကြောင့် အပိစ ထား၏။ (ဤကား-အပိစ၏ နယ်ကို ဃ-င ၂-ဝါကျ လုံး ယူသောနည်း။) အပိစ နယ်ကို ဃ—င-ဝါကျယူသော် - ဘူရိအရ ဥပမာ တဒ္ဓိတ်ပြု၍ ပညာယူရသောနည်းမှတစ်ပါး, ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်း (သဒိသူပစာ,) ကေဒေသျူပစာအားဖြင့် ပညာယူရသောနည်းတစ်ပါးကို လဲလှယ်ပြလို သောကြောင့် အပိစ ထား၏။

ပိ သဒ္ဒါများ ထားရပုံ။ ခ-ဝါကျ။ မြေကြီးသာလျှင် ဘူရိမည်သည် မဟုတ် သေး၊ ပညာသည်လည်း ဘူရိမည်သေး၏ ဟူသော သမုစ္စည်းသမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့်, တစ်နည်း - ဘူရိအရ မြေကြီးအရကောက် အကျိုးမှတစ်ပါး၊ ပညာအရကောက် အကျိုးတစ်ပါးကို လဲလိုသောကြောင့် ပိသဒ္ဒါထား၏။

(င) ဝါကျ။ တဒ္ဓိတ်ဝစနတ္ထကြောင့်သာ ဘူရိမည်သည် မဟုတ်သေး၊ ကိတ် ဝစနတ္ထကြောင့်လည်း၊ ဝါ-ကိတန္တ သမာသ် ဝစနတ္ထကြောင့်လည်း ဘူရိမည်သေး ၏-ဟူသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် ပိသဒ္ဒါ ထား၏။

http://www.dhammadownload.com



နာမံ သဒ္ဒါထားရပုံ။ က-ဝါကျ။ ပြဟ္မာစသော အပေါင်း၏ ဘူရိဟူသော အမည်ကို အစိတ်ဖြစ်သော မြေကြီး၌တင်စား၍ ခေါ်ဝေါ်သော ဘူရိသဒ္ဒါ၏ အထင်ရှင်ဓို့, ကေဒေသျှုပစာအဖြစ်ကို ပြလိုသောကြောင့် နာမံထား၏။

အဓိဝစနံ ထားရပုံ။ ယ-ဝါကျ။ အတူဖြစ်သော မြေ၏ ဘူရိအမည်ကို အတူ ရှိသော ပညာ၌တင်စား၍ ခေါ်ဝေါ်သော ဘူရိသဒ္ဒါ၏ အထင်ရှင်ဓို့ (သဒိသူ ပစာ,) ကေဒေသျှုပစာအဖြစ်ကို ပြလိုသောကြောင့် အဓိဝစနံ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ သိယတိ တနုကရိယတီတိ သဏှော။ သဏှောဝ+အတ္ထော သဏှဋ္ဌော။

၂။ သိမ်မွေ့သည်၏ အနက်နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏော....စပ်....။
၄။ သိမ်မွေ့သော အနက်ဩပ်သည်....။

(ဂ) ဝါကျ။ [ဘူရိပညော ဝိဂ္ဂဟကို ပထမတွဲ-နောက်ဆက်တွဲ၌ ရှု။ ထို၌ အဿတ္ထိတဒ္ဓိတ် အပေါင်း ဝိဂ္ဂဟပြုထားသည်၊ အဘိဓာန် ဋီကာ၌ကား-ဘူရိသမာ+ ပညာ တေဿာတိ ဘူရိပညော-ဟု ဗဟုဗ္ဗီဟိပြုသည်။ ဤဝိဂ္ဂဟလည်း အစစ် ဟုတ်ဟန်မတူသေး၊ ဘူရိဝိယာတိ ဘူရိ-ဟု အစိတ်ဝိဂ္ဂဟ ပြုပြီးနောက်- ဘူရိ+ ပညာ တေဿာတိ ဘူရိပညော-ဟုပြုမှ ဝိဂ္ဂဟအစစ် ဖြစ်လိမ့်မည်။]

(င) ဝါကျ။ ဘူတေ+ရမတီတိ ဘူရိ- ကိတန္တ သမာသ်ပြု၊ [ဘူတ-သဒ္ဒါပုပ ပဒ+ရမုဓာက်+ ကွိပစ္စည်း၊ ထင်ရှားဟုတ်မှန်သော အနက်၌ မွေ့လျော်ခြင်း ကြိယာခွဲ။] တစ်နည်း-အစိတ်အပေါင်း ဝိဂ္ဂဟကား ဘဝတီတိ ဘူ၊ ရမတီတိ ရိ၊ ဘူယာ+ရိ ဘူရိ။

၂။ ထင်ရှားဟုတ်မှန်သော အနက်၏ မွေ့လျော်တတ်သော တရားနှင့်၊ ဝါ-ပညာ နှင့် အာဓာရ+အာဓေယျ အာရုံ+အာရမ္မဏိက....စပ်....။
၄။ ထင်ရှား ဟုတ်မှန်သော အနက်၌ မွေ့လျော်ခြင်း ကြိယာသည်, တစ်နည်း- ပညာတို့၏ ဘူရိအဖြစ်ဖြင့် တစ်ခုသည်....ပ....ဇာတ်သည်....။

## လိင်စသည် စိစစ်ပုံ

[က-ဝါကျရှိ ပုဒ်များကို ထိုပထမတွဲ နောက်ဆက်တွဲ၌ ခွဲခဲ့ပြီ၊ ဘူရိ ပထဝီတို့ကို အဘိဓာန်ဋီကာ၌ နဒါဒိဂိုဏ်းဟု ဆိုသည်။ နာမ်ဂိုဏ်းတို့၌လည်း ရတ္တာဒိဂိုဏ်းဝယ် ပုလ္လိင်, ဤကာရန္တ ပြသော်လည်း ဣတ္ထိလိင်၊ ဤကာရန္တကိုကား မပြ၊ ထို့ကြောင့် နဒါဒိဂိုဏ်းခွဲခြင်းသာ ကောင်းသည်။]

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပဌဝိယာ နာမ်ဖြင့် ဘူရိအရ မြေကို ယူရမည် အဖြစ်၊ (အဘိဓေယျတ္တ) ဘူရိသဒ္ဒါ၏ ကေဒေသျူပစာ သဒ္ဒါအဖြစ် (ဘာဝတ္ထ၊ ပဒ) သိစေ၏။

(ခ) ဝါကျ။ အယံဖြင့် ဘူရိအရ မြေကိုမယူရ၊ ပညာကိုယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္တ) ပိဖြင့် မြေသာ ဘူရိမည်သည်မဟုတ်၊ ပညာ-လည်း ဘူရိမည်သေး၏။ တစ်နည်း-ဘူရိသဒ္ဒါ မြေကိုသာ ဟောသည်မဟုတ်၊ ဥပမာ တဒ္ဓိတ်အားဖြင့် ပညာကိုလည်း ဟောသေး၏- ယူဒသော သမုစ္စယ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္တ) သဏှဋ္ဌေန ဝိတ္ထဋ္ဌဋ္ဌေနဖြင့် ဘူရိအရ ပညာဟူသည် သိမ်မွေ့သော အနက်သဘော, ပျံ့နှံ့ကြီးကျယ်သော အနက်သဘောရှိ၏-ဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ,) တစ်နည်း-ဘူရိသဒ္ဒါ သဏှဋ္ဌ ဝါစီ-ဝိတ္ထဋ္ဌဋ္ဌဝါစီ ရှင်း အနိပ္ဖန္န ပါဠိပဒိကပုဒ် အဖြစ်ကို သိစေ၏။ (နာမလိင်္ဂပဒတ္ထ) ဘူရိဝိယာတိဖြင့် ဘူရိ၌ ဘူရိပုဒ်+အ ပစ္စည်း၊ ထိုအပစ္စည်း ဥပမာအနက်ဟော၊ (ပစ္စယတ္ထ) ဘူရိဝိယာတိ ဘူရိ-ဟု ဥပမာ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ။ အပိစဖြင့် အတ္ထန္တရ ဝိကပ္ပတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္တ) ကြွင်းသော ဃ-ဝါကျဖြင့် ဘူရိအရ မြေကို မယူရ၊ ပညာကို ယူရမည်၏ အဖြစ် (အဘိဓေယျတ္တ) ဘူရိသဒ္ဒါ၏ (သဒိသူပစာ) ကေဒေသျူပစာ သဒ္ဒါအဖြစ်၊ (ဘာဝတ္ထ၊ ပဒ) သိစေ၏။

(ဂ) ဝါကျ။ (ထိုပထမတွဲ- နောက်ဆက်တွဲ၌ ပြခဲ့ပြီ)

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ဣတိသဒ္ဒါ-ပဒတ္ထဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။

(ခ) ဝါကျ။ ပိသဒ္ဒါ-သမုစ္စယတ္ထ-သမ္ဘာဝနတ္ထ။ (ထိုပိသဒ္ဒါ၏ သမ္ဘာဝနာကာရ ပေါင်းပုံ အဓိပ္ပာယ်-အာဘော်၌ ပြခဲ့ပြီ။) စသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ဝိယ-ပဋိဘာဂတ္ထ။ ဣတိ-ဟေတွတ္ထ။

## ကြိယာ ၅-တန်ထုတ်ပုံ

(ခ-ဝါကျ၌ ဘူရိအရ ထုတ်ပုံကို ထိုပထမတွဲ-နောက်ဆက်တွဲ၌ ရှု)

(ဂ) ဝါကျ။ (ဝုတ္တံ၌ ဝစနတ်အရ ဒေသနာဉာဏ်ယူ၍။ တပစ္စည်းအရ ဝစီဘေဒသဒ္ဒ ယူ၍ ထုတ်မြဲ၊ ဝစီဘေဒသဒ္ဒ ထုတ်သည့်အခါ ဘူရိ ဝုစ္စတိ....ပ.... ဘူရိပညောကို ထုတ်။ ဝုစ္စတိ၌လည်း ဘဂဝတာ ကတ္တားထည့်လျှင်-ဝစနတ်အရ

http://www.dhammadownload.com



ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ၊ ဝစီဘေဒသဒ္ဒ ထုတ်သည့်အခါ ဘူရိဟူသော ဝစီဘေဒ သဒ္ဒကို ထုတ်။) တစ်နည်း-ဝုစ္စတိ၏ ကတ္တားကို ဇနေန-ဟု ထည့်လျှင်-ဝစခေတ် အရ—

၁။ သတိ, ဝီရိယ, ဉာဏ် ပြခန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ ဘူရိ-ဟူသော ဝစီဘေဒ သဒ္ဒသည်....။
၄။ မြေ-ဟူသော အာရုံသည်....။
၅။ ထိုဝစီဘေဒ သဒ္ဒကို ကြားရခြင်း ကြားရသဖြင့် အနက်အဓိပ္ပာယ် သိရ ခြင်း စသည်တို့သည်....။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ဝုတ္တံ၌ ဝစခေတ်အရ ဒေသနာဉာဏ်သည် တပစ္စည်းအရ ဘူရိ ဝုစ္စတိ စသော ဝစီဘေဒ သဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-နိ-ဏ္ဍ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

[ပထဝီအရနှင့် ဝုစ္စတိအရဝါ-၊ ဝစခေတ်အရ ပြိုင်ပုံကို ပထမတွဲ နောက်ဆက်တွဲ၌ရှု။]

ဘူရိ-ဟူသော အာကာရပုဒ်အရ ဘူရိဟူသော နာမပညတ္တိ သဒ္ဒါသည် ဝုစ္စတိ၌ ဝစခေတ်အရ မဟာကုသိုလ်, ကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ.... ပြု၏။ ပြိုင်-မရှိ။ တစ်နည်း-ဝစခေတ်အရ မဟာကုသိုလ်, ကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဘူရိ-ဟူသော အာကာရပုဒ်အရ ဘူရိဟူသော ပရမတ္ထ ဝစီဘေဒ သဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-ဓိ-သဟ-နိ-ကံ-ဟာ-ဏ္ဍ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂)။

(င) ဝါကျ။ ဘူတေ အတ္ထေ အရ ပရမတ္ထတရား ၄-ပါး ဟူသော အာရုံ၆-ပါး သည် ရမတိအရ ပညာအား၊ ဝါ-ပညာနှင့်တကွ သမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်—ယထာရဟ-အာ-ဓိ-နိ-ဥပ-ပု-ဝိပ္ပ-တ္ထိ-အဝိ-(၈) တစ်နည်း-ပကတူပြု၏။ ပြိုင်—မရှိ။

http://www.dhammadownload.com

# ၉၂-(၄-၁၉၂)လာ မေဓာပုဒ်အဖွင့်

## စသည်၌ အာဘော်စသည်

အသနိဝိယ သိလုစ္စယေဖြင့် ပညာနှင့် မိုးကြိုး, ကိလေသာနှင့် ကျောက်တောင် မိုးကြိုး၏ကျောက်တောင်ကို ဖျက်ဆီးခြင်းနှင့် ပညာ၏ ကိလေသာကို ဖျက်ဆီးခြင်း တို့၏ တူပုံအခြင်းအရာ ဥပမာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ကိလေသေဖြင့် ညှဉ်းဆဲခြင်းဟူသည် ကိလေသာတို့ကို ညှဉ်းဆဲခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) မေဓတိဖြင့် မေဓာ၌ မေဓဓာတ်၊ (ဒု-ဓာတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက် ဟော၊ (ဒု-ပစ္စယတ္ထ) မေဓတီတိ မေဓာ-ဟု ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ ဟိံသတိဖြင့် မေဓတို၌ မေဓဓာတ် ဟိံသနအနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ)

ခိပ္ပံဖြင့် မှတ်ခြင်း ဆောင်ခြင်းဟူသည် လျင်စွာ မှတ်ခြင်း ဆောင်ခြင်းတည်းဟု သိစေ၏၊ (ဘာဝတ္ထ) ဂဟဏဓာရဏဋ္ဌေနဖြင့် မေဓာ၌ မေပုဒ်, ဓာပုဒ်၊ မေ၌ မေဓာတ်၊ (ဒု-ဓာတုပဒ) ထိုမေဓာတ် ဂဟဏအနက်ဟော (ဒု-ဓာတွတ္ထ) ကွိပစ္စည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) မေတိ ဂဏှာတီတိ မေ၊တစ်နည်း-သုခုမမ္ပိ အတ္ထခမ္မဉ္စ မေတီတိ မေ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဓာ၌ ဓာဓာတ်၊ (ဒု-ဓာတုပဒ) ထိုဓာဓာတ် ဓာရဏအနက်ဟော (ဒု-ဓာတွတ္ထ) ကွိပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ဓာရေတီတိ ဓာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) မေစ+သာ+ဓာစာတိ မေဓာ-ဟု ကမ္မဓာရည်းပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

ဝါသဒ္ဒါလဲပုံ-ကိလေသာ တို့ကိုလည်း ညှဉ်းဆဲ ဖျက်ဆီး တတ်အည်၏ အဖြစ် ဟူသော သကက်အနက်အကြောင်းမှုတစ်ပါး, လျင်စွာ မှတ်နိုင်, ဆောင်နိုင်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဂဟဏ-ဓာရဏဋ္ဌေနဝါ၌ ဝါသဒ္ဒါထား၏၊

ပရိဏာယိကာ အဖွင့်၌=ယဿာ....ပ....ပဋိပတ္တိယံဖြင့် ပရိနေတိ၌ ထက်ဝန်းကျင် ဆောင်ခြင်းဟူသည် မိမိဖြစ်ရာပုဂ္ဂိုလ်ကို မိမိစီးပွားကို ကျင့်ခြင်း၌ ဆောင်ခြင်းတည်း ဟု သိစေ၏။ (ဘာဝတ္ထ)

စဖြင့် အတ္ထန္တရ ဝိကပ္ပနတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) နေယျတ္ထ) သမ္ပယုတ္တ....ပ....ပဋိဝေဓေဖြင့် ပရိနေတိ၌ ထက်ဝန်းကျင်ဆောင်ခြင်း ဟူသည် သမ္ပယုတ်တရားတို့ကို မဖောက်မပြန် မှန်သောလက္ခဏာကို ထိုးထွင်း၍ သိခြင်း၌ ဆောင်ခြင်းတည်းဟု သိစေ၏ (ဘာဝတ္ထ) ပရိနေတီတိဖြင့် ပရိဏာယိကာ၌ ပရိပုဗ္ဗ+နီဓာတ်၊(ဒု-ဓာတုပဒ) ဏွုပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ)



F.87 A

http://www.dhammadownload.com



ပရိနေတီတိ ပရိဏာယိကာဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န ကို ဏ ပြန်၊ ေ ကို အာယပြု၊ နောက် (က) အက္ခရာကြောင့် အ ကို ဣ ပြု၊ အာ ပစ္စည်းသက်၍ ပရိဏာယိကာဟု ပြီးသည်၏ အဖြစ် (ဘာဝတ္ထ၊ နေယျတ္ထ) သိစေ၏။

(ဝိပဿနာ အဖွင့်၌ အာဘော်နှင့် ပစ္စည်းပြိုင်ပုံကို သမထဝိပဿနာ၌အဖွင့်၌ရှု)

သမ္မဇည်အဖွင့်၌ သမ္မာပကာရေတိဖြင့် သမ္မဇည၌ သံသဒ္ဒါ သမ္မာအနက် ပသဒ္ဒါ။ ပကာရ အနက်ဟောဟု သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ) အနိစ္စာဒီနိဖြင့် သိခြင်း–ဟူသည် အနိစ္စစသည်တို့ကို သိခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) ဇာနာတိဖြင့် သမ္မဇည၌ သံ....ပပုဗ္ဗ+ဉာဓာတ် (ဒု-ဓာတုပဒ) ဏျ ပစ္စည်း ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) သိစေ၏။ အပေါင်းဖြင့် ဇာနာတီတိ ဇည၊ ပကာရေဟိ + ဇညံ ပဇည၊ သမ္မာ-ပဇည သမ္မဇည်ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေ၏။

ပတောဒေါအဖွင့်၌ ဥပ္ပထ....ပ....ပတောဒေါဝိယဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာန အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

[ဥပ္ပထေ....ပ....အာရောပနတ္ထံဖြင့် ဝိဇ္ဈတိ၌ ဘာဝတ္ထဖော်]

ဝိဇ္ဈတိဖြင့် ပတောဒေါ၌ ပပုဗ္ဗ+တုဒဓာတ်၊ (ဒု-ဓာတုပဒ) ထို တုဒဓာတ် ထိုးခတ်ခြင်း ဝိဇ္ဈန (ဗျထန အနက်ဟော) (ဒု-ဓာတွတ္ထ) ပဒုဒတီတိ ပတော ဒေါဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (ဒု-ပစ္စယတ္ထ) သိစေ၏။ ပတောဒေါ ဝိယဖြင့် ပတောဒေါပုဒ်ကို ပတောဒေါ ဝိယတိ ပတောဒေါဟု ဥပမာ့တဒ္ဓိတ် ဝိဂ္ဂဟပြုဟု သိစေ၏။ (ပစ္စယတ္ထ၊ အဘိဓာနတ္ထ)။

(ဣန္ဒြိယံ၊ ပညိန္ဒြိယံ၊ ပညာဗလံတို့၌ အာဘော်မှာ အချို့ဖော်ပြခဲ့ပြီးဖြစ်၍ အချို့လည်း နည်းမှီသိနိုင်သည့်အတွက် လွယ်ပြီ။)

ပညာသတ္ထံအဖွင့်၌ (အာဘော် လွယ်ပြီ။) ဝေဏ် ဂဟေတဗ္ဗတ္ထ စသည်ကား–

၁။ ပညာသည် ဂ....။
၂။ ဖဿစသည်သည်၊ တစ်နည်း–ပကတိလက်နက်သည် နိ....။
၃။ ပညတ်၏ ပြာသာဒ်နှင့်တူသည်၏ အဖြစ်အစရှိသောဂုဏ်သည် န....။

ပညာပါသာဒေါအဖွင့်၌–

၁။ ပညာသည် ဂ....။
၂။ ဖဿစသည်သည်၊ တစ်နည်း-ပကတိပြာသာဒ်သည် နိ....။
၃။ ပညာ၏ လက်နက်နှင့် တူသည်၏ အဖြစ် အစရှိသော ဂုဏ်သည် န....။

http://www.dhammadownload.com



ပညာအာလောကော အဖွင့်၌—

၁။ ပညာသည် ဂ....။

၂။ ဖယောင်းတိုင်စသည်သည်၊ တစ်နည်း–နေအလင်း, လအလင်း စသော ပကတိအလင်းသည် နို....။

[နိဿယ၌ အာလောက အလင်းဟု ပေးသည်။]

၃။ ပညာ၏ လက်နက်နှင့်တူသည်၏ အဖြစ် အစရှိသောဂုဏ်သည်၊ တစ်နည်း–ပညာ၏ ဣန္ဒြေစသော အမည်သည် နု....။

ပညာပဇ္ဇောတော, ပညာပဇ္ဇောတော အဖွင့်တို့၌လည်း ဂဟေတဗ္ဗ စသည် ဤနည်းမှီသိ။)

☆ ☆ ☆

http://www.dhammadownload.com

# ၉၃–ပညာရတနံ, အမောဟော အဖွင့်

(က) ရတိကရဏဋ္ဌေန, ပန....ပ....ပညာဝ ရတနံ ပညာရတနံ။

(ခ) န တေန သတ္တာ မုယှန္တိ, သယံဝါ အာရမ္မဏေ န မုယှတီတိ အမောဟော။

(ဂ) ဓမ္မဝိစယ ပဒံ ဝုတ္တတ္ထမေဝ။

(ဃ) ကံသ္မာပနေတံ ပုန ဝတ္တန္တိ၊ အမောဟဿ မောဟပဋိပက္ခဘာဝ ဒီပနတ္တံ။

(င) တေနေတံ ဒီပေတိ....ပ....အညော ဓမ္မော။

(စ) မောဟဿ ပန....ပ....ဠ္ဍမ အဓိပ္ပေတောတိ။ [ဌ-၁၉၂-၃]

အနက်ထူး။ ။(ဒီပေတိ၏ ကတ္တားကို ဘဂဝါ-ဟုထည့်) ဃ-င-ဝါကျ သံဝဏ္ဏနာအရ သံဝဏ္ဏေတဗ္ဗ အနက်ကား-ဓမ္မဝိစယော. ဓမ္မ ဝိစယဟု ဆိုအပ်သော၊ ယော အမောဟော-အကြင်မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသဘောသည်။

## ဋ္ဌပနာ၀ပဥ္စက ပုစ္ဆာတက်

(က) ဝါကျ။ (ပညာ ပဇ္ဇောတောပုဒ်၏ အဖွင့်မှတစ်ပါး ပညာရတနံပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်။)

(ဃ) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဓမ္မဝိစယပုဒ်ကို တစ်ဖန်ထပ်၍ ဟောတော်မူ၏။ ဤသို့ ဟောသည်ရှိသော်၊ ဝါ-ဟောရာ၌၊ ဝါ-ဟောခြင်းနှင့်စပ်၍ အမေးပုစ္ဆာ, အဖြေ ဝိဿဇ္ဇနာတို့ကို ထုတ်ပြသင့်သည် မဟုတ်ပါလော၊....စသည်။ တစ်နည်း–အမောဟဿစသော နောက်ဝါကျသို့ တက်သော်-ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ဓမ္မဝိစယပုဒ်ကို ထပ်မံ၍ ဟောတော်မူ၏၊ ဤသို့ ဟောသည်ရှိသော်, ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း- ဤသို့ဟောသော်လည်း ထို ဓမ္မဝိစယပုဒ်ကို ရှေး၌ဟောခဲ့ပြီး မဟုတ်ပါလော။ ထို့ကြောင့် ဓမ္မဝိစယပုဒ်ကို ထပ်၍ မဟောသင့်, တစ်ပါးသောပုဒ်တို့ကိုသာ ဟောသင့်၏။ အဘယ်အကျိုးငှာ၊ ဝါ–အဘယ့်ကြောင့် နောက်ထပ်တစ်ဖန် ဟောရပြန်သနည်း....စသည်။

(ရှေးကသွာစသော ဝါကျ ဋ္ဌာပနာ ထားလျှင်ကား–အမေးပုစ္ဆာမှတစ်ပါး၊ အဖြေ ဝိဿဇ္ဇနာပြသည်ကို ရှုတက်။)

http://www.dhammadownload.com



(င) ဝါကျဖြင့် နောက်ဘပ် တစ်ဖန် ဓမ္မဝိစယပုဒ်ကို ဟောတော်မူခြင်းဖြင့်ရသင့်သော အကျိုး လဒ္ဓဂုဏ်ကို မပြဆို-ဟု မှတ်အပ်သည် မဟုတ်ပါလော၊....စသည်။

(စင်စစ် ဤကျမ်းတက်သည် င-စ-နှစ်ဝါကျအတွက် ဖြစ်သည်။)

(တစ်နည်း–ဒိပနာကာရသည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော-ဟု နှစ်ဝါကျလုံးအတွက် အာဘော်ထားတက်။)

## ဒေါသပယ်

(ဂ) ဝါကျဖြင့် အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, ဧကတ္ထဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏ ထို ဃ-ဝါကျတွင်လည်း အမောဟသံစသော နောက်ဝါကျဖြင့် ပါဠိတော်ကို ထောက်လျှင် ပုနရုတ္တိ, နိရတ္ထကဒေါသတို့ကို ပယ်၏။ ရှေကသွာ-စသော ဝါကျကိုထောက်လျှင် ဝိဒရောဓိ, အဗျာပိတဒေါသတို့ကို ပယ်၏။

(င) ဝါကျတို့ဖြင့် နိရတ္ထက, အဗျာပိတဒေါသတို့ကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ။အမောဟော၌ ဏ-ပစ္စည်း၏ ကရဏသာဓ် အနက်အကြောင်းမှတစ်ပါး၊ ကတ္တုသာဓ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ခ-ဝါကျ၌ ဝါသဒ္ဒါထား၏။

အဝိပ္ပေတော ထားရံပုံ။ ။စ–ဝါကျ။ သက်သက် မောဟမှ တစ်ပါး, အမောဟဟူသော အနက်သာမညမှ မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော ဓမ္မဝိစယ–ဟု ဆိုအပ်သော အမောဟ-ဟူသော အနက်ဝိသေသကို ဣတ္ထယုတ္တိ ရှိသည်ဖြစ်၍ ယူစေလိုသောကြောင့် လည်းကောင်း, အမောဟသာမညကို မယူရ ဓမ္မဝိစယ—ဟူသော အမောဟ ဝိသေသကိုသာ ယူရမည်-ဟု စောဒကနှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ရာ ဌာနဖြစ်သောကြောင့်လည်းကောင်း အဝိပ္ပေတော ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ရတိ ကရဏခွေနကို၍-ရတိ+ကရောတီတိ ရတနံ-ဟုပြု။[ရတိသဒ္ဒူပ ပဒ+ကရဓာတ်+ကွိ ပစ္စည်း၊ မွေ့လျော်နှစ်သက်မှုကို ပြုခြင်းကြိယာခွဲ။]ရတိဒါယကခွေနေ-ကို ထောက်၍ - ရတိ+ဒဒါတီတိ ဒေတီတိ) ရတနံ–ဟု ပြု။ ရတိဇနကခွေနကို ထောက်၍—ရတိ+ဇနေတီတိ ရတနံဟု-ပြု။

(ခ) ဝါကျ။ ပဌမ ဝိကပ်အလို–မုယှန္တိ သတ္တာ ဧတေနာတိ မောဟော။ န+မောဟော အမောဟော။ ဒုတိယ ဝိကပ်အလို—မုယှတီတိ မောဟော။ န+မောဟော အမောဟော။

http://www.dhammadownload.com



၂။ ပဋိပက္ခ ဘောဂုဏ်၏ မောဟနှင့် ဂုဏ်+ဂုဏေး....စပ်....။
၄။ မောဟနှင့် ဆန့်ကျင်ခြင်းကြီးယှာသည်။ ဝါ-အမောဟတို့၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာ-ဟု ဆိုအပ်သော ဓာတ်သည်....။

## လိုင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ မုယှန္တိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အ(ဥ်)ကာရန္တ၊ အာချာယ်ပုဒ်၊ [မုဟ (မုဟူ)+ယ+အန္တိ၊]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ရတိကရဏဋ္ဌေနဖြင့် ရတနံ၌ ရတိ သဒ္ဒူပပဒ+ကရဓာတ်+ကွိ ပစ္စည်း၊ ထိုကွိပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ ရတိံ+ကရောတီတိ ရတနံ—ဟု ဝစနတ္ထပြု။ (ဒုဓာတုပဒ ဒု-ပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ) ရတိကရဏ-ဟု ဆိုလိုလျက် နိရုတ္တိနည်းအရ တိ၌ ဣကို အပြု၊ က-ရချေ၊ဏ ကို နပြု၍ ရတန-ဟု ပြီးသည်၊ (နေယျတ္ထ၊ ဘာဝတ္ထ) သိစေ၏။ ရတိ ဒါယကဋ္ဌေနဖြင့် ရတနံ၌ ရတိသဒ္ဒူပပဒ+ဒါ(ဒဒ)ဓာတ်+ကွိ ပစ္စည်း၊ ထိုကွိပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ ရတိံ +ဒဒါတီတိ (ဒေတီတိ) ရတနံ-ဟု ကိတန္တ ဒု-တပ္ပုရိသ်သမာသ်ပြု၊ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ၊) (ရတိ ဒါန ဟု ဆိုလိုလျက် တိ၌ ဣကို အပြု၊ ဒါကိုချေ၍ ရတန-ဟု ပြီးသည်၊ (နေယျတ္ထ၊ဘာဝတ္ထ) သိစေ၏။ ရတိ ဇနကဋ္ဌေနဖြင့် ရတနံ၌ ရတိသဒ္ဒူပပဒ+ဇနဓာတ်+အ ပစ္စည်း ထိုအ ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ ရတိံ ဇနေတီတိ ရတနံ-ဟု ကိတန္တ ဒု-တပ္ပုရိသ် သမာသ်ပြု၊ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယတ္ထ၊ သမာသလိင်္ဂတ္ထ) ရတိဇန-ဟု ဆိုလိုလျက်, တိ၌ ဣကို အပြု၊ ဇကို ချေ၍ ရတန ဟု ပြီးသည်၊ (နေယျတ္ထ၊ ဘာဝတ္ထ) သိစေ၏။ စိတ္တီကတဋ္ဌေနဖြင့်—ရတန—ဟူသည် အလေးအမြတ်ပြုအပ်သော အနက်သဘောရှိ၏—ဟု သိစေ၏။ (သဘာဝတ္ထ) [ဒုလ္လဘ ပါတုဘာဝဋ္ဌေန, အတုလဋ္ဌေန အနောမသတ္တ ပရိဘောဂဋ္ဌေနတို့၌လည်း ဤနည်းမှီ၍ သဘာဝတ္ထဖော်] ပဉ္စဝ ရတနံဖြင့် ပဉ္စရတနံကို ပဉ္စဝ+ရတနံ ပဉ္စရတနံ-ဟု အဝဓာရဏ ကမ္မဓာရည်းသမာသ် ပြု-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)

(ခ) ဝါကျ။ န တေန မုယှန္တိဖြင့် အမောဟော၌ မောဟဝယ် မုဟဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း၊ ကရဏသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မုယှန္တိ တေနာတိ မောဟော ဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+မောဟော အမောဟော-ဟု သမာသ်ဝိဂ္ဂဟပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နသဒ္ဒါ၏ ကာရိယ၊ (နိပါတ လိင်္ဂပဒ) သိစေ၏။ သတ္တာဖြင့် န မုယှန္တိ၏ တတ္တားကို သိစေ၏။ (ဘာဝတ္ထ) န မုယှတီတိဖြင့် အမောဟော၌ မောဟောဝယ် မုဟူဓာတ်၊

http://www.dhammadownload.com



(ဒုိ-ခါတုပဒ) ဏ ပစ္စည်း၊ ကတ္တုသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) မုယှတီတိ မောဟော-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+မောဟော အမောဟော—ဟု သမာသ်ဝိဂ္ဂဟပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နသဒ္ဒါ၏ ကာရိယ၊ (နိပါတလိင်္ဂပဒ) သိစေ၏။

သယံဖြင့် ပုဂ္ဂိုလ်သည် ကတ္တား မဖြစ်, ဓမ္မသာ ကတ္တားဖြစ်၏-ဟု သိစေ၏။ (ဘာဝတ္ထ) အာရမ္မဏေဖြင့် မတွေဝေခြင်း-ဟူသည် အာရုံ၌ မတွေဝေခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ စ-သမုစ္စယတ္ထ။ ပညာဝ၌ ဝေ-အဝဓာရဏတ္ထ။

၁။ ပညာသည် ဂ....။

၂။ ဖဿ စသော တရားသည်၊ တစ်နည်း-ဆွေ, ငွေ စသော ပကတိရတနာများသည် နို....။

၃။ ပညာ၏ လက်နက်နှင့် တူသည်၏အဖြစ် အစရှိသောဂုဏ်သည်, တစ်နည်း-ပညာ၏ အာလောက-စသောအမည်သည် နု....။

(ခ) ဝါကျ။ နဒိ ပဋိသေဓတ္ထ၊ ပဋိပက္ခတ္ထ၊ ဝိရုဒ္ဓတ္ထ။ အမောဟော၌ အသဒ္ဒါ ပဋိပက္ခတ္ထ၊ ဝိရုဒ္ဓတ္ထ။

(ဂ) ဝါကျ။ ဝေ—အဝဓာရဏတ္ထ။

၁။ ဝုတ္တတ္ထပုဒ်သည်၊ ဝါ—ဆိုအပ်ပြီးသော အနက်ရှိသည်၏ အဖြစ်သည် ဂ....။

၂။ အဝုတ္တတ္ထပုဒ်သည်၊ ဝါ-မဆိုအပ်သော အနက်ရှိသည်၏ အဖြစ်သည် နို....။

၃။ ဓမ္မဝိစယ ပုဒ်မှတစ်ပါးသော ဥတ္တာနတ္ထပုဒ်သည်၊ တစ်နည်း- ဓမ္မဝိစယ တရား၏ တရားတို့ကို စိစစ်တတ်သည်၏ အဖြစ်ဟူသောဂုဏ်သည် နု...။

(ဃ) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ တစ်နည်း—ဝါကျာရမ္ဘတ္ထ။ ဣတိ-ဣဒမတ္ထ၊ နိဒဿနတ္ထ။

(စ) ဝါကျ။ ပန-အန္ဒယတ္ထ။ ပဋိပက္ခော၌- ပဋိ (ပတိ) သဒ္ဒါ ဝိရုဒ္ဓတ္ထ။ အဓိပ္ပေတောတိ၌ ဣတိ-ဣဒမတ္ထ၊ နိဒဿနတ္ထ။

## ကြိယာ ၅—တန်ထုတ်ပုံ

န မုယှန္တိ အရ— အမောဟ ပညာပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၌ ယူ၍ ထုတ်မြဲ၊ န မုယှတိအရ-အမောဟပညာယူ၍ လက္ခဏာဒိ စတုက္က မှီထုတ်။

http://www.dhammadownload.com



ဝုတ္တတ္ထမေဝဲ၌ ဝုတ္တဝယ် ဝစဓာတ်အရ, သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ယူ၍ ထုတ်ပြ။

ဒီပေတိ၌ ဒီပဓာတ်အရ–

၁။ ဒေသနာဉာဏ်သည်....။
၂။ အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ ပြုသဖြင့် အနက်အဓိပ္ပာယ် သိရခြင်း စသည်တို့သည်....။
၄။ ပါရမီဉာဏ် စသည်တို့သည်...။
၅။ အနက်အဓိပ္ပာယ်ကို သိရသဖြင့် ပီတိပါမောဇ္ဇဖြစ်ခြင်း, မဂ်, ဖိုလ်, နိဗ္ဗာန် ရခြင်း စသည်တို့သည်....။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ တေနအရ အမောဟ ပညာသည် နမုယ္ဆ္တိအရ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်၊– ဟေ– ဓိ– သဟ–ည–နိ–ဣ–မဂ္ဂ–သံ–ထ္တိ–အဝိ (၁၀)။ စိတ္တဇရုပ်အား–ဟေ–ဓိ–သဟ–နိ–ဣ–မဂ္ဂ–ဝိပ္ပ–ထ္တိ–အဝိ (၉)။

သတ္တာအရ ဝေဒနာက္ခန္ဓာသည် နမုယ္ဆ္တိအရ ကျန် နာမ်ခန္ဓာသုံးပါး ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်–သဟ–ည–နိ–ဣ–ဈာ–သံ–ထ္တိ–အဝိ(၈)။ စိတ္တဇရုပ်အား–သဟ–နိ–ဣ–ဈာ–ဝိပ္ပ–ထ္တိ–အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အာရမ္မဏေအရ အာရုံ ၆–ပါးသည် နမုယ္ဆတိအရ အမောဟပညာအား အာရမ္မဏ ပြု၏။ ပြိုင်–ယထာရဟ–အာ–ဓိ–နိ–ဥပ–ပု–ဝိပ္ပ–ထ္တိ–အဝိ (၈)။

(စ) ဝါကျ။ ပဋိပက္ခော ဓမ္မဝိစယသင်္ခါတော အမောဟောပုဒ်တို့နှင့် အဓိပ္ပေတော၌ တပစ္စည်းတို့အရ အမောဟပညာသည် ထိုအဓိပ္ပေတော၌ ဣဓာတ်အရ ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်–အာ–ဓိ–ဥပ (၃)။

ထိုအဓိပ္ပေတော၌ ဣဓာတ်အရ ဆန္ဒစေတသိက်သည် ဘဂဝတာ၊ တစ်နည်း– ပဏ္ဏိတေန ဟူသော ပါဌ်သေသကတ္တားအရ ဆန္ဒသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ....ပြု၏။ ပြိုင်–ဓိ–သဟ–ည–နိ–သံ–ထ္တိ–အဝိ (၇)။

---

http://www.dhammadownload.com

# ၉၄—ဇိဝိတိန္ဒြိယ နိဒ္ဒေသ အဖွင့်

(က) ဇီဝိတိန္ဒြိယနိဒ္ဒေသေ ယော တေသံ....ပ....အာယာပနဋ္ဌေန အာယု။

( ခ ) တသ္မိံဥ္စ သတိ အရူပဓမ္မာ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ။

( ဂ ) တသ္မာ အာယူတိ ဝုစ္စတိ။

( ဃ ) ဣဒ မဿ သဘာဝပဒံ။

( င ) ယသ္မာ ပနေတေ ဓမ္မာ....ပ....ဝတ္တန္တိ ပါလယန္တိ။

( စ ) တသ္မာ ဌိတိတိ အာဒီနိ ဝုတ္တာနိ။ [ဋ္ဌ-၁၉၃]

(င–ဝါကျ၌ ပါလယန္တိ၏ကံကို-အတ္တာနံ-အတ္တဘောကို-ဟု ထည့်။)

ဋ္ဌပနာပဥ္စက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် သမ္ပယုတ်ဖြစ်ကုန်သော နာမ်တရားတို့၏ ဖြစ်ကြောင်း, တည်ကြောင်း၏ အဖြစ်တည်းဟူသော အနက်ကြောင့် အကြင်အသက်သည် ရှိ၏-ဟု၊ ဝါ-အာယုမည်၏-ဟု ဆိုတော်မူ၏၊....သော်, ဆရာ့စကားသည် ဒဋ္ဌိမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော၊... စသည်....။ (ဒဋ္ဌိကျမ်းတက်)

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ–ဝါကျဖြင့် ထိုအသက်ရှိလတ်သော် နာမ်တရားတို့သည် ဖြစ်ကုန်သော–ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော်, ထိုစကားရပ်ကို ဆိုခြင်းဖြင့် ဖြစ်သင့်သော အကျိုးလဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဝါ–အကျိုးလဒ္ဓဂုဏ်ကို မပြဆို·ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ ....စသည်။ (လဒ္ဓဂုဏ်ဝါကျ ကျမ်းတက်။)

[ခ–ဂ–နှစ်ဝါကျကို တစ်ဝါကျအနေထား၍တက်လျှင် ခ–ဝါကျကျမ်းတက်အတိုင်းတက်။]

(ဃ) ဝါကျ။ [ဖဿနိဒ္ဒေသ ခ–ဝါကျ နည်းမှီတက်။]

(င) ဝါကျ။ [အာယုပုဒ်အဖွင့်မှတစ်ပါး, ဌိတိ-စသောပုဒ်တို့၏ အဖွင့်ဖြစ်သည်ကို ရှုတက်။]

(စ) ဝါကျ။ ဆရာ, ဆရာသည် င-ဝါကျဖြင့် သမ္ပယုတ်ဖြစ်သော နမ်တရားတို့သည် တည်ကုန်, မျှကုန်, စောင့်ကုန်၏–ဟု ဆိုတော်မူ၏။ ဤသို့ဆိုသည်ရှိသော်, ဖြစ်သင့်သော အကျိုးဖလကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

[င–စ–နှစ်ဝါကျကို တစ်ဝါကျအနေထားတက်လျှင် င–ဝါကျ ကျမ်းတက်အတိုင်းတက်။]

ရှုတနဒ္ဓဂုဏ်ရှည် (ဂ၇)

http://www.dhammadownload.com



## ဒေါသပယ်ပုံ

( ခ ) ဝါကျဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်၏။

( ဂ ) ဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

( င ) ဝါကျဖြင့်လည်း-ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် အဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် ကရဏ, ဖလ ဆန့်ကျင်သော ဝိရောဓိဒေါသ၊ မန္ဒံစပ်သော အဗျာပိတဒေါသကို ပယ်၏။

တသွာထားရပုံ။ ဂ-ဝါကျ။ ရသင့်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသော ကြောင့် တသ္မာ ထား၏။

(စ) ဝါကျ။ တည်သည်၏အဖြစ်, တည်ကြောင်း၏အဖြစ် အစရှိသော အကြောင်း ကာရဏကို ပြလိုသောကြောင့် တသ္မာထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အာယာပနဋ္ဌေနကို ထောက်၍-အယတိ ဧတေနာတိ အာယုဟု ပြု၊ [အယဓာတ်+ဏုပစ္စည်း- ဖြစ်ခြင်း, တည်ခြင်း ကြိယာခွဲ။]

(ခ-ဂ) ဝါကျ။ အယန္တိ တသ္မာကိုထောက်၍-အယန္တိ ဧတေနာတိ အာယုဟု ပြု၊ [ယခင်အတိုင်းခွဲ။]

## လိင်စသည် စိစစ်ပုံ

(ဂ) ဝါကျ။ အာယု-(ယောဟုထောက်၍) ပုလ္လိင်-ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ်နာမ်ပုဒ်။ တစ်နည်း- (ရူ-အလို) နပုလ္လိင်-ရတ္တာဒိဂိုဏ်း၊ မနောဂဏာဒိဂိုဏ်း၊ ဥကာရန္တ၊ ကိတ် နာမ်ပုဒ်။ [အာယုသာတိ မနောဂဏာဒိတ္တာ သိဒ္ဓံ။ (ရူ) ယောနံ့ နိ နပုံသကေဟိသုတ် အဖွင့်။]

(င) ဝါကျ။ သတိ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ ယပေန္တိ, ယာပေန္တိ ပါလယန္တိ-အလိင်၊ စုရာဒိဂိုဏ်း၊ အကာရန္တ အာချာတ်ပုဒ်။

(စ) ဝါကျ။ ဌိတီတိ အာဒိနိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ထိုတွင်-ဌိတိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သမ္ဗယုတ္တကာနံဖြင့် အရူပီနံ ဓမ္မာနံ အရ–ဇီဝိတိန္ဒြေနှင့် ယှဉ်သော သမ္ပယုတ္တ အရူပဓမ္မတို့ကို ယူ–ဟု သိစေ၏။ (အဘိဓေယျတ္ထ) အရူပဓမ္မာနံဖြင့် အရူပီပုဒ်သည် အရူပပုဒ်ကဲ့သို့ [ဣ(ဏီ)ပစ္စည်း အနက်မရှိ၍] နာမ်ဟူသော အနက်ကိုဟောသည်၊ နာမလိင်္ဂတ္ထ) အရူပီနံပုဒ်နှင့် ဓမ္မာနံပုဒ်တို့၏ ဝိသေသန+ ဝိသေသျဖြစ်၍ အနက်အရ တူသည်၊ (နာမလိင်္ဂတ္ထ၊ အဘိဓေယျတ္ထ) သိစေ၏၊ အာယာပနဋ္ဌေနဖြင့် အာယုဋ္ဌ် အယဓာတ်၊ (ဒု-ဓာတုပဒ) ဏု ပစ္စည်း ကရဏသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) အယတိ တေနာတိ အာယု-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) တစ်နည်း။ အာယုသဒ္ဒါ အာယာပန အနက်ဟော၊ (နာမလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ ဟိ-ဖြင့် ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) တသ္မိံ သတိ အရူပဓမ္မာဖြင့် ဖြစ်ခြင်းဟူသည် အသက် ရှိလတ်သော် နာမ်တရားတို့သည် ဖြစ်ကုန်၏။ အသက်မရှိလျှင်ကား–နာမ်တရား တို့ မဖြစ်ကုန်-ဟု သိစေ၏။ (ဘာဝတ္ထ) အယန္တိနှင့် ဂ-ဝါကျရှိ တသ္မာဖြင့် အာယုဋ္ဌ် အယဓာတ်၊ (ဒု-ဓာတုပဒ) ဏုပစ္စည်း ကရဏသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) အယန္တိ တေနာတိ အာယု-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ဂစ္ဆန္တိဖြင့် အယန္တိ၌ အယဓာတ် ဂတိအနက်ဟော–ဟု သိစေ၏။ (ဓာတွတ္ထ)။ ပဝတ္တန္တိ၌ ဂတိသည် ပါပုဏန ဂတိမဟုတ်၊ ပဝတ္တန ဂတိ–ဟု သိစေ၏။ (ဓာတွတ္ထ)

## နိပါတ်ပုဒ်အနက်

(ခ) ဝါကျ။ ဟိ-ဒဠှီကရဏတ္ထ။ င-ဝါကျ ပန-ပက္ခန္တရတ္ထ။ တစ်နည်း- ဝါကျာ ရမ္ဘတ္ထ။ အာယုသ္မိံ ယေဝ၌ ဧဝ–အဝဓာရဏတ္ထ။

၁။ ရှိခြင်းကြိယာသည် ဂ....။
၂။ မရှိခြင်းကြိယာသည် နိ....။
၃။ အသက်ဇီဝိတိန္ဒြေ၏ တည်တတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် နု....။

## ကြိယာ၅-တန်ထုတ်ပုံ

(က) ဝါကျ။ အာယုအရ ဇီဝိတိန္ဒြေ၏ လက္ခဏာဒိ စတုက္ကကို မှီ၍ထုတ်။

(ဂ) ဝါကျ။ ဝုစ္စတိ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ယူ၍၊ တစ်နည်း-သတိဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ယူ၍ ထုတ်မြဲ။

(စ) ဝါကျ။ ဝုတ္တာနိ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ယူ၍၊ တပစ္စည်းအရ ငှိတိ-စသော ဝစီဘေဒသဒ္ဒကို ယူ၍ ထုတ်မြဲ။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ ယောအာယုအရ ဇီဝိတိန္ဒြေ စေတသိက်သည် သမ္ပယုတ္တကာနံ အရူပဓမ္မာနံအရ သံမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ-ည-နိ-ဏ္ဍ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) ဝါကျ။ ထသို့သတိအရ ဇီဝိတိန္ဒြေယူ၍ အရူပဓမ္မာ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိတို့အရ သမ္ပယုတ် စိတ္တုပ္ပါဒ်ယူပြီးလျှင် ယခင်အတိုင်း သဟမျိုးပြိုင်။

(ဂ) ဝါကျ။ အာယူတိ ဝုစ္စတိ၌ အာကာရနှင့် ကြိယာပုဒ် ပြိုင်နည်းအရ အာရမ္မဏမျိုး, သဟမျိုးပြိုင်။

(ဃ) ဝါကျ။ အာယုသို့ယေဝ သတိအရကို ဇီဝိတိန္ဒြေယူ၍ တိဋ္ဌန္တိ....ပ.... ပါလယန္တိတို့အရ သမ္ပယုတ် စိတ္တုပ္ပါဒ်ယူပြီးလျှင် က-ဝါကျက အတိုင်း သဟ-မျိုးပြိုင်။

(င) ဝါကျ။ ဝုတ္တာနိ၌ ဝစဓာတ်အရ ဒေသနာဉာဏ်သည် ဌိတိတိအာဒီနိနှင့် ထိုဝုတ္တာနိ၌ တပစ္စည်းတို့အရ ဌိတိ-စသော ဝစီဘေဒသဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-နိ-ဏ္ဍ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

http://www.dhammadownload.com

# ၉၅-ဋ္ဌိတိစသောပုဒ်တို့၏ ဝစနတ္ထအဖွင့်

(က) ဝစနတ္ထော ပနေတ္ထ တောယ တိဋ္ဌန္တီတိ ဋ္ဌိတိ။

(ခ) ယပေန္တီတိ ယပနာ။ တထာ ယာပနာ။

(ဂ) ဝေ'ဗုဒ္ဓန္တာနံ ပန ဝသေန ပုရိမပဒေ ရဿတ္တံ ကတံ။

(ဃ) တောယ ဣရိယန္တီတိ ဣရိယနာ။ ဝတ္တန္တီတိ ဝတ္တနာလပါ။ ယန္တီတိ ပါလနာ။

(င) ဇီဝန္တိ တေနာတိ ဇီဝိတိန္ဒြိယံ။ [ဋ္ဌ-၁၉၃]

**အနက်ထူး။ ဂ-ဝါကျ။ ကိဋ္ဌာပိကို ဝါကျထည့်၍ ပေးသော်—**

ဒိဋ္ဌမ္ဗိ ၂—ပါးလည်း ဖြစ်ကုန်သော၊ဣမေသံ ပဒါနံ-ဤယပနာ, ယာပနာဟူသော ပုဒ်တို့၏၊ အတ္ထတော-အနက်အားဖြင့်၊ သမာနံ-တူသည်၊ကိဋ္ဌာပိ - ဟောတိ-အကယ်၍ ကားဖြစ်၏၊ ဝါ—ကိဋ္ဌာပိသမာနံ—အကယ်၍ကား တူ၏။ တစ်နည်း—အတ္ထတော—အားဖြင့်၊ နာနတ္တံ-ထူးသည်၏အဖြစ်သည်၊ ကိဋ္ဌာပိနတ္ထိ-အကယ်၍ကားမရှိ။ [ဣမေသံ ဒိဋ္ဌမ္ဗိ ဒုကာနံ ကိဋ္ဌာပိ အတ္ထတော နာနတ္တံ နတ္ထိ ဟူသော ဋ္ဌ—ဂ၉ ကိုမှီ၍ ဤ၌ ကိဋ္ဌပိဝါကျထည့်သည်။ ထို့ပြင် ကတံ၏ ကတ္တားကို ဘဂဝတာ-ဟုထည့်။]

### ကျမ်းတက်

### ဋ္ဌပနာပဋ္ဌက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဋ္ဌိတိစသော ပုဒ်များ ဟောရခြင်းအကြောင်းကို၊ ဝါ—ဋ္ဌိတိစသောပုဒ်များ၏ သဒ္ဒတ္ထကို ပြဆိုတော်မူ၏။....သော်, ထိုဋ္ဌိတိ စသောပုဒ်တို့၏ ဝစနတ္ထကိုလည်း ဆက်လက်ပြဆိုသင်သေးသည် မဟုတ်ပါလော၊ ဝါ-ဋ္ဌိတိစသောပုဒ်တို့၏ ဝစနတ္ထကို ဆက်လက်မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ဆရာ,မြတ်စွာဘုရားသည် ယပနာ, ယာပနာ ဟု ဟောတော်မူ၏၊ ဤသို့ပင် ဟောသော်လည်း ဤယပနာ ယာပနာ နှစ်ပုဒ်တို့သည် အနက်တူနေသည် မဟုတ်ပါလော၊ ဝါ—အနက်အားဖြင့် အထူးမရှိသည် မဟုတ်ပါလော၊ ထို့ကြောင့် ဤယပနာ, ယာပနာ နှစ်ပုဒ်တို့ကို မဟောသင့်, တစ်ပုဒ်ပုဒ်ကိုသာ ဟောသင့်၏။ တစ်နည်း-ယာပနာ-ဟူသော နောက်ပုဒ်ကို မဟောသင့်၊ ယပနာ ဟူသော ရှေ့ပုဒ်ကိုသာ ဟောသင့်၏။ တစ်နည်း—ယာပနဟူသော နောက်ပုဒ်ကိုသာ ဟောသင့်၏၊ ယပနာဟူသော ရှေ့ပုဒ်ကို မဟောသင့်, အဘယ်၏အစွမ်းဖြင့်၊ ဝါ—အဘယ်ကြောင့် နှစ်ပုဒ်ကို ဟောရပါသနည်း၊ ဤသို့မေးဖွယ်ရှိသောကြောင့် ဂ-ဝါကျကိုမိန့်၏ အဓိပ္ပာယ်ကား-ထိုသို့အနက်တူသော်လည်း ယပနာ ,ယာပနာ-

http://www.dhammadownload.com



ဟူသော နှစ်ပုဒ်ဖြင့် သိကုန်သော သူတို့၏အစွမ်းဖြင့် ယပနာ ဟူသော ရှေ့ပုဒ်၌ ရဆံပြု၍ ဟောရသည်—ဟူလို၊ ဝါ·ဝေနေယျဇ္ဈာ သယအားဖြင့် ဟောရသည်·ဟူလို။ စောဒနာတက်လျှင်—ပုနရုတ္တိ ဒေါသတင်။

## ပါပနာဒိကျမ်းတက်

(ဂ) ဝါကျ။ ဤယပနာ, ယာပနာ နှစ်ပုဒ်တို့သည် အနက်အားဖြင့် ထူးကုန်၏–ဟူသောအနက်သည်၊ တစ်နည်း-ထိုသို့နှစ်ပုဒ်ဟောရခြင်းအကြောင်းကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နှ·ပါ)....ပ....ဤနှစ်ပုဒ်တို့၏ အနက်ထူး မရှိပုံနှင့် ဟောရခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နု·ရော)....စသည်။ အဓိပ္ပာယ်ကား–ဂ–ဝါကျဖြင့် ဤနှစ်ပုဒ်တို့၏ အနက်ထူးမရှိပုံနှင့် ဟောရခြင်း အကြောင်းတို့ကို ပြဆိုသောကြောင့် ဘုရားရှင်အား ပုနရုတ္တိဒေါသ, ဆရာအား အဗျာပိတဒေါသ မရောက်ဟူလို။

## ဒေါသပယ်

(ခ·က) တို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။

( ဂ ) ဖြင့် ပါဠိတော်ကို ထောက်ဆလျှင်—ပုနရုတ္တိ ဒေါသ, ကေတ္တဒေါသ၊ ရှေး ခ–ကိုထောက်လျှင် အဗျာပိတဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ တိဋ္ဌန္တိ တောယာတိ ဌိတိ။ [ဌာဓာတ် + တိပစ္စည်း၊ တည်ခြင်း ကြိယာခွဲ။]

(ခ) ဝါကျ။ ယပေန္တိ တောယာတိ ယပနာ၊ [ယပဓာတ်+ယုပစ္စည်း၊ မျှခြင်း ကြိယာခွဲ။] ယာပေန္တိ တောယာတိ ယာပနာ။ (ယပနာနှင့် နည်းတူခွဲ)

(ဂ) ဝါကျ။ ဗုဇ္ဈန္တီတိ ဗုဇ္ဈန္တာ (တေသံ) [ဗုဓဓာတ်+(ယပစ္စည်း)အန္တပစ္စည်း၊ သိခြင်းကြိယာခွဲ။]

(ဃ) ဝါကျ။ ဣရိယန္တိတောယာတိဣရိယာ။ [ဣရိယဓာတ်+ယုပစ္စည်းဖြစ်ခြင်း, အသက်မွေးခြင်း ကြိယာခွဲ။] ဝတ္တန္တိ တောယာတိ ဝတ္တနာ။ [ဝတ္တ (ဝတု) ဓာတ်+ယုပစ္စည်း၊ ဖြစ်ခြင်းကြိယာခွဲ။] ပါလယန္တိ တောယာတိ ပါလနာ။ [ပါလဓာတ်+ယုပစ္စည်း စောင့်ခြင်းကြိယာခွဲ။]

http://www.dhammadownload.com



## လိင်စသည် စိစစ်ပုံ

တထာ–အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ တစ်နည်း-(ရုပ်တည်ခိုက်) အကာရန္တ၊ နိပါတ်ပုဒ်၊ အဗျာယတဒ္ဓိတ်ပုဒ်။ ဗုဇ္ဈန္တာနံ-ပုလ္လိင်၊ ဂစ္ဆာန္တာဒိဂိုဏ်းခွဲ။ ဣရိယန္တိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ် [ဣရိယ+အ+အန္တိ]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ တေသယ တိဋ္ဌန္တိတိဖြင့် ဋီတိ၌ ဌာဓာတ်၊ (ဒုႋဓာတုပဒ) တိပစ္စည်း ကရဏသာဓ်အနက်ဟော၊ (ဒုႋပစ္စယတ္ထ) တိဋ္ဌန္တိ တေသယာတိ ဋီတိဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ [(တေသယ) ယပေန္တိတိ, တထာ ယာပနာ, တေသယ ဣရိယန္တိ, တေသယ ဝတ္တန္တီတိ, တေသယ ပါလယန္တီတိတို့၌လည်း ဤနည်းမှီဖော်၊ ယုပစ္စည်း ကရဏသာဓ် ချည်းတည်း။]

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ပနဒြဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ၊ တစ်နည်း-ပက္ခန္တရတ္ထ။

(ခ) ဝါကျ။ တထာ-ပဋိဘာဂတ္ထ၊ ဥပမေယျ ဇောတက၊ ဥပမာနိဂမနတ္ထ၊ တစ်နည်း-ယပနာကို ဆွဲငင်သော အနုကဍ္ဎနတ္ထ။

(ဂ) ဝါကျ။ ဝေ=နိဒဿနတ္ထ၊ ဣဒမတ္ထ။ ပန–(စပ်ရာဖြစ်သော ကတံပုဒ်၏ အနက်သည် မြင့်မြတ် အားကောင်းသောကြောင့် စပ်ရာပုဒ်၏ အနက်ကို စွဲ၍) အနုဂ္ဂဟတ္ထ၊ သမ္ဘာဝနတ္ထ။

[ရှင်းချက် ကာမာဝစရပုဒ်အဖွင့် (ခ)၌ရှု။]

## ကြိယာ ၅-တန်ထုတ်ပုံ

ဗုဇ္ဈန္တာနံ၌ ထုတ်ပုံကို ပထမတွဲ-ဟေတု ဂေါစ္ဆကအဖွင့် (ခ)၌ ရှု။ ကတံ၌ ကရဓာတ် အရ—

၁။ ဒေသနာဉာဏ်သည်....။
၂။ အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ ယပနာ-ဟူသော ဝစီဘေဒ သဒ္ဒသည်....။
၄။ ပါရမီဉာဏ် စသည်တို့သည်....။
၅။ တရားနာရခြင်း အနက်အဓိပ္ပာယ် သိရခြင်း မဂ်-ဖိုလ်-နိဗ္ဗာန် ရခြင်း စသည်တို့သည်....။

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ တောယအရ ဇီဝိတိန္ဒြေ စေတသိက်သည် တိဋ္ဌန္တိအရ သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဍ္ဍ-သံ-တ္ထိ-အဝိ (၇)။ [ (တောယ) ယဓေပန္တိ၊ တောယ ဣရိယန္တိ၊ (တောယ) ဝတ္တန္တိ၊ (တောယ) ပါသယန္တိ-တို့၌လည်း ဤနည်းမှိုပြိုင်။]

(ဂ) ဝါကျ။ ကတံ၌ ကရဓာတ်အရ — ဒေသနာဉာဏ်သည် ဗုဇ္ဈန္တာဒန်၌ ဗုဓ ဓာတ်အရ ဝေနေယျတို့၏ မဂ်ဉာဏ်-ဖိုလ်ဉာဏ်အား၊ တစ်နည်း-ဉာဏ်ပြဓာန်း သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏၊ ပြိုင်-မရှိ။ ဝသေနအရ အစွမ်းသတ္တိ(အလိုဆန္ဒ)သည် ကတံ၌ ကရဓာတ်အရ-ဒေသနာ ဉာဏ်အား ပကတူ....ပြု၏၊ ပြိုင်-မရှိ။ ဘဂဝတာဟူသော ပါဋ္ဌသေသအရ ဒေသနာ ဉာဏ်သည် ကတံ၌ ကရဓာတ်အရ မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အား သဟ....ပြု၏၊ ပြိုင်-ဟေ-ဓိ-သဟ-ည-နိ-ဍ္ဍ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။ ကတံ၌ ကရဓာတ်အရ ဒေသနာဉာဏ်သည် ရဿတ္တံပုဒ်နှင့် ထို ကတံ၌ တပစ္စည်း တို့အရ ရဿပြု၍ ဟောအပ်သော ယပနာ—ဟူသော ဝစီဘေဒသဒ္ဒအား သဟ ...ပြု၏၊ ပြိုင်-ဟေ-ဓိ-သဟ-နိ-ဍ္ဍ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉)။

(င) ဝါကျ။ ဓောနအရ ဇီဝိတိန္ဒြေစေတသိက်သည် ဇီဝန္တိအရ သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဍ္ဍ-သံ-တ္ထိ-အဝိ (၇)။ ကာရေတိ အရ ဇီဝိတိန္ဒြေစေတသိက်သည် သမ္ပယုတ္တဓမ္မေ-ဟူသော ပါဋ္ဌသေသ ကာရိတ်ကံပုဒ် အရ သမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဍ္ဍ-သံ-တ္ထိ-အဝိ (၇)။

....❀....

http://www.dhammadownload.com

# ၉၆-ဟိရိဗလ နိဒ္ဒေသအဖွင့်

(က) ဟိရိဗလ နိဒ္ဒေသေ ယံ တသ္မိံ သမယေတိ–ယေန ဓမ္မေန တသ္မိံ သမယေ။

(ခ) လိင်္ဂဝိပလ္လာသံ ဝါ ကတွာ....ပ....အတ္ထော ဝေဒိတဗ္ဗော။

(ဂ) ဟိရိယိတဗ္ဗေနာတိ ဥပယောဂတ္ထေ ကရဏဝစနံ။

(ဃ) ဟိရိယိတဗ္ဗ ယုတ္တကံ ကာယဒုစ္စရိတာဒိ ဓမ္မံ ဟိရိယတိ ဇိဂုစ္ဆတီတိ အတ္ထော။

(င) ပါပကာနန္တိ လာမကာနံ။....ပ....အကောသလ္လသမ္ဘူတာနံ ဓမ္မာနံ။

(စ) သမာပတ္တိယာတိ ဣဒမ္ပိ....ပ....ဇိဂုစ္ဆတီတိ အတ္ထော။ [ဌ-၁၉၄]

အနက်ထုး။ ။ဤသံဝဏ္ဏာများအရ (ဌ) အလို သံဝဏ္ဏေတဗ္ဗ ပါဠိတော် အနက် ယံ (ယေန ဓမ္မေန)-အကြင်တရားကြောင့်၊ တစ်နည်း-ယံ (ယော ဓမ္မော)-အကြင်တရားသည်၊ ဟိရိယိတဗ္ဗေန (ဟိရိယိတဗ္ဗံ)–စက်ဆုပ်ခြင်းငှာ လျောက်ပတ်သော ကာယ ဒုစရိုက်စသော အကုသိုလ်တရားကို၊ ဟိရိယတိ-စက်ဆုပ်တတ်၏၊ သမာပတ္တိယာ-ရောက်ခြင်းကို၊ ဟိရိယတိ-၏၊ ဋီကာအလို-ဟိရိယိတဗ္ဗေန - စက်ဆုပ်ခြင်းငှာ လျောက်ပတ်သော ကာယဒုစရိုက်စသော အကုသိုလ် တရားကြောင့်၊ ယံ ဟိရိယတိ-အကြင် စက်ဆုပ်တတ်၏ (ယံ-ကား ကြိယာပရမသန ဘာဝနပုံသက) သမာပတ္တိယာ-ရောက်ခြင်းကြောင့်၊ ယံ-ဟိရိယတိ-၏•

(ဂ) ဝါကျ။ ဟိရိယိတဗ္ဗေနာတိတ္ထေ-ဟူသော ဤ ပုဒ်၌၊ ဣဒံ (တော်) ဤ တတိယာဝိဘတ်သည်၊ ဥပယောဂတ္ထေ-ဒုတိယာအနက်၌။ ကရဏဝစနံ-တတိယာ ဝိဘတ်တည်း။ တစ်နည်း-ဟိရိယိတဗ္ဗေနာတိ ဣဒံ (တော်)-ဟူသော ဤပုဒ်သည်၊ ဥပယောဂတ္ထေ-၌၊ ကရဏဝစနံ–တတိယာဝိဘတ်ရှိသောပုဒ်တည်း။

[ဆောင်] တော်မလွဲ၊ ဝိဘတ်စွဲလျှင်၊ ထင်အောင်ဝိဘတ်၊ မှတ်ရှေးမြဲ၊ ပုဒ်စွဲရှိက၊ အဿတ္ထိအနက်၊ ထွက်အောင်သမ္ဘန်မြဲ။ [ဘုရားကြီး-နိ-၇၅-၆။]

ကျမ်းတက်

ဥပနာပဋ္ဌက ပုစ္ဆာတက်

(ခ) ဝါကျ။ ဆရာ့ဆရာသည်၊ က-ဝါကျဖြင့် ယံ၌ပထမာဝိဘတ်သည် ကာရဏတ္ထ၌ဖြစ်သော-ဟု ဆိုတော်မူ၏။....သော်၊ ထိုပထမာဝိဘက်သည် ကာရဏတ္ထ၌

ရှတနာဂုက်ရှည် (၁၁)

F.89 A

http://www.dhammadownload.com



သာလျှင်ဖြစ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....ထိုယ်သဒ္ဒါ၏ လိင်္ဂဝိပလ္လာသ အဖြစ်နှင့် ပဌမာဝိဘတ်၏ ပစ္စတ္တတ္ထ, ကတ္တတ္ထ၌ ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။

(ဂ) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဟိရိယိတဗ္ဗေန-ဟု ဟောတော်မူ၏။ ဤမျှသာပြဆိုချေသော်, ဟိရိယိတဗ္ဗေန၌ နာဝိဘတ်သည် ကရိုဏ်းအနက်၌ ဖြစ်သည် ဟုမှတ်အပ်သည် မဟုတ်ပါလော။....ပ....နာဝိဘတ်၏ ဥပယောဂတ္ထ၌ ဖြစ်သည်ကို လည်း ပြဆိုသင့်သေး၏၊....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည်၊ ၈-ဝါကျဖြင့် ဟိရိယိတဗ္ဗေနပုဒ်၌ ဒုတိယာ အနက်ဝယ် တတိယာဝိဘတ်တည်း-ဟု ဆိုတော်မူ၏။....သော်, ဟိရိဘဗ္ဗေနပုဒ်၏ ဒုတိယာဝိဘတ်အနတ် (ကံအနက်) သမ္ဗန်ရမည်ကိုလည်း ထင်ရှားစွာ အကျယ်ချဲ့၍ ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ ....စသည်။

(စ) ဝါကျ။ ပိကိုင့်တက်သော်-ဆရာ, ဆရာသည်၊ ၈-ဝါကျဖြင့် ဟိရိယိတဗ္ဗေန ပုဒ်သည် ဒုတိယာအနက်၌ တတိယာဝိဘတ်ရှိသော ပုဒ်တည်း-ဟု ဆိုတော်မူ၏၊.... သော်, ဟိရိယိတဗ္ဗေနပုဒ်သည်သာ ဒုတိယာအနက်၌ တတိယာဝိဘတ် ရှိသောပုဒ် ဖြစ်သည် ဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....သမာပဇ္ဇိတဗ္ဗာ-ဟူသောပုဒ်လည်း လည်း ဒုတိယာအနက်၌ တတိတာဝိဘတ်ရှိသော ပုဒ်ဖြစ်သည်-ဟု ပြဆိုသင့်သေး၏။ ....စသည်။

[ဤကဲ့သို့ ပိကိုင့်၍ ကျမ်းတက်ရာ၌ ၈-ဝါကျ အနက် နှစ်နည်း ပေးခဲ့ရာတွင် နောက်နည်းကို ရည်ရွယ်၍တက်သည်။ သို့မှလည်း စ-ပိ-သဒ္ဒါ၊ ဆည်းလေရကား ကံမှာကံချင်း၊ ကတ္တားချင်းဟူသော ဘုရားကြီးနိယံ-၉၁-နှင့်အညီ ပိသဒ္ဒါဆည်းပုံ ယထာဘူတကျမည်။

(ဂ) ဝါကျ။ ဟိရိယိတဗ္ဗေနာတိတ္တေ - ဟူသော အာဓာရ အနက်ပေးသော နိဿယအနက်ကို ရည်ရွယ်တက်လျှင် စ-ဝါကျရှိ သမာပဇ္ဇိတဗ္ဗာတိ-ဣဒမ္ပိ-ဟူသော ပုဒ်၏ကတ္တားအနက်နှင့် ပိသဒ္ဒါဆည်းနည်း ယထာဘူတကျမည် မဟုတ်။ ဟိရိယိ-တဗ္ဗေနာတိကို အာဓာရနှင့် ကတ္တားအနက်နှစ်မျိုး ပေးနိုင်သော်လည်း သမာပဇ္ဇိ-တဗ္ဗာတိ ဣဒမ္ပိပုဒ်ကိုကား ကတ္တားအနက်တစ်မျိုးသာ ပေးနိုင်ပါသည်။]

## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ။ ထိုပဌမာဝိဘတ်သည် ကာရကတ္ထ၌သာလျှင် ဖြစ်၏- ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဂ) ဝါကျ။ ဟိရိယိတဗ္ဗေန၌ နာဝိဘတ်သည် ကရိုဏ်းအနက်၌ ဖြစ်သည်- ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဟိရိယိတဗ္ဗေနပုဒ်၏ ဒုတိယာဝိဘတ်အနက် (ကံအနက်) သမ္ဗန် ရမည်ကို ထင်ရှားစွာ အကျယ်ချဲ့၍ မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ....စသည်။

(စ) ဝါကျ။ ဟိရိယိတဗ္ဗေနပုဒ်သည်သာ ဒုတိယာအနက်၌ တတိယာဝိဘတ်ရှိသော ပုဒ်ဖြစ်သည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)....ပ....သမာပတ္တိယာ ဟူသော ပုဒ်သည်လည်း ဒုတိယာအနက်၌ တတိယာဝိဘတ်ရှိသောပုဒ် ဖြစ်သည်-ဟု ပြဆိုသင့်သေး၏၊ (နု-ရော)....စသည်။

[အဗျာပိတဒေါသ—သင့်, ပယ် ထင်ရှားပြီ။]

ဝါသဒ္ဒါလဲပုံ။ ။(ခ) ဝါကျ။ ယံပုဒ်၏ နပုလ္လိင် အနက် အကြောင်းနှင့် ကာရကအနက် အကြောင်းမှတစ်ပါး၊ လိင်္ဂဝိပလ္လာသ ပုလ္လိင်အနက်အကြောင်းနှင့် ပစ္စတ္တတ္ထ, ကပ္ပတ္ထ ဟူသော အနက်အကြောင်းတို့ကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ လိနံ(အပါတ၌)+အင်္ဂလိင်္ဂ။ လိနမတ္ထံ ဂမယတိ ဗောဓေတီတိ လိင်္ဂ။ ဝိပလ္လာသနံ (ဝိပရိတ ဘဝနံ) ဝိပလ္လာသော။ [မဏိမဥ္ဇူ—ဒု ၅၆၄] ]ဝိ+ပရိပုဗ္ဗ+အသု(အသ)ဓာတ်+ဏပစ္စည်း၊ ဖောက်ပြန်ခြင်းကြိယာခွဲ။ ]တစ်နည်း- အသနံ အာသော၊ ဝိပရီတော+အာသော ဝိပလ္လာသော။

၂။ ဖောက်ပြန်သောဂုဏ်၏ ဖြစ်ခြင်းနှင့် ဝိသေသန+ဝိသေသျ ဂုဏ်+ဂုဏေး.... စပ်....။

၄။ ဖောက်ပြန်စွာဖြစ်ခြင်း ကြိယာသည်....။

[ဝိပလ္လာသန္တိ ဝိပရီတာ ဘဝန္တိ ဧတေန တံသမင်္ဂိနောတိ ဝိပလ္လာသော— လည်းကောင်း မဏိမဥ္ဇူဝိဂ္ဂဟနှင့် ဝိပရီတံ အသတိ (အသန္တိ) ဂစ္ဆတိ (ဂစ္ဆန္တိ) ဧတေနာတိ ဝိပလ္လာသော—ဟု ပြုကြသော ဝိဂ္ဂဟများမှာ ဤနေရာနှင့် သက်ဆိုင် အံ့မထင်၊ သညာ—စိတ္တ—ဒိဋ္ဌိ—ဟူသော ဝိပလ္လာသတရားများ ကောက်ရသော အရာ ဌာနနှင့်သာ ဆိုင်မည်။[ လိင်္ဂဿ+ဝိပလ္လာသော လိင်္ဂဝိပလ္လာသော။ (တံ)

၂။ ယော—ဟူသော ပုလ္လိင်၏ ယံ—ဟု ဗုလ္လိင်ပြန်ခြင်းနှင့် ဝိကာရီ + ဝိကာရ ....စပ်....။

၄။ လိင်ပြန်ခြင်း ကြိယာသည်....။

(ဂ) ဝါကျ။ ကရီယတေ အနေနာတိ ကရဏံ။ (ရူ) ဝုစ္စတိ အနေနာတိ ဝစနံ၊ (အဝုတ္တ ကတ္တုသာဓန) အတ္ထံ ဝစတီတိ ဝစနံ။ (ဝုတ္တကတ္တုသာဓန) ကရဏံ+ဝစနံ ဧတဿာတိ ကရဏ ဝစနံ။

http://www.dhammadownload.com



၂။ တတိယာဝိဘတ်၏ ဟိရိယိတဗ္ဗေနပုဒ်နှင့် အစိတ်+အပေါင်း....စပ်....။

၄။ တတိယာ ဝိဘတ်ရှိခြင်း-ဟူသော ဂုဏ်သည်, တစ်နည်း-တတိယာဝိဘတ်ရှိသော ပုဒ်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(ဃ) ဝါကျ။ ဟိရိယနံ ဟိရိယိတဗ္ဗံ။ ယုဉ္ဇတီတိ ယုတ္တံ။ ယုဉ္ဇတေ ဝါ ယုတ္တံ။ ဟိရိယိတဗ္ဗေန+ယုတ္တံ ဟိရိယိတဗ္ဗ ယုတ္တကံ။ (သမာသန္တ က-ပစ္စည်းတည်း)။ တစ်နည်း-ဟိရိယိတဗ္ဗဿ+ယုတ္တံ ဟိရိယိတဗ္ဗ ယုတ္တကံ (ကထိနဿ+ဒုဿံ+ကထိနဒုဿံကဲ့သို့ စတုတ္ထီ တပ္ပုရိသ်သမာသ်)။

၂။ ရှက်ခြင်း, စက်ဆုပ်ခြင်း၏ ယှဉ်သော လျောက်ပတ်သော ဂုဏ်နှင့် ဝိသေသန+ဝိသေသျ....စပ်....။

၄။ ရှက်ခြင်း, စက်ဆုပ်ခြင်းငှာ လျောက်ပတ်သော ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

ဟိရိယတိ-အလိင်၊ ဒိဝါဒိဂိုဏ်း။ ဤကာရန္တ၊ အာချာတ်ပုဒ် (ဟိရိ+ယ+တိ) ဇိဂုစ္ဆတိ-အလိင်၊ နောဝိကရဏဂိုဏ်း၊ တစ်နည်း- ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်၊ [ဂုပ+ဆ+တိ] သမာပတ္တိယာ, သမာပတ္တိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ သမင်္ဂီ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ယေနဖြင့် ယံ၌ ပထမာ ဝိဘတ်သည် ပစ္စတ္တတ္ထ, ကတ္တတ္ထ၌ သက်သည်မဟုတ် ကာရကတ္ထ၌ သက်သည်-ဟု ဘိစေ၏၊ (ဝိဘတျတ္ထ) ဓမ္မေနဖြင့် ယ၏အစွဲ ဝိသယကို သိစေ၏။ (သဗ္ဗနာမလိင်္ဂတ္ထ)။

(ခ) ဝါကျဖြင့် ယော-ဟု ပုလ္လိင်ဖြင့် ဟောသင့်လျက် ယံ-ဟု နပုလ္လိင်ပြန်၍ လိင်္ဂဝိလ္လာသအားဖြင့် ဟောအပ်သည်၏ အဖြစ် (ဘာဝတ္ထ) ပထမာဝိဘတ်၏ ပစ္စတ္တတ္ထ, ကတ္တတ္ထ၌ သက်သည်၏အဖြစ်၊ (ဝိဘတျတ္ထ) ယသဒ္ဒါ၏ ဓမ္မကို စွဲသည်အဖြစ်၊ (သဗ္ဗနာမလိင်္ဂတ္ထ) လိင်္ဂဝိပလ္လာသ အားလျော်စွာ ယောဓမ္မော တသ္မိံ သမယေ-ဟု ပုလ္လိင်အားဖြင့် အနက်ကိုလည်း ယောဇနာအပ်သည်, သိအပ်သည်အဖြစ်၊ (အတ္ထ၊ ဘာဝတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဥပယောဂတ္ထေ ကရဏဝစနံဖြင့် ဟိရိယိတဗ္ဗေန၌ တတိယာနာဝိဘတ်၏ ဒုတိယာဝိဘတ်အနက်၌ သက်သည်၏အဖြစ် (ဝိဘတျတ္ထ) နေ၏ နာဝိဘတ်၏ ကာရိယအဖြစ်၊ (ဝိဘတ္တိပဒ) သိစေ၏။

(ဃ) ဝါကျ။ ဟိရိယိတဗ္ဗ ယုတ္တကံဖြင့် ဟိရိယိတဗ္ဗေန၌ တဗ္ဗ ပစ္စည်း ယုတ္တ, အရဟ အနက်၌ သက်သည်၏အဖြစ်၊ (ဒု-ပစ္စယတ္ထ) နာဝိဘတ် ကံအနက်ကို

http://www.dhammadownload.com



ဟောသည်၏အဖြစ်၊ (ဝိဘတျတ္ထ) ဝါ-ဟိရိယိတဗ္ဗေနကို ကံအနက် သမ္ဗန်ရမည် အဖြစ်၊ (အတ္ထ၊ ဘာဝတ္ထ) သိစေ၏။ ကာယဒုစ္စရိတာဒိ ဓမ္မံဖြင့် ဟိရိယိတဗ္ဗအရ-ကာယဒုစရိုက်စသော အကုသိုလ်တရားကို ယူပါဟု သိစေ၏၊ (အဘိဓေယျတ္ထ) ဇိဂုစ္ဆတီတိ အတ္ထောဖြင့် ဟိရိယတိ၌ ဟိရိပာတ် ဇိဂုစ္ဆနအနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ)တစ်နည်း-ရှက်ခြင်းဟူသည် စက်ဆုပ်ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ)။

(င) ဝါကျ။ လာမကာနံဖြင့် ပါပသဒ္ဒါ လာမကအနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) အကောသလ္လ သမ္ဘူတာနံ ဓမ္မာနံဖြင့် ပညာကြောင့် ဖြစ်သည် မဟုတ်ကုန်သောတရားတို့၏ အကုသိုလ်မည်သည်၏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

(စ) ဝါကျ။ ဥပယောဂတ္ထေ ကရဏဝစနံဖြင့် သမာပတ္တိယာ၌ တတိယာ နာဝိဘတ်၏ ဒုတိယာအနက်၌ သက်သည်၏ အဖြစ်၊ (ဝိဘတျတ္ထ) ယာ၏ နာဝိဘတ်၏ ဓာရိယအဖြစ် (ဝိဘတ္တိပဒ) သိစေ၏။ ပိဖြင့် သမုစ္စယတ္ထ, သမ္ဘာဝ-နတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) တေသံ ဓမ္မာနံဖြင့် ဓမ္မာနံ အရ ဖွင့်ဆိုအပ်ပြီးသော အကုသိုလ်တရားတို့ကိုပင် ယူပါ-ဟု ပြန်ညွှန်း သိစေ၏၊ (အဘိဓေယျတ္ထ) သမာပတ္တိဖြင့် သမာပတ္တိယာကို ကံအနက်သမ္ဗန်ရမည်အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ပဋိသာဘံ သမင်္ဂီဘာဝံဖြင့် ရောက်ခြင်း-ဟူသည် ရခြင်း, ပြည့်စုံခြင်းပင်တည်း-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သမာပတ္တိကို သမာပဇ္ဇနံ သမာပတ္တိ-ဟု ဘာဝသာဓ် ဝိဂ္ဂဟပြုရမည် အဖြစ်၊ (ဒု-ပစ္စယတ္ထ) သိစေ၏။ ဇိဂုစ္ဆတီတိ အတ္ထောဖြင့် (ယခင်အတိုင်းဖော်)။

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ သမယေတိ၌ ဣတိ-ပဒတ္ထ ဝိပလ္လာသတ္ထ။

(ခ) ဝါကျ။ဝိပလ္လာသံ၌ ဝိသဒ္ဒါ ဝိရူပတ္ထ။ ပရိသဒ္ဒါ ပရိဝတ္တနတ္ထ။(တစ်နည်း) ဝိသဒ္ဒါ ဝိပရီတတ္ထ။ ပရိသဒ္ဒါ-ဓာတွတ္ထာနုဝတ္တက။ ဝါ-သဒ္ဒါ အတ္ထန္တရဝိကပ္ပနတ္ထ။ ဣတိသဒ္ဒါ နိဒဿနတ္ထ။ ပိ သဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

ထို ပိဖြင့် ယံ၌ ယေန ဓမ္မေန ဟူသော ကာရဏအနက်ကိုသာ သိအပ်သည် မဟုတ်သေး၊ ယော ဓမ္မော ဟူသော ပစ္စတ္တတ္ထ, ကတ္တုတ္ထ ဟူသော အနက်ကိုလည်း သိအပ်သေး၏ဟု သမ္ဘာဝနာကာရပြုသည်။

(စ) ဝါကျ။ သမာပတ္တိယာတိ၌ ဣတိ-ပဒတ္ထ ဝိပလ္လသတ္ထ, နိဒဿနတ္ထ၊ ပိ-သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ထို ပိဖြင့် ဆိုခဲ့ပြီးသော ဟိရိယိတဗ္ဗေနပုဒ်သည်သာ ဥပယောဂတ္ထ၌ တတိယာဝိဘတ်ရှိသောပုဒ် မဟုတ်သေး၊ သမာပတ္တိယာ ဟူသော ဤပုဒ်သည်လည်း ဥပယောဂတ္ထ၌ တတိယာဝိဘတ်ရှိသော ပုဒ်တည်းဟု သိစေသည်၊ ပေါင်းသည်၊ အဓိပ္ပာယ်ကို ပြသည်၊ (ပိဏ္ဍတ္ထ, သမ္ဘာဝနာကာရလည်း ဖြစ်သည်။)

http://www.dhammadownload.com



ကြိယာ ၅-တန်ထုတ်ပုံ

ယေန ဓမ္မေန, ယော ဓမ္မော, ဟိရိယတိ, ဇိဂုစ္ဆတိ တို့အရ–

၁။ ဟိရိရှိစေတသိက်သည်။

၂။ ယောနိသော မနသိကာရသည်....။

၃။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း မကောင်းမှုကိုသာ ပြုခြင်းတို့သည်....။

၄။ သဒ္ဓမ္မသဝန စသည်နှင့် အမျိုးဇာတ်ကို ဆင်ခြင်ခြင်း စသည်တို့သည်....။

၅။ ပီတိ, ပါမောဇ္ဇ ဖြစ်ခြင်းမှအစ မဂ်, ဖိုလ်နိဗ္ဗာန်အထိအကျိုးဆက်တို့သည်....။

(ဝေဒိတဗ္ဗာ၌လည်း ဝိဒဓာတ် အရကောက်၍ ထုတ်ပြ။)

ဟိရိယိတဗ္ဗေန, ဟိရိယိတဗ္ဗယုတ္တကံ, ကာယဒုစရိတာဒိ ဓမ္မံ, အကုသလာနံ ဓမ္မာနံ, အကောသလ္လသမ္ဘူတာနံ ဓမ္မာနံ အရကိုလည်း အကုသိုလ်စိတ္တုပ္ပါဒ်ယူ၍ ထုတ်ပြ။

ဝေဒိတဗ္ဗောထားရပုံ။ (ခ) ဝါကျ။ ဤ ယော ဓမ္မော တသ္မိံသမယေ ဟူသော အနက်ကို (ဝါ) ပထမာဝိဘတ်၏ ပစ္စတ္တတ္ထ, ကမ္မတ္ထ, အနက်ကို ဥပစာရတ္ထ, ဝက်ထ္တ, အနေကတ္ထအားဖြင့် သိရ ယူရမည်တု ပြလိုသောကြောင့် ဝေဒိတဗ္ဗော ထား၏။

ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ ဟိရိယိတဗ္ဗ ယုတ္တကံ ကာယဒုစ္စရိတာဒိ ဓမ္မံအရ ကာယဒုစရိုက် စသော အကုသိုလ်တရားသည် ဟိရိယတိ, ဇိဂုစ္ဆတိအရ-ဟိရီစေတသိက်အား (ဝါ) ဟိရီပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ, တစ်နည်း–ပကတူ....ပြု၏။ ပြိုင်....မရှိ။

တစ်နည်း-ဟိရိယတိ, ဇိဂုစ္ဆတိ အရ-ဟိရီသည် ဟိရိယိတဗ္ဗ ယုတ္တကံ ကာယ ဒုစ္စရိတာဒိ ဓမ္မံ အရ အကုသိုလ်စိတ္တုပ္ပါဒ်အား အာ-ဓိ-ဥပ (၃) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(င) ဝါကျ။ အကောသလ္လအရ မောဟသည် သမ္ဘူကာနံ ဓမ္မာနံ အရ မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်အား ဟေ-သဟ-ည-နိ-သံ-ဝိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၉၇-အလောဘ နိဒ္ဒေသ အဖွင့်

(က) အလောဘနိဒ္ဒေသေ အလုဗ္ဘနကဝသေန အလောဘော။

(ခ) န လုဗ္ဘတီတိပိ အလောဘော။

(ဂ) ဣဒမဿ သဘာဝပဒံ။

(ဃ) အလုဗ္ဘနာတိ အလုဗ္ဘနာကာရော။

(င) လောဘသမင်္ဂီ ပုဂ္ဂလော လုဗ္ဘိတော နာမ၊ န လုဗ္ဘိတော အလုဗ္ဘိတော။

(စ) အလုဗ္ဘိတဿ ဘာဝေါ အလုဗ္ဘိတတ္တံ။ [ဋ္ဌ-၁၉၃]

(ခ-ဝါကျရှိ ပိကို ဝါသဒ္ဒါအနက် ကြံ၍ပေးပုံ နိဿယအတိုင်းမှတ်။)

### ဋ္ဌပနာပဥ္စက ကျမ်းတက်

(ခ) ဝါကျ။ သရာ, ဆရာသည် က-ဝါကျဖြင့် အလောဘော၌ လောဘော ဝယ် ဏ ပစ္စည်း၏ ဘာဝသာဓ်အနက်နှင့် ဘာဝသာဓ်ဝိဂ္ဂဟ ပြုရသည်ကို ပြဆို တော်မူ၏....သော, ဆိုအပ်ပြီးသော ဘာဝသာဓ်အနက်နှင့် ဘာဝသာဓ်ဝိဂ္ဂဟ ကိုသာ ပြုရသည်ဟု မှတ်အပ်သည်မဟုတ်ပါသော၊....ပ....လောဘော၌ ဏပစ္စည်း၏ ကတ္တုသာဓ်အနက်နှင့် ကတ္တုသာဓ်ဝိဂ္ဂဟကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

ပိသဒ္ဒါထားလဲလှယ်ပုံ-ခ-ဝါကျ။ အလောဘောဝယ် ဏပစ္စည်းသည် ဘာဝသာဓ် အနက်ကိုသာ ဟောသည်မဟုတ်သေး၊ ကတ္တုသာဓ်အနက်ကိုလည်း ဟောသေး၏။

တစ်နည်း-ဘာဝသာဓ်ဝစနတ္ထအတိုင်းပြု၍ ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ် ပစနတ္ထကြောင့်သာ အလောဘမည်သည်မဟုတ်သေး၊ ကတ္တုသာဓ် ဝစနတ္ထ အတွင်းပြု၍ ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း အလောဘမည်သေး၏ဟူသော သမုစ္စည်း သမ္ဘာဝနာအနက်, ဝိကပ်အနက်တို့ကို ပြလို သောကြောင့် ပိသဒ္ဒါထား၏။

အလောဘော၌ လောဘောဝယ်ဏပစ္စည်း၏ ဘာဝသာဓ် အနက်အကြောင်း တစ်ပါး၊ကတ္တုသာဓ်အနက်အကြောင်းတစ်ပါးကိုလဲလိုသောကြောင့်ပိသဒ္ဒါထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အလုဗ္ဘနက၌ လုဗ္ဘိယတေ (လုဗ္ဘတေ) လုဗ္ဘနံ၊ လုဗ္ဘနမေဝ လုဗ္ဘနကံ။ န+လုဗ္ဘနကံ အလုဗ္ဘနကံ၊ [နီ-သစ်-ဒု-၃၇၀]

၂။ ပဋိသေဓဘောဂဏ်၏ တပ်မက်ခြင်းနှင့် ဂုဏ်+ဂုဏော....စပ်....။

၄။ မတပ်မက်ခြင်းကြီယာသည်၊ (ဝါ) အလောဘဓမ္မဖြစ်သည်....။

http://www.dhammadownload.com



(တစ်နည်း) လုဗ္ဘိယတေ (လုဗ္ဘတေ) လုဗ္ဘနံ။ န+လုဗ္ဘနံ အလုဗ္ဘနံ။ အလုဗ္ဘနမေဝ အလုဗ္ဘနကံ။

၂။ အလုဗ္ဘနပုဒ်+ကပစ္စည်း၊ မတပ်မက်ခြင်း၏ မတပ်မက်သော တရားနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ မတပ်မက်ခြင်းကြိယာသည်၊ ဝါ-အလောဘစမ္မဒြပ်သည်....။

## လိင်စသည် စိစစ်ပုံ

လုဗ္ဘတိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ်ပုဒ်။ [လုဘ+ယ+တိ] လောဘသမင်္ဂီ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အလုဗ္ဘနက ဝသေနဖြင့် အလောဘော၌ လောဘောဝယ် လုဘဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း ဘာဝသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) လုဗ္ဘနံ လောဘော-ဟု ဝိဂ္ဂဟ်ပြု၊ (အဘိဓာနတ္ထ) န+လောဘော အလောဘောဟု ကမ္မဓာရယ မိဿက တပ္ပုရိသ်သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ။ န လုဗ္ဘတိတိဖြင့် အလောဘော၌ အလောဘောဝယ် လုဘဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု—ပစ္စယတ္ထ) လုဗ္ဘတီတိ လောဘောဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+လောဘော အလောဘောဟု မိဿက တပ္ပုရိသ်သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နသဒ္ဒါ၏ ကာရိယ (နိပါတလိင်္ဂပဒ) သိစေ၏။ ပိ—ဖြင့် ဝိကပ္ပနတ္ထ, သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ)။

(ဂ) ဝါကျဖြင့် ဤ အလောဘော ဟူသောပုဒ်သည် ထိုအလောဘ၏ သဘော အားဖြင့် ရအပ်သောပုဒ်တည်းဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ)။

(ဃ) ဝါကျ။ အလုဗ္ဘနာကာရောဖြင့် အလုဗ္ဘနာ၌ လုဗ္ဘနာဝယ် လုဘဓာတ်၊ (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) လုဗ္ဘိယတေ (လုဗ္ဘတေ) လုဗ္ဘနာ-ဟု ဝိဂ္ဂဟပြု၊(အဘိဓာနတ္ထ) န+လုဗ္ဘနာ အလုဗ္ဘနာဟု မိဿကတပ္ပုရိသ်သမာသ်ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

(င) ဝါကျ။ လောဘသမင်္ဂီ ပုဂ္ဂလော လုဗ္ဘိတော နာမဖြင့် လုဗ္ဘတီတိ လုဗ္ဘိ-တောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၍ လုဗ္ဘိတောအရ—လောဘနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ယူရမည်အဖြစ်ကို သိစေ၏။ (အဘိဓေယျတ္ထ) န လုဗ္ဘိတောဖြင့် အလုဗ္ဘိတော၌ န+လုဗ္ဘိတော အလုဗ္ဘိတောဟု မိဿက တပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နသဒ္ဒါ၏ ကာရိယ၊ (နိပါတလိင်္ဂပဒ) သိစေ၏။

http://www.dhammadownload.com



(စ) ဝါကျ။ အလုဗ္ဘိတဿ ဘာဝေါဖြင့် အလုဗ္ဘိတတ္တံ၌ တ္တပစ္စည်း ဘာဝ အနက်၌သက် (ပစ္စယတ္ထ) အလုဗ္ဘိတဿ+ဘာဝေါ အလုဗ္ဘိတတ္တံဟု ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ အလုဗ္ဘနက, အလောဘောတို့၌ အသဒ္ဒါ ပဋိသေဓတ္ထ၊ ဝိရုဒ္ဓတ္ထ။

(ခ) ဝါကျ။ န လုဗ္ဘတိ၌ နသဒ္ဒါ-ပဋိသေဓတ္ထ, ဝိရုဒ္ဓတ္ထ။

ဣတိ–ဟေတွတ္ထဇောတက။ ပိသဒ္ဒါ, ဝါသဒ္ဒတ္ထ၊ ဝိကပ္ပနတ္ထ။ တစ်နည်း–သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ထိုပိသဒ္ဒါဖြင့် အလောဘော၌ လောဘောဝယ် ဏပစ္စည်းသည် ဘာဝသာဓ်အနက်ကိုသာ ဟောသည်မဟုတ်သေး၊ ကတ္တုသာဓ်အနက်ကိုလည်း ဟောသေးသည်ဟု သိစေ၏။

(ဃ) ဝါကျ၊ အလုဗ္ဘနာတိ၌ ဣတိသဒ္ဒါ—ပဒတ္ထ,ဝိပလ္လာသတ္ထ။

## ကြိယာ ၅-တန်ထုတ်ပုံအမှာ

အလုဗ္ဘနက, နလုဗ္ဘတိ, အလောဘော, အလုဗ္ဘနာကာရော, အလုဗ္ဘိတတ္တံပုဒ်တို့ အရ-အလောဘစေတသိက်ယူ၍ ထုတ်ပုံကို အလောဘဝစနတ္ထအဖွင့်၌ရှု။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ အလောဘော၌ လောဘောဝယ် လောဘစေတသိက်သည် အ-အရ-အလောဘစေတသိက်အား ပကတူ....ပြု၏။ ပြိုင်-မရှိ။

(စ) ဝါကျ။ ဘာဝေါအရ အလောဘစေတသိက်သည် အလုဗ္ဘိတဿ အရ-အလောဘသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇)။ စိတ္တဇရုပ်အား–ဟေ-သဟ-နိ-ဝိပ္ပ-တ္ထိ-အဝိ (၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အလုဗ္ဘိတတ္တံ၌လည်း မာဟျတ္တ တ္တ. ပစ္စည်းအရ အလောဘယူ၍ အဋ္ဌတ္ထဖြစ်သော အလုဗ္ဘိတပုဒ်အရ ယခင် အလုဗ္ဘိတဿပုဒ်အတိုင်း ကောက်ယူပြီးလျှင် ယခင်အတိုင်း သဟမျိုးပြိုင်။)

☆ ☆ ☆

http://www.dhammadownload.com

# ၉၈-အသာရာဂေါ စသည်အဖွင့်

(က) သာရာဂ ပဋိပက္ခတော....ပ....အသာရဇ္ဇိတတ္တံ။

(ခ) န အဘိဇ္ဈာယတီတိ အနဘိဇ္ဈာ။

(ဂ) အလောဘော ကုသလမူလန္တိ အလောဘသင်္ခါတံ ကုသလမူလံ။

(ဃ) အလောဘော ဟိ ကုသလာနံ ဓမ္မာနံ မူလံ ပစ္စယဋ္ဌေနာတိ ကုသလမူလံ။

(င) ကုသလဥ္စ တံ ပစ္စယဋ္ဌေန မူလဥ္စာတိပိ ကုသလမူလံ။ [ဋ္ဌ-၁၉၄]

အနက်ထူး။ (ခ) ဝါကျ။ နအဘိဇ္ဈာယတိ (သူ၏စည်းစိမ်သို့) ရှေးရှုမကြံတတ်၊ (ဈေခတ် စိန္တနတ္ထ) ဝါ-န အဘိဇ္ဈာယတိ မမက်မောတတ်၊ (ဈေခတ်-လုဒ္ဓနတ္ထ)

## ဌပနာပဥ္စက ကျမ်းတက်

(ဃ) ဝါကျ။ (ဒုဋ္ဌီ ကျမ်းတက်။)

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ကုသလမူလံပုဒ်ကိုဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏၊.... သော်, ကုသလမူလံပုဒ်ကို ဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝစနတ္ထသာလျှင် ပြုကောင်း၏ဟု မှတ်အပ်သည် မဟုတ် ပါလော၊....ပ....တစ်ပါးသော ဖြစ်သင့်သော ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရသည် ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

ပိသဒ္ဒါထားပုံ, လဲပုံ။ င-ဝါကျ။ ကုသလမူလံပုဒ်ကို ဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝစနတ္ထသာ ပြုရသည် မဟုတ်သေး၊ ကမ္မ ဓာရည်း သမာသ် ဝစနတ္ထကိုလည်း ပြုရသေး၏ ဟူသော သမုစ္စည်း, သမ္ဘာဝနာ အနက်ကို ပြလိုသောကြောင့် ပိသဒ္ဒါ ထား၏။ ကုသလမူလံပုဒ်၏ ဆဋ္ဌီတပ္ပုရိသ် သမာသ်-ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး၊ ကမ္မဓာရည်း သမာသ် ဟူသော သကတ် အနက် အကြောင်း တစ်ပါးကို လဲလိုသောကြောင့် ပိသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ အဘိဇ္ဈာယတီတိ အဘိဇ္ဈာ။ န+အဘိဇ္ဈာ အနဘိဇ္ဈာ။

၂။ ပဋိသေဓ ဘောဂူ၏ (သူ၏ စည်းစိမ်သို့) ရှေးရှုကြံတတ်သော အဘိဇ္ဈာ နှင့် ဂုဏ်÷ဂုဏီ....စပ်....။

၄။ အနဘိဇ္ဈာတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

http://www.dhammadownload.com



## လိင် စသည် ဝေဖန်ပုံ

အဘိဏှာယတိ- (အဘိဏှ၁ အဖွင့်၌ရှု။) မူလဋ္ဌာတိပိ-မူလံ+စ+ဌာတိ+ပိ (အပိ) ဟု ၄-ချက်ခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ သာရာဂပဋိပက္ခတော‌ဖြင့် သည်းစွာတပ်ခြင်း၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် သည်းစွာတပ်ခြင်း မဟုတ်ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) အသဒ္ဒါ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) သိစေ၏။ န သာရာဂေါ‌ဖြင့် အသဒ္ဒါ နှ၏ ကာရိယ၊ (နိပါတလိင်္ဂပဒ) န+သာရာဂေါ အသာရာဂေါဟု မိဿက တပ္ပုရိသ်သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။ အသာရဇ္ဇနာ ကာရော‌ဖြင့် အသာရဇ္ဇနာ၌ သာရဇ္ဇနာဝယ် သံပုဗ္ဗ+ရန္ဇ (ရဉ္ဇ) ဓာတ်၊ (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သာရဇ္ဇိယတေ (သာရဇ္ဇတေ) သာရဇ္ဇနာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+သာရဇ္ဇနာ အသာရဇ္ဇနာဟု မိဿက တပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) တစ်နည်း-အသာရဇ္ဇိယတေ (အသာ-ရဇ္ဇတေ) အသာရဇ္ဇနာဟု ဘာဝသာဓ် ဝိဂ္ဂဟပြု။ (အဘိဓာနတ္ထ) သိစေ၏။ အသာ-ရဇ္ဇိတဿ ဘာဝေါ‌ဖြင့် အသာရဇ္ဇိတတ္တံ၌ တ္တပစ္စည်း ဘာဝအနက်၌ သက်သည်၏ အဖြစ်၊ (ပစ္စယတ္ထ) ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြုရမည်အဖြစ် (အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျ။ န အဘိဏှာယတိတိ‌ဖြင့် အနဘိဏှာ၌ အဘိဏှာဝယ် အဘိပုဗ္ဗ+ဈေဓာတ်၊ (ဒု-ဓာတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) အဘိဏှာယတိတိ အဘိဏှာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) အန (အန်)၏ နှ၏ ကာရိယအဖြစ် (နိပါတလိင်္ဂပဒ) န+အဘိဏှာ အနဘိဏှာဟု မိဿက တပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ဂ) ဝါကျ။ အလောဘသင်္ခါတံ ကုသလမူလံ‌ဖြင့် ကုသလမူလအရ အလောဘ ကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ) အလောဘော‌နှင့် ကုသလမူလံတို့၏ လိင်မ တူသည်၏ အဖြစ် (ဘာဝတ္ထ၊ နေယျတ္ထ) တစ်နည်း—အလောဘော၏ ကုသလ မူလံ၏ ဝိသေသနအဖြစ် (ဘာဝတ္ထ၊ နေယျတ္ထ) တစ်နည်း—အလောဘော ကုသလ မူလံ၏ ဝါကျမဟုတ် သမ္ဗာဝနာ ကမ္မဓာရည်း သမာသ်ပုဒ်ဖြစ်၍- အလောဘ သင်္ခါတံ ကုသလမူလံ အလောဘော ကုသလမူလံ-ဟု ဝိဂ္ဂဟပြုရမည် အဖြစ် (သမာသလိင်္ဂတ္ထ) ဘာ၏ အစိတ် အ,ကို ခြေရေး၍ အလောဘော ကုသလမူလံဟု ပြီးသည်၏အဖြစ် [ဂဏ္ဌိ] (ဘာဝတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ဟိ‌ဖြင့် ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ ဘာဝတ္ထ) အလောဘော‌ဖြင့် မူလအရ-မူလတိ ပတိဋ္ဌာတိ သုဘဖလံ ဌောတိ မူလံ-ဟု ဝိဂ္ဂဟပြု၍ အလောဘကို ယူပါ-ဟု သိစေ၏။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



ကုသလာနံ မူလံဖြင့် ကုသလမူလံကို ကုသလာနံ+မူလံ ကုသလလံမူ-ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ်ပြု-ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ) ဓမ္မာနံဖြင့် ကုသလာနံ၌ ကုသလအရ တရားဓမ္မတို့ကို ယူဟု သိစေ၏။ (အဘိဓေယျတ္ထ) ပစ္စယဋ္ဌေနဖြင့် မူလသဒ္ဒါသည် သဏ္ဌိက စသောအနက်ကို မဟော၊ ပစ္စယ (ဟေတု) အနက် ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) ဉာတိဖြင့် ဟေတွတ္ထ ဇောတက အဖြစ်ကိုသိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

(င) ဝါကျ။ ကုသလဥ္စ တံ မူလဉ္စာတိဖြင့် ကုသလမူလံ၌ ကုသလဥ္စ+တံ+ မူလဉ္စာတိ ကုသလမူလံ-ဟု ကမ္မဓာရည်း သမာသ်ပြုဟု သိစေ၏။ (သမာသလိင်္ဂတ္ထ) ပစ္စယဋ္ဌေနဖြင့် (ယခင်အတိုင်းဖော်) ပိသဒ္ဒါဖြင့် ကုသလမူလံကို ဆဋ္ဌီ တပ္ပုရိသ် သမာသ်ပြုရသည် မဟုတ်သေး၊ ကမ္မဓာရည်း သမာသ်လည်း ပြုရသေး၏ဟု ပြသော သမုစ္စယဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ သာရေဂေါ်၌ သံသဒ္ဒါ-ဘုသတ္ထ။ အသာရဂေါ်၌ အသဒ္ဒါ ပဋိပက္ခတ္ထ, ဝိရုဒ္ဓတ္ထ။

(ဃ) ဝါကျ။ ဟိ-ဒဠှီကရဏတ္ထ။

(င) ဝါကျ။ စသဒ္ဒါများ—သမုစ္စယတ္ထ၊ တစ်နည်း-တုလျာဓိကရဏ ဘာဝ ပသိဒ္ဓတ္ထ ဇောတက, ဉာတိသဒ္ဒါ-ဟေတွတ္ထ၊ ပိသဒ္ဒါ-သမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ၊ [အဓိပ္ပာယ် အာဘော်၌ ပြခဲ့ပြီ။]

## ကြိယာ ၅-တန်ထုတ်ပုံအမှာ

န အဘိဇ္ဈာယတိ, အနဘိဇ္ဈာအရ အလောဘစေတသိက် ယူ၍ လက္ခဏာဒိ စတုက္က မှီ၍ဖြစ်စေ, အလောဘ ဝစနတ္ထအဖွင့်၌ ထုတ်ထားသည့်အတိုင်း ဖြစ်စေ ထုတ်ပါ။ ကုသလာနံ ဓမ္မာနံအရကို ကုသိုလ် စိတ္တုပ္ပါဒ်ယူ၍ ထုတ်မြ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ အလောဘောနှင့် မူလံပုဒ်တို့အရ အလောဘစေတသိက်သည် ကုသလာနံ ဓမ္မာနံအရ ကုသိုလ်ဓမ္မ စိတ္တုပ္ပါဒ်အား သဟ ပြု၏။ ပြိုင်-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇)။

http://www.dhammadownload.com

# ၉၉–အဒေါသ နိဒ္ဒေသ အဖွင့်

(က) အဒေါသနိဒ္ဒေသေ အဒုဿနက ဝသေန အဒေါသော။

( ခ ) န ဒုဿတီတိ ပိ အဒေါသော။

( ဂ ) ဣဒမသ္သ သဘာဝပဒံ။

(ဃ) အဒုဿနာတိ အဒုဿနာကာရော၊ အဒုဿိတဿ ဘာဝေါ အဒုဿိတတ္တံ။

( င ) ဗျာပါဒ ပဋိပက္ခတော န ဗျာပါဒေါတိ အဗျာပါဒေါ။

( စ ) ကောဓ ဒုက္ခ ပဋိပက္ခတော န ဗျာပဇ္ဇောတိ အဗျာပဇ္ဇော။

(ဆ) အဒေါသသင်္ခါတံ ကုသလမူလံ အဒေါသော ကုသလမူလံ။

( ဇ ) တံ ဝုတ္တတ္ထမေဝ။ [ဋ္ဌ-၁၉၃]

[န ဒုဿတီတိပိ၌ ပိသဒ္ဒါ ဝါသဒ္ဒတ္ထကြံ၍ အနက်ပေး နိဿယ အတိုင်းမှတ်။]

### ဌပနာပဉ္စက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် အဒေါသော၌ ဒေါသော၀ယ် ဏပစ္စည်း၏ ဘာဝသာဓ်အနက်နှင့် ဘာဝသာဓ်ဝိဂ္ဂဟပြုအပ်သည်ကို ပြဆိုတော်မူ၏။....သော်, ဤဆိုအပ်ပြီးသော ဘာဂသာဓ်အနက်နှင့် ဘာဝသာဓ် ဝိဂ္ဂဟသာ ပြုအပ်၏ဟု- မှတ်အပ်သည် မဟုတ်ပါလော....ပ....အဒေါသော၌ ဒေါသော၀ယ် ဏပစ္စည်း၏ ကတ္တုသာဓ်အနက်နှင့် ကတ္တုသာဓ် ဝိဂ္ဂဟ ပြုရသည်ကိုလည်း ပြဆိုသင့်သေး၏-စသည်။

[အဗျာပိတဒေါသသင့် ပယ် — ထင်ရှားပြီ။ ဇ-ဝါကျဖြင့် ကား–အဗျာပိတ၊ ဂန္တဂရူ။ ပုနရုတ္တိ၊ ကေတ္ထဒေါသများ ပယ်သည်ကိုလည်း သိပါ။]

ပိသဒ္ဒါထားပုံ့ လဲပုံ။ ခ-ဝါကျ။ အဒေါသော၌ ဒေါသော၀ယ် ဏ ပစ္စည်းသည် ဘာဝသာဓ်အနက်ကိုသာ ဟောသည်မဟုတ်သေး၊ ကတ္တုသာဓ်အနက်ကိုလည်း ဟောသေး၏။ တစ်နည်း-ဘာဝသာဓ် ဝစနတ္ထ အတွင်းပြု၍ ကမ္မဓာရယ မိဿကတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်သာ အဒေါသမည်သည် မဟုတ်သေး၊ ကတ္တုသာဓ်ဝစနတ္ထ အတွင်းပြု၍ ကမ္မဓာရယမိဿက ကပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း အဒေါသမည်သေး၏-ဟူသော သမုစ္စည်း-သမ္ပိဏ္ဍန, ဝိကပ်အနက်တို့ကို ပြလိုသောကြောင့် ပိသဒ္ဒါထား၏။

http://www.dhammadownload.com



အဒေါသော၌ ဒေါသောဝယ် ဏပစ္စည်း၏ ဘာဝသာဓ် အနက်အကြောင်းမှ တစ်ပါး, သတ္တုသာဓ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ပိသဒ္ဒါ ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အဒုဿနကဥ္စ-ဒုဿိယတေ (ဒုဿတေ) ဒေါသော၊ ဒုဿနမေဝ ဒုဿနကံ။ န+ဒုဿနကံ အဒုဿနကံ။

၂။ ပဋိသေဓအောဂဏ်၏ ပြစ်မှားခြင်းနှင့် ဂုဏ်+ဂုဏေး...စပ်....။

၄။ မပြစ်မှားခြင်းကြိယာသည်၊ ဝါ—အဒေါသ ဓမ္မဒြပ်သည်....။

တစ်နည်း—ဒုဿိယတေ (ဒုဿတေ) ဒုဿနံ။ န+ဒုဿနံ အဒုဿနံ၊ အဒုဿန မေဝ အဒုဿနကံ။

၂။ အဒုဿနပုဒ်+က ပစ္စည်း။ မပြစ်မှားခြင်း၏ မပြစ်မှားတတ်သော တရားနှင့် ဂုဏ်+ဂုဏေး.... စပ်=။

၄။ မပြစ်မှားခြင်းကြိယာသည်၊ ဝါ-အဒေါသ ဓမ္မဒြပ်သည်....။

(င) ဝါကျ။ ဗျာပါဒယတီတိ ဗျာပါဒေါ။ [၃—၁၄၄]တစ်နည်း-ဝိရူပံ+အာ-ပဇ္ဇတိ ဧတေနာတိ ဗျာပါဒေါ။ [ဝိ+အာပုဗ္ဗ+ပဒဓာတ်+ဏပစ္စည်း ဖျက်ဆီးခြင်း ကြိယာခွဲ။]

(စ) ဝါကျ။ ဝိသေသေန အာ (ဘုသော) ဗာဓတီတိ ဗျာဗာဓော။ ဗျာဗာ ဓောယေဝ ဗျာပဇ္ဇော။ (ဤအလို ဗျာပဇ္ဇောဟု ပါဌ်ရှိစေ)

၂။ ဗျာဗာဓပုဒ်+ဏျ ပစ္စည်း။ အထူးလွန်စွာ နှိပ်စက်ခြင်း၏ အထူးလွန်စွာ နှိပ်စက်တတ်သော တရားနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ အထူးလွန်စွာ နှိပ်စက်ခြင်းကြိယာသည်....။

### လိင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ ဒုဿတိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ် [ဒုသ+ယ+တိ]။

### အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အဒုဿနကဝသေနဖြင့် အဒေါသော၌ဒေါသောဝယ်ဒုသဓာတ်၊ (ဒု-ဓာတုပဒ) ဏ ပစ္စည်း ဘာဝသာဓ် အနက်ဟော။ (ဒု-ပစ္စယတ္ထ) ဒုဿနံ ဒေါ-သော-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+ဒေါသော အဒေါသောဟု မိဿကတပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ န ၏ ကာရိယ (နိပါတလိင်္ဂပဒ) သိစေ၏။

http://www.dhammadownload.com



(ခ) ဝါကျ။ န ဒုဿတီတိဖြင့် အဒေါသော၌ ဒေါသောဝယ် ဒုသဓာတ်၊ (ဒုႛ-ဓာတုပဒ၊) ဏ ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒုႛ-ပစ္စယတ္ထ) ဒုဿတီတိ ဒေါသော-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+ဒေါသော အဒေါသော-ဟု မိဿက တပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နဏ် ကာရိယ (နိပါတလိင်္ဂပဒ) သိစေ၏။ ပိုဖြင့် ဝိကပ္ပနတ္ထဇောတက, တစ်နည်း-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။

(ဂ) ဝါကျဖြင့် ဤ အဒေါသောပုဒ်သည် ထို အဒေါသ၏ သဘောအားဖြင့် ရသောပုဒ်-ဟု သိစေ၏။ (သဘာဝတ္ထ၊ ဘာဝတ္ထ)

(ဃ) ဝါကျဖြင့် အဒုဿနာကာရောဖြင့် အဒုဿနာ၌ ဒုဿနာဝယ် ဒုသဓာတ်၊ (ဒုႛ-ဓာတုပဒ) ယု ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒုႛ-ပစ္စယတ္ထ) ဒုဿိယတေ (ဒုဿတေ) ဒုဿနာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) န+ဒုဿနာ-အဒုဿနာဟု မိဿကတပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။ [အဒုဿိတဿ ဘာဝေါ၌ (ပစ္စယတ္ထ) ဘာဝတဒ္ဓိတ်ဝိဂ္ဂဟာဖော်]။

(င) ဝါကျ။ ဗျာပါဒ ပဋိပက္ခတောဖြင့် ဗျာပါဒေါ၌ အသဒ္ဒါပဋိပက္ခ(ဝိရုဒ္ဓ) အနက်ဟော၏ အဖြစ်၊ (နိပါတလိင်္ဂတ္ထ) နဗျာပါဒ၏ အကြောင်း၏ အဖြစ်၊ (ဘာဝတ္ထ) န+ဗျာပါဒေါ အဗျာပါဒေါ-ဟု မိဿက တပ္ပုရိသ် သမာသ်ပြုရမည် အဖြစ်၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နဏ် ကာရိယအဖြစ် (နိပါတလိင်္ဂပဒ) သိစေ၏။

(စ) ဝါကျ။ ကောဓ ဒုက္ခ ပဋိပက္ခတောဖြင့် အဗျာပဇ္ဇော၌ အ သဒ္ဒါ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ဟော၏အဖြစ်၊ (နိပါတလိင်္ဂတ္ထ၊) နဗျာပဇ္ဇ၏ အကြောင်း၏အဖြစ်၊ (ဘာဝတ္ထ) န+ဗျာပဇ္ဇော အဗျာပဇ္ဇော ဟု မိဿကတပ္ပုရိသ် သမာသ် ပြုရမည် အဖြစ်၊ (သမာသလိင်္ဂတ္ထ) အသဒ္ဒါ နဏ် ကာရိယအဖြစ် (နိပါတလိင်္ဂပဒ) သိစေ၏။

(ဆ) ဝါကျ။အဒေါသ သင်္ခါတံ ကုသလ မူလံဖြင့် ကုသလမူလအရ-အဒေါသကို ယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) အဒေါသောနှင့် ကုသလမူလံ၏ လိင်မတူသည်၏ အဖြစ်, တစ်နည်း–အဒေါသော ကုသလမူလံ၏ ဝိသေသ+အဖြစ်၊ (ဘာဝတ္ထ၊ နေယျတ္ထ) တစ်နည်း–အဒေါသော ကုသလမူလံ၏ ဝါကျမဟုတ်၊ သမ္ဘာဝနာ ကမ္မဓာရည်း သမာသ်ပုဒ်ဖြစ်၍ အဒေါသ သင်္ခါတံ ကုသလမူလံ အဒေါသော ကုသလမူလံ-ဟု ဝိဂ္ဂဟပြုရမည်အဖြစ်၊ (သမာသလိင်္ဂတ္ထ) သ၏အစိတ် အကို ညြေရး၍ အဒေါသောကုသလမူလံ-ဟု ပြီးသည်၏ အဖြစ်၊ (ဘာဝတ္ထ) သိစေ၏။

http://www.dhammadownload.com



## နိပါတ်ပုဒ်အနက်

(ခ) ဝါကျ။ ပိ သဒ္ဒါ-ဂဏ္ဍိုနှင့် နိဘာယတို့အလို ဝါသဒ္ဒတ္ထ (ဝိကပ္ပနတ္ထ)။

(ဇ) ဝါကျ။ ဝေ-အဝဓာရဏတ္ထ။

၁။ ဝုတ္တာတ္ထပုဒ်သည်၊ ဝါ-ဆိုအပ်ပြီးသော အနက်ရှိသည်၏ အဖြစ်သည် ဂ....၊
၂။ အဝုတ္တာတ္ထပုဒ်သည်၊ ဝါ-မဆိုအပ်သော အနက်ရှိသည်၏ အဖြစ်သည် နိ....။
၃။ တစ်ပါးသော ဥတ္တာနတ္ထပုဒ်သည်၊ ဝါ-ပေါ်လွင်ထင်ရှားသော အနက်ရှိသည်၏ အဖြစ်သည် နု....။

## ကြိယာ၅-တန်ထုတ်ပုံ အမှာ

အဒုဿနက, အဒေါသော, န ဒုဿတိ တို့အရ-အဒေါသ စေတသိက်ကိုယူ၍ လက္ခဏာဒိ စတုက္ကကိုမှီ၍ဖြစ်စေ, အဓလောဘ ဝစနတ္ထအဖွင့်၌ ထုတ်ပြခဲ့သည့်အတိုင်း ဖြစ်စေ ထုတ်ပါ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ ဘာဝေအရ အဒေါသသည် အဒုဿိတဿ အရ အဒေါသ သမ္ပယုတ် စိတ်အား, တစ်နည်း- အဒေါသ သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဟေ-သဟ ည-နိ-သ-တ္ထိ-အဝိ (၇)။ စိတ္တဇရုပ်အား—ဟေ-သဟ-နိ-ဝိပ္ပ-တ္ထိ-အဝိ(၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

[အဒုဿိတတ္တံ၌လည်း ဗာဟုလ္လတ္ထ တ္တပစ္စည်းအရ အဒေါသယူ၍ အန္တတ္ထ အဒုဿိတ ပုဒ်အရ ယခင် အဒုဿိတဿပုဒ်အရအတိုင်း ကောက်ပြီးလျှင် ယခင်အတိုင်း သဟမျိုး ပြိုင်။]

http://www.dhammadownload.com

# ၁၀၀—ကာယပဿဒ္ဓိ နိဒ္ဒေသ အဖွင့်

(က) ယသ္မာ ကာယောတိ တယော ခန္ဓာ အဓိပ္ပေတာ။

(ခ) တသ္မာ ဝေဒနာက္ခန္ဓဿာတိ အာဒိ ဝုတ္တံ။

(ဂ) ပဿမ္ဘန္တိ တောယ....ပ....သမဿာသပ္ပတ္တာတိ ပဿဒ္ဓိ။

(ဃ) ဒုတိယပဒံ ဥပသဂ္ဂ ဝသေန ဝဍ္ဎိတံ။

(င) ပဿမ္ဘနာတိ ပဿမ္ဘနာကာရော။

(စ) ဒုတိယ ပဒံ ဥပသဂ္ဂ ဝသေန ဝဍ္ဎိတံ။

(ဆ) ပဿဒ္ဓိ သမင်္ဂီကာယ....ပ....ပဋိပ္ပဿမ္ဘိတတ္တံ။

(ဇ) သဗ္ဗပဒေဟိ ပိ....ပ....ကထိတာ [ဌ-၁၉၄]

## ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ကာယ (ပဿဒ္ဓိ)ဟု ဟောတော်မူ၏။ ဤသို့ဟောသည်ရှိသော်, ဝါ·ဤသို့ဟောရာ၌၊ တစ်နည်း·ဤမျှသာပြဆိုချေသော်, ကာယအရ-ရူပကာယကိုလည်း အလိုရှိအပ်၏-ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် ကာယ(ပဿဒ္ဓိ)ဟုသာ မဆိုသင့်, ကာယအရ အလိုရှိအပ်သော တရားကိုလည်း ပြဆိုသင့်သေး၏။ ကာယအရ အဘယ်တရားကို အလိုရှိအပ်ပါသနည်း၊....စသည်။ (စောဒနာတက်လျှင် အတိဗျာပိတ ဒေါသတင်။)

(ခ) ဝါကျ။ ဤသို့ အလိုရှိအပ်သောကြောင့် တစ်စုံတစ်ခုသောအကျိုးဖြစ်သင့်သည် မဟုတ်ပါလော၊....စသည်။ (က-ခ-၂-ဝါကျ ပေါင်းတက်သော် က-ဝါကျ ကျမ်းတက်အတိုင်းတက်။)

(ဃ-စ—ဝါကျတို့ကို ကျမ်းတက်လျှင် ဝိတက္ကနိဒ္ဒေသ အဖွင့် ဃ-ဝါကျနည်းမှီတက်။)

## ဒေါသပယ်

(က) ဝါကျဖြင့် ပါဠိတော်ကို ထောက်ဆလျှင် ကာယအရ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ ရှေ့ ဌ-ဝါကျကို ထောက်ဆလျှင်ကား အဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် [ကာရဏ-ဖလ၊ ဝိရောဓ၊ အဗျာပိတတင်-နှင့်အညီ] အဗျာပိတ ဝိရောဓိဒေါသတို့ကို ပယ်၏။ တစ်နည်း- [လဒ္ဓဂုဏ ကျိုးဖလ၊ နိရတ္ထကတင်—နှင့်အညီ] ဖလဝါကျဖြစ်ခြင်းကြောင့် နိရတ္ထကဒေါသကို ပယ်၏။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ပုနရုတ္တိ, ကေတ္ထ ဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ပုနရုတ္တိ, ကေတ္ထဒေါသတို့ကို ပယ်၏။

(စ) ဝါကျဖြင့် အဗျာပိတ, ကေတ္ထဒေါသတို့ကို ပယ်၏။

အဓိပ္ပေတော ထားရပုံ။ က-ဝါကျ။ ကာယအရ နာမကာယ, ရူပကာယ ဟူသော သာမည အနက်မှ ဝေဒနာစသော နာမ်ခန္ဓာ သုံးပါးဟူသော နာမကာယ ဝိသေသကို အတ္ထယုတ္တိ ရှိသည်ဖြစ်၍ ယူစေလိုသောကြောင့်လည်းကောင်း, ရူပ ကာယကို မယူရ၊ နာမကာယကိုသာ ယူရမည်-ဟု စောဒကပုဂ္ဂိုလ်နှင့် စကား လုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာ ဌာနဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတော ထား၏။

တသ္မာ ထားရပုံ။ စေတသိက် ခန္ဓာသုံးပါးတို့ကို အလိုရှိအပ်သည်၏ အဖြစ် ဟူသော အကြောင်းကရဏကို ပြလိုသောကြောင့် ခ-ဝါကျ၌ တသ္မာ ထား၏။ [ဟိတ်တွင်၍သာ၊ သုံးအပ်ရာ၊ တသ္မာ အကြောင်းပြ။]

ကထိတာ ထားရပုံ။ ဇ-ဝါကျ။ စေတသိက် ခန္ဓာသုံးပါးတို့၏ ငြိမ်းခြင်းသာမည အနက်မှ အတ္ထယုတ္တိရှိသည်အားလျော်စွာ စေတသိက်ခန္ဓာသုံးပါးတို့၏ ကိလေသာ-ဟူသော ပူပန်ခြင်းမှ ငြိမ်းအေးခြင်း-ဟူသော အနက် ဝိသေသကို ယူစေလိုသော ကြောင့်လည်းကောင်း, စေတသိက်ခန္ဓာသုံးပါးတို့၏ ငြိမ်းအေးခြင်း သာမညကို မယူရ၊ ကိလေသာ ဟူသော ပူပန်ခြင်းမှ ငြိမ်းအေးခြင်းကိုသာ ယူရမည်ဟု စောဒက နှင့် စကားလုယက်ဆွဲငင်၍ အချက်ကျကျ ယူဆပြောဆို ဆုံးဖြတ်ပြရာဌာန ဖြစ်သော ကြောင့် လည်းကောင်း, ကထိတာ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

[အဓိပ္ပိယန္တေ ဉာတုံ ဣစ္ဆိယန္တေတိ အဓိပ္ပေတာ၊ အဓိ+အပိပုဗ္ဗ+ဣခေတ်+တ ပစ္စည်း၊ အလိုရှိခြင်းကြိယာခွဲ။]

## လိင်စသည် စိစစ်ပုံ

တယော-ပုလ္လိင်၊ သင်္ချာနာမ်ဂိုဏ်း၊ ဣကာရန္တ၊ သဗ္ဗနာမပဒ။ ပဿဒ္ဓိ။ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

http://www.dhammadownload.com



## အာဘော်သံဝဏ္ဏနာ

(က) ဝါကျ။ ကာယောတိ တယောခန္ဓာ အစိပ္ပေတာဖြင့် ကာယအရ-ရှပကာယကို မယူရ၊ စေတသိက် ခန္ဓာသုံးပါး-ဟူသော နာမကာယကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) က-ခ-၂-ဝါကျ အပေါင်းဖြင့် ကာယအရ စေတသိက် ခန္ဓာသုံးပါးကို အလိုရှိအပ်သောကြောင့် ဝေဒနာက္ခန္ဓာ စသည်ကို ဘုရားရှင် ဟောအပ်၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ပဿမ္ဘန္တိ တောယဖြင့် ပဿဒ္ဓိ၌ ပဿမ္ဘဓာတ် (ဒု-ဓာတုပဒ) တိ (က္လ) ပစ္စည်း ကရဏသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပဿမ္ဘန္တိ တောယာတိ ပဿဒ္ဓိ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ တေဝမ္ဘောဖြင့် ပဿမ္ဘန္တိ ၏ ကတ္တားကို သိစေ၏။ (ဘာဝတ္ထ) ဝိဒိတဒရထာ ဘဝန္တိဖြင့် ပဿမ္ဘဓာတ်၏ ဝိဂတဒရထ အနက်ကို အတွင်းပြု၍ ဘဝနအနက် ဟောသည်၏အဖြစ်။ (ဓာတွတ္ထ) တစ်နည်း-ငြိမ်းခြင်းဟူသည် ကိလေသာပူပန်မှု ကင်းခြင်းတည်းဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။

သမဿာသပ္ပတ္တာဖြင့် ပူပန်ခြင်းကင်း၍၊ ဖြစ်ခြင်းဟူသည် သက်သာရာသို့ ရောက်ခြင်းပင်တည်း-ဟု သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျဖြင့် ပဋိပဿဒ္ဓိ၌ ပဋိ (ပတိ) သဒ္ဒါ ဓာတွတ္ထာနုဝတ္တက အဖြစ်ကို သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ)

(င) ဝါကျ။ ပဿမ္ဘနာ ကာရေဖြင့် ပဿမ္ဘနာ၌ ပဿမ္ဘဓာတ်။ (ဒု-ဓာတုပဒ) ယုပစ္စည်း ဘာဝသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပဿမ္ဘိယတေ ပဿမ္ဘနာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(စ) ဝါကျဖြင့် ပဋိပဿမ္ဘနာ၌ ပဋိ (ပတိ) ထဒ္ဒါ ဓာတွတ္ထာနုဝတ္တက အဖြစ်ကို သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ)

(ဆ) ဝါကျ။ ပဿဒ္ဓိသမင်္ဂိတာယဖြင့် ပဋိပ္ပဿမ္ဘိတ၌ ပတိပုဗ္ဗ+ပဿမ္ဘဓာတ်၊ (ဒု-ဓာတုပဒ) တပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ပဋိပ္ပဿမ္ဘ-တီတိ ပဋိပ္ပဿမ္ဘိတော-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ပဋိပ္ပဿမ္ဘိတဿ ဘာဝေါဖြင့် [(ပစ္စယတ္ထ) ဘာဝတဒ္ဓိတ် ဝိဂ္ဂဟဖော်။] ခန္ဓတ္တယဿဖြင့် ပဋိပ္ပ-ဿမ္ဘိတ အရ စေတသိက် ခန္ဓာသုံးပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)။

## နိပါတ်ပုဒ်အနက်

(ဇ) ဝါကျ။ ပိသဒ္ဒါ-ဣဝယဝသမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ။

http://www.dhammadownload.com



တစ်နည်း-သမ္ဘာဝနတ္ထ။ ထိုပိပြင့် အလုံးစုံသော ပဿဒ္ဓိ, ပဋိပ္ပဿဒ္ဓိ စသော ပုဒ်တို့ဖြင့်သာ. စေတသိက် ခန္ဓာသုံးပါးတို့ဖြင့် ကိလေသာ အပူငြိမ်းခြင်းကို ဟောအပ်သည် မဟုတ်သေး၊ အစိတ် အစိတ်ဖြစ်သော ပဿဒ္ဓိ စသော ပုဒ်တို့ဖြင့်လည်း ကိလေသာ အပူငြိမ်းခြင်းကို ဟောအပ်သေး၏-ဟု ပေါင်းသည်။

ပဋိပ္ပဿဒ္ဓိဝေ ၌ ဝေ-အဝဓာရဏတ္ထ။

၁။ ကိလေသာ အပူငြိမ်းခြင်း ကြိယာသည် ဂ....။

၂။ ကိလေသာ အပူငြိမ်းအေးခြင်း ကြိယာသည် နိ....။

၃။ ကိလေသာ ဒရထ နိမ္မဒ္ဒန စသော ဂုဏ်သည်၊ တစ်နည်း-ပဿဒ္ဓိ, ပဿမ္ဘနာစသော အမည်သည် နံ....။

## သဗ္ဗာနမ်အစွဲ, ဝိသယနာမည်

တသ္မာ၌ တသည် အလိုရှိအပ်သည်၏ အဖြစ်-ဟူသော အနက်ကို စွဲ၏။ အဓိပ္ပေတ (အလိုရှိခြင်း) ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။ တေဓမ္မာ၌ တသည် ဝေဒနာက္ခန္ဓာ စသော သုံးပါးသောတရားကို စွဲ၏။ ဆိုအပ်ပြီးသော ဓေဒနာက္ခန္ဓာ စသော စေတသိက် ခန္ဓာသုံးပါးဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ တစ်နည်း-ဓမ္မာ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံအမှာ

အဓိပ္ပေတာ၌ ထုတ်ပုံ ဘူမိလဒ္ဒုပ္ပန္န အဖွင့်၌ ရှု။

ဝုတ္တံနှင့် ကထိတာတို့၌ ခေတ်အရ ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ ဝုတ္တံ၌ ဝစခေတ်အရ ဒေသနာဉာဏ်သည် ဝေဒနာက္ခန္ဓာဘာတိ အာဒိ-ဟူသော ကံပုဒ်နှင့် ထိုဝုတ္တံ၌ တပစ္စည်းတို့အရ ဝေဒနာက္ခန္ဓာ စသော ဝစီဘေဒ သဒ္ဒရုပ်အား သဟ....ပြု၏။ ပြိုင်-ဟေ-ဓိ-သဟ-နိ-ဣ-မဂ္ဂ-ဝိပ္ပ-ဝိဂ-အဝိ (၉)။

(ဂ) ဝါကျ။ တောယအရ ကာယပဿဒ္ဓိ စေတသိက်သည် တေဓမ္မာနှင့် ပဿမ္ဘန္တိ ပုဒ်တို့အရ ကာယပဿဒ္ဓိကြဉ် စေတသိက် ခန္ဓာသုံးပါးအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။

....*....*....*....

http://www.dhammadownload.com

# ၁၀၁-အာဟာရပုဒ် အဖွင့်

(က) ပစ္စယ သန်ိဒါနေ အာဟာရဋ္ဌေန တယော၀တ္တ ဓမ္မာ အာဟာရ ဟောန္တိ၊

(ခ) အဝသေသာ နော အဇဟာရ။

(ဂ) ကိံ ပန တေ အညမညံ ဝါ တံသမုဋ္ဌာနရူပဿ ဝါ ပစ္စယာ န ဟောန္တီတိ။

(ဃ) နော န ဟောန္တိ။

(င) ဣမေ ပန တထာစ....ပ....ပစ္စယာ ဟောန္တိ၊

(စ) တသ္မာ "အာဟာရာ"တိ ဝုတ္တာ။ [ဋ္ဌ-၁၉၆]

[ဤဝါကျတို့၏ အချို့ အဓိပ္ပာယ်များကို ပထမတွဲ-နောက်ဆက်တွဲ၌ ၁၃၂၃-ခုနှစ် အစိုးရပုံနှိပ်တိုက်၏ အဖြေ အဖြစ်ဖြင့်လည်း ပြထားသည်။]

## အနက်ထူး

(ဃ) ဝါကျ။ ရှေးနိယံများနှင့်အညီ အနက်ပေးသော်-ပစ္စယာ-ကျေးဇူးပြုတတ်ကုန်သည်၊ နဟောန္တိ—မဖြစ်ကုန်သည်ကား၊ နော-မဟုတ်ကုန်၊ ဟောန္တိဧဝ၊ ဖြစ်ကုန်သည်သာ၊ တစ်နည်း-ပစ္စယာဒိကုန်သည်။ နော နဟောန္တိ။ ဖြစ်ကုန်၏၊ [နိယံ-ကို ပထမတွဲ ၁၄—၌ ပြခဲ့ပြီ။]

## ဋ္ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ (ဒွေဓာတုယော ဟောန္တိ ဟူသောပါဠိတော်၏အဖွင့်မှတစ်ပါး၊ တယော အာဟာရ ဟောန္တိ ဟူသော ပါဠိတော်၏ အဖွင့် ဖြစ်သည်ကိုရှုတက်) တစ်နည်း-ပစ္စယသန်ိဒါနေကို ရှုတက်သော်—

ဆရာ, မြတ်စွာဘုရားသည်၊ အာဟာရဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, အာဟာရအရ သဟဇာတပစ္စည်းစသော အကြောင်းတရား ဟူသမျှကို ယူရမည်ဟု မှတ်အပ်သည်မဟုတ်ပါလော ....ပ.... အာဟာရအရ အာဟာရပစ္စည်း တရားဟူသော အကြောင်းကို ယူရမည်ကိုလည်း ပြဆိုသင့်သေး၏။....စသည်။

[အမှာ။ ။အာဟာရဋ္ဌေနမှ ပစ္စယသန်ိဒါနေသို့ ကျမ်းထွက်သော် – ဆရာ,ဆရာသည် အာဟာရဋ္ဌေနဟူ ဆိုတော်မူ၏၊ ....သော် အာဟာရဋ္ဌ တရ သဟဇာတပစ္စည်းစသော အကြောင်းတရား ဟူသမျှကို ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ ....စသည်။]

(ခ) ဝါကျ။ (ထိုနောက်ဆက်တွဲ၌ ပြခဲ့ပြီ။)

http://www.dhammadownload.com



မှတ်ချက်။ ။ဤ ခ-ဝါကျ အဝသေသာအရ ရှေးနိယာယ၌ ဖဿ, စေတနာ, ဝိညာဉ်,မှတစ်ပါး, ပါဠိတော်လာ ကျန် ငါးဆယ့်သုံးပါးကို ယူသည်။ နိယာယသစ်၌ကား ဝိညာဏကံက ''စိတ္တံ မနိန္ဒြိယံ'' ဟူသော နာမည်ဖြင့် ၂- ဌာန ပါသောကြောင့် အဝသေသာအရ ငါးဆယ့်နှစ်ပါးသာ ယူသည်။]

(ဂ) ဝါကျ။ ဆရာ, ဆရာသည် က—ခ-ဝါကျတို့ဖြင့် အာဟာရပစ္စည်း ဟု ဆိုအပ်သော အာဟာရ ဟူသောအနက်ကြောင့် သုံးပါးသော တရားတို့သည်သာ အာဟာရမည်၍ ထိုသုံးပါးမှကြွင်းသော ငါးဆယ့်သုံးပါးသော တရားတို့သည် အာဟာရမမည်ကုန် ဟု ဆိုတော်မူ၏။....သော်, ထိုစကား အနက်အဓိပ္ပာယ်နှင့် စပ်၍ အမေးပုစ္ဆာ (စောဒနာ) ကိုလည်း ထုတ်ပြသင့်သည် မဟုတ်ပါလော။.... စသည်။

(ဃ) ဝါကျ။ (အမေးပုစ္ဆာမှတစ်ပါး၊ အဖြေဝိဿဇ္ဇနာပြသည်ကို ရှုတက်)

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် သုံးပါးမှ ကြွင်းကုန်သော ငါးဆယ်ကျော်သော တရားတို့သည် အချင်းချင်းအား လည်းကောင်း, တံ သမုဋ္ဌာနရုပ်အားလည်းကောင်း ကျေးဇူးပြုတတ်ကုန်သောဟု ဆိုတော်မူ၏။ ....သော် ထိုသုံးပါးသော အာဟာရတရားတို့၏ ငါးဆယ့်သုံးပါးထက် လွန်သောအားဖြင့် ကျေးဇူးပြုတတ်ပုံအထူးကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် င—ဝါကျဖြင့် သုံးပါးသော အာဟာရတို့ သည် ငါးဆယ့်သုံးပါးတက် လွန်ကဲသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ဟု ဆိုတော်မူ၏၊ ဤသို့သာဆိုချေသော်, ရသင့်သော အကျိုးလက္ခဏကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

ဒေါသပယ်

(က) ဝါကျဖြင့် ရှေ့စကားရပ်ကို ထောက်ဆလျှင် အဗျာပိတဒေါသ ပယ်၏။

(ခ-ဂ-ဃ) ဝါကျတို့ဖြင့်လည်း အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျသည် ဝိသေသဝါကျ ဖြစ်ခြင်းကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်၏။

တသ္မာ ထားရပုံ (စ—)ဝါကျ။ ဖဿစသော တရားသုံးပါးကိုသာ အာဟာရတို့ ဟူ၍ ဟောအပ်ကုန်၏ဟု ရသင့်သော အကျိုးလက္ခဏကို ပြလိုသောကြောင့် တသ္မာ ထား၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အာဟာရတီတိ အာဟာရော။ အာသုသော ဟုတွာ ဟရတီတိ အာဟာရော။ အာဟရတိ ဧတေနာတိ အာဟာရော။ (အစိတ်) အာဟာရော ဧဝ+အတ္တော အာဟာရဋ္ဌော။ (တေန) (အပေါင်း)

၂။ အာဟာရ၏ အနက်နှင့် ဝိသေသန+ဝိသေသျ....စပ်....။

၄။ အာဟာရအနက်ဖြစ်သည်....။

သင်္ဂဟဝါရော အာရဒ္ဓေါ။ [၅-၁၉၆]

ဖဿာဒယော ဓမ္မေ သံခိပိတွာ ဂဏှာတိ ဧတေနာတိ သင်္ဂဟော။

သင်္ဂဟောဧဝ+ဝါရော သင်္ဂဟဝါရော၊ [ရှေးနိဿယ-ဒု-၃၄၀၊ ဂဏ္ဌိ-၃၄၅]

သံခိပိတွာ+ဂဟဏံ သင်္ဂဟော။ [သံသဒ္ဒါ သခေ်ပတ္ထ]

တစ်နည်း-သဟ+ဂဟဏံ သင်္ဂဟော။ [သံသဒ္ဒါ သဟတ္ထ] [ဋီ-၉ဂ]

သင်္ဂဟဿ+ဝါရော သင်္ဂဟဝါရော။ [နိ-သစ်-ဒု-၃၇၉]

[ပဒဘာဇနီအစ အနုသန္ဓေဝါကျ အဖွင့်၌လည်း သင်္ဂဟဝါရောပုဒ်၏ ဝိဂ္ဂဟကို ပါဠိတော် နိဿယအလို ပြခဲ့သည်။]

## လိင်စသည် စိစစ်ပုံ

(ခ) ဝါကျ။ နော-အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတပဒ။

(ဂ) ဝါကျ။ အညမညံ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ၊ သဗ္ဗနာမပဒ။ တစ်နည်း-သမာသပဒ။

[မှတ်ချက်။ မောဂ္ဂလာန်အလို-အညအညံကို အညတစ်ပုဒ်တည်း သိသက်အံပြု၍ အညံဟုဖြစ်ပြီးနောက် သဗ္ဗာဒီနံ ဝီတိဟာရေဟူသော မောဂ္ဂလ္လာန် သုတ်ဖြင့် အညံအညံဟု ဒွိရှုပ်ပြု, ရှေ့ပုဒ်၌ နိဂ္ဂဟိတ်ချေ, မ, အက္ခရာလာ အညမညံ ပြီး၏။

မဏိမဥ္ဇူအလို အညဥ္ဉ အညဥ္ဉ အညမညံ၊ မကာရော ပဒသန္ဓိကရော။ အညေန အညံ အညမညန္တိပိ ဝဒန္တိ။ ကရဏတ္ထေ ပစ္စတ္တဝစနံ ကတွာ အညမညန္တိ ဝုတ္တံ၊ အညမညေနာတိ အတ္ထော-ပ-၃၆၁၊ အညမညန္တိ စ အညမညဿာတိ အတ္ထော၊ ဒု-၄၁၇။]

တံသမ္ပယုတ္တာနဉ္စရူပါနံ—နပုလ္လိင်။ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်ပုဒ်။

http://www.dhammadownload.com



[မှတ်ချက်။ ။ဤ၌ တကား ဝိဘတ္တျန္တပုဒ်မဟုတ်၊ သမာသ်တွဲရာ၌ နိဂ္ဂဟိတ် လာသည်။ (ဆောင်) ယ-တ-သဒ္ဒါ၊ ရှေ့ရှိရာဝယ်၊ နောက်မှာ ဒွေးတော် လာသော်လည်းရှိ၊ မလာဘိမူ၊ ယ-တ-၏နောက်၊ ဗိန္ဒု ရောက်သည်၊ မှတ်လောက်ထုံးစံ အမြဲတည်း။]

ယ တ သဒ္ဒ သမာသမှိ၊ သဒ္ဒိံ ဂရုပဒေန စေ။
နိဂ္ဂဟိတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေါ ဝါ ပရော သိယာ၊

( င) ဝါကျ။ တထာ–အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ တစ်နည်း-ပကာရတဒ္ဓိတ်ပုဒ်၊ ဝါ-အဗျာယတဒ္ဓိတ်ပုဒ်။

(စ) ဝါကျ။ တသ္မာ–အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ [ယသ္မာ တသ္မာ—ဘထာဟိ-တေန ဣစ္စေတေ ကာရဏာဿေဒနတ္ထ (နိပါတ) ရှု ၁၃၅။]

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ပစ္စယသင်္ခါတေနဖြင့် အာဟာရဋ္ဌေနဉ် အာဟာရဋ္ဌအရ သဟ-ဇာတပစ္စည်းစသော အကြောင်းကို မယူရ၊ ဝါ-အကြောင်းသာမညအနက်, အစာ အာဟာရအနက် စသည်ကို မယူရ၊ အာဟာရပစ္စည်းတရားဟူသော အကြောင်းကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) [ဋီကာရှေ့နည်း] တစ်နည်း-အာဟာရဋ္ဌအရ ဇနကဖြစ်သော ဟေတုအကြောင်းကို မယူရ၊ ဥပတ္ထမ္ဘကဖြစ်သော ပစ္စယ အကြောင်းကို ယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ) [ဋီကာနောက်နည်း] အာဟာရဋ္ဌေနဖြင့် အာဟာရ-ဟူသော ပုဒ်၌ အာပုဗ္ဗ+ဟရဓာတ် (ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တု, ကရဏသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) အာသဒ္ဒါ ဓာတွတ္ထ-ဝိသေသက (ဘုသတ္ထ) (ဥပသဂ္ဂလိင်္ဂတ္ထ) အာဟရန္တီတိ အာဟာရာ၊ အာဟရန္တိ တေဟီတိ အာဟာရာ-ဟု ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ တယောဝေတ္ထ-မေ့မှာဖြင့် ငါးဆယ်ကျော် တရားတို့တွင် အာဟာရအရ ဖဿ, စေတနာ, ဝိညာဉ် တရားသုံးပါးတို့ကိုသာ ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)။

(ခ) ဝါကျဖြင့် ကျန် ၅၃ (၅၂) ပါး တရားတို့သည် အာဟာရမမည်ကုန် ဟု သိစေ၏၊ တစ်နည်း-ရှေ့ က-ဝါကျရှိ တယောဝေတ္ထ၌ ဧဝ၏ နိဝတ္တေတဗ္ဗဖလ၊ အဝဓာရဏဖလ၊ ဝေတ္ထဖလအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ မနယျတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ အာဟာရဋ္ဌေန, အာဟာရာတို့၌ အာသဒ္ဒါ (ဟရဓာတ်အနက်သို့ အစဉ်လိုက်လျှင်) ဓာတွတ္ထာ နုဝတ္တက၊ တစ်နည်း-(ဟရဓာတ် အနက်ကို အထူး ပြုလျှင်) ဓာတွတ္ထဝိသေသကဖြစ်၍ ဘုသတ္ထ။ [ဧဝ၏ ဝေတ္ထဖလတ္တယကို ထို ပဌမတွဲ နောက်ဆက်တွဲ၌ ပြခဲ့ပြီ]။

http://www.dhammadownload.com



(ခ) ဝါကျ။ နော ပဋိသေဝတ္တ။ ဂ–ဝါကျ။ [ပန၏ အတ္တုဒ္ဒါရနှင့် ဣစာ ဓိပ္ပေတတ္တတို့ကို ထိုနောက်ဆက်တွဲ၌]။ ဝါသဒ္ဒါများ — အညမည သမုစ္စယတ္ထ။ ဣတိ-ဣဒမတ္ထ၊ နိဒဿနတ္ထ။

(င) ဝါကျ။ ပန စိသေသတ္ထ။ တစ်နည်း- သမ္ဘာဝနတ္ထ။ တစ်နည်း-ပက္ခန္တရတ္ထ၊ (ဂဏ္ဌိ) တထာ-အာကာရတ္ထ၊ ပကာရတ္ထ၊ တစ်နည်း—(ရှေ့ဝါကျ၌ ပါဓသော အညမညံ တံသမုဋ္ဌာန ရူပဿကို ညွှန်ပြ၊ ဆွဲငင်သော) အတိဒေသတ္ထ၊ အနုကမ္မနတ္ထ။ အညသာ-အာကာရတ္ထ။ ပကာရတ္ထ။ တစ်နည်း ပစ္စယသင်္ခါတနဉ် (အာဟာရ-ပစ္စယ ဥပတ္ထမ္ဘနကို ညွှန်ပြသော) အတိဒေသတ္ထ။ စသဒ္ဒါများ-အညမည သမုစ္စယတ္ထ။ ဣတိ-ဟေတွတ္ထ။ ပိသဒ္ဒါ—(ပစ္စည်းအဖြစ် တူသည်ဟု ချီးမွမ်းသောကြောင့် သမ္ဘာဝနတ္ထ။ တစ်နည်း- (အတိရေကပစ္စယာကို ထောက်လျှင် သမာနေဟူသော အနည်းဟောပုဒ်နှောင်ထိုင်သောကြောင့်) ဂရဟတ္ထ။

နနု စ သော ဝိပါကော၊ [ဋ္ဌ-၁၉၇]။


၁။ ဝိပါက်ဝိညာဉ်သည် ဂ....။
၂။ ကုသလဝိညာဉ်သည် နိ....။
၃။ ဝိပါက်နှင့် တူသည်၏ အဖြစ်သည် နု....။


## ကြိယာ ၅-တန်ထုတ်ပုံ

ဝုတ္တာ၌ ဝစခါတ်အရ ထုတ်ပုံကို ထိုနောက်ဆက်တွဲ၌ရှု။

## အဓိပ္ပာယ် အဆုံးအဖြတ်

ဌပေတွာ ယေဝါပနကေ။ [ဋ္ဌ-၁၉၆] သင်္ဂဟေတဗ္ဗဘာဝကိုသာ မြစ်သည် ခန္ဓာယတနာဒိဘာဝကို မဖြစ်၊ ထို့ကြောင့် သင်္ခါရက္ခန္ဓာ၏ နိဒ္ဒေသ၌ ဘုရား ဟောလတ္တံ့။ ဤကား—အဋ္ဌကထာဆရာ၏ အလိုတော်။ ဋီကာဆရာကား—သင်္ခါရက္ခန္ဓာနိဒ္ဒေသ၌ ဟောအပ်သည်ဖြစ်ခဲ့ရကား "ဌပေတွာ ယေဝါပနကေ" ကိုပင် မမိန့်လိုပြီ။ ယေဝါပနကကို မချ(မချန်) လိုပြီ-ဟူလိုသည် [ဂဏ္ဌိ-၃၄၅။ နိဿယ ဒု-၂၂၁]။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ (ပစ္စည်းပြိုင်ပုံကို ထိုနောက်ဆက်တွဲ၌ ပြခဲ့ပြီ)။

(စ) ဝါကျ။ (အာဟာရာဒိ ဝုတ္တာ၌ အာကာရပုဒ်အရနှင့် ကြိယာပုဒ်တို့အရ ပြိုင်နည်းအတိုင်း ပိဘိနိဒ္ဒေသအဖွင့် ဂ–ဝါကျနည်းမှီပြိုင်။) တယော၁ဝ ဓမ္မာ ဟူသော ပါဠိသေသနနှင့် ဝုတ္တာ၌ တ ပစ္စည်းတို့အရ ဖဿ, စေတနာ, ဝိညာဉ်ဟူသော



F.92 A

http://www.dhammadownload.com



အာဟာရတရားကိုယ် အာရုံပစ္စည်းတရားသည် ထိုဝုတ္တာ၌ ဝစခေါ်အရ ဒေသနာ ဉာဏ်ပြခြင်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြုး၏။ ပြိုင်-အာ-မိ-ဥပ (၃)။ ဘဂဝတာ ပါဠိဒေသေသကတ္တားအရ ဒေသနာဉာဏ်သည် ဂုတ္တာ၌ ဝစခေါ်အရ မဟာကိရိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ပော-မိ-သဟ-ည-နိ-ကံ-မဂ္ဂ-သံ-ထွိ-အဝိ (၁၀)။

## အပိုမှတ်ရန်

စေတသု ဟိ ဖဿာဟာရော....ပ....ဝိညာဏာဟာရော တေသဥ္ဇ ပစ္စယော ဟောတိ။ [ဋ္ဌ-၁၉၇]

ဖဿာဟာရောအရ-ဖဿသည် ယေသံ အဝသေသာ စိတ္တစေတသိကာ တေသံ တို့အရ ဖဿကြဉ် စိတ်, စေတသိက်တို့အား သဟ-ည-နိ-ဟာ-သံ-ထွိ-ဖဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

မနောသဉ္စေတနာဟာရော-အရ စေတနာသည် တေသဥ္စအရ စေတနာကြဉ် စိတ်စေတသိက်တို့အား သဟ-ည-နိ-ဟာ-သံ-ထွိ-အဝိ (၇)။

ဝိညာဏာဟာရော-အရ စိတ် (၈၉) သည် ခတေသဥ္စအရ (၅၀) ကျော် စေတသိက်တို့အား မိ-သဟ-ည-နိ-ဟာ-ဣ-သံ-ထွိ-အဝိ (၉)။

ဣမေဟိ....ပ....ဥပတ္ထမ္ဘက ပစ္စယာ ဟောန္တိ။ [ဋ္ဌ-၁၉၇]

ဣမေအရ ဖဿ စေတနာ, ဝိညာဉ်သည် သမ္ပယုတ္တဓမ္မာနံအရ သမ္ပယုတ် တရားတို့အား မိ-သဟ-ည-နိ-ကံ-ဟာ-ဣ-သံ-ထွိ-အဝိ (၁၀)။

ကဗဠီကာရာဟာရော-အရ ဩဇာသည် ရူပကာယဿ အရ ဩဇာကြဉ် အာဟာရသမုဋ္ဌာနိကရုပ်အား ဟာ-ထွိ-အဝိ (၃) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

# ၁၀၂-အဋ္ဌိန္ဒြိယာနိ စသည် အဖွင့်

(က) အဓိပတိယဒွေန ပန အဋ္ဌေဝ ဓမ္မာ ဣန္ဒြိယာနိ ဟောန္တီ၊နဿ အဝသေသာ၊

( ခ ) တေန ဝုတ္တံ "အဋ္ဌိန္ဒြိယာနိ ဟောန္တီ" တိ။

( ဂ ) ဥပနိဿယဒွေနစ ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ၊

(ဃ) တေန ဝုတ္တံ "ပဉ္စင်္ဂိကံ ဈာနံ ဟောတီ" တိ။

( င ) နိယျာနဒွေနစ ဟေတုဒွေနစ ပဉ္စေဝ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ၊

( စ ) တေန ဝုတ္တံ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတီ" တိ။

(ဆ) ကိဉ္စာပိ ဟိ....ပ....တသ္မာ "ပဉ္စင်္ဂိကော" တိ ဝုတ္တော။ [ဋ္ဌ-၁၉၇]

ကျမ်းတက် အညွှန်း

(က) ဝါကျ။ [တယော အာဟာရာပါ၌ အဖွင့်မှတစ်ပါး အဋ္ဌိန္ဒြိယာနိပါ၌ အဖွင့်ဖြစ်သည်ကို ရှုတတ်၊ ခ—စသော တေန ဝုတ္တံ ဝါကျတို့ကို ကျမ်းတက်လျှင် အကိုးသာဓက, ဉာပက, ဒဠှီကရဏ, လဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါ လော....အာဘော်ထားတတ်။

[ဆ....ကိဉ္စာပိဝါကျ ဌပနာ ပဉ္စကကျမ်းတက်....ပထတွဲ ၃၈-၌ လည်းကောင်း, ပါပနာဒိကျမ်းတက်....၃၇-၌ လည်းကောင်း အပြည့်အစုံ ပြထားသည်။]

[နနုစ ယထာဂတ မဂ္ဂေါတိ ဝေါ....ပ....အဋ္ဌင်္ဂိကေန ဘဝိတဗ္ဗန္တိ (ဋ္ဌ-၁၉၈) ဝါကျကို ကျမ်းတက်သော်-ဆရာ, ဘုရားရှင်သည် ပဉ္စင်္ဂိကော မဂ္ဂေါ-ဟု ဟောတော်မူ၏၊ ဤသို့ဟောသည်ရှိသော်၊ ဝါ-ဤသို့ဟောခြင်းနှင့် စပ်လျဉ်း၍ သုတ္တန်ပါဠိတော်ကို ထောက်ထား၍ "ပဉ္စင်္ဂိကော မဂ္ဂေါ" ဟူသော စကားကို မနှစ်သက်သော စောဒကပုဂ္ဂိုလ်၏ စောဒနာပုံကို ပြဆိုသင့်သည် မဟုတ်ပါလော၊ စသည်....။]

ဒေါသသင့်ပုံ, ပယ်ပုံ

က-ဖြင့် ဒွေဝါကျကိုထောက်လျှင် အဗျာပိတဒေါသကို ပယ်၏။

ခ-စသော တေန ဝုတ္တံ ဝါကျတို့ဖြင့် ဝိရောဓိ, နိရတ္ထက ဒေါသတို့ကို ပယ်၏။

ဂ-င တို့ဖြင့် အဗျာပိတ, ဒေါသတို့ကို ပယ်၏။

ဆ-ဖြင့် အဗျာပိတ ဝိရောဓိ ဒေါသတို့ကို ပယ်၏။ ထို ဆ-တွင် လောကိယ....ပ....နလဗ္ဘန္တိ ဝါကျဖြင့် ဝိရောဓိ, အဗျာပိတဒေါသတို့ကို ပယ်၏၊ တသ္မာဝါကျဖြင့် နိရတ္ထက ဒေါသကို ပယ်၏၊

http://www.dhammadownload.com



တေန ဝုတ္တံ ထားရပုံ ခ-ဃ-စ—ဝါကျ။ ဒဋ္ဌိကရဏ, အာဂမ, သာဓက, ဉာပက တို့ကို, တစ်နည်း-အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေန ဝုတ္တံ ထား၏။

တသ္မာ ထားရပုံ အကျိုးလဒ္ဓဂုဏ်ကိုပြလိုသောကြောင့် ဆ-ဝါကျ၌ တသ္မာထား၏။

ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာယနံ။ တစ်နည်း-ဥပနိဇ္ဈိယတေ ဥပနိဇ္ဈာယနံ။ [ဥပ+နိပုဗ္ဗ+ဈေဓာတ်+ယုပစ္စည်း၊ ကပ်၍ရှုခြင်းကြိယာခွဲ။] ဥပနိဇ္ဈာယနံဝ+အတ္ထော ဥပနိဇ္ဈာယနဋ္ဌော။ (တေန) ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ အင်္ဂီယတေ ဉာယတေ ဓောဟိ သမုဒါယောတိ အင်္ဂါနိ။ ဈာနဿ+အင်္ဂါနိ ဈာနင်္ဂါနိ။

၂။ ဈာန်၏ အင်္ဂါနှင့် အဝယဝီ+အဝယဝ, သမ္ဗန္ဓ+သမ္ဗန္ဓီ....စပ်....။
၄။ ဈာနင်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(င) ဝါကျ။ လောကတော (ဝဋ္ဋတော) နိယျာတီတိ နိယျာနံ။ နိယျာတိ တေနာတိ နိယျာနံ။ (နိပုဗ္ဗ+ယာဓာတ်++ယုပစ္စည်း။ ထွက်မြောက်ခြင်းကြိယာခွဲ၊)

နိယျာနံဝ+အတ္ထော နိယျာနဋ္ဌော။ (တေန)

(စ) ဝါကျ။ အင်္ဂီယတေ ဉာယတေ ဓောဟိ သမုဒါယောတိ အင်္ဂါနိ။

ပဉ္စ+အင်္ဂါနိ ပဉ္စင်္ဂံ၊ ပဉ္စင်္ဂံ+အဿ အတ္ထီတိ ပဉ္စင်္ဂိကော။

၂။ ငါးပါးသော အင်္ဂါအစိတ်အပိုင်း၏ အရိယ မဂ်နှင့် ဂုဏ်+ဂုဏီ, အဝယဝ+အဝယဝီ....စပ်....။
၄။ အရိယမဂ်၏ ငါးပါးသောအင်္ဂါရှိခြင်း-ဟူသော ဂုဏ်သည်....။

(ဆ) ဝါကျ။ (အင်္ဂါနိ-ယခင်အတိုင်း) အဋ္ဌ+အင်္ဂါနိ အဋ္ဌင်္ဂံ၊ အဋ္ဌင်္ဂံ+အဿ အတ္ထီတိ အဋ္ဌင်္ဂိကော။

၂။ ၈-ပါးသော အင်္ဂါ၏ အရိယမဂ်နှင့် ဂုဏ်+ဂုဏီ, အဝယဝ+အဝယဝီ ....စပ်—။
၄။ အရိယမဂ်၏ အင်္ဂါ ၈-ပါးရှိခြင်း-ဟူသော ဂုဏ်သည်....။
ယထာဂတမဂ္ဂေါ။ [ဋ္ဌ-၁၉၈]
ပုဗ္ဗဘာဂေ ပဝတ္တမဂ္ဂဿ အနုရူပံ+ဂစ္ဆတိ ပဝတ္တတီတိ ယထာဂတော။ ယထာဂတော+စ+သော+မဂ္ဂေါစာတိ ယထာဂတမဂ္ဂေါ။ [ယောဇနာ-၁၁၅]

တစ်နည်း—အာဂတဿ+အနုရူပံ ယထာဂတံ၊

ယထာဂတံ+ပဝတ္တော+မဂ္ဂေါ ယထာဂတ-မဂ္ဂေါ။ [နိ-သင်-ဒု၊ ၃၈၄]

http://www.dhammadownload.com



## လိင်စသည် စိစစ်ပုံ

အဓိပတိယဒွန္ဒေ-ပုံလ္လိင် ပုရိသာဒိဂိုဏ်းခွဲ။ ထိုတွင် အဓိပတိ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ အဒွေဝန္ဒ အတ္တ-အလိင်၊ တစ်နည်း-ပုလ္လိင် သဗ္ဗနာမ်ဂိုဏ်း၊ အ ကာရန္တ၊ သဗ္ဗနာမပဒ၊ တေန-အလိင်၊ နိပါတ်ပုဒ်ခွဲ၊ တစ်နည်း-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း(သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ နိယျာနဒွန္ဒေ-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။ ထိုတွင် နိယျာန-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ ကာရန္တ၊ ကိတ်နာမပဒ။ တိယော-တ္တိလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဣကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ ဝိရတိယော ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ တစ်နည်း-ကိတနာမပဒ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အဓိပတိယဒွေနဖြင့် ဣန္ဒြိယသဒ္ဒါ၏ အဓိပတိယဋ္ဌ ဝါစီ, ရှင်းဆို အနိမ္မန္တ ပါဠိပဒိကအဖြစ်ကို သိစေ၏။ (နာမလိင်ပဒတ္ထ၊ အဘိဓေယျတ္ထ။) အဒွေဝ ဓမ္မာဖြင့် ဣန္ဒြိယအရ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါစသော နာမ်ဣန္ဒြေ (၈) ပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)။

(ခ) ဝါကျ။ ဥပနိဇ္ဈာယနတ္ထေနဖြင့် ဈာန်၌ ဈေဓာတ်၊ (ဒု-ဓာတုပဒ) ထို ဈေဓာတ် ဥပနိဇ္ဈာန (ဩလောကန) အနက်ဟော၊ (ဒု-ဓာတွတ္ထ) ယု ပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဈာယတိ အာရမ္မဏံ ဥပနိဇ္ဈာယတီတိ ဈာန်ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ပဉ္စဝ ဓမ္မာ ဈာနင်္ဂါနိဖြင့် ဈာနဿ+ အင်္ဂါနိ ဈာနင်္ဂါနိဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ ဈာနင်္ဂအရ ဝိတက်, ဝိစာရစသော ဈာနင်ငါးပါးကိုသာ ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဂ) ဝါကျ။ နိယျာနဒွေန ဟေတွတ္ထေနဖြင့် မဂ္ဂသဒ္ဒါ နိယျာနအနက်, ဟေတု အနက်ဟော ဟု သိစေ၏။ (နာမလိင်တ္ထ) စ-နှစ်ပုဒ်ဖြင့် အညမညသမုစ္စယတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ပဉ္စဝဓမ္မာ မဂ္ဂင်္ဂါနိဖြင့် မဂ္ဂဿ+ အင်္ဂါနိ မဂ္ဂင်္ဂါနိ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ မဂ္ဂင်အရ သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ငါးပါးကိုသာ ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

ရသဒ္ဒေန စေဝ ဝေဒယိတဒ္ဒေနစ ဧကောဝ ဓမ္မော ဝေဒနာက္ခန္ဓော၊ [ဋ္ဌ-၁၉၈]

ရသဒ္ဒေနဖြင့် ခန္ဓသဒ္ဒါ ရသဋ္ဌ ဝါစီ ရှင်းဆို အနိပ္ဖန္န ပါဠိပဒိကပုဒ် ဟု သိစေ၏။ (နာမလိင်ပဒတ္ထ၊ အဘိဓေယျတ္ထ) ဝေဒယိတဒ္ဒေနဖြင့် ဝေဒနာ၌ ဝိဒဓာတ်၊ (ဒု-ဓာတုပဒ) ယု ပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝေဒိယတေ ဝေဒနာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ အပေါင်းဖြင့် ဝေဒနာဝေ+ခန္ဓော ဝေဒနာက္ခန္ဓော-ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ပြု-ဟု သိစေ၏။ (သမာသလိင်တ္ထ)၊

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ ဝေ-အဝဓာရဏတ္ထ။

၁။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, မန, သောမနဿ, ဇီဝိတတို့သည်၊ တစ်နည်း-ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာတို့သည်။ ဂ....။

[ရှေးနည်းပါဠိတော် ၂၉-အစဉ်၊ နောက်နည်း-ဣန္ဒြေအစဉ်။]

၂။ ဖဿစသည်တို့သည် နိ....။

၃။ အဓိပတိယဋ္ဌ အဖြစ်သည်၊ တစ်နည်း-ထိုဇီဝိတ စသည်တို့၏ ထိုက်သည်အားလျော်စွာ ခန္ဓာ, အာယတန, ဓိုလ်, ဗောဇ္ဈင် စသော အမည်တို့သည် နု....။

(ဂ) ဝါကျ။ ဥပနိဇ္ဈာယနဋ္ဌေန္ဓ-ဥပသဒ္ဓါ-ဥပဂမနတ္ထ၊ နိသဒ္ဓါ ဓာတွတ္ထာနုဝတ္တက။ ဝေ-အဝဓာရဏတ္ထ။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ (ဝေဒနာ) စိတ္တဿေကဂ္ဂတာတို့သည် ဂ....။

၂။ ဖဿစသည်တို့သည် နိ....။

၃။ ဥပနိဇ္ဈာယနဋ္ဌအဖြစ်သည်၊ တစ်နည်း- ထိုဝိတက်စသည်တို့၏ ထိုက်သည်အားလျော်စွာ ခန္ဓာ, အာယတန, ဓိုလ်, ဗောဇ္ဈင် စသောအမည်တို့သည် နု....။

(င) ဝါကျ။ စ- ၂-ပုဒ် အညမည သမုစ္စယတ္ထ။ ဝေ အဝဓာရဏတ္ထ။

၁။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့သည်၊ ဝါ-ပညာ, ဝိတက်, ဝီရိယ, သတိ, ဧကဂ္ဂတာတို့သည်။ ဂ....။

၂။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ—ဟူသော ဝိရတိ သုံးပါးသည်· နိ....။

၃။ နိယျာနဋ္ဌ, ဟေတွဋ္ဌအဖြစ်သည်၊ တစ်နည်း-ထိုပညာ စသည်တို့၏ ခန္ဓာ, အာယတန, ဓိုလ်, ဗောဇ္ဈင်စသော အမည်တို့သည် နု...။

(ဆ) ဝါကျ။ ကိဉ္စာပိ-သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။ ဟိ-ဥပန္ယာသတ္ထ၊ ဝါကျာ-ရမ္ဘတ္ထ, တစ်နည်း—ဒဠှီကရဏတ္ထ။ ပန-ဂရဟတ္ထ အရှစိသံသူစနတ္ထ။

## သဗ္ဗနာမ်အစွဲ, ဝိသယနာမည်

(ဆ) ဝါကျ။ တသ္မာ၌ တ—သည် မရအပ်သည်အဖြစ်-ဟူသော အနက်ကိုစွဲ၏။ န လဗ္ဘန္တိ (မရခြင်း) ကြိယာကို စွဲသောကြောင့် အနုဘူတ ဝိသယ။

http://www.dhammadownload.com



## ကြိယာ ၅—တန်ထုတ်ပုံအမှာ

တေန ဝုတ္တံ, တသ္မာ ဝုတ္တောတို့၌ ဝုတ္တံ, ဝုတ္တောတို့ဝယ် ဝစခေတ်အရ-ဒေသနာ ဉာဏ်ယူ၍ ထုတ်မြဲ။

ဝစီဘေဒသဒ္ဒထုတ်သည့်အခါ (ခ) ဝါကျ၌ အင္ဂိန္ဒြိယာနိ ဟောန္တိ၊ (ဃ)ဝါကျ၌ ပဋ္ဌဂိတုံ ဈာနံ ဟောတိ၊ (စ) ဝါကျ၌ ပဋ္ဌဂိကော မဂ္ဂေါ ဟောတိ၊ (ဆ)ဝါကျ၌ ပဋ္ဌဂိကော—ဟူသော ဝစီဘေဒ သဒ္ဒတို့ကို ထုတ်ပါ။

### ပဋ္ဌာန်းပစ္စည်းပြိုင်

(ဆ) ဝါကျ၊ တိဿော ဝိရတိယောအရ-ဝိရတိ စေတသိက် သုံးပါးသည် လောကိယ စိတ္တေအရ-မဟာကုသိုလ်စိတ် ၈-ခု၊ ဝိရတိကြဉ် စေတသိက်ပဋ္ဌတ္တိ သအား သဟ....ပြ၏။ ပြိုင်-သဟ-ည-နိ-မဂ္ဂ-သံ - တ္ထိ-အဝိ (၇)။

[လောကိယ စိတ္တသိ္မံ့ တိဿော ဝိရတိယော ကေကွဏော န လဗ္ဘတိ၊ ၄-၁၉၈-၌ လည်း ဤနည်းတူပြိုင်။]

http://www.dhammadownload.com

# ၁၀၃-သသင်္ခါရေနပုဒ် အဖွင့်

(က) ဣဒါနိ ဒုတိယစိတ္တာဒီနိ ဒဿေတုံ "ကတမေ ဓမ္မာ" တိ အာဒိ အာရဒ္ဓံ။

(ခ) တေသု သဗ္ဗေသုပိ....ပ....မဟာဝါရာ ဝေဒိတဗ္ဗာ။

(ဂ) န ကေဝလဉ္စ မဟာဝါရာဝ၊....ပ....ဝေဒိတဗ္ဗာ။

(ဃ) ဣတော ပရမ္ပိ အာပုဗ္ဗ ပဒဝဏ္ဏနံ ယေဝ ကရိဿာမ။

(င) ဣမသ္မိံ တာဝ ဒုတိယ စိတ္တေ နိဒ္ဒေသ "သ သင်္ခါရေန" တိ ဣဒမေဝ အပုဗ္ဗံ။

(စ) တဿတ္ထော-သဟ သင်္ခါရေနာတိ သ သင်္ခါရော၊ တေန သ သင်္ခါရေန ....ပ....အတ္ထော။

(ဆ) ယေန ဟိ အာရမ္မဏာဒိနာ....ပ....ဣဒံ ဥပ္ပန္နံတိ။ [ဋ္ဌ-၁၉၉]

အနက်ထူး။ က-ဝါကျ။ (ဧဝံ ကတမေ ဓမ္မာ ကုသလာတိ-အာဒိနာ ပဌမစိတ္တံ ဒဿေတွာ-ဟု ပုဗ္ဗာနုသန္ဓေထည့်။ ရှိရင်းစွဲ ဒဿေတုံ၏ ကရိုဏ်းကို ကတမေ ဓမ္မာတိ အာဒိနာ-ဟု ထည့်။ အာရဒ္ဓံ၏ ကတ္တားကို ဘဂဝတာ-ဟု ထည့်။)

(င) ဝါကျ။ အပုဗ္ဗံ-မရှေးသော၊ (ရှေးမဟုတ်၊) (သဒ္ဒတ္ထ) ဝါ-အသစ်တည်း၊ (အဓိပ္ပာယတ္ထ) (ဂဏ္ဌိ-၃၄၇)။

(စ) ဝါကျ။ (နိဿယအတိုင်း အညပုဒ်ကတ္တားနှင့် ကြိယာထည့်ပေး။)

### ဋ္ဌပနာပဉ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည်၊ ကတမေ ဓမ္မာ စသည်ကို ဟောတော်မူ၏၊ ဤသို့ပင် ဟောသော်လည်း, ကတမေ ဓမ္မာ ကုသလာ—အစရှိသည်ဖြင့် (ပဌမ) မဟာကုသိုလ်စိတ်ကို ရွေး၍ဟောပြီးသည် မဟုတ်ပါလော၊ ထိုသို့ ဟောပြီးသည်ဖြစ်သောကြောင့်, ကတမေ ဓမ္မာ ကုသလာ—စသော စကားကို ထပ်၍မဟောသင့်၊ ပဌမ မဟာကုသိုလ်စိတ်ကိုသာ ဟောသင့်၏။ အဘယ်ကို ပြခြင်း အကျိုးငှာ၊ ကတမေ ဓမ္မာ စသည်ကို ဟောပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် က-ဝါကျကို မိန့်၊ အဓိပ္ပာယ်ကား ဒုတိယစိတ် စသည်တို့ကို ပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ စသည်ကို ထပ်၍ ဟောရသည်-ဟူလို။ (ပုစ္ဆာတက်)။

http://www.dhammadownload.com



စောဒနာတက်သေဉ်–ကတမေ ဓမ္မာ စသည်ကို ထပ်၍ ဟောရာ၌ ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏-ဟု (ဒေါသာရောပန) ထည့်တက်။ အဓိပ္ပာယ်ကား-ဒုတိယစိတ် စသည်တို့ကို ပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ စသည် ထပ်၍ ဟောရသောကြောင့် ဘုရားရှင်အား ပုနရုတ္တိဒေါသ မသင့်ရောက် ဟောတော်မူ တန်၏-ဟူလို။

(စ) ဝါကျ။ ဆရာ့ဆရာသည် င- ဝါကျဖြင့် သသန်ါရေန-ဟူသော ဤပုဒ်သာ အသစ်ဖြစ်သော ပုဒ်တည်း-ဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော်, ထိုအသစ်ဖြစ်သော သသန်ါရေနပုဒ်၏ အနက်ကို၊ ဝါ–ဝစနတ္ထကို မပြဆိုဟူသောအဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

## ဒေါသပယ်

(က) ဝါကျဖြင့် ပုနရုတ္တိ, အဗျာပိတ, နိရတ္ထကဒေါသတို့ကို ပယ်၏။ [နိယံ-ပဒဘာဇနီအစ အဖွင့်၌ ပြခဲ့ပြီ။] ခ–ဂ–ဃ–တို့ဖြင့် အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, ကေတ္တဒေါသတို့ကို ပယ်၏။ င-စ-တို့ဖြင့် အဗျာပိတဒေါသတို့ကို ပယ်၏။ ဆ-ဝါကျဖြင့် ဝိရောဓိ, ဩစိတျ ဟီနဒေါသတို့ကို ပယ်၏။

အတ္တနော ပယောဂေန ပရေန ဝါ ဝတ္တာဒိန်....ပ....နိဂ္ဂဟဝသေနေဝ ဝါ [၄–၂၀၀]

ဝါသဒ္ဒါလဲပုံ။ မိမိ၏ ပယောဂ ဟူသော အကြောင်းမှတစ်ပါး, သူတစ်ပါး၏ ဩဝါဒ ဟူသော ပယောဂ ဥပါယ, သူတစ်ပါး၏ နှိပ်ကွပ် (အတင်းတိုက်တွန်း)မှု ဟူသော နိဂ္ဂဟ ဟူသော ပယောဂ ဥပါယ အကြောင်းတို့ကို လဲလိုသောကြောင့် ဝါသဒ္ဒါများထား၏။ [နိဿယသစ်အလို အတ္တနော ပယောဂေန နောက်၌ ဝါ သဒ္ဒါ ပါဖွယ်မလို။]

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဃ) ဝါကျ။ န....ပုဗ္ဗာနိ အပုဗ္ဗာနိ၊ အပုဗ္ဗာနိ ဧဝ+ပဒါနိ အပုဗ္ဗပဒါနိ။ အပုဗ္ဗ ပဒါနိ+ဝဏ္ဏနာ အပုဗ္ဗ ပဒဝဏ္ဏနာ။ (တံ)

၃။ ရှေးမဟုတ်သောပုဒ်တို့၏ အဖွင့် အဋ္ဌကထာနှင့် နိဿယ+နိဿိတ, အကြောင်း+အကျိုး....စပ်....။

၄။ အပုဗ္ဗပဒဝဏ္ဏနာတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(စ) ဝါကျ။ သန်ရောတီတိ သန်ါရော၊ သန်ရောတိ ဓောနာတိ သန်ါရော (အစိတ်) သဟ+သန်ါရေန+ယော+ဝတ္တတီတိ သ သန်ါရော၊ (အပေါင်း။)



F83A

http://www.dhammadownload.com



၂။ တက္ကဖြစ်သော ပြုပြင်တတ်သော ပုဗ္ဗပယောဂ ဥပါယ ဟူသော သင်္ခါရ၏ ပစ္စည်းအပေါင်းနှင့် ဝိသေသန+ဝိသေသျ,အကြောင်း+အကျိုး၊တစ်နည်း- သင်္ခါရနှင့်တကွ ဖြစ်ခြင်းဟူသော သဟ ပဝတ္တန ဘောဂုဏ်၏ ပစ္စည်း အပေါင်းနှင့် ဂုဏ်....ဂုဏော....စပ်....။

၄။ ပစ္စည်းအပေါင်း—ဟူသော ဂုဏ်သည်၊ ဝါ—အပေါင်းပစ္စည်းဒြပ်သည်၊ တစ်နည်း သ သင်္ခါရတို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

[သ သင်္ခါရ—ဟူသော ပစ္စည်းအပေါင်းသည်, ၎င်းကြောင့် ဖြစ်သော စိတ်ကို ထောက်လျှင် အကြောင်းဖြစ်သော်လည်း သင်္ခါရ အကူအညီ—ဟူသော ဥပတ္ထမ္ဘက အကြောင်းကို ထောက်ပြန်လျှင် အကျိုးဖြစ်ပြန်သည်။]

(စ) ဝါကျ။ သ ဥပါယေနဒွိ-ဥပယတီတိ ဥပါယော။ [နိဿယသစ်-၃၉၁] [ဥပပုဗ္ဗ+ဣဓာတ်+ဏ ပစ္စည်း၊ ကပ်ရောက်ခြင်းကြိယာခွဲ]

တစ်နည်း—ဥပဂစ္ဆတိ ဧတေနာတိ ဥပါယော။ [ဓာတွတ္ထဒီပနီ၊ အဘိဓာန်ဋီကာ] [ဥပပုဗ္ဗ+အယဓာတ်+အ ပစ္စည်း၊ ကပ်ရောက်ခြင်း ကြိယာခွဲ။]

သဟ+ဥပါယေန+ယော+ဝတ္တတီတိ သဉပါယော။ (ဧတေန) [အထက်ပါ သ သင်္ခါရော နည်းမှီခွဲ။]

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဒုတိယ စိတ္တာဒိနိ—နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဩတမေ ဓမ္မာတိ အာဒိ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣတရာရန္တ၊ သမာသပဒ။ ဆိုတွင်—ကတမေ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ခွဲ။

## အာဘော်, သံဝဏ္ဏနာ

(စ) ဝါကျ။ တဿတ္ထော၊ဖြင့် ထိုသသင်္ခါရေန-ဟူသော ပုဒ်အနက်ကို ဤသို့ သိရမည်—ဟု အချို့ စကားပျိုး တိုက်တွန်းချက်ကို သိစေ၏။ (ဘာဝတ္ထ)+သဟ သင်္ခါရေနာတိဖြင့် သ သင်္ခါရောကို သဟ+သင်္ခါရေန+ယော (ပစ္စယဂဏော) +ဟောတီတိ (ဝတ္တတီတိ) သ သင်္ခါရော-ဟု ပထမာ ဗဟုဗ္ဗီဟိ သမာသ်ပြု၊ (သမာသလိင်္ဂတ္တ) သ-သဒ္ဒါ သဟ၏ ကာရိယ (နိပါတ လိင်္ဂပဒ) သိစေ၏။ သ သင်္ခါရောဖြင့် ထိုသ သင်္ခါရောသည် ပထမာဝိဘတ်ဖြင့် ရှိရိုးဖြစ်သော ပုဒ်အခိုက် အတန့်ကိုငဲ့သော ပဒါဝတ္ထိတန္တ, ပါဠိတော်၌ရှိသော "က သင်္ခါရေန" ပုဒ်ကို ဖြုတ်ထားသော ဒန္တစ္ဆေဒန နည်းအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တေန သ သင်္ခါ- ရေနဖြင့် ပါဠိတော်၌ ဝါကျအရှိကိုငဲ့သော ဝါကျာဝတ္ထိကန္တ, ဖြုတ်အပ်ပြီး သော ဆင်စွယ်ကို ပြန်၍ ချွန်ပေးသည်နှင့်တူသော ဒန္တသောဓနနည်း အဖြစ်ကို

http://www.dhammadownload.com



သိစေ၏။ (ဘာဝတ္ထ) သပ္ပယောဂေန, သဥပါယေနဖြင့် "သခ်ါရ"ဟူသော သမာသ်ပုဒ်တစ်စိတ်အရ ပယောဂ ဥပါယကိုယူပါ-ဟု သိစေ၏။ (အာဘိဓေယျတ္ထ) ပစ္စယဂဏေနဖြင့် "သ သခ်ါရ" သမာသ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူပါ-ဟု သိစေ၏။ (အာဘိဓေယျတ္ထ) တစ်နည်း- တေန သ သင်္ခါရေန....ပ....အတ္ထောဖြင့် ပြုပြင်တတ်, ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗ ပယောဂ ဥပါယနှင့် တကွဖြစ်သော အာရုံ; ယောနိသော မနသိကာရ စသော ပစ္စည်းအပေါင်းဖြင့် ဝါ-ကြောင့်၊ ဤ ဒုတိယ မဟာကုသိုလ်စိတ်ဖြစ်၏-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

သဗ္ဗေသုပိ၌ ပိ သဒ္ဒါ ဒုတိယ, တတိယစိတ် စသော အစိတ်အစိတ်ကိုပေါင်းဆည်းသော အဝယဝ သမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ။ ဝုတ္တနယေနေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

၁။ ဝုတ္တနယသည် ဂ....။
၂။ အဝုတ္တ နယသည် နိ....။
၄။ သဒိသ နယသည် နှု....။

(နောက် ဝုတ္တနယေနေဝ၌လည်း နည်းတူမှတ်။)

ကေဝလဥ္စ၌ စသဒ္ဒါ—ပက္ခန္တရတ္ထ။ [ရှေးနိဿယ] ဝါကျာရမ္ဘတ္ထ, ဥပနျာသတ္ထ၊ [နိဿယသစ်] မဟာဝါဆို ဝေ၌-

၁။ ဓမ္မဝဝတ္ထာန သင်္ဂဟ, သုညတ-ဟူသော မဟာဝါရသုံးပါးသည် ဂ....။
၂။ ဝုတ္တသဒိသ ပုဒ်တို့၏ အနက်သည် နိ....။
၃။ ဝုတ္တသဒိသပုဒ်သည် နှု....။

တစ်နည်း - ဝေပဒ၊ နမြစ်ကု၊ သမုစ္စယ (အနွယ)၊ အဓိပ္ပာယ်ရောက်မြဲ ဟူသော ဘုရားကြီးနိယံ (၁၀၆) နှင့်အညီ ဝေပါသော ဝါကျအနက်ကို န-မြစ်လျှင် ထိုဝေသဒ္ဒါဖြင့် အနွယသမုစ္စည်း အဓိပ္ပာယ်ကို ပြလိုသောကြောင့် အထက်ပါ နိဝတ္တေတဗ္ဗဖြစ်သော ဝုတ္တသဒိသပုဒ်တို့၏ အနက်သည်ပင် အနုညာတဖြစ်သည်။

[အထက်၌ ၎င်းအနက်ကို နိဝတ္တေတဗ္ဗ ထုတ်ခဲ့သည်မှာလည်း အခိုက်အတန့်ကို ရည်ရွယ်၍ ထုတ်ခြင်းဖြစ်သည်၊ စင်စစ် ၎င်းအနက်သည် နိဝတ္တေတဗ္ဗ မဟုတ် အနုညာတပင် ဖြစ်တော့သည်။]

အတ္ထောပိ၌ ပိသဒ္ဒါ-ရှေးမဟာဝါရတို့ကို ပေါင်းဆည်း ရှင့်သော သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ, အပေက္ခတ္ထ။ ပရမ္ပိ၌ ပိသဒ္ဒါ သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ တာဝသဒ္ဒါ-ပဌမတ္ထ။ [တာဝသဒ္ဒါ၏ အတ္ထုဒ္ဒါရကို-ပဌမတွဲ-၂၄၇ ၌ပြခဲ့ပြီ။] ဣဒမေဝ၌-

http://www.dhammadownload.com



၁။ သ သင်္ခါရေန-ဟူသော ပုဒ်သည် ဂ....။
၂။ ကတမေ ဓမ္မာ စသော ပုဒ်တို့သည် နိ....။
၃။ သ သင်္ခါရေန ပုဒ်၏အနက်သည် နိ....။

သဟ သင်္ခါရေန၌ သဟသဒ္ဒါ, သ သင်္ခါရေ၌ သ သဒ္ဒါတို့သည်–သမကြိယတ္ထ တုလျယောဂတ္ထ။ ယေနဟိ၌ ဟိသဒ္ဒါ–ဒဠှီကရဏတ္ထ၊ တေနေဝ၌....

၁။ ရှေ့၌ဆိုအပ်ပြီးသော ထိုအာရုံ, ယောနိသောမနသိကာရ စသော ပစ္စယဂဏသည် ဂ....။
၂။ ဆိုအပ်ပြီးမဟုတ်သော တစ်ပါးသော ပစ္စယဂဏသည် နိ....။
၃။ ပယောဂဥပါယသည် နိ....။

## ကြိယာ ၅–တန်ထုတ်ပုံ

ဒသောတုံ-အာရဒ္ဓံတို့၌- အန္တတ္တအရနှင့် ဗာဟျတ္ထအရ ထုတ်ပုံကို ပထမတွဲ-၁၀၉-၌ ရှု။ ဝေဒိတဗ္ဗောတို့၌ ထုတ်ပုံကိုလည်း ထိုပထမတွဲ (၁၁၁) ၌ လည်းကောင်း, ဤဒုတိယတွဲ စေတနာ၏ ပစ္စုပဋ္ဌာန်အဖွင့် စသည်၌လည်းကောင်း ပြခဲ့ပြီ။

## အဓိပ္ပာယ်ဆုံးဖြတ်ချက်

(ဆ) ဝါကျ။ ဆိုလိုရင်း အဓိပ္ပာယ်ကား – အာရမ္မဏစသော ပစ္စည်းသည်ပင် ပယောဂ ဥပါယ မရှိသော် ပထမစိတ်၏ အကြောင်းဖြစ်၏-ဟု ဆိုလိုပါသည်။ [ဂဏ္ဌိ-၃၄၈]

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ ဣဓ ါနိ-ဒသောတုံ-ကတမေ ဓမ္မာ ကုသလာတိအာဒိ (ဘာဝတာ) အာရဒ္ဓံတို့၌ ပြိုင်ပုံကို ပဒဘာဇနီအစ အနုသန္ဓေဝါကျ အဖွင့်၌စုံလင်စွာ ပြခဲ့ပြီ။

http://www.dhammadownload.com

# ၁၀၄-မဟာကုသိုလ်ဆဠ-သတ္တမ-အဋ္ဌမစိတ်များ အဖွင့်

(က) ဆဋ္ဌ သတ္တမ အဋ္ဌမာနိ ဒုတိယ တတိယ စတုတ္ထေသု ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

(ခ) ကေဝလဉှိ ဣမေသု ဝေဒနာပရိယာယနင္ဂဉ္စ ပီတိပရိယာယနဉ္စ ဟောတိ။

(ဂ) သေသံ သဒ္ဓိံ ဥပ္ပတ္တိနယေန တာဒိသမေဝ။

(ဃ) ကရုဏာ မုဒိတာ ပရိကမ္မကာလေပိ ဟိ ဣမေသံ ဥပ္ပတ္တိ မဟာအဋ္ဌကထာယံ အနုညာတာဝ။

(င) ဣမာနိ အဋ္ဌ ကမာဝစရကုသလစိတ္တာနိနာမ။ [ဋ္ဌ-၂၀၁]

အနက်ထူး။ တာဒိသမေဝ-ထို ဒုတိယ, တတိယ, စတုတ္ထစိတ်နှင့် တူသည်သာလျှင်၊ (အဓိပ္ပာယတ္ထ) ဝါ-ထိုဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာလျှင်၊ (သဒ္ဒတ္ထ)၊

### ဌပနာပဥ္စက ကျမ်းတက်

(ခ) ဝါကျ။ (ဒဋ္ဌိကျမ်းတက်)

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် ဖြစ်သောနည်းနှင့်တကွ ကြွင်းသောစကားရပ် အစီအရင်သည် ထို ဒုတိယ, တတိယ, စတုတ္ထစိတ်တို့နှင့် တူသည်သာလျှင် ဖြစ်၏ဟု မိန့်ဆိုတော်မူ၏။....သော်, ထိုစကားကို ခိုင်မြဲစေသော အသင့်ယုတ္တိသဘာဝ ဒဋ္ဌိကရဏသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ဝါ-ဆရာ့စကားသည် ဒဋ္ဌိယမျှသာဖြစ်၍ မယုံကြည်သင့်သည် မဟုတ်ပါလော၊ ....ပ.... ထိုစကားကို ခိုင်မြဲစေတတ်သော၊ ဝါ-ထိုစကားကို ယုံကြည်ကြောင်း ဖြစ်သော အသင့်ယုတ္တိ သဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ တစ်နည်း-ဥပေက္ခာ-သဟဂုတ် စိတ်များဖြစ်သောကြောင့် ကရုဏာ မုဒိတာတို့ မယှဉ်နိုင်ဟု မှတ်အပ်သည် မဟုတ်ပါလော....ပ....ဤ ဥပေက္ခာသဟဂုတ်စိတ်တို့၌ ကရုဏာ မုဒိတာတို့ ယှဉ်နိုင်ပုံကိုလည်း မဟာအဋ္ဌကထာ ထောက်ထား၍ ပြဆိုသင့်သေး၏၊....စသည်။

### ဒေါသသင့်ပုံ, ပယ်ပုံ

က—ဖြင့် အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, ကေတ္တ ဒေါသတို့ကို ပယ်၏။

ခ-ဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



ဂ—ဖြင့် [က-နှင့်တူ], ဃ-ဖြင့် [ခ-နှင့်တူ],

င—ဖြင့် ပုနရုတ္တိ, ဝိရောဓိဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ ကေဝနံ ပဝတ္တနံ ကေဝလံ။ [ကေဝဓာတ်+အလ ပစ္စည်း၊ (သက်သက်) ဖြစ်ခြင်း ကြိယာခွဲ]။

ဝေဒယတီတိ ဝေဒနာ။ ပရိဝတ္တီယတေ ပရိဝတ္တနံ။ ဝေဒနာယ+ပရိဝတ္တနံ ဝေဒနာပရိဝတ္တနံ။ ပီဏယတီတိ ပီတိ။ ပရိဟီယတေ ပရိဟာနံ။ ပီတိယာ+ပရိဟာနံ ပီတိပရိဟာနံ။

(ဂ) ဝါကျ။တမိဝ....နံ ပဿတီတိ တာဒိသံ။ [အဝုတ္တကမ္မသာဓန] တမိဝ+နံ ဒိဿတီတိ တာဒိသံ။ [ဝုတ္တကမ္မသာဓန] [တသဒ္ဒူပပဒ+ဒိသ (ဒိသ) ဓာတ်+ကွိ ပစ္စည်း၊ ထိုကဲ့သို့ရှုခြင်းကြိယာခွဲ] ပုည ကိရိယဝတ္ထု။ [ဋ္ဌ-၂၀၁] ကတ္တဗ္ဗာတိ ကိရိယာ။ ပုညံစ+တံ+ကိရိယာစာတိ ပုည ကိရိယာ။ ဝသန္တိ တွောတိ ဝတ္ထု၊ ပုည ကိရိယာစ+သာ+ဝတ္ထုစာတိ ပုည ကိရိယဝတ္ထု။ [အကျဉ်း] အကျယ်ကား- ပုည ကိရိယာစ+သာ+တေသံ တေသံ အာနိသံသာနံ ဝတ္ထုစာတိ ပုညကိရိယ ဝတ္ထု။ [ဋ္ဌ-၂၀၁]။

၂။ ပြုထိုက်သောကောင်းမှု၏ တည်ရာအကြောင်းနှင့် ဝိဓသသန+ဝိသေသျ, ဂုဏ်+ဂုဏော....စပ်။

၄။ ပုညကိရိယ ဝတ္ထုတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာ ဟု ဆိုအပ်သော ဓာတ်သည်....။

## လိင်စသည် စိစစ်ပုံ

သဒ္ဒ- အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ၊ ဣမေသံ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) အ ကာရန္တ၊ သဗ္ဗနာမပဒ။ ဥပ္ပတ္တိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ ကာရန္တ၊ ကိတ်နာမ်ပုဒ်။

## အာဘော်+သံဝဏ္ဏနာ

(ဃ) ဝါကျ။ မဟာအဋ္ဌကထာယံ အနုညာတာဖြင့် ကရုဏာ မုဒိတာတို့၏ လည်း ဖြစ်ခြင်းကြောင်း ယေဝ ါပနက တရားတို့ဖြင့်လည်း ပထမမဟာကုသိုလ် စိတ်မှ အထူးမရှိသည်၏ အဖြစ်ကို သိစေ၏။ တစ်နည်း-အလွန် မတည်ကြည်သေး သော (အပ္ပနာအနီးအပါးသို့ မရောက်သေးသော) ဘာဝနာဖြစ်ရာ အခါ၌

http://www.dhammadownload.com



ကရုဏာ မုဒိတာကို၏ ဥပေက္ခာသဟဂုတ်စိတ်တို့၌ ဖြစ်ခြင်းကို မဟာအဋ္ဌကထာ ခွင့်ပြုခြင်းဖြင့် ယေဝါပနက တရားတို့အားဖြင့်လည်း အထူးမရှိသည်၏ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

[မဟာအဋ္ဌကထာယံ အနုညာတာ နာတိသမာဟိတာယ ဘာဝနာယာတိ ယေဝါပနကေဟိပိ နိဗ္ဗိသေသတံ ဒဿေတိဒ္ဒိ-၉၉။]

## နိပါတ်ပုဒ်အနက်

(ဝုတ္တနယေဝ၌ ဝဟောတဗ္ဗ စသည်ထုတ်ပုံ သဿ်ဂါရအဖွင့်၌ ရှု)

ကေဝလညို၌ ဟိသဒ္ဒါ—ဒဠှီကရဏတ္ထ။ စေဝနှင့် စ-အညမည သမုစ္စယတ္ထ။ သဒ္ဒိံ သမကြိယတ္ထ၊ တုလျယောဂတ္ထ။ တာဒိသမေဝ၌—

၁။ ဒု၊ တ၊ စ-စိတ်တို့နှင့်တူသည်၏အဖြစ်-ဟူသော သဒိသဘာဝသည် ဂ....။
၂။ ထိုစိတ်တို့နှင့် မတူသည်၏ အဖြစ်ဟူသော အသဒိသဘာဝသည် နိ....။
၃။ အနုရူပ ဘာဝသည် နု....။

ကာလေပိ၌ ပိသဒ္ဒါ-သမုစ္စယတ္ထ,သမ္ဘာဝနတ္ထ။ဟိ-ဒဠှီကရဏတ္ထ၊ အနုညာတာဝေ၌-

၁။ အနုညာတ (ခွင့်ပြုခြင်း) ကြိယာသည် ဂ....။
၂။ နအနုညာတ (မခွင့်ပြုခြင်း) ကြိယာသည် နိ....။
၃။ မဟာအဋ္ဌကထာ၌ ခွင့်ပြုအပ်သော တစ်ပါးသောတရားတို့၏ဖြစ်ခြင်းသည်၊ ဝါ-တစ်ပါးသောတရားတို့၏ ဖြစ်ခြင်းကို ခွင့်ပြုအပ်သည်၏ အဖြစ်သည် နု....။

## ကြိယာ ၅-တန် ထုတ်ပုံ

[ဝေဒိတဗ္ဗာနိ၌ ကြိယာ ငါးတန်ထုတ်ပုံနှင့်၊ ထိုဝေဒိတဗ္ဗ ထားရပုံတို့ကို ထိုထိုအဖွင့်၌ များစွာပြခဲ့သည်တို့ကို နည်းမှီသိ။]

**အနုညာတာ၌ အနုပုဗ္ဗ+ဉာဓာတ်အရ-**

၁။ သတိ, ဝီရိယ, ဉာဏ်, ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ ခွင့်ပြုသဖြင့် သောတုဇန ဓမ္မပဋိဂ္ဂါဟပုဂ္ဂိုလ်တို့ အနက်အဓိပ္ပါယ် သိရှိမှတ်သားရခြင်းသည်....။
၄။ သဒ္ဓမ္မဿဝန စသည်သည်....။
၅။ သိရှိမှတ်သားရသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ရခြင်း စသော အကျိုးအဆက်ဆက်သည်....။

http://www.dhammadownload.com



## အဓိပ္ပာယ်အဆုံးအဖြတ်

(ဃ) ဝါကျ။ ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ နသန္တီတိ ကေစိ ဝဒန္တိ-ဟူသော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းလာ ကေစိဝါဒမှန်, မမှန်ကို ဤအဋ္ဌကထာနှင့် ဋီကာထောက်ထား၍ ရှင်းလင်းဆုံးဖြတ်ပါဟု မေးလျှင် အဖြေကား....

ဤဃ-ဝါကျနှင့် မဟာ အဋ္ဌကထာယံ အနုညာတာ နာတိသမာဟိတာယ ဘာဝနာယာတိ ယေဝါပနကေဟိပိ နိဗ္ဗိသေသတံ ဒဿေတိ-ဟူသော ဋီကာကို ထောက်၍ ကရုဏာ မုဒိတာ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ အလွန်တည်ကြည်၍ အပ္ပနာသို့ နီးကပ်နေလျှင် သောမနဿဝေဒနာနှင့်သာ ယှဉ်ရပေလိမ့်မည်၊ အလွန်မတည်ကြည်သေးမီ ပရိကမ်ပြုချိန်၌ကား-ဘာဝနာက တစ်ရံတစ်ခါ သောမနဿ-သဟဂုတ်, တစ်ရံတစ်ခါ ဥပေက္ခာသဟဂုတ်၊ ဤသို့ အမျိုးမျိုးဖြစ်နိုင်သောကြောင့် မဟာအဋ္ဌကထာ၌ ကရုဏာ မုဒိတာ ပရိကမ်ပြုရာအခါဝယ် ဥပေက္ခာသဟဂုတ် စိတ်တို့၏ ဖြစ်နိုင်ပုံကို ခွင့်ပြုထားချက်အရ ကေစိဝါဒသည် အခြေ အမြစ်မရှိ မမှန်ကန်ပါ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဆန္ဒ သတ္တမ အဋ္ဌမာနီ-ဟူသော ဝုတ္တာကံ ပုဒ်နှင့် ဝေဒိတဗ္ဗာနိ၌ ဗာဟျတ္ထ တဗ္ဗပစ္စည်းတို့အရ ဆန္ဒ, သတ္တမ, အဋ္ဌမ စိတ်-ဟူသော အာရုံ ပစ္စည်းတရားသည် ထိုဝေဒိတဗ္ဗာနိ၌ အန္တတ္ထ ဝိဒဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြခြင်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပြိုင်-အာ-မိ-ဥပ (၃)။

ပဏ္ဍိတေန-ဟူသော ပါဠိသေသ ကတ္တားအရ ဉာဏ် ပညာစေတသိက်သည် ဝေဒိတဗ္ဗာနိ၌ ဝိဒဓာတ်အရ ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဟေ-မိ-သဟ-ည-နိ-ဣံ-မဂ္ဂ-သံ-တ္တိ-အဝိ (၁၀)။

တစ်နည်း-ဝေဒိတဗ္ဗာနိ၌ ဝိဒဓာတ်အရ ဉာဏ်ပညာသည် ပဏ္ဍိတေန-အရ ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား (ယခင်အတိုင်း သဟမျိုးပြိုင်။)

http://www.dhammadownload.com

# ရူပါဝစရကုသလ

## ၁၀၅-ရူပူပပတ္တိယာ မဂ္ဂံ အဖွင့်

(က) ဣဒါနိ ရူပါဝစရကုသလံ ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ အာရဒ္ဓံ။

(ခ) တတ္ထ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ။

(ဂ) ဥပပတ္တီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။

(ဃ) မဂ္ဂေါတိ ဥပါယော။

(င) ဝစနတ္ထော ပနေတ္ထ-တံ ဥပပတ္တိံ မဂ္ဂတိ ဂဝေသတိ ဇနေတိ နိပ္ဖါဒေတီတိ မဂ္ဂေါ။

(စ) ဣဒံ ဝုတ္တံ ဟောတိ "ယေန မဂ္ဂေန....ပ....ဘာဝေတီ"တိ။ [ဋ္ဌ-၂၀၇]

အနက်ထူး။ က-ဝါကျ။ ဧဝံ-သို့။ ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ-ဖြင့်၊ ကာမာဝစရ ကုသလံ-ကို၊ ဒဿေတွာ-၍၊ ဝါ-အာရဘိတွာ-၍။ (ပုဗ္ဗာနုသန္ဓေ) ဣဒါနိ-၌၊ ရူပါဝစရ ကုသလံ-ကို၊ ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ—ဖြင့်၊ (ကရိုဏ်း) ဘဂဝတာ-သည်၊ (ဒဿေတုံ, အာရဒ္ဓံတို့၏ကတ္တား) သောတုဇနာနံ-တရားနာကုန်သော သူတို့ကို၊ (ကံ) ဝါ-တို့အား၊ (သမ္ပဒါန်) ဒဿေတုံ-ပြတော်မူခြင်းငှာ၊ ဝါ-သိစေတော်မူခြင်းငှာ၊ ကတမေ ဓမ္မာ ကုသလာတိ အာဒိံ-ကို၊ အာရဒ္ဓံ-၏၊ ဝါ-ပြီ။

### ကျမ်းတက်
### ဋ္ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ကတမေ ဓမ္မာ ကုသလာ-စသော စကားကို အားထုတ်တော်မူအပ်၏၊ ဝါ-ဟောတော်မူအပ်၏။ ဤသို့ပင် ဟောသော်လည်း, ကာမာဝစရ ကုသိုလ်ကို၊ ဝါ-ကုသိုလ်တရားတို့ကို ရှေး၌ဟောခဲ့ပြီးသည် မဟုတ်ပါလော၊ ထိုသို့ ဟောခဲ့ပြီးဖြစ်လေသောကြောင့် ကတမေ ဓမ္မာ ကုသလာ-စသော စကားကို ထပ်၍မဟောသင့်၊ ကာမာဝစရ ကုသိုလ်ကိုသာ ဟောသင့်၏။ အဘယ်ကို ပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ ကုသလာ—စသော စကားကို ထပ်၍ဟောတော်မူပါသနည်း။

ရတနာ့ဂုဏ်ရည် (၉၃)

http://www.dhammadownload.com



ဤသို့ မေးဖွယ်ရှိသောကြောင့် ဣဒါနိ-စသော (က)ဝါကျကိုမိန့်၊ အဓိပ္ပာယ်ကား-ရူပါဝစရ ကုသိုလ်ကို ပြခြင်းအကျိုးငှာ ဤ ကတမေ ဓမ္မာ ကုသလာ-စသော စကားကို ဘုရားရှင် ထပ်မံအားထုတ်တော်မူအပ် (ဟောတော်မူအပ်) ၏-ဟူလို။

စောဒနာတက်လျှင် — ဤ ကတမေ ဓမ္မာ ကုသလာ စသော စကားကို ထပ်၍ ဟောချေသော်၊ ဝါ-ထပ်၍ဟောရာ၌, ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက်ရာ၏-ဟု (ဒေါသာရောပန) ထည့်တက်။ အဓိပ္ပာယ်ကား-ရူပါဝစရ ကုသိုလ်ကို ပြခြင်းအကျိုးငှာ ဤ ကတမေ ဓမ္မာ ကုသလာ-စသောစကားကို ထပ်၍ ဟောရသောကြောင့် သင်စောဒက တင်အပ်သော ပုနရုတ္တိဒေါသ မြတ်စွာဘုရားအား မကျရောက်ချေ၊ ဟောတော်မူတန်၏-ဟူလို။

[တစ်နည်း—ရှေးအဋ္ဌကထာစကားရပ်တို့ကို ဥပနာ ထားတက်လျှင် ကာမာဝစရ ကုသိုလ်အဖွင့်မှတစ်ပါး, ရူပါဝစရကုသိုလ် အဖွင့်ဖြစ်သည်ကို ရှုတက်၊ (အဗျာပိတ ဒေါသတင်)။]

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဤအခါ၌ ရူပါဝစရကုသိုလ်ကို ပြခြင်းငှာ ကတမေ ဓမ္မာ-ကုသလာ စသော စကားကို အားထုတ်တော်မူအပ် (ဟောတော်မူအပ်) ၏-ဟု အနုသန္ဓေ သမ္ဗန္ဓ, သမုဒါယတ္ထ, အကျဉ်းသခေ်ပကို ဆိုတော်မူ၏။ ဤသို့ဆိုချေသော်, အဝယဝတ္ထ, အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ထိုသို့ပြဆိုသင့်လေသောကြောင့်၊ တစ်နည်း-ဤသို့သာ ဆိုချေသော်, အဝယဝတ္ထ အကျယ်ဝိတ္ထာရကို မပြဆို-ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ထိုသို့ရောက်ရာလေသောကြောင့် အနုသန္ဓေ သမ္ဗန္ဓ, သမုဒါယတ္ထ, အကျဉ်းသခေ်ပမျှကိုသာ မဆိုသင့်, အဝယဝတ္ထ အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ အကျယ်ဝိတ္ထာရ-ကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား-ထို ဣဒါနိ-စသော က-ဝါကျ သမုဒါယတ္ထ၏အဝယဝတ္ထကား ခ-ဝါကျဖြစ်၏—ဟူလို။ ဝါ-ခ-ဝါကျ ဖြင့် ထိုသမုဒါယတ္ထ၏ အဝယဝတ္ထကိုလည်း ပြဆို၏—ဟူလို။

စောဒနာတက်သော်-သမုဒါယတ္ထကိုသာ ဆို၍ အဝယဝတ္ထကို မဆိုခဲ့သော် ဆရာအား စကားဝါကျ, အနက် အဓိပ္ပာယ် မန္ဒီစပ်သော အဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု (ဒေါသာရောပန) ထည့်တက်။ အဓိပ္ပာယ်ကား ခ-ဝါကျဖြင့် ထို ဣဒါနိ စသော သမုဒါယတ္ထ၏ အဝယဝတ္ထကိုလည်း ပြဆိုသောကြောင့်....ပ.... ဟူလို။

http://www.dhammadownload.com



ထို ခ-ဝါကျတို့တွင် - ရူပံ ဝုစ္စတိ ရူပဘာဝေါ-သို့ ကျမ်းတက်သော်-ဆရာ, မြတ်စွာဘုရားသည် ရုပ်-ဟု ဟောတော်မူ၏။ ဤသို့ဟောသည်ရှိသော်၊ ဝါ-ဤမျှသာ ပြဆိုချေသော်, ကုန္တာ ပစရန္တီစသည်၌ ဌာနီဖြစ်သော ကုန္တ၏ အမည်ကို ဌာနဖြစ်သော လူ၌ တင်စားသောအားဖြင့် ကုန္တ-ဟူသကဲ့သို့၊ ဌာနီဖြစ်သော-ရူပ၏ အမည်ကို ဌာနဖြစ်သော ဘဝ၌ တင်စားသောအားဖြင့် ရူပ-ဟူသည် (ရူပ မည်သည်, ရူပ-ခေါ်သည်)-ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ.... ဘဝ-ဟူသော-ဥတ္တရပဒလောပ အားဖြင့် ရူပ-ဟူသည် (ရူပ-မည်သည်, ရူပ ခေါ်သည်)ကိုလည်း ပြဆိုသင့်သေး၏၊....စတည် (ဥပမာလင်္ကာရ ကျမ်းတက်။)

(ဂ) ဝါကျ။ [ပထမတွဲ-၂၃-၌ ပြည့်စုံစွာပြခဲ့ပြီ။]

(ဃ) ဝါကျ။ [ဥပပတ္တိပုဒ် အဖွင့်မှတစ်ပါး မဂ္ဂေါ (မဂ္ဂ) ပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်]

(င) ဝါကျ။ [အဘိဓေယျတ္ထမှတစ်ပါး, ဝစနတ္ထပြသည်ကို ရှုတက်။]

(စ) ဝါကျ။ အဖြောင့်—ဥဇုကတ္ထ အဓိပ္ပာယတ္ထ ဆိုလိုရင်း ပိဏ္ဍတ္ထ စကားကျကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....(အာဘော်-ထားတက်)

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ဤသို့ ဟောချေသော်, ကာမာဝစရ ကုသိုလ်ကို၊ ဝါ-ကုသိုလ်တရားတို့ကို ရှေး၌ မဟောရသေး-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား ထိုအနက်သည် မရောက်သင့်, ထိုသို့ မရောက်သင့်လေသောကြောင့်, ကာမာဝစရ ကုသိုလ်ကိုသာ ဟောသင့်၏၊ ကတမေ ဓမ္မာ ကုသလာ စသော စကားကို၊ ဝါ-ရူပါဝစရ ကုသိုလ်ကို ထပ်၍မဟောသင့်၊....စသည်။

(ခ)ဝါကျ။ အဝယဝတ္ထ အကျယ် ဝိတ္ထာရကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

ထို ခ-ဝါကျတွင် ရူပံ စုစ္စတိ ရူပဘာဝေါ-သို့ ကျမ်းတက်ရာ၌—ကုန္တာ ပစရန္တိ စသည်၌ ဌာနီဖြစ်သော ကုန္တ၏ အမည်ကို ဌာနဖြစ်သော လူ၌ သင်စားသော အားဖြင့် ကုန္တ-ဟူသကဲ့သို့ ဌာနီဖြစ်သော ရူပ၏ အမည်ကို ဌာနဖြစ်သော ဘဝ၌ တင်စားသောအားဖြင့် ရူပဆိုသည်—ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဂ) ဝါကျ။ [ပထမတွဲ-၃၁-၌ ပြည့်စုံစွာ ပြခဲ့ပြီ။]

(ဃ) ဝါကျ။ မဂ္ဂေါ (မဂ္ဂ) ပုဒ်၏အဖွင့်ကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

http://www.dhammadownload.com



( င) ဝါကျ။ မဂ္ဂေါပုဒ်၏ ဝစနတ္ထကို မပြဆို–ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(စ) ဝါကျ။ အဖြောင့် ဥဇုကတ္ထ အဓိပ္ပာယတ္ထ ဆိုလိုရင်း ပိဏ္ဍတ္ထစကားကျကို မပြဆို-ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

## ဒေါသသင့်ပုံ ပယ်ပုံ

(က) ဝါကျ။ စောဒကပုဂ္ဂိုလ် အလိုအားဖြင့် ရွေး၍ ဟောပြီးသော ကတမေ ဓမ္မာ ကုသလာ စသည်ကိုပင် ထပ်၍ ဟောသောကြောင့် ဘုရားရှင်အား ပုနရုတ္တိ ဒေါသသင့်၏၊ ကျမ်းဆရာအလိုအားဖြင့် ရူပါဝစရကုသိုလ်ကို ပြုခြင်းအကျိုးငှာ ကတမေ ဓမ္မာ ကုသလာ စသည်ကို ထပ်၍ ဟောရသောကြောင့် ဘုရားရှင်အား ပုနရုတ္တိ ဒေါသ မသင့်၊ ဝါ-က-ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏၊ တစ်နည်း–ကာမာဝစရ ကုသိုလ် ဟောပြီးသည်မှတစ်ပါး, ရူပါဝစရကုသိုလ်ကို ဟောသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် ကတမေ ဓမ္မာ ကုသလာ စသော ပါဠိတော်-ဝါကျဖြင့်ပင် အဗျာပိတ ဒေါသကို ပယ်၏၊ တစ်နည်း–ရူပါဝစရကုသိုလ်ကို ပြခြင်းအကျိုးငှာ ဟောသဖြင့် ထိုသို့ဟောခြင်း၌ အကျိုးရှိသွားသောကြောင့် နိရတ္ထက ဒေါသကို ပယ်၏၊ တစ်နည်း-ကာမာဝစရ ကုသိုလ် အဖွင့်မှတစ်ပါး, ရူပါဝစရ ကုသိုလ်အဖွင့်ကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့်၊ ဝါ-ရှေ့အဖွင့် စကားရပ်တို့ကို ထောက်လျှင် ဤ က–ဝါကျသည် ပက္ခန္တရ ဝါကျ ဖြစ်ခြင်းကြောင့် ဤ က–ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

(ခ) ဝါကျ။ ဝိတ္ထာရ ဝါကျဖြစ်၍ မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရ ဝါကျ ပြရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မသင့်, မရောက်၊ ဝါ–ခ-ဝါကျဖြင့် ပုနရုတ္တိ ဒေါသကို ပယ်၏။ တစ်နည်း–သခေ်ပ, ဝိတ္ထာရ မဆန့်ကျင်အောင်ပြဆိုသောကြောင့် သခေ်ပ, ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ဒေါသကို ပယ်၏။ တစ်နည်း-သမုဒါယတ္ထ မှတစ်ပါး၊ အဝယဝတ္ထကို ဆိုသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။

(ဂ)- ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

## အကြောင်းယုတ္တိ အမျိုးမျိုး ပြကြပုံ

ရူပပုဒ်၏ အဖွင့်မှတစ်ပါး, ဥပပတ္တိပုဒ်၏ အဖွင့်ကိုပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် ဂ–ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ တစ်နည်း-ဂ-အမှတ် ဝါကျသည် ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် ဤဝါကျဖြင့် သဗျာပိတ ဒေါသကို ပယ်၏။

http://www.dhammadownload.com



တစ်နည်း - ခ - ဝါကျကိုသာ ဆိုခဲ့သော်-ဥပပတ္တိပုဒ်၏ အဖွင့်မရှိဟု မှတ်ယူရာသောကြောင့် ဂ-ဝါကျဖြင့် ဥပပတ္တိပုဒ်၏အဖွင့်ကိုလည်း ပြသဖြင့် ခ-ဝါကျ၌ အဗျာပိတ ဒေါသ ကင်းစင်သွားသောကြောင့် ဂ-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ တစ်နည်း-ရူပပုဒ်၏ အဖွင့်ကိုသာဆို၍ ဥပပတ္တိပုဒ်၏ အဖွင့်ကို မဆိုသည် ရှိသော် လိုအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်ရကား အဗျာပိတဒေါသ ရောက်သောကြောင့် ထိုအဗျာပိတ ဒေါသကို ပယ်ခြင်းအကျိုးငှါ ဂ-ဝါကျကိုဆိုသည်။

(ဤသို့ ဆရာအများ အကြောင်း အမျိုးမျိုး အဖုံဖုံ ပြကြကုန်၏၊ စာဖြေရာ၌ကား အကြောင်းယုတ္တိပြပါဟု-ဆိုလျှင် အမျိုးမျိုးပြကလည်း ရနိုင်သည်။)

(ဃ) ဝါကျတို့ဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

(စ) ဝါကျ။ တိမ်မြုတ်,ငုတ်လျှိုကိုနေသော ဂူဠ္ဌတ္ထကိုချဲ့ပြသော ဝိတ္ထာရဝါကျ ယူလျှင် မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အထွက် ဝိတ္ထာရဝါကျ ပြရှိး ဖြစ်သောကြောင့် စ-ဝါကျဖြင့် ပုနရုတ္တ ဒေါသကို ပယ်၏။ တစ်နည်း-ဒီဃ္ဃတ္ထစကားကျ (ဝိတ္ထာရ) ကို ပြသဖြင့် လိုအပ်သေ အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။ တစ်နည်း-ရှေ့ (င-ဝါကျ, သာမည) စကားတို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

ဝုစ္စတိ ထားရပုံ။ ခ-ဝါကျ။ အပေါင်းဖြစ်သော ရူပါယတန, ရူပဘဝ စသည်တို့၏ ရူပ ဟူသော အမည်ကို အစိတ်ဖြစ်သော ရူပဘဝ၌ တင်စား၍ အစိတ်ဖြစ်သော ရူပဘဝကို ရူပဟု ခေါ်ဆိုရသော (ရူပဘဝကို အရကောက်ရသော) ဧကဒေသူပစာ အဖြစ်ကို။ ဝါ-ဘဝဟူသော နောက်ပုဒ်ချေထားသော ဥတ္တရပဒလောပ သမာသ်အဖြစ်ကို ပြလိုသောကြောင့် ဝုစ္စတိသဒ္ဒါ ထား၏။

ဣဒံ ဝုတ္တံ ဟောတိ ထားရပုံ။ စ-ဝါကျ။ ရှေး၌ ဆိုအပ်ပြီးသော ဝါကျတို့၏ တိမ်မြုပ်ကွယ်ဝှက်နေသော ဂူဠ္ဌတ္ထ၏အဖြောင့် ဥဇုကတ္ထ, ဆိုလိုရင်းပိဏ္ဍတ္ထ စကားကျ သဓိပ္ပာယ်ကို ပြလိုသောကြောင့် ဣဒံ ဝုတ္တံ ဟောတိ ထား၏။ တစ်နည်း-တံ ဥပပတ္တိ မဂ္ဂတိ စသော ရှေးဝါကျ၌ ရူပဘုံ၌ ဖြစ်ခြင်းကို ရှာမှီးခြင်း ဖြစ်စေခြင်းဟူသည် ရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်းကို ပွားစေခြင်းပင်တည်း ဟူသော အဖြောင့် ဥဇုကတ္ထ ဆိုလိုရင်း ပိဏ္ဍတ္ထ စကားကျ အဓိပ္ပာယ်ကို ပြလိုသောကြောင့် ဣဒံ ဝုတ္တံ ဟောတိ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ ရူပံ ဝုစ္စတိ ရူပတဝေါ-ဟူသော သံဝဏ္ဏနာကို ထောက်၍ ရူပ ဟူသော သံဝဏ္ဏေတဗ္ဗ၏ ဝိဂ္ဂဟကား-ရူပ္ပတီတိ ရူပံ။ ဘဝတိ ဏွောတိ ဘဝေါ။ (အစိတ်) ရူပဿ+ဘဝေါ ရူပံ။ (အပေါင်း) [ဥတ္တရပဒလောပ]

http://www.dhammadownload.com



၂။ ရုပ်၏ ဘုံဘဝနှင့် ဌာနီ+ဌာန....စပ်....။
၄။ ရူပဘဝတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်၊ ဝါ-ရူပဘုံဘဝဟူသော ဒြပ်သည်....။

(ဂ) ဝါကျ။ ဥပပဇ္ဇန့် ဥပပတ္တိ။ [ဥပပုဗ္ဗ+ပဒဓာတ်+တိပစ္စည်း၊ ဖြစ်ခြင်း ကြိယာခွဲ] နိဗ္ဗတ္တန် နိဗ္ဗတ္တိ။ ဇနန် ဇာတိ။ သဥ္စနန် သဥ္စာတိ။ [ခွဲလေ] ဤ ခ-ဂ- သံဝဏ္ဏနာအရ ရူပူပပတ္တိယာ ဟူသော သံဝဏ္ဏေတဗ္ဗ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား- ရူပ္ပတီတိ ရူပံ။ ဘဝတိ ဧတ္ထာတိ ဘဝေါ။ ရူပဿ+ဘဝေါ ရူပံ။ ဥပပဇ္ဇန့် ဥပပတ္တိ။ (အစိတ် ရူပေ+ဥပပတ္တိ ရူပူပပတ္တိ။) (တဿာ) (အပေါင်း)

၂။ ရူပဘုံဘဝ၏ဖြစ်ခြင်း(ပဋိသန္ဓေနေခြင်း)နှင့်ဌာန+ဌာနီ ဂုဏေး+ဂုဏ်....စပ်။
၄။ ရူပဘုံဘဝ၌ ဖြစ်ခြင်းကြိယာသည်....။

(ဃ) ဝါကျ။ ဥပဂစ္ဆတိ ဧတေနာတိ ဥပါယော။ [အဘိဓာန်ဋီကာ - ဓာတွတ္ထ ဝိဂ္ဂဟ] [ဥပပုဗ္ဗ+အယဓာတ်+အ ပစ္စည်း၊ ကပ်ရောက်ခြင်း ကြိယာခွဲ]

## လိင်စသည် စိစစ်ပုံ

ဥပပတ္တိ, နိဗ္ဗတ္တိ, ဇာတိ, သဥ္စာတိတို့ကို—ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဂဝေသတိ- အလိင်၊ ဘူဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ်ပုဒ်၊ [ဂဝေသ+အ+တိ] ဇနေတိ- အလိင်၊ နောဝိကရဏဂိုဏ်း၊ တစ်နည်း—ဘူဝါဒိဂိုဏ်း၊ ဒိဝါဒိဂိုဏ်း၊ အ (ဤ) ကာရန္တ၊ အာချာတ်ပုဒ်။ [ဇန (ဇနီ)+ဏေ (အ, ယ)+တိ။] ဣဒံ ဝုတ္တံ၌ ဣဒံ အယံ အဓိပ္ပာယောဟု လိင်ပြန်လျှင် ဣဒံကို ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ် ဂိုဏ်း) ခွဲ။ တစ်နည်း-ဣဒံ အတ္တဇာတံ ဟု လိင်မပြန်လျှင် နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) ခွဲ။ ဝုတ္တံ ဝုတ္တော-ဟု လိင်ပြန်လျှင် ဝုတ္တံကို ပုလ္လိင်၊ ပုရိသာဒိ ဂိုဏ်းခွဲ။ တစ်နည်း—ဝုတ္တံအတိုင်း လိင်မပြန်လျှင် နပုလ္လိင် စိတ္တာဒိဂိုဏ်းခွဲ။

## အာဘောဉ်, သံဝဏ္ဏနာ

(ခ) ဝါကျ။ ရူပဘဝေါဖြင့် ဌာနီဖြစ်သောရုပ်၏ ရူပ-ဟူသော အမည်ကို ဌာနဖြစ်သောဘဝ၌ တင်စား၍ ဌာနဖြစ်သောဘဝသည် ရူပမည်သည် မဟုတ်၊ ရူပဿ+ဘဝေါ ရူပံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ ဘဝ—ဟူသော နောက်ပုဒ် ကျေသောအားဖြင့် ရူပမည်သည်၏ အဖြစ် (သမာသလိင်္ဂတ္ထ၊ နေယျတ္ထ၊) ရူပအရ ရုပ်စသည် မယူရ၊ ရူပဘုံဘဝကို ဟူရမည့်အဖြစ် (အဘိဓေယျတ္ထ) သိစေ၏။ ရူပံ ဝုတ္တတိဖြင့် ကုန္တာ ပစရန္တိ စသည်တို့ကဲ့သို့ ဌာနျူပစာအားဖြင့် ရူပခေါ် သည်မဟုတ်၊ အပေါင်းဖြစ်သော ရူပါယတန, ရူပဘာဝစသည်တို့၏ ရူပ-ဟူသော အမည်ကို အစိတ်ဖြစ်သော ရူပဘဝ၌ တင်စား၍ အစိတ်ဖြစ်သော ရူပဘဝကို ရူပ-ဟု ခေါ်ဆိုရသော ဧကဒေသူပစာသဒ္ဒါအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ပဒ)

http://www.dhammadownload.com



(ဂ) ဝါကျ။ နိဗ္ဗတ္တိဖြင့် ဥပပတ္တိ၌ ဥပပုဗ္ဗ+ပဒဓာတ်၊ (ဒု-ဓာတုပဒ) ထို ပဒဓာတ် နိဗ္ဗတ္တန (ပဝတ္တန) အနက်ဟော၊ (ဒု-ဓာဟုတ္တ) တိ ပစ္စည်း ဘာဝသာဓ်ိ အနက်ဟော၊ (ဒု-ပစ္စယတ္တ) ဥပပဇ္ဇနံ ဥပပတ္တိဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္တ) ဥပသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက၊ (ဥပသဂ္ဂ လိင်္ဂတ္ထ) သိစေ၏။ ဇာတိဖြင့် နိဗ္ဗတ္တိ၌ နိပုဗ္ဗ ဝတုဓာတ် (ဒု-ဓာတုပဒ) ထို ဝတုဓာတ် ဇနန (ပါတုဘာဝ) အနက်ဟော၊ (ဒု-ဓာတွတ္ထ) နိဗ္ဗတ္တနံ နိဗ္ဗတ္တိ-ဟု ဘာဝသာဓိ ဝိဂ္ဂဟပြု၊ (အဘိဓာနတ္တ၊ ဒု-ပစ္စယတ္တ) .နိသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေ၏။ သဉ္ဇာတိဖြင့် ဇာတိသဒ္ဒါ သဉ္ဇာတိအနက်ဟော-ဟု သိစေ၏။ (နာမလိင်္ဂတ္ထ၊ အဘိဓေယျတ္ထ)။ တစ်နည်း-နိဗ္ဗတ္တိဖြင့် ဥပပတ္တိသဒ္ဒါ ယုတ္တိအနက်ကို မဟော။ ဖြစ်ခြင်း နိဗ္ဗတ္တနအနက်ဟော-ဟု သိစေ၏။ (နာမလိင်္ဂတ္ထ) ဇာတိဖြင့် နိဗ္ဗတ္တိအရ ဖြစ်ခြင်း ဟူသည် ပဝတ္တိအခါ၌ ဖြစ်ခြင်းမဟုတ် ပဋိသန္ဓေအခါ၌ ဖြစ်ခြင်းကို ယူရမည်ဟု သိစေ၏။ (အဘိဓေ-ယျတ္ထ) သဉ္ဇာတိဖြင့် ဇာတိအရ တစ်ဘဝလုံးဖြစ်သော ဘဝဇာတိမဟုတ်၊ ပဋိသန္ဓေ နေသောအားဖြင့် ဖြစ်ခြင်း-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) ဝါ-ဇာတိသဒ္ဒါ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းအနက်ဟော၊ (နာမလိင်္ဂတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ဥပါယောဖြင့် မဂ္ဂအရ ပဋိပဒါ စသည်ကို မယူရ၊ အကြောင်း ဥပါယကို ယူရမည်အဖြစ်ကို သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း-မဂ္ဂတိတိ မဂ္ဂေါဟု ကတ္တုသာဓ်ပြု၍ မဂ္ဂသဒ္ဒါ ခရီးစသော အနက်ကို မဟော၊ အကြောင်း အနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ)

(င) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္တ-ဘာဝတ္ထ) ဝစနတ္ထော တွေဖြင့် ပဋိညာဉ်, ဥဒ္ဒေသဇဉ် အချီစကားပျိုးအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တံ ဥပပတ္တိဖြင့် မဂ္ဂတိ ကြိယာ၏ ကံ အဖြစ်၊ ဝါ-မဂ္ဂတိ၌ ရှာမှီးခြင်း-ဟူသည် ရှုပဘုံ၌ ဖြစ်ခြင်းကို ရှာမှီးခြင်းတည်း-ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) မဂ္ဂတိဖြင့် မဂ္ဂေါ, မဂ္ဂတို၌ မဂ္ဂဓာတ် (ဒု-ဓာတုပဒ) အ (က) ပစ္စည်း သုဒ္ဓ ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္တ) မဂ္ဂတိတိ မဂ္ဂေါ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္တ) သိစေ၏။ ဂဝေသတိဖြင့် မဂ္ဂတိ၌ မဂ္ဂဓာတ်၊ ဂဝေ-သန အနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ) ဇနေတိ၊ နိပ္ဖါဒေတိဖြင့် မဂ္ဂတို၌ ရှာမှီးခြင်း-ဟူသည် ဖြစ်စေခြင်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) [နိဿယ ကြည့်ပါ။]

(စ) ဝါကျဖြင့် ရှေး၌ ဆိုအပ်ပြီးသော ဝါကျတို့၏အဖြောင့် ဥဇုကတ္တ, ဆိုလိုရင်း ပိဏ္ဍတ္ထ စကားကျ အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

ဥပပတ္တိ, နိဗ္ဗတ္တိ, သဥ္ဇာတိတို့၌ ဥပ, နိ, သံတို့သည်–ခါတ္ထတ္ထာ နုဝတ္တက ထို ဥပပတ္တိတို့နှင့် မဂ္ဂေါတို့၌ ဂ္ဂတိ-ပဒတ္ထ ဝိယလ္လာသတ္ထ။ ပနေတ္ထ၌ ပန-ပက္ခန္တရတ္ထ။ ဘာဝေတိတို့၌ ဂ္ဂတိ-ဂ္ဂဒ်အနက်, အယုံအနက်, နိဒဿန အနက်ဟော။

## ကြိယာ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဒသောတို့၌ ထုတ်ပုံ ပဒဘာဇနီအစ အနုသန္ဓေဝါကျအဖွင့်၌ ရှု။ အာရဒ္ဓ၌ ထုတ်ပုံ ပထမတွဲ (၁၀၉)၌ ပြခဲ့ပြီ။ အာရဒ္ဓဟူသော ပုဒ်လုံးအရ ထုတ်ပါထလည်း ဗာဟုလ္လတ္ထအတိုင်း ထုတ်ပါ။

ရူပါဝစရ ကုသလံအရ ထုတ်ပုံကိုလည်း ပထမတွဲ (၁၀၀-၂)၌ ရှု။

(ခ) ဝါကျ။ ရူပူပပတ္တိယာ၌ ဥပပတ္တိအရ–

၁။ ရူပ ပဋိသန္ဓေသည်....။
၂။ ကာမ, ရူပတိဟိတ်စုတိဘည်....။
၃။ ဘဝင်စသော စိတ်တို့သည်....။
၄။ ရူပကုသိုလ်ချာန်သည်....။
၅။ ရူပဘုံ၌ဖြစ်သော ချမ်းသာအမျိုးမျိုးကို ခံစားရခြင်းသည်....။

ဝုစ္စတိ၌ ဝစခေတ်အရ သတိ, ဝီရိယ,ဉာဏ်ပြခာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ ထုတ်မြဲ။ တစ်နည်း–ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ။

(ဃ) ဝါကျ။ မဂ္ဂ-ဥပါယအရ–

၁။ စေတနာ, စေတနာသမ္ပယုတ္တဓမ္မတို့သည်....။
၂။ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည်....။
၃။ ဈာနသမာပတ္တိ သုခသည်....။
၄။ ပဥ္စာနန္တရိယကံမှ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခြင်း စသည်တို့သည်....။
၅။ ရူပဘုံ၌ ပဋိသန္ဓေနေရခြင်းစသော အကျိုးတို့သည်....။

## ပဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ရူပါဝစရကုသလံအရ ရူပါဝစရ ကုသိုလ်သည်ဒသောတို့၌ ဒိသခေတ် အရ, ဝါ-ဇောပစ္စည်း ဟေတုကတ္တုဌအရ ဒေသနာဉာဏ် စသည် ပြခာန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-ဓိ-ဥပ(၃)

တစ်နည်း-ဒသောတိုအရ ဝါ ဒသောတို့၌ ဒိသခေတ်အရ- သောတုဇနတို့ ဉာဏ်အား အာရမ္မဏ....ပြု၏။ ပြိုင်–မရှိ။

http://www.dhammadownload.com



[ဒသောတုံ၏အရကို ဂဏ္ဍိ-၂၂၄၌ သောတုဇနပုတို၏ ညာဏ်ကိုထောက်သည်။]

(ဤ ကဏ္ဍ ဝါကျရှိ ကြွင်းသောပုဒ်တို့၏ ပစ္စည်းပြိုင်ပုံ အလုံးစုံကို ပဒဘာဇနီအစ အနုသန္ဓေ ဝါကျအဖွင့်၌ စုံလင်စွာပြခဲ့ပြီ)။

(ခ) ဝါကျ။ မဂ္ဂံအရ ရူပကုသိုလ်ဓစတနာသည် ရူပူပပတ္တိယာအရ ရူပဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်အား နာနာက္ခဏိကကမ္မ....ပြု၏။ ပြိုင်-နာနာက္ခဏိကကမ္မ, ပါကတူပနိဿယ (၂)။

တစ်နည်း–မဂ္ဂံအရ စေတနာသမ္ပယုတ္တဓမ္မသည် ရူပူပပတ္တိယာအရ ရူပဝိပါက် နာမက္ခန္ဓာ, ကဋ္ဌရုပ်အား ပကတူ....ပြု၏။ ပြိုင်-မရှိ။

ဘာဝေတိအရ ကာမာဝစရ ကုသိုလ်, ကိရိယာသည်-မဂ္ဂံအရ စေတနာ, စေတနာသမ္ပယုတ္တဓမ္မအား အနန္တရ....ပြု၏။ ပြိုင်–အနန္တရ-သမနန္တရ-အာသေဝန-ဥပနိဿယ-နတ္ထိ-ဝိဂတ (၆)၊ တစ်နည်း-ဘာဝေတိအရ ပထမဈာန် စသော တရားသည် ပဂ္ဂံအရ ဒုတိယဈာန် စသော တရားအား ပကတူ....ပြု၏၊ ပြိုင်-မရှိ။

❀....❀....❀

http://www.dhammadownload.com

# ၁၀၆-ဝိဝိစ္စေဝ ကာမေဟိ အဖွင့်

(က) ဝိဝိစ္စေဝ ကာမေဟီတိ ကာမေဟိ ဝိဝိစ္စိတွာ ဝိနာ ဟုတွာ အပက္ကမိတွာ။

(ခ) ယော ပနာယ မေတ္ထ စေကာရော၊ သော နိယမတ္ထောတိ ဝေဒိတဗ္ဗော။

(ဂ) ယသ္မာစ နိယမတ္ထော။

(ဃ) တသ္မာ ...ပ....အဓိဂမံ ဒီပေတိ။ [ဋ္ဌ-၂၀၀]

အနက်ထူး။ ဃ-ဝါကျ။ ဝိဝိစ္စေဝ ကာမေဟီတိ ဣမိနာ-ဖြင့်၊ (ကရိုဏ်း) ၁၀၀ါ-သည်၊ (ကတ္တား) ဒီပေတိ-၏။

## ကျမ်းတက်
## ဋ္ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ [ရူပ္ပပတ္တိယာ မဂ္ဂ ဘာဝေတိ၏ အဖွင့်မှုတစ်ပါး, ဝိဝိစ္စေဝ ကာမေဟိအဖွင့် ဖြစ်သည်ကို ရှုတက်။]

(ခ) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဝိဝိစ္စေဝ၌ ဝေသဒ္ဒါကို ဟောတော်မူ၏။ ဤမျှသာ ပြဆိုခဲ့သော်, ဝေသဒ္ဒါသည် အဝဓာရဏ စသော အနက်တို့ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ....ဝေသဒ္ဒါ၏ နိယမအနက် ဟောသည်၏ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဝေသဒ္ဒါ၏ နိယမ အနက်ရှိသည်၏ အဖြစ်ကို ပြဆိုတော်မူ၏။....သော်, ဝေသဒ္ဒါ၏ နိယမအနက်ရှိခြင်းနှင့် စပ်၍ ပြဆိုရန် အနက်အဓိပ္ပာယ် ကြွင်းကျန်နေသေးသည် မဟုတ်ပါလော။.... စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် ဝိဝိစ္စေဝ၌ ဝေသဒ္ဒါ၏ နိယမအနက် ရှိသည်အဖြစ်ကို ပြဆိုတော်မူ၏။ ဤသို့ ဆိုခဲ့သော်, နိယမအနက် ရှိခြင်းကြောင့် တစ်စုံတစ်ခုသော အကျိုးဖြစ်သင့်သည် မဟုတ်ပါလော။....ပ.... အကျိုးကိုလည်း ပြဆိုသင့်သေး၏ စသည်။ [စောဒနာတက်သော် တာရဏ, ဖလ ဆန့်ကျင်သော ဝိရောဓိ ဒေါသတင်တက်]

[ဂ—ဃ-နှစ်ဝါကျ ပေါင်းတက်သော်—ဝေသဒ္ဒါဖြင့် ပြသော အနက်အဓိပ္ပာယ်ကိုလည်း ဆရာ ဆက်လက် ပြဆိုသင့်သေးသည် မဟုတ်ပါလော-ဟု အာဘော်ထားတက်။]

http://www.dhammadownload.com



## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ၊ ဝေသဒ္ဒါသည် အဝဓာရဏ စသော အနက်တို့ကို ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။

(ဃ) ဝါကျ။ အကြောင်းသာလျှင် ရှိ၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊.... စသည်....။

## ဒေါသပယ်

ရှေ့စကားရပ်ကို ထောက်လျှင် က—ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ ခ-ဂ-ဝါကျတို့ဖြင့် အဗျာပိတ ဝိရောဓိဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျဖြင့် ဝိရောဓိ, အဗျာပိတ, နိရတ္ထက ဒေါသတို့ကို ပယ်၏။

တသ္မာ ထားရပုံ။ ဧဝသဒ္ဒါ၏ နိယမ အနက်ရှိသည်၏ အဖြစ် ဟူသော အကြောင်းကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ တသ္မာ ထား၏။

တသ္မာ နိယမံ ကရောတီတိ- (၄=၂၀၈) ဤ၌ နိဂုံးကို ပြလိုသောကြောင့် တသ္မာ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ နိယမနံ နိယမော။ နိယမိတဗ္ဗာတိ ဝါ နိယမော။ [နိပုဗ္ဗ+ယမု ဓာတ်+အပစ္စည်း၊ မှတ်ခြင်း, ဆုံးဖြတ်ခြင်း ကြိယာခဲ့]

အရီယတိ ဉာယတီတိ အတ္ထော။ (အစိတ်)

နိယမော+အတ္ထော ယဿာတိ နိယမတ္ထော။ (အပေါင်း)

၂။ နိယမအနက်၏ ဧဝသဒ္ဒါနှင့် အကျိုး+အကြောင်း (အကြောင်း+အကျိုး) ....စပ်။

၄။ နိယမ အနက် ရှိခြင်းဟူသော ဂုဏ်သည်....။

(ဃ) ဝါကျ။ အဓိဂစ္ဆိယတေ အဓိဂမော၊(တံ)[အဓိပုဗ္ဗ+ဂမုဓာတ်+အပစ္စည်း ရခြင်း ကြိယာခဲ့။]

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ကာမေဟိ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခဲ့၊ ဝိဝိစ္စိတ္ဘာ-ဒွါလိင်၊ ဂဏ-ဝိမုတ်၊ အာကာရန္တ၊ တစ်နည်း- (ဓာတ်ရပ်တည်ခိုက်) အကာရန္တ နိပါတ်ပုဒ်၊ တစ်နည်း-ကိတ်ပုဒ်၊ ဝိနာ—အလိင်—နိပါတ်ပုဒ်ခဲ့။

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ကာမေဟိ ဝိဝိစ္စိတွာဖြင့် သံဝဏ္ဏေကဗ္ဗဒ္ဓ ရှိသော ကာမေဟိ ပုဒ်ကို သံဝဏ္ဏေတဗ္ဗဒ္ဓ ရှိသော ဝိဝိစ္စပုဒ်နှင့် အပါဒါနိ+အပါဒီ (အပါဒါန+အပါဒါနီ) စပ်ရမည်အဖြစ် (သမ္ဗန္ဓ၊ ပဒ) ဝိဝိစ္စ၌ ဝိပုဗ္ဗ+ဝိစဓာတ် (ဒုံ—ဓာတုပဒ) တွာပစ္စည်းကို ရစ္စပြု၍ ဓာတွန်စနှင့် ရ အနုဗန်ကို ချေ၍ ပြီးသော် တွာပစ္စည်း၏ ကာရိယအဖြစ်၊ (ဒုံ-ပစ္စယပဒ) သိစေ၏။ ဝိနာ ဟုတွာ-ဖြင့် ဝိပုဗ္ဗ+ဝိစဓာတ် ဝိဝေစန(ဝိဝေက)အနက်ဟော၊(ဒုံ-ဓာတွတ္ထ)ဝိသဒ္ဒါဓာတွတ္ထာနုဝတ္တက,တစ်နည်း-ဓာတွတ္ထဗာဓက၊ (ဉပသဂ္ဂလိင်္ဂတ္ထ) သိစေ၏။ အပက္ကမိတွာ-ဖြင့် ကင်းဆိတ်ခြင်း, အသီးအခြားဖြစ်ခြင်းဟူသည် စွန့်ပယ်သည်၏ အစွမ်းဖြင့် ဖဲခွာဆုတ်နင်ခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ),။,

(ခ) ဝါကျဖြင့် ဝိဝိစ္စေဝ၌ ဧဝသဒ္ဒါ အဝဓာရဏစသော အနက်တို့ကို မဟော၊ နိယမ အနက်ဟောဟု သိစေ၏။ (နိပါတ လိင်္ဂတ္ထ)

## ဉပသာရပုဒ်,နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဧဝ—အဝဓာရဏတ္ထ။

၁။ နီဝရဏတို့မှ ကင်းခြင်းသည်(ဝါ)ဝိဝိစ္စ (ဝိဝေစန) ကြိယာသည် ဂ....။
၂။ နီဝရဏတို့နှင့်တကွ ဖြစ်ခြင်းသည် (ဝါ) အဝိဝိစ္စ (အဝိဝေစန) ကြိယာသည် နိ....။
၃။ ဈာန်တရား၏ နီဝရဏတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်းသည် နု ...။

ဣတိ=ပဒတ္ထဝိပလ္လာသ။ ဝိနာ ဝဇ္ဇနတ္ထ၊ ဝိဂတတ္ထ၊ ဝိပ္ပယောဂတ္ထ။

(ခ) ဝါကျ။ ပန-ဉပန္យာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။

(ဂ) ဝါကျ။ စသဒ္ဒါ—ဉပန္យာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။

(ဃ) ဝါကျ။ ဝိဟရဏ၌-ဝိသဒ္ဒါ=နိဝါသတ္ထ၊ ဝိစ္ဆေဒနတ္ထ။ အဝိဇ္ဇမာနမ္ပိ၌ ပိသဒ္ဒါ—ကာမတို့၏ မရှိခြင်းကို မြှောက်ပင့်သကို ပြသောကြောင့် သမ္ဘာဝနတ္ထ။ ပရိစ္စာဂေနေဝ၌ ဧဝ—အဝဓာရဏတ္ထ။

၁။ ကာမတို့ကို စွန့်ခွာခြင်း ကြိယာသည် ဂ....။
၂။ ကာမတို့ကို မစွန့်ခွာခြင်း ကြိယာသည် နိ....။

စ- သဒ္ဒါ - သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ ဣမိသဒ္ဒါ—ပါပုဏနတ္ထ၊ ပဋိလာဘတ္ထ။ ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ ဟိ နိယမေ။ (၄-၂၀၈) ၌ ဣတိ ဧဝံ-နိဒဿနတ္ထ။ တစ်နည်း-ဣတိ-အာကာရတ္ထ၊ ပဒတ္ထ၊ ဝိပလ္လာသတ္ထ။ ဧဝံ-နိဒဿနတ္ထ။

http://www.dhammadownload.com



ဟိသဒ္ဒါ-တပ္ပါကဋ္ဌိ ကရဏတ္ထ၊ ကာရဏတ္ထ၊ (နိဿယ), တစ်နည်း-ဒဠှီကာရဏတ္ထ။ (ယောဇနာ), တစ်နည်း-ဝိတ္ထာရတ္ထ။ (ဂဏ္ဌိ)

နူနိမဿ (၄-၂၀၈)၌ နူနသဒ္ဒါ-နိစ္ဆယတ္ထ၊ ကေဲသတ္ထ။

တောသံ ပရိစ္စာဂေနေဝ စသာ ပါရိမတီရသောဝ။(၄-၂၀၈)၌ဝေ-အဝဓာရဏတ္ထ။

၁။ စွန့်ခြင်း ပရိစ္စာဂကြိယာသည် ဂ....။

၂။ မစွန့်ခြင်း အပရိစ္စာဂ-ကြိယာသည်။ နိ....။

စသဒ္ဒါ ပက္ခန္တရတ္ထ။ ဣဝသဒ္ဒါ-ပဋိဘာဂတ္ထ၊ ဥပမာ ဇောတက။ တသ္မာ နိယမံ ကရောတီတိ။ (၄-၂၀၈)၌ ဣတိသဒ္ဒါ-နိဒဿနတ္ထ၊ ဣဒမတ္ထ၊ ပရိသမာပနတ္ထ။

(တသ္မာထားရပုံနှင့် တ အစွဲ, ဝိသယနာမည်ကို ပထမတွဲ –၉၁–၌ရှု။)

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ဝိဝိစ္စေဝ ကာမေဟိအရ—

၁။ ကာမတို့မှ အသီးအခြားဖြစ်ခြင်း, ကင်းဆိတ်ခြင်းသည်....။

၂။ ပထမဈာန်၏ ကာမတို့နှင့် ဆန့်ကျင်ဘက်၏ အဖြစ်သည်....။

၃။ ပထမဈာန်ကိုရခြင်းသည်။

၄။ ပဋ္ဌာနန္တရိယကံမှ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း စသည်တို့ဆည်....။

၅။ ဈာနသမာပတ္တိ သုခနှင့် ရှုပဘုံ၌ဖြစ်ခြင်း စသော အကျိုးတို့သည်....။

(ခ) ဝါကျ။ ကာမပရိစ္စာဂေနေဝ စသာ အဓိဂမံ ဒီပေတိအရ....

၁။ ကာမတို့မှ အသီးအခြား ဖြစ်ခြင်းသည်....။

၂။ ပထမဈာန်၏ ကာမတို့နှင့် ဆန့်ကျင်ဘက်ကို ပြခြင်းသည်....။

၃။ ပထမဈာန်ရခြင်းသည်....။

၄။ ပထမဈာန်ကို ပွားများခြင်းသည်....။

၅။ ဈာန သမာပတ္တိသုခ ရှုပဘုံ၌ဖြစ်ခြင်းစသော အကျိုးတို့သည်....။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ) ဝါကျ။ သော ပုဒ်နှင့် ဝေဒိတဗ္ဗော၌ တဗ္ဗပစ္စည်းတို့အရ–ဝေသဒ္ဒါတည်း ဟူသော အာရုံသည် ထိုဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ=သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်အား ဉာရမ္မဏ....ပြု၏၊ ပဏ္ဏတ္တိကေန–ဟူသော ပါဌ်သေသ ကတ္တားအရ–ဉာဏ်ပညာ ပစ္စည်းယူ၍ ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ=ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်ယူပြီးလျှင်–ဟေတု စသော သဟမျိုး (၁၀) ပစ္စည်းပြိုင်မြဲ။

http://www.dhammadownload.com

# ၁၀၇-တတ္ထ သိယာ စသည့် အဖွင့်

(က) တတ္ထ သိယာ "ကသ္မာ ပနေသ....ပ....ဝိဟရေယျာ" တိ။

(ခ) န ခေါ ပနေတံ စေ ဒဋ္ဌဗ္ဗံ။

(ဂ) တံ နိဿရဏတော ဟိ ပုဗ္ဗပဒေ သေ စုတ္တော။

(ဃ) ကာမဓာတု....ပ....နိဿရဏံ။

(င) ယထာဟ "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မ" န္တိ။

[ဋ္ဌ-၂၀၈]

အနက်ထူး။ ၈က-ဝါကျ။ ဝိဝိစ္စေ၀ ကာမေဟိတိ ယံ ဝစနံ ဘဂဝတာ ဝုတ္တံ။ (အနိယမ) တတ္ထ တသ္မိံ ဝိဝိစ္စေ၀ ကာမေဟိတိ အာဒိ ဝစနေ-၌၊ ဌတ္ဝာ-ရပ်တန့်၍၊ (ကြိယာဝိသေသန) စောဒကဿ-၏၊ (သမ္ဗန်) ဤဒိသီ စောဒနာသည်၊ (ကတ္တား) သိယာ-၏။

[ထွေ (တတ္ထ) သိယာ-အနက်ပေးနည်း ဆောင်ပုဒ် ပထမ်တွဲ -၁၃-၌ ရှု။]

တစ်နည်း-(အနိယမ ယခင်အတိုင်း) တတ္ထ တသ္မိံ ဝစနေ-၌၊ ကဿစိ-တစ်စုံ တစ်ယောက်သောသူ၏၊ ဧဝံ-ဤသို့၊ ပရိဝိတက္ကော-အကြံသည်၊ သိယာ-ဖြစ်ရာ၏။ တစ်နည်း- (အနိယမထည့်မြဲ) တတ္ထ တသ္မိံ ဝစနေ-၌၊ ဝက္ခ မာနာကာရေန-ဆိုလတ္တံ့သော အခြင်းအရာအားဖြင့်၊ ကဒါစိ-ရံခါ၊ သိယာ စောဒေယျ-စောဒနာ ရာ၏။ စုတ္တော၏ကတ္တားကိုဘဂဝတာ-ထည့်။ဝိဟရေယျ၏ ကတ္တားကို ပုဂ္ဂလောထည့်။ (ယောဇနာ)။

## ဋ္ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည်၊ ဝိဝိစ္စေ၀ ကာမေဟိ စသည်ကို ဟောတော်မူ၏။ ဤသို့ ဟောသည်ရှိသော်, (ဝါ) ဤသို့ဟောရာ၌, ထိုစကားနှင့် စပ်၍ စောဒကပုဂ္ဂိုလ်၏ စေဒနာ ဖြစ်သင့်ပုံကို ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ ....စသည်....။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် စောဒက၏ စောဒနာ ဖြစ်သင့်ပုံကို ပြဆိုတော်မူ၏၊....သော်, ထိုစောဒနာ၏ ပရိဟာရအဖြေ ဝိဿဇ္ဇနာ ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ တစ်နည်း-စောဒကဆိုသည့်အတိုင်း ပညာရှိများ မမှတ်ထိုက်ပုံကိုလည်း ပြဆိုသင့်သည် မတုတ်ပါလော၊....စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ရှေ့ပုဒ်၌သာ ဝေသဒ္ဒါ ဟောရခြင်း အကြောင်းကို ဆရာပြဆိုသင့်သည်မဟုတ်ပါလော....ပ....ရှေ့ပုဒ်၌သာဝေသဒ္ဒါဟောရခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏၊ အဘယ်ကြောင့်ရှေ့ပုဒ်၌သာ ဝေသဒ္ဒါ ဟောပါသနည်း၊....စသည်။

(ဃ) ဝါကျ။ (ယုတ္တိဒဋ္ဌိကျမ်းတက်)တစ်နည်း-ပထမဗျာန်သည် ကာမစ္ဆန္ဒနီဝရဏကဲ့သို့ ဗျာပါဒစသော နီဝရဏတို့ကိုလည်း တန်းတူညီမျှ ပယ်ခွာနိုင်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ကာမတို့၏ ထွက်မြောက်ကြောင်းဟုသာ ဆိုရပါသနည်း၊....စသည်။ [ပါ-ဘာ-ဋီ-ပ-၅၆၇]။

(င) ဝါကျ။ သာဓက, ဉာပက, အာဂမ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊...,စသည်။

## ဒေါသပယ်

(က) ဝါကျဖြင့် ဝိဝိစ္စေဝ ကာမေဟိ-စသောပါဠိ၌ စေဝ၁က၏ စေဝဒနာ ဖြစ်သင့်ပုံကို ပြသဖြင့် လိုအပ်သော အနက် အဓိပ္ပာယ် နှံစပ်သောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။ (တစ်နည်း) စေဝဒ ကပုဂ္ဂိုလ်၏ အလိုအားဖြင့် ရှေ့ပုဒ်၌သာ ဝေ ဆို၍ နောက်ပုဒ်၌ ဝေ မဆိုသဖြင့် ရှေ့နောက်ဆန့်ကျင့်သော ပုဗ္ဗာပရ ဝိရောဓိ သင့်ရောက်ပုံကို ပြ၏။

(ခ) ဝါကျဖြင့် အဗျာပိတ, ဝိရောဓိဒေါသတို့ကို ပယ်၏။

(ဂ). ဝါကျဖြင့် လည်း အဗျာပိတ, ဝိရောဓိဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် ဝိရောဓိ, ဩစိတျ ဟီန ဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ဝိရောဓိ ဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေန ဧတ္ထ ဝါတိ နိဿရဏံ။ [နိပုဗ္ဗ+သရ ဓာတ်+ယုပစ္စည်း၊ ထွက်မြောက်ခြင်း ကြိယာခွဲ။] တေသံ+နိဿရဏံ တံနိဿရဏံ။

၂။ ကာမတို့၏ တွက်မြောက်ကြောင်း ပထမဗျာန်နှင့် ပဟာတဗ္ဗ....ပဟာယက....စပ်....။

၄။ ထို ကာမတို့၏ ထွက်မြောက်ခြင်း ကြိယာသည်, (ဝါ) ထိုကာမတို့၏ ထွက်မြောက်ကြောင်းကို ပထမဗျာန် ဒြပ်သည်....။

(က) ဝါကျ။ ပဌမဇ္ဈာန သမာဓိတောအရ ပဌမစျာန်သမာဓိသည် ဇာတ်အရ ဒုတိယစျာန်အား ပကတူ....ပြု၏။ ပြိုင်-မရှိ။ သမ္ပယုတ္တသမာဓိတောအရ ဒုတိယစျာန်နှင့်ယှဉ်သော သမာဓိ ဧကဂ္ဂတာသည် ဇာတ်အရ ဒုတိယစျာန်အား၊ ဝါ-ကြွင်းသောစျာန်နင် ၂-ပါး (၃-ပါး)အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-စျာ-မဂ္ဂ-သံ-ဏ္ဍိ-အဝိ (၉)။

http://www.dhammadownload.com

# ၁၂၃-ပီတိယာစ ဝိရာဂါအဖွင့်

(က) ပီတိယာစ ဝိရာဂါ တိ....ပ....သမတိက္ကမောဝါ။

(ခ) ဥဘိန္နံ ပန အန္တရာ စ သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။

(ဂ) သော ဝူပသမံဝါ သမ္ပိဏ္ဍေတိ, ဝိတက္က ဝိစာရ ဝူပသမံဝါ။

(ဃ) တတ္ထ ယဒါ....ပ....ဝေဒိတဗ္ဗာ။

(င) ဤမိဿာ စ....ပ....ဟောတိ။

(စ) တသ္မာ....ပ....ဒဋ္ဌဗ္ဗော။ [ဋ္ဌ-၂၁၅]

အနက်ထူး။ ဤအဖွင့်များနှင့်အညီ ပီတိယာ စ ဝိရာဂါ–သံဝဏ္ဏေတဗ္ဗ အနက်ကား-ပီတိယာ-ကို၊ ဝိရာဂါစ-စက်ဆုပ်ခြင်းကြောင့် လည်းကောင်း၊ ပီတိယာ-၏၊ ဝူပသမာစ—ပယ်ခွာလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့် လည်းကောင်း၊ တစ်နည်း-ပီတိယာ-ကို၊ ဝိရာဂါစ-လွန်မြောက်ခြင်းကြောင့် လည်းကောင်း၊ ဝိတက္က ဝိစာရာနံ-တို့၏၊ ဝူပသမာစ-ကြောင့် လည်းကောင်း။

### ဌပနာပဥ္စက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ပီတိအရနှင့် ဝိရာဂပုဒ်၏ အနက်ကို ဖွင့်ပြတော်မူ၏၊....သော်, စ-သဒ္ဒါ၏အနက်ကိုလည်း ဖွင့်ပြသင့်သည် မဟုတ်ပါလော၊....စသည်။ တစ်နည်း–ဆရာ, မြတ်စွာဘုရားသည် စ–သဒ္ဒါကို ဟောတော်မူ၏။–ဤမျှသာ ပြဆိုချေသော် ထို စသဒ္ဒါသည် အဝဓာရဏ စသော အနက်ကိုဟော၏–ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် စ-သဒ္ဒါသည် ပေါင်းဆည်းခြင်း သမ္ပိဏ္ဍနအနက်ရှိသော-ဟု ဆိုတော်မူ၏၊....သော်, ပေါင်းကပ်သော သမ္ပိဏ္ဍေတဗ္ဗ အနက်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့ဝါကျတို့ဖြင့် ဝိရာဂသဒ္ဒါ၏ အနက် နှစ်ပါးနှင့် စ-သဒ္ဒါ၏ သမ္ပိဏ္ဍနအနက်နှစ်ပါးကို ပြဆိုတော်မူ၏၊....သော်, ထို အကျဉ်း သခ်ေပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါ လော....စသည်။

### ဒေါသပယ်

(ခ–ဂ) ဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။ ဃ-ဝါကျဖြင့် ဝိရောဓိ ပုနရုတ္တိဒေါသတို့ကို ပယ်၏။ င-ဝါကျဖြင့် အဗျာပိတဒေါသကို, စ-ဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်၏။

http://www.dhammadownload.com



ဝါသဒ္ဒါထားရပုံ။ (က) ဝါကျ။ ဇီဂုစ္ဆနအနက်, သမတိက္ကမအနက် အချင်းချင်း ပေါင်းဆည်းသော သမုစ္စည်း, သမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့်၊ ဝါ—ဇိဂုစ္ဆနအနက်, သမတိက္ကမအနက် အချင်းချင်း လဲလိုသောကြောင့် ဝါ-သဒ္ဒါများထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

သမ္ပိဏ္ဍိယတေ သမ္ပိဏ္ဍနံ။ အရိယတေ ဉာယတေတိ အတ္ထော။ သမ္ပိဏ္ဍနံ+အတ္ထော ယဿာတိ သမ္ပိဏ္ဍနတ္ထော။

၂။ သမ္ပိဏ္ဍနအနက်၏ စ သဒ္ဒါနှင့် အကြောင်း+အကျိုး(အကျိုး+အကြောင်း) ....စပ်....

၄။ သမ္ပိဏ္ဍနအနက်ရှိခြင်း ဟူသောဂုဏ်သည်၊ ဝါ=သမ္ပိဏ္ဍန အနက်ရှိသော စ သဒ္ဒါတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

## လိင် စသည်စိစစ်ပုံ

ပီတိယာ—ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဥဘိန္န-နပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ (ဥဘာပုဒ် ရင်းဖြစ်လျှင်) အ ကာရန္တ၊ တစ်နည်း=ဒွိကို ဥဘာပြုထားလျှင်) ဥကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ အန္တရာ—အလိင်၊ နိပါတ်ပုဒ်ခွဲ။ သမ္ပိဏ္ဍေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတ်ပုဒ်။ [သံ+ပ+ပိဍိ+ဏေ+တိ။]

## အာဘော်+သံဝဏ္ဏနာ

(က) ဝါကျ။ ဝုတ္တပ္ပကာရာယ ပီတိယာ-ဖြင့် ပီတိအရ ရွှေ-ပ—ဒု-ဈာန်တို့၌ ဟောအပ်ပြီးဖွင့်ဆိုအပ်ပြီးသော ပီတိကို ယူရမည်-ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဇိဂုစ္ဆန်ဖြင့် ဝိရာဂေါ၌ ဝိပုဗ္ဗ+ရဉ္ဇဓာတ်၊ (ဒု-ဓာတုပဒ) ဝိရဇ္ဇနံ ဝိရာဂေါ—ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) ဏပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဝိသဒ္ဒါ—ဓာတွတ္ထ ဗာဓက၊ (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေ၏။ တစ်နည်း—ဇိဂုစ္ဆန်ဖြင့် ဝိရာဂ—ဟူသည် စက်ဆုပ်ခြင်းပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) သမတိက္ကမောဖြင့် ဝိရာဂဟူသည်၊ဝါ-တပ်ခြင်းကင်းခြင်းဟူသည် လွန်ခြင်းပင်တည်း—ဟု သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ, ဝါကျာရမ္ဘတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) ကြွင်းသောပါဌ်ဖြင့် ပီတိ, ဝိရာဂ နှစ်ပုဒ် အလယ်ကြားရှိ စ သဒ္ဒါ အဝဓာရဏ စသောအနက်ကို မဟော၊ သမ္ပိဏ္ဍနအနက်ကို ဟောသည်ဟု သိစေ၏။ (နိပါတလိင်္ဂတ္ထ)

http://www.dhammadownload.com



## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ဝါ-နှစ်ပုဒ် အညမည သမုစ္စယတ္ထ။

(ခ) ဝါကျ။ ပန-ပက္ခန္တရတ္ထ၊ တစ်နည်း-ဝါကျာရမ္ဘတ္ထ။

(ဂ) ဝါကျ။ ဝါ-နှစ်ပုဒ် အညမညသမုစ္စယတ္ထ၊ တစ်နည်း=ဝိကပ္ပနတ္ထ၊ အနိယမတ္ထ။

(ဃ) ဝါကျ။ ဝူပသမမေဝဌ် ဧဝ-အဝဓာရဏတ္ထ။

၁။ ဝူပသမ (ငြိမ်းခြင်း) ကြိယာသည် ဂ....။

၂။ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းသည် နိ....။

၃။ ပီတိကို စက်ဆုပ်ခြင်းသည်၊ တစ်နည်း-စ သဒ္ဒါ၏ ပေါင်းဆည်း တတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် န....။

ဝိရာဂါစ-၌ စ သဒ္ဒါ-သမုစ္စယတ္ထ။ ကိဥ္စ နိပါတ်-ပုစ္ဆနတ္ထ၊ တစ်နည်း-ကိံ သဒ္ဒါ-ပုစ္ဆနတ္ထ။ စ-သဒ္ဒါ-ဝစနာလင်္ကာရ။

[ဤနည်းအလို ကိဥ္စာဘိယျော-နိဿယ အတိုင်းပေး။] တစ်နည်း-ကိဥ္စနိပါတ် သမုစ္စယတ္ထ၊ [ဤနည်းအလို ကိဥ္စ-သည်သာ မကသေး၊ ဘိယျော-ထိုထက် အလွန် ရှိသေး၏-ဟု ပေး၊ ဂဏ္ဌိ၌ကား-ကိဥ္စဘိယျော-သည်မျှသာ မဟုတ်သေး-ဟု ပေး လေသည်] ဘိယျောနိပါတ်-အတိရေကတ္ထ။ [ဘိယျောတိ အဘိရေကတ္ထော နိပါတော။ မဏိမဉ္ဇူ-ဒု-၂၀၅]

(င) ဝါကျ။ စ-သဒ္ဒါ-ဝါကျာရမ္ဘတ္ထ။

### ကြိယာ ၅-တန် ထုတ်ပုံ

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ ပါဠိတော်၌....

၁။ တတိယဈာန်သည်....။

၂။ ပီတိ ဝိရာဂသည်....။

၃။ တတိယဈာနသမာပတ္တိသုခသည်....။

၄။ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းသည်....။

၅။ တတိယဈာန်ဘုံ၌ ပဋိသန္ဓေနေရခြင်းစသည် တို့သည်....။

ဒဌဗ္ဗော ထားရပုံ။ စ-ဝါကျ။ ဤသို့ဆိုအပ်ပြီးသောအနက်ကို သန္နိဋ္ဌာန်ကျ မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ကေဝဋ္ဌ အားဖြင့် မှတ်ယူရမည်ဟု ပြလိုသောကြောင့် ဒဌဗ္ဗော ထား၏။

ရှာ-နဝုဂ္ဂဏ်ရ... ၁၀၄၂)

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(၈) ဝါကျ။ ပီတိယာအရ—ဒုတိယဈာန်၌ ယှဉ်သော ပီတိသည် ဇိဂုစ္ဆန်အရ တတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော မဟာကုသိုလ်, မဟာကိရိယာ စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-အာ-ဓိ—ဥပ (၃)။

http://www.dhammadownload.com

# ၁၂၄-ဥပေက္ခကောပုဒ် အဖွင့်

(က) ဥပေက္ခကော စ ဝိဟရတီတိ ထွေ ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။
(ခ) သမံ ပဿသိ, အပက္ခ ပတိတာ ဟုတွာ ပဿတီတိ အတ္ထော။
(ဂ) တာယ ဝိသဒါယ....ပ....''ဥပေက္ခကော''တိ ဝုစ္စတိ။
(ဃ) ဥပေက္ခာ ပန ဒသဝိဓာ ဟောတ် ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတိ။
(င) ဣမာသု ဒသသု ဥပေက္ခာသု ဈာနုပေက္ခာ ဣဓ အဓိပ္ပေတာ[ဋ္ဌ-၂၁၇-ဂ]

အနက်ထူး။ ခ-ဝါကျ။ ဝုတ္တပဒါန်-ဆိုအပ်ပြီးသော (ဥပပတ္တိတော ဣက္ခတိ) သမံ ပဿတ် ပုဒ်တို့၏ (အတ္ထော၊သမ္ဗန်)

က-ခ-ဂ-ဝါကျ သံဝဏ္ဏနာအရ ဥပေက္ခကော-ဟူသော သံဝဏ္ဏေတဗ္ဗ၏အနက် ကား-ဥပေက္ခကော-အသင့်အားဖြင့်ရှုတတ်, အညီအမျှရှုတတ် သုခ ဒုက္ခအဖို့၌ မကျသည်ဖြစ်၍ ရှုတတ်သော ဥပေက္ခာနှင့် (တတြမဇ္ဈတ္တုပေက္ခာနှင့်) ပြည့်စုံသည်ဖြစ်၍ (ဥပေက္ခာရှိသည်ဖြစ်၍)။ [အဿတ္ထိတဒ္ဓိတ်ကြံသောနည်း] တစ်နည်း-ဥပေက္ခကော-အသင့်အားဖြင့် ရှုတတ်သည်ဖြစ်၍။ [ကတ္တုသာဓ်ကြံသောနည်း]

ဋ္ဌပနာသဗ္ဗက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဥပေက္ခကော၌ ဥပေက္ခာပုဒ်ကို ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်,ဥပေက္ခာပုဒ်ကို ကမ္မသာဓ် ဝစနတ္ထစသည် ပြုအပ်၏-ဟူသော အဓိပ္ပာယ်ရောက်ရာသည်မဟုတ်ပါလော၊ စသည်....။

(ခ ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဥပေက္ခာပုဒ်၏ ဝစနတ္ထကိုပြဆိုတော်မူ၏၊....သော်, ထိုဝစနတ္ထ၏ အနက်အဓိပ္ပာယ်တို့ကို မပြဆိုဟူသောအဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

ထို ခ-ဝါကျတွင် အပက္ခပတိတာ-စသော နောက်ဝါကျသို့ တက်သော်...

ဆရာ, ဆရာသည် သမံ ပဿတိဖြင့် အညီအညွတ် ရှုတတ်၏-ဟု ဆိုတော်မူ၏။ ....သော်, ထိုစကားရပ်၏ အဓိပ္ပာယတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

(ဂ) ဝါကျ။ [ဥပေက္ခာပုဒ်၏ အတ္ထဝဏ္ဏနာဖြစ်သည်ကို ရှုတက်။]
(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော-ဟူ၍ ဆိုအပ်သော-ဟု ပြဆိုတော်မူ၏။ ဤသို့ပင်ဆိုသော်လည်း, ဤ

http://www.dhammadownload.com



တတိယစျာန်၌ ဥပေက္ခာဝေဒနာပင် မရှိသည် မဟုတ်ပါလော။....ပ...ဤသို့ ဆိုနိုင်ခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏၊ တတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို အဘာယ်နည်းဖြင့် + ဝါ- အဘယ့်ကြောင့် ဥပေက္ခကော-ဟု ဆိုနိုင်ပါသနည်း၊....စသည်။ အဓိပ္ပာယ်ကား-ဥပေက္ခာသည် ဝေဒနာကို အရကောက်ရသော ဝေဒနုပေက္ခာသာ မက၊ အခြားဥပေက္ခာများလည်း ရှိသေး၏၊ ထို့ကြောင့် ဥပေက္ခကော-ဟု ဆိုနိုင်သည်-ဟူလို။ [ပါ-ဘာ-ဋီ-ပ-၆၁၉]။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် ဥပေက္ခာဆယ်ပါးကို ထုတ်ပြတော်မူ၏....သော်, ဥပေက္ခကောစ ဝိဟရတိ-ဟူသောပါဌ်၌ ဥပေက္ခာဆယ်ပါးလုံးကိုပင် လိုအပ်၏...ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။

## ဒေါသ,ပယ်

ပါဠိတော်ကို ထောက်လျှင် က-ဝါကျဖြင့် အတိဗျာပိတ ဒေါသကို ပယ်၏။ ရှေ့(ခ)ဝါကိုထောက်လျှင် အဗျာပိတဒေါသကိုပယ်၏။

(ခ) ဝါကျဖြင့် အဗျာပိတ၊ တစ်နည်း—အတိဗျာပိတ ဒေါသကို ပယ်၏။ ဂ-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ ဃ-ဝါကျဖြင့် အဗျာပိတ၊ ဝိရောဓိ ဒေါသကို ပယ်၏။ င-ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်၏။ ဈာနုပေက္ခာကိုသာ လိုအပ်၏ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့်တည်း။ တစ်နည်း-အဗျာပိတ ဒေါသကို ပယ်၏။ အတ္ထုဒ္ဓါရမှတစ်ပါး အတ္ထုဒ္ဓေသ,ဣခာဓိပ္ပေတကိုပြသော ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့်တည်း။

[အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေသတွေ့တိုင်း ဤနည်းချည်းတည်း။]

**အဓိပ္ပေတာထားရပုံ။** ။ဥပေက္ခာဆယ်ပါး-ဟူသော သာမညအနက်မှ အတ္ထယုတ္တိရှိသည် အားလျော်စွာ ဈာနုပေက္ခာ—ဟူသော ဝိသေသအနက်ကို ယူစေလိုသောကြောင့် လည်းကောင်း, စောဒကနှင့် စကားလုယက်ဆွဲငင်၍ အချက်ကျကျဆုံးဖြတ်ပြရာဌာန ဖြစ်သောကြောင့်လည်းကောင်း င-ဝါကျ၌ အဓိပ္ပေတာထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ န+ပက္ခော အ ပက္ခော။ အ ပက္ခ+ပတိတာ အပက္ခပတိတာ။ (အယုတ္တသမာသ်)။

၂။ သုခဒုက္ခအဖို့၏ မကျသောတရားနှင့် အာဓာရ+ ကာခာရီ.. စပ်...။

၄။ သုခ ဒုက္ခအဖို့၌မကျခြင်းကြိယာသည်....။

http://www.dhammadownload.com



ပက္ခေ—ပတိတာ + ပက္ခပတိတာ။ န+ပက္ခပတိတာ အပက္ခပတိတာ (ယုတ္တ သမာသ်)။

၂။ ပဋိသေဓဘောဂုဏ်၏ သုခဒုက္ခအဖို့၌ ကျသည်နှင့် ဂုဏ်+ဂုဏေး....စပ်....။
၄။ သုခ ဒုက္ခအဖို့၌မကျသော တရားတို့၏ ဖြစ်ခြင်းသည်....ပ....ဇာတ်သည်။

(ဂ) ဝါကျ။ သမန္နာဂတတ္တာကို ရှု၍ ဥပေက္ခကောဘ၌ အစိတ်အပေါင်း ဝိဂ္ဂဟ ကား—ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။ (တစ်နည်း)ဣက္ခတီတိ ဣက္ခာ။ ဥပပတ္တိ တော+ဣက္ခာ ဥပေက္ခာ။ ဥပေက္ခာ+အဿ အတ္ထီတိ ဥပေက္ခကော။ (အဿတ္ထိ- တဒ္ဓိတ်)။

၂။ ဥပေက္ခာ၏ ဥပေက္ခာရှိသော တတိယဈာန် သမင်္ဂီပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး+ စပ်....။
၄။ ဥပေက္ခာရှိခြင်း-ဟူသော ဂုဏ်သည်....။

တစ်နည်း—အဋ္ဌကထာ အာဘော်ကျ ဥပေက္ခကော ဝိဂ္ဂဟကား—

ဥပေက္ခတီတိ ဥပေက္ခကော။ (ကတ္တုသာဓ်။ ဏီ-နိဿယသစ်-၅၄၃) [ဥပပုဗ္ဗ+ ဣက္ခဓာတ်+ဏွုပစ္စည်း၊ အသင့်အားဖြင့် ရှုခြင်းကြိယာခွဲ။]တစ်နည်း-ဥပပတ္တိတော+ ဣက္ခတီတိ ဥပေက္ခကော။ [ဏီ-နိဿယသစ်-ဒု-၄၃၉။ ယခင် ကတ္တုသာဓ်က အတိုင်းခွဲ။

**လိင်စသည် စိစစ်ပုံ**

တတိယဈာနသမင်္ဂီ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသပဒ။

**အာဘော်+သံဝဏ္ဏနာ**

(က) ဝါကျ။ ဥပပတ္တိတောဖြင့် ဥပေက္ခာ၌ ဥပသဒ္ဒါ-သမီပ စသောအနက် ကိုမဟော၊ ဥပပတ္တိ(ယုတ္တိ, အနုရူပ) အနက်ဟောဟု သိစေ၏၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဣက္ခတီတိဖြင့် ဥပေက္ခာ၌ ဥပပုဗ္ဗ+ဣက္ခဓာတ်၊ (ဒုဓာတုပဒ) ဏ ပစ္စည်း ကတ္တု သာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဣက္ခတီတိ ဣက္ခာဟု ဝိဂ္ဂဟပြု၊ (အဘိဓေနတ္ထ) သိစေ၏။ အပေါင်းဖြင့် ဥပေက္ခာကို ဥပ+ဣက္ခာဟု ပုဒ်ဖြတ်၊ (သန္ဓိလိင်္ဂပဒ) ဥပပတ္တိတော + ဣက္ခာ ဥပေက္ခာဟု တတိယာ တပ္ပုရိသ်သမာသ်ပြု၊ (သမာသ လိင်္ဂတ္ထ,) တစ်နည်း-ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓေနတ္ထ) သိစေ၏။ [ဋ္ဌ-၂၃၇-၌ကား ဥပေက္ခတီတိ ဥပေက္ခာဟု ပြု၏။]

(ခ) ဝါကျ။ သမံဖြင့် ဥပပတ္တိတော၌အသင့်ဟူသည် အညီအညွတ်ပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) ပဿတိဖြင့် ဣက္ခဓာတ် အကျစသော အနက်ကိုမဟော၊

http://www.dhammadownload.com



ဒသနအနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ) အပက္ခ...ပ....အတ္ထောဖြင့် သမံ ပဿတိ၌ အညီအမျှရှုခြင်း-ဟူသည် သုခ ဒုက္ခဟူသော အဖို့၌ မကျသည်ဖြစ်၍ ရှုခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ တာယ သမန္နာဂတတ္တာဖြင့် ဥပေက္ခကော၌ ဣက(က)ပစ္စည်း၊ အဿတ္ထိ အနက်ဟော၊ (ပစ္စယတ္ထ) ဥပေက္ခာ + အဿ အတ္ထိတိ ဥပေက္ခကောဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) တစ်နည်း-ဥပေက္ခတိတိ ဥပေက္ခကောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (ဒု—ပစ္စယတ္ထ၊ အဘိဓာနတ္ထ)သိစေ၏။ ဝိသဒါယ ဝိပုလာယ ထာမဂတာယဖြင့် ဈာနုပေက္ခာ၏ ဝိသေသန ဂုဏ်အင်္ဂါအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တတိယဇ္ဈာန သမင်္ဂီဖြင့် ဥပေက္ခကောအရ တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) ဝုစ္စတိဖြင့် ဥပေက္ခက သဒ္ဒါ၏ ကေဒေသျှုပစာအဖြစ်ကို၊ တစ်နည်း - ဂုဏူပစာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ၊ ပဒ)

## ဥပသာရပုဒ်,နိပါတ်ပုဒ် အနက်များ

အပတ္ထ၌ အသဒ္ဒါ-ပဋိသေဓတ္ထ။ ဝိသဒါယ၌ ဝိသဒ္ဒါ-ဝိဂတတ္ထ၊ ဝိရဟတ္ထ၊ အဘာဝတ္ထ။ ဝိပုလာယ၌ ဝိသဒ္ဒါ ဝိသေသတ္ထ။ ဥပေက္ခာပန၌ ပပု-ဝါကျာရမ္ဘတ္ထ။

## ကြိယာ ၅-တန် ထုတ်ပုံအမှာ

ဥပေက္ခကော ဝိဟရတိ တတိယဇ္ဈာနသမင်္ဂီတို့အရ တတိယဈာန်ယူ၍ ထုတ်ပုံ ပီတိယာစ ဝိရာဂါ အဖွင့်၌ရှု။

ဝုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် ယူ၍၊ တစ်နည်း—ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ။

## သရုပ်တရားကိုယ်

(ဃ) ဝါကျ။ ဥပေက္ခာ ဆယ်ပါး အပြားသရုပ်
(ဆဠဗြ-ဗောဇ္ဈဝီ-သ-ဝေ-ဝိ-တ-ဈာ-ပ ါ ဤဆယ်ဖြာ၊ မှတ်ပါဥပေက္ခာ)

## သရူပတ္ထသရုပ် တရားကိုယ်

ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ဈာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာတို့၏ တရားကိုယ်ကား – တတြမဇ္ဈတ္တုပေက္ခာ (တတြမဇ္ဈတ္တတာ) စေတသိက်တည်း။ [၄-၂၁၈ ၌ တတြမဇ္ဈတ္တုပေက္ခာဟု တရားကိုယ်ကောက်၍ ထား၏။]

http://www.dhammadownload.com



(ဆ-ပြ-ပေ-တ၊ ဈာနင်္ပ၊ အတ္ထ—တပြ။)

သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာတို့၏ တရားကိုယ်ကား ပညာတည်း။

(သံ-ဝိဘေဒ၊ ဒွေ ဓမ္မ၊ အတ္ထမြတ်ပညာ။)

ဝီရိယုပေက္ခာ၏ တရားကိုယ်ကား — ဝီရိယ၊ ဝေဒနုပေက္ခာ၏ တရားကိုယ်ကား ဝေဒနာတည်း၊ ဤ ၂ ပါးမှာ ပုဒ်ရှိတိုင်း တရားကိုယ်ကောက်သည်။

(ဝီ-ဝေ ဘေဒ၊ ဒွေ ဓမ္မ၊ အတ္ထပုဒ်အလာ။)

ဈာနုပေက္ခာ၏ လက္ခဏာဒိစတုက္က

ဈာနုပေက္ခာ-မဇ္ဈတ္တလက္ခဏာ၊ အနာဘောဂရသာ။

အဗျာပါရ ပစ္စုပဋ္ဌာနာ၊ ပီတိဝိရာဂ ပဒဋ္ဌာနာ။

[ဋ္ဌ-၂၁၈]

ပဋ္ဌာန်းပစ္စည်းပြိုင်

(၈) ဝါကျ။ တာယအရ တတြမဇ္ဈတ္တုပေက္ခာသည် သမန္နာဂတအရ-တတြ-မဇ္ဈတ္တတာကြည် တတိယဈာန စိတ္တုပ္ပါဒ်, စိတ္တဇရုပ်တို့အား သဟ-ပြု၏၊ ပြိုင်—ယထာရဟ-သဟ-ည-နိ-သံ-ဝိပ္ပ-တ္ထိ-အဝိ (၇)။

သမန္နာဂတတ္တာအရ၊ ဝါ-ဗာဟျတ္ထ တ္တပစ္စည်းအရ တတြမဇ္ဈတ္တုပေက္ခာသည် ဝုစ္စတိဒ္ဓ ဝစခေတ်အရ - မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။ ပြိုင်-မရှိ။

တတိယဈာနသမင်္ဂီနှင့် ဝုစ္စတေဒ္ဓ ဝေဝိဘတ်တို့အရ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်၏ ခန္ဓာပဥ္စကသည် ထိုဝုစ္စတိဒ္ဓ အန္တတ္ထ ဝစခေတ်အရ မဟာကုသိုလ် မဟာကိရိယာ စိတ္တုပ္ပါဒ်အား အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ-ယကာရဟ (၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဥပေက္ခကောတိ ဟူသော အာကာရပုဒ်အရ ဥပေက္ခကဟူသော နာမပညတ္တိ သဒ္ဒါသည် ဝုစ္စတိဒ္ဓ ဝစခေတ်အရ မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ပြိုင်-မရှိ။

တစ်နည်း-ဝုစ္စတိဒ္ဓ ဝစခေတ်အရ မဟာကုသိုလ် မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥပေက္ခကောတိ ဟူသော အာကာရပုဒ်အရ-တစ်လုံးတစ်လုံးသော ပရမတ္ထ ဝစီဘေဒသဒ္ဒ စိတ္တဇရုပ်အား ဟေ-ဓိ-သဟ-နိ-က-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ ယထာရဟ (၁၂) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ၊ [၄၅–၂၁၆]

စက္ခုနာအရ စက္ခုပသာဒရုပ်သည် ဒိသွာအရ စက္ခုဝိညာဉ်အား ဝတ္ထုပုရေဇာတ....ပြု၏။ ပြိုင်-နိ-ပု-ဣ-ဝိပ္ပ-တ္ထိ-အဝိ (၆)။

ရူပံအရ ရူပါရုံသည် ဒိသွာအရစက္ခုဝိညာဉ်ဒွေး နာမက္ခန္ဓာအား အာ-ပု-တ္ထိ-အဝိ (၄) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊

ရူပံအရ ပစ္စုပ္ပန်ရူပါရုံသည် စက္ခုနာအရ စက္ခုဝိညာဉ်ဒွေး စိတ္တုပ္ပါဒ်အား အာ-ပု-တ္ထိ-အဝိ (၄) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(င) ဝါကျ။ ဈာနုပေက္ခာနှင့် အစ်ဖြပ်တာဉ် တပစ္စည်းတို့အရ ဈာနုပေက္ခာသည် ထိုအဓိပ္ပေတာဉ် ဓာတ်အရ ဆန္ဒပြခြန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏ ပြိုင်–အာ–ဓိ–ဥပ (၃)

☆ ☆ ☆

http://www.dhammadownload.com

# ၁၂၅-ဧတ္တာဟ စသည်အဖွင့်

(က) ဧတ္တာဟ "နနုစာယံ....ပ....သာ ကသ္မာ နဝုတ္တာ"တိ။
(ခ) အပရိ ဗျတ္တာကိစ္စတော။
(ဂ) အပရိဗျတ္တဥ္ဟိ....ပ....အဘိဘူတတ္တာ။
(ဃ) ဣဓပနာယံ....ပ....ဇာတာ။
(င) တသ္မာ ဝုတ္တာတိ။ [ဋ္ဌ-၂၁၈]

အနက်ထူး။ က-ဝါကျ။ ဧတ္တာဟအနက်—

၁။ ဧတ္ထဌာနေ—ဤအရာ၌၊ ဝါ—ဧတ္ထ တေသု တတိယဈာနာဓိကာရေ—ဤ တတိယဈာန်အရာ၌၊ ဝါ-ဧတ္ထ—ဤဥပေက္ခကောစပုဒ်အဖွင့်၌၊ဌတွာ-တန့်၍၊ (ကြိယာဝိသေသန), စောဒကော—စောဒကပုဂ္ဂိုလ်သည်၊ (ကတ္တား), စောဒနံ—စောဒနာကို၊ (ကံ) အာဟ—ဆို၏။ ဝါ—ပြီ။

[ဤအနက်ပေး ဆောင်ပုဒ်နိယံ—ပထမတွဲ ၁၃–၌ ပြခဲ့ပြီ]

၂။ တစ်နည်း-ဧတ္ထဌတွာ စောဒကော အဌကထာစရိယံ အာဟ။ (ကံပုဒ်သာမတူ)
၃။ တစ်နည်းဥပေက္ခကောစ ဝိဟရတီတိ ယံဝစနံ ဘဂဝတာ ဝုတ္တံ(အနိယတ်), ဧတ္ထ တေသု ဥပေက္ခကောစ ဝိဟရတီတိဝစနေ ဌတွာ၊ စောဒကော အဌကထာစရိယံ အာဟ။ (အနိယတ်ထည့်ခြင်း ထူး၏)
၄။ တစ်နည်း-ဧတ္ထ တေသု ဥပေက္ခကောစ ဝိဟရတီတိဝစနေ ဝိတက္ကာဝါဒီ အာဟ။ (ကတ္တားမတူ)

[အမှတ် ၁ဒ်နည်းကို အထူးမှတ်]

ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဥပေက္ခကောစ ဝိဟရတိ—ဟု ဟော တော်မူ၏၊ ဤသို့ ဟောသည်ရှိသော်, ထိုစကားနှင့်စပ်၍ ဖြစ်သင့်သော စောဒနာ ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

(ခ)ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် စောဒကပုဂ္ဂိုလ်၏ စောဒနာကို ပြဆိုတော်မူ၏၊....သော်, ပရိဟာရ ပုဂ္ဂိုလ်၏ သောဓနာ ပရိဟာရအဖြေကို မပြဆို- ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ထိုအကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဒ်ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

http://www.dhammadownload.com



## ဒေါသပယ်

(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ ဂ—ဝါကျဖြင့် ဝိရောဓိ, ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။ ဃ—ဝါကျဖြင့် အတိဗျာပိတ၊ တစ်နည်း—အဗျာပိတ ဒေါသကို ပယ်၏။ င—ဝါကျဖြင့် နိရတ္ထက ဒေါသကို ပယ်၏။

တသ္မာ ထားရပုံ။ ရသင့်ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့်, တစ်နည်း–နိဂုံးအုပ်လိုသောကြောင့် င–ဝါကျ၌ တသ္မာထား၏။

တ္တောဟထားရပုံ။ က–ဝါကျ။ စောဒကပုဂ္ဂိုလ်၊ ဝါ–ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏ အနက်၌ ယုံမှားမှု အတ္ထအာသင်္ကာ, အကျိုး၌ ယုံမှားမှု ဖလအာသင်္ကာ ရှေးက ရှိဖူးသဖြင့် မေးမြန်းစောဒနာဖူးသော စကားရပ်ကို ထုတ်ပြလိုသောကြောင့် တ္တောဟ ထား၏။

[မှတ်ချက်။ ။အံ့သူး (တ္တောဟ ထားပုံ ယခင်အတိုင်း) ထိုသို့ မမေးမြန်းဘူးသော်လည်း သောတုဇနတို့ အကျိုးငှာ ဤနေရာမျိုး၌ ဤကဲ့သို့ စောဒနာနိုင်သည်–ဟု အဋ္ဌကထာဆရာ၏ ပရိကပ္ပစောဒနာကို ထုတ်ပြလိုသောကြောင့် ေသ္တ သိယာ, တတ္ထ သိယာတို့ကို ထား၏။ တစ်နည်း–ပရမ္မုခ စောဒနာကို ပြလိုသောကြောင့် တ္တောဟ ထား၏။ သမ္မုခ စောဒနာကို ပြလိုသောကြောင့် တေ့ သိယာ, တတ္ထ သိယာ ထား၏။

ပုဒ် တ္တောဟ၊ ရှိလက၊ စောဒကစကား။ (တောင်တွင်း ၁၀၅) တ္တောဟမှာ၊ စောဒကာ၊ နှစ်ဖြာလုံးပင်၊ မဟုတ်လျှင်ဟု ပယ်ချင်စွ (ရွှေ-၉၈)

(စောဒကာ၊ နှစ်ဖြာလုံးပင် စောဒကပုဂ္ဂိုလ်၏ အကျိုး, အနက်နှစ်မျိုးလုံးပင်)

တေ့သိယာ၊ ပွဒ်ပါဌ်လာ၊ စောဒနာစကား။ (တောင်တွင်း—၁၀၉)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(၈) ဝါကျ။ပရိဝိသိဋ္ဌော+အတ္တာ အဿာတိ ပရိဗျတ္တံ။န+ပရိဗျတ္တံအပရိဗျတ္တံ။

၂။ ပဋိသေဓ ဘောဂုဏ်၏ ထင်ရှားသည်နှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ မထင်ရှားသောဂုဏ်သည်....။

ဥက္ခိပိယတေတိ ဥက္ခိတ္တော။ (ဥက္ခိတ္တံ)

ကုသုမာဒီဟိ သေဝီယတီတိ သိရော။ သေဝန္တိ ဧာနောတိဝါ သိရော။

http://www.dhammadownload.com



ဥက္ခိတ္တော (ဥက္ခိတ္တံ)+သိရော ယဿာတိ ဥက္ခိတ္တသိရော။ [သိရသဒ္ဒါ သက်သက်ရှု-အလို ပုလ္လိင်၊ တစ်နည်း-နပုလ္လိင်လည်း ဖြစ်နိုင်သည်။ ပါ-ဘာ-ဋီ-ပ-၆၁၂]

၂။ ထောင်သော ဦးခေါင်း၏ တတြမဇ္ဈတ္တုပေက္ခာနှင့် ဝိသေသန+ဝိသေသျ ....စပ်....။

၄။ ထောင်သော ဦးခေါင်းရှိသကဲ့သို့ ဖြစ်ခြင်း-ဟူသော ဂုဏ်သည်၊ ဝါ-တတြမဇ္ဈတ္တုပေက္ခာတို့၏ ဥက္ခိတ္တသိရ သဘောရှိသကဲ့သို့ ဖြစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာ—ဟု ဆိုအပ်သော ဇာတ်သည်....။

## လင်္ကာစသည် ဖွင့်ပုံ

တွေ့ခဲသော၊ နိပါတ်ပုဒ်ခွဲ။ ဒွန္ဒဟာ-အလိုင်၊ ဘုဝါဒိဂိုဏ်၊ (ဖြူမောက်ဖြစ်သော ကြောင့်) ဥိကာရန္တ၊ အာချာတ်ပုဒ်။ [ဖြူ+အ+တိ၊ တစ်နည်း—အဝိဘတ်။] ဥက္ခိတ္တသိရာ၌ သိရသက်သက်-ပုလ္လိင်၊ မနောဂိုဏ်းခွဲ။ ဥက္ခိတ္တသိရကား-ဗဟုဗ္ဗီလိုင်၊ ကညာဝိ ဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျဖြင့်။ စောဒကာ၏ အာဘော်နှင့်တကွ စောဒနာစကားရပ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျဖြင့် အကျဉ်းသခ်ပအားဖြင့် အဖြေ ပရိဟာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ, ဃ, င) ဝါကျတို့ဖြင့် အကျယ်ဝိတ္ထာရအားဖြင့် အဖြေ ပရိဟာရ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ [နနုစ အနက်ကို နနုစာယံ စသည်အဖွင့်၌ ရှု။]

တတြမဇ္ဈတ္တုပေက္ခာဝ၌ ဝေ-အဝဓာရဏတ္ထ။

၁။ တတြမဇ္ဈတ္တုပေက္ခာသည် ဂ....။

၂။ သင်္ခါရုပေက္ခာ စသည်သည် နိ....။

၃။ သင်္ခါရုပေက္ခာ စသည်တို့၏ မရှိခြင်းသည် နှ....။

http://www.dhammadownload.com



သာစဋ္ဌ- စသဒ္ဒါ-သမုစ္စယတ္ထ၊ တစ်နည်း·ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ။ အပရိဗျတ္တဋ္ဌိဋ္ဌ-ဟ် ဝိတ္ထာရတ္ထ။ ဣဓပေနာယံဋ္ဌ-ပန-ဝိသေသတ္ထ၊ ပက္ခန္တရတ္ထ။ ဥက္ကိတ္ထ သိရာဝိယ-ဋ္ဌ ဝိယ·ဥပရိက္ခ္လာ ဇောတက။

## ကြိယာ ၅-တန် ထုတ်ပုံအမှာ

ဝုတ္တာဋ္ဌ ဝစခေါ်တ်အရ ဒေသနာဉာဏ်ယူ၍ ထုတ်မြဲ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ အယံ—အရ တတြမဇ္ဈတ္တုပေက္ခာ-စေတသိက်သည်၊ ဣဓအရ တတိယစျာန်အား ဃဟ....ပြုငြ်။ ပြိုင်·သဟ·ည-နိ-သံ-တ္ထိ-အဝိ (၆)

....❀....

http://www.dhammadownload.com

# ၁၂၆-သတော သမ္ပဇာနော အဖွင့်

(က) ကလဒါနိ သတော စ သမ္ပဇာနော တိ ဧတ္ထ သရတီတိ သတော။

(ခ) သမ္ပဇာနာတီတိ သမ္ပဇာနော။

(ဂ) ဣတိ ပုဂ္ဂလေန သတိစ သမ္ပဇညဉ္စ ဝုတ္တံ။

(ဃ) တတ္ထ သရဏ လက္ခဏာ သတိ။ အသမ္မုဿန ရသာ၊ အာရက္ခပစ္စု-ပဋ္ဌာနာ။

(င) အသမ္မောဟ လက္ခဏံ သမ္ပဇညံ။ တီရဏ ရသံ၊ ပဝိစယ ပစ္စုပဋ္ဌာနံ။ [ဋ္ဌ-၂၁၉]

အနက်ထူး။ က-ဝါကျ။ ကလဒါနိ-၌၊ သတောစ သမ္ပဇာနောတိ ဧတ္ထ-၌၊ အတ္ထဝဏ္ဏနာ-ကို၊ ဝုစ္စတေ (ဝုစ္စတိ)-အံ့။ (အဇ္ဈာဟာရိတဗ္ဗ ပါဌသေသ ထည့်ပေးသည်။)

(ဃ) ဝါကျ။ အသမ္မုဿနရသာ-မမေ့ခြင်းကိစ္စရှိ၏။ (ဝေါဟာရတ္ထ)ဝါ-မမေ့ခြင်း၏ ဆန့်ကျင်ဘက်လျှင် ကိစ္စရှိ၏။ (သဒ္ဒတ္ထ) (ဂဏ္ဌိ-၃၇၀)

ဌပနာသဠက ကျမ်းတက်

(က) ဝါကျ။ [ဥပေက္ခကောစ ဝိဟရတိ၏ အတ္ထဝဏ္ဏနာမှတပါး သတောပုဒ်၏ အတ္ထဝဏ္ဏနာဖြစ်သည်ကို ရှုတက်၊]

(ခ) ဝါကျ။ [သတောပုဒ်၏ အဖွင့်မှတစ်ပါး, သမ္ပဇာနောပုဒ်၏အဖွင့်ဖြစ်သည် ကို ရှုတက်။]

(ဂ)ဝါကျ။ ဆုရာ, ဆရာသည် က-ခ ဝါကျတို့ဖြင့် သတော, သမ္ပဇာနော ပုဒ်တို့၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ဝါ-မြတ်စွာဘုရားသည် သတော သမ္ပဇာနော ဟု ဟောတော်မူ၏။ ဤသို့ပြဆိုချေသော်၊ ဝါ-ဤသို့ ဟောချေသော်, သတော, သမ္ပဇာနောဟု ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောသည်ဖြစ်၍၊ ဝါ-ဤကဲ့သို့ ဝစနတ္ထ ပြုသည်ဖြစ်၍ သတော, သမ္ပဇာနောအရ ပုဂ္ဂိုလ်ကိုပင် ကောက်ယူရမည် ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....ပ....သတောအရ သတိ, သမ္ပဇာနော အရ သမ္ပဇဉ် ပညာကို ကောက်ယူရမည်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(ဃ) ဝါကျ။ [သတော သမ္ပဇာနောပုဒ်တို့၏ ဝစနတ္ထ, အဘိဓေယျတ္ထမှ တစ်ပါး, သတိ၏ လက္ခဏာစသည် ဖွင့်ပြသည်ကို ရှုတက်။]

(င) ဝါကျ။ [သတိ၏ လက္ခဏာစသည်မှတစ်ပါး, သမ္ပဇည၏ လက္ခဏာစသည် ဖွင့်ပြသည်ကို ရှုတက်။]

http://www.dhammadownload.com



## ဒေါသပယ်

[နောက်နောက်ဝါကျအသီးသီးဖြင့် အဗျာပိတ ဒေါသပယ်ပုံ ထင်ရှားပြီ။]

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(၈) ဝါကျ။ သမ္ပဇာနာတီတိ သမ္ပဇာနော။သမ္ပဇာနဿ+ဘာဝေါ သမ္ပဇည်။

၂။ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သူ၏ ထက်ဝန်းကျင် အပြားအား ဖြင့် သိခြင်းနှင့် ဂုဏေ+ဂုဏီ....စပ်....။

၄။ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သည်၏ အဖြစ်၊ ဝါ–သိခြင်း ဟူသောဂုဏ်သည်....။

(ဃ) ဝါကျ။ ယရိယတေ သ[illegible]ဏ်၊ ဂါကွိယတေ အနေနာတိ လ[illegible]၊ သ ရဏ် (စိန္တနံ ဥပ[illegible]) + [illegible] လက္ခဏာ။

၂။ သရဏ လက္ခဏာ၏ သတိနှင့် လက္ခဏ+[illegible] စပ်....။

၄။ သရဏ လက္ခဏာရှိခြင်းဟူသော–ဂုဏ်သ[illegible]....။

န+သမ္မုဿနံ အသမ္မုဿနံ။ အသမ္မုဿနံ+[illegible]သာကိစ္စံ ဧတိဿာတိ အသမ္မုဿနရသာ။ ပစ္စုပတိဋ္ဌတီတိ ပစ္စုပဋ္ဌာနာ။ အာရက္ခာ+ဟုတွာ+ပစ္စုပဋ္ဌာနာ ယာရက္ခပစ္စုပဋ္ဌာနာ။ တစ်နည်း–အာရက္ခံ ပစ္စုပဋ္ဌာပေတီတိ အာရက္ခ ပစ္စုပဋ္ဌာနာ။

(င) ဝါကျ။ သမ္မုယှနံ သမ္မောဟော။ န+သမ္မောဟော အသမ္မောဟော။ အသမ္မောဟော လက္ခဏံ ဧတဿာတိ အသမ္မောဟ လက္ခဏံ။

## လိင်စသည် စိစစ်ပုံ

သတိ–ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ဣဒါနိ....ပ ..တွေဖြင့် ယခုအခါ သတောသမ္ပဇာနောဟူသော ပါဠ်၌ အနက်အဖွင့်ကို ဆိုဦးအံ့–ဟု ပဋိညာဉ်စကားပျိုးကို သိစေ၏။ (ကာဝတ္တ) သရတိဘိဖြင့် သတော၌ သရဓာတ်၊ (ဒု-ဓာတုပဒ) တ ပစ္စည်း ကတ္တုသာဓ် အနက်ပေ၊ (ဒု-ပစ္စယတ္ထ) သရတီတိ သတော-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္တ) သိစေ၏။

http://www.dhammadownload.com



(ခ) ဝါကျ။ သမ္ပဇာနာတီတိဖြင့် သမ္ပဇာနော၌ သံ+ပပုဗ္ဗ+ဉာဓာတ်၊ (ဒု-ဓာတုပဒ) ယုပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သမ္ပဇာနာတီတိ သမ္ပဇာနော-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

[သမ္ပဇာနာတိ-ဟု ဉာဓာတ်ဖြင့်ပင် ဖွင့်သောကြောင့် ဉာဓာတ်ဟု သိနိုင်သည်၊ အဋ္ဌကထာဆရာ ကိုယ်တိုင်မှုလည်း ဉာဓာတ်ဟု သိစေလိုရင်း, နှလုံးသွင်း အလိုဆန္ဒ ရှိပေလိမ့်မည်။ ထို့ကြောင့်ဒု-ဓာတုပဒ အာဘော်ကိုလည်း ဆရာတို့ ဖော်ရှိုးပြုကြကုန်၏။]

(ဂ) ဝါကျဖြင့် သတော သမ္ပဇာနော-ဟု ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောသော်လည်း သတောအရ သတိ၊ သမ္ပဇာနောအရ သမ္ပဇဉ် ပညာကိုယူပါ-ဟု သိစေ၏။ (နေယျတ္ထ၊ အဘိဓေယျတ္ထ)

ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ စ သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။
(ခ) ဝါကျ။ သံ သဒ္ဒါ-သမန္တတ္ထ၊ တစ်နည်းသမ္မာအနက်ဟော။ ပသဒ္ဒါ-ပကာရတ္ထ။
(ဂ) ဝါကျ။ ဣတိ-နိဒဿနတ္ထ၊ စ နှစ်ပုဒ်-အညမည သမုစ္စယတ္ထ။
(ဃ) ဝါကျ။ အ သမ္ပဇာနန္တ၌ အသဒ္ဒါ-ပဋိပက္ခတ္ထ (ဝိရုဒ္ဓတ္ထ)။
(င) ဝါကျ။ အသမ္မောဟ၌ အ သဒ္ဒါ-ပဋိသေဓတ္ထ။ ပဋိပက္ခတ္ထ (ဝိရုဒ္ဓတ္ထ)။

ကြိယာ ၅-တန်ထုတ်ပုံ

ဝုတ္တံ၌ ဝစဓာတ်အရ-

၁။ ဒေသနာဉာဏ်သည်....။
၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ သတော စ သမ္ပဇာနော-ဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ တရားနာရခြင်း တတိစျာန်၏ သတိ သမ္ပဇညဂုဏ် ရှိသည်အဖြစ်ကိုသိရခြင်း, မဂ် ဖိုလ် နိဗ္ဗာန် ရခြင်း စသောအကျိုးတို့သည်....။

[တပစ္စည်းအရ သတိသမ္ပဇညကိုယူ၍ ၎င်းတို့၏ လက္ခဏာဒိ စတုက္ကကိုမှီကာ ထုတ်ပါ၊ တစ်နည်း-တ ပစ္စည်းအရ-သတော စ သမ္ပဇာနော-ဟူသော ဝစီဘေဒ သဒ္ဒကိုယူ၍ ထုတ်မြဲ။]

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ 'သမ္ပဇည်' ဗာဟုျတ္တဥ္ဖ ဏျပစ္စည်းအရ – ပညာသည် အန္တတ္တ သမ္ပဇာနပုဒ်အရ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ....ပြု၏။ ပြိုင်-ဟေ-မိ-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀)။ သတိ သမ္ပဇညနှင့် ဝုတ္တံဥ္ဖ တ ပစ္စည်းတို့အရ-သတိ,ပညာ အာရုံသည်ဝုတ္တံဥ္ဖဝစခါတ်အရ ဒေသနာဉာဏ်ပြခန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာ-မိ-ဥပ(၃) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

....❁....

http://www.dhammadownload.com

# ၁၂၇-သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိအဖွင့်

(က) ဣဓဒါနိ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ ကိဉ္စာပိ....ပ....နတ္ထိ။

(ခ) ဝေ သန္တေပိ....ပ....သမ္ပယုတ္တံ သုခံ။

(ဂ) ယံ ဝါတံ....ပ....ပဋိသံဝေဒေယျ။

(ဃ) တသ္မာ ဧတမတ္ထံ....ပ....အာဟ။ [ဋ္ဌ-၂၁၉]

အနက်ထူး။ ခ-ဝါကျအလို ပါဠိတော်အနက်-သုခဉ္စ=စေတသိကသုခကိုလည်း၊ ကာယေန- သမ္ပယုတ္တနာမကာယဖြင့်၊ ပဋိသံဝေဒေတိ-ခံစား၏။

(ခ) ဝါကျ။ ဧဝံသန္တေပိ-ဤသို့ မရှိသည်ဖြစ်သော်လည်း၊ ယသ္မာ-ကြောင့်၊ တဿ တတိယဈာနသမင်္ဂိနော-၏၊ နာမကာယေန-နှင့်၊ သမ္ပယုတ္တံ-သော၊ ယံသုခံ-သည်၊ အတ္ထိ-၏၊ တံသုခံ-ကို၊ သော တတိယဈာနသမင်္ဂီ-သည်၊ ပဋိသံဝေဒေယျ-ခံစားရာ၏။ (နိယတ် အနိယတ်ပေါ် အောင်ပေး)။

(ဂ) ဝါကျ။ ဝုဋ္ဌိတောပိ-ထပြီးလည်း၊ သုခံ-ကာယိက သုခကို၊ အဝုဋ္ဌိတောပိ-မထမီလည်း၊ သုခံ-စေတသိကသုခကို၊ ပဋိသံဝေဒေယျ-ခံစားရာ၏။ (ပိကိုငဲ၍ သမ္ဗန်သည်၊ ဂဏ္ဌိ ၃၇၁)။

## ဌပနာ့ပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ဟု ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း တတိယဈာန သမင်္ဂိပုဂ္ဂိုလ်၏ သုခကို ခံစားအံ့ဟု နှလုံးသွင်းခြင်း အာဘောဂ မရှိသည် မဟုတ်ပါလော၊ ထိုသို့ မရှိလေသောကြောင့် သုခဉ္စ ကာယေန ပဋိသံဝေဒေတိဟု မဟောသင့်, ခံစားလို သော နှလုံးသွင်း အာဘောဂ မရှိတဲ့လျက် အဘယ်နည်းဖြင့် သုခကို ခံစားခြင်း ဖြစ်သနည်း၊ ဝါ-အဘယ်ကို ပြလိုသောကြောင့် သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ဟု ဟောတော်မူသနည်း။ ဤသို့မေးဖွယ် (စောဒနာဖွယ်) ရှိသောကြောင့် ကိဉ္စာပိ စသည်ကိုမိန့်။ အဓိပ္ပာယ်ကား-တတိယဈာန သမင်္ဂိပုဂ္ဂိုလ်သည် သုခ ဝေဒနာကို ခံစားအံ့ဟူသော နှလုံးသွင်း အာဘောဂမရှိသော်လည်း ဈာန်ဝင်စား ခိုက် သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးတွင် ပါဝင်သော စေတသိကသုခ သည် ယှဉ်ဖက် တတိယဈာန် စိတ္တုပ္ပါဒ်နှင့် ယှဉ်လျက် ဖြစ်ပေါ်နေသည်ကိုပင် သုခဉ္စ ကာယေန ပဋိသံဝေဒေတိဟု ဟောတော်မူသည်၊ ဝါ - သုခကို ခံစားခြင်း ဖြစ်သည်။ တစ်နည်း တတိယဈာန်ဝင်စားခိုက် ဈာန် စိတ်, စေတသိက် ဟူသော



F.107 A

http://www.dhammadownload.com



နာမကာယနှင့် သုခသည် ယှဉ်နေ၏၊ ထို့ကြောင့် ခံစားလိုသော နှလုံးသွင်း အာဘောဂ မရှိသော်လည်း ခံစားတတ်သော သုခဝေဒနာ ယှဉ်နေ၏ဟူသော ဤအဓိပ္ပာယ်ကို ပြတော်မူလိုသောကြောင့် သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ဟု ဟောတော်မူသည် ဟူလို။

(စင်စစ် ဤကျမ်းဘာဂ်သည် က-စသော ဝါကျအားလုံးအတွက် ဖြစ်၏။)

(ဂ) ဝါကျ။ ဆရာ့ဆရာသည် ခ-ဝါကျဖြင့် ဈာန်ဝင်စားခိုက် သုခခံစားခြင်းကို ပြဆိုတော်မူ၏။....သော်, ဈာန်မှထသောအခါ၌လည်း သုခခံစားခြင်းကို ပြဆိုသင့်သေးသည် မဟုတ်ပါလော၊....စသည်။

## ဒေါသပယ်

စောဒကအလိုအားဖြင့် သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ဟူသော ပါဠိတော်၌ သုခဝေဒနာ ခံစားခြင်းမရှိဘဲလျက် သုခဝေဒနာကို ခံစားသည်ဟု ဟောထားရာ ဝိရောဓိဒေါသ သင့်နေရကား၊ ဝါ-သင့်သယောင် သင့်သကဲ့သို့ ဖြစ်နေရကား ထို ဝိရောဓိဒေါသကို ပယ်ရှားခြင်းအကျိုးငှာ က-စသော ဝါကျတို့ကို ဆိုသည်ဖြစ်သော ကြောင့် ထို က-စသော ဝါကျတို့ဖြင့် ဝိရောဓိဒေါသကို ပယ်၏။

ဝါကျခွဲ၍ဆိုသော်—ခ-ဝါကျဖြင့် အဗျာပိတ၊ ဂ-ဝါကျဖြင့်လည်း အဗျာ-ပိတဒေါသ၊ ဃ—ဝါကျဖြင့် ဝိရောဓိ, အဗျာပိတ, နိရတ္ထကဒေါသတို့ကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ဈာန်ဝင်စားခိုက် သုခကိုခံစားခြင်းဟူသော အနက်မှတစ်ပါး, ဈာန်မှထသောအခါ သုခကိုခံစားခြင်းဟူသော အနက်တစ်မျိုးကို လဲလိုသောကြောင့် ဂ-ဝါကျ၌ ဝါသဒ္ဒါထား၏။

တသ္မာ ထားရပုံ။ အတိပဏီတရုပ်သည် ရူပကာယ၏ တွေ့ထိအပ်သည်အဖြစ် ဟူသော အကြောင်းကာရဏကို ပြလိုသောကြောင့် ဃ-ဝါကျ၌ တသ္မာထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ သုခဉ္စ+ပဋိသံဝေဒနာ သုခပဋိသံဝေဒနာ။

သုခပဋိသံဝေဒနာယ+အာဘောဂေါ သုခပဋိသံဝေဒနာဘောဂေါ။

၂။ သုခကို ခံစားခြင်း၏ နှလုံးသွင်း အာဘောဂနှင့် ဝိသေသန+ဝိသေသျ အာဓာရ+အာဓာရီ....စပ်....။

၄။ သုခကို ခံစားအံ့ဟု (ခံစားခြင်း၌) နှလုံးသွင်းခြင်းကြိယာသည်....။

http://www.dhammadownload.com



(ဂ) ဝါကျ။ သမုဋ္ဌာဟာတီတိ သမုဋ္ဌာနံ။

တစေတာ+သမုဋ္ဌာနံ တံ သမုဋ္ဌာနံ။ (တေန)

၂။ ထိုသုခ၏ဖြစ်သော အတိပဏီတ, စိတ္တဇရုပ်နှင့် အကြောင်း+အကျိုး.... စပ်....။

၄။ ထိုသုခကြောင့် ဖြစ်ခြင်းကြီးယာသည်၊ ဝါ-ထိုသုခကြောင့် ဖြစ်သော အတိပဏီတ စိတ္တဇရုပ်တို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

## လိင်စသည်စိစစ်ပုံ

ပဋိသံဝေဒေတိ-၌ ပဋိ (ပတိ) အလိင်၊ ဂဏဝိမုတ်၊ ဝုကာရန္တ၊ ဥပသဂ္ဂပဒ။ ဝေဒေတိ-အလိင်၊ စုရာဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်။ တတိယစျာနသမင်္ဂီနော-ပုလ္လိင်၊ ရုတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသ်ပုဒ်။ ဝါ-သမာသ်နာမ်ပုဒ်။ သန္တေ-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ ကာရန္တ ကိတ်နာမ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

ကိဉ္စာပိ....ပ.... နတ္ထိဖြင့် အနုဂ္ဂဟ၊ ဝါ-စောဒကာဘောဂကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျဖြင့်-ပရိဟာရဘောဂကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျတို့ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိဟု ဟောနိုင်ခြင်း အကြောင်းကို သိစေ၏။ (ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

ကိဉ္စာပိ=အနုဂ္ဂဟတ္ထ၊ သမ္ဘာဝနတ္ထ။ ဝေပိ-အရုစျတ္ထ။

[ပါ-ဘာ-ဋီ-ပ-၆၁၅]၊

တစ်နည်း-ဝေ-နိဒဿနတ္ထ။ ပိ-အရုစျတ္ထ, ဂရဟတ္ထ။ တနည်း ကိဉ္စာပိ၏ စပ်ရာ နတ္ထိပုဒ်အနက်သည် မရှိဟု ကဲ့ရဲ့သောကြောင့် ထိုအနက်ကိုစွဲ၍ ကိဉ္စာပိ ဂရဟတ္ထ။

ဝေပိ၏စပ်ရာ အတ္တိ, ပဋိသံဝေဒယျ ပုဒ်တို့၏ အနက်သည် မြတ်သောကြောင့် ထိုအနက်ကိုစွဲ၍ ဝေပိ-သမ္ဘာဝနတ္ထ၊ တစ်နည်း-ဝေဒနိဒဿနတ္ထ။ ပိ-သမ္ဘာဝနတ္ထ။

ယံဝါ၌ ဝါ သဒ္ဒါ အတ္တန္တရဝိကပ္ပနတ္ထ။ ဝုဋ္ဌိတောပိ၌ ပိသဒ္ဒါ-ချန်ဝင်စား ခိုက်ကို ပေါင်းဆည်းသော သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

http://www.dhammadownload.com



ကြိယာ ၅-တန်ထုတ်ပုံ

(ဃ) ဝါကျ။ အာဟာအရ၊ ဝါ-အာဟာ၌ မြူခွတ်အရ–

၁။ ဘုရားရှင်သန္တာန်၌ဖြစ်သော ဒေသနာဉာဏ် ပြခြင်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်....။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။

၃။ ဟောသဖြင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ အနက် အဓိပ္ပာယ် သိနားလည်ရခြင်း အကျိုးသည်....။

၄။ ပါရမီဉာဏ် စသည်တို့သည်....။

၅။ သိသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရခြင်း စသော အကျိုးတို့ သည်....။

ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ သုခဥ္စ၌ သုခအရ တတိယစျာန်နှင့်ယှဉ်သော သုခဝေဒနာသည် ပဋိသံဝေဒေတိ၌ အန္တောဂဓ ဂတိပုဗ္ဗ+ဝိဒခွတ်အရ သုခဝေဒနာနှင့်ယှဉ်သော သမ္ပယုတ္တ ခန္ဓာအား သဟ-ည-နိ-ဣ-သံ-တ္ထိ-အဝိ (၈)။

တစ်နည်း=သုခအရ ကာယိကသုခဝေဒနာသည်၊ ပဋိသံဝေဒေတိ၌ ဝိဒခွတ် အရ သမ္ပယုတ္တခန္ဓာအား သဟ-ည-နိ-ဣ-သံ-တ္ထိ-အဝိ(၇)ပစ္စယ သတ္တိတို့ဖြင့်ကျေးဇူး ပြု၏။

http://www.dhammadownload.com

# ၁၂၈-ယံ တံ အရိယာ အာစိက္ခန္တိ ပုဒ်အဖွင့်

ဣဒါနိ ယံ တံ အရိယာ အာစိက္ခန္တိ....ပ....ပသံသန္တီတိ အဓိပ္ပာယော။ [၄-၂၁၀]

**အာဘော်, သံဝဏ္ဏနာလိုင်**

ယံ စျာနဟေတုဖြင့် ယံ တံ၌ ယံသဒ္ဒါ သဗ္ဗနာမ်မဟုတ်၊ နိပါတ်ပုဒ်အဖြစ် (နိပါတ လိင်္ဂပဒ) ထိုယံသဒ္ဒါ ဟိတ်အနက်ဟောသည်၏ အဖြစ်၊ (နိပါတလိင်္ဂတ္တ) ယံနောင် ပထမာ ဝိဘတ် ကျေသည်၏အဖြစ်၊ (ဝိဘတ္တိပဒ) ထိုပထမာဝိဘတ်ဟိတ် အနက်၌ သက်သည်၏ အဖြစ်၊ (ဝိဘတျတ္တ) ထိုယံ သဒ္ဒါ၏ စျာန်ကို စွဲရမည် အဖြစ်၊ (နိပါတလိင်္ဂတ္တ) သိစေ၏။ ယံ စျာန ကာရဏာဖြင့် ယံ စျာနဟေတု၌ ဟေတုသဒ္ဒါ ကာရဏ အနက်ဟော၊ (နာမလိင်္ဂတ္တ၊ သဒ္ဒါဟော အဘိဓေယျတ္တ) စျာနဟေတု နောင် သက်သော ပထမာဝိဘတ် ကာရဏအနက်၌ သက်သည်၏ အဖြစ်၊ (ဝိဘတျတ္တ) သိစေ၏။ တံ တတိယဈာန သမင်္ဂီပုဂ္ဂလံဖြင့် တံသဒ္ဒါ တတိယဈာန် သမင်္ဂီ ပုဂ္ဂိုလ်ကို စွဲသည်-ဟု သိစေ၏။ (သဗ္ဗနာမလိင်္ဂတ္တ) ဗုဒ္ဓါဒယောဖြင့် လောကေဟိ အရဏီယာ ဥပဂန္တဗ္ဗာတိ အရိယာဟု ဝစနတ္ထ ပြု၍ အရိယာ အရ ဘုရား စသော အရိယာ သူတော်ကောင်းတို့ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္တ)

ဒေသေန္တိဖြင့် အာစိက္ခန္တိ၌ အာပုဗ္ဗ+စိက္ခဓာတ် ဒေသန အနက်ဟော (ဓာတွတ္ထ) အာသဒ္ဒါဓာတွတ္ထာ နုဝတ္တက (ဥပသဂ္ဂလိင်္ဂတ္တ) တစ်နည်း-အာစိက္ခန္တိ၌ ကြား၏ ဟူသည် ဟောခြင်းပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) ပညာပေန္တိဖြင့် ဒေသေန္တိ၌ ဒိသိဓာတ် ပညာပန အနက်ဟော (ဓာတွတ္ထ) တစ်နည်း-ဒေသေန္တိ၌ ဟောခြင်း-ဟူသည် အပြားအားဖြင့် သိစေခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) ပဋ္ဌပေန္တိဖြင့် ပညာပေန္တိ၌ ပပုဗ္ဗ+ဉာဓာတ် ဌပန အနက်ဟော၊ (ဓာတွတ္ထ) တစ်နည်း-ပညာပေန္တိ၌ အပြားအားဖြင့် သိစေခြင်း-ဟူသည် ထားခြင်းတည်ဟု သိစေ၏။ (ဘာဝတ္ထ) ဝိဝရန္တိဖြင့် ပဋ္ဌပေန္တိ၌ ပပုဗ္ဗ+ဌပဓာတ် ဝိဝရဏ အနက်ဟော (ဓာတွတ္ထ) တစ်နည်း—ပဋ္ဌပေန္တိ၌ ထားခြင်း—ဟူသည် ဖွင့်ခြင်းပင်တည်းဟု သိစေ၏။ (ဘာဝတ္ထ) ဝိဘဇန္တိဖြင့် ဝိဝရန္တိ၌ ဝိပုဗ္ဗ+ဝရဓာတ် ဝိဘဇန အနက်ဟော (ဓာတွတ္ထ) တစ်နည်း=ဝိဝရန္တိ၌ ဖွင့်ခြင်း-ဟူသည် ဝေဖန်ခြင်းတည်ဟု သိစေ၏။ (ဘာဝတ္ထ) ဥတ္တာနီ ကရောန္တိဖြင့် ဝိဘဇန္တိ၌ ဝိပုဗ္ဗ+ဘဇဓာတ် ဥတ္တာနီကရဏ အနက်ဟော (ဓာတွတ္ထ) တစ်နည်း- ဝိဘဇန္တိ၌ ဝေဖန်ခြင်း-ဟူသည် ပေါ်ပေါ် ပေါ်အောင် (ပေါ်လွင်အောင်) ပြုခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) ပကာသေန္တိဖြင့် ဥတ္တာနီကရောန္တိ၌ ပေါ်လွင်အောင်ပြုခြင်း ဟူသည် ပြစား (ထင်ရှားပြ)ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ ပသံသန္တိဖြင့် ပကာသေန္တိ၌ ပြစား (ထင်ရှားပြ)ခြင်း ဟူသည် ချီးမွမ်းမြှောက်စားခြင်းတည်းဟု သိစေ၏။(ဘာဝတ္ထ)

http://www.dhammadownload.com



ကြိယာ ၅-တန်ထုတ်ပုံအမှာ

အာစိက္ခန္တိဒ္ဓိ အာပုဗ္ဗ+စိက္ခဓာတ်အရ—

၁။ ဒေသနာ ဉာဏ်တော်သည်....။
၂။ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်, အာသယာနုသယဉာဏ်တို့သည်....။
၃။ ဥပေက္ခကော သတိမာ သုခဝိဟာရီ-ဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ တတိယဈာန်ကို ရအောင်အားထုတ်ခြင်း, တတိယဈာန်ကိုရခြင်း စသော အကျိုးတို့သည်....။

## ပဋ္ဌာန်းပစ္စည်းပြိုင်

၁။ ယံ အရ တတိယဈာန်သည် အာစိက္ခန္တိဒ္ဓိ ဓာတ်အရ မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။ ပြိုင်-မရှိ။
၂။ တံ အရ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်၏ ခန္ဓာပဥ္စကသည် အာစိက္ခန္တိဒ္ဓိ ဓာတ်အရ မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ယထာရဟ-အာ-ဓိ-ဥပ-ပု-တ္ထိ-အဝိ (၆)။
၃။ အာစိက္ခန္တိဒ္ဓိ ဓာတ်အရ မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် အာကာရ ပုဒ်အရဖြစ်သော ဥပေက္ခကော သတိမာ သုခဝိဟာရီ ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား-ယထာရဟ-ဟေ-ဓိ-သဟ-နိ-ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၁၂) ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။
၄။ အရိယာ အရ အရိယာပုဂ္ဂိုလ်၏ နာမက္ခန္ဓာ တစ်ပါး, သုံးပါး, နှစ်ပါး ပစ္စည်းတရားသည် အာစိက္ခန္တိဒ္ဓိ ဓာတ်အရ နာမက္ခန္ဓာသုံးပါး, တစ်ပါး, နှစ်ပါး, နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟ....ပြု၏။ ပြိုင်-ယထာရဟ—ဟေ-ဓိ-သဟ-ည-နိ—ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။

တစ်နည်း—အရိယာအရ မဟာဘုတ် လေးပါးသည် အာစိက္ခန္တိ ဓာတ်အရ ဝဏ် ဝိညတ်အား သဟ....ပြု၏။ ပြိုင်-သဟ-နိ-တ္ထိ-အဝိ (၄)။

http://www.dhammadownload.com

# ၁၂၉-သုခဿစ ပဟာနာ အဖွင့်

(က) သုခဿစ ပဟာနာ, ဒုက္ခဿစ ပဟာနာတိ ကာယိကဿ သုခဿစ ကာယိက ဒုက္ခဿစ ပဟာနာ။

(ခ) ပုဗ္ဗေဝါတိ တဉ္စခေါ ပုဗ္ဗေဝ၊ နစတုတ္ထဇ္ဈာနက္ခဏေ။

(ဂ) သောမနဿ....ပ....ဿစ္စေဝ ဝုတ္တံ ဟောတိ။

(ဃ) ကဒါ ပန နေသံ ပဟာနံ ဟောတိ။

(င) စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။ [ဋ္ဌ-၂၂၀]

## ဋ္ဌပနာပဥ္စက ကျမ်းတံက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် သုခဿ ဒုက္ခဿ-ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, သုခအရ သုခသာမည, ဒုက္ခအရ ဒုက္ခသာမညကို ယူရမည် ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ခ) ဝါကျ။ [သုခဿစ—စသော ပုဒ်အဖွင့်မှတစ်ပါး ပုဗ္ဗေဝပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်။]

ထို ခ-ဝါကျတွင် ရှေ့ဝါကျမှ နောက်ဝါကျသို့ တက်သော်—ဆရာ, ဆရာသည် ပုဗ္ဗေဝဥ္စ ဝေသဒ္ဒါကို ဆိုတော်မူ၏၊ ဤမျှသာဆိုချေသော်, ထို ဝေသဒ္ဒါ၏ ဝေတ္ထဖလကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ တစ်နည်း- ဝေသဒ္ဒါသည် ဝေတ္ထဖလနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊....စသည်။ [ဝေတ္ထဖလ (ဝေ.ဖလ) ကျမ်းတက်။]

(ဂ) ဝါကျ။ [ပုဗ္ဗေဝအဖွင့်မှတစ်ပါး သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ ပုဒ်တို့၏ အဖွင့်ဖြစ်သည်ကို ရှုတက်။]

(ဃ) ဝါကျ။ ဆရာ,ဆရာသည် က-ခ-ဂ-ဝါကျတို့ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ်သည်၏အဖြစ်ကို ပြဆိုတော်မူ၏၊....သော်, ထိုနှင့်စပ်၍ အမေး ပုစ္ဆာ၊ ဝါ-စောဒနာကိုလည်း ထုတ်ပြသင့်သည် မဟုတ်ပါလော၊....စသည်။

(င) ဝါကျ။ [အမေးပုစ္ဆာ, စောဒနာမှတစ်ပါး အဖြေဝိဿဇ္ဇနာ, သောဓနာ ဖြစ်သည်ကို ရှုတက်။]

## ဒေါသပယ်

[နောက်နောက်ဝါကျ အသီးသီးတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံကို သိပါ။]

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

ပဟီယတေ ပဟာနံ။ (တသ္မာ)[ပပုဗ္ဗ+ဟာဓာတ်+ယုပစ္စည်း၊ပယ်ခြင်းကြိယာခွဲ။]

(င) ဝါကျ။ အပ္ပနာယ သမီပေ စရတီတိ ဥပစာရံ။ ခဏောတီတိ ခဏော။ တစ်နည်း-သတ္တာနံ အာယု ခီယတိ ဟာယတိ တတ္ထကာလေတိ ခဏော။ (ခီ ခယေ၊ ယု၊ သုစိ) ဥပစာရဿ+ခဏော ဥပစာရက္ခဏော။ (တသ္မိံ)

၂။ ဥပစာရ ဈာန်၏ ခဏနှင့် ခဏဝဏ္ဏ+ခဏ, ကာလဝဏ္ဏ+ကာလ....စပ်....။

၄။ ဥပစာရက္ခဏတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

## လိင်စသည် စိစစ်ပုံ

ပုဗ္ဗေဝ ါတိဒ္ဓ ပုဗ္ဗေကို-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ဧဝ+ဣတိ တို့ကို-အလိင်၊ နိပါတ်ပုဒ်ခွဲ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ ကာယိကသုခဿ ကာယိကဒုက္ခဿဖြင့် သုခအရ ကာယိကသုခ, ဒုက္ခအရ ကာယိကဒုက္ခကို ယူပါ-ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ခ) ဝါကျ။ တဥ္စခေါ ပုဗ္ဗေဝဖြင့် ပုဗ္ဗေဝသည် နောက်ကိုသာ ငဲ့သည်မဟုတ် ရှေ့ကိုလည်း ငဲ့သည်ဟု သိစေ၏။ (နေယျတ္ထ၊ ဘာဝတ္ထ) တစ်နည်း-ပုဗ္ဗေဝသဒ္ဒါ အတ္တင်္ဂမာ ဟူသော နောက်ပုဒ်၌သာ စပ်ရသည်မဟုတ်—ပဟာနာ-ဟူသော ရှေ့ပုဒ် ၌လည်း စပ်ရသည်ဟု သိစေ၏။ (သမ္ဗန္ဓ၊ ဘာဝတ္ထ) န စတုတ္ထဇ္ဈာနက္ခဏေ ဖြင့် ပုဗ္ဗေဝ၌ ဧဝသဒ္ဒါ၏ ဝေတ္တဖလအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ စေတသိက သုခဿ စေတသိက ဒုက္ခဿဖြင့် သောမနဿဥ္စ+ ဒေါမနဿဥ္စ သောမနဿ ဒေါမနဿာ—ဟု ဒွန်သမာသ်ဝစနတ္ထပြု (သမာသလိင်္ဂတ္ထ) သောမနဿအရ စေတသိကသုခ, ဒေါမနဿအရ စေတသိကဒုက္ခကို ယူရမည်။ (အဘိဓေယျတ္ထ) သိစေ၏။ ဣတိ ဣမေသံ ဒွိန္နံဖြင့် ဤဒွန်သမာသ်ကို အသမာ-ဟာရဒွန် ပြုရမည်ဟု သိစေ၏။ (နေယျတ္ထ)ပုဗ္ဗေဝ အတ္တင်္ဂမာဖြင့် ပုဗ္ဗေဝကို အတ္တင်္ဂမာပုဒ်၌လည်း ဆောင်၍ အနက် ယောဇနာရမည်ဟု သိစေ၏။ (သမ္ဗန္ဓ၊ ပဒ၊ နေယျတ္ထ) ပဟာနာဖြင့် အတ္တင်္ဂမာ၌ ချုပ်ခြင်း-ဟူသည် ပယ်ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ စ-သဒ္ဒါများ—အညမည သမုစ္စယတ္ထ။

http://www.dhammadownload.com



(ခ) ဝါကျ။ တဥ္စခေါ်၌ စသဒ္ဒါ-သမုစ္စယတ္ထ၊ ဝါကျာရမ္ဘတ္ထ။ ခေါသဒ္ဒါ-ပဒါလင်္ကာရ။ ဝေသဒ္ဒါ အဝဓာရဏတ္ထ၊

၁။ သောမနဿ, ဒေါမနဿတို့၏ ရှေးမဆွ (ရှေးကာလ)သည် ဂ....။
၂။ စတုတ္ထဈာနကုသိုလ်သည် နိ....။
၃။ စတုတ္ထဈာန်၏ ဥပစာရကုသိုလ်သည် နိ....။

(ဂ) ဝါကျ။ ဣမေသမ္ပိ၌ ပိသဒ္ဒါ-သမုစ္စယတ္ထ။ ဃ-ဝါကျ။ ကဒါပိနန္တိ၌ ပန-ပက္ခန္တရတ္ထ။ တစ်နည်း-ဥပန္ယာသတ္ထ၊ ဝါကျာရမ္ဘတ္ထ။

## ကြိယာ ၅-တန်ထုတ်ပုံ

(ခ) ဝါကျ။ စတုတ္ထဈာနကုသိုလ်ဖြင့်-

၁။ စတုတ္ထဈာန်သည်။
၂။ ပရိကံ,ဥပစာ, အနုလုံတို့သည်၊ တစ်နည်း-တတိယဈာန်သည်။
၃။ စတုတ္ထဈာန သမာပတ္တိ သုခသည်။
၄။ ပ,ဒု-(တ)ဈာန် စသည်တို့သည်။
၅။ စတုတ္ထ ဈာန်ဘုံ၌ ပဋိသန္ဓေနေရခြင်း စသောအကျိုးတို့သည်။

## ပဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ဘာဝတာ ပါဌ်သေသအရ ပညာဉာဏ် ပစ္စည်းယူ၍ ဝုတ္တံ၌ ဝစနတ်အရ မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ယူပြီးလျှင် ဟေတုစသော-သဟ-မျိုး (၁၀)ပစ္စည်းပြိုင်မြဲ။

http://www.dhammadownload.com

# ၁၃၀-ဩဠာဟ အထေ၀ံ စသည်အဖွင့်

(က) ဩဠာဟ အထေ၀ံ....ပ....သမာဟဋ္ဌာတိ။

(ခ) သုခဂ္ဂဟဏတ္ထံ၊

(ဂ) ယာ ဟိ အယံ....ပ....န သက္ကာ သုခေန ဂဟေတုံ။

(ဃ) အပိစ အဒုက္ခ မသုခါယ....ပ....ဝေဒိတဗ္ဗာ။

(င) သုခ ဒုက္ခပ္ပဟာနာဒယော ဟိ တဿာ ပစ္စယော [ဋ္ဌ-၂၂၁-၂]

အနက်ထူး။ က—ဝါကျ။ ဩဠ ဌာနေ ဌတွာ စောဒကော စောဒနံ အဋ္ဌကထာ စရိယံ ဝါ အာဟ။ အထ-ထိုမှို့၊ (အထ-သဒ္ဒါ-မင်္ဂလတ္ထ)၊ ဧ၀ံ–သို့၊ တဿ တဿ ဈာနံသာ-၏။ ဥပစာရေ-ဥပစာရဓဏ္ဍ (ဥပစာရဈာန်ဓဏ္ဍ)၊ ပဟီနာပိ-ပယ်အပ် ပြီးလည်း ဖြစ်ကုန်သော၊ တာ ဝေဒနာ–တို့ကို၊ ဣဓ-ဤစတုတ္ထဈာန်၌၊ ကသ္မာ-ကြောင့်။ သမာဟဋ္ဌာ-ပေါင်း၍ ဆောင်အပ်ကုန်သနည်း။ တစ်နည်း-သမာဟဋ္ဌာ အထ-သမာဟဋ္ဌာနံ-စု၍ ဆိုအပ်ကုန်သနည်း။

(အထ-သဒ္ဒါ-နုအနက်ဖြစ်သော ပုစ္ဆနတ္ထ) ဣတိ စောဒကော အာဟ။

## ဋ္ဌပနာပဋ္ဌက ကျမ်းတက်

က-ဝါကျ။ ဆရာ့မြတ်စွာဘုရားသည် သုခသာစ ပဟာန-စသည်ကို ဟောတော်မူ၏။ ဤသို့ဟောချေသော်, ထိုစကားနှင့်စပ်၍ အမေးပုစ္ဆာ စောဒနာကိုလည်း ထုတ်ပြသင့်သည် မဟုတ်ပါလော၊....စသည်။

ခ-ဝါကျ။ (အမေးပုစ္ဆာ စောဒနာမှတစ်ပါး၊ အဖြေ ဝိဿဇ္ဇနာ သောဓနာ ဖြစ်သည်ကိုရှုတက်။ ဂ-ဝါကျ။ (ဝိတ္ထာရ ကျမ်းတက်)

ဃ-ဝါကျ။ ဆရာ့ဆရာသည် ခ-ဝါကျဖြင့် (အဒုက္ခ မသုခ ဝေဒနာကို) ယူလွယ်စေခြင်းအကျိုးငှာ ပေါင်း၍ဆောင်အပ်, ဟောအပ်ကုန်သောဟု ပြဆိုတော်မူ၏....သော်, ထိုဝေဒနာတို့ကို ပေါင်း၍ယူခြင်း, ဟောခြင်းဖြင့် တစ်ပါးသော ဖြစ်သင့်သောအကျိုးကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

## ဒေါသ ပယ်

ခ-ဝါကျဖြင့် အဗျာပိတ, ဝိရောဓိ ဒေါသတို့ကို ပယ်၏။

ဂ-ဝါကျဖြင့် ဝိရောဓိ, ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



ဃ-ဝါကျဖြင့် အဗျာပိတဒေါသ၊ င-ဝါကျဖြင့် ဝိရောဓိ, ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။

အပိစသဒ္ဒါထားရပုံ။ ဃ-ဝါကျ။ အဒုက္ခ မသုခ ဝေဒနာကို ယူလှယ်စေခြင်း အကျိုးမှတစ်ပါး၊ အဒုက္ခ မသုခါ စေတော ဝိမုတ္တိ ဟူသော စတုတ္ထ ဈာန် သမာပတ်ကို ရ ငြင်း၏ ဥပါယဖြစ်သော ပစ္စည်းကိုပြခြင်း အကျိုးတစ်ပါးကို လဲလို သောကြောင့် အပိစ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

က-ဝါကျ။ ပဟီယိ' သူတိ ပဟီနာ၊ [ပ ပုဗ္ဗ+ဟာ ဓာတ်+တပစ္စည်း၊ ပယ်ခြင်း ကြိယာခွဲ] သင်္ဂဟေတွာ အာဟရီယန္တေတိ သမာဟဋ္ဌာ။ [သံ+အာပုဗ္ဗ+ဟရဓာတ်+ တပစ္စည်း၊ ပေါင်း၍ ဆောင်ခြင်း ကြိယာခွဲ။]

## လိင်စသည် စိစစ်ပုံ

အထေဝ်၌ အထ+ဧဝံတို့ကို – အလိင်၊ နိပါတ်ပုဒ်ခွဲ။ စေတော ဝိမုတ္တိယာ– ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ထိုတွင် စေတောကို ပုလ္လိင်၊ မနောဂိုဏ်းခွဲ။ သုခ ဒုက္ခပ္ပဟာနာဒယော–ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။

## အာဘော်, သံဝဏ္ဏနာ

က-ဝါကျဖြင့် အမေးပုစ္ဆာ စောဒနာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

ခ-ဝါကျဖြင့် သခေ်ပအားဖြင့် အဖြေဝိဿဇ္ဇနာ သောဓနာအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

ဂ-ဝါကျဖြင့် ဝိတ္ထာရအားဖြင့် အဖြေဝိဿဇ္ဇနာ သောဓနာအဖြစ်ကို သိစေ၏။

ဃ-ဝါကျဖြင့် သုခ စသော ဝေဒနာတို့ကို ပေါင်း၍ ဟောရာ၌ တစ်ပါးသော အကျိုးကို အကျဉ်းအားဖြင့် သိစေ၏။ (ဘာဝတ္ထ)

င-ဝါကျဖြင့် (နောက် ဝါကျများနှင့် ပေါင်းလျက်) ရှေ့သခေ်ပ၏ အကျယ် ဝိတ္ထာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

က-ဝါကျ။ အထေဝံ၌ အထ သဒ္ဒါ-မင်္ဂလတ္ထ၊ (ပဒါလင်္ကာရတ္ထ) တစ်နည်း– နု–သဒ္ဒါ၏ အနက်ဖြစ်သော ပုစ္ဆနတ္ထ (နိဿယ-ဒု–၃၃၆-၇) ဧဝံ-နိဒဿနတ္ထ။ ပဟီနာပိ၌ ပိသဒ္ဒါ–ဂရဟတ္ထ။ (ဂဏ္ဌိ-၃၇၃) တစ်နည်း–သမုစ္စယတ္ထ။ သမာ- ဟဋ္ဌာ၌ သံ သဒ္ဒါ-သင်္ဂဟတ္ထ။ အာ သဒ္ဒါ ဓာတွတ္ထာနုဝတ္တက။

http://www.dhammadownload.com



ဂ-ဝါကျ။ ယာ ဟိဋ္ဌ ဟိသဒ္ဒါ-ဝိတ္ထာရတ္ထ။

ဃ-ဝါကျ။ အပိစ-အတ္ထန္တရ ဝိကပ္ပတ္ထ။ ပစ္စယဒဿနတ္ထန္တိပိဋ္ဌ စ အပိ သဒ္ဒါ-ရှေ့သုခဂ္ဂဟဏတ္ထကို ရှုင့်ပေါင်းဆည်းသော ဝုတ္တာပေက္ခ သမ္ပိဏ္ဍနတ္ထ။ တစ်နည်း-စ-ပဒါလင်္ကာရ။ အပိ ဝုတ္တာပေက္ခ သမ္ပိဏ္ဍနတ္ထ။

င-ဝါကျ။ ဟိ သဒ္ဒါ-ဝိတ္ထာရတ္ထ။

ကြိယာ ၅ တန် ထုတ်ပုံအမှာ

ဃ-ဝါကျ။ အဒုက္ခ မသုခ စေတော ဝိမုတ္တိအရ စတုတ္ထဈာန်ကို ယူ၍ ထုတ်ပုံ-သုခဿစ ပဟာနာ အဖွင့်၌ ရှု။

ပဋ္ဌာန်းပစ္စည်းပြိုင်

င-ဝါကျ။ သုခဒုက္ခပ္ပဟာနာဒယော ပစ္စယာပုဒ်တို့အရ- ဥပစာရဈာန်နှင့် တကွ ပ-ဒု-တ-ဈာန် ပစ္စည်းတရားသည် တဿာအရ အဒုက္ခ မသုခါ စေတော ဝိမုတ္တိဟူသော စတုတ္ထဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်-မရှိ။

http://www.dhammadownload.com

# ၁၃၁–အဒုက္ခမသုခံ အဖွင့်

(က) အဒုက္ခမသုခန္တိ ဒုက္ခာဘာဝေန အဒုက္ခံ။

(ခ) သုခါဘာဝေန အသုခံ။

(ဂ) ဓေတေနေတ္တ... ပ....နဒုက္ခ သုခါဘာဝ မတ္တံ။

(ဃ) တတိယ ဝေဒနာ နာမ အဒုက္ခ မသုခါ။

(င) ဥပေက္ခာတိပိ ဝုစ္စတိ။ [၄–၂၂၂]

## ဋီပနာပဥှက ကျမ်းတက်

ဂ-ဝါကျ။ ဆရာ, ဆရာသည် က-ခ-ဝါကျတို့ဖြင့် အဒုက္ခမသုခံ၌ အသဒ္ဒါ၏ အနက်နှင့် ဝစနတ္ထတို့ကို ပြဆိုတော်မူ၏။....သော်, အဒုက္ခမသုခံ၌ ဝက်ဝုစ် အားဖြင့် သိအပ်သော အနက်အဓိပ္ပာယ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ...စသည်။ တစ်နည်း-ဆရာ, ဆရာသည် က-ခ-ဝါကျတို့ဖြင့် အဒုက္ခမသုခံပုဒ်၏ အနက်ကို ဖွင့်ပြတော်မူ၏။ ဤသို့သာ ဆိုချေသော်, အကျိုးထူး ဝိသေသ မရှိ နိရတ္ထကဟု မှတ်အပ်သည် မဟုတ်ပါလော။....ပ....အကျိုးထူး ဝိသေသ လဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

င-ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် တတိယ ဝေဒနာ မည်သည် အဒုက္ခ မသုခါပင်တည်း၊ ဝါ-အဒုက္ခ မသုခါဟူ၍ ဆိုအပ်သောဟု ပြဆိုတော်မူ၏။....သော်, အဒုက္ခ မသုခါဟူ၍သာ ဆိုအပ်၏ ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....ထိုတတိယဝေဒနာကို ဥပေက္ခာဟူ၍လည်း ဆိုအပ်သည်အဖြစ်ကို ပြဆိုသင့်သေး၏၊....စသည်။ [၈၀ အာဘော်ဆင့်, ပိ-ငှဲ၍ တက်သည်၊]

## ဒေါသပယ်

ခ- ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏၊ ဂ-ဝါကျဖြင့် အဗျာပိတ၊ တစ်နည်း- နိရတ္ထကဒေါသတို့ကို ပယ်၏။ ဃ-ဝါကျဖြင့် တတိယဝေဒနာဟူသည် အဒုက္ခ မသုခါပင်တည်းဟု ပြဆိုသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-တတိယဝေဒနံဟူသော ရှေ့စကား၌ သုံးခုမြောက် ဝေဒနာဟုဆိုသဖြင့် အလွန်ပျံ့နှံ့နေရကား တတိယဝေဒနာသည် အဒုက္ခမသုခါပင်တည်းဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် ဃ–ဝါကျဖြင့် အတိဗျာပိတဒေါသကိုပယ်၏။

င-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

က-ခ-ဝ ါကျတို့အရ အဒုက္ခ မသုခံ၌ အစိတ် အပေါင်း ဝိဂ္ဂဟကား နတ္ထိ+ဒုက္ခံ ယတ္ထာတိ အဒုက္ခံ။ နတ္ထိ+သုခံ ယတ္ထာတိ အသုခံ။ (အစိတ်)
အဒုက္ခဉ္စ+တံ+အသုခဉ္စာတိ အဒုက္ခ မသုခံ။ (အပေါင်း)

အဒုက္ခံ အစိတ် ဝိဂ္ဂဟ၌ခွဲသော်—

၂။ ဒုက္ခမရှိခြင်း၏ စတုတ္ထစျာန်နှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ဒုက္ခမရှိခြင်းဟူသော ဂုဏ်သည်....။

အပေါင်းဝိဂ္ဂဟ၌

၂။ ဒုက္ခမရှိသည်၏ သုခမရှိသည်နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး ....စပ်....။

၄။ ဒုက္ခသုခ မရှိခြင်းဂုဏ်သည်....။

[မှတ်ချက်။ အဒုက္ခ မသုခံ၌ ဝိဂ္ဂဟ နာနာဝါဒ-

### ပဌမနည်း

(အထက်ပါ ဆိုခဲ့ပြီးသော ဝိဂ္ဂဟဖြစ်သည်။

### ဒုတိယနည်း

န+ဒုက္ခာ၊ အဒုက္ခာ။ န+သုခါ အသုခါ။ အဒုက္ခာစ+သာ + အသုခါစာတိ အဒုက္ခ မသုခါ။ (အစိတ်) အဒုက္ခာ မသုခါ+အဿ အတ္ထီတိ အဒုက္ခ မသုခံ။ (အပေါင်း)

### တတိယနည်း

န+ဒုက္ခံ အဒုက္ခံ။ န+သုခံ အသုခံ။ (အစိတ်),
အဒုက္ခံ+အသုခံ ယဿာတိ အဒုက္ခ မသုခံ။ (အပေါင်း)

### စတုတ္ထနည်း

န+ဒုက္ခံ အဒုက္ခံ။ အဒုက္ခံ+အဿ အတ္ထီတိ အဒုက္ခ။ န+သုခံ အသုခံ။
အသုခံ+အဿ အတ္ထီတိ အသုခံ၊ (အစိတ်),
အဒုက္ခဉ္စ+တံ+အသုခဉ္စာတိ အဒုက္ခမသုခံ။ -(အပေါင်း)။

http://www.dhammadownload.com



အချုပ်မှာ–ပဌမနည်း၌ အဒုက္ခံ, အသုခံ တို့၌ ဗဟုဗ္ဗီဟိ တစ်ချက်စီ အစိတ်၊ နောက်ဆုံးအပေါင်း ကမ္မဓာရည်း၊ ဒုတိယနည်း၌ အဒုက္ခာ, အသုခါတို့၌ ကမ္မဓာ-ရည်း တစ်ချက်စီ အစိတ်နှင့် အဒုက္ခ မသုခါ၌ ကမ္မဓာရည်း အစိတ်၊ နောက်ဆုံး အပေါင်း-အဿတ္ထိ တဒ္ဓိတ်။ တတိယနည်း၌ အဒုက္ခံ, အသုခံတို့၌ ကမ္မဓာရည်း (တပ္ပုရိသ်)တစ်ချက်စီ အစိတ်၊ နောက်ဆုံးအပေါင်း ဗဟုဗ္ဗီဟိ။ စတုတ္ထနည်း၌–အဒုက္ခံ, အသုခံတို့၌ ကမ္မဓာရည်း (တပ္ပုရိသ်), အဿတ္ထိ-နှစ်ချက်စီ အစိတ်၊ နောက်ဆုံးအပေါင်း ကမ္မဓာရည်း, အချုပ်ဆုံးဆိုသော်-ကမ္မဓာရည်း, ဗဟုဗ္ဗီဟိ, အဿတ္ထိ—ဤသုံးမျိုး ရှေ့နောက် အမျိုးမျိုးထားကာ ဝိဂ္ဂဟပြုကြခြင်းဖြစ်သည်။]

## လိင်စသည် စိစစ်ပုံ

ဒီပေတိ–အလိင်၊ စုရာဒိဂိုဏ်း။ အ ကာရန္တ၊ အချောတ်ပုဒ်။ [ဒီပ+ဏေ+တိ]။

## အာဘော်, သံဝဏ္ဏနာ

က-ဝါကျ။ ဒုက္ခာဘာဝေနဖြင့် အဒုက္ခံ၌ အသဒ္ဒါ-အညအနက်ဟော၊ တစ်နည်း-အဘာဝ အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) မ, အာဂုံ၊ (သန္ဓိ လိင်္ဂပဒ) နတ္ထိ+ဒုက္ခံ ယတ္ထာတိ အဒုက္ခံ-ဟု သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ပြု၊ (သမာသ လိင်္ဂတ္ထ)သိစေ၏။

ခ-ဝါကျ။ သုခါဘာဝေနဖြင့် အသုခံ၌ အသဒ္ဒါ-အညအနက်ဟော၊ တစ်နည်း-အဘာဝအနက်ဟော၊ (နိပါတလိင်္ဂတ္ထ) နတ္ထိ+သုခံ ယတ္ထာတိ အသုခံ-ဟု သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

က-ခ—နှစ်ဝါကျလုံး အပေါင်းဖြင့်- အဒုက္ခဉ္စ+တံ+အသုခဉ္စာတိ အဒုက္ခ-မသုခံ-ဟု ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟပြုပါ- ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ) တစ်နည်း–က-ခ-ဝါကျဘို့ဖြင့် အဒုက္ခမသုခံ၌ အသဒ္ဒါ အည, အဘာဝ အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) မှ, အာဂုံ၊ (သန္ဓိ လိင်္ဂပဒ) န + ဒုက္ခာ အဒုက္ခာ။ န+သုခါ-အသုခါဟု မိဿကာဘပ္ပုရိသ် သမာသ်ပြု (သမာသလိင်္ဂတ္ထ) အဒုက္ခာစ+သာ+အသုခါစာတိ အဒုက္ခ မသုခါ-ဟု ကမ္မဓာရည်းသမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) အဒုက္ခ မသုခါ+အဿ အတ္ထီတိ အဒုက္ခမသုခံ-ဟု အဿတ္ထိ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ) သိစေ၏။

ဂ-ဝါကျဖြင့် အဒုက္ခ မသုခံပုဒ်၏ အနက်ကို ဝက်ဝုစ်အားဖြင့် သိစေ၏။ (ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

ဒုက္ခာဘာဝေန, သုခါဘာဝေနတို့၏ အသဒ္ဒါများ ပဋိသေဓတ္ထ၊ ဝိရဟတ္ထ။ အဒုက္ခ အသုခံတို့၏ အသဒ္ဒါများ-အညတ္ထ၊ အဘာဝတ္ထ၊ ဝိရဟတ္ထ၊ ဥပေက္ခာ တိပိ၌ ဣတိသဒ္ဒါ အာကာရ-တ္ထ၊ ပဒတ္ထ၊ ဝိပလ္လာသတ္ထ၊ ပိသဒ္ဒါ-သမုစ္စယတ္ထသမ္ဘာဝနတ္ထ။

http://www.dhammadownload.com



## ကြိယာ ၅-တန်ထုတ်ပုံအမှာ

အဒုက္ခ မသုခံအရ-စတုတ္ထစျာန် ယူ၍ ထုတ်မြဲ။ ဝုစ္စတိဥ ၈စခေါတ်အရ-သတိ, ဝီရိယ, ဉာဏ်ပြခန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍၊ တစ်နည်း-ဒေသနာ ဉာဏ်ကို ယူ၍ ထုတ်မြဲ။

## သိဒ္ဓိရနိုင်ပုံ

အဝိဘူတ ပစ္စုပဋ္ဌာနာ။ [ဋ္ဌ-၂၂၂] ဤ၌ အဒုက္ခ မသုခါ ဝေဒနာဟူသော ဥပေက္ခာ၏ ထင်ပုံအခြင်းအရာကို သုခ ဒုက္ခတို့ဖြင့်၊ ဝါ-သုခဒုက္ခတို့၏ ထင်ပုံ အခြင်းအရာဖြင့် မှန်းဆ၍ သိအပ်သောကြောင့် အနုမာန သိဒ္ဓိ မည်၏။ [ဋ္ဌီ-၁၀၄]

## လက္ခဏာဒိစတုက္က

တတိယ ဝေဒနာ-ဟု ဆိုအပ်သော အဒုက္ခမသုခါ ဟူသော ဥပေက္ခာဝေဒနာ၏ လက္ခဏာဒိ စတုက္ကကား-

အဒုက္ခ မသုခါ ဝေဒနာ-

ဣဋ္ဌာနိဋ္ဌ ဝိပရီတာနု ဘဝန လက္ခဏာ၊ မဇ္ဈတ္တ ရသာ၊
အဝိဘူတ ပစ္စုပဋ္ဌာနာ၊ သုခနိရောဓ ပဒဋ္ဌာနာ [ဋ္ဌ-၂၂၂။]

## ပဋ္ဌာန်းပစ္စည်းမြိုင်

၈-ဝါကျ။ ဘဂဝါ-ဟူသော ပါဠိသေသ ကတ္တားအရ ဒေသနာဉာဏ်သည် ဒီပေတိ၌ ဒီပခေါတ်အရ-မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား၊ တစ်နည်း-ဒီပေတိ၌ ဒီပခေါတ်အရ ဒေသနာဉာဏ်သည် ဘဂဝါ-ဟူသော ကတ္တားအရ မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား ဟေ-ဓိ-သဟ-ည-နိ-ဝိ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၀) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တတိယဝေဒနံဟူသော ကံပုဒ်အရ တတိယဝေဒနာဟူသော အဒုက္ခ မသုခါ ဝေဒနာသည် ဒီပေတိ၌ ဒီပခေါတ်အရ ဒေသနာဉာဏ် ပြခန်းသော မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ....ပြု၏။ ပြိုင်-အာ-ဓိ-ဥပ (၃)။

http://www.dhammadownload.com

# ၁၃၂-ဥပေက္ခာသတိပါရိသုဒ္ဓိ အဖွင့်

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိံ။

(ခ) ဣမသ္မိံ ဈာနေ သုပရိသုဒ္ဓါ သတိ။

(ဂ) ယာစ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ န အညေန။

(ဃ) တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိ" တိ ဝုစ္စတိ။

(င) ဝိဘင်္ဂေပိ ဝုတ္တံ အယံ သတိ....ပ....ဥပေက္ခာသတိပါရိသုဒ္ဓိတိ။

(စ) ယာယ စ ဥပေက္ခာယ....ပ....ဝေဒိတဗ္ဗာ။

(ဆ) န ကေဝလဉ္စေတ္ထ....ပ....သမ္ပယုတ္တဓမ္မာ၊

(ဇ) သတိ သီသေန ပန ဒေသနာ ဝုတ္တာ။ [ဋ္ဌ-၂၂၂]

အနက်ထူး။ က-ဝါကျ။ နှင့်အညီ သံဝဏ္ဏေတဗ္ဗအနက်-၌ဥပေက္ခာသတိပါရိသုဒ္ဓိံ-ဟတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော။

## ဋ္ဌပနာပဉ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်ဘုရားသည် ဥပေက္ခာသတိပါရိသုဒ္ဓိံ ဟု ဟောတော်မူ၏၊....သော်, ဥပေက္ခာနှင့် သတိကို ဒွန်သမာသ် ဝစနတ္ထစသည် ပြုရသည်, ဥပေက္ခာသတိ ပါရိသုဒ္ဓိ ပုဒ်လုံးကို တပ္ပုရိသ်သမာသ်ဝစနတ္ထ စသည် ပြုရသည်-ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....ပ....ဥပေက္ခာသတိပါရိသုဒ္ဓိံ၌ ဖြစ်သင့်သော သမာသ်ဝစနတ္ထ အသီးအသီးကိုလည်း ပြဆိုသင့်သေး၏၊ ....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည်၊ က-ဝါကျဖြင့် (ဤစတုတ္ထဈာန်သည်) တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော-ဟု ဆိုတော်မူ၏။ ဤသို့ပင် ဆိုသော်လည်း, တစ်ပါးသော ဈာန်၌လည်း သတိရှိသည် မဟုတ်ပါလော၊....ပ....ဤစတုတ္ထဈာန်ကို သတိပါရိသုဒ္ဓိ ဆိုနိုင်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဤစတုတ္ထဈာန်ကို သတိပါရိသုဒ္ဓိဟု ဆိုပါသနည်း။ (ကာရဏဝါကျ ကျမ်းတက်)

တစ်နည်း-ဒဋ္ဌိကျမ်းတက်သော် (ဋ္ဌပနာတူ။) ဤသို့ဆိုချေသော်, ထိုစကားကို ပြီးစေမြဲစေတတ်သော အသင့်ယုတ္တိ သဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဤစတုတ္ထစျာန်၌ သတိသည် အလွန်ထက်ဝန်းကျင် စင်ကြယ်သောဟု ဆိုတော်မူ၏၊....သော်, သတိ၏ စင်ကြယ်ခြင်းကား မိမိအလိုလိုပင် စင်ကြယ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊....ပ.... သတိ၏ စင်ကြယ်ခြင်းကို ပြုတတ်သောတရားကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍ သတိ၏ စင်ကြယ်ခြင်းကို တစ်ပါးသောတရားသည် ပြုအပ်၏ဟု ဆိုသော် ဆရာအား သဘာဝ–သဘာဝဝန္တ ဆန့်ကျင်သော ဝိရောဓိ ဒေါသသင့်ရာ၏။ တစ်နည်း-သတိ၏ စင်ကြယ်ခြင်းကို ပြုတတ်သောတရားကို မပြခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ သတိ၏ စင်ကြယ်ခြင်းကို အဘယ်တရားသည် ပြုအပ်ပါသနည်း။ (သာမည စောဒနာဟက်)

တစ်နည်း–သတိ၏ စင်ကြယ်ခြင်းကို တတြမဇ္ဈတ္တုပေက္ခာမှတစ်ပါးသော ဖဿ စသော တရားတို့သည် ပြုအပ်သည်ဟု မှတ်အပ်သည် မဟုတ်ပါလောဟု အဘော် ထား၍ အညစောဒနာတက်ပါ၊ အကြွင်း ရှေးနည်းတူ။

(ဃ) ဝါကျ။ အကိုးသာဓက, အာဂမ ဒဠှီကရဏကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော....၊စသည်။

(ဆ) ဝါကျ။ ဆရာ, ဆရာသည် စ-ဝါကျဖြင့် ဥပေက္ခာ၏တရားကိုယ်ကား– တတြမဇ္ဈတ္တတာ စေတသိက်တည်းဟု ဆိုတော်မ၏၊ ဤသို့ပင် ဆိုသော်လည်း ဤစတုတ္ထစျာန်၌ အလုံးစုံသော သမ္ပယုတ်တရားတို့သည်လည်း စင်ကြယ်ကုန်သည် မဟုတ်ပါလော၊....ပ....အလုံးစုံသော သမ္ပယုတ်တရားတို့၏ စင်ကြယ်သည်၏ အဖြစ် ကိုလည်း ပြဆိုသင့်သေး၏။ (အကယ်၍ တတြ မဇ္ဈတ္တတာကို ဤစတုတ္ထစျာန်၌ ဥပေက္ခာ–ဟူ၍ အလိုရှိအပ်သည်ဖြစ်အံ့) အဘယ်သို့လျှင် သတိကိုသာ စင်ကြယ် သည်ဟု ဟောပါသနည်း၊ ဝါ အလုံးစုံသော သမ္ပယုတ်တရားတို့၏ စင်ကြယ် သည်ကို ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့မေးဖွယ် (စောဒနာဖွယ်)ရှိ၍ န ကေဝ- လဉ္စေတ္ထ-စသည်ကိုမိန့်။

[ယဒိ တတြ မဇ္ဈတ္တတာ ဧတ္ထ ဥပေက္ခာတိ အဓိပ္ပေတာ၊ ကထံ သတိ ယေဝ ပရိသုဒ္ဓါတိ ဝုတ္တာတိ အာဟ န ကေဝလန္တိ အာဒိ။ ယောဇနာ—၁၂၇—ကို ထောက်၍ စင်စစ် ဤကျမ်းတက်သည် ဆ-ဇ-၂—ဝါကျအတွက် ဖြစ်သည်။]

## ဒေါသပယ်

(ခ) ဝါကျဖြင့် ဝိရောဓိ အဗျာပိတဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိက၊ ဃ-ဝါကျဖြင့် နိမ္မတ္တကဒေါသ၊ င–ဝါကျဖြင့် ဝိရောဓိဒေါသ၊ စ-ဆ–ဝါကျတို့ဖြင့် အဗျာပိဘဒေါသ၊ ဇ–ဝါကျဖြင့် ဝိရောဓိ အဗျာပိဘဒေါသတို့ကို ပယ်။

http://www.dhammadownload.com



တသ္မာ ထားရပုံ။ ရသင့်ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် ဃ-ဝါကျ၌ တသ္မာထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

က–ဝါကျ။ သံဝဏ္ဏေတဗ္ဗ ဝိဂ္ဂဟ-ဥပေက္ခာယ+ဇနိတာ ဥပေက္ခာဇနိတာ၊ သတိယာ+ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။ ဥပေက္ခာဇနိတာ+သတိပါရိသုဒ္ဓိ ဧတဿာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ၊ တစ်နည်း–ဥပေက္ခာဇနိတာ + သတိပါရိသုဒ္ဓိ ယတ္ထာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ။ (တံ)

၂။ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းဂုဏ်၏ စတုတ္ထဈာန်နှင့် ဂုဏ်+ဂုဏေး....စပ်။

၄။ စတုတ္ထဈာန်၏ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်မှုရှိခြင်း ဟူသောဂုဏ်သည်၊ ဝါ-စင်ကြယ်ခြင်း ဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

ဥပေက္ခာသတိပါရိသုဒ္ဓိ-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

က-ဝါကျဖြင့် ဥပေက္ခာနှင့် ဇနိတပုဒ်ကို ဥပေက္ခာယ+ဇနိတာ ဥပေက္ခာဇနိတာဟု တတိယာ တပ္ပုရိသ်သမာသ်၊ သတိပါရိသုဒ္ဓိကို သတိယာ+ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ ပုဒ်လုံးကို ဥပေက္ခာ ဇနိတာ+သတိ–ပါရိသုဒ္ဓိ ဧတဿာတိ (ယတ္ထာတိ) ဥပေက္ခာသတိပါရိသုဒ္ဓိဟု ရှေ့ပုဒ်၌ ဇနိတ နောက်ပုဒ်ကျေသော စတုတ္ထီ (သတ္တမီ) ဗဟုဗ္ဗီဟိသမာသ် ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊ နေယျတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

ဣမသ္မိံ ဟိ-သဒ္ဒါ-ကာရဏတ္ထ၊ ဒဠှီကရဏတ္ထ။ သုပရိသုဒ္ဓါ၌–သု-သဒ္ဒါ ဘုသတ္ထ၊ အတိသယတ္ထ။ ယာစ၌ စသဒ္ဒါ ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ၊ ဝိဘင်္ဂေပိ၌-ပိသဒ္ဒါ သမုစ္စယတ္ထ၊သမ္ဘာဝနတ္ထ။ ယာယစ၌ စသဒ္ဒါ ဝါကျာရမ္ဘတ္ထ။ နကေဝလဉ္စေတ္ထ၌ စသဒ္ဒါ ဝါကျာရမ္ဘတ္ထ။ သတိယေဝ၌ ဧဝ-အဝဓာရဏတ္ထ။

၁။ စင်ကြယ်သောသတိသည် ဂ....။
၂။ သတိမှကြွင်းသော သမ္ပယုတ်တရားတို့သည် နို ...။
၃။ သမ္ပယုတ်တရားတို့၏ စင်ကြယ်ခြင်းသည် နို....။

http://www.dhammadownload.com



ဇးပိစ ခေါ-ကော်သတ္တာ၊ တစ်နည်း၊ အပိစ ကော်သတ္တာ၊ ခေါ-ပဒါယကော်ရတ္တာ၊ သဗ္ဗေပိ-၌ ပိ-အဝယဝသမုစ္စယတ္ထာ၊ သမ္ပိဏ္ဍနတ္ထာ၊ သတိသီသေန ပနဥ္စ ပနသဒ္ဒါ (ရှေ့-နိ-၃၂ နှင့်အညီ) ပနစပ်ရာ ဒေသနာ ဝုတ္တာတို့၏ အနက်သည် မြတ်သော ကြောင့် စပ်ရာပုဒ် အနက်ကိုစွဲ၍ သမ္ဘာဝနတ္ထာ။

ကောဋ္ဌာသဝါရေပိ....ပ....ဝသေနေဝ ဝေဒိတဗ္ဗံ။ [-၂၂၃]

၁။ ဥပေက္ခာ, စိတ္တေကဂ္ဂတာ ဈာန်နှင့်နှစ်ပါးသည် ဂ....။
၂။ ကျန်ဝိတက်စသော ဈာနင်များသည် နီ....။
၃။ ဝိပ္ပယုတ္တသတ္တိသည် နု....။

## ကြိယာ ၅—တန်ထုတ်ပုံ အမှာ

ဥပေက္ခာသတိ ပါရိသုဒ္ဓိ နှင့် ဣမသ္မိံ ဈာနေတို့အရ စတုတ္ထဈာန်ကို ယူ၍ ထုတ်မြဲ။ ဝုတ္တံ, ဝုတ္တာတို့၌ ဝစခါတ်အရ ဒေသနာဉာဏ်ယူ၍ တုတ်မြဲ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

ကဥဝါကျ။ ဥပေက္ခာယ အရ တတြမဇ္ဈတ္တု ပေက္ခာသည် သတိပါရိသုဒ္ဓိ၌ သတိအရ သတိစေတသိက်အား, တစ်နည်း-သတိပါရိသုဒ္ဓိအရ—သတိ၏ ထက်ဝန်း ကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ- သံ-တ္ထိ-အဝိ (၆)။

ခ-ဝါကျ။ သုပရိသုဒ္ဓါ သတိအရ သတိစေတသိက်သည် ဣမသ္မိံ ဈာနေအရ စတုတ္ထဈာန်အား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-ဣ-မဂ္ဂ-သံ-တ္ထိ-အဝိ (၈)။

☆ ☆

http://www.dhammadownload.com

# ၁၃၃-ပဋ္ဌကနည်း အစအဖွင့်

(က) ဣဒါနိ ကတမေ ဓမ္မာ ကုသလာတိ ပဋ္ဌာနယော အာရဒ္ဓေါ။

(ခ) ကသ္မာ တိ စေ၊ ပုဂ္ဂလဇ္ဈာသယ ဝသေန စေဝ ဒေသနာဝိလာသေန စ။

(ဂ) သုန္ဒိ သိန္ဒဒေဝ ပရိသာယ ကိရ....ပ....ဥပဋ္ဌာသိ။ [ဋ္ဌ-၂၂၃]

အနက်ထူး။ ခ-ဝါကျ။ ကသ္မာ-ကြောင့်၊ ပဋ္ဌာနယော-ကို၊ ဘ::ဝတာ-သည်၊ အာရဒ္ဓေါ-နည်း။ ဣတိစေ ပုစ္ဆေယျ-ဤသို့ မေးငြားအံ့။

## ဠပနာပဋ္ဌက ကျမ်းတက်

ဂ-ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ပုဂ္ဂိုလ်၏ အလိုရ်၏ အစွမ်းဖြင့်လည်းကောင်း, ဒေသနာတော်ကို တင့်တယ်စမွယ်စေတတ်သော သဗ္ဗညုတဉာဏ်တော်အားဖြင့် လည်းကောင်း ဤသို့နှစ်ပါးသော အကြောင်းတို့ကြောင့် ပဋ္ဌကနည်းကို ဘုရားရှင် အားထုတ်အပ်သော-ဟု အကျဉ်းသခ်ေပကို ဆိုတော်မူ၏၊ ....သော်, ထိုအကျဉ်းသခ်ေပ၏ အကျယ်ဝိတ္ထာရသည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော....စသည်။

## ဒေါသ ပယ်

(က) ဝါကျဖြင့် အနုသန္ဓေ ဝါကျဖြစ်ခြင်းကြောင့် ပုနရုတ္တိ, အဗျာပိတ တစ်နည်း-နိရတ္ထက ဒေါသတို့ကို ပယ်၏။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(ဂ) ဝါကျဖြင့် ဝိရောဓိ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

စေဝ စ-တို့ ထားရပုံ။ ခ-ဝါကျ။ ပုဂ္ဂလဇ္ဈာသယဝသ, ဒေသနာ ဝိလာသ အကြောင်းတို့ အချင်းချင်း ဆည်းသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် စေဝ, စ-တို့ကို ထား၏။

စသဒ္ဒါဖြင့်လဲပုံ။ ပုဂ္ဂလဇ္ဈာသယဝသ အကြောင်းမှတစ်ပါး၊ ဒေသနာ ဝိလာသ အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ခ-ဝါကျ၌ စ-သဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

[ဒေသနာဝိလာသ ဝိဂ္ဂဟကို ပဏမတွဲ-ဟေတုဂေါစ္ဆက အဖွင့် (ခ)၌ ပြခဲ့ပြီ။]

ယဿာ ပန ဓမ္မဓာတုယာ၊ [ဋ္ဌ-၂၂၄] ဓမ္မ+ဓာရေတိ ဇာနာတိတိ ဓမ္မဓာတု၊ (တဿာ)[ယောဇနာ-၁၂၈]

http://www.dhammadownload.com



၂။ ဓမ္မသဒ္ဒူပပဒ + ဓာဓာတ် + တုပစ္စည်း၊ ခပ်သိမ်းသောတရားတို့ကို သိခြင်း မှတ်ခြင်းကြိယာသည်၊ တစ်နည်း-ခပ်သိမ်းသောတရားတို့၏ သိတတ် မှတ်တတ်သော သဗ္ဗညုတဉာဏ်တော်နှင့် အာရုံ + အာရမဏိက....စပ်။

၄။ ခပ်သိမ်းသော တရားတို့ကိုသိခြင်း, မှတ်ခြင်း ကြိယာသည်....။

## လိင်စသည် စိစစ်ပုံ

ကသ္မာ တိ စေ ဒ္ဓ ကသ္မာ + ဣတိ + စေတို့ကို အသီးသီး အလိင်, နိပါတ်ပုဒ်ခွဲပါ၊ ကေစွာန်-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းခွဲ။

## အာဘော်,သံဝဏ္ဏနာ

(က) ဝါကျဖြင့် အနုသန္ဓေအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျဖြင့် ပဥ္စကနည်းကို အားထုတ်ခြင်းနှင့်စပ်၍ အမေးပုစ္ဆာ, အဖြေ ဝိသဇ္ဇနာအဖြစ်ကို သိစေ၏။(ဘာဝတ္ထ)

(ဂ) ဝါကျဖြင့်အဖြေဝိဿဇ္ဇနာကိုအကျယ်ဝိတ္ထာရအားဖြင့်သိစေ၏။(ဘာဝတ္ထ)

## နိပါတ်ပုဒ် အနက်များ

ကတမေ ဓမ္မာ ကုသလာတိဒ္ဓ ဣတိကား-အာဒျတ္ထ။ ကသ္မာ တိ စေ-ဒ္ဓ ကသ္မာ-ကာရဏ ပုစ္ဆနတ္ထ။ ဣတိ-နိဒဿနတ္ထ။ စေ-သကာ်ဝဋ္ဌာနတ္ထ၊ ပရိကပ္ပတ္ထ။ ကိရ ဝိတ္ထာရတ္ထ။ ဝေ-အဝဓာရဏတ္ထ။

၁။ ဝိတက်သည် ဂ....။

၂။ ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့သည် နိ....။

၃။ ဝိတက်၏ သမ္ပယုတ်တရားတို့အား ကျေးဇူးပြုတတ်သည်၏အဖြစ်သည် နု....။

ဈာနသောဝ နာမာနိ။ [ဌ-၂၂၇]

၁။ ဈာန်သည် ဂ....။

၂။ ပဋိပဒါစသည်သည် နိ....။

၃။ အာရမ္မဏသတ္တိသည် နု....။

## ကြိယာ ၅-တန်ထုတ်ပုံ

အာရဒ္ဓေါ်ဒ္ဓဓာတ်အရ-ဗီရိယရှေ့သွားရှိသော ဒေသနာဉာဏ်ကိုယူ၍လည်းကောင်း ပစ္စည်းအရ-ကတမေ ဓမ္မာ ကုသလာ-စသော ဝစီဘေဒသဒ္ဒကို ယူ၍ လည်းကောင်း ထုတ်မြဲ။

## ပဌာန်းပစ္စည်းပြိုင်

အာရဒ္ဓဒ္ဓ ဓာတ်အရ ဒေသနာဉာဏ်သည် ကံပုဒ်အရနှင့် တ ပစ္စည်းတို့အရ ကတမေ ဓမ္မာ ကုသလာ-စသော ဝစီဘေဒသဒ္ဒရုပ်အား ဟေ-ဓိ-သဟ-နိ-ဣ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၁၃၄-အဇ္ဈတ္တံ အရူပသညီ အဖွင့်

(က) တတ္ထ အဇ္ဈတ္တံ အရူပသညီတိ အလာဘိတာယ ဝါ....ပ....ဝိရဟိတော။

(ခ) ဗဟိဒ္ဓါ ရူပါနိ ပဿတီတိ....ပ....ရူပါနိ ပဿတိ။

(ဂ) ပရိတ္တာနီတိ အဝဍ္ဍိတာနိ။

(ဃ) တာနိ အဘိဘုယျာတိ ယထာ နာမ....ပ....ကော ကဗဠမေဝ ကရောတိ။

(င) ဝေမေဝ....ပ....သမာပဇ္ဇတိ၊ သဟ နိမိတ္တုပ္ပါဒေနေဝေတ္ထ အပ္ပနံ နိဗ္ဗတ္တေ-တီတိ အတ္ထော။

(စ) ဇာနာမိ ပဿာမီတိ ဣမိနာ ပနဿ ပုဗ္ဗာဘောဂေါ (ပုဗ္ဗာဘာဂေါ) ကထိတော။

(ဆ) အာဂမဋ္ဌကထာသု ပန....ပ....န အန္တော သမာပတ္တိယန္တိ။ [ဋ္ဌ-၂၃၃]

အနက်ထုး။ ဃ–ဝါကျ။ သမ္ပန္န ဂဟဏိကော-ကောင်းသော ဝမ်းရှိသော၊ (အဓိပ္ပာယတ္ထ) ပြည့်စုံသော ဝမ်းရှိသော၊ (သဒ္ဒတ္ထ) ဝါ-သမ္ပန္န ဂဟဏိကော—ကောင်းသော ကမ္မဇတေဇောရှိထသော၊(အဓိပ္ပာယတ္ထ)ပြည့်စုံသော ကမ္မဇတေဇော-ရှိထသော၊ (သဒ္ဒတ္ထ) [ဂဏ္ဌိ-၃ဂ၂] (ဤ ဂဏ္ဌိအလို ပုဂ္ဂလောထည့်စပ်) သမ္ပန္န ဂဟဏီကော-ကောင်းသောအစာကိုကျေစေတတ်သောတေဇောရှိသူသည်။[နိဿယ]

## ဋ္ဌပနာပဋ္ဌက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် အဇ္ဈတ္တံ အရူပသညီ-ဟု ဟောတော်မူ၏၊....သော်, အဇ္ဈတ္တအရ ဂေါစရဇ္ဈတ္တစသည်ကို၊ ဝါ-အဇ္ဈတ္တလေးမျိုးကိုယူရမည်ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....ပ....အဇ္ဈတ္တအရ ဖြစ်သင့်သော အဘိဓေယျတ္တကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

( ခ ) ဝါကျ။ [အဇ္ဈတ္တံ အရူပသညီ-ပုဒ်တို့၏ အဖွင့်မှတစ်ပါး၊ ဗဟိဒ္ဓါ ရူပါနိ-ပဿတိ ပုဒ်တို့၏ အဖွင့်ဖြစ်သည်ကို ရှုတက်။]

## ဒေါသပယ်

(က) ဝါကျဖြင့် အဇ္ဈတ္တအရအလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာတ ဒေါသကို ပယ်၏။ ခ-ဂ–ဃ-ဝါကျတို့ဖြင့် အဗျာပိဘာဒေါသကိုပယ်၏။

http://www.dhammadownload.com



ဝါသဒ္ဒါထားရပုံ။ က ဝါကျ၌ သမုစ္စယတ္ထ ဇောတက တစ်နည်း-ဝိကပ္ပနတ္ထ ဇောတက အဖြစ်ကို ပြလိုသောကြောင့် ဝါ ၂-ပုဒ်ထားၿပီ။ မရသည်၏အဖြစ် ဟူသော အကြောင်းမှတစ်ပါး၊ အလိုရှိသည်၏အဖြစ် ဟူသော အကြောင်းတစ်ပါး ကို လဲလှယ်သောကြောင့် နောက်ဝါသဒ္ဒါထားၿပီ။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

အဘိဘာယတနသဒ်ါတံ [ဌ-၂၃၂]

အဘိဘဝတီတိ အဘိဘု။ (ပရိကမ္မဘာဝနာ, တစ်နည်း-ဉာဏ်ကိုရစေ) အဘိဘု+ အာယတနံ ဧတဿာတိ အဘိဘာယတနံ (ဈာန်ကိုရစေ) [ဋ္ဌ—၁၀ ]။

၂။ လွှမ်းမိုးတတ်သော ပရိကမ္မဘာဝနာ, ဉာဏ်တည်ရာ အကြောင်း၏ဈာန်နှင့် အကြောင်း+အကျိုး....စပ်။

၄။ လွှမ်းမိုးတတ်သော ပရိကမ္မဘာဝနာ, ဉာဏ်ဟူသော တည်ရာအကြောင်း ရှိခြင်းဟူသော ဂုဏ်သည်....။

(ဃ) ဝါကျ။ သမ္ပန္နဂဟဏိကောဝ်္ဍ—ဂဏှာတီတိ ဂဟဏိ (ဂဟဏိ)။ သမ္ပန္နာ+ ဂဟဏိ (ဂဟဏိ) ယဿာတိ သမ္ပန္န ဂဟဏိကော။

၂။ ကောင်းသောအစာကို ကျေစေတတ်သော ကမ္မဇ တေဇော ဝမ်းမီး၏ ရင်းရှိသော ပုဂ္ဂိုလ်နှင့် ဌာန+ဌာနီ, နိဿယ+နိဿိတ....စပ်....။

၄။ ကောင်းသောအစာကို ကျေစေတတ်သော ကမ္မဇ တေဇော ဝမ်းမီးရှိခြင်း ဟူသော ဂုဏ်သည်။ ဝါ-ဝမ်းမီးဟူသော ဂုဏ်သည်။

## လိင်စသည်စိစစ်ပုံ

အဇ္ဈတ္တံ—နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။ အကာရန္တ၊ အဗျယီဘာဝသမာသ်ပုဒ်။ အရူပ-သညီ—ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ အလာဘိတာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်းခွဲ။

## အာဘော် သံဝဏ္ဏနာ

(က) ဝါကျ။ အလာဘိတာယ ဝါ-အနတ္ထိကတာယ ဝါဖြင့် အဇ္ဈတ္တရုပ်၌ ပရိကမ္မ သညာ ကင်း၏ ဟူသည် အဇ္ဈတ္တဖြစ်သော နီလ-ပီတ စသော ဝဏ္ဏ ကသိုဏ်း၌ ဈာန်ကို မရသောကြောင့် လည်းကောင်း, အဇ္ဈတ္တဖြစ်သော ဝဏ္ဏ ကသိုဏ်း၌ စီးဖြန်းခြင်းငှာ အလိုမရှိသောကြောင့် လည်းကောင်း, ပရိကမ္မသညာ ကင်းသည်ဟု သိစေ၏။ (ဘာဝတ္ထ) အဇ္ဈတ္တ ရူပ-ဖြင့် အဇ္ဈတ္တံအရ ဂေါစရဇ္ဈတ္တ စသည် မယူရ၊ နီလ-ပီတ-လောဟိတ-ဩဒါတ-ဟူသော ကသိုဏ်းရုပ်ကို ယူရမည် အဖြစ်၊ (အဘိဓေယျတ္ထ) အဇ္ဈတ္တံ၌ အံသည် သိ စသော ဝိဘတ်တို့၏ ကာရိယ မဟုတ်၊ သတ္တမီ သို့ ဝိဘတ်၏ ကာရိယ အံအဖြစ်၊ (ဝိဘတ္တိပဒ) သိစေ၏။

http://www.dhammadownload.com



ပရိကမ္မ သညာ ဝိရဟိတောဖြင့် အရူပသညီ၌ ရူပသညာအရ ပရိကမ္မ သညာကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ)အ အက္ခရာ ဝိရဟအနက်ဟော၏အဖြစ် (နိပါတ-လိင်္ဂတ္ထ) ရူပေ+သညာ ရူပသညာ။ ရူပသညာ+အဿအတ္ထီတိ ရူပသညီဟုပြု၍, န+ရူပ သညီ အရူပသညီဟု မိဿက တပ္ပုရိသ်သမာသ်ပြုရမည်အဖြစ်၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ၊ ဗဟိဒ္ဓါ....ပ....အပ္ပနာ ဝသေနစဖြင့် ရှစ်ပါးသော ကသိုဏ်းရုပ် တို့ကို ဈာန်စက္ခုဖြင့်ရှု-တူသည် အပဖြစ်သော ကသိုဏ်းတို့၌ ပြုအပ်ပြီးသော ပရိကံ ရှိသောကြောင့် ပရိကံအစွမ်း, အပ္ပနာအစွမ်းသတ္တိဖြင့် ရှု၏ဟု သိစေ၏။ (ဘာဝတ္ထ) တာနိ....ပ....ရူပါနိဖြင့် ဗဟိဒ္ဓါရူပါနိအရ ဗဟိဒ္ဓဖြစ်သော ကသိုဏ်းရုပ် ရှစ်ပါးတို့ကို ယူပါဟု သိစေ၏း (အဘိဓေယျတ္ထ)

(ဂ) ဝါကျ။ အဝဓိုတာနိဖြင့် ပရိတ္တာနိအရ မပွားစေအပ်ကုန်သေးသော ကသိုဏ်းရုပ်ရှစ်ပါးတို့ကို ယူပါဟု သိစေ၏၊ (အဘိဓေယျတ္ထ)၊ တစ်နည်း-ပရိတ္တာနိ ဟူသည် မပွားစေအပ်ကုန်သေးသော ကသိုဏ်းရုပ်တို့ပင်တည်း ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ယထာနာမ....ပ....ကရောတိဖြင့် နှိုင်းယှဉ်ကြောင်း ဉပမာန အဖြစ်ကို သိစေ၏။

(င) ဝါကျ။ စေမေဝ....ပ....ဘာရောတိဖြင့် နှိမ်နင်းပုံ (နှိမ်နင်း လွှမ်းမိုးပုံ) အခြင်းအရာ အာကာရ ဉပမေယျအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) တာနိ ရူပါနိဖြင့် တာနိ၌ တ သည် ကသိုဏ်းရုပ်တို့ကို စွဲ၏ဟု သိစေ၏။ (သဗ္ဗနာမလိင်္ဂတ္ထ) အဘိ-ဘဝိတွာဖြင့် အဘိဘုယျ၌ အဘိပုဗ္ဗ+ဘူဓာတ် အဘိဘဝန အနက်ဟော (ဒု-ဓာတွတ္ထ) ယ-၏ တွာပစ္စည်း ကာရိယအဖြစ် (ဒု-ပစ္စယပဒ) ယ-အက္ခရာတစ်လုံး ဒွေးဘော်လာသည်၏အဖြစ် (သန္ဓိလိင်္ဂပဒ) သိစေ၏။ သမာပဇ္ဇတိဖြင့် ထိုအဘိဘုယျ ပုဒ်ကို သမာပဇ္ဇတိ၌ စပ်ရမည် အဖြစ်ကို သိစေ၏။ (သမ္ဗန္ဓ၊ နေယျတ္ထ၊ ဘာဝတ္ထ)

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ဝါ ၂-ပုဒ်-သမုစ္စယတ္ထ, တစ်နည်း-ဝိကပ္ပနတ္ထ။

(ဃ) ဝါကျ။ စေ ကဗဠမေဝ၌

၁။ ထမင်းတစ်လုတ်သည် 　　ဂ....။

၂။ ထမင်းနှစ်လုတ်, သုံးလုတ်စသည်သည် 　　နိ....။

၃။ အနည်းငယ်သော သစ်သီးစသော ခဲဖွယ်သည် 　　နိ....။

ရှတနဝုဂုဏ်ရည် (၁၀၉)

http://www.dhammadownload.com



သဟာ နိမိတ္တုပ္ပါဒေနေဝေတ္ထ္ဘ-

၁။ ပဋိဘာဂနိမိတ်ထင်သည်မှ ပဌမဝီထိကို မလွန်မူ၍ အတူတကွ၊ ဝါ-အတူတကွကဲ့သို့ အပ္ပနာစျာန်ကို ဖြစ်စေမှုသည် ဂ....။

၂။ ပဋိဘာဂနိမိတ်ထင်သည်မှပဌမဝီထိကိုလွန်၍ အချိန်ကာလကြာမှ အပ္ပနာ-စျာန်ကို ဖြစ်စေမှုသည်၊ ဝါ-ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာစျာန်နှင့် အပ္ပနာစျာန်တို့ အတူတကွဖြစ်စေမှုသည် နိ....။

၃။ အပ္ပနာစျာန်နှင့်ယှဉ်သော သမ္ပယုတ်တရားတို့ကို ပဋိဘာဂနိမိတ် ဖြစ်သည်နှင့် အတူတကွ၊ ဝါ-အတူတကွကဲ့သို့ ဖြစ်စေမှုသည် နု....။

(စ) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ (ဆ) ဝါကျ။ အာဂမဋ္ဌကထာသု ပန-၌ ပန-ဝိသေသတ္ထ။ ဣမိနာ ပန၌ ပန-ပက္ခန္တရတ္ထ။ သောစခေါ်၌ စ-သဒ္ဒါ-ဝါကျာရမ္ဘတ္ထ၊ ဥပန္យာသတ္ထ။ ခေါ-ပဒါလင်္ကာရတ္ထ။

## ကြိယာ၁၅-တန် ထုတ်ပုံ

(ယ) ဝါကျ။ သမ္ပန္နဂဟဏီကာ ကောကဗဋ္ဌမေဝ ကရောတိတို့၌ရ-

၁။ အစားအစာများကို အလွန်အကဲ တပ်နှစ်သက်တတ်သော တဏှာလောဘ ပြခန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်....။

၂။ အယောနိသော မနသိကာရသည်....။

၃။ နောက်ထပ် အစားအစာကို မျှော်လင့်တောင့်တခြင်း, အကုသိုလ် တရားများ အထပ်ထပ်ပွားများခြင်းတို့သည်....။

၄။ အသင့်အတင့် နှလုံးသွင်းဖို့ရန် သူတော်ကောင်းစကားကို နားမထောင်ခြင်း အသဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ အကဲ့ရဲ့ခံရခြင်း နှလုံးမသာယာခြင်း, ဒုဂ္ဂတိ ပဋိသန္ဓေကျိုးကို ရခြင်း စသည်တို့သည်....။

## အဓိပ္ပာယ် အဆုံးအဖြတ်

(င) ဝါကျ။ ပဋိဘာဂနိမိတ်ဖြစ်သည်နှင့်အတူတကွ တစ်ပြိုင်နက် အပ္ပနာစျာန်ကို မဖြစ်စေနိုင်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သဟနိမိတ္တုပ္ပါ ဒေနေဝေတ္ထ အပ္ပနံ နိဗ္ဗတ္တေတီတိဟု ဆိုရသနည်းဟု မေးလျှင်၊ အဖြေကား-အပ္ပနာဖြစ်ပေါ်လာခြင်းက အလွန်လျင်မြန်သည့်အတွက် ပဋိဘာဂနိမိတ်ထင်သည်မှ ပဌမဝီထိကို မလွန်မူ၍ အပ္ပနာစျာန်ကို ဖြစ်စေသောကြောင့် ဤကဲ့သို့ ဆိုပါသည်။

စင်စစ်-ပဋိဘာဂနိမိတ်ဖြစ်ခြင်းနှင့် အပ္ပနာစျာန်ဖြစ်ခြင်း အတူတကွ တစ်ပြိုင်နက် မဖြစ်နိုင်ပါ။

http://www.dhammadownload.com



[နိဗ္ဗတ္တေတီတိ ဣဒံ အပ္ပနာယ သီဃပ္ပဝတ္တံ သန္ဓာယ၊ ဧတ္တာ ဥပစာရပ္ပတ္တိတော ဟိ ပဋ္ဌာယဝီထိ အနတိက္ကမိတွာ အပ္ပနံ နိဗ္ဗတ္တေတိ အယံ။ သီဃပ္ပဝတ္တိနာမ။ န ဟိ နိမိတ္တုပ္ပတ္တိယာ သဟ အပ္ပနာယ ဥပ္ပတ္တိ ဟောတိ။ ယောဇနာ–၁၃၀]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ခ)ဝါကျ။ ဗဟိဒ္ဓါရုပါနိအရ ရှစ်ပါးသော ကသိုဏ်းရုပ်တို့သည် ပဿတိအရ မဟာကုသိုလ်, မဟာကိရိယာ ရူပကုသိုလ်, ရူပကိရိယာ စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်–မရှိ။

....❀....

http://www.dhammadownload.com

# ၁၃၅-မေတ္တာသဟဂတံ စသည်အဖွင့်

(က) ဣဓ ဒါနိ မေတ္တာဒိ ဗြဟ္မဝိဟာရဝသေန....ပ....အာရဒ္ဓံ။

(ခ) တတ္ထ မေတ္တာသဟဂတေနာတိ မေတ္တာယ သမန္နာဂတေန။

(ဂ) ပရတော ကရုဏာ သဟဂတာဒီသုပိ ဧသေဝ နယော။

(ဃ) ယေန ပနေသ ဝိဓာနေန....ပ....ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

(င) ကေဝလဉှိ ပထဝီကသိဏေ....ပ....ပဉ္စဝီသတိ သတ္တကာ။ [ဋ္ဌ-၂၃၆-၇]

## ကျမ်းတက်
## ဋ္ဌပနာပဉ္စက ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း ဤရူပါဝစရ ကုသိုလ်ကို ရှေး၌ ဝိမောက္ခစသည်၏ အစွမ်းဖြင့် ဟောတော်မူခဲ့ပြီးသည် မဟုတ်ပါ လော။ ဤသို့ ဟောတော်မူခဲ့ပြီး ဖြစ်သောကြောင့် ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ထပ်၍ မဟောသင့်, ဝိမောက္ခစသည်၏ အစွမ်းဖြင့်သာလျှင် ဟောတော်မူသင့်၏။ အဘယ်၏အစွမ်းဖြင့် အဘယ်ကိုပြခြင်းအကျိုးငှာ ကတမေ ဓမ္မာ ကုသလာ စသော စကားရပ်ကို ထပ်၍ ဟောပါသနည်း။ ဤသို့ မေးရန် ရှိသောကြောင့် ထိုအမေးကို ဖြေလိုသော အဋ္ဌကထာဆရာသည် ဣဓ ဒါနိစသော က-ဝါကျကိုမိန့်၏။ [က-ဝါကျကို မြန်မာပြန်၍ အဓိပ္ပာယ်ပြန်လေ၊ အားထုတ်နှင့် ဟော အတူတူမှတ်။]

စောဒနာ တက်သော်—ကတမေ ဓမ္မာ ကုသလာ—စသော စကားကိုထပ်၍ ဟောချေသော်၊ ဝါ-ထပ်၍ဟောရာ၌, ဘုရားရှင်အား ပုနရုတ္တိဒေါသ သင့်ရောက် ရာ၏ဟု ဒေါသတင်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် အနုသန္ဓေ သမ္ဗန္ဓ သမုဒ္ဒါယတ္ထ အကျဉ်းသင်္ခေပကို ဆိုတော်မူ၏။....သော်, အဝယဝတ္ထ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

[ဤ က-ခ-ဝါကျ ကျမ်းတက်အသွားမှာ ရူပ ပတ္တိယာ မဂ္ဂ အဖွင့် က-ခ-ဝါကျ ကျမ်းတက်အသွားနှင့် သဘောတူသည်။]

http://www.dhammadownload.com



တစ်နည်း-ဆရာ, မြတ်စွာဘုရားသည် မေတ္တာသဟဂတံဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော်, သဟဂတ သဒ္ဒါသည် အာရမ္မဏ-စသောအနက်ကို ဟောသည်, မေတ္တာနှင့် သဟဂတံပုဒ်ကိုလည်း ဒွန်သမာသ် ဝစနတ္ထ စသည်ပြုအပ်၏၊ ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ [မေတ္တာသဟဂတံပုဒ် အဖွင့်မှတစ်ပါး၊ကရုဏာသဟဂတံစသော ပုဒ်တို့၏ အဖွင့်ဖြစ်သည်ကို ရှုတက်။]

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဤသို့ ဟောသည်ရှိသော်, ရူပါဝစရ ကုသိုလ်ကို ဝိမောက္ခစသည် ၏ အစွမ်းဖြင့် ရှေး၌ မဟောရသေး-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စင်စစ် သော်ကား ထိုအနက်သည် မရောက်သင့်, ထိုသို့မရောက်သင့်သောကြောင့် ဝိမောက္ခ စသည်၏ အစွမ်းဖြင့်သာ ရူပါဝစရ ကုသိုလ်ကို ဟောသင့်၏။ မေတ္တာစသော ဗြဟ္မ ဝိဟာရ၏ အစွမ်းဖြင့် ရူပါဝစရ ကုသိုလ်ကို ထပ်၍မဟောသင့်, ထပ်၍ဟောချေ သော် ဘုရားရှင်အား ပုနရုတ္တိ ဒေါသ သင့်ရောက်ရာ၏-....စသည်။

## ဒေါသပယ်

(က) ဝါကျဖြင့် ပုနရုတ္တိ,အဗျာပိတ,နိရတ္ထက ဒေါသတို့ကို ပယ်၏။ (ရှင်းချက် ရူပူပပတ္တိယာ မဂ္ဂံအဖွင့် က-ဝါကျ ဒေါသပယ်ပုံ နည်းမှီသိ။)

(ခ) ဝါကျဖြင့် ဝိတ္ထာရ ဝါကျယူလျှင် ဝိရောဓိ, ပုနရုတ္တိ ဒေါသတို့ကိုပယ်၏။ မေတ္တာယ သမန္နာဂတံ ထောက်လျှင် မေတ္တာသဟဂတံ ပုဒ်၏ ဒွန်သမာသ် ဝစနတ္ထ စသည်၌လည်းကောင်း, သဟဂတံပုဒ်၏ အာရမ္မဏ စသော အနက်များစွာတို့၌ လည်းကောင်း အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကိုပယ်၏။

(ဂ) ဝါကျဖြင့် အဗျာပိတ, ဂန္တဂရု, ပုနရုတ္တိဒေါသကို ပယ်၏။ ဃ-ဝါကျဖြင့် ဝိသေသဝါကျယူလျှင် အတိဗျာပိတဒေါသ၊ ဝါကျာရမ္ဘဝါကျယူလျှင် အဗျာပိတ ဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အတိဗျာပိတ, ဝိရောဓိဒေါသကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝိဟရန္တိ ဧတေဟီတိ ဝိဟာရာ။

ဗြဟ္မာနော+ဝိဟာရာ ဗြဟ္မဝိဟာရာ။ [နီ-သစ်-တ-၅၇]

၂။ မြတ်သောဂုဏ်၏ နေကြောင်း မေတ္တာစသော တရားတို့နှင့် ဂုဏ်+ဂုဏေး ....စပ်....။

၄။ ဗြဟ္မဝိဟာရတရားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

http://www.dhammadownload.com



(ခ) ဝါကျ။ မေဇ္ဇတီတိ မေတ္တာ၊ မေတ္တာယ+သဟဂတံ မေတ္တာသဟဂတံ။

၂။ မေတ္တာ၏ တကွဖြစ် (ပြည့်စုံ)သော ဈာန်တရားနှင့် သဟယောဂ+သဟယောဂဝန္တ, အကြောင်း+အကျိုး....စပ်....။

၄။ မေတ္တာသဟဂတ တရားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။
တစ်နည်း—မေတ္တာနှင့်တကွဖြစ် (ပြည့်စုံ)သည်၏ အဖြစ်ဟူသော ဝိသေသန ဘောဂုဏ်သည်....။

## လိင်စသည် စိစစ်ပုံ

မေတ္တာယ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်းခွဲ။ ပရတော၌ ပရကို ပုလ္လိင်၊ နပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း)ခွဲ။ ပရတောပုဒ်လုံးကား (တောပစ္စည်းဆုံးသောကြောင့်) အလိင်၊ ဂဏာဝိမုတ်၊ ဩကာရန္တ၊ နိပါတ်ပုဒ်၊ ကရုဏာသဟဂတာဒိသုံ—နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ပဉ္စမီသတိ-ဣတ္ထိလိင်၊ သဗ္ဗနာမ်ဂိုဏ်း (ရတ္တာဒိဂိုဏ်း) ဣကာရန္တ၊ နာမပဒ၊ (၁ါ)သင်္ချာသဗ္ဗနာမ်ပုဒ်၊ သမာသ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(ခ) ဝါကျ။ မေတ္တာယ သမန္နာဂတံဖြင့် မေတ္တာသဟဂတံပုဒ်ကို မေတ္တာယ+သဟဂတံ မေတ္တာသဟဂတံဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) သဟဂတသဒ္ဒါ-အာရမ္မဏစသော အနက်ကို မဟော၊ သမန္နာဂတ(သံသဋ္ဌ) အနက်ဟော၊ (နာမယိင်္ဂတ္ထ) သိစေ၏။

## နိပါတ်ပုဒ်အနက်

(ဂ) ဝါကျ။ ပိသဒ္ဒါ ဆိုခဲ့ပြီးသော မေတ္တာသဟဂတံပုဒ်ကို ရှင့်ပေါင်းဆည်းသော ဝုတ္တာပေက္ခ သမ္ပိဏ္ဍနတ္ထ၊ သမုစ္စယတ္ထ၊ ဝေသဒ္ဒါ—အဝဓာရဏတ္ထ။

၁။ တပ္ပုရိသ်သမာသ်အနက်သည်၊ (ဝါ) တပ္ပုရိသ်သမာသ် ဝစနတ္ထနည်းသည် ဂ....။

၂။ ကျန်သမာသ်အနက်များသည် (ဝါ) ကျန်သမာသ်ဝစနတ္ထ နည်းသည် နိ....။

၃။ ဖြဟ္မဝိဟာရအမည် ဟူသော ဂုဏ်သည်၊ (ဝါ)တပ္ပုရိသ်သမာသ် ဝစနတ္ထနည်း၏ အနက်အဓိပ္ပာယ်သည် နု....။

(ဃ) ဝါကျ။ ပန-ဝိသေသတ္ထ,တစ်နည်း-ဝါကျာရမ္ဘတ္ထ,ဥပန္យာသတ္ထ။ ဝိတ္ထာရိတမေဝ၌—

၁။ ဝိတ္ထာရိတ (ဝိတ္ထာရဏ) ကြိယာသည် ဂ....။

၂။ အဝိတ္ထာရိတ (အဝိတ္ထာရဏ) ကြိယာသည် နိ....။

၃။ တစ်ပါးသော ချဲ့အပ်သော အစီအရင်သည် နု....။

http://www.dhammadownload.com



ဝုတ္တာနယေနေဝ၌—

၁။ ဝုတ္တာနယသည် ဂ....။
၂။ အဝုတ္တာနုယသည် နိ....။
၃။ သဒိသနယသည် နု....။

(င) ဝါကျ။ ဟိသဒ္ဒါ-ဝိသေသတ္ထ။

## ကြိယာ ၅-တန့်ထုတ်ပုံ အမှာ

(က) ဝါကျ။ ရှုပါ၀ စရကုသလ်၌ ထုတ်ပုံ ပထမတွဲ-၁၀ ၊ ဒသောတုံ အာရုဒ္ဓိ တို့၌ ထုတ်ပုံ ထိုပသမတွဲ ၁၁၉ တို့၌ ရှုလေ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က-ဝါကျ၌ ပြိုင်ပုံ ပဒဘာဇနီအစအဖွင့် က-ဝါကျပြိုင်ပုံကို နည်းမှီသိ)

(ခ) ဝါကျ။ မေတ္တာယအရ အဒေါသစေတသိက်သည် သမန္တာဂတံအရ သမ္ပယုတ်ဖြစ်သော စတုက္ကစျာန်အား သဟ....ပြု၏။ ပြိုင်-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇)။

(မေတ္တာသဟဂတံဟူသော သံဝဏ္ဏေတဗ္ဗ၌လည်း မေတ္တာအရနှင့် သဟဂတံအရ ဤနည်းအတိုင်းပြိုင်။)

http://www.dhammadownload.com

# ၁၃၆-မေတ္တာ စသည်အဖွင့်

(က) ဧဝံ တာဝ ပါဠိဝသေနေဝ-ဗြဟ္မုတ္တမေန....ပ....ဝိညေယျာ။

(ခ) ဧတာသု ဟိ....ပ....မေဇ္ဇတီတိ မေတ္တာ။

(ဂ) သိနိယှတီတိ အတ္ထော။

(ဃ) မိတ္တေ ဝါ ဘဝါ, မိတ္တဿဝါ ဧသာ ပဝတ္တီတိ ပိ မေတ္တာ။

(င) ပရဒုက္ခေ သတိ သာဓူနံ ဟဒယ ကမ္ပနံ ကရောတီတိ ကရုဏာ။

(စ) ကိဏာတိဝါ ပရဒုက္ခံ ဟိံသတိ ဝိနာသေတီတိ ကရုဏာ။

(ဆ) ကိရီယတိ ဝါ ဒုက္ခိတေသု ဖရဏဝသေန ပသာရီယတီတိ ကရုဏာ။

(ဇ) မောဒန္တိ....ပ....မုဒိတာ။

(ဈ) "အဝေရာ ဟောန္တု" တိ....ပ....ဥပေက္ခာတီတိ ဥပေက္ခာ [ဋ္ဌ-၂၃၇]

အနက်ထူး။ (က)ဝါကျ။ ဗြဟ္မုတ္တမေန-မြတ်စွာဘုရားသည်၊ (ကေဝလဒဗ္ဗာပေက္ခတ္တ၊ နာမာပေက္ခတ္တ) ဝါ-သုံးပါးသော ဗြဟ္မာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ (သဂုဏ ဒဗ္ဗာပေက္ခတ္တ) ဝိဒိတွာ-ဝိညေယျာ ပုဒ်တို့၏ ကတ္တားကို ပဏ္ဍိသေန-ဟုထည့်။

သံဝဏ္ဏေတဗ္ဗအနက်။ ။မေတ္တာ-အစီးအပွားကိုလိုသော အခြင်းအရာ ဖြစ်သော အားဖြင့် ချစ်တတ်သော သဘော၊ (ခ-ဂ-ဝါကျအလို)

(ဂ) ဝါကျ၌ မေဇ္ဇတီတိ ပဒဿ-ဟု အတ္ထော သမ္ဗန်ထည့်။

သံဝဏ္ဏေတဗ္ဗအနက်ဆက်။ ။ဃ-ဝါကျအလို-မေတ္တာ-ချစ်တတ်သော အစီးအပွားကို အလိုရှိတတ်သော ခန္ဓပ်ဗန္ဓ၌ ဖြစ်တတ်သော သဘော၊ ဝါ-ဟိတဇ္ဈာသယ ဖြစ်သော ခန္ဓပဗန္ဓ၏ ချစ်ခြင်းအားဖြင့် ဖြစ်ခြင်းသဘော၊ ဝါ-မိတ်ဆွေ၏ ဥစ္စာ ဖြစ်သော သဘော။

(ဃ) ဝါကျ၌ မိတ္တေ၏ နိဿယအနက်များမှာ အဘိဓေယျတ္ထ, အဓိပ္ပာယတ္ထ ဟု မှတ်။ မိတ္တေ၊ ချစ်နှစ်လိုသောသူ၌ (သဒ္ဒတ္ထ) ဝါ-အဆွေခင်ပွန်း၌၊ (အဓိပ္ပာယတ္ထ၊ ဝေါဟာရတ္ထ) [ဂဏ္ဌိ-၃ဂ၄]။

(င) ဝါကျအလို ကရုဏာ-သူဆင်းရဲ ဖြစ်လတ်သော် သူတော်ကောင်းတို့၏ စိတ်နှလုံးကို တုန်လှုပ်ပင်ပန်းသည်ကို ပြုတတ်သော သဘော။

(ဆ)ဝါကျကို ကတ္တုဝါစက အနက်ပေးသော်—ယာဗမ္ဗဇာတိ—သည်၊ (အနိယမကတ္တား) ကိရီယတိ-ပြန့်တတ်၏။

http://www.dhammadownload.com



ကမ္မဝါစက အနက်ပေးသော်-ယာ ဓမ္မဇာတိ-ကို(အနိယမ ကံ) ကမ္မဋ္ဌာနိကေန- ကမ္မဋ္ဌာန်း၌ ယှဉ်သော၊ ဝါ-ကမ္မဋ္ဌာန်းကို အားထုတ်သောသူသည်၊ (ကတ္တား) ကိရိယတိ ပသာရီယတိ-ဖြန့်အပ်၏။ (အဓိပ္ပာယတ္ထ) ဝါ-ဖြန့်စေအပ်၏။ (သဒ္ဒတ္ထ)

## ဋ္ဌပနာပဋ္ဌက ကျမ်းတက်

(ခ) ဝါကျ။ (ဝိတ္ထာရကျမ်းတက်)

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် မေတ္တာ၌ မိဒမာတ်အဖြစ်ကို ဖွင့်ပြတော်မူ၏။...သော်, ဤ၌ မိဒမာတ်သည် မာန်မူခြင်း စသော အနက်တို့ကို လည်း ဟော၏-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။....ပ....ဤ၌ မိဒမာတ်၏ သိနေဟအနက်ဟောသည်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(ဃ) ဝါကျ။ ဆရာ,ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် မေတ္တာပုဒ်၏ကိတ်ဝစနတ္ထကို ပြဆိုတော်မူ၏။....သော်, ကိတ်ဝစနတ္ထသာလျှင် ဖြစ်၏-ဟူသော အဓိပ္ပာယ်ရောက် ရာသည် မဟုတ်ပါလော။....ပ....တဒ္ဓိတ် ဝစနတ္ထ ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏၊.... စသည်။

ထို ဃ-ဝါကျတွင် ရှေ့ဝါကျမှ နောက်ဝါကျသို့ တက်သော်-ဆရာ, ဆရာ သည် မိတ္တေ ဘဝါဖြင့် မေတ္တာပုဒ်ကို ဘဝတဒ္ဓိတ် ဝစနတ္ထပြုရသော-ဟု ဆိုစတော် မူ၏၊....သော်, ဘဝတဒ္ဓိတ် ဝစနတ္ထသာလျှင် ဖြစ်၏-ဟူသော အဓိပ္ပာယ် ရောက်ရာ သည် မဟုတ်ပါလော။....ပ....ဏ္ဍ တဒ္ဓိတ် ဝစနတ္ထဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ ....စသည်။

(င) ဝါကျ။ [မေတ္တာပုဒ်၏ အဖွင့်မှတစ်ပါး,ကရုဏာပုဒ်၏ အဖွင့်ဖြစ်သည်ကို ရှုတက်။]

(စ) ဝါကျ။ ဆရာ,ဆရာသည် င-ဝါကျဖြင့် သူ့ဘစ်ပါးဆင်းရဲဖြစ်လတ်သော် သူတော်ကောင်းတို့၏ စိတ်နှလုံး တုန်လှုပ်သည်ကို ပြုတတ်သောကြောင့် ကရုဏာ မည်သော-ဟု ပြဆိုတော်မူ၏။...သော်, ဤဆိုအပ်ပြီးသော အကြောင်းကြောင့် သာလျှင် ကရုဏာမည်၏-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ ...ပ....ဘစ်ပါးသော ကရုဏာမည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏.... စသည်။

## ဒေါသ ပယ်

(ခ) ဝါကျသည် ဝိတ္ထာရဝါကျဖြစ်ခြင်းကြောင့် ထို ခ-ဝါကျဖြင့် ဝိရောဓိ ဒေါသ, တစ်နည်း-မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုးဖြစ်သောကြောင့် ထို ခ-ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။

ရတနာ့ဂုဏ်ရည် (၁၁၀)

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် မိဒ္ဓခေတ်၏ မာန်မူခြင်းစသော အနက်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

[နောက်နောက်ဝါကျ အသီးသီးတို့ဖြင့်လည်း အဗျာပိတဒေါသ ပယ်ပုံကို သိပါ။]

ဝါသဒ္ဒါလဲပုံ။ ဃ—ဝါကျ။ ချစ်ခြင်း သကတ် အနက်အကြောင်းမှ ချစ်အပ်သော ပိယပုဂ္ဂိုလ် ဟူသောအာရုံ၌ ဖြစ်ခြင်း-ဟူသော သကတ် အနက် အကြောင်း တစ်ပါးကို လည်းကောင်း, ကိတ်ပုဒ် (ဝစနတ္ထ) မှ တဒ္ဓိတ်ပုဒ် (ဝစနတ္ထ) ဟူသော သဒ္ဒါကို လည်းကောင်း လဲလိုသောကြောင့် ရှေ့ ဝါသဒ္ဒါထား၏။ ဘာဝတဒ္ဓိတ် အနက်မှတစ်ပါး, လ္လဒ် တဒ္ဓိတ်အနက် တစ်ပါးကို လဲလိုသောကြောင့် နောက်ဝါသဒ္ဒါ ထား၏။

(စ) ဝါကျ။ သူတော်ကောင်းတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သည်အဖြစ် ဟူသော သကတ် အနက် အကြောင်းမှတစ်ပါး, သူတစ်ပါးဆင်းရဲကို ညှဉ်းဆဲဖျောက်ဖျက်, ပယ်ရှားတတ်သည်၏ အဖြစ်ဟူသော သကတ် အနက်အကြောင်း တစ်ပါးကို လည်းကောင်း၊ ကရဓာတ်မှ ကိဓာတ်, ကီဓာတ် တစ်ပါးကိုလည်းကောင်း လဲလိုသောကြောင့် ဝါ သဒ္ဒါထား၏။

(ဆ) ဝါကျ။ ကိဓာတ်, ကီဓာတ် ဟိံသနတ္ထ အကြောင်းမှတစ်ပါး၊ ကိရဓာတ် ပသာရဏတ္ထ အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ သဒ္ဒါထား၏။

(ဇ) ဝါကျ။ ကရဏ သာဓန, ဝမ်းမြောက်ကြောင်း၏ အဖြစ်-ဟူသော သကတ်အနက်အကြောင်းမှတစ်ပါး, ကတ္တုသာဓန, ဝမ်းမြောက်တတ်သည်၏အဖြစ်-ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ရှေ့ဝါသဒ္ဒါ ထား၏။

ကတ္တုသာဓန, ဝမ်းမြောက်တတ်သည်၏ အဖြစ်-ဟူသော သကတ်အနက် အကြောင်းမှတစ်ပါး, ဘာဝသာဓန ဝမ်းမြောက်ခြင်း—ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် နောက် ဝါသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဖြဟတိ ဝုဒ္ဓိံ ဂစ္ဆတီတိ ဖြဟ္မာ။ ဖြူဟတိ ဗျာနာဒိဂုဏေ ဟီတိ ဖြဟ္မာ။ [ဖြဟဓာတ်, ဖြူဟဓာတ်+မ ပစ္စည်း၊ တိုးပွားခြင်းကြီးယားခြဲ] ဖြဟ္မာနံ+ ဥတ္တမော ဖြဟ္မုတ္တမော။

၂။ သုံးပါးသော ဖြဟ္မာတို့၏ ဘုရားယူသော လွန်ကဲသော ဖြဟ္မာနှင့်ဂုဏ် အားဖြင့် ဟီန+ဥက္ကဋ္ဌအဖြစ်ဖြင့်....စပ်....။ (နိဿယ)

၄။ ဘုရားဟူသော ဥတ္တမဖြဟ္မာဖြစ်သည်....။

http://www.dhammadownload.com



တစ်နည်း–ဗြဟ္မာစ+သော+ဥတ္တမော စာတိ ဗြဟ္မုတ္တမော၊

၂။ ဗြဟ္မာအဖြစ် ဟူသော ဗြူဟိတဂုဏ်၏ ဘုရားရှင်နှင့် ဂုဏ်+ဂုဏေး.... စပ်....။

၄။ ဘုရားဟူသော ဥတ္တမဗြဟ္မာဖြစ်သည်....။

(ဃ) ဝါကျ။ မေဇ္ဇတီတိ မိတ္တော၊(မိဇ္ဇတီတိ မိတ္တော။) [မိဒဓာတ်+အ ပစ္စည်း၊ ချစ်ခြင်းကြိယာခွဲ။ နံပါတ် ၄–၌ မိတ်ဆွေတို့၏ တစ်ဦးသည် တစ်ဦးနှင့်တူသော အခြင်းအရာ-ဟု ဆိုအပ်သော ဓာတ်ကိုခွဲလျှင် ပိုကောင်းသည်။]

( င ) ဝါကျ။ ဇတ္တဟိတ ပရဟိတ သာဓေန္တီတိ သာဓူ။(တသံ)[သာဓဓာတ်+ ဥ(ရူ)ပစ္စည်း၊ ပြီးစေခြင်းကြိယာခွဲ။ ဤ၌လည်း နံပါတ် ၄-တွင် ဓာတ်ကိုခွဲလျှင် ပိုကောင်းသည်။]

## လိင်စသည် စိစစ်ပုံ

မေဇ္ဇတိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အကာရန္တ အာချာတပဒ [မိဒ+ယ+တိ]သိနိယှတိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အကာရန္တ၊ တစ်နည်း–ဥကာရန္တ၊ အာချာတပဒ။ [သိနိဟ (သိနိဟူ)+ယ+တိ၊]ပဝတ္တိ=ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ၊ သတိ–နပုလ္လိင်၊ ဂစ္ဆန္တာဒိ ဂိုဏ်း၊ အကာရန္တ၊ ကိတပဒ။ သာဓူနံ–ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမ်ပုဒ်။

## အာဘော် သံဝဏ္ဏနာ

(ခ) ဝါကျ။ မေဇ္ဇတီတိဖြင့် မေတ္တာ–၌ မိဒဓာတ်။ (ဒုဒ္ဓာတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော။(ဒု-ပစ္စယတ္ထ) မေဇ္ဇတီတိ မေတ္တာဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဂ) ဝါကျဖြင့် မိဒဓာတ် မာန်မူခြင်း စသော အနက်ကို မဟော၊သိနေဟအနက် ဟော ဟု သိစေ၏။ (ဓာတွတ္ထ)

(ဃ) ဝါကျ။ မိတ္တေ ဘဝါဖြင့် မေတ္တာ၌ ဏပစ္စည်း ဘဝအနက်ဟော၊ (ပစ္စယတ္ထ) မိတ္တေ+ဘဝါ မေတ္တာ-ဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြု၊ (အဘိဓာနတ္ထ) သိစေ၏။ မိတ္တဿ ဧသာဖြင့် မေတ္တာ၌ ဏပစ္စည်း ဧသာအနက်၊ ဝါ–ဣဒံအနက်ဟော (ပစ္စယတ္ထ) မိတ္တဿ+ဧသာ မေတ္တာ-ဟု ဣဒံတဒ္ဓိတ်ဝစနတ္ထပြု၊ (အဘိဓာနတ္ထ)သိစေ၏။ ပဝတ္တိကို စွဲသည်၏ အဖြစ်၊ (သမ္ဘာဝနာမလင်္ကတ္တ) ဖြစ်တတ်သော ကတ္တားမည်သည် မရှိဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ)သိစေ၏။ ပိဖြင့် သမုစ္စယဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ)

(င) ဝါကျ။ ပရ....ပ....ကမ္မန်ဖြင့် ကရောတိ၌ ပြုခြင်း-ဟူသည် သူတစ်ပါး ဆင်းရဲဖြစ်လတ်သော် သူတော်ကောင်းတို့၏ စိတ်နှလုံး ဘုန်လှုပ် ပင်ပန်းသည်ကို ပြုခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ) ကရောတိဖြင့် ကရုဏာ၌ ကရဓာတ်၊ (ဒု-ဓာတုပဒ) ဉဏ (ဥန) (ယု)ပစ္စည်း ကတ္တားအနက်ဟော၊ (ဒု-ပစ္စယတ္ထ) ကရောတီတိ ကရုဏာဟု ဝိပ္ပဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(စ) ဝါကျ။ ကိဏာတိဖြင့် ကရုဏာ၌ ကိဓာတ်၊ (ဒု-ဓာတုပဒ) ဉဏ (ဥန) (ယု) ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ကိဏာတီတိ ကရုဏာဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ပရဒုက္ခံဖြင့် ဟိံသတိ ကြိယာ၏ ကံကိုသိစေ၏။ (ဘာဝတ္ထ) ဟိံသတိဖြင့် ကိဓာတ် ဟိံသန အနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ) ဝိနာသေတိဖြင့် ညှဉ်းဆဲခြင်းဟူသည် ဖျောက်ဖျက် ပယ်ရှားခြင်းတည်း-ဟု သိစေ၏။ (ဘာဝတ္ထ)

(ဆ) ဝါကျ။ ကိရိယတိဖြင့် ကရုဏာ၌ ကိရဓာတ်၊ (ဒု-ဓာတုပဒ) ဉဏ (ဥန) ပစ္စည်း သုဒ္ဓ ကတ္တုသာဓ်, သုဒ္ဓကမ္မသာဓ် ဟေတုကမ္မသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) ကိရိယတီတိ ကရုဏာ-ဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ဒုက္ခိတေသု ဖရဏ ဝသေနဖြင့် ပြန့်ခြင်းဟူသည် ဒုက္ခရောက်သော သတ္တဝါတို့၌ တွေ့ထိသော အားဖြင့် ပြန့်ခြင်းတည်း—ဟု သိစေ၏ (ဘာဝတ္ထ) ပသာရီယတိဖြင့် ကိရဓာတ် ပသာရဏ အနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ)

(ဇ) ဝါကျ။ မောဒန္တိ တာယဖြင့် မုဒိတာ၌ မုဒဓာတ်၊ (ဒု-ဓာတုပဒ) တ ပစ္စည်း။ ကရဏသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မောဒန္တိ တောယာတိ မုဒိတာဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)သိစေ၏။ တံသမင်္ဂိနောဖြင့် မောဒန္တိ၏ကတ္တားကိုသိစေ၏။ (ဘာဝတ္ထ) သယံဖြင့် မုဒိတာမှ တစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါသည် ဝမ်းမြောက် တတ်သည်မဟုတ်—မိမိဟူသော မုဒိတာဓမ္မသည်ပင် ဝမ်းမြောက်တတ်၏ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) မောဒတိဖြင့် မုဒိတာ၌ မုဒဓာတ်၊ (ဒု-ဓာတုပဒ) တပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မောဒတီတိ မုဒိတာဟု ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)သိစေ၏။ မောဒနမတ္တာ မေဝ တံဖြင့် မုဒိတာ၌မုဒဓာတ်၊ (ဒု-ဓာတုပဒ) တပစ္စည်း ဘာဝသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မောဒနံ မုဒိတာဟု ဝိဂ္ဂဟပြု။ (အဘိဓာနတ္ထ)

အလိုသိလိုက်၍မဖြစ် တစ်စုံတစ်ခုသော အာရုံစသော အကြောင်းကြောင့်ဖြစ်၏ ဟူသော အဓိပ္ပာယ်, ဘာဝသာဓနေ သာ မုချ, ကတ္တု-ကရဏ သာဓနေ မုချမဟုတ် ဟူသော အဓိပ္ပာယ်, မုချအားဖြင့် ကတ္တု-ကရဏသာဓနေ မဖြစ်သင့်သည်ကို သန္နိဋ္ဌာန်ကျမှတ်ရမည်-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) သိစေ၏။

http://www.dhammadownload.com



(ဈ) ဝါကျ။ အဝေရာ....ပ....ဂမနေန စသည်ဖြင့် ဥပေက္ခာ၌ လျစ်လျူရှုပုံ အခြင်းအရာ အာကာရကို သိစေ၏။ (ဘာဝတ္ထ)

ဥပေက္ခတီတိဖြင့် ဥပေက္ခာ၌ ဥပပုဗ္ဗ+ဣက္ခဓာတ်၊ (ဒု-ဓာတုပဒ)ဏပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဥပေက္ခတီတိ ဥပေက္ခာ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

## နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ဝေ-နိဒဿနတ္ထ။ တာ ပထမတ္ထ။ ဝေ—အဝဓာရဏတ္ထ။

၁။ ပါဠိတော်၏ အစွမ်းဟူသောဂုဏ်သည် ဂ....။
၂။ အဋ္ဌကထာ၏ အစွမ်းဟူသောဂုဏ်သည် နိ....။
၃။ ပါဠိတော်၏ အစွမ်းဖြင့် သိအပ်သော မေတ္တာစသော ဗြဟ္မဝိဟာရလေးပါးမှ အခြားသော ပါဠိတော်ဖြပ်သည် နု....။

ဣတိ-နိဒဿနတ္ထ၊ ဘိယျော-အတိရေကတ္ထ။ ပိသဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(ခ) ဝါကျ။ ဟိ- ဝိတ္ထာရတ္ထ၊ ဒဠှီကရဏတ္ထ။ ယ—ဝါကျ။ ဝါသဒ္ဒါများ အတ္ထန္တရဝိကပ္ပနတ္ထ, နယန္တရ ဇောတက။ ပဝတ္တိ နောင် ကျေသော ဝေ၌—

၁။ ဖြစ်ခြင်းမျှသည် ဂ....။
၂။ ဖြစ်ဘတ်သောအကြောင်းကိုရှုငဲ့ပေါင်းဆည်းသောဝုတ္တာပေက္ခ သမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ။

(ဃ) ဝါကျ။ မောဒန မတ္တမေဝ၌ မတ္တ-ဝေဖြင့် ဆိုအပ်ပြီးသော ဝမ်းမြောက် တတ်သော ကတ္တုသတ္တိ, ဝမ်းမြောက်ကြောင်း ကရဏသတ္တိ ဝသဝတ္တိ ဘာဝတို့ကို ကန့်သည်, တားမြစ်သည်။

၁။ ဘာဝသာဓနသည် ဂ....။
၂။ ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏ သာဓနတို့သည် နိ....။
၃။ ကတ္တု, ကရဏ သာဓနတို့သည် နု....။

တစ်နည်း—

၁။ ဝမ်းမြောက်ခြင်း အမှုအရာကြိယာသည် ဂ....။
၂။ ဝမ်းမြောက်တတ်သော ကတ္တုသတ္တိ, ဝမ်းမြောက်ကြောင်း ကရဏသတ္တိ ဝသဝတ္တိ ဘာဝတို့သည် နိ....။

F.111 A

http://www.dhammadownload.com



ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ကထိတေ၌ အန္တတ္တ ကထဓာတ်အရ, ကတ္တုဋ္ဌ (ကတ္တတ္တ) ကြိယာအရ—

၁။ ဒေသနာဉာဏ်သည်....။
၂။ အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည်....။
၃။ ဗြဟ္မဝိဟာရကထာ ဟူသော ဝစီဘေဒသဒ္ဒသည်....။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည်....။
၅။ တရားနာရခြင်း, ဈာန် မဂ်ဖိုလ်ရခြင်းမှစ၍ အနုပါဒိသေသနိဗ္ဗာန်အထိ အကျိုးအဆက်ဆက်တို့သည်....။

ဝိညေယျ၌ ဝိပုဗ္ဗ + ဉာဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ သိသဖြင့် ဗြဟ္မဝိဟာရတရားတို့ကို ကျင့်ကြံပွားများရခြင်းသည်....။
၄။ သဒ္ဓမ္မသဝန စသည်တို့သည်....။
၅။ ကျင့်ကြံပွားများသဖြင့် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် ရခြင်းတို့သည်....။

မေတ္တာအရ—

၁။ အဒေါသသည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ စိတ်ကြင်လင်ခြင်း ရှုပစတုက္ကဈာန်ရခြင်းတို့သည်....။
၄။ သတ္တဂါ ပညတ်အာရုံသည်....။
၅။ ဗြဟ္မပြည်သို့ ရောက်ခြင်းစသော အကျိုးအဆက်ဆက်သည်....။
(ကရုဏာ, မုဒိတာ, ဥပေက္ခာတို့၌လည်း ဤနည်းမှီထုတ်။)

တစ်နည်း-လေးပါးလုံးပေါင်းထုတ်သော်—

၁။ အပ္ပမညာတရားလေးပါးတို့သည်....။
၂။ ဥပစာရဘာဝနာသည်....။
၃။ နီဝရဏတို့ကို ခွာခြင်းသည်....။
၄။ အပ္ပနာဈာန်သို့ ရောက်ခြင်းသည်....။
၅။ ဈာနပစ္စဝေက္ခဏာ စသည်တို့သည်....။
(အကြောင်း—၁, အကျိုး-၃)

http://www.dhammadownload.com



## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ၊ ဖြပတ္တမေန ကတ္တားအရ ဘုရားရှင်၌ရှိသော ဉာဏ်သည် ကထိတော၌ ကထခေါတ်အရ မဟာကိရိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ.... ပြု၏။ ပြိုင်-ဟေ-မိ-သဟ-ညနိ-ဏ္ကံ-မဂ္ဂ-သံ-တ္ထိ-ဒဝိ (၁၀)။

ပကိဏ္ဏက ကသာနှင့် ဝိဥ္ဍယျာ၌ ဏျပစ္စည်းတို့အရ ပကိဏ္ဏ ကထာ၌ ရှိသော အပ္ပမညာ လေးပါးဟူသော နာမ်အာရုံသည် ဝိဥ္ဍယျာ၌ အန္တတ္ထဝိပုဗ္ဗ ဉာခေါတ်အရ သတိ, ဝီရိယ, ဉာဏ်ပြခေါန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်-အာမိ-ဥပ(၃)

(ဃ) ဝါကျ။ မိတ္တေအရ ချစ်တတ်သောပုဂ္ဂိုလ်၌ မေတ္တာကြဉ်သော နာမက္ခန္ဓာ လေးပါးသည် ဘဝါအရ မေတ္တာဟူသော အဒေါသစေတသိက်အား သဟ....ပြု၏။ ပြိုင်-ယထာရဟ-ဟေ-မိ-သဟ-ည-နိ-ကံ-ဝိပါ ဟာ-ဏ္ကံ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၄)။

တစ်နည်း-မိတ္တေအရ=ချစ်အပ်သော ပိယပုဂ္ဂိုလ်ပညတ် မမှာရုံသည် ဘဝါအရ အဒေါသစေတသိက်အား အာရမ္မဏ....ပြု၏၊ ပြိုင်-မရှိ။

[မေတ္တာဟူသော သံဝဏ္ဏေတဗ္ဗ၌လည်း မိတ္တဟူသော အန္တပ္ပတ္တပုဒ်အရနှင့် ဗာဟျတ္ထ ဏပစ္စည်းတို့ကိုလည်း ဤနည်းအတိုင်းပြိုင်။]

(င) ဝါကျ။ ပရဒုက္ခေအရ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခဟူသော အာရုံသည် ကရောတိ၌ ကရခေါတ်အရ ကရုဏာအား အာရမ္မဏပြု၏၊ ပြိုင်-မရှိ။

(ဆ) ဝါကျ။ ဒုက္ခိတေသုအရ-ဒုက္ခိတသတ္တဝါပညတ်သည် ကိရိယတို့, ပသာ ရိယတိတို့အရ ကရုဏာစေတသိက်အား အာရမ္မဏ....ပြု၏၊ ပြိုင်-မရှိ။

(ဇ) ဝါကျ။ တာယဟူသော ကရိုဏ်းပါ၌အရ-မုဒိတာသည် မောဒန္တိ ကြိယာ အရ မုဒိတာသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။ မောဒန္တိအရ-စိတ္တဇရုပ်အား သဟ-နိ-ဝိပ္ပ-တ္ထိ-ဒဝိ (၅)။

http://www.dhammadownload.com

# ၁၃၇-ဓေတ္တ သိယာ စသည် အဖွင့်

(က) ဓေတ္တ သိယာ....ပ—ဝုတ္တာတိ။

(ခ) ဝုစ္စတေ။

(ဂ) သေဋ္ဌဗ္ဗေန တာဝ နိဒ္ဒေါသ ဘာဝေန ဧတ္တ ဗြဟ္မဂိဟာရတာ ဝေဒိတဗ္ဗာ။

(ဃ) သတ္တေသု သမ္မာ ပဋိပတ္တိ ဘာဝေန ဟိ သေဋ္ဌာ ဧတေ ဝိဟာရာ။

(င) ယထာ စ ဗြဟ္မာနော....ပ....ဝိဟရန္တိ။

(စ) ဣတိ သေဋ္ဌဗ္ဗေန နိဒ္ဒေါသဘာဝေနစ "ဗြဟ္မဝိဟာရာ"တိ ဝုစ္စန္တိ။
[ဋ္ဌ-၂၄၀]

အနက်ထူး။ က-ဝါကျ။ [နိဿယအတိုင်း ကြေညာက်စွာကျက်။ သိယာတိ ဝုစ္စမာနာကာရေန သိယာ ကဿစိ ပရိဝိတက္ကော။ (မဟာဋီကာ-ပ-၃၈၄) ဓေတ္တ သိယာ အနက်ပေးနည်း အစုံကို ရှေ့၌ဆိုခဲ့သော "တတ္ထ သိယာ" စသည်အဖွင့် က-ဝါကျအနက် နည်းမှီသိ။ အနိယတ်ထည့်လျှင်-ယာဗြဟ္မဝိဟာရကထာ ဘဂဝတာ ဝုတ္တာ-ဟုထည့်]။

(ခ) ဝါကျ။ (ဝုစ္စတေ အနက်ပေးနည်း-နနုစာယံ စသည်အဖွင့် ခ-ဝါကျ နည်းမှီသိ။ ယောဇနာ၌ကား ဝုစ္စတေ၏ ကံကို ဝိဿဇ္ဇနံဟု ထည့်သည်။)

ဥပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် ဗြဟ္မဝိဟာရ ကထာကို ဟောတော်မူ၏။ ဤသို့ ဟောသည်ရှိသော်, ထိုဗြဟ္မဝိဟာရ ကထာကို တစ်စုံတစ်ယောက်သော စောဒကပုဂ္ဂိုလ်၏ စောဒနာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် စောဒက၏ စောဒနာကို ပြဆိုတော်မူ၏၊....သော်, ထိုစောဒနာ၏ သောဓနာ, ပရိဟာရအဖြေ ဝိဿဇ္ဇနာသည်လည်း ဝါ—သောဓနာ, ပရိဟာရအဖြေ၏ အခြေခံစကားပျိုး အချီစကားသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆသည် ခ-ဝါကျဖြင့် အဖြေကို ဆိုဦးအံ့-ဟု အချီစကား ပဋိညာဉ်ကို ပြဆိုတော်မူ၏။....သော်, ဖြေဆိုပုံ အခြင်းအရာ အကျယ် ဝိတ္ထာရသည်လည်း ရှိသင့်သည် မဟုတ်ပါလော....၊ စသည်။

ခ—ဂ-စသည် ဝါကျများ ပေါင်းတက်သော်—ထိုစောဒနာ၏ သောဓနာ ပရိဟာရ အဖြေဝိဿဇ္ဇနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊....စသည်။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် မြတ်သော အနက် သဘော ကြောင့် ဗြဟ္မဝိဟာရ မည်သော-ဟု ဆိုတော်မူ၏၊....သော်, သေဋ္ဌအဖြစ်သည်လည်း အကြောင်း ကင်းလျက် မဖြစ်စကောင်းသည် မဟုတ်ပါလော၊ ဝါ—သေဋ္ဌ အဖြစ်သည်လည်း အကြောင်းကင်းလျက် ဖြစ်ကောင်း၏—ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် သေဋ္ဌဋ္ဌေန-ဟူသော ဟိတ်ပါဌ်၏ အကျယ်ဝိတ္ထာရကို ပြဆိုတော်မူ၏၊....သော်, နိဒ္ဒေါသ ဘာဝေန – ဟူသော ဟိတ်ပါဌ်၏ အကျယ်ဝိတ္ထာရကို မပြဆို–ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ် ပါလော၊....စသည်။

(စ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့ဝါကျတို့ဖြင့် မေတ္တာ စသား ဤလေး ပါးတို့၏ သေဋ္ဌအနက်, နိဒ္ဒေါသ အနက်ဘို့ဖြင့် ဗြဟ္မဝိဟာရ အဖြစ်ကို၊ ဝါ- ဗြဟ္မဝိဟာရ မည်ပုံကို ပြဆိုတော်မူ၏၊....သော်, ထိုစကားကို အုပ်ဖုံးသော နိဂုံးသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ ဝါ-နိဂုံးကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(မှတ်ချက်။ နိသယကျမ်းတက်–)

(ဃ) ဝါကျ။ တစ်ပါးသော ကမ္မဋ္ဌာန်းဘို့သည်ကား သမ္မာပဋိပတ္တိအဖြစ်ဖြင့် အကျတူ မဟုတ်ကုန်သလောဟုကား သတ္တေသု ဟိ မိန့်သော်၊ အဓိပ္ပာယ်ကား– တစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည်....သမ္မာပဋိပတ္တိ ဖြစ်ကုန်သော်လည်း အတ္တဟိတ ပဋိပတ္တိမျှတို့တည်း၊ ဤကမ္မဋ္ဌာန်းတို့ကား သဗ္ဗေ သတ္တာ သုခိတာ ခဟာန္တု စသည် ဖြင့် ပရဟိတ ပဋိပတ္တိ ဖြစ်ပေကုန်၏၊ ထို့ကြောင့် သတ္တဝါတို့၌ သမ္မာပဋိပတ္တိ ဘာဝကြောင့် ဤ ဝိဟာရတို့သည် သေဋ္ဌ ဖြစ်ကုန်၏–ဟူလို။ (မဟာဋီကာ-ပ-၃၈၄)

(င) ဝါကျ။ အဘယ့်ကြောင့် အဘယ်ကဲ့သို့ ဖြစ်၍-ဗြဟ္မသမာဝ ဝိဟ- ရန္တိဟု သင့်အံ့နည်း၊ ရှေး၌ နိဒ္ဒေါသ ဘာဝေန—ဟု ဆိုသည်မဟုတ်လော.... ဟု....ကား....ယထာစ....ပ....နိဒ္ဒေါသ....ပ....ဝိဟရန္တိ—ဟူသည်။ (နိသယ-ဒု-၄၃၃)

ပါပနာဒိ စောဒနာတက်

(ဃ) ဝါကျ။ ဤသို့ဆိုချေသော်, သေဋ္ဌ အဖြစ်သည် အကြောင်းကင်း ... ဖြစ်ကောင်း၏—ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု—ပါ) စင်စစ် တမူကား သေဋ္ဌအဖြစ်သည် အကြောင်းကင်းလျက် မဖြစ်သင့်, အကြောင်းနှင့်တကွ ဖြစ်သင့် ၏။ (ပဋိ-ပါ) ထို့ကြောင့် သေဋ္ဌဖြစ်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်...၏။ (နု-ရော) မပြဆိုဘဲ မနေသင့် (ပဋိ-ရော) (မနေသင့်ဘဲ နေချေသော်, ... ...ား ဝိရောဓိဒေါသ ရောက်ချာ၏။ ဒေါသာရောပန) အကြောင်းကား အဘယ်ပ...ည်း။ (ပုစ္ဆာ) [ဆရာတို့ကျမ်းတက်]

ရတနာဂုဏ်ရည် (၁၁၁)

F.112 A

http://www.dhammadownload.com



## ဒေါသ ပယ်

(ခ) ဝါကျဖြင့် အဗျာပိတ, ဝိရောဓိဒေါသကို ပယ်၏။ ဂ-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ ဃ-ဝါကျဖြင့် ဝိရောဓိ အဗျာပိတဒေါသကို ပယ်၏။ င-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ စ-ဝါကျဖြင့် ပုနရုတ္တိ, ဝိရောဓိ ဒေါသတို့ကို ပယ်၏။

စသဒ္ဒါထားရပုံ။ သေဋ္ဌ အနက်ကြောင်းမှတစ်ပါး၊ နိဒ္ဒေါသ ဘာဝ အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့်၊ ဝါ-သမုစ္စည်း အနက်ကို ပြလိုသော ကြောင့် ဂ-ဝါကျ၌ စသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ သေဋ္ဌဋ္ဌေနကို ထောက်ရှု၍-ဝိဟရန္တိ ဧတေဟီတိ ဝိဟာရာ။ ဗြဟ္မာနေ+ဝိဟာရာ ဗြဟ္မဝိဟာရာ။ (မြတ်ကုန်သော နေကြောင်းတရားတို့) [ခွဲပုံ-မေတ္တာသဟဂတံ စသည် အဖွင့်၌ ပြခဲ့ပြီ။]

နိဒ္ဒေါသ ဘာဝေနကို ရှု၍-ဗြဟ္မာနော ဝိယာတိ ဗြဟ္မာနော၊ ဝိဟရန္တိ ဧတေဟီတိ ဝိဟာရာ။ ဗြဟ္မာနံ+ဝိဟာရာ ဗြဟ္မဝိဟာရာ။

၂။ ဗြဟ္မာနှင့် တူသော ယောဂီ ပုဂ္ဂိုလ်တို့၏ နေကြောင်း မေတ္တာစသော တရားတို့နှင့် ဌာန+ဌာနီ, နိဿယ+နိဿိတ....စပ်....။

၄။ ဗြဟ္မဝိဟာရ တရားတို့၏ တစ်ခုသည်....ပ....။

[မှတ်ချက်။ ။နိဿယသစ်-တ-၅၇-၌ ဤကဲ့သို့ အထက်ပါအတိုင်း ဝိဂ္ဂဟပြုသည်။ အာဘော် စာအုပ်တို့၌ကား ''ဗြဟ္မသမာဝ ဟုတွာ ဝိဟရန္တိ-ကို ထောက်၍-ဗြဟ္မာနော ဝိယာတိ ဗြဟ္မာနော။ ဝိဟရန္တိတိ ဝိဟာရာ။ ဗြဟ္မာနော+ဟုတွာ+ဝိဟာရာ ဗြဟ္မဝိဟာရာ'' ဟူ၏။]

## လိင်စသည် စိစစ်ပုံ

စတဿော-ဣတ္ထိလိင်၊ သင်္ချာနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သင်္ချာနာမပဒ။ ဗြဟ္မာနော-ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အ ကာရန္တ၊ နာမ်ပုဒ်။ ယောဂိနော-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ နာမပဒ။

## အာဘော်, သံဝဏ္ဏနာ

(င) ဝါကျ။ စ-ဖြင့် အဖြေတစ်မျိုးကို ထွန်းပြသော ပက္ခန္တရတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) ယထာ....ပ....ဝေဖြင့် နှိုင်းယှဉ် ကြောင်း ဥပမာနအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) ဧတေဟိ သမ္ပယုတ္တာဖြင့် ယုဥ္ဇန္တီတိ ယောဂိနော-ဟု ဝစနတ္ထပြု၍ ယောဂီအရ မေတ္တာ စသောတရား

http://www.dhammadownload.com



၄-ပါးနှင့် ယှဉ်သော ပုဂ္ဂိုလ်တို့ကို ယူပါဟု သိစေ၏။ (အဘိဓေယျတ္ထ) ယောဂိနေ့ဖြင့် ဝိဟရန္တိ၏ ကတ္တားကို သိစေ၏။ (ဘာဝတ္ထ) တစ်နည်း-ဧတေဟိ သမ္မ—ယုတ္တာ ယောဂိနေ့ဖြင့် ဥပမာတဒ္ဓိတ်၊ ဖြဟ္မာအရ မေတ္တာစသော တရား ၄-ပါးနှင့် ယှဉ်သော ယောဂီပုဂ္ဂိုလ်တို့ကို ယူပါဟု သိစေ၏။ (အဘိဓေယျတ္ထ) ဖြဟ္မသမာဝ ဟုတ္ဝာ ဝိဟရန္တိဖြင့် ဖြဟ္မဝိဟာရာဥ္-ဖြဟ္မာနေ့ ဝိယာတိ ဖြဟ္မာနေ့ဟု ဥပမာ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (ပစ္စယတ္ထ) ဝိဟရန္တိတိ ဝိဟာရာ၊ တစ်နည်း-ဝိဟရန္တိ ဧတေဟိတိ ဝိဟာရာဟု ကတ္တ၊, ကရဏသာဓ် ဝိဂ္ဂဟပြု၊(ဒု-ပစ္စယတ္ထ) ဖြဟ္မာနေ့ ဟုတ္ဝာ ဝိဟာရာ ဖြဟ္မဝိဟာရာ-ဟု သမ္ဘာဝနာ ကမ္မဓာရည်း သမာသ်ပြု၊ တစ်နည်း-ဖြဟ္မာနံ+ဝိဟာရာ-ဖြဟ္မဝိဟာရာ-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(စ) ဝါကျဖြင့် နိဂုံးကို သိစေ၏။ (ဘာဝတ္ထ) ထိုတွင် သေဋ္ဌဋ္ဌေနဖြင့် ဖြဟ္မသဒ္ဒါ သေဋ္ဌအနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) နိဒ္ဒေါသ ဘာဝေနဖြင့် ဖြဟ္မာသဒ္ဒါ နိဒ္ဒေါသအနက်ဟော၊ (နာမလိင်္ဂတ္ထ) တစ်နည်း-ဖြဟ္မသဒ္ဒါ ဖြဟ္မာ ဟူသော အနက်ကိုပင် ဟော၏။ (နာမလိင်္ဂတ္ထ) ဒေါသ မရှိသောကြောင့် ဖြဟ္မာ တို့နှင့် တူသည်-ဟူသော အဓိပ္ပာယ်၊ (ဘာဝတ္ထ) တစ်နည်း-ဖြဟ္မဝိဟာရ ဟူသည် အပြစ်ဒေါသ မရှိခြင်း သဘောရှိ၏။ (သဘာဝတ္ထ) သိစေ၏။ စ-ဖြင့် အညမည သမုစ္စယ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)

## ဥပသာရပုဒ်, နိပါတ်ပုဂ် အနက်များ

(က) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ စသဒ္ဒါသုံးပုဒ်-ပက္ခန္တရတ္ထ၊ တစ်နည်း-သမုစ္စယတ္ထ၊ ဝါကျာရမ္ဘတ္ထ၊ ဥပန္ယာသတ္ထ၊ ဧွ ဣတိနှစ်ပုဒ်-အာကာရတ္ထ၊ ပဒတ္ထ ဝိပလ္လာသတ္ထ။ နောက်ဆုံး ဣတိ-နိဒဿနတ္ထ၊ ဣဒတ္ထ။ စတသော၀ဠ် ဧဝ-အဝဓာရဏတ္ထ။

၁။ လေးပါးတို့သည် (ဝါ)လေးပါး အတိုင်းအရှည် အပိုင်းအခြားသည် ဂ....။

၂။ ထိုလေးပါးထက် အယုတ်,အလွန်တို့သည် နိ....။
[စတ္တာရောတိ ဂဏနပရိစ္ဆေဒေါ၊ တေန တေသံ ဦနာဓိကဘာဝံ နိဝါရေတိ၊ ဌ-၃၃၆-ကို နည်းမှီ။]

၃။ လေးပါးအပိုင်းအခြားဖြင့် ဟောအပ်သော သတိပဋ္ဌာန် စသည်တို့သည် နု....။

(ဂ) ဝါကျ။ တာဝ-ပဌမတ္ထ။ နိဒ္ဒေါသဥ္ နိသဒ္ဒါ ဣ-အဘာဝတ္ထ။ စေတ္ထဥ္ စ-သမုစ္စယတ္ထ။

(ဃ) ဝါကျ။ ဟိ-ကာရဏတ္ထ (ဝါ) ကာရဏ ပုစ္ဆနတ္ထ။ တစ်နည်း-ဝိတ္ထာရတ္ထ။

(င) ဝါကျ။ ယထာ ပဋိဘာဂတ္ထ။ စ-ပက္ခန္တရတ္ထ၊ ဧဝံ-ပဋိဘာဂတ္ထ။ (ဝါ) ဥပမေယျတ္ထ ဇောတက။ ဖြဟ္မသမာဝဥ္—

http://www.dhammadownload.com



၁။ ပြဟ္မာတို့နှင့် တူသည်၏ အဖြစ်ဟူသော သဒိသဘာဝသည် ဂ....။
၂။ ပြဟ္မာတို့နှင့် မတူသည်၏ အဖြစ်ဟူသော အသဒိသ ဘာဝသည် နိ....။
၃။ ယောဂီပုဂ္ဂိုလ်တို့၏ အခြားသော တူသင့်သော ပုဂ္ဂိုလ်တို့နှင့် တူသည်၏ အဖြစ်သည်၊ ဝါ-ယောဂီမှတစ်ပါး ပြဟ္မာတို့နှင့်တူသော အခြားသောပုဂ္ဂိုလ်တို့သည် နံ....။

(ဓ) ဝါကျ။ ဣတိ-နိဒ္ဒေသနတ္ထ၊ နိဂမနတ္ထ။ စ-သဒ္ဒါ- သမုစ္စယတ္ထ ။

## ကြိယာ ၅-တန်ထုတ်ပုံအမှာ

ဆ-ခ-ဝါကျတို့၌ ဝုစ္စတိပုဒ်တို့ဝယ် ဝစဓာတ်အရ သတိ,ဝီရိယ,ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့ကို ယူ၍,တစ်နည်း-ဒေသနာဉာဏ်ကို ယူ၍ ထုတ်မြဲ။ဝုတ္တံ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ယူ၍ထုတ်မြဲ။ဋ္ဌ-၂၄၀-လာ ဝိသုဒ္ဓိမဂ္ဂါဒိ ဝသာ-စသော ဂါထာ၌ တာ ပဝတ္တန္တိအရ အပ္ပမညာလေးပါး ယူ၍ ထုတ်ပုံ ရှေ့ မေတ္တာစသည် အဖွင့်၌ရှု။

## သိဒ္ဓိရနိုင်ပုံ

(က) ဝါကျ။ စောဒကပုဂ္ဂိုလ်၏ ဤကဲ့သို့သော စောဒနာကို ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိ မည်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဃ) ဝါကျ။ သတ္တေသုအရ သတ္တဝါ ပညတ်သည် သမ္မာပဋိပတ္တိ တေဝိဟာရ တို့အရ ပြဟ္မဝိဟာရတရား လေးပါးတို့အား အာရမ္မဏပြု၏။

တစ်နည်း-သမ္မာပဋိပတ္တိဘာဝေန အရ – သမ္မာပဋိပတ္တိတရားသည်၊ ဝါ-မေတ္တာ (အဒေါသ) စသော စေတသိက် လေးပါးသည်-တေဝိဟာရအရ ပြဟ္မဝိဟာရ သမ္ပယုတ် စိတ္တုပ္ပါဒ်အား ယထာရဟ-ဟေ-သဟ-ည-နိ-သံ-တ္တိ-အဝိ (၇) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

## ဋ္ဌ-၂၄၀-လာ အခြားဝါကျများ

ယထာ ပန ကသိဏာနံ နိဿန္ဒော အာရုပ္ပါ။
ကသိဏာနံအရ ရူပါဝစရ ကသိုဏ်းစျာန်တို့သည် နိဿန္ဒောအရ အရူပစျာန်တို့အား ပကတူ–ပြု၏။

သမာဓိနံ နိဿန္ဒော နေဝသညာ နာသညာယတနံ။

သ.. ဓိနံအရ ရူပစျာန်သမာဓိ, အောက်အရူပစျာန်သမာဓိတို့သည် နိဿန္ဒောအရ နေဝ.. ညာ.နာသညာယတနစျာန်အား ပကတူ....ပြု၏။

http://www.dhammadownload.com



ဝိပါကာနုဘာန် နိဿာနန္တော ဖလသမာပတ္တိ။

ဝိပဿနာနံအရ-ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာဖြစ်သော မဟာကုသိုလ်, မဟာကိရိယာ စိတ္တုပ္ပါဒ်သည် ဖလသမာပတ္တိအရ ဖိုလ်လေးခု စိတ္တုပ္ပါဒ်အား ပကတူ...ပြု၏။ ဘာဝနည်း—ဝိပဿနာနံအမှ ဖလသမာပတ္တိဝီထိ၌ အနုလုံ ကိစ္စတတ်သော မဟာကုသိုလ်, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဖလသမာပတ္တိအရ ဖိုလ်လေးခု စိတ္တုပ္ပါဒ်အား အနန္တရ....ပြု၏။ ပြိုင်-အနံ-သမာနံ-ဥပ-နတ္ထိ-ဝိဂတ(၅)။

ပုရိမ ဗြဟ္မဝိဟာရ တယဿ နိဿာနန္တော ဥပေက္ခာ ဗြဟ္မဝိဟာရော။ ပုရိမ ဗြဟ္မဝိဟာရတယဿအရ-မေတ္တာ, ကရုဏာ, မုဒိတာတို့သည် နိဿနန္တောအရ ဥပေက္ခာ ဗြဟ္မဝိဟာရအား ပကတူ—ပြု၏။

....❀....

http://www.dhammadownload.com

# ၁၃၈–ဥဒ္ဒုမာတက အဖွင့်

(က) တတ္ထ ဥဒ္ဒုမာတကသညာ သဟဂတန္တိ အာဒီသု... ပ....ဓုမာတတ္တာ ဥဒ္ဒုမာတံ။

(ခ) ဥဒ္ဒုမာတမေဝ ဥဒ္ဒုမာတကံ။

(ဂ) ပဋိက္ကူလတ္တာ ဝါ ကုစ္ဆိတံ ဥဒ္ဒုမာတန္တိ ဥဒ္ဒုမာတကံ။

(ဃ) တထာရူပဿ ဆဝသရီရဿေတံ အဓိဝစနံ။ [ဋ္ဌ-၂၄၂]

## ဋ္ဌပ်နာ၁ပဉ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, ဆရာသည် ရှေ့ဝါကျဖြင့် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏၊ ...သော်, အဝယဝတ္ထ-အကျယ်ဝိတ္ထာရကို မပြဆို-ဟူသော အနက်အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

တစ်နည်း–ဥဒ္ဓံ ဓုမာတတ္တာကို ရှုတက်သော်, ဆရာ, မြတ်စွာဘုရားသည် ဥဒ္ဒုမာတ ပုဒ်ကို ဟောတော်မူ၏၊....သော်, ထိုဥဒ္ဒုမာတပုဒ်ကို အဗျယီဘောသမာသ် ၇စနတ္ထ စသည် ပြုအပ်သည်-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် ဥဒ္ဒုမာတံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏၊....သော်,ဥဒ္ဒုမာတကံပုဒ်၏ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက် ရာသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် ဥဒ္ဒုမာတက၌ က ပစ္စည်း၏ သောတ္ထ အဖြစ်ကို ပြဆိုတော်မူ၏၊....သော်, က ပစ္စည်းသည် သောတ္ထ၌သာလျှင် ဖြစ်၏ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....ပ....က ပစ္စည်း၏ တစ်ပါးသော ဖြစ်သင့်သောကုစ္ဆိတအနက်ကိုလည်း ပြဆိုသင့်သေး၏။ ဝါ–သောတ္ထမှ တစ်ပါး, ကုစ္ဆိတတ္ထ၌ဖြစ်သော က ပစ္စည်းဟုလည်း ပြဆိုသင့်သေး၏။(ဂဏ္ဍီ-၃၈၈) ....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် ဥဒ္ဒုမာတက ဟူသောပုဒ်၏ ဝစနတ္ထ (အဘိမာနတ္ထ)ကို ပြဆိုတော်မူ၏၊ ထိုသို့ပင် ဆိုငြားသော်လည်း အဘိဓာ-နတ္ထသည် အဘိဓေယျတ္ထနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ ထိုသို့ မကင်း ကောင်းသည် ဖြစ်သောကြောင့် အဘိဓာနတ္ထကိုသာ မဆိုသင့်၊ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ အဘိဓာနတ္ထ၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာမှုပြုလိုသော အဋ္ဌကထာ ဆရာသည် တထာရူပဿ စသည်ကို မိန့်တော်မူ၏။ (အဒေါသာရောပန စောဒနာ တက်တည်း)။

http://www.dhammadownload.com



## ပါပနာဒိကျမ်းတက်

(ခ) ဝါကျ။ ဥဒ္ဒုမှာတကံပုဒ်၏ ဝစနတ္ထကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။(နု ပါ)....ပ....ဥဒ္ဒုမှာတကံပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု ရော)....စသည်။ [အဗျာပိတ ဒေါသတင်။]

## ဒေါသ ပယ်ပုံ

ရှေးအနုသန္ဓေ သခေ်ပဝါကျကို ထောက်လျှင် (က) ဝါကျဖြင့် ပုနရုတ္တိ, ဝိဓေယမိ, အဗျာပိတဒေါသတို့ကို ပယ်၏။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏၊အကြောင်းယုတ္တိကား-ဥဒ္ဒုမှာတ ပုဒ်၏ ဝစနတ္ထကိုသာ ဆို၍ ဥဒ္ဒုမှာတကပုဒ်၏ ဝစနတ္ထကို မဆိုသည်ရှိသော် လိုအပ်သော အနက်အဓိပ္ပာယ် မပျံ့နှံ့ရကား အဗျာပိဘဒေါသ ရောက်သော ကြောင့် ထိုအဗျာပိတဒေါသကို ပယ်ခြင်း အကျိုးငှာ ခ-အမှတ်ပြ သံဝဏ္ဏနာ ဝါကျကို ဆိုပါသည်။

တစ်နည်း-ခ-ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့်တည်း။

တစ်နည်း-ခ-ဝါကျသည် ဥဒ္ဒုမှာတကပုဒ်၏ ဝစနတ္ထကိုလည်း ပြလိုက်သဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သွားသောကြောင့်တည်း။

(ဂ) ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အတိဗျာပိတ ဒေါသကို ပယ်၏။ အကြောင်းယုတ္တိကား-ဝစနတ္ထ (အဘိဓာနတ္ထ) ကိုသာ ဆို၍ အဘိဓေယျတ္ထကို မဆိုသည်ရှိသော် ဥဒ္ဒုမှာတက သာမညဖြစ်နေ၍ အလွန်ပျံ့နှံ့နေရကား အတိဗျာပိဘဒေါသ ရောက်သောကြောင့် ထိုအတိဗျာပိတဒေါသကို ပယ်ခြင်းအကျိုးငှာ ဃ-ဝါကျကို ဆိုသည်။

အချုပ်မှာ- အဘိဓေယျတ္ထကိုလည်း ဆိုလိုက်သဖြင့် ဥဒ္ဒုမှာတကသာမည၌ အလွန် မပျံ့နှံ့သောကြောင့်တည်း။

ဝါသဒ္ဒါလဲပုံ။ ဂ-ဝါကျ။ ဥဒ္ဒုမှာတက၌ က-ပစ္စည်း၏ သောတ္တ အနက် အကြောင်းမှတစ်ပါး, ကုစ္ဆိတ အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဘသတိ ဒိပ္ပတေ (ဒိဗ္ဗတေ) အဂ္ဂိ ယာယာတိ ဘသ္တာ။ [ဘသဓာတ်+တပစ္စည်း၊ ထွန်းတောက်ပခြင်း ကြိယာခွဲ။ နံပါတ် ၄-ဂ-နီ-ခွဲရာ၌ သားရေအိတ် ဖားဖိုတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်ကို ခွဲလျှင် ပိုကောင်းသည်။] ယောဇနာ၌ကား ဘသ္မံ ကရောတိ အနေနာတိ ဘသ္တာ-(ဘသ္တာ) ဟု ပြုသည် [ဘသဓာတ်+ရက်-ပစ္စည်း၊ တစ်နည်း-တြဏ်ပစ္စည်း၊ ပြာဖြစ်အောင် ပြုခြင်း ကြိယာခွဲ။]

http://www.dhammadownload.com



ဝါယတိ ဝတ္တတီတိ ဝါယု။ (တေန) [ဝါဓာတ်+ဏုပစ္စည်း၊ သွားခြင်း တိုက်ခတ်ခြင်း ကြိယာခွဲ။]

ဇီဝိတဿ+ပဝိယာဒါနာ ဇီဝိတ ပရိယာဒါနာ။

၂။ အသက်၏ ကုန်ရာ ကာလနှင့် ကာလဝန္တ+ကာလ....စပ်....။

၄။ အသက်ကုန်ရာ ကာလတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

(ဃ) ဝါကျ။ ဆဝတိ ဟာယတိ ဃာသုစ္ဆာဒနာဒီဟိ သဒ္ဒါဒိ ဂုဏေဟိ စာတိ ဆဝေါ၊ (ဆု-ဓာတ်+အ-ပစ္စည်း၊ ယုတ်လျော့ခြင်း၊ ယုတ်ညံ့ခြင်းကြိယာ။)ဆဝေါ ဝေ+သရီရံ ဆဝသရီရံ။

၂။ ပုပ်ဟောင်သော ဂုဏ်၏ သူသေကောင်ခန္ဓာကိုယ်နှင့် ဂုဏ်+ဂုဏော....စပ်....

၄။ ပုပ်ဟောင်သော သူသေကောင်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

## လိင်စသည် စိစစ်ပုံ

(က) ဝါကျ။ ဘသ္တာ-ဋ္ဌတ္ထိလိင်၊အဘိဓာန်ဋီကာအလို-နဒါဒိဂိုဏ်း၊တစ်နည်း-နိဿယသစ်အလို-ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတ်နာမ်ပုဒ်။

မှတ်ချက်။ ။ဘသ-ဘာသ ဒိတ္တိသု၊ ဒိဗ္ဗတေ အဂ္ဂိ ယာယ ဘသ္တာ၊ တော။ တြက်မှိ ဘ[သ္တာ။နဒါဒိနော နဒါဒိဂိုဏ်း၏၊ အာဂတိ (အာကတိ) - ဂဏတ္တာ အာဂတိ (အာကတိ) ဂိုဏ်း၏ အဖြစ်ကြောင့်။ ဤ ပစ္စယာ ဘာဝေါ-ဤပစ္စည်း မသက်ရ-ဟူသော အဘိဓာန်ဋီကာ အလို ဘသ္တာကို နဒါဒိဂိုဏ်းဟုပင် ဆိုရမည်၊ နဒါဒိဂိုဏ်းဖြစ်သော် လည်း ဂိုဏ်းစည်းကမ်း ကျိုးပျက်သော ပုဒ်တစ်မျိုးဖြစ်၍ ဤ-ပစ္စည်း မသက် ဟု ဆိုလိုရိပ် ထင်သည်။ နိဿယသစ်-တ-၆၃-၌ကား-နဒါ-ဒိတော ဝါ ဤ-သုတ်က နဒနှင့် တူသော သဒ္ဒါတို့ကို ယူသော အာကတိဂိုဏ်း ဖြစ်သောကြောင့် ထိုဂိုဏ်းတွင် မပါဝင်သော ဘသ္တာ နောင် ဤပစ္စည်း မသက်ရ၊ အာပစ္စည်းသာ သက်ရသည်-ဟု ဆိုရ သည်။ ထို့ပြင်-ရှ-၄၁၂-ဘ[သ္တာ (ဘသ္တာ) တို့၌ ဘာသဓာတ်ဟူ၏]။

ဝါယုနာ-နပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ဥဒ္ဓံ-အလိင်၊ ဏဝိမုတ်၊ နိဂ္ဂဟိဘန္တ၊ နိပါတ်ပုဒ်။ ဓုမာတတ္တာနှင့် ဂ-ဝါကျရှိ-ပဋိက္ကူလတ္တာတို့ကို နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဘာဝတဒ္ဓိတ်ပုဒ်ခွဲ။

## အာဘော်သံဝဏ္ဏနာ

(က) ဝါကျ။ ဘသ္တာဝိယ ဝါယုနာဖြင့် ဥဒ္ဓုမာတဖြစ်ပုံ နှိုင်းယှဉ်ကြောင်း ဥပမာနကို သိစေ၏။ (ဘာဝတ္ထ) ဥဒ္ဓံဖြင့် ဥဒ္ဓုမာတကဲ၌ ဥသဒ္ဒါ ဥဒ္ဓံအနက် ဟောဟု သိစေ၏။ (ဥပသဂ္ဂလိဂ်တ္ထ) ဇီဝိတ ပရိယာဒါနာဖြင့် ဥဒ္ဓံ၏ အပါဒါန်ကို သိစေ၏။ (ဘာဝတ္ထ ယထာ နုက္ကမ်ဖြင့် အသက်ကုန်လျှင်ပင် ချက်တစ်ဖြုတ် (ချက်ခြင်း) ဖူးရောင်ကြွတက်သည် မဟုတ်ပါ၊ ညှီဟောင်ပုပ်သိုးသဖြင့် တစ်စတစ်စ

http://www.dhammadownload.com



ကြွရောင်သည်ဟု သိစေ၏။ (ဘာဝတ္ထ) သမုဂ္ဂတေနဖြင့် ဓုမာတ သဒ္ဒါ ကြွတက် ဖူးရောင်သော အနက်ဟော-ဟု သိစေ၏။ (ဘာဝတ္ထ) သူန ဘာဝေန-ဖြင့် ဓုမာတဟူသည် အသားအရေ ကြည်လင် ဆူဖြိုး တိုးတက်သည် မဟုတ်၊ အကောင်ပုပ်၏ အဖြစ်ဖြင့် ကြွတက်ဖူးရောင်သည်ဟု သိစေ၏။ (ဘာဝတ္ထ) ဓုမာတတ္တာဖြင့် ဓဝတိ ဂစ္ဆတိတိ ဓုမော၊ ဓုမော ဧဝ ဓုမာတံ။ တစ်နည်း-ဓုမာယတိတိ ဓုမာတာ၊ ဓုမာတာ ဝိယာတိ ဓုမာတိ-ဟု ဝစနတ္ထပြုရမည်ကို သိစေ၏။ (အဘိဓာနတ္ထ၊ ဒု-ပစ္စယတ္ထ၊ ပစ္စယတ္ထ)ဥဒ္ဒံ ဓုမာတတ္တာ အပေါင်းဖြင့် ဥဒ္ဓံ+ဓုမာတံ ဥဒ္ဓုမာတံ-ဟု သတ္တမီတပ္ပုရိသ်သမာသ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)

(ခ) ဝါကျ။ ဥဒ္ဓုမာတမေဝဖြင့် ဥဒ္ဓုမာတကံ၌ ဥဒ္ဓုမာတပုဒ်+ကပစ္စည်း၊ ထိုကပစ္စည်း သောတ္ထ (အနက်)၌ သက်၊ (ပစ္စယတ္ထ) ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံ ဟု သောတ္ထ တဒ္ဓိတ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဝါဖြင့် ဝိကပ္ပနတ္ထ, နယန္တရ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ) ပဋိက္ကူလတ္တာဖြင့် ကုစ္ဆိတ၏ အကြောင်းကို သိစေ၏။ (ဘာဝတ္ထ) ကုစ္ဆိတံ ဥဒ္ဓုမာတံဖြင့် ဥဒ္ဓုမာတကံ၌ ကစ္စည်း ကုစ္ဆိတ အနက်ဟော၊ (ပစ္စယတ္ထ) ကုစ္ဆိတံ+ဥဒ္ဓုမာတံ ဥဒ္ဓုမာတကံ-ဟု ကုစ္ဆိတ တဒ္ဓိတ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။

[အမှာ-ဥဒ္ဓုမာတ သူသေကောင်၏ ကုစ္ဆိတဘောဂုဏ်နှင့် ဂုဏော+ဂုဏ်....စပ်....ဗျူ-နိခွဲ။ ဥဒ္ဓုမာတက သူသေကောင်းတို့၏တစ်ခုသည်....ပ....ဇာတ်သည်....ပ....နိ-ခွဲ။]

(ဃ) ဝါကျဖြင့် ဥဒ္ဓုမာတကအရ ဆိုအပ်ပြီးသော သဘောရှိသော ပုပ်ပေါင်သော သူသေကောင်ကို ယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) ဥဒ္ဓုမာတက သဒ္ဒါ၏ ကေဒေသျူပစာအဖြစ် (ဘာဝတ္ထ၊ ၄.ဒ) သိစေ၏။

နိပါတ်ပုဒ်အနက်

(က) ဝါကျ။ ဣတိ-နိဒဿနတ္ထ။ ပဒတ္ထ ဝိပလ္လာသတ္ထ။ ဂိယ=ပဋိဘာဂတ္ထ၊ ဥဒ္ဓံ ဥပရိအနက်ဟော။ ယထာ-အနုတိက္ကမနတ္ထ၊ တစ်နည်း-ဝိစ္ဆတ္ထ။

(ခ) ဝါကျ။ ဧဝ-အဝဓာရဏတ္ထ။

၁။ သောတ္ထတဒ္ဓိတ်သည်၊ ဝါ-ဥဒ္ဓုမာတပုဒ်၏ အနက်သည် ဂ....။
၂။ နိယုတ္တ စသော တဒ္ဓိတ်သည်၊ ဝါ-ကပစ္စည်းအတွက် အနက် သီးခြားရှိသည်၏ အဖြစ်သည် နိ....။
၃။ ကုစ္ဆိတ တဒ္ဓိတ်သည် နု....။

ကြိယာ ၅-တန်ထုတ်ပုံ

ဥဒ္ဓုမာတကံအရ-
၁။ ဖူးရောင်ကြွတက် ပုပ်ပေါင်သော ဥတုဇ ရုပ်ကလာပ်သည်....။
၂၊ အသက်ကုန်ဆုံးခြင်းသည်....။

http://www.dhammadownload.com



၃။ ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၍ ပထမဈာန်ကို ရခြင်းသည်။
၄။ ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတရားတို့၏ ချွတ်ယွင်းပျက်စီးခြင်းသည်....။
၅။ ပထမဈာန်ဘုံသို့ ရောက်ရခြင်း စသော အကျိုးဆက်တို့သည်....။

## အဓိပ္ပာယ် အဆုံးအဖြတ်

ဤ အသုဘဆယ်ပါး၌ ပထမဈာန်သာ ဖြစ်နိုင်ခြင်းအကြောင်း - မတည်မတ် အလျင်အမြန် အစီးသန်သော ရေအလျဉ်ရှိသောမြစ်၌ ထိုဝါး၏ အစွမ်းဖြင့်သာလျှင် လှေသည် တည်ရသကဲ့သို့ ထိုးဝါးနှင့်ကင်း၍ တည်ခြင်းငှာ မတတ်နိုင်သကဲ့သို့ ထို့အတူ အာရုံအားနည်းသောကြောင့် ဝိတက်၏ အစွမ်းအားဖြင့်သာလျှင် စိတ်သည် တည်ကြည်သည်ဖြစ်၍ တည်ရ၏၊ ဝိတက်နှင့်ကင်း၍ မိမိသဘောအားဖြင့် စိတ်သည် တည်ခြင်းငှာ မတတ်နိုင်၊ ထို့ကြောင့်- ဤအသုဘဆယ်ပါးတို့၌ ဝိတက်နှင့်တကွဖြစ်သော ပဌမဈာန်သာ ဖြစ်သည်၊ ဝိတက်ကင်းသော ဒုတိယဈာန် စသည်တို့ မဖြစ်နိုင်ကုန်။ [ဋ္ဌ-၂၄၄]

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဥဒ္ဓုမာတက အရ-သူသေကောင်ဟူသော ဥဒ္ဓုမာတကနိမိတ် အာရုံသည် သညာအရ-သညာစေတသိက်အား (ဝါ)သညာပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ....ပြု၏။ ဥဒ္ဓုမာတက သညာအရ-သညာစေတသိက်သည် သဟဂတ် အရ ထိုသညာနှင့်တကွ ဖြစ်သော ပထမဈာန်အား (ဝါ) ပထမဈာန် စိတ္တုပ္ပါဒ်အား သဟ....ပြု၏၊ ပြိုင်-သဟ-ည-နိ-သံ-ဝိ-ထိ-အဝိ (၆)။

ဝိဝိဓကာရေန....ပ....ဝိက္ခာယိတံ[ဋ္ဌ-၂၄၂]၌ ခါယိတံဝယ် ဗာဟုလ္လ တပစ္စည်း အရ၊ (ဝါ) ခါယိတံ ပုဒ်လုံးအရ မတသရီရသည် အန္တတ္ထ ခါဒဓာတ်အရ ခွေး, မြေခွေးတို့သန္တာန်၌ဖြစ်သော လောဘသဟဂုတ် စိတ္တုပ္ပါဒ်အား အာ-ဓိ-ဥပ-ပု-ထိ-အဝိ(၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကာကပဒါကာရေန ပစ္စင်္ဂေသု သဏ္ဍန ဟနိတ္တွာ၊ [ဋ္ဌ-၂၄၂]၌ အင်္ဂ ပစ္စင်္ဂေသုအရ အသတ်ခံရသူ၏ အင်္ဂါကြီးငယ်သည် ဟနိတွာ၌ အန္တတ္ထဟနဓာတ်အရ ဒေါသမူစိတ္တုပ္ပါဒ်အား အာ-ပု-ထိ-အဝိ(၄) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

သတ္ထေနအရ ဓားလက်နက်သည် ဟနိတွာ၌ အန္တတ္ထ ဟနဓာတ်အရ ဒေါသမူ စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။

[ဤမှနောက်၌ ဂန္ထဂရုဒေါသ ပယ်ရှားခြင်းငှာ ပုစ္ဆာ, ဝိဿဇ္ဇနာ စသည်ဖြင့် အကျဉ်းကိုသာ ရေးတောအံ့၊ အကျယ်ကိုကား ရှေး၌ဆိုအပ်ပြီးသည် တို့ကို နည်းမှီ၍ သိကြပါကုန်။]

☆ ☆ ☆

http://www.dhammadownload.com



# အရူပါဝစရ ကုသလ

## ၁၃၉–အရူပပ္ပဝတ္တိယာအဖွင့်

(က) ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ အရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ...

(ဂ) ဓမ္မာ ကုသလာ ... ဗုဒ္ဓါနံ အရူပါဝစရ ကုသလံ ဒသေတုံ...ပ...အာရဒ္ဓံ။

(ခ) တတ္ထ အရူပူပပတ္တိယာတိအရူပဘဝေ ါ အရူပံ၊အရူပေ ဥပပတ္တိအရူပူပပတ္တိ

(ဂ) တဿာ အရူပူပပတ္တိယာ။

(ဃ) မဂ္ဂံ ဘာဝေတီကိ ဥပါယံ ဟေတုံ ကာရဏံ ဥပ္ပါဒေတိ ဝဍ္ဎေတိ။

(င) သဗ္ဗသောတိ သဗ္ဗာကာရေန။

(စ) သဗ္ဗာသံ ဝါ အနဝသေသာနန္တိ အတ္ထော။ [ဋ္ဌ-၂၄၅]

အမှာ။ ။(က) ဝါကျ အနက်နှင့် ကျမ်းတက် [ခ] ဝါကျ ကျမ်းတက်များမှာ ရူပူပပတ္တိယာ မဂ္ဂံအဖွင့် က–ခ–ဝါကျနည်းမှီသိ။ [က] ဝါကျကို အနက်ပေးရာ၌–ဇဝံ ကတမေ ဓမ္မာ ကုသလာတိအာဒိနာ ရူပါဝစရကုသလံ ဒဿေတွာ–ဟု ပုဗ္ဗာနုသန္ဓေ ထည့်ပေးနိုင်သည်။

၁။ င-စ-ဝါကျတို့ကိုရှု၍ သဗ္ဗသော-ဟူသော ပါဠိတော် သံဝဏ္ဏေတဗ္ဗပုဒ်ကို အနက်သွမ္မန်ပြီးလျှင်၊ အတ္ထော သမ္ဗန်ထည့်၍ စ-ဝါကျကို အနက်သမ္ဗန်ပါ။

၂။ ဂ-ဝါကျကို ဌပနာပဋ္ဌက စောဒနာတက်ပြီးလျှင်၊ စ-ဝါကျကို အနုလောမ ပါပနာဒိ ကျမ်းရိုးငါးချက် တက်ပြပါ။

၃။ အထက်ပါ က–စသော ဝါကျတို့ဖြင့် ပယ်အပ်သောဒေါသတို့ကို ဖော်ပြ ပြီးလျှင် စ-ဝါကျ၌ ဝါသဒ္ဒါလဲပုံကိုလည်း ဖော်ပြပါ။

၄။ ဃ-ဝါကျ၌ ဟေတုံ, ကာရဏံတို့ကို အသီးသီး ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိ စတုက္ကခွဲပြပါ။

၅။ ဥပပတ္တိ ဟေတုံ သဗ္ဗသောပုဒ်တို့၏ လိင်, ဂဏ, အန္တ ပ-တို့ကို စိစစ်ပြဆိုပါ။

၆။ အထက်ပါ က-စသောဝါကျတို့၌ အဋ္ဌကထာဆရာ၏ အဘောဂနှင့် သံဝဏ္ဏနာများကို ဖော်ပြပါ။

၇။ တတ္ထ၌ တ-၏စွဲရာအနက်နှင့် ဝိသယနာမည်ကို ဖော်ပြပြီးလျှင်, သဗ္ဗသောတိ၌ ဣတိသဒ္ဒါ။ အနဝသေသာနန္တိ၌ အန (န) အဝ, ဣတိသဒ္ဒါတို့၏ အနက် တို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၈။ အရူပါဝစရ ကုသလ်ပုဒ်နှင့် အရူပူပပတ္တိယာဥ္ဍ ဥပပတ္တိပုဒ်အရတို့ကို ကိုယ်ပြု၍ ဒဿနတ္ထစသော ကြိယာငါးတန် ထုတ်ပြပါ။

၉။ ၎-အမှတ်ပြ ဝါကျ၌ သဗ္ဗာဟုဘာဝရေနေ့၏ သရုပ်အရကောက်ကို ဖော်ပြပါ။

၁၀။ အာရဒ္ဓံ၌ အန္တတ္ထအရဖြစ်သော တရားက၊ ဗာဟျတ္ထနှင့် ထို အာရဒ္ဓံ၏ ကံပုဒ်အရဖြစ်သော တရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ထုတ်ပြပါ။

## အဖြေ ဝိသဇ္ဇနာ

၁။ သဗ္ဗသော—အလုံးသော အခြင်းအရာအားဖြင့်၊ ဝါ-ကြွင်းမဲ့ဥဿုံ အလုံးစုံ ကုန်သော။

(စ) ဝါကျ။ ဝါ-တစ်နည်းကား၊ သဗ္ဗာသံ အနဝသေသာနံ-အကြွင်းမရှိကုန် အောင်စုံကုန်သော၊ ဣတိ အယံ-ဤသည်ကား၊ သဗ္ဗသောတိ ပဒဿ-သဗ္ဗသော ဟူသောပုဒ်၏၊ ဝါ-သဗ္ဗာသန္တိပဒဿ၏။ အတ္ထော-တည်း။

၂။ ဂ-ဝါကျ။ အရှင် အဋ္ဌကထာဆရာ (အာလုပ်) ဆရာသည် (ကတ္တား) ခ—ဝါကျဖြင့် အရူပူပပတ္တိ ဟု ပဒါဝမိကန္တ-ပထမာဝိဘတျန္တအားဖြင့် ဖွင့်ပြတော်မူ၏။ (ဋ္ဌပနာ) ဤသို့ ဖွင့်ပြချေသော် (ဒေါသာပေက္ခလက္ခဏာ) ဆရာ ဖွင့်ပြသကဲ့သို့ ပါဠိတော်၌ ပထမာဝိဘတျန္တအားဖြင့်ပင် ဟော၏-ဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (အာဘောဂ) ထိုသို့ ရောက်ရာလေ သောကြောင့် (အာဘောဂဟေတု), အရူပူပပတ္တိ ဟု ပဒါဝမိကန္တ-ပထမာ ဝိဘတျန္တအားဖြင့်သာ မဖွင့်ပြသင့် (ဋ္ဌပနာပဋိက္ခေပ) ပါဠိတော်၌ရှိရင်းစွဲအတိုင်း ဆဋ္ဌီဝိဘတျန္တအားဖြင့်လည်း ဖွင့်ပြသင့်သေး၏။ (အနွယ, အနုညာတအနွယ စောဒနာ) ပါဠိတော်၌ ပထမန္တအားဖြင့် မဟောဘဲ ပထမန္တအားဖြင့် ဖွင့်ပြချေ သော် ဆရာအား သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက် ရာ၏။ (ဒေါသာရောပန စောဒနာ) ပါဠိတော်၌ ရှိရင်းစွဲ ဝိဘတျန္တကား အဘယ် ပါနည်း။ (ပုစ္ဆာ) ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ထိုစောဒနာကို သော— ဓနာမှု ပြုလိုသော အဋ္ဌကထာ ဆရာသည် ဂ-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား— ဂ-ဝါကျဖြင့် ပဒါဝမိကန္တအားဖြင့် ပထမာဝိဘတျန္တရှိသော်လည်း ဝါကျာ— ဝမိကန္တအားဖြင့် ပါဠိတော်၌ အရူပူပပတ္တိယာ ဟု ဆဋ္ဌီဝိဘတျန္တအားဖြင့် ရှိသည် ကို ပြဆိုသောကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ ဆရာအား မရောက်ဟူလို။ [ဝိဘာဘျန်ခံ ကျမ်းတက်။]

http://www.dhammadownload.com



(စ) ဝါကျ။ ဆရာ, ဆရာသည် ငံ-ဝါကျဖြင့် သဗ္ဗသော ပုဒ်၏ သဗ္ဗနာမ်ပုဒ် အဖွင့်ကို ဖွင့်ပြတော်မူ၏၊ (ဠပနာ), ဤသို့ ဖွင့်ပြချေသော် (ဏ) သဗ္ဗသော ပုဒ်သည် သဗ္ဗနာမ်ပုဒ်သာလျှင် ဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (အနုလောမပါပနာ), စင်စစ်သော်ကား သဗ္ဗသော ပုဒ်သည် သဗ္ဗနာမ်ပုဒ်သာ လျှင် ဖြစ်၏ဟူသော အနက်သည် မရောက်သင့် (ပဋိလောမပါပနာ) ကိုသို့မရောက် သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်) သဗ္ဗသော ပုဒ်၏ တစ်ပါးသော ဖြစ်သင့်သော ပုဒ်အဖြစ်ကိုလည်း၊ ဝါ-နိပါတ်ပုဒ်အဖြစ်ကိုလည်း ပြဆိုသင့်သေး၏ (အနုလောမ ရောပနာ) သဗ္ဗသော ပုဒ်၏ တစ်ပါးသော ဖြစ်သင့်သော ပုဒ်အဖြစ်ကို၊ ဝါ-နိပါတ်ပုဒ်အဖြစ်ကို မပြဆိုဘဲ မမနေသင့်၊ (ပဋိလောမရောပနာ) မနေသင့်ဘဲ နေချေသော် ဆရာ့အား အလုံးစုံ မပျံ့နှံ့ခြင်းဟူသော အဗျာပိတဒေါသ သင့်ရောက် ရာ၏။ (ဒေါသာရောပန စောဒနာ) သဗ္ဗသော ပုဒ်၏ တစ်ပါးသော ဖြစ်သင့် သော ပုဒ်အဖြစ်ကား၊ ဝါ-နိပါတ်ပုဒ်အဖြစ်ကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် စ-ဝါကျကို မိန့်။ အဓိပ္ပာယ်ကား-စ-ဝါကျ ဖြင့် သဗ္ဗသော ပုဒ်၏ တစ်ပါးသော ဖြစ်သင့်သော နိပါတ်ပုဒ်အဖြစ်ကိုလည်း၊ ဝါ-အဗျယ-တဒ္ဓိတ်ပုဒ် အဖြစ်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင် သော အဗျာပိတဒေါသ ဆရာအား မရောက် ဟူလို။

၃-က-ဝါကျဖြင့် ပုနရုတ္တိဒေါသ၊ တစ်နည်း-အဗျာပိတ နိရတ္ထကဒေါသတို့ကို ပယ်၏။ ခ-ဝါကျဖြင့် ဝိရောဓိ, ပုနရုတ္တိ, အဗျာပိတ ဒေါသတို့ကို ပယ်၏။ ဂ-ဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်၏၊ ဃ-င-စ-ဝါကျတို့ဖြင့် အသီးအသီး အဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲပုံ- သဗ္ဗသော၏ သဗ္ဗနာမသဒ္ဒါ အာကာရအနက် ဟူသော အကြောင်းမှတစ်ပါး,နိပါတပဒ, အနဝသေသ အနက်ဟူသော အကြောင်းတစ်ပါး ကို လဲလှယ်လိုသောကြောင့် စ- ဝါကျ၌ ဝါသဒ္ဒါထားပါသည်။

၄- ဟိနောတိ ပတိဋ္ဌာတိ ဖလမေတ္ထာတိ ဟေတု။
ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။ (တံ ဟေတုံ)

၁။ ဟိနောတိ ပတိဋ္ဌာတိ ဖလမေတ္ထာတိဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ မည်၏။

၂။ ဟိ-ဟူသော, နော-ဟူသော, တိ-ဟူသော, အစိတ် အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော တည်ခြင်း ကြိယာသည် ဗျုပ္ပတ္တိ နိမိတ်မည်၏။

၃။ ဟေတု-ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ထို ဟေတု-ဟူသော နိပ္ဖန္နသဒ္ဒါ, အပေါင်း ပညတ္တိသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော တည်ခြင်း ကြိယာသည်၊ ဝါ-အကြောင်း ဟိတ်တို့၏

http://www.dhammadownload.com



တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာ ဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိ နိမိတ်မည်၏။ [ဘေဒစိန္တာဒီပနီနည်း]

ကရောတိ အတ္တနော ဖလန္တိ ကာရကံ။

၁။ ကာ-ဟူသော, ရ ဟူသော, ဏံ-ဟူသော အစိတ် အစိတ် ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကရဓာတ်+ယုပစ္စည်း, ပြုခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ကာရကံဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပြုခြင်းကြိယာသည်။

ဝါ-အကြောင်းကာရကတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်မည်၏။

[အဘိဓာန်ဋီကာနည်း]

-- ဥပပတ္တိကား -- ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတ်နာမ်ပုဒ်။ ဟေတုံကား-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း။ ဥကာရန္တ၊ နာမ်ပုဒ်။ သဗ္ဗသောကာ- (င-ဝါကျအလို) ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း၊ အ ကာရန္တ၊ သဗ္ဗနာမပဒ၊ တစ်နည်း-(စ-ဝါကျအလို) အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတ်ပုဒ်၊ ဝါ-အဗျယတဒ္ဓိတ်ပုဒ်၊ . စ-ဝါကျရှိ ပုဒ်တို့ကို ခွဲသော်-

သဗ္ဗာသံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း၊ အာကာရန္တ၊ သဗ္ဗ နာမ ပဒ။

ဝါ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ၊

အနဝသေသာနံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ သမာသပဒ။ (တစ်နည်း)အဓိအကျခွဲသော်-အန(န)အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ-နိပါတပဒ၊ အဝ-အလိင်၊ အကာရန္တ၊ ဥပသဂ္ဂပဒ။

သေသာနံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ။

ဣတိ-အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ၊

ဏတ္ထော-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ နာမပဒ။

၆-က အမှတ်ပြ သံဝဏ္ဏနာပါဠိဖြင့် အနုသန္ဓေ ကျမ်းတက်ပြသည်၏ အဖြစ်ကို သိစေ၏။ ဘာဝတ္ထ သံဝဏ္ဏနာ။

(ခ) ဝါကျ။ တတ္ထဖြင့် ဝိတ္ထာရအဓိပ္ပါယ်စကားအဖြစ်ကို သိစေ၏။ ဘာဝတ္ထ သံဝဏ္ဏနာ။ အရူပဘာဝေါဖြင့် ဘဝတိ ဝေတ္တာတိ ဘာဝေါဟု ဝိဂ္ဂဟပြု၍ အရူပသာ+ဘာဝေါ အရူပ၊ အရူပ်၌ ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်အဖြစ်ကို လည်းကောင်း, ဘဝဟူသော နောက်ပုဒ်ကျေနေသည် အဖြစ်ကို လည်းကောင်း၊

http://www.dhammadownload.com



အရှုပအရ အရှုပဘာဝ ယူရမည် အဖြစ်ကိုလည်းကောင်း သိစေ၏။ သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ၊ နေယျတ္ထသံဝဏ္ဏနာ။ အဘိဓေယျတ္ထသံဝဏ္ဏနာ။ အရှုပေ ဥပပတ္တိဖြင့် အရှုပ္ပုပပတ္တိကို အရှုပ+ဥပပတ္တိဟု ပုဒ်ဖြတ်ရမည်အဖြစ်ကို လည်းကောင်း၊ အရှုပေ+ ဥပပတ္တိ အရှုပ္ပုပပတ္တိဟု သတ္တမီကပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်အဖြစ်ကို လည်းကောင်း သိစေ၏။ သန္ဓိ လိင်္ဂပဒ သံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျဖြင့် ပဒါဝဓိကန္တအားဖြင့် ပထမာဝိဘတျန္တ ရှိသော်လည်း ဝါကျာဝဓိကန္တအားဖြင့် ဆဋ္ဌီဝိဘတျန္တဖြင့် ရှိရမည်ကို သိစေ၏။ ဝိဘတ္တိပဒ သံဝဏ္ဏနာ၊ ဘာဝတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ။ ဥပါယဖြင့် မဂ္ဂအရ ပကတိလမ်းခရီးစသည်ကို မယူရ၊ အရှုပဘုံ၌ ဖြစ်ခြင်းအကြောင်းကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) တစ်နည်း ဥပါယဖြင့် မဂ္ဂံ၌ မဂ္ဂတိတိ မဂ္ဂေါ-ဟု ကတ္တုသာဓ်ပြု၍ မဂ္ဂသဒ္ဒါ လမ်းခရီးစသော အနက်ကို မဟော၊ အကြောင်းအနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ)

ဟေတုဖြင့် ဥပါယသဒ္ဒါ ဝိသေသနစသော အနက်ကိုမဟော၊ အကြောင်း ဟေတုအနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) ကာရဏံဖြင့် ဟေတုသဒ္ဒါ အရင်းမူလ စသော အနက်ကို မဟော၊ အကြောင်းကာရဏ အနက်ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ၊ အဘိဓေယျတ္ထ) ဥပ္ပါဒေတိဖြင့် ဘာဝေတိ၌ ဘူဓာတ်သည် ပတ္တိစသော အနက်ကိုမဟော၊ ဥပ္ပါဒနအနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ)

ဝဍ္ဎေတိဖြင့် ထိုဘူဓာတ်သည် ဝဍ္ဎုအနက်ကိုဟောသည်ဟု သိစေ၏။ (ဓာတွတ္ထ)

(င) ဝါကျ။ သဗ္ဗာကာရေနဖြင့် သဗ္ဗသော ပုဒ်သည် နိပါတ်ပုဒ်မဟုတ်၊ သဗ္ဗနာမ်ပုဒ်အဖြစ်ကိုလည်းကောင်း၊ (သဗ္ဗနာမလိင်္ဂပဒ) သဗ္ဗသဒ္ဒါ၏ အာကာရ အနက်ဟောသည်အဖြစ်ကို လည်းကောင်း (သဗ္ဗနာမလိင်္ဂတ္ထ) သော သည် သ္မာဝိဘတ်၏ ကာရိယမဟုတ်၊ နာဝိဘတ်၏ ကာရိယအဖြစ်ကိုလည်းကောင်း (ဝိဘတ္တိပဒ) သိစေ၏။

(စ) ဝါကျ။ ဝါဖြင့် အတ္ထန္တရဝိကပ္ပနတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ), သဗ္ဗာသံဖြင့် သဗ္ဗသော ပုဒ်သည် သဗ္ဗနာမ်ပုဒ် မဟုတ်၊ နိပါတ်ပုဒ်ဖြစ်သည်ကိုလည်းကောင်း၊ (နိပါတလိင်္ဂပဒ) သဗ္ဗသောနောင် နံဝိဘတ်ကျေသည်၏အဖြစ်ကို လည်းကောင်း (ဝိဘတ္တိပဒ) သိစေ၏။ အနဝ- သေသာနံဖြင့် သဗ္ဗသော၌ သဗ္ဗသဒ္ဒါသည် သာဝသေသသဗ္ဗ မဟုတ်၊ အနဝသေသ သဗ္ဗဖြစ်၍ အကြွင်းမရှိ အနဝသေသ အနက်ဟောဟု သိစေ၏ (နာမလိင်္ဂတ္ထ၊ နိပါတလိင်္ဂတ္ထ)

http://www.dhammadownload.com



၇-တတ္ထ၌ တသည် ကာမေ ဓမ္မာ ကုသလာ အစရှိသော စကားကို စွဲပါသည်။ ဝိသယနာမည်ကား-ဆိုအပ်ပြီးသော ကာမေ ဓမ္မာ ကုသလာ အစရှိသော စကားဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

သဗ္ဗသောတိ၌ ဣတိသဒ္ဒါ၏ အနက်ကား—ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။ အန(န)သဒ္ဒါ၏ အနက်ကား ဝိရဟတ္ထ၊ အဘာဝတ္ထ၊ ပဋိသေဓတ္ထ၊ အဝသဒ္ဒါ ဓာတွတ္ထာနုဝတ္တက။ ဣဘိသဒ္ဒါ—ဣဒံအနက် (အယံအနက်) ဟော ဖြစ်ပါသည်။

၈—အရူပါဝစရကုသလ်အရ—

၁။ အရူပါဝစရကုသိုလ်သည် ....ဒဿတ္တ
၂။ ဂေါတြဘူသည် ....ဒီပကတ္တ
၃။ အရူပါဝစရ ဈာနသမာပတ္တိသုခသည် ....ပကာသနတ္တ
၄။ ပရိကံ, ဥပစာ အနုလုံ စသည်တို့ယည် ....ဝိဘာဝတ္တ
၅။ အရူပဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်
ဆက်တို့သည် ....အနုဘာဝတ္တ

အရူပူပပတ္တိယာ၌ ဥပပတ္တိအရ

၁။ အရူပ ပဋိသန္ဓေသည် ....ဒဿနတ္တ
၂။ ကာမေတိဟိတ်စုတိသည် ....ဒီပကတ္တ
၃။ ဘဝင်စသော စိတ္တုပ္ပါဒ်သည် ....ပကာသနတ္တ
၄။ အရူပဈာန်ကို ရခြင်းသည် ....ဝိဘာဝတ္တ
၅။ အရူပဘုံ၌ အရူပဈာနသမာပတ္တ် သုခတို့ကို ခံစားခြင်း
စသည်တို့သည် ....အနုဘာဝတ္တ

၉။ ရုပ်-ဟူသော အကြောင်းကြောင့် တတ်-လုံတံကိုစွဲကိုင်ခြင်း၏ ဖြစ်သင့်ခြင်းကို မြင်ခြင်းအစရှိသော အလုံးစုံသော ရုပ်တရား, ပထဝီကသိုဏ်း အစရှိသော ရုပ်နိမိတ်တို့၌ လည်းကောင်း, ထိုရူပ, ရူပနိမိတ်လျှင် အာရုံရှိသော ဈာန်တို့၌ လည်းကောင်း အပြစ်ကိုမြင်ခြင်း-ဟူသော အခြင်းအရာသည်။

တစ်နည်း—ရူပ, ရူပနိမိတ်, တဒါရမ္မဏဈာန်တို့၌ တပ်ခြင်းကို ပယ်ခြင်း, ဆင်ခြင်ခြင်း, ဝင်စားခြင်းငှာ အလိုမရှိအပ်သည်၏ အဖြစ်အစရှိသော အခြင်းအရာသည် သဗ္ဗာကာရေန၏ သရုပ်အရကောက် ဖြစ်ပါသည်။ [ဋီ-၁၀၈]

၁၀။ အာရုဒ္ဓိ၌ အန္တတ္ထဖြစ်သော အာယုဗ္ဗ+ရဘာခေတ်အရ ဒေသနာဉာဏ် ပစ္စည်းကရုသည်-ဗာဟျတ္တတပစ္စည်းနှင့် ကတမေ ဓမ္မာ ကုသလာတိအာဒိ-ဟူသော ကံပုဒ်ကိုအရ ကာမေ ဓမ္မာ ကုသလာ အစရှိသော ပစီဘေဒ သဒ္ဒရုပ် ပစ္စယုပ္ပန်

http://www.dhammadownload.com



ဘယုးအား ဟေတု, အဓိပတိ, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။ (၉)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

[မှတ်ချက်။ ။ဿ–အမှတ်ပြဝါကျဝယ် မဂ္ဂံ ဘာဝေတိ ဟူသော သံဝဏ္ဏေတဗ္ဗနွှ လည်းကောင်း, ဥပါယံ ဟေတုံ ကာရဏံ ဥပ္ပါဒေတိ ဝဍ္ဎေတိ–ဟူသော သံဝဏ္ဏနာဉ္ဇလည်းကောင်း, မဂ္ဂံ–ဥပါယံ ဟေတုံ ကာရဏံ–အရ အရူပ ကုသိုလ်စေတနာ ပစ္စည်းတရားသည် အရူပပ ပတ္တိအရ အရူပဝိပါက် နာမက္ခန္ဓာအား နာနာက္ခဏိက ကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်နိုင်သောပစ္စည်းများကား–နာနာက္ခဏိက ၊ ကမ္မ, ပကတူပနိဿယပေါင်း (၂) ပစ္စည်း။

မဂ္ဂံ-ဥပါယံ ဟေတုံ ကာရဏံအရ-စေတနာသမ္ပယုတ္တဓမ္မ ပစ္စည်းယူအံ့-ပကတူပ နိဿယပစ္စယ သတ္တိဖြင့်သာ ကျေးဇူးပြု၏။

ဘာဝေတိ ဥပ္ပါဒေတိ ဝဍ္ဎေတိ-အရ–ကာမာစရကုသိုလ်, ကိရိယာပစ္စည်း တရား သည် မဂ္ဂံ ဥပါယံ ဟေတုံ ကာရဏံအရ စေတနာ, စေတနာသမ္ပယုတ္တ ဓမ္မ (အရူပ-ဈာန်)အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

[ပြိုင်-ယထာရဟ-အနန္တရ, သမနန္တရ,ဥပနိဿယ,အာသေဝ နတ္ထိ,ဝိဂတ(၆)။]

http://www.dhammadownload.com

# ၁၄၀–ရူပသညာနံ အဖွင့်

(က) ရူပသညာနန္တိ သညာသီသေန ဝုတ္တ ရူပါဝစရဇ္ဈာနာနမေ့ဝံ တဒါရမ္မဏာနဥ္စ။

(ခ) ရူပါဝစရဇ္ဈာနမ္ပိ ဟိ...ပ....သုဝဏ္ဏဒုဗ္ဗဏ္ဏာနီတိ အာဒီသု။

(ဂ) တသ္မာ ဣဓ....ပ....အဓိဝစနံ။

(ဃ) ရူပံ သညာ အဿာတိ ရူပသညံ။

(င) ရူပ မဿ နာမန္တိ ဝုတ္တံ ဟောတိ။

(စ) ဧဝံ ပထဝီ ကသိဏာဒိ ဘေဒဿ တဒါရမ္မဏဿ စေတံ အဓိဝစနန္တိ ဝေဒိတဗ္ဗံ။

၁။ တသ္မာအစွဲပေါ်စေလျက် ဂ–အမှတ်ပြဝါကျကိုလည်းကောင်း, ဤအဖွင့်များနှင့်အညီ ရူပသညာနံ-ဟူသော သံဝဏ္ဏေတဗ္ဗ ပါဠိတော်ပုဒ်ကိုလည်းကောင်း အနက်ယောဇနာပါ။

၂။ ဂ-အမှတ်ပြဝါကျကို ဌပနာဒိ ပဋ္ဌကနည်းဖြင့် ပုစ္ဆာကျမ်းတက်ပြပါ။

၃။ အထက်ပါ က-စသော ဝါကျတို့ဖြင့် ပယ်အပ်သောဒေါသတို့ကို ဖော်ပြပါ။

၄။ တဒါရမ္မဏ ဥ အဖွင့်ကိုရှု၍ ရူပသညာပုဒ်ကိုလည်းကောင်း, တဒါရမ္မဏာနံ နှင့် ရူပီ ကိုလည်းကောင်း ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တျာဒိ စတုက္ကသုတ်ပြပါ။

၅။ သညာ, ၊ တသ္မာပုဒ်တို့၏ လိင်-ဂဏ-အန္တ-ပဒတို့ဟု စိစစ်ပြဆိုပါ။

၆။ အထက်ပါ ဟ-စသော ဝါကျတို့၌ အဋ္ဌကထာဆရာတို့၏ အာဘောဂနှင့် သံဝဏ္ဏာအမည်များကို ဖော်ပြပါ။

၇။ တဿ၌ တ-အစွဲနှင့် ဝိဘာယနာမည်ကို ဖော်ပြပြီးလျှင်၊ ခ-အမှတ်ပြဝါကျ၌ ပိ-သဒ္ဒါ, ဟိ-သဒ္ဒါ၊ စ-အမှတ်ပြဝါကျ၌ စ-သဒ္ဒါတို့၏ ဣဓာဓိပ္ပေတတ္ထကို ဖော်ပြပါ။

၈။ စ—အမှတ်ပြဝါကျ ဝေဒိတဗ္ဗံ၌ အန္တတ္ထ ဝိဒဓာတ်အရကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပြီးလျှင်၊ ခ–ဝါကျ၌ ရနိုင်သော သိဒ္ဓိကိုလည်း ဖော်ပြပါ။

၉။ ရူပသညာနံ၌ သညာ၏ လက္ခဏာဒိ စတုက္ကကို ထုတ်ပြပါ။

၁၀။ က-အမှတ်ပြဝါကျ၌ တဒါရမ္မဏာနဥ္စ- အရ၊ ဝါ-အာရမ္မဏအရ တရားသည် ရူပါဝစရဇ္ဈာနာနမေ့ဝ အဝ၊ ဝါ-တဒါရမ္မဏာနဥ္စ၌ တအရ တရားအားမည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍၊ ပြိုင်နိုင်သော ပစ္စည်းများကိုလည်း ရေတွက်ပြပါ။

http://www.dhammadownload.com



## အဖြေဝိသဇ္ဇနာ

၁-(ဂ) ဝါကျ။ တသ္မာ-ထို့ကြောင့် ဥတ္တရပဒလောပ ပုရိမပဒလောပအားဖြင့် ယထာက္ကမ ရူပချာန်, ကသိုဏ်းရုပ်တို့၌ ရူပဝေါဟာရထင်သောကြောင့်၊ ဣစ-ရူပသညာနန္တိဝစနေ-ဤရူပသညာနံ ဟူသော ပါဠိ၌၊ ရူပေ-ရူပချာန်၌၊ သညာ-ထိုချာန်နှင့် တကွဖြစ်သောသညာသည်၊ ရူပသညာ-ရူပသညာမည်၏။ ဣတိဝံ-ဤသို့၊ သညာသီသေန-သညာကို ပဓာနပြုသဖြင့်၊ ဝုတ္တ ရူပါဝစရဈာနဿ-ဟော အပ်သော ရူပါဝစရချာန်၏၊ တေ-ဤရူပသညာ ဟူသော၊ အဓိဝစနံ-အမည်သည်၊ ဟောတိ-၏။

သံဝဏ္ဏေတဗ္ဗအနက်-ရူပသညာနံ-ရူပချာန်၌ဖြစ်သော သညာ, ကသိုဏ်းရုပ် အမည်ရှိသော အာရုံတို့ကို။

၂-ဆရာ (အာ), မြတ်စွာဘုရားသည် (ဘတ်), ပါဠိတော်၌ ရူပသညာနံ (သမတိက္ကမာ)ဟု ဟောတော်မူ၏။ (ဧ) ဤသို့ဟောချေသော်, ဝါ-ဤမျှသာ ပြဆိုချေသော် (ဏာ)။ ရူပသညာကိုသာလွန်၏၊ ချာန်ကို လည်းကောင်း၊ ထိုချာန်၏ အာရုံကိုလည်းကောင်း မလွန်သောကြောင့် ရူပသညာနံ (သမတိက္ကမာ) ဟု ဟောသလော (နိဿယ)၊ ဝါ-ဟောသည်ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (ခဘာ)၊ ထိုသို့ ရောက်ရာလေသောကြောင့် (ဟိတ်)၊ ရူပသညာနံ (သမတိက္ကမာ) ဟုသာ မဆိုသင့် (ဠ-စေ) လွန်သောတရား အလုံးစုံကိုလည်း ပြဆိုသင့်သေး၏ (န္တ)၊ အဘယ်တရားများကို လွန်ပါသနည်း (ပု)၊ ဤသို့ မေးဖွယ် ရှိသောကြောင့် ယိုအမေးကို ဖြေကြားလိုသော အဋ္ဌကထာဆရာသည် ဂ-ဂါကျကို မိန့်။ အဓိပ္ပာယ်ကား-သညာကို ပဓာနနည်းအားဖြင့် ဟောတော်မူခြင်း ဖြစ်၍ ရူပချာန်, ထိုချာန်၏ ကသိုဏ်းအာရုံတို့ကိုလည်း လွန်ပါသည်ဟူလို။

**တစ်နည်းကား**—ဆရာ, မြတ်စွာဘုရားသည် ရူပသညာနံဟု ဟောတော်မူ၏။.... သော်, ရူပသညာအရ ရူပသညာကိုသာယူ၍ ရူပချာန်နှင့် ထိုချာန်၏ အာရုံတို့ကို မယူရဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော ....ပ.... ရူပသညာအရ ဖြစ်သင့်သော တရားအားလုံးတို့ကိုလည်း ပြဆိုသင့်သေး၏ ...စသည်။

၃-(က) ဝါကျဖြင့် ရူပသညာအရ ဖြစ်သင့်သော တရားအားလုံးကို ဖွင့်ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှစ်ပြည့်စုံသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ခ) ဝါကျသည် ကာရဏဝါကျ ဖြစ်ခြင်းကြောင့် (ကာရဏ-ဖလ၊ ဝိရောဓ၊ အဗျာပိတတင်-နှင့်အညီ) ထို ခ-ဝါကျဖြင့် ဝိရောဓိဒေါသ, အဗျာပိတဒေါသ တို့ကို ပယ်၏။

http://www.dhammadownload.com



(ဂ) ဝါကျသည်ဖလဝါကျဖြစ်ခြင်းကြောင့်(လဒ္ဓဂုဏ၊ ကျိုးဖလ၊ နိရုတ္တကတင်နှင့်အညီ) ထို ဂ-ဝါကျဖြင့် နိရုတ္တက ဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် သညာအရ သညာစေတသိက်-ဟူသော အနက်ကို မယူနှင့် နာမည်ဟူသော အနက်ကို ယူပါ-ဟု အလွန်မပျံ့နှံ့အောင် ဖွင့်ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် အဗျာပိတဒေါသ, တစ်နည်း-ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ တို့ကို ပယ်၏။

၄- ရူပ်+သညာ အဿာတိ ရူပသညီ။

၁။ ရူပံ သညာ အဿာတိ ဟူသော ဝိဂ္ဂဟဝါကျသည် ....ဗျုပ္ပတ္တိ။
၂။ ထို၏ အကြောင်းဖြစ်သော ကသိုဏ်းရုပ်-ဟူသော အမည်၏အာရုံနှင့် သညာ+သညီ, ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....ဗျုပ္ပတ္တိနိမိတ်။
၃။ ရူပသညီ-ဟူသော နိပ္ဖန္နပုဒ်သည် ....ပဝတ္တိ။
၄။ ထို၏အကြောင်းဖြစ်သော ကသိုဏ်းရုပ်-ဟူသော အမည်ရှိခြင်းဂုဏ်သည် ...ပဝတ္တိနိမိတ်။

တဿ(ဈာနဿ)+အာရမ္မဏာနိ တဒါရမ္မဏာနိ။ (တေသံ တဒါရမ္မဏာနံ)

၁။ တဿ(ဈာနဿ) အာရမ္မဏာနိ-ဟူသော ဝိဂ္ဂဟဝါကျသည်....။
၂။ ထိုဈာန်၏ ကသိုဏ်းရုပ်အာရုံနှင့် အာရမ္မဏိက+အာရုံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။
၃။ တဒါရမ္မဏာနိ-ဟူသော နိပ္ဖန္နသဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သော ထိုဈာန်အာရုံတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟူ ဆိုအပ်သော ဇာတ်သည်....။

ရူပဿ+ဈာနံ ရူပံ။ ရူပ်+အဿ အတ္ထီတိ ရူပီ။

၁။ ရူပံ အဿ အတ္ထီတိ-ဟူသော ဝိဂ္ဂဟဝါကျသည်....။
၂။ ထို၏ အကြောင်းဖြစ်သော ရူပဈာန်၏ ရူပဈာန်ရပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန။ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....
၃။ ရူပီဟူသော နိပ္ဖန္နသဒ္ဒါသည်...။
၄။ ထို၏အကြောင်းဖြစ်သော ရူပဈာန်ရှိခြင်းဟူသော ဂုဏ်သည်၊ ဝါ-ရူပဈာန် ဟူသောဂုဏ်သည်, တစ်နည်း-ရူပဈာန်ရှိသော ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည်။

http://www.dhammadownload.com



၅-သညာ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ နာမပဒ။ ဗဟိဒ္ဓါ-အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ တသ္မာ-အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။

၆-(က) ဝါကျ။ သညာသီသေန ဝုတ္တ ရူပါဝစရဈာနာနဉ္စေ၀ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရူပသညာနံ၌ ရူပကို ရူပဿ + ဈာနံ ရူပဈာနံ-ဟု ပြု၍ ရူပဈာနဟု ဆိုလိုလျက် ဈာန နောက်ပုဒ် ကျေသော အားဖြင့် ရူပဟုဆိုအပ်သည် အဖြစ်ကိုသိစေ၏။ သမာသလိင်္ဂတ္ထသံဝဏ္ဏာ၊ နေယျတ္ထသံဝဏ္ဏာ၊ တဒါရမ္မဏာနဉ္စ-ဖြင့် ကသိဏံဝေ+ရူပံ ကသိဏရူပံဟုပြု၍ ကသိဏရူပဟု ဆိုလိုလျက် ကသိဏရှေ့ပုဒ် ကျေသောအားဖြင့် ရူပဟုဆိုအပ်သည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊ နေယျတ္ထ) က-အမှတ်ပြဝါကျ အပေါင်းသံဝဏ္ဏာပါဌ်ဖြင့် ရူပသညာအရ ရူပဈာန်၌ဖြစ်သော သညာသာမဟုတ်၊ သညာကို ပဓာနပြုသဖြင့် ဟောအပ်သော ရူပါဝစရ ဈာန်နှင့် ထိုဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်တို့ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဂ) ဝါကျ။ တသ္မာ ဣခဖြင့် ဣတိ(သန္နိဋ္ဌာနံ)ဝေဒိတဗ္ဗံ၏ အကြောင်းအဖြစ်၊ အာမာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) [တသ္မာ ဣခ ရူပသညာနန္တိ ဝစနေ ဣတိ သန္နိဋ္ဌာနံ ဝေဒိတဗ္ဗန္တိ ယောဇနာ။ ယောဇနာ-၁၃၄]

ရူပေ သညာဖြင့် ရူပသညာပုဒ်၌ ရူပကို ဈာန နောက်ပုဒ်အကျေ ကြံခိုက် သတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်အဖြစ်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ) ဣတိ ....ပ....အဓိဝစနံဖြင့် ထိုရူပသညာအရ သညာကို ပဓာနပြု၍ ရူပဈာန် ၁၅-ပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဃ) ဝါကျ။ ရူပံ သညာ အဿာတိဖြင့် ရူပသညံ၌ ရူပကို ကသိဏရှေ့ပုဒ် အကျေကြံခိုက် စတုတ္ထီ ဗဟုဗ္ဗိဟိ သမာသ်ဝိဂ္ဂဟပြုရမည်ကို သိစေ၏။(သမာသလိင်္ဂတ္ထ)

(င) ဝါကျဖြင့် ရူပသညံကို စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြုခိုက် သညာသဒ္ဒါသည် သညာစေတသိက်ကို မဟော၊ သညာအရ သညာ စေတသိက်ကိုမယူရ၊ အမည်ဟော နာမဝါစကအဖြစ်၊ သညာအရ အမည်ကို ယူရမည်၏အဖြစ်သိစေ၏။ (နာမလိင်္ဂတ္ထ-အဘိဓေယျတ္ထ)

(စ) ဝါကျဖြင့် ရူပသညံကို စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြုရခိုက် ပထဝီကသိုဏ်း စသော ရှစ်ပါးသော အာရုံကိုယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) ထိုစ-သဒ္ဒါ၏ သမ္ပိဏ္ဍနတ္ထ ဇောတကအဖြစ်၊ (အတ္ထ၊ ဘာဝတ္ထ) ထို စ-သဒ္ဒါဖြင့် ရူပသညာကို ရူပသညာစ+ရူပသညဉ္စ ရူပသညာဟု သရူပေကသေသတဒ္ဓိတ် ပြုရမည်၏အဖြစ် (နေယျတ္ထ၊ ပစ္စယတ္ထ) သိစေ၏။

http://www.dhammadownload.com



ဂု-တဿဒ္ဓ တ-သည် ရူပါဝစရဈာန်ကိုစွဲ၏။ ဝိသယနာမည်ကား ဆိုအပ်ပြီးသော ရူပါဝစရဈာန်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

ပိ-နှစ်ပုဒ်တို့၏အနက်ကား-သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ [ရှေ့ ပိဖြင့် ထိုရူပါဝစရဈာန်၏ အာရုံကိုသာ ရူပဟုဆိုအပ်သည် မဟုတ်သေး၊ ရူပါဝစရဈာန်ကိုလည်း ရူပဟုဆိုအပ်သေးသည်ဟု ပေါင်းသည်။ နောက် ပိဖြင့် ရူပါဝစရဈာန်ကိုသာ ရူပဟုဆိုအပ်သည် မဟုတ်သေး၊ ထိုရူပါဝစရဈာန်၏ အာရုံကိုလည်း ရူပဟုဆိုအပ်သေးသည်ဟု ပေါင်းသည်။]

ဟိသဒ္ဒါ၏အနက်ကား- ကာရဏတ္ထ၊ ဝါ-ဟေတွတ္ထ ဖြစ်ပါသည်။ တစ်နည်း-ဝိတ္ထာရတ္ထ။

စ—သဒ္ဒါသည် ယထာဝုတ္တ ရူပါဝစရဈာန်ကို ပေါင်းသော သမ္ပိဏ္ဍနအနက်ရှိပါသည်။

ဂ-ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ....ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရသည် ....ဒီပကတ္ထ။

၃။ ကြံဆုံးဖြတ်ချက်ကို သိရသဖြင့် ဈာန်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် ....ဝိဘာဝတ္ထ။

၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ....ဝိဘာဝတ္ထ။

၅။ ကျင့်ရသဖြင့် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်အထိ အကျိုးအဆက်ဆက်သည် ....အနုဘာဝတ္ထ။

ရနိုင်သောသိဒ္ဓိကား - ရူပါဝစရဈာန်ကို ရူပဟု ဆိုနိုင်သည်၏အဖြစ်ကို ရူပီ ရူပါနိ ပဿတိ အစရှိသော အာဂမ သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့်၊ ဝါ-ရူပီ ရူပါနိ ပဿတိ အစရှိသော ပါဠိတော် ဉာပကကိုထောက်၍သိရသောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

ထို ရူပါဝစရဈာန်၏ ကသိုဏ်းရုပ်ကို ရူပ-ဟု ဆိုနိုင်သည်၏အဖြစ်ကို ဗဟိဒ္ဓါ ရူပါနိ ပဿတိ အစရှိသော အာဂမ သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

ဇ—သညာ-သဠူနန လက္ခဏာ၊ ပစ္စာတိညာဏရသာ—

အဘိနိဝေသ ကရဏပစ္စုပဋ္ဌာနာ၊ ယထာဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ။ [ဋ္ဌ-၁၅၉၊၄]

http://www.dhammadownload.com



၅-သညာ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ နာမပဒ။ ဗဟိဒ္ဓါ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။ တသ္မာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ။

၆-(က) ဝါကျ။ သညာသီသေန ဝုတ္တ ရူပါဝစရဈာနာနဉ္စေဝ ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ရူပသညာနံ၌ ရူပကို ရူပဿ + ဈာနံ ရူပဈာနံ-ဟု ပြု၍ ရူပဈာနဟု ဆိုလိုလျက် ဈာန နောက်ပုဒ် ကျေသော အားဖြင့် ရူပဟုဆိုအပ်သည် အဖြစ်ကိုသိစေ၏။ သမာသလိင်္ဂတ္ထသံဝဏ္ဏာ၊ နေယျတ္ထသံဝဏ္ဏာ၊ တဒါရမ္မဏာနဉ္စ-ဖြင့် ကသိဏံဝေ+ရူပံ ကသိဏရူပံဟုပြု၍ ကသိဏရူပဟု ဆိုလိုလျက် ကသိဏရှေ့ပုဒ် ကျေသောအားဖြင့် ရူပဟုဆိုအပ်သည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊ နေယျတ္ထ) က-အမှတ်ပြဝါကျ အပေါင်းသံဝဏ္ဏာပါဌ်ဖြင့် ရူပသညာအရ ရူပဈာန်၌ဖြစ်သော သညာသာမဟုတ်၊ သညာကို ပဓာနပြုသဖြင့် ဟောအပ်သော ရူပါဝစရ ဈာန်နှင့် ထိုဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်တို့ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဂ) ဝါကျ။ တသ္မာ ဣခဖြင့် ဣတိ(သန္နိဋ္ဌာန်)ဝေဒိတဗ္ဗ၏ အကြောင်းအဖြစ်၊ အာမာရအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) [တသ္မာ ဣခ ရူပသညာနန္တိ ဝစနေ ဣတိ သန္နိဋ္ဌာန် ဝေဒိတဗ္ဗန္တိ ယောဇနာ။ ယောဇနာ-၁၃၄]

ရူပေ သညာဖြင့် ရူပသညာပုဒ်၌ ရူပကို ဈာန နောက်ပုဒ်အကျေ ကြံခိုက် သတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်အဖြစ်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ) ဣတိ ....ပ....အဓိဝစနံဖြင့် ထိုရူပသညာအရ သညာကို ပဓာနပြု၍ ရူပဈာန် ၁၅-ပါးကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

(ဃ) ဝါကျ။ ရူပံ သညာ အဿာတိဖြင့် ရူပသညံ၌ ရူပကို ကသိဏရှေ့ပုဒ် အကျေကြံခိုက် စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်ဝိဂ္ဂဟပြုရမည်ကို သိစေ၏။(သမာသလိင်္ဂတ္ထ)

(င) ဝါကျဖြင့် ရူပသညံကို စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြုခိုက် သညာသဒ္ဒါသည် သညာစေတသိက်ကို မဟော၊ သညာအရ သညာစေတသိက်ကိုမယူရ၊ အမည်ဟော နာမပ ညတ်အဖြစ်၊ သညာအရ အမည်ကို ယူရမည်၏အဖြစ်သိစေ၏။ (နာမလိင်္ဂတ္ထ-အဘိဓေယျတ္ထ)

(စ) ဝါကျဖြင့် ရူပသညံကို စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ပြုရခိုက် ပထဝီကသိုဏ်း စသော ရှစ်ပါးသော အာရုံကိုယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) ထိုစ-သဒ္ဒါ၏ သမ္ပိဏ္ဍနတ္ထ ဇောတကအဖြစ်၊ (အတ္ထ၊ ဘာဝတ္ထ) ထို စ-သဒ္ဒါဖြင့် ရူပသညာကို ရူပသညာစ+ရူပသညဉ္စ ရူပသညာဟု သရူပေကသေသတဒ္ဓိတ် ပြုရမည်၏အဖြစ် (နေယျတ္ထ၊ ပစ္စယတ္ထ) သိစေ၏။

http://www.dhammadownload.com



၇-တဿဋ္ဌ တ-သည် ရူပါဝစရစျာန်ကိုစွဲ၍။ ဝိသယနာမည်ကား ဆိုအပ်ပြီးသော ရူပါဝစရစျာန်ဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

ပိ-နှစ်ပုဒ်တို့၏အနက်ကား-သမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။ [ရှေ့ ပိဖြင့် ထိုရူပါဝစရစျာန်၏ အာရုံကိုသာ ရူပဟုဆိုအပ်သည် မဟုတ်သေး၊ ရူပါဝစရစျာန်ကိုလည်း ရူပဟုဆိုအပ်သေးသည်ဟု ပေါင်းသည်။နောက် ပိဖြင့် ရူပါဝစရစျာန်ကိုသာ ရူပဟုဆိုအပ်သည် မဟုတ်သေး၊ ထိုရူပါဝစရစျာန်၏ အာရုံကိုလည်း ရူပဟုဆိုအပ်သေးသည်ဟု ပေါင်းသည်။]

ဟိသဒ္ဒါ၏အနက်ကား- ကာရဏတ္ထ၊ ဝါ-ဟေတွတ္ထ ဖြစ်ပါသည်။ တစ်နည်း-ဝိတ္ထာရတ္ထ။

စ—သဒ္ဒါသည် ယထာဝုတ္တ ရူပါဝစရစျာန်ကို ပေါင်းသော သမ္ပိဏ္ဍနအနက် ရှိပါသည်။

ဂ—ဝေဒိတဗ္ဗံ ဝိဒဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော မဟာကုသိုလ် ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ....ဒဿနတ္ထ။
၂။ ယောနိသော မနသိကာရသည် ....ဒီပကတ္ထ။
၃။ ကြိုဆုံးဖြတ်ချက်ကို သိရသဖြင့် စျာန်တရားတို့ကိုကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းသည် ....ဝိဘာဝတ္ထ။
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ....ဝိဘာဝတ္ထ။
၅။ ကျင့်ရသဖြင့် စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်အထိ အကျိုးအဆက်ဆက်သည် ....အနုဘာဝတ္ထ။

ရနိုင်သောသိဒ္ဓိကား – ရူပါဝစရစျာန်ကို ရူပဟု ဆိုနိုင်သည်၏အဖြစ်ကို ရူပီ ရူပါနိ ပဿတိ အစရှိသော အာဂမ သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့်၊ ဝါ-ရူပီ ရူပါနိ ပဿတိ အစရှိသော ပါဠိတော် ဉာပကကိုထောက်၍သိရသောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

ထို ရူပါဝစရစျာန်၏ ကသိုဏ်းရုပ်ကို ရူပ—ဟု ဆိုနိုင်သည်၏အဖြစ်ကို ဗဟိဒ္ဓါရူပါနိ ပဿတိ အစရှိသော အာဂမ သာဓက ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

၉—သညာ-သဥ္စနန လက္ခဏာ၊ ပစ္စာဘိညာဏရသာ—

အဘိနိဝေသ ကရဏပစ္စုပဋ္ဌာနာ၊ ယထာဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ။[ဋ္ဌ-၁၅၉း၄]

http://www.dhammadownload.com



၁၀။ တဒါရမ္မဏစနဋ္ဌ အရ၊ ဝါ-အာရမ္မဏအရ ကသိုဏ်းအာရုံ ပစ္စည်းတရားသည် ရူပါဝစရဈာနာနန္တရ၀အရ၊ ဝါ-တဒါရမ္မဏာနဋ္ဌ တ အရ ရူပါဝစရဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ပြိုင်နိုင်သော ပစ္စည်းမရှိပါ။

[မှတ်ချက်။ ။ရူပသညာနံ့၌ သညာအရ သညာစေတသိက်သည် ရူပအရ ရူပါဝစရဈာန်စိတ္တုပ္ပါဒ်အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်-သဟ-ည-နိ-သံ,တ္ထိ-အဝိ (၆)]

စက္ခာဒီနံ ဝတ္ထုနံ, ရူပါဒီနံ အာရမ္မဏာနဋ္ဌ ပဋိဃာတေန ဆမုပ္ပန္နာ သညာ ပဋိဃသညာ။ [ဋ္ဌ-၂၄၆]

စက္ခာဒီနံ ဝတ္ထုနံ အရ စက္ခုစသော ယသာဒရုပ် ငါးခုသည် သညာအရ ဒွေပဉ္စဝိညာဉ်နှင့်ယှဉ်သော သညာအား နိ-ပု-ဣံ-ဝိပ္ပ-တ္ထိ-အဝိ (၆) ပစ္စယသတ္တိဖြင့် ယထာရဟ ကျေးဇူးပြု၏။

ရူပါဒီနံ အာရမ္မဏာနံအရ ပစ္စုပ္ပန် ပဉ္စာရုံသည် သညာအရ ဒွေပဉ္စဝိညာဉ်နှင့်ယှဉ်သော သညာအား အာ-ပု-တ္ထိ-အဝိ (၄-ပစ္စယ) သတ္တိဖြင့် ယထာရဟ ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၁၄၁-အာကာသာနဉ္စာယတနံ အဖွင့်

(က) အာကာသာနဉ္စာယတနသညာသဟဂတန္တိ ဧတ္ထ....ပ....အာကာသာနဉ္စံ။

(ခ) တံ အာကာသာနဉ္စံ....ပ ...အာကာသာနဉ္စာယတနံ။

(ဂ) ဣတိ အာကာသာနဉ္စဉ္စ တံ အာယတနဉ္စာတိပိ အာကာသာနဉ္စာယတနံ။

(ဃ) ကသိဏုဂ္ဃါဋိမာကာသဿေတံ အဓိဝစနံ။ [ဋ္ဌ-၂၄၉]

၁။ ဥပမာန, ဥပမေယျ ထင်စေလျက် ခ-ဝါကျကို အနက် ယောဇနာပါ။
၂။ ခ-ဝါကျကို ပါပနာဒိကျမ်းရိုးငါးချက်ဖြင့် စောဒနာတက်ပြပါ။
၃။ နာနတ္တသညာနံ အမနသိကာရာတိ နာနတ္တေ ဂေါစရေ ပဝတ္တာနံ သညာနံ နာနတ္တာနံ ဝါ သညာနံ။ [ဋ္ဌ-၂၄၇]၌ ဝါသဒ္ဒါဖြင့် သဒ္ဒါ, အနက် အကြောင်း အကျိုးတို့တွင် အဘယ်ကို လဲလှယ်ကြောင်းနှင့်တကွ၊ က ဝါကျတွင် တတိယ ဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း အကြောင်းယုတ္တိပြ၍ ဖြေဆိုပါ။
၄။ ဃ-ဝါကျရှိ ကသိဏုဂ္ဃါဋိမံကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိစတုက္က ထုတ်ပြပါ။
၅။ ဧတ္ထ, နှ, အဿ ပုဒ်တို့၏လိင်, ဂဏ, အန္တ, ပဒတို့ကို စိစစ်ပြဆိုပါ။
၆။ အထက်ပါ က-အမှတ်ပြဝါကျ စသည်တို့၌ အဘော်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ အာကာသာနန္တမေဝ၌ ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ, နိဝတ္တေတဗ္ဗတ္ထ, အနုညာတတ္ထတို့ကို ထုတ်ပြပါ။
၈။ အာကာသာနဉ္စာယတနသညာသဟဂတံ ပုဒ်အရကို ကိုယ်ပြု၍ ကြိယာငါးတန်ထုတ်ပြခဲ့ပါ။
၉။ အာကာသာနဉ္စာယတန ဝိပါက်၏ လက္ခဏာစသည်ကို ဖော်ထုတ်ပြပါ။
၁၀။ ခ-ဝါကျ၌ တံ အာကာသာနဉ္စံ အာယတနံအရ ဖြစ်သင့်သောပစ္စည်းတရား, အဿအရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားတို့ကို ဖော်ပြ၍ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကိုလည်း ထုတ်ပြပါ။

အဖြေဝိသဇ္ဇနာ

၁—ဒေဝါနံ-နတ်တို့၏၊ အာယတနံ - တည်ရာသည်၊ ဒေဝါယတနံဣဝ-ဒေဝါယတနမည်၏သို့၊ ဒေဝါယတနံ - ဒေဝါယတနမည်သည်၊ ဟောတိဣဝ-ဖြစ်သကဲ့သို့၊ တထာ-တူ၊ သသမ္ပယုတ္တခမ္မဿ-သမ္ပယုတ်တရားနှင့်တကွ ဖြစ်သော၊ အဿ ဈာနဿ-ဤပထမာရုပ္ပဈာန်၏၊ အဓိဋ္ဌာနဋ္ဌေန-တည်ရာဟူသော အနက်

http://www.dhammadownload.com



ဓကြောင့်၊ တံ အာကာသာနဉ္စ-ထိုဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြား မထင်သော ကောင်းကင်သည်ပင်လျှင် (ဧဝ-ကျေ) အာယတနံ—တည်ရာအာရုံသည်၊ ဟောတိ-၏။ ဣတိ-ဣမိနာ ဝစနတ္ထေန-ဤ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ်ကြောင့်၊ ဝါ-ကမ္မဓာရည်းသမာသ် ဝစနတ်ကြောင့်၊ အာကာသာနဉ္စာယတနံ-မည်၏။

၂–အရှင် အဋ္ဌကထာဆရာ, ဆရာသည် က-ဝါကျဖြင့် အာကာသာနဉ္စပုဒ်ကို၊ ဝါ—အနန္တ, အာကာသာနန္တ, အာကာသာနဉ္စပုဒ်တို့၏ အဖွင့်ကို ပြဆိုတော်မူ၏။ (ဌ) ဤသို့ အာကာသာနဉ္စပုဒ်၏အဖွင့်ကိုသာ ပြဆိုသည်ရှိသော် (ဏ) အာကာသာနဉ္စာယတန-ဟူသော ပုဒ်အဖွင့်ကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) စင်စစ်တမူကား အာကာသာနဉ္စာယတန ဟူသော ပုဒ်၏အဖွင့်ကို မပြဆိုဟူသော အနက်သည် မရောက်သင့် (ပဋိပါ) ထိုသို့ မရောက်သင့်လေသောကြောင့် (ဟိတ်) အာကာသာဉ္စာယတနပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) အာကာသာနဉ္စာယတနပုဒ်၏ အဖွင့်ကို မပြဆိုဘဲ မနေသင့်၊ (ပဋိ-ရော) မနေသင့်ဘဲ နေချေသော်, ဆရာအား ဝါကျမန္ဒစပ်, မပြည့်စုံသော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ (ဒေါ) အာကာသာနဉ္စာယတနပုဒ်၏ အဖွင့်ကား အဘယ်ပါနည်း။ (ပု) ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ခ) ဝါကျကိုမိန့်၏ အဓိပ္ပာယ်ကား—ခ-ဝါကျဖြင့် အာကာသာနဉ္စာယတနပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ဆရာအား မရောက်-ဟူလို။

[အမှာ။ ဃ—ဝါကျ ကျမ်းတက်လျှင် ဆရာ, ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် အဘိဓာနတ္ထ (ဝစနတ္ထ)ကို ဆိုတော်မူ၏၊....သော်, အဘိဓာနတ္ထသည် အဘိဓေယျတ္ထနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ ဝါ-အဘိဓေယျတ္ထကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။

အဘိဓေယျတ္ထပြသော အဓိဝစနံ ဝါကျတွေ့တိုင်း ဤအသွားအတိုင်း ကျမ်းတက်ပါ။ (အဓိဝစနံ ကျမ်းတက်)]

၃–မဇ္ဈေလောပီ သတ္တမီ တပ္ပုရိသ် သမာသ် အနက် အကြောင်းမှတစ်ပါး၊ ကမ္မဓာရည်း သမာသ် အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။ တတိယဝါကျဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်၊ အကြောင်းယုတ္တိမှာ-အာကာသာနဉ္စပုဒ်၏ အဖွင့် ကျန်ရှိနေသေးရာ ထိုပုဒ်၏အဖွင့်ကို နှံ့စပ် (ပြည့်စုံ) အောင် ဖွင့်ပြသောကြောင့် ဖြစ်ပါသည်။ တစ်နည်း-တတိယဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

ရှုတနှာဂုဏ်ရည်-(၁၁၄)

http://www.dhammadownload.com



[အမှာ။ အာကာသာနဉ္စာယတန သာမညဖြစ်နေ၍ အလွန်ပျံ့နှံ့နေရကာ ကသိုဏ်းကိုးပါးကို ခွာကြောင်း ကောင်းကင်ပညတ်ကို ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ဖွင့်ပြသောကြောင့် အဓိဝစန-ပါသော ဃ-ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်၏။]

၄-ကသိဏံ ဥဂ္ဃါဋိမယတိ ဧတေနာတိ ကသိဏုဂ္ဃါဋနော။ ကသိဏုဂ္ဃါဋနော ဧဝ ကသိဏုဂ္ဃါဋိမံ။

တစ်နည်း-ကသိဏဿ + ဥဂ္ဃါဋနော ကသိဏုဂ္ဃါဋနော၊ ကသိဏုဂ္ဃါဋနေန + လဒ္ဓံ ကသိဏုဂ္ဃါဋိမံ။

၁။ ကသိဏုဂ္ဃါဋနေန လဒ္ဓံ-ဟူသော ဝိဂ္ဂဟဝါကျသည်....။
၂။ ထို၏အကြောင်းဖြစ်သော ကသိုဏ်း ကိုးပါးကို ခွာခြင်း၏ ရအပ်သော ကောင်းကင်ပညတ်နှင့် ဂုဏ်+ဂုဏီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်....၊
၃။ ကသိဏုဂ္ဃါဋိမံ-ဟူသော နိပ္ဖန္နသဒ္ဒါသည်....။
၄။ ထို၏အကြောင်းဖြစ်သော ကသိုဏ်း ကိုးပါးကို ခွာခြင်းဖြင့်ရအပ်သော ကောင်းကင်ပညတ်တို့၏ တစ်ခုအည် တစ်ခုနှင့်တူသော အခြင်းအရာ-ဟု ဆိုအပ်သော ဓာတ်သည်....။

မှတ်ချက်။ ဋီကာနှင့်အညီ ဝိဂ္ဂဟပြုသော်....

ဥဂ္ဃါဋနဿ+ဘာဝေါ ဥဂ္ဃါဋိမံ။ ကသိဏဿ + ဥဂ္ဃါဋိမံ ကသိဏုဂ္ဃါဋိမံ။ (ဥဂ္ဃါဋ ဘာဝေါ ဥဂ္ဃါဋိမံ-ဋီ-၁၈၄) အာကာသံနှင့် ကမ္မဓာရည်းတွဲပါ။) ခ-ဝါကျ အမိဋ္ဌာနဋ္ဌေန-၌ အဓိတိဋ္ဌတိ ဧတ္ထာတိ အဓိဋ္ဌာနံ။ အဓိဋ္ဌာနံ ဧဝ အဓိဋ္ဌာနဋ္ဌော။ (ဧတေန)။ (မဏိမဉ္ဇူ-ပ-၂၆၂)

၅-တွေ-အလိင်၊ ဂဏဝိမုတ်၊ အ ကာရန္တ၊ နိပါတပဒ။ န-အလိင်၊ ဂဏဝိမုတ် အ ကာရန္တ၊ နိပါတပဒ၊ အဿ-ပုလ္လိင်, နပုလ္လိင်၊ ပုရိသာဒိ စိတ္တာဒိဂိုဏ်း၊တစ်နည်း-သဗ္ဗနာမ်ဂိုဏ်း၊ အ ကာရန္တ၊ သဗ္ဗနာမပဒ။

၆-(က) ဝါကျ။ အာကာ....ပ....တွေဖြင့် ဤပါဠိ၌ အဆုံးအဖြစ်ကို သိရမည်ဟု-ဥယျောဇဉ် စကားပျိုးကို သိစေ၏။ (ဘာဝတ္ထ), နာဿ အန္တောတိဖြင့် အနန္တံ၌ အန (အန်) သဒ္ဒါ နသဒ္ဒါ၏ ကာရိယ အဖြစ်ကိုလည်းကောင်း, နာဿ အန္တောတိ အနန္တံ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုရမည်အဖြစ်ကို လည်းကောင်း သိစေ၏။ နိပါတလိင်္ဂပဒသံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ။ အာကာသာနန္တံဖြင့် အာကာသာနန္တံကို အာကာသံ+အနန္တံ အာကာသာနန္တံ-ဟု ဝိသေသန ပရပဒ ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ), အာကာကာနန္တမေဝ ဖြင့် အာကာသာနဉ္စ၌ အာကာသာနန္တပုဒ် + ဏျပစ္စည်း၊

http://www.dhammadownload.com



ဆိုကျပစ္စည်း သောတ္တအနက်၌ (သကတ္တ၌) သက်သည်၏ အဖြစ်၊ (ပစ္စယတ္ထ), အာကာသာနန္တမေဝ အာကာသာနဉ္စံ-ဟု သောတ္တတဒ္ဓိတ် ဝိဂ္ဂဟပြုရမည်အဖြစ် (အဘိဓာနတ္တ)တျကို စပြု, နကို, နိဂ္ဂဟိတ်ပြု ထိုနိဂ္ဂဟိတ်ကို ဉ ပြု၍ အာကာသာ နဉ္စ ချုပ်ပြီးသည်၏ အဖြစ် (ဘာဝတ္ထ၊ နေယျတ္ထ) သိစေ၏။

(ခ) တံ အာကာသာနဉ္စံ အာယတန မဿာတိဖြင့် အာကာသာနဉ္စာယတနကို အာကာသာနဉ္စံ + အာယတနံ အဿာတိ အာကာသာနဉ္စာယတနံဟု ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ပြုရမည်၏အဖြစ်၊ တစ်နည်း-တံ အာကာသာနဉ္စံ အာယတနံဖြင့် ကမ္မဓာရည်းသမာသ် ပြုရမည်၏ အဖြစ်ကို သိစေ၏၊ (သမာသလိင်္ဂတ္ထ), အဓိဋ္ဌာနဋ္ဌေနဖြင့် အာယတနသဒ္ဒါ ကည်ရာ အဓိဋ္ဌာန အနက်ဟောအဖြစ်၊ (နာမလိင်္ဂတ္ထ), တစ်နည်း-အာယတန္တိ တိဋ္ဌတိ အာယတနံဟု အဓိကရဏသာဓန ဝိဂ္ဂဟပြုရမည် အဖြစ်၊ (အဘိဓာနတ္တ) သိစေ၏။ သသမ္ပယုတ္တဓမ္မဿ ဈာနဿဖြင့် အဿ၏ အစွဲကို သိစေ၏။ (သဒ္ဒနာမလိင်္ဂတ္ထ) တစ်နည်း အဿ သသမ္ပယုတ္တဓမ္မဿ ဈာနဿဖြင့် တည်ရာ-ဟူသည် သမ္ပယုတ်တရားနှင့်တကွ ဖြစ်သော ဤပဌမာရုပ္ပဈာန်၏ တည်ရာ ဌာနတည်း-ဟု သိစေ၏။ (ဘာဝတ္ထ),

ဒေဝါနံ ဒေဝါယတနမိဝ ဖြင့် အာယတန သဒ္ဒါ၏ အဓိဋ္ဌာနအနက်ကို ဟောရာ၌ နှိုင်းယှဉ်ကြောင်း ဥပမာနအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျ။ ဣတိဖြင့် နိဒဿနတ္ထ ဇောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ), အာကာသာနဉ္စ တံ အာယတနာနဉ္စာတိဖြင့် ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟပြုရမည်ကို အဖြောင့်အားဖြင့် သိစေ၏။ (သမာသလိင်္ဂတ္ထ) ပိဖြင့် ဗဟုဗ္ဗီဟိ သမာသ် သာမဟုတ်၊ ကမ္မဓာရည်းသမာသ်လည်း ပြုအပ်သေး၏-ဟူသော သမုစ္စယတ္ထ ဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ၊ နေယျတ္ထ)။

(မှတ်ချက်။ ။ဂ-ဝါကျ၌ ပိသဒ္ဒါ ပါဖွယ်မလို၊ ခ-ဝါကျဖြင့်လည်း ကမ္မဓာရည်း သမာသ်ကိုပင် ပြသည်၊ ခ-ဝါကျဖြင့် ဗဟုဗ္ဗီဟိ ပြသည်-ဟု ဆိုလျှင် အာရုံကို အရမကောက်ရဘဲ ဈာန်ကို အရကောက်ရမည် ဖြစ်၍ ဃ-ဝါကျစကားနှင့် ဆန့်ကျင်စရာရှိသည်-ဟု နိဿယသစ် (တ-၉၁)၌ ဆိုသည်၊ ဋီကာကျော်နှင့် မဏိမဉ္ဇူ (ပ-၂၆၂)တို့၌လည်း ခ-ဝါကျကို ကမ္မဓာရည်း သမာသ် အဖွင့် အဖြစ်ဆို၏။)

(ဃ) ဝါကျဖြင့် ကမ္မဓာရည်းသမာသ် အခိုက်၌ အာကာသာနဉ္စာယတနအရ ဘာသိုဏ်းကိုးပါးကို ခွာကြောင်း ကောင်းကင်ပညတ်ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ)

၇-၁။ ဉပါဒ် အပိုင်းအခြား, ဘင် အပိုင်းအခြား မထင်သော ကောင်းကင်ပညတ်သည်၊ ဝါ-သောတ္တ တဒ္ဓိတ်အနက်သည်....ဂဟေတဗ္ဗတ္ထ။

http://www.dhammadownload.com



၂။ ဤပစ္စည်းအတွက် အနက်ထူးရှိသည်၏ အဖြစ်သည်၊
ဝါ-ဘာဝစသော တဒ္ဓိတ်အနက်သည် ....နိဝတ္တေတဗ္ဗတ္ထ။
၃။ ကောင်းကင်ပညတ်၏ နာဘ- စသော အမည်သည်၊
ဝါ-ကောင်းကင်ပညတ်၏ အာကာသာနဉ္စမည်သည်၏
အဖြစ်သည်.... ....အနုညာတတ္ထ။

၈-၁။ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်သည်....
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည်၊ ဝါ- ဥပစာရဘာဝနာသည်....။
၃။ ပစ္စဝေက္ခဏာဇော, အာကာသာနဉ္စာယတန ဈာန သမာပတ္တိ- သုခတို့သည်....။
၄။ အနန္တော အာကာသောဟု စီးဖြန်းခြင်း ပရိကမ္မဘာဝနာ, ရူပါဝစရဈာန် စသည်တို့သည်....။
၅။ အာကာသာနဉ္စာယတန ဘုံ၌ ပဋိသန္ဓေနေရခြင်း စသည်တို့သည်။
၆။ အာကာသာနဉ္စာယတနဝိပါကစိတ္တံ- အာကာသဝဇ္ဇိတ ကသိဏေသု
ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသ
ပညတ္တိံ ရမ္မဏံ ဝိဇာနန လက္ခဏံ၊
ပဋိသန္ဓျာဒိရသံ။
တထာဘာဝ ပစ္စုပဋ္ဌာနံ၊
အာရမ္မဏ ပဒဋ္ဌာနံ။

၁၀—တံ အာကာသာနဉ္စံ အာယတနံအရ ဖြစ်သင့်သော ပစ္စည်းတရားကား-ကောင်းကင်ပညတ်အာရုံ ဖြစ်ပါသည်။ အဿအရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား- ပထမာရုပ္ပဈာန် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကား-အာရမ္မဏပစ္စယသတ္တိ ဖြစ်ပါသည်။

## ပုစ္ဆာလွှတ်မှတ်ရန်

(ဃ) ဝါကျ။ ဌာနမုချဖြစ်သော ကောင်းကင်ပညတ်အာရုံသည် ဌာနီ အမုချ ပထမာရုပ္ပဈာန် စိတ္တုပ္ပါဒ်အား အာရမ္မဏ... ပြု၏။

နေဝသညာ နာသညာ စ သာ သေသခမ္မာနံ အဓိဋ္ဌာနဋ္ဌေန အာယတနဉ္စာတိ နေဝသညာနာသညာယတနံ။ [ဋ္ဌ-၂၅၃]

နေဝသညာ နာသညာအရ ဌာန နိဿယဖြစ်သော သညာသည် နိပ္ဖန္နပုဒ်အရ-ဌာနီ နိဿိတ ဖြစ်သော စတုတ္ထာရုပ္ပဈာန် စိတ္တုပ္ပါဒ်အား သဟ-ည-နိ-သံ-တ္ထိ —အဝိ(၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# လောကုတ္တရ ကုသလ
# ၁၄၂-လောကုတ္တရံ အဖွင့်

(က) တတ္ထ လောကုတ္တရန္တိ ကေနဋ္ဌေန လောကုတ္တရံ။

(ခ) လောကံ တရတီတိ လောကုတ္တရံ။

(ဂ) လောကံ ဥတ္တရတီတိ လောကုတ္တရံ။

(ဃ) လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ။

(င) ဈာနံ ဘာဝေတီတိ....ပ....ဘာဝေတိ ဇနေတိ ဝဍ္ဎေတိ။ [ဋ္ဌ=၂၅၉]

၁။ (င)အမှတ်ပြ ဝါကျကို ဝစနသေသ ထည့်စွက်ကာ အနက်ယောဇနာပါ။

၂။ (ဂ)ဝါကျကို ဌပနာဒီပဋ္ဋက ဒေါသာရောပန စောဒနာတက်ပြပါ။

၃။ ရှေ့နောက်ထောက်ဆ၍ (ဂ)ဝါကျဖြင့် ပယ်သော ဒေါသ, (ဂ)ဝါကျ၌ သင့်သော ဒေါသကို ရှင်းပြပါ။

၄။ အပ္ပနာဈာန်ကို အစိတ် အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိ စတုက္က ခွဲပြပါ။

၅။ ကေနဋ္ဌေန, တရတိ သမတိက္ကမ္မ, အဘိဘုယျပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို အသီးသီး ခွဲခြားပြဆိုပါ။

၆။ အထက်ပါ ခ-စသော ဝါကျတို့၌ အာဘောဉ်နှင့် သံဝဏ္ဏနာ အမည်များကို ဖော်ပြပါ။

၇။ တတ္ထ၌ တအစွဲနှင့် ဝိသယနာမည်ကို ဖော်ပြ၍ လောကုတ္တရန္တိ တရတီတိ တို့၌ ဣတိသဒ္ဒါတို့၏ ဣဓာဝိပ္ပေတတ္ထတို့ကို ဖော်ပြပါ။

၈။ (ခ)အမှတ်ဝါကျရှိ လောကုတ္တရံပုဒ်အရကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။

၉။ (ခ-ဂ-ဃ)ဝါကျတို့၌ လောကုတ္တရံအနက်ကို အသီးအသီး ကောက်ပြပါ။

၁၀။ ပါဠိသေသ ယောဂါဝစရော ကတ္တားပုဒ်အရ ဖြစ်သောတရားက ဘာဝေတိ,ဟူသော ကြိယာပုဒ်အရဖြစ်သော တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။

အဖြေဝိဿဇ္ဇနာ

၁-ဈာနံ ဘာဝေတီတိ-ဈာနံ ဘာဝေတိ ဟူသည်ကား၊ ဧကစိတ္တက္ခဏိကံ-တစ်ခုသော စိတ္တက္ခဏရှိသော၊ အပ္ပနာဈာနံ-အပ္ပနာဈာန်ကို၊ ဓမ္မာနံ-တရားတို့၏၊ အညမညံ-အချင်းချင်း၊ အနတိ ဝတ္တနာဒိ သာဓိကာယ-မလွန်ခြင်း အစရှိသည်ကို ပြီးစေတတ်သော၊ ပညာယ-ပညာဖြင့်၊ (ဋ္ဌီ-၁၁၁) ဘာဝေတိ ဇနေတိ-ဖြစ်စေတတ်၏။ ဘာဝေတိ ဝဍ္ဎေတိ-ပွားစေတတ်၏။

http://www.dhammadownload.com



၂-အရှင်အဋ္ဌကထာ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် လောကကို ကူးခပ်ကာတ် သောကြောင့် လောကုတ္တရာမည်သော ဟု ဖွင့်ပြတော်မူ၏။ ဤမျှသာ ဖွင့်ပြ ချေသော်, ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် လောကုတ္တရာမည်၏- ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာလေသောကြောင့် ခ-ဝါကျဖြင့် လောကကို ကူးခပ်တတ်သောကြောင့် လောကုတ္တရာမည်၏- ဟူ၍သာ မဖွင့်ပြသင့်၊ တစ်ပါးသော ဖြစ်သင့်သော လောကုတ္တရာ မည်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုခဲ့သော် ဆရာအား ဝါကျမနှံ့စပ်, မပြည့်စုံသော အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ တစ်ပါးသော ဖြစ်သင့်သော လောကုတ္တရာ မည်ခြင်းအကြောင်းကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ဂ-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား ဂ-ဝါကျဖြင့် လောကကို လွန်မြောက်တတ်သောကြောင့်လည်း လောကုတ္တရာ မည်၏-ဟု လောကုတ္တရာမည်ခြင်း၏ တစ်ပါးသော ဖြစ်သင့်သော အကြောင်းကိုလည်း ပြဆို သောကြောင့် သင်စောဒက တင်သော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ဆရာအား မရောက်-ဟူလို။

၃-ရှေ့(ခ)ဝါကျကို ထောက်လျှင် လောကုတ္တရာမည်ခြင်း အကြောင်းတစ်ပါးကို ပြဆိုသဖြင့် လိုအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်, ပြည့်စုံသောကြောင့် တစ်နည်း ဂ-ဝါကျသည် ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် ထို-ဂ-ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသကို ပယ်၏။ နောက် ဃ-ဝါကျကို ထောက်လျှင် တစ်ပါးသော လောကုတ္တရာမည်ခြင်းအကြောင်းကို နှံ့စပ်, ပြည့်စုံစွာ မပြရသေး၍ လိုအပ်သော အနက် အဓိပ္ပာယ် မနှံ့စပ် မပြည့်စုံသေးသောကြောင့် ဂ-ဝါကျ၌ အဗျာပိတ- ဒေါသ, အပရိပုဏ္ဏဒေါသများ သင့်၏။

၄-အပ္ပေတီတိ အပ္ပနာ။ အပ္ပေါတိ နိဝိသတီတိ အပ္ပနာ၊ ဈာယတိ ဥပနိဈ္ဈာယတီတိ ဈာနံ။ (အစိတ်) အပ္ပနာ စ+သာ စ+ဈာနဉ္စာတိ အပ္ပနာဈာနံ။ (အပေါင်း)

၁။ အပ္ပနာစ သာ ဈာနဉ္စာတိ-ဟူသော ဝိဂ္ဂဟဝါကျသည်....။

၂။ ထို၏အကြောင်းဖြစ်သော အပ္ပနာ၏ ဈာန်နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမွန်သည်....။

၃။ အပ္ပနာဈာန်-ဟူသော နိပ္ဖန္နသဒ္ဒါသည်....။

၄။ ထို၏အကြောင်းဖြစ်သော အပ္ပနာဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာ-ဟု ဆိုအပ်သော ဓာတ်သည်....။

http://www.dhammadownload.com



၅–[ကေနဋ္ဌေန ကေန+အဋ္ဌေန-ဟု ပုဒ်ဖြတ်] ကေန-ပုလ္လိင်, ပုရိသာဒိဂိုဏ်း၊ တစ်နည်း-သဗ္ဗနာမ်ဂိုဏ်း, နိဂ္ဂဟိတန္တ, သဗ္ဗနာမပဒ။ အဋ္ဌေန–ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, နာမပဒ။ တရတိ-အလိင်, ဘူဝါဒိဂိုဏ်း၊ အကာရန္တ, အာချာတပဒ။[တရ+အ+တိ] သမတိက္ကမ္မ, အဘိဘုယျတို့ကား–အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ တစ်နည်း-သမတိက္ကမ္မ၌ - ကမုဓာတ် ဖြစ်သောကြောင့် ဥကာရန္တ၊ အဘိဘုယျ၌ ဘူဓာတ် ဖြစ်သောကြောင့် ဦကာရန္တ၊ နိပါတပဒ။ တစ်နည်း-အတိအကျ ခွဲသော်-သံ, အတိ, အဘိတို့ကား–အလိင်, ဂဏဝိမုတ်, အစဉ်အတိုင်း နိဂ္ဂဟိတန္တ, ဣကာရန္တ, ဥပသဂ္ဂပဒ။ က္ကမ္မ (ကမ္မ), ဘုယျကား–အလိင် ဂဏဝိမုတ်, အကာရန္တ၊ တစ်နည်း-အစဉ်အတိုင်း ဥကာရန္တ, ဦကာရန္တ, နိပါတပဒ။

၆–(ခ) ဝါကျ။ လောကံ တရတီတိဖြင့် လောကုတ္တရံကို လောက+ဥတ္တရံ-ဟု ပုဒ်ဖြတ်ရမည်အဖြစ် (သန္ဓိလိင်္ဂပဒ) ဥတ္တရံ၌ ဥပုဗ္ဗ+တရဓာတ်အဖြစ် (ဒု-မာတုပဒ) ဥသဒ္ဒါ-ဓာတွတ္ထာ နုဝတ္တက အဖြစ်၊ (ဥပသဂ္ဂလိင်္ဂတ္ထ) (တပစ္စည်း) ကတ္တုသာဓ်အနက်၌ သက်သည်၏အဖြစ်၊ (ဒု-ပစ္စယတ္ထ) လောကံ+တရတီတိ လောကုတ္တရံ-ဟု ကိတန္တ ဒု-တပ္ပုရိသ် သမာသ် ဝိဂ္ဂဟပြုရမည်အဖြစ် (သမာသလိင်္ဂတ္ထ) တစ်နည်း= ဥတ္တရတီတိ ဥတ္တရံ-ဟု ကတ္တုသာဓ် ပြုရမည်အဖြစ် (အဘိဓာနတ္ထ) လောကံ+ဥတ္တရံ လောကုတ္တရံ-ဟု ဒု-တပ္ပုရိသ် သမာသ် ပြုရမည် အဖြစ်၊ (သမာသလိင်္ဂတ္ထ) လောကုတ္တရာ-ဟူသည် လောကကို လွန်မြောက်ကြောင်း အကျင့်ဖြစ်သော မဂ်ပင်တည်း=ဟူသော အဓိပ္ပာယ် [ဋီ-၁၁၁] (ဘာဝတ္ထ) ဝါ-လောကုတ္တရာအရ မဂ်ကို ယူရမည်အဖြစ်၊ (အဘိဓေယျတ္ထ) သိစေ၏။

(ဂ) ဝါကျ။ လောကံ ဥတ္တရတီတိဖြင့် လောကုတ္တရံဝယ် ဥတ္တရံ၌ ဥပုဗ္ဗ+တရဓာတ်အဖြစ်၊ (ဒု-ဓာတုပဒ) ဥသဒ္ဒါ-ဓာတွတ္ထဝိသေသက အဖြစ်၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဏပစ္စည်း ကတ္တုသာဓ် အနက်ဟော၏အဖြစ် (ဒု-ပစ္စယတ္ထ) လောကံ+ဥတ္တရတီတိ လောကုတ္တရံ-ဟု ကိတန္တ ဒု-တပ္ပုရိသ် သမာသ် ပြုရမည်အဖြစ်။ (သမာသလိင်္ဂတ္ထ) တစ်နည်း-ဥတ္တရတီတိ ဥတ္တရံ-ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြုရမည်အဖြစ် (အဘိဓာနတ္ထ) လောကံ+ဥတ္တရံ လောကုတ္တရံ-ဟု ဒု တပ္ပုရိသ် သမာသ် ပြုရမည်အဖြစ် (သမာသ–လိင်္ဂတ္ထ) လောကုတ္တရာ-ဟူသည် လောက၏ အဆုံးသို့ ရောက်ကြောင်း ဖြစ်သော ဖိုလ်တရားပင်တည်း-ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) ဝါ-လောကုတ္တရာအရ-ဖိုလ်တရားကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ) သိစေ၏။

(ဃ) ဝါကျ။ လောကံ....ပ....တိဋ္ဌတီတိဖြင့် လောကုတ္တရံဝယ်ဥတ္တရံ၌ ဥပုဗ္ဗ+တရဓာတ်အဖြစ်၊ (ဒု-ဓာတုပဒ), ဥသဒ္ဒါ-ဓာတွတ္ထ ဝိသေသက အဖြစ်၊ ဝါ–သမတိက္ကမ္မ, အဘိဘဝန အနက်ဟော၏အဖြစ် (ဥပသဂ္ဂလိင်္ဂတ္ထ), တရဓာတ်၏ ပတိဋ္ဌဟန အနက်ဟော၏ အဖြစ်၊ (ဒု-ဓာတွတ္ထ), ဏပစ္စည်း ကတ္တုသာဓ် အနက်ဟော၏ အဖြစ်၊ (ဒု-ပစ္စယတ္ထ,) လောကံ+သမတိက္ကမ္မ အဘိဘုယျ+တိဋ္ဌတီတိ

http://www.dhammadownload.com



လောကုတ္တရံဟု-ကိတန္တ ဒု—တပ္ပုရိသ် သမာသ် ပြုရမည်အဖြစ်၊ (သမာသလိင်္ဂတ္ထ) တစ်နည်း-ဥတ္တရတိတိ ဥတ္တရံဟု ကတ္တုသာဓ် ဝိဂ္ဂဟပြုရမည်အဖြစ် (အဘိဓာနတ္ထ) လောက+ဥတ္တရံ လောကုတ္တရံဟု ဒု-တပ္ပုရိသ်သမာသ် ပြုရမည်အဖြစ်၊ (သမာသ လိင်္ဂတ္ထ), လောကုတ္တရာဟူသည် နိဗ္ဗာန်ပင်တည်း—ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) ဝါ-လောကုတ္တရာအရ နိဗ္ဗာန်ကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ) သိစေ၏။

(င) ဝါကျ။ ဧကစိတ္တက္ခဏိကံဖြင့် မဂ်စိတ်၏ နှစ်ကြိမ်စသည်မဖြစ် စိတ္တက္ခဏ တစ်ကြိမ်သာ ဖြစ်သည်ဟု သိစေ၏။ (ဘာဝတ္ထ) အပ္ပနာဈာန်ဖြင့် ဈာန်အင ဥပစာရဈာန်ကို မယူရ၊ အပ္ပနာဈာန်ကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ) ဇနေတိဖြင့် ဘာဝေတိ၌ ဘူဓာတ် ဇနန အနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ) ဝဍ္ဎေတိဖြင့် ထိုဘူဓာတ် ဝဍ္ဎန အနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ)

၇-တတ္ထ၌• တသည် ကတမေ ဓမ္မာ ကုသလာ-အစရှိသော စကားကို စွဲ၏။ ဝိသယနာမည်ကား— ဆိုအပ်ပြီးသော ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ လောကုတ္တရန္တိ၌ ဣတိသဒ္ဒါ၏ အနက်ကား ဟေတွတ္ထ ဇောတက။

၈—၁။ မဂ်လေးပါးသည်....။

၂။ ဝေါဒါနဂေါတြဘူ, ဝေါဒါန်တို့သည်။

၃။ မဂ္ဂါနန္တရ ဖိုလ်တို့သည်....။

၄။ ပရိကံ, ဥပစာ, အနုလုံနှင့် တိဟိတ်ပဋိသန္ဓေ စသည်တို့သည်....။

၅။ ပစ္စဝေက္ခဏာ ဉာဏ်, ဖလသမာပတ္တိ သုခမှစ၍ အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင် အကျိုးတို့သည်....။

(မှတ်ချက်။ လောကုတ္တရာ သာမညာ ထုတ်လျှင်—)

၁။ လောကုတ္တရာ စိတ္တုပ္ပါဒ်သည်....။

၂။ ဥပစာရသမာဓိဇောသည်....။

၃။ ဖလသမာပတ္တိသုခသည်....။

၄။ တိဟိတ် ပဋိသန္ဓေ စသည်တို့သည်....။

၅။ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်....။

၉။ (ခ) ဝါကျ လောကုတ္တရံအရ မဂ်လေးပါးရ၏။

(ဂ) ဝါကျ လောကုတ္တရံအရ-ဖိုလ်လေးပါးရ၏။

(ဃ)ဝါကျ လောကုတ္တရံအရ-နိဗ္ဗာန်ရ၏။

http://www.dhammadownload.com



တစ်နည်း- လောကုတ္တရာ ကုသိုလ်ကို ပြုရာ၌ မဂ်ကို လိုအပ်သောကြောင့် သုံး ဝိကပ်လုံး၌ မဂ်တရားရပါသည်။ [ဋီ-၁၁၁]

၁၀-ကတ္တားပုဒ်အရ ဝေဒနာယူ၍ ထိုဝေဒနာပစ္စည်းတရားသည်၊ ဘာဝေတိ အရ ကျန်နာမ်ခန္ဓာသုံးပါးယူ၍ ထိုနာမ်ခန္ဓာသုံးပါး ပစ္စယုပ္ပန်တရားအား သဟ-နိ-ဣန္ဒြိ-ဈာ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(မှတ်ချက်။ ။ဘာဝေတိအရ ကာမာဝစရကုသိုလ်, ကိရိယာ ပစ္စည်းတရားသည် အပ္ပနာဇောနှင့်-အရ လောကုတ္တရာ အပ္ပနာဇောနှင့်အား ဇနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ [၆] ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com

# ၁၄၃-နိယျာနိကံ အဖွင့်

(က) လောကတော နိယျာတိ, ဝဋ္ဋတော နိယျာတီတိ နိယျာနိကံ။

(ခ) နိယျာတိ ဝါ ဧတေနာတိ နိယျာနိကံ။

(ဂ) တံ သမင်္ဂီ ဟိ ပုဂ္ဂလော....ပ....ဘာဝေန္တော နိယျာတိ။

(ဃ) ယထာစ ပန ဧတဒ္ဓမ္မက ကုသလံ....ပ....န တထာ ဣဒံ [ဋ္ဌ-၂၅၉]

၁။ ကတ္တားနှင့် အပါဒါန်ထည့်၍ ခ-ဝါကျကို အနက်ယောဇနာပါ။

၂။ (ဂ)ဝါကျကို အနုလောမ ပါပနာဒီ ကျမ်းရိုးငါးချက်ဖြင့် စောဒနာတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ဖြင့် ပယ်သော ဒေါသများကို အသီးသီးဖော်ပြ၍ (ခ)ဝါကျ၌ ဝါသဒ္ဒါ လဲလှယ်ပုံကိုလည်း ဖော်ပြပါ။

၄။ တံ သမင်္ဂီကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကို ဗျုပ္ပတျာဒိ စတုက္က ခွဲပြပါ။

၅။ တံ သမင်္ဂီ ပရိဇာနန္တော-အာစယဂါမိပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို ဝေဖန်ပြပါ။

၆။ (က)ဝါကျတို့၌ အာဘော်နှင့် သံဝဏ္ဏနာ အမည်များကို ဖော်ပြပါ။

၇။ (က-ခ-)ဝါကျ နိယျာနိကံတို့၌ နိသဒ္ဒါ၊ (ဂ)ဝါကျရှိ ဟိသဒ္ဒါ၊သစ္ဆိသဒ္ဒါ၊ (ဃ)ဝါကျ-ယထာ, စ, တထာသဒ္ဒါတို့၏ အနက်များကို ဖော်ပြပါ။

၈။ နိယျာတိ, နိယျာနိကံပုဒ်တို့၏အရကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။

၉။ (ခ)ဝါကျ၌ ကရိုဏ်းပါဌ်အရ တရားသည် ကြိယာအရ တရားအား မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍ ပြိုင်နိုင်သော ပစ္စည်းများကိုလည်း ရေတွက်ပြပါ။

## အဖြေဝိသဇ္ဇနာ

၁-ဝါ- တစ်နည်းကား။ ဧတေန ဧျာနေန – ဤ လောကုတ္တရာ ဈာန်ဖြင့်၊ ပုဂ္ဂလော-လောကုတ္တရာဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ (ကတ္တား) လော–ကတော-လောကမှ၊ ဝါ-ဝဋ္ဋတော-ဝဋ္ဋ်မှ။ (အပါဒါန်) နိယျာတိ—ထွက်မြောက်တတ်၏။ ဣတိတသ္မာ-ထိုသို့ ထွက်မြောက်ကြောင်း၏ အဖြစ်ကြောင့်၊ တံ ဈာနံ= ထိုလောကုတ္တရာဈာန်သည်၊ နိယျာနိကံ-နိယျာနိက မည်၏။

http://www.dhammadownload.com



[ပါဠိတော်အနက်။ ဧနိယျာနိကံ – ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ (က–ဝါကျအလို)၊ နိယျာနိကံ-ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော (ခ–ဝါကျအလို)။]

၂–ဆရာ, ဆရာသည်(က–ခ) ဝါကျတို့ဖြင့် လောက ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်, ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် နိယျာနိက မည်သောဟု အကျဉ်းသခေ်ပကို ပြဆိုတော်မူ၏။ ထိုသို့ အကျဉ်းသခေ်ပကိုသာ ပြသည်ရှိသော်, ဝဋ်ဆင်းရဲမှ ထွက်မြောက်ပုံ အကျယ်ဝိတ္ထာရကို မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်သည် မရောက်သင့်, ထိုသို့ မရောက်သင့်လေသောကြောင့်, ဝဋ်ဆင်းရဲမှ ထွက်မြောက်ပုံ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏၊ အကျယ်ဝိတ္ထာရကို မပြဆိုဘဲမနေသင့်၊ မနေသင့်ဘဲ နေချေသော်, ဆရာအား အကျဉ်း–အကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ စကားမပြည့်စုံသော အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏၊ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ)ဝါကျကိုမိန့်၏ အဓိပ္ပာယ်ကား (ဂ)ဝါကျဖြင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်ပုံ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သောဒေါသ ဆရာအား မရောက်ဟူလို။

[(ခ)ဝါကျ ကျမ်းတက်လျှင် နိယျာနိကံ၌ အနီယ ပစ္စည်းသည် ကတ္တုသာဓ် အနက်ကိုသာလျှင် ဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ...စသည်။ (ဃ) ဝါကျ ကျမ်းတက်လျှင် - နိယျာနိကံပုဒ်အဖွင့်မှ ထစ်ပါး, အပစယဂါမိ ပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်။]

၃-(ဒွေ ဈာနံ ဘာဝေတိ အဖွင့်ကိုထောက်လျှင်) က-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ (ခ-ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ခြင်းကြောင့်၊ ဝါ-အနီယ ပစ္စည်း၏ ကတ္တုသာဓ်အနက်မှတစ်ပါး, ကရဏသာဓ်အနက်ကို ဖွင့်ပြသဖြင့် လိုအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်သွားသောကြောင့်) ခ-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ ဂ-ဝါကျဖြင့် ဝိရောဓိ, အဗျာပိတ, အပရိပုဏ္ဏ, ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။ ဃ-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါ လဲလှယ်ပုံ – နိယျာနိကံ၌ အနီယပစ္စည်း၏ ကတ္တုသာဓ်အနက် အကြောင်းမှတစ်ပါး၊ ကရဏသာဓ်အနက် အကြောင်းတစ်ပါး လဲလှယ်လိုသောကြောင့် ခ-ဝါကျ၌ ဝါသဒ္ဒါထားပါသည်။

၄–သမ္မာ+အင်္ဂနံ သမင်္ဂေါ။ သမင်္ဂေါ+အဿ အတ္ထီတိ သမင်္ဂီ၊ (အစိတ်), တေန (ဈာနေန) + သမင်္ဂီ တံသမင်္ဂီ။ (အပေါင်း)

http://www.dhammadownload.com



၁။ ဝေနသမင်္ဂီဟူသော ဝိဂ္ဂဟဝါကျသည်....။
၂။ ထို၏အကြောင်းဖြစ်သောဈာန်၏ ပြည့်စုံသောပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန, ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။
၃။ တံ သမင်္ဂီဟူသော နိပ္ဖန္နသဒ္ဒါသည်....။
၄။ ထို၏အကြောင်းဖြစ်သော ဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဝစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်၊ ပါ-တံသမင်္ဂီဘောဂုဏ်သည်။

၅—ဟံမင်္ဂီ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသပဒ၊ ဝါ-သမာသနာမပဒ။

ပရိဇာနန္တော-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတနာမပဒ။

အာစယဂါမီ—နပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသနာမပဒ။

၆း(က) ဝါကျ။ လောကတောဖြင့် နိယျာတိ၏ အပါဒါန်ကို သိစေ၏။ (ဘာဝတ္ထ), ဝဋ္ဋတောဖြင့် လောကတော၌ လောကအရ တေဘူမက ဝဋ်တရားကို ယူရမည်ဟု သိစေ၏။ (အဘိမေယျတ္ထ), နိယျာတိဖြင့် နိယျာနိကံ၌ နိပ္ဖန္န+ ယာဓာတ်၏ အဖြစ်၊ (ဒု-ဓာတုပဒ) အနိယပစ္စည်း ကတ္တုသာဓ်အနက်ဟော၏ အဖြစ်၊ (ဒု-ပစ္စယတ္ထ) နိယျာတိတိ နိယျာနိကံဟု ကတ္တုသာဓ် ဝိပ္ပဟပြုရမည်၏အဖြစ်၊ (အဘိဓေနတ္ထ) နိယျာနိကံဟု ဆိုလိုလျက် နီ၌ ရဿ, ယကို ကပြု၍ နိယျာနိကံဟု ပုဒ်ပြီးသည်အဖြစ်၊ (နေယျတ္ထ၊ ဘာဝတ္ထ) သိစေ၏။

(ခ) ဝါကျ။ ဝါဖြင့် အတ္ထန္တရ ဝိကပ္ပနတ္ထ, နယန္တရ ဇောတကအဖြစ်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ), နိယျာတိ ဧတေနာတိဖြင့် နိယျာနိကံ၌ နိပ္ဖန္န+ ယာဓာတ်. အဖြစ်၊ (ဒု-ဓာတုပဒ) အနိယပစ္စည်း ကရဏသာဓ် အနက်ဟော၏အဖြစ်၊ (ဒု-ပစ္စယတ္ထ) နိယျာတိ ဧတေနာတိ နိယျာနိကံ-ဟုကရဏသာဓ်ဝိဂ္ဂဟပြုရမည်အဖြစ်၊ (အဘိဓေနတ္ထ) သိစေ၏။

၇-နိသဒ္ဒါ-နိဂ္ဂဟိတတ္ထ။ ဟိသဒ္ဒါ ဝိတ္ထာရတ္ထ၊ တစ်နည်း—ဒဠှီကရဏတ္ထ။ သစ္စိ သဒ္ဒါ-ပစ္စက္ခတ္ထ၊ ယထာ-ပဋိဘာဂတ္ထ။ (ဝါ) ဥပမာဇောတက၊ စ-အနက်မရှိ ပဒါလင်္ကာရ။ ပန-ပက္ခန္တရတ္ထ။ တထာ-ပဋိဘာဂတ္ထ, (ဝါ) ဥပမေယျဇောတက။

ဂ။ နိယျာတိ, နိယျာနိကံတို့အရ—
၁။ လောကုတ္တရာ သောတာပတ္တိမဂ်ဈာန်သည်....။
၂။ ဂေါတြဘူသည်....။
၃။ သောတာပတ္တိ မဂ္ဂါနန္တရဖိုလ်သည်....။
၄။ ပရိကံ, ဥပစာ, အနုလုံ စသည်တို့သည်....။
၅။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခ, အထက်မဂ်, ဖိုလ်, အနုပါဒိ သေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်....။

http://www.dhammadownload.com



တစ်နည်း--၁။ လောကုတ္တရာမဂ် ၄-ပါးချာန်သည်....။

(အကြွင်းလောကုတ္တရာအဖွင့် နံပါတ်(၈) အဖြေနှင့်တူ၏။)

၉။ သမုဒယအရ-လောဘ ရ၏။

လောဘော — အာရမ္မဏဂ္ဂဟဏ လက္ခဏော၊
အဘိသင်္ဂရသော။
အပရိစ္စာဂ ပစ္စုပဋ္ဌာနော။
သံယောဇနီယဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော။ [ဗ-၂၉၁]

၁၀—ဓေတနပဌ္ဌသော ကသိုဏ်းပါဠိအရ လောကုတ္တရာစျာန် ပစ္စည်းတရားသည် နိယျာတိကြိယာပုဒ်အရ ကြွင်းသော လောကုတ္တရာစျာန် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ပိုင်-ယထာရဟ-သဟ-ည-နိ-ဏ္ဍ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၉) စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟ-နိ-ဏ္ဍ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ (၈) ဤသမ္မာဒိဋ္ဌိလောနှင့် ပရိဇာနန္တော၊ နိယျာတိတို့၌ ဂေဒနာပစ္စည်း တရားစသည် ယှဉ်၍ သဟ-မျိုးပိုင်မြဲ။ မဂ္ဂအရ မဂ္ဂင်ရှစ်ပါးသည် ဘာဝေန္တော၊ နိယျာတ်အရ မဂ်စိတ္တုပ္ပါဒ်အား ယထာရဟ-ဟေ-ဓိ-သဟ-ည-နိ-ဏ္ဍ-ဈာ-မဂ္ဂ-ဝိပ္ပ-သံ-တ္ထိ-အဝိ (၁၁)။]

http://www.dhammadownload.com

# ၁၄၄-ဒိဋ္ဌိဂတာနံ အဖွင့်

(က) ဒိဋ္ဌိဂတာနံ ပဟာနာယာတိ ဧတ္ထ ဒိဋ္ဌိယောဧဝ ဒိဋ္ဌိဂတာနိ။
(ခ) "ဂူထဂတံ မုတ္တဂတံ" န္တိ အာဒီနိဝိယ။
(ဂ) ဒွါသဋ္ဌိယာ ဝါ ဒိဋ္ဌီနံ အန္တောဂဓတ္တာ ဒိဋ္ဌီသု ဂတာနီတိပိ ဒိဋ္ဌိဂတာနိ။
(ဃ) ဒိဋ္ဌိယာ ဝါ (ဒိဋ္ဌိယာဝ) ဂတံ ဧတေသန္တိပိ ဒိဋ္ဌိဂတာနိ။
(င) ဒိဋ္ဌိသဒိသဂမနာနိ ဒိဋ္ဌိသဒိသပ္ပဝတ္တာနီတိ အတ္ထော။ [၄-၂၅၉]

၁။ (က-ခ)ဝါကျတို့ကို ဟေတာလင်္ကာရဝါကျ ပရိဝတ္တနအနက်ယောဇနာပါ။
၂။ (ဂ)ဝါကျကို ဥပနာ, အာဘော, အာဘောဂဟိတ်, ဥပနာပဋိက္ခေပ (အနုညာတ) စောဒနာ-ဟူသော ဥပနာပဋ္ဌကနည်းဖြင့် ထက်ပြပါ။
၃။ (င)ဝါကျဖြင့် ပယ်အပ်သော ဒေါသကို အကြောင်းနှင့်တကွ ပြဆိုပြီးလျှင် (ဂ-ဃ)ဝါကျတို့၌ ဝါသဒ္ဒါများ လဲလှယ်ပုံကို ဖော်ပြပါ။
၄။ ဂူထဂတံပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိ စတုက္က ထုတ်ပြပါ။
၅။ ဒိဋ္ဌိယော, အာဒီနိ, ဒွါသဋ္ဌိယာ, အန္တောဂဓတ္တာပုဒ်တို့၏ လိင်-ဂဏ-အန္တ-ပဒတို့ကို စိစစ်ပြပါ။
၆။ အသက်ပါဝါကျတို့၌ အာဘော် သံဝဏ္ဏနာ အမည်များကို ဖော်ပြပါ။
၇။ ဒိဋ္ဌိယောဧဝ၌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗစသော သုံးပါးကိုလည်းကောင်း, (ဃ) ဝါကျ၌ သဗ္ဗနာမ်ပုဒ် အစွဲကိုလည်းကောင်း ပြဆိုခဲ့ပါ။
၈။ ပဟာနာယ၌ အန္တတ္ထခေတ်၏အရ ကတ္တုရှ ကြိယာအရကို ကောက်၍ ကြိယာငါးတန် တုတ်ပြီးလျှင်၊ (ခ)ဝါကျ၌ အဘယ်သိဒ္ဓိဖြစ်သည်ကို ဖော်ပြပါ။
၉။ ဒိဋ္ဌိယောဧဝ၌ ဒိဋ္ဌိ၏ လက္ခဏာဒိ စတုက္ကကို ထုတ်ပြပါ။
၁၀။ (ဃ)ဝါကျ၌ ဒိဋ္ဌိယာ ဂတံအရ တရားသည် ဧတေသံအရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

## အဖြေဝိဿဇ္ဇနာ

၁-(ဥပမာ အပြင်ထုတ်၍ပေးပုံမှာ နိဿယအတိုင်းမှတ်။)

ဒိဋ္ဌိဂတာနံ ပဟာနာယာတိ ဧတ္ထ-ဟူသော ဤပါဌ်၌၊ ဂူထဂတံ- ကျင်ကြီး၊ မုတ္တ-ဂတံ-ကျင်ငယ်၊ ဣတိ အာဒီနိဝိယ-ဤသို့ အစရှိသော ပုဒ်တို့ကဲ့သို့၊ ဂတသဒ္ဒါ-၏၊ တဗ္ဗာဝ ဝုတ္တိတ္တာ-တဗ္ဗောအနက်၌ ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်၊ ဒိဋ္ဌိယော ဧဝ-ဒိဋ္ဌိတို့သည်ပင်လျှင်၊ ဒိဋ္ဌိဂတာနိ-ဒိဋ္ဌိဂတမည်ကုန်၏။

http://www.dhammadownload.com



အဖွင့်နှင့်အညီ သံဝဏ္ဏေတဗ္ဗအနက်—ဒိဋ္ဌိဂတာနံ-(၆၂-ပါးသော မိစ္ဆာအယူ) ဒိဋ္ဌိတို့ကို၊ (က-ဝါကျအလို), ဝါ-(၆၂-ပါးသော) ဒိဋ္ဌိတို့၌ အတွင်းဝင်သော (မိစ္ဆာအယူ) ဒိဋ္ဌိတို့ကို၊ (ဂ ဝါကျအလို), ဝါ-ဒိဋ္ဌိ, ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရားတို့ကို (ဃ-င-ဝါကျတို့အလို)။]

၂-အရှင်အဋ္ဌကထာဆရာ (အာ), ဆရာသည် (ကတ်), က-ခ-ဝါကျတို့ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုရမည်အဖြစ်ကို ပြဆိုတော်မူ၏၊ (ဌ), ဤသို့သာ ပြချေသော် (ဏ), ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်း သမာသ် ဝစနတ္ထကိုသာလျှင် ပြုအပ်၏-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ (အာဘောဂ), ထိုသို့ ရောက်ရာလေသောကြောင့် (ဟေတု), က-ခ-ဝါကျတို့ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်း သမာသ် ဝစနတ္ထ ပြုရမည်ကိုသာ မပြဆိုသင့် (ဌ-ခေ) တစ်ပါးသော ဖြစ်သင့်သော သမာသ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (အနုညာတ), တစ်ပါးသော ဖြစ်သင့်သော သမာသ် ဝစနတ္ထကား အဘယ်ပါနည်း။ (စောဒနာ၊ ဝါ-ပုစ္ဆာ), ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဂ-ဝါကျကိုမိန့်၏၊ အဓိပ္ပာယ်ကား—ဂ-ဝါကျဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တစ်ပါးသော ဖြစ်သင့်သော သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်း ပြဆို၏-ဟူလို။ (အဒေါသာရောပန စောဒနာ တက်တည်း) [ဒေါသာရောပန စောဒနာတက်လျှင် အဗျာပိတဒေါသတင်တက်။ ထို့ပြင် ခ-ဝါကျကို ကျမ်းတက်သော်-ဆရာ, ဆရာသည် က-ဝါကျဖြင့် နှိုင်းယှဉ်အပ်သော ဥပမေယျကို ပြဆိုတော်မူ၏။....သော်, နှိုင်းယှဉ်ကြောင်း ဥပမာနသည်လည်း ရှိသင့်သည် မဟုတ်ပါလော....စသည်။

(ဃ)ဝါကျ ကျမ်းတက်သော်....ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းနှင့် သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထကိုသာလျှင် ပြုရမည်-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော....စသည်။ င-ဝါကျ ကျမ်းတက်သော်....ဂတပုဒ်၏ ဘာဝသာဓ် ဝစနတ္ထ ပြုရမည်အဖြစ်, ဂမုဓာတ်၏ ပဝတ္တနအနက် ဟောသည်၏အဖြစ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။]

၃-ဂတပုဒ်ကို ကတ္တုသာဓ် ဝစနတ္ထ စသည် မပြုရ၊ ဘာဝသာဓ် ဝစနတ္ထကိုသာ ပြုရမည်၊ ဂမုဓာတ်သည် ပါပုဏန စသော အနက်ကိုမဟော၊ ပဝတ္တနအနက်ကိုသာ ဟောသည်-ဟု အလွန်ပျံ့နှံ့အောင် ပြဆိုသောကြောင့် င-ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါများ လဲလှယ်ပုံ။ ။ဒိဋ္ဌိဂတာနိပုဒ်၏ ကမ္မဓာရည်း သမာသ်အနက် အကြောင်းမှတစ်ပါး, သတ္တမီတပ္ပုရိသ် သမာသ် အနက်အကြောင်း ဂတ-သဒ္ဒါ၏ တဗ္ဘာဝဝုတ္တိ (တဗ္ဘော) အနက်မှတစ်ပါး, အန္တောဂဓ အနက်အကြောင်းကို၊

http://www.dhammadownload.com



တစ်နည်း-ဂတာသဒ္ဒါ၏ အနက်မရှိသဒ္ဒါမှ အနက်ရှိသဒ္ဒါကိုလည်းကောင်း, တဗ္ဘော အနက်မှ အာဒ္ဓာဂမအနက်ကိုလည်းကောင်း လဲလှယ်လိုသောကြောင့် ၎-ဝါကျ၌ ဝါသဒ္ဒါ ထားသည်။ ဒိဋ္ဌိဂတပုဒ်၏ တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ် အနက်အကြောင်း သတ္တမီ တပ္ပုရိသ်သမာသ် အနက်အကြောင်းမှတစ်ပါး, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် အနက်အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့် ဃ-ဝါကျ၌ ဝါသဒ္ဒါ ထားသည်။

၄-ပဋိက္ကူလတ္ထာ ဂေါပိယတီတိ ဂူဒသာ။ (ဂူထံ), ဂူထော ဧဝ (ဂူထံဧဝ) ဂူဿဂတံ။

၁။ ဂူထောဧဝ (ဂူထံဧဝ) ဟူသော ဝိဂ္ဂဟဝါကျသည်။

၂။ ထို၏ အကြောင်းဖြစ်သော ဂူထပုဒ် + ဂတပုဒ်-မစင် - ဟူသော ဂူထ၏ ဂတနှင့် ဝိသေသန+ဝိသေသျ, အဘေဒ+ဘေဒ၏ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်....။

၃။ ဂူထဂတံ-ဟူသော နိပ္ဖန္နသဒ္ဒါတည်....။

၄။ ထို၏အကြောင်းဖြစ်သော မစင်-ဟူသော ဂူထဂတတို့၏ တစ်ခုသည် တစ်နှင့်တူသော အခြင်းအရာ-ဟု အပ်သော ဇာတ်သည်....။

[ပဟီယတေ ပဟာနံ။ (တဿ ပဟာနာယ) (ပပုဗ္ဗ+ဟာဓာတ်+ယုပစ္စည်း၊ ပယ်ခြင်းကြိယာခွဲ။) အန္တော+ဩဂါဓတီတိ အန္တောဂဓံ။ အန္တော+ဩဂါဓန္တီတိ အန္တောဂဓာနိ။ (အန္တော သဒ္ဒူပပဒ+အဝပုဗ္ဗ+ဂါဓဓာတ်+အပစ္စည်း၊ တည်ခြင်း ကြိယာခွဲ။)]

၅။ ဒိဋ္ဌိယော-ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ၊ ဝါ-ကိတနာမပဒ။ အာဒီနိ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ ဒွါသဋ္ဌိယာ-ဣတ္ထိလိင်၊ သဗ္ဗနာမ်ဂိုဏ်း တစ်နည်း-ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ နာမပဒ၊ ဝါ-သမာသ်နာမ်ပုဒ်၊ ဝါ-သင်္ချာတဒ္ဓိတ်နာမ်ပုဒ်။ အန္တောဂဓတ္တာ-နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ဘာဝတဒ္ဓိတ်နာမ်ပုဒ်။

၆-(က)ဝါကျ။ ဒိဋ္ဌိဂတာနံ ပဟာနာယာတိ တွေ့ဖြင့် စကားပျိုး, ဥဿျော ဇဉ်ကို သိစေ၏။ (ဘာဝတ္ထ) ဒိဋ္ဌိယော ဧဝဖြင့် ဒိဋ္ဌိဂတာနိ၌ ဂတသဒ္ဒါ အနက်မရှိ၊ တဗ္ဘောအနက်၌ ဖြစ်သည်ကိုလည်းကောင်း, ဒိဋ္ဌိယောဧဝ ဒိဋ္ဌိဂတာနိ-ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း သိစေ၏။ နာမလိင်္ဂတ္ထသံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ။

(ခ) ဝါကျဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနကို သိစေ၏။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဂ) ဝါကျ။ ဒွါသဋ္ဌိယာဖြင့် ဒိဋ္ဌိဟူသည် (၆၂)ပါး ရှိ၏-ဟု သရုပ်ကြား အဓိပ္ပာယ်ကိုသိစေ၏။ (အဘိဓေယျတ္ထ၊ ဘာဝတ္ထ), ဂါ-ဖြင့် အတ္တန္တရဝိကပ္ပနတ္ထ, နယန္တရ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)ဒိဋ္ဌိနံဖြင့် အန္တောဂဓတ္တာ၏ သမ္ဗန္ဓကို သိစေ၏။ (ဘာဝတ္ထ), အန္တောဂဓတ္တာဖြင့် ဂတသဒ္ဒါ အန္တောဂဓအနက် ဟောဟု သိစေ၏။ (နာမလိင်္ဂတ္ထ) ဒိဋ္ဌိသု ဂတာနိဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌီသု+ ဂတာနိ ဒိဋ္ဌိဂတာနိ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ပြုရမည်ကို သိစေ၏။ (သမာသ-လိင်္ဂတ္ထ) ပိဖြင့် သမုစ္စယတ္ထ, သမ္ဘာဝနတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ဘာဝတ္ထ)

(ပိ၏ သမုစ္စယာကာရ, သမ္ဘာဝနာကာရကား-ဒိဋ္ဌိဂတာနိ၌ ဂတသဒ္ဒါသည် တဗ္ဘာအနက်၌သာ ဖြစ်သည်မဟုတ်သေး၊ အန္တောဂဓအနက်၌လည်း ဖြစ်သေး၏ဟု ပေါင်းသည်)။

(ဃ) ဝါကျ။ ဝါဖြင့် အတ္တန္တရဝိကပ္ပနတ္ထ,နယန္တရဇောတကအဖြစ်ကိုသိစေ၏။ (အတ္ထ၊ ဘာဝတ္ထ), (ဒိဋ္ဌိယာဝ-ဟု ပါဠ်ရှိစေ) ဒိဋ္ဌိယာဝ ဂတံ ဧတေသန္တိဖြင့် ဒိဋ္ဌိဂတာနိ၌ ဂဟပုဒ်ကို ဂတံဝိယာတိ ဂတံ-ဟု ဥပမာတဒ္ဓိတ် ပြုရမည်အဖြစ်၊ (ပစ္စယတ္ထ), ဒိဋ္ဌိယာ+ဂတံ ဧတေသန္တိ ဒိဋ္ဌိဂတာနိ၊ တစ်နည်း-ဒိဋ္ဌိယာ+ဂတံဣဝ+ ဂတံ ဧတေသန္တိ ဒိဋ္ဌိဂတာနိ-ဟု ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုရမည် အဖြစ်ကို သိစေ၏။(အတ္ထ၊ ဘာဝတ္ထ),

(ထိုပိ၏ သမုစ္စယာကာရ, သမ္ဘာဝနာကာရကား-ဒိဋ္ဌိဂတာနိပုဒ်သည် သတ္တမီ တပ္ပုရိသ်သမာသ် အနက်၌သာ ဖြစ်သည်မဟုတ်သေး။ ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ် အနက်၌လည်း ဖြစ်သေး၏။ တစ်နည်း-သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်သာ ဒိဋ္ဌိဂတ အမည်ရသည် မဟုတ်သေး၊ ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထကြောင့်လည်း ဒိဋ္ဌိဂတအမည်ရသေး၏ဟု ပေါင်း၏။)

(င) ဝါကျ။ သဒိသဖြင့် ဒိဋ္ဌိယာဝကို ဒိဋ္ဌိယာ+ဣဝဟု ပဒစ္ဆေဒပြုရမည်အဖြစ် (သန္ဓိလိင်္ဂပဒ), ဣဝသဒ္ဒါ၏ ဥပမာ ဇောတကအဖြစ် (နိပါတလိင်္ဂတ္ထ) ဂမနဖြင့် ဂတံကို ဂမနံ ဂတံဟု ဘာဝသာဓ် ဝိဂ္ဂဟပြုရမည်အဖြစ် (ဒု-ပစ္စယတ္ထ) ပဝတ္တာနိဖြင့် ဂမုဓာတ်၏ ပဝတ္တန အနက်ဟော၏အဖြစ်၊ (ဒု-ဓာတွတ္ထ) သိစေ၏။

၇—၁။ ဒိဋ္ဌိဟူသော အနက်သည်၊ ဝါ-ဂတသဒ္ဒါ၏ တဗ္ဘာအနက်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဒိဋ္ဌိမှ တစ်ပါးသောအနက်တို့သည်၊ ဝါ-ဉာဏဂတိစသော အနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ပဝတ္တနဂတိအနက်သည် အနုညာတတ္ထ။

ရတနာ့ဂုဏ်ရည် (၁၁၆)

http://www.dhammadownload.com



ဓေတသ်၌ တေ ဟူသော သဗ္ဗနာမ်ပုဒ်သည် ဝိစိကိစ္ဆာ စသော တရားတို့ကို စွဲသည်၊ (ဝိသယ နာမည်မေးသော်-ဝိစိကိစ္ဆာ စသော ဓမ္မဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။)

၈—ပဟာနာသယ၌ ပပုဗ္ဗ+ဟာဓာတ်အရ ကတ္တုဋ္ဌကြိယာကား—သောတာပတ္တိမဂ်တရား၊ ဝါ—သောတာပတ္တိမဂ်ဉာဏ်တည်း။

၁။ သောတာပတ္တိမဂ် (ဉာဏ်)သည်....။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည်....။
၃။ သောတာပတ္တိမဂ္ဂါနုဋ္ဌရဖိုလ်သည်....။
၄။ တိဟိတ်ပဋိသန္ဓေနှင့် စာဝုစက္ကသမ္ပတ္တိ စသည်တို့သည်....။
၅။ ဖလသမာပတ္တိသုခ, အထက်မဂ်, အထက်ဖိုလ်, အနုပါဒိသေသနိဗ္ဗာန်အထိ အကျိုးဆက်တို့သည်....။

ဒိဋ္ဌိဂဟာနိ၌ ဂတသဒ္ဒါ၏တဗ္ဗောအနက်၌ဖြစ်သည်ကို ဣ ဂူထဂတံ, မုတ္တဂတံ စသော အာဂမ သာဓကပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

၉—ဒိဋ္ဌိ အယောနိသော အဘိနိဝေသ လက္ခဏာ၊ ပရာမာသရသာ၊ မိစ္ဆာဘိနိဝေသ ပစ္စုပဋ္ဌာနာ၊ အရိယာနံ အဒဿန ကာမတာဒိ ပဒဋ္ဌာနာ။ [ဋ္ဌ-၂၉၀]

၁၀-ဒိဋ္ဌိယာဂတံအရ ဒိဋ္ဌိစေတသိက် ပစ္စည်းတရားသည် ဓေတသံအရ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟ-ည-နိ-မဂ္ဂ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ တစ်နည်း ဒိဋ္ဌိယာ ဂတံအရ ဒိဋ္ဌိစေတသိက်ပစ္စည်းတရားသည် ဓေတသံအရ ဒိဋ္ဌိနှင့်တူသော ဝိစိကိစ္ဆာ စသော ကြွင်းသော အကုသိုလ်-စိတ္တုပ္ပါဒ်အား ပကတူ....ပြု၏။

[က—ဝါကျ။ ဒိဋ္ဌိဂတာနံအရ ဒိဋ္ဌိ, ဝိစိကိစ္ဆာစသည်သည် ပဟာနာယအရ သောတာပတ္တိမဂ် စိတ္တုပ္ပါဒ်အား....ပကတူပြု၏။] ခ-ဝါကျ။ ဓေတသံအရ ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ရာဂ, ဒေါသ, မောဟသည် ဂတံအရ သမ္ပယုတ် စိတ္တုပ္ပါဒ်အား ယထာရဟ-ဟေ-သဟ ည-နိ-သံ-ထ္ထိ-အဝိ(၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။]

☆

http://www.dhammadownload.com

# ၁၄၅-ဘူမိယာ အဖွင့်

(က) ဘူမိယာတိ အနန္တရဟိတာ....ပ....စိတ္တုပ္ပါဒေါ။

(ခ) ဣမေ ပန သာမညဖလံ အဓိပ္ပေတံ။

(ဂ) တဒ္ဓိ သမ္ပယုတ္တာနံ....ပ....ဘူမိ။

(ဃ) ယသ္မာ ဝါ သမာနေပိ....ပ....ဝုစ္စတိ။

(င) တဿာ ပဌမာယ ဘူမိယာ [၄၁-၂၅၉]

၁။ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ဂ–ဝါကျကို အနက်ယောဇနာပါ။
၂။ (ခ)ဝါကျကို ပါပနာဒိကျမ်းရိုး တက်ပြပါ။
၃။ (ခ)ဝါကျ၌ အဓိပ္ပေတံ ထားရပုံ, (ဃ)ဝါကျ၌ ဝါသဒ္ဒါ လဲလှယ်ပုံတို့ကို ဖော်ပြပါ။
၄။ သာမညဖလံကို အစိတ်အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိ စတုက္ကခွဲပြပါ။
၅။ မဟာပထဝီ ဘူမိ–ဥပ္ပဇ္ဇတိပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို ဖော်ပြပါ။
၆။ (ဂ–ဃ)ဝါကျတို့၌ အာဘောဉ်နှင့် သံဝဏ္ဏနာအမည်တို့ကို ပြပါ။
၇။ ဣမေ ပန၌ ပန, တဒ္ဓိ၌ ဟိ, သမာနေပိ၌ ပိသဒ္ဒါတို့၏ အနက်ကိုဖော်ပြ၍၊ (င)ဝါကျ တဿာ၌ တ၏စွဲရာ ဝိသယ နာမည်ကို ဖော်ပြပါ။
၈။ သာမညဖလံနှင့် (ဂ-ဃ)ဝါကျတို့၌ရှိ ဘူမိအရကို ကြိယာငါးတန် ထုတ်ပြီးလျှင် (က)ဝါကျ၌ ရနိုင်သော သိဒ္ဓိကိုလည်း ဖော်ပြပါ။
၉။ န နိဗ္ဗာနံဝိယ၌ နိဗ္ဗာန်၏ လက္ခဏာ စသည်ကို ဖော်ပြပါ။
၁၀။ (ဂ)ဝါကျ၌ ဋ္ဌေအရ တရားသည် ဘဝန္တိအရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

## အပြေဝိဿဇ္ဇနာ

၁–ဟိ ယစ္စံ-မှန်၏၊ တံ သာမညဖလံ- ထိုသာမညဖိုလ်သည်၊ ဝါ-ထိုသောတာပတ္တိဖိုလ်သည်၊ သမ္ပယုတ္တာနံ-သမ္ပယုတ်တရားတို့၏၊ နိဿယဘာဝတော - မှီရာ၏ အဖြစ်ကြောင့်၊ ဋ္ဌေ–သာမညဖလေ-၌။ တေ ဓမ္မာ-ထိုသမ္ပယုတ် တရားတို့သည်၊ ဘဝန္တိ- ဖြစ်တတ်ကုန်၏၊ ဣတိ တသ္မာ–ထို့ကြောင့်၊ ဝါ–ထိုသို့ သမ္ပယုတ် တရားတို့၏ ဖြစ်ရာ၏အဖြစ်ကြောင့်၊ ဘူမိ-ဘူမိမည်၏။

[သံဝဏ္ဏေတဗ္ဗအနက်။ ရှေ့ဝိကပ်အလို=ဘူမိယာ–သမ္ပယုတ် တရားတို့၏ မှီရာအားဖြင့် ဖြစ်ရာ သောတာပတ္တိဖိုလ်ဟူသော ဘုံသို့။

http://www.dhammadownload.com



နောက်ဝိကပ်အလို—ဘူမိယာ - နိဗ္ဗာန်ကဲ့သို့ ထင်ရှားမဖြစ်မဟုတ်, ထင်ရှားဖြစ်တတ်သော သောတာပတ္တိဖိုလ်သို့။ သဒ္ဒတ္ထ, သဂုဏ ဒဗ္ဗာပေက္ခတ္ထ-ပေးကလည်း ဤအတိုင်းပင်။ အဓိပ္ပာယတ္ထ, ကေဝလ ဒဗ္ဗာပေက္ခတ္ထ ပေးသော်-ဘူမိယာ-သောတာပတ္တိဖိုလ်သို့-ဟုပေး။]

၂—အရှင်အဋ္ဌကထာ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဘူမိသဒ္ဒါသည် မြေကြီး, စိတ္တုပ္ပါဒ် အနက်တို့ကို ဟောသည်သာဟု ဆိုတော်မူ၏။ (ဌ), ဤသို့သာ ဆိုချေသော်၊ (ဏ) ဤဘူမိယာဟူသောပုဒ်၌ ဘူမိသဒ္ဒါသည် ထိုမြေကြီး, စိတ္တုပ္ပါဒ် အနက်တို့ကိုလည်း ဟော၏ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ) စင်စစ်သော်ကား—ဤဘူမိယာဟူသောပုဒ်၌ ဘူမိသဒ္ဒါသည် မြေကြီး စိတ္တုပ္ပါဒ်အနက်တို့ကိုဟော၏ဟူသော၊ ဝါ-လိုအပ်၏ဟူသော အနက်သည် မရောက်သင့် (ပဋိ-ပါ) ထိုသို့မရောက်သင့်လေသောကြောင့်၊ (ဟိတ်) ဤဘူမိယာပုဒ်၌ လိုအပ်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော) လိုအပ်သောအနက်ကို မပြဆိုဘဲ မနေသင့် (ပဋိ-ရော) မနေသင့်ဘဲ နေချေသော် ဆရာအား ဝါကျ, အနက်, အဓိပ္ပာယ် အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသ ရောက်ရာ၏၊ (ဒေါ-ရော) ဤဘူမိယာပုဒ်၌ လိုအပ်သောအနက်ကား အဘယ်ပါနည်း၊(ပုစ္ဆာ) ဤသို့စောဒနာဖွယ်ရှိသောကြောင့် ဣဓပန—စသော ခ-ဝါကျကို မိန့်။ အဓိပ္ပာယ်ကား-ခ-ဝါကျဖြင့် ဤဘူမိယာဟူသောပုဒ်၌ သာမညဖိုလ်ကို၊ ဝါ-သောတာ ပတ္တိဖိုလ်ကို လိုအပ်၏ဟု ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ ဆရာအားမရောက်ဟူလို၊တစ်နည်း ဆရာ,ဆရာသည် က-ဝါကျဖြင့် ဘူမိသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဆိုတော်မူ၏၊....သော်, အတ္ထုဒ္ဒေသကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်၊ အဗျာပိတဒေါသတင်တက်။

[(ဂ) ဝါကျ။—ကျမ်းတက်သော်- ထိုစကားကို ယုံကြည်ကြောင်း ဖြစ်သော အသင့်ယုတ္တိ ဒဋ္ဌိကရဏကို မပြဆို ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....စသည်။'

(ဃ) ဝါကျ။ ကျမ်းတက်သော်—ဘူမိပုဒ်ကို အဓိကရဏသာဓ် ဝစနတ္ထကို သာလျှင် ပြုအပ်၏-ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....ပ....ကတ္တုသာဓ် ဝစနတ္ထ ပြုအပ်သည်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။

(င) ဝါကျ။ ကျမ်းတက်ပုံမှာ—အရှုပ္ပပတ္တိယာ မဂ္ဂ ဘာဝေတိအဖွင့် တသာ အရူပ္ပပတ္တိယာ ဝါကျ ကျမ်းတက်နှင့် တူ၏။ (ဝိဘာတျန်ခံ ကျမ်းတက်တည်း)]

၃—ဘူမိသဒ္ဒါ၏ မြေကြီး, စိတ္တုပ္ပါဒ်, သာမညဖိုလ် ဟူသော သာမည အနက်မှ အတ္ထယုတ္တိရှိသည် အားလျော်စွာ သာမညဖိုလ် (သောတာပတ္တိဖိုလ်) ဟူသော ဝိသေသအနက်ကို ယူစေလိုသောကြောင့်လည်းကောင်း,စောဒကနှင့်စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာ ဌာနဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတ် ထားသည်။ ဘူမိ မိပစ္စည်း၏ အဓိကရဏသာဓ် အနက် အကြောင်းမှတစ်ပါး, ကတ္တုသာဓ်အနက်အကြောင်းတစ်ပါးကိုလဲလှယ်လိုသောကြောင့် ဝါ-သဒ္ဒါထား၏။

http://www.dhammadownload.com



[(ဂ) ဝါကျဖြင့် ဒဠှီယ+ဒဠှီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ တစ်နည်း ဩစိတျဟီန ဒေါသတို့ကို ပယ်၏။ ဃ-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ ထိုဃ-ဝါကျတွင် တသ္မာ စသော နောက်ဝါကျဖြင့် နိရတ္ထက ဒေါသကို ပယ်၏။

(င) ဝါကျဖြင့် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။ အကြောင်းယုတ္တိကား–င-ဝါကျကို မဆိုခဲ့သော် ပါဠိတော်နှင့် ဆန့်ကျင်နေရကား–ဝိရောဓိဒေါသ ရောက်ရသောကြောင့် ထိုဝိရောဓိဒေါသကို ပယ်ခြင်းအကျိုးငှာ င-ဝါကျကို ဆိုရပါသည်။

ဝုစ္စတိ ထားရပုံ–ဘူမိသဒ္ဒါ၏ ကေဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် (က-ဃ)ဝါကျတို့၌ ဝုစ္စတိထား၏။

တသ္မာ ထားရပုံ–မိမိဘူသော သာမည ဖိုလ်၏ ဖြစ်ဘတ်သည်၏ အဖြစ်ဟူသော အကြောင်း ကာရဏကို ပြလိုသောကြောင့် ဃ-ဝါကျ၌ တသ္မာ ထား၏။]

၄-ကိလေသေသ မေဟိတိ သမဏော။ သမဏဿ+ဘာဝေါ သာမညံ၊ ဟေတုတော ဖလတိ နိပ္ဖဇ္ဇတီတိ ဖလံ။ ဖလတိ ဧတေနာတိ ဝါ ဖလံ။ (အစိတ်), သာမညဿ (မဂ္ဂဿ)+ဖလံ သာမညဖလံ။ (အပေါင်း)

၁။ သာမညဿ ဖလံ-ဟူသော ဝိဂ္ဂဟ ဝါကျသည်....။
၂။ ထို၏ အကြောင်းဖြစ်သော သာမည-ဟူသော မဂ်၏ ဖိုလ်တရားနှင့် အကြောင်း+အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်....။
၃။ သာမညဖလံ-ဟူသော နိပ္ဖန္နသဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သော သာမညဖိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာ-ဟု ဆိုအပ်သော ဓာတ်သည်....။

[အန္တရေ+ဌီယတိ ဌပီယတီတိ အန္တရဟိတံ။ နတ္ထိ+အန္တရဟိတံ ယဿာတိ အနန္တရဟိတာ။ (တာယ)

၂။ အခင်းအနီးမရှိခြင်း၏ မြေနှင့် ဂုဏ်+ဂုဏော....စပ်....။
၄။ အခင်းအနီးမရှိခြင်း–ဟူသောဂုဏ်သည်....။
ပထဝတိ ဝေတ္ထာတိ ပထဝီ။ ပပုဗ္ဗ+ထဝဓာတ်+အပစ္စည်း၊ (ဣတ္ထိဇောတက ဤပစ္စည်း) သွားရောက်ခြင်းကြိယာခွဲ၊ မဟန္တီ စ သာ ပထဝီစာတိ မဟာပထဝီ။

(ဿ) ဝါကျကိုရှုတက်၍–ဘဝတီတိ ဘူမိ-ဟူပြု။
၁။ ဘဝတီတိ-ဟူသော ဝိဂ္ဂဟ ဝါကျသည်....။
၂။ ဘ+ဝ+တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ဖြစ်ခြင်း ကြိယာသည်....။

http://www.dhammadownload.com



၃။ ဘူမိ—ဟူသော နိဗ္ဗာန်သဒ္ဒါသည်....။
၄။ ထို၏ အကြောင်းဖြစ်သောဖြစ်ခြင်း ကြိယာသည်....။

(ဓာတုဒစိန္တာဒီပနီနည်း)

တစ်နည်း—၁။ ဘူ-ဟူသော, မိ-ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါသည်။
၂။ ထို၏ အကြောင်းဖြစ်သော ဘူဓာတ်+မိပစ္စည်း, ဖြစ်ခြင်းကြိယာသည်....။
၃။ ဘူမိ-ဟူသော အပေါင်း နာမ ပညတ္တိ သဒ္ဒါသည်။
၄။ ထို၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည်....။

(အဘိဓာန်ဋီကာနည်း)

၅-မဟာပထဝီ-ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ၊ သမာသပဒ။ ဘူမိ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ နာမပဒ။ ငါ-ကိတနာမပဒ။ ဥပ္ပတ္တိအလိင်။ ဒိဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတပဒ။ [ဥ+ပဒ+ယ+တိ] တစ်နည်း-ဥပ္ပတ္တိ၌ ဥကား အလိင်၊ ဂဏဝိမုတ်၊ ဥကာရန္တ၊ ဥပသဂ္ဂပဒ၊ ပဇ္ဇတိ (ယခင်အတိုင်းခွဲ)

၆-(ဂ) ဝါကျ။ ဟိဖြင့် ဒဠှီကရဏဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) တံဖြင့် ဘူမိအရ သာမညဖိုလ်၊ ဝါ-သောတာပတ္တိဖိုလ်ကို ယူရမည်ဟု သိစေ၏။ (အဘိဓေယျတ္ထ) သမ္ပယုတ္တာနံ နိဿယ ဘာဝတောဖြင့် ဘဝန္တိ၌ ဖြစ်ခြင်းဟူသည် သမ္ပယုတ်တရားတို့၏ မှီရာ၏အဖြစ်ကြောင့် ဖြစ်ခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) တေ ဓမ္မာဖြင့် ဘဝန္တိကြိယာ၏ ကတ္တားအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ), ဘဝန္တိ တ္ထောတိဖြင့် ဘူမိ၌ ဘူဓာတ်အဖြစ် (ဒု-ဓာတုပဒ) မိပစ္စည်း အဓိကရဏသာဓ်အနက်ဟော၍ သက်သည်၏အဖြစ် (ဒု-ပစ္စယတ္ထ) ဘဝန္တိ တ္ထောတိ ဘူမိ ဟု အဓိကရဏသာဓ် ဝိဂ္ဂဟပြုရမည်အဖြစ် (အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ။ ဝါဖြင့် အတ္ထန္တရ ဝိကပ္ပနတ္ထ, နယန္တရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ၊ သာဝတ္ထ) ယသ္မာ သမာနေပိ လောကုတ္တရဘာဝေ၊ တသ္မာ ဘူမိတိ ဝုစ္စတိဖြင့် ဖိုလ်, နိဗ္ဗာန်တို့၏ လောကကို လွန်မြောက်သည်၏အဖြစ် တူမျှသော်လည်း ဖိုလ်ကိုသာ ဖြစ်တတ်သောကြောင့် ဘူမိ ဟု ဆိုအပ်သည် အဖြစ်ကို- သိစေ၏။ (ဘာဝတ္ထ), သယံ ဘဝတိဖြင့် ဘူမိ၌ ဘူဓာတ်အဖြစ် (ဒု-ဓာတုပဒ) မိပစ္စည်း ကတ္တုသာဓ်အနက်ဟော၏အဖြစ်၊ (ဒု-ပစ္စယတ္ထ) ဘဝတီတိ ဘူမိဟု ကတ္တုသာဓ် ဝိဂ္ဂဟ ပြုရမည်အဖြစ်၊ (အဘိဓာနတ္ထ) ပရမတ္ထမှတစ်ပါး, ပုဂ္ဂလကတ္တားကို တားမြစ်ထားသည်၏အဖြစ်၊ (ဘာဝတ္ထ) သိစေ၏။ ဥပ္ပဇ္ဇတိဖြင့် ဘဝန္တိ၌ ဘူဓာတ် ပတ္တိ စသော အနက်ကိုမဟော၊ ဥပ္ပဇ္ဇနအနက်ဟော-ဟု သိစေ၏။ (ဓာတွတ္ထ) န နိဗ္ဗာနံဝိယ အပါတုဘာဝဖြင့် ဖိုလ်၏ နိဗ္ဗာန်ကဲ့သို့ အပါတုဘာဝမဟုတ် ပါတု ဘာဝ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) [င-ဝါကျ အာဘော်မှာ—အရူပပပတ္တိယာ မဂ္ဂ ဘာဝေတိအဖွင့် တဿ အရူပပပတ္တိယာ ဝါကျနှင့်တူ၏။

http://www.dhammadownload.com



၇-ပနသဒ္ဒါ-ပက္ခန္တရတ္ထ၊ တစ်နည်း-ဝိသေသတ္ထ။ ဟိသဒ္ဒါ-ဒဠှီကရဏတ္ထ။ ပိသဒ္ဒါ ဖိုလ်နှင့်နိဗ္ဗာန်တို့၏ လောကကို လွန်မြောက်သည်၏အဖြစ် တူညီမျှသည်ဟု ချီးမွမ်း မြှောက်ပင့်သောကြောင့် သမ္ဘာဝနတ္ထ။ တစ်နည်း-လက္ခဏ နောက်ပါ၊ ပိသဒ္ဒါရှိ၊ အရှစ်။ ဟူသော တွင်းကြီးနိယံ ၁၂၁-နှင့်အညီ ပိသဒ္ဒါ လက္ခဏာရှစ်တ္ထ ဇောတက။ တဿာ၌ တ သည် ဘူမိယာဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။ [ဘူမိယာတိ ၌ ဣတိ ပဒတ္ထ ဝိပလ္လာသတ္ထ သဒ္ဒပဒတ္ထက။ တာဝ-ပထမတ္ထ။ ဘူမိတိ၌ ဣတိ-အာကာရတ္ထ၊ ပဒတ္ထ ဝိပလ္လာသတ္ထ။ ဧတ္ထာတိ၌ ဣတိ-ဟေတွတ္ထဇောတက။ သယမ္ပိ, တသ္မာပိတို့၌ ပိ-သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ နိဗ္ဗာနံဝိယ၌ နိ-နိက္ခန္တတ္ထ၊ ဝိယ-ပဋိဘာဂတ္ထ။ တသ္မာ၌ တ သည် ကိုယ်တိုင်ဖြစ်သည်၏အဖြစ်, နိဗ္ဗာန်ကဲ့သို့ ထင်ရှား မဖြစ်သည် မဟုတ်သည်၏ အဖြစ်ကို စွဲ၏။]

၈-သာမညဖလံ, ဘူမိတို့အရ

၁။ သောတာပတ္တိဖိုလ်သည်....။

၂။ သောတာပတ္တိမဂ်သည်....။

၃။ ဖလ သမာပတ္တိသုခသည်....။

၄။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ စသည်တို့သည်....။

၅။ အထက်မဂ်, အထက်ဖိုလ်, အနုပါဒိသေသနိဗ္ဗာန်အထိ အကျိုးဆက်တို့ သည်....။

ဘူမိသဒ္ဒါ၏ မြေကြီး, စိတ္တုပ္ပါဒ်အနက်ဟော၏ အဖြစ်ကို ဤအနန္တရ ဟိတာယ-သုခ ဘူမိယံ-စသော အာဂမ-သာဓကပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျ သိဒ္ဓိမည်၏။

[ဝုစ္စတိ၌ ဝစဓာတ်အရ ကြိယာဂါးတန်ထုတ်သော်-

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရသည်....။

၃။ ဘူမိ ဟူသော ဝစီဘေဒ သဒ္ဒသည်....။

၄။ သဒ္ဒမ္ဘာဝန စသည်သည်....။

၅။ ဘူမိ ဟူသော ဝစီဘေဒသဒ္ဒ အသံကိုကြားနာရခြင်း, ကြားသည် အတိုင်း အနက်အဓိပ္ပာယ် သိရှိရခြင်း စသည်တို့သည်....။]

၉-နိဗ္ဗာနံ-သန္တိလက္ခဏံ၊ အစ္စုတ (အစ္စုတိ) ရသံ။
အနိမိတ္တ ပစ္စုပဋ္ဌာနံ၊ ပဒဋ္ဌာနံ န လဗ္ဘတိ။

http://www.dhammadownload.com



၁၀-တွေအရ ဖိုလ်၌ရှိသော သမ္မာဒိဋ္ဌိပစ္စည်းတရားသည် ဘဝင်္ဂအရ သမ္ပယုတ်ဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ဟေ-မိ-သဟ-ည-နိ-ဝိပါ-ဏ္ဍ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၁) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏၊ တစ်နည်း-တွေအရ သမ္မာဒိဋ္ဌိစသော ဖိုလ်အင်္ဂါရှစ်ပါး ပစ္စည်းတရားသည် ဘဝင်္ဂအရ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားအား ယထာရဟ-ဟေ-မိ-သဟ-ည-နိ-ဝိပါ-ဏ္ဍ-ဈာ-မဂ္ဂ-သံ-တ္ထိ အဝိ (၁၂) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ [သမ္ပယုတ္တာနံအရ သမ္မာဒိဋ္ဌိကြဉ် ဖိုလ်စိတ္တုပ္ပါဒ်သည် နိဿယဘာဝတောအရ သမ္မာဒိဋ္ဌိအား ယထာရဟ-ဟေ-မိ-သဟ-ည-နိ-ကမ္မ-ဝိပါ-ဟာ-ဏ္ဍ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁ ) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သာမညဖလ၌ သာမညအရ မဂ်တရားသည် ဖလံအရ ဖိုလ်တရားအား ယထာရဟ-အနံ-သမနံ-ဥပ-ကမ္မ-နတ္ထိ-ဝိဂတ (၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

မဟာပထဝီနှင့် ဝုတ္တတိ၌ တေဝိဘတ်အရ ပထဝီပြဓာန်းသော အဋ္ဌကလာပ်ရုပ်သည် ဝုတ္တတီအရ ဝါ, ဝုတ္တတိ၌ ဝစေခေါ်အရ သတိ, ဝီရိယ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်အား အာ-ပု-တ္ထိ-အဝိ (၄) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။]

http://www.dhammadownload.com

# ၁၄၆–ပီတိသမ္ဗောဇ္ဈင်္ဂေါ အဖွင့်

(က) ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ဧတ္ထ ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါတိ ပီတိသမ္ဗောဇ္ဈင်္ဂေါ။

(ခ) တတ္ထ စေ ဗုဇ္ဈတိ, ဗောဓိယာ, ဗောဓိဿ ဝါ အင်္ဂေါတိ ဗောဇ္ဈင်္ဂေါ။

(ဂ) ဣဒံ ဝုတ္တံ ဟောတိ-ယာ အယံ ဓမ္မသာမဂ္ဂီ ယာယ ဓမ္မသာမဂ္ဂိယာ အရိယ သာဝကော ဗုဇ္ဈတီတိ ကတွာ "ဗောဓိ" တိ ဝုစ္စတိ။

(ဃ) ဗုဇ္ဈတီတိ ကိလေသ သန္တာန နိဒ္ဒါယ ဥဋ္ဌဟတိ။

(င) စတ္တာရိ ဝါ အရိယသစ္စာနိ ပဋိဝိဇ္ဈတိ၊ နိဗ္ဗာနမေဝ ဝါ သစ္ဆိကရောတိ၊ [ဒွ-၂၆၂]

၁။ (ဃ-င)ဝါကျတို့ကို မျှော်ထောက်၍ ဂ-ဝါကျရှိ ဗုဇ္ဈတိကိုသာ အနက် ယောဇနာပါ။

၂။ (ခ)ဝါကျကို ဥပနာဒိပဥ္စကနည်းဖြင့် ဇောဒနာဘက်ပြပါ။

၃။ အထက်ပါဝါကျတို့၌ ဝါသဒ္ဒါတို့ဖြင့် လဲလှယ်ပုံတို့ကို ဖော်ပြပါ။

၄။ (ခ)ဝါကျ၌ ဗောဓိယာ, ဗောဓိဿ, ပုဒ်တို့ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိ စတုက္က ထုတ်ပြပါ။

၅။ ဗောဓိယာ ဗောဓိဿ သစ္ဆိကရောတိတို့၏လိင်-ဂဏ-အန္တ-ပဒတို့ကိုဝေဖန်ပါ။

၆။ အထက်ပါဝါကျတို့၌ အာဘောဂ်နှင့် သံဝဏ္ဏနာ အမည်များကို ဖော်ပြပါ။

၇။ (က)ဝါကျ၌ ဧဝ၏ ဂဟေတဗ္ဗတ္ထ စသော သုံးချက်ကို ထုတ်ပြပါ။

၈။ ပဋိဝိဇ္ဈတိအရကို ကြိယာငါးတန်ထုတ်ပြပါ။

၉။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၌ ပီတိ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (င)ဝါကျ၌ နိဗ္ဗာနမေဝဟူသော ကံပုဒ်အရ တရားသည် သစ္ဆိကရောတိ ဟူသော ကြိယာပုဒ်အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများ ကို ဖော်ပြပါ။

## အဖြေ ဝိဿဇ္ဇနာ

၁-ဗုဇ္ဈတိ-ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်၏၊ ဝါ၊သစ္စာ လေးပါးတရားတို့ကို သိတတ်၏။ ဝါ-နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်၏။

[ဂ-ဃ–င-ဝါကျတို့ကို ရှု၍ ခ-ဝါကျပါ ဗောဓိဿကို အနက်သုံးနည်း ပေး သော်—ဗောဓိဿ-ကိလေသအစဉ် ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်သော အရိယာ ပုဂ္ဂိုလ် (သာဝက) ၏၊ ဝါ-သစ္စာလေးပါးတရားတို့ကို သိတတ်သော အရိယာ ပုဂ္ဂိုလ်၏၊ ဝါ-နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သော အရိယာပုဂ္ဂိုလ်၏။]

http://www.dhammadownload.com



၂–အရှင်အဋ္ဌကထာ ဆရာ, ဆရာသည် ဏ-ဝါကျနှင့် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်၏ အပေါင်းဝစနတ္ထသမုဒါယတ္ထကို ပြဆိုတော်မူ၏။ ဤသို့ဆိုချေသော်, အဝ ယဝတ္ထ, ဝစနတ္ထ, ဝိတ္ထာရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ တစ်နည်း-ဤသို့သာ ဆိုချေသော်, အဝယဝတ္ထကို မပြဆိုဟူသော အနက် အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ထိုသို့ ရောက်ရာလေသောကြောင့် သမုဒါယတ္ထမျှကိုသာ မဆိုသင့်, အဝယဝတ္ထ, ဝစနတ္ထဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏ သမုဒါယတ္ထကိုသာဆို၍ အဝယဝတ္ထကို မဆိုခဲ့သော် ဆရာအား စကားမန္ဒစပ်သော အဗျာပိတဒေါသ ရောက်ရာ၏၊ အဝယဝတ္ထကား အဘယ်ပါနည်း၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။ အဓိပ္ပာယ်ကား-ခ-ဝါကျဖြင့်သမုဒါယတ္ထ၏ အဝယဝတ္ထကိုလည်း ပြဆိုသောကြောင့် သင် စောဒက တင်အပ်သော အဗျာပိတဒေါသ ဆရာအား မရောက်ဟူလို။

[(ဂ) ဝါကျ။ အကျယ်ဝိတ္ထာရ ဥဒ္ဒကတ္ထ, ဆိုလိုရင်း ပိဏ္ဍတ္ထ, စကားကျကို မပြဆိုဟူသော အဓိပ္ပာယ်ရောယ်ရာသည် မဟုတ်ပါလော၊....စသည်။ ဃ—ဝါကျ ဗုဇ္ဈတိအရ မှတ်ရမည့်အနက်တို့ကို၊ ဝါ-ဗုဇ္ဈတိ၌ ဗုဓဓာတ်၏ ဖြစ်သင့်သော အနက်တို့ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။ င—ဝါကျ-ဗုဓဓာတ်သည် ဇာဂရဏ အနက်ကိုသာလျှင် ဟော၏ ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....စသည်။]

၃—(ခ) ဝါကျ။ ဗောဓိအရ သစ္စာလေးပါးကို သိကြောင်း တရားအပေါင်း ဟူသော အရကောက် အဘိဓေယျတ္ထ အနက်အကျိုးမှတစ်ပါး, သစ္စာလေးပါးကို သိတတ်သော အရိယာပုဂ္ဂိုလ်ဟူသော အရကောက် အဘိဓေယျတ္ထ အနက် အကျိုး တစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထားသည်။

(င) ဝါကျ။ ဗုဓဓာတ်၏ ဇာဂရဏ အနက်အကြောင်းမှတစ်ပါး, ဉာဏ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ရှေ့ဝါသဒ္ဒါထားသည်။ ဗုဓဓာတ်၏ ဉာဏအနက်အကြောင်းမှတစ်ပါး ဝိကသန (ဝိကဿန) အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် နောက် ဝါသဒ္ဒါထားသည်။

[အပိစ ဗောဇ္ဈင်္ဂါတိ ကေနဋ္ဌေန ဗောဇ္ဈင်္ဂါ။ ဠ-၂၆၂။]

ဤ၌ ဗောဇ္ဈင်ပုဒ်၏ အနက်ကို အဋ္ဌကထာနည်းမှတစ်ပါး, ပဋိသမ္ဘိဒါမဂ် ပါဠိတော်နည်းတစ်ပါးကို ပြလိုသောကြောင့် အပိစ ထား၏။

ပယ်သောဒေါသများ။ ။ရှေ့ဝါကျကိုထောက်လျှင် က-ဝါကျဖြင့် အဗျာပိတ ဒေါသကို ပယ်၏။ ခ—ဝါကျဖြင့် အဗျာပိတ, တစ်နည်း-သင်္ခေပ-ဝိတ္ထာရ ဆန့်ကျင် သော ဝိရောဓိဒေါသ, တစ်နည်း-ပုနရုတ္တိ ဒေါသတို့ကို ပယ်၏။ ဂ–ဝါကျဖြင့် အဗျာပိတဒေါသ, တစ်နည်း—သင်္ခေပ-ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ၊

http://www.dhammadownload.com



တစ်နည်း-ဗောဓိအရ သာမေညဖြစ်နေ၍ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသတို့ကို ပယ်၏။ ဃ-ဝါကျဖြင့် အဗျာပိတဒေါသ, တစ်နည်း-ဗုဓဓာတ်၏ ဂတိစသော အနက်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ င-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

၄- ဗုဇ္ဈတိ တေနာယာတိ ဗောဓိ။ (တဿာ ဗောဓိယာ) ဗုဇ္ဈတီတိ ဗောဓိ။ (တဿ ဗောဓိဿ)။

၁။ ဗော-ဓိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။
၂။ ဗုဓဓာတ်+ဏ ပစ္စည်း, သိခြင်း ကြိယာသည်....။
၃။ ဗောဓိ-ဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်....။
၄။ သိခြင်း ကြိယာသည်....။ [ဘိ-ဋီ-နည်း]

၅- ဗောဓိယာ — ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ ကိတနာမပဒ။ (ဗောဓိဿ- ပုလ္လိင်သာထူး၏။) သတ္တိကရောတိ၌ သတ္တိ-အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။ ကရောတိ-အလိင်၊ တနာဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတ ပဒ။ [ကရ+ဩ+တိ]။ [ဣဒံ ဝုတ္တံ၌ ဣဒံကား—လိင်ဝိပလ္လာသဖြစ်၍ အရင်းခံ လိင်အားဖြင့် ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။ တစ်နည်း သဗ္ဗနာမ်ဂိုဏ်း၊ အ ကာရန္တ သဗ္ဗနာမပဒ။ ဝုတ္တံလည်း လိင်ဝိပလ္လာသဖြစ်၍ မူလလိင်အားဖြင့် ပုလ္လိင်၊ ပုရိသာဒိ ဂိုဏ်း၊ အ ကာရန္တ၊ ကိတနာမပဒ။ ဓမ္မသာမဂ္ဂီ, ဓမ္မသာမဂ္ဂီယာ-ဣတ္ထိလိင်၊ နဒါဒိ ဂိုဏ်း၊ ဤကာရန္တ၊ သမာသပဒ။]

၆-(က) ဝါကျ။ ပီတိဝေ သမ္ဗောဇ္ဈင်္ဂေါဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂေါ ပုဒ်၏ အဝ-ဓာရဏ ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟပြုရမည်အဖြစ်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ)။

(ခ) ဝါကျ။ ဗောဓိယာ အင်္ဂေါဖြင့် ဗောဇ္ဈင်္ဂေါပုဒ်ကို ဗောဓိ+အင်္ဂေါ ဟု ပုဒ်ဖြတ်ရမည်အဖြစ်၊ (သန္ဓိလိင်္ဂပဒ) ဗောဓိယာ+အင်္ဂေါဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုရမည်အဖြစ် (သမာသလိင်္ဂတ္ထ) သိစေ၏။ ဗောဓိဿ အင်္ဂေါဖြင့် ဗောဓိဿ+ အင်္ဂေါ ဗောဇ္ဈင်္ဂေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ), ယာ အယံ ဓမ္မသာမဂ္ဂီဖြင့် ဗောဓိအရကောက်ကို သိစေ၏။ (အဘိဓေယျတ္ထ), ယာယ ဗုဇ္ဈတီတိဖြင့် ဗောဓိ၌ ဗုဓဓာတ်+ဏပစ္စည်းဖြစ်၍ ဗုဇ္ဈတိ တေနာယာတိ ဗောဓိ-ဟုံ ကရဏသာဓ် ဝိဂ္ဂဟပြုရမည်ကို သိစေ၏။ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ), ဓမ္မသာမဂ္ဂီယာဖြင့် ယာယ၏အစွဲကို သိစေ၏။ (သဗ္ဗနာမလိင်္ဂတ္ထ), အရိယသာဝကောဖြင့် ဗုဇ္ဈတိ၏ကတ္တားကို သိစေ၏။ (ဘာဝတ္ထ)

(ဃ) ဝါကျ။ ကိလေသသန္တာန နိဒ္ဒါယဖြင့် ဥဋ္ဌဟတိ၏ အပါဒါန်ကိုသိစေ၏။ (ဘာဝတ္ထ), ဥဋ္ဌဟတိဖြင့် ဗုဓဓာတ် ဇာဂရဏအနက်ဟော ဟု သိစေ၏။ (ဓာတွတ္ထ)

http://www.dhammadownload.com



(င) ဝါကျ။ စတ္တာရိ သစ္စာနိဖြင့် ပဋိဝိဇ္ဈတိ၏ ကံကို သိစေ၏။ (ဘာ၀တ္ထ) ပဋိဝိဇ္ဈတိဖြင့် ဗုဓေ‌ာတ် ဉာဏအနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ), နိဗ္ဗာနမေ၀ဖြင့် သစ္စိကရောတိ၏ ကံကို သိစေ၏။ (ဘာ၀တ္ထ), သစ္ဆိကရောတိဖြင့် ဗုဓေ‌ာတ် ဝိကာသန (ဝိကာသန) အနက်ဟောဟု သိစေ၏။ (ဘာ၀တ္ထ)

၇—၁။ ပီတိ ဂ....။
၂။ ဖဿစသော ဗောဇ္ဈင်မထိုက်သော တရားတို့သည် နိ....။
၃။ သတိစသော ဗောဇ္ဈင်ထိုက်သော တရားတို့သည် န....။
[နိဗ္ဗာနမေ၀ဋ္ဌ ၀ေဖြင့် ၁—နိဗ္ဗာန်သည် ဂ....။
၂။ ကြွင်းသော သစ္စာသုံးပါးသည် နိ....။
(၀ေဖြင့် နိရောဓသစ္စာမှတစ်ပါး ကျန်သစ္စာသုံးပါးကိုကန့်။)]

၈—[ပဋိဝိဇ္ဈတိအရ အရိယမဂ်လေးပါးကိုယူ၍ထုတ်ပုံ လောကုတ္တရအဖွင့်နံပါတ် ၇-အဖြေနှင့် တူ၏။]

၉—ပီတိ—သမ္ပိယာယနလက္ခဏာ၊ ကာယစိတ္တ ပီဏနရသာ။
ဩဒဂျ ပစ္စုပဋ္ဌာနာ၊ ဝိညာဏ ပဒဋ္ဌာနာ။ [ဋ္ဌ-၁၅၈]

အဓိပ္ပာယ်အဆုံးအဖြတ် ဒေရကောက်—ဗောဇ္ဈင်္ဂေါဋ္ဌ ဈာန၏ အရအပေါင်း၊ အင်္ဂ၏အရအစိတ်။ မဂ္ဂ၏အရ အပေါင်း၊ အင်္ဂ၏အရ အစိတ်ဖြစ်သကဲ့သို့ ဗောဓိ၏ အမှုကား-သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ ဟူသော ဗောဇ္ဈင်ခုနစ်ပါး တရားအပေါင်းတည်း။ [အင်္ဂါ၏အရ ထိုသတိစသော အစိတ် အစိတ်သော တရားတည်း။]

၁၀—နိဗ္ဗာနမေ၀-ဟူသော ကံပုဒ်အရ နိဗ္ဗာန် အာရုံပစ္စည်းတရားသည် သစ္ဆိကရောတိ-ဟူသော ကြိယာပုဒ်အရ မဂ်, ဖိုလ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန် တရားအား အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ (၃)ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ [စတ္တာရိ အရိယသစ္စာနိအရ နိဗ္ဗာန် ဟူသော နိရောဓသစ္စာသည် ပဋိဝိဇ္ဈတိအရ မဂ်, ဖိုလ် စိတ္တုပ္ပါဒ်အား အာ-ဓိ-ဥပ-(၃)ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကျန်သစ္စာသုံးပါးပစ္စည်းဖြစ်လျှင် ပကတူပြု၏။]

http://www.dhammadownload.com

# ၁၄၇–ဝစီဒုစ္စရိတေဟိ အဖွင့်

(က) စတူဟိ ဝစီဒုစ္စရိတေဟိတိ အာဒီသု ဝစီတိ ဝစီဝိညတ္တိ ဝေဒိတဗ္ဗာ။

(ခ) တိဏ္ဏံ ဒေါသာနံ ယေန ကေနစိ ဒုဋ္ဌာနိ စရိတာနီတိ ဒုစ္စရိတာနိ။

(ဂ) ဝစိတော ပဝတ္တာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ။

(ဃ) ဝစိယာ ဝါ နိပ္ဖါဒိတာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ။

(င) တေဟိ ဝစီဒုစ္စရိတေဟိ။ [၄–၂၆၂]

(တိဒေါသ သရုပ်ဖော်လျက် ခ-ဝါကျကို နိဿယအားတိုင်း အနက်ပေး။)

## ၄ပနာနုလောမာဒိ ပဋ္ဌကကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဝစီအရ ဝစီဝိညတ်ကို ယူရသောဟု ဝစီပုဒ်အရကို ဖွင့်ပြတော်မူ၏၊ ...သော်, ဒုစ္စရိတေဟိ ပုဒ်အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။....ပ....ဒုစ္စရိတာနိပုဒ် အဖွင့်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ အဗျာပိတဒေါသတင်တက်။

(ဂ) ဝါကျ။ (ဒုစ္စရိတာနိပုဒ် အဖွင့်မှတစ်ပါး, ဝစ်ဒုစ္စရိတာနိပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်။)

(ဃ) ဝါကျ။ ဆရာ, ဆရာသည် က–ဝါကျဖြင့် ဝစီဒုစ္စရိတာနိပုဒ်ကို မဓျေ-လောပီ ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏၊....သော်, ဤဆိုအပ်ပြီးသော ဝစနတ္ထသာလျှင် ဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ....ပ....တစ်ပါးသော ဖြစ်သင့်သော သမာသ် ဝစနတ္ထကိုလည်း၊ ပါ-မဓျေလောပီ တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊ စသည်။

(င) ဝါကျ။ ဆရာ, ဆရာသည် ဂ–ဝါကျတို့ဖြင့် ဝစီဒုစ္စရိတာနိဟု ပဒါဝဓိ-ကန္တအား ပထမာ ဝိဘတျန္တဖြင့် ဖွင့်ပြတော်မူ၏၊....သော်, ပါဠိတော် သံဝဏ္ဏေတဗ္ဗ၌ ပထမာဝိဘတျန္တဖြင့် ရှိ၏-ဟူသော၊ ဝါ-ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊....ပ....ပါဠိတော် သံဝဏ္ဏေတဗ္ဗ၌ရှိသော ဝိဘတျန္တကိုလည်း၊ ဝါ–ပဉ္စမီ ဝိဘတျန္တကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသတင်တက်။ (ဝိဘတျန်ခံ ကျမ်းတက်သည်) [အရှုပ္ပပ-ပတ္တိယာ မဂ္ဂံ ဘာဝေတီအဖွင့် တဿာ အရှုပ္ပပတ္တိယာ ဝါကျ ကျမ်းတက်ကိုလည်း ကြည့်ပါ။]

http://www.dhammadownload.com



## ဒေါသ သင့်ပယ်

(က) ဝါကျမှ ဃ–ဝါကျထိ ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံတို့ကို သိပါ။ င–ဝါကျဖြင့် သံဝဏ္ဏေတဗ္ဗ, သံဝဏ္ဏနာဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ဃ–ဝါကျ။ ဝစီဒုစ္စရိတာနိပုဒ်၏ မဇ္ဈေလောပီ ပဥ္စမီတပ္ပုရိသ်သမာသ် အနက်အကြောင်းမှတစ်ပါး၊ မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါ–သဒ္ဒါ ထား၏။

ဥပ္ပသဂ္ဂဝသေန ဝါ ပဒံ ဝစိတံ။ [ဠ–၂၆၃]

ဤ၌ အာ-ဝိ-ပဋိ- (ပတိ) သဒ္ဒါတို့၏ အာရကာ, ဝိနာ, ပဋိနိဝတ္တန (ပဋိနိဝတ္တိ) အနက်၊ ဝါ- ထိုသဒ္ဒါတို့၏ ဓာတွတ္ထဝိသေသက အနက်အကြောင်းမှတစ်ပါး, အနက်မရှိသည်ကို ဝါ–ဓာတွတ္ထာနုဝတ္တက အဖြစ်ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဝုစ္စတေတိ ဝစီ။ တစ်နည်း–ဝုစ္စတေ ဧတာယာတိ ဝစီ။

၁။ ဝ-စီ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်....။
၂။ ဝစဓာတ်+အပစ္စည်း၊ (ဣတ္ထိဇောတက ဤပစ္စည်း) ဆိုခြင်းကြိယာသည်....။
၃။ ဝစီ-ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်....။
၄။ ဝစီ-ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော ဆိုခြင်း၊ ကြိယာသည်....။ [သီ–ဋီ-နည်း.

ဝိညာပေတီတိ ဝိညတ္တိ။ ဝစီယာ ဝိညတ္တိ ဝစီဝိညတ္တိ။

၂။ ဝစီ–ဟူသော စကားသံ၏ သိစေတတ်သော အမူအရာနှင့် အကျိုးအကြောင်း....စပ်....။
၄။ ဝစီဝိညတ်တို့၏ တစ်ခုသည်....ပ....ဇာတ်သည်, ဝါ-ဝစီဝိညတ်ဟူသော အမည်သည်....။

## လိင်စသည် စိစစ်ပုံ

ဝစီ- ဣတ္ထိလိင်၊ နန္ဒါဒိဂိုဏ်း၊ ဤကာရန္တ၊ နာမပဒ။
ဝစီဝိညတ္တိ- ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ၊ သမာသပဒ။
တိဏ္ဏံ-ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဣကာရန္တ၊ သဗ္ဗနာမပဒ။
ကေနစိ၌ ကေန-ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ (သဗ္ဗနာမ်ဂိုဏ်း) နိဂ္ဂဟိတန္တ။ သဗ္ဗနာမပဒ။ စိ-အလိင်၊ ငဓာဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။

http://www.dhammadownload.com



## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ စတူဟိ ဝစီဒုစ္စရိတေဟီတိ အာဒီသုဖြင့် အချို စကားပျိုး ဥဿျော ဇဉ်ကို သိစေ၏။ (ဘာဝတ္ထ) ဝစီတိ ဝစီဝိညတ္တိ စေဒိဘဗ္ဗာဖြင့် ဝစီအရ စကားသံကို မယူရ၊ ဝစီဝိညတ်ကို ယူပါဟု သိစေ၏။ (အဘိဓေယျတ္ထ)။

(ခ) ဝါကျ။ တိဏ္ဏံဒေါသာနံ ယေနကေနစိဖြင့် ဒုဋ္ဌာနို၌ ဖျက်ဆီးအပ်ဟူသည် ရာဂ, ဒေါသ, မောဟ တို့တွင် အမှတ်မရှိသော ဒေါသသည် ဖျက်ဆီးအပ် ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ), ဒုဋ္ဌာနိ စရိတာနီတိဖြင့် ဒုစ္စရိတာနိကို ဒု+စရိ တာနိဟု ပုဒ်ဖြတ်။ (သန္ဓိလိင်္ဂပဒ) ဒုသဒ္ဒါ ဒုဋ္ဌအနက်ဟော၊ (ဥပသဂ္ဂလိင်္ဂတ္ထ) ဒုဋ္ဌာနိ+စရိတာနီတိ ဒုစ္စရိတာနိဟု ပါဒိပုဗ္ဗကမ္မဓာရည်း သမာသ် ဝိဂ္ဂဟပြု၊ (သမာသ လိင်္ဂတ္ထ) သိစေ၏။

(ဂ) ဝါကျဖြင့် ဝစီဒုစ္စရိတာနိပုဒ်ကို ဝစီတော+ပဝတ္တာနိ+ဒုစ္စရိတာနိ ဝစီဒုစ္စရိ တာနိဟု မဇ္ဈေလောပီ ပဉ္စမီ တပ္ပုရိသ် ဝိဂ္ဂဟပြုပါဟု သိစေ၏။ (သမာသလိင်္ဂတ္ထ), ဃ-ဝါကျဖြင့် ဝစီဒုစ္စရိတာနိကို မဇ္ဈေလောပီတတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုပါဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)။

(င) ဝါကျဖြင့် ပဒါဝဓိကန္တအားဖြင့် ပထမာ ဝိဘတျန္တရှိသော်လည်း ဝါကျာ ဝဓိကန္တအားဖြင့် ပဉ္စမီဝိဘတျန္တအားဖြင့် ရှိရမည်ကို သိစေ၏။(ဝိဘတ္တိပဒ၊ဘာဝတ္ထ)

## နိပါတ်ပုဒ် အနက်

ဝစီတိ၌ ဣတိ- အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။ ဒုစ္စရိတာနီတိ၌ ဣတိ ဟေတွတ္ထ ဇောတက။ ကေနစိ၌ စိ- အသာကလျတ္ထ။

## သဗ္ဗနာမ်အစွဲ ဝိသယနာမည်

(င) ဝါကျ။ တေဟိ၌ တ သည် ဝစီဒုစ္စရိတေဟိဟု အစွဲတိုက်ရိုက် ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

## ဒဿနတ္ထာဒိပဥ္စကထုတ်ပုံ

ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ—

၁။ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်....။

၂။ ယောနိသောမနသိကာရသည်....။

၃။ သံသယကင်းလျက် အသိဉာဏ် စင်ကြယ်သည်ဖြစ်၍ သုတပညာ တိုးပွားခြင်း စသည်တို့သည်....။

၄။ သဒ္ဓမ္မဿဝနစသည်တို့သည်....။

၅။ ပီတိပါမောဇ္ဇဖြစ်ခြင်း စသော ပစ္စုပ္ပန်အကျိုး, တမလွန်ဘဝ၌ ချမ်းသာ အမျိုးမျိုးကို ခံစားရခြင်း စသော အကျိုးဆက်တို့သည်....။

http://www.dhammadownload.com



[ဒုစ္စရိတာနိ, ဝစီဒုစ္စရိတာနိ အရတို့ကို စေတနာပြခြင်းသော အကုသိုလ် စိတ္တုပ္ပါဒ်ယူ၍ အကုသိုလ်အတိုင်း ထုတ်မြဲ။]

ဝေဒိတဗ္ဗာထားရပုံ။ ဝစီအရ ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် ဝစီဝိညတ်ကို ယူရမည်ဟုပြလိုသောကြောင့် ဝေဒိတဗ္ဗာထား၏။

## ဝစီဝိညတ္တိ လက္ခဏာဒိစတုက္က

ဝစီဝိညတ္တိ–ဝိညတ္တိ လက္ခဏာ။ အဓိပ္ပာယပ္ပကာသန ရသာ။
စလဃောသဟေတု ပစ္စုပဋ္ဌာနာ၊ စိတ္တဇဘူတ ပဒဋ္ဌာနာ။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဝစီဝိညတ္တိ ဟူသော ကံပုဒ်နှင့် ဝေဒိတဗ္ဗာဠ် ဗာဟျတ္ထ တဗ္ဗပစ္စည်း တို့အရ ဝစီဝိညတ်အာရုံသည် ထိုဝေဒိတဗ္ဗာဠ် ဝိဒဓာတ်အရ သတ် ဝီရိယ ဉာဏ် ပြခြင်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်မရှိ။

(ခ) ဝါကျ။ ယေန ကေနစိ ဟူသော အဝုတ္တ ကတ္တားအရ လောဘ, ဒေါသ, မောဟသည် ဒုဋ္ဌာနိ, ဒုစ္စရိတာနိ ပုဒ်တို့အရ အကုသိုလ် စိတ္တုပ္ပါဒ်အား ယထာရဟ-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

☆ ☆ ☆

http://www.dhammadownload.com

# ၁၄၈-ဝေလာအနတိက္ကမော အဖွင့်

(က) ဝေလာအနတိက္ကမောတိ....ပ....ကာလော "ဝေလာ"တိ အာဂတော။

(ခ) "ဥရုဝေလာယံ ဝိဟရတိ" တိ ဧတ္ထ ရာသိ။

(ဂ) "ဌိတဓမ္မော ဝေလံ နာတိဝတ္တတိ" တိ ဧတ္ထ သီမာ။

(ဃ) ဣဓာပိ သီမာဝ။

(င) အနတိက္ကမနီယဋ္ဌေနဟိ စတ္တာရိ ဝစီသုစရိတာနိဝေလာတိ အဓိပ္ပေတာနိ။

(စ) ဝေလာယတီတိဝါ ဝေလာ၊ စလယတိ ဝိဒ္ဓံသေတီတိ အတ္ထော။
[ဋ္ဌ-၂၆၃-၄]

အနက်ထူး။ ပါဠိတော်နက်-ဝေလာ အနတိက္ကမော-သုစရိုက်တည်းဟူသော ကမ်းကို မလွန်တတ်သော သဘောတရား၊ (တစ်ပုဒ်တည်းကြံ၍ပေးသည်)။

နှစ်ပုဒ်ကြံ၍ပေးသော်—ဝေလာ—ဝစီဒုစရိုက်တို့ကို လှုပ်ရှားစေတက်၊ ဖျက်ဆီးတတ်သော သဘောတရား၊ အနတိက္ကမော-ဟိတ်သူခကို မလွန်တတ်သော သဘောတရား။

(စ) ဝါကျ။ ဝါ-တစ်နည်း-ဝေလာယတိ-လှုပ်ရှားစေတတ်,ဖျက်ဆီးတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဝေလာ-ဝေလာမည်၏၊ စလယတိ-လှုပ်ရှားစေတတ်၏၊ ဝိဒ္ဓံသေတ-ဖျက်ဆီးတတ်၏၊ ဣတိအယံ-ကား၊ ဝေလာတိပဒဿ ၏၊ ဝါ—ဝေလာယတီတိပဒဿ-၏၊ ဝါ-စလယတီတိပဒဿ-၏၊ အတ္ထော—တည်း။

## ဠပနာပဥှက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဝေလာသဒ္ဒါ၏ ကာလအနက်ဟော၏ အဖြစ်ကို သာဓကဆောင်၍ ပြဆိုတော်မူ၏။....သော်, ရာသိ အနက်ဟော၏ အဖြစ်ကို သာဓကဆောင်၍ မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေးဝါကျတို့ဖြင့် ဝေလာသဒ္ဒါ၏ ကာလ, ရာသိ, သီမာအနက်ဟော၏အဖြစ်ကို ထုတ်ပြတော်မူ၏။....သော်, ဤဝေလာ အနတိက္ကမော ဟူသော ပုဒ်၌ ကာလ, ရာသိအနက်တို့ကိုလည်း ဟော၏ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....ပဲ....ဤ၌ ဝေလာသဒ္ဒါ၏ ဟောသင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ (ဝေကိုင်ငဲ့၍ သမ္ဗန္ဓ်း အာဘော်ကျမ်းတက်၊ ဓောဒနာတက်လျှင် အဗျာပိတဒေါသတင်)

ရတနာ့ဂုဏ်ရည် (၁၁၈)

http://www.dhammadownload.com



တစ်နည်း–ပိကို့ရှု၍ ဧဝ အာဘော်ကျမ်းတက်သော်— ဆရာ,ဆရာသည် ဂ-ဝါကျ ဖြင့် ဋီတဓမ္မော စသောပါဌ်၌ ဝေလာသဒ္ဒါ၏ သီမာအနက်ဟော၏ အဖြစ်ကို ပြဆိုတော်မူ၏၊....သော်, ထိုဋီက ဓမ္မော စသော ပါဠိရပ်၌သာ သီမာအနက် ဟောသည်- ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....ပ... ဤ ဝေလာအနတိက္ကမော-ဟူသော ပုဒ်၌လည်း သီမာအနက်ဟော၏ အဖြစ်ကို ပြဆိုသင့် သေး၏၊....စသည်။ (စောဒနာတက်လျှင် အဗျာပိတဒေါသတင်)။

(င) ဝါကျ။ (ဒဋ္ဌီကျမ်းတက်)

## ဒေါသ, ပယ်

(ခ-ဂ) ဝါကျတို့ဖြင့် အသီးသီး အဗျာပိတဒေါသကို ပယ်၏။ ဃ-ဝါကျဖြင့် ဧဝကို ရှုငဲ့လျှင် အတိဗျာပိတဒေါသကို ပယ်၏။ အကြောင်းယုတ္တိကား-အတ္ထုဒ္ဓါရ ကိုသာဆို၍ အတ္ထုဒ္ဓေသကို မဆိုခဲ့သော် ဝေလာသဒ္ဒါ ကာလ, ရာသိအနက် တို့ကိုလည်း ဟောသည်ဖြစ်၍ အလွန်ပျံ့နှံ့နေရကား အတိဗျာပိတ ရောက်ရာ သောကြောင့် ထိုအတိဗျာပိတ ဒေါသကို ပယ်ခြင်းအကျိုးငှာ ဃ-ဝါကျကို ဆို၏။ အကြောင်းပြတစ်နည်း-ဃ-ဝါကျဖြင့် ဝေလာသဒ္ဒါ ကာလ, ရာသိအနက်တို့ကို မဟော၊ သီမာအနက်ကိုသာ ဟောသည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသော ကြောင့်တည်း။ တစ်နည်း—ပိ-ကို ရှုငဲ့လျှင် အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျဖြင့် ဓိရောဓိ, စ-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

ဝါသဒ္ဒါလဲလှယ်ပုံ—(စ)ဝါကျ။ ဝေလာသဒ္ဒါ၏ အပိုင်းအခြား သီမာအနက် အကြောင်းမှတစ်ပါး, စလန, ဝိဒ္ဓံသန အနက် အကြောင်းတစ်ပါးကို လဲလိုသော ကြောင့် ဝါသဒ္ဒါထား၏။

အဓိပ္ပေတာနိ ထားရပုံ။- ဝေလာသဒ္ဒါ၏ ကာလ, ရာသိ, သီမာ ဟူသော သာမညအနက်မှ အတ္ထယုတ္တိ ရှိသည်အားလျော်စွာ သီမာဟူသော ဝစီသုစရိုက် လေးပါးဟု ဆိုအပ်သော အနက် ဝိသေသကို ယူစေလိုသောကြောင့် လည်းကောင်း, စောဒကနှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာ ဌာနဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတာနိ ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

ဝေလာအနတိက္ကမော၌–ဝိဂစ္ဆန္တိ ဧလာ ယဿန္တိ ဝေလာ။ဝေလာဝိယာတိ ဝေလာ။

၂။ ပကတိကမ်း၏ ဝစီသုစရိုက်နှင့်ဥပမာန+ဥပမေယျ,သဒိသ+သဒိသီ....စပ်....။

၄။ ပကတိကမ်းနှင့် တူခြင်းကြိယာသည်....။

အတိက္ကမတီတိ အတိက္ကမော။ န+အတိက္ကမော အနတိက္ကမော၊ ဝေလံ+အန တိက္ကမော ဝေလာအနတိက္ကမော။

http://www.dhammadownload.com



၂။ သုစရိုက်-ဟူသော ကမ်း၏ မလွန်တတ်သော တရားနှင့် ကမ္ဗ+ကမ္ဗိ, အကြောင်း+အကျိုး....စပ်....။
၄။ သုစရိုက်-ဟူသောကမ်းကို မလွန်ခြင်း ကြိယာသည်၊ ဝါ။ သုစရိုက် ဟူသော ကမ်းကို မလွန်တတ်သော တရားတို့၏ တစ်ခုသည်...ပ....ဇာတ်သည်....။

## လိင်စသည် ခိစစ်ပုံ

ဥရုဝေလာယံ-ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ သမာသပဒ။ ထိုတွင် ဥရု (ဝေလာငှ်၌) ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။ ရာသိ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ နာတိဝတ္တတိ၌ နကို-အလိင်၊ နိပါတ်ပုဒ်ခွဲ။ အတိဝတ္တတိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဥကာရန္တ၊ အာချာတပဒ။ [အတိ+ဝတု (ဝတ္တု)+အ+တိ] ထိုတွင် အတိကို အလိင်၊ ဥပသဂ္ဂပဒခွဲ။ ဝတ္တတိ (ယခင်အတိုင်းခွဲ)။ စတ္တာရိ–နပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သဗ္ဗနာမပဒ။

## အာဘော် သံဝဏ္ဏနာ

(စ) ဝါကျ။ ဝေလာယတိဖြင့် ဝေလာ၌ ဝေလဓာတ်၊ (ဒု–ဓာတုပဒ) အပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု–ပစ္စယတ္ထ) ဝေလာယတီတိ ဝေလာဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) သိစေ၏။ စလယတိဖြင့် ဝေလာယတိ, ဝေလာတို့၌ ဝေလဓာတ် ဂတိစသောအနက်ကို မဟော၊ စလအနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ၊ တစ်နည်း ဒု-ဓာတွတ္ထ) ဝိဒ္ဓံသေတိဖြင့် စလယတိ၌ လှုပ်ရှားစေခြင်း ဟူသည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) တစ်နည်း-ဝေလဓာတ် ဝိဒ္ဓံသနအနက်ဟောဟု သိစေ၏။ (ဓာတွတ္ထ)

## နိပါတ်ပုဒ်အနက်များ

ဣဓာပိ၌ ပိသဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ၊ ထိုပိသဒ္ဒါ၏ သမုစ္စယာကာရ, သမ္ဘာဝနာကာရ အဓိပ္ပာယ်ကား—ငြိတဝမွော စသော ပါဠိ၌သာ ဝေလာသဒ္ဒါ သီမာအနက်ကို ဟောသည်မဟုတ်သေး၊ ဤဝေလာအနတိက္ကမော ပုဒ်၌လည်း သီမာအနက်ကို ဟောသည်ဟု ပေါင်းဆည်းသည်။ သီမာဝဋ္ဌ ဝေသဒ္ဒါ—အဝဓာရဏတ္ထ။

၁။ သီမာ အနက်သည် ဂ....။
၂။ ကာလ, ရာသိအနက်တို့သည် နို....။
၃။ စလနတ္ထ, ဝိဒ္ဓံသနတ္ထတို့သည် နှ....။

အနတိက္ကမနီယဋ္ဌေန ဟိ၌ အန(န)သဒ္ဒါ—ပဋိသေဓတ္ထ၊ ဟိ-သဒ္ဒါ-ဒဠှီ-ကရဏတ္ထ။ ဝေမေတ္တ ပဒဒွယ ဝသေနာပိ။ [ဋ္ဌ-၂၆၄] ဤ၌ အပိသဒ္ဒါ ရှေး၌ဆိုအပ်ပြီးသော တစ်ပုဒ်တည်းဖြစ်သော ဝေလာ အနတိက္ကမောပုဒ်ကို ရှင့်သော အပေက္ခတ္ထ။ [ယော ဇနာ-၁၄၀]

http://www.dhammadownload.com



## ကြိယာ ၅ တန်ထုတ်ပုံ

ဝစီသုစရိတာနိအရ–

၁။ ဝစီသုစရိုက် လေးပါး စေတနာသည်....။
၂။ ယောနိသောမနသိကာရသည်....။
၃။ သုခ, သောမနဿ, အဝိပ္ပဋိသာရ စသော ပစ္စုပ္ပန်အကျိုးတရား....။
၄။ သဒ္ဓမ္မဿဝန စသည်သည်....။
၅။ သုဂတိ ဘဝ၌ လားရခြင်း စသည်သည်....။

ဝေလာအနတိက္ကမော, ဝေလာယတိအရ–

၁။ သမ္မာဝါစာ ဝိရတီသည်....။
၂။ မဂ် စိတ်သည်....။
၃။ ဝစီဒုစရိုက်ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ဖျက်ဆီးခြင်းသည်....။
၄။ ဥပစာရ သမာဓိဇော စသည်သည်....။
၅။ ဖိုလ်စိတ္တုပ္ပါဒ်–စသောအကျိုးသည်....။

သိဒ္ဓိရနိုင်ပုံ။ (က) ဝါကျ။ ဝေလာသဒ္ဒါ၏ ကာလအနက်ဟော၏ ဖြစ်ကို တာယ ဝေယာလ-စသော အာဂမ, သာဓကမပါဠိဖြင့် ပြီးစေအပ်သောကြောင့်၊ ဝါ-ဤပါဠိ ဉာပကကို ထောက်၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

(ခ-ဂ-ဝါကျတို့၌လည်း သိဒ္ဓေယျသိဒ္ဓိ ရနိုင်ပုံကို ဤနည်းမှီသိပါ။)

(ဃ) ဝါကျ။ ဤ၌ ဝေလာသဒ္ဒါ သီမာ အနက်ကိုသာ ဟောသည်ဟု အနွယကို ဆိုသဖြင့် ကာလ, ရာသိ အနက်တို့ကို မဟောဟု ဗျတိရိက် အနက်အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ, ဝါ-အတ္ထာပတ္တိသိဒ္ဓိမည်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

ဝေလာအနတိက္ကမော၌ ဝေလာအရ=ဝစီဒုစရိုက်စေတနာသည် အနတိက္ကမော အရ-သမ္မာဝါစာ ဝိရတီအား-ပကတူ....ပြု၏။ တစ်နည်း–ဝေလာအရ မဂ်၌ရှိသော စေတနာ ပစ္စည်းယှဉ်လျှင်–သဟ-ည-နိ-ကံ-ဟာ သံ-တ္တိ-အဝိ (၈) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဝစီသုစရိတာနိနှင့် အဓိပ္ပေဘာနိ၌–တ ပစ္စည်းတို့အရ–ဝစီသုစရိုက် လေးပါး အာရုံသည် ထို အဓိပ္ပေတာနိ၌ အဓိ+အဝိ+ပုဗ္ဗ+ဣဓာတ်အရ ဆန္ဒ ပြဓာန်းသော စိတ္တုပ္ပါဒ်အား ယထာရဟ-အာ-ဓိ-ဥပ (၃) ပစ္စယာသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၁၄၉-သေတုဃာတော အဖွင့်

(က) သေတုံ ဟနတီတိ ဟေတုဃာတော။

(ခ) စတုန္နံ ဝစီဒုစရိတာနံ ပဒဃာတော-ပစ္စယဃာတောတိ အတ္ထော။

(ဂ) ပစ္စယော ဟိ ဣဓ "သေတူ" တိ အဓိပ္ပေတော။

(ဃ) တံ ဟြယံ ဝစနတ္ထော....ပ....သိနောတိ ဗန္ဓတီတိ သေတု။

(င) သေတုဿ ဃာတော သေတုဃာတော။ [ဠ-၂၆၄]

## ဌပနာပဥ္စက ကျမ်းတက်

(က) ဝါကျ။ ဆရာ, မြတ်စွာဘုရားသည် သေဘုဃာတော-ဟု ဟောတော်မူ၏။ ဤသို့သာ ပြဆိုချေသော်, သေတုဃာတောပုဒ်ကို ကမ္မဓာရည်း သမာသ် ဝစနတ္ထ စသည်ပြုရမည်-ဟူသော အဓိပ္ပာယ်ရောက်ရာသည်မဟုတ်ပါလော....စသည်။

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။....သော်...., ထိုသေတုဃာတောပုဒ်၌ သေတုသဒ္ဒါသည် တံတား, ကန်သင်း, ကန်ပေါင် စသောအနက်တို့ကိုလည်း ဟော၏-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။....ပ....ဤ၌ သေတုသဒ္ဒါ၏ ဟောအပ်သော အတ္ထဝိသေသကိုလည်း ပြဆိုသင့်သေး၏....စသည်။ ဤ၌ သေတုသဒ္ဒါ ပဒ-ဟူသော အကြောင်းအနက်ကို ဟောသည်-ဟူလို။

(ဂ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဝါကျဖြင့် သေတုပုဒ် သေတုဃာတော ဟူသော သမာသ်ပုဒ်တို့၏ အနက်ကို ပြဆိုတော်မူ၏၊....သော်, သရော့စကားသည် အသင့်ယုတ္တိကင်းနေသေး၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ဝါ-ထိုစကားကို ပြီးစေ, မြဲစေတတ်သော အသင့်ယုတ္တိ သဘာဝ-ဒဠ္ဌိကရဏကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ....စသည်။ [ဒဠ္ဌိကျမ်းတက်]

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ခ-ဂ-ဝါကျတို့ဖြင့် သေတုပုဒ်၏ ဟောနက် ပဒတ္ထကို ပြဆိုတော်မူ၏။....သော်, သေတုပုဒ် ဝစနတ္ထကို မပြဆို-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်-

တစ်နည်း-ဃ-င-နှစ်ဝါကျကို ပေါင်း၍တက်သော်-ဆရာ, ဆရာသည် ရှေ့ဝါကျ တို့ဖြင့် သေတုဃာတောပုဒ်၏ ကိဘန္တသမာသ် ဝစနတ္ထနှင့် သေတုပုဒ်၏ ဟောနက် ဣဓာဓိပ္ပေတတ္ထတို့ကို ပြဆိုတော်မူ၏၊....သော်, သေတုပုဒ်၏ အစိတ် ဝစနတ္ထနှင့် သေတုဃာတောပုဒ်၏ ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ် အပေါင်းဝစနတ္ထကို မပြဆို-ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

http://www.dhammadownload.com



(င) ဝါကျကိုခွဲ၍ တက်သော်—ဆရာ, ဆရာသည် ဃ-ဝါကျဖြင့် သေတုပုဒ်၏ အစိတ်ဝစနတ္ထ-အဓိပ္ပာယတ္ထ အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏။....သော်, သေတု-ဃာတောပုဒ်၏ အပေါင်းဝစနတ္ထကို မပြဆို-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

## ဇဒါသ ပယ်

(က) ဝါကျဖြင့် ပါဠိတော်ကို ထောက်လျှင် အတိဗျာပိတ၊ ရှေးအဋ္ဌကထာ ဝါကျကို ထောက်လျှင် အဗျာပိတဒေါသကို ပယ်၏။ ခ-ဝါကျဖြင့် သေတုသဒ္ဒါ တံတား စသော အနက်ကို မဟော၊ အကြောင်း—ဟူသော အနက်ကို ဟောသည် ဟု အလွန်မပျံ့နှံ့အောင် ဖွင့်ပြသောကြောင့် အတိဗျာပိဘဒေါသကို ပယ်၏။ ထိုတွင် ပစ္စယဃာတောတိ အတ္ထော-ဟူသော နောက်ဝါကျဖြင့် ပဒသဒ္ဒါ နိဗ္ဗာန်ပုဒ် သဒ္ဒါ စသောအနက်ကို မဟော၊ ပစ္စယ, ကာရဏ-ဟူသော အကြောင်းအနက်ကို ဟောသည် ဟု အလွန်မပျံ့နှံ့အောင်ပြဆိုသောကြောင့် အတိဗျာပိတဒေါကို ပယ်၏၊ ဂ-ဝါကျဖြင့် ဝိရောဓိ, ဩစိတျ ဟီန ဒေါသတို့ကိုပယ်၏။ ဃ-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။ တစ်နည်း-သေတုပုဒ်ကို ကမ္မသာဓ်ဝိဂ္ဂဟ စသည်မပြုရ၊ ကတ္တုသာဓ် ဝိဂ္ဂဟ ပြုရမည်ဟု အလွန်ပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။ င-ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်၏။

အဓိပ္ပေတော ထားရပုံ ဂ-ဝါကျ။ သေတုသဒ္ဒါ၏ တံတား, ကန်သင်းကန်ပေါင်, အကြောင်းဟူသော အနက်သာမညမှ အတ္ထယုတ္တိရှိသည် အားလျော်စွာ အကြောင်းဟူသော အနက်ဝိသေသကို ယူစေလိုသောကြောင့် လည်းကောင်း၊ စောဒကနှင့် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ရာဌာန ဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတော ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

ပဇ္ဇတိ နိပ္ပဇ္ဇတိ ဖလမေတေနာတိ ပဒံ။ ပဒဓာတ်+အပစ္စည်း၊ ပြီးစီးခြင်း ကြိယာခွဲ။) (ပဒသဒ္ဒါပုဒ်ဟောရာ၌ကား ပဇ္ဇတေ ဉာယတေ တေနာတိ ပဒံဟုပြု။) ဟနတိတိ ဃာတော။ ပဒဃ+ဃာတော ပဒဃာတော။

၂။ အကြောင်း၏ ဖျက်ဆီးတတ်သောတရားနှင့် အကြောင်း+အကျိုး ကမ္မ+ကမ္မီ....စပ်....။

၄။ အကြောင်းကို ဖျက်ဆီးခြင်းကြိယာသည်....။

ပဋိစ္စ ဖလမေတသ္မာ ဧတီတိ ပစ္စယော။

၂။ ပတိပုဗ္ဗ+ဣဓာတ်+ဏပစ္စည်း, စွဲ၍ဖြစ်ခြင်းကြိယာသည်....။

၄။ စွဲ၍ဖြစ်ခြင်းကြိယာသည်၊ တစ်နည်း အကြောင်းတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာ အာကာရဇာတ်သည်....။

http://www.dhammadownload.com



## လိင်စသည် စိစစ်ပုံ

သေတုံ-ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ နာမပဒ။ ဟနတိ-အလိင်၊ ဘူ ဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတပဒ၊ (ဟန+အ+တိ) စတုန္တ၊ နပုလ္လိင်· သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ သိနောတိ·အလိင်၊ သွာဒိဂိုဏ်း၊ ဣကာရန္တ၊ အာချာတပဒ။ (သိ+ဏ+တိ)

## အာဘော်, သံပဏ္ဏနာ

(က) ဝါကျ။ သေတုံ ဟနတီတိဖြင့် ဃာတောဒ္ဓ ဟနဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) သေတုဃာတောပုဒ်ကို ကိတန္တ ဒု-တပ္ပုရိသ်သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

(ခ) ဝါကျ။ စတုန္တ ဝစီဒုစရိတာန်ဖြင့် ပဒဃာတောဝယ် ပဒဒ္ဓ အကြောင်း ဟူသည် ဝစီဒုစရိုက်လေးပါးတို့၏ အကြောင်းတည်းဟု သိစေ၏။ (ဘာဝတ္ထ) ပဒဃာတောဖြင့် သေတုသဒ္ဒါ တံတား စသော အနက်ကိုမဟော၊ ပဒဟူသော အကြောင်းအနက်-ဟောဟု သိစေ၏။ (သမာသလိင်္ဂတ္ထ၊ နာမလိင်္ဂတ္ထ), ပစ္စယ· ဃာတောဖြင့် ပဒသဒ္ဒါပုဒ်, နိဗ္ဗာန်စသည်ကို ဟောသည်-ဟု သိစေ၏။ (နာမလိင်္ဂတ္ထ)

(ဃ) ဝါကျ။ ရာဂါဒိကော ပစ္စယောဖြင့် သေတုအရ ရာဂစသောအကြောင်း ကို ယူရမည်–ဟု သိစေ၏။ (အဘိဓေယျတ္ထ), ဝစီဒုစ္စရိတာန်ဖြင့် ပစ္စယော၏ သမ္ဗန်ကို သိစေ၏။ (ဘာဝတ္ထ), ဝဋ္ဋသ္မိ ပုဂ္ဂလံဖြင့် ဖွဲ့၏-ဟူသည် ဝဋ်၌ ပုဂ္ဂိုလ်ကို ဖွဲ့၏-ဟု သိစေ၏။ (ဘာဝတ္ထ), သိနောတီတိဖြင့် သေတု၌ သိဓာတ် (ဒု-ဓာတုပဒ)၊ တုပစ္စည်း ကတ္တုသာဓ် အနက်ဟော (ဒု-ပစ္စယတ္ထ) သိနောတီတိ သေတု- ဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) သိစေ၏။ ဗန္ဓတိဖြင့် သေတုနှင့် သိနောတိတို့၌ သိဓာတ် ဗန္ဓနအနက်ဟော-ဟု သိစေ၏။ (ဒု·ဓာတွတ္ထ၊ ဓာတွတ္ထ) င–ဝါကျ။ သေတုဃ ဃာတောဖြင့် သေတုဃာတောပုဒ်ကို ကမ္မတ္ထဆဋ္ဌီ တပ္ပုရိသ်ပြုပါ–ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)။

## နိပါတ်ပုဒ်အနက်များ

ဟနတီတိ၌ ဣတိ-ဟေတွတ္ထဇောတက။ ပစ္စယဃာတောတိ၌ ဣတိ=ဣဒံ အနက်, ဝါ-အယံအနက်ကိုဟော၏။ ပစ္စယောတိ၌ ဟိ-ဒဠှီကရဏတ္ထ။ သေတူတိ၌ ဣတိ-အာကာရတ္ထ။ ပဒတ္ထဝိပလ္လာသတ္ထ။

သဗ္ဗနာမ်အစွဲ ဝိသယနာမည်။ တကြိအစွဲကား—ထို သေတုဃာတောပုဒ်ကို စွဲသည်။ တ-အစွဲဆိုလျှင်-သေတု ဃာတောပုဒ်ကို စွဲသည်။ ဆိုအပ်ပြီးသော သေတု-ဃာတောပုဒ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com



ကြိယာ ၅-တန်ထုက်ပုံ

သေတု ဃာတောအရ—

၁။ သမ္ဘာဝါဝိစ္စရိတီသည် ။

၂။ မဂ်စိတ်သည်....။

၃။ ဝစီဒုစရိုက်ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းသည်....။

၄။ ဥပစာရ သမာဓိဇောသည်....။

၅။ ဖိုလ်စိတ္တုပ္ပါဒ် စသောအကျိုးသည်....။

သိနောတိ, ဗန္ဓတိ, သေတုတို့အရ—

၁။ ရာဂ, ဒေါသ, မောဟသည်....။

၂။ အယောနိသောမနသိကာရသည်....။

၃။ ရာဂ စသည်ကြောင့်ဖြစ်သော ပစ္စုပ္ပန်ဘဝ၌ အကျိုးမဲ့ဖြစ်ခြင်းသည်၊ ဝါ-ဝစီ ဒုစရိုက်လေးပါးသည်....။

၄။ အသဒ္ဓမ္မသဝန, ဧတုစက္ကဝိပတ္တိ, ဗာလူပ သေဝန စသည်သည်....။

၅။ တမလွန်၌ အပါယ်ကိုလားရခြင်း-စသော အကျိုးသည်....။

ပဋ္ဌာန်းပစ္စည်းပြိုင်

သေတုံအရ ရာဂဟူသော ကုသိုလ်တရားသည် ဟနတိအရ သမ္ဘာဝါဝိစ္စ ဝိရတီ အား....ပကတူ....ပြု၏။ ပြိုင်-မရှိ။

(သေတုဃာတော၌လည်း နည်းတူပြိုင်ပါ။

ပဒဃာတော၌ ပဒအရ ရာဂစသော အကြောင်းသည် စတုန္နံ ဝစီဒုစ္စရိတာနံအရ ဝစီဒုစရိုက်လေးပါး စေတနာအား ပကတူ-ပြု၏။ ပြိုင်-မရှိ။

တစ်နည်း-ယထာရဟ-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ရာဂါဒိကောအရ-လောဘ-ဒေါသ-မောဟသည် သိနောတိဗန္ဓတိအရ သမ္ပယုတ် စိတ္တုပ္ပါဒ်အား ယထာရဟ-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ပုဂ္ဂလ်အရ ခန္ဓာပဥ္စက အာရုံသည် သိနေတိ, ဗန္ဓတိ, သေတုအရ-လောဘ, ဒေါသ, မောဟအား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ-အာ-မိ-ဥပ-ပု-တ္ထိ-အဝိ (၆)၊ တစ်နည်း-ရာဂါဒိကောအရ ရာဂ အစရှိသော အကြောင်းသည် ပုဂ္ဂလ်အရ ခန္ဓာပဥ္စကအား ပကတူ ပြု၏။ (ပြိုင်—မရှိ။)

အကုသိုလ်

[အကုသိုလ်အစ အနုသန္ဓေဝါကျနှင့် ဒိဋ္ဌိဂတသမ္ပယုတ္တံပုဒ်အဖွင့်ကို ပထမအုပ် နောက်ဆက်တွဲ၌ ၁၃၂၈—ခုနှစ် အစိုးရပုံနှိပ်၏ အဖြေအဖြစ်ဖြင့် ပြခဲ့ပြီ။]

http://www.dhammadownload.com

# ၁၅၀-မိစ္ဆာဒိဋ္ဌိ အဖွင့်

(က) မိစ္ဆာဒိဋ္ဌီတိ အယာထာဝ ဒိဋ္ဌိ။

(ခ) ဝိရဇ္ဈိတွာ ဂဟဏတော ဝါ ဝိတထာ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ။

(ဂ) အနတ္ထာဝဟတ္တာ ပဏ္ဍိတေဟိ ဇိဂုစ္ဆိတာ ဒိဋ္ဌီတိပိ မိစ္ဆာဒိဋ္ဌိ။

(ဃ) မိစ္ဆာသင်္ကပ္ပါဒီသုပိ ဧသေဝ နယော။

(င) အပိစ မိစ္ဆာ ပဿန္တိ တာယ, သယံ ဝါ မိစ္ဆာ ပဿတိ, မိစ္ဆာဒဿန မတ္တမေဝ ဝါ ဧသာတိ မိစ္ဆာဒိဋ္ဌိ။ [၄-၂၉၀]

(င) ဝါကျ။ ပထမဝိကပ်အနက်။ ။အပိစ-အပရောနယော-ကို။မယာ-သည်၊ ဝုစ္စတေ-၏၊ ဝါ-အံ့။ တာယ-ထိုသဘောတရားဖြင့်၊ မိစ္ဆာ-အနိစ္စ စသော သဘာဝမှ ဖောက်ပြန်သော နိစ္စစသောအားဖြင့်၊ သမ္ပယုတ္တဓမ္မာ-တို့သည်၊ (ကတ္တား)၊ပဿန္တိ-ရှုတတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ ဖောက်ပြန်သော အားဖြင့် ရှုကြောင်း၏ အဖြစ်ကြောင့်၊ သာဓမ္မဇာတိ-သည်၊ (သညီ, နာမိ, ပကတိ ကတ္တာ၊) မိစ္ဆာဒိဋ္ဌိ-မည်၏၊ ဝါ-မည်သည်၊ ဟောတိ-၏။

## ဥပနာပဉ္စက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် မိစ္ဆာသဒ္ဒါ၏ အယာထာဝ (ဝိပရိတ) အနက်ဟောသည်၏ အဖြစ်ကို ဖွင့်ပြတော်မူ၏၊....သော်, မိစ္ဆာသဒ္ဒါသည် ဤဆိုအပ်ပြီးသော အနက်ကိုသာလျှင် ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ....ပ....မိစ္ဆာသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သောအနက်ကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ မိစ္ဆာသဒ္ဒါ ဝိတထအနက်ကိုလည်း ဟောသေး၏၊....ဟူလို။

(ဂ) ဝါကျ။ ဆရာ, ဆရာသည်က-ခ-ဝါကျတို့ဖြင့် မိစ္ဆာသဒ္ဒါ၏ အယာထာဝ, ဝိတထအနက်တို့ကို ဟောသောဟု ဖွင့်ပြတော်မူ၏၊....သော်, ဤဆိုအပ်ပြီးသော အနက်တို့ကိုသာလျှင် ဟော၏ ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ ....စသည်။

မိစ္ဆာသဒ္ဒါ ဇိဂုစ္ဆန (လာမက) အနက်ကိုလည်း ဟောသေး၏ ဟူလို။

(ဃ) ဝါကျ။ ဆရာ, ဆရာသည် ရှေ့ဝါကျတို့ဖြင့် မိစ္ဆာဒိဋ္ဌိပုဒ်၏အဖွင့်ကို ပြဆိုတော်မူ၏၊...သော်, မိစ္ဆာသင်္ကပ္ပစသောပုဒ်တို့၏ အဖွင့်ကိုလည်း (အတိဒေသ သံဝဏ္ဏနာအားဖြင့်ဖြစ်စေ) ဖွင့်ပြသည် မဟုတ်ပါလော၊ တစ်နည်း-မိစ္ဆာသင်္ကပ္ပ စသော ပုဒ်တို့၏အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ထေက်ရာသည် မဟုတ်ပါလော။

http://www.dhammadownload.com



(င) ဝါကျ။ ဆရာ, ဆရာသည် က-ခ-ဂ-ဝါကျတို့ဖြင့် မိစ္ဆာဒိဋ္ဌိပုဒ်၏ ကမ္မဓာရည်းသမာသ် ဝစနတ္ထကို ဖွင့်ပြတော်မူ၏၊....သော်, ဤဆိုအပ်ပြီးသော ဝစနတ္ထသာလျှင်ရှိ၏-ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော....ပ....မိစ္ဆာဒိဋ္ဌိပုဒ်၏ တစ်ပါးသော ဖြစ်သင့်သော ကိတ်ဝစနတ္ထ၊ ဝါဒတပ္ပုရိသ်သမာသ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊....စသည်။ [စောဒနာတက်သော်—အားလုံးသော ဝါကျတို့၌ အဗျာပိတဒေါသတင်]။

(ဂ) ဝါကျ။ ပဓာနပုဒ်ကို ကောက်၍ ၎င်းမှ ၎င်း၏ဟိတ်သို့ ဥပနာပဋ္ဌကကျမ်းထွက်သော်—ဂ-ဝါကျ၌ 'ပဓာနပုဒ်ကား—မိစ္ဆာဒိဋ္ဌိ ဟူသည်တည်း။ အဓိပ္ပာယ်ကား မိစ္ဆာဒိဋ္ဌိမည်၏-ဟူလို။ ဆရာ, ဆရာသည် မိစ္ဆာဒိဋ္ဌိဟူသော အကျိုးနာမဖလကို ဆိုတော်မူ၏၊....သော်, အကျိုးနာမဖလ—ဟူသည် အကြောင်း နာမဟေတုနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ ထိုသို့ မကင်းကောင်းလေသောကြောင့်၊ အကျိုးနာမဖလ သက်သက်ကိုသာ မဆိုသင့်၊ အကြောင်းနာမ ဟေတုကိုလည်း၊ ပြဆိုသင့်သေး၏။ အဘယ်သို့လျှင် အကြောင်းနာမဟေတုကိုလည်း ဆိုအပ်ပါသနည်း။ ဤသို့ မေးဖွယ် (စောဒနာဖွယ်)ရှိ၍ ဝှတိပိ—ဟူသောပါဌ်ကို မိန့်။ အဓိပ္ပာယ်ကား- မိစ္ဆာဒိဋ္ဌိ ဟူသော အကျိုးနာမဖလ၏ အကြောင်း နာမဟိတ်ကား ဝှတိပိ ဖြစ်၏-ဟူလို။

(အနတ္ထာ ဝဟတ္ထာဟိတ်သည် မိစ္ဆာဒိဋ္ဌိမည်ခြင်း တိုက်ရိုက်အကြောင်းမဟုတ်၊ ဝှတိပိသာလျှင် တိုက်ရိုက်အကြောင်းဖြစ်သည်၊ အကယ်၍ အနတ္ထာ ဝဟတ္ထာဟိတ်ပါဌ်သို့ ကျမ်းထွက်လျှင်လည်း ဤနည်းအတိုင်းပင်။)

ဒေါသပယ်

(က-ခ-ဂ-င) ဝါကျတို့ဖြင့် အသီးအသီး အဗျာပိတ ဒေါသတို့ကို ပယ်၏။ ရှေ့ပုဒ်အဖွင့်ကို ထောက်လျှင် က-ဝါကျဖြင့်လည်း အဗျာပိတဒေါသ ပယ်နိုင်သည်။]

(ဃ) ဝါကျဖြင့်ကား-အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, (နိရတ္ထက) ဒေါသတို့ကို ပယ်၏။

ဝါသဒ္ဒါလဲပုံ။ ။မိစ္ဆာသဒ္ဒါ၏ အယာထာဝ (ဝိပရိတ) အနက်အကြောင်းမှ တစ်ပါး၊ ဝိတထအနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ခ-ဝါကျ၌ ဝါသဒ္ဒါ ထား၏။

ပိသဒ္ဒါထားရပုံ။ ။အယာထာဝါဒိဋ္ဌိ, ဝိတထာဒိဋ္ဌိ ဟူသော ဝစနတ္ထတို့ကြောင့်သာလျှင် မိစ္ဆာဒိဋ္ဌိမည်သည် မဟုတ်သေး၊ ဇိဂုစ္ဆိတာဒိဋ္ဌိ ဟူသော ဝစနတ္ထကြောင့်လည်း မိစ္ဆာဒိဋ္ဌိမည်၏ဟု သမုစ္စည်း, သမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့် ပိသဒ္ဒါထား၏။ ပိသဒ္ဒါဖြင့် လဲလှယ်ပုံ-အယာထာဝါဒိဋ္ဌိ ဝိတထာဒိဋ္ဌိ

http://www.dhammadownload.com



ဟူသော ဝစနတ္ထ သကာတ်အနက်အကြောင်း, မိစ္ဆာသဒ္ဒါ၏ အယာထာဝ, ဝိသထအနက်အကြောင်းတို့မှတစ်ပါး၊ ဇိဂုစ္ဆိတာ ဒိဋ္ဌိဟူသော ဝစနတ္ထသကာတ်အနက်အကြောင်း, မိစ္ဆာသဒ္ဒါ၏ ဇိဂုစ္ဆနအနက် အကြောင်းတို့ကို လဲလိုသောကြောင့် ပိ သဒ္ဒါထား၏။ အပိစ-သဒ္ဒါလဲလှယ်ပုံ-မိစ္ဆာဒိဋ္ဌိ၏ သမာသ်ပုဒ်မှတစ်ပါး၊ ကိတ်ပုဒ်ဟု ဆိုအပ်သော သဒ္ဒါကိုလည်းကောင်း, သမာသ်အနက် အကြောင်းမှတစ်ပါး၊ ကိတ်အနက်အကြောင်းကို လည်းကောင်း, ဝါ-ကမ္မဓာရည်း သမာသ်အနက်အကြောင်းမှတစ်ပါး၊ တတိယာ တပ္ပုရိသ် သမာသ် အနက်အကြောင်းတစ်ပါးကို လည်းကောင်း လဲလိုသောကြောင့် င-ဝါကျ၌ အပိစသဒ္ဒါ ထား၏။

ဝါသဒ္ဒါလဲလှယ်ပုံ။ ။င-ဝါကျ။ မိစ္ဆာဒိဋ္ဌိ၌ တိပစ္စည်း၏ ကရဏသာဓ်အနက်အကြောင်းမှတစ်ပါး၊ ကတ္တုသာဓ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ရှေ့ဝါသဒ္ဒါ ထား၏၊ တိ ပစ္စည်း၏ ကရသာဓ်, ကတ္တုသာဓ်အနက်အကြောင်းမှတစ်ပါး၊ ဘာဝသာဓ်အနက်အကြောင်း တစ်ပါးကို လဲလိုသောကြောင့် နောက် ဝါသဒ္ဒါထား၏၊ သေဝနယော ထားရပုံ-မိစ္ဆာသက်ပွစသော ပုဒ်တို့၏ ဝစနတ္ထ, အဓိပ္ပာယတ္ထတို့မှာ မိစ္ဆာဒိဋ္ဌိပုဒ်နှင့် ဝစနတ္ထပြုနည်း, အဓိပ္ပာယတ္ထယူနည်း အလုံးစုံ တူသည်ကို ပြလိုသောကြောင့် ဃ-ဝါကျ၌ သေဝနယော ထား၏။ (ဆောင်ပုဒ်-ပထမတွဲ ၆၉ ၌ ပြခဲ့ပြီ။)

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အဝတိ ဂစ္ဆတီတိ အဝေါ။ အဝဿ+အနုရူပံ ယထာဝံ။ ယထာ-ဝဿ+ဘာဝေါ ယာထာဝံ၊ ယာထာဝတော+ဒိဋ္ဌိ ယာထာဝဒိဋ္ဌိ။ န+ယာထာဝ ဒိဋ္ဌိ အယာထာဝဒိဋ္ဌိ။ [နီ-သစ်-ဘာ-၂၂၉]

၂။ ပဋိသေဓဘောဂုဏ်၏ ယာထာဝဒိဋ္ဌိနှင့် ဂုဏ်+ဂုဏီး....စပ်....၊

၃။ အယာထာဝဒိဋ္ဌိတို့၏ တစ်ခုသည်....ပ....ဇာတ်သည်။

(ခ) ဝါကျ။ ဂဏှာတီတိ ဂဟဏံ။ (ကတ္တုသာဓ်၊ ဘာဝပ္ပဓာန်) တစ်နည်း-ဂယှတေ ဂဟဏံ၊ (ဘာဝသာဓ်) (တတော) [ဂဟဓာတ်+ယု ပစ္စည်း၊ ယူခြင်း ကြိယာခွဲ]

(ဂ) ဝါကျ။ နတ္ထိ+အန္တော+ယဿာတိအနန္တော။ အာဝဟတီတိ အာဝဟာ။ အနန္တဿ+အာဝဟာ အနန္တာဝဟာ။ အနန္တာဝဟာယ + ဘာဝေါ အနန္တာဝ-ဟတ္တံ။ (တဿ)

၂။ အကျိုးမဲ့ကို ဆောင်တတ်သော မိစ္ဆာဒိဋ္ဌိ၏ အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ်+....စပ်....။

၄။ အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

http://www.dhammadownload.com



## လိင်္ဂစသည် စိစစ်ပုံ

မိစ္ဆာဒိဋ္ဌိ—ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်းခွဲ။ ထိုတွင်-မိစ္ဆာကို အလိင်၊ နိပါတ်ပုဒ်ခွဲ၊ ဝိရုဇ္ဈိတ္ဗာ-အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတပဒ၊ ဝါ-ကိတပဒ။ (ထိုတွင် ဝိ-ကို အလိင်၊ ဥပသဂ္ဂပဒ ခွဲနိုင်သေး၏။) ဂဟဏတော၌ ဂဟဏကို နပုလ္လိင်၊ စိတ္တာဒိဂိုဏ်းခွဲ။ ဂဟဏတော-ပုဒ်လုံးကား-အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတပဒ။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ အယာထာဝဒိဋ္ဌိဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါ အယာထာဝ (ဝိပရိတ) အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) မိစ္ဆာ (အယာထာဝါ)+ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ပါဒိပုဗ္ဗ (ဝိသေသနပုဗ္ဗ) ပဒ ကမ္မဓာရည်းသမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။ [မဏိမဉ္ဇူ-ပ-၇၇ ၌ "ယာထာဝေါ" ဟု ပထမန္တနှင့် ရှိသည်ကို ထောက်လျှင် ဤ၌လည်း "အယာထာဝေါ"ဟု ရှိသင့်သည်။]

(ခ) ဝါကျ။ ဝိရုဇ္ဈိတ္ဗာ ဂဟဏတောဖြင့် ချွတ်ယွင်းခြင်း အကြောင်းကို သိစေ၏။ (ဘာဝတ္ထ)၊ ဝိတထာဒိဋ္ဌိဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါ ဝိတထ အနက်ဟော (နိပါတလိင်္ဂတ္ထ) မိစ္ဆာ (ဝိတထာ)+ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ပါဒိပုဗ္ဗ (ဝိသေသနပုဗ္ဗ) ပဒ ကမ္မဓာရည်းသမာသ်ပြု (သမာသလိင်္ဂတ္ထ) သိစေ၏။

(ဂ) ဝါကျ။ အနတ္ထာ ဝဟတ္တာဖြင့် စက်ဆုပ်ခြင်းအကြောင်းကို သိစေ၏။ (ဘာဝတ္ထ) ပဏ္ဍိတေဟိဖြင့် ဇိဂုစ္ဆိတာ၏ ကတ္တားကို သိစေ၏။ (ဘာဝတ္ထ) ဇိဂုစ္ဆိတာ ဒိဋ္ဌိဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါ ဇိဂုစ္ဆန (လာမက) အနက်ဟော၊ (နိပါတလိင်္ဂတ္ထ) မိစ္ဆာ (ဇိဂုစ္ဆိတာ)+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ပါဒိပုဗ္ဗ (ဝိသေသနပုဗ္ဗ) ပဒကမ္မဓာရည်းသမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

(ဃ) ဝါကျ။ အပိစဖြင့် နောက်ထပ်ဆိုမည့်နည်းတစ်ပါးဟု သိစေ၏၊ ဝါ- အတ္ထန္တရ ဝိကပ္ပတ္ထ ဇောတက အဖြစ်ကိုသိစေ၏။ (အတ္ထ၊ ဘာဝတ္ထ), မိစ္ဆာ ပဿန္တိ တာယဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒူပပဒ+ဒိသဓာတ်၊ (ဒု-ဓာတုပဒ) တိပစ္စည်း ကရဏသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မိစ္ဆာ+ပဿန္တိ တေ-ယာတိ မိစ္ဆာဒိဋ္ဌိဟု ကရဏသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္ထ) တစ်နည်း-ပဿန္တိ တေယာတိ ဒိဋ္ဌိဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) မိစ္ဆာ+ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။ သယံ ပဿတိဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒူပပဒ+ဒိသဓာတ်၊ (ဒု-ဓာတုပဒ) တိပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) တစ်နည်း-ပဿတီတိ ဒိဋ္ဌိ ဟု ကတ္တုသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)

http://www.dhammadownload.com



မိစ္ဆာ+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) ပရမတ္ထမှာတစ်ပါး ကတ္တားကို တားမြစ်သည်၏အဖြစ် (ဘာဝတ္ထ) သိစေ၏၊ မိစ္ဆာ ဒဿနမတ္တမေဝ သော့ဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါပုပဒ+ဒိသဓာတ် (ဒု-ဓာတုပဒ) တိပစ္စည်း ဘာဝသာဓ်အနက်ဟော (ဒု-ပစ္စယတ္ထ) မိစ္ဆာ+ဒဿနံ မိစ္ဆာဒိဋ္ဌိဟု ဘာဝသာဓ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ), တစ်နည်း–ဒဿနံ+ဒိဋ္ဌိဟု ဘာဝသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) မိစ္ဆာ+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ (သမာသလိင်္ဂတ္ထ) မိစ္ဆာဒိဋ္ဌိသည် အလိုသို့လိုက်၍ ဖြစ်သည်မဟုတ် အကြောင်းညီညွတ်သောကြောင့် မိမိအလိုအလျောက် ဖြစ်၏ဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။

## နိပါတ်ပုဒ်အနက်များ

(က) ဝါကျ၊ မိစ္ဆာသဒ္ဒါ အယာထာဝ(ဝိပရီတ), ဝိတထ, ဇိဂုစ္ဆန (လာမက) အနက်တို့ကို ဟော၏။ ဣတိ-ပဒတ္ထ ဝိပလ္လာသတ္ထ။ အ-ပဋိသေဓတ္ထ၊ ယထာ-ပဒတ္ထာနတိက္ကမ။[အယာထာဝ၌ နိဿယသစ်အလို အယာထာ+ဝေဟု ပုဒ်မဖြတ်နိုင်၊ အာဘော်၌ ဆိုခဲ့သည့်အတိုင်း ယာထာဝေါ ဟူသော မဏိမဥ္ဇူ ထောက်၍လည်း ပုဒ်မဖြတ်နိုင်ကြောင်း သိသာ၏။ သို့သော် ပုဒ်ဖြတ်၍ ထုတ်ကြသည်မှာ အောက်ပါ အတိုင်းတည်း။

၁။ ပါဒိပုဗ္ဗ ပဒကမ္မဓာရည်းသမာသ်သည် ဂ....။
၂။ တစ်ပါးသော သမာသ်သည် နိ....။
၃။ ကရဏ, ကတ္တု, ဘာဝသာဓ်ဝိဂ္ဂဟသည် နှ....။

(ဂ) ဝါကျ၊ ပိသဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(ဃ) ဝါကျ၊ ပိသဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ဝေ-အဝဓာရဏတ္ထ။

၁။ ကမ္မဓာရည်းသမာသ်နည်းသည် ဂ....။
၂။ တစ်ပါးသော ဒွန်စသော သမာသ်နည်းသည် နိ....။
၃။ ဤနည်း၏ အနက်အဓိပ္ပာယ်တို့သည် နှ....။

(င) ဝါကျ။ အပိစ–အတ္ထန္တရ ဝိကပ္ပတ္ထ။ မိစ္ဆာဒဿန မတ္တမေဝ၌ မတ္တသဒ္ဒါ နိဝတ္တာပန အဝဓာရဏတ္ထ။ ဝေ-သန္နိဋ္ဌာန အဝဓာရဏတ္ထ။

၁။ မိစ္ဆာဒိဋ္ဌိပုဒ်၏ ဘာဝသာဓနသည် ဂ....။
၂။ ကမ္မ, သမ္ပဒါန, အဓိကရဏသာဓနတို့သည် နိ....။
၃။ ကတ္တုသာဓန, ကရဏသာဓနတို့သည် နှ....။

http://www.dhammadownload.com



တစ်နည်း—၁-မှားသောအားဖြင့် ရှုမြင်ခြင်းကြိယာမျှသည် ဂ....၂
၂။ မှားသောအားဖြင့် ရှုမြင်ကြောင်း ကရဏာ:တ္တိ ကရဏာဗျာပါရ, ကရဏတ္ထ, မှားသောအားဖြင့် ရှုမြင်တတ်သော ကတ္တုသတ္တိ, ကတ္တုဗျာပါရ ကတ္တတ္ထတို့သည် နိ....။

ကြိယာ ၅-တန် ထုတ်ပုံ

မိစ္ဆာဒိဋ္ဌိအရ—
၁။ ဒိဋ္ဌိစေတသိက်သည်...။
၂။ အယောနိသောမနသိကာရသည်၊ ဝါ-အရိယာနံ အဒဿန ကာမတာဒိ သည်....။
၃။ ပညာရှိတို့စက်ဆုပ်ခြင်းသည်၊ ဝါ-သာဝဇ္ဇဒုက္ခဝိပါကသည်....။
၄။ စတုစက္ကဝိပတ္တိစသည်သည်....။
၅။ ဒုဂ္ဂတိဘဝ၌ လားရခြင်းစသည်သည်....။

အဓိပ္ပာယ်အဆုံးအဖြတ်

မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းတရား—
၁။ အသဒ္ဓမ္မဿဝန။ ၂။ အကလျာဏမိတ္တတာ။ ၃။ အရိယာနံ-အဒဿနကာမတာဒိ။ ၄။ အယောနိသောမနသိကာရ စသည်။ [ဋ္ဌ-၂၉၀]

ဤ၌ အယောနိသောမနသိကာရကို သီးခြားယူရခြင်းအကြောင်း

အကုသိုလ်ဖြစ်ဖို့ရန် အလွန်နီးကပ်သောအကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ အကုသိုလ်ဖြစ်ဖို့ရန် ကေန်ဓာကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ အယောနိသောမနသိကာရကို သီးခြားအကြောင်းအဖြစ် ယူရသည်။ (အာသန္န—ကာရဏတ္တာ အယောနိသောမနသိကာရဿ ဝိသုံ ဂဟဏံ ကေန္တကာရဏတ္တာစ။ ဋီ—၁၁၉)

ပဋ္ဌာန်း ပစ္စည်းမြှိုင်

(c) ဝါကျ၊ တာဃ—ဟူသော ကရိုဏ်းပါဠိအရ ဒိဋ္ဌိစေတသိက်သည် ပဿန္တိ ဟူသော ကြိယာအရ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ-ည-နိ-မဂ္ဂ-သံ-တ္ထိ-အဝိ (၇) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။
ဖဿောတိ အကုသလစိတ္တသဟဇာတော ဖဿော။ [ဋ္ဌ-၂၉၀]
၁။ အကုသလစိတ္တအရ အကုသိုလ် (၁၂) သည် သဟဇာတော ဖဿောအရ ဖဿ-အား-ဝိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉)။
၂။ တစ်နည်း— သဟဇာတော ဖဿောအရ ဖဿသည် အကုသလစိတ္တအရ အကုသိုလ်စိတ် (၁၂) အား သဟ-ည-နိ-ဟာ-သံ-တ္ထိ-အဝိ (၇)။

http://www.dhammadownload.com



ပါကောတိပါတာဒီသုပိ....ပ....ကေဂ္ဂတာ ဟောတိ။ [ဌ-၂၉၀]

၁။ ပါကောတိပါတာဒီသုပိ အရ-ပါကောတိပါတာဒိ သမ္ပယုတ်စိတ္တုပ္ပါဒ်သည် ကေဂ္ဂတာအရ ကေဂ္ဂတာစေတသိက်အား ယထာရဟ ဟေ-ဓိ-သဟ-ည-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၁၃)။

၂။ စိတ္တဿအရ အကုသိုလ်စိတ်သည် ကေဂ္ဂတာအရ ကေဂ္ဂတာအား ဓိ-သဟ-ည-နိ-ဟာ-ဣ-သံ-တ္ထိ-အဝိ (၉)။

၃။ ကေဂ္ဂတာအရ ကေဂ္ဂတာသည် စိတ္တဿအရ အကုသိုလ်စိတ်အား သဟ-ည-နိ-ဣ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ (၉)။

မနုဿာ ဟိ စိတ္တံ သမာဒဟိတွာ....ပ....နိပါတေန္တိ၊ [ဌ-၂၉၀]

၁။ မနုဿာ ဟူသော ဟေတုကတ္တားအရ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းသည် နိပါတေန္တိ၌ ဗာဟျတ္ထ အန္တိမဝိဘတ်အရ ပဌမဒေါသမူဇောအား အနံ-သမနံ-ဥပ-နတ္ထိ-ဝိဂတ (၅)။

၂။ မနုဿာအရ အဆုံးဇောကြဉ်သော ရှေးရှေးသော ဒေါသမူဇောသည် နိပါတေန္တိ၌ ဗာဟျတ္ထအရ ပဌမဇောကြဉ်သော နောက်နောက်သော ဒေါသမူဇောအား အနံ-သမနံ-ဥပ-အာသေ-နတ္ထိ-ဝိဂတ (၆)။

၃။ (က) မနုဿာအရ ဒေါသမူစေတနာသည် နိပါတေန္တိ၌ ဓာတ်အရ ဒေါသမူစိတ္တုပ္ပါဒ်အား သဟ-ည-နိ-ကံ-ဟာ-သံ-တ္ထိ-အဝိ (၈)။
(ခ) စိတ္တဇရုပ်အား....သဟ-နိ-ကံ-ဟာ-ဝိပ္ပ-တ္ထိ-အဝိ (၇)။
(ဂ) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား သဟ-နိ-ကံ-ဟာ-တ္ထိ-အဝိ-(၆)။

၄။ မနုဿာအရ ဟဒယ ဝတ္ထုသည် နိပါတေန္တိ၌ ဗာဟျတ္ထအရ ဒေါသမူစိတ်အား ဝတ္ထုပုရေဇာတနိဿယ....ပြု၏။ ပြိုင်-နိ-ပု-ဝိပ္ပ-တ္ထိ-အဝိ (၅)။

၅။ မနုဿာအရ ဒေါသမူ စိတ္တုပ္ပါဒ်သည် နိပါတေန္တိ ဗာဟျတ္ထအရ ကာယဝိညတ္တိ ဒသက ကလာပ်အား ဟေ-ဓိ-သဟ-နိ-ကံ-ဟာ-ဣ-ဈာ-မဂ္ဂ-ဝိပ္ပ-တ္ထိ-အဝိ-ယထာရဟ (၁၂)။

၆။ မနုဿာအရ မဟာဘုတ်လေးပါးသည် နိပါတေန္တိ၌ ဗာဟျတ္ထအရ ကာယဝိညတ်အား သဟ-နိ-တ္ထိ-အဝိ (၄)။

၇။ မနုဿာအရ မဟာဘုတ် တစ်ပါး, သုံးပါး, နှစ်ပါးသည် နိပါတေန္တိ၌ ဗာဟျတ္ထအရ မဟာဘုတ် သုံးပါး, တစ်ပါး, နှစ်ပါးအား သဟ-ည-နိ-တ္ထိ-အဝိ (၅) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com

# ၁၅၁-အဟိရိကံ-အနောတ္တပ္ပံ အဖွင့်

(က) အဟိရိကဗလံ အနောတ္တပ္ပဗလန္တိ ဧတ္ထ....ပ....ဘာဝိတာတိ။

(ခ) ဇိဂုစ္ဆိတဗ္ဗံ န ဇိဂုစ္ဆတီတိ အဟိရိကော။

(ဂ) အဟိရိကဿ ဘာဝေါ အဟိရိကံ။

(ဃ) န ဩတ္တပ္ပံ အနောတ္တပ္ပံ။

(င) တေသု အဟိရိကံ ကာယဒုစ္စရိတာဒီဟိ အဇိဂုစ္ဆနလက္ခဏံ အလဇ္ဇာ လက္ခဏံဝါ။ [ဋ္ဌ-၂၉၁]

အနက်ထုး (ခ) ဝါကျ။ ပန-ထိုမှတစ်ပါး။ ဇိဂုစ္ဆိတဗ္ဗံ-ဗလ- ဟူသောပုဒ်မှ တစ်ပါးကုန်သော အဟိရိက, အနောတ္တပ္ပပုဒ်တို့၌ (အတ္တော ဧဝံ ပဏ္ဍိတေန ဝေဒိ-တဗ္ဗော') ယော ပုဂ္ဂလော-သည်။ (အနိယတ်ကတ္တား) ကာယဒုစ္စရိတာဒီဟိ-တို့ ကြောင့်, တို့ကို, တို့မှ။ (ဟိတ်, ကံ, အပါဒါန်) နဇိဂုစ္ဆတိ-မစက်ဆုပ်တတ်၊ ဝါ-မရှက်တတ်၊ ဇိဂုစ္ဆိတဗ္ဗာ-ကြောင့်၊ သော ပုဂ္ဂလော-သည်-(နိယတ်) အဟိရိကော-မည်၏။

ဋ္ဌပနာပဉ္စက ကျမ်းတက်

(ခ) ဝါကျ။ ဆရာ, ဆရာသည် က-ဝါကျဖြင့် ဗလသဒ္ဒါ၏အနက်ကို ညွှန်ပြသောအားဖြင့် ဖွင့်ပြတော်မူ၏၊....သော်, အဟိရိကောပုဒ်၏ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

(ဂ) ဝါကျ။ (အဟိရိကောဟူသော အစိတ်ပုဒ်၏ ဝစနတ္ထမှတစ်ပါး, အဟိရိကံ ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထ အဖွင့်ပြသည်ကို ရှုတက်။)

(ဃ) ဝါကျ။ (အဟိရိကံပုဒ်အဖွင့်မှတစ်ပါး, အနောတ္တပ္ပံပုဒ်အဖွင့်ဖြစ်သည်ကို ရှုတက်။)

(င) ဝါကျ။ ဆရာ, ဆရာသည် ဂ-ဝါကျဖြင့် အဟိရိကံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏၊...သော်, လက္ခဏာကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊....စသည်။

ဒေါသသင့်ပုံ, ပယ်ပုံ

ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ၊ နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံ ထင်ရှားပြီ။ က-ဝါကျဖြင့်ကားဂန္ထဂရုဒေါသပယ်ပုံကိုလည်းသိပါ။

ဝါသဒ္ဒါလဲပုံ-အဟိရိက၏ ကာယဒုစရိုက်စသည်တို့ကို မစက်ဆုပ်ခြင်း လက္ခဏာ-ရှိသည်၏ အဖြစ်ဟူသော သင်္ကေတ်အနက်အကြောင်းမှတစ်ပါး၊ မရှက်ခြင်း လက္ခဏာ ရှိသည်၏ အဖြစ်ဟူသော သင်္ကေတ်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် င-ဝါကျ၌ ဝါသဒ္ဒါထား၏။

http://www.dhammadownload.com



ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျ။ ဟိရိယတီတိ ဟိရိကော၊ (အစိဘ်) န+ဟိရိကော အဟိရိကော။ (အပေါင်း)

၂။ ပဋိသေဓဘောဂုဏ်၏ ရှက်တတ်သူနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ မရှက်ခြင်း ကြီးယာသည်၊ ဝါ – မရှက်တတ်သူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်....။

လိင်စသည် စိစစ်ပုံ

အာဒိ-အလိင်၊ နိပါတ်ပုဒ်ခွဲ။ နဟိရိယတိဋ္ဌ န-အလိင်၊ နိပါတ်ပုဒ်ခွဲ။ ဟိရိယတိ-အလိင်၊ ဒီဝါဒိဂိုဏ်း၊ ဤကာရန္တ၊ အာချာတပဒ၊ (ဟိရီ+ယ+တိ) ကာယဒုစ္စရိ-တာဒီဟိ-နပုလ္လိင်၊ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ၊ သမာသပဒ။

အာဘော်, သံဝဏ္ဏနာ

(ခ) ဝါကျ။ [ဣတရေသု (အတ္ထော ဝေ ဝေဒိတဗ္ဗော) (ဘာဝတ္ထ)ဖော်] ပန ဖြင့် ပက္ခန္တရတ္ထဇောဘကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ) နဟိရိယတီတိဖြင့် အဟိရိကောဝယ် ဟိရိကော၌ ဟိရီဓာတ်၊ (ဒု–ဓာတုပဒ) ဏျပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္ထ) ဟိရိယတီတိ ဟိရိကောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ)န+ဟိရိကော အဟိရိကောဟု မိဿကတပ္ပုရိသ်သမာသ်ပြု၊ (သမာသ လိင်္ဂတ္ထ) အသဒ္ဒါ န-၏ကာရိယ (နိပါတလိင်္ဂပဒ) သိစေ၏။

(ဂ) ဝါကျ။ အဟိရိကဿ ဘာဝေါဖြင့် အဟိရိကံ၌ ဏျပစ္စည်း ဘာဝအနက်ဟော၊ (ပစ္စယတ္ထ) အဟိရိကဿ+ဘာဝေါ အဟိရိကံ ဟု ဘာဝတဒ္ဓိတ်ဝိဂ္ဂဟပြု၊ (အဘိဓာနတ္ထ) အဟိရိကံ ဟု ဆိုလိုလျက် က အက္ခရာ တစ်လုံးကျေသည်၏အဖြစ်၊ (နေယျတ္ထ၊ ဘာဝတ္ထ) သိစေ၏၊ ဃ-ဝါကျ။ နဩတ္တပ္ပံဖြင့် အနောတ္တပ္ပံ၌ အန(အန်) ၏ န ၏ကာရိယအဖြစ် (နိပါတလိင်္ဂပဒ)န+ဩတ္တပ္ပံ အနောတ္တပ္ပံ ဟု မိဿကတပ္ပုရိသ် သမာသ်ပြု၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ နိဓဒ္ဒသဋ္ဌ နိသဒ္ဒါ-ဝိဘာဇနတ္ထ။ အာဝိ-ပါတု (ပကာသ, ပါကဋ) အနက်ဟော။

(ခ) ဝါကျ။ ပန-ပက္ခန္တရတ္ထ။ နနှင့်အ-ပဋိသေဓတ္ထ။ ဃ-ဝါကျ။ နနှင့် အနောတ္တပ္ပံ၌ အန (န) သဒ္ဒါ-ပဋိသေဓတ္ထ။ ဝိရုဒ္ဓတ္ထ။

အဟိရိကမေဝ ဗလံ အဟိရိကဗလံ။ အနောတ္တပ္ပမေဝ ဗလံ အနောတ္တပ္ပဗလံ။ [ဋ္ဌ-၂၉၁] ဤဋ္ဌ ဝေဖြင့်–

http://www.dhammadownload.com



၂။ သတ္တ, ဇီဝ, အတ္တနှင့် ဗိုလ်မထိုက်သော ဖဿစသော တရားတို့သည်။ တစ်နည်း-အဟိရိကမှတစ်ပါး ဗိုလ်ထိုက်သောတရားတို့သည် နို....။

၃။ ရှက်ခြင်းကင်းသည်၏အဖြစ် ဟူသောဂုဏ်သည်၊ တစ်နည်း- အခြားသော အဟိရိက၏ အမည်ဖြစ်ကောင်းသောခန္ဓာ စသည်သည် နို....။

(အနောတ္တပ္ပမေဝ၌လည်း နည်းမှီထုတ်၊ထိတ်လန့်ခြင်းကင်းသည်၏အဖြစ်ဟူသောဂုဏ်ကို, တစ်နည်း-အခြားသော အနောတ္တပ္ပ၏ အမည်ဖြစ်ကောင်းသော ခန္ဓာစသည်ကို-နို....ထုတ်)

[သဒ္ဒါအဖွင့် ခ-၀ ါကျထုတ်ပုံနှင့် ညှိကြည့်ပါ။]

**သမ္ဗန္ဓာမ်အစွဲ–ဝိသယနာမည်—တေသု၌ တသည် အဟိရိက, အနောတ္တပ္ပနှစ်ပါးကို စွဲ၏။ ဆိုအပ်ပြီးသော အဟိရိက, အနောတ္တပ္ပမမ္ဖြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။**

## ကြိယာ ၅-တန် ထုတ်ပုံ

ကာယဒုစ္စရိတာဒီဟိအရ—

၁။ ကာယဒုစရိုက် စေတနာသည်....။

၂။ အယောနိသောမနသိကာရသည်....။

၃။ ဒုက္ခ, ဒေါမနဿ, ဝိပ္ပဋိသာရ စသည်သည်....။

၄။ ဗာလူပသေဝန စသည်သည်....။

၅။ ဒုဂ္ဂတိဘဝ၌ လားရခြင်း စသည်သည်....။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(ဂ) ဝါကျ။ ဘာဝေါအရ အဟိရိက စေတသိက်သည် အဟိရိကဿ အရ-အဟိရိက သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ စိတ္တဇရုပ်အား သဟ-နိ-ဝိပ္ပ-တ္ထိ-အဝိ (၅)။

(အဟိရိကံ၌လည်း ဗဟျတ္ထ ဤပစ္စည်းအရနှင့် အန္တတ္ထ အဟိရိကပုဒ် အရတို့ကို ဤအတိုင်းပြိုင်)

(င) ဝါကျ။ ကာယဒုစ္စရိတာဒီဟိအရ ကာယဝိညတ်, ကာယဒုစရိုက်စသော တရားသည် အဟိရိကံအရ အဟိရိက စေတသိက်အား အာရမ္မဏ၊ တစ်နည်း ပကတူ....ပြု၏။ ပြိုင်-မရှိ။ တစ်နည်း-အဟိရိကံအရ အဟိရိက စေတသိက်သည် ကာယဒုစ္စရိတာဒီဟိအရ ကာယဒုစရိုက်စသော စေတနာအား သဟ....ပြု၏။ ပြိုင်-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၆)။

(အရှက်မရှိခြင်းကြောင့် ဒုစရိုက်တွေ ကျူးလွန်နေသည်ကို သတိပြု၊ ထိုအခါ အဟိရိကသည် ဒုစရိုက် စေတနာအား သဟ....ပြု၏။) တစ်နည်း-ကာယဒုစရိတာဒီဟိအရ စေတနာ ပစ္စည်းတရားယူ၍ အဟိရိကံအရ အဟိရိက စေတသိက် ပစ္စယုပ္ပန် ယူ၍လည်း သဟ-မျိုးပြိုင်ပါ။

http://www.dhammadownload.com

# ၁၅၂-လောဘ, မောဟ, အဘိဇ္ဈာ အဖွင့်

(က) လုဗ္ဘန္တိ တေန, သယံ ဝါ-လုဗ္ဘတိ, လုဗ္ဘနမတ္တမေဝ ဝါ တန္တိ လောဘော။

(ခ) မုယှန္တိ တေန, သယံ ဝါ မုယှတိ မုယှနမတ္တမေဝ ဝါ တန္တိ မောဟော။

(ဂ) တေသု လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော, မက္ကဋာလေပေါဝိယ။

(ဃ) အဘိဇ္ဈာယန္တိ တာယ, သယံ ဝါ အဘိဇ္ဈာယတိ, အဘိဇ္ဈာယန မတ္တမေဝ ဝါ သောတိ အဘိဇ္ဈာ။ [ဋ္ဌ-၂၉၁]

(ခ) ဝါကျ။ ပထမဝိကပ်အနက် -တေန-ထိုသဘောတရားဖြင့်၊ သမ္ပယုတ္တဓမ္မာ တို့သည်၊ (ကတ္တား) မုယှန္တိ-တွေဝေတတ်ကုန်၏။ (သဒ္ဒတ္ထ) ဝါ မုယှန္တိ နဗုဇ္ဈန္တိ-မသိတတ်ကုန်၊ (အဓိပ္ပာယတ္ထ) ဣတိတသ္မာ - ထိုသို့ သမ္ပယုတ်တရားတို့၏ တွေဝေကြောင်း, မသိကြောင်း၏ အဖြစ်ကြောင့်၊ သော-ထိုသဘောအရားသည်၊ မောဟော မည်၏။

### ဌပနာ ပဥ္စက ကျမ်းတက်

(က) ဝါကျ၌ ဒုတိယ ဝိကပ်သို့ ကျမ်းတက်သော်–ဆရာ, ဆရာသည်၊ လုဗ္ဘန္တိ တေနဖြင့် လောဘော၌ ဏပစ္စည်း ကရဏသာဓ် အနက်ဟော၍ ကရဏသာဓ် ဝိဂ္ဂဟပြုရသောဟု ဆိုတော်မူ၏၊....သော်, ဆိုအပ်ပြီးသော အနက်နှင့် ဆိုအပ်ပြီး သော ဝိဂ္ဂဟသာလျှင် ဖြစ်၏-ဟူသော အဓိပ္ပာယ် ရောက်ရသည် မဟုတ်ပါလော၊ ....စသည်။

တတိယ ဝိကပ်သို့ကျမ်းတက်သော်–ဆရာ, ဆရာသည် ရှေ့နှစ်ဝိကပ်ဖြင့် လောဘောပုဒ်၏ ကရဏသာဓ် ကတ္တုသာဓ် ဝိဂ္ဂဟပြုရသောဟု ဆိုတော်မူ၏၊....သော်, ဆိုအပ်ပြီးသော ဝိဂ္ဂဟတို့သာလျှင် ဖြစ်၏–ဟူသော အဓိပ္ပာယ် ရောက်ရသည် မဟုတ်ပါလော၊....စသည်။

(ခ) ဝါကျ။ (လောဘောပုဒ်၏ အဖွင့်မှတစ်ပါး,မောဟောပုဒ်အဖွင့်ဖြစ်သည် ကို ရှုတက်)!

### ဒေါသင့်ပုံ, ပယ်ပုံ

(အဓ္ဓာပိတ ဒေါသသင့်ပုံ, ပယ်ပုံ ထင်မှားပြီ။)

ဝါသဒ္ဒါများလဲပုံ။ လောဘော, မောဟောတို့၌ ဏပစ္စည်း, အဘိဇ္ဈာ၌ အပစ္စည်းတို့၏ ကရဏသာဓ် အနက် အကြောင်းမှတစ်ပါး, ကတ္တုသာဓ် အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ရှေ့ဝါသဒ္ဒါများ ထား၏။ ထို ဏ,အပစ္စည်း တို့၏ ကရဏသာဓ်, ကတ္တုသာဓ် အနက်အကြောင်းမှတစ်ပါး, ဘာဝသာဓ် အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် နောက် ဝါသဒ္ဒါများထား၏။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ဂ) ဝါကျ။ မကာတိ စလတီတိ မက္ကဋော။ မကိဓာတ်+အတပစ္စည်း၊ တုန်လှုပ်ခြင်း ကြိယာခွဲ၊) အာလိမ္ပတိ တေနာတိ အာလေပေါ၊ မက္ကဋဿ+အာလေပေါ မက္ကဋာလေပေါ။

၂။ မျောက်၏ လိမ်းကျံကြောင်း သစ်စေးနှင့် ဌာန+ဌာနီ, တစ်နည်း-ဌာနီ+ဌာန....စပ်....။

၄။ မျောက်နဲ့စေးတို့၏ တစ်ခုသည် တစ်ခုနှင့် တူသည်၏အဖြစ်ဟူသော သ်ာမညာ ကာရဓာတ်သည်....။

## လိင်စသည် စိစစ်ပုံ

လုဗ္ဘန္တိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတပဒ။ [လုဘ+ယ+အန္တိ၊] မုယှတိ-အလိင်၊ ဒိဝါဒိဂိုဏ်း၊ အ ကာရန္တ၊ အာချာတပဒ။ [မုဟ+ယ+တိ။] အဘိဇ္ဈာယန္တိ-အလိင်၊ ဘူဝါဒိဂိုဏ်း၊ ကောရန္တ၊ အာချာတပဒ။ [အဘိ+ဈေ+အ+အန္တိ။]

(က) ဝါကျ ၌ တတိယာ ဝိကပ်ရှိပုဒ်တို့ကို သမာသပဒ စသည်ခွဲသော်-လုဗ္ဘနမတ္တံ-သမာသ်ပုဒ်။ ဝေ, ဝါ ဣတိနိပါတ်ပုဒ်။ တံ-သဗ္ဗနာမ်ပုဒ်။ လောဘော-ကိတ်နာမ်ပုဒ်။

## အာဘော်, သံဝဏ္ဏနာ

(က) ဝါကျ။ လုဗ္ဘန္တိ တေနဖြင့် လောဘော၌ လုဘဓာတ်၊ (ဒု-ဓာတုပဒ) ဏပစ္စည်း ကရဏသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္တ) လုဗ္ဘန္တိ တေနာတိ လောဘော-ဟု ကရဏသာဓ် ဝိဂ္ဂဟပြု၊ (အဘိဓာနတ္တ) သိစေ၏၊ သယံ လုဗ္ဘတိဖြင့် လောဘော ၌ လုဘဓာတ်၊ (ဒု-ဓာတုပဒ) လုဗ္ဘတီတိလောဘော-ဟု ကတ္တုသာဓ် ဝစနတ္ထပြု (အဘိဓာနတ္တ) ဏပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္တ) လောဘမှ တစ်ပါး၊ လိုချင်တပ်မက်သော ကတ္တားမည်သည် မရှိဟူသော အဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။ လုဗ္ဘနမတ္တမေဝဖြင့် လောဘော၌ လုဘဓာတ်၊ (ဒု-ဓာတုပဒ၊) လုဗ္ဘနံ လောဘော-ဟု ဘာဝသာဓ် ဝိဂ္ဂဟပြု (အဘိဓာနတ္တ)၊ ဏပစ္စည်း ဘာဝသာဓ် အနက်ဟော၊ (ဒု-ပစ္စယတ္တ) လောဘသည် မိမိအလိုသို့လိုက်၍ ဖြစ်သည်မဟုတ် အာရုံစသောအကြောင်း ညီညွတ်သောကြောင့်ဖြစ်၏-ဟူသောအဓိပ္ပာယ် (ဘာဝတ္ထ) သိစေ၏။

[ခ-ဃ-ဝါကျတို့၌ ဤနည်းမှီဖော်၊ မောဟော၌ မုဟဓာတ်+ဏပစ္စည်း အဘိဇ္ဈာ၌ အဘိပုဗ္ဗ+ဈေဓာတ်+အ ပစ္စည်း။]

http://www.dhammadownload.com



## နိပါတ်ပုဒ်အနက်များ

(က) ဝါကျ။ လုဒ္ဒန မတ္တမေဝဌ် ဝေဖြင့်–

၁။ ဘာဝသာဓနသည် ဂ....။
၂။ ကမ္မ-သမ္ပဒါန-အပါဒါန-အဓိကရဏ သာဓနတို့သည် နိ....။
၃။ ကတ္တု၊ ကရဏသာဓနတို့သည် နိ....။
တစ်နည်း- ၁။ လိုချင်တပ်မက်ခြင်း အမူအရာကြိယာမျှသည် ဂ....။
၂။ လိုချင်တပ်မက်ကြောင်း ကရဏသတ္တိ, လိုချင်တပ်မက်သော ကတ္တုသတ္တိတို့သည် နိ....။

(မုယှနမတ္တမေဝ, အဘိဇ္ဈာယနမတ္တမေဝ တို့၌လည်း ဤနည်းအတိုင်းထုတ်)

နောက်နည်းထုတ်ရာဝယ် မုယှနမတ္တမေဝဌ်—

၁။ တွေဝေခြင်း, မသိခြင်းကြိယာမျှသည် ဂ....။
၂။ တွေဝေကြောင်း, မသိကြောင်း ကရဏသတ္တိ, တွေဝေတတ်, မသိတတ်သော ကတ္တုသတ္တိတို့သည် နိ....။

အဘိဇ္ဈာယန မတ္တ မေဝဌ်—

၁။ ရှေးရှုကြံခြင်း ကြိယာမျှသည် ဂ....။
၂။ ရှေးရှုကြံကြောင်း ကရဏ သတ္တိ, ရှေးရှုကြံတတ်သော ကတ္တုသတ္တိတို့သည် နိ....။

မက္ကဋာလေပေါဝိယဌ် ဝိယသဒ္ဒါ- ဥပရိက္ချာဇောတက။ တစ်နည်း—ဥပမာဇောတက။

## ကြိယာ ၅–တန် ထုတ်ပုံ

(က) ဝါကျ။ တေန, သယံ, လုဒ္ဒတိ, လုဒ္ဒနမတ္တမေဝ တံ, လောဘောတို့အရ-

၁။ လောဘသည်....။
၂။ သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌ ဆာယာသည်၏ အစွမ်းအားဖြင့် ရှုခြင်းသည်၊ ဝါ-အယောနိသော မနသိကာရသည်....။
၃။ ဒါနမပြုခြင်း, ထိုသို့ ဒါနမပြု၍ ပညာရှိတို့ ကဲ့ရဲ့ခံရခြင်း ပိယဝိပ္ပယောဂ ဒုက္ခဖြစ်ခြင်း စသည်တို့သည်
၄။ ဗာလူပသေဝန စသည်သည်....။
၅။ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း စသည်သည်....။

http://www.dhammadownload.com



(ခ)ဝါကျ။ တေန, သယံ မုယှနမတ္တမေဝ တံ, မောဟောတို့အရ–

၁။ မောဟသည်....။
၂။ အယောနိသော မနသိကာရသည်....။
၃။ ဘာဝနာမပွားခြင်း, ထိုသို့ ဘာဝနာမပွား၍ ပညာရှိတို့ ကဲ့ရဲ့ခံရခြင်း စသော ပစ္စုပ္ပန်အကျိုးသည်....။
၄။ ဗာလူပသေဝန စသည်သည်....။
၅။ တိရစ္ဆာန်အမျိုး၌ ဖြစ်ရခြင်း စသည်သည်....။

(ဤ လောဘ မောဟထုတ်ရာ၌ ဋ္ဌ-၁၇၁-၂-တို့၌ကြည့်၊ အဘိဇ္ဈာ၌ ထုတ်ပုံကို ဒွါရကထာ အဘိဇ္ဈာအဖွင့်၌ရှု။)

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က)ဝါကျ။ တေန ကရိုဏ်းပါဌ်အရ လောဘသည် လုဗ္ဘန္တိကြိယာအရ လောဘ ကြဉ် လောဘမူ သမ္ပယုတ် စိတ္တုပ္ပါဒ်အား ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

သယံအရ လောဘသည် လုဗ္ဘတိအရ လောဘကြဉ် သမ္ပယုတ်စိတ္တုပ္ပါဒ်အား ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇)။

လုဗ္ဘနမတ္တံအရ လောဘကြဉ် လောဘမူ စိတ္တုပ္ပါဒ်သည် တံအရ လောဘ စေတသိက်အား ယထာရဟ-ဟေ-ဓိ-သဟ-ည-နိဿ-ကံ-ဟာ-ဣံ-ဈာ-မဂ္ဂ-သံ-တ္ထိ-အဝိ-(၁၃)။

တံအရ လောဘပစ္စည်းထား၍ လုဗ္ဘနမတ္တအရ လောဘမူ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် ထားသော်-ဟေ-သဟ-ည-နိ-သံ-တ္ထိ-အဝိ (၇)။

(ခ-ဃ-ဝါကျတို့၌လည်း ဤနည်းမှီပြိုင်။ အဘိဇ္ဈာ, အဘိဇ္ဈာယတိ, အဘိဇ္ဈာယနမတ္တံအရ လောဘကိုကောက်။)

http://www.dhammadownload.com

